http://www.dhammadownload.com

သဲအင်း ဇွဲတင်း အမြဲလင်း

သောတာပတ္တိမဂ်

ရှုဖွယ်

အရှုခံ ကျင့်စဉ် အရှုဉာဏ် မဂ်ကူးပုံ

တိုက်ခွဲအမှတ် (၃၂)

သဲအင်းဂူ ဝိပဿနာ

အရှင် စန္ဒိမာ (အောင်လံ)

ဒုတိယအကြိမ်

2009. GRAPHIC DESIGN : KYAW MINN MOUNG

သောတာပတ္တိမဂ် ● အရှင် စန္ဒိမာ (အောင်လံ)

http://www.dhammadownload.com

ဤကျမ်းစာအုပ်၌

■ ဝိပဿနာ ယာနိက ၊ သမထယာနိက နှစ်မျိုးကို ကွဲကွဲပြားပြား တင်ပြထားခြင်း ။
■ ဉာဏ်လမ်းစဉ်နှင့်တွင် လမ်းလျှောက်ရင်း လမ်းပျောက်နေသူများအတွက်
လမ်းမှန် ကမ်းမှန်ကို တိကျစွာ ညွှန်ပြထားခြင်း ။
■ အထင် ရှုပ်နာမ်သဘောနှင့် အမြင် ရှုပ်နာမ်သဘောကို
ကွဲပြားအောင် ခွဲခြားထားခြင်း ။
■ "ရှုပ်နာသော်လည်း စိတ်မနာရ" ဟူသော
မြတ်ဗုဒ္ဓ၏ ဒေသနာတော်အရ ဘယ်လိုကျင့်ရမလဲ?
အဆိုပါအတွက် ကျင့်စဉ် နည်းစနစ်တို့ကို တိတိကျကျ ဖော်ပြထားခြင်း ။
■ သည်သာသနာမှာ သည်ခန္ဓာနှင့် နိဗ္ဗာန်ရောက်လိုသူများ ၊
အပါယ်လေးပါးမှ လွတ်မြောက်လိုသူများ ၊
သေခြင်းဆင်းရဲမှ လွတ်မြောက်လိုသူများအတွက်
အာမခံကျင့်နည်းစနစ်များ ပေးထားခြင်း ။
■ ထို့ကြောင့် တန်ဖိုးရှိသော လူဘဝ၏ အနှစ်သာရကို တကယ်ထုတ်ယူလိုသော
ယောဂီများအတွက် အနီးကပ်ဆရာတစ်ဆူကဲ့သို့
ဤကျမ်းစာအုပ်က ညွှန်ပြပေးပါလိမ့်မည် ။

အို ယောဂီ ...

■ တရားတွေ့သည် မတွေ့သည် ၊ တရားထူးရသည် မရသည်ကို
ဘယ်လိုမှတ်ကျောက်ဖြင့် သိရမည်နည်း ?
■ အသေတတ် မတတ် ဘယ်လို စံကိန်းထားရမည်နည်း?
■ နှစ်နာရီကြာ မလှုပ် မပြင်ဘဲ တရားအားထုတ်၍
ဓာတ်လေးပါး ဖောက်ပြန်မှု ကာယိက ဒုက္ခဝေဒနာပေါ်၌
ဝိတိက္ကမ ကိလေသာ နှင့် ပရိယုဋ္ဌာန ကိလေသာ မချုပ်ငြိမ်းသေးလျှင်
စျာန်လည်း မထိုက် ၊ ဝိပဿနာလည်း မမည်
သေခြင်းဆင်းရဲမှလည်း မလွတ်သေး ။
■ အဆိုပါအတွက်
ဤကျမ်းစာပါ နည်းစနစ်တို့ကို လက်တွေ့ကျင့်သုံးကြည့်ပါ ။
ထူးခြားချက် ကိုယ်တိုင်ရရှိမည် ဖြစ်ပါကြောင်း ။

အောင်လံ အရှင် စန္ဒိမာ
တိုက်ခွဲ (၃၂) ၊ သဲအင်းဂူ ဝိပဿနာ ဓမ္မရိပ်သာ

http://www.dhammadownload.com

Win Aung Myint
09882703

http://www.dhammadownload.com



အောင်လံဆရာတော်
အရှင် စန္ဒိမာ

http://www.dhammadownload.com

http://www.dhammadownload.com

သဲအင်း ဇွဲတင်း အမြဲလင်း

သောတာပတ္တိမဂ်
ရှုပွဲယ်

အရှုခံ ကျင့်စဉ် အရှုညွှန် မဂ်ကူးပုံ

တိုက်ခွဲအမှတ်(၃၂)
သဲအင်းဂူ ဝိပဿနာ
အရှင် ဓမ္မိဿာ
(အောင်လံ)
ဒုတိယအကြိမ်

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဇိုင်း

ကျော်မင်းမောင်

ပုံနှိပ်ခြင်း

ပထမအကြိမ် - ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၀၀၀ အုပ်

ဒုတိယအကြိမ် - ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၀၀၀ အုပ်

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် မှ မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)ဖြင့် ရိုက်နှိပ်ခွင့်ပြု၍ အမှတ်-၁၄၇၊ ၅၁-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဦးတင်အောင်ကျော်(မြဲ-၀၇၀၅၃) စွယ်တော်ပုံနှိပ်တိုက် တွင် ရိုက်နှိပ်သည်။

ဖြန့်ချိရေး

တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ

စက်ရုံရပ်ကွက်၊ အောင်လံမြို့။

ဖုန်း - ၀၆၉ ~~၂၀၀၄၂~~၊ ၀၉၅၃ ၃၀၃၁၀

၂၀၀၈၄၂

တန်ဖိုး - ၄၀၀၀ ကျပ်



အောင်လံဆရာတော်

အာရုဏ စန္ဒိမာ

http://www.dhammadownload.com

http://www.dhammadownload.com

မန္တာစရိယဦးသက်နိုင်၏ အမှာစာ

ကျွန်ုပ်သည် ပရိယတ္တိစာပေ ထိုက်သင့်သလောက် သင်ကြားခဲ့သည်။ ပရိယတ္တိဗဟုသုတအဖြစ် ဝိပဿနာစာအုပ်များကိုလည်း အတော်အတန် လေ့လာဖတ်ရှုခဲ့ပါသည်။ မြတ်စွာဘုရားရှင်၏ ဩဝါဒအတိုင်း ဆရာကောင်း ရှာရမည်ဟူ၍ မှာကြားထားသဖြင့် ဆရာများလည်း ရှာခဲ့ပါသည်။ မိမိကိုယ်တိုင်လည်း အချိန်ရသလောက် တရားအားထုတ်ခဲ့သည်။ သို့သော်လည်း အားရကျေနပ်မှု မပြည့်ဝခဲ့ပေ။

သီးလုံးဆရာတော်အား ကင်းဆရာတော် မှာကြားမှုကိုလည်း သတိထားမိသည်။ တကယ့်လက်တွေ့ ပေါက်မြောက်ပြီးသော ဆရာလိုအပ်ကြောင်း သိသည်နှင့်အမျှ တတ်စွမ်းသမျှ အားထုတ်ရင်း ဆရာကောင်းတွေ့ရန် မျှော်လင့်ခဲ့သည်။ အသက်(၇၅)နှစ်သို့ ရောက်ရှိချိန်၌ မိမိမျှော်လင့်ချက်ကို စွန့်လွှတ်ရတော့မည့်သဘောသို့ ရောက်ချိန်တွင် တူဖြစ်သူ မောင်အောင်သင်းထံမှ စခန်းပွဲဖိတ်စာ လာကမ်းပြီး တရားစခန်းသို့ဝင်ရန် တိုက်တွန်းသည်။ တရားကျင့်ရန် စိတ်အားမသန်တော့ပါ။ သို့သော် ဖိတ်စာကို ဖတ်ကြည့်သောအခါ စာပေပရိယတ်နှင့် ခန္ဓာပဋိပတ် ဆက်စပ်လိုသူများ တရားတော်ကို လက်တွေ့ကျကျ သိလိုသူများ၊ သေခြင်းဆင်းရဲနှင့် အပါယ်ဘေးဆင်းရဲမှ လွတ်လိုသူများကို အထူး ဖိတ်ခေါ်ပါသည် ဟူ၍ ဖတ်လိုက်ရသဖြင့် ၎င်း(၉)ရက်အတွင်း၌ ဆရာတော်၏ ပညာကို ပြည့်ဝသောသဒ္ဓါဖြင့် ခံယူကျင့်ကြံပါက (၉)ရက်ဖြင့် ပေါက်မြောက်အောင်မြင်နိုင်ကြောင်း ဖိတ်ခေါ်ထားသဖြင့် ဒီတစ်ပွဲတော့ စမ်းကြည့်ဦးမည် ဟူသောစိတ် ဖြစ်လာကာ စခန်းဝင်ဖို့ ကတိပေး လိုက်သည်။ ယခုကျမ်းပြုသော ဆရာတော်သည် မင်္ဂလာဒုံမြို့နယ် ရွှေနှင်းဆီရပ်ကွက် မိဂဒါဝုန်ကျောင်း၌ (၉)ရက်စခန်းဖွင့်လှစ်ရာ မိမိဝင်ရောက် တရားအားထုတ်ခဲ့သည်။

ဖိတ်စာတွင် ဖော်ပြထားသည့်အတိုင်း မိမိကိုယ်တိုင် ကာယိကဒုက္ခဝေဒနာမှ အပါယ်လေးပါးသို့ ကျရောက်စေမည့် လောဘ၊ မောဟ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာများ ချုပ်ငြိမ်းပြီး ထိုကိလေသာတို့မှ လွတ်မြောက်သော ချမ်းသာသည့် အကျိုးကို ခံစားခဲ့ရသည်။ (၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ပွားစရာ မလိုပဲ ဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်ခဲ့သည်။ အလွန်ပင် အံ့သြမိခဲ့သည်။

ဆေးကောင်းလျှင် တစ်ခွက် ဆိုဘိသကဲ့သို့ ဆရာကောင်းနှင့်တွေ့တော့ မိမိ ရက်၊ လ၊ နှစ်များစွာ ကျင့်ခဲ့ရပြီး အကျိုးမများခဲ့သည်ကို စိတ်မကောင်းဖြစ်ခဲ့ရသည်။ ၎င်းတရားစခန်းပွဲ၌ပင် ဆရာကောင်းအား ယခုလို ကျင့်စဉ်နှင့် ရှင်းတမ်းများ၊ အဓိပ္ပာယ်ရှင်းလင်းမှုများသည် အလွန်

http://www.dhammadownload.com

တန်ဖိုးရှိပါသဖြင့် ကျမ်းတစ်စောင်၊ ပေတစ်ဖွဲ့ ပြုစုပါရန် လျှောက်ထားမိပါသည်။ ဆရာတော်က မိမိကျမ်းပြုရန် မဖြစ်နိုင်ကြောင်း၊ ကျမ်းပြုသည်ဆိုသည်မှာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများ တတ်ကျွမ်းမှသာလျှင် သင့်တော်မည်ဖြစ်ကြောင်း အမိန့်ရှိပါသည်။ ဆရာတော်၏ အသိအမြင် အတိုင်း ကျမ်းပြုရေးသားပါကလည်း ဖြစ်နိုင်ကြောင်း လျှောက်ထားပါသည်။

၎င်းနှစ်ဝါတွင် နာရီရှည် ဆက်လက်ကျင့်ရန် ဆရာတော်မှ တိုက်တွန်းသဖြင့် ဝါတွင်း တရားစခန်း ဝင်ရောက် အားထုတ်ခဲ့ပါသည်။ နံနက်(၆)နာရီမှ (၉)နာရီ၊ နေ့(၁)နာရီမှ ညနေ(၆)နာရီ၊ ည(၇)နာရီမှ ည(၁၁)နာရီ ပုံမှန်အချိန်၊ သမာဓိ တိုးတက်လာသော ပုဂ္ဂိုလ်များအား နံနက်(၆)နာရီမှ (၉)နာရီ တစ်ကြိမ်၊ နေ့(၁)နာရီမှ ည(၁၀)နာရီတစ်ကြိမ်၊ ည(၁၁)နာရီမှ နံနက်(၅)နာရီထိ တစ်ကြိမ် ဤကဲ့သို့ ကျင့်ရသည်။

ထိုကျင့်စဉ်များ လိုက်နာကျင့်ကြံ အားထုတ်သောအခါ ကိုယ်၏ပင်ပန်းခြင်း၊ စိတ်၏ ပင်ပန်းမှု မရှိပဲ ချမ်းသာစွာ ကျင့်နိုင်ခဲ့သည်။ ထိုကျင့်စဉ်များအတိုင်း ကျင့်လာသောအခါ အံ့သြ၍ မကုန်နိုင် လောက်အောင် ဖြစ်ခဲ့သည်။ ဤကျမ်းစာအုပ်၌ ပုံစံနှင့်တကွ ဖော်ပြထားသည့်အတိုင်း ပုထုဇဉ်တို့ မြင်နိုင်ခဲသည့် ပရမတ်ရုပ်နာမ်များကို မြင်တွေ့နိုင်ခဲ့သည်။ စက္ကန့်ပိုင်းအချိန်အတွင်း သတိလွတ်က အပါယ်ဒုက္ခတိ ရောက်သွားနိုင်သည်ကို မိမိကိုယ်တိုင် သိရှိခဲ့ရသည်။

ဥပမာ။ ။"ကျွတ်"ဟု အသံတစ်ချက်၌ သတိကင်း၍ အိမ်မြောင်ဟု သိလိုက်သည်နှင့် တပြိုင်တည်း တိရစ္ဆာန်ဘုံ တည်သွားသည်ကို မိမိကိုယ်တိုင် မျက်ဝါးထင်ထင် မြင်ရသည်။ ကြောက်စရာအလွန်ကောင်းကြောင်း ထိတ်လန့်စွာသိလိုက်ရသည်။ ဆရာတော်အားကျေးဇူးတင်၍ မဆုံးနိုင်အောင် ဖြစ်ရသလို မိမိကဲ့သို့ အပါယ်ဘေးမှ လွတ်လိုသူများ တရားစစ်တရားမှန် ကျင့်ကြံနိုင်ကြပါစေဟု ဆန္ဒပြင်းပြစွာ ဖြစ်ခဲ့ပါသည်။

ယခုကျမ်းစာအုပ်တွင် ဝိပဿနာရှုသော ယောဂီများအား ကိုင်ပြဘိသကဲ့သို့လည်းကောင်း၊ ကလေးကို စာတတ်အောင်သင်ပေးသည့်သဘောကဲ့သို့လည်းကောင်း၊ သံသယတွေ့ ကင်းပျောက် နိုင်အောင်လည်းကောင်း ပုံစံနှင့်တကွ ဥပမာများဖြင့်ပါ ရှင်းလင်းတင်ပြ ရေးသားထားခြင်း၊ ကျင့်စဉ်များကိုလည်း ကျင့်သောယောဂီတို့ စရိုက်နှင့် ကိုက်ညီမှုဖြင့် ရွေးချယ်ကျင့်နိုင်ရန် နည်းအမျိုးမျိုးဖြင့် ရေးသားထားသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ဤကျမ်းစာအုပ်သည် တရားလိုလားသော ယောဂီတို့အတွက် အထူး ပံ့ပိုးပေးမည် ဖြစ်ပါကြောင်း။

ဦးသက်နိုင်
သီရိပဝရသာသနဓဇ ဓမ္မာစရိယ

http://www.dhammadownload.com

နန္ဒာသိန်းဇံ၏ အမှာ

ဆရာတော် ဦးစန္ဒိမာက သူ၏"သောတာပတ္တိမဂ်ရှုဖွယ်" ကျမ်းအတွက် အမှာရေးပေးရန် မိန့်ပါသည်။ ဆရာတော်က လူ့ဘဝ၌ လူအဖြစ်ဖြင့် အသက်ရှင်နေခိုက်... သေခြင်းတရားရောက်မလာမီ တရားထူး တရားမြတ်ရရန် ကြိုးစားအားထုတ်ဖို့ တဖွဖွ တိုက်တွန်းသတိပေးသုံဖြစ်ပါသည်။ ဆရာတော်၏ သတိပေး စကားကို ကြားယောင်ရာမှ စာရေးဆရာကြီး လီယိုတော်လ်စတွိုင်း၏ လူ့အဖြစ် လူ့ဘဝနှင့် စပ်လျဉ်းသော ခံစားတင်ပြပုံကို သတိရပါသည်။ ဆရာကြီးတော်လ်စတွိုင်းက အောက်ပါကဲ့သို့ ဖော်ပြထားပါသည်။

> "လွန်ခဲ့သော (၅)နှစ်က ကျွန်ုပ်၌ ထူးခြားသော အခြင်းအရာတစ်ခုဖြစ်ပေါ်ခဲ့သည်။ ထိုအခြင်းအရာကြောင့် ပထမ၌ ဘဝ၏ လျှို့ဝှက်ရှုပ်ထွေးသော သဘောတို့ကို နားမလည်နိုင်အောင်ဖြစ်ကာ မည်သို့မည်ပုံ အသက်ရှင်နေထိုင်ရမည်ကိုပင် မသိနိုင်အောင် ဖြစ်ခဲ့ရ၏။ ကျွန်ုပ်၏ ဘဝသည် ဆုံးလေပြီဟု ထင်မှတ်ကာ စိတ်ဝမ်းညှိုးငယ်ခြင်းများ ဖြစ်ရပါသည်။ သို့ရာတွင် အထက်ပါ အခြင်းအရာသည် မှေးမှိန်ပျောက်ကွယ်သွားပြန်၍ ကျွန်ုပ်သည်လည်း ယခင်က ကဲ့သို့ပင် ဆက်လက်နေခဲ့ပြန်ပါသည်။ ထိုသို့နေရင်းမှ နားမလည်နိုင်အောင် ဘဝ၏ လျှို့ဝှက်ရှုပ်ထွေးမှုများသည် ယခင်က ကဲ့သို့ပင် ခဏခဏ ပေါ်ပေါက်လာကြပြန်သည်။ ယင်းတို့သည် အစဉ်သဖြင့် မေးခွန်းများအနေဖြင့် ကျွန်ုပ်၏ သန္ဓာန်ပေါ်လာကြသည်။ ယင်းတို့မှာ... ကျွန်ုပ်တို့သည် မည်သည့်အတွက် လူ့ဘဝတွင် အသက်ရှင်နေကြသနည်း၊ ဤဘဝအသက်ရှင်ပြီးလျှင် နောင် ဘာဖြစ်ဦးမည်နည်း... ဟူသော မေးခွန်းများပင်တည်း။
>
> "မင်စက်များသည် တစ်နေရာတည်း၌ တပေါက်ပေါက် ထပ်တလဲလဲကျလျက်ရှိသည့်အခါ အမည်းကွက်ကြီးဖြစ်လာသကဲ့သို့ ထပ်တလဲလဲ ပေါ်ပေါက်နေသော ထိုအမေးပုစ္ဆာများသည်လည်း ပြဿနာကြီးတစ်ရပ်အဖြစ်သို့ ရောက်လာကာ အဖြေကိုလည်း မရမက တောင်းဆိုလျက်ရှိသည်။ ... ထိုအမေးပုစ္ဆာများသည် အဓိပ္ပာယ်မဲ့သော မလေးနက်သော/ကလေးကလား ဆန်သော ပုစ္ဆာများဖြစ်သည်ဟု ထင်ရသော်လည်း ယင်းတို့ကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးစားလိုက်သည်နှင့် တပြိုင်နက် (၁)ယင်းတို့သည် အဓိပ္ပာယ်ကင်းမဲ့သော၊ ကလေးကလားဆန်သော ပုစ္ဆာများမဟုတ်၊ ယင်းတို့သည် အရေးအကြီးဆုံး၊ အလေးနက်ဆုံး ဘဝပုစ္ဆာများဖြစ်သည်။ (၂)ယင်းတို့ကို ဖြေရှင်းရန် မည်မျှကြိုးပမ်းစေ ကျွန်ုပ်သည် ဖြေရှင်းခြင်းငှာ မစွမ်းနိုင်ဟု သိမြင်လာပါသည်။ ထိုသို့ အဖြေမပေးနိုင်သော အခါ၌ ကျွန်ုပ်၏ရပ်တည်ရာသည် ပြိုကျသွားသကဲ့သို့ လည်းကောင်း၊ ကျွန်ုပ်၏ ထောက်ရာတည်ရာသည် မရှိတော့သကဲ့သို့လည်းကောင်း ခံစားလိုက်ရသည်"*

ဟုဖော်ပြပြီးနောက် ဆရာကြီး တော်လ်စတွိုင်းက ဘဝဆိုင်ရာ အမှန်တရားတို့ကို မတွေ့မှုကြောင့် ဘဝသည် အဓိပ္ပာယ်လုံးဝကင်းမဲ့နေပုံ၊ အသက်ရှင်နေရသော ဘဝသည် စင်စစ်သေခြင်းတရားကို စောင့်နေခြင်းမှလွဲ၍ အနှစ်သာရတစ်စုံတစ်ရာ မရှိပုံကို အရှေ့တိုင်း ဒဏ္ဍာရီတစ်ပုဒ်ကို သူ့ဘဝနှင့်ယှဉ်ပြီး အောက်ပါအတိုင်း ဆက်လက်ဖော်ပြထားသည်။

---

* Leo Tolstoy., "A Confession And What I Believe" P.P, 18,19

http://www.dhammadownload.com

"တစ်ခါက... ခရီးသည် တစ်ယောက်သည် လွင်ပြင်တစ်ခုကိုဖြတ်၍ ခရီးသွားသည်။ ထိုသို့ ခရီးသွားနေစဉ် သတ္တဝါကြီးတစ်ကောင်က ထိုခရီးသည်ကို နောက်မှ အလျင်အမြန် လိုက်သည်။ ခရီးသည်သည် ထိုသတ္တဝါကြီး၏ဘေးမှ လွတ်ရန်ရေတွင်းပျက်ကြီး တစ်ခု အတွင်းသို့ တွယ်ကပ်ဆင်းလိုက်သည်။ ထိုသို့ တွယ်ကပ်ဆင်းရင်း ရေတွင်းအောက်ခြေသို့ ကြည့်လိုက်သောအခါ မိမိအား ကျလာလျှင် စားမျိုရန် ပါးစပ်ကြီးဟ၍ စောင့်နေသော နဂါးကြီးတစ်ကောင်ကို လှမ်းမြင်ရသည်။ ခရီးသည်သည် စားမျိုရန် စောင့်နေသော နဂါးကြီး၏ရန်ကို ကြောက်သောကြောင့် အောက်သို့လည်း ဆက်မဆင်းဝံ့၊ အပေါ်တွင်းဝတွင် စောင့်နေသော သတ္တဝါကြီး၏ ရန်ကိုကြောက်သောကြောင့် ရေတွင်းပေါ်သို့လည်း ပြန်မတက်ရဲ ဖြစ်လျက်ရှိသည်။ သို့ဖြစ်၍ ခရီးသည်သည် ရေတွင်း အုတ်ကြားတွင် ပေါက်နေသော သစ်ပင်မှ သစ်ကိုင်းတစ်ကိုင်းကိုဆွဲ၍ တွဲလောင်းခိုထားသည်။ တွဲလောင်းခိုထားသော ခရီးသည်၏လက်များသည် အားအင်ဆုတ်ယုတ်လာကြသည်။ မကြာမီ ခရီးသည်သည် ရေတွင်းအောက်သို့ ရောက်သည်ဖြစ်စေ၊ ရေတွင်းအပေါ်သို့ ရောက်သည်ဖြစ်စေ သူ့ဘဝဆုံးရှုံးတော့မည်မှာ သေချာနေသည်ကို ခရီးသည်သည် သိမြင်နေသည်။ ခရီးသည်သည် အားတင်း၍ သစ်ကိုင်းကို ခိုမြဲခိုထားသည်။ ထိုအခိုက်... သူဆွဲခိုထားသော သစ်ကိုင်း၏ လှုပ်ရှားမှုကြောင့် သစ်ကိုင်း၏ အပေါ်ဘက်တွင်ရှိသော ပျားအုံမှ ပျားများအုံပွပြီးနောက် ပျားကောင်များသည် ပျံဝဲလာကာ ခရီးသည်ကို ထိုးကြတုတ်ကြသည်။ ထိုအခိုက်၌ပင်... ကြွက်မည်းကြီးတစ်ကောင်နှင့် ကြွက်ဖြူကြီးတစ်ကောင်သည် ထိုခရီးသည် ဆွဲခိုထားသော သစ်ကိုင်းကို ဝိုင်းပတ်၍ ကိုက်ဖြတ်နေသည်ကို မြင်ရသည်။ မကြာမီ သစ်ကိုင်းသည် ကျိုးပြတ်၍ မိမိသည် နဂါးကြီး၏ ခံတွင်းသို့ရောက်တော့မည် ဖြစ်သည်။ မိမိသည် မုချ ဆတ်ဆတ် ပျက်စီးခြင်းသို့ ရောက်တော့မည်ဟု ခရီးသည်သည် သိမြင်လျက်ရှိသည်။

သို့ရာတွင်... "ခရီးသည်သည် သစ်ကိုင်းကို အားတင်း၍ ခိုထားသည်။ ထိုအခိုက် သူ၏ လှုပ်ရှားမှုကြောင့် ပျားအုံမှ ပျားရည်စက်သည် ခရီးသည်၏ နဖူးပေါ်သို့ ကျလာသည်။ နဖူးပေါ်မှ တစ်ဖန် ခရီးသည်၏ မျက်ခုံးပေါ်၊ မျက်ခုံးမှတဆင့် နှုတ်ခမ်းပေါ်သို့ ရောက်သွားသည်။ ထိုခရီးသည်သည် ရောက်လာသော ပျားရည်စက်ကို လျှာဖြင့်လျက်မိအောင် လျက်လိုက်သေးသည်။ ကျွန်ုပ်သည် ထိုခရီးသည်နှင့် တူလှဘိသည်။ ဘဝတည်းဟူသော သစ်ကိုင်းငယ်၌ ကျွန်ုပ်သည် ဆွဲခိုလျက်ရှိသည်။ သေခြင်းတရားသည် ကျွန်ုပ်ဘဝကို အစိတ်စိတ် အမွှာမွှာဖြစ်အောင် ဖျက်ဆီးရန် အသင့်စောင့်ကြိုနေသည်ကို သိပါသည်။ နေ့နှင့်ညတည်းဟူသော ကြွက်မည်းနှင့်ကြွက်ဖြူတို့က ကျွန်ုပ်ဆွဲခိုထားသော ဘဝသစ်ကိုင်းငယ်ကို ကိုက်ဖြတ်ဝါးချေလျက်ရှိသည်။ သေခြင်းဟူသော နဂါးကြီးကိုလည်း ကျွန်ုပ် အသေအချာမြင်လျက်ရှိ၏။ ဘဝအရသာ ဘဝပျားရည်တို့သည် ကျွန်ုပ်အား အရသာမပေါ် စေနိုင်တော့ပြီဖြစ်သည်။ မလွဲ၊ မရှောင်နိုင်သော သေခြင်းတရား၊ သေရမည့်အဖြစ်ကို မြင်တွေ့နေရပါလျက် ကျွန်ုပ်သည် မျက်စိ မလွှဲနိုင်ချေ။ ဤအဖြစ်ကား မတတ်နိုင်သော၊ လူအားလုံးလည်း သိမြင်နိုင်သော အမှန်တရားသာတည်း"*

---

* Ibid., p.23-24

http://www.dhammadownload.com

ဆရာကြီးတော်စတို့၏ ခံစားပြသည့် ဒဏ္ဍာရီထဲမှ သစ်ကိုင်းကို ဆွဲခိုလျက်ရှိသော ခရီးသွားကဲ့သို့ ကျွန်ုပ်တို့သည်လည်း ဘဝတည်းဟူသော သစ်ကိုင်းကို ဆွဲခိုလျက်ရှိသော ဘဝခရီးသည်များပင် ဖြစ်ကြပါသည်။ အနှေးနှင့်အမြန်ဆိုသလို သေခြင်းတရားကို ရင်ဆိုင်ကြရတော့မည်သာဖြစ်သည်။ ဆရာကြီးတော်လ်စတို့၏ကဲ့ "မလွဲ မရှောင်နိုင်သော သေခြင်းတရား၊ သေရမည့်အဖြစ်ကို မြင်တွေ့နေရပါလျက် ကျွန်ုပ်သည် မျက်စိမလွဲနိုင်၊ ဤအဖြစ်ကား ဒဏ္ဍာရီမဟုတ်၊ သို့ရာတွင် ဖြေရှင်းခြင်းငှာလည်း မတတ်နိုင်သော၊ လူအားလုံးလည်း သိမြင်နိုင်သော အမှန်တရားသာတည်း"ဟု ဆိုပါသည်။

ဆရာတော် ဦးစန္ဒိမာ ကတော့ သေခြင်းတရားကို မိမိကောင်းစွာ ရင်ဆိုင်နိုင်ပြီဟု မိန့်ဆိုပါသည်။ သေခြင်းတရားကို ရင်ဆိုင်နည်းမျှားကိုလည်း ယောဂီများအား ပေးလျက်ရှိပါသည်။ လက်တွေ့လည်း ပြသလျက်ရှိပါသည်။ သေခြင်းတရားက လက်ဦးမှုမရယူမီ သေခြင်းတရားကို မည်ကဲ့သို့ အနိုင်တိုက်နိုင်ကြောင်းကိုလည်း ဆရာတော်က ပြသညွှန်ကြားပေးနိုင်သည်ဟု မိန့်ဆိုပါသည်။ ဤ ယခုကျမ်းဌ်လည်း. . . မင်္ဂဖိုလ်တရားထူးကို မည်ကဲ့သို့ ရယူ၍ သေခြင်းတရားကို မည်ကဲ့သို့ ရင်ဆိုင်နိုင်ပုံကို ဖော်ပြထားပါသည်။ သို့ဖြစ်၍ ဤကျမ်းကို ဖတ်ဖြစ်အောင် ဖတ်၍ ဆရာတော်ထံ ချဉ်းကပ်၍ ညွှန်ပြသည့်နည်းကို စမ်းသပ်အားထုတ်ဖြစ်အောင် အားထုတ်စမ်းသပ်ကြည့်ပါဟု တိုက်တွန်းပါသည်။

နန္ဒာသိန်းဇံ

http://www.dhammadownload.com



http://www.dhammadownload.com

တည်းဖြတ်သူ၏ အမှာစာ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပဋိပတ္တိမဟာဌာန၊ ဝိပဿနာဌာနတွင် နည်းပြအဖြစ် မိမိတာဝန်ထမ်းဆောင်ခဲ့စဉ်က ဝိပဿနာဘာသာရပ်ကို စာတွေ့လက်တွေ့ဖြင့် သင်ကြားပို့ချခဲ့သော်လည်း မိမိကိုယ်တိုင် ပေါက်မြောက်အောင်မြင်အောင် တရားအားထုတ်နိုင်ခဲ့ခြင်း မရှိခဲ့သည့်အတွက် အားမလိုအားမရ ဖြစ်ခဲ့ရပါသည်။ သို့အတွက် တရားကို ပေါက်မြောက်အောင်မြင်အောင် လက်တွေ့ အားထုတ်ထားသည့် တရားပြ ဆရာကောင်းကို ဆည်းကပ်ကာ နိဿရည်းယူလိုစိတ် ပြင်းပြခဲ့ပြီး အစဉ်နားစွင့်လျက် ကိုယ်တိုင်ကိုယ်ကျ အလျဉ်းသင့်သလို လိုက်လံ စုံစမ်းခဲ့သည်။ နောက်ဆုံး ဤကျမ်းပြုစုသူ ဆရာတော်နှင့် တွေ့ဆုံဖူးမြော်ခွင့်ရခဲ့ပြီး ဆရာရှာပုံတော် ရပ်ခဲ့သည်။ မိမိအနေဖြင့် (၂၀၀၇)ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ယူကျမ်း ပြုစုရန် ရည်ရွယ်ချက်ဖြင့် ဤကျမ်းပြုစုသူဆရာတော်ထံပါးတွင် နိဿရည်းယူ၍ တရား အားထုတ်ခဲ့သည်။ ထိုစဉ်က ပိဋကတ်စာပေ မတတ်ကျွမ်းသော ဆရာတော်မှ လက်တွေ့ တရားအားထုတ်ခြင်းနှင့် ပတ်သက်၍ ပိဋကတ်တော်တွင် မပါဝင်သည့် သိမ်မွေ့နက်နဲ သိမြင်နိုင်ခဲသည့် အချက်အလက်များကို မိမိကျေနပ်အောင် ရှင်းလင်းဖွင့်ဆိုပြသ နိုင်သည်ကို တွေ့ရသောအခါ လွန်စွာ အားရကျေနပ်၍ အံ့သြခြင်း ဖြစ်ခဲ့ရပါသည်။ မိမိယခင်က လေ့လာသော်လည်း မသိရှိနိုင်ခဲ့သည့် အဘိဓမ္မာဆိုင်ရာ မြူပ်ကွက်များနှင့် အဆက်အစပ်များကိုလည်း ဆရာတော်၏ကျေးဇူးဖြင့် ပိုမို သိမြင်နားလည်လာခဲ့ရသည်။ စာသိနှင့် ခန္ဓာသိကွာခြားပုံကို ရိပ်စားမိလာခဲ့ရသည်။

ဤစာအုပ် စတင်ပြုစုစဉ်က ဆရာတော် နှုတ်တိုက်ချပေးသည်ကို တပည့်တို့က လက်ရေးဖြင့် လိုက်၍ မူကြမ်း ရေးမှတ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ထိုစဉ်က ပါဝင်ခဲ့သော တပည့်အချို့ထံမှ ကြားသိရသည်မှာ ပိဋကတ်စာပေမတတ်သော ဆရာတော်မှ နှုတ်တိုက်ချပေးစဉ် အချို့သော အချက်အလက်များကို သံသယရှိသော စာတတ်တပည့်များက ပိဋကတ်၌ ရှိနိုင်၊ မရှိနိုင် ငြင်းခုန်ကြပြီး ပိဋကတ်ဆိုင်ရာ ကျမ်းစာများကို ဘေးတွင်စုပုံလျက် လှန်လှောရှာဖွေကြသည်။ ရှာဖွေကြည့်သော အခါတိုင်းပင် ဆရာတော်မိန့်ဆိုသောအချက်ကို ပိဋကတ်တစ်နေရာရာတွင် တွေ့ကြမြဲ ဖြစ်၍ နောက်ပိုင်းတွင် မငြင်းခုန်ကြတော့ပဲ အထောက်အထားအတွက်သာ တွင်တွင် ရှာကြရတော့သည်။ ခန္ဓာဉာဏ်ရောက်ပေါက်မြောက်အောင် အားထုတ်ထားသူတို့၏ သဘောလက္ခဏာပင်ဖြစ်သည်။

http://www.dhammadownload.com

ဤကျမ်းကို ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေရန် ပြန်လည်မွမ်းမံရာ၌ ပဋ္ဌကတ် ပညာရှင်များ၊ တရားစာပေ ဗဟုသုတရှိသူများပါ ဖတ်ရှုလေ့လာသုံးသပ်နိုင်ရန် ပြင်ဆင် တည်းဖြတ်ထားသည်။ အချို့သော အချက်အလက်များ တင်ပြရာတွင် မူရင်းပါဠိတော်နှင့် ဆိုင်ရာအဋ္ဌကထာ၊ ဋီကာတို့မှ ထုတ်နုတ်ကိုးကားချက်များဖြင့် တိုက်ဆိုင်အားဖြည့် ထားသည်။ တစ်ဖက်တွင်လည်း ပါဠိစာပေနှင့် မရင်းနှီးသော သာမန်ပုဂ္ဂိုလ်တစ်ဦး အလွယ်တကူ နားလည်နိုင်မည့် ဝေါဟာရအသုံးအနှုန်းဖြင့် ရှင်းလင်းဖွင့်ဆိုထားသည်။ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည့် ဤကျမ်းစာအုပ်၏ ထူးခြားချက်မှာ တင်ပြပုံ (Presentation) နှင့် ဝေါဟာရအသုံးအနှုန်း (Wording) တို့ကို ဘွဲ့လွန်ကျမ်း တစ်စောင်၏ ပုံစံ(Format)နှင့်အညီ စီစဉ်ထားခြင်းဖြစ်ပါသည်။

ဤကျမ်းပြုစုသူဆရာတော်သည် ပဋ္ဌကတ်စာပေမတတ်ကြောင်း ဝန်ခံထားသည်။ ကျမ်းပြုစုရန် ရည်ရွယ်၍ တရားအားထုတ်ခဲ့ခြင်း မဟုတ်ပဲ တရားအားထုတ်ပြီးမှ ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ပြုစုဖြစ်ရန် အကြောင်းဖန်လာခြင်းဖြစ်သည်။ သို့အတွက် ဘာဝနာမယညာဏ်၏ နယ်ပယ်မှ အတွေ့အကြုံများကို အခြေခံသော ကျမ်းပြုစုသူ၏ အာဘော်ကို မူရင်းမပျက် စေရအောင် တတ်နိုင်သမျှ ကြိုးစား၍ တည်းဖြတ်ထားသည်။ ကျင့်စဉ်"ပဋိပတ္တိက္ကမ"၏ ထုံးစံအတိုင်း အချို့သော အကြောင်းအရာများသည် ထပ်တလဲလဲ ပါရှိနေနိုင်ပါသည်။ ပဋ္ဌကတ် မြန်မာပြန် ကျမ်းများကို ဖတ်ရှုလေ့လာသော အခါ အချို့အကြောင်းအရာများ ထပ်တလဲလဲ တွေ့ရသကဲ့သို့ ဖြစ်သည်။

ပုဒ္ဓမြတ်စွာဘုရားရှင်သည်ပင် မိမိကိုယ်တိုင် လက်တွေ့ ကျင့်ကြံအားထုတ်ပြီး ထိုးထွင်းသိသော တရားကို ဝေနေယျတို့အတွက် တရားလမ်းကြောင်းဒေသနာအနေဖြင့် ဟောဖော်ညွှန်ပြခဲ့ခြင်း ဖြစ်သည်။ မိမိကိုယ်တိုင် လက်တွေ့ ပေါက်မြောက်အောင် အားထုတ် ကျင့်ကြံမှု မရှိပဲ သုတမယညာဏ်၊ စိန္တာမယညာဏ်ဖြင့် လေ့လာသုံးသပ်ခဲ့၍ တရားလမ်းကြောင်း ဒေသနာ၏ ဘာဝနာမယညာဏ်၏ နယ်ပယ်ကို ကျက်စားနိုင်ခဲ့ခြင်း မရှိခဲ့ခြင်း ဖြစ်သည်ကို မိမိဖတ်ဖူးခဲ့သော လက်တွေ့သာဓက တစ်ခုဖြင့် နှိုင်းယှဉ်၍ သုံးသပ်မိသည်။

စက်မှုအင်ဂျင်နီယာ ပါမောက္ခတစ်ဦးသည် အရေးကြီးကိစ္စတစ်ခုအတွက် ကားဖြင့် ခရီးသွားရင်း လမ်းတွင် ကားစက်ပျက်၍ ထိုးရပ်သွားရာ အနီးအနားရှိ စက်ပြင်ဆရာ တစ်ဦးကို ခေါ်ယူပြသသည်။ စက်ပြင်ဆရာက ကားစက်ဖုံးကိုဖွင့်၍ အတန်ကြာ စမ်းသပ်ပြီးနောက် ဝက်အူလှည့်ဖြင့် ဝက်အူတစ်လုံးကို ချိန်ညှိပေးလိုက်ပြီး ကားပြင်ခ ဒေါ်လာ(၁၀၀) တောင်းသည်။ ပါမောက္ခက "ဝက်အူတစ်လုံးလှည့် ဒေါ်လာ(၁၀၀)ဆိုတာ မများလွန်းဖူးလား"ဟု မေးရာ စက်ပြင်ဆရာက "လှည့်တာက တစ်ဒေါ်လာ၊ ဘယ်ဝက်အူကို လှည့်ရမလဲဆိုတာကို သိတာက (၉၉)ဒေါ်လာ"ဟု ဘောက်ချာဖွင့် ပေးလိုက်သည်။

ပဋ္ဌကတ်စာပေကို ဝိပဿနာယာနိကအတွက် အထူးပြုလေ့လာပြီး ဆရာတစ်ဦး အဖြစ် သင်ကြားပို့ချနေပါသော်လည်း တကယ်လက်တွေ့တွင် ပရမတ်ရုပ်နာမ်ကို မဆိုထားနှင့်၊ ဒုက္ခဝေဒနာ ကိုပင် မကျော်လွန်နိုင်ခြင်းသည် ကားစက်ပျက်နေသည်ကို မပြင်တတ်သောကြောင့် ရှေ့မဆက်နိုင်ပဲ လမ်းဘေးတွင် ကားထိုးရပ်၍ ထိုင်ကာမှိုင်နေ ရသည့် စက်မှုပါမောက္ခကြီးနှင့် အလားတူနေသည်။ ပါမောက္ခကြီးသည် အင်ဂျင်းကားဖြင့် လိုရာသို့ ရောက်အောင် သွားနိုင်သော်လည်း ဒုက္ခဝေဒနာ မကျော်လွန်နိုင်သော ဆရာတို့ကား အင်ဂျင်ဝိပဿနာဉာဏ်ဖြင့် နိဗ္ဗာန်သို့ ရောက်အောင် သွားနိုင်ကြလိမ့်မည် မဟုတ်ပါ။

http://www.dhammadownload.com

ဤကျမ်းစာအုပ်သည် နိဗ္ဗာန်ပန်းတိုင်သို့ ရွှာစဉ်ပြမြေပုံဖြင့် လျှောက်လှမ်း ကြသူများ လမ်းလွဲလမ်းပျောက် ခရီးမပေါက် ဖြစ်နေကြသည့် ယခုခေတ် ဝိပဿနာ တရားလောကတွင် လိုအပ်နေသော တစ်လှမ်းချင်းပြမြေပုံ ဖြစ်သည်။ လက်တွေ့ကျင့်ကြံ အားထုတ်သည့် ရှုထောင့်မှ နေ၍ ဖတ်ရှုလေ့လာပါက အကျိုးထူး ရရှိခံစားရမည်ဟု ယုံကြည်မိပါသည်။ ခန္ဓာအရှိသဘော ပရမတ်ကို ကျမ်းပြုသူအနေဖြင့် အပြောပညတ် တင်ရာတွင် စာဖတ်သူတို့၏ ပုဂ္ဂလဇျှာသယနှင့် မကိုက်ညီမှုများ ရှိနိုင်ပါသည်။ **"ဇနပဒနိရုတ္တိ နာဘိနိဝေသေယျ, သမည် နာတိမာဝေယျ"** ဟူသော ဗုဒ္ဓဝစနနှင့်အညီ လိုရင်းအာဘော်ကိုသာလျှင် ထိမိအောင် အပြစ်မတင် ဉာဏ်သက်ဝင်၍ ဖတ်ရှုနားလည် ကြပါရန် တိုက်တွန်းအပ်ပါသည်။

တည်းဖြတ်သူ

အရှင်ဓမ္မပါရဂူ
B.E. (Mechanical), B.A., M.A.(Buddha Dhamma)
၁၃၇၁ခုနှစ်၊ သီတင်းကျွတ်လပြည့်
အောင်လံမြို့

http://www.dhammadownload.com

ကျမ်းပြုသူ၏အမှာ

ဤကျမ်းစာအုပ်သည် တရားသဘောများကို စာပေရွှထောင့်မှ ချဉ်းကပ်၍ ရေးသားတင်ပြထားခြင်းမဟုတ်ပါ။ ဝိပဿနာတရား အားထုတ်ကြမည့် ယောဂီများအတွက် တရားကျင့်စဉ်လမ်းကြောင်းအမှန်၏ အစ, အလယ်, အဆုံးကို အဆက်အစပ်နှင့်တကွ အကြောင်းအကျိုးလျော်ညီစွာ သဘောပေါက် နားလည်နိုင်ရန် လက်တွေ့ရွှထောင့်မှ ရှင်းလင်းရေးသားထားခြင်းဖြစ်သည်။

ဤကျမ်းစာအုပ်၌ အခန်း(၅)ခန်း ပါဝင်ပြီး ဝိပဿနာယာနိကကျင့်စဉ်များကို အဓိကထား ရေးသားထားသည်။ ကျမ်းဦးနိဒါန်းတွင် တရားကျင့်ကြံအားထုတ်မည့် ယောဂီများ တွေ့လိုမြင်လိုသော ဝိပဿနာအရွှခံအာရုံများကို ဘုရားဟောဒေသနာများဖြင့် ကိုးကားညွှန်ပြလျက် ရေးသားတင်ပြထားသည်။ တရားအားထုတ်မည့် ယောဂီများသည် တရားအားမထုတ်မီ ဤစာအုပ်ကို ကျေညက်အောင် ဖတ်ရှုခြင်းအားဖြင့် တရားစစ် တရားမှန် ဖြစ်သော အရွှခံပရမတ်ရုပ်နာမ်များ၏ သဘောသဘာဝများကို ကြိုတင်သိနားလည်ရပြီး အမှန်တကယ် တရားကျင့်သောအခါ တရားမှား တရားမှန် (သို့) အရွှခံအမှား အရွှခံအမှန်တို့ကို ခွဲခြားသိနိုင်သည့် အကျိုးကျေးဇူးကို ရရှိပါလိမ့်မည်။

အခန်း(၁)တွင် တရားကျင့်သောယောဂီတို့ ရွှမြင်ရမည့် ပရမတ်ရုပ်နာမ်တစ်ခုချင်း၏ သဘာဝတို့ကိုလည်းကောင်း၊ ရုပ်နာမ်တို့၏ အဆက်အစပ်ကိုလည်းကောင်း၊ ခန္ဓာဖွဲ့စည်းမှု၏ သဘာဝကိုလည်းကောင်း စာဖတ်သူတို့ လွယ်ကူစွာ နားလည်သဘောပေါက်နိုင်ရန် ပုံစံများနှင့် တကွ လောကဥပမာများဖြင့် ရှင်းလင်းတင်ပြထားသည်။

အခန်း(၂)တွင် တရားကျင့်သည်ဆိုသည့် အဓိပ္ပာယ်ကို ဖော်ထုတ်ပေးထားပြီး တရားကျင့်မည့်ယောဂီတို့ တရားကျင့်ရာတွင် ဖြည့်ဆည်းရမည့်အင်္ဂါရုပ်များကိုလည်း ရေးသားတင်ပြထားသည်။ ထို့အပြင် ကျင့်စဉ် အစ အလယ် အဆုံးကို သုတ္တန်ဒေသနာတော်ကို ကိုးကားလျက် တင်ပြထားပြီး ဝိပဿနာကျင့်စဉ်အစ အဓိပ္ပာယ်ဖော်ထုတ်ပုံ အယူအဆများလည်း ပါဝင်သည်။ ဝိပဿနာယာနိကကျင့်စဉ် နှင့် သမထယာနိကကျင့်စဉ် ဟူ၍ နှစ်မျိုးကွဲပြားသော်လည်း တသဘောတည်းရှိကြောင်းတို့ကို နှိုင်းယှဉ်သုံးသပ်ပြထားသည်။ မြန်မာနိုင်ငံတွင် အဓိကထား ကျင့်သုံးကြသော ဝိပဿနာကျင့်စဉ်များကို လိုရင်းသဘော သိရန် သုံးသပ်တင်ပြထားသည်။

http://www.dhammadownload.com

အခန်း(၃)တွင် ဝိသုဒ္ဓိ(၇)ပိုင်းမှ သမာဓိကျင့်စဉ်ပိုင်း ဖြစ်သော စိတ္တဝိသုဒ္ဓိအပိုင်းကို (၃)ဆင့်ခွဲလျက် ဝိပဿနာယာနိကကျင့်စဉ်အားဖြင့် လက်တွေ့ကျင့်စဉ်တက်ပုံနှင့် ကျင့်စဉ်ဆက်စပ်ပုံများကို အသေးစိတ် ရေးသားတင်ပြထားသည်။

အခန်း(၄)သည် စိတ္တဝိသုဒ္ဓိဖြင့် ပြည့်စုံပြီးသော (၀၀) သမ္မာသမာဓိသို့ ရောက်ရှိပြီးသော ယောဂီ၏ လက်တွေ့ဝိပဿနာရှုမြင်ပုံ ဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ် (ဒိဋ္ဌိဝိသုဒ္ဓိ) မှ သခါရုပေက္ခာဉာဏ် (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ) တိုင်အောင် အဆင့်ဆင့် ဉာဏ်စဉ်တက်ပုံကို ရေးသားတင်ပြထားသည်။

အခန်း(၅)၌ အနုလောမဉာဏ်မှ အရိယာမဂ်ကူးပြီးသည့်တိုင်အောင် စာရှုသူများ လွယ်ကူစွာ နားလည်နိုင်ရန် ဥပမာများဖြင့် ရေးသားထားသည်။

ပထမအကြိမ် ထုတ်ခဲ့စဉ်က စာရေးသူကိုယ်တိုင် စာအရေးအသား မကျွမ်းကျင်မှု၊ ပရိယတ္တိစာပေကိုလည်း မိမိကိုယ်တိုင် မဖတ်ရှုနိုင်ပဲ တပည့်ရဟန်းများကို အားထားခဲ့မှု၊ တရားပြစခန်းပွဲများလည်း များနေမှုတို့ကြောင့် စာရေးစာစီဖို့ အချိန်မပေးနိုင်သဖြင့် အားနည်းချက်၊ ချို့ယွင်းချက်များ ရှိခဲ့သည်။ ဒုတိယအကြိမ် ပြင်ဆင်တည်းဖြတ်ဖို့ ရည်ရွယ်ချက် ရှိသော်လည်း အမျိုးမျိုးသော အခက်အခဲများ ရှိနေပြန်သဖြင့် မတည်းဖြတ်နိုင်ခဲ့ပါ။

ဤသို့ရှိနေစဉ် ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာနမှ လက်ထောက်ကထိက ဒေါက်တာသက်နိုင်နှင့် ဆုံတွေ့မိ၍ ဝိပဿနာတရားသဘောများ ဆွေးနွေးမိသည်။ ထိုအခါ ဒေါက်တာသက်နိုင်မှ ဆရာတော် ပြုစုထားသောကျမ်းကို ဖတ်လိုကြောင်း လျှောက်ထားသဖြင့် ကျမ်းတစ်အုပ် ပေးလှူလိုက်သည်။ ဒေါက်တာသက်နိုင်မှတဆင့် ပါမောက္ခဆရာကြီးနန္ဒသိန်းဇံအား ဖတ်ရှုလေ့လာကြည့်ပါရန်ပေးသည်။ ဆရာကြီးနန္ဒသိန်းဇံမှ ဖတ်ရှုပြီးသောအခါ စာရေးသူနှင့် တွေ့ဆုံလိုကြောင်း လျှောက်ထားပြီး စာရေးသူ တည်းခိုရာဌာနသို့ ဆရာကြီးနန္ဒသိန်းဇံနှင့် တပည့်များ တွေ့ဆုံရန်ရောက်လာသည်။ "ဆရာတော်ရေးသော စာအုပ်သည် အကြောင်းအရာက ကျမ်းစာဆန်သော်လည်း စာရေးသားတင်ပြထားမှုသည် ကျမ်းစာအုပ်နှင့် မတူကြောင်း၊ ဤစာအုပ်သည် အမှန်တကယ် ပေါက်မြောက်အောင် ကိုယ်တိုင် လက်တွေ့ကျင့်ပြီး ရေးသားထားသဖြင့် သာသနာတော်အတွက် အကျိုးရှိကြောင်း၊ ဝိပဿနာယာနိကကျင့်စဉ်သည် အများက ကျင့်သုံးနေသော်လည်း လက်တွေ့ပိုင်းမှာ ရှုပ်ထွေးနေကြောင်း၊ ဆရာတော်၏ စာအုပ်ဖတ်မှ ဝိပဿနာယာနိကကျင့်စဉ်၏သဘောကို ရှုပ်လုံးပေါ် သိမြင်လာရကြောင်း၊ ဘုရားတပည့်တော်မှ ကျမ်းဖွဲ့စည်းပုံ အကြံဉာဏ်ပေး၍ ဒေါက်တာသက်နိုင်မှ အကောင်အထည်ဖော် ဆောင်ရွက်ကူညီပေးမည်ဖြစ်ကြောင်း၊ ဆရာတော်၏ အဓိပ္ပာယ်ဖွင့်ဆိုမှုများသည် ဘုရားဟောဒေသနာတော်၌ ပါရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒုတိယအကြိမ် ထုတ်ဝေလျှင် ကျမ်းစာအုပ် ပိုမို၍ ခန့်ထည်လေးနက်သွားအောင် ဘုရားဟောဒေသနာတော်နှင့် စပ်ဟပ်တင်ပြ ပေးစေလိုကြောင်း" စသဖြင့် လျှောက်ထားသည်။

ယခုဒုတိယအကြိမ်တည်းဖြတ်ရန် မိမိကိုယ်တိုင် သုတ္တန်ပါဠိတော်မြန်မာပြန်စာအုပ်များကို တစ်အုပ်ချင်း တစ်ပိုဒ်ချင်း မှတ်စုထုတ်၍ လေ့လာခဲ့သည်။ ထို့ကြောင့် မိမိအသိဖြင့် ဖွင့်ဆိုချက်များသည် ဘုရားဟောနှင့်ကိုက်ညီမှု တွေ့ရှိရသဖြင့် အလွန်မှ အားတက်မိခဲ့သည်။ ပထမအကြိမ်၌ မိမိ၏ တွေ့ရှိချက်၊ အဓိပ္ပာယ်ဖော်ဆောင်ချက်နှင့် ကျင့်စဉ်တက်ပုံများကို ဒေသနာအထောက်အထား မတင်ပြနိုင်ခဲ့သဖြင့် မှန်သည်ဆိုသော်လည်း ထောက်ခံမှုမရှိ

http://www.dhammadownload.com

ဖြစ်ဘိသကဲ့သို့ အားနည်းချက် ဖြစ်ခဲ့ရသည်။ ယခု ဒုတိယအကြိမ်တွင် ဒေသနာနှင့်ခန္ဓာ ဆက်စပ်နိုင်ပြီး အနှစ်သာရရှိ၍ ကျစ်လစ်သိပ်သည်းသော ကျမ်းတစ်စောင် ဖြစ်လာသည်ဟု မိမိ ယုံကြည်မိသည်။ ဤကဲ့သို့ ကျမ်းကောင်းတစ်စောင် ဖြစ်လာရသည့် အဓိက ပံ့ပိုးမှုမှာ ဆရာကြီးနန္ဒသိန်းဇံနှင့် ဒေါက်တာသက်နိုင်၊ ကိုဝင်းနိုင်၊ မနီလာတို့၏ ကျေးဇူးပင်ဖြစ်သည်။

ကျမ်းစာအုပ် ပထမအကြိမ် ဖြစ်မြောက်ရန် နှိုးဆော်တိုက်တွန်းသော မကွေးတိုင်း၊ အောင်လံမြို့နယ်၊ ကျည်ရပ်ကုန်းကျေးရွာ ဆရာတော်ကြီးအားလည်းကောင်း၊ ပြည်မြို့ ရွာဘဲရပ်၊ ရွာဘဲပရိယတ္တိကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရအားလည်းကောင်း၊ မကွေးတိုင်း သြဝါဒါစရိယ အောင်မြေကုန်းကျေးရွာ ဆရာတော် ဘဒ္ဒန္တ သြဘာသအား လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်မှ သီရိပဝရသာသနဓဇမဟာစရိယ ဦးသက်နိုင်အား လည်းကောင်း အထူးပင် ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဤကျမ်းစာအုပ် ထုတ်ဝေနိုင်ရေးအတွက် ဝတ္ထုဒါနလှူဒါန်းကြသော အလှူရှင်အပေါင်း တို့အား ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်းလည်း မှတ်တမ်းတင်အပ်ပါသည်။

ဤကျမ်းစာကို ပိဋကတ်စာပေပညာရှင်များ လေ့လာရန် ရေးသားထားခြင်း မဟုတ်ပဲ ပိဋကတ်စာပေပညာ မတတ်သော အရပ်သူအရပ်သားများ တရားကျင့်ရာတွင် နားလည်နိုင်ပြီး အထောက်အပံ့ဖြစ်စေခြင်းငှာ ရေးသားထားခြင်းဖြစ်သည်။ ခန္ဓာအသိကို စာအရှိဖြင့် ရေးသား တင်ပြရာ၌ ခက်ခဲခြင်း၊ သဘောပရမတ်ကို ဒေသနာပညတ်ဖြင့် အဓိပ္ပာယ်ဖော် ရေးသားရာ၌ အလွန်ခက်ခဲခြင်းများ ရှိပါသည်။ အကယ်၍ ပညာရှိတို့အနေဖြင့် သဘောမတွေ့၊ မနှစ်သက်ပါက မိမိဆန္ဒရှိသည့်အတိုင်း ပယ်နိုင်ပါသည်။

မိမိ တရားစတင်ကျင့်ခဲ့စဉ်က မလိုလားအပ်သည့် အခက်အခဲများ၊ ပင်ပန်းမှုများ ရှိခဲ့သည်ကို ကိုယ်ချင်းစာလျက် ဤကျမ်းစာအုပ်ကို ရေးသားထုတ်ဝေခြင်း ဖြစ်သည်။ သို့ဖြစ် အရင်းခံလျက် လိုရင်းလိုရာ ချောမောစွာ စေါက်မြောက်အောင် ကျင့်လိုသူ ယောဂီတစ်ဦးအတွက် ဤကျမ်းစာမှ အထောက်အပံ့ ပေးနိုင်ပါမည်ဆိုလျှင် မိမိအနေဖြင့် ဤကျမ်းပြုစုရကျိုး နပ်ပါသည်။

http://www.dhammadownload.com

ကျေးဇူးတင်လွှာ

ဤကျမ်းစာအုပ် ပထမအကြိမ် ပြုစုရေးသားရာတွင်---

စီစဉ်တည်းဖြတ်ပေးသော

အရှင်မေတ္တာနန္ဒ	(ဘိက္ခုမာလာ-ဓမ္မာစရိယ)
အရှင်နန္ဒာလင်္ကာရ	(သာသနဓဇဓမ္မာစရိယ၊ ပဲခူး)

တို့အားလည်းကောင်း၊

နှုတ်တိုက်ဟောပြောမှုကို လက်ရေးမူဖြင့် ကူးပေးသော

အရှင်နန္ဒာစာရ	(ဓမ္မာစရိယ)
အရှင်အာစိဏ္ဏ	(သာသနဓဇဓမ္မာစရိယ)
အရှင်သာဂရ	(ဓမ္မာစရိယ)
အရှင်ဂါရဝ	(ဓမ္မာစရိယ)
ဆရာလေးဒေါ်ဆန္ဒသိဏ္ဍီ	B. Sc (Physics)
ဆရာလေးဒေါ်ဒေဝိန္ဒြာ(ဒေါက်တာဌေးဌေး)	M.B.B.S. (Mandalay)

တို့အားလည်းကောင်း၊

လက်ရေးမူမှ ကွန်ပြူတာစာစီပေးကြသော

ဆရာလေးဒေါ်ဓာတုသိဏ္ဍီ	B. Sc (Chemistry)
မောင်မျိုးသီဟ	I.D.C.S., UK
မောင်ဇော်နန္ဒာလင်း	2nd Year (Economics), U.F.L. (Japanese), Diploma in Japanese, Level (3)

တို့အားလည်းကောင်း၊

ဤကျမ်းစာအုပ် ဒုတိယအကြိမ် ထုတ်ဝေရန်အတွက် ပြင်ဆင်တည်းဖြတ်ရာတွင်---

ပိဋကတ်ဆိုင်ရာ အကိုးအကားများအတွက် ရှာဖွေစုဆောင်း တည်းဖြတ်ပေးသော

အရှင်ဓမ္မပါရဂူ	B.E. (Mechanical), B.A., M.A.(Buddha Dhamma)

ကွန်ပြူတာစာစီ၍ စာမူဖတ်ရှုစိစစ်ပေးသော

ဆရာလေးဒေါ်ယသောဓရာ(ဒါလီသဲဦး)	B.A. Environmental Studies., Lake Forest College, IL, U.S.A

စာမူဖတ်ရှုစိစစ်ပေးသော

သီလရှင်ဆရာကြီးဒေါ်သုခဝတီ	
သီလရှင်ဆရာလေးဒေါ်သီရိစန္ဒာ	B.Sc (Zoology)

တို့အားလည်းကောင်း
အထူးကျေးဇူးတင်ရှိပါသည်။

http://www.dhammadownload.com

ဒီဂုဇ်ဆေးစိုပြားရေးစာ

ဒိုဂုဇ်ဆေးစိုပြား	ရေးစာ	ဂုဏ်ကြီးမှု	မှတ်ကြားရန်
(ဆေးမြီးရေးပါပါးစာ ဇံကုမ)	(ဆေးမြီးရေးပါပါးစာ ဇံကုမ)		
ဖြဲကြားစိပ်ထ	ဖြဲကြားစိပ်ထ	[illegible]	
ဆေးမြီးရေးပါပါးစာ	[illegible]	[illegible]	
ဆေးမြီးရေးပါပါးစာ	ဆေးမြီးရေးပါပါးစာ	[illegible]	
ဆေးမြီးရေးပါပါးစာ	ဆေးမြီးရေးပါပါးစာ	[illegible]	

http://www.dhammadownload.com

မာတိကာ

ဦးသက်နိုင်၏အမှာစာ (က)
တည်းဖြတ်သူ၏အမှာစာ (ဂ)
စာရေးသူ၏အမှာစာ (စ)

နိဒါန်း

အခန်း(၁)

အရှုခံရုပ်နာမ်များ၏သဘောသဘာဝ

၁၊၁။ အပြင်အတိုက်မာတ်ခြောက်ပါးနှင့် ခန္ဓာဖြစ်စဉ် (အပိုင်း-က) ၁၅
၁၊၁၊၁။ မာတ်လေးပါးတို့၏ ပရမတ်သဘော ၁၆
၁၊၁၊၂။ ကလာပအမှုန်မှ ကောဋ္ဌာသ (သို့) ဒြပ်မှသဏ္ဌာန် ၁၇
၁၊၁၊၃။ သဘာဝခမွေ့၌ ဖုံးအုပ်ထားသော ပညတ်ငါးမျိုးနှင့် တဏှာ, မာန, ဒိဋ္ဌိ ၂၀
၁၊၂။ အတွင်းအာယတန(၅)ပါးနှင့် အပြင်အာယတန(၅)ပါး (အပိုင်း-ခ) ၂၄
၁၊၂၊၁။ စက္ခုဒွါရနှင့် စက္ခုဝိညာဏ်ရှင်းတမ်း ၂၄
၁၊၃။ အတွင်းအတိုက်မာတ် ခြောက်ပါးနှင့် ခန္ဓာဖြစ်စဉ် (အပိုင်း-ဂ) ၂၇
၁၊၃၊၁။ ဖဿ ဖြစ်ပေါ်လာပုံ ၂၈
၁၊၄။ အတွင်းအာယတနမာတ် (ခေါ်) ဘဝင်အကြည် (အပိုင်း-ဃ) ၂၉
၁။၅။ အတွင်းအပေါ်မာတ် (အပိုင်း-င) ၃၂
၁၊၅၊၁။ ဘဝင်နှင့် မနောဝိညာဏ်တို့၏သဘော ၃၃
၁၊၅၊၂။ စေတသိက်တို့၏ သဘောလက္ခဏာ ၃၄
၁၊၆။ ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံ(ပုံစံ-၁)၏ သဘောတရားကို ထပ်ဆင့်ရှင်းလင်းခြင်း ၄၂
၁၊၆၊၁။ စက္ခုဒွါရအကြောင်းခံသော ရုပ်နာမ်ခန္ဓာဖြစ်စဉ် ၄၄
၁၊၆၊၂။ သောတဒွါရအကြောင်းခံသော ရုပ်နာမ်ခန္ဓာဖြစ်စဉ် ၄၇
၁၊၆၊၃။ ဝေဒနာမှ ပဋိစ္စသမုပ္ပါဒ်လည်ပုံ ၅၁
၁၊၆၊၄။ ဝိညာဏ်သုံးမျိုးသဘော ၅၂
၁၊၆၊၅။ ဖဿနှစ်မျိုး အပြန်အလှန် အကျိုးပြုပုံသဘော ၅၃
၁၊၆၊၆။ အဟိတ်မနောဝိညာဏ်နှင့် သဟိတ်မနောဝိညာဏ် ၅၇
၁၊၆၊၇။ ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံကို အကျဉ်းချုပ်သုံးသပ်ခြင်း ၅၉

http://www.dhammadownload.com

၁၇။ သက္ကာယဒိဋ္ဌိ ရှင်းတမ်း ၆၀
၁၈။ အထင်အရှူခံနှင့် အမြင်အရှူခံ ကွာခြားပုံ ၆၂

အခန်း(၂)

ကျင့်စဉ်တို့၏ သဘောသဘာဝ

၂၁။ တရားကျင့်ရာတွင် သိထားအပ်သည့်အချက်များ ၆၅
၂၁၁။ ဗောဓိပက္ခိယတရား(၃၇)ပါး ၆၅
၂၁၂။ အခြေခံ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ၆၉
၂၂။ တရားကျင့်သောယောဂီတို့တွင် ပြည့်စုံရမည့်အချက်များ ၇၂
၂၃။ တရားကျင့်သူတို့၏ စိတ်ထားနှင့်ခံယူချက် ၇၆
၂၄။ ဆရာကောင်းဆရာမှန် ရွေးချယ်နည်း ၈၀
၂၅။ ဝိပဿနာကျင့်စဉ်လမ်းကြောင်းသုံးသပ်ချက် ၈၇
၂၅၁။ အာသီဝိသောပမသုတ္တန်အကျဉ်း ၈၈
၂၅၂။ ဝမ္မိကသုတ္တန်အကျဉ်း ၉၃
၂၆။ ဝိပဿနာကျင့်စဉ်လမ်းကြောင်းအစသုံးသပ်ချက် ၉၆
၂၇။ သမထယာနိကကျင့်စဉ်နှင့် ဝိပဿနာယာနိကကျင့်စဉ် နှိုင်းယှဉ်ချက် ၁၀၂
၂၇၁။ သမထယာနိကကျင့်စဉ်၏အဓိပ္ပာယ် ၁၀၃
၂၇၂။ ဝိပဿနာယာနိကကျင့်စဉ်၏အဓိပ္ပာယ် ၁၀၇
၂၇၃။ သုဒ္ဓဝိပဿနာ နှင့် ခဏိကသမာဓိ ၁၀၉
၂၈။ ဝိပဿနာကျင့်စဉ်ကမ္မဋ္ဌာန်းများ ဝေဖန်ချက် ၁၁၁

အခန်း(၃)

လက်တွေ့ကျင့်စဉ်တက်ပုံ

၃၁။ စိတ္တဝိသုဒ္ဓိကျင့်စဉ်ပထမပိုင်း ၁၂၁
၃၁၁။ အခြေခံအာနာပါနကမ္မဋ္ဌာန်း ၁၂၁
၃၁၂။ (၃၂)ကောဋ္ဌာသအခြေခံ ဝိပဿနာကမ္မဋ္ဌာန်း ၁၅၃
၃၁၃။ ဓာတ်လေးပါးအခြေခံ ဝိပဿနာကမ္မဋ္ဌာန်း ၁၅၇
၃၁၄။ ဘဝင်ပိုင်းကျင့်စဉ် (နာမ်ကမ္မဋ္ဌာန်း) ၁၆၃
၃၁၅။ တစ်ဖက်ချိတ်ပလ္လင်ကျင့်စဉ် (နာမ်ကမ္မဋ္ဌာန်း) ၁၇၄
၃၁၆။ မဟာပလ္လင်ကျင့်စဉ် (နာမ်ကမ္မဋ္ဌာန်း) ၁၈၅

http://www.dhammadownload.com

၃၊၂။ စိတ္တဝိသုဒ္ဓိကျင့်စဉ်ဒုတိယပိုင်း ၂၁၂
၃၊၂၁။ ပညတ်အာရုံ သိမ်းဆည်း၍ စိတ္တဝိသုဒ္ဓိ ဒုတိယဆင့် ကျင့်စဉ်တက်ပုံ (ကျင့်စဉ်ပထမနည်း) ၂၁၆
၃၊၂၂။ ခံစားမှုဝေဒနာ၏ ဖြစ်မှု ချုပ်မှုကိုရှု၍ ကျင့်စဉ်တက်ပုံ (ကျင့်စဉ်ဒုတိယနည်း) ၂၂၄
၃၊၃။ စိတ္တဝိသုဒ္ဓိကျင့်စဉ်တတိယပိုင်း ၂၂၅
၃၊၄။ စိတ္တဝိသုဒ္ဓိကျင့်စဉ်သုံးဆင့်အပေါ် ခြုံငုံသုံးသပ်ချက် ၂၃၉

အခန်း(၄)

အမှုညာဏ်၏ သဘောသဘာဝ

၄၊၁။ ဒိဋ္ဌဝိသုဒ္ဓိ ၂၄၃
၄၊၂။ ကင်္ခါဝိတရဏဝိသုဒ္ဓိ ၂၈၄
၄၊၃။ မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ ၂၉၁
၄၊၄။ ပဋိပဒါညာဏဒဿနဝိသုဒ္ဓိ ၂၉၅

အခန်း(၅)

အရိယာမဂ်၏သဘောသဘာဝ

၅၊၁။ မဂ်သမာဓိတည်ပုံ ၃၁၁
၅၊၂။ မဂ်ကူးပုံ(သို့) မဂ်ကိစ္စဆောင်ရွက်ပုံ ၃၁၂
၅၊၃။ ဖိုလ်ဇောရောက်ပုံ ၃၁၄
၅၊၄။ ဖိုလ်မှခွာပုံ ၃၁၅
၅၊၅။ မဂ်ပုဂ္ဂိုလ်လေးမျိုး၏ သဘော ၃၁၈
၅၊၆။ ဖိုလ်စစ်ဆေးပုံ စံကိန်း ၃၂၂
၅၊၇။ သောတာပတ္တိမဂ်ကူးပြီး ပုဂ္ဂိုလ်၏သဘော ၃၂၂

ကျမ်းပြီးနိဂုံး

ကျမ်းကိုးစာရင်း ၃၂၉
ဝေါဟာရခက်ဆစ် ၃၃၁
အကွာရာစဉ်အညွှန်း ၃၄၀
ကျမ်းပြုသူ၏ ထေရုပတ္တိအကျဉ်း ၃၄၆

http://www.dhammadownload.com

အထက်ပါ တွေဝေမှု၊ ရှုပ်ထွေးမှု၊ သံသယဖြစ်မှုတို့၏ ပဓာနအကြောင်းမှာ စစ်မှန်သော အရှခံပရမတ်ရုပ်နာမ်များကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားမြင်အောင် ညွှန်ကြားပြသနိုင်သည့် ဆရာကောင်းဆရာမှန်နှင့် မတွေ့ခြင်းကြောင့်ဖြစ်သည်။ တရားပြသောဆရာသည် အရှခံပရမတ် ရုပ်နာမ်များကို ကိုယ်တိုင် ပိုင်းခြား မြင်ကာပွားများပြီး နည်းပေးမှ ဆရာကောင်းဆရာမှန်ဖြစ်မည်။ အချို့သော တရားပြ ကမ္မဋ္ဌာနာစရိယဆရာများသည် ကိုယ်တိုင်ပေါက်မြောက်အောင် တရားမကျင့်ကြံကြပဲ ကမ္မဋ္ဌာန်းရိပ်သာဖွင့်၍ တရားပြသနေကြသည်။ ဆရာကလည်းကျင့်စဉ်ကိုမသိ၊ ရုပ်နာမ်ကိုလည်း အမှန်မမြင်၊ တပည့်ကိုလည်း လမ်းမှန်ကိုရောက်အောင်မပြနိုင်၊ အမှန်မြင်ရမည့် ရုပ်နာမ်အစား အထင်ဖြင့် မှန်းဆသော ရုပ်နာမ်ဖြင့်သာ ပြောဟောညွှန်ကြားနေကြသည်။ ဆရာကောင်းဆရာမှန်ဟူသည် မကောင်းမြစ်တား ကောင်းရာညွှန်လတ် ဟူသော ဆရာ့တာဝန်ဖြင့် မိမိတပည့် ကျင့်စဉ်များနေသည်ကို သိရမည်။ ကျင့်စဉ်အမှားမှ အမှန်ရောက်အောင် လမ်းညွှန်ပေးနိုင်ရမည်။ သဒ္ဓါ၊ ဝီရိယ၊ သတိ စသော အားငါးပါး နည်းနေသည်ကို အားငါးပါး ပြည့်လာအောင်လည်း ဆွဲဆောင်နိုင်ရမည်။ အချို့သော တရားပြဆရာတို့သည် ဘုရားဟော ဒေသနာတော်ကို နှံ့စပ်အောင် မလေ့လာပဲ ကိုယ်လိုရာဆွဲလျက် လူအများအကြိုက်လိုက်ကာ တရားထိုင်ကျင့်စရာ မလိုဘူးဟူ၍ပင် ဟောပြောရေးသားနေကြသည်။ တပည့်ယောဂီတို့ကလည်း ဘုရားဟောပါဠိတော် မြန်မာပြန်များကို ဖတ်ရှုလေ့လာခြင်းမရှိကြသဖြင့် တွေးခေါ်ဆုံးဖြတ်မှုများ လွဲမှားနေကြသည်။ အမှန်မြင်ရမည့် ပရမတ်ရုပ်နာမ်ဆိုသည်မှာ ဘာကိုဆိုလိုသည်၊ ဘယ်သဘော ရှိသည်၊ မည်ကဲ့သို့ ကျင့်ရမည် စသော အချက်များကို မြတ်စွာဘုရားရှင်သည် ပြည့်စုံလုံလောက်စွာ ဟောကြားထားပြီးဖြစ်သည်။

မြတ်စွာဘုရားရှင်သည် နည်းပေးမှု၊ အဓိပ္ပာယ်ဖွင့်ဆိုမှုများကို လျှို့ဝှက်မထားခဲ့ပဲ နိဗ္ဗာန်ရောက်ကြောင်း ပြည့်စုံသော နည်းလမ်းများကို သာသနာ့အမွေအဖြစ်ပေးခဲ့ပြီး ဖြစ်သည်။ တရားကျင့်သော ယောဂီတို့အား တရားတွေ့မှုနှင့်ပတ်သက်၍ လွယ်ကူစွာ နားလည်အောင် လိုရင်းကို ရှင်းရှင်းဖြင့် ကလေးစာသင်ဘိသကဲ့သို့ ဝိပဿနာအရှခံများကို ဆဆကသုတ္တန်၌ မြတ်စွာဘုရားရှင် အောက်ပါအတိုင်း ဟောကြားထားသည်။ မည်သည့်နည်းဖြင့်ကျင့်သည်ဖြစ်စေ၊ မည်သည့်ဆရာနှင့်ကျင့်သည်ဖြစ်စေ ယောဂီတိုင်း မဖြစ်မနေ အမှန်မြင်ရမည့် အရှခံပရမတ် ရုပ်နာမ်များမှာ အောက်တွင်ဖော်ပြမည့် (၃၆)မျိုး (ဆဆကသ-၆×၆)သာလျှင် ဖြစ်သောကြောင့် တရားကျင့်သောယောဂီတို့သည် ယင်းဆဆကသရုပ်နာမ်တို့ကို နားလည်သဘောပေါက်အောင် လေ့လာမှတ်သားကြစေလိုပါသည်။

အမှန်မြင်ရမည့် အရှခံပရမတ်ရုပ်နာမ်များ

(၁) ခြောက်ပါးသော အဿတ္ထိကာယတန အပေါင်းတို့ကို သိရမည်။
(၂) ခြောက်ပါးသော ဗာဟိရာယတန အပေါင်းတို့ကို သိရမည်။
(၃) ခြောက်ပါးသော ဝိညာဏ်အပေါင်းတို့ကို သိရမည်။
(၄) ခြောက်ပါးသော ဖဿ အပေါင်းတို့ကို သိရမည်။
(၅) ခြောက်ပါးသော ဝေဒနာအပေါင်းတို့ကို သိရမည်။
(၆) ခြောက်ပါးသော တဏှာအပေါင်းတို့ကို သိရမည်။[၁]

[၁] ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်၊ သဠာယတနဝဂ်၊ ဆဆကသုတ်-၄၂၀ နှာ-၃၃၂

http://www.dhammadownload.com

(၁) ခြောက်ပါးသော အဖျတ္တိကာယတန

(က)	စက္ခာယတန	=	စက္ခုပသာဒ	(မျက်စိအကြည်)
(ခ)	သောတာယတန	=	သောတပသာဒ	(နားအကြည်)
(ဂ)	ဃာနာယတန	=	ဃာနပသာဒ	(နှာအကြည်)
(ဃ)	ဇိဝှါယတန	=	ဇိဝှါပသာဒ	(လျှာအကြည်)
(င)	ကာယာယတန	=	ကာယပသာဒ	(ကိုယ်အကြည်)
(စ)	မနာယတန	=	မနောပသာဒ	(စိတ်အကြည်)

ထိုအာယတန*ခြောက်ပါးအနက်မှ အမှတ်စဉ်(က)မှ(င)အထိ အာယတနငါးပါး (၀၊) အကြည်ငါးစုံတို့သည် ရုပ်တရားတို့ဖြစ်၍ အမှတ်စဉ်(စ)မနာယတနသည် နာမ်တရားဖြစ်သည်။ ရူပက္ခန္ဓာကို မြင်ရမည် ဆိုသည်မှာ အထက်ပါ အမှတ်စဉ်(က)မှ(င)အထိ ရုပ်တရားများ ပါဝင်ကြောင်း ရည်ညွှန်း၍ ဟောထားခြင်းဖြစ်သည်။ ထိုရုပ်တရားသည် မဟာဝိပဿနာ၏ အရှုခံအာရုံများ ဖြစ်သည်။ တရားရှုသောယောဂီတို့သည် မြတ်စွာဘုရားရှင် သိမြင်စေလိုသော အထက်ပါ အာယတန ခြောက်ပါးကို ထူးသောဉာဏ်ဖြင့် ပိုင်းခြားမြင်ရမည်။ မှန်းဆတွေးတော၍ သိရခြင်းမျိုး မဟုတ်ပေ။ သင်ကြား၍ သိခြင်းမျိုးလည်း မဟုတ်ပေ။

စိတ်အကြည်ကိုလည်း သိရမည်ဟု ဘုရားရှင် ဟောကြားထားသည်။ ဤအချက်ကို ယောဂီတို့ အထူး သတိပြုပါ။ စိတ်အကြည်ဆိုသည်မှာ မန (၀၊) ဘဝင်သက်သက်ကို ဆိုလိုခြင်း ဖြစ်သည်။ တရားကျင့်သောယောဂီသည် ထိုစိတ်အကြည်၏သဘာဝကို အရှုဉာဏ်ဖြင့် ပိုင်းခြား မြင်ရမည်ဖြစ်သည်။ စိတ်အကြည် (၀၊) မနောအကြည်နှင့် ယင်းကိုရှုတတ်သောစိတ်(အရှုဉာဏ်)တို့ ကွဲပြားမှုရှိသည်။ ထို့ကြောင့် တရားကျင့်သောယောဂီသည် အထက်ပါ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ စသော အာရုံခြောက်ပါးနှင့်မဖက် စိတ်အကြည်သက်သက်ကို ပိုင်းခြား မြင်နိုင်လျှင် မိမိ၏အရှုခံသည် မှန်ပြီဟု သိနိုင်သည်။

(၂) ခြောက်ပါးသော ဗာဟိရာယတန

(က)	ရူပါရုံ	=	စက္ခုအကြည်၌ တည်ဆဲအဆင်း
(ခ)	သဒ္ဒါရုံ	=	နားအကြည်၌ တည်ဆဲအသံ
(ဂ)	ဂန္ဓာရုံ	=	နှာအကြည်၌ တည်ဆဲအနံ့
(ဃ)	ရသာရုံ	=	လျှာအကြည်၌ တည်ဆဲရသာ
(င)	ဖောဋ္ဌဗ္ဗာရုံ	=	ကိုယ်အကြည်၌ တည်ဆဲအတွေ့
(စ)	ဓမ္မာရုံ	=	မနောသို့ ကျရောက်ဆဲ အာရုံပေါင်းစုံ

တရားကျင့်သောယောဂီတို့သည် အထက်ပါ ပရမတ်ရုပ်တရားများကို မိမိ၏အရှုဉာဏ်ဖြင့် ပိုင်းခြားမြင်နိုင်ရမည်။ မျက်စိဖြင့် ရူပါရုံကို မြင်ရာတွင် မိမိ၏ အရှုဉာဏ်သည် မျက်စိ အပြင်ဘက်မှ အဆင်းများကို အာရုံပြုနေပါက အမြင်မှားနေသည်။ မိမိစက္ခုပသာဒမှ တည်ဆဲ အဆင်းရူပါရုံကို အရှုဉာဏ်ဖြင့် ပိုင်းခြားမြင်မှသာလျှင် အမြင်မှန် အရှုခံအမှန်ရုပ်တရားဖြစ်သည်။

---

* မျက်စိအကြည်၊ နားအကြည်၊ နှာအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ်အကြည်တို့နှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့နှင့် ဓမ္မတို့သည် သံသရာကို ချဲ့စေတတ်သော အကြောင်းတရားများ ဖြစ်သောကြောင့် အာယတနဟု ခေါ်သည်။

http://www.dhammadownload.com

ဤဖော်ပြချက်ကို အထူးသတိပြုပါ။ အဆင်းသည် စက္ခုပသာဒ၌ စက္ကန့်ပိုင်းမျှ ထင်ပြီး ပျက်သွားလျှင်လည်း ထိုစက္ကန့်ပိုင်းမျှ ထင်သောရူပါရုံကို ပိုင်းခြားမြင်နိုင်ရမည်။ ဤနည်းအတိုင်း သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ စသည်တို့တွင်လည်း ထင်သောအာရုံတို့ကို ပိုင်းခြားမြင်ရမည်ဟု မှတ်ပါ။ အကယ်၍ ထိုသို့ ပိုင်းခြားမမြင်သေးလျှင် မိမိ အရှုညံ့ဏာ် မမှန်သေးပါ။

ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ဆုံရာတွင် အပြင်မှ လာထိတွေ့သော သဏှာန်နိမိတ် ရုပ်တရားနှင့် မိမိခန္ဓာကိုယ်ကို အာရုံပြုနေသေးလျှင် မှားနေသည်ဟူ၍ သိပါလေ။ အချို့သည် တရှိတ်ရှိတ်၊ တရွရွ၊ တမွမွ ဖြစ်နေသော ရူပကာယ(ရုပ်ခန္ဓာကိုယ်)၏ ဓာတ်မူန်များကို မြင်ခြင်းသည် ပရမတ်ရုပ်ကို မြင်ပြီးပြီဟူ၍ ထိုမျှနှင့်ပင် လမ်းဆုံးနေကြသည်။ ကာယပသာဒဟူသည် ပူမှု၊ တင်းမှု၊ တောင့်မှု၊ ထုံမှု၊ ကျင်မှု စသည့် ပညတ်အာရုံပြုရုပ်တရားများ မဟုတ်ပေ။ အရိုးစု၊ အသုဘ၊ (၃၂)ကောဋ္ဌာသ စသော ပညတ်သိ ရုပ်တရားတို့သည်လည်း ပရမတ်အာရုံများ မဟုတ်ကြပေ။ ထိုရုပ်တရားတို့သည် တရုဏဝိပဿနာ၏ အာရုံမျှသာ ရှိသေးသည်။ ၎င်းအရှုခံအာရုံများကို အခြေခံပြီး ကျင့်စဉ်တက်ခဲ့ရသည်မှာ မှန်သည်။ ထိုအရှုခံရုပ်တရားများကို မြင်ခြင်းသည် ရုပ်ပေါ်၌ မှားယွင်းစွဲယူသော ဒိဋ္ဌအကြွမ်းစားကို ပြုတ်စေသည်။ ပရမတ်စစ်စစ် ရုပ်တရားများကား မဟုတ်သေးပါ။ မဟာဝိပဿနာဉာဏ်သို့ ဆိုက်ရောက်ရန် အကြည်ငါးစုံတည်း ဟူသော ဥပါဒါရုပ်နှင့် ရူပါရုံ စသော တိုက်ဆဲအာရုံငါးပါး ရုပ်တရားများကို မြင်ဖို့ရန် လိုအပ်နေသေးသည်။ ထိုအကြည်ငါးစုံရုပ်တရားနှင့် တိုက်ဆဲအာရုံငါးပါးကို ပိုင်းခြားမြင်မှသာလျှင် အရိယာမဂ်သို့ ဆိုက်မည်။ ထိုရုပ်တရားများကို မြင်အောင်ရှုနိုင်မည့် ကျင့်စဉ်များကို ဤကျမ်းစာ၌ ရေးသားဖော်ပြသွားမည်ဖြစ်သည်။

ဓမ္မာရုံကိုလည်း သိရမည်။ ဓမ္မာရုံဟူသည် -

(၁) အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဟူသော အာရုံငါးပါးတို့သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟူသော ဒွါရငါးပေါက်၌* ထိတွေ့ပြီးနောက် မနသို့ ရောက်ရှိသော ထိုအာရုံငါးပါးနှင့်တူသော ဓမ္မာတ်

(၂) ထိုအာရုံငါးပါးတို့ကို အတိတ် အနာဂတ်ကာလတို့အားဖြင့် စွဲယူထင်ခြင်းဓမ္မာတ်

(၃) နာမ် (၅၂) - နိဗ္ဗာန်၊ ပညတ်တရားများ ဖြစ်သည်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့စသော အာရုံငါးပါးတို့သည် ပစ္စုပ္ပန်ဆိုင်ရာ အကြည်ငါးစုံ၌ ထင်ပြီးလျှင် မနောသို့ ဓမ္မာတ်အဖြစ် ပြောင်းလဲရောက်ရှိသွားသည်။† ထိုသိရန် ခက်ခဲသည့် ဓမ္မာရုံတရားများကို မိမိအရှုဉာဏ်ဖြင့် မမြင်သေးပါက တရားမြင်မှု မမှန်ကန်သေးပါ။ အထက်ပါ အာရုံငါးပါးတို့ကို အတိတ်၊ အနာဂတ်အားဖြင့် စွဲလမ်းသောအာရုံ(ဓမ္မာရုံ)ကိုလည်း မိမိအရှုဉာဏ်၌ ပိုင်းခြားမမြင်သေးပါက မိမိ၏အရှုခံတရားတွေ့မှု မမှန်သေးဟူ၍ မှတ်ယူပါ။

---

* ပသာဒငါးမျိုးကို ဌာနုပစာနည်းအရ ဒွါရဟု သုံးနှုန်းသည်။ "ဟိုဖက်အိမ်က ဆူညံလိုက်တာ"ဟုဆိုလျှင် ဟိုဖက်အိမ်က ဆူညံခြင်းမဟုတ်ပဲ ဟိုဖက်အိမ်ရှိ လူများက ဆူညံခြင်းကို ဆိုလိုသကဲ့သို့ ဖြစ်သည်။

† ယခု ဖော်ပြခဲ့သော (၁) နှင့် (၂) အာရုံများကို ပိုင်းခြားမြင်ရမည်ဟူသည်မှာ သင်ယောဂီအိပ်မက် မက်ရာတွင် အိပ်မက်ထဲ၌ မိမိသည် လူ၊ တိရိစ္ဆာန်၊ သစ်ပင်၊ တောတောင်၊ ရေမြေစသည့် အာရုံတို့ကို ပိုင်းခြားမြင်နေသည်။ အိပ်ယာနိုးလာသောအခါ မတွေ့မြင်နိုင်တော့ပါ။ အိပ်မက်ထဲ၌ မြင်မက်နေသော အာရုံတို့သည် ဓမ္မာရုံဖြစ်သည်။ အိပ်မက်ထဲ၌ မိမိသည် ထိုအိပ်မက်မက်ရာအာရုံတို့ကို အိပ်မက်ထဲ၌ပိုင်းခြားမြင်ရသကဲ့သို့ တရားရှုမှတ်ဆဲ၌လည်း ဓမ္မာရုံရုပ်တရားများကို ထိုနည်းအတိုင်း ပိုင်းခြားမြင်ရမည် ဖြစ်သည်။

http://www.dhammadownload.com

(၃) ခြောက်ပါးသော ဝိညာဏ်

(က) စက္ခုဝိညာဏ် = မြင်သိစိတ်
(ခ) သောတဝိညာဏ် = ကြားသိစိတ်
(ဂ) ဃာနဝိညာဏ် = နံသိစိတ်
(ဃ) ဇိဝှါဝိညာဏ် = ရသာသိစိတ်
(င) ကာယဝိညာဏ် = ကာယအတွေ့သိစိတ်
(စ) မနောဝိညာဏ် = အာရုံပေါင်းစုံသိစိတ်

တရားရှုသောယောဂီသည် မိမိတရားတွေ့မှုမြင်မှုမှန်မမှန်ကိုလည်း ဤဝိညာဏ်ခြောက်မျိုးတွေ့မှု ရှိမရှိအပေါ်မူတည်၍ ဆုံးဖြတ်ရမည်ကို သတိပြုပါ။ မြင်ဆဲအခိုက် မိမိ၏ မျက်နှာဝန်းအတွင်း စက္ခုပသာဒ၌ တည်ဆဲဝိညာဏ်၊ ကြားဆဲအခိုက် သောတပသာဒ၌ တည်ဆဲဝိညာဏ်၊ နံဆဲအခိုက် နှာခေါင်းအကြည်၌ တည်ဆဲဝိညာဏ်၊ စားဆဲအခိုက် လျှာအကြည်၌ တည်ဆဲဝိညာဏ်၊ မိမိရူပကာယနှင့် ဖောဋ္ဌဗ္ဗာရုံတွေ့ဆဲအခိုက် ကာယအကြည်၌ တည်ဆဲဝိညာဏ်တို့ကိုလည်းကောင်း၊ မနောအကြည်ဟူသော ဘဝင်ကိုလည်းကောင်း၊ ဘဝင်နှင့်ဓမ္မာရုံ တိုက်ဆိုင်ဆဲအခိုက် အဟိတ်မနောဝိညာဏ်နှင့် အရှုဉာဏ်၏အနီးကပ် ရှေ့ဖြစ်သဟိတ်မနောဝိညာဏ်တို့ကိုလည်းကောင်း မိမိအရှုဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား ထင်ရှားစွာ မြင်ရမည်။ စက္ကန့်ပိုင်းမျှတိုက်ဆိုင်မှုကြောင့် ဖြစ်လာသော ထိုဝိညာဏ်ခြောက်မျိုးကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားစွာ သိမြင်ရမည်။

အရှုခံစိတ်	**အရှုဉာဏ်စိတ်**
မြင်စိတ်(ရှေ့စက္ခုဝိညာဏ်စိတ်)၊	သိစိတ်(ဝါ)ရှုစိတ်(နောက်သဟိတ်မနောဝိညာဏ်)
ကြားစိတ်(ရှေ့သောတဝိညာဏ်စိတ်)၊	သိစိတ်(ဝါ)ရှုစိတ်(နောက်သဟိတ်မနောဝိညာဏ်)
နံသိစိတ် (ရှေ့ဃာနဝိညာဏ်စိတ်)၊	သိစိတ်(ဝါ)ရှုစိတ်(နောက်အဟိတ်မနောဝိညာဏ်)
ရသာသိစိတ်(ရှေ့ဇိဝှါဝိညာဏ်စိတ်)၊	သိစိတ်(ဝါ)ရှုစိတ်(နောက်သဟိတ်မနောဝိညာဏ်)
အတွေ့သိစိတ်(ရှေ့ကာယဝိညာဏ်စိတ်)၊	သိစိတ်(ဝါ)ရှုစိတ်(နောက်သဟိတ်မနောဝိညာဏ်)
ဓမ္မသိစိတ်၊ (ရှေ့အဟိတ်၊ သဟိတ်မနောဝိညာဏ်စိတ်)	သိစိတ်(ဝါ)ရှုစိတ်(နောက်သဟိတ်မနောဝိညာဏ်)‡

မှတ်ချက်။ ။ဤနေရာ၌ တရားရှုသူတို့သည် စိတ်ကိုတစ်မျိုးတည်း (ဝါ) တစ်စိတ်တည်း သိထားကြသောခါ စိတ္တာနုပဿနာသတိပဋ္ဌာန်အားဖြင့် ရှုရာတွင် သတိကင်းသော တဏှာဥပါဒါန်စွဲသော ရှေ့စိတ်ကို သတိပြန်ထားသော နောက်စိတ်ဖြင့် ရှုခြင်းမျိုးသာ ဖြစ်နေသည်။ ထိုအရှုခံစိတ် နှင့် အရှုဉာဏ်စိတ်တို့သည် ဟိတ်ခြောက်ပါးကိန်းသော စိတ်တစ်မျိုးတည်းသာ ဖြစ်သည်။ ထိုသို့ ရှုခြင်းမျိုးတွင် သတိလစ်လျှင် စိတ်တစ်ခါပြန်ပေါ်၍ သတိ ပြန်ထားသောအခါ တဏှာ ဥပါဒါန်အားဖြင့် စွဲယူထားသောစိတ်သည် ချုပ်သွားပြန်သည်။ ယင်းသည် မြတ်စွာဘုရားရှင် သိမြင်စေလိုသော ဟိတ်ခြောက်ပါးမကိန်းသော အထက်ပါ ပဉ္စဝိညာဏ်စိတ်များကို

‡ ဓမ္မသိစိတ်ဆိုသည်မှာ စိတ်အကြည်၌ ဓမ္မာရုံပေါ်ဆဲ(ဥပါဒ်ဆဲ) ဟိတ်ခြောက်ပါးမရှိသေးသော အဟိတ်မနောဝိညာဏ်စိတ်နှင့် ဟိတ်ခြောက်ပါးကိန်းသော သဟိတ်မနောဝိညာဏ်စိတ်တို့ကို ဆိုလိုသည်။

http://www.dhammadownload.com

ရှုခြင်းမျိုး မဟုတ်ပါ။ ထိုဝိညာဏ်တို့၏ သဘောသဘာဝကို ပေါ်လွင်အောင် ဤကျမ်းစာအုပ်၌ အဓိပ္ပာယ်နှင့်တကွ ပုံစံထုတ်၍ ဆက်လက် ရှင်းပြသွားမည် ဖြစ်သည်။

(၄) ခြောက်ပါးသော ဖဿ

(က)	စက္ခုသမ္ဖဿ	=	စက္ခုအတွေ့
(ခ)	သောတသမ္ဖဿ	=	သောတအတွေ့
(ဂ)	ဃာနသမ္ဖဿ	=	ဃာနအတွေ့
(ဃ)	ဇိဝှါသမ္ဖဿ	=	ဇိဝှါအတွေ့
(င)	ကာယသမ္ဖဿ	=	ကာယအတွေ့
(စ)	မနောသမ္ဖဿ	=	မနောအတွေ့

ဖဿသည် ဝိညာဏ်ခြောက်မျိုးပေါ်တိုင်း ထိုဝိညာဏ်များနှင့် ယှဉ်ဖက်စေတသိက် (သဟဇာတပစ္စည်း) ဖြစ်သည်။ အာရုံကို မနသို့ ပို့ဆောင်စေ၍ အာရုံနှင့် မနကို ထိတွေ့ဆက်စပ်စေသည့် နာမ်ဓာတ် ဖြစ်သည်။ ထိုနာမ်ဓာတ်သည် သိရန် အလွန်ခက်ခဲပါသည်။ ၎င်းနာမ်ဓာတ်ကိုလည်း မိမိဝိပဿနာ အရှုဉာဏ်၌ ထင်ထင်ရှားရှား ပိုင်းခြားမြင်ရမည်။ ထိုဖဿတည်းဟူသော နာမ်ဓာတ်ကို မမြင်သေးပါက မိမိအရှုဉာဏ် မမှန်သေးဟူ၍ မှတ်ယူပါ။ တရားမတွေ့သေးဟူ၍ လည်းမှတ်ယူပါ။

(၅) ခြောက်ပါးသော ဝေဒနာ

(က)	စက္ခုသမ္ဖဿဇာဝေဒနာ	=	စက္ခုအတွေ့ကြောင့်ဖြစ်သောခံစားမှု
(ခ)	သောတသမ္ဖဿဇာဝေဒနာ	=	သောတအတွေ့ကြောင့်ဖြစ်သောခံစားမှု
(ဂ)	ဃာနသမ္ဖဿဇာဝေဒနာ	=	ဃာနအတွေ့ကြောင့်ဖြစ်သောခံစားမှု
(ဃ)	ဇိဝှါသမ္ဖဿဇာဝေဒနာ	=	ဇိဝှါအတွေ့ကြောင့်ဖြစ်သောခံစားမှု
(င)	ကာယသမ္ဖဿဇာဝေဒနာ	=	ကာယအတွေ့ကြောင့်ဖြစ်သောခံစားမှု
(စ)	မနောသမ္ဖဿဇာဝေဒနာ	=	မနောအတွေ့ကြောင့်ဖြစ်သောခံစားမှု

ဆိုင်ရာဒွါရသို့ ကျရောက်လာသော အာရုံ၏ ကောင်းရသ၊ ဆိုးရသကို ခံစားသော ဝေဒနာနာမ်တရား ဖြစ်သည်။ ထိုဖော်ပြဆဲ ဝေဒနာကွန္ဓာ၏သဘောကို မိမိအရှုဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား ရှုမြင်နိုင်ရမည် ဖြစ်သည်။ မိမိ၏ ဝိပဿနာဉာဏ် မှန်မမှန် သိလိုလျှင် ဝေဒနာကွန္ဓာကို ပိုင်းခြားမြင်မှု ရှိမရှိဖြင့် အဖြေထုတ်ပါ။

(၆) ခြောက်ပါးသော တဏှာ

(က)	စက္ခုသမ္ဖဿဇာဝေဒနာမှတဏှာ	=	စက္ခုအတွေ့ကြောင့်ဖြစ်သောခံစားမှုမှတဏှာ
(ခ)	သောတသမ္ဖဿဇာဝေဒနာမှတဏှာ	=	သောတအတွေ့ကြောင့်ဖြစ်သောခံစားမှုမှတဏှာ
(ဂ)	ဃာနသမ္ဖဿဇာဝေဒနာမှတဏှာ	=	ဃာနအတွေ့ကြောင့်ဖြစ်သောခံစားမှုမှတဏှာ
(ဃ)	ဇိဝှါသမ္ဖဿဇာဝေဒနာမှတဏှာ	=	ဇိဝှါအတွေ့ကြောင့်ဖြစ်သောခံစားမှုမှတဏှာ
(င)	ကာယသမ္ဖဿဇာဝေဒနာမှတဏှာ	=	ကာယအတွေ့ကြောင့်ဖြစ်သောခံစားမှုမှတဏှာ
(စ)	မနောသမ္ဖဿဇာဝေဒနာမှတဏှာ	=	မနောအတွေ့ကြောင့်ဖြစ်သောခံစားမှုမှတဏှာ[၂]

---

[၂] ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်၊ သဋ္ဌာယတနဝဂ်၊ ဆဆက္ကသုတ်-၄၂၀ နှာ-၃၃၂

http://www.dhammadownload.com

ခြောက်ပါးသောတဏှာ ဟူသည်မှာ လောဘ၊ မောဟဦးဆောင်သော သဟိတ်မနော ဝိညာဏ်စိတ်ကို ဆိုလိုသည်။ ထိုအရှုခံတဏှာစိတ်ကို အရှုဉာဏ် နောက်သဟိတ်မနောဝိညာဏ်စိတ်ဖြင့် ပိုင်းခြားမြင်အောင် ရှုရမည်ဖြစ်သည်။ ဤဖော်ပြချက်ကို ယောဂီတို့ အထူးသတိပြုသုံးသပ်ပါ။ တဏှာကို မြင်နိုင်ပါ့မလားဟူ၍ တွေးတောတတ်သည်။ စိတ်ဆိုတာမြင်နိုင်ပါ့မလားဟူ၍လည်း သုံးသပ်ကြသည်။ ဤသို့ တွေးတော သုံးသပ် ရခြင်းမှာ မြင်နိုင်သော သမာဓိ (ဝါ) စိတ္တဝိသုဒ္ဓိဖြင့်ပြည့်စုံသော စင်ကြယ်သောစိတ် မရှိ၍ ဖြစ်သည်။

ဤဆဆက္ကသုတ္တန်၌ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်က (၃၆)မျိုးသောဆဆက္ကရုပ်နာမ်တို့ကို မြင်ရမည်ဟု မိန့်ဆိုခြင်းမှာ သာဝကများမြင်နိုင်၍ ဟောကြားတော်မူထားခြင်း ဖြစ်သည်။ ထိုသို့ ဟောရာတွင် ဘယ်နည်း၊ ဘယ်မူဖြင့် ကျင့်ရသည်ဟူ၍ မပါရှိပဲ၊ မြင်နိုင်သည့် သမာဓိရှိလျှင် မြင်အပ်သည့် ပရမတ်ရုပ်နာမ် တရားများကိုသာ ဖော်ပြထားသည်။

တရားပြသောဆရာသည် ယခု ဖော်ပြခဲ့ပြီးသော (၃၆)မျိုးသော အရှုခံ ပရမတ်ရုပ်နာမ်တို့ကို ကိုယ်တိုင် ထိုးထွင်းသိမြင်နိုင်ပြီး ဖြစ်ရမည်။ ယင်းတို့ကို ပိုင်းခြားမြင်အောင် လမ်းမညွှန်နိုင်၊ မပြသနိုင်သော ဆရာသည် ဆရာကောင်းဆရာမှန် မဖြစ်နိုင်ဟု မှတ်ယူပါ။ တရားပြဆရာသည် မိမိ၏ တပည့်ယောဂီအား (၃၆)မျိုးသော ဆဆက္ကရုပ်နာမ်တို့ကို မြင်နိုင်ရန် ပန်းတိုင်ထား၍ တရားကျင့်နေသည် ဟူ၍လည်းကောင်း ယင်းတို့ကို မြင်မှသာလျှင် ပရမတ်ရုပ်နာမ်ကိုမြင်သည်၊ ခန္ဓာကိုမြင်သည်၊ ဇာတိကိုမြင်သည်၊ ဒုက္ခသစ္စာကိုမြင်သည်၊ တရားမြင်သည်ဟု မှတ်ယူထားရမည်ဟူ၍လည်းကောင်း ညွှန်ကြားပေးရမည်။

သောတာပန်ပုဂ္ဂိုလ်တို့ လက္ခဏာရေးသုံးပါးတင်ရှုရန် တရားများ

"ရာဟုလာ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ **မျက်စိသည် မြဲသလော၊** မမြဲသလော။ **မမြဲပါ အသျှင်ဘုရား။** မမြဲသော **မျက်စိသည် ဆင်းရဲလော၊** ချမ်းသာလော။ **ဆင်းရဲပါ အသျှင်ဘုရား။** မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော မျက်စိကို **ဤမျက်စိသည် ငါ၏ ဥစ္စာဖြစ်၏၊ ဤမျက်စိသည် ငါဖြစ်၏၊ ဤမျက်စိသည် ငါ၏ ကိုယ်'အတ္တ'တည်းဟု ရှုခြင်းငှာ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။** အဆင်းအာရုံတို့သည် မြဲကုန်သလော၊ မမြဲကုန်သလော။ မမြဲပါကုန် အသျှင်ဘုရား။ **စက္ခုဝိညာဏ်**သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ စက္ခုသမ္ဖဿသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု 'ဝေဒနာ' မှတ်သားမှု'သညာ' ပြုပြင်မှု 'သင်္ခါရ' သိမှု **'ဝိညာဏ်'**သည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော အရာသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော အရာကို ဤအရာသည် ငါ၏ ဥစ္စာဖြစ်၏၊ ဤအရာသည် ငါဖြစ်၏၊ ဤအရာသည် ငါ၏ကိုယ်'အတ္တ'တည်းဟု ရှုခြင်းငှာ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။ပ။ ---ပ--- သဘောတရားတို့သည် မြဲကုန်သလော၊ မမြဲကုန်သလော။ မမြဲပါကုန် အသျှင်ဘုရား။ပ။ **မနောဝိညာဏ်**သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ မနောသမ္ဖဿသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု 'ဝေဒနာ' မှတ်သားမှု 'သညာ' ပြုပြင်မှု 'သင်္ခါရ' သိမှု **'ဝိညာဏ်'**သည်လည်း မြဲသလော၊ မမြဲသလော။ မမြဲပါ အသျှင်ဘုရား။ မမြဲသော အရာသည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အသျှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော အရာကို

http://www.dhammadownload.com

ဤအရာသည် ငါ့ဥစ္စာဖြစ်၏၊ ဤအရာသည် ငါဖြစ်၏၊ ဤအရာသည် ငါ၏ကိုယ်'အတ္တ'တည်းဟု ရှုခြင်းငှာ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အသျှင်ဘုရား။[၃]

ဒိဋ္ဌစင်ကြယ်စွာပြုတ်ရန်အတွက် စင်ကြယ်စွာသိရမည့် အရှုခံပရမတ် ရုပ်နာမ်များကို ဖော်ပြထားသော အထက်ပါ ရာဟုလောဝါဒသုတ္တန်ဒေသနာတော်လာ အောက်ပါအချက်(၃)ချက်ကို တရားရှုသောယောဂီတို့ သိရှိထားရန် အထူးလိုအပ်သည်။

(၁) အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုရမည့် ပရမတ်ရုပ်နာမ်များကို ဖော်ပြထားသည်။
(၂) ပဋ္ဌဝိညာဏ်သည် နောက်ထပ်မနောဝိညာဏ်ဖြစ်စေသည်။

ဤအချက်ကို တရားကျင့်သောယောဂီတို့ အထူးသိရမည်ဖြစ်သည်။ စက္ခုအကြည်နှင့် အဆင်းရုပါရုံ တွေ့ဆုံမှုကြောင့် စက္ခုအကြည်ရှိ ရုပါရုံကို အာရုံပြုသော ဟိတ်ခြောက်ပါးမရှိသည့် မြင်သိရုံသက်သက်မျှသာ ရှိသော စက္ခုဝိညာဏ်သည် စက္ခုအကြည်ကို မှီ၍ ဖြစ်ပေါ်၏။ **ထိုစက္ခုဝိညာဏ်**၊ ရုပါရုံနှင့် စက္ခုအကြည် ဟူသော သုံးမျိုးသော သခ်ါရအကြောင်းတရားတို့၏ ပြုပြင်မှုကြောင့် နောက်ထပ်ဖြစ်သော အကျိုးတရား စက္ခုသမ္ပဋိစ္ဆနစိတ် ဖြစ်ပေါ်လာသည်။ ထိုပြုပြင်တတ်သောစက္ခုသမ္ပဋိစ္ဆနကြောင့် အကျိုးတရားအသစ်ဖြစ်သော သညာက္ခန္ဓာ,သခ်ါရက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, **ဝိညာဏက္ခန္ဓာ** စသော နာမ်ခန္ဓာအစု နောက်ထပ် ဖြစ်ပေါ်လာသည်။ ယင်းသည် **အဟိတ်မနောဝိညာဏ်*** ဖြစ်သည်။

(၃) မနောဝိညာဏ်သည် နောက်ထပ်မနောဝိညာဏ်ကို ဖြစ်စေသည်။

ရှေ့ဖြစ်(အဟိတ်)**မနောဝိညာဏ်**ကြောင့် နောက်ဖြစ်(သဟိတ်)**မနောဝိညာဏ်**ဖြစ်သည်။† ထိုဝိညာဏ်တို့ကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်နိုင်ရမည်ဖြစ်သည်။ **ထိုဝိညာဏ်**တို့၏ဖြစ်ကြောင်းကိုလည်းကောင်း၊ ဖြစ်မူပျက်မှုကို လည်းကောင်း၊ ဆက်စပ်ပုံကိုလည်းကောင်း၊ ချုပ်ပုံကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်ကြောင်းကိုလည်းကောင်း၊ ပိုင်းခြားသိမြင်နိုင်မှသာလျှင် မိမိ၏ ဝိပဿနာဉာဏ် မှန်မည်ဟု မှတ်ယူရမည်။ ထိုရုပ်နာမ်အစဉ်အဆက်သဘောကို ဤကျမ်းစာအုပ်၌ သဘောပေါ်အောင် ပုံစံနှင့်တကွ ရှင်းလင်းတင်ပြသွားမည်ဖြစ်သည်။

စစ်မှန်သောဝိပဿနာဉာဏ်

ထို(သမထ, ဝိပဿနာတို့)တွင် (အနိစ္စ အစရှိသော) အထူးထူးသော အခြင်းအရာအားဖြင့် ရှုမြင်မှု'ဝိပဿနာ'ဟူသည် အဘယ်နည်း။ အကြင် **(ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲခြားခြား)အပြားအားဖြင့် သိခြင်း**။ပ။ **(အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု)**၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်း သဘော၊ ကောင်းစွာသိမြင်မှု(အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို

---

[၃] သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ လောကကာမဂုဏဝဂ်၊ ရာဟုလောဝါဒသုတ်–၁၂၁ နှာ–၃၁၇

* ယင်းအဟိတ်မနောဝိညာဏ် ဖြစ်ရခြင်းမှာ စက္ခုသမ္ပဋိစ္ဆ သယ်ဆောင်လာသော ရူပဓမ္မာရုံနှင့် မနတို့တွေ့ဆုံခြင်းကြောင့် ဖြစ်သည်။

† ရှေ့ဖြစ်အဟိတ်မနောဝိညာဏ်နှင့်ယှဉ်ဖက် မနောသမ္ပဋိစ္ဆသည် ဓမ္မာရုံကို မနဖြင့် ဆက်စပ်စေခြင်းကြောင့် အာရုံ၏အရသာကို ပိုင်းပိုင်းခြားခြား ဆုံးဖြတ်လျက်သိသော သဟိတ်မနောဝိညာဏ် နောက်ထပ်ဖြစ်လာသည်။

http://www.dhammadownload.com

(အနိစ္စ အစ ရှိသော) အထူးထူးသော အခြင်းအရာအားဖြင့် ရှုမြင်မှု 'ဝိပဿနာ'ဟု ဆိုအပ်၏ (ပညာ)။[၄]

ပရမတ်ရုပ်နာမ်တို့ကို မြင်သည်ဆိုသည်မှာ ဟောသိ၊ နာသိ၊ ကြုံစည်သိ၊ မှန်းဆသိမျိုး မဟုတ်ပဲ ခွဲခွဲခြားခြား မတွေ့မဝေ သိရခြင်းမျိုးဖြစ်ကြောင်း အထက်ပါ ဒေသနာတော်၌ မြတ်စွာဘုရားရှင် ထင်ရှားစွာ ဟောကြားထားသည်။ (၃၆)မျိုးသော ဆဆက္ကရုပ်နာမ်တို့ကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်ပြသော် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာတို့ပင် ဖြစ်သည်။ ထိုရုပ်နာမ်အစဉ်ကို သညာဖြင့် မှတ်သိပြီးလျှင် ယထာဘူတဉာဏ်(ဝိပဿနာဉာဏ်)ဖြင့် ကိုယ်တိုင် ပိုင်းခြားမြင်နိုင်အောင် အားထုတ်မှ သာလျှင် အကျိုးပြီးစီးမည်။

(၃၆)မျိုးသော ဆဆက္ကရုပ်နာမ်တို့ကို သက္ကာယဟု ခေါ်သည်။ ထိုရုပ်နာမ်တို့ကို ငါပဲ၊ ငါ့ဥစ္စာပဲဟု အမြင်မှားခြင်းကို သက္ကာယဒိဋ္ဌိဟု ခေါ်သည်။ ဒိဋ္ဌိသည် သဟိတ်မနောဝိညာဏ်၌ ကပ်ခြင်းဖြစ်သည်။ အပါယ်သံသရာသို့ လားစေတတ်သော ဒိဋ္ဌိပြုတ်လိုလျှင် ထိုသက္ကာယကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာဉာဏ် ပိုင်းခြားမြင်အောင် ရှုရမည်ဖြစ်သည်။ ထိုသက္ကာယတည်းဟူသော ဆဆက္ကရုပ်နာမ်မှတပါး အခြားရုပ်နာမ်မရှိပါ။

ဆင်းရဲကုန်ခြင်းငှာထိုက်သောယောဂီ၏ဂုဏ်အင်္ဂါရုပ်များ

ဝိပဿနာအရှုခံရုပ်နာမ်တို့သည် မှန်းဆသိ၊ ကြုံစည်သိ၊ တွေးတောသိမျိုးဖြင့် သိအပ်သော တရားများမဟုတ်ပဲ အထူးသိအပ်၊ ပိုင်းခြားအပ်၊ ခွာအပ်၊ ပယ်အပ်သောတရားများ ဖြစ်သည် ကိုလည်း အောက်ပါအတိုင်း မြတ်စွာဘုရားရှင် ဟောကြားထားသည်။

> ရဟန်းတို့ မျက်စိကို၊ အဆင်းတို့ကို စက္ခုဝိညာဏ်ကို၊ စက္ခုသမ္ဖဿကို၊ စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ် လာသည့် ခံစားမှု သုခ၊ ဒုက္ခ၊ ဥပေက္ခာကို သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ စသည်တို့၌လည်းကောင်း၊ သဘောတရားတို့ကို (ဓမ္မာရုံကို) မနောဝိညာဏ်ကို။ ပ။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ၊ ဒုက္ခ၊ ဥပေက္ခာကိုလည်း၊ **အထူးသိလျှင်၊ ပိုင်းခြား၍သိလျှင်၊ ခွာနိုင်လျှင်၊ ပယ်နိုင်လျှင်**၊ ဆင်းရဲကုန်ခြင်းငှာ ထိုက်၏။[၅]

အရိယာသာဝက အစစ်နှင့်အတု ခွဲခြားပုံ

"အကြားအမြင် မရှိသော ပုထုဇဉ်"နှင့် "အကြားအမြင်ရှိသော အရိယာသာဝက" ကွာခြား၏။ အရိယာသာဝက (ဝါ) အရိယာတပည့်သည် အရှုခံရုပ်နာမ်တို့ကို မှန်းဆသိ, နာကြားသိ, စာဖတ်သိမျိုး မဟုတ်ပဲ ပိုင်းပိုင်းခြားခြား သိရမည်။ မိမိကိုယ်ကို အရိယာသာဝက (သောတာပန်) ဖြစ်မဖြစ်၊ တရားတွေ့ပြီ တရားမြင်ပြီဆိုသည်မှာ မှန်မမှန် သိလိုပါက အောက်ပါ ဘုရားရှင် ဟောထားသော ဒေသနာနှင့် ကိုက်ညီကြည့်ပါ။

> ရဟန်းတို့ အကြားအမြင်မရှိသော ပုထုဇဉ်သည် **ရူပ၏ ဖြစ်ခြင်းကိုလည်း ချုပ်ခြင်းကိုလည်း သာယာဖွယ်ကိုလည်း အပြစ်ကိုလည်း လွတ်မြောက်မှုကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊** ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ ဖြစ်ခြင်းကိုလည်း ချုပ်ခြင်းကိုလည်း သာယာဖွယ်ကိုလည်း အပြစ်ကိုလည်း လွတ်မြောက်မှုကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည် **ရူပ၏ ဖြစ်ခြင်းကိုလည်း ချုပ်ခြင်းကိုလည်း**

---

[၄] ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန်၊ နိက္ခေပကဏ္ဍ သုတ္တန္တိကဒုကနိက္ခေပ၊ သမထဒုက်-၁၃၆၃(၁) နှာ-၄၉၉

[၅] သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ သဠာယတနသံယုတ်၊ သဗ္ဗဝဂ်၊ ပဌမ အပရိဇာနနသုတ်-၂၆ နှာ-၂၄၀

http://www.dhammadownload.com

သာယာဖွယ်ကိုငင်း အပြစ်ကိုငင်း လွတ်မြောက်မှုကိုငင်း ဟုတ်တိုင်းမှန်စွာ သိ၏။ ဝေဒနာ၏။ သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏ ဖြစ်ခြင်းကိုငင်း ချုပ်ခြင်းကိုငင်း သာယာဖွယ်ကိုငင်း အပြစ်ကိုငင်း လွတ်မြောက်မှုကိုငင်း ဟုတ်တိုင်းမှန်စွာ သိ၏ဟု (မိန့်တော်မူ၏)။[6]

အထက်ပါဒေသနာတော်၌ ပုထုဇဉ်လူသားတို့ သိနိုင်ခဲသည့် ဝေဒနာ(ခံစားတတ်သည့် နာမ်တရား)ကို ပိုင်းခြားမြင်မှု၊ သညာ(မှတ်သားတတ်သည့်နာမ်တရား)ကို ပိုင်းခြားမြင်မှု၊ သင်္ခါရ (ပြုပြင်တတ်သည့်နာမ်တရား)ကို ပိုင်းခြားမြင်မှု၊ ဝိညာဏ်(သိတတ်သည့်နာမ်တရား)ကို ပိုင်းခြားမြင်မှုများ ပါနေသည်ကို သတိပြုပါ။ **စိတ်၏ ဖြစ်ပျက်မြင်သည်ဆိုသည်မှာ ထိုနာမ်တရားများတစ်ခုချင်း၏ဖြစ်ခြင်း၊ ပျက်ခြင်းကိုမြင်မှ ဝိပဿနာဉာဏ်ဖြင့် ဖြစ်ပျက်မြင်ခြင်းအမှန်ဖြစ်သည်။**

> မျက်စိကို အဖျတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ နားကို အဖျတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ နှာခေါင်းကို အဖျတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ လျှာကို အဖျတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ ကိုယ်ကို အဖျတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ စိတ်ကို အဖျတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏။
>
> မျက်စိကို အဖျတ္တသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။
>
> မျက်စိသည် အဝိဇ္ဇာကြောင့် ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် တဏှာကြောင့် ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် ကံကြောင့် ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် အာဟာရကြောင့် ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် မဟာဘုတ်ဓာတ်လေးပါးတို့ကို စွဲ၍ ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် ဖြစ်ဆဲဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည်ကောင်းစွာ ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် မဖြစ်မူ၍ ဖြစ်၏၊ ဖြစ်ပြီး၍ နောင်မဖြစ်လတ္တံ့ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိကို အဆုံးအပိုင်းအခြား ရှိသောအားဖြင့် ပိုင်းခြားမှတ်သား၏၊ မျက်စိသည် မမြဲ၊ မြဲသောသဘောမရှိ၊ ဖောက်ပြန်သော သဘောရှိ၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် နိစ္စသဘောမရှိ၊ ပြုပြင်အပ်သော သဘောရှိ၏ဟု ပိုင်းခြားမှတ်သားအပ်၏၊ မျက်စိသည် နိစ္စသဘောမရှိ၊ ပြုပြင်အပ်သော သဘောရှိ၏၊ အကြောင်းကိုစွဲ၍ ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ကင်းခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏ ဟု ပိုင်းခြားမှတ်သားအပ်၏။[7]

ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားမြင်အပ်သည့်တရား ဆိုသည်မှာ ခန္ဓာအစုအဝေး၏ အပြင်ဖက်၌ မရှိပဲ ခန္ဓာအတွင်း၌သာ ရှိသည်။ ထိုအတွင်းခန္ဓာအစုဖြစ်သော ရုပ်နာမ်တို့ကို ပိုင်းပိုင်းခြားခြားမြင်ရမည်ဖြစ်သည်ကို မြတ်စွာဘုရားရှင် အထက်ပါအတိုင်း ဟောကြားထားသည်။

> နာဂိတ တွေ့ထိမှု 'ဖဿ' ဖြစ်ပေါ်ကြောင်း 'အာယတန' ခြောက်ပါးတို့၌ အနိစ္စဟု အဖန်ဖန် ရှုလေ့ ရှိသည်ဖြစ်၍ နေသောသူအား တွေ့ထိမှု 'ဖဿ'၌ စက်ဆုပ်ရွံရှာခြင်းသည် ကောင်းစွာ တည်၏၊ ဤအဖြစ်သည် ထို (**အဖန်ဖန် ရှုလျက်နေခြင်း**) ၏ အကျိုးဆက်ပေတည်း။
>
> နာဂိတ (ပြင်းစွာစွဲလမ်းမှု) **ဥပါဒါန်တရား၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့၌ ဖြစ်ခြင်းပျက်ခြင်းကို** အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေသောသူအား ပြင်းစွာစွဲလမ်းမှု

---

[6] ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ ခန္ဓသံယုတ်၊ ခဇ္ဇနီယဝဂ်၊ သမုဒယသုတ်-၇၄ နှာ-၆၅

[7] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်၊ မဟာဝဂ်၊ ဉာဏကထာ၊ ဝတ္ထုနာနတ္တဉာဏ် အကျယ်ပြခြင်း-၆၆၊ နှာ-၉၇

http://www.dhammadownload.com

'ဥပါဒါန်'၌ စက်ဆုပ်ရွံရှာခြင်းသည် ကောင်းစွာ တည်၏၊ ဤအဖြစ်သည် ထို (အဖန်ဖန် ရှုလျက်နေခြင်း)၏ အကျိုးဆက်ပေတည်းဟု (မိန့်တော်မူ၏)။[၈]

အထက်ပါဒေသနာတော်တွင် **"အာယတနခြောက်ပါးတို့၌ အနိစ္စဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေသောသူအား"** ဟု ပါရှိသည်ကို သတိပြုပါ။ ရှုသည်ဆိုသည်မှာ ပိုင်းခြားမြင်၍သာ ရှုနိုင်ခြင်း ဖြစ်သည်။ ထိုကဲ့သို့ ပိုင်းခြားရှုမြင်မှသာလျှင် သက္ကာယဒိဋ္ဌိ၊ ယုံမှားမှု (ဝိစိကိစ္ဆာ)နှင့် အကျင့်၌ မှားယွင်းစွာ သုံးသပ်မှု (သီလဗ္ဗတပရာမာသ) ဟူသော အပါယ်သံသရာသို့ လားစေတတ်သော သံယောဇဉ်သုံးပါးတို့ ချုပ်မည်ဖြစ်သည်။

ရဟန်းတို့ မျက်စိကို မျက်မှောက်ပြုအပ်၏၊ အဆင်းတို့ကို မျက်မှောက်ပြုအပ်ကုန်၏၊ မျက်စိအသိစိတ် 'စက္ခုဝိညာဏ်'ကို မျက်မှောက်ပြုအပ်၏၊ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ကို မျက်မှောက်ပြုအပ်၏၊ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ကြောင့် ဖြစ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကို မျက်မှောက်ပြုအပ်၏။[၉]

အထက်ပါဒေသနာတော်အရ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်ရမည့် ရုပ်နာမ်တို့သည် တရားကျင့်သော ယောဂီခန္ဓာအပြင်ဖက်မှာမရှိ။ ဒွါရတို့၌သာ အရှုခံတရားများရှိသည်။ တရားကျင့်သော ယောဂီတို့၏ အရှုဉာဏ်ဖြင့် မျက်မှောက်ပြုရမည့် တရားများမှာ အမျိုးမျိုးအဖုံဖုံ မရှိကြောင်းကို မြတ်စွာဘုရားရှင်သည် များစွာဟောထားသည်။ မသေမချာ မဖြစ်စေရန် အထက်ပါအတိုင်း မျက်မှောက်ပြုအပ်၏ဟု ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။

"ဤတရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏"ဟု နာကြားအပ်သော တရားသဘော (ဖြစ်သော) ပညာသည် အဘယ်သို့လျှင် (သုတမယ)ဉာဏ် မည်သနည်း။
အာသဝေါတရားနှင့်တကွဖြစ်သော ဥပါဒါန်၏အာရုံဖြစ်သော **ဖဿဟူသော** တပါးသော တရားကို **ပိုင်းခြား၍ သိအပ်၏။**
နာမ်ရုပ်ဟူသောတရားနှစ်ပါးတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏။
ဝေဒနာသုံးပါးတရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏။
အာဟာရလေးပါးတရားတို့ကို **ပိုင်းခြား၍ သိအပ်ကုန်၏။**
ဥပါဒါန်တို့၏အာရုံဖြစ်သော **ခန္ဓာငါးပါး**တရားတို့ကို **ပိုင်းခြား၍ သိအပ်ကုန်၏။**
အဖွဲ့တွဿန္တာန်၌ဖြစ်သော **အာယတနခြောက်ပါး**တရားတို့ကို **ပိုင်းခြား၍ သိအပ်ကုန်၏။**
ဝိညာဉ်တည်ရာခုနှစ်ပါး တရားတို့ကို **ပိုင်းခြား၍ သိအပ်ကုန်၏။**
လောကဓံရှစ်ပါးတရားတို့ကို **ပိုင်းခြား၍ သိအပ်ကုန်၏။**
သတ္တဝါတို့နေထိုင်ရာကိုးပါး တရားတို့ကို **ပိုင်းခြား၍ သိအပ်ကုန်၏။**
တည်ရာ'အာယတန'ဆယ်ပါး တရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏။[၁၀]

အထက်ပါဒေသနာတော်အရ အရိယာမဂ်တိုင်အောင် ရှေးရှု၍တရားအားထုတ်ကြသော ယောဂီတို့သည် သောတာပန်ပုဂ္ဂိုလ်တို့၏ ဒဿနကိစ္စဖြစ်သော အထက်ပါ ပိုင်းခြားသိအပ်သည့် တရားများကို မိမိ၏အရှုဉာဏ်၌ ပိုင်းပိုင်းခြားခြား မြင်ရမည်ဖြစ်သည်။

---

[၈] အင်္ဂုတ္တိရ်ပါဠိတော် မြန်မာပြန် ဒုတိယတွဲ၊ ပဌမပဏ္ဏာသက၊ ပဉ္စင်္ဂိကဝဂ်၊ နာဂိတသုတ်–၃၀ နှာ–၃၂
[၉] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်၊ မဟာဝဂ်၊ ဉာဏကထာ၊ သုတမယဉာဏ် အကျယ်ပြခြင်း–၂၉ နှာ–၄၆
[၁၀] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်၊ မဟာဝဂ်၊ ဉာဏကထာ၊ သုတမယဉာဏ် အကျယ်ပြခြင်း–၂၀ နှာ–၃၁

http://www.dhammadownload.com

မျက်စိအသိစိတ် **'စက္ခုဝိညာဏ်'ကို ထူးခြားစွာသိအပ်၏** ---ပ--- စိတ်အသိ **'မနောဝိညာဏ်'ကို ထူးခြားစွာသိအပ်၏။**

မျက်စိအတွေ့ **'စက္ခုသမ္ဖဿ'ကို ထူးခြားစွာသိအပ်၏** ---ပ--- စိတ်အတွေ့ 'မနောသမ္ဖဿ'ကို ထူးခြားစွာသိအပ်၏။

မျက်စိအတွေ့ကြောင့်ဖြစ်သော **ခံစားမှုဝေဒနာကို ထူးခြားစွာသိအပ်၏** ---ပ--- စိတ်အတွေ့ကြောင့်ဖြစ်သော **ခံစားမှုဝေဒနာကို ထူးခြားစွာသိအပ်၏။**[၁၁]

အထက်ပါဒေသနာတော်တွင် "စက္ခုဝိညာဏ်ကို ထူးခြားစွာသိအပ်၏၊ မနောဝိညာဏ်ကို ထူးခြားစွာ သိအပ်၏"ဟု ပါရှိသည်ကို သတိပြုရမည်။ သန်းဦးခေါင်းပမာဏမျှရှိ စက္ခုပသာဒ၌ မှီ၍ဖြစ်သော စက္ခုဝိညာဏ်ကိုလည်းကောင်း၊ ဟဒယအိမ်အတွင်း တလက်စွန်းမျှသော သွေးအကြည်ကို မှီ၍တည်သော ဘဝင်သို့ကျရောက်လာသည့် ဓမ္မာရုံနှင့် ပေါင်းဆုံမိခြင်းကြောင့် ဖြစ်ပေါ်လာသော မနောဝိညာဏ်ကိုလည်းကောင်း အရှည်ဏ် သဟိတ်မနောဝိညာဏ်ဖြင့် ထူးခြားစွာ သိမြင်ရမည်ဟု တိုက်ရိုက် ဟောကြားထားသည်။ ပုဂ္ဂိုလ်အားဖြင့်လည်းကောင်း၊ မူအားဖြင့်လည်းကောင်း ကွဲပြားခြင်း မပါပဲ မဂ်ဖိုလ်ရောက်ရှိပြီးသူတိုင်း မဖြစ်မနေ မြင်ရမည်ဟု ဆိုလိုပါသည်။ ထို့ကြောင့် ထူးခြားစွာသိမှုဟူသည့် ဝိပဿနာဉာဏ်ဆိုသည်မှာ ဆင်ခြင်တွေးတောကြံစည်မှန်းဆ နာယူမှတ်သားသိမှုမျိုး မဟုတ်ပဲ စိတ်၌ ဖုံးအုပ်ထားသော ကိလေသာနှင့် ပညတ်မရှိသော စင်ကြယ်သည့် အရှည်ဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိသော အသိကိုသာလျှင် ဆိုလိုခြင်းဖြစ်သည်။

သစ္စာလေးပါးမြင်ရန် ခက်ခဲပုံ

သစ္စာလေးပါးတရားတော်သည် အလွန်တရာ နက်နဲ၍ အလွန်မှ သိရန် ခက်ခဲသော တရားတော် ဖြစ်သည်။ အရိယာတို့သာလျှင် သိအပ်သောအရာပင် ဖြစ်ပေသည်။ ဒုက္ခသစ္စာဟူသည် ဆဆက္ကသုတ္တန်၌ ဖော်ပြထားသော (၃၆)မျိုးသော ရုပ်နာမ်တို့ပင် ဖြစ်သည်။ ထိုရုပ်နာမ်တို့ကို မြင်တတ်သောသဘောသည် ဉာဏ်နှင့်ယှဉ်သော သဟိတ်မနောဝိညာဏ် ဖြစ်သည်။ သားမြီးဖျားအချင်းချင်း ဖောက်ထွင်းနိုင်ခြင်းထက် ထို(၃၆)မျိုးသော ရုပ်နာမ်တို့ကို မြင်ဖို့ရန် ပို၍ပင် ခက်ခဲနက်နဲသည်ဟု မြတ်စွာဘုရား ဤကဲ့သို့ ဟောထားသည်။

> အာနန္ဒာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။ အကြင်သူသည် ဝေးသော အရပ်မှပင် မျှားကို သေးငယ်သော သံကောက်ပေါက်ဖြင့် အဆင့်ဆင့် မလွဲမချော်ဝင်၍ ကျစေနိုင်ရာ၏။ အကြင်သူသည်ကား၊ ခုနှစ်စိတ်ခွဲစိတ်ထားသော သားမြီးဖျားအချင်းချင်း (အဖျားဖြင့်အဖျားကို) ထိုးဖောက်နိုင်ရာ၏။ (ဤနှစ်မျိုးတွင်) အဘယ်ကပို၍ ခဲယဉ်းသနည်း ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရား အကြင်သူသည် ခုနှစ်စိတ်ခွဲစိတ်ထားသော သားမြီးဖျား အချင်းချင်း (အဖျားဖြင့်အဖျားကို)ထိုးဖောက်နိုင်ရာ၏။ ဤအရာကသာလျှင် ပို၍ခဲယဉ်းပါ၏ ဟု (လျှောက်၏)။ အာနန္ဒာ စင်စစ်အားဖြင့် "ဤကားဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ။ ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူတို့သည် ပို၍ထိုးထွင်းသိနိုင်ခဲသော အရာကို ထိုးထွင်းသိကုန်၏။[၁၂]

ဤမျှခက်ခဲနက်နဲသော သစ္စာလေးပါးတရားတော်ကို ယခုအခါ လွယ်လွယ်နှင့်ကျင့်ရုံ၊ နာရုံနှင့် သိမြင်နိုင်သကဲ့သို့ ပေါ့ပေါ့တန်တန် သဘောထားနေကြပြီဖြစ်သည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ

---

[၁၁] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်၊ မဟာဝဂ်၊ ဉာဏကထာ၊ သုတမယဉာဏ် အကျယ်ပြခြင်း-၃ နှာ-၈

[၁၂] မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ သစ္စသံယုတ်၊ ပပါတဝဂ်၊ ဝါလသုတ်-၁၁၁၅ နှာ-၄၀၁

http://www.dhammadownload.com

ကိုယ်ကိုယ်တိုင်ပေါက်မြောက်အောင်မကျင့်ပဲ မြတ်စွာဘုရားရှင်ဟောထားသောတရားတော်များကို ဤတရားသည် ဤကဲ့သို့ ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ဤဒေသနာတော်သည် ဤသဘော ဆောင်လိမ့်မည်ဟူ၍ လည်းကောင်း မိမိအထင်ဖြင့်မှန်းဆမြင်သည်ကို တကယ်သိမြင်နေသည့် သဘောဖြင့် ရေးသား ဟောပြောမှု များကြောင့် နာကြားသူများကလည်း ထိုနာသိ၊ ဖတ်သိများကို မိမိကိုယ်တိုင် တကယ်သိမြင်ဘိသကဲ့သို့ ယုံကြည်ကာ လွယ်လွယ်နှင့်သိနိုင်သော တရားအသွင်သို့ ဆောင်သွားသည်။ ထို့ကြောင့် တရားကျင့်သော ယောဂီတို့လည်း နာကြားသိ၊ မှတ်သားသိနှင့်ပင် လမ်းဆုံးနေကြသည်။ စစ်မှန်သည့်သာသနာတော်၏ တန်ဖိုးကျဆင်းလာခြင်းဖြစ်သည်။ တရားစစ် တရားမှန်ဆိုသည်မှာ ယခုခေတ်နေယျပုဂ္ဂိုလ်တို့အတွက် ဆရာကောင်း ဆရာမှန်နှင့် တွေ့သော်မှ အလွန်ခက်ခဲပင်ပန်းစွာ ကြိုးစားအားထုတ်နိုင်မှ ပေါက်မြောက်နိုင်သော တရားများ ဖြစ်သည်။

'ဣဒံ ခေါ ပန၊ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ'[၁၃]- ဤဒုက္ခသစ္စာသည် အရိယာတို့သာလျှင် မြင်အပ်သော အမှန်တရားဖြစ်သည်ဟု မြတ်စွာဘုရားရှင် ဟောကြားထားသည်။ သင်ကြားမှုဖြင့် သိသော သစ္စာလေးပါး တရားတော်သည် နာယူမှတ်သားသော အသိသာ ရှိသေးသည်။ အရိယာသစ္စာလေးပါးကို ထိုးထွင်း၍ သိမြင်နိုင်ရန် စင်ကြယ်သောစိတ်(စိတ္တဝိသုဒ္ဓိ) ရှိရမည်ကို သတိပြုပါ။ ဤကျမ်းစာအုပ်၌ စိတ်စင်ကြယ်မှု(စိတ္တဝိသုဒ္ဓိ) ရရှိရန် ကျင့်စဉ်အဆင့်ဆင့်ကို ဖော်ပြထားသည်။

ဤ၌ တရားကျင့်သော ယောဂီတို့အတွက် မြတ်စွာဘုရားရှင် ဟောကြားထားသော ဆဆက္ကဒေသနာတော်အကျဉ်းကို လိုရင်းမျှ နိဒါန်းအနေဖြင့် ဖော်ပြခြင်းဖြစ်သည်။ စစ်မှန်သော ဝိပဿနာဉာဏ်၏အရှုခံများဖြစ်သော(၃၆)မျိုးသောဆဆက္ကပရမတ်ရုပ်နာမ်တို့သည် ယောဂီတိုင်း၌ အတူတူ ရှိကြသည်။ ထို့ကြောင့် သူ့တရား ငါ့တရားဟူ၍လည်းကောင်း၊ သူတရားမြင်မှုနှင့် ငါတရားမြင်မှု မတူဘူးဟူ၍လည်းကောင်း မရှိသင့်ကြပေ။ မည်သည့်နည်းဖြင့် ကျင့်သည်ဖြစ်စေ ရှုမြင်ရသည်မှာ အတူတူပင် ဖြစ်သည်။ အကျင့်ကြမ်းသည်နုသည်မှာ ပဓာနမဟုတ်။ ပိုင်းခြားမြင်မှု အပေါ်၌သာ မူတည်၍ ဆုံးဖြတ်ရမည်။ တရားပြဆရာတို့သည်လည်း (၃၆)မျိုးသော ဆဆက္က ရုပ်နာမ်မှတပါး အခြားရုပ်နာမ်မြင်ရန် ပြစရာမရှိသဖြင့် ဆရာတို့၏ ရည်ရွယ်ချက်လည်း တူညီရမည်ဖြစ်သည်။

---

[၁၃] မဟာဝဂ္ဂသံယုတ်ပါဠိ၊ သစ္စသံယုတ်၊ ဓမ္မစက္ကပ္ပဝတ္တနဝဂ်၊ ဓမ္မစက္ကပ္ပဝတ္တနသုတ်–၁၀၈၁

http://www.dhammadownload.com

http://www.dhammadownload.com



အခန်း(၁)

အရှုခံရုပ်နာမ်များ၏သဘောသဘာဝ

ဘုရားရှင် သိမြင်စေလိုသော အရှုခံပရမတ်ရုပ်နာမ်တို့၏ သဘာဝနှင့် ဆက်စပ်ပုံတို့ကို တရားကျင့်သောယောဂီတို့ သိမြင်လွယ်ရန် ပုံစံနှင့်တကွ ရှင်းလင်းတင်ပြသွားပါမည်။

၁၊၁။ အပြင်အတိုက်ဓာတ်ခြောက်ပါးနှင့် ခန္ဓာဖြစ်စဉ် (အပိုင်း-က)

သက်ရှိသတ္တဝါဖြစ်စေ၊ သက်မဲ့အရာဝတ္ထုဖြစ်စေ ယေဘုယျအားဖြင့် အဆင်း, အသံ, အနံ့, အရသာ, အတွေ့နှင့် ဓမ္မာရုံဟူသော အပြင်အတိုက်ဓာတ်ခြောက်ပါး (အာရုံခြောက်ပါး) အပြည့်အစုံ ရှိကြပါသည်။ တရားအားထုတ်မည့် ယောဂီသည် အာရုံခြောက်ပါး ဖြစ်ပေါ်လာပုံ အရှိသဘောတရားကိုသိလိုလျှင် ရုပ်တရားတို့၏နိယာမကို ရှေးဦးစွာ သုတမယပညာ(နာကြားသိ)၊ စိန္တာမယပညာ(ကြံဆသိ)တို့ဖြင့် နားလည်ထားသင့်ပါသည်။ သို့မှသာလျှင် ဝိပဿနာပညာ ဘာဝနာဖြင့် ရှုမှတ်ပွားများရာတွင် ခက်ခဲပင်ပန်းမှုမရှိ လွယ်ကူမည်ဖြစ်ပါသည်။ သတ္တဝါတို့သည် ထိုအာရုံခြောက်ပါး၏ သဘောအမှန်ကို မသိသဖြင့် ထိုအာရုံခြောက်ပါးတို့ အပေါ်၌ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါစသည်ဖြင့် အရှိထင်စွဲယူကြ၍ တဏှာ, မာန, ဒိဋ္ဌိတို့ ဖြစ်ကြကာ (၁၁)ပါးမီး တောက်လောင်ကြရသည်။ ထို့ကြောင့် (၁၁)ပါးမီးချုပ်ရန်အတွက် မိမိ၏ရူပကာယနှင့် ဗဟိဒ္ဓအာရုံတို့၏ သဘောသဘာဝတို့ကို လက္ခဏာရေးသုံးပါးဖြင့် ပိုင်းခြားမြင်အောင် ရှုမြင်ရမည်ဖြစ်၍ ယင်းတို့ကို အစဉ်အလိုက်သိရန် ကြိုတင်လေ့လာမှတ်သားထားပြီးမှ ပိုင်းခြားမြင်နိုင်မည့် သမာဓိ ရရှိရန် သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ကျင့်စဉ် တက်ရမည်ဖြစ်သည်။

ဒွါရနှင့်ပသာဒရှိသော မည်သည့် ပုဂ္ဂိုလ် သတ္တဝါမဆို အတိုက်ဓာတ်ခြောက်ပါးမှ တစ်ပါးပါးနှင့် ထိတွေ့ဆက်ဆံနေရသည်။ သတ္တဝါတို့၏ခန္ဓာကိုယ်ကို အမြဲတမ်းတိုက်ခိုက်နေသော အပြင်အတိုက်ဓာတ်ခြောက်ပါးကို ဗာဟိရာယတနခြောက်ပါးဟု ခေါ်သည်။ သတ္တဝါတို့၏ စိတ်သည် ထိုအပြင်အတိုက်ဓာတ် တည်းဟူသော အာရုံခြောက်ပါးနှင့် ကင်းသည်ဟူ၍မရှိပေ။ ထိုအာရုံခြောက်ပါးတို့ နှင့် ဆက်ဆံ တွေ့ထိသောအခါ ယင်းတို့အပေါ်၌ လိုချင်တပ်မက်မှု လောဘ၊ မကျေမနပ်ဖြစ်မှု ဒေါသ၊ ထိုအာရုံတို့ကိုရရှိရန်ပြုလုပ်မှု သခ်ါရ၊ ထိုအာရုံတို့ကို စွဲလမ်းမှု ဥပါဒါန် စသည်တို့ စိတ်၌ ဖြစ်လာကြသည်။ ထို့ကြောင့် ထိုအတိုက်ဓာတ်ခြောက်ပါးတို့ကို

http://www.dhammadownload.com

စိတ်၏မှီရာ အပြင်အာရုံခြောက်ပါး၊ တနည်းအားဖြင့်ဆိုသော် သတ္တဝါတို့အား ကိလေသာနှင့် သံယောဇဉ်တို့ ဖြစ်စေကြောင်း တရားများဟု ခေါ်သည်။

ထိုသဘောအား ပေါ်လွင်စေရန် ကြက်တစ်ကောင်အား ဥပမာယူ၍ အာရုံခြောက်ပါး ခွဲပြရလျှင်-

ကြက်တစ်ကောင်တွင်--

၁။ မျက်စိဖြင့် မြင်နိုင်သော (ရုပ်ဝတ္ထု) အဆင်းအာရုံရှိသည်။
၂။ နားဖြင့် ကြားနိုင်သော (တွန်သံ, တောင်ပံခတ်သံ) အသံအာရုံရှိသည်။
၃။ နှာခေါင်းဖြင့် နံသိနိုင်သော (မွှေးခြင်း, နံခြင်း) အနံ့အာရုံရှိသည်။
၄။ လျှာဖြင့် စားသိနိုင်သော (ချိုခြင်း) အရသာအာရုံရှိသည်။
၅။ ကိုယ်ဖြင့် ထိတွေ့နိုင်သော(ပျော့ခြင်း၊ မာခြင်း) အတွေ့အာရုံရှိသည်။
၆။ ထိုကြက်၏ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အာရုံတို့ကို စိတ်၌ အတိတ်, အနာဂတ် အားဖြင့် ကြံစည်စဉ်းစားသည့်အခါ ထိုကြက်သည် သဘောအားဖြင့်သိရသော ဓမ္မာရုံဖြစ်သည်။

အထက်ပါ ဥပမာသဘောကို ထောက်ရှု၍ သစ်ပင်မျိုးစုံ၊ တိရိစ္ဆာန်မျိုးစုံ၊ လူမျိုးစုံ၊ ရေ, မြေ, နေ, လ စသည့် လောကကို အကျဉ်းချုပ်သုံးသပ်လိုက်လျှင် အာရုံခြောက်ပါးသာ ရှိကြသည်။ လောကဟူသည် အာရုံခြောက်ပါးပင်ဖြစ်သည်။ ထိုသဘောကို ဉာဏ်ဖြင့် သုံးသပ်ပါ။ ငါ, သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါမရှိ၊ သစ်ပင်, တော, တောင်, ရေ, မြေ, သမုဒ္ဒရာမရှိ၊ အာရုံခြောက်ပါးသာရှိ၏ ဟူသောသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ပါ။ ထိုအာရုံခြောက်ပါးတို့တွင် တစ်မျိုး တစ်မျိုးစီ၌ သာယာဖွယ်(ကြွင်း)ဂုဏ်၊ မသာယာဖွယ်(အနိဋ္ဌ)ဂုဏ် ဟူ၍ နှစ်မျိုးစီကွဲပြားကြသည်။

အာရုံခြောက်ပါးတို့တွင် တမျိုးမျိုးနှင့် ဆက်ဆံမိသည့်အခါ ယင်းတို့၏သာယာဖွယ်(ကြွင်း)ဂုဏ်၊ မသာယာဖွယ်(အနိဋ္ဌ)ဂုဏ် သဘောအမှန်ကို မမြင်က သတ္တဝါတို့၏စိတ်၌ တဏှာ, မာန, ဒိဋ္ဌိတို့ ကပ်ရောက်တိုးပွားလာပါသည်။ ထို့ကြောင့် အာရုံတို့၏ ကြွင်း, အနိဋ္ဌသဘော သည်လည်း အမှန်မမြင်သော သတ္တဝါတို့အား သံသရာ ခန္ဓာတိုးပွားကြောင်း အထောက်အပံ့ ဖြစ်သည်။ တရားကျင့်သောယောဂီတို့သည် သံသရာပြတ်ကြောင်းအကျင့်၌ အာရုံခြောက်ပါးနှင့် ယင်းတို့၏ ကြွင်းရသ, အနိဋ္ဌရသတို့ကို လက္ခဏာရေးသုံးပါး တင်ကာရှုရမည် ဖြစ်သည်။

မိမိ၏ရှုပကာယသည်လည်း အာရုံငါးပါးအစုအဝေးဖြစ်သည်။ မိမိ၏ရှုပကာယသဘောကို ရှုခြင်းဖြင့် ပြင်ပအာရုံငါးပါးကို ရှုပြီးဖြစ်သည်။ အာရုံငါးပါးတို့၏ အခြေခံအဖွဲ့အစည်းကို အောက်ပါအတိုင်း ရှုပါ။

၁၊၁၊၁။ ဓာတ်လေးပါးတို့၏ ပရမတ်သဘော

ပညတ်အားဖြင့်ခေါ်ဆိုအပ်သော ပထဝီဓာတ်သည် မာမှု, ပျော့မှုရုပ်၊ တေဇောဓာတ်သည် ပူမှု, အေးမှုရုပ်၊ ဝါယောဓာတ်သည် တွန်းမှု, ကန်မှုရုပ်၊ အာပေါဓာတ်သည် ယိုစီးမှု, ဖွဲ့စည်းမှုရုပ်။

ထိုဓာတ်လေးပါးတို့သည် သက်ရှိသတ္တဝါတို့၌ ကမ္မ, စိတ္တ, ဥတု, အာဟာရ ဟူသော အကြောင်းတို့နှင့် သက်မဲ့တို့တွင် ဥတု, အာဟာရ ဟူသော အကြောင်းတရားတို့ကြောင့် ဖြစ်လာသော သဘောပင် ဖြစ်ပါသည်။ အဆိုပါ အကျိုးတရား ဓာတ်လေးပါးသည် အထက်၌ ဖော်ပြခဲ့ပြီးသည့်အတိုင်း ကိုယ်ပိုင်လက္ခဏာအသီးသီးရှိကြသော်လည်း တစ်ခုနှင့်တစ်ခု သီးခြားစွာ ခွဲ၍ ဖြစ်ပေါ်ရိုးမရှိကြပေ။ ဖြစ်ပေါ်လာလျှင်သော် လည်းကောင်း၊ ပျက်စီးပျောက်ကွယ်သွားလျှင် သော်လည်းကောင်း အတူတကွ ဖြစ်ကြ ချုပ်ကြရပါသည်။ ထိုဓာတ်လေးပါးတို့သည် သဟဇာတ၊

http://www.dhammadownload.com

အညမည၊ နိဿယ၊ အတ္တိ၊ အဝိဂတ ငါးခုသောပစ္စယသတ္တိဖြင့် အချင်းချင်း ကျေးဇူးပြု ရပ်တည်နေကြောင်းကို **"ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ"** စသည်ဖြင့် ပဋ္ဌာန်းဒေသနာတော်၌ မြတ်စွာဘုရား ဟောထားခြင်း ဖြစ်ပါသည်။ သို့သော် စင်ကြယ်သော ဉာဏ်ဖြင့်ကြည့်လျှင် မဟာဘုတ်လေးပါးတို့၏ သဘောလက္ခဏာ အသီးသီးကို တစ်ခုနှင့်တစ်ခု ကွဲကွဲပြားပြား ရှုမြင်နိုင်ရမည် ဖြစ်ပါသည်။

အတူတကွ တပြိုင်တည်း ဖြစ်ကြ၊ ချုပ်ကြ၊ ပျက်ကြသော မဟာဘုတ်လေးပါးဟူသော သဘောသတ္တိလေးခု ပေါင်းစုလာသောအခါ ဒြပ်မှုန်တစ်ခု ဖြစ်ပေါ်လာပါသည်။ ဒြပ်မှုန်တစ်ခု ဖြစ်လာသည်နှင့် ဝဏ္ဏ = အဆင်း၊ ဂန္ဓ = အနံ့၊ ရသ = အရသာ (ဂုဏ်)၊ ဩဇာ = အဆီ၊ အစေးတို့သည် လည်း ထိုဒြပ်မှုန်တွင် တပြိုင်တည်း ထင်ရှားလာပါသည်။*

၁၊၁၊၂။ ကလာပအမှုန်မှ ကောင်္ဘာသ (၀ါ) ဒြပ်မှသဏ္ဌာန်

(၁) ပထဝီ၊ (၂) တေဇော၊ (၃) ဝါယော၊ (၄) အာပေါ၊ (၅) ဝဏ္ဏ၊ (၆) ဂန္ဓ၊ (၇) ရသ၊ (၈) ဩဇာ သဘောသတ္တိရှစ်မျိုးပေါင်းစုထားသောဒြပ်မှုန်တစ်ခုကို ပရမတ္ထကလာပ (မဖောက်ပြန်သော ဒြပ်မှုန်) တစ်ခုဟု ခေါ်ပါသည်။ အဆိုပါဒြပ်မှုန်တစ်ခု၏ ဖြစ်တည်ပျက်ပုံကို မည်ကဲ့သို့သော အထောက်အပံ့ကို ယူလျက် ကြည့်ရှုစေကာမူ ပကတိမျက်စိ (ရိုးရိုးမျက်စိ)ဖြင့် လုံးဝ မတွေ့မြင်နိုင်ပေ။ စင်ကြယ်သော ဝိပဿနာဉာဏ်ဖြင့်သာ တွေ့မြင်နိုင်ပါသည်။

ထိုသဘောသတ္တိရှစ်မျိုးပေါင်းစုမှု ပရမတ္ထကလာပ်မှုန်များ သိန်းပေါင်းများစွာ ပေါင်းစု မိကြသောအခါ ဒိဋ္ဌစက္ခု(နတ်တို့၏မျက်စိ)ဖြင့် မြင်တွေ့နိုင်လောက်သော ပရမာအဏုမြူဟု ခေါ်သော ဒြပ်မှုန်တစ်ခုအဖြစ်သို့ ရောက်ရှိလာပါသည်။ ထိုပရမာအဏုမြူပေါင်း (၃၆)ခု ပေါင်းဆုံမိလျှင် အဏုကြည့်မှန်ပြောင်း စသည်ဖြင့် တွေ့မြင်နိုင်လောက်သော ဒြပ်မှုန်အဆင့်သို့ ရောက်ရှိလာပါသည်။ ၎င်းကို အဏုမြူဟု ခေါ်ပါသည်။ ယင်းအဏုမြူပေါင်း (၃၆)ခုတို့ ပေါင်းစုမိကြလျှင် နေရောင်ခံ၍ကြည့်လျှင် မြင်နိုင်လောက်သော ဒြပ်မှုန်တစ်ခုအဖြစ်သို့ ရောက်ရှိ လာပါသည်။ ၎င်းကို တဇာရီမြူဟု ခေါ်ပါသည်။ အဆိုပါ တဇာရီမြူမှုန်ပေါင်း (၃၆)ခု ပေါင်းစုမိကြလျှင် မြင်းရထား မောင်းသွားသည့်အခါ ကောင်းကင်ယံ အရပ်လေးမျက်နှာသို့ ပျံ့နှံ့ သွားသော (ပကတိလူတို့မျက်စိဖြင့် မြင်နိုင်သော) ဒြပ်မှုန်ပမာဏအဆင့်သို့ ကြီးထွားလာပါသည်။ ၎င်းကို ရထရေဏုမြူဟု ခေါ်ပါသည်။ ထိုရထရေဏုမြူမှုန်ပေါင်း(၃၆)ခု ပေါင်းစုမိလျှင် လိက္ခာမြူ (ခေါ်) သန်းပျဉ်ခန့်မျှ ကြီးထွားလာပါသည်။[၁]

ထိုကဲ့သို့ သန်းပျဉ်ခန့်မျှမြူမှုန်ပေါင်း မရေမတွက်နိုင်အောင် ပေါင်းစည်းရာမှ (ဥပမာ အားဖြင့် လူသားတစ်ဦးတွင် ဆံပင်, မွေးညင်း, အသား, အကြော, အရိုး စသည်) သဏ္ဌာန် အဖြစ်သို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ သက်မဲ့အရာဝတ္ထုတို့တွင်လည်း (ဥပမာအားဖြင့် သစ်ပင် တစ်ပင်တွင် အခေါက်, အခွံ, အပွေး, အနှစ်) စသည့် သဏ္ဌာန်အဖြစ်သို့ ရောက်ရှိလာပါသည်။

---

* ဤနေရာတွင် သတိပြုရန်မှာ သက်ရှိသတ္တဝါတို့၌ ကမ္မတစ်ခုသည် ရုပ်ဓာတ်သဘော တစ်ခုကိုသာ ဖြစ်ပေါ်စေပါသည်။ ဤအချက်ကို သာဝကတို့ ပိုင်းခြားမခြင်နိုင်သော်လည်း သဘောနားလည်ရန် ရေးသား ဖော်ပြထားခြင်းဖြစ်သည်။ အကျယ်ကို အဘိဓမ္မတ္ထသင်္ဂဟကျမ်း၊ ရုပ်ပိုင်း၊ ရူပသမုဋ္ဌာနကဏ္ဍ၌ လေ့လာပါလေ။

[၁] ဝိဘင်္ဂအဋ္ဌကထာ၊ ဈာနဝိဘင်္ဂ-၅၁၅ နှာ-၃၂၈

http://www.dhammadownload.com

အာရုံခြောက်ပါး

ရူပါရုံ။ ။လူသားတို့၏ခန္ဓာကိုယ်၌ ပထဝီဓာတ်လွန်ကဲသော ဆံပင်, မွေးညင်း, ခြေသည်းလက်သည်း, သွား, အရေထူအရေပါး, အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညို့, နှလုံး, အသည်း, အဆုတ်, အမြှေး, အဖျဉ်း, အူသိမ်, အူမ, အစာသစ်, အစာဟောင်း, ဦးနှောက်ဟူ၍လည်းကောင်း၊ အာပေါဓာတ်လွန်ကဲသော သဏ္ဌာန်အစုကို သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, အဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်ဟူ၍လည်းကောင်း (၃၂)ကောဋ္ဌာသဖြင့် ဖွဲ့စည်းထားသည်ဟု သိရပါမည်။ ထိုနည်းတူ သက်မဲ့တို့တွင်လည်း (ဥပမာအားဖြင့် သစ်ပင်တစ်ပင်တွင်) အခေါက်, အခွံ, အသီး, အစေ့, အသား, အပွေး, အရွက်, အမြစ် စသည်ဖြင့် သဏ္ဌာန်ကွဲပြားသော အစိတ်အပိုင်းတို့ဖြင့် ဖွဲ့စည်းထားမှုကို သိရပါမည်။

အဆိုပါ(၃၂)မျိုးသော သဏ္ဌာန်တို့သည် ပကတိမျက်စိဖြင့် ထင်ရှားမြင်ရသောကြောင့် ရူပါရုံဟု ခေါ်ဆိုအပ်ပါ၏။** ခြုံငုံ၍ သုံးသပ်ရလျှင် ---

(၁) အသီးသီးသော ဓာတ်လေးပါးသည် သဘာဝသတ္တိအဆင့်

(၂) ပရမာအဏုမြူအဆင့်သည် ပရမတ္ထကလာပအဆင့် (ဒြပ်အဆင့်)

(၃) အဏုမြူ, တဇာရီမြူ, ရထရေဏုမြူ အဆင့်တို့သည် သမူဟကလာပအဆင့် (ဒြပ်အဆင့်)

(၄) အသီးသီးသော (၃၂)ကောဋ္ဌာသအဆင့်သည် သဏ္ဌာန်အဆင့် (ဒြပ်အဆင့်) ဟူ၍ အဆင့်လေးဆင့် ကွဲပြားနေသည်။

အမှတ်(၂) ပရမာအဏုမြူအဆင့်သည် အနုစား ရူပါရုံအဆင့် ဖြစ်သည်။ အမှတ်(၃) အဏုမြူ, တဇာရီမြူ, ရထရေဏုမြူ အဆင့်တို့သည် အလတ်စား ရူပါရုံအဆင့် ဖြစ်၍ အမှတ်(၄) (၃၂)ကောဋ္ဌာသအစု အဆင့်သည် အကြမ်းစား ရူပါရုံအဆင့် ဖြစ်သည်။ တနည်းအားဖြင့် ပြောရလျှင် အမှတ်(၁)အဆင့်သည် သဘာဝသတ္တိအဆင့်မျှသာ ဖြစ်၍ အမှတ်(၂,၃,၄)တို့သည် ဒဗ္ဗဘာဝ(ဒြပ်)အဆင့်ဖြစ်ပါသည်။ သဘာဝသတ္တိအဆင့်၌ ရူပါရုံဟူ၍ မရှိသေးပေ။ ဓာတုသဘော(စွမ်းအင်သဘော)မျှသာ ဖြစ်၍ ဒဗ္ဗဘာဝ(ဒြပ်)အဆင့်တို့၌သာ ရူပါရုံဟူ၍ ရှိပါသည်။ အမှတ်(၂)ဒြပ်သည် မထင်ရှားသောအဆင့်၊ အမှတ်(၃)ဒြပ်သည် ထင်ရှားသောအဆင့်၊ အမှတ်(၄)ဒြပ်သည် ပေါ်လွင်သောအဆင့်ဟူ၍ ကွဲပြားစွာ နားလည်ရန် လိုပါသည်။

သဒ္ဒါရုံ။ ။ဖော်ပြခဲ့ပြီးသော မဟာဘုတ်လေးပါးတို့ ဖြစ်စဉ်၊ ရင့်ကျက်စဉ်၊ ပေါ်လွင်စဉ်တို့၌ သက်ရှိသတ္တဝါ တို့တွင် စိတ်ကိုအခြေခံ၍ (စိတ်ကြောင့်) သက်မဲ့နှင့် ကမ္မဇရုပ်တို့တွင် ဥတုကို အခြေခံ၍ (ဥတုကြောင့်) သဒ္ဒ အသံရုပ်ဓာတ်သည် ဖြစ်ပေါ်လာရပါသည်။

ဆက်လက်၍ တင်ပြရလျှင် သက်ရှိသတ္တဝါတို့ စကားပြောလို၊ ရယ်မောလို၊ ငိုကြွေးလို၊ အော်ဟစ်လိုသောစိတ်များ ဖြစ်ပေါ်လာသည့်အခါ အဆိုပါစိတ်နှင့်ယှဉ်သော ဇောစေတနာသည် စိတ္တဇပထဝီရုပ်ဓာတ်ကို ဖြစ်ပေါ်စေလျက် (ယခင်တင်ပြခဲ့သော)ကံကြောင့် ရှိနှင့်နေပြီးသော ကမ္မဇပထဝီရုပ်ဓာတ်တို့ ထိခိုက်ကြရာမှ သဒ္ဒရုပ် ဟူသော အသံအာရုံ ဖြစ်ပေါ်လာပါသည်။ တခါတရံ သက်ရှိသတ္တဝါတို့၏ ခန္ဓာကိုယ်ထဲ၌ (ဝမ်းကျုတ်သံစသည်) အသံများ အလိုအလျောက် ဖြစ်ပေါ်နေတတ်၏။ ယင်းအသံကား ဥတုကို အကြောင်းခံလျက် ကမ္မဇပထဝီဓာတ်တစ်ခုနှင့်

** ဤနေရာတွင် ဆံပင်, မွေးညင်းစသည်ဖြင့် အမည်ပညတ်အတပ်ခံရာ "အရာဝတ္ထုဒြပ်" တို့သည် ရူပါရုံပရမတ်ဖြစ်၍ အရာဝတ္ထုဒြပ်တို့အား တစ်ခုနှင့်တစ်ခု ကွဲပြားအောင်ခွဲခြား၍ ဆံပင်, မွေးညင်းစသည်ဖြင့် နာမည်ပေးတံဆိပ်ခတ်ထားခြင်းသည် ပညတ်ဖြစ်သည်ဟူ၍ ကွဲကွဲပြားပြား သိရန်လိုပါသည်။

http://www.dhammadownload.com

ကမ္မဇဖထဝီဓာတ်တစ်ခုတို့ အချင်းချင်းထိခိုက်ရာမှ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ အဝိညာဏက သက်မဲ့တို့တွင် ဥတုကို အကြောင်းခံလျက် ဥတုဇဖထဝီဓာတ် အချင်းချင်း ထိခိုက်ကြရာမှ (မိုးချုန်းသံ၊ လေတိုက်သံ စသည်) အသံဓာတ်များ ဖြစ်ပေါ်လာပါသည်။ ဆိုလိုသည်မှာ အသံရုပ်ဓာတ်ဖြစ်မှု အကြောင်းခံ ကွဲပြားသော်လည်း ပထဝီဓာတ် အချင်းချင်း ထိခိုက်မိလျှင် (၀၊) ထိခိုက်စေလျှင် အသံရုပ်ဓာတ် ဖြစ်သည်ဟု နားလည်ရပါမည်။

ဂန္ဓာရုံနှင့်ရသာရုံ။ ။ဂန္ဓာရုံ=အနံ့ရုပ်ဓာတ်နှင့် ရသာရုံ=အရသာရုပ်ဓာတ်တို့ကား ပရမတ္ထမြေ အဆင့်ကပင် စတင်၍ ထင်ရှားကြပါသည်။ အဘယ့်ကြောင့်ဆိုသော် မဟာဘုတ်လေးပါး ပေါင်းစည်းမှု ပရမာ အဏုမြူဖြစ် တစ်ခု ဖြစ်ပေါ်လာသည်နှင့် ဝဏ္ဏ=အဆင်း၊ ဂန္ဓ=အနံ့၊ ရသ=အရသာ၊ ဩဇာ=အဆီအစေး တို့သည်လည်း တပြိုင်တည်း ဖြစ်ပေါ်လာကြသောကြောင့် ဖြစ်ပါသည်။*

ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသော ရုပ်လေးပါးသည် မဟာဘုတ်လေးပါး တို့နှင့်အတူ တပြိုင်တည်း ဖြစ်ချုပ်ကြသော်လည်း ကာရဏဖလ†၊ နိဿယနိဿိတ‡၊ ဌာနဌာနီ§ သဘော ပါသောကြောင့် မဟာဘုတ်ဟူ၍ မဆိုနိုင်ပဲ ဥပါဒါရုပ် (မှီတတ်သည့်ရုပ်)သာ ဖြစ်သည်ကို နားလည်ရပါမည်။ သို့သော်လည်း အဆိုပါ မဟာဘုတ်လေးပါးနှင့် ဥပါဒါရုပ်လေးပါး ပေါင်းရှစ်ပါးသော ရုပ်တို့သည် ပရမတ္ထကလာပဖြစ်မှုန် တစ်ခုအဖြစ် တည်ရှိကြသောအခါ တစ်ခုနှင့်တစ်ခု ခွဲခြားထား၍ မရစကောင်းပေ။ ထို့ကြောင့် အဆိုပါ ဓာတ်ရှစ်ခု ပေါင်းစုမှု ပရမတ္ထကလာပတစ်ခုကို "အဝိနိဗ္ဘောဂရုပ်" (ခွဲခြမ်း၍မရသည့် ကလာပ်တစ်ခု) ဟု ခေါ်ပါသည်။

ဖောဋ္ဌဗ္ဗာရုံ။ ။ဖောဋ္ဌဗ္ဗာရုံဟူသည် ပထဝီ၊ တေဇော၊ ဝါယောတို့၏ ပေါင်းစုရုပ်တစ်မျိုးပင် ဖြစ်ပါသည်။ အဆိုပါ ဖောဋ္ဌဗ္ဗာရုံသည်လည်း ပရမတ္ထကလာပတစ်ခုအဖြစ်သို့ ရောက်မှ ထင်ရှားပါသည်။

အချုပ်အားဖြင့် သက်ရှိရုပ်ဖြစ်စေ၊ သက်မဲ့ရုပ်ဖြစ်စေ ဓာတ်လေးပါးပေါင်းစုမှုတစ်ခု ပရမတ္ထကလာပအဆင့်(ဒြပ်နုအဆင့်) ရောက်သည်နှင့်တပြိုင်နက် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံငါးမျိုး အသီးသီး ရှိကြပါသည်။ ယင်းအာရုံငါးမျိုးသည် ဆိုင်ရာဒွါရသို့ တိုက်သောအခါ ပဋ္ဌာရုံ ဟူသောအမည်ကို ရပါသည်။

---

* ဤနေရာတွင် ကွဲပြားစွာ သိရန်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်လေးပါးသည် အခြေခံရုပ်ဓာတ်များဖြစ်ကြသည်။ ဝဏ္ဏစသည့် အခြားသော ရုပ်တို့၏ အမှီခံရာ ရုပ်တို့ဖြစ်သောကြောင့် "မဟာဘုတရုပ်" ဟုခေါ်သည်။ ဝဏ္ဏစသော ရုပ်လေးမျိုးတို့သည်ကား မဟာဘူတရုပ်လေးပါးတို့ကို အကြောင်းခံ၍ ဖြစ်လာသောကြောင့်လည်းကောင်း၊ မှီတတ်သောသဘော ရှိသောကြောင့်လည်းကောင်း "ဥပါဒါရုပ်" ဟု ခေါ်ပါသည်။ တဆက်တည်းပင် မဟာဘူတရုပ် လေးခုတို့သည် တစ်ခုနှင့်တစ်ခု အချင်းချင်းမှီကြသော်လည်း ဓာတ်တစ်ခု ဖြစ်ပေါ်လာလျှင် ကျန်ဓာတ်သုံးပါးတို့လည်း အတူတကွဖြစ်ပေါ်လာ၍ ဓာတ်တစ်ခုပျက်စီးသွားလျှင် ကျန်ဓာတ်သုံးပါးတို့လည်း တပြိုင်တည်း ပျက်စီးကြရိုး ဓမ္မတာဖြစ်ရကား ဓာတ်တစ်ခုသည် ဓာတ်တစ်ခု၏ အခြေခံမူလဖြစ်၏ဟူ၍ ပြောဆိုနိုင်ဖွယ်မရှိသောကြောင့် လည်းကောင်း၊ နောက်တစ်ချက်မှာ ကာရဏဖလသဘော မကွဲပြားသောကြောင့်လည်းကောင်း အဆိုပါ မဟာဘုတ်လေးပါးတို့ကို ဥပါဒါရုပ် (မှီတတ်သည့်ရုပ်) ဟူ၍ မခေါ်ဆိုနိုင်ပေ။

† အကြောင်းနှင့် အကျိုး

‡ မှီတတ်သူနှင့် အမှီခံ

§ နေရာနှင့် နေသူ

http://www.dhammadownload.com

ဓမ္မာရုံ။ ။ဓမ္မာရုံတွင် ဓမ္မအရ- စိတ်၊ စေတသိက်၊ ပသာဒရုပ်(၅)၊ သုခုမရုပ်(၁၆)၊ နိဗ္ဗာန်၊ ပညတ်တရားတို့ ပါဝင်သည်။ အတိတ်၊ အနာဂတ်အားဖြင့် အာရုံပြုနိုင်သော ပစ္စာရုံတို့သည်လည်း ကာရဏူပစာအားဖြင့် ပညတ်တရားတွင် အကျုံးဝင်သောကြောင့် ဓမ္မာရုံ မည်ပါသည်။ အကျုံးဝင်ပုံမှာ မမြင်ရသော အဝေးတစ်နေရာမှ "ဝုတ်၊ ဝုတ်" ဟူသော အသံအာရုံကို ကြားရာ၌ ကြားဆဲသဘောသည် သဒ္ဒါရုံသာဖြစ်၍ ဓမ္မာရုံ မဖြစ်ပေ။ သို့သော် "ဝုတ်၊ ဝုတ်" ဟူသည် ဘာသံပါလိမ့်ဟု စိတ်ဖြင့် ကြံစည်နှလုံးသွင်းရာတွင် "ခွေးဟောင်သံ" ဟူသော ပညတ်သည် ဖြစ်ပေါ်လာ၏။ ခွေးဟောင်နေသည်ဟူသော ပညတ်နှလုံးသွင်းမှု အကြောင်းခံကြောင့် မိမိ အတိတ်က တွေ့ကြုံခဲ့ဖူးသော "ခွေးသဏ္ဌာန်"သည် စိတ်ထဲ၌ ပေါ်လာ၏။ အဆိုပါ စိတ်ထဲ၌ ပေါ်လာသော ခွေးသဏ္ဌာန်သည် ပစ္စုပ္ပန် မျက်စိဖြင့် တွေ့မြင်ရခြင်းမဟုတ်ပဲ ခွေးဟူသော ပညတ်နှလုံးသွင်းကြောင့် ဖြစ်ပေါ်လာရကား ယင်းခွေး သဏ္ဌာန်(ရူပါရုံ)သည် ပညတ္တိတရားတွင် ပါဝင်သော ဓမ္မာရုံပင်ဖြစ်ပါသည်။* ဤသဘောကို အရှုညာဏ်ကဏ္ဍ၌ အကျယ်ရှင်းပြထားသည်။

၁၊၁၊၃။ အာရုံခြောက်ပါးနှင့် ပညတ်ငါးမျိုးအကြောင်းခံ၍ တဏှာ, မာန, ဒိဋ္ဌိဖြစ်ပုံ

ပညတ်ဟူသည် ပရမတ္ထရုပ်နာမ်တို့၏ သဘာဝအပေါ်၌ ဘာသာစကားအလိုက် တစ်ဦးနှင့်တစ်ဦး ဆက်ဆံမှု ရရှိရန် ပိုင်းခြားသတ်မှတ်ထားသော သင်္ကေတအမည် ဖြစ်သည်။ ပညတ်ငါးမျိုး ရှိသည်။ (၁)နာမပညတ်၊ (၂)သမူဟပညတ်၊ (၃)သဏ္ဌာနပညတ်၊ (၄)ဃနပညတ်၊ (၅)သန္တတိပညတ် တို့ဖြစ်သည်။

အမှန်ရှိသော (၃၂)ကောဋ္ဌာသ သဏ္ဌာန်အစုအဝေးပေါင်းစုမှုကို လူဟူ၍ အယူမှားမှု **ဒိဋ္ဌိဝိပလ္လာသ**၊ လူဟူ၍ အမှတ်မှားမှု **သညာဝိပလ္လာသ**၊ လူဟူ၍ အသိမှားမှု **စိတ္တဝိပလ္လာသ** ဖြစ်ကာ ထိုအဆင်းသဏ္ဌာန် အာရုံ၏ ဣဋ္ဌသဘောကြောင့် လိုချင်တပ်မက်မှု လောဘ၊ ထိုအဆင်းသဏ္ဌာန်အာရုံ၏ ရုပ်ပရမတ်သဘောကို မသိမှု မောဟ၊ ထိုအဆင်းအာရုံ၌ ဆန့်ကျင်ဘက်ဖြစ်ကာ ဒေါသစသော ကိလေသာတရားများ ဖြစ်လာရသည်။

ပညတ်ငါးမျိုးတို့တွင် ရှေ့သုံးမျိုးသည် ဒိဋ္ဌိဝိပလ္လာသကို ပမာနအကြောင်းခံ၍ ဖြစ်ပေါ်လာသည်။ နောက်နှစ်မျိုးကား သညာဝိပလ္လာသကို ပမာနအကြောင်းခံ၍ ဖြစ်ပေါ်လာသည်။ ထိုပညတ်ငါးမျိုး ဖုံးအုပ်ခံထားရသော စိတ်၌ တဏှာ, မာန, ဒိဋ္ဌတို့ဖြစ်ကာ ကမ္မဝင်္ဂ, ဝိပါကဝင်္ဂ, ကိလေသာဝင်္ဂတို့ဖြင့် သံသရာလည်၍ ဒုက္ခခန္ဓာ ရရှိကြခြင်း ဖြစ်သည်။

---

* ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ဘဝအစဉ်အဆက်ကို အာရုံပြုရာ၌ စိတ်ထဲတွင်ပေါ်လာသော ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗအာရုံတို့သည် ပစ္စုပ္ပန် ထင်ရှားမရှိခြင်းကြောင့် "ပညတ်နှလုံးသွင်း အတိတ်ဓမ္မာရုံ" ဟူ၍ မှတ်ရပါမည်။ လူကောင်၊ နတ်ကောင်၊ တိရိစ္ဆာန်ကောင်၊ သစ်ပင်၊ တောင်၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ စသည်ဖြင့် နာမည်ပညတ် အတပ်ခံရသော အရာဝတ္ထုဩဇ် အသီးသီးတို့သည် မဟာဘုတ်လေးပါးပေါင်းစုမှု ပရမတ္ထကလာပအခြေခံ အသီးသီးရှိကြရကား အာရုံခြောက်ပါး အသီးသီး အပြည့်အဝရှိကြသည်ဟု မှတ်ရပါမည်။ ဤကား ဩဇ်ကို ပမာဏပြု၍ အာရုံခြောက်ပါးခွဲပြပုံ ဖြစ်ပါသည်။ ပသာဒရုပ်(၅)၊ သုခုမရုပ်(၁၆)၊ စိတ်(၁)၊ စေတသိက်(၅၂)၊ နိဗ္ဗာန်အာရုံတို့သည် ဩဇ်ကိုပမာဏပြု၍မရပေ။ ဓမ္မကိုသာပမာဏပြုရသည်။ ဓမ္မဟူသည်မှာလည်း သတ္တိသဘော မျှသာဖြစ်၍ ထိုသဘောအာရုံတို့ကို မနောဝိညာဏ်စိတ်ဖြင့်သာ သိနိုင်ကြပါသည်။ ပဋိဝိညာဏ်စိတ်တို့ဖြင့် သိနိုင်သော အာရုံမဟုတ်ပေ။ သို့ဖြစ်၍ ဓမ္မာရုံဟူရာ၌ (၁) အတိတ်, အနာဂတ်, ပညတ်နှလုံးသွင်းကြောင့် ဖြစ်ပေါ်လာသော ရူပ, သဒ္ဒ, ဂန္ဓ, ဖောဋ္ဌဗ္ဗတည်းဟူသော ဩဇ်ပမာဏဓမ္မာရုံနှင့် (၂) ပသာဒရုပ်-၅၊ သုခုမရုပ်-၁၆၊ စိတ်-၁၊ စေတသိက်-၅၂၊ နိဗ္ဗာန်တည်းဟူသော ဓမ္မပမာဏဓမ္မာရုံ ဟူ၍ နှစ်မျိုးခွဲ၍ နားလည်ရပါမည်။

http://www.dhammadownload.com

အဋ္ဌကလာပ်ရုပ်တို့၏ ပေါင်းစုမှုကြောင့် ဖြစ်ပေါ်လာသော သဏ္ဌာန်သဘောတရားဟု မသိခြင်းကို အကြောင်းခံ၍ သက်ရှိတို့အပေါ်၌ (လူ, တိရိစ္ဆာန်, ငရဲ, ပြိတ္တာ, အသူရကာယ်, နတ်, ဗြဟ္မာ) သက်မဲ့တို့ အပေါ်၌ (သစ်ပင်, တော တောင်, ရေ မြေ, သမုဒ္ဒရာ, နေ လ, နက္ခတ် တာရာ) စသည်တို့ ရှိသည်ဟူ၍ ဒိဋ္ဌိဖြင့်စွဲယူမှု ဖြစ်ပေါ်လာသည် (သမူဟပညတ်)။

လူဟူ၍ အရှိစွဲယူခြင်းကြောင့် ယောကျ်ား မိန်းမ အရှိစွဲဖြစ်ပေါ်လာသည်။ ယောကျ်ားဟု အရှိစွဲယူခြင်းကြောင့် အဖေ, အစ်ကို, ဘကြီး, ဘထွေး, အဖေကြီး, သား, သားမက်, ညီ, သူငယ်ချင်း, မင်းသား, ရဟန်း, သာမဏေ, ဘုရား, သံဃာ စသည့် ပုဂ္ဂိုလ်စွဲ ပညတ်စွဲများ ဖြစ်ပေါ်လာသည်။ မိန်းမဟု အရှိစွဲယူမှုကြောင့် အမေ, အမ, အဒေါ်, အဖွား, အမေကြီး, ယောင်းမ, ဆရာမ, သီလရင်, မင်းသမီး, ချွေးမ, သမီး, ညီမ, နှမ စသော ပုဂ္ဂိုလ်စွဲ ပညတ်စွဲများ ဖြစ်ပေါ်လာသည်။ တိရိစ္ဆာန်ဟု အရှိစွဲယူခြင်းကြောင့် ခွေး, နွား, ကြက်, ဘဲ, ဝက် စသော တိရိစ္ဆာန်မျိုးစုံ၊ အထီး, အမ စသော ပုဂ္ဂိုလ်ပညတ်စွဲများ ဖြစ်ပေါ်လာသည်။ ထို့အတူ ငရဲဟူ၍ အရှိစွဲယူရာမှ ငရဲကြီးရှစ်ထပ်, ငရဲအိုး, ငရဲမီး ဟူသော ပညတ်စွဲများ၊ ပြိတ္တာအမျိုးမျိုး, နတ်, ဗြဟ္မာအမျိုးမျိုး, အသူရကာယ် အမျိုးမျိုးတို့၏ အမည်နာမပညတ်စွဲများ ဖြစ်ပေါ်လာရသည် (နာမပညတ်)။

အဆိုပါ ပုဂ္ဂလနာမပညတ်စွဲကို အခြေခံ၍ အဋ္ဌကလာပ်ရုပ်အစုတို့ ပေါင်းစုမှုမှ ဖြစ်ပေါ်လာသော သဏ္ဌာန်တို့၏ လှုပ်ရှားမှုအမျိုးမျိုး (သဏ္ဌာနပညတ်)ကို အမှန်မသိနိုင်တော့ပဲ အဖေ လာတယ်, အဖေ ကိုင်တယ်, အဖေ စားတယ်, အဖေ သောက်တယ်, အဖေ အိပ်တယ်, အဖေ ဖျားတယ်, အဖေ အိုတယ်, အဖေ သေတယ် စသည်ဖြင့် အမူအရာအပေါ်၌ အမြင်မှား၊ အသိမှား၊ အမှတ်မှားခြင်းတို့ ဆက်တိုက်ဖြစ်ပေါ်လာကာ ကိလေသာသံယောဇဉ်မီးများ တိုးပွားလာရသည်။ ထိုကဲ့သို့ ပြင်ပသူတပါးတို့ကို အရှိစွဲသောကြောင့် မိမိဟူသော အတ္တစွဲယူမှုသည်လည်း ဖြစ်ပေါ်လာရသည်။ ထိုမိမိဟူသော အတ္တအရှိ စွဲယူမှုကြောင့် ငါ စားတယ်, ငါ သွားတယ်, ငါ ထိုင်တယ်, ငါ အိပ်တယ်, ငါ လှုပ်တယ်, ငါ ကိုင်တယ်, ငါ ယိုတယ်, ငါ ပေါက်တယ်, ငါ နာတယ်, ငါ ဖျားတယ်, ငါ အိုတယ်, ငါ သေတယ် စသော အမူအရာအပေါ်၌ အယူမှား၊ အသိမှား၊ အမှတ်မှားတို့ဖြစ်ကာ ကိလေသာသံယောဇဉ်မီးများ တိုးပွားလာရသည်။

အဆင်း၏ သာယာဖွယ်သဘောဆောင်မှုကိုလည်း ပုဂ္ဂလနာမပညတ် အရှိစွဲယူထားခြင်းကြောင့် အဖေ လှတယ်, အဖေ မလှဘူး, အဖေ အရုပ်ဆိုးတယ်, အဖေ အရုပ်ပုတယ်, အဖေ အရုပ်ရှည်တယ်, အမေ လှတယ်, အမေ မလှဘူး, အမေ အသားမည်းတယ်, အမေ အသားဖြူတယ် စသည်ဖြင့်လည်းကောင်း၊ ခွေးကလေး ဖြူတယ်, ဝတယ်, ပိန်တယ်, ပုတယ် စသည်ဖြင့်လည်းကောင်း၊ အတ္တဒိဋ္ဌိစွဲကို အခြေခံလျက် ငါ လှတယ်, ငါ မလှဘူး, ငါ ရှည်တယ်, ငါ တိုတယ်, ငါ မည်းတယ်, ငါ ဖြူတယ်, စသည်ဖြင့်လည်းကောင်း သဘာဝအားဖြင့်ရှိသော ဣဋ္ဌဂုဏ် အနိဋ္ဌဂုဏ်ကိုပင် အသိမှား အမှတ်မှား အယူမှားဖြစ်ကာ တပ်မက်မှု လောဘ၊ ကပ်ညိမှု ရာဂ၊ မကျေနပ်မှု ဒေါသ၊ ထောင်လွှားမှု မာန၊ မနာလိုမှု ဣဿာ၊ ဝန်တိုမှု မစ္ဆရိယ၊ အရှိပရမတ်၏ ဣဋ္ဌဂုဏ် အနိဋ္ဌဂုဏ်ကို မမြင်မှုနှင့် ပညတ်ကို အရှိထင်မှု မောဟ စသော ကိလေသာမီးများ တိုးပွားလာရသည်။

ပညတ်အားဖြင့် သက်ရှိဟုခေါ်ဆိုရသောအဋ္ဌကလာပ်ရုပ်အစုအဝေးများဖြစ်သည့် ဆံပင်, မွေးညင်း, အသား, အကြော, အရိုး စသော (၃၂)ကောဋ္ဌာသ၏သဘောကို မသိမမြင်ခြင်းကြောင့် ခြေ, လက်, ကိုယ်, ခေါင်း, ယောကျ်ား, မိန်းမ, အဖေ, အမေ, သားသမီးဟု အရှိစွဲယူသည့် ဒိဋ္ဌိနှင့်တကွဥပါဒါန်တရားများ ဖြစ်ပေါ်လာသည်။ သံယောဇဉ်တရားများလည်းဖြစ်ပေါ်လာသည်။

http://www.dhammadownload.com

ထိုပုဂ္ဂိုလ်သတ္တဝါတို့အပေါ်၌ သာယာနှစ်သက်မှု တဏှာ ဖြစ်ပေါ်လာသည်။ ဆန့်ကျင်ဘက် ပုဂ္ဂိုလ်သတ္တဝါတို့အပေါ်၌ မနာလိုမှု ဣဿာ၊ ပြိုင်ဆိုင်လိုမှု မာန၊ ခက်ထန်မှု ဒေါသ၊ ကာမဂုဏ်ဖြင့် ဆက်ဆံလိုမှု ကာမရာဂတို့ ဖြစ်ရသည်။

အာရုံ(ရုပ်တရား)တို့၏ အရောင်အသွေး သဏ္ဌာန်များ စုပေါင်းထားသည့် သဘော အမှန်ကို မသိပဲ ပုဂ္ဂိုလ်သတ္တဝါ၊ အရာဝတ္ထုတို့ဟု အရှိစွဲယူမှုကြောင့် တဏှာ, မာန, ဒိဋ္ဌိ စသော အကုသိုလ်တရားများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

သက်မဲ့အဋ္ဌကလာပ်ရုပ်အစုအဝေးကို အခြေခံ၍ ဖြစ်ပေါ်လာသော အဆင်းသဏ္ဌာန် အမျိုးမျိုး၏ သဘောဆောင်မှုအမှန်ကို မသိပဲ သစ်ပင်, တိုက်တာ, အိုးအိမ်, ရွှေ, ငွေ, ကျောက်သံ, ပတ္တမြား, ကောင်းကင်, မြေကြီး, စေတီ, ပုထိုး, နေလ, နက္ခတ်, သမုဒ္ဒရာ စသည်ဖြင့် အရှိစွဲယူရာမှ မရှိသောနာမပညတ်တို့ကို အရှိအဟုတ်စွဲယူမှု ဖြစ်ပေါ်လာသည်။

ထိုသက်မဲ့အဆင်းသဏ္ဌာန်၏ ဣဋ္ဌဂုဏ်နှင့် အနိဋ္ဌဖွယ်ဂုဏ်တို့၏ သဘောအမှန်ကို မသိမမြင်ပဲ နာမပညတ်ကို အရှိစွဲယူထားမှုကြောင့်လည်းကောင်း၊ အတ္တဒိဋ္ဌိစွဲ အခြေခံမှုကြောင့် လည်းကောင်း ငါ့ရွှေ ကောင်းတယ်၊ ငါ့ရွှေ ဘယ်လောက်အရည်အသွေးကောင်းတယ်၊ ငါ့ကျောက် ဘယ်လောက် အရည်အသွေး ကောင်းတယ်၊ ဘယ်လောက်တန်ဖိုးရှိတယ်၊ ငါ့အိမ်, ငါ့တိုက်, ငါ့ကား, ငါ့အသုံးအဆောင်, ငါ့ပစ္စည်း, ငါ့ဥစ္စာ ဘယ်လောက် တန်ဖိုးရှိတယ် ဟူ၍ သာယာမှု တဏှာ၊ ထောင်လွှားမှုမာန၊ အဆိုပါ ပစ္စည်းများ ပျက်စီးပျောက်ဆုံးချို့ယွင်းလျှင် စိတ်ဆင်းရဲမှု ဒေါမနဿ၊ နှလုံးမသာယာမှု သောက၊ ငိုကြွေးမြည်တမ်းရမှု ပရိဒေဝ၊ ထပ်ဖန်တလဲလဲ ဆင်းရဲနေရမှု ဥပါယာသ စသော ကိလေသာမီးများ တောက်လောင်လာရသည်။

ယခုဖော်ပြခဲ့ပြီး အဋ္ဌကလာပ်ရုပ်အစု ပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာသော အဆင်း သဏ္ဌာန်ကို အခြေခံလျက် ဝိပလ္လာသတရားများ စိတ်၌ ဖုံးအုပ်ခံထားရမှုကြောင့် ပညတ်များနှင့် ယှဉ်သော ဒိဋ္ဌိ တဏှာ ဥပါဒါန်ဖြစ်ပုံ၊ ထို ဒိဋ္ဌိ တဏှာ ဥပါဒါန်ကြောင့် ကိလေသာမီးများ တောက်လောင်တိုးပွားလာပုံတို့ နည်းတူ ကလာပ်ရုပ်စုမှုအပေါ် အကြောင်းပြုမှုကြောင့် ဖြစ်ပေါ်လာသော သဒ္ဒရုပ် (အသံအာရုံ)၊ ဂန္ဓရုပ် (အနံ့အာရုံ)၊ ရသရုပ် (အရသာအာရုံ)၊ ဖောဋ္ဌဗ္ဗရုပ် (အတွေ့အာရုံ)၊ ဓမ္မရုပ် (ဓမ္မာရုံ)တို့ကို သဘောအမှန် အရှိအတိုင်း မသိမှု(အဝိဇ္ဇာ) ကြောင့် စိတ်၌ ဝိပလ္လာသတရားတို့၏ လှည့်စားမှုခံရကာ မရှိပညတ် အာရုံများကို အရှိစွဲ၍ ထားခြင်း၊ ထိုပညတ်အာရုံများ စွဲယူမှုကို အကြောင်းခံ၍ ဒိဋ္ဌိ တဏှာ ဥပါဒါန်များ ဖုံးခြင်း ခံရတော့သည်။ သာယာဖွယ်ရာအာရုံနှင့် ကြုံတွေ့လာလျှင် ထိုအာရုံပေါ်၌ တပ်မက်မှု လောဘ၊ ကပ်ငြိမှု ရာဂ၊ ငါမှစွမ်းနိုင်သည်ဟူသော ထောင်လွှားမှု မာန၊ တွယ်တာမှု သံယောဇဉ်၊ စိုးရိမ်မှု သောက၊ ကြောင့်ကြမှု ဗျာပါဒ၊ မနာလိုမှု ဣဿာ၊ ဝန်တိုမှု မစ္ဆရိယဟူသော ကိလေသာမီးများ၊ ရအောင် ပြုလုပ်မှု ကံသခ်ါရ၊ ရရှိမှု ကမ္မဘဝ စသော ဒုက္ခမီးများ စိတ်၌ လောင်ကျွမ်းမှု ခံရတော့သည်။ မသာယာဖွယ်ရာ အာရုံ၌လည်း ဒေါသ၊ သောက၊ ပရိဒေဝ စသော ကိလေသာမီးများ စိတ်ကို လောင်ကျွမ်းနှိပ်စက်ကြသည်။

အကျဉ်းချုပ်ဖော်ပြရလျှင် ရုပ်အပေါင်းအစုဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ ဓမ္မာရုံတည်းဟူသော အာရုံခြောက်ပါး ရုပ်တရားတို့၏ ဣဋ္ဌဂုဏ်နှင့် အနိဋ္ဌဂုဏ်တို့ကို အရှိကို အရှိအတိုင်း မသိသောအခါ အမှတ်မှားမှု၊ အသိမှားမှု၊ အမြင်အယူမှားမှုတို့ ဖြစ်ရပြီး ထိုမှတဆင့် စိတ်၌ တဏှာ စသော ပပञ္စတရားတို့ ကပ်ငြိကာ သံသရာကို ချဲ့ထွင်တော့သည်။

ဂင်းတဏှာဖြစ်ရခြင်း၏ အကြောင်းရင်းသည် အာရုံရုပ်တရားများ၏ ပရမတ်သဘောကို မသိခြင်း(အဝိဇ္ဇာ)ပင်ဖြစ်သည်။ ဂင်းအာရုံရုပ်တရားများ၏ ပရမတ်သဘောကို ဝိပဿနာဉာဏ်

http://www.dhammadownload.com

အမြင်(ဝိဇ္ဇာ)ဖြင့် သိမြင်အောင် ရှုနိုင်လျှင် တဏှာချုပ်သည်။ အာရုံရုပ်တို့၏ ဣဋ္ဌဂုဏ်သည် အဝိဇ္ဇာ ဖုံးလွှမ်းထားသော စိတ်၌ လောဘကို ဖြစ်စေသည်။ အာရုံရုပ်တို့၏ အနိဋ္ဌဂုဏ်သည် အဝိဇ္ဇာ ဖုံးလွှမ်းထားသော စိတ်၌ ဒေါသကို ဖြစ်စေသည်။ တနည်းအားဖြင့်ဆိုသော် ရုပ်တရားတို့သည် သခ်ါရလောက၊ ဩကာသလောကတို့ပင်တည်း။ ဘုံအားဖြင့် ရူပလောက (ရူပဘုံ)၊ ကာမလောက (ကာမဘုံ) ဖြစ်၍ ထိုဘုံလောကတို့ကို အကြောင်းခံကာ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတို့ ဖြစ်ရပြန်သည်။

ရုပ်တရားတို့၏ အရှိသဘောကို သိအောင်ရှုမှုသည် ကာယာနုပဿနာသတိပဋ္ဌာန် ဖြစ်သည်။ ထိုရုပ်တရားတို့၏ ဣဋ္ဌရသ အနိဋ္ဌရသတို့ကို အကြောင်းခံ၍ ထိုရသတို့ကို ခံစားသော ဝေဒနာ၏သဘောကို ရှုခြင်းသည် ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြစ်သည်။ ရုပ်တရားတို့နှင့် ခံစားမှုနာမ်တရားတို့ကို အကြောင်းခံ၍ စိတ်အမျိုးမျိုးဖြစ်ပေါ်လာသည်။ ထိုစိတ်အမျိုးမျိုးကို ရှုခြင်းသည် စိတ္တာနုပဿနာသတိပဋ္ဌာန် ဖြစ်သည်။ ရုပ်, ဝေဒနာနှင့် စိတ်တို့၏ မမြဲခြင်းသဘော၊ ဖောက်ပြန်ပျက်စီးခြင်းသဘော၊ အနှစ်မရှိသည့်သဘောတို့ကို ရှုခြင်းသည် ဓမ္မာနုပဿနာသတိပဋ္ဌာန် ဖြစ်သည်။ အာရုံခြောက်ပါးတို့ကို သတိ၏တည်ရာ သတိပဋ္ဌာန်အားဖြင့် အထက်ပါအတိုင်း ခွဲခြားသည်ကို တရားကျင့်သောယောဂီတို့ နားလည်သဘောပေါက်ထားရမည်။

တရားကျင့်ရခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်သည် အာရုံခြောက်ပါးတို့ကို (၃၂)ကောဋ္ဌာသသဏ္ဌာန်ပေါင်းစုမှုအနေအားဖြင့်လည်းကောင်း၊ ဓာတ်လေးပါး အစုအဝေးအနေအားဖြင့်လည်းကောင်း၊ (၃၆)မျိုးသော ဆဆက္ကပရမတ်ရုပ်နာမ်အနေအားဖြင့် လည်းကောင်း ပိုင်းခြားရှုမြင်နိုင်ရန် ဖြစ်သည်။ ထိုကဲ့သို့ ပိုင်းခြားရှုမြင်နိုင်လျှင် ကျင့်စဉ်မှန်ပြီဖြစ်သည်။ ထိုကဲ့သို့ ပိုင်းခြားရှုမြင်နိုင်ရန် မြင်နိုင်လောက်သည့် စိတ်စင်ကြယ်သန့်ရှင်းမှု စိတ္တဝိသုဒ္ဓိ (၀၂) သမ္မာသမာဓိ ရရန် ပဓာနကျသည်။

အာရုံခြောက်ပါးတို့ကိုပင်--

၁။ (၃၂)ကောဋ္ဌာသသဏ္ဌာန်ပေါင်းစုမှုကို မြင်လျှင် သမူဟပညတ် (ခြေ, လက်, ကိုယ်, ခေါင်း, အမြီး, အမောက်, သစ်ပင်စသည် သမုတ်မှုများ)၊ နာမပညတ် (မောင်ဖြူ, မောင်နီ, ဦးလေး, ဘကြီး, အဖေ, အမေ စသည်) အစွဲများချုပ်သည်။ "သာယာဖွယ်ရာ ရှုမြင်ဖွယ်ရာမဟုတ်၊ မသာယာဖွယ်ရာ"ဟု သိပြီး သုဘ သညာချုပ်သည်။

၂။ ဓာတ်လေးပါး၊ အဋ္ဌကလာပ်ရုပ်ဖြင့် ဖွဲ့စည်းထားသော ဃနရုပ်ကို ပိုင်းခြားသိလျှင် (၃၂)ကောဋ္ဌာသသဏ္ဌာန်ရုပ် ပညတ်စွဲ(သဏ္ဌာနပညတ်)ချုပ်သည်။ အမူအရာပေါ်မှ (ထတယ်, ထိုင်တယ်, ကြွတယ်, လှမ်းတယ်, ကတယ်, ဆိုတယ် စသည့် အမူအရာများ) အစွဲချုပ်သည်။

၃။ ဖောက်ပြန်သည့် သဘောသက်သက်မျှ မြင်လျှင် ဃနပညတ်စွဲ ချုပ်သည်။ ပထဝီ, တေဇော, အာပေါ, ဝါယော, ပူတယ်, တင်းတယ်, တောင့်တယ်, ထုံတယ်, ကျင်တယ် စသော ပညတ်အစွဲ၊ ပညတ်အမြင် ချုပ်သည်။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, ဓမ္မ စသော အာရုံတို့၏ ကြမ်းမှု, နုမှု, သာယာမှု စသော ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံပေါ်မှ တဏှာချုပ်သည်။

အကျဉ်းချုပ်ဆိုရသော် အာရုံခြောက်ပါးတို့သည် စိတ်ကိုဖြစ်စေသည့် ခန္ဓာ၏ အပြင်ဗဟိဒ္ဓအကြောင်း ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ ယင်းတို့ကို မိမိရူပကာယနှင့် တသဘောတည်းဟု နားလည်ယူပါ။ အာရုံခြောက်ပါးတို့၏ ဂုဏ်သတ္တိသည် စက္ခုစသော ပသာဒရုပ်တို့နှင့် မနကို ထိခိုက်တတ်သော သဘောရှိခြင်းကြောင့် ထိုဗဟိဒ္ဓအာရုံခြောက်ပါးတို့ကို အတိုက်ဓာတ်ခြောက်ပါးဟုခေါ်ဆိုသည်။ ထိုအရှုခံအာရုံများ ပိုင်းခြားမြင်အောင် လက်တွေ့ကျင့်စဉ်တက်ပုံကို အခန်း(၃)၌ ဖော်ပြထားပါသည်။

http://www.dhammadownload.com

၁၊၂။ ပဥ္စဒွါရရှိ အခံဓာတ်၊ အတိုက်ဓာတ်၊ အပေါ်ဓာတ် (အပိုင်း-ခ)

သတ္တဝါတို့၌ အပြင်အာရုံငါးပါးတို့ ဝင်ရောက်ထိခိုက်ရာ ဒွါရ(၅)ပေါက် ရှိကြသည်။ အာရုံတို့ ဝင်ထွက်ရာသဘောရှိ၍ "ဒွါရ"ဟု ဒေသနာတော်၌ သုံးနှုန်းထားခြင်းဖြစ်သည်။ အတိုက်ဓာတ်ဟူသော အာရုံငါးပါးတို့ကို လက်ခံဖော်ပြခြင်းကြောင့် ယင်းတို့ကို အခံဓာတ်ဟု ခေါ်သည်။ အကြည်ငါးစုံ၊ ယင်းတို့၌ထင်သော အာရုံငါးပါး၊ ထိုအာရုံငါးပါးနှင့်ယှဉ်ဖက် ဝိညာဏ်ငါးလုံးတို့သည် တရားကျင့်သော ယောဂီ၏ ဝိပဿနာအရှုခံ အာရုံများဖြစ်သည် (ပုံစံ-၁၊ အပိုင်း-ခ၌ ရှုပါ)။ ထိုအကြည်ငါးစုံတို့သည် အတိတ်ကံကြောင့်ဖြစ်သော အကျိုးတရားရုပ်တို့ ဖြစ်ကြသည်။ မနောဒွါရိက၏ အာရုံဖြစ်တတ်သောကြောင့်လည်း ဘဝင်၌ ကုသိုလ်ဇော၊ အကုသိုလ်ဇောတို့ကို ဖြစ်စေသော အကြောင်းတရားများအနက်မှ တစ်ခုဖြစ်သည်။ ထို့ကြောင့် တရားမကျင့်မီ ထိုအရှုခံ သဘာဝလက္ခဏာတို့ကို ကြိုတင်နားလည်ရန် စက္ခုဒွါရဖြင့် ရှင်းပြပါမည်။

၁၊၂၊၁။ စက္ခုဒွါရနှင့် စက္ခုဝိညာဏ်ရှင်းတမ်း

စက္ခုဒွါရတွင် စက္ခုပသာဒ (ဝါ) မျက်စိအကြည်ဓာတ် ရှိသည်။ မျက်နက်ဝန်း၏ အလယ်၌ရှိသော ၎င်းအကြည်သည် သန်းဦးခေါင်းပမာဏရှိ၍ အဆင်းသဏ္ဍာန် အမျိုးမျိုးကို မူရင်းမပျက် လက်ခံရာဌာနဖြစ်သည်။ ၎င်းအကြည်ဓာတ်နှင့် အဆင်းအာရုံတို့ ထိခိုက်ပေါင်းဆုံ ကြသောအခါ စက္ခုဝိညာဏဓာတ် (မြင်သိစိတ်) ဖြစ်ပေါ်လာသည်။ ထို့ကြောင့် စက္ခုဒွါရသည် အကြည်ဓာတ်နှင့်စက္ခုဝိညာဏဓာတ်တို့၏ တည်ရာမှီရာဖြစ်သည်။ အဆင်းဓာတ်နှင့်တိုက်ဆိုင်လျှင် အဆင်း၏ကိန်းရာလည်း ဖြစ်၏။ ထိုအရှုခံသဘောတို့ကို တရားမကျင့်မီ ဉာဏ်ဖြင့် နားလည်ယူ၍ အနတ္တသဘောမြင်အောင် (ငါမဟုတ်ကြောင်းသိအောင်) သုံးသပ်ဆင်ခြင်ထားရမည်။

သင်ယောဂီ၏ရှေ့တွင် ရှိသော လူတစ်ဦးကို သင်ကြည့်လိုက်သည် ဆိုပါစို့။ သင်ယောဂီ၏ စက္ခုပသာဒ၌ လူရိပ် ရူပါရုံအဆင်းရုပ်ထင်ခြင်းသည် အကြောင်းတရား(၄)ပါးကြောင့်ဖြစ်သည်။ ၎င်းတို့မှာ--

(က) ပြင်ပ၌ အဆင်းရူပါရုံ ထင်ရှားရှိခြင်း
(ခ) အလင်းရောင် လုံလောက်ပြည့်စုံခြင်း
(ဂ) ပြင်ပအဆင်းနှင့် စက္ခုပသာဒအကြား တစ်စုံတစ်ရာ ကာကွယ်မှုမရှိ ပကတိ ဟင်းလင်းပြင် ရှိခြင်း
(ဃ) စက္ခုပသာဒ၏ ကောင်းမွန်ခြင်းတို့ ဖြစ်သည်။

(က) ပြင်ပ၌ အဆင်းရူပါရုံ ထင်ရှားရှိခြင်း။

ပြင်ပဗဟိဒ္ဓ၌ အလင်းရောင်သည်လည်းကောင်း၊ ဟင်းလင်းပြင်သည်လည်းကောင်း၊ စက္ခုပသာဒ၏ ကောင်းမွန်ခြင်းသည်လည်းကောင်း ထိုအကြောင်းတရား(၃)ပါးတို့သည် ပြည့်စုံ၏။ သို့သော် စက္ခုပသာဒ၏ ရှေ့တည့်တည့် ပြင်ပ၌ လူ၏အဆင်းသဏ္ဍာန် ထင်ရှားမရှိက စက္ခုပသာဒ အခံဓာတ်၌ လူ၏ အဆင်းရူပါရုံသည် မထင်နိုင်ပေ။ ထို့ကြောင့် စက္ခုပသာဒ၏ ရှေ့တည့်တည့် ပြင်ပ၌ လူဟူသော အဆင်း သဏ္ဍာန်ရှိနေခြင်းသည် စက္ခုပသာဒ၌ အဆင်းရူပါရုံထင်ခြင်း၏ အကြောင်းတစ်ပါးဖြစ်၏။ (ပြင်ပအဆင်းသဏ္ဍာန် ပြောင်းသည်နှင့်အမျှ စက္ခုပသာဒ၌ ထင်သော ပုံရိပ်အဆင်း ရူပါရုံသည်လည်း ပြောင်းလဲသွားသည်။)

http://www.dhammadownload.com

(ခ) အလင်းရောင် လုံလောက်ပြည့်စုံခြင်း။

စက္ခုပသာဒ၏ ရှေ့တည့်တည့် ပြင်ပတွင် လူ၏အဆင်းသဏ္ဌာန်သည်လည်းကောင်း၊ ပြင်ပရှိ လူ၏သဏ္ဌာန်နှင့် စက္ခုပသာဒတို့၏ (၂)ခုအကြားကွင် ပကတိဟင်းလင်းပြင်သည်လည်းကောင်း၊ စက္ခုပသာဒ၏ ကောင်းမွန်ခြင်းသည်လည်းကောင်း ထိုအကြောင်းတရား(၃)ပါးတို့သည် ပြည့်စုံ၏။ သို့သော် လုံလောက်သော အလင်းရောင် မရှိက စက္ခုပသာဒ၌ လူ၏ အဆင်းရှုပါရုံသည် မထင်နိုင်ပေ။ ထို့ကြောင့် **အလင်းရောင်၏ လုံလောက်ပြည့်စုံခြင်း**သည်လည်း စက္ခုပသာဒ၌ လူဟူသောအဆင်းရှုပါရုံထင်ခြင်း၏ အကြောင်းတစ်ပါးပင် ဖြစ်သည်။

(ဂ) ပြင်ပအဆင်းသဏ္ဌာန်နှင့် စက္ခုပသာဒတို့အကြား ပကတိဟင်းလင်းပြင် ရှိခြင်း။

စက္ခုပသာဒ၏ ရှေ့တည့်တည့်ပြင်ပတွင် လူ၏အဆင်းသဏ္ဌာန်သည်လည်းကောင်း၊ လုံလောက်ပြည့်စုံသောအလင်းရောင်သည်လည်းကောင်း၊ စက္ခုပသာဒ၏ ကောင်းမွန်ခြင်းသည်လည်းကောင်း ထိုအကြောင်းတရား (၃)ပါးတို့သည် ပြည့်စုံသည်။ သို့သော် ပြင်ပဗဟိဒ္ဓ အဆင်းသဏ္ဌာန်နှင့် စက္ခုပသာဒတို့အကြား မျက်စိ မှိတ်ထားခြင်း စသော တစ်စုံတစ်ရာ ကာကွယ်ထားလျှင် စက္ခုပသာဒ၌ အဆင်းရှုပါရုံသည် မထင်နိုင်ပေ။ ထို့ကြောင့် **ပြင်ပအဆင်းသဏ္ဌာန်နှင့် စက္ခုပသာဒတို့အကြား တစ်စုံတစ်ရာ ကာကွယ်မှုမရှိ ပကတိ ဟင်းလင်းပြင်ရှိခြင်း**သည်လည်း စက္ခုပသာဒ၌ လူ၏ အဆင်းရှုပါရုံထင်ခြင်း၏ အကြောင်းတစ်ပါးပင် ဖြစ်သည်။

(ဃ) စက္ခုပသာဒ၏ကောင်းမွန်ခြင်း။

စက္ခုပသာဒ၏ ရှေ့တည့်တည့်ပြင်ပတွင် လူ၏အဆင်းသဏ္ဌာန်သည်လည်းကောင်း၊ အလင်းရောင်၏ လုံလောက်ပြည့်စုံခြင်းသည်လည်းကောင်း၊ ပြင်ပအဆင်းသဏ္ဌာန်နှင့် စက္ခုပသာဒတို့အကြား တစ်စုံတစ်ရာ ကာကွယ်မှုမရှိ ပကတိဟင်းလင်းပြင် ရှိခြင်းသည်လည်းကောင်း ထိုအကြောင်းတရား (၃)ပါးတို့သည် ပြည့်စုံ၏။ သို့သော် စက္ခုပသာဒ မကောင်းမွန်လျှင် စက္ခုပသာဒ၌ အဆင်းရှုပါရုံသည် မထင်နိုင်ပေ။ ထို့ကြောင့် **စက္ခုပသာဒ၏ ကောင်းမွန်ခြင်း**သည်လည်း စက္ခုပသာဒ၌ လူ၏အဆင်းရုပ် ရှုပါရုံထင်ခြင်း အကြောင်း တစ်ပါးပင် ဖြစ်သည်။

ထိုအကြောင်းတရား(၄)ပါး ပြည့်စုံမှသာလျှင် စက္ခုပသာဒအခံမာတ်၌ ပြင်ပလူ၏ သဏ္ဌာန်နှင့် တူညီသော အဆင်းရှုပါရုံသည် ထင်ရှားဖြစ်ပေါ်လာခြင်းဖြစ်သည်။

စက္ခုဝိညာဏ် ဖြစ်ပေါ်လာပုံ

စက္ခုပသာဒ၌ထင်သော လူပုံရိပ်, အလင်း, နှလုံးသွင်းမှု(မနသိကာရ)တို့ အကြောင်းညီညွတ်ခြင်းကြောင့် အကျိုးဆက် စက္ခုဝိညာဏ် ဖြစ်ပေါ်လာ၏။ စက္ခုဝိညာဏ်ဖြစ်ခြင်း၏ မုချအကြောင်းမှာ စက္ခုပသာဒရုပ်၌ ရှုပါရုံ(အဆင်းအာရုံ)ထင်ခြင်းပင် ဖြစ်သည်။ အလင်း၊ မနသိကာရ စသော အကြောင်းများကလည်း လျော်ညီစွာ ပြုပြင်ကြသည်။ ဤကား **"စက္ခုသ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"**[၂] ဟူသော ဒေသနာတော်နှင့်အညီ စက္ခုဒွါရ(စက္ခုပသာဒ)၌ အဆင်းရှုပါရုံ ရုပ်တရားနှင့် စက္ခုဝိညာဏ် နာမ်တရားတို့၏ ဖြစ်ကြောင်းသဘောကို ဖော်ပြခြင်းဖြစ်သည်။

---

[၂] ဥပရိပဏ္ဏာသပါဠိ၊ သဠာယတနဝဂ္ဂ၊ ဆဆက္ကသုတ္တံ-၄၂၁ နာ-၃၂၇

http://www.dhammadownload.com

ထိုစက္ခုဒ္ဒါရတွင် တည်ရှိသော စက္ခုပသာဒ ရုပ်တရားကိုလည်းကောင်း၊ စက္ခုပသာဒ၌ ထင်သော ရူပါရုံ(အဆင်း)ရုပ်တရားကိုလည်းကောင်း စွဲ၍ အဆင်းရူပါရုံကို သိကာမျှ သိမြင်သော စက္ခုဝိညာဏ် နာမ်တရား ဖြစ်ပေါ်လာ၏။ ထိုစက္ခုဝိညာဏ် နာမ်တရားတွင် လောဘ, ဒေါသ, မောဟ စသော ကိလေသာတို့ မကိန်းပေ။ ထို့ကြောင့် စက္ခုဒ္ဒါရရှိ စက္ခုပသာဒရုပ်၊ အဆင်း ရူပါရုံနှင့် စက္ခုဝိညာဏ်တို့သည် အကျိုးတရား ဒုက္ခက္ခန္ဓာသက်သက်မျှသာဖြစ်သည်။ မှန်၏။ ထိုသဘောတရားတို့သည် အကြောင်းအကြောင်း တို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက် တရားတို့သာဖြစ်သည်။ အတိတ် အကြောင်းမရှိလျှင် သော်လည်းကောင်း၊ ပစ္စုပ္ပန်အကြောင်းတို့ မပြည့်စုံလျှင်သော်လည်းကောင်း ထိုစက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်တို့ ဖြစ်ပေါ်လာမည် မဟုတ်ပေ။

သောတဒ္ဒါရ။ ။သောတဒ္ဒါရတွင် သောတပသာဒ အကြည်ဓာတ်ရှိသည်။ ၎င်းအကြည်ဓာတ်သည် နားစည်အတွင်း၌ လက်စွပ်ကွင်းသဏ္ဌာန်ရှိ၍ အသံအမျိုးမျိုးကို မူရင်းမပျက် လက်ခံရာဌာန ဖြစ်သည်။ ၎င်းအကြည်ဓာတ်နှင့် သဒ္ဒါရုံ (အသံအာရုံ)တို့ ထိခိုက်ပေါင်းဆုံကြသည့်အခါ သောတဝိညာဏဓာတ် (ကြားသိစိတ်) ဖြစ်ပေါ်လာသည်။ ထို့ကြောင့် သောတဒ္ဒါရသည် အကြည်ဓာတ်နှင့် သောတဝိညာဏဓာတ် တို့၏ တည်ရာ မှီရာဖြစ်သည်။ အသံဓာတ်နှင့် တိုက်ဆိုင်လျှင် အသံဓာတ်၏ ကိန်းရာလည်းဖြစ်၏။ ထိသောတဒ္ဒါရမှ ရုပ်နာမ်ဖြစ်စဉ်ကို စက္ခုဒ္ဒါရ ရုပ်နာမ်ဖြစ်စဉ်မှာကဲ့သို့ နှိုင်းယှဉ်သုံးသပ်ပါ။

ဃာနဒ္ဒါရ။ ။ဃာနဒ္ဒါရတွင် ဃာနပသာဒ အကြည်ဓာတ်ရှိသည်။ ၎င်းအကြည်ဓာတ်သည် နှာခေါင်းအတွင်း၌ ဆိတ်ခွာသဏ္ဌာန် ရှိ၍ အနံ့အမျိုးမျိုးကို မူရင်းမပျက် လက်ခံရာဌာနဖြစ်သည်။ ၎င်းအကြည်ဓာတ်နှင့် ဂန္ဓာရုံ (အနံ့အာရုံ)တို့ ထိခိုက်ပေါင်းဆုံကြသောအခါ ဃာနဝိညာဏဓာတ် (နံသိစိတ်) ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ဃာနဒ္ဒါရသည် အကြည်ဓာတ်နှင့် ဃာနဝိညာဏဓာတ်တို့၏ တည်ရာမှီရာဖြစ်သည်။ အနံ့ဓာတ်နှင့် တိုက်ဆိုင်လျှင် အနံ့ဓာတ်၏ ကိန်းရာလည်းဖြစ်၏။ ထိဃာနဒ္ဒါရမှ ရုပ်နာမ်ဖြစ်စဉ်ကို စက္ခုဒ္ဒါရ ရုပ်နာမ်ဖြစ်စဉ်မှာကဲ့သို့ နှိုင်းယှဉ်သုံးသပ်ပါ။

ဇိဝှါဒ္ဒါရ။ ။ဇိဝှါဒ္ဒါရတွင် ဇိဝှါပသာဒ အကြည်ဓာတ်ရှိသည်။ ၎င်းအကြည်ဓာတ်သည် လျှာ၏ အလည်အရပ်၌ ကြာဖတ်သဏ္ဌာန်ကဲ့သို့ ရှိ၍ အရသာအမျိုးမျိုးကို မူရင်းမပျက်စေပဲ လက်ခံရာ ဌာန ဖြစ်သည်။ ၎င်းအကြည်ဓာတ်နှင့်ရသာရုံတို့ ထိခိုက်ပေါင်းဆုံကြသောအခါ ဇိဝှါဝိညာဏဓာတ် (အရသာသိစိတ်) ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ဇိဝှါဒ္ဒါရသည် အကြည်ဓာတ်နှင့် ဇိဝှါဝိညာဏ ဓာတ်တို့၏ တည်ရာမှီရာ ဖြစ်သည်။ အရသာဓာတ်နှင့် တိုက်ဆိုင်လျှင် အရသာဓာတ်၏ ကိန်းရာလည်းဖြစ်၏။ ထိဇိဝှါဒ္ဒါရမှ ရုပ်နာမ်ဖြစ်စဉ်ကို စက္ခုဒ္ဒါရ ရုပ်နာမ်ဖြစ်စဉ်မှာကဲ့သို့ နှိုင်းယှဉ်သုံးသပ်ပါ။

ကာယဒ္ဒါရ။ ။ကာယဒ္ဒါရတွင် ကာယပသာဒအကြည်ဓာတ်ရှိသည်။ ၎င်းအကြည်ဓာတ်သည် ခန္ဓာကိုယ်တွင် သွေးနှင့် အစိုဓာတ်ရှိရာ နေရာတိုင်းတွင် တည်ရှိသည်။ အတွေ့အထိ အမျိုးမျိုးကို လက်ခံနိုင်သည်။ ၎င်းအကြည်ဓာတ်နှင့် ဖောဋ္ဌဗ္ဗာရုံတို့ ထိခိုက်ပေါင်းဆုံကြသောအခါ ကာယ ဝိညာဏဓာတ် (ထိသိစိတ်) ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ကာယဒ္ဒါရသည် အကြည်ဓာတ်နှင့် ကာယဝိညာဏဓာတ်တို့၏ တည်ရာမှီရာဖြစ်သည်။ အတွေ့ဓာတ်နှင့် တိုက်ဆိုင်လျှင် အတွေ့ဓာတ် ၏ ကိန်းရာလည်း ဖြစ်၏။ ထိကာယဒ္ဒါရမှ ရုပ်နာမ် ဖြစ်စဉ်ကို စက္ခုဒ္ဒါရရုပ်နာမ်ဖြစ်စဉ်မှာကဲ့သို့ နှိုင်းယှဉ်သုံးသပ်ပါ။

http://www.dhammadownload.com

ဤကဲ့သို့ ပသာဒရုပ်ငါးမျိုး၊ ၎င်းတို့ကို မှီ၍ဖြစ်သော ငါးမျိုးသော အပြင်အတိုက်ဓာတ်ရုပ်တရားတို့နှင့် ဆိုင်ရာ ပဋ္ဌဝိညာဏ်ဓာတ်တို့သည် ဝိပဿနာ ရှုရာ အရှုခံအာရုံများ ဖြစ်သည်။ ထိုအရှုခံအာရုံများကို ပိုင်းခြားမြင်နိုင်သည့် သမာဓိရရှိရန် အားထုတ်ခြင်းကို တရားကျင့်သည် တရားရှာသည်ဟုခေါ်သည်။*

ဤကား ပဋ္ဌဒ္ဓါရ၏ သဘောဂုဏ်သတ္တိ အဓိပ္ပာယ်အကျဉ်းမျှ ဖြစ်သည်။

၁၂။ အတွင်းအတိုက်ဓာတ်ခြောက်ပါးနှင့် ခန္ဓာဖြစ်စဉ် (အပိုင်း--၈)

အတွင်းအတိုက်ဓာတ်ဟူသည် အာရုံခြောက်ပါးတို့၏ ကောင်းရသ၊ ဆိုးရသတို့အား ဆိုင်ရာ ဝေဒနာကွန်ရှာနှင့် ဆက်စပ်ပေးသော ဖဿ ဖြစ်သည်။ ဆိုလိုရင်းမှာ ပုံစံ(၁) ခန္ဓာတည်ဆောက်ဖွဲ့စည်းပုံ၌ အပိုင်း(ဂ)အောက်တွင် တွေ့မြင်ရသည့်အတိုင်း အပိုင်း(ခ)ပါ ဒွါရ(၅)ခုနှင့် အပိုင်း(ဃ)ပါ မနောဒွါရအား အပြန်အလှန် ဆက်သွယ်ပေးတတ်သောသဘော ဖြစ်သည့် သခ်ါရကွန်ရှာ နာမ်တရားကို ဆိုလိုပါသည်။ ၎င်းကို ဒေသနာတော်တို့၌ ဖဿ (တွေ့ထိစေခြင်း)ဟု ဟောတော်မူသည်။† ဖဿ၏သဘောသည် အာရုံနှင့်မနကို ဆက်စပ်ပေးခြင်းဟုလည်း နားလည်ပါ။ ထိုဖဿသည်လည်း ဖြစ်ရာအရပ်ကို စွဲ၍ (၆)မျိုးရှိသည်။ ၎င်းတို့မှာ--

(၁) စက္ခုပသာဒသို့ ကျရောက်သော ရူပါရုံကို ရူပဓမ္မာရုံ(သဘော)အဖြစ် ဆောင်၍ ဘဝင်စိတ်သို့ ပို့ဆောင်ပေးခြင်း (စက္ခုသမ္ဖဿ)

(၂) သောတပသာဒသို့ ကျရောက်သော သဒ္ဒါရုံကို သဒ္ဒဓမ္မာရုံ(သဘော)အဖြစ် ဆောင်၍ ဘဝင်စိတ်သို့ ပို့ဆောင်ပေးခြင်း (သောတသမ္ဖဿ)

(၃) ဃာနပသာဒသို့ ကျရောက်သော ဂန္ဓာရုံကို ဂန္ဓဓမ္မာရုံ(သဘော)အဖြစ် ဆောင်၍ ဘဝင်စိတ်သို့ ပို့ဆောင်ပေးခြင်း (ဃာနသမ္ဖဿ)

(၄) ဇိဝှါပသာဒသို့ ကျရောက်သော ရသာရုံကို ရသဓမ္မာရုံ(သဘော)အဖြစ် ဆောင်၍ ဘဝင်စိတ်သို့ ပို့ဆောင်ပေးခြင်း (ဇိဝှါသမ္ဖဿ)

(၅) ကာယပသာဒသို့ ကျရောက်သော ဖောဋ္ဌဗ္ဗာရုံကို ဖောဋ္ဌဗ္ဗဓမ္မာရုံ(သဘော)အဖြစ်ဆောင်၍ ဘဝင်စိတ်သို့ ပို့ဆောင်ပေးခြင်း (ကာယသမ္ဖဿ)

---

* တရားကျင့်သည့် ယောဂီတိုင်းတွင် ဒွါရငါးမျိုးရှိသည်လည်း တူ၏။ ပစ္စုပ္ပန်တိုက်ဆိုင်ဆဲ အာရုံနှင့် ထိုအာရုံအသီးသီးကို လက်ခံသော ဆိုင်ရာဝိညာဏ်ငါးလုံး ရှိသည်လည်း တူ၏။ ၎င်းရုပ်နာမ်တို့ကို မြင်အောင် ရှုမည့် မဂ္ဂင်ရှစ်ပါးလည်း တူ၏။ ထို့ကြောင့် တရားတွေ့လျှင်လည်း တူရမည်ဖြစ်သည်။ မိမိနည်းနှင့်မိမိ ထိုပရမတ်ရုပ်နာမ်များကို တွေ့မြင်အောင် ကျင့်ကြံအားထုတ်ကြရာတွင် မိမိနှစ်သက်သလို ကျင့်နိုင်သည်။ ကျင့်ကြံအားထုတ်သောအခါ၌ ကြမ်းကြမ်းပဲရှုရှု၊ ဖြည်းဖြည်းပဲရှုရှု၊ မရှုဘဲနှင့်ပဲ ကျင့်ကျင့်၊ နာရီတို့ နာရီရှည်ပဲ ကျင့်ကျင့်၊ မှတ်ပြီးတော့ပဲ ကျင့်ကျင့်၊ အငြင်းပွားဖွယ် မဟုတ်ပါ။ အကယ်၍ တရားကျင့်သောယောဂီသည် ထိုပရမတ်ရုပ်နာမ်များကို မတွေ့မြင်သေးလျှင် ကျင့်စဉ်မှား၍သော်လည်းကောင်း၊ အကျင့်အားနည်း၍သော်လည်းကောင်း ဖြစ်လိမ့်မည်။ ဤနှစ်ချက်ကိုသာ ဆန်းစစ်သင့်သည်။ ပဋ္ဌဒ္ဓါရရှိ အရှုခံအာရုံများ မြင်နိုင်ရန် လက်တွေ့ကျင့်စဉ်တက်ပုံကို အခန်း(၃)၌ ရေးသားဖော်ပြထားသည်။

† ရုပ်နှင့် ရုပ်ချင်း ထိတွေ့ခြင်းကို ဖဿဟု မယူအပ်။ ရုပ် ရုပ်ချင်း ထိခိုက်ခြင်းသည် "သပ္ပဋိဃ"ဟူ၍ ဒေသနာတော်၌ သီးသန့် ဝေါဟာရ ရှိပြီးဖြစ်သည်။

http://www.dhammadownload.com

(၆) ပစ္စုပ္ပန် ပဋ္ဌဒ္ဓါရတို့တွင် ကျရောက်ဆဲ အာရုံကို‡ မနောမှ ရှေးရှုညွှတ်လျက် အာရုံနှင့် မနကို ထိတွေ့ပေးခြင်းနှင့် အတိတ်, အနာဂတ် ကာလဝိမုတ် ဓမ္မာရုံအမျိုးမျိုးသို့ ရှေ့ရှုညွှတ်သော မနောသမ္ဖဿ ဟူ၍ ဖြစ်သည်။

၁၃၃။ ဖဿ ဖြစ်ပေါ်လာပုံ

မီးခြစ်ဥပမာ

မီးခြစ်တွင် မီးတောက်ရန်အတွက် ဘီး, မီးစာနှင့် ကျောက်တို့ ရှိကြသည်။ မီးတောက်ရန် အတွက် ဆိုင်ရာပစ္စည်းများက ကျောက်နှင့်ဘီးကို စောင့်ရှောက်မှု အကြောင်းညီညွတ်စွာ ပြုထားသည်။ သံဘီးသည် မာကျော၍ အဆွယ်အစင်းများဖြင့် ပြုလုပ်ထားသည်။ ကျောက်ကို မီးပွင့်စေရန် ဓာတုဗေဒနည်းဖြင့် ပြုလုပ်ဖန်တီးထားသည်။ ထိုသဘောတရားတို့သည် အကြောင်းခံ တရားများ ဖြစ်ကြသည်။ သံဘီးကို လက်မဖြင့် ဖိပွတ်လိုက်သည်နှင့်တပြိုင်တည်း ဘီးသည် လည်ပတ်၍ ကျောက်ကိုပွတ်တိုက်ခြင်းကြောင့် အကျိုးတရား မီးပန်း ဖြစ်ပေါ်လာသည်။

ထိုမီးပန်းသည် အကြောင်းတရား ပြန်ဖြစ်ပြီး မီးစာကို သွားတိုက်ခိုက်သည်။ ထိုမီးပန်းနှင့် မီးစာ တွေ့ဆုံမှု အကြောင်းသစ် ထပ်ဖြစ်သည်နှင့်တပြိုင်တည်း လောင်စာဆီမှ မီးတောက်မှ အကျိုးတရား ဖြစ်ပေါ်လာသည်။ မီးစာ, လောင်စာဆီနှင့် မီးတောက်တို့ အကြောင်းညီညွတ်စွာ အကြောင်းသစ် ထပ်ပြုကြပြန်သည်။ ထိုအကြောင်းညီညွတ်မှုကြောင့် အကျိုးတရား "အလင်းဓာတ်" ရုပ်သစ်ထပ်၍ဖြစ်ပေါ်လာသည်။ တဖန် ထိုအလင်းဓာတ်ဟူသောအကြောင်းကြောင့် အကျိုးတရား အဖြစ် အမှောင်အောက်တွင် ရှိသော ပစ္စည်းများကို မီးခြစ်ခြစ်သူအား မြင်တွေ့စေသည်။

ထိုဥပမာတွင် သံဘီးသက်သက်မှလည်း မီးပန်းမထွက်၊ ကျောက်သက်သက်မှလည်း မီးပန်းမထွက်၊ လက်မသက်သက်မှလည်း မီးပန်းမထွက်ပါ။ လက်မက ဘီးကို စတင် ပွတ်တိုက်လိုက်၍ ဘီးကကျောက်ကို ပွတ်တိုက်လိုက်မှသာ ကျောက်မှ မီးပန်းထွက်လာသည်။ လက်မနှင့် ဘီးသည် ကျောက်မှ မီးပန်းထွက်ရန် အထောက်အပံ့ပေးသည့်သဘောမျှသာ ဖြစ်သည်။ ဘီးနှင့် ကျောက်တို့ ကြိတ်ပွတ်မှုလည်း အကြောင်းအနေဖြင့် ပါဝင်၏။ ကျောက်, ဘီး, လက်မ ထိုသုံးမျိုးတို့ တစ်နေရာတည်း တွေ့ဆုံ ကြိတ်ပွတ်လိုက်ခြင်းသည် **'တိဏ္ဏံ သင်္ဂတိ'**နှင့် သဘောချင်းတူ၏။

ထိုဥပမာကဲ့သို့ပင် စက္ခုဒ္ဒါရသည် မီးခြစ်တစ်ခုနှင့်တူ၏။ စက္ခုပသာဒသည် ဘီးနှင့်တူ၏၊ အဆင်း ရူပါရုံသည် လက်မနှင့်တူ၏၊ စက္ခုဝိညာဏ်သည် ကျောက်နှင့်တူ၍ စက္ခုသမ္ဖဿသည် မီးပန်းနှင့်တူ၏။ စက္ခုဒ္ဒါရဟူသော မီးခြစ်တစ်လုံးတွင် လက်မနှင့်တူသော အဆင်းရူပါရုံက သံဘီးလုံးနှင့်တူသော စက္ခုပသာဒကို ပွတ်တိုက်သကဲ့သို့ ထိတွေ့လိုက်သည့်အခါ ကျောက်နှင့်တူသော စက္ခုဝိညာဏ်မှ မီးပန်းတည်းဟူသော အကျိုးတရား စက္ခုသမ္ဖဿ ဖြစ်ပေါ်လာသည်။§

---

‡ စက္ခုသမ္ဖဿ ချုပ်စဉ် မနောသမ္ဖဿ ဖြစ်၏။ ထိုသဘောကို ဆက်လက် ရှင်းပြပေးမည်။

§ ဤနေရာတွင် ဖဿသည် ဝိညာဏ်မှ မုချဖြစ်ပေါ်လာကြောင်းကို သတိပြုရမည်။ ထို့ကြောင့် **"စက္ခုစ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော"**– စက္ခုဝတ္ထုနှင့်ရူပါရုံကို အစွဲပြု၍ စက္ခုဝိညာဏ် ဖြစ်ပေါ်လာ၏၊ ထိုစက္ခုဝတ္ထု၊ ရူပါရုံ၊ စက္ခုဝိညာဏ် သုံးမျိုးတို့၏ ပေါင်းဆုံမိခြင်းသည် ဖဿဖြစ်၏၊ ဟူသော စကားရပ်တွင် ပေါင်းဆုံခြင်းမျှသည် ဖဿ မဟုတ်သေးပါ။ ထိုတရားသုံးပါး ပေါင်းဆုံမိခြင်းကြောင့် ဖြစ်ပေါ်လာသည့် နာမ်ဓာတ်ကိုသာ ဖဿဟု မှတ်ရပါမည်။ ဤသို့ တိပိဋကပါဠိမြန်မာအဘိဓာန်၌ မိန့်ဆိုထားသည်။ ဖဿဟူသော သဒ်ါရက္ခန္ဓာ နာမ်တရားသည် ဝိညာဏ်နှင့်ကင်း၍ ဖြစ်ရိုးမရှိခြင်းကြောင့် (၀၊)

http://www.dhammadownload.com

ထို့ကြောင့် စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ် ထိုသုံးမျိုးတွေ့ဆုံခြင်း(တိဏ္ဏံ-သင်္ဂတိ)ကြောင့် စက္ခုသမ္ဖဿသည် စက္ခုဝိညာဏ်နှင့် တပြိုင်တည်း ထွက်ပေါ်လာခြင်း ဖြစ်သည်။ စက္ခုပသာဒနှင့် ရူပါရုံတို့သည်ကား စက္ခုဝိညာဏ်မှ စက္ခုသမ္ဖဿ ဖြစ်စေရန် အထောက်အပံ့ပေးသည့်သဘောမျှသာ ဖြစ်သည်။ **'ဝိညာဏပစ္စယာနာမရူပံ'** အရ ဝိညာဏ်သည် နာမ်တည်းဟူသော ဖဿကို မွေးဖွားပေး၏။ တစ်နည်းအားဖြင့်ဆိုသော် ဖဿဖြစ်ကြောင်း အထောက်အပံ့ပေး၏။

ထိုဖဿ၏ သဘောကိုမသိက သတ္တဝါတို့၏ စိတ်၌ တဏှာ, မာန, ဒိဋ္ဌိဖြစ်ရသည်။ တဏှာ, မာန, ဒိဋ္ဌိချုပ်ရန် တရားကျင့်ရာတွင် အရှုခံအာရုံဖြစ်သော ထိုဖဿ၏သဘောကိုလည်း သိရမည်။ တရားကျင့်သောယောဂီတိုင်း၌ ဖဿခြောက်မျိုးစီ ရှိကြသည်။ ထို့ကြောင့် အရှုခံအာရုံချင်းလည်း တူကြသည်။ ထိုအရှုခံအာရုံဖြစ်သည့် ဖဿသဘောကို မြင်နိုင်သည့် သမာဓိမျက်စိရရှိရန် အားထုတ်ခြင်းသည် တရားကျင့်သည် တရားရှာသည်မည်၏။ ထိုသဘောတရားကိုလည်း တရားကျင့်သည့် ယောဂီတိုင်း နားလည်ထားရမည် ဖြစ်သည်။ ဓမ္မတည်းဟူသော ဖဿကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားမြင်လျှင် အတူတူပင်ဖြစ်သည်။ ထိုဖဿ၏ သဘောကို မြင်အောင် ကျင့်စဉ်တက်ပုံကို ဤကျမ်းစာအုပ်၏ ကျင့်စဉ်ပိုင်း၌ ရေးသားဖော်ပြထားသည်။

၁၄။ အတွင်းအာယတနဓာတ် (ခေါ်) ဘဝင်အကြည် (အပိုင်း-ဃ)

ဝိပဿနာ၏ အရှုခံရုပ်နာမ်များအနက်မှ ပုံစံ(၁)၊ အပိုင်း(ဃ)ရှိ ဘဝင်ဟူသော မနောဒွါရသည် ဓမ္မာရုံတို့၏ သက်ရောက်ထင်ရှားရာ ဌာနဖြစ်သည်။ ဘဝင်၏သဘောသည် ပကတိစိတ်အကြည်ဓာတ် ဖြစ်သည်။ ၎င်းအကြည်ဓာတ်မှာ မဟာဘုတ်တို့၏ကြည်လင်မှုဟူသော အာရုံခံရုပ်တရားများ မဟုတ်ကြပေ။ ဒြပ်၊ သဏ္ဌာန်၊ အဆင်း ဟူ၍လည်း မရှိပေ။ သို့သော်လည်း ဓမ္မာရုံတရားများကို လက်ခံဖော်ပြခြင်းအမှုကို ပြုပါသည်။ ယင်းဘဝင်ဟူသော အာရုံခံမနောအကြည်ဓာတ်သည် ကုသိုလ်, အကုသိုလ် စေတသိက်ဓာတ်တို့ မရှိသော ဝိပါက်အကျိုးတရားသက်သက်ဖြစ်သော ဘဝင်စိတ် ဖြစ်သည်။ အကယ်၍ ကုသိုလ်, အကုသိုလ် စေတသိက်တို့ အာဂန္တုက(ဧည့်သည်)သဘောအားဖြင့် ဖြစ်ပေါ်လာလျှင် ယင်းအာရုံခံမနောအကြည်ဓာတ်ကို ဘဝင်စိတ်ဟု မခေါ်ဆိုနိုင်တော့ပဲ မနောဝိညာဏ်စိတ်ဟုသာ ခေါ်ဆိုနိုင်ပါတော့သည်။ ထိုမနောဝိညာဏ် စိတ်ကိုလည်း နှစ်မျိုးထပ်ခွဲရမည်ဖြစ်သည်။ အာရုံကျရောက်ဆဲ (ဥပါဒ်ဆဲ) ခဏ၌တည်သော **အဟိတ်မနောဝိညာဏ်**နှင့် ဥပါဒ်ပြီးနောက် ကုသိုလ်, အကုသိုလ်, စျာန်, မဂ်ဖိုလ်, နိဗ္ဗာန်ကို အာရုံပြုသော ဇောစိတ် **သဟိတ်မနောဝိညာဏ်** ဟူ၍ ခွဲခြားရမည်။

ဘဝင်အကြည်သည် အာရုံအမျိုးမျိုးတို့ ကျရောက်လျှင် ယင်းတို့၏ မူရင်းဂုဏ်သတ္တိအတိုင်း လက်ခံဖော်ပြသော သဘောဆောင်သည်။ ဒွါရငါးပေါက်သို့ ကျရောက်လာသော အာရုံငါးပါးတို့၏ ဓမ္မဓာတ်တို့သည် ဆိုင်ရာဒွါရမှတဆင့် ဘဝင်ဟူသော နာမ်အကြည်ဓာတ်သို့ ဦးတည်ကျရောက်ကြောင်းကို **"မနောဒွါရိကစိတ္တာနံ ပန ဆဒ္ဓိမဿိ ပစ္စုပ္ပန္နမတိတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟမာရမ္မဏံ ဟောတိ"**။[၃] - မနောဒွါရိက ဝီထိ စိတ်များကား အလွန်

ဝိညာဏ်ကိုမှီ၍ ဖြစ်ရသောကြောင့် ဖဿသည် ဝိညာဏ်မှ မုချအားဖြင့် ဖြစ်ပေါ်လာသည်။ ဤနေရာ၌ မီးခြစ်သောအခါ ကျောက်မှ မီးပန်းထွက်သည်ကို မြင်ရသကဲ့သို့ ဖဿ၏ ဖြစ်ပုံ၊ ချုပ်ပုံကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားမြင်ရခြင်းကို အဓိက တင်ပြလိုခြင်း ဖြစ်သည်။

[၃] အဘိဓမ္မတ္ထသင်္ဂဟ၊ ပကိဏ္ဏကပရိစ္ဆေဒ အာလမ္ဗဏသင်္ဂဟ-၅၂

http://www.dhammadownload.com

အစွမ်းသတ္တိရှိ၏။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဟူသော အာရုံခြောက်ပါးသဘောကိုပင် ထိုက်သလို အာရုံပြုနိုင်ပါသည်ဟု အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌ ပြဆိုထားပါသည်။ ဤနေရာတွင် **"မနောဒ္ဓါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ"**[၄] နှင့် **"ဆဒ္ဒသ ပန ဘဝင်္ဂမနသဒ္ဒါတော မနာယတနေကဒေသော၀ ဥပ္ပတ္တိဒ္ဒါရံ"**[၅] တို့နှင့်အညီ မနောဒ္ဓါရဟုဆိုလျှင် ဘဝင်စိတ်ကို ကောက်ယူရမည် ဖြစ်ပါသည်။ ထို့ကြောင့် ဘဝင်ဟူသည် အာရုံပေါင်းစုံလက်ခံရာဌာနဟုလည်း ခေါ်သည်။ ထိုဘဝင်စိတ်၏ သဘောအမှန်ကို မသိသဖြင့် သတ္တဝါတို့၏ စိတ်၌ တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ကာ သံသရာလည်ရသည်။ ခန္ဓာအစဉ်ရ၍ ဒုက္ခအစဉ် ခံစားရခြင်း ဖြစ်သည်။

ထိုဘဝင်ဟူသော မနောဒ္ဓါရသည် အကြောင်းခံအာရုံကိုလိုက်၍ ခြောက်မျိုး ကွဲပြားသည်။ ၎င်းတို့မှာ-

၁။ ရူပဓမ္မာရုံ ထင်သော မနောဒ္ဓါရ
၂။ သဒ္ဒဓမ္မာရုံ ထင်သော မနောဒ္ဓါရ
၃။ ဂန္ဓဓမ္မာရုံ ထင်သော မနောဒ္ဓါရ
၄။ ရသဓမ္မာရုံ ထင်သော မနောဒ္ဓါရ
၅။ ဖောဋ္ဌဗ္ဗဓမ္မာရုံ ထင်သော မနောဒ္ဓါရ
၆။ နိဗ္ဗာန်ကြဉ်သောဓမ္မာရုံများ ထင်သော မနောဒ္ဓါရ ဟူ၍ မနောဒ္ဓါရ ခြောက်မျိုးရှိသည်။

ထို့အတူ ပကတိကြည်လင်သောရေနှင့်တူသော မူလဘဝင်အကြည်သည် အကြောင်းခံအာရုံကို လိုက်၍ ခြောက်ပါးသောဓမ္မာရုံတို့အဖြစ် ပြောင်းလဲ၍ ထင်သော်လည်း အာရမ္မဏိကအားဖြင့် ဘဝင်ဟူသော မနောဒ္ဓါရ **တစ်မျိုး**သာရှိသည်။ ထို့ကြောင့် ပုံစံ(၁)၊ အပိုင်း(ဃ)ကို အတွင်းအာယတနဓာတ် **တစ်ပါး** ဟု ဆိုထားပါသည်။

တရားကျင့်သောယောဂီတိုင်း၌ ဘဝင်အကြည်နာမ်ဓာတ် ရှိကြသည်။ ထိုဘဝင်အကြည်၏ သဘောကို တွေ့ခြင်းသည် တရားတွေ့ခြင်း မည်၏။ ထိုကဲ့သို့ တရားကျင့်သောယောဂီတိုင်း၌ တစ်မျိုးတည်း တသဘောတည်းရှိသော ဘဝင်အကြည်ကို မြင်လျှင် မိမိတရားကျင့်စဉ်နည်းလမ်းမှန်ပြီဟုမှတ်ပါ။ ဘဝင်အကြည်၏သကောနှင့် မှန်သားပြင်၏သဘော တူညီသည်။ မှန်သည် အာရုံကို လိုက်ရှာခြင်းမပြု၊ မှန်ရှေ့သို့ ရောက်လာသော အဆင်းရုပ်ကိုသာ လက်ခံဖော်ပြသည်။ ထို့အတူ ဘဝင်အကြည်သည် အာရုံကို လိုက်ရှာခြင်းမပြု။ ရောက်ရှိလာသော အာရုံကိုသာ လက်ခံဖော်ပြသည်။ ပစ္စုပ္ပန်ထင်ရှား မရှိသော အတိတ်အာရုံဖြစ်သည့် မိမိဆွေမျိုးအပေါင်းအသင်းတစ်ဦးဦးကို အာရုံပြုလျှင်သော်လည်းကောင်း၊ ပစ္စုပ္ပန်အဆင်းအားဖြင့် ထင်ရှားမရှိသော အာရုံကိုယူလိုလျှင်သော်လည်းကောင်း ဘဝင်အကြည်၌ ထိုအာရုံများ ထင်ရှားစွာ ဖြစ်ပေါ်နေသည်ကို ပိုင်းခြားမြင်ရမည်။ ထိုကဲ့သို့မြင်မှ ဘဝင်မြင်သည်ဟု သတ်မှတ်ရမည်။ ထို ဘဝင်နှင့်အာရုံ အမျိုးမျိုးတို့သည် တရားရှုသော ယောဂီတို့၏ အရှုခံအာရုံများ ဖြစ်ကြသည်။ နည်းမှန်သည်၊ မမှန်သည်ကို ထိုဘဝင်အကြည်ကို ပိုင်းခြားမြင်ခြင်းမမြင်ခြင်းအပေါ်၌ မူတည်၍ ဆုံးဖြတ်ရမည်။ ထိုသဘောကိုမြင်လျှင် မိမိ၏သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ကျင့်စဉ်နည်းလမ်းမှန်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ကိုယ်တိုင်ပင် သံသယမရှိ လက်ခံပြီး ဖြစ်ပါလိမ့်မည်။ ထိုဘဝင်အကြည်သဘောကိုမမြင်လျှင် မိမိကျင့်စဉ်များ၌သော်လည်းကောင်း၊ မိမိကျင့်အားနည်း၍

---

[၄] အဘိဓမ္မတ္ထသင်္ဂဟ၊ ပကိဏ္ဏကပရိစ္ဆေဒ ဒွါရသင်္ဂဟ-၃၈

[၅] ဝိသုဒ္ဓိမဂ္ဂ (ဒုတိယဘာဂ)၊ အာယတနဓာတုနိဒ္ဒေသ-၅၁၃ နှာ-၁၁၂

http://www.dhammadownload.com

သော်လည်းကောင်း ဖြစ်ပေလိမ့်မည်။ ဤဘဝင်အကြည်ကို မြင်နိုင်ရန် ကျင့်စဉ်တက်ပုံကို အခန်း(၃) လက်တွေ့ကျင့်စဉ်တက်ပုံ၌ ရေးသားဖော်ပြထားသည်။

မှီတတ်သောသဘောသည် အပြင်သဘော ရှိ၍ အမှီခံရာသဘောသည် အတွင်းသဘော ရှိသည်။ ပုံစံ(၁)၊ အပိုင်း(ခ)ရှိအာယတန(၅)ပါးနှင့်(ဃ)တို့၌ရှိသော ဘဝင်အကြည် အပါအဝင် ဖြစ်သော အတွင်းအာယတန(၆)ပါးတို့သည်အမှီခံရာသဘောရှိသည်ဖြစ်ရကား အဏ္ဏတ္တိကာယတန ဟု ဒေသနာတော်၌ သုံးနှုန်းထားသည်။

ဒွါရတစ်ပေါက်ပေါက်ကို ပစ္စုပ္ပန်အာရုံတစ်ခုခု တိုက်ဆိုင်ဆဲ၌ အရှုခံဝိညာဏ် နှစ်ခုစီနှင့် အရှုဉာဏ် ဝိညာဏ် တစ်ခုစီရှိသည်ကို သတိပြုနားလည်ပါ။ ယင်းဝိညာဏ်တို့သည် ဆိုင်ရာဒွါရနှင့် ဘဝင်အကြည်ကိုမှီ၍ ဖြစ်ကြပြီး မိမိတို့ မှီရာဌာန အသီးသီးမှာပင် ချုပ်ကြသည်။ ၎င်းကို ပဋ္ဌာန်ရိကစိတ်ဟုခေါ်သည်။

- 'ရူပါရုံသည် စက္ခုပသာဒ၌ ထင်သည်ရှိသော် စက္ခုပသာဒကို မှီ၍ဖြစ်သော စက္ခုဝိညာဏ်နှင့် ဘဝင်အကြည်မှ ဖြစ်သော အဟိတ်မနောဝိညာဏ်တို့သည် အရှုခံဝိညာဏ်များဖြစ်၍ ဘဝင်အကြည်မှ ဖြစ်သော ကုသိုလ် အကုသိုလ်ဇောထိုက်သော သဟိတ်မနောဝိညာဏ်သည် အရှုဉာဏ်ဝိညာဏ် ဖြစ်သည်။'
- 'သဒ္ဒါရုံသည် သောတပသာဒ၌ ထင်သည်ရှိသော် သောတပသာဒကိုမှီ၍ဖြစ်သော သောတဝိညာဏ်နှင့် ဘဝင်အကြည်မှဖြစ်သော အဟိတ်မနောဝိညာဏ်တို့သည် အရှုခံဝိညာဏ်များဖြစ်၍ ဘဝင်အကြည်မှ ဖြစ်သော ကုသိုလ်, အကုသိုလ်ဇောထိုက်သော သဟိတ်မနောဝိညာဏ်သည် အရှုဉာဏ်ဝိညာဏ် ဖြစ်သည်။'
- 'ဂန္ဓာရုံသည် ဃာနပသာဒ၌ ထင်သည်ရှိသော် ဃာနပသာဒကို မှီ၍ဖြစ်သော ဃာနဝိညာဏ်နှင့် ဘဝင်အကြည်မှဖြစ်သော အဟိတ်မနောဝိညာဏ်တို့သည် အရှုခံဝိညာဏ်များ ဖြစ်၍ ဘဝင်အကြည်မှ ဖြစ်သော ကုသိုလ်, အကုသိုလ် ဇောထိုက်သော သဟိတ်မနောဝိညာဏ်သည် အရှုဉာဏ်ဝိညာဏ် ဖြစ်သည်။'
- 'ရသာရုံသည် ဇိဝှါပသာဒ၌ ထင်သည်ရှိသော် ဇိဝှါပသာဒကိုမှီ၍ဖြစ်သော ဇိဝှါဝိညာဏ်နှင့် ဘဝင်အကြည်မှဖြစ်သော အဟိတ်မနောဝိညာဏ်တို့သည် အရှုခံဝိညာဏ်များဖြစ်၍ ဘဝင်အကြည်မှဖြစ်သော ကုသိုလ်, အကုသိုလ် ဇောထိုက်သော သဟိတ်မနောဝိညာဏ်သည် အရှုဉာဏ်ဝိညာဏ် ဖြစ်သည်။'
- 'ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒ၌ ထင်သည်ရှိသော် ကာယပသာဒကိုမှီ၍ဖြစ်သော ကာယဝိညာဏ်နှင့် ဘဝင်အကြည်မှဖြစ်သော အဟိတ်မနောဝိညာဏ်တို့သည် အရှုခံများဖြစ်၍ ဘဝင်အကြည်မှ ဖြစ်သော ကုသိုလ်, အကုသိုလ် ဇောထိုက်သော သဟိတ်မနောဝိညာဏ်သည် အရှုဉာဏ်ဝိညာဏ် ဖြစ်သည်။'

ခြုံငုံ၍ဆိုရသော် အရှုခံ အဟိတ်မနောဝိညာဏ်နှင့် အရှုဉာဏ်စိတ် (ခေါ်) ကုသိုလ်, အကုသိုလ် ဇောထိုက်သော သဟိတ်မနောဝိညာဏ်စိတ်တို့သည် ဘဝင်ကိုပင်မှီ၍ဖြစ်သည်။ ၎င်းတို့ကို အရာဌာန အားလျော်စွာ ပဋ္ဌာန်ရိကစိတ်ဟုလည်းကောင်း၊ မနောဒွါရိကစိတ်ဟူ၍လည်း ခေါ်သည်။

http://www.dhammadownload.com

၁၊၅။ အတွင်းအပေါ်ဓာတ် (အပိုင်း-၄)

အပေါ်ဓာတ်ဟူသည် မနောဒွါရဝဇ္ဇန်းနှင့်တကွဖြစ်သော ကုသိုလ်စေတသိက် အကုသိုလ် စေတသိက်တို့နှင့်ယှဉ်သော ဇောစိတ်ပင် ဖြစ်၏။ **၎င်းကို သဟိတ်မနောဝိညာဏ်ဟုခေါ်သည်။** ထို သဟိတ်မနောဝိညာဏ်ကို---

- ပုံစံ(၁)ပါ အပိုင်း (က, ခ, ဂ, ဃ)တို့၏ ရုပ်နာမ်ခန္ဓာဖြစ်စဉ်ကို မြင်သော(ပရမတ်အာရုံသိ) မနောဝိညာဏ်၊
- ပုံစံ(၁)ပါ အပိုင်း (က, ခ, ဂ, ဃ)တို့၏ ရုပ်နာမ်ခန္ဓာဖြစ်စဉ်ကို မမြင်သော (ပညတ် အာရုံသိ) မနောဝိညာဏ်၊
- နိဗ္ဗာန်ကို သိမြင်သော (ပရမတ်အာရုံသိ) မနောဝိညာဏ်

ဟူ၍ စွမ်းရည်အလိုက် ခေါ်ဆိုသတ်မှတ်ရသည်။ ၎င်းသဟိတ်မနောဝိညာဏ်ကို ကာမစိတ်၊ ဈာန်စိတ်၊ မဂ်စိတ်၊ ဖိုလ်စိတ်၊ အရှုညာဏ်စိတ်၊ နိဗ္ဗာန်အာရုံပြုစိတ် စသည်ဖြင့်လည်း ခေါ်ဆိုသည်။ သတ္တဝါတို့ ငါပဲ၊ ငါ့စိတ်ပဲဟု စွဲယူထားသောစိတ် ဖြစ်သည်။*

ပုံစံ(၁)ရှိ အပိုင်း(ခ)တွင် စိတ်(၅)မျိုး၊ အပိုင်း(ဃ)တွင် စိတ်(၁)မျိုး၊ အပိုင်း(င)တွင် စိတ်(၁)မျိုး ဟူ၍ တွေ့ရလိမ့်မည်။ အုပ်စုအားဖြင့် သုံးအုပ်စုသာရှိ၍ အမျိုးအစားအားဖြင့်မူ (၇)မျိုးရှိကြောင်း သိထားရမည်။ မူရင်းဂုဏ်သတ္တိအားဖြင့် အာရုံကို သိခြင်းသဘော (အာရမ္မဏဝိဇာနန) တစ်ခုတည်းသာ ရှိသည်။ တစ်စိတ်တည်းပင် ဖြစ်သည်ဟု ဆိုလိုသည်။ သို့သော်လည်း ဝိပါက်စိတ်၊ ဘဝင်စိတ်၊ အဟိတ်စိတ်၊ သဟိတ်စိတ် (ကုသိုလ်စိတ်၊ အကုသိုလ်စိတ်) စသည်ဖြင့် အခြေအနေကိုလိုက်၍ ကွဲပြားသွားသည်။ စိတ်တို့ကို ဖော်ပြရာတွင် အပိုင်း(ဂ)စိတ်ကို သီးခြားခွဲခြားဖော်ပြထားခြင်းမှာ ယင်းသည် ယှဉ်တွဲသော ကုသိုလ်စေတသိက် (သို့) အကုသိုလ်စေတသိက်တို့ကိုလိုက်၍ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်အဖြစ် ပြောင်းလဲသောကြောင့် ဖြစ်သည်။ အာရုံကို တဏှာ, မာန, ဒိဋ္ဌိဖြင့် စွဲယူသည်မှာလည်း ဤစိတ်၊ အာရုံ၏သဘောကို ပိုင်းခြားသိအောင် ရှုသည်မှာလည်း **ဤသဟိတ်မနောဝိညာဏ်စိတ်**၊ စိတ်စိတ်ချင်း ပြန်ရှုသည်မှာလည်း **ဤသဟိတ်မနောဝိညာဏ်စိတ်**ပင်ဖြစ်သည်။

တရားကျင့်သော ယောဂီတိုင်း၌ **ထိုသဟိတ်မနောဝိညာဏ်စိတ်**ရှိကြသည်မှာအတူတူပင် ဖြစ်သည်။ တဏှာ, မာန, ဒိဋ္ဌိဖြစ်ကြသည်ချင်းလည်း တူသည်။ အရှုခံအာရုံကို မြင်သည်လည်း တူရမည်။ သဘောချင်းလည်း တူရမည်။ ယခုဖော်ပြခဲ့သော စိတ်အစုအဝေးတို့၏ သဘောကို မြင်အောင် တရားကျင့်ကြခြင်းဖြစ်သည်။ ထိုစိတ်အစုအဝေးကို မြင်ရန်အားထုတ်ခြင်းကို တရားအားထုတ်သည်ဟု ခေါ်သည်။ ထိုစိတ်တို့ကို အမှန်တွေ့လျှင် နည်းမှန်ပြီဟု မှတ်ယူပါ။

---

* အဆိုပါ အပေါ်ဓာတ်သဟိတ်မနောဝိညာဏ်ကို ပုံစံ(၁)၊အပိုင်း(ဂ)၌ တွေ့မြင်ရလိမ့်မည်။ ၎င်းသည် ဆိုခဲ့ပြီးသည့်အတိုင်း စွမ်းရည်အလိုက် အရေအတွက် အမျိုးအစားအားဖြင့် များစွာရှိ၍ ဟဒယကို အမြဲတမ်း မှီသည်တို့လည်းရှိ၏။ အမြဲတမ်း မမှီသည်တို့လည်း ရှိ၏။ ရံခါမှီ၍ ရံခါမမှီသည်တို့လည်းရှိ၏။ ထိုသဟိတ်မနောဝိညာဏ်ဖြစ်မှသာ ယင်းဝိညာဏ်နှင့် ယှဉ်ဖက် ဝေဒနာ၊ သညာ၊ သင်္ခါရဟူသော နာမ်ခန္ဓာတို့သည် ပို၍ထင်ရှားသည်။ ထိုသဟိတ်မနောဝိညာဏ်သည် ပုဂ္ဂိုလ်အလိုက် အကုသိုလ်စေတသိက်တို့နှင့်လည်းကောင်း၊ ကုသိုလ်စေတသိက်တို့နှင့်လည်းကောင်း၊ အခြားသော စေတသိက်တို့နှင့်လည်းကောင်း ယှဉ်တွဲဖြစ်ကြရသည်။ ထိုကဲ့သို့ စေတသိက်များစုံနှင့် ယှဉ်တွဲ၍ ဖြစ်ရခြင်းကြောင့် ၎င်းသဟိတ်မနောဝိညာဏ်ကို အပေါ်ဓာတ်ဟု ခေါ်ပါသည်။ အပိုင်း(က,ခ,ဃ)တို့ကို အကြောင်းခံ၍ ဖြစ်ပေါ်လာသဖြင့် လည်း အပေါ်ဓာတ်ဟု ခေါ်သည်။

http://www.dhammadownload.com

၎င်းစိတ်အစုအဝေးကို မြင်နိုင်သည့် သမာဓိရရန် ကျင့်စဉ်တက်ပုံကို ဤကျမ်းစာအုပ်၏ ကျင့်စဉ်ပိုင်း၌ ရေးသားဖော်ပြထားသည်။

၁၊၅၊၁။ ဘဝင်နှင့် မနောဝိညာဏ်တို့၏သဘော

ဘုရင်ဥပမာ

တိုင်းပြည်တစ်ပြည်၌ အုပ်ချုပ်သော ဘုရင်တစ်ပါးသည် တံခါးငါးပေါက်ရှိသော နန်းတော်၏ အလယ်ခန်းမရှိ ရာဇပလ္လင်ထက်၌ စံစားနေသည်။ တံခါးတစ်ပေါက်စီတွင် တံခါးမှူးတစ်ဦးစီနှင့် အမတ်တစ်ဦးစီ စောင့်သည်။ ရာဇပလ္လင်ရှိရာ အလယ်ခန်းမ၏တံခါးပေါက်၌ ဘုရင်၏ကိုယ်ရံတော် လူယုံတစ်ဦးစောင့်သည်။ တံခါးမှူးငါးဦးသည် ဆိုင်ရာတံခါးဝတို့၌ တိုင်းသူပြည်သားတို့ လာရောက် ဆက်သသော လက်ဆောင်ပဏ္ဏာများကို လက်ခံပြီး ထိုလက်ဆောင်တို့ကို အမတ်ငါးဦးမှ ဘုရင့်ထံ သွားရောက်ဆက်သရသည်။ ဒွါရငါးပေါက်မှ ဆိုင်ရာလက်ဆောင်ပဏ္ဏာများကို ဆိုင်ရာဒွါရမှအမတ်နှင့် ကိုယ်ရံတော်လူယုံသည် ဘုရင့်ထံ မကုန်မချင်း တလှည့်စီကူညီဆက်သရသည်။[†] ထို့အပြင် ကိုယ်ရံတော်လူယုံသည်တိုင်းပြည်အတွက် အတိတ်အရေး၊ အနာဂတ်အရေးများနှင့် ပတ်သက်၍ ဘုရင့်ထံ အထွေထွေ အကြံပေးမှုများ ပြုလုပ်ရသည်။ ဘုရင်၊ မိဖုရားနှင့်တကွ မိသားစုက လက်ဆောင်ပဏ္ဏာများကို နန်းတော်တွင်း၌ သုံးဆောင်ခံစားကြံသည်။

ထိုလက်ဆောင်ပဏ္ဏာများကို ဘုရင်ကိုယ်တိုင် တိုင်းပြည်အတွင်း လိုက်ရှာခြင်းမပြုပါ။ တံခါးပေါက်ကိုလည်း သွားမယူပါ။ ဘုရင်သည် ဆက်သသော တိုင်းသူပြည်သားနှင့်လည်းမတွေ့၊ တံခါးမှူးနှင့်လည်း သွားရောက်မတွေ့ပါ။ ဆက်သသော ဆိုင်ရာအမတ်နှင့်သာ တစ်ကြိမ်လျှင် တစ်ဦးစီ လက်ခံတွေ့ဆုံပါသည်။

ဤဥပမာ၌ မနောဝိညာဏ်တည်းဟူသောစိတ်သည် ဘုရင်နှင့်တူ၍ ဝေဒနာ, သညာနှင့် ဖဿကြဉ်သော အခြားသော စေတသိက်တို့သည် ဘုရင့်မိသားစုနှင့်တူ၏။

ဘဝင်အကြည်သည် ဘုရင်စံမြန်းသောပလ္လင်နှင့်တူ၏။

ဒွါရငါးပေါက်သည် နန်းတော်တံခါးငါးပေါက်နှင့်တူ၏။

တံခါးမှူးငါးဦးသည် ပဉ္စဝိညာဏ် ငါးမျိုးနှင့်တူ၏။

အမတ်ငါးဦးသည် ပဉ္စဒွါရမှ ဖဿငါးမျိုးနှင့် တူ၏။

ဘုရင့်ကိုယ်ရံတော်လူယုံသည် မနောသမ္ဖဿနှင့်တူ၏။

တံခါးငါးပေါက်မှ ဆက်သသော လက်ဆောင်ပဏ္ဏာများသည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော အာရုံငါးပါးနှင့်တူ၏။

တိုင်းပြည်၏ အတိတ် အနာဂတ်ရေးရာတို့သည် ဓမ္မာရုံနှင့်တူ၏။

၎င်းဥပမာအရ ဒွါရငါးစုံ ဝိညာဏ်ငါးမျိုးတို့သည် အာရုံအသီးသီး လက်ခံရရှိပါက ၎င်းအာရုံတို့ကို ဆိုင်ရာဖဿမှ မနောဒွါရသို့သာ ဦးတည်ပို့ရသည်။ မနောသမ္ဖဿသည် ဓမ္မာရုံ အမျိုးမျိုးကို မနသို့ပို့ပေးရသည်။ သဟိတ်မနောဝိညာဏ်နှင့် ကျန်စေတသိက်အသီးသီးတို့သည် အာရုံအသီးသီးကို သဘာဝအလျောက် လက်ခံကြသည်။ ဘဝင်သည် အာရုံပေါင်းစုံဓမ္မာရုံတို့၏ တစ်ခုတည်းသောတည်ရာ ဖြစ်သည်။ ထိုသဘောတရားကို အာရုံပြု၍ တရားရှုမည့် မိမိခန္ဓာ၏ သဘောကို ဉာဏ်ဖြင့်သိပါ။

[†] ထိုဖဿနှစ်မျိုးတို့ အလုပ်လုပ်ပုံသဘောကို နှာ(၅၃)၌ ရှုပါ။

http://www.dhammadownload.com

ဘုရင်ကြီးသည် ပထမအဆင့် အာရုံအသီးသီးတို့ကို လက်ခံယူရုံမျှသာ ရှိပြီး အာရုံတို့၏ ကောင်းသဘော ဆိုးသဘောကို မသိသေးပေ။ ထိုအဆင့်ကို အဟိတ်မနောဝိညာဏ်နှင့် နှိုင်းယှဉ်သိပါ။ အာရုံအသီးသီးတို့၏ ကောင်းသဘော ဆိုးသဘောတို့ကို ခံစားစံစား၍ ကောင်း၏၊ ဆိုး၏ဟု ဆုံးဖြတ်သော ဘုရင်ကြီးသဘောနှင့် သဟိတ်မနောဝိညာဏ်စိတ်ကို နှိုင်းယှဉ်သိပါ။

သဟိတ်မနောဝိညာဏ်သည် အခြေအနေကိုလိုက်၍ အောက်ပါစေတသိက်များနှင့် ယှဉ်တွဲကြသည်။

၁၅၊၂။ စေတသိက်တို့၏ သဘောလက္ခဏာ

စိတ်နှင့် အတူဖြစ်၍ အတူချုပ်သော စေတသိက်တို့၏ သဘောလက္ခဏာအသီးသီးကို တရားအားထုတ်သူတို့ လွယ်ကူစွာ နားလည်နိုင်ရန် ပိဋကတ်စာပေကျမ်းဂန်တို့၌ ဖော်ပြထားသည်ကိုမှီး၍ လိုရင်းမျှသာ အဓိပ္ပာယ်ဖွင့်ဆိုတင်ပြပါမည်။*

စေတသိက်များ

သဗ္ဗစိတ္တသာဓာရဏစေတသိက်	၇ လုံး
ပကိဏ်းစေတသိက်	၆ လုံး
အကုသိုလ်စေတသိက်	၁၄ လုံး
သောဘနစေတသိက်	၂၅ လုံး

သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)လုံး (စိတ်တိုင်းနှင့်ဆက်ဆံသော စေတသိက်–၇လုံး)

၁။ ဖဿစေတသိက်	= အာရုံနှင့်မနကို တွေ့ထိတတ်သောနာမ် (အတွင်းအတိုက်ဓာတ်)
၂။ ဝေဒနာစေတသိက်	= အာရုံ၏အရသာကို ခံစားတတ်သောနာမ်
၃။ သညာစေတသိက်	= အာရုံအမျိုးမျိုးတို့ကို အမှတ်ပြုတတ်သောနာမ်
၄။ စေတနာစေတသိက်	= စေ့ဆော်တတ်သောနာမ်
၅။ ဧကဂ္ဂတာစေတသိက်	= စိတ်ကိုအာရုံ၌ ခိုင်မြဲအောင် စောင့်ရှောက်သောနာမ်
၆။ ဇီဝိတိန္ဒြေစေတသိက်	= နာမ်တရားများကို စောင့်ရှောက်တတ်သောနာမ်
၇။ မနသိကာရစေတသိက်	= အာရုံ၏သဘောကို နှလုံးသွင်းသောနာမ်

စိတ်ဖြစ်တိုင်းပါဝင်သည့် စေတသိက်(၇)လုံးတို့ စိတ်ကိုခြုံရုံပုံ

အထက်ပါ စေတသိက်(၇)လုံးတို့၏ သဘောကို သေချာစွာ ဆန်းစစ်ကြည့်လျှင် စိတ်ကို အမျိုးမျိုး ခြယ်လှယ်တတ်သောသဘောဆောင်နေသည့် နာမ်တရား၏ ဂုဏ်သတ္တိခုနှစ်မျိုးကို တွေ့ရသည်။ ထို့ကြောင့် စေတသိက်ဟူသည် စိတ်ကိုခြုံရုံ၍ အမျိုးမျိုး ခြယ်မှုန်းတတ်သော နာမ်တရားများ ဖြစ်သည်။ မသိလျှင် စိတ်သက်သက် တစ်မျိုးတည်းဟု ထင်ကြသည်။ တရားအားထုတ်ကြရာတွင် အချို့ယောဂီတို့သည် စိတ်ကိုပျောက်အောင်၊ချုပ်အောင်၊ ဖြစ်ပျက်ဆုံးအောင် ကျင့်ကြသည်မှာ မှားသောအကျင့်ဖြစ်သည်။ (နိရောဓသမာပတ်မှတပါး) နိဗ္ဗာန်ကို အာရုံပြုသည့်

---

* ပရမတ်အာရုံဖြစ်သော ရုပ်ဓာတ်နာမ်ဓာတ်တို့ကို ဝိပဿနာဉာဏ်ဖြင့်ရှုနေစဉ် သဘောသတ္တိသက်သက်မျှသာ သိမြင်ရပြီး အမည်နာမပညတ်များဖော်ပြမှု မတွေ့ရပါ။ သို့သော် ရေးသားပြောဆိုမှု ပြုလုပ်သောအခါ ပညတ်ကို အသုံးပြုရသည်။ ထိုသို့ပညတ်ကို အသုံးပြုရာတွင် ဘုရားဟောပါဠိတော်မှ အနီးစပ်ဆုံး ပညတ်များ ထည့်သွင်းအသုံးပြုရသည်။ စာဖတ်သူတို့သည် သဘောသတ္တိများကိုသာ အဓိကထား၍ ဉာဏ်ဖြင့် အာရုံပြုပါ။

http://www.dhammadownload.com

တိုင်အောင် စိတ်သည် ဖြစ်ပျက်အစဉ်နှင့် ရှိနေဦးမည်။ ရဟန္တာသည်ပင်လျှင် စိတ်အစဉ်အတန်း ရှိနေဦးမည်။ ၎င်းနှင့်ယှဉ်ဖက် စိတ်ရှိတိုင်းယှဉ်တွဲနေသည့် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဇိဝိတိန္ဒြိယ၊ မနသိကာရ၊ ဧကဂ္ဂတာ စေတသိက်(၇)လုံးနှင့် ပကိဏ်းစေတသိက်(၆)လုံး ယှဉ်နေကြသည်။ ထို့အပြင် သောဘနသာဓာရဏစေတသိက်(၂၅)ပါးလည်း ရှိနေဦးမည်။ နာမ်တရားများ ဖြစ်ပျက်ဆုံးသည်မှာ ခန္ဓပရိနိဗ္ဗာန် ပြုပြီးမှသာလျှင် စိတ်အစဉ်အတန်း ဖြစ်ပျက်ဆုံးမည်။ ထိုစိတ် စေတသိက်တို့ကို အဖြစ်ဆုံး၊ အပျက်ဆုံးအောင် ကျင့်လျှင်မှားသည်။ အကုသိုလ်စေတသိက်(၁၄)လုံးသာ ဖြစ်ပျက်ဆုံးရမည်။ သောတာပန်ပုဂ္ဂိုလ်သည် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ နာမ်နှစ်မျိုးသာ ဖြစ်ပျက်ဆုံးသည်။ ရဟန္တာတို့သည် ပရိနိဗ္ဗာန်ပြုသော စုတိစိတ်တိုင်အောင် မောဟစသော အကုသိုလ်စေတသိက်နှင့် မယှဉ်သော စိတ်စေတသိက်တို့သည် မရပ်မနား ဖြစ်ပျက်အစဉ်အတန်းဖြင့် ရှိနေမည်။ ၎င်းနာမ်တရားများ ဖြစ်ပျက်ဆုံးအောင် ကျင့်ဖို့မဟုတ်ပါ။ ပဉ္စဝိညာဏ်, အဟိတ်, သဟိတ်မနောဝိညာဏ်စိတ်တို့ ဖြစ်ပျက်ဆုံးရန် မကျင့်ရပါ။

စိတ်၌ ပြိုးပြိုးပြောက်ပြောက် ယှဉ်တတ်သော စေတသိက်(၆)မျိုး

၁။ ဝိတက္က = အာရုံကို ရှာဖွေကြံစည်ခြင်း
၂။ ဝိစာရ = ရှာဖွေကြံစည်၍ရသော အာရုံ၏သဘောကို အဖန်ဖန်သုံးသပ်ခြင်း
၃။ ပီတိ = အာရုံကို နှစ်သက်ခြင်း
၄။ ဆန္ဒ = အာရုံကို အလိုရှိခြင်း
၅။ အဓိမောက္ခ = အာရုံ၏ သဘာဝကိုဆုံးဖြတ်ခြင်း
၆။ ဝီရိယ = အားထုတ်ခြင်း

ပကိဏ်းစေတသိက်ဟူသည် စိတ်၌ (၆)ပါးလုံးသော်လည်းကောင်း၊ လျော့နည်း၍သော်လည်းကောင်း ပါဝင်၍ အကုသိုလ်စိတ်၌ဖြစ်စေ၊ ကုသိုလ်စိတ်၌ဖြစ်စေ၊ ဈာန်စိတ်, မဂ်စိတ်, ဖိုလ်စိတ်တို့၌ဖြစ်စေ၊ နိဗ္ဗာန်ကို အာရုံပြုရာ၌ဖြစ်စေ ပါဝင်ကြသည်။ ၎င်းစေတသိက်တို့သည် စက္ခုဝိညာဏ်အစရှိသော ပဉ္စဝိညာဏ် ငါးလုံးတို့ဖြင့် လုံးဝမယှဉ်ပါ။

အကုသိုလ်စေတသိက်များ (အကုသိုလ်စိတ်၌ ခြံရံယှဉ်တွဲသောစေတသိက်များ)

၁။ မောဟ = အမှားအမှန် ကောင်းမကောင်းကို မသိခြင်း
၂။ အဟိရိက = မကောင်းမှုကို ပြုရာ၌ မရှက်ခြင်း
၃။ အနောတ္တပ္ပ = မကောင်းမှုပြုရာ၌ ကြောက်လန့်တုန်လှုပ်မှု မရှိခြင်း
၄။ ဥဒ္ဓစ္စ = ပျံ့လွင့်ခြင်း
၅။ လောဘ = လိုချင်တပ်မက်ခြင်း၊ တောင့်တခြင်း
၆။ ဒိဋ္ဌိ = အမြင်မှား၊ အယူမှားခြင်း
၇။ မာန = ထောင်လွှားခြင်း
၈။ ဒေါသ = သည်းမခံနိုင်ခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်း
၉။ ဣဿာ = မိမိထက်သာလျှင် မနာလိုခြင်း
၁၀။ မစ္ဆရိယ = နှမြောတွန့်တိုခြင်း၊ ဝန်တိုခြင်း
၁၁။ ကုက္ကုစ္စ = နောင်တတဖန်ပူပန်ခြင်း
၁၂။ ထိန = စိတ်ကို လေးလံ ထိုင်းမှိုင်းစေခြင်း
၁၃။ မိဒ္ဓ = စေတသိက်တို့ကို လေးလံထိုင်းမှိုင်းစေခြင်း
၁၄။ ဝိစိကိစ္ဆာ = ယုံမှားသံသယရှိခြင်း၊ မဆုံးဖြတ်နိုင်ခြင်း

http://www.dhammadownload.com

အကုသိုလ်စိတ်ဧစေတသိက်တို့၏ သဘော

ဖယောင်းတိုင်မီးဥပမာ

မီးတောက်လောင်နေသော ဖယောင်းတိုင်ကိုကြည့်လျှင် မီးလောင်မှုကို အထောက်အပံ့ပေးသော ဖယောင်းသား၊ မီးစွဲလောင်စရာမီးစာ၊ မီးတောက်ဟူ၍ သုံးမျိုးရှိနေသည်။ မီးသည် မီးစာနှင့် ဖယောင်းသားကို ကုန်ခန်းအောင် လောင်ကျွမ်းစေသည်။ မီးလည်းအစဉ်ကုန်ခန်းသကဲ့သို့ မီးစာနှင့် ဖယောင်းသားလည်း အစဉ် ကုန်ခန်းသွားသည်။ ဤနေရာတွင် မီးတောက်သည် အကုသိုလ်စေတသိက်(၁၄)လုံးနှင့်တူ၏။ မီးစာသည် စိတ်နှင့်တူ၏။ ဖယောင်းသားသည် အတိတ်ကပြုခဲ့သော ကံအကျိုးနှင့် ဓာတ်ကြီးလေးပါး ပေါင်းစပ်ထားမှုနှင့်တူ၏။ မီးသည် မီးစာကိုမှီ၍ လောင်ဘိသကဲ့သို့ စေတသိက်သည် စိတ်ကိုမှီ၍ ဖြစ်ကြပြီး စိတ်ကို လောင်ကျွမ်းနှိပ်စက်သည်။ မီးစာနှင့်တူသော စိတ်နှင့် မီးတောက်နှင့်တူသော အကုသိုလ်စေတသိက်တို့သည် အတူဖြစ်၍ အတူချုပ်ကြသည်။

အကုသိုလ်စေတသိက်(၁၄)လုံးတို့သည် မူရင်းသဘာဝကိုက ပူလောင်ပျံ့လွင့် ကြမ်းတမ်းသည့် သဘော ရှိသည်။ ထိုစေတသိက်တို့ စိတ်၌ ယှဉ်နေသရွေ့ စိတ်သည်လည်း ပူလောင်ပျံ့လွင့် ကြမ်းတမ်းလိမ့်မည်။ တရားကျင့်ကြံအားထုတ်၍ ထိုအကုသိုလ်စေတသိက်တို့ကို ချုပ်ငြိမ်းအောင် ပယ်သတ်ရာတွင် ငါပယ်သတ်ခြင်းမဟုတ်ဘဲ နဂိုရှိရင်းစွဲ မွေးရာပါ ကုသိုလ်စေတသိက်တို့ဖြင့်သာ ပယ်သတ်ခြင်းဖြစ်သည်။ ထိုသဘောကိုလည်း တရားကျင့်သော ယောဂီတို့ ဆင်ခြင်သုံးသပ်ပါ။

သတ္တဝါတို့၏ စိတ်ကို အစဉ် ပူပန်နှိပ်စက်နေသည့် အထက်ဖော်ပြပါ အကုသိုလ်စေတသိက်တို့ ချုပ်ငြိမ်းစေခြင်းငှာ တရားကျင့်ကြခြင်း ဖြစ်သည်။ တရားကျင့်ရင်း မိမိစိတ်၌ မီးနှင့်တူသည့် အကုသိုလ်စေတသိက်များ မသိမသာ ယှဉ်လာတတ်သည်။ သို့ဖြစ်၍ တရားကျင့်သောယောဂီသည် မိမိအရှုဉာဏ်စိတ်ကို ပယ်အပ်သော အကုသိုလ်စေတသိက်နှင့် ယှဉ်သောစိတ်တို့နှင့် မမှားအောင် အထူးသတိပြုရမည်။ မာနပြုတ်ကြောင်း၊ ဒိဋ္ဌိပြုတ်ကြောင်း တရားကျင့်ရင်း ဒိဋ္ဌိ မာနစိတ်တို့ ဖြစ်နေတတ်ကြသည်။ တရားရှုရင်းလည်း ရှုစိတ်အစား ဒိဋ္ဌိစိတ်၊ ဒေါသစိတ်၊ လောဘစိတ်များ ဖြစ်နေတတ်ကြသည်။

အထက်ပါအကုသိုလ်စေတသိက်(၁၄)လုံးတို့ကို မဂ်လေးပါးဖြင့် ပိုင်းခြားပယ်သတ်ရသည်။ ထိုအကုသိုလ်စေတသိက်(၁၄)မျိုးအား အပိုင်းလေးပိုင်းခွဲကာမဂ်လေးပါးပယ်သတ်ပုံကို ဇယားတွင် ကြည့်ရှုလေ့လာပါ။

ကုသိုလ်ဧစေတသိက်များ (သောဘနသာဓာရဏဧစေတသိက်)

သဒ်ါရက္ခန္ဓာအပေါင်းအစုဖြစ်သော သောဘနစေတသိက်အားလုံးတို့သည် စိတ်ကို ခြံရံသည်။ စေတသိက်အားလုံးတို့သည် စိတ်နှင့်အတူဖြစ်၍ အတူချုပ်သည်။

သောဘနစေတသိက်များနှင့် အညသမာန်းစေတသိက်ဟုခေါ်သော ဘက်လိုက် (၀ါ) နှစ်ဘက်ရစေတသိက်များ၏ ဂုဏ်သတ္တိသဘောများကို တစ်ခုချင်း နားလည်သဘောပေါက်အောင် လေ့လာ၍ သေချာစွာ မှတ်သားထားလျှင် တရားကျင့်ရာ၌ လွယ်ကူစေပြီး ကျင့်စဉ်တက်ရာတွင် လျင်မြန်စွာ ပေါက်မြောက်အောင်မြင်စေသည်။ တရားကျင့်သောယောဂီ၏ အရှုဉာဏ်စိတ်တွင် ၎င်းစေတသိက်များ ယှဉ်နေရန် မဖြစ်မနေ လိုအပ်သည်။

http://www.dhammadownload.com

ပုဂ္ဂလပညတ်ပြဋ္ဌာန်း

ဒုက	ကြေးဝန်းစုရေး	ဗုဒ္ဓဘာသာစကား	ပုဂ္ဂလပညတ်ပြဋ္ဌာန်း	ပဋိသန္ဓေနှင့်ပတ်သက်သော ပုဂ္ဂိုလ်ဖွဲ့ခြင်း
၁။	။ဂ္ဂါထာ(၁၀)	ဘာသာပြန်ဆိုခြင်း	ဂါထာ	(ဗောဓိပက္ခိယဓမ္မတို့၏ ဦးရေကို ဖော်ပြသော) ဂါထာ
၂။	။ဂ္ဂါထာ(၉)ဆယ်ဝန်း	ဂါထာ	(ကောင်းမှုပြုသူ၏) ဒိဋ္ဌဓမ္မဝေဒနီယကံ	(ဒေဝဒတ်ကို ရည်ညွှန်း၍ ဟောကြားတော်မူသော) ဂါထာ
၃။	။ဂ္ဂါထာ(၈)ကျော်ခန့်	ဂါထာ	(ကောင်းမှုပြုသူ၏) ဥပပဇ္ဇဝေဒနီယကံ	(ဒေဝဒတ်ကို ရည်ညွှန်း၍ ဟောကြားတော်မူသော) ဂါထာ
၄။	။ဂ္ဂါထာ(၇)ဆယ်ကျော်	ဂါထာ	(ကောင်းမှုပြုသူ၏) အပရာပရိယဝေဒနီယကံ	(ဒေဝဒတ်ကို ရည်ညွှန်း၍ ဟောကြားတော်မူသော) ဂါထာ
၅။	။ဂ္ဂါထာ(၆)ဆယ်ခန့်	ဂါထာ	ဖဿဝေဒနာ	ဖဿဝေဒနာ
၆။	။ဂ္ဂါထာ(၅)ဆယ်ခန့်	ဂါထာ	ဝေဒနာ	ဝေဒနာ
၇။	။ဂ္ဂါထာ(၄)ဆယ်ခန့်	ဂါထာ	သညာ	သညာ
၈။	။ဂ္ဂါထာ(၃)ဆယ်ခန့်	ဂါထာ	စေတနာ	စေတနာ
၉။	။ဂ္ဂါထာ(၂)ဆယ်ခန့်	ဂါထာ	ဇီဝိတိန္ဒြေ	ဇီဝိတိန္ဒြေ
၁၀။	။ဂ္ဂါထာ(၁)ဆယ်ခန့်	ဂါထာ	မနသိကာရ	မနသိကာရ
၁၁။	။ဂ္ဂါထာ(၀)ကျော်ခန့်	ဂါထာ	ဝိတက်၊ ဝိစာရ	ဝိတက်၊ ဝိစာရ
၁၂။	။ဂ္ဂါထာ(၉)ဆယ်ခန့်	ဂါထာ	ပီတိ	ပီတိ
၁၃။	။ဂ္ဂါထာ(၈)ဆယ်ခန့်	ဂါထာ	သုခ	သုခ
၁၄။	။ဂ္ဂါထာ(၇)ဆယ်ခန့်	ဂါထာ	ဧကဂ္ဂတာ	ဧကဂ္ဂတာ
၁၅။	။ဂ္ဂါထာ(၆)ဆယ်ခန့်	ဂါထာ	သဒ္ဓိန္ဒြေ	သဒ္ဓိန္ဒြေ
၁၆။	။ဂ္ဂါထာ(၅)ဆယ်ခန့်	ဂါထာ	ဝီရိယိန္ဒြေ	ဝီရိယိန္ဒြေ
၁၇။	။ဂ္ဂါထာ(၄)ဆယ်ခန့်	ဂါထာ	သတိန္ဒြေ	သတိန္ဒြေ
၁၈။	။ဂ္ဂါထာ(၃)ဆယ်ခန့်	ဂါထာ	သမာဓိန္ဒြေ	သမာဓိန္ဒြေ
၁၉။	။ဂ္ဂါထာ(၂)ဆယ်ခန့်	ဂါထာ	ပညိန္ဒြေ	ပညိန္ဒြေ
၂၀။	။ဂ္ဂါထာ(၁)ဆယ်ခန့်	ဂါထာ	မနိန္ဒြေ	မနိန္ဒြေ
၂၁။	။ဂ္ဂါထာ(၀)ကျော်ခန့်	ဂါထာ	ဇီဝိတိန္ဒြေ	ဇီဝိတိန္ဒြေ
၂၂။	။ဂ္ဂါထာ(၉)ဆယ်ခန့်	ဂါထာ	သုခိန္ဒြေ	သုခိန္ဒြေ
၂၃။	။ဂ္ဂါထာ(၈)ဆယ်ခန့်	ဂါထာ	ဒုက္ခိန္ဒြေ	ဒုက္ခိန္ဒြေ
၂၄။	။ဂ္ဂါထာ(၇)ဆယ်ခန့်	ဂါထာ	သောမနဿိန္ဒြေ	သောမနဿိန္ဒြေ
၂၅။	။ဂ္ဂါထာ(၆)ဆယ်ခန့်	ဂါထာ	ဒေါမနဿိန္ဒြေ	ဒေါမနဿိန္ဒြေ
၂၆။	။ဂ္ဂါထာ(၅)ဆယ်ခန့်	ဂါထာ	ဥပေက္ခိန္ဒြေ	ဥပေက္ခိန္ဒြေ
၂၇။	။ဂ္ဂါထာ(၄)ဆယ်ခန့်	ဂါထာ	သဒ္ဓိန္ဒြေ	သဒ္ဓိန္ဒြေ
၂၈။	။ဂ္ဂါထာ(၃)ဆယ်ခန့်	ဂါထာ	ဝီရိယိန္ဒြေ	ဝီရိယိန္ဒြေ
၂၉။	။ဂ္ဂါထာ(၂)ဆယ်ခန့်	ဂါထာ	သတိန္ဒြေ	သတိန္ဒြေ
၃၀။	။ဂ္ဂါထာ(၁)ဆယ်ခန့်	ဂါထာ	သမာဓိန္ဒြေ	သမာဓိန္ဒြေ
၃၁။	။ဂ္ဂါထာ(၀)ကျော်ခန့်	ဂါထာ	ပညိန္ဒြေ	ပညိန္ဒြေ
၃၂။	။ဂ္ဂါထာ(၉)ဆယ်ခန့်	ဂါထာ	မနိန္ဒြေ	မနိန္ဒြေ
၃၃။	။ဂ္ဂါထာ(၈)ဆယ်ခန့်	ဂါထာ	ဇီဝိတိန္ဒြေ	ဇီဝိတိန္ဒြေ
၃၄။	။ဂ္ဂါထာ(၇)ဆယ်ခန့်	ဂါထာ	သုခိန္ဒြေ	သုခိန္ဒြေ
၃၅။	။ဂ္ဂါထာ(၆)ဆယ်ခန့်	ဂါထာ	ဒုက္ခိန္ဒြေ	ဒုက္ခိန္ဒြေ
၃၆။	။ဂ္ဂါထာ(၅)ဆယ်ခန့်	ဂါထာ	သောမနဿိန္ဒြေ	သောမနဿိန္ဒြေ
၃၇။	။ဂ္ဂါထာ(၄)ဆယ်ခန့်	ဂါထာ	ဒေါမနဿိန္ဒြေ	ဒေါမနဿိန္ဒြေ
၃၈။	။ဂ္ဂါထာ(၃)ဆယ်ခန့်	ဂါထာ	ဥပေက္ခိန္ဒြေ	ဥပေက္ခိန္ဒြေ
၃၉။	။ဂ္ဂါထာ(၂)ဆယ်ခန့်	ဂါထာ	သဒ္ဓိန္ဒြေ	သဒ္ဓိန္ဒြေ
၄၀။	။ဂ္ဂါထာ(၁)ဆယ်ခန့်	ဂါထာ	ဝီရိယိန္ဒြေ	ဝီရိယိန္ဒြေ
၄၁။	။ဂ္ဂါထာ(၀)ကျော်ခန့်	ဂါထာ	သတိန္ဒြေ	သတိန္ဒြေ
၄၂။	။ဂ္ဂါထာ(၉)ဆယ်ခန့်	ဂါထာ	သမာဓိန္ဒြေ	သမာဓိန္ဒြေ
၄၃။	။ဂ္ဂါထာ(၈)ဆယ်ခန့်	ဂါထာ	ပညိန္ဒြေ	ပညိန္ဒြေ
၄၄။	။ဂ္ဂါထာ(၇)ဆယ်ခန့်	ဂါထာ	မနိန္ဒြေ	မနိန္ဒြေ
၄၅။	။ဂ္ဂါထာ(၆)ဆယ်ခန့်	ဂါထာ	ဇီဝိတိန္ဒြေ	ဇီဝိတိန္ဒြေ
၄၆။	။ဂ္ဂါထာ(၅)ဆယ်ခန့်	ဂါထာ	သုခိန္ဒြေ	သုခိန္ဒြေ
၄၇။	။ဂ္ဂါထာ(၄)ဆယ်ခန့်	ဂါထာ	ဒုက္ခိန္ဒြေ	ဒုက္ခိန္ဒြေ
၄၈။	။ဂ္ဂါထာ(၃)ဆယ်ခန့်	ဂါထာ	သောမနဿိန္ဒြေ	သောမနဿိန္ဒြေ
၄၉။	။ဂ္ဂါထာ(၂)ဆယ်ခန့်	ဂါထာ	ဒေါမနဿိန္ဒြေ	ဒေါမနဿိန္ဒြေ
၅၀။	။ဂ္ဂါထာ(၁)ဆယ်ခန့်	ဂါထာ	ဥပေက္ခိန္ဒြေ	ဥပေက္ခိန္ဒြေ

http://www.dhammadownload.com

(၁) သဒ္ဓါစေတသိက် = ယုံကြည်မှု
(၂) သတိစေတသိက် = အောက်မေ့မှု
(၃) ဟိရီစေတသိက် = ရှက်မှု
(၄) ဩတ္တပ္ပစေတသိက် = ကြောက်မှု
(၅) အလောဘစေတသိက် = အလိုမရှိမှု
(၆) အဒေါသစေတသိက် = မခက်ထန်မှု
(၇) တတြမဇ္ဈတ္တတာစေတသိက် = စိတ်စေတသိက်များကို ညီညွတ်စေမှု
ပဿဒ္ဓိစေတသိက် = စိတ်စေတသိက်များကို ငြိမ်းအေးစေမှု
(၈) ကာယပဿဒ္ဓိစေတသိက်၊ (၉) စိတ္တပဿဒ္ဓိစေတသိက်
လဟုတာစေတသိက် = စိတ်စေတသိက်များကို ပေါ့ပါးစေမှု
(၁၀)ကာယလဟုတာ၊ (၁၁) စိတ္တလဟုတာ
မုဒုတာစေတသိက်= စိတ်စေတသိက်များကို နူးညံ့စေမှု
(၁၂) ကာယမုဒုတာ၊ (၁၃) စိတ္တမုဒုတာ
ကမ္မညတာစေတသိက်= စိတ်စေတသိက်များကို ခိုင်ခံ့စေမှု
(၁၄) ကာယကမ္မညတာ၊ (၁၅) စိတ္တကမ္မညတာ
ပါဂုညတာစေတသိက်
(၁၆) ကာယပါဂုညတာ၊ (၁၇) စိတ္တပါဂုညတာ
ဥဇုကတာစေတသိက် = စိတ်စေတသိက်များကို ဖြောင့်မတ်စေမှု
(၁၈) ကာယုဇုကတာ၊ (၁၉) စိတ္တုဇုကတာ
ဝိရတီစေတသိက် (၃) လုံး
(၂၀) သမ္မာဝါစာစေတသိက်
ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်သောစေတသိက် ဖြစ်သည်။
(က) လိမ်ညာမှု (မုသာဝါဒ)
(ခ) ကြမ်းတမ်းစွာပြောဆိုမှု (ဖရုသဝါစာ)
(ဂ) ချောပစ်ကုန်းတိုက်ပြောဆိုမှု (ပိသုဏဝါစာ)
(ဃ) ပြိန်ဖျင်းသောစကားပြောမှု (သမ္ဖပ္ပလာပဝါစာ)
(၂၁) သမ္မာကမ္မန္တစေတသိက်
ကာယဒုစရိုက် သုံးပါးမဖြစ်အောင် စောင့်ထိန်းသောစေတသိက်ဖြစ်သည်။
(က) သူတပါးအသက်ကိုသတ်မှု (ပါဏာတိပါတ)
(ခ) သူတပါးဥစ္စာခိုးယူမှု (အဒိန္နာဒါန)
(ဂ) ကာမဂုဏ်၌ မှားယွင်းကျူးလွန်မှု (ကာမေသုမိစ္ဆာစာရ)
(၂၂) သမ္မာအာဇီဝစေတသိက်
မိမိ၏ ရုပ်ဇီဝိတ နာမ်ဇီဝိတတို့ကို တည်တံ့ခိုင်မြဲရန်အတွက် အကုသိုလ်မကင်းသော အသက်မွေးဝမ်းကြောင်းမှု မပြုမိရန် ထိန်းသိမ်းသော စေတသိက်ကိုခေါ်သည်။
အပ္ပမညာစေတသိက် (၂) လုံး
(၂၃) ကရုဏာစေတသိက် =သနားကြင်နာတတ်သောစေတသိက် နှင့်
(၂၄) မုဒိတာစေတသိက် =သူတပါးကောင်းကျိုးပေါ်၌ ဝမ်းမြောက်ခြင်း
(၂၅) ပညိန္ဒြေစေတသိက် =ပညာစေတသိက်

http://www.dhammadownload.com

(၁) သဒ္ဓါစေတသိက်

လောကတွင် သဒ္ဓါတရားသည် အမြတ်ဆုံးရတနာ တစ်ခုပင်ဖြစ်သည်။ တရားကျင့်သော ယောဂီ၏ စိတ်အတွက် တရားကျင့်ရာတွင် မိတ်ကောင်းဖြစ်သည့် သဒ္ဓါစေတသိက် အဓိက ပါဝင်ရန် လိုသည်။ စိတ်၌ သဒ္ဓါစေတသိက် ခိုင်ခံ့စွာ ယှဉ်နေလျှင် ၎င်းကို သဒ္ဓိန္ဒြေ ဟုလည်း ခေါ်သည်။

(၂) သတိစေတသိက်

အာရုံကို အောက်မေ့သော နာမ်တရား ဖြစ်သည်။ စိတ်ကို အတိတ် အနာဂတ် အာရုံတို့နှင့် ဆက်စပ်ပေးသည်။ အာရုံ၏သဘောကို ထင်ရှားအောင် ပြုတတ်သည်။

သတိစေတသိက်နှင့် လက်နှိပ်မာတ်မီးတူပုံ

လူတစ်ယောက်သည် ညအမှောင်ထဲ၌ ခရီးတစ်ခုကို သွားသောအခါ ခရီးသွားရာအရပ်နှင့် လမ်းကိုသိသော်လည်း လမ်းကိုမမြင်ပဲ ဖြစ်နေသည်။ လမ်း၏ အကွေ့အကောက် ကမူ ဆူးငြောင့် ချောက်ကမ်းပါးနှင့် လမ်းခွဲများသည် အမှောင်ထု၏ ဖုံးကွယ်မှုကြောင့် ပျောက်ကွယ်နေသည်။ ထိုအမှောင်ထုကို ဖြိုခွင်းရန် လက်နှိပ်မာတ်မီး ထွန်းလိုက်သောအခါ လမ်း၏ အရှိသဘောတရားများ ပေါ်လွင်လာသည်။ ထိုအခါကျမှ ခရီးသွားသူသည် လမ်းအရှိသဘောကို ပိုင်းခြားမြင်ပြီး လိုရာခရီးသို့ သွားနိုင်တော့သည်။

ထို့ဥပမာအတိုင်း သတိသည် လက်နှိပ်မာတ်မီးနှင့်တူသည်။ စိတ်၌ ယှဉ်နေသော မောဟတည်း ဟူသော အမှောင်ကိုခွင်း၍ လမ်းတည်းဟူသော အရှိရုပ်နာမ်တို့၏သဘောကို ဉာဏ်၌ ထင်ရှားအောင် ကူညီပေးတတ်သည့် သဘောနှင့်တူသည်။ ဉာဏ်ပညာ ဖြစ်စေရန် အထောက်အပံ့ပေးသည်။ ပေါ့ဆမှု မရှိသော အပ္ပမာဒသဘောသည် သတိစေတသိက်ကိုပင် ဆိုလိုခြင်းဖြစ်သည်။ ဒါနအရာ၊ သီလအရာ၊ ဘာဝနာအရာတို့၌လည်း စိတ်ကို မမေ့မလျော့၊ မပေါ့ဆအောင် တိုက်တွန်းသောစေတသိက်ဓာတ်ဖြစ်သည်။ အာရုံပေါ်၌ ထင်ရှားအောင် စိတ်ကို နှိုးဆော်တတ်သည်။ ဤသဘောသည် သတိစေတသိက်၏ ဂုဏ်သတ္တိဖြစ်သည်။ တရားကျင့်သော ယောဂီ၏စိတ်၌ အမြဲတမ်း ယှဉ်တွဲထားရမည့် စေတသိက်ဖြစ်သည်။ စိတ်၌သတိစေတသိက် မယှဉ်မိလျှင် အလိုလို အကုသိုလ်မောဟစေတသိက် ယှဉ်ပြီးသား ဖြစ်နေတော့သည်။ အလင်းပျောက်လျှင် အလိုလို အမှောင်ရောက်လာသကဲ့သို့ ဖြစ်သည်။

(၃) ဟိရီစေတသိက်

မကောင်းသော ကာယက် ဝစီက် ဒုစရိုက်တို့ ပြုလုပ်ကျူးလွန်ရမည်ကို ရှက်တတ်ခြင်း၊ ဣန္ဒြေ သိက္ခာ ပျက်စီးမည်ကို ရှက်ခြင်းစသည့် သဘောတို့သည် ဟိရီစေတသိက်၏ ဂုဏ်သတ္တိဖြစ်သည်။ သံသရာ၌ မကောင်းသော ယုတ်ညံ့သော ဘဝခန္ဓာများ မရရှိလိုခြင်း၊ ပုထုဇဉ် အသိအမြင်နှင့် မနေလိုခြင်း စသည်တို့သည် ယောဂီ၏စိတ်၌ ဟိရီစေတသိက် ယှဉ်နေခြင်းကြောင့်ပင်ဖြစ်သည်။ သံသရာဝဲဩဃမှလွတ်မြောက်ရန် အားပေးကူညီသောစေတသိက်ဖြစ်သည်။

(၄) ဩတ္တပ္ပစေတသိက်

မကောင်းမှုပြုရာ၌ ကြောက်တတ်ခြင်းဖြစ်သည်။ . ကြောက်သည်ဆိုသည်မှာ မိမိအား နိုင်သည့် ပုဂ္ဂိုလ်ကို ကြောက်သည်မျိုးမဟုတ်။ မိမိ ကာယက်, ဝစီက်, မနောက် စသော အကုသိုလ်တို့ ပြုမိမှာကို ကြောက်ခြင်း၊ သံသရာဘေး, ခန္ဓာဘေး ကြောက်ခြင်းကို ဆိုလိုသည်။

http://www.dhammadownload.com

မိမိ၏ကွန်ရှေ့နှင့် ကိုယ်ကျင့်သိက္ခာ ပျက်ပြားမှုကိုလည်း ကြောက်ခြင်းစသည့် သဘောသည် သြတ္တပ္ပစေတသိက်၏ ဂုဏ်သတ္တိဖြစ်သည်။ ဘဝဒုက္ခ၊ ခန္ဓာဒုက္ခဘေးဆိုးကို ကြောက်တတ်သော စေတသိက် ဖြစ်သည်။

(၅) အလောဘစေတသိက်

လောဘစေတသိက်၏ ဆန့်ကျင်ဘက်သဘော ဖြစ်သည်။ ကုသိုလ်ပြုတိုင်း ပါဝင်သည်။ လိုချင်တပ်မက်မှုကို စွန့်လွှတ်ခြင်းဖြစ်သည်။ တရားကျင့်သော စိတ်၏ အဓိက အားထားရသော မိတ်ဆွေစေတသိက်ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် တဏှာ၏အလိုအမျိုးမျိုးကို စွန့်လွှတ်ခြင်း သဘောဆောင်သည့် စေတသိက် ဖြစ်သည်။ တရားကျင့်သော ယောဂီတို့ တရားအားထုတ်ရာတွင် တရားရှုစိတ်နှင့် အဓိက ယှဉ်တွဲရမည့် စေတသိက်ဖြစ်သည်။ ၎င်းအလောဘစေတသိက်၏ သဘောကို အထူးနားလည်အောင် သုံးသပ်ဆင်ခြင်ပါ။ အလွန်အရေးကြီးသည်။ အလောဘ စေတသိက် မွေးမြူနေခြင်းသည် တရားကျင့်ခြင်းတစ်မျိုးပင် ဖြစ်သည်။ ထိုစေတသိက်ကို သတ္တဝါတို့ စိတ်၌မမွေးမြူနိုင်သဖြင့် သံသရာရှည်ခြင်း ဖြစ်သည်။ တရားကျင့်သော စိတ်နှင့် အမြဲတမ်း ကပ်ထားရမည်။

(၆) အဒေါသစေတသိက်

ဒေါသစေတသိက်နှင့် ဆန့်ကျင်ဘက်သဘောကို ဆောင်သည်။ မေတ္တာသဘောနှင့် ခန္တီသဘောဆောင်သည်။ တရားကျင့်သောစိတ်၏ အဓိက ပေါင်းဖက်အားထားရသော စေတသိက် ဖြစ်သည်။ ထိုစေတသိက်၏သဘောကို တရားယောဂီတို့ နားလည်ယူ၍ မိမိ၏စိတ်၌ မွေးမြူထားရမည်။ သည်းခံလျှင် နိဗ္ဗာန်ရောက်သည် ဆိုသည့်အတိုင်း နိဗ္ဗာန်ရောက်လိုလျှင် (၀၊) တစ်မင်္ဂတစ်ဖိုလ် ရလိုလျှင် ထိုအဒေါသစေတသိက်ကို မိမိ၏ ကျင့်စဉ်၌ ဖြည့်ဆည်း၍ တရားကျင့်ရမည်။

(၇) တတြမဇ္ဈတ္တတာစေတသိက်

စိတ်စေတသိက်များကို ညီညွတ်မျှတအောင် ထိန်းညှိပေးသော စေတသိက်ကို ခေါ်သည်။ တရားကျင့်ရာ၌ သဒ္ဓါစေတသိက်၊ ဝီရိယစေတသိက် စသော လွန်ကဲတတ်သည့် စေတသိက်များကို ထိန်းညှိပေးသောသဘော်သည် တတြမဇ္ဈတ္တတာစေတသိက်၏ ဂုဏ်သတ္တိဖြစ်သည်။ တရား ကျင့်သော စိတ်၌ အထူးပါဝင် ပေါင်းဖက်ရမည့် စေတသိက် ဖြစ်သည်။

(၈-၉) ကာယပဿဒ္ဓိစေတသိက်၊ စိတ္တပဿဒ္ဓိစေတသိက် (ပဿဒ္ဓိစေတသိက်)

စိတ်နှင့် စေတသိက်တို့ကို ငြိမ်းအေးအောင် ဆောင်တတ်သော စေတသိက်ဖြစ်သည်။ အကုသိုလ်စေတသိက်(၁၄)လုံး စိတ်၌ ကပ်ငြိမှုကင်းသည်နှင့် တပြိုင်နက်တည်း စိတ်နှင့် ကျန်စေတသိက်များကို ငြိမ်းအေးအောင် ဆောင်ရွက်တတ်သောသဘောသည် ပဿဒ္ဓိစေတသိက် တို့၏ ဂုဏ်သတ္တိ ဖြစ်သည်။

(၁၀-၁၁) ကာယလဟုတာ, စိတ္တလဟုတာ (လဟုတာစေတသိက်)

စိတ်၌အကုသိုလ်စေတသိက်တို့ ကပ်ငြိမှုကင်းသောအခါ စိတ်နှင့်ကျန်စေတသိက်တို့ကို ပေါ့ပါးအောင် ဆောင်ရွက်တတ်သော သဘောသည် လဟုတာစေတသိက်တို့၏ ဂုဏ်သတ္တိ ဖြစ်သည်။

http://www.dhammadownload.com

(၁၂-၁၃) ကာယမုဒုတာ, စိတ္တမုဒုတာ (မုဒုတာစေတသိက်)

စိတ်၌ အကုသိုလ်စေတသိက်များ ကပ်ခွင့်မရသည့်အခါ စိတ်နှင့် ကျန်စေတသိက်တို့ကို နူးညံ့ ပျော့ပြောင်းအောင် ဆောင်တတ်သောသဘောသည် မုဒုတာစေတသိက်တို့၏ ဂုဏ်သတ္တိ ဖြစ်သည်။

(၁၄-၁၅) ကာယကမ္မညတာ, စိတ္တကမ္မညတာ (ကမ္မညတာစေတသိက်)

စိတ်၌အကုသိုလ်စေတသိက်များ ကပ်ခွင့်မရသည့်အခါ စိတ်နှင့် ကျန်စေတသိက်တို့ကို အာရုံ၌ ခိုင်ခံ့စေသောသဘောသည် ကမ္မညတာစေတသိက်တို့၏ ဂုဏ်သတ္တိ ဖြစ်သည်။

(၁၆-၁၇) ကာယပါဂုညတာ, စိတ္တပါဂုညတာ (ပါဂုညတာစေတသိက်)

စိတ်၌ အကုသိုလ်စေတသိက်များ ကပ်ခွင့်မရှိသည့်အခါ စိတ်နှင့် ကျန်စေတသိက်တို့ကို ခိုင်မာတောင့်တင်းအောင် စွမ်းဆောင်ပေးသော သဘောသည် ပါဂုညတာစေတသိက်တို့၏ ဂုဏ်သတ္တိ ဖြစ်သည်။

(၁၈-၁၉) ကာယုဇုကတာ, စိတ္တုဇုကတာ (ဥဇုကတာစေတသိက်)

စိတ်၌ အကုသိုလ်စေတသိက်များ ကပ်ခွင့်မရှိသည့်အခါ စိတ်နှင့်ကျန်စေတသိက်တို့ကို ကုသိုလ်အရာ၌လည်းကောင်း၊ စျာန်, သမထ, ဝိပဿနာအရာ၌လည်းကောင်း ဖြောင့်မတ်အောင် ဆောင်ရွက်တတ်သောသဘောသည် ဥဇုကတာစေတသိက်တို့၏ ဂုဏ်သတ္တိ ဖြစ်သည်။

(၂၀-၂၂) ဝိရတီစေတသိက်(၃)လုံး

အပွမညာစေတသိက်

အပွမညာစေတသိက်၏သဘောသည် ပုဂ္ဂိုလ်အမျိုးအစား အနိမ့်အမြင့် ခွဲခြားသတ်မှတ်မှု မရှိပဲ သတ္တဝါ ပညတ်ကို ကျယ်ကျယ်ပြန့်ပြန့် အာရုံပြုခြင်း သဘောကို ဆိုလိုသည်။ ၎င်းအပွမညာသည် ကရုဏာ၊ မုဒိတာဟူ၍ နှစ်မျိုးရှိသည်။

(၂၃) ကရုဏာစေတသိက် (သနားကြင်နာတတ်သောစေတသိက်)

ကရုဏာစေတသိက် အစွမ်းသည် လူမျိုး, ဘာသာ, ပုဂ္ဂိုလ်, သတ္တဝါ အနိမ့်အမြင့် မခွဲခြားပဲ တိုက်ဆိုင်မှုတစ်ခုဖြစ်ပေါ်လာပါက မိမိကဲ့သို့ ခံစားမှုအသီးသီးပေါ်၌ ကိုယ်ချင်းစာနာ ထားတတ်သောသဘောဖြင့် တစ်ခြားသူတပါးအပေါ်၌ ယုယကြင်နာတတ်သောစိတ်များ ဖြစ်အောင် စိတ်ကို နှိုးဆွပေးတတ်သော ဂုဏ်သတ္တိရှိသည်။ ကိုယ်ချင်းစာ၍ ကြင်နာတတ်သော သဘောကြောင့် ဒုက္ခမှ လွတ်မြောက်စေလိုမှု၊ သက်သာစေလိုမှု၊ ချမ်းသာစေလိုမှုသဘောနှင့် နောက်ဆက်တွဲကုသိုလ်စေတသိက်များကိုပါ ဆွဲငင်တတ်သောသဘောသည် ကရုဏာစေတသိက် ၏ ဂုဏ်သတ္တိ ဖြစ်သည်။

(၂၄) မုဒိတာစေတသိက်

ကျေနပ်ဝမ်းမြောက်ခြင်းကို ခေါ်သည်။ အခြားသူတပါး စီးပွားရေး၊ ပညာရေးနှင့် အခြားကြိုးစား အားထုတ်မှုတို့အပေါ်၌ ရရှိသော အောင်မြင်မှုတို့ကို မိမိရရှိအောင်မြင်ဘိသကဲ့သို့ ကျေနပ်ဝမ်းမြောက်မှု သဘော၊ ပြည့်စုံမှုမရှိသေးလျှင်လည်း မိမိကဲ့သို့ ပြည့်စုံအောင်မြင်မှု

http://www.dhammadownload.com

ရှိစေကြောင်း စိတ်ကို နှိုးဆွပေးတတ်သော သဘောသည် မုဒိတာစေတသိက်၏ ဂုဏ်သတ္တိ ဖြစ်သည်။

(၂၅) ပညိန္ဒြေစေတသိက် (ပညာစေတသိက်)

အာရုံအမျိုးမျိုးတို့၏ ထူးထွေဆန်းပြားသော သဘောသဘာဝတို့ကို ပိုင်းခြား သိနိုင်စွမ်းသော စေတသိက်ဖြစ်သည်။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါးတို့အပေါ်၌လည်း အကြောင်းအကျိုး လျော်ညီမှုသဘော သဘာဝများကို ပေါ်လွင်ထင်ရှားစွာ ပိုင်းခြားသိမြင်သော သဘောသည် ပညိန္ဒြေစေတသိက်၏ ဂုဏ်သတ္တိ ဖြစ်သည်။*

အထက်ပါ စေတသိက်တို့၏ ကိုယ်ပိုင်လက္ခဏာသဘောကို ကြည့်ခြင်းအားဖြင့် ငါတည်း ဟူသော သဘောမရှိပဲ စေတသိက်တို့၏ အမှုအရာလက္ခဏာသဘောမျှသာ ရှိသည်ကို သုံးသပ်ကြည့်နိုင်ပါသည်။

၁၆။ ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံ(ပုံစံ–၁)၏ သဘောတရားတို့ကို ထပ်ဆင့်ရှင်းလင်းခြင်း

ပုံစံ(၁)၏ အပိုင်း(ခ)မှ အပိုင်း(ဇ)အထိ ရုပ်နာမ်ဖွဲ့စည်းမှုသည် တရားကျင့်သောယောဂီ၏ အတွင်း အာယတနပိုင်းတို့ ဖြစ်ကြသည်။ တစ်ပိုင်းစီ၏ သဘောများကို ဖော်ပြခဲ့ပြီး၍ ယခုတဖန် ထိုအပိုင်းအားလုံးတို့၏ အဆက်အစပ်သဘောတို့ကို တရားရှုမည့်ယောဂီတို့ တရားမရှုမီ ဉာဏ်၌ မှန်းဆသိမြင်နိုင်ရန် လောကဥပမာဖြင့် နှိုင်းယှဉ်ပြပါမည်။

ဗွီဒီယိုရိုက်စက်နှင့် တီဗွီစက်ဥပမာ

နှစ်ထပ်ခမျာရုံတစ်ခုခု၌ တရားပွဲတစ်ပွဲ ကျင်းပနေစဉ် တရားဟောဆရာတော်သည် အပေါ်ထပ်၌ တရားဟောနေသည်ဆိုပါစို့။ ထိုအပေါ်ထပ်၌ တရားနာပရိသတ်မဆုံ၍ အောက်ထပ်၌လည်း တရားနာယူသည့်ပရိသတ်များ ရှိနေကြသည်။ ဆရာတော်တရားဟောသည့် အခါ ဆရာတော်၏ ပုံတော်နှင့် အသံတော်ကို အောက်ထပ်ရှိ တရားနာပရိသတ်များ ဖူးမြင် နာကြားနိုင်ရန် ဗွီဒီယိုကင်မရာဖြင့် ရိုက်ကူး၍ ထိုဗွီဒီယိုကင်မရာမှ ရုပ်သံတို့ကို သယ်ဆောင်သော ဝါယာကြိုးဖြင့် အောက်ထပ်တွင်ရှိသော တီဗွီစက်နှင့်ဆောင်းဘောက်တို့အား ဆက်သွယ်ကာ တိုက်ရိုက် ရုပ်သံလွှင့်ပေးထားသည်။ အောက်ထပ် တီဗွီဖန်သားပြင်တွင်ပေါ်သော ရုပ်ပုံသည် အပေါ်ထပ်မှ တရားဟောနေသော ဆရာတော်၏ ရုပ်ပုံနှင့် တထပ်တည်း တူညီနေသည်။ ဆောင်းဘောက်မှထွက်သော အသံသည်လည်း အပေါ်ထပ်မှ ဆရာတော်၏ အသံနှင့် တထပ်တည်း တူညီနေသည်။ အောက်ထပ်ရှိ တရားနာပရိသတ်တို့သည် တီဗွီဖန်သားပြင်၌ ပေါ်သော ဆရာတော်တရားဟောနေပုံကိုဖူးမြော်နေကြကာ တပြိုင်တည်းမှာပင် ဆောင်းဘောက်မှ ထွက်ပေါ်လာသော ဆရာတော်၏တရားသံကို ကြည်ညိုစွာ နာယူနေကြသည်။

---

* သင်ကြားမှုကို မှတ်ယူမှုသည် သညာစေတသိက်ဖြစ်၍ ထိုသင်ကြားမှု၏ သဘောသဘာဝကို ပိုင်းခြားသုံးသပ်သိမြင်၍ ဆုံးဖြတ်နိုင်မှုသည် ပညာစေတသိက်ဖြစ်သည်။ ထို့ကြောင့် ဝိပဿနာရှုသည့် ယောဂီတို့၏အလုပ်သည် ထိုပညိန္ဒြေစေတသိက်၏ လုပ်ဆောင်ချက်ဖြစ်သည်။ တရားကျင့်သောယောဂီသည် သညာနှင့်ယှဉ်သောစိတ်နှင့် ပညာနှင့်ယှဉ်သောစိတ်တို့ကို ခွဲခြားနားလည်တတ်ရန် လိုအပ်သည်။

http://www.dhammadownload.com

ရုပ်ပုံဖြစ်ပေါ်လာပုံ

တရားဟောဆရာတော်၏ ပုံရိပ်နှင့် အလင်း, အာကာသတို့ ညီညွတ်စွာ အကြောင်းပြုခြင်းကြောင့် လည်းကောင်း၊ ဗွီဒီယိုရိုက်စက်ရှိ ဆိုင်ရာဓာတ်တို့၏ ဆိုင်ရာ အကြောင်းပြုခြင်းကြောင့်လည်းကောင်း ဗွီဒီယိုရိုက်စက် ဖလင်ပေါ်တွင် ပုံရိပ်များပေါ်သည်။ ထိုပုံရိပ်ကို ဖလင်မှ ဆွဲယူထားသည်။ ထိုဖလင်မှ ဆွဲယူထားသော ပုံရိပ်ကို ဓာတ်ကြိုးမှတဆင့် အောက်စက်တီဗွီသို့ ပို့လိုက်သဖြင့် ထိုပုံရိပ်များ အောက်စက် တီဗွီဖန်သားပေါ်တွင် ပေါ်လာသည်။ ထိုစက်အားလုံးတို့တွင် လျှပ်စစ်ဓာတ် ပါဝင်နေမှု အကြောင်းတစ်ပါး ရှိနေသည်။ ပြင်ပမှ ဆရာတော်၏ အဆင်းတည်းဟူသော အကြောင်းတရားသည် ဖလင်တွင် ဆုံးနေပါလျက် အောက်ထပ်ရှိ တီဗွီဖန်သားပြင်ပေါ်တွင် အဘယ်ကြောင့် ရောက်နေသနည်း ဟူ၍ ဆန်းစစ်ကြည့်ကြပါစို့။

ပြင်ပပုံရိပ်ကို အတွင်းပုံရိပ်အဖြစ် ဖလင်က ဓာတ်သဘာဝအလျောက် အကြောင်းအကျိုး ညီညွတ်စွာ ဆွဲယူထားခြင်း ဖြစ်သည်။ ထို့ကြောင့် အပြင်အာရုံကို အကြောင်းခံ၍ အတွင်းအာရုံ ဖြစ်ပေါ်လာသည်။ တဖန် ပုံရိပ်ထင်သောဖလင်၊ ရိုက်စက်အတွင်းမှကိရိယာနှင့် လျှပ်စစ်ဓာတ်တည်းဟူသော အကြောင်းတရားများက စက်အတွင်းရှိ ရုပ်သံတို့ကို အပြင်ထုတ်ဝါယာကြိုးထဲသို့ ထပ်ဆင့်စီးဝင်စေရန် အကြောင်းပြုပြန်သည်။ ဝါယာအတွင်းရှိ ကြေးကြိုးတလျှောက် ဖြတ်လျက် လျှပ်စစ်ဓာတ်က သယ်ဆောင်လာသော ပုံရိပ်တည်းဟူသော အတိုက်ဓာတ်အကြောင်းတရားနှင့် တီဗွီစက်၏ ဖန်သားပြင်တည်းဟူသော အခံဓာတ် အကြောင်းတရားတို့ ညီညွတ်စွာ အကြောင်းပြုကြပြန်သည်။ ထိုအကြောင်းတို့ကြောင့် တီဗွီဖန်သားပြင်၌ အကျိုးတရားပုံရိပ်ပေါ်ခြင်း ဖြစ်သည်။ ဤကဲ့သို့ ပုံရိပ်ပေါ်နေစဉ် ဆက်သွယ်ထားသော ကြေးကြိုးထဲကိုကြည့်လျှင် ကြေးကြိုးထဲ၌ ပုံရိပ်များ ရှိသည်ကို မျက်စိဖြင့် မမြင်တွေ့နိုင်ပါ။ သို့သော် ပုံရိပ်များမရှိဟု ယူဆလျှင်မှားမည်။

အထက်ပါ ဥပမာ၏သဘောကို သုံးသပ်ပြရလျှင်-

တရားဟောဆရာတော်၏ မူရင်းအဆင်းပုံကို ပဓာန အကြောင်းခံ၍ ဗွီဒီယိုရိုက်စက်၌ ပုံရိပ်တစ်ခု၊ အောက်ထပ်တီဗွီစက်၌ ပုံရိပ်တစ်ခု ဖြစ်ပေါ်လာသည်။ ဗွီဒီယိုရိုက်စက်နှင့် သင်ယောဂီ၏ စက္ခုဒွါရတို့ သဘောချင်းတူသည်။ တီဗွီဖန်သားပြင်သည် ဘဝင်အကြည်နှင့် သဘောချင်းတူ၍ ဖန်သားပြင်တွင် ပေါ်သော ဆရာတော်၏ရုပ်ပုံသည် ဘဝင်အကြည်၌ပေါ်သော ဓမ္မာရုံနှင့်တူသည်။ ပုံရိပ်မပေါ်သေးသော တီဗွီဖန်သားပြင်သည် ဘဝင်အကြည်သက်သက်နှင့် သဘောချင်းတူသည်။ ကြေးကြိုးနှင့် ဘူတအာရုံကြောတို့ သဘောချင်းတူသည်။ လျှပ်စစ်ဓာတ်နှင့် ဖဿတို့ သဘောချင်းတူသည်။ အောက်ထပ်တီဗွီရှေ့ရှိ တရားနာနေသော ပရိသတ်များနှင့် သင်ယောဂီ၏ သဟိတ်မနောဝိညာဏ်အစုတို့ သဘောချင်းတူသည်။ လျှပ်စစ်ဓာတ်သည် ဗွီဒီယိုရိုက်စက်မှ ဆရာတော်၏ အဆင်းပုံကို ကြေးကြိုးအားအမှီပြုလျက် တီဗွီစက်သို့ သယ်ဆောင်ပုံသည် စက္ခုဒွါရမှရူပါရုံကို ဘူတအာရုံကြောကို အမှီပြုလျက် စက္ခုသမ္ဖဿက ဘဝင်အကြည်သို့ သယ်ဆောင်သွားပုံနှင့် တသဘောတည်း ဖြစ်သည်။

တရားနာနေသောပရိသတ်တို့သည် တီဗွီ၌ပေါ်သောပုံရိပ်ကို ရှုနေရပါလျက် မိမိတို့၏ စိတ်၌ တရားဟောနေသောဆရာတော်ကို တိုက်ရိုက်တကယ်ဖူးမြင်ရသလို ထင်နေကြ၏။ ထို့အတူ သဟိတ်မနောဝိညာဏ်သည် အဆင်းအာရုံ တိုက်ဆိုင်သောအခါ ဘဝင်၌ပေါ်သော ဓမ္မာရုံပုံရိပ်ကို ရှုမြင်နေရပါလျက် ထိုသဘောအမှန်ကို မသိပဲ ပြင်ပရှိအာရုံကို တိုက်ရိုက် တွေ့မြင်နေရသည် ဟူ၍ အထင်မှား အမြင်မှား ဖြစ်ကြသည်။

http://www.dhammadownload.com

ထိုသဘောကို မသိခြင်းသည် အဝိဇ္ဇာဖြစ်သည်။ စင်စစ် ဘဝင်အကြည်၌ပေါ်နေသော ပုံရိပ်အတုဓမ္မာရုံကို သိမြင်ခံစားနေရသည်ဟူသော အမှန်တရားကို မသိပဲ ပြင်ပအတိုက်ဓာတ် အဆင်း(လူ, တိရစ္ဆာန်, သစ်ပင်)တို့ကို တိုက်ရိုက် တွေ့မြင်နေရသည်ဟု အယူမှားမှု ဒိဋ္ဌိဝိပလ္လာသ၊ အမှတ်မှားမှု သညာဝိပလ္လာသ၊ အသိမှားမှု စိတ္တဝိပလ္လာသတို့ ဖြစ်နေကြသည်။ တရားကျင့်သည်ဆိုသည်မှာ စက္ခုဒွါရနှင့် မနောဒွါရရှိ ပရမတ်ရုပ်နာမ်တရားများကို သိမြင်နိုင်ရန် အားထုတ်ခြင်းဖြစ်သည်။ တရားဟူသည် ဖော်ပြခဲ့သော ဒွါရတို့ရှိ ပစ္စုပ္ပန်ဖြစ်ဆဲ ရုပ်နာမ်တို့ပင်ဖြစ်သည်။ **ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုမြင်ခြင်း**ဆိုသည်မှာ **စက္ခုဒွါရသို့ အဆင်းကျရောက်မှုကြောင့် စက္ခုပသာဒ၌ ရူပါရုံ, စက္ခုဝိညာဏ်တို့ ဖြစ်ခြင်းနှင့် အဆင်းချုပ်က ထိုရုပ်နာမ်တို့ ချုပ်ခြင်း (ဝါ) ပျက်ခြင်း**ကို **ပိုင်းခြားမြင်ခြင်း**ကို ဆိုလိုခြင်းဖြစ်သည်။ အမှန်ရှိပါလျက် မတွေ့မြင်ခြင်းသည် အရှည်ဘဝ်စိတ်၌ မောဟစေတသိက် ဖုံးအုပ်ထားခြင်းကြောင့် ဖြစ်သည်။ ထိုမောဟစေတသိက်ကို စိတ်၌မဖုံးအုပ်အောင် ဖယ်ရှားနေခြင်းသည် သီလ၊ သမာဓိ ထူထောင်ခြင်း (ဝါ) တရားကျင့်ခြင်း ဖြစ်သည်။ ယခုရှင်းပြသောသဘောကို တရားကျင့်သောယောဂီတို့ ဉာဏ်ဖြင့် သတိပြုဆင်ခြင် သုံးသပ်ပညာယူပါ။

၁၆၊၁။ စက္ခုဒွါရအကြောင်းခံသော ရုပ်နာမ်ခန္ဓာဖြစ်စဉ်

ပုံစံ(၂-က)၌ ဖခင်ဖြစ်သူ ဦးသူတော်၏ သားဖြစ်သူ မောင်လှအား တွေ့မြင်ပုံကို အကြောင်းခံ၍ ဦးသူတော်၏ ခန္ဓာအစဉ် ဖြစ်ပေါ်လာပုံကို သရုပ်ပြ ရေးဆွဲထားသည်။ အထက်ပုံစံသည် ရောဂါ ပြင်းထန်စွာ ရနေသော သားဖြစ်သူ မောင်လှအားမြင်သော ဦးသူတော်၏ အတွင်းရုပ်နာမ်ဖြစ်စဉ်နှင့် စိတ်၌မောဟဖုံးကာ ပဋိစ္စသမုပ္ပါဒ်လည်ပုံဖြစ်သည်။

အပိုင်း(က, ခ, ဂ, ဃ)တို့သည် ဦးသူတော်၏ သဟိတ်မနောဝိညာဏ်ကို ဖြစ်ပေါ်စေသော အကြောင်းတရားတို့ ဖြစ်သည်။ ဦးသူတော်၏ **စက္ခုပသာဒ**၌ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသော မောင်လှ၏ အဆင်းနှင့် တထပ်တည်း တူညီသည့် **အဆင်းရူပါရုံ** (ပရမတ်ရုပ်) ဖြစ်ပေါ်နေသည်။ ထို**စက္ခုပသာဒ**(ပရမတ်ရုပ်) နှင့် **အဆင်းရူပါရုံ**(ပရမတ်ရုပ်) နှစ်ပါးကိုစွဲ၍ **စက္ခုဝိညာဏ်** (ပရမတ်နာမ်) ဖြစ်ပေါ်လာသည် (**စက္ခုဒ္ဆ ပဋိစ္စ ရူပေစ ဥပဇ္ဇတိ စက္ခုဝိညာဏံ**)။

ထိုသုံးမျိုးသော ပရမတ်ရုပ်နာမ်တို့သည် တစ်နေရာတည်း၌ ဖြစ်ပေါ်တွေ့ဆုံကြခြင်း (**တိဏ္ဏံ သင်္ဂတိ ဖဿော**)ကြောင့် အကျိုးတရား(အပိုင်း-ဂ) စက္ခုသမ္ဖဿ(ပရမတ်နာမ်) ဖြစ်ပေါ်လာသည်။ ထိုစက္ခုသမ္ဖဿသည် စက္ခုဒွါရ၌ရှိသော ရူပါရုံပုံရိပ်ကို ဘဝင်အကြည်နှင့် ဆက်စပ်ပေးသည်။* ယင်းစက္ခုသမ္ဖဿ၏ ဓမ္မနိယာမအစွမ်းဖြင့် မနောဒွါရတည်းဟူသော ဘဝင်အကြည်၌ ပြင်ပမှမောင်လှ၏ ပုံသဏ္ဌာန်အတိုင်း အဆင်းဓမ္မာရုံအဖြစ် ကျရောက်သည်။ ထိုဓမ္မာရုံ (အဆင်းပုံရိပ် ပရမတ်ရုပ်)နှင့် ဘဝင်အကြည် (ဝါ) မန (ပရမတ်နာမ်) နှစ်ခုတို့ကို အစွဲပြု၍ မြင်သိကာမျှသိသော ဥပါဒ်ဆဲ အဟိတ်မနောဝိညာဏ်နှင့် ကုသိုလ် အကုသိုလ် ဇောထိုက်သော သဟိတ်မနောဝိညာဏ် (ပရမတ်နာမ်)တို့ ဆက်ကာ ဖြစ်ကြသည်† (**မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပဇ္ဇတိ မနောဝိညာဏံ**)။ ထိုသုံးမျိုးသော ပရမတ်ရုပ်နာမ်တို့သည် တစ်နေရာတည်း၌ ဖြစ်ပေါ်တွေ့ဆုံခြင်းကြောင့် အကျိုးတရား မနောသမ္ဖဿ (ပရမတ်နာမ်) ဖြစ်ပေါ်လာသည် (**တိဏ္ဏံ သင်္ဂတိ ဖဿော**)။ ထိုမနောသမ္ဖဿသည် စက္ခုအကြည်သို့ ပြေးညွှတ်ပြီး စက္ခုအကြည်မှ 'အဖေ'

---

* ဖွိဒီယိုရိုက်စက် ဥပမာပြန်ရှုရန်

† စာမျက်နှာ(၈) နိဒါန်း၌ ပြန်ရှုပါ။

http://www.dhammadownload.com

http://www.dhammadownload.com

ဟူသော အဆင်းဓမ္မာရုံကို ဘဝင်သို့ သယ်ဆောင်ပြန်သည်။ ထိုမနောသမ္ဖဿသည် မနောဒွါရ၌ ယှဉ်ဖက် ဝေဒနာအား အာရုံ၏ ဣဋ္ဌ, အနိဋ္ဌသဘောကို ပို့ဆောင်ပေးသည်။ စက္ခုသမ္ဖဿနှင့် မနောသမ္ဖဿ ဖြစ်တိုင်း ဝေဒနာ၊ သညာ၊ သခ်ါရ၊ အဟိတ်, သဟိတ်မနောဝိညာဏ်တို့ ဖြစ်ကြသည်။ ထိုသို့ ခန္ဓာငါးပါး တပြိုင်တည်းစ၍ ဖြစ်ပေါ်လာခြင်းသည် ဇာတိ၊ ရင့်ရော်ခြင်းသည် ဇရာ၊ ပျက်စီးခြင်းသည် မရဏဖြစ်သည်။

စိတ်၌ ဥပါဒါန် ကပ်ရောက်နှိပ်စက်ပုံ

ဦးသူတော်၏ ငါဟုစွဲယူထားသော သဟိတ်မနောဝိညာဏ်သည်-
ပြင်ပသားဖြစ်သူ မောင်လှ၏ ရူပါရုံနှင့် တိုက်ရိုက် ထိတွေ့ခြင်း မရှိပါ။ အပိုင်း(ခ)ရှိ ရုပ်နာမ် (ရူပါရုံ+စက္ခုဝိညာဏ်)တို့နှင့် တိုက်ရိုက် ထိတွေ့ခြင်း မရှိပါ။ ထိုအပေါ်ဓာတ် သဟိတ်မနောဝိညာဏ်၏ ပင်ကိုယ်သဘာဝမှာ မနောဒွါရ၌ ထင်သော ဓမ္မာရုံကိုသာ အာရုံပြုသိခြင်းဖြစ်သည်။

ဦးသူတော်၏ ငါ ငါ့စိတ်ဟု စွဲယူထားသော သဟိတ်မနောဝိညာဏ်၌ အဝိဇ္ဇာအမှောင်ထု (မောဟစေတသိက်) ဖုံးထားခြင်းကြောင့် ထိုအပိုင်း(က, ခ, ဂ, ဃ)နှင့် အပိုင်း(င) ရှေ့ဖြစ် အဟိတ်မနောဝိညာဏ်နှင့် သဟိတ်မနောဝိညာဏ် ရုပ်နာမ်ဖြစ်စဉ်တို့၏သဘောကို မသိပဲ ဒိဋ္ဌိစေတသိက် ကပ်၍ ငါ့သားပဲ၊ မောင်လှပဲ ဟူ၍ ပညတ်များစွဲကာ အမှတ်မှား၊ အသိမှား၊ အယူမှား ဖြစ်နေသည်။ ထို့ကြောင့် ဦးသူတော်၏ သဟိတ်မနောဝိညာဏ် (ငါဟုစွဲထားသောစိတ်) ကို ကိလေသာမီးတို့ လောင်ကျွမ်း နှိပ်စက်ကြတော့သည်။

အပိုင်း(က)မှ အပိုင်း(င)အထိ ရုပ်နာမ်ဖြစ်စဉ်၏သဘောကို မသိခြင်းသည် အဝိဇ္ဇာဖြစ်၏။ မှားယွင်းစွာ နှလုံးသွင်းခြင်းစေတနာသည် ကံဖြစ်၏။ ပုဂ္ဂိုလ်ဟု သားဟု အယူမှားခြင်းသည် ဒိဋ္ဌိဖြစ်၏။ ထိုအာရုံ၌ သားတည်းဟူသော ဒိဋ္ဌိနှင့်တကွ တွယ်တာခြင်းသည် တဏှာဖြစ်၏။ ပြင်ပအဆင်းကို ရုပ်နာမ်ဟူ၍ မမြင်သိပဲ ငါ့သားပဲ မောင်လှပဲ ဟူ၍ မရှိပညတ်ကို အရှိထင် စွဲယူခြင်း ဒိဋ္ဌုပါဒါန်၊ ထို့အတူ အာရုံသို့ ညွှတ်တတ်သည့် မနောသမ္ဖဿ၏ သဘောဆောင်မှုကိုလည်း ငါညွှတ်သည်ဟူ၍ စွဲယူခြင်း ဒိဋ္ဌုပါဒါန်၊ မနောဒွါရရှိ အနိဋ္ဌအာရုံကို ခံစားသော ဝေဒနာကို ငါခံစားတယ်ဟူ၍ စွဲလမ်းခြင်း ဒိဋ္ဌုပါဒါန်၊ မြင်သိစိတ်ကိုလည်း ငါမြင်တယ်ဟူ၍ စွဲယူခြင်း အတ္တဝါဒုပါဒါန်၊ ပြင်ပအဆင်းဖြစ်သော မောင်လှ ဖျားနာနေသည်ကို ကျန်းမာစေလိုခြင်း ကာမုပါဒါန် အသီးသီး ဖြစ်ကြ၏။ အဆိုပါ ဥပါဒါန်ကိန်းနေသော ဦးသူတော်၏ သဟိတ်မနောဝိညာဏ်အစုသည် ကမ္မဘဝမည်၏။* ထိုဥပါဒါန်ကိန်းနေသော ခန္ဓာငါးပါး၌ ကိလေသာမီး လောင်ကျွမ်းနေခြင်းကြောင့် ဦးသူတော်၏ ငါဟု စွဲယူထားသော သဟိတ်မနောဝိညာဏ်သည် ဆင်းရဲမီးတောက်သော ဒုက္ခက္ခန္ဓာ ဖြစ်သွားရသည်။† တရားကျင့်သောယောဂီသည် ဦးသူတော်ကဲ့သို့ပင် မိမိခန္ဓာ၏ဓမ္မဖြစ်စဉ်ကို မသိသောအခါ ဒွါရနှင့် အာရုံတိုက်ဆိုင်လာလျှင် တဏှာ, မာန, ဒိဋ္ဌိဖြစ်ရသည်ကို ဉာဏ်ဖြင့် သုံးသပ်နားလည်ယူပါ။

---

* သားမောင်လှဟု အမြင်မှားစွဲယူမှု ဒိဋ္ဌုပါဒါန်နှင့် ကျန်းမာစေလိုမှု ကာမုပါဒါန်တို့ကိန်းသော ရှေ့စိတ် သဟိတ်မနောဝိညာဏ်သည် အကြောင်းတရားဥပါဒါန်ဖြစ်၍ ထိုအတိုင်း ဖြစ်မလာသောအခါ ဒေါမနဿမီး လောင်သော နောက်သဟိတ်မနောဝိညာဏ်သည် အကျိုးတရား ကမ္မဘဝဖြစ်သည်။ (ဥပါဒါနပစ္စယာ ကမ္မဘဝေါ)

† ဤကား စက္ခုဒွါရ "အာရုံတိုက်ဆိုင်ဆဲ" ရုပ်နာမ်ဖြစ်စဉ်နှင့် ပဋိစ္စသမုပ္ပါဒ်လည်ပုံဖြစ်သည်။ သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရ ရုပ်နာမ်ဖြစ်စဉ်နှင့် ပဋိစ္စသမုပ္ပါဒ်လည်ပုံကိုလည်း ဤနည်းအတိုင်း သိပါလေ။

http://www.dhammadownload.com

ပုံစံ(၁)အရဆိုသော် အပိုင်း(ခ)ရှိ စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ အပိုင်း(ဂ)မှ စက္ခုသမ္ဖဿနှင့် မနောသမ္ဖဿ၊ အပိုင်း(င) ဝေဒနာအထိ ဥပါဒါနက္ခန္ဓာငါးပါး ဖြစ်သည်။‡ ထိုခန္ဓာငါးပါးသည် အရှုခံ(အာရုံ) ဖြစ်၍ ဥပါဒါန်(လောဘ, မောဟ, ဒိဋ္ဌိ) မကိန်းသော ဥပါဒါနက္ခန္ဓာ ဖြစ်သည်။ ငါဟုစွဲထားသော သဟိတ်မနောဝိညာဏ်စိတ်အစုသည် ဥပါဒါန် ကိန်းနေသော ဥပါဒါနက္ခန္ဓာဖြစ်သည်။

၎င်းကို သစ္စာဖွဲ့သော် --

(က) အပိုင်း (က, ခ, ဂ, ဃ) နှင့် အပိုင်း (င) ဝေဒနာအထိ ရုပ်နာမ်တို့သည် အတိတ်အကြောင်း ပစ္စုပ္ပန် အကျိုးတရား ဒုက္ခသစ္စာ။

(ခ) အတိတ်ဘဝအစဉ်မှ ကိန်းလာခဲ့သော တဏှာသည် အကြောင်း သမုဒယသစ္စာ။

(ဂ) ပစ္စုပ္ပန်အာရုံ၌ ထပ်စွဲသော တဏှာသည် အနာဂတ်အကျိုးဖြစ်စေသော အကြောင်း သမုဒယသစ္စာ။

၁၊၆၊၂။ သောတဒွါရအကြောင်းခံသော ရုပ်နာမ်ခန္ဓာဖြစ်စဉ်

ဗွီဒီယိုရိုက်စက်ဥပမာ

ဗွီဒီယိုရိုက်စက်ဥပမာ၌ အပေါ်ထပ်မှ တရားဟောသော ဆရာတော်၏ အသံသည် အာကာသ၊ လေ နှင့် ဒြပ်မှုန်များ ပါဝင်အကြောင်းပြု၍ ဗွီဒီယိုရိုက်စက်ရှိ အသံဖမ်းမိုက်သို့ ကျရောက်သည်။ ၎င်းတွင် လျှပ်စစ်ဓာတ်များလည်း စီးဝင်နေသည်။ အသံဖမ်းမိုက်မှ ဓာတ်ကြိုးနှင့် တီဗွီစက်တို့ ဆက်သွယ်ထားသည်။ တီဗွီစက်မှ အသံကြိုးကို အသံချဲ့စက်သို့ ဓာတ်ကြိုးဖြင့် ဆက်သွယ်ကာ အသံချဲ့၍ အသံလွှင့်ဘောက်သို့ အသံကို တဆင့်ပြန်ပို့သည်။ အသံလွှင့်ဘောက်ရှိ စပီကာမှ တရားဟောသောအသံများ ထွက်နေသည်။ ၎င်းအသံကို တရားနာပရိသတ်များက အာရုံပြု တရားနာနေကြသည်။

အသံဖမ်းမိုက်မှ ဖမ်းယူထားသော ဆရာတော်၏တရားသံ၊ လျှပ်စစ်ဓာတ် နှင့် အသံဖမ်း မိုက်ခွက်တို့ တစ်နေရာတည်းတွင် တွေ့ဆုံအကြောင်းပြုကြသည်။ ထိုအကြောင်းတရားကြောင့် အကျိုးတရားဖြစ်သော တရားဟောသံနှင့်တူသည့် ဓာတ်တစ်ခုဖြစ်ပေါ်လာသည်။ တရားဟောသံ နှင့်တူသော ထိုဓာတ်ကို လျှပ်စစ်ဓာတ်က ဓာတ်ကြိုးမှတဆင့် စီးဆင်းသယ်ဆောင်သွား၍ အသံချဲ့စက်သို့ ထိတွေ့သက်ရောက်သည်။ ထိုတရားဟောသံနှင့် တူသောဓာတ်သည် အသံချဲ့စက် ထဲသို့ ရောက်ရှိသွားပြီး အကြောင်းထပ်ပြုကြပြန်သည် (ပို၍အသံကျယ်ရန်)။ ထိုအကြောင်းပြုမှု ကြောင့် ပို၍အသံကျယ်သည့် တရားဟောအသံနှင့် တူသော ဓာတ်အသစ် ဖြစ်ပေါ်လာပြန်သည်။ ထိုဓာတ်အသစ်မှာ အသံလွှင့်ဘောက်ကို ထပ်ဆင့်ရောက်ရှိပြီး တရားဟောအသံ၏ မူရင်းအကိုင်း စပီကာမှ အသံဖြစ်ပေါ်နေသည်။ တရားနာပရိသတ်များသည် ၎င်းတရားဟောသံများကို နာယူနေကြသည်။

၁။ သောတအကြည်သည် အသံဖမ်းမိုက်နှင့်တူ၏။

၂။ သောတသမ္ဖဿနှင့် မနောသမ္ဖဿသည် လျှပ်စစ်ဓာတ်နှင့်တူ၏။

၃။ သောတအာရုံကြော (မဟာဘုတ်)သည် ကြေးကြိုးနှင့်တူ၏။

၄။ ဘဝင်အကြည်သက်သက်သဘောသည် အသံမရောက်သေးသော လျှပ်စီးဓာတ်လွှတ်ထားသည့် အသံလွှင့်ဘောက်မှ စပီကာနှင့် တူ၏။

---

‡ ဝေဒနာက္ခန္ဓာကို ပိုင်းခြားရှုမြင်နေစဉ် ယှဉ်ဖက်အခြားနာမ်ခန္ဓာသုံးပါးတို့ကို ပိုင်းခြားမရှုမြင်နိုင်ပါ။

ပုံစံ (၃) - က

ပုထုဇဉ်တစ်ဦး ပစ္စုပ္ပန် အသံပေါ်မှ အထင်မှားယွင်းလျက် ကြားပုံ



မှတ်ချက်(၁) ။ ။ ပုံစံ(က)သည် ပုံစံ(ခ)၏ နာခံရုပ်ဖြစ်စဉ်ကို အပြည့်အစုံ ဖော်ပြထားသည်။

မှတ်ချက်(၂) ။ ။ သောတဝတ္ထုနှင့် ဟဒယဝတ္ထုတွင် အဓေဟု နာခံရုပ်တထပ်တည်း ဖြစ်နေသော်လည်း သဘောသိလွယ်ရန် ရုပ်တစ် နာခံဓာတ်ကို ခွဲ၍ ရေးပြထားခြင်းဖြစ်သည်။

http://www.dhammadownload.com

http://www.dhammadownload.com

၅။ ဘဝင်၌ ထင်နေသော သဒ္ဒဓမ္မာရုံသည် စပိကာ၌ ကျရောက်နေသော တရားဟောအသံနှင့် တူ၏။
၆။ ဘဝင်နှင့် သဒ္ဒဓမ္မဓာတ်တို့ တိုက်ဆိုင်ဖော်ပြနေပုံသည် စပိကာမှ အသံမြည်နေပုံနှင့် တူ၏။
၇။ သဟိတ်မနောဝိညာဏ်သည် တရားနာသောပုဂ္ဂိုလ်များနှင့် တူ၏။

အသံဖမ်းမိုက်နှင့် အသံခွဲ့စက်တို့သည် ရုပ်တရားသက်သက်မျှဖြစ်၍ နာမ်ဓာတ်နှင့် နှိုင်းယှဉ်မပြနိုင်သော်လည်း နာမ်ဓာတ်၏ ပေါ်မှူသဘောကို ရုပ်ဓာတ်ဖြစ်ပေါ်မှူသဘောနှင့် နှိုင်းယှဉ်ယူပါ။ တရားဟော ဆရာတော်၏ အသံရုပ်တစ်မျိုး၊ အသံဖမ်းမိုက်၌ အသံရုပ်တစ်မျိုး၊ အသံလွှင့်ဘောက်မှ အသံရုပ်တစ်မျိုး ဖြစ်ပေါ်လာပုံတို့ကို မိမိ၏ခန္ဓာနှင့် နှိုင်းယှဉ်ယူ၍ အနတ္တဝိပဿနာဉာဏ်သို့ ရောက်အောင်မြင်အောင် ဉာဏ်ဖြင့် သုံးသပ်ပါ။

အသံပေါ်၌ ရုပ်နာမ်ဖြစ်စဉ်ရှင်းတမ်း (ပုံစံ ၃-က)

ပြင်ပအတိုက်ဓာတ်ဖြစ်သော သားဖြစ်သူမောင်လှ၏ အဖေဟုခေါ်သောအသံသည် လေ၊ အာကာသ စသော အကြောင်းတရားများ ညီညွတ်သောအခါ ဦးသူတော်၏ သောတအကြည်ကို တိုက်ခိုက်၍ သောတအကြည်၌ အသံရုပ် (သဒ္ဒါရုံ) 'အဖေ'ဟု ပေါ်သည်။ သောတအကြည်နှင့် 'အဖေ'ဟူသော အသံရုပ်(သဒ္ဒါရုံ)ကို စွဲ၍ 'အဖေ'ဟူသော သောတဝိညာဏ် ဖြစ်ရသည် **(သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ)**။ ထိုသုံးမျိုးတို့ တစ်နေရာတည်း၌ တွေ့ဆုံ၍ အကြောင်းပြုကြသောအခါ သဒ္ဒဓမ္မာရုံကို သယ်ဆောင်သော ဖဿတည်းဟူသော အကျိုးတရား နာမ်တရား ပေါ်လာသည်။

သောတအကြည်မှ သဒ္ဒဓမ္မာရုံကို သယ်ဆောင်လာသော သောတသမ္ဖဿသည် ဘဝင်အကြည်ကို 'အဖေ'ဟူသော သဒ္ဒဓမ္မာရုံနှင့် ဆက်စပ်ပေးသည်။ ယင်းသောတသမ္ဖဿ၏ ဓမ္မနိယာမအစွမ်းဖြင့် ဘဝင်အကြည်၌ 'အဖေ' ဟူသော သဒ္ဒဓမ္မာရုံပေါ်သည်။ ဘဝင်အကြည်နှင့် 'အဖေ'ဟူသော သဒ္ဒဓမ္မာရုံတို့ကိုစွဲ၍ ဥပါဒ်ဆဲ(ကျရောက်ဆဲ) သဒ္ဒဓမ္မာရုံကိုသိသော အဟိတ်မနောဝိညာဏ်နှင့် ကုသိုလ် အကုသိုလ် ဇောထိုက်သော သဟိတ်မနောဝိညာဏ်တို့ ဆက်ကာ ဖြစ်ပေါ်လာကြသည်။ ထိုသုံးမျိုး တစ်နေရာတည်း၌ ဖြစ်ပေါ်တွေ့ဆုံခြင်းကြောင့် အကျိုးတရား အတွင်းအတိုက်ဓာတ်အသစ် (မနောသမ္ဖဿ) ဖြစ်ပေါ်လာသည်။ ထိုမနောသမ္ဖဿသည် သောတအကြည်သို့ ပြေးညွှတ်ပြီး သောတအကြည်မှ 'အဖေ' ဟူသော သဒ္ဒဓမ္မာရုံကို ဘဝင်သို့ သယ်ဆောင်ပြန်သည်။ ထိုအတိုက်ဓာတ်မှ သယ်ဆောင်လာသော 'အဖေ' ဟူသော သဒ္ဒဓမ္မာရုံ၏ ကွဋ္ဌ, အနိဋ္ဌသဘောကို ဝေဒနာကွန်ရှာက ခံစားသည်။ သညာကွန်ရှာမှ သဒ္ဒဓမ္မာရုံပေါ်၌ 'အဖေ'ဟု အမည်ပေးသည်။ (ငါဟုစွဲထားသော) သဟိတ်မနောဝိညာဏ်သည် အဖေဟူသော သဒ္ဒဓမ္မာရုံကို ကြားသိသဘောဖြင့် လက်ခံသည်။ ၎င်း'အဖေ'သည်ပင်လျှင် အဟိတ်မနောဝိညာဏ်နှင့် သဟိတ်မနောဝိညာဏ်စိတ်ဖြစ်သည်။ သခါရက္ခန္ဓာစေတသိက်အစုက ဝိုင်းအုံကာ အကဲဖြတ် သုံးသပ်ချီးမွမ်းဆုံးဖြတ်ခြင်း ပြုကြသည်။*

---

* နားမှကြားသောအသံကို နှုတ်မှ တဖန်ပြန်ပြော၍လည်းကောင်း၊ စာဖြင့်ရေး၍လည်းကောင်း ဖော်ပြနိုင်သည်။ ဥပမာ-လူတစ်ယောက်က တခြားလူတစ်ယောက်ကို ကျီးကန်းအော်သံ ကြားဖူးသလားဟု မေးသောအခါ တခြားလူတစ်ယောက်က ကြားဖူးကြောင်းပြောပြလျှင် မေးသောသူက ဘယ်လိုလဲ၊ ပြောပြစမ်းပါဦးဟု ထပ်မေးလျှင် **အာ** ဟူသော အသံဖြင့် အော်ပြလိုက်သည်။ ထို့ကြောင့် အသံကို အသံဖြင့်ပင် တူအောင် သဘောဆောင်ပြ၍ ရသည်။ ကြားသောသူ၏ နားမှာလည်း **အာ** ဟု သောတအကြည်၌ ထင်၏။

http://www.dhammadownload.com

ထိုအခါ ဦးသူတော်၏ သောတအကြည်ဌ မသိသဘောဆောင်သည့် 'အဖေ' ဟူသော သဒ္ဒရုပ်နှင့် သိသဘောဆောင်သည့် 'အဖေ' ဟူသော နာမ်ဓာတ်(သောတဝိညာဏ်)ဟူ၍ ရုပ်နာမ်တစ်စုံပေါ်နေသည်။ ဘဝင်အကြည်ဌလည်း မသိသဘောဆောင်သည့် 'အဖေ' ဟူသော သဒ္ဒမဟာရုံနှင့် သိသဘောဆောင်သည့် 'အဖေ'ဟူသော နာမ်ဓာတ် (အဟိတ်မနောဝိညာဏ် (သို့) သဟိတ်မနောဝိညာဏ်)ဟူ၍ ရုပ်နာမ်တစ်စုံ ပေါ်နေသည်။ ဗွီဒီယိုရိုက်စက်ဥပမာအရ တရားဟော ဆရာတော်၏ အသံသည် စပီကာဘောက်ဌ် ထွက်ပေါ်နေသော တရားဟောသံနှင့် တထပ်တည်း တူနေသကဲ့သို့ သောတအကြည်ရှိ 'အဖေ'သည် ဘဝင်အကြည်ရှိ 'အဖေ'နှင့် တထပ်တည်း တူနေသည်။†

သိဓာတ်ကလည်း **အာ** ဟူသော သိဓာတ်ပေါ်သည်။ ကျိုးကန်းအော်သော အသံဓာတ်၏ သဘောကို စာဖြင့် ရေးပြသော် **အရေးချအာ** ဟု အဆင်းဓာတ် ဖြစ်ပေါ်လာသည်။ အသံဓာတ်၏သဘောကို အဆင်းသက်တဖြင့် ဖော်ပြနိုင်၏။ ထို့အတူ **အာ** ဟူသော ဝိညာဏ်ဓာတ်၏ သဘောကိုလည်း အဆင်းဓာတ်သက်တစာဖြင့် ဖော်ပြနိုင်သည်။ စာဖြင့်ရေးပြသော သက်တကို အကြောင်းခံ၍ ဉာဏ်ဖြင့် သဘောကို အာရုံပြုပါ။ တရားကျင့်သောယောဂီများ ဉာဏ်အမြင်စင်ကြယ်ရန် အတတ်နိုင်ဆုံးကြိုးစား၍ ရှင်းပြခြင်းဖြစ်သည်။ ပညတ်ကို ဖယ်၍ ပရမတ်ကို အာရုံပြုပါ။

သောတဝိညာဏ်နှင့် အဟိတ်မနောဝိညာဏ်တို့သည် ချီးမွမ်းခြင်း၊ ဆုံးဖြတ်ခြင်း၊ သာယာခြင်း၊ မသာယာခြင်းများ မရှိပါ။ ကုသိုလ် အကုသိုလ်ဖြင့်လည်း မဆက်ဆံပါ။ အသံ၏ အရှိသဘောအတိုင်းနာမ်၏ သဘာဝဖြင့် ဖော်ပြကာမျှ သက်သက်ပင် ရှိပါသည်။ ထို့အတွက်ကြောင့် အသံပေါ်၌ ချီးမွမ်းခြင်း၊ အမည်ပေးခြင်း ဖြစ်ရန်အတွက် သဟိတ်မနောဝိညာဏ်ရှိရာ မနောဒွါရသို့ ပို့ရသည်။ ထိုအခါ မနောဒွါရတွင် "မသိသဘောဆောင်သည့် **အာ**"ဟူသော ဓမ္မအသံဓာတ်(ဓမ္မာရုံ)နှင့် "သိသဘောဆောင်သည့်**အာ**"ဟူသော အဟိတ်မနောဝိညာဏ် နာမ်ဓာတ်တို့သည် သောတပသာဒမှာကဲ့သို့ လက်ခံရုံမျှဖြစ်သော ရုပ်နာမ်တစ်စုံအဖြစ် ပေါ်ပေးရသည်။ ၎င်းရုပ်နာမ်တို့မှ သဟိတ်မနောဝိညာဏ်က ဝီထိအဆင့်ဆင့်ချကာ **အာ** ဆိုသည်မှာ ကျိုးကန်းသံဟု ဆုံးဖြတ်သည့် အဆင့်ရောက်ပြီးမှ သာယာလျှင် ဝမ်းမြောက်မှု(သောမနဿ)၊ မသာယာလျှင် ဆင်းရဲမှု (ဒေါမနဿ) စိတ်များ ဆက်လက် ဖြစ်ပေါ်၍ရသည်။ ထို့ကြောင့် သောတဒွါရမှ အသံဂုဏ်သတ္တိနှင့် မနောဒွါရမှ **အာ** ဟူသော ဓမ္မအသံဓာတ်၏ ဂုဏ်သတ္တိ တူမှသာလျှင် သဟိတ်မနောဝိညာဏ်၌ ကုသိုလ် အကုသိုလ်မြောက်ဖို့ တသဘောတည်း တစ်စိတ်တည်းတူကြမည် ဖြစ်သည်။

† နာမရူပပရိစ္ဆေဒဉာဏ်၌ **"ပရိစ္ဆေဒဉာဏ်"** ဟူသည် ခွဲခြားသိမြင်သော ဉာဏ်ဖြစ်သည်။ အထက်ပါ ရှင်းပြခဲ့သည့်အတိုင်း သောတဒွါရ၌ မသိသဘောဆောင်သည့် **အဖေ** အသံရုပ်တရားနှင့် သိသဘောဆောင်သည့် **အဖေ** နာမ်တရားတို့ တထပ်တည်း တသဘောတည်းကဲ့သို့ ခွဲခြားမရနိုင်အောင် တူနေကြသည်။ ပစ္စုပ္ပန်ဆတ်ဆတ်၌ဖြစ်သော တထပ်တည်း၊ တစ်နေရာတည်း ကိန်းနေသော မတူညီသည့် ထိုရုပ်သတ္တိ၊ နာမ်သတ္တိတို့ကို ခွဲခြားသိမြင်နိုင်သော ဉာဏ်မှသာလျှင် နာမရူပပရိစ္ဆေဒဉာဏ် အမှန်ဖြစ်သည်။ ထို့အတူ ဘဝင်(ခေါ်) စိတ်အကြည်ဌလည်း သောတဒွါရမှာကဲ့သို့ ပေါ်နေသော ရုပ်နာမ်တစ်စုံကိုလည်း အရှုဉာဏ်ဖြင့် ခွဲခြားသိရှိနိုင်ရမည် ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ ခြေ, လက်, ကိုယ်, ခေါင်းဟု သိနေသော ပညတ်အမြင် ရုပ်တရားနှင့် ငါဟု စွဲထားသော မနောဝိညာဏ်စိတ်တို့ တခြားစီ ဖြစ်နေသည်ကို ရုပ်နာမ်ကွဲသည်ဟူ၍ နာမရူပပရိစ္ဆေဒဉာဏ်တပ်လျှင် မှားယွင်းနေသည်။

http://www.dhammadownload.com

၁၊၆၊၃။ ပဋိစ္စသမုပ္ပါဒ်လည်ပုံ

ဘဝင်သို့ရောက်ရှိသော အာရုံပေါင်းစုံဓမ္မာရုံတို့၏ ကောင်းသဘော ဆိုးသဘောကို လက်ခံသော ဝေဒနာတည်းဟူသော နာမ်တရားကို ယှဉ်ဖက်ဖြစ်သော သဟိတ်မနောဝိညာဏ် စိတ်က ပိုင်းခြားမမြင်လျှင် တဏှာကူးသည် (**ဝေဒနာ ပစ္စယာ တဏှာ**)။ ဝေဒနာနှင့် ဝေဒနာ ဖြစ်ကြောင်းကို ပိုင်းခြားမသိမှု (အဝိဇ္ဇာ)သည် ဝေဒနာမှတဏှာကူးခြင်း၏ အကြောင်းတရား ဖြစ်သောကြောင့် "**အဝိဇ္ဇာသမုဒယာ အာသဝ(တဏှာ) သမုဒယော**"[၆] ဟုဆိုခြင်းဖြစ်သည်။

ပစ္စုပ္ပန်တိုက်ဆဲ၌ ဆင်းရဲမီးတောက်နေသော ရှေ့သဟိတ်မနောဝိညာဏ်၏ ဖြစ်ကြောင်း သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကို အာရုံပြု ကြံစည်တွေးတောမှုကြောင့် ဖြစ်ပေါ်လာသော ဓမ္မာရုံရုပ်နာမ်တို့ကို ပိုင်းခြားမသိမှုအဝိဇ္ဇာပင် ဖြစ်သည်။ ထိုမသိမှုအဝိဇ္ဇာသည် တဏှာနှင့် ယှဉ်သော သခ်ါရ (စေတနာ)သုံးမျိုး (ပုညာဘိသခ်ါရ, အပုညာဘိသခ်ါရ, အာနဥ္ဇာဘိသခ်ါရ)တို့ကို ဖြစ်ပေါ်စေသည်။ ဥပါဒါန်နှင့်ယှဉ်သော ထိုသခ်ါရ (စေတနာ) သုံးမျိုးကြောင့် ကာမဘဝဝိညာဏ် (အပါယ်လေးဘုံနှင့် လူ့ဘုံ, နတ်ပြည်ခြောက်ထပ်) ရူပဘဝဝိညာဏ် (ရူပဗြဟ္မာဆယ့်ခြောက်ဘုံ) အရူပဘဝဝိညာဏ် (အရူပဗြဟ္မာလေးဘုံ) အကျိုးတရားတို့ကို ဖြစ်စေသည်။ (**သခ်ါရ ပစ္စယာ ဝိညာဏံ**) တဏှာဟူသည် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဖြစ်သည်။

အဝိဇ္ဇာ, သခ်ါရ, တဏှာ, ဥပါဒါန်, ကံ ဖြစ်ကြောင်းနှင့် ဖြစ်ပုံ

သဟိတ်မနောဝိညာဏ်သည် မီးစာလောင်စာဖြစ်၏။ အကုသိုလ်စေတသိက်(၁၄)ပါးသည် မီးဖြစ်၏။ သဟိတ်မနောဝိညာဏ်၏ ပကတိသဘောသည် ဖြူစင်သန့်ရှင်းသည်။ ထို့အတူ အပိုင်း(ခ)မှ ဝိညာဏ်(၅)မျိုး နှင့် အပိုင်း(ဃ)မှ ဝိညာဏ်(၁)မျိုးသည်လည်း ဖြူစင်သန့်ရှင်းသည်။ ထိုဝိညာဏ်အားလုံးတို့သည် အာရုံ၏သဘောကိုလိုက်၍ အခိုက်အတန့်အားဖြင့် ခွဲခြားထားခြင်း ဖြစ်သည်။ မူရင်းမှာ သိမှုဟူသော စိတ်တစ်မျိုးတည်း (ဝါ) ဝိညာဏ်တစ်မျိုးတည်းသာ ဖြစ်ပါသည်။

ပုံစံ-၁အရ အုပ်စုအလိုက် ဖွဲ့သော် အပိုင်း (က, ခ, ဂ, ဃ) တို့သည် အကြောင်း "ပဋိစ္စသမုပ္ပါဒ" ဖြစ်၍ အပိုင်း(င)သည် အကျိုး "ပဋိစ္စသမုပ္ပန္ဓ" ဖြစ်သည်။ သဟိတ်မနောဝိညာဏ် အကျိုးပဋိစ္စသမုပ္ပန္ဓ ဖြစ်ရခြင်း၏ အကြောင်းရင်းဖြစ်သော ပဋိစ္စသမုပ္ပါဒအုပ်စုရှိ စိတ်(၆)မျိုးသည် အကျိုးတရား အဗျာကတဓမ္မသက်သက်မျှဖြစ်ပြီး ကုသိုလ် အကုသိုလ် စေတသိက်များ ယှဉ်တွဲမှုမရှိသဖြင့် ကုသိုလ်ကံ အကုသိုလ်ကံတို့ကိုလည်း မပြုလုပ်တတ်၊ (၁၁)ပါးမီးလည်း တောက်လောင်မှုမရှိရကား ထိုဝိညာဏ်(၆)မျိုးတို့သည် မည်သည့်အခါမျှ မီးစာလောင်စာ မဖြစ်ကြ။ အကြောင်းအထောက်အပံ့ သက်သက်မျှ ဖြစ်သည်။

သဟိတ်မနောဝိညာဏ်သည် မီးစာလောင်စာဖြစ်၍ အကုသိုလ်စေတသိက်ဟူသော ကိလေသာမီးတို့၏ တောက်လောင်ခြင်းကို ခံရသည်။ ကုသိုလ် အကုသိုလ်စေတသိက်တို့နှင့် တွဲသော သဟိတ်မနောဝိညာဏ်သည် အတိတ်အကြောင်းကြောင့်ဖြစ်သော ပစ္စုပ္ပန်အကျိုးတရား လည်း ဖြစ်၏။ ထိုသဟိတ်မနောဝိညာဏ်သည် အကုသိုလ် ကုသိုလ် စေတသိက်များနှင့်လည်း ယှဉ်တွဲသောအခါ အနာဂတ်ခန္ဓာတည်ဆောက်မည့် (အဝိဇ္ဇာ, သခ်ါရ, တဏှာ, ဥပါဒါန်နှင့် ကုသိုလ်/အကုသိုလ်ကံတို့၏မှီရာ) အကြောင်းတရားလည်းဖြစ်၏။ (၁၁)ပါးမီး တောက်လောင်မှု လည်း ရှိ၏။ ထို့ကြောင့် သဟိတ်မနောဝိညာဏ်သည် အတိတ်အကြောင်းကိုထောက်သော်

---

[၆] မူလပဏ္ဏာသပါဠိတော်၊ မူလပရိယာယဝဂ်၊ သမ္မာဒိဋ္ဌိသုတ်-၁၀၄ နှာ-၆၇

http://www.dhammadownload.com

(ပစ္စုပ္ပန်၌ဖြစ်သော)အကျိုးတရားဖြစ်၍ အနာဂတ်အကျိုးတရားကိုထောက်လျှင်(ပစ္စုပ္ပန်၌ဖြစ်သော) အကြောင်းတရားဖြစ်၏။

၁၊၆၊၄။ ဝိညာဏ်သုံးမျိုးသဘော

ပုံရိပ်သုံးမျိုး

ရေးသားဖော်ပြခဲ့ပြီးသော ဗွီဒီယိုရိုက်စက် ဥပမာဖြင့် ရှင်းပြရသော်

၁။ပြင်ပ၌ အကြောင်းခံ ပကတိပုံရိပ်တစ်ခု ရှိ၏။ (တရားဟောဆရာတော်ပုံ)

၂။ဗွီဒီယိုရိုက်စက်၌ အကျိုးပုံရိပ်ထင်သလို စက္ခုပသာဒ၌လည်း အကျိုးပုံရိပ်တစ်ခုထင်၏ (ရှိ၏)။

၃။တီဗွီဖန်သားပြင်၌ အကျိုးဆက်ပုံရိပ်တစ်ခုထင်သလို မနောဒွါရ၌လည်း အကျိုးဆက် ပုံရိပ် တစ်ခုသည် ထင်၏ (ရှိ၏)။

ဝိညာဏ်စိတ်သုံးမျိုး

ရှုပါရုံသည် စက္ခုပသာဒသို့ ထိခိုက်သည်ရှိသော် အကျိုးအားဖြင့်

၁။ အခံဓာတ်စက္ခုပသာဒ၌ စက္ခုဝိညာဏ် (အပိုင်း-ခ)၊

၂။ အခံဓာတ်မနောဒွါရ၌ အပေါ်ဓာတ်အဟိတ်မနောဝိညာဏ် (အပိုင်း-ဃ)နှင့်

၃။ အပေါ်ဓာတ် သဟိတ်မနောဝိညာဏ် (အပိုင်း-င)

တည်းဟူသော ဝိညာဏ်စိတ်သုံးမျိုးတို့သည် အစဉ်အတိုင်းဖြစ်ပေါ်ကြသည်။ ထိုသို့ ပုံရိပ်သုံးမျိုးနှင့် စိတ်သုံးမျိုးတို့၏ သဘာဝလက္ခဏာကို သိမြင်ရှုမြင်နိုင်မှသာလျှင် သမ္မာဒိဋ္ဌိဉာဏ်ရသည်ဟု မှတ်ယူဆုံးဖြတ်ပါ။

ဓရသုံးမျိုးဥပမာ

လူတစ်ယောက်သည် ရေတွင်းထဲမှ ရေကိုခတ်၍ (၁) ခြေဆေးအိုးထဲသို့လည်းကောင်း၊ (၂) သောက်ရေအိုးထဲသို့လည်းကောင်း၊ (၃) ဟင်းချက်အိုးထဲသို့လည်းကောင်း ထည့်၏။ ထိုအိုးသုံးလုံးထဲရှိ ရေတို့သည် ရေချင်း တူညီကြသော်လည်း အိုးချင်းမတူ နေရာချင်းမတူ၍ ဂုဏ်ချင်းခြားနားသွားသည်။

ဟင်းချက်အိုးထဲရှိ ရေသည် ဆီ, ဆား, ငရုပ်, ကြက်သွန်, အသီး, အရွက်, သား, ငါး တို့၏ အရသာ အဆင်း အနံ့ ဂုဏ်တို့၏ ပါဝင်ပေါင်းစပ်မှုကြောင့် မူလရေ၏ ဂုဏ်အတိုင်း မတွေ့ရတော့ပေ။ သို့သော် ထို ဟင်းအိုးထဲမှ ရေကို ဓာတ်ခွဲ၍ သန့်စင်လိုက်လျှင် မူရင်းရေ၏ ဂုဏ်သတ္တိအတိုင်း ပြန်ထွက်လာပြီး ခြေဆေးအိုး၊ သောက်ရေအိုးတို့၌ ရှိသော ရေတို့ကဲ့သို့ပင် မူရင်းဂုဏ်အတိုင်း ပြန်ဖြစ်သွားသည်။

ထိုနည်းအတူ ကံကဖန်တီးပေးလိုက်သော စိတ်သည် သဘောလက္ခဏာအားဖြင့် တစ်မျိုးတည်းသာရှိ၏။ စက္ခုပသာဒ၌ ဖြစ်သောအခါ စက္ခုဝိညာဏ်စိတ်ဖြစ်သွားသည်။ အခံဓာတ် မနောဒွါရ၌ ဖြစ်သောအခါ (အပေါ်ဓာတ်) အဟိတ်မနောဝိညာဏ်နှင့် သဟိတ်မနောဝိညာဏ်စိတ် ဖြစ်သွားသည်။ သဟိတ်မနောဝိညာဏ်ဖြစ်သောအခါ ယှဉ်ဖက် စေတသိက်တို့၏ လွှမ်းမိုးမှုကို လိုက်၍ကောင်းသောသဟိတ်မနောဝိညာဏ်(ကုသိုလ်စိတ်)၊ မကောင်းသောသဟိတ်မနောဝိညာဏ်

http://www.dhammadownload.com

(အကုသိုလ်စိတ်)၊ ကောင်း, မကောင်းမှ လွန်မြောက်သော သဟိတ်မနောဝိညာဏ် (ကြိယာစိတ်) ဟူ၍ သုံးမျိုးကွဲပြားသွားသည်။

ထိုမနောဝိညာဏ်ကိုပင် သစ္စာလေးပါး သိဆဲအခါ၌ မဂ်စိတ်ဟူ၍ လည်းကောင်း၊ နိဗ္ဗာန်ကို အာရုံပြုသောအခါ ဖိုလ်စိတ်ဟူ၍လည်းကောင်း ဒိဋ္ဌိနှင့်တွဲလျှင် ဒိဋ္ဌိစိတ်၊ တဏှာနှင့်တွဲလျှင် တဏှာစိတ်၊ မောဟနှင့်တွဲလျှင် အဝိဇ္ဇာစိတ် စသည်ဖြင့် ခေါ်ကြသည်။ မည်သို့ပင်ခေါ်သည်ဖြစ်စေ ယှဉ်ဖော်ယှဉ်ဖက် စေတသိက်တို့ကို ဖယ်လိုက်လျှင် အာရုံကိုသိခြင်း လက္ခဏာတစ်ခုသာ ပေါ်လာသည်။ ၎င်းသည်ပင် ဝိညာဏ်၏ မူရင်းပင်ကိုယ်သတ္တိဖြစ်သည်။

ဤ၌စကျွဝိညာဏ်သည် ခြေဆေးအိုးထဲရှိရေနှင့်တူသည်။ အဟိတ်မနောဝိညာဏ်သည် သောက်ရေအိုးထဲရှိ ရေနှင့်တူ၏။ သဟိတ်မနောဝိညာဏ်သည် ဟင်းအိုးထဲရှိ ဟင်းရေနှင့်တူသည်။ ထိုစိတ်သုံးမျိုးတွင် စကျွဝိညာဏ်နှင့် အဟိတ်မနောဝိညာဏ်တို့သည် အာရုံကို သိကာမျှသာသိသော အကျိုးတရားသက်သက်ဖြစ်သော ဝိညာဏ်တို့ဖြစ်သည်။ ထို့ကြောင့် ထိုဝိညာဏ်တို့၌ကုသိုလ်စေတသိက် အကုသိုလ်စေတသိက်တို့သည် ယှဉ်တွဲမှုမရှိပဲ အဆင်းအာရုံကို သိကာမျှသိသည်။ လူပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲ၊ ပုဂ္ဂိုလ်ပဲ၊ ပညတ်ပဲ၊ ပရမတ်ပဲ၊ အဆင်းရုပ်ပဲစသည်ဖြင့်သတ်မှတ်ခြင်း ဆုံးဖြတ်ခြင်း မရှိကြပေ။ အပေါ်ဓာတ် သဟိတ်မနောဝိညာဏ်သည်ကား ကုသိုလ် အကုသိုလ် စေတသိက်တို့နှင့်ယှဉ်တွဲသည်။ ထိုအပေါ်ဓာတ် သဟိတ်မနောဝိညာဏ်၏ ပင်ကိုယ်သဘာဝမှာ မနောဒွါရ၌ထင်သော ဓမ္မာရုံကို အာရုံပြုသိခြင်းမျှသာဖြစ်ပြီး ယှဉ်ဖက်ဖြစ်ကြသော ဝေဒနာကွန္ဓာသည် ခံစားခြင်း၊ သညာကွန္ဓာသည် မှတ်သားခြင်း၊ သင်္ခါရကွန္ဓာသည် ပြုပြင်စီရင်ခြင်းသဘောသက်သက်မျှ ဖြစ်သည်။ တရားကျင့်ခြင်းဆိုသည်မှာ အထက်၌ ဖော်ပြရေးသားခဲ့သော ပုံရိပ်သုံးမျိုးနှင့် စိတ်သုံးမျိုးတို့၏ သဘာဝလက္ခဏာကို သိမြင်ရန် အားထုတ်ခြင်းဖြစ်သည်။ ထိုသဘာဝကို မသိသဖြင့် တရားကျင့်သောယောဂီတို့၏ စိတ်၌ တဏှာ, မာန, ဒိဋ္ဌိဖြစ်ရသည်။ တဏှာ, မာန, ဒိဋ္ဌိချုပ်လိုလျှင် အထက်၌ဖော်ပြခဲ့သော ရုပ်နာမ်ဖြစ်စဉ်တို့ကို ပိုင်းခြားမြင်အောင်ရှုရမည်။ အထက်ဖော်ပြခဲ့သော ပရမတ်ရုပ်နာမ်တို့ကို ပိုင်းခြားမမြင်သေးလျှင် လိုရင်းပန်းတိုင် မရောက်သေးပါ။ ယင်းသို့ မရောက်ခြင်းသည် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ မပြည့်စုံသေးသောကြောင့်ဖြစ်သည်။ တရားကျင့်သော ယောဂီများ အထူးသတိပြုပါ။

၁၊၆၊၅။ ပဿနာစ်မျိုး အပြန်အလှန် အကျိုးပြုပုံသဘော

ရေဆွဲပုံဥပမာ

ရေတွင်းထဲမှရေကို ပုံးဖြင့်ဆွဲသူသည် ကြိုးကိုလက်ဖြင့် ဆွဲတင်ရာတွင် ဘယ်လက်မှ ကြိုးဆွဲမှု အရှိန်ဆုံးခါနီးလျှင် ညာဖက်လက်က ဆွဲတင်ပြန်သည်။ ဘယ်လက်နှင့် ညာလက်ပြောင်း၍ဆွဲသော်လည်း အရှိန်မရပ်ပဲ တဆက်တည်းကဲ့သို့ ကြိုးနှင့်ရေပုံးသည် အပေါ်သို့တက်လာသည်။ ဘယ်လက်နှင့်ညာလက်တို့သည် မခြားသောအားဖြင့် ကောင်းစွာမခြားသောအားဖြင့် (အနန္တရ၊ သမနန္တရ)ပစ္စည်းဆက် ကျေးဇူးပြုကြသည်။

ထို့အတူ စကျွဒွါရမှ ထွက်ပေါ်လာသော အတိုက်ဓာတ် (စကျွသမ္မဿ)သည် အာရုံတို့နှင့် အာရုံ၏ ဂုဏ်သတ္တိများကို မနောသို့ ပို့ပေးပြီး ချုပ်ရသည်။ ထိုသို့ ချုပ်သည်နှင့် တပြိုင်တည်း မနောမှ ထွက်သော ညွှတ်တတ်သည့် အတိုက်ဓာတ် (မနောသမ္မဿ)သည် မနောတွင် အာရုံကို အလျင်မမျက်စေရန် စကျွဒွါရသို့ ပြန်ညွှတ်ပြီးယူ၍ မနောသို့ ပို့စေသည်။ စိတ်အစဉ် အလျင်မပြတ်စေရန် အာရုံကို သယ်ဆောင်ပေးနေသည့် သဘာဝဓမ္မ ဆောင်ကြခြင်း ဖြစ်သည်။ ရေပုံးနှင့် ကြိုးသည် အာရုံနှင့်တူ၏။ စကျွအတိုက်ဓာတ်(စကျွသမ္မဿ)သည် ညာလက်နှင့် တူ၏။ မနောမှ

http://www.dhammadownload.com

ထွက်ညွတ်သော အတိုက်ဓာတ် (မနောသမ္ဖဿ)သည် ဘယ်လက်နှင့်တူ၏။ တရားကျင့်သော ယောဂီတို့သည် ထိုဖဿနှစ်မျိုးကို ပိုင်းခြားမြင်အောင် ရှုရမည်ဖြစ်သည်။

စက္ခုဒ္ဒါရမှ စက္ခုဝိညာဏ်ကိုအမှီပြု၍ဖြစ်ပေါ်လာသော ရူပဓမ္မာရုံကိုသယ်ဆောင်လာသော စက္ခုသမ္ဖဿသည် မနောဒ္ဒါရ၌ ဝေဒနာ, သညာ, သခ်ါရ နှင့်အဟိတ်(သို့) သဟိတ်မနောဝိညာဏ်တို့ကို ကေုပ္ပါဒသဟဇာတအားဖြင့် ဖြစ်ပေါ်စေ၏။ **(စက္ခုသမ္ဖဿပစ္စယာ ဝေဒနာ၊ စက္ခုသမ္ဖဿဇာဝေဒနာပစ္စယာ ------ သညာ သခ်ါရ အဟိတ်/သဟိတ်မနောဝိညာဏ်)**

အလားတူပင် ဘဝင် (ခေါ်) မနောဒ္ဒါရမှ ညွတ်သော မနောသမ္ဖဿကြောင့်လည်း မနောဒ္ဒါရ၌ ဝေဒနာ, သညာ, သခ်ါရ, အဟိတ်နှင့် သဟိတ်မနောဝိညာဏ်တို့သည် ကေုပ္ပါဒသဟဇာတအားဖြင့် အတူတကွ ဖြစ်ပေါ်လာရ၏။ **(မနောသမ္ဖဿပစ္စယာ ဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာပစ္စယာ------သညာ သခ်ါရ သဟိတ်မနောဝိညာဏ်)**

ပစ္စုပ္ပန်တိုက်ဆဲ၌ ဆင်းရဲမီးတောက်နေသော ရှေ့သဟိတ်မနောဝိညာဏ်သည် အကုသိုလ်စေတသိက်(၁၄)လုံး ယှဉ်တွဲနေသော၊ အဝိဇ္ဇာ ဖုံးထားသော သဟိတ်မနောဝိညာဏ် အပိုင်း(၈) အပေါ်မာတ်အုပ်စု ဖြစ်သည်။ **(မနောသမ္ဖဿဇာဝေဒနာ ပစ္စယာ ------ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါန်)**

ပုံစံ(၁)ကို သဘောပေါက်အောင် သေချာစွာ ဆင်ခြင်သုံးသပ်ကြည့်ပါ။ စက္ခုသမ္ဖဿကို အကြောင်းခံကာ မနောဒ္ဒါရ၌ တပြိုင်နက်တည်းပင် ဝေဒနာ, သညာ, သခ်ါရ, အဟိတ်နှင့် သဟိတ်မနောဝိညာဏ်တို့သည် သဘာဝနိယာမအတိုင်း ဖြစ်ပေါ်ကြရသည်။ ၎င်းဝေဒနာ, သညာ, သခ်ါရ, အဟိတ်နှင့် သဟိတ်မနောဝိညာဏ်တို့သည် မနောဒ္ဒါရကို မှီ၍ ဖြစ်ကြသော်လည်း စက္ခုသမ္ဖဿကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော အကျိုးတရားစု ဖြစ်ခြင်းကြောင့် "စက္ခုဒ္ဒါရိက" ဟူသောအမည်ဖြင့် ဒေသနာတော်တို့၌ သုံးနှုန်းသည်။

ဘဝင် (ခေါ်) မန, ရူပဓမ္မာရုံ, ထိုရူပဓမ္မာရုံကို သိကာမျှသိသော အဟိတ်မနောဝိညာဏ် သုံးမျိုး ပေါင်းဆုံခြင်းကြောင့် ဘဝင်မှ ဖြစ်ပေါ်လာသော မနောသမ္ဖဿသည် စက္ခုဒ္ဒါရရှိ ရူပါရုံသို့ ပြန်ညွတ်လျက် ဣဋ္ဌသဘော အနိဋ္ဌသဘောကို မနောဒ္ဒါရရှိ ဝေဒနာအား ပေးပို့သည်။ ထို့ကြောင့် **"မနောသမ္ဖဿပစ္စယာ ဝေဒနာ, သညာ, သခ်ါရ, သဟိတ်မနောဝိညာဏ်"**ဟု ရှေ့၌ တင်ပြခဲ့ခြင်း ဖြစ်သည်။ မနောသမ္ဖဿကို အကြောင်းခံ၍ ဖြစ်လာသော အကျိုးတရားစု ဖြစ်ခြင်းကြောင့် ထို ဝေဒနာ, သညာ, သခ်ါရ, သဟိတ်မနောဝိညာဏ်တို့ကို "မနောဒ္ဒါရိက" ဟူသော အမည်ဖြင့် ဒေသနာတော်တို့၌ ပညတ်တပ် သုံးနှုန်းထားသည်။ ပုံစံ-၁သည် မနောဒ္ဒါရမှပေါက်ဖွားလာသော မနောသမ္ဖဿကို အကြောင်းခံကာ ဖြစ်ပေါ်လာသော အကျိုးတရား နာမ်အစုကို ဖော်ပြခြင်း ဖြစ်သည်။ ထိုအကျိုးတရားစုသည်လည်း မနောဒ္ဒါရ၌ထင်သော ရူပဓမ္မာရုံကိုပင် ခံစားခြင်း, မှတ်ခြင်း စသည်တို့ကို ပြုလုပ်သည်။

မနောဒ္ဒါရ ဒုဂ်းတမ်း (အပိုင်း-ယ)

စက္ခုသမ္ဖဿသည် စက္ခုပသာဒရှိ ရူပါရုံ၏သဘောကို မီးစာနှင့်တူသည့် ဘဝင် (ခေါ်) မနောဒ္ဒါရသို့ ပို့ပေးသည်။* မီးစာ၌ မီးတောက်ဘိသကဲ့သို့ စက္ခုပသာဒရှိ ရူပါရုံကို အကြောင်းခံ၍ ဘဝင် (ခေါ်) မနောဒ္ဒါရ၌ ရူပဓမ္မာရုံ ဖြစ်ပေါ်လာသည်။ ထိုဘဝင်၌ထင်သော အဆင်းပုံရိပ် (ရူပဓမ္မာရုံ)သည် ပစ္စုပ္ပန်ပြင်ပအဆင်းမဟုတ်ပဲ စက္ခုပသာဒရှိ ရူပါရုံသည် စက္ခုသမ္ဖဿ၏

* ဖဿဖြစ်ပေါ်လာပုံ မီးခြစ်ဥပမာကို ပြန်ရှုပါ။

http://www.dhammadownload.com

အစွမ်းဖြင့် **အတွင်းအာရုံအဖြစ် ပြောင်းလဲကာ မနောဒွါရ၌ ထင်သော (မနဉ္စ ပဋိစ္စ ဓမ္မဉ္စ ဥပဓိဇ္ဇတိ မနောဝိညာဏံ** နှင့်အညီ) ဓမ္မာရုံ ဖြစ်သည်။ ထိုဓမ္မာရုံနှင့် ဘဝင်အကြည်တို့ ပေါင်းဆုံခြင်းကြောင့် (မီးတောက်သည်နှင့် အလင်းဖြစ်ပေါ်သကဲ့သို့) ဘဝင် (ခေါ်) မနောဒွါရ၌ ရှုပဓမ္မာရုံကို သိကာမျှသဘော အဟိတ်မနောဝိညာဏ် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ဘဝင်ကိုမှီ၍ ရှုပဓမ္မာရုံနှင့် အဟိတ်မနောဝိညာဏ် နာမ်ဟူ၍ ရုပ်နာမ် တစ်စုံဖြစ်ရသည်။

ထိုဘဝင်(ခေါ်)မနောဒွါရ၌ အဆင်းရှုပဓမ္မာရုံ, ဘဝင်(ခေါ်)မန, အဟိတ်မနောဝိညာဏ်, ထိုသုံးမျိုး ပေါင်းဆုံမှုကြောင့် အကျိုးတရား မနောသမ္ပဿသည် စက္ခဒွါရသို့ ပြန်ညွတ်လျက် စက္ခဒွါရရှိ ရှုပါရုံ၏ ဣဋ္ဌသဘော အနိဋ္ဌသဘောကို ဘဝင် (ခေါ်) မနောဒွါရသို့ စီးဝင်စေပြန်သည်။ ဆက်လက်၍ အဟိတ်မနောဝိညာဏ်မှ သဟိတ်မနောဝိညာဏ်တိုင်အောင် နာမ်တရားများ ဆက်ဖြစ်သည်။ ၎င်းမနောသမ္ပဿ၏ သဘောသည် မီးကြောင့်ဖြစ်သော အလင်းရောင်မှ မူလမီးထွန်းသူကို တန်ပြန် အကျိုးသက်ရောက်မှု ဖြစ်စေသည်နှင့် တူ၏။

ယခုရှင်းပြပြီးခဲ့သော ပုံရိပ်သုံးမျိုးမှ စိတ်သုံးမျိုးအထိ ရုပ်နာမ်ဖြစ်စဉ်တို့သည် တရားရှုသော ယောဂီတို့၏ အရှုညာဏ်ဖြင့် ပိုင်းခြားမြင်ရမည့် အရှုခံများ ဖြစ်သည်။

စက္ခုသမ္ပဿ၏သဘော

ဖယောင်းတိုင်မီးအလင်းဥပမာ

ဤနေရာတွင် စက္ခုသမ္ပဿသည် စက္ခဒွါရ၌ပင် စက္ခုဝိညာဏ်နှင့် အတူတကွဖြစ်ပြီး အတူတကွ ချုပ်ပါလျက် အဘယ်ကြောင့် ဘဝင် (ခေါ်) မနောဒွါရသို့ရောက်၍ ၎င်းနှင့်အတူ ရှုပါရုံ၏ ဣဋ္ဌသဘော အနိဋ္ဌသဘောတို့ကိုပါ သယ်ဆောင်ပေးပို့ပါသနည်းဟု စဉ်းစားဖွယ် ရှိသည်။ စက္ခုသမ္ပဿသည် စက္ခုဝိညာဏ်နှင့် တပြိုင်နက်ချုပ်သည်မှာ မှန်သည်။ သို့သော် သဘောလက္ခဏာ နှင့် ပြုလုပ်ပုံကိစ္စ ကွဲပြားကြသောကြောင့် ထိုစက္ခုသမ္ပဿသည် ဘဝင် (ခေါ်) မနောဒွါရသို့ ရှုပါရုံ၏ ဣဋ္ဌသဘော အနိဋ္ဌသဘောကို ပေးပို့သည်ဟု ဆိုထားခြင်း ဖြစ်၏။ ထိုသဘောကို အောက်ပါဥပမာဖြင့် နားလည်ယူပါ။

အခန်းတစ်ခန်းအတွင်း၌ မီးထွန်းထားသော ဖယောင်းတိုင်တစ်တိုင် လင်းနေသည်။ ထိုဖယောင်းတိုင်၌ မီးတောက်နေသည်ကိုလည်းကောင်း၊ အခန်းအတွင်း၌ အလင်းရောင် ပျံ့နှံ့နေသည်ကိုလည်းကောင်း တွေ့ရလိမ့်မည်။ ယင်းကို ဉာဏ်ဖြင့် သုံးသပ်ကြည့်ပါက (မီးညွှန့်) မီးတောက်သည် တရိပ်ရိပ် ဖြစ်ချုပ်သဘောဖြင့် တောက်လောင်နေသလို အလင်းရောင်သည်လည်း မီးတောက်နှင့်အပြိုင် တရိပ်ရိပ် ဖြစ်ကာချုပ်ကာ ပတ်ဝန်းကျင် အရပ်ဆယ်မျက်နှာသို့ အလင်းစွမ်းအား ရှိသလောက် ပျံ့နှံ့နေမည် ဖြစ်သည်။ မီးတောက်သည်နှင့်တပြိုင်နက် အလင်းရောင်သည် ထွန်းလင်း ပျံ့နှံ့နေမည်။ မီးတောက်ချုပ်သည်နှင့် တပြိုင်နက် အလင်းရောင်သည်လည်း ချုပ်ပျောက်သွားသည်။

ထိုသို့ မီးတောက်နှင့် အလင်းရောင်သည် တပြိုင်နက် ဖြစ်ကြ ချုပ်ကြသော်လည်း သဘောလက္ခဏာနှင့် ပြုလုပ်ပုံ ကိစ္စအားဖြင့်မူ ကွာခြားသည်။ (မီးညွှန့်)မီးတောက်သည် ဖယောင်းတိုင်၏ မီးစာထက်ဝန်းကျင်၌သာ ဖြစ်၏။ အလင်းရောင်မှာမူ အရပ်ဆယ်မျက်နှာသို့ စွမ်းအားအလိုက် ပျံ့နှံ့၍ အမှောင်ကို ခွင်းစေပြီးမှ ချုပ်၏။ ထိုသဘောကို ဉာဏ်ဖြင့် သုံးသပ်ပါ။

စက္ခုဝိညာဏ်နှင့် မီးတောက်တူ၏။ စက္ခုသမ္ပဿနှင့် အလင်းရောင်တူ၏။ မီးသည် မီးစာ၌ပင်ဖြစ်၍ မီးစာ၌ပင် ချုပ်သကဲ့သို့ စက္ခုဝိညာဏ်သည် စက္ခုပသာဒ၌ပင် ဖြစ်၍ စက္ခုပသာဒ၌ပင် ချုပ်၏။ မီး၏ အလင်းရောင်သည် ပတ်ဝန်းကျင်အရပ်ဆယ်မျက်နှာသို့

http://www.dhammadownload.com

ထွန်းလင်းပျံ့နှံ့၍ ဖြစ်ရချုပ်ရသကဲ့သို့ စက္ခုသမ္မဿသည် စက္ခုဒွါရမှဖြစ်၍ ဘဝင် (ခေါ်) မနောဒွါရသို့ ရူပါရုံ၏ဂုဏ်(ကျဋ္ဌသဘော, အနိဋ္ဌသဘော)ကို ပေးပို့လျက် ချုပ်ရသည်။ ဤသို့ ကွဲပြားသည်။ ထိုနည်းတူပင် အဟိတ်မနောဝိညာဏ်၊ သဟိတ်မနောဝိညာဏ်နှင့် ၎င်းတို့နှင့် ယှဉ်သော မနောသမ္မဿတို့၏ တပြိုင်တည်းဖြစ်ခြင်း၊ တပြိုင်တည်းချုပ်ခြင်း၊ တစ်ခုတည်းသော အာရုံယူခြင်း (ဧကာလမ္ဗန)၊ တစ်ခုတည်းသော မှီရာရှိခြင်း (ဧကဝတ္ထုက) သဘောတို့ကို ဤနည်းအတိုင်း နားလည်သဘောပေါက်ရမည်။

ထိုနည်းတူစွာ သောတသမ္မဿသည် သောတဒွါရမှ အသံရုပ်နှင့်တူသည့် ဓမ္မဓာတ်ကို သယ်ဆောင်၍ ဘဝင်အကြည်၌ မူရင်းအတိုင်းကဲ့သို့ အသံဓမ္မဓာတ် ဖြစ်ပေါ်စေသည်။ ဃာနသမ္မဿသည် ဃာနဒွါရမှ အနံ့ရုပ်နှင့်တူသည့် ဓမ္မဓာတ်ကို သယ်ဆောင်၍ ဘဝင်အကြည်၌ မူရင်းအတိုင်းကဲ့သို့ အနံ့ဓမ္မဓာတ် ဖြစ်ပေါ်စေသည်။ ဇိဝှါသမ္မဿသည် ဇိဝှါဒွါရမှ အရသာရုပ်နှင့်တူသည့် ဓမ္မဓာတ်ကို သယ်ဆောင်၍ ဘဝင်အကြည်၌ မူရင်းအတိုင်းကဲ့သို့ အရသာဓမ္မဓာတ် ဖြစ်ပေါ်စေသည်။ ကာယသမ္မဿသည် ကာယဒွါရမှ တွေ့ထိမှုရုပ်နှင့်တူသော ဓမ္မဓာတ်ကို သယ်ဆောင်၍ ဘဝင်အကြည်၌ မူရင်းအတိုင်းကဲ့သို့ အတွေ့ဓမ္မဓာတ် ဖြစ်ပေါ်စေသည်။

ဥပမာအားဖြင့်--ငှက်ပျောသီးကိုစားသည် ဆိုပါစို့။ ငှက်ပျောသီး၏ အရသာနှင့်တကွ အသားတို့သည် လျှာနှင့်တွေ့ထိပြီး အစာမျိုပြွန်တလျှောက် ကျဆင်းသွားသည်။ ၎င်းငှက်ပျောသီး အရသာနှင့် အသားတို့သည် စိတ်၌ တိုက်ရိုက် ထိတွေ့ဆက်ဆံမှု မရှိပါ။ ငှက်ပျောသီး အရသာဓာတ်နှင့် လျှာအကြည်တို့ တွေ့ထိရာတွင်လည်း ငှက်ပျောသီး၏ မူရင်းအရသာသည် လျှာအကြည်ထဲသို့ စိမ့်ဝင်သွားခြင်းမရှိ။ လျှာအကြည်မှ ဇိဝှါဝိညာဏ်နှင့်ယှဉ်ဖက် ဖဿတည်းဟူသော နာမ်တရားက လျှာအကြည်နှင့် ငှက်ပျောသီး၏ အရသာဓာတ်တို့ တွေ့ထိသည့်အခါ အရသာသတ္တိနှင့်တူသည့် ဓာတ်တစ်မျိုး ဖြစ်ပေါ်စေပြီး ၎င်းဓာတ်ကို မနသို့ပို့ပေးသည်။ မနမှ ပေါက်ဖွားလာသော မနောဝိညာဏ်နှင့် ယှဉ်ဖက်ဝေဒနာက ခံစားသည်။*

ခန္ဓာရှိ ရုပ်နာမ်ဓမ္မနိယာမဖြစ်စဉ်ကို ပိုင်းခြားမသိသော သတ္တဝါတို့သည် ပြင်ပမှပဉ္စအာရုံကို တိုက်ရိုက် ခံစားနေရသည် ဟူ၍ အထင်မှားပြီး တဏှာနှင့်တကွ သံယောဇဉ်များ ဖြစ်နေကြသည်။ အမှန်မှာ အဝိဇ္ဇာ(မောဟ)၏ လှည့်စားမှုကြောင့် အမှတ်မှား၊ အသိမှား၊ အယူမှား (သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ)တို့ ဖြစ်နေကြရခြင်းဖြစ်သည်။

---

* ဖဿတည်းဟူသောနာမ်ဓာတ်၏ ပို့ဆောင်မှုကို မှန်းဆမြင်နိုင်ရန် ဥပမာဆောင်ရသော်-- မြန်မာနိုင်ငံရှိ လူတစ်ဦးနှင့် မိုင်ပေါင်း(၆၀၀၀)ဝေးကွာသော အင်္ဂလန်နိုင်ငံရှိ လူတစ်ဦးတို့ အပြန်အလှန် တယ်လီဖုန်းဖြင့် စကားပြောကြရာတွင် လူနှစ်ဦး နှစ်တောင်အကွာတွင် စကားပြောဆိုနေသကဲ့သို့ တစ်ဦးပြောဆိုသည့်အသံကို တစ်ဦးက အချိန်ကွာခြားမှု မရှိပဲ ကြားရသည်။ ဤသို့ဖြစ်ရခြင်းမှာ ရေဒီယိုလှိုင်းတွင်းရှိ လျှပ်စစ်ဓာတ်သည် အသံသယ်ဆောင်မှု လျင်မြန်ခြင်းကြောင့် ဖြစ်သည်။ ထို့အတူ ပဉ္စဒွါရအာရုံတို့သည် ဘဝင်အကြည်၌ တပြိုင်နက်ကဲ့သို့ ကျရောက် ထင်ရခြင်းမှာ ဖဿနာမ်ဓာတ်၏ လျင်မြန်ခြင်းကြောင့် ဖြစ်သည်။ အထက်ပါ ဒွါရ(၅)ပေါက်မှ ဖဿ(၅)မျိုး သယ်ဆောင်လာခြင်းကြောင့် မနောဒွါရ၌ ထင်သော အာရုံ(၅)မျိုးတို့သည် ဓမ္မာရုံအဖြစ် ဖြစ်ပေါ်လာသည်။ မနောသမ္မဿသည်လည်း ပစ္စုပ္ပန်အာရုံ ရှိရာ ဒွါရသို့ ညွှတ်၍ အာရုံတို့ကို မနောဒွါရ၌ ထင်စေသည်။ အတိတ် အနာဂတ် အာရုံမျိုးစုံ ဓမ္မာရုံနှင့် ကာလဝိမုတ် ဓမ္မာရုံတို့ သည်လည်း မနောဒွါရ၌ ထင်စေသည်။

http://www.dhammadownload.com

၁၊၆၊၆။ အဟိတ်မနောဝိညာဏ်နှင့် သဟိတ်မနောဝိညာဏ်

အဟိတ်မနောဝိညာဏ်

အဟိတ်မနောဝိညာဏ်သည် အပိုင်း(၄)ရှိ ဝိညာဏ်ပင် ဖြစ်သည်။ ထိုအဟိတ်မနော ဝိညာဏ်သည် အာရုံကို အကြောင်းခံ၍ (၀၊၀) အာရုံအလိုက် ပြောင်းလဲ၍ ဖြစ်ပေါ်ခြင်းဖြစ်၏။ ပစ္စုပ္ပန်အာရုံ(၅)ပါးသည် ဓမ္မာရုံအဖြစ် ဘဝင်အကြည် တစ်နေရာတည်းသို့ ဦးတည်ကျရောက်ပြီး ကျရောက်သည့်အာရုံ၏သဘောအတိုင်း ဘဝင်အကြည်၌ ထင်ကြသည်။ ထိုသို့ကျရောက်ရာတွင် လည်း တစ်ကြိမ်တွင် ထင်ရှားသည့် အဓိပတိအာရုံတစ်မျိုးသာ မနောဒွါရဝဇ္ဇန်းဖြင့် လက်ခံသည်။

အကယ်၍ ရူပါရုံကျရောက်လျှင် ဘဝင်အကြည်၌ ရူပဓမ္မာရုံပုံရိပ် ဖြစ်ပေါ်သည်။ ထိုဘဝင်အကြည်နှင့်ရူပဓမ္မာရုံတို့ကိုစွဲ၍ ဘဝင်စိတ်မှအာရုံကိုလက်ခံသော အဟိတ်မနောဝိညာဏ် အဖြစ် ပြောင်းလဲ ဖြစ်ပေါ်လာ၏။ ထိုအဟိတ်မနောဝိညာဏ်သည် စက္ခုဒွါရရှိ စက္ခုဝိညာဏ်ကဲ့သို့ ရူပဓမ္မာရုံကို မြင်သိကာမျှ သက်သက်ဖြစ်သည်။

စက္ခုဒွါရတွင် စက္ခုပသာဒနှင့် ရူပါရုံ မပေါင်းဆုံမီက စက္ခုဝိညာဏ်သည် ဖြစ်ပေါ်ခြင်း မရှိပဲ၊ စက္ခုပသာဒနှင့် ရူပါရုံ ပေါင်းဆုံမှ စက္ခုဝိညာဏ် ဖြစ်ပေါ်လာသကဲ့သို့ ဘဝင်အကြည်နှင့် ရူပဓမ္မာရုံ မပေါင်းဆုံမီက အဟိတ်မနောဝိညာဏ်(မြင်သိစိတ်)သည် ဖြစ်ပေါ်ခြင်း မရှိ၊ ဘဝင်အကြည်နှင့် ရူပဓမ္မာရုံ ပေါင်းဆုံမှ ဖြစ်ပေါ်လာ၏။

ထို့အတူ အသံဓမ္မာရုံသည် ဘဝင်အကြည်သို့ကျရောက်သောအခါ အဟိတ်မနောဝိညာဏ် သည် သောတဒွါရရှိ သောတဝိညာဏ်ကဲ့သို့ ကြားသိစိတ်အဖြစ် ပြောင်းလဲဖော်ပြသည်။ အနံ့ဓမ္မာရုံသည် ဘဝင်အကြည်သို့ ကျရောက်သောအခါ အဟိတ်မနောဝိညာဏ်သည် ဃာနဒွါရရှိ ဃာနဝိညာဏ်ကဲ့သို့ နံသိစိတ်အဖြစ် ပြောင်းလဲဖော်ပြသည်။ အရသာဓမ္မာရုံသည် ဘဝင်အကြည် သို့ ကျရောက်သောအခါ အဟိတ်မနောဝိညာဏ်သည် ဇိဝှါဒွါရရှိ ဇိဝှါဝိညာဏ်ကဲ့သို့ အရသာ သိစိတ်အဖြစ် ပြောင်းလဲဖော်ပြသည်။ အထိအတွေ့ ဖောဋ္ဌဗ္ဗာရုံသည် ဘဝင်အကြည်သို့ ကျရောက် သောအခါ အဟိတ်မနောဝိညာဏ်သည် ကာယဒွါရရှိ ကာယဝိညာဏ်ကဲ့သို့ ထိသိစိတ်အဖြစ် ပြောင်းလဲဖော်ပြသည်။ ထိုထိုဓမ္မာရုံတို့သည် ဘဝင်အကြည်၌ ထင်သောအခါ ဓမ္မာရုံ၏သဘော အလိုက် အဟိတ်မနောဝိညာဏ်သည် ပြောင်းလဲသည်။

အာရုံအလိုက် ပြောင်းလဲဖြစ်ပေါ်လာသော ထိုအဟိတ်မနောဝိညာဏ်၌ ဒွါရ(၅)ပေါက်မှ ဝိညာဏ်(၅)မျိုးကဲ့သို့ပင် ကုသိုလ်, အကုသိုလ် စေတသိက်တို့နှင့် မယှဉ်သဖြင့် အာရုံအမျိုးမျိုး အပေါ်၌ တဏှာ, မာန, ဒိဋ္ဌိ တို့ဖြင့် မစွဲလမ်း၊ ကိလေသာမီးတို့၏ လောင်မြိုက်ခံရမှုလည်း မရှိ၊ အနာဂတ် ဘဝခန္ဓာအတွက် ကံကို ဖန်တီးခြင်းလည်း မရှိ။ အာရုံကို သိကာမျှသိသောသဘော သက်သက်မျှဆောင်၏။ အာရုံငါးပါးနှင့် ဒွါရငါးပေါက်တို့ တိုက်ဆိုင်သောအခါ ဆိုင်ရာဒွါရနှင့် အာရုံကို အကြောင်းခံ၍ ဝိညာဏ်နှစ်မျိုး (ပဉ္စဝိညာဏ်နှင့် အဟိတ်မနောဝိညာဏ်) ဖြစ်သည်ကို တရားရှုသော ယောဂီတို့၏ ဉာဏ်၌ ပိုင်းခြားမြင်အောင် ရှုရမည်။ အာရုံပြုပုံချင်း တူနေ၍ စိတ်တစ်လုံးတည်းကဲ့သို့ ဖြစ်နေသဖြင့် ကွဲကွဲပြားပြား ပိုင်းခြားသိနိုင်ရန် ခဲခြားသိနိုင်သည့် သမာဓိမျက်စိ ရရှိရန် မဖြစ်မနေ လိုအပ်သည်။ ကျင့်စဉ်မမှန်က ထိုသမာဓိမျိုး မရနိုင်။ အထူး ကြိုးစားရန် လိုအပ်ပါသည်။

http://www.dhammadownload.com

သဟိတ်မနောဝိညာဏ်

အပိုင်း(၄) သဟိတ်မနောဝိညာဏ်သည်လည်း ပစ္စုပ္ပန်အဆင်းအာရုံတိုက်ဆဲ၌ စက္ခုဒွါရရှိ စက္ခုဝိညာဏ်ကဲ့သို့လည်းကောင်း၊ မနောဒွါရရှိ အဟိတ်မနောဝိညာဏ်ကဲ့သို့လည်းကောင်း မြင်သိစိတ်ပင် ဖြစ်သည်။ (ရေသုံးမျိုး ဥပမာကို ပြန်ရှုပါ)

ထို့ကြောင့် စက္ခုဝိညာဏ်(မြင်သိစိတ်)၊ အဟိတ်မနောဝိညာဏ် (မြင်သိစိတ်)၊ သဟိတ်မနောဝိညာဏ် (မြင်သိစိတ်) တို့သည် တသဘောတည်း တူနေခြင်း ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ဝိညာဏ်တိုင်းသည် အာရုံကိုလက်ခံသည့် အလုပ်တစ်မျိုးတည်းသာ ရှိခြင်းကြောင့် ဖြစ်သည်။ တရားကျင့်သောယောဂီတို့သည် ထိုဝိညာဏ်တို့၏အသီးသီးသော သဘာဝလက္ခဏာကို ပိုင်းခြားရှုမြင်နိုင်ရမည် ဖြစ်သည်။

ထိုနည်းတူ ပြင်ပရှုပါရုံ၊ စက္ခုဒွါရရှိ ရှုပါရုံ၊ ဘဝင်အကြည်ရှိ ရှုပမမ္မာရုံတို့သည်လည်း တသဘောတည်း တစ်ပုံစံတည်း တူနေသည်။ ထိုကဲ့သို့ ဝိညာဏ်သုံးမျိုးတို့သည်လည်းကောင်း၊ ရှုပါရုံသုံးမျိုးတို့သည်လည်းကောင်း၊ အချင်းချင်းတသဘောတည်းတူနေခြင်းကြောင့်လည်းကောင်း၊ သဟိတ်မနောဝိညာဏ်သည် အဝိဇ္ဇာ ဖုံးလွှမ်းခံထားရခြင်းကြောင့်လည်းကောင်း အမှန်စင်စစ် မနောဒွါရ၌ထင်သော ရှုပမမ္မာရုံကိုသာ အာရုံပြုမြင်သိခြင်း ဖြစ်ပါလျက် ထိုသဘောကိုလည်းမသိပဲ အမှန်တကယ် ဆက်စပ်၍မရသော ပြင်ပရှုပါရုံကိုသာ (မိမိစိတ် ငါစိတ်ဟု စွဲယူထားသော) သဟိတ်မနောဝိညာဏ်သည် မှားယွင်းစွာ နှလုံးသွင်းမြင်သိနေသည်။ သဟိတ်မနောဝိညာဏ်၌ အမှတ်မှားခြင်း(သညာဝိပလ္လာသ)၊ အသိမှားခြင်း(စိတ္တဝိပလ္လာသ)၊ အမြင်မှားခြင်း(ဒိဋ္ဌိဝိပလ္လာသ) တို့ ဖုံးလွှမ်းခံရသည်။ ထိုအခါ အမြင်မှားအာရုံပြုသော ခန္ဓာအပြင်ရှိ ဗဟိဒ္ဓရှုပါရုံ၌ သာယာခြင်း လောဘ၊ မသာယာခြင်း ဒေါသ စသော အကုသိုလ်၊ ကိလေသာ၊ သံယောဇဉ်မီးများ တောက်လောင်လျက် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပတ်ကာ သဟိတ်မနောဝိညာဏ်သည် ဒုက္ခက္ခန္ဓာ ဖြစ်ရတော့သည်။

ယခုအခါ ပရမတ်ရုပ်နာမ်တို့၏ အသီးသီးသောဂုဏ်သတ္တိတို့နှင့် သဘာဝလက္ခဏာတို့ကိုလည်းကောင်း၊ ရုပ်နာမ်ဖြစ်စဉ် အကြောင်းအကျိုးတို့ကိုလည်းကောင်း တင်ပြခဲ့ပြီးဖြစ်သည်။ မပယ်အပ်ပဲ ပိုင်းခြားရှုမြင်အပ်သည့် ရုပ်နာမ်တရားများနှင့် ပယ်အပ်သော အကုသိုလ်တရားတို့ကိုလည်း ခွဲခြားဖော်ပြခဲ့ပြီး ဖြစ်သည်။

ဆန့်ကျင်ဘက်နှစ်အုပ်စု

အပိုင်း(၄) သဟိတ်မနောဝိညာဏ်၌ ကုသိုလ်စေတသိက် (သောဘနစေတသိက်)၊ အကုသိုလ်စေတသိက်၊ အညသမာန်းစေတသိက်တို့ ထိုက်သည့်အားလျော်စွာ ယှဉ်ကြကုန်၏။ (၂၅)လုံးသော ကုသိုလ်စေတသိက်(သောဘနစေတသိက်)တို့နှင့် (၁၄)လုံးသော အကုသိုလ်စေတသိက်တို့ အုပ်စုနှစ်အုပ်စုတို့သည် ဆန့်ကျင်ဘက်အုပ်စုများ ဖြစ်ကြသည်။ ထိုနှစ်အုပ်စုတို့သည် သဟိတ်မနောဝိညာဏ်ကို အုပ်ချုပ်ဖို့ရန် နေရာလုကြသည်။ ဆန့်ကျင်ဘက်ဖြစ်သော ကုသိုလ်စေတသိက်တို့ ဝင်ရောက်ခွင့်ရလျှင် အကုသိုလ်စေတသိက်တို့သည် ဝင်ရောက်ခွင့်လုံးဝမရပေ။ ထို့အတူ အကုသိုလ်စေတသိက်တို့ ဝင်ရောက်ခွင့်ရလျှင် ကုသိုလ်စေတသိက်တို့သည် ဝင်ရောက်ခွင့် လုံးဝမရပေ။ ထို့ကြောင့် ၎င်းနှစ်အုပ်စုကို အပြိုင်တိုက်ခိုက်ကြသောအုပ်စုဟု ခေါ်သည်။

အကုသိုလ်စေတသိက်အုပ်စုသည် အစမထင် သံသရာကတည်းက စိတ်၌ လွှမ်းမိုးအုပ်ချုပ်ကာ ဘဝသစ်ကို ဖန်တီးကြသည်။ ထို့ကြောင့် အကုသိုလ်စေတသိက်တို့ ချုပ်ငြိမ်းမှ

http://www.dhammadownload.com

ဘဝခန္ဓာဒုက္ခငြိမ်းမည် ဖြစ်သဖြင့် ၎င်းအကုသိုလ်စေတသိက်အုပ်စုသည် ပယ်သတ်ခံရမည့်အုပ်စု ဖြစ်သည်။ စိတ်၌ အကုသိုလ်စေတသိက်တို့ ချုပ်ငြိမ်းခြင်းသည်ပင်လျှင် နိဗ္ဗာန် ဖြစ်သည် (ကိလေသာနိဗ္ဗာန်)။ ကုသိုလ်စေတသိက် အုပ်စုသည် အကုသိုလ်စေတသိက်တို့အား ပထမအဆင့် အနေဖြင့် စိတ်၌ မကပ်ငြိအောင် ဝိက္ခမ္ဘနပဟာန်အားဖြင့် ဖယ်ရှားနိုင်ခြင်းသည် စိတ်စင်ကြယ်ခြင်း (စိတ္တဝိသုဒ္ဓိ)မည်၏။ ချုပ်ငြိမ်းအောင် ပယ်သတ်ခြင်းသည် မဂ်မည်၏။ ထို့ကြောင့် ကုသိုလ်စေတသိက်အုပ်စုကို ပယ်သတ်သောအုပ်စုဟု ခေါ်သည်။ ထိုသဘောကို ယောဂီတို့ နားလည်သဘောပေါက်အောင် ဉာဏ်ဖြင့် သုံးသပ်၍ တရားကျင့်ရမည်။

ဘက်လိုက်အုပ်စု

သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါး နှင့် ပကိဏ်းစေတသိက်(၆)ပါးတို့ကို အညသမာန်းစေတသိက်ဟု ခေါ်သည်။ ထိုအညသမာန်းစေတသိက်အုပ်စုသည် ကုသိုလ်စေတသိက်နှင့်သော်လည်းကောင်း၊ အကုသိုလ်စေတသိက်နှင့်သော်လည်းကောင်း အတူယှဉ်တွဲကာ သဟိတ်မနောဝိညာဏ်၌ မှီ၍ ဖြစ်နိုင်ကြသည်။ ထို့ကြောင့် အညသမာန်းစေတသိက်အုပ်စုသည် ကုသိုလ်စေတသိက်ဘက်သို့လည်းကောင်း၊ အကုသိုလ်စေတသိက်ဘက်သို့လည်းကောင်း အားသာရာဘက်သို့ လိုက်နိုင်ရကား ဘက်လိုက်အုပ်စုဟု ခေါ်သည်။

၁၆၊၇။ ခန္ဓာမဲ့စည်းတည်ဆောက်ပုံ (ပုံစံ–၁)ကို အကျဉ်းချုပ်သုံးသပ်ခြင်း

အပိုင်း(က, ခ, ဂ, ဃ) နှင့် အပိုင်း(ငြ)မှ ဝေဒနာ စသော ရုပ်နာမ်အုပ်စုတို့သည်---

၁။ အရှုခံသက်သက် ရုပ်နာမ်များ ဖြစ်သည်။
၂။ သက္ကာယဒိဋ္ဌိဖြစ်ရာ အာရုံဖြစ်သည်။
၃။ ကုသိုလ်, အကုသိုလ် မရှိသော အဗျာကတ ရုပ်နာမ်များဖြစ်သည်။
၄။ အပိုင်း(ငြ)ရှိ အပေါ်ဓာတ် သဟိတ်မနောဝိညာဏ် ဖြစ်ကြောင်းတရားတို့ ဖြစ်သည်။
၅။ အဝိဇ္ဇာနှင့် ဝိဇ္ဇာ မကိန်းပါ။
၆။ တဏှာကိန်းရာ ရုပ်နာမ်များ မဟုတ်ပါ။
၇။ လက္ခဏာရေး သုံးပါးတင်ရှုရာ အာရုံများဖြစ်သည်။
၈။ ဈာန်, မဂ်, ဖိုလ်တို့၏ တည်ရာ မဟုတ်ပါ။
၉။ ပယ်သတ်ခံရမည့် ရုပ်နာမ်များ မဟုတ်ပါ။
၁၀။ ခန္ဓာနှင့်ဘဝမချုပ်သမျှ အကြောင်းတိုက်ဆိုင်လျှင် ဖြစ်ပျက်အစဉ်တန်းဖြင့် အကြောင်းအကျိုးဖြစ်ကာ ရှိနေသည်(ဝိကလဘုံနှင့် ပုဂ္ဂိုလ်မှတပါး ပုထုဇဉ်မှစ၍ ရဟန္တာအထိ ရှိနေသည်)။
၁၁။ ခန္ဓာနှင့် ဘဝချုပ်မှသာလျှင် အပြီးအပိုင်ချုပ်သည်။

အပိုင်း(ငြ) အပေါ်ဓာတ် သဟိတ်မနောဝိညာဏ်အုပ်စုသည်---

၁။ အရှုညာဏ်အုပ်စုဖြစ်သည်။ (စိတ်+သောဘနစေတသိက်)
၂။ သက္ကာယဒိဋ္ဌိဖြစ်ရာ ဖြစ်သည်။ (စိတ်+အကုသိုလ်စေတသိက်)
၃။ ကုသိုလ်, အကုသိုလ် ရှိသည်။ (ရဲ့ခါကုသိုလ်စေတသိက်, ရဲ့ခါအကုသိုလ်စေတသိက်)
၄။ အဝိဇ္ဇာ (သို့) ဝိဇ္ဇာ ကိန်းသည်။ (မောဟစေတသိက်, အမောဟစေတသိက်)
၅။ တဏှာကိန်းရာဌာနဖြစ်သည်။ (သဟိတ်မနောဝိညာဏ်)
၆။ လက္ခဏာရေးသုံးပါးတင်မှု ပြုလုပ်သည်။ (စိတ်+သောဘနစေတသိက်)

http://www.dhammadownload.com

၇။ စျာန်, မဂ်, ဖိုလ်တို့ တည်ရာဖြစ်သည်။ (စိတ်+သောဘနစေတသိက်)
၈။ ပယ်သတ်ခံရမည့်နာမ်ဓမ္မရှိသည်။ (အကုသိုလ်စေတသိက်)
၉။ ပယ်သတ်တတ်သည့် နာမ်ဓမ္မများရှိသည်။ (ကုသိုလ်စေတသိက်)
၁၀။ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဟု သတ်မှတ်ရာ ဌာနဖြစ်သည်။
၁၁။ အတိတ်ဘဝအစဉ်အဆက်ဆက်မှ ပါလာသော ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့ တည်ရာဌာန ဖြစ်သည်။
၁၂။ အနာဂတ် အကျိုးဝိပါက်ခန္ဓာရရန် အကြောင်းပြုရာ ဌာနဖြစ်သည်။ (ကိလေသာဝဋ်)
၁၃။ အနာဂတ်အကျိုးဝိပါက်ခန္ဓာ တည်ဆောက်ရန် စရံယူထားခြင်းနှင့်တူသည့် ကမ္မဝဋ်များ စုဆောင်းရာ ဌာနဖြစ်သည်။ (ကမ္မဘဝ)

၁၊၇။ သက္ကာယဒိဋ္ဌိ ရှင်းတမ်း

တရားဟူသည် ကုသိုလ်တရား၊ အကုသိုလ်တရားနှင့် ကုသိုလ်အကုသိုလ်မဟုတ်သော အဗျာကတတရား ဟူ၍ သုံးမျိုးရှိသည်။ ထိုသုံးမျိုးတို့သည် ကိုယ်ပိုင်လက္ခဏာ အသီးသီးရှိကြ၍ သူ့သဘောသူဆောင်နေကြ၏။ ၎င်းသည်ပင် ဓမ္မမည်၏။ ထိုသုံးမျိုးသော ဓမ္မတို့ကို ပုံစံ(၁)အရ ခွဲပြရလျှင် အပိုင်း (က, ခ, ဂ, ဃ) နှင့် အပိုင်း(င)မှ ဝေဒနာတို့သည် အဗျာကတဓမ္မ ဖြစ်သည်။ အပိုင်း(င)အပေါ်ဓာတ် သဟိတ်မနောဝိညာဏ်နှင့် ယှဉ်ဖက်ဖြစ်သော အကုသိုလ်စေတသိက် (၁၄)လုံးသည် အကုသလာဓမ္မ၊ သောဘနစေတသိက် (၂၅)ခုသည် ကုသလာဓမ္မများ ဖြစ်ကြသည်။ ဤကားယေဘူယျခွဲခြင်း ဖြစ်သည်။ အကယ်၍ ပုဂ္ဂိုလ်အလိုက် အကျဉ်းအားဖြင့် ခွဲရမူ သဟိတ်မနောဝိညာဏ်စိတ်သည် အကုသိုလ်စေတသိက်နှင့်ယှဉ်က အကုသလာဓမ္မဖြစ်၍ ဖိုလ်ပုဂ္ဂိုလ်(၄)ယောက်မှတပါး ကျန်ပုဂ္ဂိုလ်တို့၌ ဖြစ်သော သဟိတ်မနောဝိညာဏ်သည် သောဘနစေတသိက်(၂၅)နှင့်ယှဉ်က ကုသလာဓမ္မ ဖြစ်သည်။ ဖိုလ်ပုဂ္ဂိုလ်(၄)ယောက်တို့၌ ဖြစ်သော သဟိတ်မနောဝိညာဏ်သည် အဗျာကတဓမ္မဖြစ်ကြသည်။ သို့သော် ဤကျမ်း၌ အခြေခံတရားကျင့်သူတို့အတွက် ရည်ရွယ်ခြင်းကြောင့် အရှုခံ, အရှုဉာဏ် ကွဲပြားရန်သာ အဓိက ထား၍ ရေးသားတင်ပြထားသည်။

ထို သုံးမျိုးသော ဓမ္မတို့တွင် "တရားရှာသည်၊ တရားရှုသည်"ဟူရာ၌ ရှာခြင်း (ဝါ) ရှုခြင်းသည် အရှာခံရခြင်း (ဝါ) အရှုခံရခြင်းသဘောဟူသော ကံနှင့် ရှာတတ်ခြင်း (ဝါ) ရှုတတ်ခြင်းသဘောဟူသော ကတ္တား ရှိရမည်ဖြစ်သည်။

ထို့ကြောင့် အရှုခံဓမ္မတို့ဟူသည် ပုံစံ(၁)အရ အပိုင်း (က, ခ, ဂ, ဃ)နှင့် အပိုင်း(င)ရှိ ဝေဒနာ ဟူသော အဗျာကတရုပ်နာမ်တို့ပင် ဖြစ်သည်။ ၎င်းကို အရှုခံသက္ကာယဓမ္မဟုလည်း ခေါ်သည်။ ထိုအရှုခံဓမ္မတို့ကို ရှုတတ်သော အရှုဉာဏ်ဓမ္မဟူသည် ပုံစံ(၁) အပိုင်း(င) အပေါ်ဓာတ် သဟိတ်မနောဝိညာဏ် စိတ်၌ယှဉ်သော ကုသိုလ်စေတသိက်တို့ ဖြစ်သည်။ ၎င်းကို အရှုဉာဏ်ဓမ္မဟု ခေါ်သည် (အပေါ်ဓာတ် သက္ကာယဓမ္မဟုလည်း ခေါ်သည်)။ ၎င်းသဟိတ် မနောဝိညာဏ်စိတ်သည် ဆိုခဲ့ပြီး အရှုခံအဗျာကတသက္ကာယဓမ္မတို့ကို အမှန်အတိုင်း မသိ မမြင်ခြင်းကြောင့် ထိုသက္ကာယဓမ္မတို့ကို ငါပဲ ငါ့ဥစ္စာပဲဟု မှားယွင်းစွာစွဲယူထားခြင်း ဖြစ်သည်။ သဟိတ်မနောဝိညာဏ်စိတ်၌ ယင်းသို့ မှားယွင်းစွာ စွဲယူထားခြင်းကို သက္ကာယဒိဋ္ဌိဟုခေါ်သည်။

http://www.dhammadownload.com

ကတ္တီပါထုပ် ဥပမာ

ခရီးသွားသူတစ်ယောက်သည် ခရီးသွားနေစဉ် ရှေ့မလှမ်းမကမ်း၌ ကတ္တီပါထုပ်တစ်ထုပ်ကို တွေ့လိုက်သည်ဆိုပါစို့။ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် ဤသို့ ဆင်ခြင်မိ၏။ ကတ္တီပါနှင့် ထုပ်ထားသဖြင့် ရွှေ ငွေ ကျောက်သံပတ္တမြား ရှိလိမ့်မည်ဟု သေချာပေါက် တွက်ဆကာ တပ်မက်သော တဏှာ ဖြစ်လာ၏။ ထို့ကြောင့် ခပ်သွက်သွက် လျှောက်၍ ကတ္တီပါထုပ်ကို ဖြေကြည့်ရာ စက္ကူစုတ်များကို တွေ့ရသဖြင့် မလိုချင် မကြည့်ချင်တော့ပဲ လွှင့်ပစ်လိုက်သည်။ ထိုဥပမာကို ဆန်းစစ်ကြည့်လျှင် ---

၁။ကတ္တီပါထုပ်၏ ပြင်ပအာရုံတည်းဟူသော အဆင်းသဘောကိုသာ မြင်၍ အတွင်းသဘောကို အမှန်မမြင်ခြင်း (အဝိဇ္ဇာ)
၂။ထိုအထုပ်ထဲတွင် ရွှေငွေရှိမည်ဟု နှလုံးသွင်းမှားသောစိတ် (ဒိဋ္ဌိဝိပလ္လာသ, စိတ္တဝိပလ္လာသ, သညာဝိပလ္လာသ)
၃။ကတ္တီပါနှင့်ထုပ်သဖြင့် ရွှေငွေရှိမည်ဟု စွဲယူသောစိတ် (ဥပါဒါန်)
၄။ဖွင့်ကြည့်လိုသော စိတ်စေတနာ (ကံ, သခ်ါရ)
၅။အထုပ်ရှိရာသို့ သွားလိုသောစိတ်နှင့် သွားခြင်း(ကမ္မဝင်္ဂ)
၆။ရွှေငွေကိုလိုချင်သောစိတ် (တဏှာ)

အထက်ပါ သခ်ါရ၊ တဏှာ၊ ဥပါဒါန်၊ ကံနှင့်ယှဉ်သော ကိလေသာစိတ်တို့ ဖြစ်ရခြင်းသည် အကျိုးတရား ဖြစ်၍ ကတ္တီပါထုပ်၏ အတွင်းသဘောကို အမှန်မသိခြင်း (အဝိဇ္ဇာ)သည် အကြောင်းတရားဖြစ်သည်။ စိတ်၌ပင် အဝိဇ္ဇာ, သခ်ါရ, တဏှာ, ဥပါဒါန်, ကံဖြစ်သည်။ ယင်းတို့ချုပ်လိုလျှင် ထိုစိတ်၏ မှီရာအာရုံဖြစ်သော ကတ္တီပါထုပ်၏ အရှိသဘောကို ဖွင့်၍ ကြည့်သည်။ စက္ကူစုတ်တည်းဟူသော အရှိပစ္စည်းများကို ပိုင်းခြားသိလိုက်သည် (ပညာ ခေါ် ဝိဇ္ဇာနှင့် ယှဉ်သောစိတ်ဖြစ်သည်)နှင့်တပြိုင်နက် မူလကရှိသော အထုပ်၏အတွင်းသဘောကို အမှန်မသိသည့်စိတ်(အဝိဇ္ဇာ)၊ ထိုအထုပ်ကို လိုချင်သော စိတ်(တဏှာ)၊ ထိုအထုပ်အတွင်း၌ ရွှေငွေများရှိမည် ဟူသောစိတ် (ကာမုပါဒါန်)များ အလိုလို ချုပ်ပျောက် သွားသည်။

အကယ်၍ ကတ္တီပါထုပ်ကို ဖြေမကြည့်ပဲ အထက်ပါ အမှားစိတ်များကို ပေါ်လာ၍ ပျက်သွားသည်ကို ဖြစ်ပျက်ဟု ရှုနေသရွေ့ ထိုအမှားစိတ်များ ဆုံးမည်မဟုတ်ချေ။ အထက်ပါ အမှားစိတ်များကို အပျက်ဆုံးအောင် မကျင့်ကောင်း၊ အကျိုးသတ် ဖြစ်နေသည်။ ဤကတ္တီပါထုပ် ဥပမာအတိုင်း တရားကျင့်သည်ဆိုသည်မှာ အထင်မှားခံရသော ကတ္တီပါထုပ်ကိုဖြေကြည့်သကဲ့သို့ မိမိခန္ဓာတွင် အမှန်ရှိသော ရုပ်နာမ်သဘောတို့ကို အမှန်ရှိသည့်အတိုင်းမြင်အောင် သတိ, ဉာဏ်, ပညာဖြင့် ကြည့်ခြင်း ဖြစ်သည်။

ထိုဥပမာကဲ့သို့ ပုထုဇဉ်တို့သည် တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် ချစ်ကြ၊ ခင်ကြ၊ မုန်းကြ၊ ဒေါသဖြစ်ကြ၊ သံယောဇဉ်တွယ်ကြ၊ ကာမရာဂဖြစ်ကြ၊ မာနတက်ပြီး ပြိုင်ကြ ဆိုင်ကြဖြစ်ရခြင်းမှာ ကတ္တီပါထုပ်ကို ဖြေမကြည့်ပဲ အပြင်ရုပ်ကို ရှုမြင်ခြင်းကြောင့် ဖြစ်သည်။ စက္ကူစုတ်နှင့်တူသည့် အတွင်းခန္ဓာ (၃၂)ကောဋ္ဌာသရုပ်အစုအားလည်းကောင်း၊ နာမ်အစုအားလည်းကောင်း မတွေ့မြင်ခြင်းကြောင့် အမြင်မှားခြင်း ဒိဋ္ဌိ၊ သာယာမှု တဏှာ၊ စွဲလမ်းမှု ဥပါဒါန်၊ ထောင်လွှားမှု မာနစသည့် ကိလေသာများ နှောင်ဖွဲ့ကာ (၁၁)ပါးမီးတောက်ခြင်း ဖြစ်သည်။

အထက်ပါ ဥပမာကဲ့သို့ ပရမတ်ရုပ်နာမ်အစုကို ဖြေမကြည့်နိုင်သရွေ့ ထိုကိလေသာစိတ်မည်သို့မျှ မချုပ်ငြိမ်းနိုင်ပါ။ ဒိဋ္ဌိစိတ်၊ တဏှာစိတ်၊ ဥပါဒါန်စိတ်၊ အကျိုးတရားစိတ်ကို

http://www.dhammadownload.com

နောက်အရှုညာဏ်စိတ်က လိုက်သတ်လျှင် မချုပ်ငြိမ်းပါ။ ထိုစိတ်သည် အကုသိုလ်စေတသိက်တို့ယှဉ်သော အကျိုးတရားစိတ် ဖြစ်သည်။ စိတ်သည် မဂ်စေတသိက်များနှင့်ပေါင်း၍ အရှိုပရမတ်အထုပ်ဖြစ်သည့် (၃၂)ကောဋ္ဌာသ၊ ဓာတ်လေးပါး၊ အကြည်ခြောက်စုံ၊ ဝိညာဏ်ခြောက်လုံး၊ ဖဿခြောက်မျိုးနှင့် ဝေဒနာခြောက်ပါးတို့ကို အထုပ်ဖြေကြည့်သလို မြင်အောင်ကြည့်လျှင် သမ္မာဒိဋ္ဌိစိတ်၊ ဝိဇ္ဇာစိတ်ဖြစ်ပြီး မူလအကျိုးတရားအဝိဇ္ဇာစိတ်၊ တဏှာစိတ်၊ ဒိဋ္ဌိစိတ်များ အလိုလို ချုပ်ငြိမ်းသွားသည်။ ယင်းအဝိဇ္ဇာစိတ်၊ (၁၅၀၀)ကိလေသာနှင့်ယှဉ်သော စိတ်များ ချုပ်ငြိမ်းခြင်းသည်ပင်လျှင် သဉ္ဇပါဒိသေသနိဗ္ဗာန် ဖြစ်သည်။

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ မဆိုက်ရောက်သေးသည့် (၀၊) (၁၅၀၀)ကိလေသာတို့ သန့်ရှင်းစင်ကြယ်မှု မရှိသေးသည့် အပေါ်မှာတ် သဟိတ်မနောဝိညာဏ်စိတ်ကို နောက်နောက်ဖြစ်သော သဟိတ်မနော ဝိညာဏ်ဖြင့် နာမ်ဖြစ်ပျက် ဆုံးအောင် စောင့်ရှုရန် မဟုတ်ပါ။ ဒေါသစိတ်၊ ရာဂစိတ် အစရှိသော အကုသိုလ်စိတ်တို့အား ရှုရာတွင် ထိုစိတ်တို့ ဖြစ်ပုံ, ဖြစ်ကြောင်း, ချုပ်ပုံ, ချုပ်ကြောင်း လေးချက် ပြည့်စုံရမည် ဖြစ်သည်။ ထိုသဘောတရားကို အခန်း(၄) အရှုညာဏ်ပိုင်း၌ အသေးစိတ် ဖော်ပြထားသည်။ ကတ္တိပါထုပ်နှင့်တူသည့် အရှုခံ ပရမတ်ရုပ်နာမ်တို့ကို ပိုင်းခြားသိမြင်လျှင် ကိလေသာစိတ်များ ဖြစ်ပျက် ဆုံးသွားပါသည်။ အရှုညာဏ်ကို သီလသမာဓိဖြင့် သန့်ရှင်းခြင်းနှင့် မဂ်ဖြင့် အပြီးအပိုင် သန့်ရှင်းခြင်းကြောင့် အကုသိုလ်စေတသိက်များ အပြီးတိုင် ချုပ်ငြိမ်းသွားခြင်း ဖြစ်သည်။ နောင်တဖန် ဥပါဒါန်ဖြစ်ပျက်ခန္ဓာ မရတော့ပါ။

၁၈။ အထင်အရှုခံနှင့် အမြင်အရှုခံ ကွာခြားပုံ

တရားကျင့်ကြသောသူတို့သည် တရားဟူသော ရုပ်နာမ်အကြောင်းတို့ကို ပြောကြဆိုကြသည်။ ထိုသို့ပြောဆိုရာတွင် တရားနည်းလမ်းမှန်ဆိုသည်မှာ နိမိတ်တွေပေါ်မှလား၊ ဖြစ်ပျက်ပဲဟု မှတ်မှလား၊ နာရီတိုတိုထိုင်မှ (သို့) နာရီရှည်ရှည်ထိုင်မှလား၊ ရှုမှလား၊ မှတ်မှလား၊ ကြမ်းကြမ်းကျင့်မှ (သို့) သက်သက်သာသာကျင့်မှလား စသော ဝိရောဓိများ ရှုပ်ထွေးနေကြသည်။ ငြင်းခုန်နေကြသည်။ သူတွေ့သည်နှင့် ငါတွေ့တာ မတူဘူး ဟူ၍လည်း ပြောကြသည်။ ငါတို့နည်းမှ မှန်သည်ဟုလည်း ပြောကြသည်။ ဟိုနည်းမကောင်းဘူး၊ မှားသည် ဟူ၍လည်း ပြောကြသည်။ ဟိုနည်းက ဒေသနာနှင့် မကိုက်ဘူး၊ ဒီနည်းမှ ဒေသနာနှင့် ကိုက်သည် ဟူ၍လည်း ပြောကြသည်။

အချို့ကလည်း တရားသာရှာရသည် ဘာမျှ မည်မည်ရရ၊ ထူးထူးခြားခြား မရှိဘူး ဟူ၍လည်း ပြောကြသည်။ စခန်းများများဝင်မှ တရားအတွေ့အကြုံများသည် ဟူ၍လည်း ပြောကြသည်။ မည်သို့ဆက်ကျင့်ရမည်ကို နားမလည်၍ ဆရာတို့ထံ ရှုမှတ်မှု တောင်းခံကြသည်။ ဆရာတို့ကလည်း ဆက်သာရှုပါဟူ၍လည်း ညွှန်ကြားကြသည်။ ထိုကဲ့သို့ကျင့်စဉ် ရှုမှတ်ပွားများမှုများကို ငြင်းခုန်နေခြင်း၊ ဝေဖန်နေကြခြင်းသည် အဖြေမှန်စံကိန်းကို မသိသောကြောင့်ဖြစ်သည်။

မျက်မမြင်ပုဏ္ဏားခြောက်ယောက်

မျက်မမြင်ပုဏ္ဏားခြောက်ယောက်တို့သည် ဆင်ကို မမြင်ဖူးသဖြင့် စိတ်ဖြင့် မှန်းဆသိနိုင်အောင် ဆင်ထိန်းသမားကို အကူအညီတောင်းရာ ဆင်ထိန်းသည် ဆင်ရှိရာသို့ခေါ်သွားပြီး တစ်ဦးကို အမြီးကိုလည်းကောင်း၊ တစ်ဦးကို ခန္ဓာကိုယ်ကိုလည်းကောင်း၊ တစ်ဦးကို နှာမောင်းကိုလည်းကောင်း၊ တစ်ဦးကို အစွယ်ကိုလည်းကောင်း၊ တစ်ဦးကို နားရွက်ကိုလည်းကောင်း၊ တစ်ဦးကို ခြေထောက်ကိုလည်းကောင်း ကိုင်တွယ်စမ်းသပ်ခိုင်း၏။

http://www.dhammadownload.com

အမြီးကိုင်ရသော ပုဏ္ဏားက ဆင်ဆိုတာ ကြိုးနှင့်တူသည်ဟု သုံးသပ်ပြောဆိုသည်။ ခန္ဓာကိုယ်ကို ကိုင်ကြည့်သော ပုဏ္ဏားက ဆင်ဆိုတာ နံရံကြီးနှင့် တူသည်ဟု ဆုံးဖြတ်ပြောဆိုသည်။ နှာမောင်းကိုင်သောပုဏ္ဏားက ဆင်ဆိုတာ မြွေနှင့်တူသည်ဟု ဆုံးဖြတ်ပြောဆိုသည်။ အစွယ်ကိုင်သော ပုဏ္ဏားက ဆင်ဆိုတာ လှံနှင့်တူသည်ဟု ပြောဆိုဆုံးဖြတ်သည်။ နားရွက်ကိုင်သော ပုဏ္ဏားက ဆင်ဆိုတာ ယပ်တောင်နှင့်တူသည်ဟု ဆုံးဖြတ်ပြောဆိုသည်။ ခြေထောက်ကိုင်ကြည့်သောပုဏ္ဏားက ဆင်ဆိုတာ တိုင်ကြီးနှင့်တူသည်ဟု ဆုံးဖြတ်ပြောဆိုသည်။

ထိုပုဏ္ဏားတို့သည် အမှန်ရှိသော ဆင်ကို ကိုင်ကြည့်ရသော်လည်း စိတ်၌ ဆင်မဟုတ်သော အာရုံများကို နှလုံးသွင်းခံယူ ဆုံးဖြတ်လိုက်သဖြင့် ဆင်ကို အမှန်အတိုင်း မသိတော့ပဲ လှံ၊ ယပ်တောင်၊ မြွေ၊ တိုင် စသဖြင့် မှားယွင်းစွာ ဆုံးဖြတ် ပြောဆိုကြတော့သည်။ အချင်းချင်း သူမှန်တယ် ငါမှန်တယ် စသော ငြင်းခုန်မှုများမှာ ဆုံးတော့မည် မဟုတ်ပေ။

ပုထုဇဉ်တို့သည် စိတ်၌ မောဟ ဖုံးထား၍ အရှိရုပ်နာမ်တို့ကို ရှုကြသော်လည်း စစ်မှန်သည့် ရုပ်နာမ်တို့ကို မမြင်ပါ။ အထင်ရုပ်နာမ်၊ မှန်းဆရုပ်နာမ်၊ ဆင်တူရိုးမှား ရုပ်နာမ်တို့ကိုသာ စစ်မှန်သော ရုပ်နာမ်များ၊ တရားများ၊ သစ္စာများဟု ထင်ရာမှန်းပြီး ဆုံးဖြတ်ကြသည်။ ဆင်၏ နားရွက်နှင့် ယပ်တောင်တို့သည် နီးစပ်သော်လည်း နားရွက်သည် နားရွက်ဟု၊ ယပ်တောင်သည် ယပ်တောင်ဟုသာ အမှန်အတိုင်း ဖြစ်သင့်သည်။ ဆင်တူယိုးမှား ဖြစ်တတ်သည်။ ပြောတော့ အသံတူ အကြောင်းအရာကား ကွဲပြားနေသည်။ မျက်မြင်သူများသည် ဆင်ကို အကုန် ခြုံကြည့်နိုင်သဖြင့် ဆင်ကိုဆင်ပဲဟု ပြောပါသည်။ ဆင်၏ အင်္ဂါ အစိတ်အပိုင်း အားလုံးကိုလည်း သူ့အမည်နှင့် သူ့သဘောကို ကိုက်ညီအောင် အမှန်အတိုင်း အရှိအတိုင်း ပြောနိုင်သည်။ နားရွက်ကို နားရွက်ဟု၊ ယပ်တောင်ကို ယပ်တောင်ဟု၊ အစွယ်ကိုအစွယ်ဟု ပြောသည်။ နားရွက်မှ ယပ်တောင် မဖြစ်တော့ပါ။ နှာမောင်းမှ မြွေမဖြစ်တော့ပါ။ အစွယ်မှ လှံသွား မဖြစ်တော့ပါ။

တရားရှုသူတို့သည် စရိုက်ချင်း၊ ပါရမီချင်း ကွာခြားနိုင်ကြသော်လည်း တရားရှုရာ အာရုံဖြစ်သော (၃၂)ကောဋ္ဌာသ ရုပ်တရားပေါင်းစုမှု (သို့) ယနရုပ်များပေါင်းစုမှသည် အတူတူပင်ဖြစ်သည်။ ခံစားမှု ဝေဒနာကွန္ဓာမှာလည်း အတူတူပင်ဖြစ်သည်။ စိတ်စေတသိက်တို့ ရှိသည်မှာလည်း အတူတူပင်ဖြစ်သည်။ တရားမကျင့်မီ အဝိဇ္ဇာမောဟ အဖုံးခံထားရသည်မှာလည်း အတူတူပင်ဖြစ်၍ တဏှာ, မာန, ဒိဋ္ဌိဖြစ်နေသည်မှာလည်း အတူတူပင်ဖြစ်သည်။ ထိုရုပ်တရားတို့နှင့် ခံစားမှုဝေဒနာတို့ကို အကြောင်းခံ၍ တဏှာ, မာန, ဒိဋ္ဌိချုပ်အောင် ကျင့်ရမည်မှာ ရည်ရွယ်ချက်တစ်ခုတည်း ဖြစ်ပြီး အရှုခံ အာရုံများမှာလည်း ခန္ဓာငါးပါး၊ သတိပဋ္ဌာန်တရား လေးပါးသာ ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးဖြင့် တရားသဘောမြင်အောင်ရှုခြင်းသည်လည်း တူသည်။ ဗောဓိဉာဏ်၏အထောက်အပံ့ကလည်း (၃၇)ပါးသာရှိသည်။ သို့ဆိုလျှင်တရားတွေ့သည်ချင်းလည်း တူရမည်။ တရားကျင့်ခြင်း၏ အဖြေမှန်စံကိန်းကို သိလျှင် ရှုပ်ထွေးစရာမရှိ၊ ငြင်းခုန်စရာလည်း မလိုတော့ပါ။

အရှုခံဆဆက္ကရုပ်နာမ်တို့ကို ပိုင်းခြားမြင်နိုင်သည့် သမာဓိသို့ ဆိုက်ရောက်ရန် အခြေခံကျင့်စဉ်ယာနိကနှစ်ပါး ရှိသည်။ မည်သည့်နည်းဖြင့် ကျင့်ကျင့်၊ ကြမ်းကြမ်းပဲ ကျင့်ကျင့်၊ သက်သက်သာသာပဲ ကျင့်ကျင့်၊ အချိန်နည်းသည်ဖြစ်စေ၊ အချိန်ကြာသည် ဖြစ်စေ၊ မှတ်သည်ဖြစ်စေ၊ မမှတ်သည်ဖြစ်စေ၊ ကိုယ့်နည်းနှင့် ကိုယ့်စိတ်ကြိုက် ရွေးချယ်ကျင့်နိုင်သည်။ ထိုကမ္မဋ္ဌာန်းလေးဆယ်အနက်မှ တစ်ပါးပါးကို ကျင့်ရာတွင် နည်းမှန်ရမည်။ မြန်မြန် ရောက်ချင်သောသူ ပြင်းပြင်းလျှောက်ရမည်။ ဖြည်းဖြည်းရောက်ချင်သောသူ နှေးနှေးလျှောက်ရမည်။ အသာစံ

http://www.dhammadownload.com

ချင်သောသူ အနာခံနိုင်ရမည်။ များများအမြတ်ရလိုလျှင် များများအရင်းစိုက်ရမည်။ သူ့နည်းကိုယ့်နည်း ငြင်းစရာမလိုပဲ ကိုယ့်နည်းနှင့်ကိုယ် တရားတွေ့အောင် ကျင့်ရန်သာ လိုသည်။

တရားကျင့်ခြင်း၏ တစ်ခုတည်းသော အဖြေမှန်စံကိန်းသည် ဝိပဿနာအရှုခံ ဆဆက္က ရုပ်နာမ်များကို ပိုင်းခြားမြင်ခြင်း ဖြစ်သည်။ ယင်းတို့ကို ပိုင်းခြားမြင်နိုင်ရန်အတွက် ကျင့်စဉ်နည်းလမ်းမှန်ကန်ရန်နှင့် သဒ္ဓါ ဝီရိယ စသော ဗိုလ်ငါးပါး ပြည့်စုံရန်တို့မှာ ပဓာနကျသည်။

ဝိပဿနာဉာဏ်၏အရှုခံဖြစ်သောရုပ်နာမ်တို့၏ သဘောသဘာဝတို့ကို အဆက်အစပ်နှင့် တကွ ရေးသားတင်ပြခဲ့ပြီးပြီ။ ထိုရုပ်နာမ်တို့၏သဘောကို တရားမကျင့်မီ သုတမယဉာဏ်ဖြင့် ထင်မြင်နေအောင် ဖတ်ရှုလေ့လာကာ စိန္တာမယဉာဏ်ဖြင့် ကြိမ်ဖန်များစွာ သုံးသပ်၍ မှတ်သားသင့်သည့် အရာများကိုလည်း ကျက်မှတ်ထားပါ။ သို့မှသာလျှင် တရားကျင့်ရာ၌ လွယ်ကူချောမောမည်။ ထိုအရှုခံရုပ်နာမ်တို့ကို ကိုယ်ပိုင်ဘာဝနာမယဉာဏ်ဖြင့် မမြင်ရသေးပါ။ အဘယ့်ကြောင့်ဆိုသော် သင်ယောဂီ၏စိတ်သည် အဝိဇ္ဇာ(မောဟ) ဖုံးအုပ်ထားမှုခံရခြင်းကြောင့် ဖြစ်သည်။ ထိုအဝိဇ္ဇာ(မောဟ)ကိုစိတ်၌မကပ်ငြိအောင် ဖယ်ရှားရမည့်အလုပ်သည် တရားကျင့်ခြင်းမည်၏။ ထိုအရှုခံရုပ်နာမ်တို့ကို ကိုယ်ပိုင်ဘာဝနာမယဉာဏ်ဖြင့် ပိုင်းခြားမြင်ရန် အားထုတ်ရမည့် "ကျင့်စဉ်တို့၏သဘောသဘာဝ" ကို အခန်း(၂)၌ ဆက်လက်လေ့လာပါ။

http://www.dhammadownload.com



အခန်း (၂)

ကျင့်စဉ်တို့၏ သဘောသဘာဝ

ဤအခန်းတွင် ဝိပဿနာဉာဏ်ပေါက်အောင် အမှန်တကယ် ကျင့်ကြံမည့်သူများ သိရှိထားအပ်သော အချက်များ၊ ဖြည့်ဆည်းထားသင့်သည့် အချက်များကို ဦးစွာတင်ပြလျက် ဝိပဿနာကျင့်စဉ်လမ်းကြောင်း အစ အလယ် အဆုံးကို အဆက်အစပ်နှင့်တကွ သုံးသပ်ကာ ရေးသားသွားမည်ဖြစ်သည်။ ယင်းတို့ကို သဘောပေါက် နားလည်အောင် သုံးသပ်ဆင်ခြင်ပြီးမှ လက်တွေ့ကျင့်ကြံကြရန် ဖြစ်သည်။

၂၊၁။ တရားကျင့်ရာတွင် သိထားအပ်သည့်အချက်များ

၂၊၁၊၁။ ဗောဓိပက္ခိယ(၃၇)ပါး

ဗောဓိပက္ခိယဟူသည် ဗောဓိဉာဏ် (သစ္စာလေးပါးကို သိသောဉာဏ်) ရဖို့ရန် အထောက်အပံ့ (၀ါ) အရိယာမဂ်၏ အထောက်အပံ့ ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် တရားကျင့်သောယောဂီ၏ တရားကျင့်ရာ၌ လိုက်နာဖြည့်ကျင့်ရမည့် အဂ်ါရပ်များ ဖြစ်သည်။ ထိုဗောဓိပက္ခိယတရား (၃၇)ပါးတို့သည်--

၁။ သတိပဋ္ဌာန် (၄)ပါး
၂။ သမ္မပ္ပဓာန် (၄)ပါး
၃။ ဣဒ္ဓိပါဒ် (၄)ပါး
၄။ ဣန္ဒြေ (၅)ပါး
၅။ ဗိုလ် (၅)ပါး
၆။ ဗောဇ္ဈင် (၇)ပါး
၇။ မဂ္ဂင် (၈)ပါး

ပေါင်း (၃၇)ပါး (တရားကိုယ် - ၁၀ပါး)

http://www.dhammadownload.com

သတိပဋ္ဌာန် (၄) ပါး

သတိ+ပဋ္ဌာန ▫ သတိပြုအပ်သည့်ဌာန (၀ါ) တရားရှုရာဌာန။

၁။ ကာယာနုပဿနာသတိပဋ္ဌာန် ▫ရုပ်ပေါ်၌ သတိထားရှုခြင်း (၃၂-ကောဋ္ဌာသ၊ ဓာတ် ၄-ပါး)
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန် ▫ခံစားမှု (နာမ်)၏ သဘောကို သတိထားရှုခြင်း
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန် ▫လောကီစိတ် (နာမ်)၏ သဘောကို သတိထားရှုခြင်း
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန် ▫ဓမ္မာရုံတို့၏သဘောကိုလက္ခဏာရေးသုံးပါးဖြင့်သတိထားရှုခြင်း

သမ္မပ္ပဓာန် (၄) ပါး (ဝီရိယ)

သမ္မ+ပဓာန ▫ ပြင်းစွာ အားပြုခြင်း၊ ပြင်းစွာ လုံ့လပြုခြင်း

၁။ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယမ ▫ ဖြစ်ပြီး, ရှိပြီးသော အကုသိုလ်တို့ကို ပယ်ရန် လုံ့လပြုခြင်း
၂။အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယမ ▫ မဖြစ်ပေါ်သေးသော အကုသိုလ်တို့ကို မဖြစ်လာရန် လုံ့လပြုခြင်း
၃။အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယမ ▫ မဖြစ်ပေါ်သေးသော ကုသိုလ်ကို ဖြစ်ရန် လုံ့လပြုခြင်း
၄။ဥပ္ပန္နာနံ ကုသလာနံ ဘိယ္ယောဘာဝါယ ဝါယမ ▫ ဖြစ်ပြီးသော ကုသိုလ်ကို တိုးပွားရန် လုံ့လပြုခြင်း

"သမ္မပ္ပဓာန ▫ ပြင်းစွာအားထုတ်ရမည်" ဟူရာ၌ အဘယ်မျှ ပြင်းစွာအားထုတ်ရမည်နည်း။ **(တစဿ စ နဟာရုနော**[၁] စသည်နှင့်အညီ) အရိုးကြေကြေ၊ အသားတွေပဲပဲ့ပဲ့၊ အကြောတွေပဲပြတ်ပြတ်၊ အသွေးတွေပဲခန်းခန်း မလျှော့သောဇွဲလုံ့လဖြင့် အားထုတ်အပ်၏။ ယခုအခါ တရားကျင့်သောယောဂီတို့သည် ဝိပဿနာတရားအားထုတ်ရာတွင် တစ်နာရီမျှသော အချိန်လောက်ဖြင့် တရားအားထုတ်နေကြသည်မှာ အထက်ပါ သမ္မပ္ပဓာန်လေးပါးနှင့် မပြည့်စုံတော့ပေ။ အဘယ်မှာ မဂ်ဖိုလ်ရနိုင်ပါတော့မည်နည်း။ တကယ်ပြင်းထန်စွာ အားထုတ်မှုကို တရားနှင့်မလျော်ညီဘူး၊ ကြာတယ်၊ ကြမ်းတယ်၊ ပြင်းထန်တယ်ဟု အပြစ်မြင်နေကြသည်။ ထိုအပြစ်မြင်ခြင်းသည် ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာ ကွယ်ပျောက်တော့မည့် နိမိတ်ဖြစ်သည်။ ဝိပဿနာတရားသည် ပေါ့ပေါ့တန်တန် လွယ်လွယ်ကူကူ သက်သက်သာသာဖြင့် ကျင့်၍ရသော တရားမျိုး ဖြစ်နေတော့သည်။ တနည်းအားဖြင့် ဆိုသော် မဂ်တား ဖိုလ်တား အမြင်များ ဖြစ်သည်။ မဂ်ဖိုလ်လိုလားသော ယောဂီများ အထူးသတိပြုသင့်သည်။ ထိုကဲ့သို့ သမ္မပ္ပဓာန်ဝီရိယဖြင့် မဂ္ဂင်ရှစ်ပါးလျော်ညီစွာ အားထုတ်ကျင့်ကြံရာ၌ သေလုမတတ် ဖြစ်စေကာမူ **"အတ္တကိလမထာနုယောဂ"** မဟုတ်သည်ကို အထူးသတိပြုကြပါလေ။ ပုထုဇဉ်အမြင်ဖြင့် ဝေဖန်မိလျှင် မှားတတ်သည်။

---

[၁] အဘိဓာနပ္ပဒီပိကာပါဠိ၊ သဂ္ဂကဏ္ဍ–၁၅၇

http://www.dhammadownload.com

ဏ္ဍဒ္ဓိပါဒ် (၄) ပါး

ဏ္ဍဒ္ဓိ+ပဒ = ပြီးပြည့်စုံခြင်း+အခြေခံ

၁။ ဆန္ဒိဒ္ဓိပ္ပါဒ် = ပြီးပြည့်စုံခြင်း၏ အခြေခံဖြစ်သော ထက်မြက်သောဆန္ဒ
၂။ ဝီရိယိဒ္ဓိပ္ပါဒ် = ပြီးပြည့်စုံခြင်း၏ အခြေခံဖြစ်သော လုံ့လဝီရိယ
၃။ စိတ္တိဒ္ဓိပ္ပါဒ် = ပြီးပြည့်စုံခြင်း၏ အခြေခံဖြစ်သော စိတ်
၄။ ဝီမံသိဒ္ဓိပ္ပါဒ် = ပြီးပြည့်စုံခြင်း၏ အခြေခံဖြစ်သော ပညာ

ဏ္ဍန္ဒြေ (၅) ပါး

ဏ္ဍန္ဒ+ဏ္ဍယ = အစိုးရခြင်း(မိမိနှင့်သက်ဆိုင်သောတရားများကို မိမိအလိုအတိုင်း ဖြစ်စေနိုင်မှု)၊ လွှမ်းမိုးနိုင်ခြင်း၊ အုပ်ချုပ်နိုင်ခြင်း။

၁။ သဒ္ဓိန္ဒြေ = ယုံကြည်မှု အစိုးရခြင်း (တုန်လှုပ်မှုမရှိသော ယုံကြည်မှု) အာဂမ, ပသာဒ, ဩကပ္ပန, အဓိဂမ ဟူ၍ လေးပါးရှိ၏။ (ဝိစိကိစ္ဆာကို နိုင်၏)
(သဒ္ဓါစေတသိက် စိတ်၌ ခိုင်မြဲစွာ ယှဉ်နေခြင်း)
၂။ ဝီရိယိန္ဒြေ = အားထုတ်မှု၏ အစိုးရခြင်း (ထိန မိဒ္ဓကို နိုင်၏)
(ဝီရိယစေတသိက် စိတ်၌ ခိုင်မြဲစွာ ယှဉ်နေခြင်း)
၃။ သတိန္ဒြေ = အောက်မေ့မှု၏ အစိုးရခြင်း (တွေဝေမှု-သမ္မောဟကိုနိုင်၏)
(သတိစေတသိက် စိတ်၌ ခိုင်မြဲစွာယှဉ်နေခြင်း)
၄။ သမာဓိန္ဒြေ = တည်ကြည်မှု၏ အစိုးရခြင်း (ပျံ့လွင့်မှု-ဥဒ္ဓစ္စကိုနိုင်၏)
(စိတ်၌ ဧကဂ္ဂတာစေတသိက် ခိုင်မြဲစွာယှဉ်နေခြင်း)
၅။ ပညိန္ဒြေ = အပြားအားဖြင့် သိခြင်း၏ အစိုးရခြင်း (မသိမှု-အဝိဇ္ဇာကို နိုင်၏)
(ပညိန္ဒြေစေတသိက် စိတ်၌ ခိုင်မြဲစွာ ယှဉ်နေခြင်း)

ဗိုလ် (၅) ပါး

ဗလ = အား၊ စွမ်းရည်

၁။သဒ္ဓါဗိုလ် = စိတ်, စေတသိက်တို့၏ ကြည်လင်မှုစွမ်းအား၊ မြတ်စွာဘုရားနှင့် တရားတော် အပေါ်၌ ယုံကြည်မှု အားကောင်းခြင်း၊ အထူးအားဖြင့် မဂ္ဂင်ရှစ်ပါးသည် အသခ််တမာတ်နိဗ္ဗာန်ချမ်းသာရကြောင်းနည်းကောင်းဟု ယုံကြည်မှုအားကြီးခြင်း၊ ဆရာအပေါ်၌ ယုံကြည်မှု အားကြီးခြင်း။
၂။ဝီရိယဗိုလ် = ကောသဇ္ဇ (ပျင်းရိမှု)ကို တိုက်ဖျက်နိုင်မှုစွမ်းအား၊ ကျင့်ကြံအားထုတ်မှု စွမ်းအားကြီးခြင်း။
၃။သတိဗိုလ် = ကုသိုလ်အာရုံ၌ ရှေးရှုသိမြင်နိုင်မှု စွမ်းအား၊ ရှေးရှုအောက်မေ့မှု စွမ်းအားကြီးခြင်း။
၄။သမာဓိဗိုလ် = ဝိပဿနာ, ဈာန် စသော အာရုံတို့ကို အာရုံပြုသိရာ၌ နီဝရဏာကိလေသာတို့ကို တိုက်ဖျက် နိုင်မှုစွမ်းအား၊ အရှုညာဏ်စိတ်၌ အကုသိုလ်အညစ်အကြေးများ တဖန်ပြန်ကပ်ရောက်မှုမရှိအောင် ဧကဂ္ဂတာစေတသိက်က ခိုင်မြဲစွာ အုပ်ချုပ်ထားခြင်း စွမ်းအားကြီးခြင်း။
၅။ပညာဗိုလ် = သဘောသဘာဝတို့ကို အပြားအားဖြင့် ပိုင်းခြားနိုင်မှု စွမ်းအားကြီးခြင်း။

http://www.dhammadownload.com

လောကပညာ၊ စီးပွားသော်မှ အားထုတ်ကြိုးပမ်းမှု နည်းပါးလျှင် မအောင်မြင်နိုင်ပါ။ လောကချမ်းသာနှင့် မနှိုင်းယှဉ်နိုင်သော အနှိုင်းမဲ့ နိဗ္ဗာန်ချမ်းသာရကြောင်း ကျင့်စဉ်ကို သက်သက်သာသာ ပေါ့ပေါ့တန်တန်နှင့် ကျင့်ရုံနှင့် အဘယ်မှာ ရနိုင်ပါမည်နည်း။ များများ ချမ်းသာလိုလျှင် များများအားစိုက်ထုတ်၍ ကျင့်ရမည်။

အထက်ပါ ဣဒ္ဓိပါဒ်တရားလေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး စသည်တို့သည် မဂ်ဖိုလ် လိုလားသော ယောဂီတို့ ကျင့်စဉ်၌ မဖြစ်မနေ ပြည့်ပြည့်ဝဝ ပါဝင်နေရမည်။ ယခုအခါ များစွာသော တရားကျင့်သော ယောဂီတို့သည် နှစ်နာရီမျှသော အချိန်လောက်ကိုပင် ကြာသည်ဟူ၍ စွေးဆစ်ကာ လုံ့လမပြုချင် ကြတော့ပေ (ဝီရိယနည်းခြင်း)။ တရားကျင့်စဉ်အပေါ်၌ ယုံကြည်မှုလည်း နည်းကြသည် (သဒ္ဓါတရားနည်းခြင်း)။ တရားထိုင်ချိန်အတွင်း ဆောက်တည်ရမည့် ဣန္ဒြေယသံဝရသီလ ပြည့်စုံအောင် မထိန်းသိမ်း မဆောက်တည်နိုင်၊ စိတ်ကို နှစ်နာရီမျှ ကမ္မဋ္ဌာန်းအာရုံ၌ ဖြောင့်မှန်စွာထားသော သမာဓိမျှကိုပင် မဆောက်တည်နိုင်ပါက သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိမျှသို့ပင်မရောက်နိုင်ပေ(သမာဓိအားနည်းခြင်း)။ တရားအားမထုတ်ရသေးမီ ကြမ်းတယ်၊ ကြာတယ်၊ ပြင်းထန်တယ်၊ မဖြစ်နိုင်ဘူးဟု သဒ္ဓါလည်း ခေါင်းပါး၊ အားထုတ်ရာတွင်လည်း ဝီရိယနည်းပါးကြသဖြင့် သတိအားလည်း ပြည့်ဝမှု မရှိတော့ပေ။ ထို့ကြောင့် သမာဓိနှင့်ပညာ စခန်းသို့လည်း မရောက်ရှိနိုင်တော့ပေ။ ဆန္ဒ, စိတ်စသော ဣဒ္ဓိပါဒ်တရား များလည်းမရှိတော့ပါ။ သို့အတွက်ကြောင့် ဝိပဿနာတရားတော်သည် အနေချောင်သော ကျင့်စဉ် သဘောမျိုးသို့ မသိမသာ ရောက်ရှိသွားသည်။ မဂ်ဖိုလ်နှင့်တန်သော အထက်ပါ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဣဒ္ဓိပါဒ်တရားလေးပါးတို့ ရင်းနှီးစိုက်ထုတ်မှု မရှိပဲနှင့် တရားကျင့်လျှင် ပါရမီကုသိုလ်လောက် ဖြင့်သာ ယခုသာသနာ၌ ကျန်နေခဲ့မည်။ တရားကျင့်သည်ဆိုသည်မှာ ဟင်းမြည်းသောသူကဲ့သို့ မဟုတ်ပဲ ဗိုက်ပြည့်အောင် အားပါးတရ ထမင်းစားသောသူကဲ့သို့ တဝကြီး ကျင့်ရမည်။ မဂ်ဖိုလ်လိုလားသော ယောဂီတို့ အထူးသတိပြုပါ။

ဗောဇ္ဈင် (၇) ပါး

ဗောဓိ+အင် = သစ္စာလေးပါးတရားကို သိကြောင်းဖြစ်သော တရားအပေါင်း

၁။ သတိသမ္ဗောဇ္ဈင် = ရုပ်နာမ်ပေါ်၌ သတိထားမှု
၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် = ရုပ်နာမ်ပေါ်၌ လက္ခဏာရေးသုံးပါးဖြင့် ဆင်ခြင်သိမြင်ခြင်း
၃။ ဝီရိယသမ္ဗောဇ္ဈင် = ရုပ်နာမ်ပေါ်၌ အားစိုက်ထုတ်ရှုမှု
၄။ ပီတိသမ္ဗောဇ္ဈင် = ဝိပဿနာရှုခြင်း၌ နှစ်သက်ခြင်း
၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် = စိတ်, စေတသိက်တို့၏ ငြိမ်းအေးခြင်း
၆။ သမာဓိသမ္ဗောဇ္ဈင် = အရှုခံရုပ်နာမ်တို့ပေါ်၌ တဖြောင့်တည်း အရှုညာဏ် တည်ကြည်ခြင်း
၇။ ဥပေက္ခာသမ္ဗောဇ္ဈင် =အဘိဇ္ဈာ, ဒေါမနဿနှင့် မောဟစသော ကိလေသာတို့မှ စိတ်ကို လွတ်မြောက်စေသော လျစ်လျူရှုခြင်း

http://www.dhammadownload.com

မဂ္ဂင် (၈) ပါး

သီလမဂ္ဂင် (၃) ပါး

၁။ သမ္မာဝါစာ = မှန်ကန်စွာ ပြောဆိုမှု
၂။ သမ္မာကမ္မန္တ = မှန်ကန်စွာ ပြုလုပ်မှု
၃။ သမ္မာအာဇီဝ = မှန်ကန်စွာ အသက်မွေးမှု

သမာဓိမဂ္ဂင် (၃) ပါး

၄။ သမ္မာဝါယမ = မှန်ကန်စွာ အားထုတ်မှု
၅။ သမ္မာသတိ = မှန်ကန်စွာ အောက်မေ့မှု၊ ရှုးရှုမှု
၆။ သမ္မာသမာဓိ = မှန်ကန်စွာ စိတ်ကို တစ်ခုတည်းသောအာရုံ၌ ကောင်းစွာထားမှု

ပညာမဂ္ဂင် (၂) ပါး

၇။ သမ္မာဒိဋ္ဌိ = သစ္စာလေးပါး၌ အမှန်မြင်မှု
၈။ သမ္မာသင်္ကပ္ပ = ရုပ်နာမ်တို့အပေါ်၌ လက္ခဏာသုံးပါးအားဖြင့် သုံးသပ်ခြင်း။

အထက်ပါ ဗောဓိပက္ခိယတရား (၃၇)ပါးတို့ မိမိ၏ကျင့်စဉ်၌ ပြည့်စုံအောင် ဖြည့်ကျင့်ရမည်။

၂၁၊၂။ အခြေခံ အဓိပ္ပာယ်ပွင့်ဆို့ချက်များ

သီလ၊ ။သီလဟူသည် မိမိစိတ်၌ ကာယကံအကုသိုလ်၊ ဝစီကံအကုသိုလ်မနောကံအကုသိုလ်တို့ မဖြစ်အောင် စောင့်ထိန်းခြင်းဖြစ်သည်။ ရဟန်းယောဂီသည် စာတုပါရိသုဒ္ဓိသီလ စင်ကြယ်ရမည်။ ၎င်းသီလမှာ (၁) ပါတိမောက္ခသံဝရသီလ (အကျဉ်းအားဖြင့် ၂၂၇ သွယ်သော သိက္ခာပုဒ် လုံခြုံခြင်း)၊ (၂) ပစ္စယသန္နိဿိတသီလ (ကျောင်း သင်္ကန်း ဆွမ်း ဆေး ဆင်ခြင်သုံးစွဲခြင်း)၊ (၃) အာဇီဝပါရိသုဒ္ဓိသီလ (စင်ကြယ်သော အသက်မွေးမှုရှိခြင်း) (၄)ဣန္ဒြိယသံဝရသီလ (ဒွါရခြောက်ပါးတို့မှ ကိလေသာ မဝင်အောင်စောင့်ထိန်းခြင်း)စသော သီလလေးမျိုးနှင့် ပြည့်စုံရမည်။ လူယောဂီတို့သည် အာဇီဝဋ္ဌမကသီလ (အသက်သတ်ခြင်း၊ ပစ္စည်းခိုးယူခြင်း၊ ကာမပိုင်လွန်ကျူးခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ ချောပစ်ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းဆဲရေးခြင်း၊ သိမ်ဖျင်းသောစကား ပြောဆိုခြင်း၊ မှားသော အသက်မွေးခြင်းတို့မှ ရှောင်ကြဉ်ခြင်း) နှင့် ဣန္ဒြိယသံဝရသီလတို့ပြည့်စုံရမည်။ ဝိပဿနာကျင့်စဉ်၏ အခြေခံပဓာနအချက်သည် ပြဆိုခဲ့သော သီလဆောက်တည်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တရားရလိုသောယောဂီသည် ဆိုင်ရာသီလ ပြည့်စုံရမည် ဖြစ်သည်။ သီလပြည့်စုံလျှင် သီလဝိသုဒ္ဓိ မည်၏။ ထို့အတူ တရားကျင့်ဆဲ၌ မနောကံသီလကို ထိန်းသိမ်းခြင်းသည် တရားကျင့်သည်မည်၏ (သီလမဂ္ဂင်သုံးပါး)၊ အရှုကြော်၌ အကုသိုလ်စေတသိက်(၁၄)လုံး (၀ါ) (၁၅၀)ကိလေသာတို့ ပယ်ခွာမှု၏ သန့်ရှင်းခြင်းသည် ဣန္ဒြိယသံဝရသီလ၏ စင်ကြယ်ခြင်း သီလဝိသုဒ္ဓိ မည်၏။ ပါတိမောက္ခသံဝရသီလ၏ စင်ကြယ်ခြင်းမျှဖြင့် ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်ကို တိုက်ရိုက် အကျိုးမပေးနိုင်။ အထောက်အပံ့သာ ဖြစ်စေသည်။

http://www.dhammadownload.com

သမာဓိ။ ။သမာဓိဟူသည် တည်ကြည်ခြင်းဖြစ်သည်။ တရားကျင့်သူတို့သည် စျာနသမာဓိ၊ ဝိပဿနာသမာဓိဟူ၍ အခြေခံအားဖြင့်(၂)မျိုးရှိသည်ကို သိထားရမည်။ သဟိတ်မနောဝိညာဏ်သည် ၎င်း၏မှီရာ ကသိဏ်းအာရုံ၌ ဖြောင့်မှန်စွာ အဆက်မပြတ် တည်နေခြင်းသည် စျာနသမာဓိမည်၏။ သဟိတ်မနောဝိညာဏ်သည် ၎င်း၏မှီရာ ရုပ်နာမ်အာရုံတို့အပေါ်၌ ဖြောင့်မှန်စွာ အဆက်မပြတ် တည်နေခြင်းသည် ဝိပဿနာသမာဓိမည်၏။

ဥပမာနှစ်မျိုးဖြင့် မြင်း

(၁) စားပွဲပေါ်၌ အရုပ်တည်နေခြင်း

တည်ငြိမ်နေသော စားပွဲပေါ်၌ ပန်းပုရုပ်တစ်ခုကို တင်ထားသောအခါ ထိုပန်းပုရုပ်သည် ရွေ့လျားမှုမရှိပဲ နဂိုနေရာ၌ပင် တည်နေသည်။ ထိုဥပမာအတိုင်း တည်ငြိမ်သော အာရုံပေါ်၌ မပျံ့လွင့်ပဲ စိတ်တည်နေခြင်းကို စျာနသမာဓိဟုခေါ်သည်။

(၂) ကားလမ်းပေါ်၌ ကားသွားနေခြင်း

ဝိပဿနာသမာဓိ၏ အဓိပ္ပာယ်ကို သွားနေသော ကားတစ်စီးနှင့် နှိုင်းယှဉ်ကြည့်ပါက လွယ်ကူစွာ သဘောပေါက်နိုင်လိမ့်မည်။ ကားမောင်းသူသည် ကားကို ကားလမ်းပေါ်၌ အကွေ့၊ အကောက်၊ အနိမ့်၊ အမြင့်၊ ချိုင့်ခွက် စသည်တို့ရှိလျှင် လိုအပ်သလို ထိန်းသိမ်းကြပ်မတ်၍ မောင်းနှင်ခြင်းကြောင့် လိုရာခရီးသို့ ရောက်ရှိသည်။ ကားသည် ကားလမ်းရှိသည့်အတိုင်း သွားနေခြင်းကို ဖြောင့်မှန်စွာ (ဝါ) ဖြောင့်မတ်စွာ သွားသည်ဟု ခေါ်သည်။ ဖြောင့်သည်ဆိုရာ၌ ကားလမ်းအရှိအတိုင်းကို ဆိုလိုသည်။ မတ်သည် (သို့) မှန်သည် (သို့) တည့်သည် ဆိုသည်မှာ ကားသည် ကားလမ်းဘေးသို့ ချော်မကျပဲ ကားလမ်းမအတိုင်း အလိုက်သင့် ရွေ့လျားနေခြင်းကို ဆိုလိုသည်။ ဒရိုင်ဘာသည် မိမိအလုပ်ဖြစ်သည့် ကားကို လိုရာခရီး ရောက်အောင် ကားလမ်းအတိုင်း တဖြောင့်တည်း မောင်းနှင်နေခြင်းသည် သမာဓိနှင့်တူသည်။ ကားကို စောင့်ရှောက်ထိန်းသိမ်းခြင်းသည် သီလနှင့်တူသည်။ ပရမတ်ရုပ်နာမ် အာရုံတို့သည် ကားလမ်းနှင့်တူသည်။ သဟိတ်မနောဝိညာဏ်ကို ဆိုင်ရာအာရုံ (စျာန်, ဝိပဿနာ)မှ လွှင့်ကွာမသွားအောင် သတိ စသော သံဝရ သီလဖြင့် စောင့်ထိန်းရမည်။ ယင်းသို့ စောင့်ထိန်းရာတွင် လိုရာ စျာန်မဂ်ဖိုလ်ရသည့်တိုင်အောင် အစဉ်မပြတ် စောင့်ထိန်းရန် လိုသည်။ ဥပမာအားဖြင့် တရားအားထုတ်သည့်အခါ စက်ဘီးလျှောက်စဉ် ကြွမှု, လှမ်းမှု, ချမှု, ကွေးမှု, ဆန့်မှုနှင့် ဆိုင်ရာဒွါရ၌ ကျရောက်ဆဲ ရုပ်နာမ်တို့ ပေါ်တိုင်း ပေါ်တိုင်း ပေါ်ရာရုပ်နာမ်တို့ကို အစဉ်အတိုင်း သတိမလွတ်တမ်း ထားနေခြင်းကြောင့် အရှုညာဏ်မြဲနေခြင်းသည် ဝိပဿနာသမာဓိ မည်၏။

စျာန်။ ။စျာန်ဟူသည် ဆန့်ကျင်ဘက် နိဝရဏတရားတို့ကို လောင်မြိုက်ခြင်း၊ ဆိုင်ရာအာရုံတို့၌ စူးစူးစိုက်စိုက် ရှုခြင်းဖြစ်သည်။ စျာန်ဟူသည် အာရမ္မဏူပနိဇ္ဈာန်နှင့် လက္ခဏူပနိဇ္ဈာန် ဟူ၍ နှစ်မျိုးရှိသည်။ ကသိဏ်းပညတ်အာရုံအပေါ်၌ သဟိတ်မနောဝိညာဏ်၏ ဆန့်ကျင်ဘက် နိဝရဏတရားတို့ကို လောင်မြိုက်ပယ်ခွာ၍ စူးစူးစိုက်စိုက် ရှုနေခြင်းသည် အာရမ္မဏူပနိဇ္ဈာန် မည်၏။ စျာနသမာဓိကိုပင် ဆိုလိုသည်။ သတိညာဏ်တို့နှင့်ယှဉ်သော သဟိတ်မနောဝိညာဏ်သည် ရုပ်နာမ်ပရမတ်အာရုံတို့အပေါ်၌ အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာရေးသုံးပါးတင်ကာ စူးစူးစိုက်စိုက်ရှုလျက် ကိလေသာတို့ကို တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒတိုင်အောင် အကြွင်းမဲ့ လောင်မြိုက်ပယ်သတ်ခြင်းသည် လက္ခဏူပနိဇ္ဈာန် မည်၏။ ယင်းသည်လည်း ဝိပဿနာသမာဓိကို ဆိုလိုပါသည်။ အာရမ္မဏူပနိဇ္ဈာန်ဖြစ်စေ၊ လက္ခဏူပနိဇ္ဈာန်ဖြစ်စေ စျာန်အင်္ဂါငါးပါး ရှိကြသည်။

http://www.dhammadownload.com

ဈာန်အင်္ဂါငါးပါး အဓိပ္ပါယ်

ဝိတက္က = စိတ်ကိုအာရုံသို့ တင်ပေးခြင်း (ထိနမိဒ္ဓ ပယ်)
ဝိစာရ = ရရှိသောအာရုံကို အဖန်ဖန် သုံးသပ်ခြင်း (ဝိစိကိစ္ဆာ ပယ်)
ပီတိ = ထိုရရှိသော အာရုံကို နှစ်သက်ခြင်း (ဗျာပါဒ ပယ်)
သုခ = ထိုအာရုံကို အကြောင်းခံ၍ ချမ်းသာခြင်း (ဥဒ္ဓစ္စ, ကုက္ကုစ္စ ပယ်)
ဧကဂ္ဂတာ = ထိုအာရုံတို့အပေါ်၌ စိတ်၏ တည်ကြည်နေခြင်း (ကာမစ္ဆန္ဒ ပယ်)
အထက်ပါ ဈာန်အင်္ဂါငါးပါး ဖော်ပြခြင်းသည် တရားကိုယ်သဘောမျှသာ ဖော်ပြခြင်းဖြစ်သည်။ တရားကျင့်ရာတွင် အထက်ပါ ဈာန်အင်္ဂါငါးပါး ပြည့်စုံမှု ရှိ မရှိ သိတတ်ရန် အလွန် အရေးကြီးသည်။ တရားကျင့်ရာ၌ ဈာန်အင်္ဂါချို့ယွင်းလျှင် လိုရာမရောက်ပဲ လည်နေတတ်သည်။

သမထ။ ။သမထဟူသည် သဟိတ်မနောဝိညာဏ်၌ ကိလေသာတို့၏ နှိပ်စက်လောင်မြိုက်မှုမှ ငြိမ်းအေးစေခြင်း ဖြစ်သည်။* သမာဓိဟူသော စိတ်တည်ကြည်မှုကို ပမာနထား၍ အားထုတ်သော အကျင့်ဖြစ်သည်။ ကသိုဏ်းပညတ်အာရုံကို မှီ၍ ဖြစ်သောသမထ၊ ပရမတ်ရုပ်နာမ်အာရုံကိုမှီ၍ ဖြစ်သော သမထဟူ၍ နှစ်မျိုးရှိသည်။ စိတ်သည် လောဘနီယ၊ ဒေါသနီယ၊ မောဟနီယ အာရုံကို မှီရလျှင် ကိလေသာတို့၏ လောင်မြိုက်မှုကို ခံရသည်။ အကယ်၍ အလောဘနီယ၊ အဒေါသနီယ၊ အမောဟနီယ အာရုံတို့ကို မှီရလျှင် ကိလေသာတို့မှ ငြိမ်းအေးစေသည်။ ထိုသဘောကိုပင် သမထဟုခေါ်သည်။ ကသိုဏ်းပညတ်အာရုံသည် စိတ်ကို ငြိမ်းအေးစေသကဲ့သို့ ဝိပဿနာ၏ အာရုံဖြစ်သော ရုပ်နာမ်တို့သည်လည်း အာရုံပြုသောစိတ်ကို ငြိမ်းအေးစေသည်။ ငြိမ်းအေးမှု သဘောဖြင့်သာ ပိုင်းဖြတ်ပညတ်ပါက ဝိပဿနာအကျင့်ကိုလည်း သမထဟု ခေါ်ဆိုလိုက ခေါ်ဆိုနိုင်သည်။[၂]

ဝိပဿနာ။ ။ဝိပဿနာဟူသည် မရှိပညတ် အမျိုးမျိုးကို ပယ်ခွာ၍ အရှိပရမတ် ရုပ်နာမ် (ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ)တို့၏ သဘောသက်သက်ကို အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာရေး သုံးချက်တင်ကာ ဉာဏ်ဖြင့် ရှုမြင်ခြင်းကို ခေါ်သည်။

လက္ခဏာရေးသုံးချက် တင်ရှုသည်ဟူရာ၌ ပရမတ်ရုပ်နာမ်တို့၏ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောသက်သက်ကို ဉာဏ်ဖြင့်ရှုမြင်နေခြင်းကို ဆိုလိုသည်။ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောသက်သက်ကို ဉာဏ်ဖြင့်မမြင်ပဲ အနိစ္စ, ဒုက္ခ, အနတ္တဟု အမှတ်ပြု၍ ရှုနေခြင်းသည် ဝိပဿနာဉာဏ် မဖြစ်ပဲ အပြောပညတ်(စိတ်ပြော)၌ သောင်တင်၍နေခြင်း (ဝါ) ပညတ်ကို အာရုံပြုရှုနေခြင်း ဖြစ်သည်။ ထို့ကြောင့် ဝိပဿနာရှုသည်ဆိုတိုင်း ဝိပဿနာစစ်စစ်ဟုတ် မဟုတ် တရားကျင့်သူတို့ ဝေဖန်ဆန်းစစ်ရန် အထူးအရေးကြီးသည်။ "အနိစ္စပညတ်, သဘောပရမတ်" ကွဲပြားရန်လိုသည် (ဝိပဿနာရှုဆဲ)။ ပညတ်ကို ပယ်ခွာနိုင်ပြီးမှ သဘောပရမတ်သို့ ရောက်မည်။ စိတ်သည် ပညတ်ကို အရှိစွဲနေသရွေ့ တဏှာ, မာန, ဒိဋ္ဌိ နယ်ပယ်မှ မလွတ်။ ပရမတ်အာရုံ စစ်စစ်ဖြစ်မှ မဂ်ဖိုလ်ဆိုက်မည်။

ဥပမာအားဖြင့် အရှုခံ ပရမတ်ရုပ်သည် ဖြစ်ရာမှ ပျက်သွားခြင်းသည် ရုပ်၏ မမြဲခြင်းလက္ခဏာ (ရုပ်၏အနိစ္စ လက္ခဏာ)၊ အရှုခံ ပရမတ်ရုပ်သည် ဖြစ်ရာမှ ပျက်သွားပြီး နှိပ်စက်တတ်သည့် သဘောသည် ရုပ်၏ ဆင်းရဲခြင်း လက္ခဏာ (ရုပ်၏ဒုက္ခလက္ခဏာ)၊ အရှုခံ

---

* အာရုံ၏အစွမ်းဖြင့် ကိလေသာအပူငြိမ်းနေ၍ အေးချမ်းနေသော စိတ်ဟူလို

၂ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိ၊ မဟာပဒါနသုတ္တံ-၆၄ နှာ-၃၀

http://www.dhammadownload.com

ပရမတ်ရုပ်သည် အနှစ်မရှိခြင်းကြောင့် ဖြစ်ရာမှ ပျက်သွားခြင်းသည် ရုပ်၏ အစိုးမရခြင်း လက္ခဏာ (ရုပ်၏အနတ္တလက္ခဏာ) စသည့် ရုပ်၏သဘာဝကို ဉာဏ်ဖြင့် ပိုင်းခြားရှုမြင် သုံးသပ်ခြင်းဖြစ်သည်။

အရှုခံသည် ရုပ်၊ မမြဲခြင်းသဘောသည် လက္ခဏာ၊
အရှုခံသည် ရုပ်၊ နှိပ်စက်မှုသဘောသည် လက္ခဏာ၊
အရှုခံသည် ရုပ်၊ အစိုးမရခြင်း, အနှစ်မရှိခြင်းသဘောသည် လက္ခဏာ၊

ဘာဝနာ။ ။ဘာဝနာဟူသည် ကြိမ်ဖန်များစွာ ပွားများခြင်းဖြစ်သည်။ ဘာဝနာသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုး ရှိသည်။ သမထဘာဝနာဟူသည် ကသိုဏ်း စသော ပညတ်အာရုံကို အခြေခံ၍ ဈာန်အဆင့်ဆင့် မြဲအောင် ပွားများခြင်းဖြစ်သည်။ ဝိပဿနာဘာဝနာဟူသည် မဂ္ဂင်ရှစ်ပါးဖြင့် ပရမတ်ရုပ်နာမ်တို့၏ သဘောအပေါ်၌ အနိစ္စ ဝိပဿနာဉာဏ်ကို ပွားများ၍ နိစ္စ(မြဲခြင်း)အစွဲကို စွန့်နေခြင်း၊ ဒုက္ခဝိပဿနာဉာဏ် ပွားများ၍ သုခ(ချမ်းသာခြင်း) အစွဲကို စွန့်နေခြင်း၊ အနတ္တဝိပဿနာဉာဏ် ပွားများ၍ အတ္တ(ငါ)အစွဲကို စွန့်နေခြင်း၊ အသုဘလက္ခဏာကို ပွား၍ သုဘ(သာယာဘွယ်ရာ)အစွဲကို စွန့်နေခြင်း တို့သည် ဘာဝနာမည်၏။

ကမ္မဋ္ဌာန်း။ ။ကမ္မဋ္ဌာန်းဟူသည် စိတ်စုစည်းရာနေရာကို ခေါ်သည်။ တနည်းအားဖြင့်ဆိုသော် ဈာန်, မဂ်, ဖိုလ် ရကြောင်း ကျင့်ရမည့် အရာဋ္ဌာန (ရှုရာအာရုံ) ဖြစ်သည်။ ဈာန်ရကြောင်း ကျင့်ရမည့် အရာဋ္ဌာနတို့သည် ကမ္မဋ္ဌာန်း(၄၀)ပင် ဖြစ်သည်။ မဂ်ဖိုလ်ရကြောင်း ကျင့်ရမည့် အရာဋ္ဌာနတို့သည် ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ ဟူ၍ (၄)ဌာန ရှိသည်။

၂၂။ တရားကျင့်သောယောဂီတို့တွင် ပြည့်စုံရမည့် အချက်များ

၁။ **သင်္ကော - ကျင့်စွမ်းနိုင်ခြင်း**
တရားကျင့်သောယောဂီသည် တရားကျင့်ရာ၌ မိမိ၏အသက်နှင့် ခန္ဓာကိုယ်ကို ထိပါးခြင်းမှ မငဲ့ကွက်ပဲ ကျင့်နိုင်သောသူ ဖြစ်ရမည်။ "အရိုးကြေကြေ၊ အရေခန်းခန်း" မလျှော့သော ဇွဲလုံလ၊ ဝီရိယ စိုက်ထုတ်၍ ကျင့်ကြံနိုင်စွမ်းရှိသူဖြစ်ရမည်။

၂။ **ဥဇု - ဖြောင့်မတ်ခြင်း**
တရားကျင့်သော ယောဂီသည် တရားကျင့်ရာ၌ ဆရာညွှန်ကြားသော နည်းလမ်းအတိုင်း သွေဖည်ခြင်း မရှိ၊ တဖြောင့်တည်း ကျင့်ရမည်။

၃။ **သုဟုဇု - အထူးဖြောင့်မတ်ခြင်း**
တရားကျင့်သော ယောဂီသည် တရားကျင့်ရာ၌ ဆရာညွှန်ကြားသော နည်းလမ်းအတိုင်း အနည်းငယ်မျှ သွေဖည်ခြင်းမရှိပဲ အထူးဖြောင့်မတ်စွာ တဖြောင့်တည်း ကျင့်ရမည်။

၄။ **သုဝစော - ဆိုဆုံးမလွယ်ခြင်း(ဝါ)ဆရာသမား၏ညွှန်ကြားမှုကို နာယူလွယ်ခြင်း၊ လိုက်နာခြင်း**
တရားကျင့်သောယောဂီသည် တရားကျင့်ရာ၌ ဆရာညွှန်ကြားသော နည်းလမ်းများကို နားလည် သဘောပေါက်အောင် နာခံယူခြင်း၊ ဆရာသတ်မှတ်သော စည်းကမ်းများကို လိုက်နာခြင်း၊ ဆရာမှ မလိုလားအပ်သည်များကို မပြုလုပ်ခြင်း စသောဂုဏ်များနှင့် ပြည့်စုံရမည်။

၅။ **မုဒု - နူးညံ့ခြင်း**
တရားကျင့်မည့်ယောဂီသည် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့၌ ခက်ထန်ကြမ်းတမ်းခြင်း မရှိရ။

http://www.dhammadownload.com

၆။ **အနတိမာနီ - မာန်မရှိရခြင်း**
တရားကျင့်သောယောဂီသည် လောကီအာရုံဝတ္ထု၊ ပညာ, ဂုဏ်တို့နှင့် မိမိ၏သီလ, သမာဓိအကျင့်တို့၌ ငါမှစွမ်းနိုင်သည်ဟူသော မာန်မရှိရ။

၇။ **သန္တုဿကော - ရောင့်ရဲလွယ်ခြင်း**
တရားကျင့်သောယောဂီသည် တရားအားထုတ်မှုတလျှောက်၌ လိုအပ်မည့် ပစ္စည်းလေးပါး (ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး)နှင့် အသုံးအဆောင်တို့၌ ရောင့်ရဲလွယ်ရမည်။

၈။ **သုဘရော - မွေးမြူလွယ်ခြင်း**
မိမိတရားကျင့်နိုင်ရန်အတွက် စိတ်ကို အာရုံခြောက်ပါး ကာမဂုဏ်တရားတို့၌ မနစ်မျောစေပဲ နိဗ္ဗာန်သို့ ရွေးရွှေနိုင်သောစိတ်ဖြင့် မွေးမြူတတ်ရမည်။

၉။ **အပ္ပကိစ္စော - အမှုကိစ္စနည်းခြင်း**
တရားကျင့်သောယောဂီသည် တရားအားထုတ်နေစဉ်တလျှောက်လုံး၌ ပြုဖွယ်ကိစ္စများနေလျှင် တရားအားထုတ်မှုကို ပျက်ပြားစေသည်။ ထို့ကြောင့် အမှုကိစ္စ နည်းနိုင်သမျှ နည်းစေရမည်ဖြစ်သည်။

၁၀။ **သလ္လဟုကဝုတ္တိ - ပေါ့ပါးမှုရှိခြင်း**
တရားကျင့်သောယောဂီသည် တရားအားထုတ်နေစဉ်တလျှောက်လုံး၌ အသုံးအဆောင်ပစ္စည်း နည်းပါးရမည်။ အသုံးအဆောင်ပစ္စည်း များခဲ့သော် တရား အားထုတ်နေစဉ် ကြောင့်ကြစိတ်များ ဖြစ်ပေါ်၍ သမာဓိ အနှောင့်အယှက် ဖြစ်တတ်သည်။ ဌက်ကဲ့သို့ ပေါ့ပါးသောဝန် ရှိရမည်။

၁၁။ **သန္တိန္ဒြိယော - ငြိမ်သက်သောဣန္ဒြေရှိခြင်း**
တရားကျင့်သောယောဂီသည် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့၌ ငြိမ်သက်တည်ကြည်မှု ရှိနေရမည်။

၁၂။ **နိပကော - ရင့်ကျက်သောပညာရှိခြင်း**
တရားအားထုတ်ရာ၌ ထိုက်သင့်သော အဘိဓမ္မာပညာနှင့် ပြည့်စုံခြင်း၊ အရာရာကို ဟုတ်၏၊ မှန်၏၊ သင့်တော်၏၊ မသင့်တော်၏၊ ခွဲခြမ်းစိတ်ဖြာ သုံးသပ်တတ်သော ပညာရှိရမည်။

၁၃။ **အပ္ပဂဗ္ဘော - ကြွမ်းတမ်းရှိခြင်းပြမှုမရှိခြင်း**
သူတော်ကောင်းတရားနှင့် မလျော်ညီသော ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ ခက်ထန်ကြမ်းတမ်းမှု မရှိပဲ နူးညံ့ပျော့ပြောင်း သိမ်မွေ့မှု ရှိနေရမည်။

၁၄။ **ကုလေသွနနုဂိဒ္ဓေါ - ဆွေမျိုးမိတ်ဆွေတို့နှင့် ကပ်ငြိမှုမရှိခြင်း**
တရားကျင့်သောယောဂီသည် ဆွေမျိုးမိတ်သင်္ဂဟ, ဒါယကာ, ဒါယိကာမတို့နှင့် ဆက်ဆံမှု နည်းပါးရမည်။ သို့မဟုတ်ပါက အကျင့်လည်းပျက်၊ သမာဓိလည်း ပျက်လွယ်သည်။

၁၅။ **နာ စ ခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယ္ယုံ**-
တရားကျင့်သောယောဂီတို့သည် မဂ်ဖိုလ်နှင့် ဆန့်ကျင်သော၊ ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့အပ်သော အကုသိုလ်အမှုတို့ကို မြူမှုန်မျှပင် မပြုလုပ်ရ။ မြူမှုန်မျှ အကုသိုလ်ပင် မပယ်နိုင်က ကြီးမားသော အကုသိုလ်ဆိုလျှင် ပယ်နိုင်တော့မည်မဟုတ်ပေ။[၃]

---

[၃] ခုဒ္ဒကပါဠိပါဠိ၊ မေတ္တာသုတ်

http://www.dhammadownload.com

ပဓာနိယင်္ဂတရား (၅) ပါး

တရားအားထုတ်သော ယောဂီသည် ပဓာနိယင်္ဂငါးပါးနှင့် ပြည့်စုံရမည်။

၁။ **သဒ္ဓါတရားရှိခြင်း** - ရတနာသုံးပါးပေါ်၌ ယုံကြည်မှုသဒ္ဓါရှိရမည်။ ဆရာ၏ ညွှန်ကြားမှု နည်းလမ်း အပေါ်၌လည်း ယုံကြည်မှုရှိရမည်။ ကံ ကံ၏အကျိုးကို ယုံကြည်ခြင်း စသော သဒ္ဓါဗိုလ်နှင့် ပြည့်စုံရမည်။

၂။ **ကျန်းမာရေးနှင့်ပြည့်စုံခြင်း**- အနာရောဂါ ကင်းဝေးခြင်းကြောင့် ဥတုသုံးပါးဒဏ်၊ အာဟာရ ချို့တဲ့မှုဒဏ်၊ တရားကျင့်မှုဒဏ်တို့မှ ခံနိုင်ရည်ရှိသဖြင့် တရားကျင့်ရာ၌ အနှောင့်မယှက် မရှိတော့ပေ။

၃။ **စိတ်ထားဖြောင့်မတ်ခြင်း** - တရားအားထုတ်သော ယောဂီ၌ ပင်ကိုယ်သဘာဝ လှည့်စားတတ်ခြင်း၊ ပရိယာယ်များခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း စသော မကောင်းသော အကျင့်စရိုက်တို့သည် တရားကျင့်သောအခါ ဗီဇသဘောအဖြစ် ပါလာပါက ကိုယ့်တရား ကိုယ်ဖျက်သကဲ့သို့ ဖြစ်တတ်သည်။ မူရင်းစိတ်ထား ဖြောင့်မှန်သူတို့သည် တရား ကျင့်ရာ၌လည်း ဖြောင့်ဖြောင့်မတ်မတ် ကျင့်သုံးတတ်သဖြင့် တရားရမှုလွယ်ကူသည်။

၄။ **ဇွဲလုံ့လထက်သန်ခြင်း** - ဇွဲလုံ့လကြီးမားမှုရှိခြင်းကြောင့် အခက်အခဲများကို ကျော်လွှားနိုင်ပြီး ကျင့်စဉ်တလျှောက် ပေါက်မြောက်ရန် လွယ်ကူသည်။

၅။ **ဉာဏ်ရည်ထက်မြက်ခြင်း** - ဝိပဿနာဟူသည် ဉာဏ်အရာ ဖြစ်သည်။ ပင်ကိုယ် သဘာဝအားဖြင့် ပိုင်းခြားစိတ်ဖြာ သုံးသပ်တတ်သောဉာဏ်ကို အားပြုတတ်သောအလေ့ ရှိသောသူသည် အမှားနည်းပြီး အခက်အခဲကို ကျော်လွှားနိုင်သဖြင့် တရားရလွယ်သည်။

တရားကျင့်သောယောဂီသည် အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ၊ အပါယ်ဘေး ဆင်းရဲတို့ကို သံဝေဂဉာဏ်ကြီးစွာဖြင့် အထူးကြောက်ရွံ့စိုးရိမ်မှုများ ရှိနေရပြီး ငါသည် ဒီဘဝ ဒီသာသနာမှာမှ လွတ်အောင်မကျင့်ဘူးဆိုလျှင် ငါ့လောက်မိုက်သည့်ပုဂ္ဂိုလ် မရှိဘူးဟူ၍ မိမိကိုယ်ကိုမိမိ ဆုံးမကာ ပြင်းပြင်းထန်ထန် အားထုတ်လိုသော စိတ်ရှိရမည်။ တရားကျင့်မှုသည် ဘဝ၌ အလွန် အရေးကြီးပြီး အဆောတလျင် ကျင့်ရမည့်အလုပ်ဟူ၍ သိထားရမည်ကို မြတ်စွာဘုရားရှင်သည် ဤကဲ့သို့ ဟောကြားထားသည်။

> ရဟန်းတို့ မီးလောင်သော အဝတ်ပုဆိုးကိုသော်၎င်း ဦးခေါင်းကိုသော်၎င်း လျစ်လျူရှု၍ နှလုံးမသွင်းမူ၍ ထိုးထွင်းမသိရသေးသော အရိယာတို့၏ အမှန်တရား လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိခြင်းအကျိုးငှာ **အလို'ဆန္ဒ' လုံ့လအားထုတ်မှု အပြင်းအထန်အားထုတ်မှု မဆုတ်မနစ် အောက်မေ့မှု** ဆင်ခြင်ဉာဏ်ကို ပြုလုပ်ရမည်။[၄]

[၄] မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ သစ္စသံယုတ်၊ သီသပါဝနဝဂ်၊ စေလသုတ်-၁၁၁၄ နှာ-၃၉၁

http://www.dhammadownload.com

ပုဂ္ဂိုလ်လေးမျိုးခွဲခြားခြင်းအပေါ် သုံးသပ်ချက်

၁။ ဥဂ္ဃါဋိတညူပုဂ္ဂိုလ် =တဂါထာ၊ တပါဒမျှ ဟောရုံဖြင့် အရဟတ္တဖိုလ်သို့ ရောက်နိုင်သောပုဂ္ဂိုလ်

၂။ ဝိပဉ္စိတညူပုဂ္ဂိုလ် =အကျယ်ဟောရုံမျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်နိုင်သောပုဂ္ဂိုလ်

၃။ နေယျပုဂ္ဂိုလ် =ကမ္မဋ္ဌာန်းနည်းယူ၍ ပြင်းပြင်းထန်ထန်ကျင့်မှ မဂ်ဖိုလ်ရနိုင်သော ပုဂ္ဂိုလ်

၄။ ပဒပရမပုဂ္ဂိုလ် =ကမ္မဋ္ဌာန်းနည်းယူ၍ ပြင်းပြင်းထန်ထန်ကျင့်သော်လည်း မဂ်ဖိုလ် မရနိုင်သော ပုဂ္ဂိုလ်

ဟူ၍ လေးမျိုးရှိသည်။

ယခုအခါတွင် အမှတ်(၁)နှင့်(၂)ပုဂ္ဂိုလ်များမရှိနိုင်တော့ပါ။ နေယျပုဂ္ဂိုလ်နှင့်ပဒပရမပုဂ္ဂိုလ် နှစ်မျိုးတို့သာ ရှိကြတော့သည်။ ထိုပုဂ္ဂိုလ်နှစ်မျိုးတွင်လည်း နေယျပုဂ္ဂိုလ်ကနည်းမည်ဟု စာရေးသူ ယူဆသည်။ သို့သော်လည်း ပါရမီနည်းလျှင် ပါရမီပြည့်အောင် ဖြည့်ရမည်ဖြစ်သဖြင့် ပို၍ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်ရမည်။ ဗာဟိယဒါရုစီရိယမထေရ်လောင်းလျာ*ကဲ့သို့ စိတ်ထားမွေးမြူ၍ တရားကျင့်ရမည်။ ထို့ကြောင့် ဆရာကောင်းဖြင့် နည်းခံ၍ ပြင်းပြင်းထန်ထန် အားထုတ်မှ မဂ်ဖိုလ်ရနိုင်မည် ဖြစ်သည်။ အကယ်၍ မဂ်ဖိုလ်မရနိုင်သော်မှ ပါရမီရင့်ကျက်မှုရမည် ဖြစ်သည်။ တရားကျင့်သောယောဂီတို့ ဤသဘောတရားကို သုံးသပ်၍ တရားကျင့်ရမည်။

တိဟိတ်၊ ဒွိဟိတ်

တိဟိတ်ပုဂ္ဂိုလ်တို့သည် စိတ်ဓာတ်ပြင်းထန်၍ တိုးတိုးတိုက်တိုက် အောင်မြင်အောင် လုပ်တတ်သောအကျင့်ရှိသည်။ တရားရမည့် တိဟိတ်ပုဂ္ဂိုလ်သည် အတိတ်မှ ဖြည့်ကျင့်ဆည်းပူး ခဲ့သော ပါရမီအဟုန်ကြောင့် သာသနာနှင့် ကြုံတွေ့သောအခါ တရားမရလျှင် မထတော့ဘူး ဟူသော စိတ်ဆန္ဒမျိုး ပေါ်ပေါက်လာပြီး ကျင့်ကြံသဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ ပေါက်မြောက်သည်။

ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် အတိတ်ဘဝမှ ဖြည့်ဆည်းခဲ့သော ပါရမီအဟုန်နည်းခြင်းကြောင့် သဒ္ဓါစသော အားငါးပါးနည်းပြီး ဝိပဿနာဉာဏ်အားလည်း နည်းသည်။ ထိုပုဂ္ဂိုလ်တို့သည် ယခုသာသနာ၌ မဂ်ဖိုလ် ရနိုင်ခဲသည်။ သို့သော်လည်း မိမိပါရမီရင့်ကျက်ရန် သာသနာနှင့်ကြုံခိုက် ပါရမီများများ ဖြည့်ကျင့်ရမည်။ သို့မှသာ နောင်သာသနာနှင့် ကြုံလျှင် တိဟိတ်ပုဂ္ဂိုလ်ဖြစ်၍ မဂ်ထူးဉာဏ်ထူး ရနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်ကို တိဟိတ်၊ ဒွိဟိတ် ရွေးစရာမလိုပဲ ဆရာကောင်းထံ နည်းခံ၍ နင်လားငါလား ကြိုးစားအားထုတ်ရမည်။

---

* စာမျက်နှာ (၇၆)တွင် ရှုပါ။

http://www.dhammadownload.com

၂၊၃။ တရားကျင့်သူတို့၏ စိတ်ထားနှင့် ခံယူချက်

"ဓနံ စဇေ အင်္ဂဝရဿ ဟေတု၊ အင်္ဂီ စဇေ ဇီဝိတံ ရက္ခမာနော။
အင်္ဂီ ဓနံ ဇီဝိတဉ္စာပိ သဗ္ဗံ၊ စဇေ နရော ဓမ္မမနုဿရန္တော။"[၅]

အထက်ပါ ဝိသုဒ္ဓိမဂ်လာ ရှေးဆရာတို့ အဆိုအမိန့်နှင့်အညီ ပစ္စည်းဥစ္စာနှင့် မိမိ၏ အင်္ဂါခြေလက်တို့တွင် တစ်ခုခု စွန့်ရမည်ဆိုလျှင် မိမိ၏ အင်္ဂါခြေလက်ကို မစွန့်၊ ပစ္စည်းဥစ္စာကိုသာ အဆုံးရှုံးခံ စွန့်လိမ့်မည်။ မိမိ၏ အင်္ဂါခြေလက်နှင့် မိမိ၏ အသက်တို့တွင် တစ်ခုခု စွန့်ရမည် ဆိုလျှင် မိမိ၏အသက်ကို မစွန့်၊ မိမိ၏ အင်္ဂါခြေလက်ကိုသာ အဆုံးရှုံးခံ စွန့်လိမ့်မည်။ မိမိ၏ အသက်ကို မည်သည့်သတ္တဝါမှ စွန့်လွှတ်လိမ့်မည်မဟုတ်။ သို့သော် တရားကျင့်သောယောဂီသည် မိမိအလိုရှိသော မဂ်တရားဖိုလ်တရားကိုရမည်ဆိုလျှင် ကိုယ်အင်္ဂါ အစိတ်အပိုင်း အသွေး၊ အသား၊ အကြော၊ အရိုးတို့ ပျက်စီးဆုံးရှုံးခံနိုင်ရုံမျှမက မိမိ၏ အသက်ကိုပါ စွန့်၍ ကျင့်နိုင်သော စိတ်ထားမျိုးနှင့် ပြည့်စုံရမည်။

တရားအပေါ်၌ ခံယူချက်

တရားကျင့်မည့်ယောဂီသည် တရားမကျင့်မီ တရားအပေါ်၌ ခံယူချက်ပြည့်ဝမှု ရှိမှသာလျှင် တရားကျင့်ရာ၌ ပေါက်မြောက်အောင်မြင်သည်။ ခံယူချက်ပြည့်ဝမှုရှိခြင်းဟူသည် ဣဒ္ဓိပါဒ်တရားလေးပါး ပြည့်စုံမှုရှိခြင်းကို ဆိုလိုသည်။ ပါရမီ ရရုံသဘောမျှဖြင့် ခံယူကာ တရားကျင့်လျှင် မဂ်ဖိုလ်မရနိုင်။ ပုထုဇဉ်တို့ဓလေ့ဖြစ်သော ပြိုင်ဆိုင်မှု၊ ဂုဏ်ယူလိုမှု၊ မနာလိုမှု၊ ထောင်လွှားလိုမှု၊ အကြည်ညိုခံလိုမှုစသော တရားနှင့်မလျော်ညီသောစိတ်များဖြင့် တရားကျင့်လျှင် မဂ်ဖိုလ်မရနိုင်။ မဂ်ဖိုလ်နှင့် သင့်လျော်သည့် ခံယူချက်မွေးမြူကာ တရားကျင့်ရမည်။

ဗာဟိယဒါရုစီရိယမထေရ်ဇလောင်းလျာ၏ ခံယူချက်

ကဿပမြတ်စွာဘုရား၏ သာသနာနောက်ပိုင်းကာလ၌ ရဟန်း(၅)ပါးတို့သည် တောင်ကလပ်ပေါ် တက်၍ တရားကျင့်ရာတွင် ပြန်လမ်းရှိလျှင် အသက်၌ ငဲ့ကွက်မှုရှိ၍ ရသင့်သော မဂ်ဖိုလ်တရားမှ ဆုံးရှုံးမည်ကို စိုးရိမ်ရကား ရဲရဲတောက် စိတ်ထားရှိကြကာ အပြန်လမ်းတောင်တက်လှေကားကို စွန့်ပစ်လိုက်ပြီး အသက်၌ ငဲ့ကွက်မှုမရှိပဲ "လူသေလျှင် သေ၊ မသေလျှင် တရားရ" ရမည်ဟူသော သဒ္ဓါ ဆန္ဒ စသည့် ခံယူချက်ဖြင့် တရားကျင့်ကြသည်။ ထိုကဲ့သို့ တရားကျင့်ရာတွင် ဆွမ်းမစား ရေမသောက် သက်စွန့်ကြိုးပမ်း အားထုတ်ကြခြင်းသည် မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလားသောကြောင့်ဖြစ်သည်။ အသက်စွန့်၍ ကျင့်ရကျိုးနပ်ပါသည်။ အကြီးဆုံး မထေရ်သည် (၃)ရက်မြောက်၌ အသက်မသေပဲ အရဟတ္တမဂ်ကူးကာ အဘိညာဏ်ခြောက်ပါး နှင့်တကွ ရဟန္တာဖြစ်လေသည်။ ဒုတိယမြောက်အနုထေရ်လည်း (၄)ရက်မြောက်၌ သက်စွန့် ကြိုးပမ်း စွန့်လွှတ်အားထုတ်မှု၏ ဆုလာဘ်အဖြစ် အဘိညာဏ်ခြောက်ပါးနှင့်တကွ အနာဂါမိမဂ် သို့ ကူးမြောက်ခဲ့လေသည်။

ကျန်မထေရ်(၃)ပါးတို့မှာမူ ရဟန္တာနှင့် အနာဂါမ်မထေရ်တို့ ဆွမ်းခံကျွေးသည့် ဆွမ်းကိုပင် လက်မခံပဲ အသက်စွန့်ကာ တရားကျင့်ခဲ့လေသည်။ ထိုသို့ကျင့်သော်လည်း ထိုဘဝ၌ မဂ်ဖိုလ် မရကြပဲ အသက်ခန္ဓာ ဝန်ချခဲ့ကြရသည်။ ထိုရဟန်း(၃)ပါးတို့၏ **ကိုယ်နှင့်အသက်မငဲ့ကွက်မူ၍**

---

[၅] ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ပထမတွဲ၊ နှာ-၄၃

http://www.dhammadownload.com

တရားကျင့်မှုသည် ပါရမီမြောက်ကျင့်မှု ဖြစ်သဖြင့် ၎င်းပါရမီဥပနိဿယအရှိန်ကြောင့် ယခုဂေါတမမြတ်စွာဘုရား သာသနာတွင် လွယ်ကူစွာ အရဟတ္တဖိုလ်ပေါက် ရောက်ရှိသွားကြသည်။[၆]

တရားကျင့်မည့်ယောဂီသည် ထိုရဟန်း(၅)ပါးတို့ကဲ့သို့ အသက်ကိုစွန့်၍ တရားအားထုတ်လိုသည့် သဒ္ဓါ ဆန္ဒ စသော ခံယူချက်များ အပြည့်အဝထားပြီး ကျင့်ကြံအားထုတ်မှ မဂ်ဖိုလ် နိဗ္ဗာန်တရားရမည် ဖြစ်သည်။ သို့မဟုတ်လျှင် သာသနာနှင့် ကြုံသာကြုံ၍ နိဗ္ဗာန်နှင့် လွဲမည်။ ထိုအခါ သံသရာဝဲသြဃ အတွင်းမှ မလွတ်မြောက်နိုင်ပဲ မိမိနှမြောလှသည့် အသက်အကြိမ်ပေါင်း မည်မျှသေဆုံးရမည်ကို မသိနိုင်တော့ပြီ။ ယခု သာသနာမှာ တစ်ဘဝ တစ်ခန္ဓာအနာခံအသေခံရင်းနှီးစိုက်ထုတ်၍ ဆရာကောင်းနည်းကောင်းဖြင့်ကျင့်နိုင်ပါက အပါယ်ဒုဂ္ဂတိခန္ဓာရ၍ ဒုက္ခခံစားရမှု၊ ထိုဒုက္ခခန္ဓာရပြီး ခဏခဏ သေရမှု၊ သူတပါး အသတ်ခံရမှုမှ ဧကန်လွတ်မြောက်မည်။ ထို့ကြောင့် ဆရာကောင်းနည်းကောင်းနှင့် ကြုံရဆုံရလျှင် အသက်ကိုပါစွန့်၍ ကျင့်ကြံအားထုတ်ကာ လက်ရှိ ပစ္စုပ္ပန်ခန္ဓာနှင့် အနာဂတ် အပါယ်ဒုဂ္ဂတိခန္ဓာ မြောက်များစွာကို အလဲအလှယ် ပြုလုပ်ရမည်။

ရဟန်းယော်သုံးပါးတို့၏ ဆရာ့အပေါ်၌ ယုံကြည်မှု

သီဟိုဠ်နိုင်ငံ၌ သာသနာထွန်းလင်းတောက်ပစဉ်က စူဠပိဏ္ဍပါတိကတိဿမထေရ်ထံ တရား ကျင့်လိုသည့် ယောဂီရဟန်းယော်သုံးပါး ရောက်ရှိလာသောအခါ ထိုရဟန်းသုံးပါးအား မထေရ်ကြီးက ဆရာသမားနှင့် ကမ္မဋ္ဌာန်းတရားအပေါ် မည်မျှလောက် ယုံကြည်ကိုးစားအားထားကြောင်း မေးစမ်းတော်မူ၏။ **ပထမရဟန်းယော်က** အရှင်ဘုရားအတွက် အကျိုးရှိမည်ဆိုလျှင် ဘုရားတပည့်တော်သည် အလွန်တရာနက်သည့်အသူတရာချောက်ထဲ ခုန်ချပေးဝံ့ပါသည် ဘုရားဟု ပြန်လျှောက်ထားပါသည်။ **ဒုတိယရဟန်းယော်က** အရှင်ဘုရားအတွက် အကျိုးရှိမည်ဆိုလျှင် ဘုရားတပည့်တော်၏ ဖနောင့်ကစ ခေါင်းသို့ ကျအောင် ကျောက်ပြင်ပေါ်၌သွေး၍ လှုံ့ဝံ့ပါသည်ဘုရားဟူ၍လည်းကောင်း၊ **တတိယရဟန်းယော်က** အရှင်ဘုရားအတွက်အကျိုးရှိမည်ဆိုလျှင် ဘုရားတပည့်တော်၏ ဝင်သက်ထွက်သက်ကို ပိတ်ဆို့ပြီး သေဝံ့ပါသည်ဘုရားဟူ၍လည်းကောင်း အသီးသီး လျှောက်ထားကြသည်။[၇]

တရားကျင့်သောယောဂီသည် မိမိအား ကမ္မဋ္ဌာန်းနည်းပေးသော ဆရာအပေါ်၌ ဤကဲ့သို့ အသက်ကို စွန့်၍ အားကိုးသော ယုံကြည်ချက်၊ တရားကျင့်ရာ၌ အသက်ကိုစွန့်နိုင်သော သဒ္ဓါဆန္ဒ ပြည့်ဝမှသာလျှင် မဂ်ဖိုလ်ရနိုင်မည်ဖြစ်သည်။ ယခုခေတ်အခါ၌ ဤကဲ့သို့ မဟုတ်တော့ပဲ ဆရာနှင့်တရားအပေါ် စွေးဆစ်နေကြသည်။ ထိုကဲသို့ စွေးဆစ်သော ပုဂ္ဂိုလ်များ၊ အသက်ငဲ့ကွက်သော ပုဂ္ဂိုလ်များအတွက် မဂ်တရားဖိုလ်တရား ဖြစ်ပေါ်လာမည်မဟုတ်ပေ။

သက္ကာယဒိဋ္ဌဘေးဆိုး

သတ္တိယာဝိယ သြမဋ္ဌော၊
ဒယ္ဟမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊
သတော ဘိက္ခု ပရိပ္ပတေ။[၈]

---

[၆] မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယတွဲ၊ ဝမ္မိကသုတ္တန်အဖွင့်၊ နှာ-၃၄

[၇] ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပထမတွဲ-၄၉ နှာ-၁၁၂

[၈] သဂါထာဝဂ္ဂပါဠိ၊ ဒေဝတာသံယုတ္တံ၊ သတ္တိဝဂ္ဂ၊ သတ္တိသုတ္တံ-၂၁

http://www.dhammadownload.com

သတ္တိယာ၊ အသွားထက်လှ သံလုံမကြီးဖြင့်။ **ဩမဒ္ဒေါဝိယ**၊ ရင်ကို စူးစိုက်အထိုးခံလိုက်ဘိ သကဲ့သို့လည်းကောင်း၊ **မတ္တကေ**၊ ဦးခေါင်းထက်၌။ **ဒယ္ဟမာနော၀**၊ ဟူးဟူးပြောင်ပြောင် မီးလောင်သည့် ဘေးမှ လွတ်ရန် အလွန် အရေးကြီးဘိသကဲ့သို့လည်းကောင်း၊ **သတော ဘိက္ခု**၊ သတိ ပညာ ထင်စွာပြုတတ် ယောဂီမြတ်သည် **သက္ကာယဒိဋ္ဌိ**၊ ဘ၀များစွာ သံသရာမှာ စူး၀င်ဖိသတ် အပါယ်လေးရပ်သို့ ကျတတ်စေသည့် ဒိဋ္ဌဘေးကြီးကို **ပဟာနာယ**၊ မြတ်သောတာပန်ဓာတ် မဂ္ဂင်မြတ်ဖြင့် အမြစ်ပယ်နုတ်ခြင်းငှာ **ပရိဗ္ဗဇေ**၊ အပျင်း အဖျင်း ရှောင်တိမ်းခြင်းတို့ကို ပယ်ခွာ၍ မြန်မြန်ကြီး အားထုတ်စေကုန်ရာသတည်း။

ရင်၀ကို လုံဖြင့် အထိုးခံရလျှင် (သို့) ဦးခေါင်း၌ မီးရှို့ခြင်းခံထားရလျှင် ပြင်းထန်သော ဓာတ်ကြီးလေးပါးဖောက်ပြန်မှု ဖြစ်သောကြောင့် ပြင်းထန်သော ဒုက္ခ၀ေဒနာနှိပ်စက်ခြင်းကို ခံစားရမည်။ ထိုအခါ ပုထုဇဉ်တို့၏ စိတ်၌ ငါ့ခန္ဓာကိုယ်ကြီး ပြင်းထန်စွာ နာကျင်နေပြီဟူသော ရူပကာယအပေါ်၌ သက္ကာယဒိဋ္ဌစွဲကြီး ဖြစ်ပေါ်လာမည်။ ၀ေဒနာက္ခန္ဓာကို အကြောင်းခံ၍ ဒေါသစိတ်၊ လွတ်လိုမှုလောဘစိတ်တို့ တားဆီးမရအောင် ဖြစ်လာမည်။ ဆင်းရဲမီးများလည်း တဟုန်းဟုန်း တောက်လာသည်။ ထိုအချိန်၌ ထိုပုဂ္ဂိုလ်သည် လုံကျွတ်ဖို့ရန်နှင့် မီးလွတ်ဖို့ရန် အဆောတလျင် ပြုလုပ်ရန်သာ ရှိတော့သည်။ ထို့ထက် အရေးတကြီး ပြုဖွယ်ကိစ္စ မရှိတော့ပေ။ သို့သော်လည်း သက္ကာယရုပ်တရားပေါ်၌ ငါ့ကိုယ်ဟူ၍ လည်းကောင်း၊ ၀ေဒနာ(ခံစားမှုနာမ်) သက္ကာယပေါ်၌ ငါခံစားသည်ဟူ၍လည်းကောင်း မှားယွင်းစွာ စွဲယူထားသော သက္ကာယဒိဋ္ဌိပြုတ်ကြောင်းကို ကျင့်ရန်၊ နှလုံးသွင်းရန်မှာ ပို၍ပင် အရေးကြီးကြောင်း မြတ်စွာဘုရားရှင် ဟောကြားထားပါသည်။

လောက၌ လူသားတို့ နေ့စဉ်နှင့်အမျှ လူပ်ရှားသွားလာ ပြုလုပ်ရှာဖွေနေမှုတို့သည် ခန္ဓာဒုက္ခ အမျိုးမျိုးမှ ကာကွယ်ရန်နှင့် သက်သာရန် အရေးတကြီး ပြုလုပ်နေကြရခြင်းဖြစ်သည်။ ထိုအရေးထက်ပင် ရင်၀၌ စူးသောလှံ နှုတ်ရန်နှင့် ဦးခေါင်း၌ မီးလောင်နေမှု ငြိမ်းသတ်ရန် ပို၍အရေးကြီးသည်။ ထိုစူးနေသော လှံကိုနှုတ်ဖို့ရန်နှင့် လောင်နေသောမီးကို ငြိမ်းသတ်ဖို့ရန်ထက် စိတ်၌ ကပ်ရောက်နေသော သက္ကာယဒိဋ္ဌိကို ပယ်ခွာနိုင်ရန်က ပို၍ အရေးအကြီးဆုံးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ရင်၀၌လှံစူးခြင်း၊ ဦးခေါင်း၌ မီးလောင်ခြင်းတို့ကြောင့် တစ်ဘ၀တစ်ခန္ဓာသာ ဒုက္ခရောက်မည်။ စိတ်၌ ကပ်နေသော သက္ကာယဒိဋ္ဌိကို မဖြုတ်နိုင်ပါက ဘ၀မဆုံးနိုင် မသုဉ်းနိုင်ပဲ ခန္ဓာဒုက္ခ ရရှိကာ သေမင်း၏ သတ်ခြင်းကို အဖန်ဖန် အထပ်ထပ် ခံရတော့မည်။ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန် စသော ဘ၀ခန္ဓာ ရရှိခဲ့သော် ခံစားရမည့် ဒုက္ခဒဏ်ချက်များ၏ ပြင်းထန်ရက်စက်မှုကို ဆင်ခြင်သုံးသပ်၍ ထိုဘေးတို့မှ ကြောက်ရွံ့ပြီး မဖြစ်မနေ လွတ်အောင်ကျင့်ရမည် ဟူသော စိတ်ထား၊ ခံယူချက်တို့ဖြင့် သဒ္ဓါဆန္ဒအားကြီးစွာ တရားကျင့်ရမည် ဖြစ်သည်။ ဆိုလိုသည်မှာ ဆရာကောင်း၊ နည်းကောင်းရပြီဆိုလျှင် ပြင်းထန်သော ဇွဲလုံ့လတို့ဖြင့် မလျှော့တမ်း ကျင့်ရမည်ဖြစ်သည်။

တရားရနိုင်ခဲသောယောဂီ နှင့် တရားရလွယ်သောယောဂီ

ရဟန်းတို့ တရားငါးမျိုးနှင့် ပြည့်စုံသောသူနာသည် ပြုစုခက်သူဖြစ်၏။ အဘယ်ငါးမျိုးတို့နည်းဟူမူ-

(အနာရောဂါအား) မလျော့က်ပတ်သည်ကို ပြုလုပ်လေ့ရှိ၏။
(အနာရောဂါအား) လျော့က်ပတ်သည်၌ အတိုင်းအရှည်ကို မသိတတ်။
ဆေးကိုမှီဝဲခြင်းမရှိ။

http://www.dhammadownload.com

အကျိုးကို လိုလားသော သူနာပြုအား ဟုတ်တိုင်းမှန်စွာ တိုးသည်ကို "တိုး၏" ဟူ၍ငင်း ဆုတ်သည်ကို "ဆုတ်၏"ဟူ၍ငင်း တန့်သည်ကို "တန့်၏"ဟူ၍ငင်း အနာရောဂါကို ထင်စွာမပြုတတ်။

ဖြစ်ပေါ်လာသည့် ပြင်းထန် ကြမ်းကြုတ် စပ်ရွား ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်၍ အသက်သေလောက်သည့် ကိုယ်၌ ဖြစ်သော ဆင်းရဲဝေဒနာတို့ကို သည်းမခံနိုင်သော သဘောရှိ၏။ ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသောသူနာသည် ပြုစုရခက်သူဖြစ်၏။

အထက်ပါဒေသနာတော်အရ တရားကျင့်ရာတွင် ဆရာညွှန်ကြားသည့် နည်းစနစ်အတိုင်း လိုက်နာကျင့်သုံးမှုမပြုပဲ ကျင့်စဉ်နှင့်မလျောက်ပတ်သည့် အပြုအမူတို့ကို မိမိစိတ်ထင်သလို ပြုလုပ်ခြင်း၊ လိုက်နာကျင့်ကြံရမည့် ကျင့်စဉ်သဘောကို နားလည်အောင်မကြိုးစားခြင်း၊ မိမိ၏ ကျင့်စဉ်တိုးတက်မှု၊ ဆုတ်ယုတ်မှုကိုမသုံးသပ်ခြင်း၊ ဆရာစစ်ဆေးမေးမြန်းသောအခါ အမှန်အတိုင်း ရိုးသားစွာ ဖြေကြားမှုမရှိခြင်း၊ တရားကျင့်နေစဉ်အတွင်း "ဒီကျင့်စဉ်က ကြမ်းတယ်, မခံနိုင်ဘူး, ပင်ပန်းတယ်, ကြာတယ်"ဟူ၍ ညည်းညူခြင်း၊ တရားကျင့်သောခန္ဓာကိုယ်၏ ဓာတ်လေးပါး ဖောက်ပြန်မှုကာယိကဒုက္ခကို သည်းမခံနိုင်ခြင်းတို့ ရှိနေသောယောဂီသည် တရားပြရခက်သော၊ တရားရနိုင်ခဲသောယောဂီ ဖြစ်လိမ့်မည်။ တရားကျင့်သောယောဂီသည် အထက်ပါ အချက်များကို ရှောင်ကြဉ်၍ ခန္ဓာ၏ဒုက္ခကို သည်းခံနိုင်သောစိတ် မွေးမြူ၍ တရားကျင့်ရမည်ဖြစ်သည်။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသောသူနာသည် ပြုစုရလွယ်သူဖြစ်၏။ အဘယ်ငါးမျိုးတို့နည်းဟူမူ-

(အနာရောဂါအား) လျောက်ပတ်သည်ကို ပြုတတ်၏၊ (အနာရောဂါအား) လျောက်ပတ်သည်၌ အတိုင်းအရှည်ကို သိ၏၊ ဆေးကို မှီဝဲခြင်းရှိ၏၊ အကျိုးဒီးပွားကို လိုလားသော သူနာပြုအား ဟုတ်တိုင်းမှန်စွာ တိုးသည်ကို "တိုး၏"ဟူ၍ငင်း ဆုတ်သည်ကို "ဆုတ်၏"ဟူ၍ငင်း တန့်သည်ကို "တန့်၏"ဟူ၍ငင်း အနာရောဂါကို ထင်စွာပြုတတ်၏။ **ဖြစ်ပေါ်လာသည့် ပြင်းထန် ကြမ်းကြုတ် စပ်ရွား ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ် ဖြစ်၍ အသက်သေလောက်သည့် ကိုယ်၌ဖြစ်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်သော သဘောရှိ၏။** ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော သူနာသည် ပြုစုရလွယ်သူဖြစ်၏ ဟု (မိန့်တော်မူ၏။)[၉]

အထက်ပါဒေသနာတော်အရ တရားကျင့်သောယောဂီသည် အာစရိယဩဝါဒကို ပြည့်ဝစွာ လိုက်နာလျက် မိမိ၏ရှုမှတ်မှုအတွေ့အကြုံကို ဆရာ့အား မှန်ကန်စွာ တင်ပြရမည်။ မိမိ၏ကျင့်စဉ် တိုးတက်မှုရှိမရှိကိုလည်း မိမိကိုယ်တိုင် သုံးသပ်တတ်ရမည်။ ကျင့်စဉ်နည်းစနစ် အတိုင်း ဖြောင့်မှန်စွာ လိုက်နာကျင့်သုံးနိုင်ရမည်။ တရားကျင့်နေစဉ်အတွင်း ဓာတ်ကြီးလေးပါး သေလုမတတ် ပြင်းထန်စွာ ဖောက်ပြန်သောအခါ ထိုဒုက္ခဝေဒနာကို သည်းခံနိုင်စွမ်းရှိရမည်။ ထိုယောဂီမျိုးသည်သာ တရားအားထုတ်ရာတွင် ပေါက်မြောက်နိုင်သည်။*

---

[၉] အင်္ဂုတ္တိရ်ပါဠိတော် မြန်မာပြန် ဒုတိယတွဲ၊ ဂိလာနဝဂ်၊ ပဌမ ဥပဋ္ဌာကသုတ်-၁၂၃ နှာ-၁၅၆

* ယခုအခါ တရားပြဆရာတို့ကလည်း ယောဂီကိုအလိုလိုက်၊ တရားကျင့်သောယောဂီတို့ကလည်း မိမိကိုယ်ကို ယုယမှုများ၊ စိတ်အလိုလိုက်မှုများ၊ နေရာဒေသရွေးချယ်မှုများဖြင့် သက်သာချောင်ချိရေးကို ဦးစားပေး၍ တရားကျင့်နေကြသဖြင့် တရားနှင့်မလျော်ညီတော့ပေ။ ထိုကဲ့သို့ တရားပြသောရိပ်သာနှင့် ကျင့်ကြံသောယောဂီတို့များနေကြပြီဖြစ်သဖြင့် သာသနာအစစ်အမှန် ကွယ်ရမည့်အသွင်သို့ ဆောင်လာပြီဖြစ်သည်။

http://www.dhammadownload.com

၂၄။ ဆရာကောင်းဆရာမှန်ရွေးချယ်နည်း

မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဆရာကောင်းဆရာမှန် ရှာရန် အကြိမ်များစွာ တိုက်တွန်းခဲ့သည်။ သွယ်ဝိုက်သောနည်းဖြင့် (၁၇၉၂)ကြိမ်၊ တိုက်ရိုက်ဟော (၄၄)ကြိမ်တိုင်အောင် တိုက်တွန်းခဲ့သည်။[၁၀] မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ပိဋကတ်သုံးပုံ ထားခဲ့ပါလျက် ဤကဲ့သို့ အကြိမ်ပေါင်းများစွာ တိုက်တွန်းရခြင်းမှာ ပေါ့ပေါ့တန်တန်မဟုတ်ပဲ အကြောင်းထူးရှိ၍သာ ဖြစ်သည်။ ကိုယ်တိုင် ပေါက်မြောက်အောင် ကျင့်ရာတွင် ကျင့်စဉ်အစဉ် အမှန်ထက်အမှားကများခြင်း၊ တိမ်မယောင်နှင့်နက် လွယ်မယောင်နှင့်ခက်ခြင်း၊ တံလျှပ်ကို ရေထင်ဘိသကဲ့သို့ မှားတတ်ခြင်း၊ တစ်ထွာလောက်ခရီးသည် တစ်မိုင်လောက် ဝေးဘိသကဲ့သို့ဖြစ်ခြင်း၊ တစ်စက္ကန့် အချိန်မျှသည် တစ်ရက်အချိန်ထိကြာခြင်း၊ တစ်ကျပ်သားအလေးဝန်သည် အချိန်တစ်ဆယ်မျှကို ဝန်ထမ်းရဘိသကဲ့သို့ ဖြစ်ခြင်း စသော ကြန့်ကြာဝန်လေးမှုများ ရှိတတ်သည်။ ထို့ကြောင့် ဆရာကောင်းဆရာမှန်နှင့် တွေ့ဖို့ရန် အလွန် အရေးကြီးသည်။

ဆရာကောင်းဆရာမှန်ဟူသည် မိမိကိုယ်တိုင် ပိုင်းခြားသိအပ်သော ဇာတိ, ဇရာ, မရဏ, ကမ္မဘဝ, ဥပါဒါန်, တဏှာ, ဝေဒနာ, ဖဿ, သဠာယတန, နာမ်ရုပ်, ဝိညာဏ်, သင်္ခါရ စသော ဓမ္မများ၏ ဖြစ်ပုံဖြစ်ကြောင်း၊ ချုပ်ပုံချုပ်ကြောင်းတို့ကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားရှုမြင်နိုင်သည့် ဆရာဖြစ်ရမည်။[၁၁]

အထက်ပါ ဇာတိမှသင်္ခါရစသော တရားတို့သည် စင်ကြယ်သော စတုတ္ထစျာန်သမာဓိ (သို့) ထိုသမာဓိနှင့်တူမျှသည့် အနိမိတ္တစေတောသမာဓိဖြင့်သာ မြင်နိုင်သည်။ ထို့ကြောင့် တရားပြဆရာသည် အထက်ပါသမာဓိမျိုးရရှိရန် ကိုယ်တိုင်အားထုတ်ပြီး၍ ယထာဘူတဉာဏ်ဖြင့် (၃၆)မျိုးသော ပရမတ်ရုပ်နာမ်တို့ကို ပိုင်းခြားမြင်ပြီးမှသာလျှင် ကမ္မဋ္ဌာန်းပြဆရာ လုပ်သင့်သည်။ သို့မှသာ မိမိ၏ တပည့်ကိုလည်း မိမိကဲ့သို့ ရှုမြင်နိုင်အောင် ညွှန်ကြားနိုင်မည် ဖြစ်သည်။ အကယ်၍ မိမိကိုယ်တိုင် အားထုတ်မှုမရှိပဲ ကမ္မဋ္ဌာန်းပေးနေပါက တရားကျင့်သောယောဂီတို့မှာ ဝိပဿနာဉာဏ် အမှန်မဆိုက်ပဲ စိတ်ပျက်အားလျော့ကာ သာသနာမှ ဆုံးရှုံးရတော့သည်။

> ရဟန်းတို့ နောက်တမျိုးကားအနာဂတ်ကာလ၌ရဟန်းတို့သည် ကိုယ်ကိုမပွားများသူ၊ သီလကိုမပွားများသူ စိတ်ကိုမပွားများသူ* ပညာကိုမပွားများသူ† တို့ ဖြစ်ကြလိမ့်မည်။
>
> ထိုရဟန်းတို့သည် (မိမိတို့က) **ကိုယ်ကိုမပွားများ၊ သီလကိုမပွားများ၊ စိတ်ကိုမပွားများ၊ ပညာကိုမပွားများကြကုန်သည်ဖြစ်ပါလျက် အခြားသူတို့အား နိဿရဏ်းပေးကြကုန်လိမ့်ဦးမည်။**‡
>
> (နိဿရဏ်းဆရာ ပြုလုပ်သူ) ထိုဆရာတို့သည်လည်း လွန်မြတ်သောသီလ§ လွန်မြတ်သောစိတ်** လွန်မြတ်သောပညာ††၌ ဆုံးမခြင်းငှာ စွမ်းနိုင်ကြလိမ့်မည် မဟုတ်ကုန်။

---

[၁၀] "မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ"၊ နာ-၅၄၈-၅၄၉

[၁၁] နိဒါနဝဂ္ဂသံယုတ်၊ အန္တရပေယျာလဝဂ်၊ သတ္တာသုတ်-၇၃

* ကိုယ်တိုင်တရားအားမထုတ်ခြင်း (စာရေးသူ၏အလို)

† ဝိပဿနာဘာဝနာကို မပွားများခြင်း (စာရေးသူ၏အလို)

‡ တရားပြဆရာလုပ်ခြင်း (စာရေးသူ၏အလို)

§ ဣန္ဒြိယသံဝရသီလ (သို့) သီလဝိသုဒ္ဓိ (စာရေးသူ၏အလို)

** စိတ္တဝိသုဒ္ဓိ (စာရေးသူ၏အလို)

†† ဉာဏဒဿနဝိသုဒ္ဓိ (စာရေးသူ၏အလို)

http://www.dhammadownload.com

(ဤသို့သော ဆရာထံ နိဿရည်းခံယူကြကုန်သော) ထိုတပည့်တို့သည်လည်း ကိုယ်ကို မပွားများသူ သီလကို မပွားများသူ စိတ်ကိုမပွားများသူ ပညာကို မပွားများသူတို့ ဖြစ်ကြကုန်လိမ့်ဦးမည်။

ထိုရဟန်းတို့သည် (မိမိတို့က) ကိုယ်ကိုမပွားများသူ သီလကို မပွားများသူ စိတ်ကို မပွားများသူ ပညာကို မပွားများကြကုန်သည်ဖြစ်ပါလျက် အခြားသူတို့ကို နိဿရည်းကို ပေးကြကုန်လိမ့်ဦးမည်။

ထိုရဟန်းတို့သည်လည်း **လွန်မြတ်သောသီလ လွန်မြတ်သောစိတ် လွန်မြတ်သောပညာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်လိမ့်မည် မဟုတ်ကုန်။**[၁၂]

အထက်ပါ မြတ်စွာဘုရား၏ ဟောကြားထားမှုသည် နောင်အနာဂတ်ဖြစ်သော (ယခု)အချိန်ကို ရည်ရွယ်၍ ကြိုတင်ဟောထားမှု ဖြစ်သည်။ ယခုအခါ အချို့သော တရားဟော တရားပြဆရာတို့သည် မိမိကိုယ်တိုင် သီလ သမာဓိ ပညာ သိက္ခာသုံးရပ်၊ မဂ္ဂင်ရှစ်ပါး ပြည့်စုံအောင် ကျင့်ကြံပွားများ အားထုတ်မှုမရှိပဲ တရားပြသင်တန်းဖွင့်၍ နိဿရည်းဆရာ လုပ်နေကြသည်။ သင်တန်းတက်ပြီးသော တပည့်တို့ကလည်း ဆရာကဲ့သို့ပင် သီလ သမာဓိ ပညာ သိက္ခာသုံးရပ်၊ မဂ္ဂင်ရှစ်ပါး ပြည့်စုံအောင် ကျင့်ကြံပွားများ အားထုတ်မှု မရှိပဲ ရိပ်သာဖွင့်၍ တရားပြနိဿရည်းဆရာ လုပ်နေကြသည်။ လာဘ်လာဘ၊ ဂုဏ်ပကာသန၊ ပုဂ္ဂိုလ်ရေးရာ မျှော်ကိုး၍ ဟောပြောပြသနေမှု များနေသည်။ ယခုကာလ ပဋိပတ္တိသာသနာ၌ အချို့သော တရားပြ ကမ္မဋ္ဌာနာစရိယတို့သည် မြတ်စွာဘုရားရှင် အသက်နှင့်ခန္ဓာ မြောက်များစွာရင်း၍ ဖော်ထုတ်ခဲ့သော မဂ္ဂင်ရှစ်ပါးအကျင့်တရားတို့အား မဖျက်သော်လည်း ဖျက်ဘိသကဲ့သို့ ဖြစ်နေကြပြီ။

ထိုကဲ့သို့သော ကမ္မဋ္ဌာနာစရိယတို့ထံ နည်းနာခံ၍ တရားကျင့်သော ယောဂီတို့မှာ တစ်နာရီအတွင်းမှာ ကြွ၍လည်းရ၊ သက်သာအောင် ပြုပြင်၍လည်းရ၊ ငိုက်၍လည်းရ၊ တွေဝေမိန်းမောခွင့်လည်း ရနေကြသည်။ သို့အတွက်ကြောင့် အားငါးပါး၊ ဣန္ဒြိယဗိဒ်တရားများ ယုတ်လျော့နေကြသည်။ ကျင့်ကြံမှု နိဿရည်းယူပြီး နှင်လားငါလား အရိုးကြေကြေ၊ အရေခန်းခန်း တရားအားထုတ်မှု မရှိတော့ပဲ ဟောကြားမှုနှင့်နာယူမှု၌သာ အချိန်ကုန်နေသည်။ ထိုယောဂီတို့မှာ နှစ်သိမ့်ခံထားရသကဲ့သို့ ဖြစ်နေကြပြီး နှစ်ပေါင်းများစွာ ကြာသော်လည်း တရာကျင့်စဉ် တိုးတက်မှုမရှိပဲ ယောင်လည်လည်နှင့် ဖြစ်နေကြသည်။

> စုန္ဒ မိမိသည် မယဉ်ကျေးသေးသူ မဆုံးမအပ်သေးသူ ကိလေသာ မငြိမ်းအေးသေးသူ ဖြစ်လျက် အခြားသူကို ယဉ်ကျေးစေနိုင် ဆုံးမနိုင် ကိလေသာကို ငြိမ်းအေးစေနိုင်လိမ့်မည် ဟူသော အကြောင်းသည် မရှိချေ။ စုန္ဒမိမိသည် ယဉ်ကျေးပြီးသူ ဆုံးမအပ်ပြီးသူ ကိလေသာ ငြိမ်းအေးပြီးသူ ဖြစ်ခဲ့လျှင်ကား အခြားသူကို ယဉ်ကျေးစေနိုင် ဆုံးမနိုင် ကိလေသာကို ငြိမ်းအေးစေနိုင်လိမ့်မည်ဟူသော အကြောင်းသည် ရှိပေ၏။[၁၃]

တရားပြမည့်ဆရာသည် မိမိကိုယ်တိုင် မဂ်ဉာဏ်ဖြင့် ယဉ်ကျေးပြီး၊ ဆုံးမအပ်ပြီး၊ ကိလေသာ ငြိမ်းအေးပြီးဖြစ်အောင် ကျင့်ကြံပွားများပြီးသူ ဖြစ်ရမည်။ အကယ်၍ မိမိကိုယ်ကို ယဉ်ကျေးပြီးသူ ဆုံးမအပ်ပြီးသူ ကိလေသာ ငြိမ်းအေးပြီးသူ မဟုတ်ပါဝဲလျက် (ဝါ) ကိုယ်တိုင် ပေါက်မြောက်အောင် တရားအားမထုတ်ရသေးပါဝဲလျက် တရားယောဂီတို့ကို ယဉ်ကျေးအောင်၊ ကိလေသာငြိမ်းအေးအောင် တရားပြနေခြင်းသည် ဖြစ်မြောက်နိုင်မည်မဟုတ်ပေ။ ထိုဆရာသည်

---

[၁၂] အင်္ဂုတ္တိရ်ပါဠိတော် မြန်မာပြန် ဒုတိယတွဲ၊ ယောဓာဇီဝဂ်၊ တတိယ အနာဂတဘယသုတ်–၇၉ နာ–၁၁၃

[၁၃] မူလပဏ္ဏာသပါဠိတော် မြန်မာပြန်၊ မူလပရိယာယဝဂ်၊ သလ္လေခသုတ်–၈၇ နာ–၅၃

http://www.dhammadownload.com

မိမိကိုလည်းလိမ်၊ သာသနာကိုလည်းလိမ်၊ ယောဂီတို့၏ မဂ်ဖိုလ်အကျိုးစီးပွားနှင့် မိမိ၏ မဂ်ဖိုလ်အကျိုးစီးပွားကိုလည်း ဖျက်နေသူဖြစ်နေသည်။ ထို့သို့ မဖြစ်စေရန် တရားပြဆရာသည် မိမိကိုယ်တိုင် ဝိပဿနာဉာဏ်ဆိုက်အောင် ကျင့်ကြံပြီးမှသာလျှင် တရားပြသင့်သည်။

> "ရဟန်းတို့ သူမိုက်တို့သည် ဤနှစ်မျိုးတို့တည်း၊ အဘယ်နှစ်မျိုးတို့နည်းဟူမူ-တရားမဟုတ်သည်၌ တရားဟုတ်၏ဟု အမှတ်ရှိသောသူသည် လည်းကောင်း၊ တရားဟုတ်သည်၌ တရားမဟုတ်ဟု အမှတ်ရှိသော သူသည် လည်းကောင်းတို့တည်း။"[၁၄]

တရားကျင့်သောယောဂီသည် ဆရာကောင်းဆရာမှန်ထံ၌ ဆည်းပူးရန်လိုသည်။ ဆရာကောင်း ဆရာမှန်ဟူသည် ကျင့်စဉ်သည် နည်းလမ်းမှန်မမှန်၊ ဘုရားအလိုတော်ကျ ဟုတ်မဟုတ်၊ ခန္ဓာအရှိမမှု ဖြစ်မဖြစ် စသည်ကို ဘာဝနာမယဉာဏ်, မဂ်ဉာဏ်ဖြင့် မိမိကိုယ်တိုင် ပိုင်းခြားသိမြင်ကာ ခွဲခြားပြနိုင်ရမည်။ ဆရာသည် မိမိကိုယ်တိုင် ယထာဘူတဉာဏ်ဖြင့် ပရမတ်ရုပ်နာမ်တို့ကို ပိုင်းခြားသိပြီးမှသာလျှင် ဤကျင့်စဉ်နည်းလမ်းသည် မှားသည်မှန်သည်၊ ဤသို့ ပြောဆိုရေးသားထားသော တရားသည် မှားသည်မှန်သည်ကို မှန်ကန်စွာ ဆုံးဖြတ်နိုင်မည် ဖြစ်သည်။ ဤသို့မဟုတ်ပဲ ဆရာကိုယ်တိုင်လည်း ယထာဘူတဉာဏ်ဆိုက်အောင် ကျင့်ကြံ မထားပါပဲလျက် အမှန်ပင် ယထာဘူတဉာဏ်ဖြင့် ပရမတ်ရုပ်နာမ်တို့ကို ပိုင်းခြားသိပြီးနေသကဲ့သို့ တရားအပေါ်၌ဆုံးဖြတ်ကာ မည်သူသည် သောတာပန်ဖြစ်ပြီ၊ တစ်မဂ်တစ်ဖိုလ်ရပြီဟု ဆုံးဖြတ်သုံးသပ်နေသောသူများသည် သူမိုက်စာရင်းဝင် ဆရာများ ဖြစ်ကြသည်။ အကယ်၍ အမှန်ကို အမှား၊ အမှားကိုအမှန်ဟု မှားယွင်းစွာ ဆုံးဖြတ်ဟောပြောညွှန်ကြားမိလျှင် ဆရာရော တပည့်ပါ ကြီးစွာသော အပြစ်ရောက်သည်။ ယောဂီတို့အား တရားစစ်တရားမှန်ပေါ်၌ အထင်မှားအမြင်မှား ဖြစ်စေကာ အကုသိုလ်တရားများ တိုးပွားလာစေလိမ့်မည်။ ယောဂီတို့ အထူးသတိပြုရန်လိုသည်။

> ရဟန်းတို့ တဦးတယောက်သော ရဟန်းသည် တွေ့ထိမှု 'ဖဿ'၏တည်ရာ ခြောက်မျိုးတို့၏ ဖြစ်ခြင်းကိုဂဲ့၊ ချုပ်ခြင်းကိုဂဲ့၊ သာယာဖွယ်ကိုဂဲ့၊ အပြစ်ကိုဂဲ့၊ ထွက်မြောက်မှုကိုဂဲ့၊ ဟုတ်တိုင်းမှန်စွာ မသိ၊ ထို မသိသောရဟန်းသည် မြတ်သောအကျင့်ကို မကျင့်သုံးရသေး၊ ထိုရဟန်းသည် ဤဓမ္မဝိနယ 'သာသနာတော်'မှ ဝေး၏။[၁၅]

အထက်ပါ ဘုရားရှင်ဟောထားသော ဒေသနာအရ တရားပြဆရာသည် တွေ့ထိမှု ဖဿ၏တည်ရာ ခြောက်မျိုးတည်းဟူသော အကြည်ခြောက်စုံကို ယထာဘူတဉာဏ်ဖြင့် မိမိကိုယ်တိုင် ပိုင်းပိုင်းခြားခြား မသိရသေးပါက ဝိပဿနာတရားကို ပေါက်မြောက်အောင် အားမထုတ်ရသေးသောဆရာ ဖြစ်၏။ ထိုဆရာသည် ဤ"ဓမ္မဝိနယ"တည်းဟူသော "သာသနာတော်"မှ ဝေးသေး၏ (နိဗ္ဗာန်မှဝေး၏ဟူလို)။ မိမိကိုယ်တိုင် တရားမတွေ့သေးပဲနှင့် အခြားသူတပါးကို တရားပြနေသော ဆရာဖြစ်သည်။ တရားကျင့်သော ယောဂီတို့သည်လည်း မိမိကိုယ်ကို "တရားတွေ့ပြီ၊ ဖြစ်ပျက်မြင်ပြီ၊ ရုပ်နာမ်ကွဲပြီ၊ မဂ်ရပြီ၊ ဖိုလ်ရပြီ"ဟု ဆုံးဖြတ်နိုင်ပြီဟုဆိုလာခဲ့လျှင် အထက်ပါ အကြည်ခြောက်စုံကို ပိုင်းခြားမြင်မှု ရှိမရှိဖြင့် ဆန်းစစ်ပါ။

> လောဟိစ္စ တဖန်ထို့အပြင်လည်း ဤ(လောက)၌ အချို့သောဆရာသည် အကြင် ရဟန်းဖြစ်ကျိုး* အလို့ငှာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထို(ဆရာ)သည်

---

[၁၄] အင်္ဂုတ္တိရဉ်ပါဠိတော် မြန်မာပြန် ပထမတွဲ၊ ဒုကနိပါတ်၊ ဗာလဝဂ်-၁၀၅ နှာ-၉၈

[၁၅] သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ သဋ္ဌာယတနသံယုတ်၊ မိဂဇာလဝဂ်၊ ပဌမ ဆဇ္ဈာယတနသုတ်-၇၁ နှာ-၂၆၂

* ရဟန်းဖြစ်ကျိုးဆိုသည်မှာ မဂ်ချမ်းသာဖိုလ်ချမ်းသာကို ဆိုလိုသည်။ (စာရေးသူ၏အလို)

http://www.dhammadownload.com

ထိုရဟန်းဖြစ်ကျိုးကို မရသေးပဲလျက် တပည့်တို့အား "ဤကား သင်တို့၏ အစီးအပွား အလို့ငှာ ဖြစ်၏၊ ဤကားသင်တို့၏ ချမ်းသာအလို့ငှာဖြစ်၏" ဟုဟော၏။ ထို(ဆရာ)၏ (တရား)ကို တပည့်တို့သည် နာယူကုန်၏၊ နားထောင်ကုန်၏၊ သိရန်စိတ်ဝင်စားကုန်၏၊ ဆရာ၏ အဆုံးအမမှ မဖဲခွာမူလည်း ကျင့်ကုန်၏။

ထို(ဆရာ)ကို ဤသို့အပြစ်တင် 'စောဒနာ' အပ်၏။--

"အသျှင်သည် အကြင်ရဟန်းဖြစ်ကျိုးအလို့ငှာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ (ထိုသို့ဝင်ရောက်သော) သင်သည် ထိုရဟန်းဖြစ်ကျိုးကို မရသေးပဲလျက် တပည့်တို့အား "ဤကား သင်တို့၏ အစီးအပွားအလို့ငှာ ဖြစ်၏၊ ဤကား သင်တို့၏ ချမ်းသာအလို့ငှာ ဖြစ်၏"ဟု တရားကို ဟောဘိ၏၊ ထိုသင်၏ (တရားကို) တပည့်တို့သည် နာယူကုန်၏၊ နားထောင်ကုန်၏၊ သိရန် စိတ်ဝင်စားကုန်၏၊ ဆရာ၏ အဆုံးအမမှ မဖဲခွာမူ၍လည်း ကျင့်ကုန်၏။ ဤဟောပြောခြင်းသည် မိမိလယ်ကိုစွန့်၍ သူတပါးလယ်ကို ပေါင်းသင်အပ်သည်ဟု မှတ်ထင်သည်နှင့် တူ၏။ (ထို့ကြောင့်) ဤဟောပြောခြင်းကို ယုတ်မာသော လောဘတရားဟု(ငါ)ဆို၏၊ တပါးသောသူသည် တပါးသောသူအား အဘယ်ပြုအံ့နည်း။" အပြစ်တင်အပ်၏။

လောဟိစ္စ-ဤသည်ကား လောကဋ္ဌ အပြစ်တင် 'စောဒနာ' ထိုက်သော ဒုတိယ ဆရာပေတည်း၊ ယင်းဆရာကို တစ်စုံတစ်ယောက်က အပြစ်တင် 'စောဒနာ'သည် ရှိသော် ထိုအပြစ်တင်'စောဒနာ'ချက်သည် ဟုတ်မှန်၍ တရားနှင့် လျော်ပေ၏၊ အပြစ်လည်းမရှိပေ။[၁၆]

ယခုအခါ အချို့သော ဝိပဿနာတရား ဟောပြောပြသကြကုန်သော ကမ္မဋ္ဌာနာစရိယ တို့သည် ကိုယ်ကိုယ်တိုင် ကျင့်ကြံအားထုတ်မှုလည်း မရှိ၊ မိမိကိုယ်တိုင် ရုပ်နာမ်လည်း မမြင်၊ မင်္ဂဖိုလ် အကျိုး စီးပွားလည်း မခံစားရပါပဲလျက် မိမိတပည့်ယောဂီတို့အား သံသရာလွတ်ကြောင်း၊ မင်္ဂဖိုလ်စီးပွားရကြောင်း မြတ်စွာဘုရားရှင် ဟောထားသော ဓမ္မစဉ်တရားများကို ကိုယ်တိုင် ထိုးထွင်းသိမြင်ထားသည့်ပမာ ဟောကြားနေကြသည်။ မသိနားမလည်သော တပည့်ယောဂီ တို့ကလည်း ဆရာဟောပြောပြသသည်ကို ဝမ်းမြောက် ဝမ်းသာ နာယူမှတ်သားကြကုန်ပြီး ဆရာနှင့် ဆရာ့ဟောပြောဆုံးမမှုမှ မဖယ်ခွာနိုင်ကြပဲ စုပြုံဝိုင်းအုံကာ အမြည်းအစမ်းသဘောမျှ တရားကျင့်လျက် မိမိကိုယ်ကို ကျေနပ်နေကြ၏။ ထိုဆရာသည် မိမိလွတ်ကြောင်းမကျင့်ပဲ အခြားသူတပါး၏ လွတ်ကြောင်းကို ဟောပြောနေသဖြင့် မိမိလယ်ကိုစွန့်၍ တခြားသူတစ်ပါး၏ လယ်၌ ပေါင်းသင်နေခြင်းနှင့် တူနေ၏ဟု ဘုရားရှင် ဟောခြင်းဖြစ်၏။

ထို့ထက်ပို၍ဆိုးသည်မှာ "သောတာပန်ဖြစ်ဖို့ရန် တရားနာရုံဖြင့်ပြီးသည်၊ တရားကျင့်စရာ မလိုပါ"ဟု ဟောပြောခြင်းတို့ဖြစ်သည်။ စင်စစ် တရားနာယူမှုသည် ဝိဇ္ဇာတည်းဟူသော အသိမျှသာရှိသေးသည်။ စရဏတည်းဟူသောအကျင့်ရှိမှသာလျှင် ကိလေသာကို ပယ်နုတ်နိုင်မည် ဖြစ်သည်။ ယင်းကဲ့သို့ ဟောပြောခြင်းသည် မိမိလယ်ကိုလည်းပေါင်းမသင်၊ အခြားသူတစ်ပါးလယ် ပေါင်းသင်မှုကို တားမြစ် ဖျက်ဆီးနေခြင်းနှင့်တူ၏။ ထိုသို့ ဟောပြောပြသသော ဆရာသည် ယုတ်မာသောဆရာ ဖြစ်သည်။ ထိုဆရာအား ယုတ်မာသည်ဟု ပြောဆိုခြင်းသည် အပြစ်မရှိဟု ဘုရားရှင် မိန့်ဆိုထားသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကဲ့သို့ ဟောပြောခြင်းသည် ပဋိပတ္တိ သာသနာနှင့် ပဋိဝေဓသာသနာ ပျက်စီးလာစေမည့်အကြောင်းတစ်ရပ် ဖြစ်သောကြောင့်တည်း။

တရားကျင့်သောယောဂီတို့သည် ဆရာတစ်ဦးဦးထံ နည်းခံ၍ တရားကျင့်ရာတွင် မိမိကြိုးစားအားထုတ်ပါလျက် တရားမရပဲ ယောင်လည်လည် ဝိုးတိုးဝါးတား ဖြစ်နေလျှင် တရားမရထားသော ဆရာကြောင့် (သို့) အမှန်တရား တွေ့ထားသောဆရာ ဟုတ် မဟုတ်

[၁၆] သီလက္ခန္ဓဝဂ်ပါဠိတော် မြန်မာပြန်၊ လောဟိစ္စသုတ်-၅၁၄ နာ-၂၆၅

http://www.dhammadownload.com

မစုံစမ်းပဲ ကျင့်သော မိမိအပြစ်ကြောင့် ဖြစ်သည်။ ဆရာကောင်းဆရာမှန်နှင့် တွေ့ပါလျက် မိမိဘက်မှ လိုအပ်သော အားငါးပါး မစိုက်ထုတ်မှုတို့ကြောင့်လည်း ဖြစ်နိုင်သည်။ ထို့ကြောင့် မိမိကိုယ်တိုင် တရားစစ် တရားမှန် မရရှိသေးလျှင် ရရှိဟန်ဆောင်မနေပဲနှင့် တရားစစ် တရားမှန် ပြသနိုင်သော ဆရာကောင်းဆရာမှန်ကို ရှာရမည်။

> ရဟန်းတို့ သူတပါး၏ စိတ်ဖြစ်ပုံကို မသိ၍ စူးစမ်းလိုသော ရဟန်းသည် "မျက်စိဖြင့်မြင်ရ, နားဖြင့် ကြားရသော ညစ်နွမ်းသည့် အကျင့်တို့သည် မြတ်စွာဘုရားအား ရှိကုန်သလော၊ မရှိကုန်သလော"ဟု မျက်စိဖြင့်မြင်ရ နားဖြင့်ကြားရသော အကျင့်နှစ်ပါးတို့၌ မြတ်စွာဘုရားကို စူးစမ်းရမည်။[၁၇]

အထက်ပါဒေသနာတော်အရ တရားကျင့်မည့်ယောဂီသည် မိမိနိဿရည်းခံယူမည့် ဆရာအား တရားရထားခြင်းရှိမရှိ၊ ကျင့်ကြံပွားများထားပြီး ဟုတ်မဟုတ် အကဲခတ်ခြင်း၊ စုံစမ်းခြင်း၊ မေးမြန်းခြင်းပြု၍ မိမိအတွက် အားကိုးလောက်မှ ထိုဆရာကို မှီဝဲဆည်းကပ်သင့်သည်။ ယခုခေတ်အခါ တရားကျင့်သော အချို့ယောဂီတို့သည် မိမိတို့အား တရားပြသမည့်ဆရာကို အားကိုးထိုက်မှုရှိမရှိ စုံစမ်းခြင်းမရှိသည့်အပြင် အဖော်ကောင်း အဆွယ်ကောင်းတို့နှင့် ပေါင်းဖော်မိပြီး အဖော်သဘော အပျော်သဘောမျိုးဖြင့် တရားကျင့်နေကြသည်။ အထူး သတိပြုကြစေလိုသည်။

မြတ်စွာဘုရားရှင်သည် ရဟန်းတို့အား ငါဘုရားရှင်ကိုပင် ပြန်စစ်ဆေးရမည်ဟု ဟောကြားထားသည်။ မိမိအားကိုးနည်းယူမည့် ဆရာကို အားကိုးထိုက်မှု ရှိမရှိ ကျကျနန စုံစမ်းရမည်ဟု ရည်ရွယ်လျက် ဘုရားရှင် အထူး ညွှန်ကြားထားခြင်းဖြစ်သည်။ ထို့ကြောင့် ယောဂီတို့သည် တရားကျင့်မှုထက် ဆရာကောင်းဆရာမှန် ဟုတ်မဟုတ်ကို ရှေးဦးစွာ ကျကျနန စုံစမ်းပြီးမှသာလျှင် တရားအားထုတ်သင့်ပေသည်။

ဆရာကောင်းဆရာမှန်၏ တပည့်အပေါ်၌ ထားရှိသောစိတ်ထား

ဆရာကောင်းဆရာမှန်မည်သည် တပည့်အား ညှာတာပြီး တရားမပြပါ။ လိုအပ်ပါက မညှာမတာ တရားပြပါသည်။ ဆရာသည် တပည့်အား အကြောင်းမဲ့ ကြမ်းတမ်းခြင်းမျိုးမဟုတ်။ အမြဲတမ်း ကြမ်းတမ်းစွာ ကျင့်စေခြင်းလည်း မဟုတ်။ ထိုသဘောကို မြတ်စွာဘုရားရှင်သည် ဤကဲ့သို့ ဟောထားသည်။

> ရဟန်းတို့ ပက်လက်အိပ်တတ်ကာမျှဖြစ်၍ နုနယ်ငယ်ရွယ်သောသူငယ်သည် အထိန်း၏ ပေါ့လျော့မှုကြောင့် သစ်သားစကိုဖြစ်စေ အိုးခြမ်းကွဲကိုဖြစ်စေ မျိုရာ၏၊ ထိုအရာကို အထိန်းသည်သည် အလျင်အမြန် နှလုံးသွင်းပြီးလျှင် အလျင်အမြန်ထုတ်ယူရာ၏၊ အကယ်၍ အလျင်အမြန်ထုတ်ယူရန် မတတ်နိုင်ပါမူ လက်ဝဲလက်ဖြင့် ဦးခေါင်းကိုကိုင်ကာ လက်ျာလက်ဖြင့် လက်ညှိုးကိုကွေး၍ **သွေးနှင့်တကွသော်လည်း** ထုတ်ယူရာ၏။

အထက်ပါဒေသနာတော်အရ တရားပြသောဆရာသည် မိမိတပည့်ယောဂီတို့အား တရားကျင့်ဆဲ၌ ဈာန်မဂ်ဖိုလ်ကို တားဆီးသည့် ကာယိကဒုက္ခဝေဒနာကို အကြောင်းခံ၍ ဖြစ်ပေါ်လာသည့် အဘိဇ္ဈာနှင့် ဒေါမနဿကို ပယ်ခွာနိုင်ရန် ခန္ဓာနှင့်အသက် မငဲ့ကွက်စေပဲ ပင်ပန်းခြင်းရှိစေကာမူ အလျှော့ပေး၍ တရားမပြရ။ **'လူသေလျှင်သေ၊ ဖသေလျှင် တရားရ'** ဟူသော စိတ်ထားဖြင့် တရားကျင့်ကြံစေသည့် သဘောကို ဘုရားရှင်က ရှင်းပြထားခြင်းဖြစ်သည်။

---

[၁၇] မူလပဏ္ဏာသပါဠိတော် မြန်မာပြန်၊ စူဠယမကဝဂ်၊ ဝိမံသကသုတ်–၄၈၈ နှာ–၄၀၅

http://www.dhammadownload.com

"ရဟန်းတို့ သူငယ်ကို ညှဉ်းပန်းမှုကား ရှိလေ၏၊ မရှိဟု ငါမဆို၊ ရဟန်းတို့ သို့ပင်ရှိလင့်ကစား အကျိုးကိုလိုလား၍ အစီးအပွားကို ရှာမှီးတတ် သနားစောင့်ရှောက်တတ်သော အထိန်းသည် သနား စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ဤအမှုမျိုးကို ပြုလုပ်သင့်သည်သာတည်း။"[၁၈]

မိမိတို့၏တရားယောဂီအား အသိမကြွယ် နားမလည်သေးသည့် ကလေးငယ်ပမာ သဘောထားရမည်။ ကလေးငယ်ဟူသည် အန္တရာယ်ကိုမသိ၊ အကောင်းအဆိုး အကြောင်းအကျိုးကိုလည်း မသိသဖြင့် အန္တရာယ်ဖြစ်စေမည့် သစ်သားစဖြစ်စေ၊ အိုးခြမ်းကွဲကိုဖြစ်စေ မျိုချတတ်၏။ ထို့အတူ သံသရာဒုက္ခ၊ ခန္ဓာဒုက္ခ၊ အို, နာ, သေခြင်းဒုက္ခတို့၏ ပြင်းထန်ရက်စက်မှုကို မသိသေးသောယောဂီသည် အကောင်းအဆိုး အကြောင်းအကျိုးကို မသိသော ကလေးငယ်ပမာ ပုထုဇဉ်အလေ့အတိုင်း ငါတည်းဟူသော အစွဲဖြင့် တရားကျင့်ရာတွင် သက်သာလိုမှု, အနေချောင်လိုမှုဖြင့် ဣရိယာပုထ်ကို ပြင်လိုကြသည်။ ခဏပန်း ချမ်းသာနှင့် ထာဝရချမ်းသာကို နားမလည်ပေ။ ထိုကဲ့သို့ လိုက်လျောပြုပြင်မှုကို မသိမ်းဆည်းနိုင်ပါက (ဝါ) မစွန့်လွှတ်နိုင်ပါက လိုက်လျောမှု မပြုနိုင်တော့သည့် သေပွဲ၌ အကျဉ်းအကြပ်တွေ့ကာ အလွန်ပူပြင်းစွာ ဒေါမနဿမီးတောက်ကာ ဆင်းရဲဒုက္ခဖြင့် သေရလိမ့်မည်။ အသေမတတ်လျှင် အပါယ်လေးရပ်၌ ကြာရှည်စွာ ဒုက္ခခံစားရတော့မည်။ ထို့ကြောင့် ဆရာကောင်းဆရာမှန်ဟူသည် ထိုအတွက်ဒိဋ္ဌ (သက္ကာယဒိဋ္ဌ) ကြောင့် ခန္ဓာအိမ်ကို လှုပ်ပြင်မှုမှ ပညာဖြင့်လွတ်စေရမည်။ ထိုသို့လွတ်ရန် ကာယိကဒုက္ခဝေဒနာကို အကြောင်းခံ၍ ဣရိယာပုထ်ကို မပြင်စေပဲ အားငါးပါး ဖြည့်ဆည်းပေးပြီး၍ သစ်သား၊ အိုးခြမ်းကွဲစနှင့်တူသည့် အထက်ပါ ဒိဋ္ဌကို ပညာဖြင့် ဆွဲနုတ်ယူရမည်။ ဣရိယာပုထ် ပြင်ခွင့်မပေးပဲ ဒုက္ခဝေဒနာမှကျော်လွန်အောင် တရားကျင့်ခိုင်းခြင်းသည် တပည့်အား ရက်စက်နေခြင်းမဟုတ်။ ကယ်တင်ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် တရားပြဆရာသည် တစ်နေ့နေ့ တွေ့ကြုံရမည့် သေပွဲဒုက္ခနှင့် အပါယ်ဒုက္ခမှ လွတ်မြောက်အောင် တရားကျင့်ဆဲ၌ စိတ်၌ ဆင်းရဲမှု(ဒုက္ခက္ခန္ဓာ) ဖြစ်စေသော တဏှာကို ကာယိကဒုက္ခအကြောင်းပြု၍ ဖော်ထုတ်ပယ်သတ်နိုင်ရန် မိမိတပည့်အား ငဲ့ညှာမှု မပြုရပဲ တရားပြရမည်ဖြစ်သည်။ ဣရိယာပုထ်ပြင်ခွင့်ပေးခြင်းနှင့် အချိန်လျှော့ပေးခြင်း စသော အလိုလိုက် အကြိုက်ပေးမှုဖြင့် တပည့်အား တရားမပြသင့်ပေ။

ရဟန်းတို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော မလိမ္မာသော မိုက်သော သူယုတ်သည် တူးဖြိုဖျက်ဆီးတတ်သော မိမိကိုယ်ကို ဆောင်နေသည် မည်၏၊ အပြစ်ရှိသူလည်းဖြစ်၏၊ ပညာရှိတို့လည်း စွပ်စွဲကဲ့ရဲ့ထိုက်သူလည်းဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွားစေ၏။ အဘယ်နှစ်မျိုး တို့နည်းဟူမူ-**ဉာဏ်ဖြင့်* မသိမြင် မဆုံးဖြတ်မူ၍ ဉာဏ်ဖြင့် မသက်ဝင်မပိုင်းခြားမူ၍ မကြည်ညိုထိုက် သောအရာ၌ ကြည်ညိုမှုကို ဖြစ်စေ၏။ ဉာဏ်ဖြင့် မသိမြင် မဆုံးဖြတ်မူ၍ ဉာဏ်ဖြင့် မသက်ဝင် မပိုင်းခြားမူ၍ ကြည်ညိုထိုက်သောအရာ၌ မကြည်ညိုမှုကို ဖြစ်စေ၏၊ ရဟန်းတို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော မလိမ္မာသော မိုက်သော သူယုတ်သည် တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို ဆောင်နေသည် မည်၏၊ အပြစ်ရှိသူလည်းဖြစ်၏၊ ပညာရှိတို့လည်း စွပ်စွဲ**

---

[၁၈] အင်္ဂုတ္တိရ်ပါဠိတော်မြန်မာပြန် ဒုတိယတွဲ၊ သေခဗ္ဗလဝဂ်၊ ကာမသုတ်-၇ နှာ-၆

* ဆရာသမားကောင်း ဟုတ်သည် မဟုတ်သည် မခွဲခြားခြင်း (စာရေးသူ၏အလို)

http://www.dhammadownload.com

ကဲ့ရဲ့ထိုက်သူလည်းဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွားစေ၏ ဟု (မိန့်တော်မူ၏)။[၃၉]

အထက်ပါဒေသနာတော်အရ တရားကျင့်သောယောဂီသည် မိမိ၏တရားပြဆရာအား မဂ်ဖိုလ်အကျိုးစီးပွား ဖြစ်စေရန် ညွှန်ကြားနိုင်သည့် သီလ သမာဓိ ပညာဖြင့် ပြည့်စုံသော ကြည်ညိုဖွယ်ရာ အားကိုးဖွယ်ရာ ဆရာကောင်းဆရာမှန် ဟုတ်မဟုတ် ဉာဏ်ဖြင့် သုံးသပ်စိစစ်ရမည်။ အကယ်၍ သီလ သမာဓိ ပညာဖြင့် မပြည့်စုံသော ကြည်ညိုဖွယ်ရာ အားကိုးဖွယ်ရာ မဟုတ်သော ဆရာအား ကြည်ညိုကိုးကွယ်အားထား၍ မှီခိုမိလျှင် မိမိကိုယ်ကို ပြန်ဖျက်ဆီးသော မလိမ္မာသော မိုက်မဲသော သူယုတ်မာနှင့်တူ၏။ ထိုတပည့်ကို ကဲ့ရဲ့အပြစ်တင်ထိုက်၏။ ကြည်ညိုကိုးကွယ်ထိုက်သော ဆရာကို အားကိုးကြည်ညိုကိုးကွယ်ခြင်းသည် အဆိပ်ပင်ရေလောင်းသကဲ့သို့ဖြစ်သဖြင့် အဆိပ်ပင်တောကြီး ကြီးထွားလာလိမ့်မည်။ သာသနာ့ညှိုးနွမ်းပျက်စီးစေသော ဆရာများတိုးပွားလိမ့်မည်ဟုဆိုလိုခြင်းဖြစ်သည်။ ထိုသဘောကိုရည်ရွယ်၍ မြတ်စွာဘုရားရှင်သည် **"များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွားစေ၏"**ဟု ဟောကြားထားသည်။ ထိုကဲ့သို့ ကြည်ညိုထိုက်၊ မဆည်းကပ်ထိုက်သော ဆရာများကို ကြည်ညို ကိုးကွယ်ဆည်းကပ်မှု မပြုမိရန် တရားကျင့်သောယောဂီတို့ အထူးသတိပြုရမည်။

တရားကျင့်သောယောဂီတို့သည် ကိုယ်ကိုယ်တိုင်ပေါက်မြောက်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်မှု မရှိသောဆရာနှင့် တရားကျင့်နေမည်ဆိုလျှင် လမ်းလျှောက်ရင်း လမ်းပျောက်ဘိသကဲ့သို့ ဖြစ်နေလိမ့်မည်။ လူဖြစ်ပြီး သာသနာနှင့်ကြုံ၍ သဒ္ဓါတရားဖြင့် တရားကျင့်ပါသော်လည်း တရားမရသည့်အတွက် မြွေပါလည်းဆုံး၊ သားလည်းဆုံးဘိသကဲ့သို့ လူဖြစ်ကျိုးလည်းရှုံး၊ မဂ်ဖိုလ်တရားလည်း ဆုံးရှုံးရတော့သည်။ တရားယောဂီတို့ အထူးသတိပြုရန် လိုအပ်သည်။

ဆရာကောင်းဆရာမှန်တို့မည်သည် မိမိတပည့်ယောဂီအား အပါယ်ဘေး သံသရာဘေးမှလွတ်ရန် အတွက် ပစ္စုပ္ပန်ခန္ဓာကို မင့်ကွက်ပဲ လိုအပ်လာလျှင် ပင်ပန်းစေရမည်။ ထိုပင်ပန်းမှုနှင့် လွတ်မြောက်မှုကို အလဲအလှယ် လုပ်ရမည်။ မြတ်စွာဘုရားသည်ပင်လျှင် လိုအပ်ပါက ဤကဲ့သို့ ပြုလုပ်သွားခဲ့သည်။

> မြတ်စွာဘုရားသည် ရဟန်းတို့အား များစွာသော အကြောင်းဖြင့် အသုဘတရားကို ဟောကြားတော်မူ၏။ အသုဘကမ္မဋ္ဌာန်း၏ ဂုဏ်ကို ဟောကြားတော်မူ၏။ အသုဘကမ္မဋ္ဌာန်းပွားများခြင်း၏ ဂုဏ်ကို ဟောကြားတော်မူ၏။
>
> ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့ ငါဘုရားသည် လဝက်ပတ်လုံး (လထက်ဝက် ဆယ့်ငါးရက် တိုင်တိုင်) တပါးတည်း ကိန်းအောင်းနေလို၏၊ ဆွမ်းပို့မည့် ရဟန်းမှတပါး ငါ၏ထံသို့ မည်သူမှ မချဉ်းကပ်ရ"ဟု ရဟန်းတို့အား မိန့်တော်မူ၏။ ထိုရဟန်းတို့သည် "ကောင်းပါပြီ အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ဝန်ခံ၍ မြတ်စွာဘုရားထံသို့ ဆွမ်းပို့သော ရဟန်းမှတပါး မည်သူမှ မချဉ်းကပ်ကုန်။
>
> ထိုအခါ မြတ်စွာဘုရားသည် "များစွာသော အကြောင်းဖြင့် အသုဘတရားကို ဟောကြားတော်မူ၏။ အသုဘကမ္မဋ္ဌာန်း၏ဂုဏ်ကို ဟောကြားတော်မူ၏။ အသုဘကမ္မဋ္ဌာန်းပွားများခြင်း၏ ဂုဏ်ကိုဟောကြားတော်မူ၏။"ဟု ထိုရဟန်းတို့သည် များစွာသောအခြင်းအရာတို့သည် ပြွမ်းသော အသုဘဘာဝနာ၌ အားထုတ်ခြင်းကို အစဉ်ကြိုးစား အားထုတ်လျက်နေကြကုန်၏၊ ထိုရဟန်းတို့သည် မိမိခန္ဓာကိုယ်၌ ငြီးငွေ့ကုန် ရွံကိုးကုန် စက်ဆုပ်ကုန်ရကား အသက်ကိုဆောင်တတ်သော မားလက်နက်ကိုရှာမှီးကြကုန်၏။ ရဟန်းဆယ်ပါးတို့သည်လည်း

---

[၃၉] အင်္ဂုတ္တိရ်ပါဠိတော် မြန်မာပြန် ပထမတွဲ ဒုကနိပါတ်၊ အာယာစနဝဂ်-၁၃၆ နှာ-၁၀၂

http://www.dhammadownload.com

တစ်နေ့ခြင်းဖြင့် ဓားကိုဆောင်ကြကုန်၏၊ (ဓားဖြင့်သတ်သေကြကုန်၏၊) ရဟန်းနှစ်ဆယ်တို့သည်လည်း ။ပ။ ရဟန်းသုံးဆယ်တို့သည်လည်း တစ်နေ့ခြင်းဖြင့် ဓားကိုဆောင်ကြကုန်၏။[၂၀]

ရဟန်းတော်တို့သည် ထိုရက်အတွင်း၌ အတိတ်ဝိပါက်ကြောင့် သေရမည် ဖြစ်သည်ကို မြတ်စွာဘုရားရှင် မြင်တော်မူမည်ဖြစ်သည်။ အကယ်၍ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်း၍ ရုပ်၏အပြစ်ကို လည်းကောင်း၊ ဘဝ၏ အပြစ်ကိုလည်းကောင်း ပိုင်းခြားသိပြီး သေရလျှင် မြတ်သောသေခြင်း ဖြစ်သည်။ ရဟန်းတော်များ မိမိကိုယ်ကို ဓားဖြင့် သတ်သေအောင် တမင်သက်သက် ဖန်တီးစေခိုင်းလိုခြင်း မဟုတ်ပဲ နောင်အခါ အရဟတ္တဖိုလ်ရရန်အတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်လျက် မြတ်စွာဘုရားရှင်သည် အသုဘကမ္မဋ္ဌာန်းကိုပေးခြင်း ဖြစ်သည်ဟု စာရေးသူ သုံးသပ်ပါသည်။

ဆရာကောင်းဆရာမှန်ရှာနည်း

မိမိကို တရားပြမည့်ဆရာအား ဤကဲ့သို့ မေးမြန်းစုံစမ်းပါ။

(၁) ဆရာကိုယ်တိုင် ဓာတ်လေးပါး ဖောက်ပြန်သော ဒုက္ခဝေဒနာမှ မခံစားချင်သော ဒေါသ၊ လွတ်လိုသော လောဘမှ လွတ်မြောက်ပြီးပြီလား။
(၂) ဆရာကိုယ်တိုင် (၁၀)နာရီမျှ မလှုပ်မပြင် စကားမပြောမဆိုပဲ နေနိုင်ပြီလား။
(၃) ဆရာကိုယ်တိုင် မိမိ၏စိတ်ကို (၁၀)နာရီမျှ ပညတ်မှ သိမ်းဆည်းနိုင်ပြီလား။
(၄) ဆရာကိုယ်တိုင် အတိတ်အနာဂတ်အာရုံနှင့် ဒွါရငါးပေါက်မှ လွတ်အောင် စိတ်တည်နိုင်ပြီလား။
(၅) ဆရာကိုယ်တိုင် အဆင်းအာရုံနှင့် တွေ့ဆုံဆဲ မိမိ၏စက္ခုပသာဒနှင့် ထိုစက္ခုပသာဒ၌ တည်သော ရူပါရုံ၊ စက္ခုဝိညာဏ်တို့ကို ပိုင်းပိုင်းခြားခြား မြင်ပြီလား။ ဟု အားနာစရာမလိုပဲ မေးမြန်းစုံစမ်းပါ။

အထက်ပါ(၅)ချက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အားသာလျှင် ဝိပဿနာအရာ၌ ဆရာကောင်း ဆရာမှန်အဖြစ် မှတ်ယူပါ။

၂၅။ ဝိပဿနာကျင့်စဉ်လမ်းကြောင်း သုံးသပ်ချက်

ဝိပဿနာတရားအားထုတ်ရာတွင် ယောဂီတို့သည် ဝိပဿနာယာနိကကျင့်စဉ်၏ အဓိပ္ပာယ်နှင့် လိုရင်းကို မသိပဲ ဦးတည်မိရာ ကျင့်ချင်သလို ကျင့်ပါက ကြိုးစားကျင့်သလောက် ခရီးမပေါက်၊ ကျင့်စဉ်မတက်ပဲ ယောင်လည်လည် ဖြစ်ကြရသည်။ အချို့ယောဂီများသည် မိမိကျင့်စဉ်လမ်းကြောင်း မှားနေသည်ကို မသိပဲ မှန်ပြီဟု အထင်ရောက်နေကြသည်။ အချို့ယောဂီတို့မှာ အခြေခံကျင့်စဉ်မပင် ရှေ့မဆက်နိုင်ပဲ ရှိနေတတ်ကြသည်။ အချို့သော ယောဂီတို့သည် စိတ်ကူးယဉ်တွေးတောကြဲဆသော ဉာဏ်များကို အမှန်မြင်သောဝိပဿနာဉာဏ်ဟု လွဲမှားစွာ မှတ်ယူနေမိကြသည်ကိုလည်း မသိကြပေ။ "တွက်ရေးမှာ စက်သူဌေးဖြစ်ပြီး၊ တွက်ကြည့်တော့ စက်မရှိ"ဆိုသကဲ့သို့ ပစ္စုပ္ပန်အာရုံနှင့် တိုက်ဆိုင်သည့်အခါ ဝိပဿနာဉာဏ်မဖြစ်ပဲ နဂိုမြင်နဂိုသိအတိုင်းသာ ရှိနေကြသည်။ မည်သည့်ယောဂီမဆို ဝိပဿနာယာနိကကျင့်စဉ်တက်စဉ် မှန်မှသာလျှင် ဝိပဿနာဉာဏ်သို့ အမှန်ဆိုက်မည်။

---

[၂၀] မဟာဝဂ္ဂသံယုတ်ပါဠိ၊ အာနာပါနသံယုတ္တံ၊ ဓကဓမ္မဝဂ္ဂ၊ ဝေသာလီသုတ္တံ–၉၈၅ နှာ–၂၈၀

http://www.dhammadownload.com

စင်စစ်မှာ သမထယာနိကကျင့်စဉ် လမ်းကြောင်းသည် တစ်ကြောင်းတည်းသာ ရှိ၍ ဝိပဿနာယာနိကကျင့်စဉ် လမ်းကြောင်းမှာလည်း တစ်ကြောင်းတည်းသာ ရှိသည်။ တစ်ကြောင်းတည်းသော ဝိပဿနာယာနိက ကျင့်စဉ်လမ်းကြောင်းကို မှန်ကန်စွာ မသိကြသဖြင့် ဝိပဿနာလောကဌ် ဆရာပေါင်းစုံ၊ နည်းပေါင်းစုံနှင့် ရှုပ်ထွေးနေကြသည်။ ထို့ကြောင့် တရားကျင့်သောယောဂီတို့ ဝိပဿနာယာနိကကျင့်စဉ် အစ အလယ် အဆုံးကို အဆက်အစပ်နှင့်တကွ လွယ်ကူစွာ သဘောပေါက်နားလည်နိုင်ရန် ဒေသနာတော်လာ သုတ္တန်နှစ်ခုကို ကိုးကားလျက် ရှင်းလင်းတင်ပြသွားမည် ဖြစ်သည်။

၂၅၁၁။ အာသီဝိသောပမသုတ္တန်အကျဉ်း

အပြစ်ကျူးလွန်သူအား မဟာရာဇာစော်ဘွားထံ ဖမ်း၍ အပ်နှံသောအခါ ထိုအပြစ်ရှိသူကို မသတ်ပဲ ထိုသူအား မဟာရာဇာမွေးထားသော မြွေကြီးလေးကောင်တို့ကို နေ့စဉ် အစာကျွေးပေးစေခြင်း၊ ရေချိုးပေးစေခြင်း၊ သိပ်ပေးစေခြင်းအလုပ်ကို ပြုလုပ်ပေးရမည်ဟု အမိန့် ချမှတ်လိုက်သည်။ ထိုအပြစ်ကျူးလွန်သူသည် အမိန့်ကိုနာခံ၍ ထိုကဲ့သို့ မြွေကြီးလေးကောင်အား ပြုစုစောင့်ရှောက်ရသော အလုပ်လုပ်ပေးရသည်ကို ဝမ်းမြောက်ကျေနပ်နေသည်။ ထိုသူအား အသက်ရှင်စေလို၊ မသေစေလိုသော မိတ်ဆွေကောင်းက ထောင်ကျသားအား ထိုမြွေလေးကောင်တို့သည် လျင်သောအဆိပ် ထက်သောတန်ခိုး ရှိကြသည်။ အလိုမကျ၍ကိုက်လျှင် တစ်မျိုးစီသော မြွေတို့၏အဆိပ်သင့်ကာသေရသည်။ တစ်မျိုးသောမြွေဆိပ်သင့်ကဒုတ်ချောင်းကဲ့သို့တောင့်တင်းပြီး သေရသည် (ပထဝီမြွေ)၊ တစ်မျိုးသောမြွေဆိပ်သင့်က ပိန္နဲသီးပုပ်များကဲ့သို့ ပုပ်ပွပြီး သေရသည် (အာပေါမြွေ)၊ တစ်မျိုးသောမြွေဆိပ်သင့်က ခန္ဓာကိုယ်အား အပိုင်းပိုင်းပြတ်အောင် အဖြတ်ခံရဘိသကဲ့သို့ သေရသည် (ဝါယောမြွေ)၊ တစ်မျိုးသောမြွေဆိပ်သင့်က မီးလောင်ဘိသကဲ့သို့ ပူလောင်ပြီး မဲခြောက်သေရသည်(တေဇောမြွေ)ဟု ပြောသောအခါ ထောင်ကျသားသည် ကြောက်လန့်လာပြီး ထိုမိတ်ဆွေကောင်းအား မြွေလေးကောင်မှလွတ်ရန် အကူအညီတောင်းသည်။

ထိုအခါ မိတ်ဆွေကောင်းက ထိုမြွေလေးကောင် အိပ်နေစဉ် အသာခွာချ၍ မြွေလေးကောင်မှ လွတ်မည်ထင်ရာအရပ်ကို ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ပြေးခိုင်း၏။ ထိုအခါ ထောင်ကျသားသည် မိတ်ဆွေကောင်းပြောသည့်အတိုင်း မြွေလေးကောင်ကို အသာခွာချ၍ လွတ်မည်ထင်ရာအရပ်သို့ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် တအားကုန် ပြေးသောအခါ မြွေလေးကောင်သည် ထိုသူအားသတ်ရန် နောက်မှ ထက်ကြပ်မကွာ လိုက်လာ၏။ ထောင်ကျသားသည် ထိုမြွေလေးကောင် မလိုက်နိုင်သည့်တိုင်အောင် မနားတမ်း ပြေးသောအခါ မြွေလေးကောင် လွတ်သည့်နေရာသို့ ရောက်ရှိသွားသည်။

ထိုအခါ မိတ်ဆွေကောင်းက မနားနှင့်ဦး၊ သင့်ကိုသတ်ရန် လူသတ်သမားငါးယောက် ထက်ကြပ်မကွာ သင့်နောက်မှ လိုက်လာပြန်ပြီ။ မနားပဲ ဆက်လက်ပြေးရန် တိုက်တွန်းပြန်သဖြင့် ထောင်ကျသားသည် လူသတ်သမား ငါးယောက်လက်မှ လွတ်ရန် ဆက်လက်၍ မနားတမ်း တအားကုန် ပြေးသောအခါ လွတ်ရာသို့ ရောက်သွားပြန်သည်။ ထိုအခါ မိတ်ဆွေကောင်းက ထောင်ကျသားအား ထပ်မံ၍ တိုက်တွန်းသည်မှာ မနားနှင့်ဦး၊ သင့်ကိုသတ်ရန် နောက်ထပ် အတွင်းလူယုံလူသတ်သမားက သင့်နောက်က ထက်ကြပ်မကွာ လိုက်လာပြန်ပြီ။ ထိုလူသတ်သမားလက်က လွတ်ရာကို မနားတမ်း ပြေးခိုင်းသဖြင့် ထောင်ကျသားသည် ဆက်လက်ပြေးပြန်ရာ လွတ်ရာသို့ ရောက်သွားပြန်သည်။ ထိုလွတ်ရာအရပ်တွင် ရွာကြီးခြောက်ရွာ၊ အိမ်ကြီးခြောက်လုံး ရှိသည်။ ထိုရွာကြီးခြောက်ရွာမှ အိမ်ကြီးခြောက်လုံးတွင် စားစရာ သောက်စရာ ဟူ၍ ဘာမျှမရှိပါ။

http://www.dhammadownload.com

ပုံ(၅)

ပုံသဏ္ဌာန်ဖော်ပြချက်

(၁) ဒုက္ခဝေဒနာ

ဒုက္ခဝေဒနာ ပယ်ရှားခြင်းအကြောင်းတရား ဒုက္ခဝေဒနာ ပယ်ရှားခြင်းအကျိုးတရား

(၂) ဒုက္ခဝေဒနာ

http://www.dhammadownload.com

ထိုထောင်ကျသားအား မိတ်ဆွေကောင်းက ဤကဲ့သို့ ပြောပြန်၏။ ဤရွာကြီးခြောက်ရွာ အိမ်ကြီးခြောက်လုံးကို မားပြကြီးခြောက်ယောက်က မကြာမကြာလာ၍ မားပြတိုက်သည်။ ဤအရပ်၌မနေရန်တိုက်တွန်းသဖြင့် ထောင်ကျသားသည် ရွာကြီးခြောက်ရွာ၊ အိမ်ကြီးခြောက်လုံးမှ လွတ်ရာသို့ ပြေးရပြန်သည်။ ထိုအခါ မြစ်ကမ်းပါးသို့ ရောက်ရှိသွားသည်။ မြစ်ဒီဖက်ကမ်းသည် ရန်သူများနှင့် မကင်းသဖြင့် မြစ်၏ တဖက်ကမ်းသို့ကူးရန် မိတ်ဆွေကောင်းက ထပ်ပြောပြန်သည်။ သစ်ကိုင်းသစ်ရွက်များဖြင့် ဖောင်ဖွဲ့ပြီး ခြေနှစ်ဖက်၊ လက်နှစ်ဖက်ကို အားယူလော့်ခတ်ကာ မြစ်တဖက်ကမ်းသို့ ကူးသည်။ မြစ်၏ လေးပုံတစ်ပုံ၊ မြစ်၏လေးပုံ နှစ်ပုံ၊ မြစ်၏လေးပုံ သုံးပုံမှ တဖက်ကမ်းသို့ ကူးမြောက်နိုင်ကာ ရန်သူဘေးမှ အပြီးတိုင် လွတ်မြောက်သွားသည်။[၂၁]

၁။ မြွေကြီးလေးကောင်ဟူသည် ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းထားသော ရူပကာယကို ခေါ်သည်။*

၂။ အဆိပ်လေးမျိုးဟူသည် ထိုဓာတ်လေးပါးတို့ ပြင်းထန်စွာ ဖောက်ပြန်ဖော်ပြလာမှုကို ခေါ်သည်။

၃။ တစ်ကောင်သော မြွေကိုက်ခြင်း၏သဘောကို ဖော်ပြခြင်းသည် ဓာတ်တစ်ပါးပါး၏ ပြင်းထန်ပုံကို ဖော်ပြခြင်း ဖြစ်သည်။

၄။ ထောင်ကျသားဟူသည် တရားရှူသူ၏ စိတ်ကိုခေါ်သည်။

၅။ ထောင်ဟူသည် ဘဝသုံးပါး†ကို ခေါ်သည်။

၆။ အပြစ်ကျူးလွန်ခြင်းသည် ကံသုံးမျိုး‡ ပြုထားခြင်းကိုခေါ်သည်။

၇။ ထိုမြွေလေးကောင်ကို တွယ်တာနှစ်သက်နေခြင်းကို ဖော်ပြခြင်းသည် တရားရှူသူ၏ စိတ်၌ သက္ကာယ(ရူပ်) အပေါ်တွင် တဏှာ, မာန, ဒိဋ္ဌိ ဖြစ်နေခြင်းကို ခေါ်သည်။

၈။ မိတ်ဆွေကောင်းဟူသည် မြတ်စွာဘုရားနှင့် ကမ္မဋ္ဌာန်းပြဆရာ စသော သူတော်ကောင်းတို့ကို ခေါ်သည်။

၉။ မြွေလေးကောင်လိုက်ခြင်းသည် ဓာတ်ကြီးလေးပါး ပြင်းထန်စွာ ဖောက်ပြန်လာခြင်းဖြစ်သည်။

၁၀။ မြွေကြီးလေးကောင်ဘေးမှ ပြေးခြင်းသည် ဓာတ်ကြီးလေးပါး ပြင်းထန်စွာ ဖောက်ပြန်နှိပ်စက်မှုတို့မှ စိတ်ကို လွတ်အောင် ဆိုင်ရာကမ္မဋ္ဌာန်းအာရုံသို့ ပို့ဆောင်ခြင်းနှင့် တူသည်။

၁၁။ လွတ်ရာသို့ ဟူသည် ဓာတ်ကြီးလေးပါး နှိပ်စက်မှုမှ လွတ်ရာ ဆိုင်ရာကမ္မဋ္ဌာန်း၌ တည်နေသော သမာဓိကိုခေါ်သည်။§

၁၂။ ပြေးရာလမ်းကြောင်းသည် သမထယာနိက နှင့် ဝိပဿနာယာနိက ကျင့်စဉ်ကို ဆိုလိုသည်။

၁၃။ မြွေကြီးလေးကောင် အန္တရာယ်မှ လွတ်ခြင်းသည် ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု ကာယိက ဒုက္ခဝေဒနာကို အကြောင်းခံ၍ ဖြစ်သော ဝိတိက္ကမကိလေသာ (လောဘ၊ ဒေါသ၊ မောဟ) တဒင်္ဂ ဝိက္ခမ္ဘန ချုပ်ခြင်းကို ဆိုလိုသည်။ (သီလချုပ်၊ သမာဓိချုပ်၊ ဈာန်ချုပ်၊ လောကီမဂ်ချုပ်)

---

[၂၁] သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ သဋ္ဌာယတနဝဂ္ဂသံယုတ်၊ အာသီဝိသဝဂ်၊ အာသီဝိသောပမသုတ်– နှာ–၃၇၇

* ဘူတရုပ်လေးပါး အရှိသဘောသက်သက်ကို ဖော်ပြခြင်း ဖြစ်သည်။

† ကာမ, ရူပ, အရူပ

‡ အကုသိုလ်/ကုသိုလ် ကာယက်, ဝစီက်, မနောက်

§ ဤစာအုပ်၏ ကျင့်စဉ်ပထမပိုင်း

http://www.dhammadownload.com

၁၄။ လူသတ်သမား ငါးယောက်ဟူသည် ဥပါဒါနက္ခန္ဓာငါးပါး** ကို ဆိုလိုသည်။
၁၅။ လွတ်မြောက်ခြင်းဟူသည် ဥပါဒါနက္ခန္ဓာငါးပါးမှ ဒိဋ္ဌိပြုတ်ခြင်း†† ကို ဆိုလိုသည်။
၁၆။ အတွင်းလူယုံ လူသတ်သမားဟူသည် နန္ဒီရာဂ(တဏှာ)ကို ဆိုလိုသည်။
၁၇။ ရွာကြီးခြောက်ရွာဟူသည် အကြည်ခြောက်စုံကို ဆိုလိုသည်။
၁၈။ အိမ်ကြီးခြောက်လုံးဟူသည် ဝိညာဏ်ခြောက်လုံးကို ဆိုလိုသည်။
၁၉။ ဓားပြကြီးခြောက်ယောက်ဟူသည် အာရုံခြောက်ပါးကို ဆိုလိုသည်။
၂၀။ မြစ်ပြင်ကျယ်ဟူသည် သြဃလေးပါး‡‡ ကို ဆိုလိုသည်။
၂၁။ "စိုးရိမ်ဖွယ်ရာနှင့်တကွ ဘေဘျမ်းနှင့်တကွဖြစ်သော ဤဖက်ကမ်း"ဟူသည် လောကသုံးပါးကို ဆိုလိုသည်။ "စိုးရိမ်ဖွယ်ကင်းရာ ဘေးမရှိရာ ထိုဖက်ကမ်း"ဟူသည် နိဗ္ဗာန်ကိုဆိုလိုသည်။
၂၂။ ဖောင်ဟူသည် မဂ္ဂင်ရှစ်ပါးကို ဆိုလိုသည်။
၂၃။ ခြေနှစ်ဖက် လက်နှစ်ဖက်ဟူသည် သမ္မပ္ပဓာန်တရားလေးပါး (စတုရင်္ဂီရိယ)ကို ဆိုလိုသည်။
၂၄။ မြစ်၏လေးပုံတစ်ပုံဟူသည် ဒိဋ္ဌောဃကိုပယ်သတ်ပြီးသည့် သောတာပတ္တိဖိုလ်ကို ဆိုလိုသည်။
၂၅။ မြစ်၏လေးပုံနှစ်ပုံဟူသည် ကာမောဃအကြမ်းစားကို ပယ်သတ်နိုင်ပြီးသည့် သကဒါဂါမိဖိုလ်ကို ဆိုလိုသည်။
၂၆။ မြစ်၏လေးပုံသုံးပုံဟူသည် ကာမောဃကို အပြီးသတ် ပယ်သတ်နိုင်ပြီးသည့် အနာဂါမိဖိုလ်ကို ဆိုလိုသည်။
၂၇။ မြစ်၏တဖက်ကမ်းသို့ ရောက်ရှိပြီးခြင်းသည် အဝိဇ္ဇောဃ, ဘဝေါဃတို့ကို အကြွင်းမဲ့ပယ်သတ်ပြီးသော အရဟတ္တဖိုလ်ကို ဆိုလိုသည်။

လက်တွေ့ကျင့်စဉ်တက်သည့် ရှုထောင့်မှ သုံးသပ်သော မြွေကြီးလေးကောင်သည် ဓာတ်ကြီးလေးပါး ရုပ်တရားတို့၏ သဘာဝလက္ခဏာနှင့် ရုပ်၏ အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံတို့ကို ဆိုလိုခြင်းဖြစ်သည်။ ပြေးရသည်ဟူသည်မှာ (သမထယာနိကၠ် သီလ, သမာဓိဖြင့်ဆိုင်ရာ ကသိဏ်းအာရုံသို့ စိတ်ကို ပို့ဆောင်ခြင်း၊ ဝိပဿနာယာနိကတွင် လောကီမဂ်(သီလ, သမာဓိ, ပညာ)ဖြင့် ဒိဋ္ဌိကိလေသာ အကြမ်းစားကို ပိုင်းခြားရှုခြင်း) ဓာတ်ကြီးလေးပါး ရုပ်တရားတို့အပေါ်၌ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် စွဲလမ်းထားမှုကို တဒင်္ဂ, ဝိက္ခမ္ဘနပဟာန် ပယ်ခြင်းဖြင့် ကျင့်စဉ်တက်ပုံကို ဆိုလိုသည်။ ဤကဲ့သို့အားဖြင့် အဆင့်ဆင့်ပြေးရာတွင် မဂ်ကူးပုံကို ရှေ့ပိုင်း၌ ဖော်ပြမထားပဲ မြစ်ပြင်ကျယ်အပိုင်း၌သာ မဂ်ကူးပုံကို ဖော်ပြထားသည်။ မြစ်ပြင်ကျယ်အပိုင်းသည် လောကုတ္တရာမဂ်ဖြစ်၍ ရှေ့ပိုင်းသည် လောကီမဂ်ဖြစ်သည်ကို တရားရှုသူတို့ နားလည်ထားရမည်။ မြစ်ပြင်ကျယ်သို့ မရောက်မီ အရှုခံရုပ်နာမ်များနှင့် ကျင့်ရာလမ်းကြောင်းကို ဖော်ပြထားပြီး သောတာပတ္တိမဂ်ကျင့်စဉ်၊ သကဒါဂါမိမဂ်ကျင့်စဉ်၊ အနာဂါမိမဂ်ကျင့်စဉ်၊ အရဟတ္တမဂ်ကျင့်စဉ်ဟူ၍ မခွဲခြားပဲ မြစ်ပြင်ကျယ်ကူးသော အပိုင်းကျမှသာလျှင် မဂ်လေးမျိုး ခွဲခြားထားသည်ကို သတိပြုရမည်။§§

** သောတာပန်၏ဒသနကိစ္စ

†† လောကုတ္တရာမဂ်ကူးခြင်း

‡‡ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ

§§ ဓာတ်ကြီးလေးပါး မြွေကြီးလေးကောင်မှ ရွာကြီးခြောက်ရွာ၊ အိမ်ကြီးခြောက်လုံးအထိ ပုဂ္ဂိုလ်လေးမျိုးလုံးနှင့် ဆိုင်သော အပိုင်းဖြစ်သည်ကို နားလည်ကြရမည်။ ယခု စာအုပ်တွင် ပုဂ္ဂိုလ်လေးမျိုးကျင့်စဉ်မှ သောတာပတ္တိမဂ်ကျင့်စဉ်နှင့် သက်ဆိုင်သော ကျင့်စဉ်တက်ပုံကို ရေးသားထားပါသည်။

http://www.dhammadownload.com

တရားကျင့်သောယောဂီတစ်ဦးအတွက် ကျင့်စဉ်၏သဘောကို အစ အလယ် အဆုံး အဆက်အစပ်နှင့်တကွ လမ်းညွှန်ထားခြင်းဖြစ်သည်။ တရားကျင့်မည့်ယောဂီသည် တရားမကျင့်မီ ဤသုတ္တန်၌ ညွှန်ကြားထားသော ကျင့်စဉ်၊ တက်စဉ်သဘောများကို နားလည်အောင် သုံးသပ်ဆင်ခြင်ပြီးမှ တရားကျင့်ရမည်။

ကျင့်စဉ်လမ်းကြောင်းတစ်ခုလုံးကို အဆင့်ငါးဆင့်ဖြင့် သုံးသပ်ပြရသော်--

ဤသုတ္တန်အရ ထောင်ကျသားကို သင်ယောဂီတရားရှုမည့်စိတ်နှင့် နှိုင်းယှဉ်ပါ။ သင်၏ စိတ်တွင် (၁၅၀၀)ကိလေသာ(ကိလေသာဝဋ်)နှင့် အတိတ်ဝဋ်ကြွေး (ကမ္မဝဋ်နှင့် ဝိပါကဝဋ်)များ ရှိနေပြီးဖြစ်သဖြင့် တရားမကျင့်မီကတည်းက လောဘ မောဟ ကိလေသာ အုပ်ချုပ်နှင့်ပြီး ဖြစ်သည်။ တရားကျင့်သူတိုင်း ဓာတ်ကြီးလေးပါး ယှဉ်တွဲနေသောကြောင့် ကျင့်စဉ်အစတွင် မည်သည့်ဣရိယာပုထ်ဖြင့် အားထုတ်သည်ဖြစ်စေ ဓာတ်ကြီးလေးပါး ပြင်းထန်စွာ ဖောက်ပြန်မှုကြောင့် ဖြစ်သော ကာယိကဒုက္ခဝေဒနာနှင့် ရှေးဦးစွာ ရင်ဆိုင်ရမည်ဖြစ်သည်။ ထိုအခါ ဒိဋ္ဌိနှင့် ဒေါမနဿကိလေသာများ စိတ်၌ ကပ်ရောက်နှိပ်စက်လိမ့်မည်။ ထိုဓာတ်လေးပါးဖောက်ပြန်မှု ဒုက္ခမှလွတ်ရန် ကမ္မဋ္ဌာန်းအာရုံတစ်ခု ထား၍ စိတ်ကို သိမ်းဆည်းရမည် ဖြစ်သည်။ မြွေကြီးလေးကောင်မှ လွတ်အောင် ထွက်ပြေးခြင်းဆိုသည်မှာ ဤအချက်ကို ဆိုလိုသည်။ ယင်းသည်ပင်လျှင် တရားကျင့်သူတို့၏ ကျင့်စဉ်၏ပထမအဆင့်ဖြစ်သည်။

ကျင့်စဉ်ဒုတိယအဆင့် လွတ်မည်ထင်မည့်လမ်း ရွေးချယ်ခြင်းဆိုသည်မှာ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို သိမ်းဆည်းရာတွင် သမထယာနိကနှင့် ဝိပဿနာယာနိက တစ်လမ်းလမ်း ရွေးချယ်၍ ကျင့်ကြံအားထုတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် သမထယာနိကကျင့်စဉ်၏ အဓိပ္ပာယ်နှင့် အဆက်အစပ်ကိုလည်း နားလည်ရမည်။ ဝိပဿနာယာနိကကျင့်စဉ်ဖြင့် ကျင့်မည်ဆိုလျှင်လည်း ဝိပဿနာယာနိကကျင့်စဉ်၏ အဓိပ္ပာယ်နှင့် အဆက်အစပ်ကိုလည်း နားလည်ရမည်။ မည်သည့်

ဆဆက္ကသုတ္တန်၏ လိုရင်းကောက်နှုတ်ချက် အကျဉ်းချုပ်

ဤသုတ္တန်ဒေသနာတော်သည်လည်း မဂ်လေးမျိုးနှင့် သက်ဆိုင်နေသည်။ ဤသုတ္တန်ဒေသနာတော်၌ ဝိပဿနာ အရှုခံရာ အာရုံများကို ပြည့်ပြည့်စုံစုံ ဖော်ပြခဲ့ပြီးဖြစ်သည်။

၁။ စက္ခုအကြည်၊ သောတအကြည်၊ ဃာနအကြည်၊ ဇိဝှါအကြည်၊ ကာယအကြည်၊ မနအကြည်ဟူသော အကြည်ခြောက်စုံ

၂။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် ဟူသော ဝိညာဏ်ခြောက်လုံး

၃။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့နှင့် ဓမ္မာရုံတည်းဟူသော အာရုံခြောက်ပါး

၄။ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ ဟူသော ဖဿခြောက်ပါး

၅။ ဝေဒနာခြောက်မျိုး

၆။ တဏှာခြောက်မျိုး

ဤသုတ္တန်ဒေသနာတော်တွင်ကျင့်စဉ်တက်ပုံ မဟောထားပါ။

ထိုအရှုခံခြောက်မျိုးခြောက်လီ သုံးဆယ့်ခြောက်ပါးတို့ကို အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် လက္ခဏာရေးသုံးပါး တင်၍ တဏှာ, မာန, ဒိဋ္ဌိ ချုပ်ကြောင်း ရှုမှတ်ပွားများရမည်။ ထိုကဲ့သို့ ရှုမှတ်ပွားများရင်း သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တိုင်အောင် ရောက်ရှိသွားမည်ဖြစ်သည်။ ထိုသုတ္တန်ကို သုံးသပ်ကြည့်လျှင် ဝိပဿနာအရှုခံရာ ပရမတ်အာရုံတို့ကို တိတိကျကျ တိုက်ရိုက်ဖော်ပြထားခြင်း ဖြစ်သည်။

http://www.dhammadownload.com

လမ်းကိုရွေးချယ်စေကာမူ မြွေကြီးလေးကောင်အဆိပ်နှင့်တူသော ဓာတ်လေးပါးဖောက်ပြန်မှုဒုက္ခမှ တဒင်္ဂ,ဝိက္ခမ္ဘနပဟာန်အားဖြင့် လွတ်မြောက်ခြင်းသည်သာ တစ်ခုတည်းသောအဖြေဖြစ်သည်။

ကျင့်စဉ်တတိယအဆင့်သည် လူသတ်သမားငါးယောက်နှင့်တူသည့် ဥပါဒါန်ကိန်းနေသော နိဝရဏတရားငါးပါးကို လွန်မြောက်အောင် ကျင့်သောအပိုင်းဖြစ်သည်။*

ကျင့်စဉ်စတုတ္ထအဆင့်သည် ရွာကြီးခြောက်ရွာ၊ အိမ်ကြီးခြောက်လုံး၊ ဓားပြကြီးခြောက်ယောက်နှင့်တူသည့် အာရုံခြောက်ပါး၊ အကြည်ခြောက်စုံ၊ ဝိညာဏ်ခြောက်လုံးစသော ဆဆက္ကရုပ်နာမ်တို့ကို ပိုင်းခြားမြင်သော အပိုင်းဖြစ်သည်။

ကျင့်စဉ်ပဉ္စမအဆင့်သည် ဒိဋ္ဌေယပယ်မှု သောတာပတ္တိမဂ်ကျင့်စဉ်မှ ကျန်သော သြဃသုံးဖြာအား အဆင့်ဆင့် ပယ်သတ်သော သကဒါဂါမိမဂ်၊ အနာဂါမိမဂ်နှင့် အရဟတ္တမဂ်ကျင့်စဉ်တို့ ဖြစ်သည်။

ဤအာသီဝိသောပမသုတ္တန်ဖြင့် ဝိပဿနာကျင့်စဉ်ကို သုံးသပ်သော မြွေလေးကောင်အဆိပ်နှင့်တူသည့် ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုမှ လွတ်မြောက်အောင် ပထမဆုံး (ဆိုင်ရာသမထယာနိက သို့မဟုတ် ဝိပဿနာယာနိကအလိုက်) စတင်ကျင့်ရမည်ဟူ၍ နားလည်ပါ။

၂၅၂၂။ ဝမ္မိကသုတ္တန်အကျဉ်း†

---အသျှင်ကုမာရကဿပသည် ထိုညဉ့်လွန်သော် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးလျက် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်ကာ---ပ---

"အသျှင်ဘုရား တောင်ပို့ဟူသည် အဘယ်ပါနည်း၊ ညဉ့်၌ အခိုးလွှတ်ခြင်းဟူသည် အဘယ်ပါနည်း၊ နေ့၌တောက်ပခြင်းဟူသည်အဘယ်ပါနည်း၊ ပုဏ္ဏားဟူသည် အဘယ်ပါနည်း၊ ပညာရှိဟူသည် အဘယ်ပါနည်း၊ ဓားလက်နက်ဟူသည် အဘယ်ပါနည်း၊ အဆင့်ဆင့်တူးခြင်းဟူသည် အဘယ်ပါနည်း၊ တံခါးကျည်းမင်းတုပ်ဟူသည် အဘယ်ပါနည်း၊ ဖားဟူသည် အဘယ်ပါနည်း၊ လမ်းနှစ်ခွဟူသည် အဘယ်ပါနည်း၊ ဆပ်ပြာရေစစ်ဟူသည် အဘယ်ပါနည်း၊ လိပ်ဟူသည် အဘယ်ပါနည်း၊ သန်လျက်နှင့် စဉ်းတီတုံးဟူသည် အဘယ်ပါနည်း၊ သားတစ်ဟူသည် အဘယ်ပါနည်း၊ နဂါးဟူသည် အဘယ်ပါနည်း"ဟု လျှောက်၏။

"တောင်ပို့"ဟူသော ဤအမည်သည် အမိအဖတို့၏ သုတ်သွေးကြောင့်ဖြစ်သော ထမင်းမုယောမုံ့တို့ကြောင့် ကြီးပွားသော မမြဲခြင်း ပွတ်သပ်ပေးရခြင်း ဆုပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်း သဘောရှိသော မဟာဘုတ်လေးပါးတို့ကြောင့်ဖြစ်သော ဤကိုယ်၏ အမည်တည်း။ (၁)

ရဟန်း နေ့က ပြုထားသော အမှုကို အာရုံပြု၍ ညဉ့်၌ ကြံစည်၏၊ စဉ်းစား၏၊ ဤကြံစည်စဉ်းစားခြင်းသည် ညဉ့်၌အခိုးလွှတ်ခြင်းတည်း။

ရဟန်း ညဉ့်က ကြံစည်စဉ်းစား၍ နေ့၌ အမှုတို့ကို ကိုယ် နှုတ် စိတ်အားဖြင့် အားထုတ်၏၊ ဤအားထုတ်ခြင်းသည် နေ့၌ တောက်ပခြင်းတည်း။ (၂-၃)

---

* နိဝရဏတရားငါးပါးသည် တရားကျင့်မည့်စိတ်ကို သတ်တတ်သည့်သဘောကြောင့် လူသတ်သမားနှင့်တူသည်။

† စာမျက်နှာ(၇၆)တွင် ဖော်ပြပါရှိသော ကဿပမြတ်စွာဘုရား သာသနာ၌ အသက်စွန့်၍ တရားကျင့်ခဲ့သော ရဟန်းသုံးပါးတွင် တစ်ပါးသည် ဂေါတမမြတ်စွာဘုရားသာသနာ၌ ပက္ကုသာတိမင်းဖြစ်လာသည်။ နောက်တစ်ပါးသည် ဗာဟိယဒါရုစီရိမထေရ် ဖြစ်လာပြီး နောက်ဆုံးတစ်ပါးသည် အရှင်ကုမာရကဿပမထေရ် ဖြစ်လာသည်။ အနာဂါမ် ဖြစ်သွားသော ရဟန်းသည် စုတိသော် သုဒ္ဓါဝါသဗြဟ္မာဖြစ်လာပြီး ယခု ဂေါတမမြတ်စွာဘုရား သာသနာ၌ ယခင်က တရားကျင့်ဖော်ဖြစ်သူ အရှင်ကုမာရကဿပမထေရ်အား တရားလက်ဆောင်အနေဖြင့် နိဗ္ဗာန်လမ်းပြစကားထာကို ပေးကာ မြတ်စွာဘုရားထံ မေးမြန်းလျှောက်ထားစေရာမှ မြတ်စွာဘုရားက ရှင်းလင်းဟောကြားတော်မူခြင်းဖြစ်သည်။ အကျယ်ကို မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယတွဲ၊ စာမျက်နှာ(၃၂)၌ ရှုပါ။

http://www.dhammadownload.com

ရဟန်း "ပုဏ္ဏား"ဟူသော ဤအမည်သည် ကိလေသာရန်သူကို (ပယ်)သတ်ပြီးသော (တရားအားလုံးကို) အလိုလို ကိုယ်တိုင်မှန်စွာသိတော်မူသောမြတ်စွာဘုရား၏ အမည်တည်း။

ရဟန်း "ပညာရှိ" ဟူသော ဤအမည်သည် ကျင့်ဆဲ'သေက္ခ'ရဟန်း၏ အမည်တည်း။ (၄-၅)

ရဟန်း "ဓားလက်နက်"ဟူသောဤအမည်သည် အရိယာမဂ်ပညာ၏ အမည်တည်း။

ရဟန်း "အဆင့်ဆင့် တူးခြင်း" ဟူသော ဤအမည်သည် လုံ့လအားထုတ်ခြင်း၏ အမည်တည်း။(၆-၇)

ရဟန်း "တံခါးကျည်းမင်းတုပ်" ဟူသော ဤအမည်သည် မသိမှု'အဝိဇ္ဇာ'၏ အမည်တည်း။ တံခါးကျည်းမင်းတုပ်ကို ဖယ်ပစ်လော့၊ မသိမှု 'အဝိဇ္ဇာ'ကို ပယ်စွန့်လော့၊ ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့်တူးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပာယ်တည်း။ (၈)

ရဟန်း "ဖား" ဟူသော ဤအမည်သည် အားကြီးသော အမျက်ထွက်ခြင်း၏ အမည်တည်း။ ဖားကို ဖယ်ပစ်လော့၊ အားကြီးသော အမျက်ထွက်ခြင်းကို ပယ်စွန့်လော့၊ ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့်တူးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပာယ်တည်း။

ရဟန်း "လမ်းနှစ်ခွ" ဟူသော ဤအမည်သည် တွေးတောယုံမှားခြင်း၏ အမည်တည်း။ လမ်းနှစ်ခွကို ဖယ်ပစ်လော့၊ တွေးတောယုံမှားခြင်းကို ပယ်စွန့်လော့၊ ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့်တူးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပာယ်တည်း။ (၁၀)

ရဟန်း "ဆပ်ပြာရေစစ်" ဟူသော ဤအမည်သည် ကာမ၌ လိုချင်ခြင်းဟူသော အပိတ်အပင်, ပျက်စီးစေလိုမှု ဟူသော အပိတ်အပင်, ထိုင်းမှိုင်းခြင်းဟူသော အပိတ်အပင်, ပျံ့လွင့်ခြင်း နောင်တရခြင်း ဟူသော အပိတ်အပင်, တွေးတောယုံမှားခြင်းဟူသော အပိတ်အပင်ဟူသော ဤအပိတ်အပင်ငါးမျိုးတို့၏ အမည်တည်း။ ဆပ်ပြာရေစစ်ကို ဖယ်ပစ်လော့၊ အပိတ်အပင် ငါးမျိုးတို့ကို ပယ်စွန့်လော့၊ ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့်တူးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပာယ်တည်း။ (၁၁)

ရဟန်း "လိပ်" ဟူသော ဤအမည်သည် ရုပ်ဟူသော စွဲယူအပ်သော ခန္ဓာ, ခံစားခြင်းဟူသော စွဲယူအပ်သော ခန္ဓာ, မှတ်သားခြင်းဟူသော စွဲယူအပ်သော ခန္ဓာ, ပြုပြင်စီရင်မှုဟူသော စွဲယူအပ်သော ခန္ဓာ, အထူးသိမှုဟူသော စွဲယူအပ်သော ခန္ဓာဟူသော ဤစွဲယူအပ်သော ခန္ဓာငါးပါးတို့၏ အမည်တည်း။ လိပ်ကို ဖယ်ပစ်လော့၊ စွဲယူအပ်သော ခန္ဓာငါးပါးတို့ကို ပယ်စွန့်လော့၊ ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့်တူးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပာယ်တည်း။

ရဟန်း "သန်လျက်နှင့် စဉ်းနှီးတုံး" ဟူသော ဤအမည်သည် အလိုရှိအပ် နှစ်သက်အပ် စိတ်ကို ဆွဲဆောင်တတ်ကုန်သော စက္ခုဝိညာဏ်ဖြင့် အထူးသိအပ်သော အဆင်း။ပ။ သောတဝိညာဏ်ဖြင့် အထူးသိအပ်သော အသံ။ပ။ ဃာနဝိညာဏ်ဖြင့် အထူးသိအပ်သော အနံ့။ပ။ ဇိဝှါဝိညာဏ်ဖြင့် အထူးသိအပ်သော အရသာ အလိုရှိအပ် နှစ်သက်အပ် စိတ်ကို ဆွဲဆောင်တတ်ကုန်သော ချစ်တတ်သော သဘောရှိကုန်သော ကာမရာဂနှင့် စပ်ယှက်တတ်မက်အပ်ကုန်သော ကာယဝိညာဏ်ဖြင့် အထူးသိအပ်ကုန်သော အတွေ့အထိဟူကုန်သော ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

သန်လျက်နှင့် စဉ်းနှီးတုံးကို ဖယ်ပစ်လော့၊ ကာမဂုဏ်ငါးပါးတို့ကို ပယ်စွန့်လော့၊ ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့်တူးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပာယ်တည်း။ (၁၃)

ရဟန်း "သားတစ်" ဟူသော ဤအမည်သည် နှစ်သက် တပ်စွန်းခြင်း 'နန္ဒိရာဂ'၏ အမည်တည်း။ သားတစ်ကို ဖယ်ပစ်လော့၊ နှစ်သက်တပ်စွန်းခြင်း 'နန္ဒိရာဂ'ကို ပယ်စွန့်လော့၊

http://www.dhammadownload.com

ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့်တူးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပာယ်တည်း။ (၁၄)

ရဟန်း "နဂါး" ဟူသော ဤအမည်သည် ရဟန္တာဖြစ်သော ရဟန်း၏ အမည်တည်း။ နဂါးသည် တည်ရှိပေစေ၊ နဂါးကို မထိခိုက်လင့်၊ နဂါးအား ရှိခိုးခြင်းကို ပြုလော့ ဟူသော ဤဝါကျ၏ အနက်ကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။ (၁၅)[၂၂]

အထက်ပါသုတ္တန်အရ ဝိပဿနာကျင့်စဉ်၏ အစ အလယ် အဆုံး အဆက်အစပ်ကို သုံးသပ်ကြည့်သော်---

ကျင့်စဉ်ပထမအဆင့်သည် တရားကျင့်သူ၏စိတ်အား သစ္စာလေးပါး မသိရန် ဖုံးကွယ်ထားသော မသိမှု'အဝိဇ္ဇာ' ပယ်စွန့်သည့် လုပ်ငန်းစဉ် ဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် သစ္စာလေးပါးတရားကို နာကြားမှုဖြစ်သည်။

ကျင့်စဉ်ဒုတိယအဆင့်သည် အလွန်အားကြီးသော အမျက်ထွက်ခြင်း ဒေါသကို ပယ်ရမည့်ကျင့်စဉ် ဖြစ်သည်။ ထိုဒေါသသည် တရားကျင့်သောယောဂီ၏ ပြင်းထန်သော ဓာတ်လေးပါးဖောက်ပြန်မှုကြောင့် ဖြစ်သည်။ အာသီဝိသောပမသုတ္တန်အရ ဓာတ်ကြီးလေးပါး၊ မြွေကြီးလေးကောင်၏ ဖောက်ပြန် အဆိပ်တက်မှုကြောင့် ဖြစ်သည်။ "ဖားကို ဖယ်ပစ်လော့၊ အားကြီးသောအမျက်ထွက်ခြင်းကို ဖယ်ပစ်လော့" ဆိုသည်မှာ ထိုဒေါသချုပ်ငြိမ်းအောင် သမထယာနိကနှင့် ဝိပဿနာယာနိကကျင့်စဉ်တို့မှ မိမိနှစ်သက်ရာ ကျင့်စဉ်ဖြင့် ဖယ်ပစ်ရမည်ဖြစ်သည်။

တတိယအဆင့်မှာ လမ်းနှစ်သွယ် ဖြစ်သော သမထယာနိကနှင့် ဝိပဿနာယာနိက ကျင့်စဉ်တို့မှ ဘယ်လမ်းလိုက်ရမည်လဲဟု မဆုံးဖြတ်နိုင်ခြင်း (ဝိစိကိစ္ဆာ)ကို ပယ်ဖျောက်လျက် တစ်လမ်းလမ်းကို ဆုံးဖြတ်၍ ကျင့်စဉ်တက်ပါဟု ဆိုလိုခြင်းဖြစ်သည်။

စတုတ္ထအဆင့်မှာ ဆပ်ပြာရေစစ်တည်းဟူသော နိဝရဏတရားငါးပါးကို ပယ်စွန့်ရသော ကျင့်စဉ် ဖြစ်သည်။ မိမိကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို မတည်ငြိမ်အောင် ဆွဲဆောင်တတ်သောကြောင့် မဂ်တရား ဖိုလ်တရားကို ပိတ်ဆို့တတ်သည်။ ထို့ကြောင့် ထိုနိဝရဏတရားငါးပါး စိတ်၌ မကပ်ငြိအောင် ပယ်ခွာရမည်ဖြစ်သည်။

ပဉ္စမအဆင့်မှာ လိပ်နှင့်တူသည့် ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော စက္ခုအကြည်၊ စက္ခုဝိညာဏ်စသော အတွင်းအာယတနရုပ်နာမ်တို့အပေါ်၌ ဒိဋ္ဌိပြုတ်ကြောင်း ရှုမှတ်ပွားများရမည့် သောတာပတ္တိမဂ် ကျင့်စဉ် ဖြစ်သည်။

ဆဋ္ဌမအဆင့်မှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့တည်းဟူသော သံလျော်*နှင့်တူသည့် အာရုံငါးပါး၊ ကာမဂုဏ်တရားနှင့် ထိုအာရုံတို့၏ သုခ၊ဒုက္ခကို ခံစားသော သုခဝေဒနာ၊ ဒုက္ခဝေဒနာတို့ကို လက္ခဏာရေးသုံးပါးတင်ရှု၍ ကာမရာဂါနုသယနှင့် ပဋိဃာနုသယတို့ကို ပယ်စွန့်ရမည့် သကဒါဂါမိမဂ်နှင့် အနာဂါမိမဂ်ကျင့်စဉ် ဖြစ်သည်။

သတ္တမအဆင့်မှာ အဝိဇ္ဇာနုသယနှင့် သားတစ်နှင့်တူသည့် ဘဝဋ္ဌကပ်ငြိနေသော နန္ဒီရာဂ (ဘဝရာဂါနုသယ)ကို အပြီးတိုင် ပယ်စွန့်ရခြင်း အရဟတ္တမဂ်ကျင့်စဉ် ဖြစ်သည်။

အထက်ပါ ဝမ္မိကသုတ္တန်အရ တရားစကျင့်သော ယောဂီတိုင်းသည် မဟာဘုတ် ဓာတ်လေးပါးတို့နှင့် မကင်းနိုင်ပါ။ တောင်ပို့တည်းဟူသော ဓာတ်ကြီးလေးပါး ပြင်းထန်စွာ နှိပ်စက်မှုကြောင့် အားကြီးသောအမျက်ထွက်ခြင်း ဒေါသ၊ နှလုံးမသာယာမှု ဒေါမနဿနှင့်

---

[၂၂] မူလပဏ္ဏာသပါဠိတော် မြန်မာပြန်၊ ဩပမ္မဝဂ်၊ ဝမ္မိကသုတ်–၂၅၀ နှာ–၂၀၁

* သံလျော်သည် ခုတ်တတ်သဖြင့် အတိုက်သဘောဆောင်သည်။ စဉ်းတီတုံးသည် အခုတ်ခံရသဖြင့် အခံဓာတ်နှင့်တူသည်။

http://www.dhammadownload.com

ပထမဆုံး ရင်ဆိုင်ရမည်ဖြစ်သည်။ ထိုဒေါသအား ပယ်ခွာသောကျင့်စဉ်ကို စတင်ကျင့်ရမည်။ ဒုတိယအဆင့်တွင်မှ လမ်းနှစ်သွယ်ရွေးချယ်ရမည်ဖြစ်သည်။ တတိယအဆင့်သည် နီဝရဏတရား ငါးပါး ပယ်ခွာသောအဆင့် ဖြစ်သည်ကို တရားကျင့်သောယောဂီများ အထူးသတိပြုပါ။

၂၊၆။ ဝိပဿနာကျင့်စဉ်လမ်းကြောင်းအစ သုံးသပ်ချက်

(၁) ဝိသုဒ္ဓိ (၇)ပါး

(၁) သီလဝိသုဒ္ဓိ
(၂) စိတ္တဝိသုဒ္ဓိ
(၃) ဒိဋ္ဌိဝိသုဒ္ဓိ
(၄) ကခီါဝိတရဏဝိသုဒ္ဓိ
(၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ
(၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ
(၇) ဉာဏဒဿနဝိသုဒ္ဓိ

ဟူ၍ (၇)ဆင့်ရှိသည်။ ထို(၇)ဆင့်ကို ပြန်ခွဲလျှင် သီလဝိသုဒ္ဓိကို သီလအစု၊ စိတ္တဝိသုဒ္ဓိကို သမာဓိအစု၊ ဒိဋ္ဌိဝိသုဒ္ဓိမှ ဉာဏဒဿဏဝိသုဒ္ဓိအထိကို ပညာအစုဟူ၍ ခွဲခြားနိုင်သည်။ သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာ(၃)ရပ်ပင် ဖြစ်သည်။ ထိုသိက္ခာ(၃)ရပ်ကို မဂ္ဂင်ဖွဲ့သော် သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်ဟူ၍ မဂ္ဂင်(၈)ပါး ပြန်ရသည်။ ဝိသုဒ္ဓိ(၇)ပါးတွင် အခြေခံအကျဆုံး သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိသည် ကာယကံ၊ ဝစီကံနှင့် မနောကံ(စိတ်) စင်ကြယ်အောင် ပြုရသောအကျင့် ဖြစ်သည်။

တရားကျင့်သောယောဂီသည် ဤသဘောကို နားလည်ကာ သီလဝိသုဒ္ဓိ ပြည့်စုံအောင် ဖြည့်ဆည်းခြင်းသည် ပဓာနအလုပ်ဟု နားလည်ရမည်။ တနည်းအားဖြင့်ဆိုသော် သီလ စင်ကြယ်အောင် ပြုလုပ်နေခြင်းပင်လျှင် တရားကျင့်နေခြင်းဖြစ်သည်ဟု နားလည်ရမည်။ စင်စစ် တရားသည် ကျင့်စရာမဟုတ်၊ ရှုစရာသာဖြစ်သည်။ တရားကျင့်သည်ဆိုသည်မှာ ရှုစရာတရား တို့ကို မြင်နိုင်စွမ်းရှိသည့်သမာဓိအမြင်ရရန် သီလစင်ကြယ်အောင်ပြုခြင်းနှင့် စိတ်စင်ကြယ်အောင် ပြုခြင်းပင် ဖြစ်သည်။ ထို့ကြောင့် တရားကျင့်ခြင်းဟူသည် ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ နှစ်ရာ့နှစ်ဆယ့်ခုနှစ်သွယ်သီလ လုံခြုံအောင် စောင့်ထိန်းမှုပြုလုပ်နေခြင်း(ပါတိမောက္ခသံဝရသီလ) နှင့် စိတ်ကို စက္ခုစသော ဒွါရ(၆)ပါးမှ အကြောင်းခံ၍ ကိလေသာ (ဝါ) လောဘ, ဒေါသ, မောဟ, ဒိဋ္ဌိ, ပညတ်တို့ တဒင် ဝိက္ခမ္ဘန မကပ်အောင် သတိဖြင့် စောင့်ရှောက်နေသောအလုပ် (ဣန္ဒြိယသံဝရသီလ)ပင် ဖြစ်သည်ဟု နားလည်ရမည်။ မိမိ၏မူလကမ္မဋ္ဌာန်းမှ စိတ်ပျံ့လွင့်ခြင်း၊ ဣရိယာပုထ်ပျက်ခြင်း (မနိန္ဒေ၊ ကာယိန္ဒေပျက်ခြင်း)ကို ဖြစ်စေမည့် မြွေကြီးလေးကောင်၏ အဆိပ်လေးမျိုး (ဝါ) ဖားတည်းဟူသော ဒေါသကို ပယ်ခြင်းသည်ပင်လျှင် တရားစတင်ကျင့်ခြင်း ဖြစ်သည်။

http://www.dhammadownload.com

(၂) အကုသိုလ်ဓစတသိက်(၁၄)လုံး

အခန်း(၁)၌ဆန့်ကျင်ဘက်နှစ်အုပ်စုခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပြီးသည့်အတိုင်း စာရားမကျင့်မီ ကတည်းက စိတ်၌ မောဟ, လောဘ, ဒေါသ စသော ကိလေသာ စေတသိက်(၁၄)လုံးတို့ ခိုင်မြဲစွာ အုပ်ချုပ်ထားကြသဖြင့် စိတ်သည် မစင်ကြယ်ပါ။ မစင်ကြယ်သောစိတ်သည် စင်ကြယ်သော ပရမတ်ရုပ်နာမ်တို့ကို မမြင်နိုင်ပါ။ ထို့ကြောင့် ထိုအကုသိုလ်စေတသိက်(၁၄)လုံး စိတ်၌ မကပ်ငြိအောင် တဒင်္ဂ ဝိက္ခမ္ဘနပဟာန် (တရားတစ်ကြိမ်ထိုင်လျှင် ၁၀-နာရီမျှ)အားဖြင့် လုံခြုံအောင် စောင့်ထိန်းနေခြင်းသည်ပင်လျှင် တရားကျင့်နေသည်ဟုခေါ်သည်။

(၃) ပဋိစ္စသမုပ္ပါဒ် ဖြတ်ခြင်း

(ဝေဒနာမှတဏှာဖြတ်)

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့သည် မပယ်အပ်သော တရားများ ဖြစ်သည်။ ဝေဒနာမှ တဏှာကူး၍ ကံသစ်၊ ဘဝသစ်ရခြင်း ဖြစ်သောကြောင့် ဝေဒနာမှ တဏှာမကူးရန် ဖြတ်ရခြင်းဖြစ်သည်။ ဝေဒနာကိုလည်း (၃)မျိုး ပြန်ခွဲနိုင်သည်။ ထို(၃)မျိုးမှာ -

၁။ ဒုက္ခဝေဒနာ

၂။ သုခဝေဒနာ

၃။ ဥပေက္ခာဝေဒနာ

ဒုက္ခဝေဒနာသည် မကောင်းသော အာရုံ၏ အနိဋ္ဌရသကို ခံစားသည်။ သုခဝေဒနာသည် ကောင်းသောအာရုံ၏ ကြဋ္ဌရသကို ခံစားသည်။ ဥပေက္ခာဝေဒနာသည် ကောင်းမှု ဆိုးမှု မရှိသော အလယ်အလတ်အာရုံကို ခံစားသည်။

ကြဋ္ဌာရုံကြောင့်ဖြစ်သော သုခဝေဒနာမှ သောမနဿ (နှစ်သက်သော) စိတ်ဖြစ်၍ အနိဋ္ဌာရုံကြောင့် ဖြစ်သော ဒုက္ခဝေဒနာမှ ဒေါမနဿ (မနှစ်သက်သော) စိတ်ဖြစ်၏။ ထိုဝေဒနာ နှစ်မျိုး အကြောင်းခံ၍ ကိလေသာဖြစ်ရာတွင် မည်သည့်ကိလေသာကို အရင်သတ်ရမည်နည်းဟု သုံးသပ်ကြည့်ရမည်။

မိမိ၏ ဒွါရခြောက်ပါးသို့ သောမနဿ (လောဘကိလေသာ) ဖြစ်စေသော ကြဋ္ဌာရုံနှင့် ဒေါမနဿ (ဒေါသကိလေသာ)ကို ဖြစ်စေသော အနိဋ္ဌာရုံတို့ တပြိုင်တည်း ကျရောက်သည်ရှိသော် အဓိပတိ (ဦးစီးမှု) အာရုံကို နာမ်ညွှတ်ခံစားလိမ့်မည်။ အကယ်၍ လူတစ်ယောက်သည် အဆင်းရှုပါရုံ နတ်သမီးတစ်ယောက်ကိုမြင်၍ သုခဝေဒနာ ကျရောက်မှု (အဓိပတိကြဋ္ဌာရုံ)နှင့် မိမိ၏မျက်စိကို ဆူးဖြင့် အထိုးခံရ၍ ဒုက္ခဝေဒနာကျရောက်မှု (အဓိပတိအနိဋ္ဌာရုံ) နှစ်မျိုးစုံ တပြိုင်တည်း ကျရောက်လျှင် မည်သည့်အာရုံကို နာမ်ဦးစီးညွှတ်ကာ ခံစားမည်လဲဟု သုံးသပ်ကြည့်လျှင် ဒုက္ခဝေဒနာကိုသာ နာမ်ညွှတ်လိမ့်မည်။ နတ်သမီးကို မကြည့်ရလျှင် နေပါစေ။ မျက်စိကိုတော့ အထိခိုက်မခံနိုင်ပါ။ ထို့ကြောင့် သတ္တဝါတို့သည် မိမိ၏ခန္ဓာကိုယ်၌ ဒုက္ခဝေဒနာကို ဖြစ်စေမည့် အနိဋ္ဌာရုံကျရောက်မှုကို မလိုလားကြပေ။ ထိုအနိဋ္ဌာရုံ ကျရောက်မှုကို ရင်ဆိုင်ရလျှင် တားဆီးချုပ်တည်း၍ မရနိုင်သည့် ဒေါသစေတနာ ဖြစ်ပေါ်လာပြီး ဆင်းရဲမီးတောက်ရသည်။

ဤသဘောကိုထောက်၍ သုခဝေဒနာထက်ဒုက္ခဝေဒနာကိုအခြေခံ၍ ကျင့်စဉ်တက်ရမည် ဖြစ်ကြောင်း အဖြေထုတ်၍ ဒုက္ခဝေဒနာမှ ဒေါသကို စတင် ပယ်ခွာသော အလုပ်သည်ပင် တရားကျင့်စဉ်အစ ဖြစ်သည်ဟု သိနိုင်သည်။

http://www.dhammadownload.com

(၄) ဘုံသုံးပါး

တရားကျင့်ခြင်းသည် ဘုံသုံးပါးမှ လွတ်မြောက်ရန် အားထုတ်ခြင်း ဖြစ်သည်ဟု နားလည်ရမည်။ ထိုဘုံသုံးပါးသည် ဒုဂ္ဂတိအပါယ်လေးဘုံ၊ ကာမသုဂတိ လူ့ဘုံနှင့် နတ်ဘုံ၊ ဈာနဂတိ ဗြဟ္မာဘုံတို့ဖြစ်သည်။ ထိုဘုံသုံးပါးတွင် ရှေးဦးစွာ ဒုဂ္ဂတိဟူသော အပါယ်လေးဘုံမှ လွတ်ရန် အားထုတ်ရသည်။ ထိုဒုဂ္ဂတိပဋိသန္ဓေသည် ဒုက္ခအာရုံကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာ၏ ယှဉ်ဖက် ကြမ်းတမ်းသော လောဘ, ဒေါသ, မောဟတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် တရားကျင့်သောယောဂီသည် ရူပကာယ၏ ဒုက္ခအာရုံမှ အပါယ်လေးဘုံသို့ ကျရောက်စေသည့် ကြမ်းတမ်းသော လောဘ၊ ဒေါသ၊ မောဟတို့ သိမ်းဆည်းသော အကျင့်သည်ပင်လျှင် တရားကျင့်စဉ်အစ ဖြစ်သည်ဟု နားလည်သဘောပေါက်ရမည်။

(၅)သခ်ၤါရုပစ္ဆယာ ဝိညာဏ်

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ သခ်ၤါရကြောင့် ဝိညာဏ်ဖြစ်ရသည်။ ဝိညာဏ်ဖြစ်လျှင် ခန္ဓာတည်ရသဖြင့် ဒုက္ခအစုအဝေး ရရှိပြန်သည်။ သခ်ၤါရချုပ်လျှင် ဝိညာဏ်ချုပ်မည်ဖြစ်သည်။ ထို့ကြောင့် သခ်ၤါရနှင့် ဝိညာဏ်တစ်ဖြတ် ဖြတ်ရမည်။ သခ်ၤါရသည် ပုညာဘိသခ်ၤါရ(ကုသိုလ်ဖြင့် ပြုပြင်စီရင်မှု)၊ အပုညာဘိသခ်ၤါရ (အကုသိုလ်ဖြင့် ပြုပြင်စီရင်မှု)၊ အာနဉ္ဇာဘိသခ်ၤါရ (အရူပမဟဂ္ဂုတ်ကုသိုလ်ဖြင့် ပြုပြင်စီရင်မှု)ဟူ၍ (၃)မျိုး ကွဲပြားသည်။ အကုသိုလ်သခ်ၤါရကြောင့် အပါယ်ဒုဂ္ဂတိဝိညာဏ် ဖြစ်သည်။ ပုညာဘိသခ်ၤါရကြောင့် လူ၊နတ်၊ ရူပဗြဟ္မာဝိညာဏ်ဖြစ်သည်။ အာနဉ္ဇာဘိသခ်ၤါရကြောင့် အရူပဗြဟ္မာဝိညာဏ် ဖြစ်သည်။ ဓာတ်လေးပါး ပြင်းထန်စွာ ဖောက်ပြန်နှိပ်စက်မှုကြောင့် ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာမှ သက်သာရာကို တောင့်တပြောဆိုနေမှုနှင့် ညည်းညူအော်ဟစ်နေသော ဝစီသခ်ၤါရ၊ မည်ကဲ့သို့ သက်သာမည်လဲ ဟူ၍ ကြံစည်မှုစိတ္တသခ်ၤါရတို့နှင့် နေသာအောင် ခန္ဓာအိမ်ကို ပြုပြင်လှုပ်ရှားသော ကာယသခ်ၤါရတို့သည် အပါယ်လေးပါးကို ကျစေသော အပုညာဘိသခ်ၤါရ ဖြစ်သည်။ ဝိပဿနာယာနိကကျင့်စဉ်၌ ရူပကာယ၏ ဖောက်ပြန်မှုကို အကြောင်းခံသော ဒုက္ခဝေဒနာမှ အပုညာဘိသခ်ၤါရ(၃)မျိုး မဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်ပင်လျှင် တရားကျင့်စဉ်၏အစဟု သတ်မှတ်ရမည်။

(၆) ဥပါဒါန ပစ္ဆယာ ဘဝေါ

ဥပါဒါန် (၄)မျိုးရှိ၏။
(၁) ဒိဋ္ဌုပါဒါန်
(၂) အတ္တဝါဒုပါဒါန်
(၃) ကာမုပါဒါန်
(၄) သီလဗ္ဗတုပါဒါန်

သီလဗ္ဗတုပါဒါန်သည် သာသနာပတိတို့၌သာ ရှိ၍ ကျန်သော ဥပါဒါန်(၃)မျိုးသည် ပုထုဇဉ်လူသားတိုင်း၌ ရှိကြသည်။ ဒိဋ္ဌုပါဒါန်နှင့် အတ္တဝါဒုပါဒါန်အကြမ်းစားသည် အပါယ်လေးဘုံသို့ ရောက်စေသော အကြောင်းအရင်း ဖြစ်သည်။ ထို့ကြောင့် တရားကျင့်သူတို့ စတင်တွေ့ကြုံရမည့် ဓာတ်လေးပါးဖောက်ပြန်မှုဒုက္ခဝေဒနာကြောင့် ဖြစ်ပေါ်လာသည့် အပါယ်ဒုဂ္ဂတိကို ကျစေသော ဒိဋ္ဌုပါဒါန် (ငါ့ပေါင်က နာနေတယ် ထုံနေတယ် စသည်)၊ အတ္တဝါဒုပါဒါန် (ငါနာနေတယ် ငါဆင်းရဲနေတယ် စသည်) အကြမ်းစားတို့ စိတ်၌ မကပ်ငြိအောင် ထိန်းသိမ်းခြင်းသည်ပင်လျှင် တရားကျင့်စဉ်အစ ဖြစ်သည်။

http://www.dhammadownload.com

(၇) အာရမ္မဏာပန္နည်း

စိတ်သည် အာရုံနှင့် ကင်းသည်ဟူ၍ မရှိပေ။ ဟိတ်(၆)ပါးသည် အာရုံ(၆)ပါးကို အကြောင်းခံ၍ ဖြစ်လာသည်။ ထိုအာရုံ(၆)ပါးကို အကျဉ်းချုပ်သော် ကွဋ္ဌာရုံနှင့် အနိဋ္ဌာရုံ နှစ်မျိုးသာရှိသည်။ တရားကျင့်နေစဉ် ဓာတ်လေးပါးဖောက်ပြန်မှု အနိဋ္ဌာရုံသည် မကောင်းသော ဒုဂ္ဂတိဘဝကိုရောက်စေသော ဒေါသ၏ပဓာနအကြောင်းရင်းဖြစ်သည်။ ကွဋ္ဌာရုံသည် သုဂတိဘုံကို ရောက်စေသော လောဘ၏ ပဓာနအကြောင်းရင်း ဖြစ်သည်။ ထို့ကြောင့် တရားကျင့်သော ယောဂီသည် ကာယိကဒုက္ခဖြစ်သည့် အနိဋ္ဌာရုံသို့ စိတ်ကို မရောက်ရှိအောင် သိမ်းဆည်းခြင်း အလုပ်သည်ပင်လျှင် တရားကျင့်စဉ်၏အစဖြစ်သည်။

(၈) အဓိပတိပန္နည်း

ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီရိယာဓိပတိ၊ ဝိမံသာဓိပတိဟူ၍ အဓိပတိ(၄)ပါး ရှိသည်။ အကုသိုလ် ပြုရာ၌ ဆန္ဒ၊ စိတ္တ၊ ဝီရိယအဓိပတိ (၃)ပါး ပါဝင်နေတတ်သည်။ ထို့ကြောင့် တရားကျင့်နေစဉ် ကာယိယဒုက္ခဝေဒနာကို ပျက်ပြားစေလိုသော အားကြီးသောဆန္ဒ(ဆန္ဒာဓိပတိ)၊ ကွဋ္ဌရိယာပုထ်ကို ပြုပြင်လိုသော အားကြီးသောစိတ်(စိတ္တာဓိပတိ)၊ ထိုဆန္ဒနှင့် စိတ်တို့အား အောင်မြင်အောင် အားထုတ်မှု အာကြီးသောဝီရိယ(ဝီရိယာဓိပတိ)တို့ကို စိတ်၌မကပ်ငြိအောင် စောင့်ထိန်းခြင်းအလုပ်သည်ပင်လျှင် တရားကျင့်စဉ်အစ ဖြစ်သည်။

(၉) မဟာသတိပဋ္ဌာနသုတ္တန်ဖြင့် သုံးသပ်ခြင်း

"လောကေ-ဝေဒနုပါဒါနက္ခန္ဓာ ဟူသော လောကဋ္ဌ။ အဘိဇ္ဈာဒေါမနဿံ-ဝေဒနာကို တပ်သောအားဖြင့် ရှေးရှုကြံခြင်းဟူသော လောဘ၊ ရှေးရှုကြံတိုင်း မရခြင်းကြောင့် နှလုံးမသာယာခြင်းဟူသောဒေါမနဿကို၊ ဝိနေယျ-တဒင်္ဂဝိက္ခမ္ဘနအားဖြင့် ဖျောက်၍။"[၄၄]

ဤအချက်ကို ရည်ညွှန်း၍ အဋ္ဌကထာအဖွင့်၌ **"ဝေဒနံ ဝိက္ခမ္ဘေတွာ ဝိပဿနံ ဝမေန္တော"**[၄၅] ဟု အဋ္ဌကထာဆရာ မိန့်ဆိုသည်။ ဝေဒနာခွာသည်ဟူသည်မှာ ဒုက္ခဝေဒနာကို နှလုံးမသွင်းခြင်းဖြင့် ပယ်ဖျောက်ခြင်း (**ဒုက္ခဝေဒနံ အမနသိကာရေန ဝိနောဒေတွာ**)ပင် ဖြစ်သည်ဟု ဋီကာဆရာက ထပ်၍ မိန့်ဆိုပြန်သည်။[၄၆] ဓာတ်လေးပါးဖောက်ပြန်မှုကို အာရုံပြန်မပြုခြင်း (ဝါ) နှလုံးမသွင်းခြင်းသည် မွေ့ကြိုးလေးကောင် လွတ်ရာသို့ တရှိန်ထိုး ပြေးသည်နှင့်တူ၏။ ယင်းအလုပ်သည်ပင်လျှင် တရားကျင့်စဉ်၏အစဖြစ်သည်။

(၁၀) နိဝရဏပါးပါး

စိတ်ကို ကုသိုလ်တရား (စျာန်မဂ်ဖိုလ်) နှင့် မဆက်စပ်မိအောင် ပိတ်ဆို့တတ်သော သဘောကို နိဝရဏတရားဟု ခေါ်သည်။ ထိုနိဝရဏတရား (၅)ပါးမှာ

(၁)	**ကာမဆန္ဒနိဝရဏ**	=	**ကာမသုခချမ်းသာ၌ တောင့်တခြင်း**
(၂)	**ဗျာပါဒနိဝရဏ**	=	**စိုးရိမ်ကြောင့်ကြမှု**
(၃)	**ထိနမိဒ္ဓနိဝရဏ**	=	**စိတ်စေတသိက်တို့ ထိုင်းမှိုင်းမှု**
(၄)	**ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ**	=	**စိတ်ပျံ့လွင့်မှုနှင့် နောင်တ,တဖန်ပူပန်မှု**
(၅)	**ဝိစိကိစ္ဆာနိဝရဏ**	=	**သို့လော သို့လော တွေးတောကြံစည်မှု**

---

[၄၃] မဟာသတိပဋ္ဌာနသုတ် နိဿယ၊ ဆရာတော်ဦးဗုဒ္ဓမိတ္တ၊ နာ-၄၄

[၄၄] ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်အဋ္ဌကထာ၊ မဟာသတိပဋ္ဌာနသုတ်အဖွင့်၊ အတွဲ-၂၊ နာ-၃၄၀

[၄၅] မဟာဝဂ္ဂဋီကာ ဒုတိယတွဲ၊ နာ-၂၈၃

http://www.dhammadownload.com

အထက်ပါ နိဝရဏ(၅)ပါးတို့သည် တရားမကျင့်သူများ၌ တစ်မျိုးမဟုတ်တစ်မျိုး အမြဲတမ်း ကပ်ငြိနေသည်။ ထို့ကြောင့် တရားစကျင့်သူသည် ထိုနိဝရဏ(၅)ပါး၏ တားဆီးပိတ်ဆို့မှုကို ပထမဆုံး တွေ့ကြုံရမည် ဖြစ်သည်။ တရားကျင့်သောအခါ ပြင်ပအာရုံထက် အတွင်းခန္ဓာ ဓာတ်လေးပါးဖောက်ပြန်မှု အာရုံက ပို၍ ဦးစီးသည်။ ဓာတ်လေးပါးပြင်းထန်စွာ ဖောက်ပြန်လာသောအခါ မိမိရူပကာယဝတ္ထု နှိပ်စက်ခံရမှုဒုက္ခ ပျက်ပြယ်ရန် (ဝါ) ချမ်းသာရန် ဆန္ဒရှိမှု ကာမစ္ဆန္ဒနိဝရဏ၊ ထိုဓာတ်လေးပါးဖောက်ပြန်မှု ဒုက္ခကြောင့် စိုးရိမ်ကြောင့်ကြဖြစ်နေမှု ဗျာပါဒနိဝရဏ၊ ထိုဓာတ်လေးပါးဖောက်ပြန်မှုဒုက္ခကြောင့် ဖြစ်ပေါ်လာသည့် စိတ်မတည်ငြိမ်မှု ဥဒ္ဓစ္စနိဝရဏ၊ ထိုဓာတ်လေးပါးဖောက်ပြန်မှု ဒုက္ခကြောင့် ဖြစ်ပေါ်လာသည့် နောင်တ,တဖန် ပူပန်ခြင်း ကုက္ကုစ္စနိဝရဏနှင့် (ငါဒီလိုကျင့်တာ, ဒီဆရာနှင့်ကျင့်တာ မှားပြီလားမသိ ဟူသော) ဝိစိကိစ္ဆာနိဝရဏ ဟူသော နိဝရဏတရား(၅)ပါးသည် စိတ်ကို ကြမ်းတမ်းစွာ ပူးကပ်သည်။ ထို့ကြောင့် စိတ်၌ ထိုနိဝရဏတရား(၅)ပါးတို့ မကပ်ငြိအောင် စောင့်ထိန်းပယ်ခွာနေသော အလုပ်သည်ပင်လျှင် တရားကျင့်စဉ်အစဖြစ်သည်။

(၁၁) အကုသိုလ်ဝိတက် (၃)ပါး

ကာမဝိတက် = အာရုံငါးပါး၌ ကြံစည်ခြင်း
ဗျာပါဒဝိတက် = စိုးရိမ်ကြောင့်ကြဖွယ်ရာ၌ ကြံစည်ခြင်း
ဝိဟိံသဝိတက် = စိတ်၌ ဖိစီးနှိပ်စက်ဖွယ်ရာကြံစည်ခြင်း

တရားမကျင့်ရသေးသော ပုဂ္ဂိုလ်တိုင်း၌ ဝိတက်(၃)ပါးသည် တစ်မျိုးမဟုတ်တစ်မျိုး အကြောင်းတိုက်ဆိုင်ကာ ကပ်ရောက်နေမှုရှိသည်။ ထိုဝိတက်(၃)ပါးသည် ဗဟိဒ္ဓနှင့် အဇ္ဈတ္တအာရုံ နှစ်မျိုး၌ ယှဉ်နေသည်။ တရားကျင့်နေစဉ် ဓာတ်လေးပါးဖောက်ပြန်မှု ကာမရုပ်၏ နှိပ်စက်မှုမှ သက်သာရာကို ကြံစည်မှု ကာမဝိတက်၊ ယင်းကာမရုပ်၏နှိပ်စက်မှုသဘောကြောင့် နေသာခံခက် ဖြစ်၍ မည်ကဲ့သို့ သက်သာရန် ပြုရမည်နည်းဟု စိုးရိမ်ကြောင့်ကြဖြစ်နေမှု ဗျာပါဒဝိတက်၊ ထိုနှိပ်စက်နေသော အာရုံကိုပင် မစွန့်လွှတ်နိုင်ပဲ ထိုအာရုံ၌ စိတ်ကို ကပ်ငြိနှိပ်စက်စေခြင်း ဝိဟိံသဝိတက် ဟူ၍ ဝိတက်(၃)ပါးနှင့် တွေ့ကြုံရမည်ဖြစ်သည်။ ထိုဝိတက်(၃)ပါး စိတ်၌ မကပ်ငြိအောင် စောင့်ထိန်းဖယ်ခွာနေသော အမှုသည်ပင်လျှင် ကျင့်စဉ်အစဖြစ်သည်။

(၁၂) ကုသိုလ်၊ အကုသိုလ်လမ်း

မဂ်(မဂ္ဂ)ဟူသည် လမ်းပင်ဖြစ်သည်။ ကောင်းသောလမ်းကို သမ္မာမဂ်၊ မကောင်းသော လမ်းကို မိစ္ဆာမဂ်ဟု ခေါ်သည်။ မဂ်ဟူသည် အင်္ဂါ (၈)မျိုးရှိသည်။

(၁) ဒိဋ္ဌိ = မြင်မှု
(၂) သင်္ကပ္ပ = ကြံမှု
(၃) ဝါစာ = ပြောမှု
(၄) ကမ္မန္တ = ပြုလုပ်မှု
(၅) အာဇီဝ = မွေးမြူမှု
(၆) ဝါယာမ = လုံ့လပြုမှု
(၇) သတိ = အောက်မေ့မှု
(၈) သမာဓိ = ဖြောင့်မှု

http://www.dhammadownload.com

မိစ္ဆာမဂ္ဂင်		သမ္မာမဂ္ဂင်	
၁။မိစ္ဆာဒိဋ္ဌိ	=မှားယွင်းစွာမြင်မှု	၁။သမ္မာဒိဋ္ဌိ	=မှန်ကန်စွာ မြင်မှု
၂။မိစ္ဆာသင်္ကပ္ပ	=မှားယွင်းစွာ ကြံစည်မှု	၂။သမ္မာသင်္ကပ္ပ	=မှန်ကန်စွာ ကြံစည်မှု
၃။မိစ္ဆာဝါစာ	=မှားယွင်းစွာပြောမှု	၃။သမ္မာဝါစာ	=မှန်ကန်စွာ ပြောမှု
၄။မိစ္ဆာကမ္မန္တ	=မှားယွင်းစွာ ပြုလုပ်မှု	၄။သမ္မာကမ္မန္တ	=မှန်ကန်စွာ ပြုလုပ်မှု
၅။မိစ္ဆာအာဇီဝ	=မှားယွင်းစွာ မွေးမြူမှု	၅။သမ္မာအာဇီဝ	=မှန်ကန်စွာ မွေးမြူမှု
၆။မိစ္ဆာဝါယာမ	=မှားယွင်းစွာ လုံ့လပြုမှု	၆။သမ္မာဝါယာမ	=မှန်ကန်စွာ လုံ့လပြုမှု
၇။မိစ္ဆာသတိ	=မှားယွင်းစွာ အောက်မေ့မှု	၇။သမ္မာသတိ	=မှန်ကန်စွာအောက်မေ့မှု
၈။မိစ္ဆာသမာဓိ	=မှားယွင်းစွာ ဖြောင့်မှု	၈။သမ္မာသမာဓိ	=မှန်ကန်စွာ ဖြောင့်မှု[၂၆]

တရားမကျင့်ရသေးသော လူသားတို့၏စိတ်၌ မိစ္ဆာမဂ္ဂင်(၈)ပါး ယှဉ်တွဲနေသည်။ သမ္မာမဂ္ဂင်(၈)ပါး စိတ်၌ယှဉ်နိုင်ရန် မိစ္ဆာမဂ္ဂင် (၈)ပါးကို ပယ်ခွာရမည်။ အကုသိုလ်မဂ္ဂင် (၈)ပါး စိတ်၌မကပ်ငြိအောင် စောင့်ထိန်းမှုသည် တရားကျင့်သည်မည်၏။ တရားကျင့်သောယောဂီသည် တရားကျင့်သည့် အဓိပ္ပာယ်ကို သုံးသပ်သော် အမြင်မှားနေသည်ကို အမြင်မှန်ဖြစ်အောင် ပြုခြင်း၊ အကြံမှားနေသည်ကို အကြံမှန်အောင် ပြုခြင်း၊ မွေးမြူမှု မှားနေသည်ကို မှန်ကန်အောင် ပြန်မွေးမြူခြင်း၊ အောက်မေ့မှု မှားနေသည်ကို အောက်မေ့မှု မှန်အောင် ပြန်ပြုခြင်း၊ လုံ့လပြု မှားနေသည်ကို မှန်ကန်သော လုံ့လဖြစ်အောင် ပြုခြင်း၊ မှားသောဖြောင့်မတ်မှုကို မှန်သော ဖြောင့်မတ်မှုဖြစ်အောင် ပြုခြင်းတို့ ဖြစ်သည်ဟု နားလည်ရမည်။ တရားကျင့်စဉ်တိုင်း၌ ထိုသဘောနှင့်လျော်ညီမှု ရှိမရှိ သုံးသပ်ရမည်။

(၁၃) ပညတ်ခွာခြင်း

လူသားတိုင်းသည် ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုးနှင့် သုံးနှုန်းကြသော ဝေါဟာရပညတ်များ ရှိနေသည်။ စိတ်သည် ပညတ်ဖြင့် အရှိထင် စွဲယူထားပြီး တိုက်ဆိုင်ရာ အာရုံတို့အပေါ်၌ ပညတ်စွဲဖြင့် အာရုံပြုကြသည်။ ထို့ကြောင့် အမှန်ရှိ ပရမတ်ကို အာရုံမပြုနိုင် မသိနိုင်ကြတော့ပါ။ တရားထိုင်နေစဉ် ဓာတ်လေးပါး ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသော ပညတ်ကိန်းနေသော စိတ်များ (ပေါင်, ခြေထောက်, ပူတယ်, တင်းတယ်, တောင့်တယ် စသည့် စိတ်များ) ကို သိမ်းဆည်း၍ ဆိုင်ရာကမ္မဋ္ဌာန်းသို့ စိတ်ကို ပို့ဆောင်သော အလုပ်သည်ပင်လျှင် တရားကျင့်စဉ် အစဖြစ်သည်။

(၁၄) ပုထုဇဉ် အလေ့အကျင့်သိမ်းဆည်းခြင်း

ပုထုဇဉ်ဟူသည် မိမိထင်သလိုကြောင်းကျိုးမဲ့ လုပ်ချင်သလိုလုပ်တတ်သော အလေ့အကျင့် ရှိသည်။ အရှက်အကြောက်လည်းမရှိ၊ လိုလျှင်လိုသလိုလုပ်၍ မလိုလျှင်မလိုသလို လုပ်တတ်သည်။ ထိုအပြုအမူတို့သည် လောဘ, ဒေါသ, မောဟ, ဒိဋ္ဌိစသော အကုသိုလ်စေတသိက်တို့နှင့်ယှဉ်သော စိတ်၏သဘော ဖြစ်သည်။ တရားစကျင့်သောယောဂီသည် ပုထုဇဉ်ဖြစ်သဖြင့် ဓာတ်လေးပါး ဖောက်ပြန်မှုနှင့် ကြုံလာသောအခါ မိမိအလိုအတိုင်း လုပ်ချင်သလို လုပ်တတ်သည့် ပုထုဇဉ် အလေ့များ (လှုပ်မယ်, ပြင်မယ်, ရုန်းမယ် စသည်များ) ပေါ်လာသည်။ ထို့ကြောင့် ဓာတ်လေးပါး

[၂၆] သံယုတ်ပါဠိတော် မြန်မာပြန် တတိယတွဲ၊ မဂ္ဂသံယုတ်၊ အဝိဇ္ဇာဝဂ်၊ အဝိဇ္ဇာသုတ်၊ နှာ-၁

http://www.dhammadownload.com

ဖောက်ပြန်မှုနှင့် ကြုံလာသောအခါ ပုထုဇဉ်ခလေ့နှင့်ယှဉ်နေသော စိတ်ကို ပယ်စွန့်၍ ဆိုင်ရာ ကမ္မဋ္ဌာန်းအာရုံသို့ စိတ်ကို သိမ်းဆည်းသော အလုပ်သည်ပင်လျှင် တရားကျင့်စဉ်အစဖြစ်သည်။

အနှစ်ချုပ်စုဝေပါင်းသုံးသပ်ချက်

တရားကျင့်စဉ်အစကို အဓိပ္ပာယ်နှင့်တကွ အထက်ပါ(၁၄)ချက်ဖြင့် ဖော်ထုတ်သုံးသပ်ခဲ့ပြီ။ အာသီဝိသောပမသုတ္တန်အရ ဓာတ်လေးပါး (မြွေကြီးလေးကောင်)မှ လွတ်အောင်ပြေးထွက်ခြင်း၊ ဝမ္မိကသုတ္တန်အရ ဖားတည်းဟူသောဒေါသကို ဖယ်ရှားခြင်း၊ မဟာသတိပဋ္ဌာနသုတ်အရ အဘိဇ္ဈာနှင့် ဒေါမနဿကို တဒင်္ဂ ဝိက္ခမ္ဘန ခွာရခြင်း၊ သမထယာနိကအရ ဒုက္ခိန္ဒြေကို ပဌမစျာန်ဖြင့် ကျော်လွှားခြင်းတို့သည် လိုရင်းအားဖြင့် တသဘောတည်း ဖြစ်သည်။ ထို့ကြောင့် မည်သည့် ဣရိယာပုထ်ဖြင့်ဖြစ်စေ၊ မည်သည့်နေရာတွင်ဖြစ်စေ၊ မည်သည့်နည်း မည်သည့်မူဖြင့် ဖြစ်စေ ကျင့်စေကာမူ ဝိပဿနာကျင့်စဉ်၏အစသည် တစ်မျိုးတည်း တစ်သဘောတည်းသာ ရှိသည်ကို သိနိုင်သည်။ ထို့ကြောင့် တရားကျင့်သောယောဂီတို့သည် ဓာတ်လေးပါးဖောက်ပြန်မှုကာယိကဒုက္ခကို မကျော်လွှားနိုင်က စစ်မှန်သော ရုပ်တရား၊ နာမ်တရားများ ရှုမြင်နိုင်မည် မဟုတ်သဖြင့် ယင်းကို ကျော်လွှားခြင်းသည်ပင်လျှင် တရားကျင့်စဉ်၏အစဖြစ်သည်ဟု မှတ်ယူရမည်။

ထိုသဘောကိုထောက်ရှု၍ ဒုက္ခဝေဒနာကို ရှောင်လွှဲ၍ တရားပြသောဆရာ၊ ဒုက္ခဝေဒနာကို အရင်းတည်၍ တရားကျင့်ခြင်းကို အပြစ်တင်သောဆရာ၊ ဒုက္ခဝေဒနာကို ကျော်လွှားအောင် မပြနိုင်သော ဆရာတို့သည် တရားစစ်တရားမှန်ကို ပြသနိုင်သည့်ဆရာ မဟုတ်ကြောင်း၊ ထိုဆရာတို့ထံတပည့်ခံ၍ တရားကျင့်ကြံက တရားမရနိုင်ကြောင်း ယောဂီတို့ အထူးသတိပြုကြပါ။

၂၈။ သမထယာနိကကျင့်စဉ်နှင့် ဝိပဿနာယာနိကကျင့်စဉ် နှိုင်းယှဉ်ချက်

တရားကျင့်ခြင်းရည်ရွယ်ချက် ပန်းတိုင်မှာ ဆဆတ္တရုပ်နာမ်များ မြင်ရန် ဖြစ်သည်။ ထိုရုပ်နာမ်တို့ကိုမြင်ရန် ကျင့်စဉ်နည်းလမ်း ရွေးချယ်ရမည်ဖြစ်သည်။ ကျင့်စဉ်၏သဘောကို လောကဥပမာဖြင့် ပြရသော် ပြည်-မန္တလေး-မော်လမြိုင် မြို့ကြီးသုံးမြို့၏အနီး ကျေးရွာသုံးရွာမှ ခရီးသည်တစ်ဦးစီတို့သည် ရန်ကုန်မြို့သို့ ဦးတည်လာကြသည် ဆိုပါစို့။ ပထမအဆင့်အနေဖြင့် မိမိတို့ရွာမှ ထိုမြို့သုံးမြို့ဆီသို့ လာရသည်။ ထိုမြို့ကြီးသုံးမြို့မှ ရန်ကုန်သို့သွားသောကားစီးရသည်။ မော်လမြိုင်နှင့် မန္တလေးခရီးသည်တို့သည် ပဲခူး၌ ဆုံလိမ့်မည်။ ထိုခရီးသည်နှစ်ဦးသည် ပြည်ခရီးသည်နှင့် ထောက်ကြန့်မှာ ဆုံကြမည်။ ထောက်ကြန့်မှ ရန်ကုန်သို့ ခရီးတစ်ကြောင်းတည်းဖြစ်သွားသည်။ ရန်ကုန်မြို့ကြီးနားရောက်လေလေ လမ်းကြောင်းတူလေလေ ဖြစ်သည်။ ရန်ကုန်မြို့ကို အတူပင် မြင်ကြ၊ ရောက်ကြမည် ဖြစ်သည်။ ရန်ကုန်မြို့ကြီးသည် အရှုခံ(၃၆) မျိုးသော ဆဆတ္တရုပ်နာမ်တို့နှင့် တူ၏။ ခရီးသည်သုံးဦးတို့သည် အရှုဉာဏ်နှင့်တူ၏။ လမ်းကြောင်းသည် မဂ္ဂင်(၈)ပါးနှင့်တူ၏။ လမ်းအားလုံးသည် ရန်ကုန်မြို့ကို သွားရန် အကြောင်းပြုခြင်း တစ်ခုတည်းသာ ဖြစ်၏။ သူ့လမ်း၊ ငါ့လမ်း၊ ငြင်းစရာမလိုပါ။ ရန်ကုန်ရောက်ကြောင်း လမ်းအမှန်များသာ ဖြစ်ကြသည်။

ဤဥပမာကဲ့သို့ပင် သမထယာနိကနည်း၊ ဝိပဿနာယာနိကနည်း၊ ယုဂနद္ဓနည်းဟူသော လမ်းသုံးသွယ်ဖြင့် စိတ္တဝိသုဒ္ဓိကျင့်စဉ် တက်နိုင်သည်။ ငြင်းခုန်နေစရာမလိုပါ။ အကျဉ်းချုပ်လျှင် သမထယာနိကနှင့် ဝိပဿနာယာနိက နှစ်မျိုးသာရသည်။ ထိုယာနိကနှစ်မျိုး၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ပရမတ်ရုပ်နာမ်တို့ကို ရှုမြင်နိုင်သော သမ္မာသမာဓိ ရောက်ရှိရန်ဖြစ်သည်။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိဖြင့် ပြည့်စုံသောစိတ်ကို သမ္မာသမာဓိဟု ခေါ်သည်။ သမ္မာသမာဓိဟူသည်

http://www.dhammadownload.com

ဥပေက္ခာဧကဂ္ဂတာသမာဓိကို ဆိုလိုသည်။ ထိုသမာဓိကို ရောက်ရှိရန် နည်းလမ်းနှစ်သွယ်ဖြင့် ကျင့်စဉ်တက်ရာတွင် နိမိတ်ကို အမှီပြု၍ ရူပပဌမစျာန်မှ ရူပစတုတ္ထစျာန်အထိ အဆင့်ဆင့် တက်သောနည်းမှာ သမထယာနိကကျင့်စဉ် ဖြစ်ပြီး နိမိတ်ချုပ်ရာ (အနိမိတ္တစေတောသမာဓိ) အမှီပြု၍ သမာဓိထူထောင်သောနည်းမှာ ဝိပဿနာယာနိကကျင့်စဉ်ဖြစ်သည်။ ဤကျမ်းစာအုပ်၌ ဝိပဿနာယာနိကကျင့်စဉ်ကိုသာ အဓိကထားတင်ပြသွားပြီး သမထယာနိကကျင့်စဉ်၏သဘောကို နှိုင်းယှဉ်နိုင်ရုံမျှသာ ဖော်ပြပေးသွားမည် ဖြစ်သည်။

တရားကျင့်သောယောဂီတို့သည် မိမိကျင့်သည့် ကျင့်စဉ်လမ်းကြောင်း၏ အစ အလယ် အဆုံးကို အဆက်အစပ်နှင့်တကွ နားလည်သဘောပေါက်ရန် ဆရာထံ မေးမြန်းစုံစမ်းရမည်။ မိမိလွတ်မြောက်ဖို့၊ လမ်းမှန်ရောက်ဖို့ရန် အရေးကြီးသည်။ ဆရာကို အားနာရန်မလိုပါ။

ဝိပဿနာကျင့်စဉ်သည် ဦးတည်မိရာ ထင်သလို ကျင့်ချင်တိုင်း ကျင့်၍မရပါ။ သမထယာနိက ကျင့်စဉ်၌လည်းကောင်း၊ ဝိပဿနာယာနိကကျင့်စဉ်၌လည်းကောင်း အဆင့်ဆင့် ကျင့်စဉ်မှန်အောင် ကျင့်ရသည်ကို မြတ်စွာဘုရားသည် ဤကဲ့သို့ ဟောထားသည်။

> **ရဟန်းတို့ စလျှင်စချင်းပင် အရဟတ္တဖိုလ်၌ တည်ခြင်းကို ငါမဟော၊ ရဟန်းတို့ စင်စစ်သော်ကား သိက္ခာစဉ် လုပ်ငန်းစဉ်ကျင့်စဉ်ဖြင့် အရဟတ္တဖိုလ်၌ တည်ခြင်းသည် ဖြစ်၏။**[၂၇]

၂။၇၊၁။ သမထယာနိကကျင့်စဉ်၏အဓိပ္ပာယ်

သမထယာနိကဟူသည် စိတ်ကို နိမိတ်၌ အမှီပြုလျက် စျာန်အင်္ဂါတို့ဖြင့် တဏှာနှင့် နီဝရဏတရားများကို တဒင်္ဂ ဝိက္ခမ္ဘနအားဖြင့် သွယ်ဝိုက်ပယ်ခွာပြီး ဥပေက္ခာဧကဂ္ဂတာသမာဓိသို့ ရောက်ပြီးမှ အရှုခံပရမတ်ရုပ်နာမ်တရားများကို ရှုသောနည်း ဖြစ်သည်။

ဓာတ်လေးပါးဖောက်ပြန်မှု ကာယိကဒုက္ခကို ခံစားသော ဒုက္ခဝေဒနာ(နာမ်)နှင့်ယှဉ်ဖက် စိတ်၌ မီးနှင့်တူသည့် ဒိဋ္ဌိဒေါသစေတသိက်တို့အား တဏှာက ဆက်စပ်လောင်မြိုက်စေသည် (**ဒုက္ခဝေဒနာ ပစ္စယာ တဏှာ**)။ ထိုအခါ စိတ်၌ ဒေါသမီးတောက်လောင်သဖြင့် ဝိပဿနာ မရှုနိုင်ပါ။ ယင်းအကျိုးတရားဒေါသကိုချုပ်ငြိမ်းစေရန် အကြောင်းတရားဖြစ်သော (ဒုက္ခဝေဒနာမှ) တဏှာကို ပယ်ခွာရမည်။ ထိုသို့ပယ်ခွာရန် သုခဝေဒနာ၏ အာရုံဖြစ်သော ကသိုဏ်းနိမိတ်၌ စိတ်ကိုပြောင်း၍ (**သုခဝေဒနာ ပစ္စယာ တဏှာ**) တည်တံ့ခိုင်မြဲအောင် ကျင့်သောနည်းဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် ဒုက္ခဝေဒနာကို သုခဝေဒနာဖြင့် အစားထိုးလျက် သုခဝေဒနာမှ တဏှာကူးစေခြင်း ဖြစ်သည်။ ထိုသဘောသည် ဖားကို ဖယ်ပစ်ခြင်း (ဝါ) မြွေလေးကောင်မှ လွတ်အောင်ပြေးခြင်းဖြစ်သည်။ ပဌမစျာန်သမာဓိ၌ ခိုင်မြဲနေသောစိတ်သည် ဖားကိုဖယ်ပစ်ပြီးခြင်း (ဝါ) မြွေလေးကောင်မှ အပြီးအပိုင်လွတ်ခြင်းဖြစ်သည်။ ကာယိကဒုက္ခကြောင့်ဖြစ်သော ဒေါသ ချုပ်ငြိမ်းရန် ဣရိယာပုထ်ကို ပြုပြင်ပေးခြင်း မဟုတ်ပါ။

> ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်မှု 'ဝိစာရ'နှင့်တကွဖြစ်သော နီဝရဏ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်ရှိနေ၏၊ ဖြစ်ပေါ်လာသော **ဒုက္ခိန္ဒြေသည်**

---

[၂၇] မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်၊ ဘိက္ခုဝဂ်၊ ကီဋာဂိရီသုတ်–၁၈၃ နှာ–၁၄၇

http://www.dhammadownload.com

ဤပဌမဈာန်၌ အကြွင်းမဲ့ချုပ်၏။ ရဟန်းတို့ ဤရဟန်းကို ဒုက္ခန္ဒြေချုပ်ရာကို သိပြီးသူ ထိုဒုက္ခန္ဒြေချုပ်ရာ (ပဌမဈာန်) အကျိုးငှာစိတ်ကို ကပ်၍ဆောင်သူဟု ဆိုအပ်၏။[၂၅]

အထက်ပါ ဒေသနာတော်အရ သမထယာနိကကျင့်စဉ်၏ ပထမအဆင့်ဖြစ်သော ပဌမဈာန် ဆောက်တည်ရခြင်းကိစ္စသည် ဓာတ်လေးပါးဖောက်ပြန်မှုအခြေခံသော ဒုက္ခဒြေနှင့် နှလုံးမသာယာမှု ဒေါမနဿဒြေတို့မှ လွတ်မြောက်အောင် စတင်ကျင့်သောအကျင့် ဖြစ်သည်မှာ ထင်ရှားနေသည်။ ထို့ကြောင့် သမထယာနိကအားဖြင့် တရားစကျင့်သော ယောဂီသည် တရားထိုင်နေစဉ်အတွင်း မိမိ၏ ကွရိယာပုထ်ကို ပြုပြင်လှုပ်ရှားနေသေးလျှင် ပဌမဈာန်သို့ မရောက်သေးကြောင်း သိရှိနိုင်သည်။

မည်သည့်ကွရိယာပုထ်ဖြင့် ကျင့်သည်ဖြစ်စေ၊ မိမိရုပ်ခန္ဓာသည် အမြဲပါနေမည် ဖြစ်သည်။ ထို့ကြောင့် တရားစကျင့်သောသူသည် မွေ့ကြိုးလေးကောင်နှင့်တူသည့် ဓာတ်ကြီးလေးပါး ဖောက်ပြန် ဖော်ပြလာမှုကို အမြဲ တွေ့ကြုံနေရမည်ဖြစ်သည်။ ထိုသို့ မခံသာစရာကို ခံစားနေရသောအခါ စိတ်သည် ကမ္မဋ္ဌာန်းအာရုံမှ လွတ်ကာ ဦးစီးရာ ထိုဒုက္ခဝေဒနာသို့ ညွှတ်သည်။ ထိုအခါ မခံစားချင်သော ဒေါမနဿစိတ်များပေါ်လာပြီး ပူတယ်, တင်းတယ်, ထုံတယ်, ကျင်တယ် စသော ပညတ်များ ကပ်ငြိခြင်းတို့ကြောင့် စိတ်သည် ကြမ်းတမ်းစွာ လှုပ်ရှားနေမည်။ ထိုဒုက္ခဝေဒနာမှ သက်သာရာ ရစေရန် ခန္ဓာအိမ်ကို ပြုပြင်လိုမှု အဘိဇ္ဈာသည် စိတ်၌ ဖိစီးတော့၏။ ထိုဒုက္ခဝေဒနာကြောင့်ဖြစ်သော အဘိဇ္ဈာနှင့် ဒေါမနဿကို မပယ်ဖျောက်နိုင်ပါက (မခွာနိုင်ပါက (၀၊) မလွန်မြောက်နိုင်ပါက) ပဌမဈာန်သမာဓိ လုံးဝ မရနိုင်တော့ပါ။ ထို့ကြောင့် ဒုက္ခအာရုံဖြစ်သော ဓာတ်ကြီးလေးပါးဖောက်ပြန်ရာသို့ ရောက်နေသောစိတ်ကို အားငါးပါးဖြင့် မိမိကမ္မဋ္ဌာန်းသို့ ရောက်အောင် ဆွဲယူရမည် (၀၊) ခွာယူရမည် ဖြစ်သည်။ ထို့ကြောင့် တရားအားထုတ်သည်ဆိုသည်မှာ မခံစားချင်သောဒေါသ၊ ကွရိယာပုထ်ကို ပြုပြင်လိုသော လောဘ(တဏှာ) တို့ အုပ်ချုပ်ခံထားရမှုမှ စိတ်ကိုလွတ်အောင် မိမိကမ္မဋ္ဌာန်းသို့ အားငါးပါးဖြင့် ထုတ်ယူခြင်းပင် ဖြစ်သည်။ ဤသဘောသည်ပင်လျှင် ဝိပဿနာတရား အားထုတ်ရာ၌ သမထယာနိကကျင့်စဉ်၏ အခြေခံအချက် ဖြစ်သည်။

ဈာန်အင်္ဂါငါးပါး

မိမိကမ္မဋ္ဌာန်း အာရုံသို့ စိတ်ကို ပို့ဆောင်ခြင်းသည်	-ဝိတက်
မိမိကမ္မဋ္ဌာန်း အာရုံကို သုံးသပ်နေခြင်းသည်	-ဝိစာရ
မိမိကမ္မဋ္ဌာန်း အာရုံ၌ နှစ်သက်ခြင်းသည်	-ပီတိ
မိမိကမ္မဋ္ဌာန်း အာရုံ၌ ချမ်းသာစွာတည်နေခြင်းသည်	-သုခ
မိမိကမ္မဋ္ဌာန်း အာရုံ၌ တဖြောင့်တည်း တည်နေခြင်းသည်	-ဧကဂ္ဂတာ

ပဌမဈာန်သမာဓိ၌ ပယ်ခွာထားမှုများ

(၁) အတိတ် အနာဂတ်အာရုံပေါင်းစုံနှင့်ယှဉ်သောစိတ်ချုပ်၏။
(၂) ကရဇခန္ဓာအိမ်ကို အာရုံပြုသောစိတ်ချုပ်၏။
(၃) ပုံ့လွင့်သော ဥဒ္ဓစ္စချုပ်၏။
(၄) အာရုံကို မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာချုပ်၏။
(၅) ငိုက်မြည်းခြင်း ထိနမိဒ္ဓချုပ်၏။

---

[၂၅] မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ ကွန်ဒြိယသံယုတ်၊ သုခိန္ဒြိယဝဂ်၊ ဥပ္ပဋိပါဠိကသုတ်–၅၁၀ နှာ–၁၉၄

http://www.dhammadownload.com

(၆) နောင်တတဖန်ပူပန်ခြင်း ကုက္ကုစ္စချုပ်၏။
(၇) ကြောကြောမထိုင်ချင်မှု (ဝါ) စိတ်မရှည်မှု ချုပ်၏။
(၈) ပျင်းရိမှု ကောသဇ္ဇချုပ်၏။
(၉) ဒွါရငါးပေါက်ကို အာရုံပြုသောစိတ်ချုပ်၏။
(၁၀) အာရုံငါးပါးနှင့်ယှဉ်သောစိတ်ချုပ်၏။
(၁၁) ဒုက္ခိန္ဒြေနှင့်ယှဉ်ဖက် ဒေါမနဿချုပ်၏။ (အခြားဒေါမနဿ ကျန်၏။)

ထို့ကြောင့် တရားကျင့်ခြင်း၏ လိုရင်းအချက်သည် အထက်ပါ အကုသိုလ် အညစ်အကြေးများ စိတ်၌ မကပ်ငြိအောင် ပြုလုပ်ခြင်းပင် ဖြစ်သည်။

မည်သည့်နည်းဖြင့် ကျင့်သည်ဖြစ်စေ၊ မည်သည့်ဆရာနှင့် ကျင့်သည်ဖြစ်စေ အထက်ဖော်ပြပါ (၁၁)ချက်အတိုင်း စိတ်ကို အညစ်အကြေးတို့မှ လွတ်မြောက်စေလျက် စင်ကြယ်မှု ရရှိအောင် ပြုလုပ်ခြင်းသည်ပင်လျှင် တရားကျင့်ခြင်း၏ လိုရင်းဖြစ်၏။ မိမိ၏ကျင့်စဉ် မှန်မမှန် စစ်ဆေးရာတွင် အထက်ပါ(၁၁)ချက်ဖြင့် စစ်ဆေးကြည့်ပါ။ များစွာသောယောဂီတို့သည် ပရိယတ္တိဗဟုသုတ အားနည်းကြသဖြင့် ရိပ်သာပေါင်းစုံ၊ ဆရာပေါင်းစုံနှင့် လှည့်လည်အားထုတ်ကြသော်လည်း တရားကျင့်မှုအဓိပ္ပာယ်ကို နားမလည်နိုင်ကြပဲ ဖြစ်နေကြသည်။

သမထယာနိကကျင့်စဉ်ဖြင့် အားထုတ်သောယောဂီသည် ရှေးဦးစွာ ပဌမစျာန်ရရှိအောင် အားထုတ်ပြီး ယင်းပဌမစျာန်သမာဓိကို ခိုင်ခံ့အောင် ဝသီဘော်ငါးတန်ဖြင့် ဆက်လက်၍ ပွားများရမည်ဖြစ်သည်။ ပွားများရသည့်အကြောင်းမှာ စိတ်သည် အထက်ပါ အညစ်အကြေးမှ လွတ်မှု ခိုင်မြဲအောင် ပွားရခြင်းဖြစ်သည်။ ထိုအခြေခံသမာဓိ ခိုင်မြဲမှသာလျှင် ကျန်နေသေးသော စျာန်အာရုံ၌ နှစ်သက်ကပ်ငြိသော နန္ဒိရာဂကို အဆင့်ဆင့် ပယ်ခွာနိုင်မည်ဖြစ်သည်။ ပဌမစျာန်သမာဓိ ခိုင်ခံ့သွားပြီဖြစ်သဖြင့် စိတ်ကို ကသိဏ်းနိမိတ်၌ တင်ပေးသော ဝိတက်နှင့် ထိုနိမိတ်မှ ကွာမသွားအောင် သုံးသပ်သောဝိစာရဟူသောစျာန်အင်္ဂါနှစ်ပါးကို စွန့်လွှတ်ပြီးသားဖြစ်သွားသည်။ ထို့ကြောင့် ဝိတက်၊ ဝိစာရနှင့်ယှဉ်သောစိတ် ချုပ်ပြန်သည်။ ထိုဒုတိယစျာန်ကိုလည်း ခိုင်မြဲအောင် ဝသီဘော်ငါးတန်ဖြင့် ဆက်လက် ပွားများရမည်ဖြစ်သည်။ ဒုတိယစျာန်မှ ပီတိသည်လည်း နန္ဒိရာဂနှင့်ယှဉ်နေသဖြင့် စိတ်မစင်ကြယ်သေးပါ။ ထို့ကြောင့် ဒုတိယစျာန်၏အင်္ဂါဖြစ်သော ပီတိကို စွန့်လွှတ်ရသည်။ ထိုအခါ ပီတိနှင့်ယှဉ်သောစိတ်ချုပ်ပြန်သည်။ တတိယစျာန်သမာဓိသို့ ရောက်ရှိပြီဖြစ်သည်။ ၎င်းစျာန်ကိုလည်း ခိုင်မြဲအောင် ဝသီဘော်ငါးတန်ဖြင့် ဆက်လက် ပွားများရမည်ဖြစ်သည်။ ထိုတတိယစျာန်သမာဓိ ခိုင်ခံ့သွားသောအခါ တတိယစျာန်မှ သုခစျာန်အင်္ဂါသည်လည်း နန္ဒိရာဂနှင့် မကင်းသဖြင့် ထပ်မံ စွန့်လွှတ်လိုက်ရမည်။ ထိုအခါ သုခနှင့်ယှဉ်သောစိတ် ချုပ်သည်။ **စတုတ္ထစျာန်တည်းဟူသော ဥပေက္ခာဧကဂ္ဂတာသမာဓိ**သို့ ရောက်ရှိပြီဖြစ်သည်။ ထိုစျာန်စိတ်သည် သုခဝေဒနာနှင့် ဒုက္ခဝေဒနာမှ ခွာပြီးဖြစ်သွားသည် **(ဝေဒနံ ဝိက္ခမ္ဘေတွာ)**။ အဘိဇ္ဈာနှင့် ဒေါမနဿ ဝိက္ခမ္ဘန စိတ်၌ မယှဉ်သဖြင့် ဥပေက္ခာဝေဒနာ၌ စင်ကြယ်သောသတိနှင့် တည်နေသည်။ ဒုက္ခိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ သုခိန္ဒြေ၊ သောမနဿိန္ဒြေတို့ ချုပ်ပြီဖြစ်၍ ဥပေက္ခိန္ဒြေ၌ စိတ်တည်နေပြီဖြစ်သည်။ စတုတ္ထစျာန်မရောက်မီ အထက်ဖော်ပြပါ ပယ်ခွာခဲ့မှုတို့သည် ဝိပဿနာဉာဏ်ကို ပိတ်ဆို့တားဆီးတတ်သော တရားများဖြစ်သည်။ ထို့ကြောင့် တရားကျင့်သောယောဂီသည် သမထယာနိကဖြင့်ကျင့်သည်ဖြစ်စေ၊ ဝိပဿနာယာနိကအားဖြင့် ကျင့်သည်ဖြစ်စေ အထက်ပါ ပိတ်ဆို့တားဆီးတတ်သော တရားများကို စိတ်မှသန့်ရှင်းစင်ကြယ်ရန် ပြုလုပ်ခြင်းသည်ပင်လျှင် တစ်ခုတည်းသော ပဓာနလုပ်ငန်း ဖြစ်သည်ကို နားလည်ပါ။

http://www.dhammadownload.com

စတုတ္ထဈာန်၏ ပယ်ခွာမှု(၁၄)ချက်

ပဌမဈာန်၏ ပယ်ခွာမှု(၁၁)ချက်အပြင်
(၁၂) ဝိတက်၊ ဝိစာရနှင့်ယှဉ်သောစိတ်ချုပ်၏။
(၁၃) ပီတိနှင့်ယှဉ်သောစိတ်ချုပ်၏။
(၁၄) သုခနှင့်ယှဉ်သောစိတ်ချုပ်၏။
စတုတ္ထဈာန်စိတ်၌ အထက်ပါ(၁၄)ချက်ချုပ်၏။ ထိုစတုတ္ထဈာန်စိတ်သည် ကြည်လင်၏။ တည်ငြိမ်၏။ ကိလေသာအပူကင်းပြီး ဉာဏ်ကို ထင်လင်းစေ၏။ ထိုသမာဓိ၌ ပညတ်ကင်းနေ၍ သဘောမျှရှိသော သက္ကာယပရမတ်တို့ကို အာရုံပြုနိုင်ပြီး ဖြစ်သည်။ ထို့ကြောင့် (၃၆)မျိုးသော ပရမတ်ရုပ်နာမ်တို့ကို ပိုင်းခြားမြင်နိုင်ပြီဖြစ်သည်။*

အထက်ပါ (၁၄)ချက်ကို အနှစ်ချုပ်သော် လောဘ၊ ဒေါသ၊ မောဟတို့ ဝိက္ခမ္ဘနပဟာန်အားဖြင့် ချုပ်ခြင်းပင်ဖြစ်သည်။

---

* ယခုရေးသားခဲ့သော သမထယာနိကစတုတ္ထဈာန်သမာဓိရောက်အောင် ကျင့်စဉ်ကို သဘောမျှသာ ရေးခဲ့ခြင်းဖြစ်သည်။ ထိုစတုတ္ထဈာန်ရရန် ပထမခြေလှမ်းသည် ပဌမဈာန်ခိုင်ခံ့ဖို့ ဖြစ်သည်။ ပဌမဈာန်၏ အဓိက အတားအဆီးသည် ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု ကာယိကဒုက္ခကြောင့် စိတ်သည် မိမိကမ္မဋ္ဌာန်း၌ မတည်နိုင်တော့ဘဲ ထိန်းမရနိုင်လောက်အောင် ဒုက္ခအာရုံသို့ ဝိတက်ညွတ်ခြင်းပင် ဖြစ်သည်။ ယင်းသည် ဗျာပါဒဝိတက်နှင့် ဝိဟိံသဝိတက်တို့ပင် ဖြစ်သည်။ ထိုဝိတက်တို့နှင့် ဈာန်ဝိတက်တို့ အားပြိုင်ရမည်ဖြစ်သည်။ အကယ်၍ ဈာန်ဝိတက်ဖက်မှ မနိုင်သေးပါက ဣရိယာပုထ်ကို ပြုပြင်ပေးရသည်။ ဈာန်ဝိတက်အားကောင်းအောင် (သို့) စိတ်ကို သတိက အုပ်စိုးနိုင်အောင် ဣရိယာပုထ်လေးပါးလုံး၌ အမှတ်ဖြင့် မလွတ်တမ်းကပ်ထားရသည်။ သတိအားကောင်းအောင် လေ့ကျင့်နေခြင်းဖြစ်သည်။ သတိအားကောင်းလာမှ ပဌမဈာန်ဝိတက်သည် ဓာတ်ကြီးလေးပါးသို့ ရှေးရှုကြစည်သော ဝိတက်ကိုနိုင်မည်။ ဤကဲ့သို့ နိုင်နင်းအောင် အချိန်ရှိသရွေ့ သတိမလစ်တမ်း စိတ်ကို ထိန်းသိမ်းနေစဉ် ပျင်းရိငြီးငွေ့လာခြင်း၊ စိတ်အကျဉ်းအကြပ်ဖြစ်လာခြင်းတို့ကြောင့် ၎င်းကျင့်စဉ်ကို မနှစ်မြို့ကြပေ။ ပဌမဈာန်သို့ ဆိုက်ရောက်ရန် အနည်းဆုံး(၆)လမျှ အချိန်ပေးရမည်။ စိတ်ရှည်ရမည်။ ဇွဲသန်ရမည်။ အမှုကိစ္စနည်းရမည်။ လူသူကင်းရမည်။ ဆိတ်ငြိမ်ရမည်။ ယခုအခါ တရားကျင့်ကြသောယောဂီ (၉၀)ရာခိုင်နှုန်းသည် အရပ်သူ အရပ်သားများ ဖြစ်ကြသည့်အတွက် ပရိယတ္တိမှာလည်း အားနည်းကာ ကိလေသာနှင့်လည်း လိမ်းကျံနေကြသည်။ ကိုယ်စိတ်ယဉ်ကျေးမှုလည်း နည်းပါး၊ တရားလာကျင့်ပြန်သော်လည်း ဥရက်၊ ၁၀ရက်၊ လိုချင်သည်မှာ မဂ်ဖိုလ်၊ ရိပ်သာလည်း နီးမှ၊ နာရီလည်း နည်းမှ၊ ဓာတ်လေးပါး ဒုက္ခဝေဒနာ ပေါ်လာလျှင်လည်း လှုပ်လိုက လှုပ်ပေးပြင်ပေးခွင့်ရမှ စသည်ဖြင့် အခွင့်အရေးတောင်းဆိုမှုလည်း များနေကြသည်။ ထို့ကြောင့် ယခုကျမ်းစာ၌ သမထယာနိကနည်းထက် အချိန်တိုတိုနှင့် ခရီးပေါက်နိုင်သော ဝိပဿနာယာနိကနည်းကိုသာ အဓိကထားကာ တင်ပြသွားမည်ဖြစ်သည်။ သမထယာနိကနည်းကို ဝိပဿနာယာနိကနည်းနှင့် နှိုင်းယှဉ်နိုင်ရုံလောက်သာ ရေးသားဖော်ပြခြင်းဖြစ်သည်။

http://www.dhammadownload.com

၂၊၇၊၂။ ဝိပဿနာယာနိကကျင့်စဉ်၏အဓိပ္ပာယ်

ဝိပဿနာယာနိကဆိုသည်မှာ စိတ်သည် နိမိတ်ချုပ်ရာ(အနိမိတ္တ) ကိုအာရုံပြုလျက် သစ္စာလေးချက် တပြိုင်နက် ပါဝင်သော လောကီပုဗ္ဗဘာဂမဂ်ဖြင့် တဏှာနှင့် နိဝရဏတရားများကို တဒင်္ဂ ဝိက္ခမ္ဘန တိုက်ရိုက်ပယ်ခွာပြီး ဥပေက္ခာဧကဂ္ဂတာသမာဓိသို့ ရောက်ပြီးမှ အရှုခံပရမတ်ရုပ်နာမ်တရားများကို ရှုသောနည်း ဖြစ်သည်။

ဝိပဿနာယာနိကကျင့်စဉ်၏ ပထမလုပ်ငန်းစဉ်သည် ဒုက္ခိန္ဒြေတည်းဟူသော ဒုက္ခဝေဒနာကို ကျော်လွန်ရန်အတွက် ယင်းနှင့်ယှဉ်ဖက်စိတ်၌ မီးနှင့်တူသည့် ဒိဋ္ဌိနှင့် ဒေါသစေတသိက်တို့အား ဆက်စပ် လောင်မြိုက်စေသည့် တဏှာကို လောကီပုဗ္ဗဘာဂမဂ်ဖြင့် တဒင်္ဂ ဝိက္ခမ္ဘန သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သတ်၍ ကျင့်သောကျင့်စဉ် ဖြစ်သည် (ဒုက္ခဝေဒနာ ပစ္စယာ တဏှာ)။

သမုဒယသစ္စာ(တဏှာ)၏အနက် (အဓိပ္ပာယ်)

အားထုတ်ကြောင်းဖြစ်သောအနက်-တဏှာသည် လိုရာကို လိုသလို၊ လုပ်ချင်သလို အောင်မြင်အောင် ပြုလုပ်တတ်သည်။

ဒုက္ခ၏အကြောင်းဖြစ်သောအနက်-တဏှာသည် စိတ်နှင့်ဒိဋ္ဌိဒေါသစေတသိက်ကို ဆက်စပ်တတ်သောကြောင့် ဒုက္ခ၏အကြောင်းအရင်းဖြစ်သည်။[၂၉]

ကာယိကဒုက္ခဝေဒနာနှင့်ယှဉ်ဖက် နာမ်ခန္ဓာတို့၌ ဒိဋ္ဌိနှင့် ဒေါသစေတသိက်တို့ကို ဆက်စပ်ဖြစ်အောင် **အားထုတ်ခြင်း**၊ မိမိက္ကရိယာပုထုဇ်ကို ပြင်ချင်သလို ပြင်ဖြစ်အောင် **အားထုတ်ခြင်း**သည် အထက်ပါ သမုဒယသစ္စာ (တဏှာ)အနက်၌ ဖော်ပြထားသော သဘောပင် ဖြစ်သည်။ စိတ်၌ ဒိဋ္ဌိ ဒေါသမီးတို့ ကပ်ရောက်လောင်မြိုက်သဖြင့် ဒုက္ခကွန်ရှာ ဖြစ်ရသည်။ ထိုဒုက္ခ၏အကြောင်းရင်းသည် သမုဒယသစ္စာ (တဏှာ)ပင်ဖြစ်သည်။

ဆက်လက်၍ ဒုက္ခိန္ဒြေမှကျော်လွန်ပြီးလျှင် (ဖားတည်းဟူသော ဒေါသကို ဖယ်ရှားပြီးခြင်း) ကျန်ရှိနေသေးသော အဘိဇ္ဈာ ဒေါမနဿမှ လွတ်မြောက်ရန် စိတ်သည် နိမိတ်ချုပ်ရာသို့ အာရုံပြုလျက် ဥပေက္ခာဧကဂ္ဂတာသမာဓိတိုင်အောင် ဆက်လက်ကျင့်ရမည် ဖြစ်သည်။ ထိုသမာဓိသို့ ရောက်လျှင် အထက်ပါ(၁၄)ချက်မှ လွန်မြောက်ပြီဖြစ်သည်။

ဝိပဿနာယာနိကကျင့်စဉ်သည်လည်း စိတ်သည် အထက်ပါ ဖော်ပြပြီးခဲ့သော စတုတ္ထစျာန်၏ ပယ်ခွာမှု(၁၄)ချက်မှ လွတ်မြောက်ရန် ကျင့်ခြင်းသာလျှင် ဖြစ်သည်ဟု နားလည်ပါ။ အထက်ပါ(၁၄)ချက် စိတ်၌လွတ်မြောက်အောင်စျာန်သမာပတ်မပါသော(အနိမိတ္တစေတောသမာဓိ) ကျင့်စဉ် (၀၊) ခြောက်ကပ်သောကျင့်စဉ်ဖြစ်သည့် ဝိပဿနာယာနိကဖြင့် မည်ကဲ့သို့ ကျင့်မည်နည်းဟု သုံးသပ်လျှင် ဝိပဿနာယာနိကကျင့်စဉ်၏သဘော ပေါ်လွင်လာမည်ဖြစ်သည်။

http://www.dhammadownload.com

သမထယာနိကနှင့် ဝိပဿနာယာနိက ကျင့်စဉ်နှစ်မျိုးကွဲပြားပုံ

မာလကာသီးစားရာတွင် အခွံအားလုံးကို မားဖြင့် သင်ပြီးမှ အသားကို တိုက်ရိုက်စားသောနည်းနှင့် အခွံနှင့်တကွအသားကို တစ်ကိုက်ချင်း ကိုက်၍ အခွံကို ထွေးထုတ်ပစ်ပြီး အသားကို စားသောနည်းဟူ၍ နှစ်မျိုးရှိသည်။ အခွံသင်ပုံချင်း မတူပါ။ သို့သော် အခွံကုန်စင်အောင်သင်ခြင်းနှင့် အသားအားလုံးကိုပြီးမြောက်စွာစားရခြင်းတို့သည်ကား တူညီကြသည်။ သမထယာနိကနည်းသည် အခွံအားလုံးကို မားဖြင့် သင်ပြီးမှ အသားကို ကိုက်စားသောနည်းနှင့်တူ၍ ကျင့်စဉ်တက်ရာတွင် သက်သာပြီး အချိန်များများယူ၍ ကျင့်ရသောနည်း ဖြစ်သည်။ သမထယာနိကနည်းသည် အခွံနှင့်တူသည့် ဒေါသနှင့် နိဝရဏတရားတို့ကို ဈာန်တည်းဟူသော မားဖြင့် ကုန်စင်အောင် (စတုတ္ထဈာန်ထိတိုင်အောင်) ဦးစွာပယ်ခွာလျက် အသားနှင့်တူသည့် ပရမတ်ရုပ်နာမ်တို့ကို ရှုပွားသောနည်းဖြစ်သည်။ ဝိပဿနာယာနိကနည်းသည် အခွံနှင့်တူသည့် ဒေါသနှင့်တဏှာကို သွားနှင့်တူသည့် လောကီပုဗ္ဗဘာဂမဂ်ဖြင့် တဒင်္ဂ ဝိက္ခမ္ဘန သမုစ္ဆေဒ ပယ်ခွာလျက် အသားနှင့်တူသည့် ရုပ်နာမ်တို့ကို (၃၂-ကောဋ္ဌာသမှစ၍ ဓာတ်လေးပါးအလယ် ပရမတ်ရုပ်နာမ်အဆုံး) အဆင့်ဆင့် ရှုပွားသောနည်းဖြစ်သည်။ အနည်းငယ် ပင်ပန်းစွာ ကျင့်ရပြီး အချိန်တိုတိုနှင့် အမြန်ဆုံး မဂ်ဖိုလ်ရသောနည်း ဖြစ်သည်။ အချို့ဝိပဿနာယာနိကၥ် သမထကျင့်စဉ် အနည်းငယ် အခြေခံ၍ ကျင့်သောနည်းလည်း ရှိသည်။

သမထယာနိကသည် အာရုံကို အမှီပြု၍ ပီတိ၊ သုခ ဈာန်အင်္ဂါတို့ ပါဝင်လာသောကြောင့် စိတ် ရွှင်လန်းတက်ကြွစွာ ကျင့်ရသောကြောင့် အစိုလမ်း(စိတ် စိုပြေလန်းဆန်းခြင်း)ဟု ခေါ်သည်။ ဝိပဿနာယာနိကဟူသည် အာရုံနိမိတ် မရှိသဖြင့် ပီတိ၊ သုခ စသော ဈာန်အင်္ဂါများ မပါဝဲ ကျင့်ရသောကြောင့် အခြောက်လမ်း (စိတ်၌ ခြောက်ကပ်ခြင်း)ဟု ခေါ်သည်။ **အထက်ပါ အနိမိတ္တစေတောသမာဓိကျင့်စဉ်ကို ဝိပဿနာယာနိကကျင့်စဉ်(၀ါ) သုက္ခဝိပဿကပုဂ္ဂိုလ်တို့ ကျင့်သောကျင့်စဉ် (၀ါ) သုဒ္ဓဝိပဿနာကျင့်စဉ်ဟု ခေါ်သည်။ စိတ်စင်ကြယ်အောင် နိမိတ်ချုပ်ရာ၌ အာရုံပြုလျက် ဈာန်သမာပတ်တည်းဟူသောအစေး ခန်းခြောက်စွာဖြင့် ကျင့်သော ဝိပဿနာရှုနည်း ဖြစ်သည်[၃၀] သမထယာနိကနှင့် ဝိပဿနာယာနိကကျင့်စဉ် သဘောကို လိုရင်းအနှစ် ချုပ်သော် နိမိတ်ကို အမှီပြု၍ စိတ်ကို စင်ကြယ်စေခြင်းနှင့် နိမိတ်ချုပ်ရာကိုအမှီပြု၍ စိတ်ကို စင်ကြယ်စေခြင်းဟု အဖြေထွက်သည်။**

သမထယာနိက နှင့် ဝိပဿနာယာနိကဟု ခွဲခြား၍ ပညတ်သော်လည်း လိုရင်းမှာ ဥပေက္ခာဧကဂ္ဂတာသမာဓိ (၀ါ) သမာဓိန္ဒြေတည်း ဟူသော ပန်းတိုင်ပင် ဖြစ်သည်။ ဤကျမ်းစာအုပ်၌ ဈာန်သမာပတ်တည်းဟူသောအစေး ခန်းခြောက်သည့် **ဝိပဿနာယာနိက** ကျင့်စဉ်ဖြင့် အနိမိတ္တစေတော သမာဓိ ကျင့်စဉ်တက်ပုံကို သဘောပေါ်လွင်အောင် အကျယ်တဝင့် ရှင်းလင်းတင်ပြသွားမည် ဖြစ်သည်။

http://www.dhammadownload.com

၂၊၇၊၂။ ဝိပဿနာယာနိကကျင့်စဉ်၏အဓိပ္ပာယ်

ဝိပဿနာယာနိကဆိုသည်မှာ စိတ်သည် နိမိတ်ချုပ်ရာ(အနိမိတ္တ) ကိုအာရုံပြုလျက် သစ္စာလေးချက် တပြိုင်နက် ပါဝင်သော လောကီပုဗ္ဗဘာဂမဂ်ဖြင့် တဏှာနှင့် နီဝရဏတရားများကို တဒင်္ဂ ဝိက္ခမ္ဘန တိုက်ရိုက်ပယ်ခွာပြီး ဥပေက္ခာဧကဂ္ဂတာသမာဓိသို့ ရောက်ပြီးမှ အရှုခံဝရမတ်ရုပ်နာမ်တရားများကို ရှုသောနည်း ဖြစ်သည်။

ဝိပဿနာယာနိကကျင့်စဉ်၏ ပထမလုပ်ငန်းစဉ်သည် ဒုက္ခိန္ဒြေတည်းဟူသော ဒုက္ခဝေဒနာကို ကျော်လွန်ရန်အတွက် ယင်းနှင့်ယှဉ်ဖက်စိတ်၌ မီးနှင့်တူသည့် ဒိဋ္ဌိနှင့် ဒေါသစေတသိက်တို့အား ဆက်စပ် လောင်မြိုက်စေသည့် တဏှာကို လောကီပုဗ္ဗဘာဂမဂ်ဖြင့် တဒင်္ဂ ဝိက္ခမ္ဘန သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သတ်၍ ကျင့်သောကျင့်စဉ် ဖြစ်သည် (ဒုက္ခဝေဒနာ ပစ္စယာ တဏှာ)။

သမုဒယသစ္စာ(တဏှာ)၏အနက် (အဓိပ္ပာယ်)

အားထုတ်ကြောင်းဖြစ်သောအနက်-တဏှာသည် လိုရာကို လိုသလို၊ လုပ်ချင်သလို အောင်မြင်အောင် ပြုလုပ်တတ်သည်။
ဒုက္ခ၏အကြောင်းဖြစ်သောအနက်-တဏှာသည် စိတ်နှင့်ဒိဋ္ဌိဒေါသစေတသိက်ကို ဆက်စပ်တတ်သောကြောင့် ဒုက္ခ၏အကြောင်းအရင်းဖြစ်သည်။[၂၉]

ကာယိကဒုက္ခဝေဒနာနှင့်ယှဉ်ဖက် နာမ်ခန္ဓာတို့၌ ဒိဋ္ဌိနှင့် ဒေါသစေတသိက်တို့ကို ဆက်စပ်ဖြစ်အောင် **အားထုတ်ခြင်း**၊ မိမိက္ကရိယာပုထ်ကို ပြင်ချင်သလို ပြင်ဖြစ်အောင် **အားထုတ်ခြင်း**သည် အထက်ပါ သမုဒယသစ္စာ (တဏှာ)အနက်၌ ဖော်ပြထားသော သဘောပင် ဖြစ်သည်။ စိတ်၌ ဒိဋ္ဌိ ဒေါသမီးတို့ ကပ်ရောက်လောင်မြိုက်သဖြင့် ဒုက္ခကွန်ရှာ ဖြစ်ရသည်။ ထိုဒုက္ခ၏အကြောင်းရင်းသည် သမုဒယသစ္စာ (တဏှာ)ပင်ဖြစ်သည်။

ဆက်လက်၍ ဒုက္ခိန္ဒြေမှကျော်လွန်ပြီးလျှင် (ဖားတည်းဟူသော ဒေါသကို ဖယ်ရှားပြီးခြင်း) ကျန်ရှိနေသေးသော အဘိဇ္ဈာ ဒေါမနဿမှ လွတ်မြောက်ရန် စိတ်သည် နိမိတ်ချုပ်ရာသို့ အာရုံပြုလျက် ဥပေက္ခာဧကဂ္ဂတာသမာဓိတိုင်အောင် ဆက်လက်ကျင့်ရမည် ဖြစ်သည်။ ထိုသမာဓိသို့ ရောက်လျှင် အထက်ပါ(၁၄)ချက်မှ လွန်မြောက်ပြီဖြစ်သည်။

ဝိပဿနာယာနိကကျင့်စဉ်သည်လည်း စိတ်သည် အထက်ပါ ဖော်ပြပြီးခဲ့သော စတုတ္ထစျာန်၏ ပယ်ခွာမှု(၁၄)ချက်မှ လွတ်မြောက်ရန် ကျင့်ခြင်းသာလျှင် ဖြစ်သည်ဟု နားလည်ပါ။ အထက်ပါ(၁၄)ချက် စိတ်၌လွတ်မြောက်အောင်စျာန်သမာပတ်မပါသော(အနိမိတ္တစေတောသမာဓိ) ကျင့်စဉ် (၀၀) ခြောက်ကပ်သောကျင့်စဉ်ဖြစ်သည့် ဝိပဿနာယာနိကဖြင့် မည်ကဲ့သို့ ကျင့်မည်နည်းဟု သုံးသပ်လျှင် ဝိပဿနာယာနိကကျင့်စဉ်၏သဘော ပေါ်လွင်လာမည်ဖြစ်သည်။

---

[၂၉] ပဋိသန္ဓိဒါမဂ်ပါဠိတော် မြန်မာပြန်၊ ဉာဏကထာ၊ သစ္စဉာဏ်, စတုက္ကနှစ်ပါး အကျယ်ပြခြင်း နာ-၁၄၉

http://www.dhammadownload.com

သမထယာနိကနှင့် ဝိပဿနာယာနိက ကျင့်စဉ်နှစ်မျိုးကွဲပြားပုံ

မာလကာသီးစားရာတွင် အခွံအားလုံးကို ဓားဖြင့် သင်ပြီးမှ အသားကို တိုက်ရိုက်စားသောနည်းနှင့် အခွံနှင့်တကွအသားကို တစ်ကိုက်ချင်း ကိုက်၍ အခွံကို ထွေးထုတ်ပစ်ပြီး အသားကို စားသောနည်းဟူ၍ နှစ်မျိုးရှိသည်။ အခွံသင်ပုံချင်း မတူပါ။ သို့သော် အခွံကုန်စင်အောင်သင်ခြင်းနှင့် အသားအားလုံးကိုပြီးမြောက်စွာစားရခြင်းတို့သည်ကား တူညီကြသည်။ သမထယာနိကနည်းသည် အခွံအားလုံးကို ဓားဖြင့် သင်ပြီးမှ အသားကို ကိုက်စားသောနည်းနှင့်တူ၍ ကျင့်စဉ်တက်ရာတွင် သက်သာပြီး အချိန်များများယူ၍ ကျင့်ရသောနည်း ဖြစ်သည်။ သမထယာနိကနည်းသည် အခွံနှင့်တူသည့် ဒေါသနှင့် နီဝရဏတရားတို့ကို ဈာန်တည်းဟူသော ဓားဖြင့် ကုန်စင်အောင် (စတုတ္ထဈာန်ထိတိုင်အောင်) ဦးစွာပယ်ခွာလျက် အသားနှင့်တူသည့် ပရမတ်ရုပ်နာမ်တို့ကို ရှုပွားသောနည်းဖြစ်သည်။ ဝိပဿနာယာနိကနည်းသည် အခွံနှင့်တူသည့် ဒေါသနှင့်တဏှာကို သွားနှင့်တူသည့် လောကီပုဗ္ဗဘာဂမဂ်ဖြင့် တဒင်္ဂ ဝိက္ခမ္ဘန သမုစ္ဆေဒ ပယ်ခွာလျက် အသားနှင့်တူသည့် ရုပ်နာမ်တို့ကို (၃၂-ကောဋ္ဌာသမှစ၍ ဓာတ်လေးပါးအလယ် ပရမတ်ရုပ်နာမ်အဆုံး) အဆင့်ဆင့် ရှုပွားသောနည်းဖြစ်သည်။ အနည်းငယ် ပင်ပန်းစွာ ကျင့်ရပြီး အချိန်တိုတိုနှင့် အမြန်ဆုံး မဂ်ဖိုလ်ရသောနည်း ဖြစ်သည်။ အချို့ဝိပဿနာယာနိကဌ် သမထကျင့်စဉ် အနည်းငယ် အခြေခံ၍ ကျင့်သောနည်းလည်း ရှိသည်။

သမထယာနိကသည် အာရုံကို အမှီပြု၍ ပီတိ၊ သုခ ဈာန်အင်္ဂါတို့ ပါဝင်လာသောကြောင့် စိတ် ရွှင်လန်းတက်ကြွစွာ ကျင့်ရသောကြောင့် အစိုလမ်း(စိတ် စိုပြေလန်းဆန်းခြင်း)ဟု ခေါ်သည်။ ဝိပဿနာယာနိကဟူသည် အာရုံနိမိတ် မရှိသဖြင့် ပီတိ၊ သုခ စသော ဈာန်အင်္ဂါများ မပါပဲ ကျင့်ရသောကြောင့် အခြောက်လမ်း (စိတ်၌ ခြောက်ကပ်ခြင်း)ဟု ခေါ်သည်။ **အထက်ပါ အနိမိတ္တစေတောသမာဓိကျင့်စဉ်ကို ဝိပဿနာယာနိကကျင့်စဉ်(ဝါ) သုက္ခဝိပဿကပုဂ္ဂိုလ်တို့ ကျင့်သောကျင့်စဉ် (ဝါ) သုဒ္ဓဝိပဿနာကျင့်စဉ်ဟု ခေါ်သည်။ စိတ်စင်ကြယ်အောင် နိမိတ်ချုပ်ရာ၌ အာရုံပြုလျက် ဈာန်သမာပတ်တည်းဟူသောအစေး ခန်းခြောက်စွာဖြင့် ကျင့်သော ဝိပဿနာရှုနည်း ဖြစ်သည်** [၃၀] **သမထယာနိကနှင့် ဝိပဿနာယာနိကကျင့်စဉ် သဘောကို လိုရင်းအနှစ် ချုပ်သော် နိမိတ်ကို အမှီပြု၍ စိတ်ကို စင်ကြယ်စေခြင်းနှင့် နိမိတ်ချုပ်ရာကိုအမှီပြု၍ စိတ်ကို စင်ကြယ်စေခြင်းဟု အဖြေထွက်သည်။**

သမထယာနိက နှင့် ဝိပဿနာယာနိကဟု ခွဲခြား၍ ပညတ်သော်လည်း လိုရင်းမှာ ဥပေက္ခာဧကဂ္ဂတာသမာဓိ (ဝါ) သမာဓိန္ဒြေတည်း ဟူသော ပန်းတိုင်ပင် ဖြစ်သည်။ ဤကျမ်းစာအုပ်၌ ဈာန်သမာပတ်တည်းဟူသောအစေး ခန်းခြောက်သည့် ဝိပဿနာယာနိက ကျင့်စဉ်ဖြင့် အနိမိတ္တစေတော သမာဓိ ကျင့်စဉ်တက်ပုံကို သဘောပေါ်လွင်အောင် အကျယ်တဝင့် ရှင်းလင်းတင်ပြသွားမည် ဖြစ်သည်။

---

[၃၀] မဟာဝဂ္ဂဋ္ဌကထာ၊ မဟာနိဒါနသုတ္တံအဖွင့် ဒုတိယတွဲ နှာ-၁၁၇

http://www.dhammadownload.com

၂၊၇၊၃။ သုဒ္ဓဝိပဿနာ နှင့် ခဏိကသမာဓိ

ဝိမောက္ခရှစ်ပါးကိုမရပဲ ဝိပဿနာသက်သက် ရှု၍ အရဟတ္တဖိုလ်သာရရှိသော ရဟန္တာပုဂ္ဂိုလ်များကို ပညာဝိမုတ္တပုဂ္ဂိုလ် (ပညာဖြင့်လွန်မြောက်သောပုဂ္ဂိုလ်)ဟု ခေါ်ဆိုသည်။[၃၁] ပညာဝိမုတ္တပုဂ္ဂိုလ်တွင် ရူပစျာန်လေးပါးမှ အသီးသီးထ၍ အရဟတ္တဖိုလ်သို့ရောက်သော ပုဂ္ဂိုလ်လေးမျိုးနှင့် ရူပစျာန်လေးပါးလုံး မရပဲ ဝိပဿနာသက်သက်ဖြင့် အရဟတ္တဖိုလ်သို့ရောက်သော သုက္ခဝိပဿကပုဂ္ဂိုလ်ဟူ၍ ငါးမျိုးပြားသည်။[၃၂] ထိုပညာဝိမုတ္တပုဂ္ဂိုလ်ငါးမျိုးအနက်မှ သုက္ခဝိပဿကပုဂ္ဂိုလ်တို့၏ ကျင့်စဉ်လမ်းကြောင်းကိုပင် ရည်ရွယ်၍ သုဒ္ဓဝိပဿနာယာနိကဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာက ဖွင့်ဆိုသည်။[၃၃]

ဝိပဿနာရှုသော ယောဂီ၏ စိတ်၌ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်စေရန် စိတ္တဝိသုဒ္ဓိ (၀၊) ဥပေက္ခာဧကဂ္ဂတာသမာဓိနှင့် ပြည့်စုံရမည်။ သုဒ္ဓဝိပဿနာ ဆိုသည်မှာ သမထမပါသော ဝိပဿနာသက်သက်ကျင့်စဉ် ဖြစ်သည်ဟု အများက ယူဆထားကြသည်မှာ မှန်သော်လည်း သမ္မာသမာဓိ (၀၊) ဥပေက္ခာဧကဂ္ဂတာသမာဓိသို့ ဆိုက်ရောက်ပြီးဖြစ်ရမည်ဟူသော အချက်ကို မေ့လျော့နေကြသည်။ စိတ္တဝိသုဒ္ဓိ (၀၊) သမ္မာသမာဓိ (၀၊) ဥပေက္ခာဧကဂ္ဂတာသမာဓိသို့ မရောက်မချင်း ဗလဝဝိပဿနာ၏ အာရုံဖြစ်သော ပရမတ်ရှပ်နာမ်တို့ကို အာရုံမပြုနိုင်ပါ။ အမှန်စင်စစ် သုဒ္ဓဝိပဿနာဆိုသည်မှာ စျာန်အင်္ဂါမပါသဖြင့် စိတ်စင်ကြယ်ရန် နိမိတ်ချုပ်ရာကို အာရုံပြုလျက် အဘိဇ္ဈာ ဒေါမနဿတို့ကို စိတ်၌ ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ခွာပြီး ဥပေက္ခာဧကဂ္ဂတာသမာဓိ ရောက်ရှိပြီးမှသာလျှင် ပရမတ်ရှပ်နာမ်တို့ကို ဝိပဿနာရှုခြင်းမျိုးကို ဆိုလိုသည်။ ဤကျမ်းစာအုပ်၌ရေးသော စိတ္တဝိသုဒ္ဓိကျင့်စဉ်အဆင့်(၃)ဆင့်သည် သုဒ္ဓဝိပဿနာ ကျင့်စဉ်အမှန် ဖြစ်ပါသည်။

ယခုအခါ စိတ်တိုင်း၌ယှဉ်သော **ဧကဂ္ဂတာစေတသိက်ကို "စိတ်ဖြစ်တိုင်း အလိုအလျောက် ပါသော ခဏိကသမာဓိ"ဟု ဆိုကာ** လေးပါးသော ဣရိယာပုထ်၌ ယင်းခဏိကသမာဓိဖြင့် သွားလာနေထိုင် စားသောက်ရင်း တရားကျင့်လျှင် သောတာပန် ဖြစ်နိုင်သည်၊ တရားရနိုင်သည်ဟု သုဒ္ဓဝိပဿနာနည်းဟု အဆန်းထွင်လျက် ဟောပြော ရေးသားနေကြသည်။ စိတ္တဝိသုဒ္ဓိ(ဥပေက္ခာဧကဂ္ဂတာသမာဓိ)နှင့် မပြည့်စုံသေးသဖြင့် ပညတ် မပယ်ခွာနိုင်သော ယောဂီတစ်ဦးအနေဖြင့် သွားရင်းလာရင်း ရှုသည်ဟူသော ခဏိကသမာဓိသည် သတိန္ဒြေလည်းမထိုက်၊ သမာဓိန္ဒြေလည်းမထိုက်၊ ပညတ်လည်းမကင်းသဖြင့် ဝိပဿနာဉာဏ် မဆိုက်နိုင်။ အပြောအဟော အရေးသာ ရမည်။ လက်တွေ့မဖြစ်နိုင်ပါ။

ခဏိကသမာဓိကို မြတ်စွာဘုရားရှင် တိုက်ရိုက် ဟောထားခြင်း မရှိပါ။ ဝိသုဒ္ဓိမဂ် မဟာဋီကာနှင့် မူလပဏ္ဏာသဋီကာ၌ **"နဟိ ခဏိကသမာဓိ ဝိနာ ဝိပဿနာ သမ္ဘဝတိ"**[၃၄] ခဏိကသမာဓိ ကင်း၍ ဝိပဿနာရှု၍ မရနိုင်ကြောင်းကို ဖွင့်ဆိုထားသည်။ မဟာနိဒ္ဒေသ အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ ဓမ္မသင်္ဂဏီ အဋ္ဌကထာတို့၌ ခဏိကသမာဓိ ရရှိခြင်း အကြောင်းကို ဤသို့ တွေ့ရသည်။ ပဌမစျာန်၏အင်္ဂါဖြစ်သော ပီတိ(ငါးမျိုး)နှင့် ပြည့်စုံပါက ပဿဒ္ဓိနှစ်ပါး (ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ) ပြည့်စုံလာသည်။ ပဿဒ္ဓိနှစ်ပါး ပြည့်စုံသည်ရှိသော်

---

[၃၁] ပုဂ္ဂလပညတ်ပါဋိတော် မြန်မာပြန်၊ ဧကကပုဂ္ဂလပညတ်-၂၅၊ နှာ-၁၈

[၃၂] ပဋ္ဌပကရဏအဋ္ဌကထာ၊ နိဒ္ဒေသဝဏ္ဏနာ-၂၅ နှာ-၄၂

[၃၃] ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ဒုတိယတွဲ၊ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ-၆၆၄ နှာ-၂၂၁

[၃၄] ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ပထမတွဲ၊ နှာ-၁၁၊ မူလပဏ္ဏာသဋီကာ ပ-တွဲ၊ နှာ-၂၀၄

http://www.dhammadownload.com

ကာယိကသုခနှင့် စေတသိကသုခဟူသော သုခနှစ်ပါးဖြင့် ပြည့်စုံလာသည်။ သုခနှစ်ပါး ပြည့်စုံသည်ရှိသော် ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဟူသော သမာဓိသုံးပါး ပြည့်စုံလာသည်ဟု ပါရှိသည်။ [၃၅] ထို့ကြောင့် ဝိပဿနာရှုနိုင်သော ခဏိကသမာဓိဆိုသည်မှာ အဋ္ဌကထာ၊ ဋီကာတို့အလိုအရ ပီတိ၊ ပဿဒ္ဓိ၊ သုခတို့ဖြင့် ပြည့်စုံပြီးဖြစ်ရမည်။ တစ်နည်းအားဖြင့် ဆိုသော် စျာန်အင်္ဂါငါးပါး ပြည့်စုံရမည်ဖြစ်သည်။ ထိုခဏိကသမာဓိ၏ဂုဏ်ကို အမှီပြုလျက် ဝိပဿနာရှုခြင်းဖြစ်သည်။

ထို့ကဂ္ဂတာစေတသိက်သည် တစ်ခုသောအာရုံ၌ လက်ဖျစ်တစ်တွက်တွင် စိတ်သည် အလုံးပေါင်း ကုဋေတစ်သိန်း တစ်လုံးပြီးတစ်လုံး ဖြစ်ချုပ်၏။ ထိုကုဋေတစ်သိန်းမှ စိတ်တစ်လုံး ဖြစ်တည်ပျက်ကို ခဏငယ်တစ်ချက် ဟုခေါ်သည်။ ထိုခဏငယ်တစ်ချက်၌ ဧကဂ္ဂတာစေတသိက် တစ်ကြိမ် ပါဝင်သည်။ ထိုခဏတည်သော စိတ်ကို ခဏိကသမာဓိစိတ်ဟုခေါ်သည်။ ထိုစိတ်သည် အကုသိုလ်အာရုံ၌ ယှဉ်ခဲ့သော် မိစ္ဆာခဏိကသမာဓိ ဖြစ်သွားသည်။ ထိုအကုသိုလ်အာရုံ၌ စိတ်ကုဋေပေါင်း မြောက်မြားစွာ အလျင်မပြတ် ဆက်ဖြစ်နေလျှင် (တစ်နာရီမျှ) မိစ္ဆာသမာဓိ ဖြစ်သည်။ ခဏိကသမာဓိမှ သမာဓိသို့ ရောက်ခြင်းဖြစ်သည်။

သမထအာရုံ၊ ဝိပဿနာအာရုံ၌ စိတ်သည် ခဏငယ်စိတ်ပေါင်း မြောက်မြားစွာ အကြားအလပ်မရှိ (၁၀-နာရီမျှ) ဖြစ်မှ ဧကဂ္ဂတာစေတသိက်ပေါင်း မြောက်မြားစွာဖြစ်မည်။ ၎င်းကို သမ္မာသမာဓိဟု ခေါ်သည်။ ထိုသမာဓိ၌ ပညတ်များ၊ အဘိဇ္ဈာ ဒေါမနဿ စသော အကုသိုလ်တရားများ သိမ်းဆည်းနိုင်မှ (၁၀-နာရီမျှ) ကင်းစင်ရမည်ဖြစ်သည်။ ထိုသမာဓိသည် သတိန္ဒြေ(သတိခိုင်ခဲ့စွာအုပ်ချုပ်ထားမှု)၊ သမာဓိန္ဒြေ(ဧကဂ္ဂတာစေတသိက် ခိုင်ခဲ့စွာအုပ်ချုပ်ထားမှု) နှင့်ပြည့်စုံရမည်ဖြစ်သည်။ ၎င်းကို **စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'** [၃၆] ဟု ခေါ်သည်။

မြတ်စွာဘုရားရှင်လက်ထက်က မြတ်စွာဘုရား တရားဟောပြီးသောအခါ သောတာပန်၊ သကဒါဂါမ် စသည် အရိယာများ ဖြစ်သွားကြသည်။ စျာန်အဘိညာဏ် မပါပဲ ဖြစ်သွားကြခြင်း ဖြစ်သည်။ ထိုသို့ ဖြစ်ရခြင်းမှာ ဟောသူကလည်း ကိလေသာ ပယ်သတ်ပြီး၍ လောကမှ လွန်မြောက်ပြီးသောမြတ်စွာဘုရား၊ နာကြားရသူများမှာလည်းအတိတ်ဘဝပါရမီရင့်ကျက်ပြီးသူများ ဖြစ်ကြသဖြင့် ဆိုင်ရာဝိပဿနာဉာဏ်များ ပေါက်ပြီး မဂ်အဆင့်ဆင့်ကူးခြင်းဖြစ်သည်။ ယခုခေတ် သုဒ္ဓဝိပဿနာနည်းဖြင့် တရားတွေ့နိုင်သည်ဟု ရေးသားပြောဆိုသောဆရာသည် မိမိပြောသလို ရေးသလို ထိုက္ကရိယာပုထ်လေးပါးမှာ မိမိကိုယ်တိုင် တရားတွေ့ပြီးပြီလားဟု ပြန်စစ်ဆေးရမည်။ မိမိကိုယ်တိုင် မကျင့်ကြံပါပဲလျက် ရေးသားဟောပြောခြင်းသည် တွက်ရေးမှာ စက်သူဌေးသာ ဖြစ်နေလိမ့်မည်။ ယခုခေတ် အရပ်သူအရပ်သားများသည် လေးပါးသော ကြ္ကရိယာပုထ်မှာ မလွတ်တမ်း အဘယ်မှာ ကျင့်နိုင်ပါမည်နည်း။ အဘယ့်ကြောင့်ဆိုသော် **ဝိပဿနာရှုနိုင်သော ခဏိကသမာဓိနှင့်တူသော ဂုဏ်မရှိခြင်းကြောင့်** လည်းကောင်း၊ လောကီပညတ်အာရုံများကိုသာ အာရုံပြု၍ လူမှုရေး၊ စီးပွားရေးစသော လောကီအရေး များကြောင့် လည်းကောင်း၊ ပါရမီ အားနည်းမှုကြောင့်လည်းကောင်း ဖြစ်သည်။ အကယ်၍ သဒ္ဓါဆန္ဒ ရှိစွာဖြင့် ရှုလျှင်သော်မှ အားနည်းသောဝိပဿနာ (တရုဏဝိပဿနာ)မျှသာ ဖြစ်မည်။

---

[၃၅] ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ကာမာဝစရကုသလပဒဘာဇနီယ၊ စျာနင်္ဂရာသိဝဏ္ဏနာ နာ-၁၆၀

[၃၆] ဓမ္မသင်္ဂဏီပါဠိတော်၊ စိတ္တုပ္ပါဒကဏ္ဍ စိတ်, စေတသိက်ပိုင်း ကာမာဝစရကုသိုလ်-၁၁ နာ-၃၀

http://www.dhammadownload.com

အကယ်၍ စိတ္တဝိသုဒ္ဓိနှင့် မပြည့်စုံသေး၍ ပညတ်မပယ်ခွာနိုင်သော ယောဂီတစ်ဦး အနေဖြင့် သွားရင်းလာရင်း ရှူသည်ဟူသော ခဏိကသမာဓိဖြင့် ဝိပဿနာသက်သက် ရှုနိုင်သည် (သို့) တရားရှုနည်းပေးမည်ဟု ဆိုခဲ့လျှင် ထိုသို့ ရှုမြင်နိုင်သောယောဂီနှင့် ရှုနည်းပေးသော ကမ္မဋ္ဌာန်းပြဆရာတို့သည် မိမိကိုယ်တိုင် မဂ်ဖိုလ် ဆိုက်ပြီးပြီလား၊ နိဗ္ဗာန်ကို အာရုံပြုနိုင်ပြီလား၊ မိမိစိတ်ကို ပညတ်အာရုံမှ (၁၀)နာရီကြာမျှ မဖောက်မပြန် သိမ်းဆည်းနိုင်ပြီလား၊ အနိမ့်ဆုံး ဓာတ်လေးပါးဒုက္ခနှင့် ရင်ဆိုင်တွေ့ကြုံရသော် ဒေါသမှ လွတ်ပြီလားဟု မဟာပလ္လင် ဣရိယာပုထ်ဖြင့် (၂)နာရီကြာမျှထိုင်ကာ မိမိကိုယ်ကို မလိမ်မညာပဲ မှတ်ကျောက်တင်ကြည့်ပါ။ စျာန်အဘိညာဏ် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ မည်သည့် ခေတ်ကာလတွင်ပင်ဖြစ်စေ တရားတွေ့ပြီဆိုလျှင် ဒုက္ခမှ လွတ်မြောက်မှု၊ ချုပ်ငြိမ်းမှုမှာ အတူတူပင်ဖြစ်သည်။

၂၈။ ဝိပဿနာကျင့်စဉ်ကမ္မဋ္ဌာန်းများ စီစစ်ဝေပန်ချက်

ကမ္မဋ္ဌာန်းဟူသည် စိတ်၏တည်ရာဌာန (၀ါ) စိတ်စုစည်းရာနေရာဖြစ်သည်။ ထို့ကြောင့် စိတ်တည်မှု ကမ္မဋ္ဌာန်းအာရုံယူရာတွင် မိမိနှစ်သက်ရာ၌ တည်နိုင်သည်။ သူ့နည်းကိုယ့်နည်း ငြင်းစရာမလိုပါ။

ယခုအခါ မြန်မာနိုင်ငံတွင် ဝိပဿနာယာနိကကျင့်စဉ်ဖြင့် တရားကျင့်ရာ၌ များသော အားဖြင့် အောက်ပါကမ္မဋ္ဌာန်းများဖြင့် ကျင့်သုံးနေကြသည်။

(၁) ငယ်ထိပ်၌ စိတ်တည်သောကမ္မဋ္ဌာန်း
(၂) ဖောင်းရာ ပိန်ရာ ဝမ်းပိုက်၌ စိတ်တည်သောကမ္မဋ္ဌာန်း
(၃) ရှေ့စိတ်ကိုနောက်စိတ်ဖြင့် စိတ်စိတ်ချင်း တည်သောကမ္မဋ္ဌာန်း
(၄) အာနာပါနကမ္မဋ္ဌာန်း
(၅) (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်း
(၆) ဓာတ်လေးပါးကမ္မဋ္ဌာန်း
(၇) အသုဘကမ္မဋ္ဌာန်း
(၈) လေးပါးသောဣရိယာပုထ် ကမ္မဋ္ဌာန်းကျင့်စဉ်

အထက်ပါ ကမ္မဋ္ဌာန်းနည်းတို့မှ မိမိတို့ နှစ်သက်ရာတစ်ခုခုကို အခြေခံ၍ စိတ်ကို ကမ္မဋ္ဌာန်းအာရုံ၌ တည်မြဲအောင် အားထုတ်ကာ စိတ်စင်ကြယ်မှုရစေပြီး ပရမတ်ရုပ်နာမ်တို့၏ သဘောသဘာဝများကို အစဉ်သိအောင် ရှုရသည့် အလုပ်သည် တရားကျင့်ကြံခြင်း၏လိုရင်း ဖြစ်သည်။

(၁) ငယ်ထိပ်၌ စိတ်တည်သောကမ္မဋ္ဌာန်း

ငယ်ထိပ်၌ စိတ်တည်ရာထားသော ကမ္မဋ္ဌာန်းကျင့်စဉ်၏သဘောသည် ပျံ့လွင့်သော စိတ်များကို သိမ်းဆည်း၍ ထိုငယ်ထိပ်၌ စိတ်ကိုတည်စေကာ သမာဓိထူထောင်သောနည်း ဖြစ်သည်။ ထိုသို့ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို တည်ငြိမ်အောင် သမာဓိထူထောင်နေစဉ် ဓာတ်လေးပါးဖောက်ပြန်မှုသည် မိနစ်အနည်းငယ်အတွင်း ဖြစ်ပေါ်လာမည်။ ထိုအခါ စိတ်သည် ဓာတ်လေးပါးဖောက်ပြန်ရာသို့ ရောက်ရှိသွားပြီး ဒုက္ခဝေဒနာဖြစ်၍ ဒေါသဖြစ်လာသည်။ ၎င်းဒေါသမှလွတ်အောင် ထိုကမ္မဋ္ဌာန်းနည်းကို အခြေခံလျက် သမထယာနိကနည်းဖြင့် ကျင့်စဉ်တက်သော် ဒုက္ခအာရုံမှစိတ်ကိုအားငါးပါးဖြင့်သိမ်းဆည်းကာ မူလကမ္မဋ္ဌာန်းဖြစ်သောငယ်ထိပ်တွင်

http://www.dhammadownload.com

တည်စေ၍ စျာန်အင်္ဂါငါးပါးဖြင့် ပြည့်စုံအောင် အားထုတ်ရမည်။ ပဌမစျာန်အင်္ဂါငါးပါးဖြင့် ပြည့်စုံလျှင် ဒုက္ခနှင့်ဒေါသမှလွတ်ပြီဖြစ်သည်။

ငယ်ထိပ်သို့ စိတ်ကိုပို့ဆောင်ခြင်းသည် ဝိတက်
ငယ်ထိပ်နေရာ၏ တလှုပ်လှုပ်ဖြစ်နေမှုကို သုံးသပ်နေခြင်းသည် ဝိစာရ
ထိုအာရုံ၌နှစ်သက်နေခြင်းသည် ပီတိ
ဒုက္ခချုပ်၍ ကမ္မဋ္ဌာန်းအာရုံ၌ ချမ်းသာနေခြင်းသည် သုခ
ကမ္မဋ္ဌာန်းအာရုံတစ်ခုတည်း၌ စိတ်တည်နေခြင်းသည် ဧကဂ္ဂတာ

ငယ်ထိပ်၌ စိတ်တည်သောကမ္မဋ္ဌာန်းကို မူလထားသောကျင့်စဉ်ဖြင့် ဒုက္ခဝေဒနာမှဒေါသ လွတ်မြောက်အောင် စျာန်အင်္ဂါမပါပဲ ဝိပဿနာယာနိကကျင့်စဉ်ဖြင့် ကျင့်မည်ဟုဆိုလျှင် မည်ကဲ့သို့ ဆက်လက်ကျင့်မည်နည်း။

ထို့နောက် စက္ခုဒွါရ၌ ပစ္စုပ္ပန်အဆင်း ကျရောက်ဆဲ ပရမတ်ရုပ်နာမ်များဖြစ်သော စက္ခုပသာဒရှိ ရှုပါရုံနှင့် ထိုစက္ခုပသာဒ၌ တည်ရှိသော စက္ခုဝိညာဏ်တို့ကို ပိုင်းခြားမြင်အောင် ထိုငယ်ထိပ်၌ စိတ်တည်သော ကမ္မဋ္ဌာန်းဖြင့် ရှေ့ဆက်မည်ကဲ့သို့ ကျင့်မည်နည်း။ ထိုကမ္မဋ္ဌာန်း ကျင့်စဉ် ထူထောင်၍ရသော သမာဓိဖြင့် တရွရွ တမွမွ တဖွားဖွား ဖြစ်ပျက်နေသော ရုပ်တရား တို့ကို ရှုမြင်နိုင်ခြင်းသည် တရုဏဝိပဿနာ (အနုစားဝိပဿနာ) အဆင့်သာ ရှိသေးသည်။ မဟာဝိပဿနာ မဟုတ်သေးပါ။

(၂) ဖောင်းရာ ပိန်ရာ ဝမ်းဗိုက်၌ စိတ်တည်သောကမ္မဋ္ဌာန်း

ဝမ်းဗိုက်၏ ဖောင်းမှုပိန်မှု (သို့) ရင်ဘတ်၏ နိမ့်မှုမြင့်မှု၌ စိတ်၏တည်ရာထားသော ကမ္မဋ္ဌာန်းနည်းဖြင့် တရားကျင့်ရာတွင် ပျံ့လွင့်သော စိတ်များကို သိမ်းဆည်းရန် စိတ်ကို ထိုဖောင်းမှုပိန်မှု၌ အမှတ်ပြု၍ (သို့) သတိပြု၍ တည်ထားရသည်။ ဤကဲ့သို့ သမာဓိ ထူထောင်နေစဉ် မိနစ်အနည်းငယ်အတွင်း ဓာတ်လေးပါးဖောက်ပြန်မှု ဖြစ်ပေါ်လာမည်။ ထိုအခါ စိတ်သည် ဓာတ်လေးပါးဖောက်ပြန်ရာသို့ ရောက်ရှိသွားပြီး ဒေါသဖြစ်လာသည်။ ၎င်းဒေါသမှ လွတ်အောင် ထိုကမ္မဋ္ဌာန်းနည်းကို အခြေခံလျက် သမထယာနိကနည်းဖြင့် ကျင့်စဉ်တက်သော် ဒုက္ခအာရုံမှစိတ်ကို အားငါးပါးဖြင့် သိမ်းဆည်းကာ မူလကမ္မဋ္ဌာန်းဖြစ်သော ဖောင်းမှုပိန်မှုတွင် တည်စေ၍ စျာန်အင်္ဂါငါးပါးဖြင့် ပြည့်စုံအောင် အားထုတ်ရမည်။ ပဌမစျာန်အင်္ဂါငါးပါးဖြင့် ပြည့်စုံလျှင် ဒုက္ခနှင့်ဒေါသမှလွတ်ပြီဖြစ်သည်။

ဖောင်းမှုပိန်မှုသို့ စိတ်ကိုပို့ဆောင်ခြင်းသည် ဝိတက်
ဖောင်းမှုပိန်မှုသဘောကို သုံးသပ်နေခြင်းသည် ဝိစာရ
ထိုအာရုံ၌နှစ်သက်နေခြင်းသည် ပီတိ
ဒုက္ခချုပ်၍ ကမ္မဋ္ဌာန်းအာရုံ၌ ချမ်းသာနေခြင်းသည် သုခ
ကမ္မဋ္ဌာန်းအာရုံတစ်ခုတည်း၌ တည်နေခြင်းသည် ဧကဂ္ဂတာ

ထိုဖောင်းရာ ပိန်ရာ ဝမ်းဗိုက်၌ စိတ်တည်သောကမ္မဋ္ဌာန်းကို မူလထားသောကျင့်စဉ်ဖြင့် ဒုက္ခဝေဒနာမှဒေါသ လွတ်မြောက်အောင် စျာန်အင်္ဂါငါးပါး မပါပဲ ဝိပဿနာယာနိကကျင့်စဉ်ဖြင့် ကျင့်မည်ဟုဆိုလျှင် မည်ကဲ့သို့ ဆက်လက်ကျင့်မည်နည်း။

http://www.dhammadownload.com

(၃) ရှေ့စိတ်ကိုနောက်စိတ်ဖြင့် စိတ်စိတ်ချင်း တည်သောကမ္မဋ္ဌာန်း

စိတ်စိတ်ချင်း တည်၍ကျင့်သော ကမ္မဋ္ဌာန်း၌ ပျံ့လွင့်သောရှေ့စိတ်များကို သိမ်းဆည်းရန် သတိနှင့်ယှဉ်သောနောက်စိတ်ဖြင့် ဖြစ်ပျက်ဟု သညာပေးကာ ရှု၍ ကျင့်၏။ ဤကဲ့သို့ သမာဓိ ထူထောင်နေစဉ် မိနစ်အနည်းငယ်အတွင်း ဓာတ်လေးပါးဖောက်ပြန်မှု ဖြစ်ပေါ်လာမည်။ ထိုအခါ စိတ်သည် ဓာတ်လေးပါးဖောက်ပြန်ရာသို့ ရောက်ရှိသွားပြီး ဒေါသဖြစ်လာသည်။ ၎င်းဒေါသမှ လွတ်အောင် ထိုကမ္မဋ္ဌာန်းနည်းကို အခြေခံလျက် သမထယာနိကနည်းဖြင့် ကျင့်စဉ်တက်သော်-

> မူလကမ္မဋ္ဌာန်းသို့ စိတ်ကိုပို့ဆောင်ခြင်းသည် ဝိတက်
> ရှေ့စိတ်တို့၏ ဖြစ်မှုချုပ်မှုသဘောကို သုံးသပ်နေခြင်းသည် ဝိစာရ
> ထိုအာရုံ၌နှစ်သက်နေခြင်းသည် ပီတိ
> ဒုက္ခချုပ်၍ ကမ္မဋ္ဌာန်းအာရုံ၌ ချမ်းသာနေခြင်းသည် သုခ
> ကမ္မဋ္ဌာန်းအာရုံ (ရှေ့စိတ်တို့ ဖြစ်ပျက်ဆုံးနေခြင်း) တစ်ခုတည်း၌ တည်နေခြင်းသည် ဧကဂ္ဂတာ*

ဤနေရာ၌ ရှုစိတ်သည် သတိနှင့်ယှဉ်တွဲမှု ခိုင်မြဲနေလျှင် ပေါ်ချင်ရာပေါ်နေသော ရှေ့စိတ်များ ချုပ်နေမည်။ သတိမလွတ်သဖြင့် ရှေ့စိတ်ချုပ်မှုနှင့် သတိသည် တထပ်တည်း တည်နေမည်။ ထိုချုပ်မှုသည် နိဗ္ဗာန်မဟုတ်ပါ။ နိမိတ်နှင့်ယှဉ်ဖက် ပညတ်အာရုံပြုစိတ်များ ချုပ်ခြင်းမျှသာ ရှိသေးသည်။ ဤသဘောကို အခန်း(၃) စိတ္တဝိသုဒ္ဓိကျင့်စဉ် တတိယဆင့်၌ ရှုပါ။

ရှေ့စိတ်ကိုနောက်စိတ်ဖြင့်ရှုသောကမ္မဋ္ဌာန်းကို မူလထားသောကျင့်စဉ်ဖြင့် ဒုက္ခဝေဒနာမှ ဒေါသ လွတ်မြောက်အောင် ဗျာန်အင်္ဂါငါးပါး မပါပဲ ဝိပဿနာယာနိကကျင့်စဉ်ဖြင့် ကျင့်မည်ဟု ဆိုလျှင် မည်ကဲ့သို့ ဆက်လက်ကျင့်မည်နည်း။

မှတ်ချက်။ ။စက္ခုဒ္ဒါရ၌ ပစ္စုပ္ပန်အဆင်း ကျရောက်ဆဲ ပရမတ်ရုပ်နာမ်များဖြစ်သော စက္ခုပသာဒရှိ ရှုပါရုံနှင့် ထိုစက္ခုပသာဒ၌ တည်ရှိသော စက္ခုဝိညာဏ်တို့ကို ပိုင်းခြားမြင်အောင် အထက်ပါ ဖောင်းရာပိန်ရာ၌ စိတ်တည်သော ကမ္မဋ္ဌာန်းဖြင့် လည်းကောင်း၊ ရှေ့စိတ်ကို နောက်စိတ်ဖြင့် စိတ်စိတ်ချင်းတည်သော ကမ္မဋ္ဌာန်းဖြင့်လည်းကောင်း ရှေ့ဆက် မည်ကဲ့သို့ ကျင့်မည်နည်း။ ထိုကမ္မဋ္ဌာန်းကျင့်စဉ်များဖြင့် ကျင့်စဉ်တက်၍ ရရှိသော သမာဓိဖြင့် တရွရွ တမွမွ တဖွားဖွား ဖြစ်ပျက်နေသော ရုပ်တရားများ၊ တရှိတ်ရှိတ် တရိပ်ရိပ် ပြောင်းလဲဆောင်နေသော ရုပ်တရားတို့ကို ရှုမြင်နိုင်ခြင်းသည် တရုဏဝိပဿနာ (အနုစားဝိပဿနာ) အဆင့်သာ ရှိသေးသည်။ မဟာဝိပဿနာ မဟုတ်သေးပါ။

အကယ်၍ ယင်းကမ္မဋ္ဌာန်းနည်းတို့ဖြင့် ရှုမှတ်နေစဉ် အခြားအသံအာရုံ ကြားမိလျှင် "ကြားသည်၊ ကြားသည်"ဟူ၍ လည်းကောင်း၊ "ဖြစ်ပျက်"ဟု ရှုခြင်းဖြင့် လည်းကောင်း မှတ်လိုက်သောအခါ ထိုအသံနှင့် အသံကို မှီဖြစ်သောစိတ် ချုပ်သွားသည်။ အကယ်၍ ငြီးငွေ့သောစိတ် ဖြစ်ခဲ့သော် "ငြီးငွေ့တယ်၊ ငြီးငွေ့တယ်"ဟူ၍လည်းကောင်း၊ "ဖြစ်ပျက်"ဟု လည်းကောင်း ရှုလိုက်မှတ်လိုက်၏။ ထိုအခါ ငြီးငွေ့သောစိတ်နှင့် မှတ်စိတ်များ ချုပ်သွားပြီး မည်သည့်စိတ်မှမပေါ်ပဲ ရပ်နေတတ်သည်။ ထိုစိတ်ချုပ်မှုသည် နိဗ္ဗာန်မဟုတ်။ ဥဒ္ဓစ္စ အစရှိသော

---

* ရှုစိတ်အလျင်မပြတ် မြဲသွားသောအခါ ရှေ့ပျံ့လွင့်သောစိတ်များ ပေါ်မလာတော့ပဲ ချုပ်နေမည်။ ထိုချုပ်မှုသဘော၌ တည်နေသောသမာဓိကို ဧကဂ္ဂတာသမာဓိဟုခေါ်သည်။

http://www.dhammadownload.com

နိဝရဏနှင့်ယှဉ်သောစိတ်များ ခဏချုပ်ခြင်းသာ ဖြစ်သည်။ အခြိန်အနည်းငယ်ကြာလျှင် စိတ်များပြန်ပေါ်လာသည်။ ထိုသို့ပေါ်ခြင်းမှာ သီလ သမာဓိ မလုံခြုံခြင်းကြောင့် ဖြစ်သည်။

ယင်းကမ္မဋ္ဌာန်းတို့ဖြင့် ဒုက္ခဝေဒနာမှဒေါသ လွတ်မြောက်အောင် ဈာန်အင်္ဂါမပါပဲ ဝိပဿနာယာနိကကျင့်စဉ်ဖြင့် ကျင့်မည်ဟုဆိုလျှင် မည်ကဲ့သို့ ဆက်လက်ကျင့်မည်နည်း။ အကယ်၍ ဒုက္ခဝေဒနာ ပေါ်ရာရုပ်ကို အာရုံပြုလျက် "ဖြစ်ပျက်၊ ဖြစ်ပျက်"ဟု ရွတ်ခြင်းဖြင့်လည်းကောင်း၊ "တင်းတယ်၊ တောင့်တယ်၊ ထုံတယ်၊ ကျင်တယ်" စသောအမှတ်ဖြင့်လည်းကောင်း၊ "ဒုက္ခ၊ ဒုက္ခ"ဟု သညာပေး၍လည်းကောင်း ရွတ်နေလျက် ကျင့်ရမည်ဟုဆိုလျှင် ဒုက္ခကို အဘယ်မှာ ကျော်လွန်နိုင်ပါမည်နည်း။ ယင်းသို့ ရွတ်နေစဉ် ဒုက္ခဝေဒနာကို သည်းမခံနိုင်ပါက မိမိ၏ မူလအရွတ်အမှတ်ကို မပျက်စေပဲ ကွရိယာပုထ်ကို ပြင်ပေး၍ ကျင့်ရမည်ဟုဆိုလျှင် ဒုက္ခကို အဘယ်မှာ ကျော်လွန်နိုင်ပါမည်နည်း။ ဒုက္ခဖြစ်တိုင်းသာ အမှတ်ဖြင့် (သို့) အသိဖြင့် ပြင်ပေးနေရမည်ဆိုလျှင် ကာယိန္ဒြေနှင့် မနိန္ဒြေပျက်နေသောကြောင့် အဘယ်မှာ စစ်မှန်သော ဝိပဿနာဉာဏ် ဆိုက်ပါမည်နည်း။ စိတ်သည် ပယ်ခွာရမည့်တရားများဖြစ်သော တဏှာ၊ ဒေါသ၊ ဒိဋ္ဌတို့နှင့်ပေါင်းနေခြင်းကြောင့်တည်း။

(၄) အာနာပါနကမ္မဋ္ဌာန်း

နှာသီးဝတိုချက်၌ စိတ်တည်ရာထားသော အာနာပါနကမ္မဋ္ဌာန်းဖြင့် တရားကျင့်ရာတွင် ပျံ့လွင့်သောစိတ်များကိုသိမ်းဆည်းရန် စိတ်ကို ထိုနှာသီးဝတိုချက်၌ သတိပြု၍ တည်ထားရသည်။ ဂဏနနည်း၊ ဌပနာနည်း စသော နည်းတို့ဖြင့်လည်း စိတ်ကို တည်ငြိမ်အောင် ကျင့်သည်။ အာနာပါနကမ္မဋ္ဌာန်းကို မည်သည့်နည်းဖြင့်ကျင့်၍ သမာဓိထူထောင်စေကာမူ သမာဓိမရသေးမီ မိနစ်အနည်းငယ်အတွင်း မာတ်လေးပါးဖောက်ပြန်မှု ဖြစ်ပေါ်လာမည်။ ထိုအခါ စိတ်သည် မာတ်လေးပါးဖောက်ပြန်ရာသို့ ရောက်ရှိသွားပြီး ဒေါသဖြစ်လာသည်။ ၎င်းဒေါသမှလွတ်အောင် ထိုကမ္မဋ္ဌာန်းနည်းကို အခြေခံလျက် သမထယာနိကနည်းဖြင့် ကျင့်စဉ်တက်သော် ဒုက္ခအာရုံမှ စိတ်ကို အားငါးပါးဖြင့် သိမ်းဆည်းကာ မူလကမ္မဋ္ဌာန်းဖြစ်သော နှာသီးဝတိုချက်တွင် တည်စေ၍ ဈာန်အင်္ဂါငါးပါးဖြင့် ပြည့်စုံအောင် အားထုတ်ရမည်။ ပဌမဈာန်အင်္ဂါငါးပါးဖြင့် ပြည့်စုံလျှင် ဒုက္ခနှင့်ဒေါသမှလွတ်ပြီဖြစ်သည်။

နှာသီးဝတိုချက်သို့ စိတ်ကိုပို့ဆောင်ခြင်းသည် ဝိတက်
နှာသီးဝတိုချက်ကို သုံးသပ်နေခြင်းသည် ဝိစာရ
ထိုအာရုံ၌ နှစ်သက်နေခြင်းသည် ပီတိ
ဒုက္ခချုပ်၍ ကမ္မဋ္ဌာန်းအာရုံ၌ ချမ်းသာနေခြင်းသည် သုခ
ကမ္မဋ္ဌာန်းအာရုံတစ်ခုတည်း၌ တည်နေခြင်းသည် ဧကဂ္ဂတာ

အာနာပါနကမ္မဋ္ဌာန်းအခြေခံ၍ ဒုက္ခဝေဒနာမှဒေါသလွတ်မြောက်အောင် ဈာန်အင်္ဂါငါးပါးမပါပဲ ဝိပဿနာယာနိကကျင့်စဉ်ဖြင့် ကျင့်မည်ဟုဆိုလျှင် မည်ကဲ့သို့ ဆက်လက်ကျင့်မည်နည်း။

ထို့နောက် စက္ခဒွါရ၌ ပစ္စုပ္ပန်အဆင်း ကျရောက်ဆဲ ပရမတ်ရုပ်နာမ်များဖြစ်သော စက္ခုပသာဒရှိ ရူပါရုံနှင့် ထိုစက္ခုပသာဒ၌ တည်ရှိသော စက္ခုဝိညာဏ်တို့ကို ပိုင်းခြားမြင်အောင် ထိုအာနာပါနကမ္မဋ္ဌာန်းဖြင့် ရှေ့ဆက်မည်ကဲ့သို့ ကျင့်မည်နည်း။ ထိုကမ္မဋ္ဌာန်းကျင့်စဉ် ထူထောင်၍ ရသော သမာဓိဖြင့် တရွရွ တမွမွ တဖွားဖွား ဖြစ်ပျက်နေသော ရုပ်တရားများ၊ တရှိတ်ရှိတ် တရိပ်ရိပ် ပြောင်းလဲဆောင်နေသော ရုပ်တရားတို့ကို ရှုမြင်နိုင်ခြင်းသည် တရားဝိပဿနာ (အနုစားဝိပဿနာ) အဆင့်သာ ရှိသေးသည်။ မဟာဝိပဿနာ မဟုတ်သေးပါ။

http://www.dhammadownload.com

(၅) (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်း

(၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းဖြင့် ကျင့်စဉ်တက်လျှင် (၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်းနိမိတ် ပေါ်အောင် ပွားရမည်။ ထင်ရှားရာ ကမ္မဋ္ဌာန်းနိမိတ် ပေါ်လာလျှင် ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမရှိကြောင်း သုံးသပ်ရမည်။ မခိုင်မြဲကြောင်း၊ အနှစ်မရှိကြောင်း၊ သာယာဖွယ်မရှိကြောင်း ကြိမ်ဖန်များစွာ သုံးသပ်ရမည်။ အရှုခံ(၃၂)ကောဋ္ဌာသသည် သမထအာရုံဖြစ်သည်။ ပဌမဈာန် အင်္ဂါငါးပါးဖြင့် ပြည့်စုံလျှင် ဒုက္ခနှင့်ဒေါသမှလွတ်ပြီဖြစ်သည်။

ကမ္မဋ္ဌာန်းနိမိတ်သို့ စိတ်ကိုပို့ဆောင်ခြင်းသည် ဝိတက်
ကမ္မဋ္ဌာန်းနိမိတ်ကို သုံးသပ်နေခြင်းသည် ဝိစာရ
ထိုအာရုံ၌ နှစ်သက်နေခြင်းသည် ပီတိ
ဒုက္ခချုပ်၍ ကမ္မဋ္ဌာန်းနိမိတ်၌ ချမ်းသာနေခြင်းသည် သုခ
ကမ္မဋ္ဌာန်းနိမိတ်တစ်ခုတည်း၌ တည်နေခြင်းသည် ဧကဂ္ဂတာ

အကယ်၍ တစ်ပါးပါးသော ကောဋ္ဌာသနိမိတ်ကို လက္ခဏာရေးသုံးပါးအားဖြင့် သုံးသပ်လျှင် ဝိပဿနာအာရုံ ဖြစ်သည်။ ထိုသို့ သုံးသပ်ခြင်းကြောင့် ရုပ်အပေါ်၌စွဲသော ဒိဋ္ဌိ အကြမ်းစားပြုတ်သည်။ သို့သော် ဓာတ်လေးပါး ဖောက်ပြန်လာသောအခါ ဒုက္ခဝေဒနာ ခံစားရပြီး ဆင်းရဲမှုဒေါသ ဖြစ်လာသည်။ ထိုဒေါသမှလွတ်အောင် ဤကမ္မဋ္ဌာန်းနည်းဖြင့် မည်ကဲ့သို့ ကျင့်မည်နည်း။ စက္ခုအကြည်၊ စက္ခုဝိညာဏ် အစရှိသောဆဆက္ကရုပ်နာမ်များကို ရှုမြင်နိုင်ရန် ဤကမ္မဋ္ဌာန်းနည်းဖြင့် ကျင့်စဉ် မည်ကဲ့သို့ ရှေ့ဆက်တက်မည်နည်း။

(၆) ဓာတ်လေးပါးကမ္မဋ္ဌာန်း

ပူမှု၊ တင်းမှု၊ တောင့်မှု စသော ထင်ရှားသောဓာတ်လေးပါးပေါ်တိုင်း စိတ်ကိုတည်စေ၍ သမာဓိထူထောင်ရသည်။ သမာဓိတည်လာသောအခါ မိမိ၏ရုပ်ခန္ဓာ၌ ဓာတ်သဘောအစုများ သာရှိ၊ ခြေ လက် ကိုယ် ခေါင်း ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ခိုင်မြဲမှုမရှိ၊ ချမ်းသာမှုမရှိ၊ အနှစ်မရှိမှုများကို မြင်လာပြီး ဒိဋ္ဌိအကြမ်းစားပြုတ်သည်။

အကယ်၍ ဓာတ်လေးပါးဖောက်ပြန်နိုပ်စက်မှု ပြင်းထန်လာသောအခါ ဒုက္ခဝေဒနာ ခံစား၍ ဒေါသ ဖြစ်လာသည်။ ထိုဒေါသမှလွတ်အောင် ဤဓာတ်လေးပါး အခြေခံပွားမှု ကမ္မဋ္ဌာန်းနည်းဖြင့် လွတ်မြောက်အောင် မည်ကဲ့သို့ ရှေ့ဆက်ကျင့်မည်နည်း။ စက္ခုအကြည်၊ စက္ခုဝိညာဏ် အစရှိသော ဆဆက္ကရုပ်နာမ်များကို ရှုမြင်နိုင်ရန် ဤကမ္မဋ္ဌာန်းနည်းဖြင့် မည်ကဲ့သို့ ရှေ့ဆက်ကျင့်စဉ်တက်မည်နည်း။

(၇) အသုဘကမ္မဋ္ဌာန်း

အသုဘကမ္မဋ္ဌာန်းဖြင့် ကျင့်စဉ်တက်လျှင် အသုဘကမ္မဋ္ဌာန်းနိမိတ် ပေါ်အောင်ပွားရမည်။ အသုဘ ကမ္မဋ္ဌာန်းသည်လည်း အထက်ဖော်ပြခဲ့သော (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းနှင့် သဘောချင်း အတူတူပင် ဖြစ်သည်။

အကယ်၍ အသုဘနိမိတ်ကို လက္ခဏာရေးသုံးပါးအားဖြင့် သုံးသပ်လျှင် ဝိပဿနာအာရုံ ဖြစ်သည်။ ထိုသို့ သုံးသပ်ခြင်းကြောင့် ရုပ်အပေါ်၌ စွဲသော ဒိဋ္ဌိအကြမ်းစားပြုတ်သည်။ ဓာတ်လေးပါး ဖောက်ပြန်လာသောအခါ ဒုက္ခဝေဒနာ ခံစားရပြီး ဆင်းရဲမှုဒေါသ ဖြစ်လာသည်။ ထိုဒေါသမှလွတ်အောင် ဤကမ္မဋ္ဌာန်းနည်းဖြင့် မည်ကဲ့သို့ ကျင့်မည်နည်း။ စက္ခုအကြည်၊

http://www.dhammadownload.com

စကျဝိဠာဏ် အစရှိသော ဆဆက္ကရုပ်နာမ်များကို ရှုမြင်နိုင်ရန် ဤကမ္မဋ္ဌာန်းနည်းဖြင့် ကျင့်စဉ်မည်ကဲ့သို့ ရှေ့ဆက်တက်မည်နည်း။

(၈) လေးပါးသောက္ကရိယာပုထ် ကမ္မဋ္ဌာန်းကျင့်စဉ်

မဟာသတိပဋ္ဌာနသုတ်အရ လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော က္ကရိယာပုထ်၌ ကမ္မဋ္ဌာန်းထား၍လည်း တရားကျင့်ကြသည်။ ကိုယ်အမူအရာ၏သဘောကို အာရုံပြု၍ ကျင့်သောနည်းလည်း ရှိသည် (ဥပမာ။ ကွေးတယ်၊ ဆန့်တယ်၊ လှမ်းတယ်၊ ချတယ်)။ ပေါ်ရာအာရုံကို အမှတ်ပြု၍(ရှုမှတ်မူပြု၍) ရှုမှတ်မူ ပို၍ပို၍အားကောင်းအောင် ကျင့်သောနည်းလည်း ရှိသည်။ ပထမနည်းအရ က္ကရိယာပုထ်၏ အမူအရာသဘောကို ဝိပဿနာရှုသည်ဆိုသည်မှာ ရုပ်ကမ္မဋ္ဌာန်း၊ ကာယာနုပဿနာသတိပဋ္ဌာန်သာ ရှိသေးသည်။ ဝေဒနာသတိပဋ္ဌာန်သို့ ရောက်သောအခါ ဓာတ်လေးပါးဖောက်ပြန်မှု ဒုက္ခဝေဒနာနှင့် တွေ့ကြုံသော် ခံစားတတ်သည့် နာမ်၏လက္ခဏာကို ပိုင်းခြားမြင်အောင် မည်ကဲ့သို့ ရှုမြင်နိုင်မည်နည်း။ ထိုခံစားသည့်သဘောကို မမြင်နိုင်ပါက ဒုက္ခဝေဒနာ၌ ဆင်းရဲခြင်းဖြစ်လာမည်။ ထိုဆင်းရဲမှုကို ကျော်လွှားအောင် က္ကရိယာပုထ်လေးပါး၏ အမူအရာရှုနည်းဖြင့် မည်ကဲ့သို့ ကျော်မည်နည်း။

အာရုံပေါ်တိုင်း တသမတ်တည်း အမှတ်ပြုသော ဒုတိယနည်းသည် သမာဓိအခြေခံကောင်းအောင် အမှတ်ပြုနေခြင်းပင် ဖြစ်သေးသည်။ မူလကမ္မဋ္ဌာန်းအတွက် အထောက်အပံ့သာ ဖြစ်သေးသည်။ ရှုမှတ်မှုအားကောင်းအောင် ကျင့်နိုင်ပြီးလျှင် မူလကမ္မဋ္ဌာန်း၌ ပဌမစျာန်ကျင့်စဉ် တက်ရမည်။ ပဌမစျာန် ရောက်ရှိမှ ဒုက္ခိန္ဒြေကျော်မည်ဖြစ်သည်။ ထို့ကြောင့် အမှတ်စိတ်အောင် အားထုတ်နေခြင်းသည်ပင်လျှင် ဒုက္ခဝေဒနာကျော်အောင် သမာဓိ ကြိုတင်ပျိုးထောင်နေခြင်းဖြစ်သည်။ ထိုအမှတ်ပြုသောနည်းသည် အချိန်များစွာ ပေးနိုင်သော ရဟန်းယောဂီတို့ဖြင့်သာ သင့်လျော်သည်။ အကယ်၍ ပဌမစျာန်သို့ မရောက်စေပဲ ဝိပဿနာယာနိကဟု ဆိုခဲ့လျှင် အမှတ်စိတ်သောနည်းဖြင့် ဒုက္ခဝေဒနာကို မည်ကဲ့သို့ ကျော်မည်နည်း။ စက္ခုအကြည်၊ စကျဝိဠာဏ် အစရှိသော ဆဆက္ကရုပ်နာမ်များကို မည်ကဲ့သို့ မြင်အောင် ရှုနိုင်ပါမည်နည်း။

လေးပါးသော က္ကရိယာပုထ်တို့တွင် တစ်ပါး၌ညောင်းလျှင် အခြားတစ်ပါးသို့ ပြောင်း၍ ကျင့်နိုင်သည်ဆိုကာ ကမ္မဋ္ဌာန်း ပေးကြသည်လည်း ရှိသည်။ ဤနည်းဖြင့် ကျင့်နေစဉ် ဓာတ်လေးပါးဖောက်ပြန်မှု ဒုက္ခဝေဒနာမှ ဒေါသဖြစ်လာမည်။ ထိုဒေါသမှ လွတ်မြောက်အောင် ဤကမ္မဋ္ဌာန်းနည်းဖြင့် မည်ကဲ့သို့ ကျင့်မည်နည်း။ အကယ်၍ တစ်ပါးသော က္ကရိယာပုထ်ဖြင့် ကျင့်နေစဉ် ဓာတ်လေးပါး ဖောက်ပြန်မှုကြောင့် ဒေါသဖြစ်လာလျှင် အခြားတစ်ပါးသော က္ကရိယာပုထ်ဖြင့် ပြောင်း၍ကျင့်လျှင် ဒေါသလွတ်သည်ဟု စောဒနာဖွယ်ရာရှိသည်။ ထိုကဲ့သို့ က္ကရိယာပုထ်ပြောင်း၍ ဒေါသကိုပယ်ခြင်းသည် မမှန်ကန်ကြောင်း မဟာသတိပဋ္ဌာနသုတ်ဥဒ္ဒေသ၌ **"ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ---ပ---ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ"** ဟု မြတ်စွာဘုရားရှင်၏ မိန့်မှာချက်အရ သိနိုင်သည်။ ထို့ကြောင့် လေးပါးသောက္ကရိယာပုထ်ဖြင့် တရားကျင့်သည်ဆိုသည်မှာ တရားမကျင့်မီ ရှေ့အဖို့ကပင် ထိုဒေါသကို မိမိနှစ်သက်သော ကမ္မဋ္ဌာန်းဖြင့် ပယ်သတ်ပြီးသားဖြစ်ရမည်။ အကယ်၍ ထိုကဲ့သို့ ဒေါသကို ဦးစွာ မပယ်ရသေးပဲ လေးပါးသော က္ကရိယာပုထ်၌ ဒုက္ခဝေဒနာကို သည်းမခံနိုင်တိုင်း ပြောင်း၍ ပြောင်း၍ တရားကျင့်မည်ဆိုလျှင် စက္ခုအကြည်၊ စကျဝိဠာဏ် အစရှိသော ဆဆက္ကရုပ်နာမ်များကို အဘယ်မှာ ရှုမြင်နိုင်ပါမည်နည်း။

http://www.dhammadownload.com

အနှစ်ချုပ်သုံးသပ်ချက်

မည်သည့်ယာနိက၊ မည်သည့်ကမ္မဋ္ဌာန်းဖြင့် ကျင့်စေကာမူ ကာယိကဒုက္ခမှ ဒေါသကို မကျော်လွန်နိုင်ပဲနှင့် ဝိပဿနာဉာဏ်သို့ မဆိုက်ရောက်နိုင်ကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ ဝိပဿနာယာနိကကျင့်စဉ်တွင် ပဓာနအချက်သည် စိတ်၌ ဒိဋ္ဌိနှင့်ဒေါသမီးကို ဆက်စပ်လောင်မြိုက်စေသော တဏှာကို လောကီမဂ်ဖြင့် တဒင်္ဂ ဝိက္ခမ္ဘန သမုစ္ဆေဒပဟာန် တိုက်ရိုက်ရှုမြင်ပယ်သတ်ခြင်း ဖြစ်သည်။ မည်သည့် ဝိပဿနာယာနိက ကမ္မဋ္ဌာန်းမဆို ဒုက္ခဝေဒနာ (ဒုက္ခိန္ဒြေ)ကို မကျော်လွန်ပဲနှင့် (၀၀) ဒုက္ခဝေဒနာကို အကြောင်းခံ၍ ဖြစ်သော အပါယ်လေးပါးနှင့် ဆက်စပ်စေသော ဝါနတဏှာကို တိုက်ရိုက်ရှုမြင်ကာ မပယ်သတ်ပဲနှင့် မဟာဝိပဿနာဉာဏ်သို့ ဆိုက်ရောက်မည်မဟုတ်ပေ။

ဤနေရာ၌ အချိန်ကြာရှည်စွာထိုင်နိုင်တိုင်း ဒုက္ခဝေဒနာ (၀၀) ဒုက္ခိန္ဒြေကို ကျော်လွန်သည်ဟု မဆိုနိုင်ပါ။ အချိန်ကြာရှည်စွာထိုင်နိုင်ခြင်းသည် ပဓာနမကျပါ။ တဏှာကို လောကီမဂ်ဖြင့် ပိုင်းခြားမြင်မှု၊ မမြင်မှုသာ ပဓာနကျပါသည်။ အဘယ့်ကြောင့်ဆိုသော် မဂ်၏ကိစ္စသည် တဏှာကို ပိုင်းခြားမြင်ရမည့်ကိစ္စ ဖြစ်သောကြောင့်တည်း။ အကယ်၍ ယောဂီတစ်ဦးသည် သာမန်ဣရိယာပုထ်ဖြင့် ကြာရှည်စွာ (၀၀-နာရီနှင့်အထက်) ထိုင်နိုင်ပါသော်လည်း မဟာပလ္လင်ဣရိယာပုထ်ဖြင့် အနည်းဆုံး နှစ်နာရီမျှ ထိုင်ကြည့်၍ ဒုက္ခဝေဒနာကို သည်းမခံနိုင်သော ဒေါသဖြစ်ပေါ်လာလျှင် ဒုက္ခိန္ဒြေကိုမကျော်သေးကြောင်း (၀၀) ဒုက္ခဝေဒနာမှ တဏှာကူးနေသေးကြောင်း သိရှိနိုင်မည်ဖြစ်သည်။

သစ္စာလေးပါးဖွဲ့၍ပြရသော် ဓာတ်လေးပါးဖောက်ပြန်မှုနှင့် ဆင်းရဲနေသောစိတ်စသည့် ခန္ဓာငါးပါး အစုသည် ဒုက္ခသစ္စာ၊ စိတ်၌ ဒိဋ္ဌိနှင့် ဒေါသတို့ကို ဆက်စပ်သော တဏှာသည် သမုဒယသစ္စာ၊ ထိုဆက်စပ်သောတဏှာ (လှုပ်ချင်သောစိတ်၊ ပြင်ချင်သောစိတ်၊ လိုက်လျောလိုသောစိတ်)ကို ပိုင်းခြားမြင်အောင် ရှုခြင်းသည် မဂ္ဂသစ္စာ၊ ဆင်းရဲမှုနှင့် တဏှာချုပ်ခြင်းသည် နိရောဓသစ္စာတို့ ဖြစ်ကြသည်။

ထို့ကြောင့် အထက်ပါ ကမ္မဋ္ဌာန်းနည်းတို့တွင် တရားကျင့်ရာ၌ ပထမအတားအဆီးဖြစ်သော ဒုက္ခဝေဒနာမှ ဒေါသကိုပယ်ရန် လိုအပ်နေကြောင်း တွေ့ရသည်။ ဤကျမ်းစာအုပ်တွင် ဝိပဿနာတရား အားထုတ်ရာ၌ ယင်းပထမအတားအဆီးဖြစ်သော ဒုက္ခဝေဒနာမှ ဒေါသကို ပယ်သည့် ကျင့်စဉ်မှစ၍ စက္ခုအကြည်၊ စက္ခုဝိညာဏ်၊ ရူပါရုံ စသော ဆဆက္ကရုပ်နာမ်တို့ကို မြင်နိုင်သည့် သမာဓိန္ဒြေ (၀၀) သမ္မာသမာဓိသို့ ရောက်သည်အထိ ဝိပဿနာယာနိကကျင့်စဉ်ဖြင့် အဆင့်ဆင့် လက်တွေ့ကျင့်စဉ် တက်ပုံများကို အခန်း(၃)၌ ဆက်လက်တင်ပြသွားမည်ဖြစ်သည်။ ထိုသို့ တင်ပြရာတွင် မြန်မာနိုင်ငံတွင် ဝိပဿနာတရား အားထုတ်ကြသောယောဂီ (၉၀)ရာခိုင်နှုန်းခန့်သည် အချိန်ကြာရှည်စွာ မပေးနိုင်သော လူဝတ်ကြောင် ယောဂီများ ဖြစ်သဖြင့် အချိန်တိုတိုနှင့် အကျိုးရှိခရီးရောက်မည့် ဝိပဿနာယာနိကဖြင့် ကျင့်စဉ်တက်ပုံကိုသာ ရေးသားဖော်ပြသွားမည်ဖြစ်သည်။ ဤကျမ်းစာပါကျင့်စဉ်များအတိုင်း စနစ်တကျ လိုက်နာကျင့်ကြံအားထုတ်ပါက စစ်မှန်သော ဝိပဿနာဉာဏ်သို့ အမှန်ဆိုက်ရောက်မည် ဖြစ်ပါကြောင်း စာရေးသူ အာမခံပါသည်။



http://www.dhammadownload.com

http://www.dhammadownload.com



အခန်း(၃)
လက်တွေ့ကျင့်စဉ်တက်ပုံ

ယခုရေးသားဖော်ပြမည့် ဝိပဿနာယာနိကလက်တွေ့ကျင့်စဉ် (စိတ္တဝိသုဒ္ဓိအပိုင်း)၌ ပဓာနအချက်သည် စိတ်၌ကပ်ငြိနေသော လောဘ ဒေါသ မောဟ စသော ကိလေသာတို့ကို အဆင့်ဆင့် ပယ်ခွာ၍ သမာဓိန္ဒြေထိုက်အောင် အားထုတ်ခြင်းဖြစ်သည်။ ဤကဲ့သို့ ပယ်ခွာရာတွင် စိတ္တဝိသုဒ္ဓိကျင့်စဉ်ကို အဆင့်(၃)ဆင့် ခွဲခြားထားသည်။ စိတ္တဝိသုဒ္ဓိကျင့်စဉ် ပထမဆင့်သည် ဒုက္ခိန္ဒြေကို တဒင်္ဂ ဝိက္ခမ္ဘန သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သတ်သော ကျင့်စဉ်ဖြစ်သည်။ စိတ္တဝိသုဒ္ဓိကျင့်စဉ် ဒုတိယဆင့်နှင့် တတိယဆင့်တို့တွင် အနိမိတ္တစေတောသမာဓိကျင့်စဉ်နည်းဖြင့် ကျင့်စဉ်တက်ပုံကို တင်ပြထားသည်။ သမထယာနိကကျင့်စဉ်သည် ဓမ္မာရုံ ဖြစ်သော ကသိုဏ်းပညတ်ကမ္မဋ္ဌာန်းနိမိတ်ကို အားပြု၍ လောဘ ဒေါသ မောဟတို့ကို ပယ်ခွာခြင်း ဖြစ်သည်။ ယခု ဝိပဿနာယာနိကကျင့်စဉ်သည် ဓမ္မာရုံရူပနိမိတ်ကို အမှီမပြုပဲ နိမိတ်မရှိသော အနိမိတ္တစေတောသမာဓိ ထူထောင်၍ လောဘ ဒေါသ မောဟ ကိလေသာတို့ကို တဒင်္ဂ ဝိက္ခမ္ဘနအားဖြင့် ပယ်ခွာကာ သမာဓိန္ဒြေ ခိုင်ခံ့သည့်တိုင်အောင် ကျင့်သောနည်း ဖြစ်သည်။ ဝိပဿနာယာနိကဟု ဆိုသော်လည်း သမထအခြေခံသော ဝိပဿနာယာနိကကျင့်စဉ်ကမ္မဋ္ဌာန်းနှင့် ဝိပဿနာယာနိကကျင့်စဉ်ကမ္မဋ္ဌာန်းသက်သက်ဟူ၍ နှစ်မျိုးပါဝင်မည်ဖြစ်သည်။

သတိပဋ္ဌာန်(၄)ပါးတို့တွင် တစ်ပါးပါးဖြင့် ကျင့်နေသောယောဂီ၏ အရှုညွှန်တွင် **လက္ခဏာတစ်ချက်, မဂ်စိတ်တစ်ချက်, သစ္စာလေးချက်** တပြိုင်နက် မြင်ရမည် (တဒင်္ဂ လောကီမဂ်များ)။ တရားကျင့်သော ယောဂီတို့သည် ကျင့်စဉ်တလျှောက်၌ မိမိ၏အရှုညွှန်တွင် အထက်ပါသုံးချက် ပါဝင်မှုရှိမရှိ စစ်ဆေးသုံးသပ်ရမည်။ ထိုသုံးချက်မပါလျှင် မိမိကျင့်စဉ် မပြည့်စုံ၊ မမှန်ကန်သေးပါ။ အထူးသတိပြုရမည်။

ဝိပဿနာယာနိကကျင့်စဉ် (စိတ္တဝိသုဒ္ဓိစခန်း)ကို သီလ သမာဓိ အနုအရင့်အလိုက် အောက်ပါအတိုင်း အဆင့်(၃)ဆင့် ခွဲခြားထားသည်။

http://www.dhammadownload.com

စိတ္တဝိသုဒ္ဓိကျင့်စဉ်ပထမဆင့်

ကာယိကဒုက္ခဝေဒနာမှ ဒေါသနှင့်တဏှာကို သမုစ္ဆေဒပယ်သည့်ကျင့်စဉ်

ရှုမြင်နိုင်သည့် တရားများ

(က)(၃၂)ကောဋ္ဌာသ၊ ဓာတ်လေးပါး (ကာယာနုပဿနာသတိပဋ္ဌာန်)
(ခ)ဖောက်ပြန်မှု ပရမတ်ရုပ် (ကာယာနုပဿနာသတိပဋ္ဌာန်)
(ဂ)ခံစားမှု ပရမတ်နာမ် (ဝေဒနာနုပဿနာသတိပဋ္ဌာန်)
(ဃ)ညွှတ်မှု မနောသမ္ဖဿ(ပရမတ်နာမ်) (စိတ္တာနုပဿနာသတိပဋ္ဌာန်)
(ဌ)ပရမတ်ရုပ်နာမ်တို့ အပေါ်၌ လက္ခဏာရေး သုံးပါးတင်ရှုခြင်း (ဓမ္မာနုပဿနာသတိပဋ္ဌာန်)

စိတ္တဝိသုဒ္ဓိကျင့်စဉ်ဒုတိယဆင့်

နိဝရဏတရားငါးပါးမှ စိတ်ကို နှစ်နာရီကြာမျှ သိမ်းဆည်းနိုင်သည့်ကျင့်စဉ်

ရှုမြင်နိုင်သည့် တရားများ

(က)ကလာပအမှုန် (ပရမတ်ရုပ်) (ကာယာနုပဿနာသတိပဋ္ဌာန်)
(ခ)ခံစားမှု ပရမတ်နာမ် (ဝေဒနာနုပဿနာသတိပဋ္ဌာန်)
(ဂ)ညွှတ်မှု မနောသမ္ဖဿ(ပရမတ်နာမ်) (စိတ္တာနုပဿနာသတိပဋ္ဌာန်)
(ဃ)ပရမတ်ရုပ်နာမ်တို့အပေါ်၌ လက္ခဏာရေးသုံးပါးတင်ရှုခြင်း (ဓမ္မာနုပဿနာသတိပဋ္ဌာန်)

စိတ္တဝိသုဒ္ဓိကျင့်စဉ်တတိယဆင့်

နိဝရဏတရားငါးပါးမှ စိတ်ကို မိမိဆန္ဒရှိသလောက် သိမ်းဆည်းနိုင်သည့်ကျင့်စဉ်

ရှုမြင်နိုင်သည့် တရားများ

(က)အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ပရမတ်ရုပ် (ဓမ္မာနုပဿနာသတိပဋ္ဌာန်)
(ခ)ခံစားမှု ပရမတ်နာမ် (ဝေဒနာနုပဿနာသတိပဋ္ဌာန်)
(ဂ)ဖဿခြောက်မျိုး၊ ပဉ္စဝိညာဏ်၊ ဘဝင်စိတ်၊ ရှေ့အဟိတ်မနောဝိညာဏ် နှင့် နောက်သဟိတ်မနောဝိညာဏ် (စိတ္တာနုပဿနာသတိပဋ္ဌာန်)
(ဃ)အထက်ပါ ပရမတ်ရုပ်နာမ်တို့အပေါ်၌ လက္ခဏာရေးသုံးပါးတင်ရှုခြင်း (ဓမ္မာနုပဿနာသတိပဋ္ဌာန်)

ဟူ၍ ကျင့်စဉ်အဆင့်သုံးဆင့်နှင့် အရှုခံသုံးမျိုး ခွဲခြားထားသည်။ စာရေးသူ၏ဆန္ဒဖြင့် ခွဲထားခြင်းမဟုတ်။ ကျင့်စဉ်၏သဘာဝပင် ဖြစ်သည်။ ဥပမာပြရသော် အုန်းနို့သည် အုန်းအခွံပွတစ်ထပ်, အခွံမာတစ်ထပ်, အသားမာတစ်ထပ် တည်နေသည်။ အုန်းနို့ လိုချင်သောသူသည် တစ်ထပ်ချင်းခွာ၍ အုန်းခြစ်ဖြင့် ခြစ်၍ ညှစ်ယူရမည်မှာ သဘာဝပင်ဖြစ်သည်။ ထို့အတူ သဟိတ်မနောဝိညာဏ်သည် အကုသိုလ်စေတသိက် (၁၄)လုံး(ကိလေသာ-၁၀ပါး) ဖုံးအုပ်ထားခြင်းဖြစ်သည်။ ယင်းကိလေသာတို့ကို ပထမအဆင့် အကြမ်းစား ဝီတိက္ကမ၊ ဒုတိယအဆင့် အလတ်စား ပရိယုဋ္ဌာန၊ တတိယအဆင့် အနုစား အနုသယဟူ၍ သုံးဆင့်ပယ်ခွာရမှုကို အကြောင်းခံ၍ စိတ္တဝိသုဒ္ဓိကျင့်စဉ်ကို သုံးဆင့် ခွဲခြားထားခြင်း ဖြစ်သည်။

http://www.dhammadownload.com

၃၊၁။ စိတ္တဝိသုဒ္ဓိကျင့်စဉ် (ပထမဆင့်)

(ကာယိကဒုက္ခဝေဒနာမှ ဒေါသနှင့်တကွာကို သမုစ္ဆေဒပယ်သည့်ကျင့်စဉ်)

စိတ္တဝိသုဒ္ဓိကျင့်စဉ်ပထမဆင့်တွင် အောက်ဖော်ပြပါ ကမ္မဋ္ဌာန်းကျင့်စဉ်(၆)မျိုး ပါဝင်သည်။

(၁) အခြေခံအာနာပါနကမ္မဋ္ဌာန်း
(၂) (၃၂)ကောဋ္ဌာသအခြေခံဝိပဿနာကမ္မဋ္ဌာန်း
(၃) ဓာတ်လေးပါးအခြေခံဝိပဿနာကမ္မဋ္ဌာန်း
(၄) ဘဝင်ပိုင်းကျင့်စဉ် (နာမ်ကမ္မဋ္ဌာန်း)
(၅) တစ်ဖက်ခိုတ်ကျင့်စဉ် (နာမ်ကမ္မဋ္ဌာန်း)
(၆) မဟာပလ္လင်ကျင့်စဉ် (နာမ်ကမ္မဋ္ဌာန်း)

အမှတ်စဉ်(၁,၄,၅,၆)ကျင့်စဉ်တို့ကို အစဉ်အလိုက် ကျင့်ရမည်ဖြစ်သည်။ အမှတ်စဉ်(၄) ဘဝင်ပိုင်းကျင့်စဉ်ကို ယောဂီတိုင်း မဖြစ်မနေ ကျင့်ရမည်ဖြစ်သည်။ အမှတ်စဉ်(၆) မဟာပလ္လင်ကျင့်စဉ်သည် မဟာပလ္လင်ခွေနိုင်သော ပုဂ္ဂိုလ်များသာ ကျင့်ရမည်ဖြစ်သည်။ အမှတ်စဉ်(၂) (၃၂-ကောဋ္ဌာသကမ္မဋ္ဌာန်း)နှင့် အမှတ်စဉ်(၃) (ဓာတ်လေးပါးကမ္မဋ္ဌာန်း)တို့သည် သီးခြားအခြေခံကျင့်စဉ်များဖြစ်သည်။ ထို့ကြောင့် ဝိပဿနာယာနိက လက်တွေ့ကျင့်စဉ်တက်ရန် အမှတ်စဉ်(၁) အစား အမှတ်စဉ်(၂) သို့မဟုတ် အမှတ်စဉ်(၃)မှလည်း စတင်နိုင်ပြီး ဝိပဿနာဉာဏ်ဆိုက်သောအခါ တပေါင်းတည်း ဖြစ်သွားလိမ့်မည်။

၃၊၁၊၁။ အခြေခံအာနာပါနကမ္မဋ္ဌာန်း

(ဒုက္ခဝေဒနာမှတကွာကို တခဏ်ပဟာန် ပယ်ခွာသည့်ကျင့်စဉ်)

ပုဗ္ဗကိစ္စများ

(၁) သီလဆောက်တည်ရန်။ ။လူယောဂီတို့သည် (၅)ပါးသီလ၊ (၈)ပါးသီလ ခံယူဆောက်တည်ရမည်။ သာမဏေတို့သည် မိမိတို့ဆိုင်ရာသိက္ခာပုဒ်တို့ကို ပြည့်စုံစွာ ကျင့်သုံးရမည်။ ရဟန်းတော်တို့သည် ဒေသနာကြား၍လည်းကောင်း (သို့) ဆိုင်ရာအာပတ်ကို ကုစားခြင်းဖြင့်လည်းကောင်း၊ ရဟန်းတို့၏ သီလကို စင်ကြယ်စေရမည်။

(၂) ပရိကံပြုရန်။ ။ (နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)[၃]

မြတ်စွာဘုရား ဘုရားတပည့်တော်တို့သည် ယခု တရားအားထုတ်ဆဲအခါ၌ မြတ်စွာဘုရားအား နိဗ္ဗာန်ကိုရည်မှန်း၍ ဘုရားတပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို လျှုဒါန်းပါ၏။ ကပ်လျှုပါ၏။ ပူဇော်ပါ၏။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး လျှုဒါန်းရသည့်အကျိုးမင်္ဂလာ၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏အရှင်ဘုရား။

ကမ္မဋ္ဌာန်းဆရာဖြစ်တော်မူသော သဲအင်းဂူကျောင်း ဆရာတော် အရှင်သူမြတ်ကြီးဘုရား။ ဘုရား တပည့်တော်တို့သည် ယခုတရားအားထုတ်ဆဲအခါ၌ ဆရာတော်ဘုရားကြီးအား နိဗ္ဗာန်ကို ရည်မှန်း၍ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို လျှုဒါန်းပါ၏။ ကပ်လျှုပါ၏။ ပူဇော်ပါ၏။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး လျှုဒါန်းရသည့်အကျိုး ဆရာတော်ဘုရားကြီး၏ သိအပ်သော ရုပ်တရား၊ နာမ်တရား၊ ဓာတ်တရား၊ ပရမတ်တရား၊ သစ္စာတရားတော်မြတ်ကို ပေးသနားတော်မူပါ အရှင်ဘုရား။

http://www.dhammadownload.com

ဘုံသုံးဆယ့်တစ် ရှိရှိသမျှ အနန္တဝယ် ကုန်းမှာနေ ကိုးကုဋေ ရေမှာနေ ဆယ်ကုဋေ ကုန်းသတ္တဝါ ရေသတ္တဝါ သဗ္ဗေသတ္တာ သတ္တဝါအပေါင်း စကြာဝဠာတံတိုင်း စီကာပတ်ကုံး ကုန်းမကျန် ရေမကျန် အထက်ဘဝဂ် အောက်အဝီစိအထိ သုံးဆယ့်တစ်ဘုံ ကျင်လည် ကြကုန်သော ဝေနေယျသတ္တဝါ အပေါင်းတို့အား ကျွန်ုပ်တို့၏ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ အဓိဋ္ဌာန်ပါရမီကုသိုလ် ဤကောင်းမှုတို့ကို ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ညီတူညီမျှ ရကြရအောင် အားလုံးကြားကြားသမျှ အမျှ-အမျှ-အမျှ ယူတော်မူကြပါကုန်လော့။ အရိယာသူတော်ကောင်းများ ပို့သသောမေတ္တာ ပေးဝေသောအမျှကိုလည်း အကျွန်ုပ်တို့က ဝမ်းမြောက်ဝမ်းသာစွာဖြင့် ---- သာဓု သာဓု သာဓု။

(၃) တရားကျင့်နေစဉ် လိုက်နာရမည့် အချက်များ

(၁) အတွေ့အကြုံမရှိသေးသော ပုဂ္ဂိုလ်များ တစ်နာရီ သတ်မှတ်၍ ကျင့်ပါ။ ကျင့်နည်း သဘောပေါက်လျှင် နှစ်နာရီအပြည့်ကျင့်ပါ။

(၂) သတ်မှတ်သောနာရီ အဓိဋ္ဌာန်အချိန်အတွင်း၌ ကွရိယာပုထ်ကို ပြုပြင်ခြင်း အမျိုးမျိုးတို့ကို လုံးဝမပြုရ။ (အထူးလိုက်နာပါ။)

(၃) ယောဂီတိုင်း တင်ပလ္လင်ခွေ ထိုင်ရမည်။ (တင်ပလ္လင်ခွေထိုင်ခြင်းသည် ကွရိယာပုထ်ကို ညီညွတ်မျှတစေ၍ အချိန်ကြာကြာ ကျင့်နိုင်သည်။)

(၄) ပင်ကိုယ်ရှူရှိုက်မှုထက် နှစ်ဆ (သို့) သုံးဆ စတင်ရှူရမည်။ (အသက်အရွယ်ကြီးသူ, နှလုံးရောဂါ, ပန်းနာရင်ကျပ်ရှိသူများသည် နဂိုရှူလေထက် အနည်းငယ်ပို၍ သင့်သလို စည်းမျဉ်းအတိုင်း ရှူရှိုက်ပါ။)

(၅) ရှူရှိုက်ရာတွင် ဝင်လေကို ဖြေးဖြေးရှူ၍ ထွက်လေကို ပြင်းထန်စွာ မှုတ်ထုတ်ခြင်း မပြုရ။ ထွက်လေကို ဖြည်းဖြည်းမှုတ်ထုတ်၍ ဝင်လေကို ဆောင့်ရှူခြင်းမပြုလုပ်ရ။ (ဝင်လေထွက်လေ အရှိန်ညီရမည်။)

(၆) ဝင်လေထွက်လေ အတိုအရှည် ညီအောင်ဂရုစိုက်၍ ရှူရှိုက်ရမည်။ (ရှည်ရှည်ရှူလိုက်၊ တိုတိုရှူလိုက် မလုပ်ရ။)

(၇) ရှူလိုက်၊ အရှူကိုရပ်လိုက် မပြုလုပ်ရ။ (တဆက်တည်း ရှူရမည်။)

(၈) ပြင်းပြင်းရှူလိုက်၊ ဖြည်းဖြည်းရှူလိုက် မလုပ်ရ။ (အရှိန်နှုန်းမပြောင်းလဲခြင်းကို ဆိုလိုသည်။)

(၉) ခန္ဓာအိမ်ကို စိတ်ဖြင့် အတင်းညှစ်ချုပ်၍ မရှူရ။ (ဝါ) ခန္ဓာကိုယ်၏ မျက်နှာ၊ ပခုံးစသည့် အကြောများတင်းနေအောင် ပြုလုပ်ပြီး မရှူရှိုက်ရ။

(၁၀) ရင်ဝ (သို့) ရင်ညွန့်ကိုသာ အားပြု၍ အရှူအရှိုက်ပြုလုပ်ရမည်။ ဗိုက်ပြည့်အောင် မရှူရ။

(၁၁) ခန္ဓာအိမ်နှင့် ဦးခေါင်းကို လှုပ်ခါယိမ်းထိုးပြီး ရှူရှိုက်မှုမပြုရ။

(၁၂) ခါး, ကျော, ဦးခေါင်းတို့ကို တုတ်ချောင်း ထောင်ထားသလို တင်းတောင့်ထောင်မတ်မထားရ။ အလိုက်သင့် တည့်မတ်ရန်သာ လိုရင်း ဖြစ်သည်။

(၁၃) ဝင်လေထွက်လေကို ချောင်ချောင်ချိချို လွတ်လွတ်လပ်လပ် ဝင်ထွက်အောင် ရှူရှိုက်ပါ။

(၁၄) မမြန်လွန်း၊ မနှေးလွန်းစေပဲ ကြာကြာရှူနိုင်မည့်အရှူနှုန်းကို ရွေးချယ်၍ ရှူရှိုက်ပါ။ ထို့ထက် မပိုပါနှင့်။

(၁၅) ဓာတ်လေးပါးဖောက်ပြန်မှု ပြင်းထန်လာချိန်၌ စိတ်ကို သိမ်းဆည်းနိုင်ရန် အနည်းငယ် အရှိန်မြှင့်၍ ရှူရှိုက်နိုင်သည်။

http://www.dhammadownload.com

ဤအာနာပါနကမ္မဋ္ဌာန်း လက်တွေ့အားထုတ်ပုံကို ဥပမာဖြင့် ပြပါမည်။ ညီညွတ်သော မြေပြင်၌ရှိသော သစ်တုံးကို ယောကျ်ားတစ်ယောက်သည် တစ်ဖက်ထိုးလွှဖြင့် ဖြတ်နေပုံကို အာရုံပြုကြည့်ပါ။ ထိုသူလွှတိုက်နေမှုဌ် လွှကို အလျင်မပြတ်စေခြင်း၊ အရှိန်နှုန်းမှန်ခြင်း၊ လိုသည်ထက်ပို၍ အားမစိုက်ခြင်း၊ ရှေ့တိုးနောက်ငင် ညီညွတ်ခြင်း၊ မှန်မှန်လွှတိုက်နေခြင်း (၀၊) ရပ်နေလိုက်၊ လွှတိုက်လိုက် မလုပ်ခြင်း စသော အင်္ဂါရပ်များ ရှိနေသည်။ ထိုသို့ အရှိန်ဖြင့် လွှဖြတ်နေရင်း ထိုယောကျ်ားသည် သစ်တုံး၏ တစ်ဖက်တစ်ချက် ပြေးလွှားနေသော လွှကို မကြည့်ဘဲ လွှသွားထိရာ သစ်တုံး၌သာ စူးစူးစိုက်စိုက် ကြည့်ရှုလျက် တရဲရဲ မြည်နေသော လွှဆွဲသံကို နားထောင်ရင်း အရှိန်မှန်မှန် လွှဖြတ်နေသည်။[၁]

လွှဆွဲနည်းဥပမာကဲ့သို့ပင် အာနာပါနရှုရှိုက်မှုစည်းကမ်းများကို မှတ်ယူပါ။ အာနာပါနကမ္မဋ္ဌာန်း ရှုရှိုက်မှုနည်းသည် အခြေခံယောဂီတို့၏ သန္တာန်၌ရှိနေသော စိတ်ကြမ်းစရိုက်ကြမ်းနှင့် ကာမအာရုံတို့၌ ပြေးလွှားကျက်စားနေသော စိတ်ရိုင်းတို့ကို ချုပ်ငြိမ်းသွားအောင် ဝိရိယ ပဓာနထား၍ ကျင့်သောနည်း ဖြစ်သည်။ ရှုရှိုက်နေကျလေထက် နှစ်ဆ (သို့) သုံးဆ ရှုရှိုက်ရာတွင်လည်း နှာသီးဝ၏ ဟိုဘက်ဒီဘက် ပြေးလွှားဝင်ထွက်နေသောလေကို ပဓာနအားဖြင့် နှလုံးမသွင်းဘဲ နှာသီးဝထိချက်ကိုသာ စူးစူးစိုက်စိုက် ကြည့်လျက် ရှုရှိုက်နေရမည်။ ထိုကဲ့သို့ ရှုရှိုက်ရင်းနှင့် စိတ်သည် တဖြည်းဖြည်း နူးညံ့လာလျက် ဓာတ်ကြီးလေးပါးဖောက်ပြန်မှုအနိဋ္ဌာရုံမှ ကင်းလွတ်လျက် နှာသီးဝထိချက် အာရုံ တစ်ခုတည်း၌ တည်သွားသောအခါ ပြင်းပြင်း ရှုရှိုက်နေသော လေသည်လည်း သမာဓိအဆင့်အတန်းအလိုက် အလိုလိုပင် တဖြည်းဖြည်း နူးညံ့သိမ်မွေ့ကာ လုံးဝ ရပ်တန့်သွားပါလိမ့်မည်။ အချို့ယောဂီတို့သည် စည်းစနစ်အတိုင်း ရှုရှိုက်နေရင်း ရှုရှိုက်မှု အလိုလို ပြတ်တောက်ရပ်ဆိုင်းသွားသည်။ စိတ်၌ ငြိမ်းအေးနေသည်။ အားစိုက်၍ အာနာပါနရှုရှိုက်၍ မရတော့ပါ။ စိတ်ဇောအလျင်ချုပ်ပြီး ဘဝင်ကျသွားသည်။ ဆိုလိုသည်မှာ စိတ်ကြမ်းလျှင်အာနာပါနကြမ်းလျက် စိတ်နုလျှင် အာနာပါနအလိုလိုနုသွားပါသည်။ ဤနည်းစနစ်သည် အခြေခံအဆင့်၌ ဝေဒနာခွာနိုင်ရန် ညွှန်ကြားသော နည်းစနစ်ဖြစ်သည်။ တရားထိုင်တိုင်း ဤနည်း တစ်မျိုးတည်း မဟုတ်သည်ကို ရှေ့ဆက်ရေးသားဖော်ပြသော ကျင့်စဉ်ကမ္မဋ္ဌာန်းများကို ဖတ်ရှုလေ့လာခြင်းဖြင့် သိရပါလိမ့်မည်။

အခြေခံအာနာပါနကမ္မဋ္ဌာန်းကျင့်စဉ်တက်ပုံ

တင်ပလ္လင်ခွေကြရိယာပုထ်ကို ပြေပြစ်စွာထိုင်ပြီး ဘယ်ဘက်လက်ဝါးပေါ် ညာဘက်လက်ဝါးတင်ပါ။ ခန္ဓာကိုယ်ကို ဖြောင့်မှန်စွာ ထားပါ။ ခန္ဓာကိုယ်ကို စိတ်ဖြင့်ဆောင်ထားကာ အကြောများကို တင်းအောင်ပြုလုပ်မထားရ။ **'ပရိမုခံ သတိ ဥပဋ္ဌပေတွာ'**[၂]ဟူသော ပါဠိတော်အရ စိတ်ကို နှာသီးဖျား (သို့) အထက်နှုတ်ခမ်းဖျား၏ အလယ်၌ထားပါ။ သတိက လေရှုရှိုက်မှုကို အာရုံပြုပါ။ စည်းကမ်းချက်များနှင့် ညီအောင်ရှုနေမှု ဟုတ်မဟုတ် ဉာဏ်က စစ်ဆေးရင်း လေကို အရှိန်ပါအောင် ရှုနေပါ။ မိမိလေရှုရင်း စည်းကမ်းချက်နှင့် ကိုက်ညီရန် ပညာက လိုသလို ဖြည့်ဆည်းပေးပါ။ ဤကဲ့သို့ သတိ, ဉာဏ်, ပညာ သုံးချက်ဖြင့် စည်းကမ်းချက်များနှင့် ညီညွတ်အောင် ရှုတတ်လာလျှင် အရှုနှုန်းမှန်လာသည်အထိ (၁၀-၁၅)မိနစ်ခန့်ကြာအောင်

---

[၁] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်၊ မဟာဝဂ်၊ အာနာပါနဿတိကထာ၊ ဝေဒါနဉာဏ် အကျယ်ပြခြင်း–၁၅၉၊ နှာ–၂၁၇

[၂] မဟာဝဂ္ဂပါဠိ၊ မဟာသတိပဋ္ဌာနသုတ္တံ၊ ကာယာနုပဿနာ အာနာပါနပဗ္ဗ–၃၇၄

http://www.dhammadownload.com

ရှုရှိုက်နေပါ။ ရှုရှိုက်မှု မှန်ကန်လာမှ ထိချက်ဆီသို့ ပြောင်း၍ သတိထားပါ။ ရှုရှိုက်မှုကို ညွှန်ကြားထားသော နည်းစနစ်အတိုင်း လိုက်နာကျင့်သုံးနိုင်ရန် အထူးလိုအပ်သည်။ နည်းစနစ်အတိုင်း ရှုရှိုက်ပါက ပင်ပန်းဆင်းရဲခြင်း မရှိပဲ သွက်လက်နေလိမ့်မည်။ စိုးရိမ်ကြောင့်ကြမှုများ မထားရ။ ထိုစိတ်သည် သမာဓိကို နှောင့်ယှက်တတ်သည်။ ဤနည်းစနစ်ဖြင့် အားထုတ်ခြင်းသည် ဘယ်သဘောလဲ၊ ဘယ်လိုအကျိုးထူး ရှိမည်လဲဟု သိလိုသောဆန္ဒဖြင့် ကျင့်ရမည်။ ဤကဲ့သို့ ရှုရှိုက်နေရင်း နာရီဝက်ခန့် ကြာသောအခါ ခန္ဓာကိုယ်အောက်ပိုင်းမှ ဓာတ်ကြီးလေးပါး တစ်ပါးပါး ဦးစီး၍ စတင် ဖော်ပြလာလိမ့်မည်။ ပြင်းထန်မှု မရှိသေးပါ။ စိုးရိမ်စိတ်များ၊ ကြောက်တတ်လန့်တတ်သည့် စိတ်များ ဖြစ်ပေါ်လာလိမ့်မည်။

တနည်းအားဖြင့်ဆိုသော် အာသီဝိသောပမသုတ္တန်အရ မွေကြီးလေးကောင်ကိုက်၍ အဆိပ်စတင် တက်လာသည်ကို သိခြင်းဖြစ်သည်။ ဓာတ်ကြီးလေးပါး ဖော်ပြမှုကို မရှုပဲ နှာသီးဝထိချက်ကို သတိထား၍ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး လက်ကိုင်ထားကာ စည်းကမ်းချက်များ ညွှန်ကြားထားသည်နှင့်အညီ ရှုရှိုက်ကာ ကျင့်ရမည်။ ဓာတ်ကြီးလေးပါး မည်မျှပင် ပြင်းထန်စွာ ဖောက်ပြန်စေကာမူ နှာသီးဝထိချက်ကိုသာ အာရုံပြုပြီး စိတ်ကို သတိဉာဏ်တို့ဖြင့် ကြပ်မတ်၍ ရှုရှိုက်ပါ။ ဒုက္ခဝေဒနာမှ လွတ်၍ ထိချက်၌ စိတ်တည်ငြိမ်မှု ရလာမည်။

တရားအတွေ့အကြုံ နည်းသေးသောပုဂ္ဂိုလ်၊ သဒ္ဓါဆန္ဒ နည်းသေးသောပုဂ္ဂိုလ်တို့တွင် နှာသီးဝထိချက်၌ စိတ်မတည်ပဲ စည်းကမ်းချက်များကို မလိုက်နာနိုင်တော့သဖြင့် အရှုအရှိုက် ဖရိုဖရဲဖြစ်ခြင်း၊ ဓာတ်ကြီးလေးပါး ဦးစီးဖော်ပြရာသို့ စိတ်ရောက်ရှိသွားခြင်း၊ နှလုံးမသာယာမှု ဒေါမနဿစိတ်များ ဖြစ်ပေါ်လာခြင်း၊ နှာသီးဝထိချက်ကို သတိထားလိုမှု အားနည်းလာခြင်းတို့ ဖြစ်လာကာ သက်သာလိုသော စိတ်များကို ဦးစားပေးနေတတ်သည်။ စိတ်ဖြင့် ခန္ဓာကိုယ်ကို အကြောမျှားတင်းအောင် ညှစ်ချုပ်ထားတတ်သည်။

ထို့သို့ ခန္ဓာကိုယ်ကို တင်းထားလိုသော ဆန္ဒများအပြင် နာတယ်, ကိုက်တယ်, ထုံတယ်, ကျင်တယ်, ပေါင်, ခြေထောက်, ဒူးခေါင်း စသည့် မရှိပညတ်များဖြင့် စွဲယူသည့်စိတ်များ (ဒိဋ္ဌုပါဒါန်)၊ ခံစားမှုဝေဒနာ(နာမ်ပရမတ်သဘော)ကို ငါခံစားတယ်ဟူသော ဒိဋ္ဌိဖြင့် စွဲယူခြင်း (ဒိဋ္ဌုပါဒါန်)၊ သဟိတ်မနောဝိညာဏ်ကိုလည်း ငါဆင်းရဲရသည်ဟု စွဲယူခြင်း (ဒိဋ္ဌိ)၊ သည်းမခံနိုင်သော စိတ်များ (ဒေါသ)၊ တရားထိုင်နေသော ခန္ဓာကိုယ်ကို ပြုပြင်မ,ရွှေ့လိုသည့် စိတ်များ(အဘိဇ္ဈာ)၊ ဣရိယာပုထ်ကို ပြုပြင်မ,ရွှေ့လိုသော ရွှေ့စိတ်နှင့်အလိုကို အောင်မြင်အောင် လိုက်လျောပြုပြင်ပေးမည့် နောက်စိတ် (တဏှာ)၊ ကျင့်စဉ်၏ အကြောင်းအကျိုး၊ ရုပ်နာမ်၏ အကြောင်းအကျိုးကို မသုံးသပ်လို၊ မရှုလိုသောစိတ်များ (မောဟ)၊ သဒ္ဓါ အစရှိသော ဗိုလ်ငါးပါး အားနည်းလာခြင်း၊ ကာမဝိတက် (ဗဟိဒ္ဓကာမအာရုံနှင့် ပေါင်, ခြေထောက် စသော ဝတ္ထုကာမ အာရုံတို့ကို ကြံစည်ခြင်း)၊ ဗျာပါဒဝိတက် (မည်ကဲ့သို့ သက်သာအောင် ပြုပြင်ရမည်လဲဟူသော အကြောင်းရှာခြင်း)၊ ဝိဟိံသဝိတက် (စိတ်ပင်ပန်းစေသည့် ဒုက္ခအာရုံကိုသာ ကြံစည်ခြင်း)ဟူသော မိစ္ဆာဝိတက် စသည်တို့ ဖြစ်ပေါ်လာသည်။

http://www.dhammadownload.com

နိဝရဏတရား ထင်ရှားဖြစ်ပေါ်လာခြင်း

ဓာတ်လေးပါး ဖောက်ပြန်နေသော ပေါင်, ဒူးခေါင်း စသည့် ကာယဝတ္ထုအား သက်သာလိုသော ဆန္ဒသည် **ကာမစ္ဆန္ဒနီဝရဏ**၊ ဓာတ်လေးပါး ပြင်းထန်စွာ ဖောက်ပြန်၍ စိတ်မတည်မငြိမ်ဖြစ်ခြင်း **ဗျာပါဒနီဝရဏ**၊ ထိုဒုက္ခဝေဒနာ အကြောင်းခံ၍ စိတ်ပျံ့လွင့်ခြင်း **ဥဒ္ဓစ္စနီဝရဏ**၊ "ဒီလိုကျင့်တာမှားပြီ" ဟူ၍ တဖန် ပူပန်နေခြင်းသည် **ကုက္ကုစ္စနီဝရဏ**၊ မိမိတရားကျင့်စဉ်အပေါ်၌လည်းကောင်း၊ ဆရာအပေါ်၌ လည်းကောင်း၊ ဟုတ်မှဟုတ်ပါ့မလား၊ ဒီကျင့်စဉ် မှန်မှ မှန်ပါ့မလားဟု ဆုံးဖြတ်ချက် မချနိုင်ပဲ ဖြစ်နေခြင်းသည် **ဝိစိကိစ္ဆာနီဝရဏ**၊ ရုပ်နာမ်တို့၏ခမ္မသဘောကိုအမှန်မမြင်ခြင်းသည် **အဝိဇ္ဇာနီဝရဏ**၊ ဤသို့လျှင် နိဝရဏတရားတို့ကို ခွဲခြားသိရမည်။

မာရ်ငါးပါးပေါ်လာခြင်း

(က) ဓာတ်ကြီးလေးပါး ဖောက်ပြန်လာမှုကြောင့် ငါ့ခန္ဓာကိုယ်ဟူသော ဒိဋ္ဌစွဲဖြင့် သက်သာရာရအောင် ခန္ဓာအိမ်ကို ပြုပြင်လိုသော သခ်ါရတရားတို့သည် တားဆီး၍ပင်မရနိုင်အောင် ဖြစ်ပေါ်လာသည်။ ထိုသို့ ပြုပြင်မှု သခ်ါရတရားတို့သည် ငါတည်းဟူသော မာန်နှင့်တကွ ဖြစ်ပေါ်လာခြင်းကြောင့် ထိုပြုပြင်မှုသည် **အဘိသင်္ခါရမာရ်** ဖြစ်သည်။

(ခ) ဓာတ်ကြီးလေးပါး ဖောက်ပြန်လာမှုကြောင့် ငါ့ခန္ဓာကိုယ်ဟူသော ဒိဋ္ဌစွဲဖြင့် သက်သာရာရအောင်ခန္ဓာအိမ်ကိုပြုပြင်လိုသောစိတ်တို့သည် ကိလေသာစိတ်များဖြစ်သည်။ ထိုစိတ်တို့သည် မာန်နှင့်တကွ ဖြစ်ပေါ်လာခြင်းကြောင့် **ကိလေသမာရ်** ဖြစ်သည်။

(ဂ) မိမိတရားကျင့်နေသော ခန္ဓာကိုယ်သည် ကျရိယာပုထ် မျှတနေပြီး မိမိလိုသလို ပြု၍ရနိုင်သည်။ မိမိ၏ကျရိယာပုထ် လိုသလိုပြုပြင်၍ ရနေသေးခြင်းကို အကြောင်းခံ၍ ခန္ဓာအိမ်ကို ပြုပြင်ပေးနေခြင်းသည် **ခန္ဓမာရ်** ဖြစ်သည်။

(ဃ) တရားကျင့်သောယောဂီ၏ ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းထားသော ရုပ်တရားသည် တစ်နေ့သေလောက်အောင် ဖောက်ပြန်၍ သတ်လိမ့်မည်။ ထိုသို့ သတ်သောအခါ ယခုတရားကျင့်ဆဲ ဖောက်ပြန်မှုထက် အဆပေါင်းများစွာ ပြင်းထန်မည်ဖြစ်သဖြင့် တရားထိုင်စဉ် သာမန် ဖောက်ပြန်သည့် သဘောမှ ဆင်းရဲခြင်းလွတ်အောင် ကျင့်ထားရမည်။ သို့သော်လည်း ကြိုတင်ကျင့်ထားရမည့်အစား ကျရိယာပုထ်ကိုဖျက်ဆီးလိုက်ပြီးခဏသက်သာရာကိုရယူလိုက်ခြင်းသည် သေခြင်းပေါ်၌ မာန်ခံနေခြင်း ဖြစ်သည်။ သံသရာခန္ဓာပေါင်းများစွာ သေရမှာကိုလည်း မကြောက်ခြင်း ဖြစ်သည်။ ထိုသဘောသည် **မစ္စုမာရ်** ဖြစ်သည်။

(င) ဓာတ်ကြီးလေးပါးဖောက်ပြန်မှုကို ငါပဲ, ငါ့ခန္ဓာပဲဟူ၍လည်းကောင်း၊ ထိုအနိဋ္ဌာရုံကို ခံစားသော ဝေဒနာနှင့်တကွ စိတ်တို့ကိုလည်း ငါပဲ ဟူ၍ သက္ကာယဒိဋ္ဌစွဲခြင်းကြောင့် အပါယ်ဝရဲ မလွတ်သည်ကိုလည်း သိနေပါလျက် နောင်ကျရောက်မည့် အပါယ်ဝရဲဘေးကို ဂရုမပြုပဲ ဓာတ်လေးပါး ဖောက်ပြန်မှုကို သက်သာအောင် သက္ကာယဒိဋ္ဌဖြင့် ပြုပြင်ပေးလိုက်ခြင်းသည် **ဒေဝပုတ္တမာရ်** ဖြစ်သည်။

အထက်ပါသဘောတို့သည် နောင်ကျင့်မည့် ဒေါသကို ပယ်ခွာသော ကမ္မဋ္ဌာန်းကျင့်စဉ်တိုင်း၌လည်း ဖြစ်ပေါ်လာတတ်သည်။ နောက်ကျင့်မည့် ကျင့်စဉ်များ၌လည်း ယခုဖော်ပြခဲ့ပြီးသော တရားထိုင်နေစဉ် ကျရိယာပုထ်ကို ပြုပြင်ပေးမှု အမှားများကို မကျူးလွန်မိအောင်

http://www.dhammadownload.com

သတိထားပါ။ အဝိဇ္ဇာနှင့်တဏှာ နှစ်ပါး အကြောင်းခံ၍ အထက်ပါ ပုထုဇဉ်စရိုက်များ ဖြစ်ပေါ်လာပါသည်။

ဂါဟာနှင့်ဂဟ (ဓာတ်ကြီးလေးပါးဖောက်ပြန်မှု) အပြန်အလှန် ကိုက်ခဲခြင်း

ရုပ်ဖောက်ပြန်ရာမှ ဝေဒနာအထိဖြစ်စဉ် (ပုံစံ-၁၊ အပိုင်း-က,ခ,ဂ,ဃ,င)ကို မသိသော စိတ်သည် အဝိဇ္ဇာစိတ် ဖြစ်၍ တဏှာနှင့်ယှဉ်တွဲ ဖြစ်ပေါ်လာသည်။ တဏှာစိတ်ကြောင့် "လှုပ်ချင်တယ်၊ ပြင်ချင်တယ်"ဟု တောင်းခံသည့်စိတ်၊ ခံသာအောင် ပြုပြင်လိုသောစိတ်၊ ရှေ့စိတ်အလိုအတိုင်း ကံမြောက်အောင် ပြုပြင်ပေးသောစိတ် စသော စိတ်တို့သည် (အနန္တရ၊ သမနန္တရပစ္စည်းသတ္တိဖြင့်) မခြားပဲ ဖြစ်ပေါ်လာသည်။ ဝေဒနာမှ တဏှာကူးခြင်း ဖြစ်သည်။ စိတ်အလိုလိုက်နေခြင်းလည်း ဖြစ်သည်။ တသံသရာလုံးမှ ပါလာသော တဏှာဖြစ်သည်။ အကယ်၍ လှုပ်ပြင်မ,ရွှေ့မှု ပြုလုပ်နေပါက တရားကို ဖျက်ဆီးနေသလို ဖြစ်နေသည်။ တဏှာကို ဖြတ်ချင်သောကြောင့် တရားကျင့်ပြန်သော်လည်း တဏှာကို မသတ်နိုင်ပဲ တဏှာတိုးပွားကြောင်း ကျင့်သကဲ့သို့ ဖြစ်နေသည်။ တရားမကျင့်ခင်၌ ပြင်လိုလျှင် ပြင်ပေး၊ ရွှေ့လိုလျှင် ရွှေ့ပေးနေသည်မှာလည်း တဏှာ၊ တရားကျင့်နေဆဲ၌ ပြင်မ,ရွှေ့နေခြင်းသည်လည်း တဏှာဖြစ်သည်။ တရားကျင့်ပြီးသော်လည်း တဏှာမလွတ်၊ တဏှာပြီးတဏှာ ဖြစ်နေသည်။

ငါပေါင်, ငါခြေဟူသော ဒိဋ္ဌုပါဒါန်နှင့် မိမိကာယဝတ္ထုကို သက်သာချမ်းသာလိုမှု ကာမုပါဒါန်၊ ငါခန္ဓာကိုယ်ပဲ, ငါပဲဟူသော အတ္တဝါဒုပါဒါန် စသော ဥပါဒါန်လည်း မချုပ်ဆုံး။ တဏှာသည် ရှေ့စိတ်နှင့် နောက်စိတ်ကို ဆင်းရဲမှု မပြတ်အောင် ဆက်စပ်ပေးသောကြောင့် တဏှာအုပ်ချုပ်သော စိတ်များသာ ဖြစ်နေပြီး ပဋိစ္စသမုပ္ပါဒ် ဆက်လက်၍ လည်ပတ်နေရသည်။

ဂါဟဟူသည် တဏှာ၊ မာန၊ ဒိဋ္ဌိပင်ဖြစ်သည်။ ခန္ဓာအိမ် ဓာတ်ကြီးလေးပါးဖောက်ပြန်မှု ဂဟကို တဏှာ၊ မာန၊ ဒိဋ္ဌိဖြင့် ငါခန္ဓာကိုယ်ကြီး ဖောက်ပြန်နေသည်ဟု စွဲယူလျှင် သက်သာရာ မရပဲ နှိပ်စက်ဆင်းရဲမှုကို ခံရသည်။ ယင်းသို့ နှိပ်စက်ဆင်းရဲမှု ခံရသဖြင့် ပုထုဇဉ်တို့သည် တဏှာ၊ မာန၊ ဒိဋ္ဌိဖြင့် ပို၍ စွဲယူသည်။ စွဲယူသဖြင့် ပို၍ နှိပ်စက်ခံရသည်။ ခွေးနှစ်ကောင် ကိုက်ရာတွင် နှစ်ကောင်စလုံး ကိုက်ခဲသောဒဏ် ခံစားရပါလျက် မိမိအသားအနာခံ၍ တစ်ဖက်ခွေးကို ပြန်ကိုက်ပြီး တစ်ကောင်နှင့် တစ်ကောင် မလွတ်ပဲ ကိုက်ခဲထားကြသည့်သဘောနှင့်တူသည်။ (၁၁)ပါးမီးလည်း ဆက်တိုက် တောက်လောင်ရသည်။ ဓာတ်လေးပါး ပြင်းထန်စွာဖောက်ပြန်၍ သေသည့်အခါ မီးတောက်သောစိတ်ဖြင့် ဘဝချုပ်ဆုံးရ၍ မီးတောက်သောဘဝသို့ ရောက်ရန်သာ ရှိတော့သည်။ ထို့သို့မဖြစ်ရန် ယခုဖော်ပြပြီးခဲ့သော အာနာပါနကမ္မဋ္ဌာန်းကျင့်စဉ်သည် ကာယိကဒုက္ခဝေဒနာမှ ဒေါမနဿနှင့်တဏှာမီး တဒင်္ဂပဟာန် ချုပ်ကြောင်း နည်းကောင်း ညွှန်ကြားထားခြင်း ဖြစ်သည်။

မိုးကုတ်ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချကာနီးဆဲဆဲတွင် ဤသို့ ဒုက္ခဝေဒနာမှ တဏှာကူးပုံကို အနှစ်ချုပ်အဖြေထုတ်၍ ယောဂီအပေါင်း တို့အား ဤကဲ့သို့ နောက်ဆုံးဩဝါဒ မိန့်ဟမ္မာကြားခဲ့သည်။

"ခန္ဓာရှိတဲ့သူတိုင်း ခံစားရမည့် ဝေဒနာတွေကို ကျော်လွှန်အောင် (ဝေဒနာ ဖြစ်ပျက်တို့ရဲ့ အဆုံးကို တွေ့အောင်) ရှုကြ။ မမေ့မလျော့ နေရစ်ကြ။"[၃]

---

[၃] "မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ"၊ နာ-၄၃၅

http://www.dhammadownload.com

ဆရာတော် ဘုရားကြီး၏ သြဝါဒကို သုံးသပ်ကြည့်လျှင် ခန္ဓာဝန် ချကာနှီးဆဲဆဲ၌ ရုပ်တရား၏ ပြင်းထန်စွာ နှိပ်စက်နေပုံကို ထောက်ရှု၍ သတ္တဝါတို့၏ ရရှိလာသော ငါကိုယ်ဟု ထင်ထားသော ရုပ်အစုအဝေးကြီးသည် ကြောက်စရာ ကောင်းသော ရန်သူကြီးနှင့်တူကြောင်း၊ မည်သမတာ ရက်စက်တတ်ကြောင်း။ ထိုဘေးဆိုးမှ လွတ်ရန်လိုကြောင်း ထောက်ပြလျက် အနှစ်ချုပ် သာသနာ့အမွေပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရမည်။ ဒုက္ခလွတ်အောင် တနည်းအားဖြင့် စိတ်ကို တဏှာမှလွတ်အောင် ကျင့်ရမည်ဖြစ်သည်။ ကြ္ကရိယာပုထ်ကို ပြင်ပေးရမှာ မဟုတ်ပါ။

တဏှာ၏အခြေပွါယ်

ယာယံ တဏှာ ပေါနောဘဝိကာ - တဏှာသည် ချမ်းသာသောအာရုံသစ်ကို လိုချင်သည်။ ဆင်းရဲသောအာရုံကို မလိုချင်ပါ။

နန္ဒီရာဂသဟဂတာ - ရရှိသောလိုရာအာရုံ၌ သာယာမှုနှင့်တကွ ကပ်ငြိနေတတ်သည်။

တတြတတြာဘိနန္ဒိနီ - ပို၍ကောင်းရာ ထိုထိုအာရုံကို ပို၍အလွန်နှစ်သက်သည်။ ပို၍ ဆင်းရဲသောအာရုံကို ပို၍မလိုချင်ပါ။ အကယ်၍ ရရှိပြီးသော ကောင်းသောအာရုံကို မလိုလားတော့ပါက စွန့်လွှတ်လိုက်သည်။[၄]

ဓာတ်ကြီးလေးပါး ဖောက်ပြန်လာသောအခါ ပုထုဇဉ်တို့၏ စိတ်၌ ကိန်းနေသော တဏှာကြောင့် ခန္ဓာအိမ်ကို ပြုပြင်ပေးလိုသောစိတ်သည် ချမ်းသာရာ ကြ္ကဠာရုံကို ရှာသော တဏှာစိတ်ဖြစ်သည်။ ပြုပြင်၍ သက်သာသောရုပ်နှင့်နေသောစိတ်သည် နန္ဒီရာဂစိတ်ဖြစ်သည်။ ကြ္ကရိယာပုထ်ကို မည်ကဲ့သို့ပြုပြင်ပေးလျှင် ပို၍ချမ်းသာမည်နည်းဟူ၍ ချမ်းသာသော ကြ္ကရိယာပုထ် အတိုင်း ပြုပြင်ပေးခြင်းသည် **တတြတတြာဘိနန္ဒိနီ** ဟူသော တဏှာဖြစ်သည်။

လောကီကာမပညတ်အမြင်ဖြင့် ရုပ်ဖောက်ပြန်တိုင်း တဏှာအလိုလိုက်၍ ခန္ဓာအိမ်ကို သက်သာအောင် ပြုပြင်ပေးခြင်း(**အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ**)သည် ပုထုဇဉ် အလေ့အကျင့်ဖြစ်၍ အကျင့်မှား ဖြစ်နေသည်။ ခန္ဓာအိမ်ကို ပြုပြင်ခြင်းသည် ကာယိန္ဒြေ မနိန္ဒြေစသော ကြ္ကဠာ့ပျက်နေခြင်း၊ စိတ်အလိုလိုက်နေခြင်းဖြစ်သည်။ တဏှာကို မတော်လှန်နိုင်ပဲ အရှုံးပေးခြင်း ဖြစ်သည်။ တဏှာနှင့် ပေါင်းဖော်နေခြင်းဖြစ်သည်။

လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန်အား ခိုးသားငါးရာရိုက်နှက်ရာတွင် အရိုးအသားတွေ ဖွဲအိတ်ပမာ မှုန့်မှုန့်ညက်ညက် ကြေနေသော်လည်း ခန္ဓာအိမ်ကို သက်သာအောင်ပြုပြင်သော ပုထုဇဉ်တို့၏ အလေ့အကျင့်ကို စွန့်သွားနိုင်ခဲ့သည်။ လူပ်ပြင်မှ ချမ်းသာရာရမည်ဟူသော အကျင့်သည် တရားကျင့်ဆဲ၌ ဖြစ်သော သီလဗွတုပါဒါန်အကျင့် ဖြစ်သည်။ ထို့ကြောင့် တရားကျင့်ရာတွင် ငါ့ပေါင်, ငါ့ခြေ, ငါပူတယ်, ငါနာတယ် စသည်ဖြင့် တဏှာ, မာန, ဒိဋ္ဌိ စွဲယူ၍ ခန္ဓာကိုယ်ကို သက်သာအောင် ပြုလုပ်ပေးနေခြင်းသည် **ကာမသုခလ္လိကအကျင့်**နှင့် **အတ္တကိလမထ** အကျင့်*တို့ပင်ဖြစ်သည်။

အထက်၌ဖော်ပြခဲ့ပြီးသည့်အတိုင်း တရားကျင့်နေစဉ် ငါခန္ဓာဟုစွဲယူလျက် သဘာဝဒုက္ခ လက္ခဏာကို သုခလက္ခဏာဖြစ်အောင် ကြ္ကရိယာပုထ်ဖြင့် ဖုံးအုပ်ပြုပြင်လိုသော ရှေ့စိတ်တဏှာကို

---

[၄] မဟာဝဂ္ဂသံယုတ်ပါဠိ၊ သစ္စသံယုတ္တ၊ ဓမ္မစက္ကပ္ပဝတ္တနဝဂ္ဂ၊ ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ-၁၀၈၁

* ခန္ဓာရခြင်းသည် ဒုက္ခရခြင်းဖြစ်၍ ခန္ဓာတိုးပွားစေခြင်းသည် ဒုက္ခတိုးပွားစေခြင်းဖြစ်၏။ ထို့ကြောင့် ခန္ဓာကို သက်သာအောင် ပြုပြင်ပေးခြင်းသည် မိမိကိုယ်ကို ဒုက္ခတိုးပွားစေသဖြင့် မိမိကိုယ်ကိုညှဉ်းဆဲခြင်းနှင့်တူ၏။ (စာရေးသူ၏အလို)

http://www.dhammadownload.com

နောက်စိတ်က ပြုပြင်ဖြစ်အောင် လိုက်လျောလိုက်ခြင်းသည် ခန္ဓာတိုးပွားကြောင်း၊ ဒုက္ခတိုးပွားကြောင်း၊ တဏှာ တိုးပွားကြောင်း အကျင့်ဖြစ်သဖြင့် **"ဒုက္ခဂါမိနီပဋိပဒါ"** ဆင်းရဲကြောင်း အကျင့် ဖြစ်သည်။

အခြေခံအာနာပါနကမ္မဋ္ဌာန်း၏ လမ်းညွှန်ချက်နှင့် အကျိုးတရားများ

(၁) လေနှင့်နှာသီးဝတိုချက်သို့ စိတ်ကိုရောက်အောင် သိမ်းဆည်းခြင်း

အရှင်သာရိပုတ္တြာ၏ဩဝါဒ။ ။စိတ်နောက်သို့ကိုယ်(ခန္ဓာကိုယ်)မပါစေပဲ စိတ်ကိုကိုယ်လိုရာသို့ ပါအောင် ဆွဲဆောင်နိုင်သော ရဟန်းသည်သာလျှင် နတ်ပန်းရနံ့ကဲ့သို့ ကြိုင်လှိုင်လျက် ပင်လုံးကျွတ်ပွင့်သည့် အင်ကြင်းမြိုင်ကို တင့်တယ်စေရာ၏ဟု ဓမ္မသေနာပတိ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက မိန့်ဟတော်မူခဲ့ပါသည်။[၁] တနည်းအားဖြင့် ဆိုသော်ထိုကဲ့သို့သော ရဟန်းသည်သာလျှင် နတ်ပန်းရနံ့ကဲ့သို့ ကြိုင်လှိုင်လျက် ပင်လုံးကျွတ်ပွင့်သည့် အင်ကြင်းမြိုင် အလားတူသည့် အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံသော ဤသာသနာတော်ကြီးကို တင့်တယ်စေမည်ဖြစ်သည်။[†]

"စိတ်နောက်ကိုယ်ပါ" ဟူသည်မှာ ပညတ်အာရုံအမျိုးမျိုးသို့ စိတ်သွားလိုတိုင်း (၀၊) စိတ်အလိုရှိသည့်အတိုင်းခန္ဓာကိုယ်ကြီးလိုက်ပါနေခြင်းပင်ဖြစ်သည်။ နဖားကြိုးအတပ်ခံထားရသည့် နွားပမာ ကြိုးဆွဲရာ လိုက်ပါရသကဲ့သို့ တရားအားထုတ်စဉ် ဓာတ်ကြီးလေးပါးဖောက်ပြန်မှုကာယိကဒုက္ခဝေဒနာ ဖြစ်ပေါ်တိုင်း ဒုက္ခရသကို ခံစားသည့် ဝေဒနာကို ဒိဋ္ဌိကပ်ခြင်းကြောင့် ဆင်းရဲမှု ဖြစ်ရသည်။ ယင်းကို အမှန်မသိပဲ ပေါင်, ခြေ စသည်တို့မှ ကိုက်ခဲထုံကျင်မှုကြောင့် နာတယ်, ဆင်းရဲတယ်ဟု မှားသိလျက် တခဏတာ သက်သာမှုရအောင် တဏှာလိုရာသို့ ခန္ဓာကိုယ်ကို လိုက်လျောပြုပြင်ပေးလိုက်ခြင်းသည် "စိတ်နောက်ကိုယ်ပါနေခြင်း" ဖြစ်သည်။ ဓာတ်ကြီးလေးပါးဖောက်ပြန်မှုအာရုံကို စွန့်၍ အာနာပါနကမ္မဋ္ဌာန်း နှာသီးဝတိုချက်ဆီသို့ စိတ်ကိုရောက်အောင် ပို့လိုက်ခြင်းသည် စိတ်ကို ကိုယ့်နောက်ပါအောင် ပြုလုပ်ခြင်းဖြစ်သည်။ ထိုချက်ဆီသို့ စိတ်ရောက်သွားသောအခါ ဆင်းရဲမှုချုပ်၍ ချမ်းသာရာ ရသွားသည်။ ထို့ကြောင့် ဣရိယာပုထ်ကိုမပြင်ပဲ စိတ်ကို ကမ္မဋ္ဌာန်းအာရုံသို့ပါအောင် ကျင့်သောအကျင့်သည် အရိယာသူတော်ကောင်းတို့ ကျင့်သုံးအပ်သောအကျင့် ဖြစ်သည်။ ဣရိယာပုထ်ကို လိုက်လျောပြုပြင်ပေးခြင်းသည် ပုထုဇဉ်အကျင့် ဖြစ်သည်။

အန္ဓပုထုဇဉ်တို့၏ စိတ်သည် တဏှာအုပ်ချုပ်မှုမှ လွတ်သည်ဟူ၍ မရှိပေ။ အကြောင်းတိုက်ဆိုင်တိုင်း စိတ်သည် ဒိဋ္ဌိနှင့် တဏှာခြယ်လှယ်သမျှ ခံနေရသည်။ တရားကျင့်သောအခါ၌လည်း တဏှာကပင် စတင် အုပ်ချုပ်ထားသည်။ ထို့ကြောင့် တဏှာကို စိတ်၌မကပ်အောင် ကုသိုလ်စေတသိက်ဖြင့် စာင့်ထိန်းခြင်း(သီလ)၊ စိတ်ကိုခိုင်ခံ့စွာအုပ်ချုပ်ထားခြင်း(သမာဓိ)တို့ဖြင့် ဖယ်ရှားရသည်။ ထိုသဘောသည် စိတ်ကို တဏှာမှလွတ်အောင် သီလ သမာဓိဖြင့် ပထမအဆင့် ရုန်းထွက်ခြင်း ဖြစ်သည်။ ဓာတ်ကြီးလေးပါး ဖောက်ပြန်လာသောအခါ တဏှာ အုပ်ချုပ်မှုမှ မလွတ်သေးသဖြင့် သက်သာရာကို လိုချင်သည့်လောဘ ဖြစ်လာသည်။ ထိုတဏှာအလိုအတိုင်း မလိုက်လျောပဲ တဏှာလွတ်ရာ အာနာပါနနှာသီးဝတိုချက်သို့ စိတ်ကိုရောက်အောင် မဂ္ဂင်ရှစ်ပါးလျော်ညီအောင် ပို့ဆောင်ရသည်။ ထို့ကြောင့် အာနာပါနကမ္မဋ္ဌာန်းကျင့်ရာတွင် စိတ်ကို

---

[၁] မူလပဏ္ဏာသပါဠိတော် မြန်မာပြန်၊ မဟာယမကဝဂ်၊ မဟာဂေါသိင်္ဂသုတ် နာ-၂၈၇

[†] စာရေးသူ၏အလို

http://www.dhammadownload.com

နှာသီးဝထိချက်ရောက်အောင် ပို့ဆောင်နိုင်ရန် ရှူရှိုက်နေခြင်းသည် စိတ်ကို တဏှာအုပ်ချုပ်မှုမှ လွတ်အောင် သိမ်းဆည်းခြင်းနှင့် ဒုက္ခအာရုံမှလွတ်အောင် ရုန်းထွက်ခြင်းဖြစ်သည်။ ထိုသို့ ရုန်းထွက်နိုင်ရန် ဗိုလ်ငါးပါး ပြည့်စုံရမည်။

အထက်ပါ သဘောတရားကို ဝေဒနာကမ္မဋ္ဌာန်းကျင့်စဉ်တိုင်းတွင် နားလည်ယူပါ။

(၂) နှစ်နာရီကြာကျင့်စေခြင်း

ထိုင်ခြင်းကျရိယာပုထ်ဖြင့် နှစ်နာရီကြာမျှကျင့်သောအခါ ဓာတ်ကြီးလေးပါးဖောက်ပြန်မှု၏ သဘောကို ထိထိမိမိသိရသည်။ မိမိတွယ်တာနေသော ရုပ်တရားသည် ဒုက္ခတုံး၊ အဆိပ်တုံးနှင့် တူသည်ကိုလည်းကောင်း၊ ကိုယ့်အလို၊ ကိုယ့်အကြိုက် မရှိသည်ကိုလည်းကောင်း၊ ခိုင်မြဲခြင်းမရှိ၊ အမြဲတမ်း ပျက်စီးခြင်း သက်သက်မျှသာ ရှိသည်ကိုလည်းကောင်း သိရသောအကျိုးရှိသည်။ နှစ်နာရီကြာအောင် ကျင့်မှသာလျှင် သဒ္ဓါအား ပညာအား အချိန်ယူကာမွေးထုတ်နိုင်ပြီး စိတ်ကို တဏှာအုပ်ချုပ်မှုမှ ဆွဲထုတ်နိုင်မည်ဖြစ်သည်။

နှစ်နာရီကြာ (သို့) သုံး လေး နာရီကြာ မလှုပ်မပြင်ပဲ တရားထိုင်ရခြင်း၏ ရည်ရွယ်ချက်မှာ ဒုက္ခဖြစ်ပုံ၊ ဒုက္ခဖြစ်ကြောင်း၊ ဒုက္ခချုပ်ပုံ၊ ဒုက္ခချုပ်ရာနည်းလမ်းကြောင်းတို့ကို တပြိုင်နက် မြင်စေသည့် အထောက်အပံ့ ရရှိရန်ဖြစ်ပြီး တမင်သက်သက် ရုပ်ခန္ဓာကိုယ်ကို အနာခံ၍ ကျင့်နေခြင်း မဟုတ်သဖြင့် **"အတ္တကိလမထာနုယောဂ"** ဟူ၍ လုံးဝမဆိုအပ်ပေ။ **"အတ္တကိလမထာနုယောဂ"** ဆိုသည်မှာ သာသနာပတိတ္ထိတို့၏ အကျင့်သာ ဖြစ်သည်။ ဝိပဿနာယာနိကကျင့်စဉ်ဟူသည် သစ္စာလေးချက် တပြိုင်နက်မြင်အောင် ကျင့်သောနည်းဟု ဖော်ပြခဲ့ပြီးပြီ။ အကယ်၍ ထိုင်ခြင်းကျရိယာပုထ်ဖြင့် တရားအားထုတ်စဉ် ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုကာယိကဒုက္ခ ဖြစ်ပေါ်လာတိုင်း အကြိမ်ကြိမ် ငါခန္ဓာကိုယ်ဟူသော အမှတ်သညာဖြင့် တဏှာအလိုကျ လိုက်လျောပြုပြင်ပေးခြင်းသည် **'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ'**အရ အပုညာဘိစိတ္တသင်္ခါရနှင့် ကာယသင်္ခါရစေတနာ တိုးပွားအောင် ပြုလုပ်နေခြင်း ဖြစ်သည်။

(၃) ဓာတ်ကြီးလေးပါးဖောက်ပြန်မှု အရင်းခံ၍ တရားကျင့်ခြင်း

ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုကြောင့်ဖြစ်သော ဒုက္ခဝေဒနာသည် ဗဟိဒ္ဓအာရုံသို့ ယိုစီးပျံ့လွင့်နေသော စိတ်များကို သိမ်းဆည်းပေးသည်။ မိမိ၏စိတ်၌ ကိန်းနေသော သက္ကာယဒိဋ္ဌနှင့် တဏှာကို ပေါ်ထွက်လာစေသည်။ ဗိုလ်ငါးပါးကို ဖော်ထုတ်ပေးနိုင်သည့် အကြောင်းရင်း ဖြစ်သည်။ အကုသိုလ်စိတ်ကို ကုသိုလ်စိတ်က နိုင်နင်းအောင် လေ့ကျင့်ပေးနိုင်သော အထောက်အပံ့ ဖြစ်သည်။ ကာယဗလ လေ့ကျင့်သောသူတို့သည် အားအင်တိုးပွားရန်အတွက် လေးလံသော ဝိတ်ပြားများဖြင့် ပင်ပန်းဆင်းရဲခံကာ မ,လိုက်၊ ချလိုက် လေ့ကျင့်မှု ပြုကြသည်။ ထိုအဆင်းရဲခံလေ့ကျင့်မှုနှင့် လေးလံသော ဝိတ်ပြားတို့သည် အလေးမသူအား အင်အား တိုးပွားစေသည့် အထောက်အပံ့ပေးခြင်း ဖြစ်သည်။ ထိုနည်းတူစွာ တရားကျင့်သောယောဂီသည် မဂ်တရားဖိုလ်တရား ရနိုင်ရန်အတွက် ဓာတ်လေးပါး အရင်းခံ၍ တရားကျင့်ခြင်းဖြစ်သည်။ သည်းခံနိုင်မှုစွမ်းရည်ရအောင် ပါရမီဖြည့် လေ့ကျင့်ခြင်းလည်း ဖြစ်သည်။ ဒေါသစိတ်ကို အဒေါသစိတ်ဖြင့် အစားထိုးနိုင်ရန် အထောက်အပံ့ပေးခြင်း ဖြစ်သည်။ အကြောင်းမဲ့သက်သက် ဒုက္ခခံနေခြင်းမဟုတ်။ မည်သည့်နည်းဖြင့်ကျင့်ကျင့် ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုသည် မဖြစ်မနေ ဖော်ပြလာမည်ဖြစ်သည်။ ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုကာယိကဒုက္ခကို ရှောင်လွှဲကာ တရားကျင့်၍မဖြစ်နိုင်ပါ။

http://www.dhammadownload.com

(၄) ကြရိယာပုထ်ကို ထောင်မတ်မထားရခြင်း

ထိုင်ခြင်းကြရိယာပုထ်၌ အပေါ်ပိုင်း ခန္ဓာကိုယ်ကို တုတ်ချောင်းထောင်ထားသကဲ့သို့ တည်မထားရပါ။ ယိုင်ခြင်း၊ ရွဲ့ခြင်း၊ စောင်းခြင်း၊ လန်ခြင်း မရှိစေပဲ ပကတိအနေအတိုင်းသာ ထားရပါမည်။ ဤသဘောကို မြတ်စွာဘုရားရှင် ဤကဲ့သို့ ဟောကြားထားသည်။ **ယထာဒ္ဓိတံ**- တည်မြဲတိုင်းသော **ယထာပဏိဟိတံ**- ထားမြဲ တိုင်းသော **ကြမမေဝ ကာယံ**- ဤရှုပကာယ ခန္ဓာကိုယ်ကိုသာလျှင်[6] ဟူ၍ ဖွင့်ဆိုထားပါသည်။ ထိုသဘောအရ ထိုင်ခြင်းကြရိယာပုထ်သည် နေမြဲတိုင်း၊ ထားမြဲတိုင်းသာ ရှိနေရပြီး ထပ်မံပြုပြင်မှုမရှိပဲ ပကတိဖြောင့်မှန်သည့်သဘောကို ဆိုလိုခြင်း ဖြစ်သည်။

မိမိ၏လက်တစ်ဖက်ကို ဘာမှမကိုင်ထားပဲ မြှောက်ထားကြည့်ပါ။ မကြာမီ လေးလံပြီး စိတ်ပင်ပန်းလာပါသည်။ ထိုနည်းတူ တရားထိုင်နေစဉ် မိမိ၏ အပေါ်ပိုင်းခန္ဓာအိမ်အား ထောင်မတ်နေအောင် ပြုလုပ်ထားပါက အချိန်ကြာလာလေ ခန္ဓာအိမ် ပို၍ လေးလံလာလေ ဖြစ်သည်။ ပို၍ အားစိုက်ထောင်မတ်ရသောကြောင့် မိမိကမ္မဋ္ဌာန်းအာရုံ၌ စိတ်မတည်တော့ပဲ အနှောင့်အယှက် ပေးဘိသကဲ့သို့ဖြစ်ပြီး စိတ်ပင်ပန်းလာကာ သီလသမာဓိ ပျက်စီးရသည်။ ထို့ကြောင့် တရားထိုင်သော ကြရိယာပုထ်ကို နဂိုပကတိ အနေအထားအတိုင်း ထားရမည် ဖြစ်သည်။ ခန္ဓာကိုယ်ကို ဖြောင့်မတ်စွာ ထားရမည် ဟူသည်မှာ ရှေ့နောက် ဘေး ဘယ်ညာ ယိုင်ရွဲ့နေခြင်းမရှိမှုသဘောကိုသာ ဆိုလိုခြင်းဖြစ်သည်။ တရားထိုင်တိုင်း ထိုသဘောကိုသတိပြုပါ။

ဒေသနာတော်တို့၌ '**ဥဇုံ ကာယံ ပဏိဓာယ**'[7] ဟု ဆိုထားရာတွင် အပေါ်ပိုင်းခန္ဓာကိုယ်ကို ရှေ့သို့ စိုက်နေခြင်း၊ နောက်သို့ လန်နေခြင်း၊ ဘေးသို့ယိုင်ရွဲ့နေခြင်း မရှိခြင်းမျှကိုသာ ဆိုလိုသည်။ မိမိအလိုဖြင့် ညှစ်ချုပ် တင်းတောင့်ထောင်မတ်၍ ထားရမည်ဟုမဆိုလို။ စိတ်ဖြင့် တင်းတောင့်ထောင်မတ်ထားမှု မရှိသော၊ ရွဲ့စောင်းစိုက်လန်မှုမရှိသော ပကတိအနေအထားအတိုင်း တည်နေသော ရုပ်ခန္ဓာအိမ်ကို ဆိုလိုသည်။

(၅) ခန္ဓာအိမ်ကို စိတ်ဖြင့် ညှစ်ချုပ်မထားရခြင်း

မာတ်ကြီးလေးပါးသည် ဒုက္ခသစ္စာဖြစ်သည်။ ထိုဒုက္ခကို တဏှာဒိဋ္ဌိတို့ဖြင့်ကပ်ငြိခြင်းသည် ဆင်းရဲမှု အကျိုးသာ ရရှိသည်။ ထို့ကြောင့် မွေကြီးလေးကောင်နှင့်တူသော ခန္ဓာအိမ်ကို စိတ်ဖြင့် ညှစ်ချုပ်ကာ တရားကျင့်နေခြင်းသည် ချမ်းသာသော မဂ်တရားဖိုလ်တရား မရပဲ ဆင်းရဲမှု တိုးပွားကြောင်းသာ အကျိုးပေးလိမ့်မည်။ ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှုမည့်စိတ်သည် ရုပ်ကို ညှစ်ချုပ်သောအလုပ်၌ တည်နေရ၍ လိုရာအာရုံမရောက်သဖြင့် တရားမရနိုင်ပါ။ ထို့ကြောင့် ခန္ဓာအိမ်ကိုအကြောမျှားတင်းအောင် စိတ်တင်းညှစ်ချုပ်ထားပြီး တရားမကျင့်ရပါ။ တရားထိုင်တိုင်း ထိုသဘောကို သတိပြုပါ။

(၆) ရှုရှိုက်မှုစည်းကမ်းချက်များ

စိတ်ကို ကမ္မဋ္ဌာန်းအာရုံ၌ မြဲအောင် အလုပ်လုပ်ခိုင်းထားခြင်း ဖြစ်သည်။ အရှည်အတို မညီလျှင် ညီအောင် ညှိနေရသောအလုပ်၊ အနှေးအမြန် မမှန်လျှင် မှန်အောင် ညှိနေရသော အလုပ်၊ အပြင်းအပျော့ မမှန်လျှင် အပြင်းအပျော့ မှန်အောင် ညှိနေရသောအလုပ်၊ ဝင်လေထွက်လေ တဆက်တည်း မဖြစ်လျှင် တဆက်တည်း ဖြစ်နေအောင် ရှုနေရသောအလုပ်၊

---

[6] မဟာသတိပဋ္ဌာနသုတ်၊ ဆရာတော်ဦးဗုဒ္ဓမိတ္တ၊ ကာယာနုပဿနာ ဓာတုမနသိကာရပိုင်း၊ နှာ-၆၉

[7] မဟာဝဂ္ဂပါဠိ၊ မဟာသတိပဋ္ဌာနသုတ္တံ၊ ကာယာနုပဿနာ အာနာပါနပဗ္ဗ-၃၇၄

http://www.dhammadownload.com

ဤကဲ့သို့ စိတ်မအားအောင် အလုပ်လုပ်နေရသဖြင့် စိတ်သည် ဓာတ်လေးပါးဖောက်ပြန်မှုသို့ မရောက်ရှိတော့ပဲ အာနာပါနကမ္မဋ္ဌာန်း၌ တည်ငြိမ်သွားမည်ဖြစ်ပြီး ဒေါသ ချုပ်ငြိမ်းလာသည်။ ထို့ကြောင့် အရှုအရှိုက် နည်းစနစ်များပေးထားခြင်းဖြစ်သည်။

(၇) အာနာပါနရှုရှိုက်မှု ရှင်းတမ်း

အာနာပါနကမ္မဋ္ဌာန်း အခြေခံကျင့်စဉ်၌ ရှုရှိုက်မှုသည် ပြင်းပြင်းမရှုရ ဟူ၍ ဟောကြားထားခြင်း မရှိပါ။ အစဉ် ပြင်းပြင်းရှု၍ နောက်မှ တဖြည်းဖြည်း သိမ်မွေ့သွားရမည်ဟု ပဋိသမ္ဘိဒါမဂ်၌ ဤကဲ့သို့ ဟောကြားထားသည်။

> ဥပမာအဘယ်ကဲ့သို့နည်းဟူမူ ကြေးခွက်ကိုခေါက်သော် ရှေးဦးစွာ ကြမ်းတမ်းသော အသံတို့သည်ဖြစ်ကုန်၏၊ ကြမ်းတမ်းသောအသံတို့၏အာရုံနိမိတ်ကို ကောင်းစွာယူခြင်းကြောင့် ကောင်းစွာ နှလုံးသွင်းခြင်းကြောင့် ကောင်းစွာစိတ်၌ထားခြင်းကြောင့် ကြမ်းတမ်းသော အသံသည် ချုပ်သော်လည်း ထို့နောက် သိမ်မွေ့သောအသံတို့သည် ဖြစ်ကုန်၏။
>
> သိမ်မွေ့သော အသံတို့၏ အာရုံနိမိတ်ကို ကောင်းစွာယူခြင်းကြောင့် ကောင်းစွာ နှလုံးသွင်းခြင်းကြောင့် ကောင်းစွာ စိတ်၌ ထားခြင်းကြောင့် သိမ်မွေ့သော အသံ ချုပ်သော်လည်း ထို့နောက် သိမ်မွေ့သော အသံအာရုံနိမိတ်လျှင် အာရုံရှိသောစိတ်သည် ဖြစ်သကဲ့သို့ ဤအတူသာလျှင် **ရှေးဦးစွာ ကြမ်းတမ်းသော ဝင်သက်ထွက်သက်တို့သည် ဖြစ်ကုန်၏။** ကြမ်းတမ်းသော ဝင်သက်ထွက်သက်တို့၏ အာရုံနိမိတ်ကို ကောင်းစွာယူခြင်းကြောင့် ကောင်းစွာ နှလုံးသွင်းခြင်းကြောင့် ကောင်းစွာ စိတ်၌ ထားခြင်းကြောင့် **ကြမ်းတမ်းသောဝင်သက်ထွက်သက်တို့သည် ချုပ်သော်လည်း ထို့နောက် သိမ်မွေ့သော ဝင်သက်ထွက်သက်တို့သည် ဖြစ်ကုန်၏။** သိမ်မွေ့သော ဝင်သက်ထွက်သက်တို့၏ အာရုံနိမိတ်ကို ကောင်းစွာယူခြင်းကြောင့် ကောင်းစွာနှလုံးသွင်းခြင်းကြောင့် ကောင်းစွာစိတ်၌ ထားသောကြောင့် သိမ်မွေ့သော ဝင်သက်ထွက်သက်တို့သည် ချုပ်သော်လည်း ထို့နောက် သိမ်မွေ့သော ဝင်သက်ထွက်သက် အာရုံနိမိတ်လျှင် အာရုံရှိသောစိတ်သည် ပျံ့လွင့်ခြင်းသို့ မရောက်။[၈]

အထက်ပါ ဒေသနာတော်မှ ကြေးခွက်တီးသံ ဖြစ်ပေါ်လာပုံကို သတိပြုပါ။ မူလ ကြမ်းတမ်းသောအသံ ဖြစ်ပေါ်ပြီးမှ တဖြည်းဖြည်း အစဉ်လိုက် ငြိမ်းသွားသည်ဟု ပါရှိသည်။ **"ရှေးဦးစွာ ကြမ်းတမ်းသော ဝင်သက်ထွက်သက်တို့သည် ဖြစ်ကုန်၏။"** ထိုသဘောအတိုင်း အာနာပါန ကမ္မဋ္ဌာန်းကျင့်စဉ် အခြေခံ၌လည်း အစဉ် အနည်းငယ် ပြင်းပြင်း ရှုရှိုက်၍ ကာယိကဒုက္ခမှ ကျော်လွန်စေပြီး ကမ္မဋ္ဌာန်းအာရုံ၌ စိတ်တည်ငြိမ်သွားသောအခါ ရှုရှိုက်မှုသည်လည်း အစဉ်လိုက် ငြိမ်းသွားပါသည်။ **တရားစကျင့်၍ အာနာပါန စကျင့်ကတည်းက ဖြည်းဖြည်းငြိမ်ငြိမ် နူးနူးညံ့ညံ့ ရှုရှိုက်ရမည်ဟု မဆိုပါ။** နူးညံ့စွာ ရှုရှိုက်မှုသည် တရားစကျင့်သော ယောဂီတို့အတွက် အခက်အခဲများ ရှိနေသည်။ သတိ ထင်နိုင်ခဲခြင်း၊ ငိုက်မြည်းလွယ်ခြင်းများ ဖြစ်စေသည်။ ဓာတ်လေးပါး ဖောက်ပြန်မှု ပို၍ ထင်ရှားလာသောအခါ နူးညံ့သောထိချက်၌ စိတ်မတည်တော့ပဲ ဒုက္ခအာရုံသို့ လွယ်လွယ်နှင့် စိတ်ရောက်သွားတော့သည်။ ထို့ကြောင့် ထိချက်အာရုံ၌ စိတ်မတည်တော့ပဲ သမာဓိပျက်လွယ်သည်။

ယခု လမ်းညွှန်သည့်အတိုင်း စည်းစနစ်ကျကျ လက်တွေ့ကျင့်သုံးလျှင် အရှိန်ရလာပြီး မိမိအနေနှင့် ရှုစရာ မလိုတော့ပဲ ဥပစာရစျာန်ဇောကသာလျှင် အလိုလိုဆောင်၍ ရှုရှိုက်

---

[၈] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်၊ မဟာဝဂ်၊ အာနာပါနဿတိကထာ၊ သတောကာရိ ဉာဏ်အကျယ်ပြခြင်း-၁၇၁ နှာ-၂၃၂

http://www.dhammadownload.com

နေသည်ကို လက်တွေ့ကျကျ သိမြင်ခံစားနိုင်သည်။ ကိုယ်၏ပင်ပန်းခြင်း၊ စိတ်၏ပင်ပန်းခြင်း မရှိတော့ပဲ ဤကဲ့သို့ ရှုရှိုက်နေမှုကိုပင် မရပ်နားချင်တော့ပါ။ တရားထိုင်မှုကိုလည်း မဖြုတ်ချင် မရပ်ချင်တော့ပါ။ ပဌမစျာန်အင်္ဂါ ပြည့်စုံသွားသဖြင့် ကာယိကဒုက္ခဝေဒနာကို နာမ်မည်တော့ပဲ ထိချက်ကို အာရုံပြုနေသော စျာန်စိတ်မှာ သုခဝေဒနာဖြင့် တည်နေတော့သည်။ အထက်ပါ ဥပစာရစျာန်ဇောသို့ မရောက်ရှိသော ယောဂီသည် နှာသီးဝမ်းထိချက်၌ စိတ်ကိုတည်နိုင်မှု အားကောင်းလာလျှင် ဒေါသဇော၊ လောဘဇောတို့ ချုပ်ငြိမ်းပြီး ဘဝင်ကျကာ အာနာပါနအရှုမှ ပုံမှန်ပကတိအရှုသို့ ရောက်သွားသည်။ စနစ်တကျလိုက်နာ၍ အကြိမ်များစွာ လေ့ကျင့်ပါ။

(၈) ပစ္စုပ္ပန် ငရဲကျပုံ

ယခု အာနာပါနကမ္မဋ္ဌာန်း အခြေခံကျင့်စဉ်တွင် တရားထိုင်နေသော ယောဂီသည် ဓာတ်ကြီးလေးပါး ဖောက်ပြန်လာသောအခါ စိတ်သည် နှာသီးဝမ်းထိချက်တည်းဟူသော အထက်သုဂတိဘုံ၌ ချမ်းသာပါလျက် မနေနိုင်ပဲ ဓာတ်လေးပါးဖောက်ပြန်ရာ အောက်ပိုင်း ဒုဂ္ဂတိဘုံသို့ တဟုန်ထိုး ခုန်ဆင်းနေသည်။ စိတ်သည် အောက်ပိုင်းခန္ဓာကိုယ်ကို ညွှတ်သောအခါ မီးစကြီးနှင့်ထိုးထားသကဲ့သို့၊ သပ်ကြီးနှင့်လှီးထားသကဲ့သို့၊ စူးနှင့်ထိုးထားသကဲ့သို့ ဖြစ်ခြင်းသည် ငရဲဘုံ၌ နှိပ်စက်ခံရခြင်းနှင့်တူသည်။ အောက်ပိုင်းခန္ဓာကိုယ်တွင် ကိုက်တယ်ဟူသောသဘောသည် ငရဲခွေးများ ကိုက်ခံရသကဲ့သို့ တူနေသည်။ ထိုသို့နှိပ်စက်နေမှန်း သိလျက် ထိုအာရုံတို့ကို မခွာနိုင်၊ မစွန့်နိုင်ခြင်းသည် မသေခင်ကတည်းက ငရဲဘုံကို ညွှတ်နေခြင်းဖြစ်သည်။ ငရဲပြည်က လာဆွဲခေါ်ခြင်း မဟုတ်ပါ။ မိမိ(တဏှာ)အလိုဖြင့်သာ ဆင်းသွားခြင်းဖြစ်သည်။ ပစ္စုပ္ပန်ငရဲ မလွတ်လျှင် အနာဂတ်ငရဲ အဘယ်မှာ လွတ်နိုင်ပါမည်နည်း။

ဓမ္မာဓိပက္စိယတရား (၃၇)ပါး ပါဝင်ပုံ

ဗိုလ်ငါးပါး

သဒ္ဓါဗိုလ်။ ။ဒုက္ခဝေဒနာကို မကျော်လွှားနိုင်မီ ဆင်းရဲမှုမှမလွတ်သေးသည့်အခါ ဆရာနှင့် ဆရာ၏ ကျင့်စဉ်အပေါ်၌ ယုံကြည်မှုနည်းပါးလာတတ်သည်။ ထိချက်၌ စိတ်ကို ရောက်အောင် ပို့ဆောင်ပါသော်လည်း မမြဲပဲ ဓာတ်လေးပါးဖောက်ပြန်မှုအပေါ် ကျရောက်ကာ စိတ်၌ ကိလေသာတို့ ပူလောင်နှိပ်စက်ခြင်းကို ခံရသည်။ ထိုသို့ မဖြစ်စေရန် ဤကဲ့သို့ နှလုံးသွင်းရမည်။ 'သာသနာသည် ကြုံရခဲသည်၊ လူဖြစ်ခဲသည်၊ သေခြင်းဆင်းရဲနှင့် အပါယ်ဘေးဆင်းရဲ လွတ်မြောက်ရန် ဒီတရားမှတပါး အခြားအားကိုးစရာမရှိဘူး'ဟူ၍ ယုံကြည်မှုသဒ္ဓါ အားကြီးစွာဖြင့် တရားဆက်လက်ကျင့်ရမည်။

ဝီရိယဗိုလ်။ ။ကျရိယာပုထ်ကို ပြင်လို မ,လို သက်သာစေလိုသော လှုံ့လပြုမှုကို စွန့်လွှတ်၍ နှာသီးဝမ်းထိချက်၌ စိတ်ကိုမြဲအောင် အားကောင်းသော လှုံ့လဖြင့် ရှုရှိုက်အားထုတ်ခြင်းသည် **ဝီရိယဗိုလ်**ဖြစ်သည်။

သတိဗိုလ်။ ။ဓာတ်လေးပါးဖောက်ပြန်မှု၌ စိတ်ကို ရှေးရှုစေသော မိစ္ဆာသတိကို ပယ်စွန့်၍ အာနာပါန နှာသီးဝမ်းထိချက်၌ အားကြီးသော သတိမြဲအောင်ထားနေခြင်းသည် **သတိဗိုလ်**ဖြစ်သည်။

http://www.dhammadownload.com

သမာဓိဗိုလ်။ ။ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု အာရုံ၌ စိတ်တဖြောင့်တည်း တည်နေမှု မိစ္ဆာသမာဓိကို ပယ်စွန့်၍ နှာသီးဝထိချက်အာရုံ၌ အားကြီးသော စိတ်တည်နေမှုသည် **သမာဓိဗိုလ်**ဖြစ်သည်။

ပညာဗိုလ်။ ။အာနာပါနထိချက်၌ ဖြစ်ပျက်*ကို သိနေခြင်းသည် **ပညာဗိုလ်**ဖြစ်သည်။ (ကြန်ခြေငါးပါးကိုလည်း ထိုနည်းတူသိပါ။)

ကြွဒွိပါဒ်တရားလေးပါး

တရားကျင့်သော ယောဂီသည် တရားကျင့်ဆဲ၌ မိမိခန္ဓာကိုယ်မှ ပြင်းထန်စွာ နှိပ်စက်နေသည်ကို သိလာသည်။ တစ်သက်လုံး အလိုလိုက်၍ အကြိုက်ပေးကာ ကျွေးမွေးပြုပြင်ယုယခဲ့သော်လည်း ကောင်းကျိုး ပေးသည်မရှိပဲ တရားထိုင်စဉ်မှာပင် မြွေအဆိပ်တက်သလို ပြင်းထန်စွာ ရက်စက်နေသည်ကို သိလာသည်။ ဤရုပ်ကြီးသည် တစ်နေ့ သည်ထက်ပြင်းထန်စွာ သတ်တော့မည်။ ထို့ကြောင့် မဖြစ်မနေ အားထုတ်လိုသောဆန္ဒများ၏ပြည့်စုံခြင်း (ဆန္ဒိဒ္ဓိပါဒ်)၊ လွတ်မြောက်လိုသောစိတ်များ၏ ပြည့်စုံခြင်း (စိတ္တိဒ္ဓိပါဒ်)၊ လွတ်မြောက်အောင်အားထုတ်နေသည့် ဝီရိယ၏ပြည့်စုံခြင်း(ဝီရိယိဒ္ဓိပါဒ်)၊ မှန်ကန်သော ရှုမှတ်မှုနည်းစနစ်၏ ပြည့်စုံခြင်း(ဝီမံသိဒ္ဓိပါဒ်) စသော ကြွဒွိပါဒ်တရားလေးပါး ပြည့်စုံစေ၍ ရုပ်၏ နှိပ်စက်မှုမှ လွတ်မြောက်ကြောင်းကျင့်စဉ်ကို ဤရုပ်ကြီးမသတ်မီ ကြိုတင်အားထုတ်ထားရမည်။

သမ္မပ္ပဓာန်တရားလေးပါး

ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုကို ပြုပြင်လိုသော တဏှာဖြင့်ယှဉ်လျက် သိနေသော စိတ်သည် အကုသိုလ်စိတ်ဖြစ်၏။ ထိုစိတ်ကို အလိုမလိုက်ပဲ ပယ်သတ်နိုင်ရန် ကျင့်၏။ အာနာပါန နှာသီးဝထိချက်၌ သိနေသော ကုသိုလ်စိတ်ကို မယုတ်လျော့စေပဲ စိတ်ကို မြဲအောင် အားထုတ်ခြင်းသည် သမ္မာဝါယာမ ဖြစ်သည်။

(၁) ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု၌ ကျရောက်လျက် တဏှာနှင့်ယှဉ်သော အကုသိုလ်စိတ်တို့ ဖြစ်နေခြင်းကို နှလုံးမသွင်းပဲ (၀ါ) ဆက်လက် အာရုံမပြုပဲ အာနာပါနထိချက်၌ ထိတိုင်းသိအောင် ကြောင့်ကြစိုက် အားထုတ်မှုဖြင့် ကုသိုလ်တရား တိုးပွားစေခြင်းသည် **ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမ**

(၂) အကုသိုလ်စိတ်တို့ဖြစ်ကြောင်း ဓာတ်ကြီးလေးပါးဖောက်ပြန်မှု၌ စိတ်ကို မကျရောက်အောင် အာနာပါန နှာသီးဝထိချက်၌ အသိမြဲအောင် အားထုတ်ခြင်းသည် **အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမ**

(၃) ကုသိုလ်ဖြစ်ကြောင်း အာနာပါနနှာသီးဝ၌ စိတ်ကို မြဲအောင်ထားခြင်းသည် **အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမ**

(၄) ထိုကုသိုလ်တရားတို့ကိုတိုးပွားစေတတ်သော အာနာပါနနှာသီးဝ၌ စိတ်ကို ဆက်ကာဆက်ကာ ထားခြင်းသည် **ဥပ္ပန္နာနံ ကုသလာနံ ဘိယ္ယောဘာဝါယ ဝါယာမ**[၉]

အကယ်၍ အာနာပါနထိချက်၌ ဧကဂ္ဂတာသမာဓိ ရောက်ရှိပြီး ထိုသမာဓိဖြင့် ထိချက်၏သဘောကို ရှုနိုင်မည်ဆိုလျှင် ဗောဇ္ဈင်(၇)ပါး ဝင်ရောက်နိုင်ပြီဖြစ်သည်။

---

* လေနှင့်နှာသီးဝ ထိမှုပေါ်လိုက်၊ သိမှုပေါ်လိုက်၊ ထိမှုချုပ်လိုက်၊ သိမှုချုပ်လိုက် ရုပ်နာမ်နှစ်ပါး၏ တဒင်္ဂဖြစ်ပျက်ကို မြင်ခြင်း

[၉] မဇ္ဈိမပဏ္ဏာသပါဠိ၊ ပရိဇ္ဇာဧကဝဂ္ဂ၊ မဟာသကုလုဒါယိသုတ္တံ-၂၄၇ နှာ-၁၉၄

http://www.dhammadownload.com

ဗောဇ္ဈင် (၇)ပါး

(၁) လေနှင့် နှာသီးဝထိချက်၌ အသိမြဲအောင် သတိထားနေခြင်းသည် **သတိသမ္ဗောဇ္ဈင်**

(၂) လေနှင့် နှာသီးဝထိချက်၏ ဖြစ်ပျက်သဘောကို ဆက်ကာဆက်ကာ သုံးသပ်ရှုမြင်နေခြင်းသည် **ဓမ္မဝိစယသမ္ဗောဇ္ဈင်**

(၃) အာနာပါနကမ္မဋ္ဌာန်းကို စည်းကမ်းချက်နှင့်အညီ အားထုတ်ရှုရှိုက်ခြင်း၊ ထိချက်၌ သတိမြဲအောင် အားစိုက်နေခြင်း၊ နှာသီးဝထိချက်၏ ဖြစ်ပျက်သဘောကို ဆက်ကာဆက်ကာ သုံးသပ်ရှုမြင်နေခြင်းတို့သည် **ဝီရိယသမ္ဗောဇ္ဈင်**

(၄) ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု ကာယိကဒုက္ခဝေဒနာမှ ဆင်းရဲခြင်း ချုပ်ငြိမ်းရန် ထိုအာရုံမှခွာ၍ လေနှင့်နှာသီးဝထိချက် သုခရုပ်(ကာယိကသုခ)၌ စိတ်ကိုရောက်အောင် ပို့ဆောင်နိုင်သဖြင့် ဆင်းရဲမှု ချုပ်ငြိမ်းသွားကာ နှာသီးဝထိချက်နေရာ၌ ချမ်းသာစွာ နှစ်သက်နေခြင်းသည် **ပီတိသမ္ဗောဇ္ဈင်**

(၅) ဓာတ်ကြီးလေးပါးဖောက်ပြန်မှု ကာယိကဒုက္ခဝေဒနာကို အကြောင်းခံသော စိတ်ဆင်းရဲမှုနှင့် တကွ နီဝရဏ ကိလေသာတို့ ချုပ်ငြိမ်းနေသဖြင့် စိတ်ငြိမ်းချမ်းနေခြင်းသည် **ပဿဒ္ဓိသမ္ဗောဇ္ဈင်**

(၆) လေနှင့် နှာသီးဝထိချက်အာရုံကို တဖြောင့်တည်းသိလျက် စိတ်တည်ငြိမ်နေခြင်းသည် **သမာဓိသမ္ဗောဇ္ဈင်**

(၇) ဓာတ်ကြီးလေးပါးဖောက်ပြန်မှု ကာယိကဒုက္ခဝေဒနာကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော အတ္တဒိဋ္ဌိ အယူစွဲ (ပုဂ္ဂိုလ်သတ္တဝါအယူစွဲ)နှင့် ရုပ်ခန္ဓာအိမ်ကို ပြုပြင်လိုသော လောဘစေတနာ၊ မခံစားချင်သော ဒေါသစေတနာစသော အကုသိုလ်သဒ်ါရများကို မလိုက်လျောပဲ လိုက်လျော လိုသည့် အကုသိုလ်သဒ်ါရတရားများကို လျစ်လျူရှုနိုင်ခြင်းသည် **ဥပေက္ခာသမ္ဗောဇ္ဈင်** နှင့် ပြည့်စုံခြင်းဖြစ်သည်။

အခြေခံအာနာပါနကမ္မဋ္ဌာန်းကျင့်စဉ်၌ လောကီပုဗ္ဗဘာဂကာရကမဂ္ဂင်(၅)ပါးဝင်ပုံနှင့် မိစ္ဆတ္တတရားပယ်ပုံ

မိစ္ဆာဒိဋ္ဌိ။ ။တရားထိုင်နေစဉ် ဓာတ်ကြီးလေးပါး ဖောက်ပြန်တိုင်း အန္ဓပုထုဇဉ် ဓလေ့စရိုက်ဖြင့် ရုပ်အပေါ်၌ ငါ့ပေါင်, ငါ့ကိုယ်, ငါ့ခြေဟူ၍လည်းကောင်း၊ ငါ့ရုပ်ပူနေတယ်, ငါ့ရုပ် တင်းနေတယ်, ငါ့ရုပ် တောင့်နေတယ်, ငါ့ရုပ် ထုံနေတယ် ဟူ၍လည်းကောင်း၊ ခံစားမှုဝေဒနာကိုလည်း ငါခံစားနေရတယ် ဟူ၍လည်းကောင်း၊ စိတ်ကိုလည်း ငါ့စိတ်ဟုစွဲ၍ ဆင်းရဲသောစိတ်ကို ငါဆင်းရဲတယ် ဟူ၍လည်းကောင်း၊ ငါလှုပ်ချင်တယ်, ငါပြင်ချင်တယ် ဟူ၍လည်းကောင်း စွဲယူခြင်းသည် မှားသောယူခြင်း၊ မှားသောမြင်ခြင်း (မိစ္ဆာဒိဋ္ဌိ) ဖြစ်သည်။

သမ္မာဒိဋ္ဌိ။ ။ဓာတ်လေးပါး ဖောက်ပြန်မှု အနိဋ္ဌာရုံကို အာရုံပြုခြင်းကြောင့် ဆင်းရဲမှု ဒုက္ခဝေဒနာခံစားခြင်း (ရုပ်အကြောင်းနာမ်အကျိုးဖြစ်မှု) သဘောကိုလည်းကောင်း၊ ထိုအနိဋ္ဌာရုံကို စွန့်လွှတ်၍ နှာသီးဝထိချက် သုခရုပ် ဣဋ္ဌာရုံကို အာရုံပြုခြင်းကြောင့် ဒုက္ခဝေဒနာချုပ်၍ ချမ်းသာသော သုခဝေဒနာ ဖြစ်ခြင်း (နာမ်အကြောင်း ရုပ်အကျိုးဖြစ်မှု)သဘောကိုလည်းကောင်း၊ ရုပ်နာမ်နှစ်ပါး တထပ်တည်းဖြစ်၍ တထပ်တည်း ချုပ်ခြင်းသဘောကိုလည်းကောင်း သိ၍ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ငါမရှိ၊ ရုပ်နာမ်နှစ်ပါး ဖြစ်လိုက်ပျက်လိုက်သာ ရှိသည့်သဘောကို သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိ မှန်သောအမြင်ဖြစ်သည်။

http://www.dhammadownload.com

မိစ္ဆာသက်ပွ။ ။တရားထိုင်၍ ဓာတ်ကြီးလေးပါး ဖောက်ပြန်၍ စိတ်ဆင်းရဲလာသောအခါ အန္ဓပုထုဇဉ် ဓလ့စရိုက်ဖြစ်သော --

(၁) ထိုဓာတ်လေးပါး ဖောက်ပြန်မှုသည် မြဲသောဆင်းရဲခြင်း ဖြစ်သည်ဟူ၍ မှားယွင်းစွာ နှလုံးသွင်းခြင်း (မိစ္ဆာဘိနိဝေသလက္ခဏာ)

(၂) ထိုဆင်းရဲမှုမှ သက်သာမှုရအောင် ခန္ဓာကိုယ်အား ပြုပြင် မ,ရွှေ့ပေးမှသာ ဖြစ်မည်ဟု မှားယွင်းစွာ သုံးသပ်နေခြင်း (ပရာမာသရသာ)

(၃) ထိုဓာတ်လေးပါးဖောက်ပြန်မှု ရုပ်၏သဘောကိုအမှန်မသိပဲ မြဲသည်ဟုထင်ကာ ငါ ဤကဲ့သို့ ကျရိယာပုထ်ကို ပြုပြင်မ,ရွှေ့ပေးမှ ချမ်းသာရာရမည်၊ ထိုသို့ ပြုပြင်မှသာလျှင် ချမ်းသာရာ အမှန်ဟု မှားယွင်းစွာ နှလုံးသွင်း ကြံစည်ခြင်း (မိစ္ဆာဘိနိဝေသ ပစ္စုပဋ္ဌာနာ)

တို့ ဖြစ်ပေါ်လာသည်။ ယင်းသည် မိစ္ဆာသက်ပွဖြစ်သည်။

သမ္မာသက်ပွ။ ။ထိုချက်ပရမတ်ရုပ်နှင့် တွန်းသဘောဝါယောရုပ်တို့၏ မမြဲမှုသဘောကို အဖန်ဖန် သုံးသပ်ဆင်ခြင်နေခြင်းသည် သမ္မာသက်ပွမည်၏။

မိစ္ဆာဝါယာမ။ ။တရားထိုင်၍ ဓာတ်ကြီးလေးပါးဖောက်ပြန်တိုင်း အန္ဓပုထုဇဉ်ဓလ့စရိုက်ဖြင့် ခန္ဓာကိုယ်ကို သက်သာရန်အတွက် ငါတည်းဟူသောဒိဋ္ဌိဖြင့် လှုပ်,ပြင်,မ,ရွှေ့ပေးရန် ကြောင့်ကြစိုက်အားထုတ်နေခြင်းသည် မကောင်းသော အားစိုက်ထုတ်မှုဖြစ်သည်။

သမ္မာဝါယာမ။ ။စည်းကမ်းချက်နှင့်အညီ နှာသီးဝထိချက်၌ စိတ်ကိုမပျံ့လွင့်အောင် အားထုတ်ရှုရိုက်နေခြင်းသည် ကောင်းသောအားထုတ်ခြင်း ဖြစ်သည်။

မိစ္ဆာသတိ။ ။တရားထိုင်၍ ဓာတ်ကြီးလေးပါးဖောက်ပြန်တိုင်း အန္ဓပုထုဇဉ်ဓလ့စရိုက်ဖြင့် ပညတ်အာရုံ ဖြစ်သော ခြေ, လက်, ကိုယ်, ခေါင်းနှင့် ပူမှု, တင်းမှု, ထုံမှု, ကျင်မှု စသော နေရာများကို ရှေးရှုအောက်မေ့နေခြင်းနှင့် မည်ကဲ့သို့ သက်သာရာရမည်နည်းဟု အောက်မေ့နေခြင်းသည် မကောင်းသောသတိထားခြင်း ဖြစ်သည်။

သမ္မာသတိ။ ။လေနှင့် နှာသီးဝထိချက်၌ ထိတိုင်းထိတိုင်း အသိမလွတ်အောင် ထားနေသော သတိသည် ကောင်းသော သတိထားခြင်းဖြစ်သည်။

မိစ္ဆာသမာဓိ။ ။တရားထိုင်၍ ဓာတ်ကြီးလေးပါးဖောက်ပြန်တိုင်း အန္ဓပုထုဇဉ် ဓလ့စရိုက်ဖြင့် တသံသရာလုံးမှ ပါလာသော မှားသော အသိ, အမြင်, အကျင့်တို့အတိုင်း ငါဆင်းရဲတယ်၊ ငါ့ပေါင်ကြီးက နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ငါပြင်မယ်၊ ငါဖြုတ်တော့မယ် စသဖြင့် အကုသိုလ်တရားများဖြင့်သာ တဖြောင့်တည်းကျင့်သုံးနေခြင်းသည် မကောင်းသော ဖြောင့်မှန်ခြင်း ဖြစ်သည်။

သမ္မာသမာဓိ။ ။လေနှင့်နှာသီးဝထိချက်၌ ကျင့်စဉ်နည်းစနစ်အတိုင်း ဗောဓိပက္ခိယတရားတို့ အားလျော်စွာ ထိချက်တိုင်း၌ အသိနှင့်သတိမြဲရန် အားထုတ်လျက် စိတ်၏တဖြောင့်တည်း တည်နေမှုသည် ကောင်းသောဖြောင့်မှန်ခြင်း ဖြစ်သည်။

အထက်ပါအတိုင်း အခြေခံအာနာပါနကမ္မဋ္ဌာန်းကျင့်စဉ်၌ ပုဗ္ဗဘာဂမဂ္ဂင်(၅)ပါး ဖြစ်ပေါ်လာပုံနှင့် မိစ္ဆတ္တတရားငါးပါးပယ်ပုံတို့သည် တဒင်္ဂပဟာန်မျှသာဖြစ်ပါသည်။

http://www.dhammadownload.com

အခြေခံအဆင့် သိကာမတ္တ (၁၀) ပဋိစ္စသမုပ္ပါဒ်ရပ်ခြင်း

ဓာတ်လေးပါး ဖောက်ပြန်မှုမှ ရုန်းထွက်လာသောစိတ်သည် နှာသီးဝထိချက်၌ အလျင်မပြတ် သတိဖြင့် တည်နေသောအခါ အတိတ်အာရုံဖြစ်သော ဓာတ်လေးပါးဖောက်ပြန်မှုကို မည်တတ်တော့သဖြင့် အတိတ်အာရုံမှ လွတ်သည်။ ဗဟိဒ္ဓအနာဂတ်အာရုံ (အာရုံနိမိတ်အမျိုးမျိုး) ကိုလည်း မည်တတ်သဖြင့် အနာဂတ်အာရုံမှလည်း လွတ်သည်။ ပစ္စုပ္ပန်ထိချက်အပေါ်၌ သိ,သိကာမျှ တည်နေသည်။ အတိတ်စွန်း, အနာဂတ်စွန်းမှလွတ်၍ ပစ္စုပ္ပန် ဋ္ဌိကာလတွင် တဒင်္ဂဆင်းရဲမီးချုပ်၍ တည်နေသည်။

အကယ်၍ ယောဂီတစ်ယောက်သည် ထိုသမာဓိကို သဘောပေါက်နိုင်နင်းပါက သေကာနီးဆဲဆဲတွင် မိမိအားသတ်ဖြတ်နေသောခန္ဓာ၏ ဒုက္ခအာရုံကိုလည်းကောင်း၊ ဆွေမျိုးဥစ္စာ ပစ္စည်းစသော အတိတ်အာရုံကိုလည်းကောင်း၊ အနာဂတ်ဘဝအာရုံကိုလည်းကောင်း၊ မိမိစေတနာဖြင့် မည်တတ်တော့ပဲ နှာသီးဝထိချက် ဋ္ဌိကာလ၌ ချမ်းသာစွာ တည်နေနိုင်သောကြောင့် ဆင်းရဲသောဘဝများမှ လွတ်မြောက်နိုင်မည်။

ခန္ဓာဟူသည် အတိုက်ဓာတ်မျိုးစုံတို့၏ ကျရောက်ရာဌာန ဖြစ်သဖြင့် ဒုက္ခပေါင်းစုံ အမြဲရှိနေမည်။ ထို့ကြောင့် သတ္တဝါတို့သည် အားကိုးမဲ့နေရိုး ထုံးစံမရှိချေ။ ဖိနပ်ကအစ အားကိုးနေရသည်။ သေကာနီး၌ လွန်စွာ အားကိုးရှာကြသည်။ အတိတ်က ဓာတ်ကြီးလေးပါး ဖောက်ပြန်၍ ဒုက္ခရောက်ခဲ့စဉ်က အားကိုးတည်းဟူသော အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်နိုင်ခဲ့ခြင်းကြောင့် ချမ်းသာရာရခဲ့သည်ကို အမှတ်ရကာ သေကာနီး၌ မိမိအားကိုးရာဖြစ်ခဲ့သော အာနာပါနကမ္မဋ္ဌာန်းကို အစွမ်းကုန်ကြိုးစားအားထုတ်သောအခါ ချမ်းသာရာရ၍ သေနိုင်ပါသည်။

အာနာပါနကမ္မဋ္ဌာန်းကို ရှေ့၌ ညွှန်ကြားခဲ့သည့်အတိုင်း ပုံမှန်ရှူရှိုက်၍ နှစ်နာရီမျှ အားထုတ်နိုင်ခဲ့လျှင် ဓာတ်လေးပါး မျှတညီညွတ်သွားသဖြင့် ရောဂါများ ပျောက်ကင်းခြင်း၊ သွေးလမ်းလေလမ်း ပိတ်ဆို့မှုများ ပွင့်သွားခြင်း၊ အဆုတ်အားကောင်းခြင်း၊ စိတ်ပူပင်မှု ငြိမ်းအေးစေခြင်း၊ သွေးသားသန့်စင်ခြင်း စသော ကောင်းကျိုးတရားများကိုလည်း ရရှိစေပါသည်။

ဘဝင်ကျခြင်း

အာနာပါနကမ္မဋ္ဌာန်းကျင့်စဉ်တွင် ကျင့်စဉ်အစဉ် အနည်းငယ် ပြင်းပြင်းရှူ၍ ကျင့်စဉ်နည်းစနစ်အတိုင်း နှစ်နာရီကြာမျှ ပုံမှန်ကျင့်လာသောအခါ စိတ်ကို တဏှာ ဒိဋ္ဌိတို့ မကပ်နိုင်တော့သဖြင့် ရှူရှိုက်မှု အနည်းငယ် နုလာသည်။ ပုံမှန်ရှူရှိုက်နေရင်း မိမိအနေဖြင့် အရှူမရပဲပဲ ဝိုက်မြည်းမှုလည်းမရှိပဲ အိပ်ငိုက်သလိုဖြစ်ကာ အရှူအလိုလို ရပ်သွားသည်။ ရင်ထဲမှာ တစ်ခုခုပြုတ်ကျသွားသလိုဖြစ်ပြီး အတွေ့အကြုံမရှိသဖြင့် အနည်းငယ် ထိတ်လန့်သွားမှုမျိုးလည်း ရှိတတ်သည်။ စိတ်ကြည်လင် ပေါ့ပါးပြီး ချမ်းသာနေမည်။ အောက်ပိုင်းကာယိကဒုက္ခဝေဒနာများရှိမှန်းသိနေလျက်နှင့် မဆိုင်သလိုဖြစ်နေပြီး စိတ်ချမ်းသာနေမည်။ ထိုသဘောသည် စိတ်ကို တဏှာ ဒိဋ္ဌိတို့ မကပ်နိုင်တော့သဖြင့် တဏှာ ဒိဋ္ဌိနှင့်ယှဉ်သော ဇောအလျင်များ ချုပ်ငြိမ်းမှုကြောင့် ဘဝင်ကျခြင်းဖြစ်သည်။ ထိုကဲ့သို့ ဘဝင်ကျပြီး အရှူရပ်သွားလျှင် ကိုက်ခဲထုံကျင်မှုစသည့် ဒုက္ခရှိနေသော်လည်း ဆင်းရဲမှု မရှိတော့ပါ။ ထိုယောဂီတို့သည် ကာယိကဒုက္ခဝေဒနာမှ ခွာနိုင်သွားပြီဖြစ်ပြီး၊ ဆက်လက်၍ တရားပြန်ထိုင်တိုင်း ဤကဲ့သို့ ဘဝင်ကျနေမည်ဆိုလျှင် စိတ်သည်အားနေပြီး ဘာဆက်ရှုရမှန်းမသိ ဖြစ်နေသည်။ ထိုယောဂီတို့သည် အခြေခံကျင့်စဉ်အတိုင်း ကျင့်မည်ဆိုပါက (၃၂)ကောဋ္ဌာသပွားခြင်း၊ ဓာတ်လေးပါးရှု၍ လက္ခဏာပွားခြင်း စသော ရုပ်ကမ္မဋ္ဌာန်းကို ဤကျမ်းစာအုပ်ပါ နည်းအတိုင်း ကျင့်စဉ်တက်နိုင်သည်။ အကယ်၍ ဓာတ်လေးပါး ဖောက်ပြန်မှု

http://www.dhammadownload.com

ပြင်းထန်လာ၍ သည်းမခံနိုင်လျှင် အမှတ်စဉ်(၄) (ဘဝင်ပိုင်းကျင့်စဉ်)အတိုင်း ကျင့်နိုင်သည်။ ထိုမှတဆင့် အမှတ်စဉ်(၅)နှင့်(၆)ကျင့်စဉ်အတိုင်း ကျင့်ရမည်။

သစ္စာလေးပါး ခွဲပြချက်

၁။ ဓာတ်လေးပါးဖောက်ပြန်မှုနှင့်ယှဉ်ဖက် နာမ်တရား(လောဘကြဉ်)အစုသည် ဒုက္ခသစ္စာမည်၏။
၂။ ထိုဒုက္ခကွန္ခာကို ဖြစ်စေတတ်သော တဏှာ၊ ပစ္စုပ္ပန်ခန္ဓာအိမ်ကို ပြုပြင်လိုသော တဏှာ၊ စိတ်နှင့် ဒိဋ္ဌိ ဒေါသတို့ကို ဆက်စပ်သောတဏှာသည် သမုဒယသစ္စာမည်၏။
၃။ ထိုဒုက္ခနှင့်တဏှာ တဒင် ချုပ်ခြင်းသည် နိရောဓသစ္စာမည်၏။
၄။ ထိုဒုက္ခဖြစ်ကြောင်း တဏှာကို သိမ်းဆည်းမှု အာနာပါနအခြေခံအကျင့် (မဂ္ဂင်ရှစ်ပါး)သည် မဂ္ဂသစ္စာမည်၏။

ဉာဏ်သုံးပါး

ဓာတ်ကြီးလေးပါးဖောက်ပြန်မှု၊ ထိုရုပ်နှင့် ယှဉ်ဖက်ဖြစ်သော (လောဘကြဉ်)နာမ်အစုတို့၏ ဖောက်ပြန်နှိပ်စက်ခြင်း အမျိုးမျိုးကို ခွဲခြားရှုသိသောဉာဏ်သည် **ဒုက္ခသစ္စာ၏သစ္စာဉာဏ်**၊ ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု, ထိုရုပ်နှင့်ယှဉ်ဖက်ဖြစ်သော (လောဘကြဉ်) နာမ်အစုတို့၏ ဖောက်ပြန်နှိပ်စက်ခြင်း အမျိုးမျိုးတို့၏ သူ့အလိုလို သူ့သဘောသူဆောင် သူ့ကိစ္စသူ ဆောင်ရွက်နေသောသဘောကို ပိုင်းခြား ရှုအပ်သည်ဟု သိသောဉာဏ်သည် **ဒုက္ခသစ္စာ၏ကိစ္စဉာဏ်**၊ ထိုအာနာပါနသတိနှင့် ဓာတ်ကြီးလေးပါးဖောက်ပြန်မှု, ထိုရုပ်နှင့်ယှဉ်ဖက်ဖြစ်သော (လောဘကြဉ်) နာမ်အစုတို့သည် သုခဟူ၍ မြုံမှုမရှိ၊ ဖြစ်ပျက်နေသော ဒုက္ခအစုသက်သက်မျှသာ ဖြစ်၏ဟု သံသယမရှိ ပိုင်းခြားဆုံးဖြတ်မှုဖြင့် သိမြင်သော ဉာဏ်သည် **ဒုက္ခသစ္စာ၏ကတဉာဏ်**ဖြစ်၏။

ထိုဒုက္ခကွန္ခာကို ဖြစ်စေတတ်သော တဏှာ၊ ပစ္စုပ္ပန်ခန္ဓာအိမ်ကို ပြုပြင်လိုသော တဏှာ၊ စိတ်နှင့် ဒိဋ္ဌိ ဒေါသတို့ကို ဆက်စပ်သောတဏှာသည် သမုဒယသစ္စာဖြစ်၏ဟု သိသောဉာဏ်သည် **သမုဒယသစ္စာ၏ သစ္စဉာဏ်**၊ ထိုတဏှာလောဘအား ပယ်အပ်၏ဟု ပိုင်းခြားသိသောဉာဏ်သည် **သမုဒယသစ္စာ၏ ကိစ္စဉာဏ်**၊ အထက်ပါ ရုပ်နာမ်တို့သည် မမြဲခြင်း၊ ဆင်းရဲခြင်း၊ မခိုင်မာခြင်းဟု ပိုင်းခြားသိသဖြင့် ရှုဆဲအခိုက်၌ တဒင်အားဖြင့် တဏှာလောဘသည် ပယ်ပြီးဖြစ်၏ဟု သိသောဉာဏ်သည် **သမုဒယသစ္စာ၏ကတဉာဏ်** ဖြစ်သည်။

အထက်ပါ ဒုက္ခသစ္စာ၊ သမုဒယသစ္စာနှစ်ပါးတို့၏မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာဖြစ်၏ဟု သိသောဉာဏ်သည် **နိရောဓသစ္စာ၏သစ္စဉာဏ်**၊ အဆိုပါ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်၏ဟု သိသောဉာဏ်သည် **နိရောဓသစ္စာ၏ကိစ္စဉာဏ်**၊ ရှုဆဲ ရှုဆဲ တဒင် တဒင် အခိုက်တို့၌ ချုပ်ရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးဖြစ်၏ဟု သိသောဉာဏ်သည် **နိရောဓသစ္စာ၏ကတဉာဏ်**ဖြစ်၏။

ဒုက္ခနှင့် သမုဒယတို့ တဒင်ချုပ်ရာ နိဗ္ဗာန်ကိုအာရုံပြုသော မဂ္ဂင်တရားတို့သည် မဂ္ဂသစ္စာဖြစ်၏ဟု သိသောဉာဏ်သည် **မဂ္ဂသစ္စာ၏သစ္စဉာဏ်**၊ အဆိုပါမဂ္ဂသစ္စာသည် ပွားများအပ်သော ဘာဝေတဗ္ဗတရားဟု ပိုင်းခြား၍ သိသောဉာဏ်သည် **မဂ္ဂသစ္စာ၏ကိစ္စဉာဏ်**၊ ရှုဆဲ ရှုဆဲ တဒင် တဒင်အခိုက်၌ သတိ, ဉာဏ်, ပညာ စသော မဂ္ဂင်တရားတို့ကို ပွားများပြီး ဖြစ်၏ဟု သိသောဉာဏ်သည် **မဂ္ဂသစ္စာ၏ ကတဉာဏ်**ဖြစ်၏။

မှတ်ချက်။ ။ဤကား ကျင့်ကာစပုဂ္ဂိုလ်အလိုက် အာနာပါနကမ္မဋ္ဌာန်းကျင့်စဉ် အခိုက်အတန့်၌ သစ္စာလေးပါး ဖွဲ့ပြပုံဖြစ်သည်။

http://www.dhammadownload.com

ကိစ္စဉာဏ်၏သဘော။ ။ကိစ္စဟူသည် ပြုလုပ်ရမည့် အမှုဖြစ်သည်။ တရားကျင့်သည်ဟူရာ၌လည်း မဂ်ဖိုလ် နိဗ္ဗာန်ရောက်ရန် ဒုက္ခချုပ်ရန် ပြုလုပ်ရမည့် အမှုကိစ္စတို့ ရှိသည်။ မဂ္ဂသစ္စာ၏ ကိစ္စဉာဏ်၌ မဂ္ဂင်ရှစ်ပါး လျော်ညီပြည့်စုံအောင် ရှုမှတ်ခြင်းသည်လည်း ပြုလုပ်ရမည့် အမှုကိစ္စ တစ်ခုဖြစ်သည်။ ထိုမဂ္ဂင်ရှစ်ပါး ဟူရာ၌လည်း သတိ, ဉာဏ်, ပညာ သုံးချက် ပြည့်စုံစွာဖြင့် ကမ္မဋ္ဌာန်းအာရုံ၌ ရှေးရှုပြုလုပ်နေခြင်းပင် ဖြစ်သည်။ ဒုက္ခ၏သဘောတရား အမျိုးမျိုးကို အသိစွဲအောင် သုံးသပ်ရှုနေခြင်းသည် ခန္ဓာပြတ်ကြောင်း အကျိုးပေးသဖြင့် ဒုက္ခလက္ခဏာ၏ သဘောများကို ပိုင်းခြားသိအောင် ဆက်ကာဆက်ကာ ပွားနေရမည့်ကိစ္စ၊ သမုဒယတရာ လောဘသည် ခန္ဓာဒုက္ခ တိုးပွားကြောင်း ဖြစ်သဖြင့် ပယ်သတ်ရမည့်ကိစ္စ၊ နိရောဓသစ္စာ၏ ကိစ္စဉာဏ်၌ ကာယိကဒုက္ခ ဝေဒနာကြောင့် ခန္ဓာအိမ်ကို သက်သာအောင် ပြုပြင်လိုမှု တရာအလိုအတိုင်း လိုက်လျောပေးရမည့်အစား လိုက်လျောလိုမှုကို သည်းခံခွင့်လွှတ် စွန့်လွှတ်ရခြင်း ကိစ္စ၊ မလိုက်လျောမိအောင် စောင့်ရှောက်ရခြင်း ကိစ္စတို့သည် တရားကျင့်သူ ယောဂီတို့၏ တရားအားထုတ်ရာ၌ မဖြစ်မနေ ပြုလုပ်ဆောင်ရွက်ရမည့် ကိစ္စတို့ ဖြစ်သည်။ တရားကျင့်စဉ်တိုင်း ထိုသဘောကို သတိပြုပါ။

အခြေခံအာနာပါနကမ္မဋ္ဌာန်းကျင့်ရာမှ တရားကျင့်သောယောဂီ၏ ပါရမီအလျောက် အောက်ပါအတိုင်း ကွဲပြားသွားသည်။

(က) အသုဘနိမိတ်နှင့် အရိုးစုစသော (၃၂)ကောဋ္ဌာသနိမိတ်ပေါ်လာခြင်း။
(ခ) ဥပစာရပဌမစျာန်သမာဓိသို့ ရောက်ရှိခြင်း။
(ဂ) လေကြောင်းနိမိတ်ထင်လာခြင်း။
(ဃ) ဗုဒ္ဓနိမိတ်နှင့် အခြားနိမိတ်များပေါ်လာခြင်း။

(က) အသုဘနိမိတ်နှင့် အရိုးစုစသော (၃၂)ကောဋ္ဌာသနိမိတ်ပေါ်လာခြင်း

ထိုသို့ ရှုရှိုက်ရင်း မိမိခန္ဓာကိုယ်သည် ဆူပွက်လာသလို၊ ပွပြီးယောင်လာသလို၊ ခန္ဓာကိုယ်သည် ပို၍ ပို၍ ဖောင်းပွလာသလို ဖြစ်ပြီး အပြင်၌သော်လည်းကောင်း၊ မိမိတရားထိုင်သည့် ခန္ဓာကိုယ်ကိုသော် လည်းကောင်း၊ ပုပ်ပွနေသော မိမိ၏အသုဘရုပ် (သို့) တခြားသူတပါး၏ အသုဘရုပ်ပုံ ပေါ်လာပါသည်။ ရှုရှိုက်မှုမှာ သူ့အလိုလို ပြင်းစွာ ရှုရှိုက်နေပါလိမ့်မည်။ ကြောက်ရွံ့စိုးရိမ်မှု မရှိတော့ပါ။ သမာဓိက စိတ်ကို အုပ်ချုပ်ထားပြီး ဖြစ်နေသည်။ ထိုအသုဘနိမိတ်ကို မြဲအောင်လေ့ကျင့်ပါ။

အချို့သောယောဂီတို့သည် မသာယာစရာ၊ ကြောက်ဖွယ်ရာဟူ၍ နှလုံးသွင်းမှားကြသည်။ လူတို့သည် အမှန်ရှိအသုဘကို မမြင်ပဲ၊ သုဘအာရုံကိုသာမြင်ပြီး တဏှာ, မာန, ဒိဋ္ဌိ ဖြစ်နေကြသည်။ အသုဘဟု မမြင်သဖြင့် သံသရာရှည်လျားစွာ ဒုက္ခရောက်ခဲ့သည်။ အသုဘ နိမိတ်ကို မြင်လိုက်သည်နှင့်တပြိုင်တည်း မိမိခန္ဓာကိုယ်အားလည်းကောင်း၊ အခြားသူတပါးအား လည်းကောင်း ကပ်ငြိချင်သောစိတ် မွေးထုတ်ယူသော်မှ မရနိုင်တော့ပါ။

အချို့ပုဂ္ဂိုလ်များမှာ အရိုးစုသက်သက်မျှရှိသော ကမ္မဋ္ဌာန်းနိမိတ် ပေါ်လာပါသည်။ ထိုနိမိတ်ကိုလည်း အမြဲတမ်းစွဲအောင် လေ့ကျင့်ပေးပါ။ အရိုးစုမြင်လျှင် သုဘသညာချုပ်ပါသည်။ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ စသော သမူဟပညတ်၊ နာမပညတ်များ ချုပ်ပါသည်။ တင်းမှု၊ တောင့်မှု၊ ပူမှု၊ အေးမှု၊ တွန်းမှု၊ ကန်မှု စသည့် ဓာတ်လေးပါးကမ္မဋ္ဌာန်းကို အလွယ်တကူ ရမြင်ပြီးသား ဖြစ်နေမည်။

http://www.dhammadownload.com

အရိုးစု, အသုဘ စသည့် နိမိတ်တို့သည် သမထအာရုံ ဖြစ်သည်။ ကိလေသာကို ငြိမ်းအေးစေသည်။ ထိုကမ္မဋ္ဌာန်းအာရုံကို အကြောင်းခံ၍ တဏှာ, မာန, ဒိဋ္ဌိ ချုပ်ကြောင်း သဘောကို ရှုပွားရမည်။ အသုဘရုပ်မှ သွေးပုပ်, ပြည်ပုပ်တည်းဟူသော အာပေါ၏လက္ခဏာ၊ မီးလောင်ဘိသကဲ့သို့ မဲခြောက်နေသော တေဇော၏ လက္ခဏာ၊ ဖောင်းပွနေသောသဘောသည် ဝါယော၏လက္ခဏာ၊ တင်းတောင့်နေသော သဘောသည် ပထဝီ၏ လက္ခဏာ စသော ဓာတ်လေးပါး၏ ကာယာနုပဿနာသတိပဋ္ဌာန်ကျင့်စဉ်သို့ ပြောင်းကာ လက္ခဏာရေးသုံးပါး တင်၍ ရှုရမည်။

> ရဟန်းတို့ ပွားများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည်ရှိသော် အကျိုးကြီးကုန် အာနိသင်ကြီးကုန် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန် အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်သော သညာတို့သည် ဤငါးမျိုးတို့တည်း။
>
> အဘယ်ငါးမျိုးတို့နည်း ဟူမူ-
>
> မတင့်တယ်ဟူသော အမှတ် 'အသုဘသညာ' သေခြင်း၌ ဖြစ်သော အမှတ် 'မရဏသညာ' အပြစ်ဟူ၍ဖြစ်သော အမှတ် 'အာဒီနဝသညာ' မျိုအပ်သော အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟူသော အမှတ် 'အာဟာရေပဋိကူလသညာ' လောကအားလုံး၌ မွေ့ပျော်ဖွယ် မရှိဟူသောအမှတ် 'သဗ္ဗလောကအနဘိရတိသညာ' တို့တည်း။
>
> **ရဟန်းတို့ ပွားများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည်ရှိသော် အကျိုးကြီးကုန် အာနိသင်ကြီးကုန် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန် အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်သော သညာတို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။**[၁၀]

အသုဘနိမိတ်၊ အရိုးစုနိမိတ်တို့သည် ကိလေသာမှ ငြိမ်းအေးရာ ဖြစ်သောကြောင့် သမထအာရုံ ဖြစ်သည်။ ထိုသမထအာရုံဖြစ်သော ယောကျ်ား မိန်းမဟု စွဲယူထားသော အာရုံ၏ သဘောကို ဝိပဿနာအားဖြင့် ရှုသောအခါ အမြင်မှန်ရပြီး မူလအမြင်မှားခဲ့သည့် ပုဂ္ဂိုလ်သတ္တဝါ အရှိစွဲယူမှုမျာ၊ သာယာတပ်မက်ဖွယ်ဟု တဏှာဖြင့် သုံးသပ်ခဲ့မှုများ၊ ဆန့်ကျင်ဘက်ဖြစ်က ဒေါသဖြစ်မှု စသော ကိလေသာများကို အပြစ်မြင်လာကာ လောကကို ရွံမုန်းပြီး အာသဝယိုစီးမှုများ၊ လောကနှင့်ယှဉ်သည့် သခ်ါရများ မပြုချင်တော့ပေ။ စိတ်သည်ရုပ်အပေါ်၌ မသာယာတော့သဖြင့် တဏှာ, မာန, ဒိဋ္ဌိနှင့်တကွ လောကီကာမပညတ်အားဖြင့် မစွဲယူလို၊ မည္ဆတ်လိုတော့ပါ။ မည္ဆတ်လို၍ ဝေဒနာမဖြစ်ပါ။ ဝေဒနာမဖြစ်လျှင် တဏှာမဖြစ်ပါ။ ဒိဋ္ဌိစွဲလည်း ပြုတ်သွားပါသည်။ ထို့ကြောင့် ထိုနိမိတ်တို့သည်ပင်လျှင် နိဗ္ဗာန်ရောက်ကြောင်း အားကြီးသော အထောက်အပံ့ ဖြစ်သည်။

အသုဘနိမိတ်နှင့်အရိုးစုကမ္မဋ္ဌာန်းစသည်တို့သည် ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်သည်။ အသေးစိတ်ရှုပွားနည်းကို ဆက်လက်ဖော်ပြမည့် ကာယာနုပဿနာသတိပဋ္ဌာန် အမှတ်စဉ်(၂)(၃၂)ကောဋ္ဌာသအခြေခံ ဝိပဿနာကမ္မဋ္ဌာန်း၌ ရေးသားထားပါသည်။ ဤနည်းဖြင့် အသုဘကမ္မဋ္ဌာန်းကို အခြေခံ၍ ဝိပဿနာတရား ဆက်လက်အားထုတ်လိုသူသည် ထိုကမ္မဋ္ဌာန်းနိမိတ်ကို အမြဲအာရုံယူ၍ လက္ခဏာသုံးပါးတင်ပြီး ကာယာနုပဿနာသတိပဋ္ဌာန် ဘာဝနာများ ဆက်လက်ပွားပါ။

အသုဘကမ္မဋ္ဌာန်း အခြေခံသော ဓာတ်လေးပါးနှင့် အရိုးစုကမ္မဋ္ဌာန်း အခြေခံသော ဓာတ်လေးပါးကို ရှုမြင်နေသော စိတ်သည် လူ, ယောကျ်ား, မိန်းမ ဟူသော ဒိဋ္ဌိစွဲမှ လွတ်မြောက်နေသည်။ ယင်းသည် အာသီဝိသောပမသုတ္တန်အရ မြွေကြီးလေးကောင်လက်မှ

---

[၁၀] အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ဒုတိယတွဲ၊ သညာဝဂ်၊ ပဌမ သညာသုတ်-၆၁ နှာ-၈၅

http://www.dhammadownload.com

လွတ်မြောက်ခြင်းပင်ဖြစ်သည်။ အသုဘနိမိတ် နှင့် (၃၂)ကောဋ္ဌာသနိမိတ် ရှုမြင်နိုင်သော ယောဂီတို့သည် အမှတ်စဉ်(၄,၅,၆)ကျင့်စဉ်တို့ကို ဆက်လက် ပွားများပါ။ ကမ္မဋ္ဌာန်းနိမိတ် မပေါ်ပါက ကမ္မဋ္ဌာန်းပြဆရာမှ နိမိတ်ထင်အောင် ရှုကွက်ဆင်ပေးလိုက်လျှင် အသုဘနိမိတ် ပေါ်လာပါသည်။ ၎င်းနည်းစနစ်သည် သဲအင်းဂူဆရာတော်ဘုရားကြီး၏ ကျင့်နည်းဖြစ်ပါသည်။

(ခ) ဥပစာရပဌမစျာန်သို့ ဧရောက်ရှိခြင်း

အာနာပါနကမ္မဋ္ဌာန်း နှာသီးဝထိချက်ကို သိနေသောစိတ်သည် ထိချက်တွင်သိနေပါက စိတ်ချမ်းသာပါလျက် တဏှာစိတ်က ဓာတ်လေးပါးဖောက်ပြန်ရာကို ဆင်းရဲမှန်းသိသိနှင့် ကြည့်ချင်နေသည်။ ၎င်းစိတ်ကို အလိုမလိုက်ပဲ စွန့်လွှတ်၍ နှာသီးဝထိချက်မှ စိတ်မကွာသွားအောင် သတိဉာဏ် ပညာ သုံးချက်ဖြင့် စည်းကမ်းချက်အတိုင်း တိတိကျကျ လိုက်နာကျင့်နေရင်း စိတ်သည် ထိချက်၌ တည်လာသည်။ ထပ်မံ ကွာမသွားအောင် ကြပ်မတ်ထိန်းသိမ်း ရှုရှိုက်သောအခါ ထိချက်၌ စိတ်သည် ချမ်းသာစွာတည်လာပြီး နှစ်သက်မှုဖြစ်လာကာ မခွာချင်တော့ပေ။ ထိုသို့ စိတ်တည်ငြိမ်လာပြီးလျှင် ရှုရှိုက်မှုမှာလည်း မိမိရှုစရာ မလိုတော့ပဲ အင်ဂျင်စက် အလိုလို လည်ပတ်နေသကဲ့သို့ သူ့အလိုလို ရှုရှိုက်နေသည်ကို တွေ့ရှိရပါလိမ့်မည်။ ထိုအခါ စိတ်သည် ဓာတ်ကြီးလေးပါး ဖောက်ပြန်နှိပ်စက်မှုမှ လွတ်သွားပြီး ထိချက်၌ ချမ်းသာစွာ တည်နေတော့သည်။ ၎င်းသည်ပင် ဥပစာရပဌမစျာန် ဖြစ်ပါသည်။

ထိချက်ကို ရောက်အောင် စိတ်ကို တင်ပေးခြင်းသည် ဝိတက်
ထိချက်ကို မလစ်တမ်း သုံးသပ်နေခြင်းသည် ဝိစာရ
ဓာတ်လေးပါးဖောက်ပြန်မှုဆင်းရဲခြင်းမှလွတ်၍ ထိချက်၌ခိုင်မြဲနေမှုကိုနှစ်သက်ခြင်း ပီတိ
ဓာတ်လေးပါးဖောက်ပြန်မှု ဆင်းရဲခြင်းမှ လွတ်၍ ချမ်းသာနေခြင်းသည် သုခ
ထိချက်၌ တဖြောင့်တည်း တည်နေမှုသည် ဧကဂ္ဂတာ

စိတ်၌ အမြဲတမ်း ကပ်ငြိနှောင့်ယှက်နေသော နီဝရဏတရားငါးပါးတို့ စိတ်၌ ပြန်မကပ်အောင် ဧကဂ္ဂတာသမာဓိဖြင့် ကာကွယ်ပေးထားဖြင့် ဓာတ်ကြီးလေးပါးဖောက်ပြန်မှု (မြွေအဆိပ်လေးမျိုး)ကြောင့် ဖြစ်ပေါ်လာသော ဒေါသ၊ ဒေါမနဿနှင့် တဏှာမီးချုပ်သွားသည်။ နှာသီးဝထိချက် အာနာပါန ကမ္မဋ္ဌာန်း အာရုံ၌ တည်နေသော ဧကဂ္ဂတာသမာဓိသည် မြွေကြီးလေးကောင်ရန်မှ လွတ်မြောက်ရာနယ်မြေ ဖြစ်သည်။ အထက်ပါ စျာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ဥပစာရစျာန်သမာဓိကို အချိန်မရွေး ဝင်စားနိုင်အောင် လေ့ကျင့်ရမည်။ ၎င်းကို အခြေခံ၍ စျာန်အဆင့်ဆင့်တက်ပုံကျင့်နည်းကို သမထယာနိကကျင့်စဉ်ကျမ်းများ၌ ဆက်လက် လေ့လာ၍ အားထုတ်ကျင့်ကြံနိုင်ပါသည်။

(ဂ) လေဓကြောင်းနိမိတ်ထင်လာခြင်း

နှာသီးဝထိချက်ပေါ်၌ ဧကဂ္ဂတာသမာဓိမတည်မီ လေကြောင်းနိမိတ် ထင်လာတတ်သည်။ အဖြူတန်း မီးခိုးတန်းကဲ့သို့ နှာသီးဝတံခါးပေါက်မှ လေကြောင်း ဝင်ထွက်နေသည်ကို နိမိတ်အဖြစ် မြင်လာသည်။ စိတ်သည် ထိုနိမိတ်သို့ ပြောင်းညွှတ်သွားပြီး မခွာချင်ပဲ တည်နေသည်။ ၎င်းနိမိတ်အပေါ်၌ စိတ်ရောက်ရှိသွားခြင်း ဝိတက်၊ ၎င်းနိမိတ်ကို သုံးသပ်နေမှု ဝိစာရ၊ ၎င်းနိမိတ်ကို နှစ်သက်နေမှု ပီတိ၊ ဓာတ်ကြီးလေးပါး မြွေဆိပ်လေးမျိုး နှိပ်စက်နေမှုမှ လွတ်ကင်းနေမှုကြောင့် ချမ်းသာခြင်းနှင့် နိမိတ်ပေါ်၌ချမ်းသာခြင်း သုခ၊ ၎င်းနိမိတ်မှ မပျံ့လွင့်ပဲ တည်နေခြင်း ဧကဂ္ဂတာစသည့် စျာန်အင်္ဂါငါးပါးနှင့် ပြည့်စုံလာသည်။ ၎င်းလေကြောင်းနိမိတ်ကို မှီ၍ အာနာပါနကျင့်စဉ်ဖြင့် ဆက်လက်ကျင့်လိုသောယောဂီသည် ထိုနိမိတ်ကို တရားကျင့်တိုင်း

http://www.dhammadownload.com

မြဲအောင် ဝသီဘော်ငါးတန်ဖြင့် နိုင်နင်းအောင် အားထုတ်ရမည်။ ထိုလေကြောင်းနိမိတ် ခိုင်မြဲလာသောအခါ ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာမည့် ဒုက္ခဝေဒနာလည်း မရှိတော့သဖြင့် နိဝရဏတရားများ ကင်းစင်လာပြီဖြစ်သဖြင့် နာရီကန့်သတ်မှု မထားတော့ပဲ သမာဓိအားကောင်းရန်သာ ရည်ရွယ်၍ကျင့်ရမည်။ ထိုနိမိတ်၌ ဧကဂ္ဂတာသမာဓိ ခိုင်ခံ့သွားလျှင် ထိုသမာဓိမှခွာ၍ ဈာန်အင်္ဂါတို့ကို ဝိပဿနာရှုနိုင်သည်။ စတုတ္ထဈာန်သမာဓိသို့ တက်မည်ဆိုလျှင် သမထယာနိကကျင့်စဉ်ကျမ်းများကို ဆက်လက်လေ့လာ၍ အားထုတ်ပါ။

(ဃ) ပုဒ္ဓနိမိတ်နှင့် အခြားနိမိတ်များဖေါ်လာခြင်း

အာနာပါနကမ္မဋ္ဌာန်း အားထုတ်ရာတွင် အရှုအားကောင်းပြီး သမာဓိရလာသည်နှင့်အမျှ စိတ်သည် ကြည်လင်အေးမြ ချမ်းသာလာသည်။ ထိုစိတ်ကြည်လင်အေးမြမှုကို အကြောင်းခံ၍ စိတ်ကို ကြည်လင်အေးမြစေရာ အာရုံဖြစ်သော ရေပြင်, မြက်ခင်းပြင်, ရေမြေတောတောင်စသော နိမိတ်အာရုံများ၊ တိမ်ခိုးတိမ်လိပ်များ၊ နတ်သိကြားများ၊ ဘုရားစေတီပုံတော်များ စသည့် ဥပါဒါန်ကြောင့်ဖြစ်သည့် နိမိတ်များ ဖြစ်ပေါ်လာသည်။ အကယ်၍ ပုဒ္ဓနိမိတ်ကို ဆက်လက်ပွားလိုက ပွားနိုင်သည်။ ကျန်သောနိမိတ်များမှာ လောကီကာမအာရုံများ ဖြစ်သဖြင့် စွန့်၍ နှာသီးဝတိုချက်ကိုသာ ပြန်သတိထားရမည်။

ပုဒ္ဓနိမိတ်ကို ဆက်လက်ပွားလိုသောသူသည် ပုဒ္ဓနိမိတ် အမြဲပေါ်ရန် လေ့ကျင့် အားထုတ်ရမည်။ ထိုနိမိတ် မြဲလာသောအခါ ပုဒ္ဓမြတ်စွာဘုရားပေါ်၌ ကြည်ညိုမှုပီတိ အားကောင်းလာသည်။ ထိုပီတိကို အခြေခံ၍ သုခဧကဂ္ဂတာသမာဓိတိုင်အောင် ရောက်ရှိသွားပါလိမ့်မည်။ ဈာန်အခြေခံ၍ ကျင့်စဉ်တက်လိုသော ယောဂီသည် သမထယာနိကကျင့်စဉ်ကျမ်းများကို ဆက်လက်လေ့လာ၍ အားထုတ်ပါ။ ဝိပဿနာယာနိက ကျင့်စဉ်တက်လိုလျှင် ပုဒ္ဓနိမိတ်ကို အာရုံပြု၍ ရုပ်တရားသည် မမြဲ၊ ဖောက်ပြန်မြဲ ဓမ္မတာပင်ဖြစ်၏ဟု နှလုံးသွင်းကာ ပုဒ္ဓနိမိတ်ကို အပျက်ဟူ၍ နှလုံးသွင်းကာ ရှုနေရမည်။ ထိုအခါ ပုဒ္ဓနိမိတ်သည် တစ်စစီ ပြိုပျက်နေသည့်နိမိတ်သို့ ပြောင်းသွားပါလိမ့်မည်။ နိမိတ်ပျက်အားကောင်းလာလျှင် ထိုနိမိတ်ကို စွန့်၍ မိမိတရားထိုင်နေသော ခန္ဓာကိုယ်ကို အပျက်သဘောဖြင့် အာရုံပြုလိုက်သောအခါ ရုပ်ပျက်နိမိတ်များ မြင်လာပါလိမ့်မည်။ ထိုရုပ်ပျက်ကို အကြောင်းခံ၍ လက္ခဏာရေးသုံးပါး တင်ရှုပါ။ ကာယာနုပဿနာသတိပဋ္ဌာန် အမှတ်စဉ်(၃) ဓာတ်လေးပါးကမ္မဋ္ဌာန်း ကျင့်စဉ်အတိုင်း ဆက်လက် အားထုတ်၍ စိတ္တဝိသုဒ္ဓိကျင့်စဉ်ဒုတိယဆင့်ကို ဆက်လက်ကျင့်ပါ။

အခြေခံအာနာပါနကမ္မဋ္ဌာန်း အနှစ်ချုပ်သုံးသပ်ချက်

ဝိပဿနာယာနိကကျင့်စဉ်၏ ပထမအဆင့် ဖြစ်သော အခြေခံအာနာပါန မူလကမ္မဋ္ဌာန်းသည် သတိတ်မနောဝိညာဏ်သည် အကုသိုလ်စေတသိက်(၁၄)လုံး (၀၁) ကိလေသာ(၁၀)ပါး စိုးမိုးအုပ်ချုပ် ထားရာမှ ပထမအဆင့် တဒင်္ဂပဟာန် ရုန်းထွက်နိုင်သော စိတ်စင်ကြယ်မှုဖြစ်သည်။ ဝေဒနာဖြင့် သုံးသပ်လျှင် ဒုက္ခဝေဒနာမှ ရုန်းထွက်ခြင်း ဖြစ်သည်။ စိတ်ကို နိုင်နင်းအောင် လေ့ကျင့်ခြင်းလည်းမည်၏။ သည်းခံနိုင်မှု ပါရမီဖြည့်ခြင်းလည်းမည်၏။ စိတ်အလိုလိုက်မှု (လောဘ) ခေါင်းပါးအောင် လေ့ကျင့်ခြင်းလည်းမည်၏။ စိတ်ပျံ့လွင့်မှုကို ထိန်းချုပ်ခြင်းလည်းမည်၏။ စိတ်ကို မိမိလိုရာသို့ ရွေးရွှေ့ဆောင်နိုင်ခြင်းလည်း မည်၏။

ပုထုဇဉ်တို့သည် တရားကြာကြာထိုင်လျှင် နာမ်ကြောက်တယ်၊ ဓာတ်လေးပါး ဖောက်ပြန်လာသောကြောင့် ကိုက်ခဲထုံကျင်မှု ဖြစ်လာလျှင် ငါခြေ, ငါလက်, ငါကိုယ်မှာ

http://www.dhammadownload.com

ကိုက်တယ်, ထုံတယ်, ကျင်တယ်, ဆင်းရဲတယ်ဟု မှားယွင်းစွဲလမ်းထားမှုများ ရှိနေကြသည်။ စိတ်မစင်ကြယ်ပဲ အယူမှား အသိမှားများနှင့် စွဲလမ်းနေကြသည်။ ထိုကြောင့် ခန္ဓာ၌ ဒုက္ခဝေဒနာ ပေါ်လာလျှင် ဆောက်တည်ရာမရပဲ စိတ်များဗရမ်းဗတာဖြစ်ပြီး ဆင်းရဲမီးတောက်နေကြသည်။

စိတ်သည် ဤကဲ့သို့ အာရုံပြုမှားမှု၊ နှလုံးသွင်းမှားမှု၊ အယူမှားမှုများ ပြင်းထန်နေသော စိတ်ကြောင့် ဆဆဂ္ဂပရမတ်ရုပ်နာမ်တို့ကို အာရုံမပြုနိုင်ခြင်း ဖြစ်သည်။ ယခု အာနာပါန အခြေခံကျင့်စဉ်ဖြင့် စိတ်ကို ဒုက္ခဝေဒနာ နှိပ်စက်သည့်ကြားမှ သိမ်းဆည်းနိုင်လိုက်သောအခါ ခန္ဓာကိုယ်၌ဒုက္ခဝေဒနာ ရှိနေသော်လည်း ဆင်းရဲမှုမရှိခြင်း သဘောကိုလည်းကောင်း၊ ကမ္မဋ္ဌာန်း လွတ်၍ ဒုက္ခဝေဒနာ၌ စိတ်ရောက်သွားသောအခါ စိတ်ဆင်းရဲမှု ဖြစ်ပေါ်လာသည်ကို သိပြီး သုံးသပ်ကြည့်မိလာသည်။

ဒုက္ခဝေဒနာပေါ်တိုင်း အမှန် ဆင်းရဲနေရမည်ဆိုလျှင် နှာသီးဝ၌ စိတ်တည်သော အခါလည်း ဆင်းရဲနေရမည်ဖြစ်သည်။ ယခု ဤကဲ့သို့မဟုတ်ပဲ ကိုက်ခဲထုံကျင်မှု၌ ဆင်းရဲခြင်းမရှိ၊ စိတ်မှာသာ ဆင်းရဲခြင်းရှိသည်။ စိတ်သည် ဒုက္ခအာရုံနှင့်တွေ့လျှင် ဆင်းရဲပြီး၊ ဒုက္ခအာရုံ ရှိနေပါလည်း ထိုဒုက္ခအာရုံကို စိတ်နှင့် မဆက်ဆံပဲ သုခအာရုံ၌ စိတ်ကို တည်စေလျှင် ဆင်းရဲမှုချုပ်၍ ချမ်းသာမှုရပြီဟု သိမြင်လာမည်။ ဓာတ်လေးပါးသည် အကြမ်းသဘောအားဖြင့် ဖောက်ပြန်မှုသာရှိ၍ ဆင်းရဲချမ်းသာမရှိကြောင်း သိလာသည်။ တဖန် ဆင်းရဲချမ်းသာဖြစ်သော စိတ်သည် ငါစိတ် ငါသဘောသာ ဖြစ်ခဲ့လျှင် ဒုက္ခဝေဒနာသို့ စိတ်ရောက်သော်လည်း မဆင်းရဲအောင် မိမိအလိုအတိုင်း ဖန်တီးနိုင်ရမည်။ သုခအာရုံသို့ စိတ်ရောက်လျှင်လည်း ချမ်းသာသောစိတ် မဖြစ်လိုက မဖြစ်အောင် မိမိအလိုသို့ ဆောင်နိုင်ရမည်။ ယခုကား ဤကဲ့သို့ မဟုတ်ပဲ စိတ်သည် ဒုက္ခအာရုံ၌ ဆက်ဆံမိလျှင် ဆင်းရဲပြီး ချမ်းသာသော စိတ်ဖြစ်အောင် ပြောင်း၍မရ၊ ဆင်းရဲသည့်စိတ် ချုပ်အောင်လည်း ဖန်တီး၍မရ၊ ဤသို့ဆိုလျှင် စိတ်သည် ငါ့အလိုသို့ မလိုက်သဖြင့် ငါ့စိတ်မဟုတ်ပါလား ဟု သဘောပေါက်ရိပ်မိလာသည်။

ဥပမာပြရသော် လူနာတစ်ယောက်ကိုမေ့ဆေးပေး၍ ဗိုက်ခွဲနေသည်ဆိုပါစို့။ ထိုလူနာတွင် မားခွဲမှုကြောင့် ရုပ်၌ ပြင်းထန်စွာ ဖောက်ပြန်နေသော်လည်း စိတ်မဆင်းရဲပါ။ ရုပ်ဒုက္ခ ရှိသော်လည်း နာမ်ဒုက္ခမရှိပါ။ ရုပ်ဒုက္ခဖြစ်တိုင်း နာမ်ဒုက္ခရှိသည်ဟု မဆိုနိုင်ပါ။ အဘယ်ကြောင့် ဆိုသော် ထိုမားဖြင့်ခွဲစိတ်ခြင်းကို စိတ်ဖြင့် နှလုံးမသွင်းမိအောင် မေ့ဆေး ပေးထားခြင်းကြောင့် ဖြစ်သည်။ မေ့ဆေးပြယ်၍ ဒဏ်ရာကို နာမ်ညှတ်လျှင် ဆင်းရဲလေ၏။ ထို့ကြောင့် ဆင်းရဲ ချမ်းသာသည် စိတ်မှာသာ ရှိသည်။ ကောင်းရသ၊ ဆိုးရသအားဖြင့် ဖောက်ပြန်သော ရုပ်တရားနှင့်စိတ် ခက်ဆဲလျှင် ငါတည်းဟူသောဒိဋ္ဌိ၊ ချမ်းသာလိုသောစိတ် ဆင်းရဲမည့်စိတ်တို့ အကောင်းအဆိုးလျော်ညီစွာဖြစ်လာမှုသည် သဘာဝနိယာမဖြစ်သည်ဟု သဘောပေါက်လာသည်။ မှတ်ချက်။ ။ထိုသဘောကို ဉာဏ်မသက်ဝင်နိုင်သော အချို့တရားပြဆရာတို့သည် "ဆင်းရဲခြင်းသည် စိတ်၌သာဖြစ်သည်"ဆိုသော အမှန်တရားကိုမသိပဲ ရုပ်မှာ ဆင်းရဲနေသည်ဟုသာ မှားယွင်းစွာ စွဲယူနေကြသဖြင့် အရိပ်ကို အကောင်ထင်၍ဖမ်းသကဲ့သို့ ဖြစ်နေသည်။ အမှန်စင်စစ်မှာ ရုပ်ကိုသိသော စိတ်၌ ဒိဋ္ဌိနှင့်တဏှာ ကပ်သောကြောင့် ဆင်းရဲရခြင်းဖြစ်သည်။ ထို့ကြောင့် ဆင်းရဲမှုချုပ်ရန် စိတ်ကိုသာလျှင် ပြုပြင်ရမည်။ ရုပ်ကိုပြုပြင်လျှင် မှားသည်။ ရုပ်ကိုပြင်မှမှန်သည်ဟူသော ဆရာသည် **အရိပ်နှင့်အကောင် မကွဲသောဆရာ**ဖြစ်သည်။

ခန္ဓာသည် အမြဲတမ်းဖောက်ပြန် ရက်စက်နေသဖြင့် ဒုက္ခဝေဒနာမှ ဆင်းရဲမှု အမြဲဖြစ်နေမည်ဆိုလျှင် စိတ်သည် တည်ငြိမ်မှုမရှိ၊ ကြည်လင်မှုမရှိ၊ သန့်ရှင်းမှုမရှိနိုင်ပေ။ ဒုက္ခဝေဒနာမှ ဆင်းရဲမီးချုပ်ငြိမ်းမှသာလျှင် စိတ်သည် ပရမတ်ရုပ်နာမ်တို့ကို ရှုးရှုနိုင်မည်ဖြစ်သည်။ ထို့ကြောင့်

http://www.dhammadownload.com

ဒုက္ခဝေဒနာမှ ဆင်းရဲမီးချုပ်ကြောင်း အကျင့်များကို ဆက်ကျင့်ရမည်ဖြစ်သည်။ ဤကျင့်စဉ်အပိုင်းသည် ပုထုဇဉ်တို့၏ မူလအမြင်ဖြစ်သော **ရုပ်တရားကြောင့် ဆင်းရဲသည်ဟူသော အမှားစွဲ**ကို ပထမအဆင့် အမြင်ပြောင်းခြင်း ဖြစ်သည်။ **ရုပ်ကိုသိသောစိတ်၌ ဒိဋ္ဌိတဏှာ ကပ်သောကြောင့် ဆင်းရဲခြင်းဖြစ်သည် ဟူသော အမှန်တရား**ကို အကြောင်းအကျိုးလျော်ညီစွာ သိရန် နောက်တဆင့် တက်ရဦးမည် ဖြစ်သည်။

ယခု အာနာပါနအခြေခံကျင့်စဉ်၌ ကာယိကဒုက္ခဝေဒနာကို သည်းခံ၍ တဏှာအလိုအတိုင်း လှုပ်ပြင်လိုမှုများကို မလိုက်လျောပဲ စွန့်လွှတ်၍ အားငါးပါးဖြင့် မူလကမ္မဋ္ဌာန်းဖြစ်သော အာနာပါနထိချက်သို့ စိတ်ကိုရောက်အောင် သိမ်းဆည်းနိုင်ခြင်းသည် တဒင်္ဂပဟာန်အားဖြင့် ဝေဒနာမှတဏှာကွာခြင်းမျှသာဖြစ်သေးသည်။ ဖောက်ပြန်မှုပရမတ်ရုပ်၊ ညွှတ်တတ်သည့် မနောသမ္ဖဿနာမ်နှင့် ခံစားတတ်သည့်ဝေဒနာ စသော အခြေခံ ပရမတ်ရုပ်နာမ်များကို မမြင်ရသေးပါ။ ဆဆက္ကရုပ်နာမ်များကိုလည်း မမြင်ရသေးပါ။ ဤသို့ဆိုလျှင် မည်ကဲ့သို့ ရှေ့ဆက်မည်နည်း။

တရားကျင့်တိုင်း ထိုတဏှာနှင့် လုံးထွေးနေရလျှင် ရှေ့ဆက်တက်နိုင်မည်မဟုတ်။ တဏှာရှိလျှင် ဒေါမနဿ ရှိနေဦးမည်။ ဝိပဿနာယာနိကအားဖြင့် ထိုတဏှာကို အကြွင်းမဲ့ပယ်သတ်ရမည်ဖြစ်သည်။ ထိုတဏှာကို ပယ်သတ်ပြီးမှသာလျှင် နောက်ရန်သူအေးကာ သမာဓိဆက်လက်ထူထောင်နိုင်မည်ဖြစ်သည်။ ထိုတဏှာသေရန် မည်ကဲ့သို့ ကျင့်စဉ်တက်မည်နည်းဟု အဖြေရှာရမည်။

တဏှာသတ်ရန် တဏှာကို မြင်ရန် လိုသည်။ ထိုတဏှာသည် ဒုက္ခဝေဒနာအကြောင်းခံ၍သာ ဖြစ်ပေါ်လာသည်။ ဒုက္ခဝေဒနာသည် တမင် ဖန်တီးစရာ မဟုတ်။ ရုပ်ခန္ဓာရှိတိုင်း ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ဒုက္ခဝေဒနာ အကြောင်းခံ၍ တဏှာကို ဖော်ထုတ်ရသော ကျင့်စဉ်သဘော ပေါ်လာသည်။ ဒုက္ခဝေဒနာ အကြောင်းခံ၍ တဏှာသတ်ရန် ဝိပဿနာယာနိကအားဖြင့် ကျင့်စဉ်ရှာဖွေရမည်ဖြစ်သည်။ ဤကျင့်စဉ်များကို ဆက်လက်တင်ပြသွားမည်ဖြစ်သည်။

တရားကျင့်သူတိုင်း မလွဲမသွေ တွေ့ကြုံရမည်ဖြစ်သော ဓာတ်လေးပါးဖောက်ပြန်မှု ဒုက္ခနှင့် ရင်ဆိုင်ရသောအခါ ပုထုဇဉ်တို့၏စိတ်၌ လောင်မြိုက်နှိပ်စက်စေသည့် ဒိဋ္ဌိနှင့် ဒေါသစေတသိက်တို့ကို တဏှာက ဆက်စပ်စေသဖြင့် ဒုက္ခခန္ဓာအစု ဖြစ်ရသည်။ ထိုအခါ စိတ်သည် ကိလေသာများ အုပ်ချုပ်ခံထားရသဖြင့် မစင်ကြယ်တော့ပါ။ ထိုမစင်ကြယ်သောစိတ်ဖြင့် ပရမတ်ရုပ်နာမ်များကို မည်ကဲ့သို့ မြင်နိုင်ပါ့မည်နည်း။ တဏှာက အရင်လက်ဦးမှု ရ၍ စိတ်ကို အုပ်စိုးထားသည်။ ထို့ကြောင့် ဖားတည်းဟူသောအကျိုးတရားဒေါသနှင့် ယင်း၏အကြောင်းတရား တဏှာကို မဖြစ်မနေ ပယ်ခွာရမည်။

ထို့ကြောင့် ဝိပဿနာယာနိကဖြင့် တရားကျင့်မည်ဆိုလျှင် အပါယ်လေးပါးသို့ ပို့မည့် ဒေါသနှင့် တဏှာကို တဒင်္ဂ ဝိက္ခမ္ဘန သမုစ္ဆေဒအားဖြင့် ပထမဆုံး ပယ်ကြောင်းအကျင့်သည် တရားစကျင့်သူတို့၏ ပထမကျင့်စဉ်ဖြစ်သည်။ သမထယာနိကကျင့်စဉ်မှာလည်း ဤကဲ့သို့သာလျှင် ဖြစ်ကြောင်း ရှင်းပြခဲ့ပြီးပြီ။ ထို့ကြောင့် **ဝိပဿနာတရား ကျင့်သည်ဆိုသည်မှာ ဦးတည်မိရာ၊ စိတ်ကူးပေါက်ရာ၊ ကြံမိကြံရာ ကျင့်ချင်သလို ကျင့်၍မရကြောင်း၊ အပြောဝိပဿနာနှင့် အကျင့်ဝိပဿနာ ကွာခြားမှုရှိကြောင်း** ယောဂီတို့ အထူးသတိပြုပါ။

http://www.dhammadownload.com

အာဘိဇ္ဈာ ဒေါမနဿနှင့်ဧမာဟမှ တပြိုင်တည်းလွတ်စေသော သမ္မာသမာဓိကျင့်စဉ်

သုံးသပ်ချက်

မူလအာနာပါနကမ္မဋ္ဌာန်း အခြေခံကျင့်စဉ်၌ ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုသို့ စိတ် ရောက်ရှိသွားသောအခါ မိမိကာယဝတ္ထုဒုက္ခရုပ်ကိုအကြောင်းခံ၍ သုခရုပ်ကို လိုလားသောကြောင့် သက်သာရာကို ပြုပြင်မှုသည် **ကာမသုခလ္လိကာနုယောဂ** သဿတဒိဋ္ဌိအစွန်း၊ ငါဟူသောအစွဲဖြင့် ပြုပြင်မှုသည် **အတ္တကိလမထာနုယောဂ** ဥစ္ဆေဒဒိဋ္ဌိအစွန်းဖြစ်သည်။ သံသရာလည်ကြောင်းအကျင့် ထိုအစွန်းနှစ်ပါးကို စွန့်၍ တဏှာ၏အလိုကို မလိုက်လျောပဲ လိုက်လျောမည့် စိတ်အစား နှာသီးဝထိချက်ကို သတိ, ဉာဏ်, ပညာ စသော မဂ္ဂင်ရှစ်ပါးဖြင့် အသိကပ်လိုက်သဖြင့် ဆင်းရဲမှု ချုပ်ငြိမ်းသွားသည်။ စိတ်သည် နှာသီးဝထိချက်၌ သုခဝေဒနာနှင့် တည်နေသည်။ ထိုအကျင့်သည် ပထမအကြိမ်မြောက် မဇ္ဈိမပဋိပဒါအကျင့် ဖြစ်သည်။

နှာသီးဝထိချက် သုခရုပ်သည် ဝတ္ထုကာမပြန်ဖြစ်ကာ စိတ်၌ သုခဝေဒနာ ဖြစ်စေ၍ ထိုသုခရုပ်အာရုံ၌ တပ်မက်မှု (အဘိဇ္ဈာ) ဖြစ်လာသည်။ ထိုသုခရုပ်အာရုံရကြောင်း အကျင့်ကို နှစ်သက်လာသည်။ ထို့ကြောင့် ထိုသုခရုပ်အာရုံရကြောင်းအကျင့်ကို **"ကာမသုခလ္လိကာနုယောဂ"** အကျင့်ဟု အပြစ်ပြန်မြင်ရမည်။

နှာသီးဝထိချက်အာရုံကို သုခအစွန်းတစ်ပါး၊ ဓာတ်လေးပါးဖောက်ပြန်မှု ဒုက္ခရုပ်အာရုံကို ဒုက္ခအစွန်းတစ်ပါးဟူ၍ အစွန်းနှစ်ပါး သတ်မှတ်ရမည်။ ယခုတဖန် ထိုအစွန်းနှစ်ပါးမှလွတ်ရာ မဇ္ဈိမပဋိပဒါလမ်းစဉ် **ဒုတိယ**အကြိမ်မြောက်လိုအပ်လာသည်။ အာနာပါနဘောင်ခြိန်ကျင့်စဉ်သည် **ဒုတိယ**အကြိမ်မြောက် မဇ္ဈိမပဋိပဒါအကျင့် ဖြစ်သည်။ စိတ်သည် သုခရုပ်အာရုံနှင့် ပေါင်းလျှင် ကွဒ္ဒာရုံဖြစ်၍ လောဘဖြစ်မည်။ ဒုက္ခရုပ်အာရုံနှင့်ပေါင်းလျှင် အနိဋ္ဌာရုံဖြစ်၍ ဒေါသဖြစ်မည်။ ထိုအစွန်းနှစ်မျိုးမှ လွတ်မှသာလျှင် အစွန်းလွတ်သောစိတ် (၀၀) ဝိပဿနာအရှုဉာဏ်စိတ် (၀၀) စင်ကြယ်သောစိတ် (၀၀) မဂ်စိတ်ဖြစ်မည်။

သုခစိတ်၌ လောဘစေတသိက်၊ ဒုက္ခစိတ်၌ ဒေါသစေတသိက်တို့ ယှဉ်နေခြင်းကြောင့် အကုသိုလ်ကာမစိတ်များဖြစ်သည်။ နှာသီးဝထိချက်၌စိတ်မှီနေလျှင်လည်း လောဘအကုသိုလ်စိတ်၊ ဓာတ်လေးပါး ဖောက်ပြန်မှုနှင့် စိတ်မှီနေလျှင်လည်း ဒေါသအကုသိုလ်စိတ်ဖြစ်မည်။ စိတ်သည် ထိုအစွန်းနှစ်စွန်းမှ မလွတ်သမျှ အကုသိုလ်နှင့် မလွတ်ကင်းသဖြင့် ပရမတ်ရုပ်နာမ်တို့ကို အာရုံ ပြုနိုင်မည် မဟုတ်ပေ။ နိဗ္ဗာန်အာရုံကိုဆိုလျှင် မည်သို့ ပြုနိုင်ပါမည်နည်း။ ပစ္စုပ္ပန်ပေါ်ဆဲခန္ဓာမှ စိတ်ကို ဗဟိဒ္ဓအာရုံသို့ ပို့ပြန်လျှင်လည်း ပညတ်အာရုံ ဖြစ်နေသဖြင့် အကုသိုလ်စိတ်သာလျှင် ဖြစ်နေမည်။ ထို့ကြောင့် ပစ္စုပ္ပန် နှာသီးဝထိချက်နှင့် ဓာတ်လေးပါး ဖောက်ပြန်မှု အာရုံနှစ်ခုကို မူတည်၍ အဘိဇ္ဈာ ဒေါမနဿနှင့် မောဟတို့မှ စိတ်ကို တပြိုင်နက်လွတ်စေသော သုခစွန်း၊ ဒုက္ခစွန်းဘောင်ခြိန်ကျင့်စဉ်ကို ကျင့်ရန် လိုအပ်လာပါသည်။

ဤကျင့်စဉ်၌ စိတ်၌ အစွန်းနှစ်ပါးနှင့်ယှဉ်သော လောဘ၊ ဒေါသ စေတသိက်တို့ မယှဉ်နိုင်အောင် ဈာန်စေတသိက်တို့က အရင်ခွာ နေရာယူခြင်းသည် ပထမအလုပ်၊ စိတ်၌ လောဘ ဒေါသစေတသိက်များ တဖန် ပြန်မကပ်အောင် စောင့်ထိန်းခြင်းသည် ဒုတိယအလုပ်၊ စိတ်ကို သတိက နိုင်နင်းစွာ အုပ်ချုပ်ထားမှုသည် တတိယအလုပ် ဖြစ်သည်။ ယင်းအလုပ်တို့ လုပ်ခြင်းသည်ပင်လျှင် တရားကျင့်ခြင်းဟု ခေါ်သည်။ အကုသိုလ်စိတ်ဇော မစောနိုင်တော့သဖြင့် အကုသိုလ်စေတသိက်များ စိတ်နှင့် မယှဉ်နိုင်တော့ပဲ လက်မြောက် အရှုံးပေးကာ မာန်ချ၍ စိတ်ကိုမှီတွယ်ရန်စွန့်လွတ်လိုက်မည်။ ဤကဲ့သို့ စိတ်၌ မူလကယှဉ်နေသော အကုသိုလ်စေတသိက်

http://www.dhammadownload.com

များကို ကုသိုလ်စေတသိက်တို့က လောင်ကျွမ်းခြင်းသည် စျာန်မည်၏ (အာရမ္မဏူပနိဇ္ဈာန်)။ ထိုအခါ စိတ်၌ မောဟနှင့်တကွ လောဘ ဒေါသ အကုသိုလ်စေတသိက်များ မယှဉ်နိုင်တော့သဖြင့် စိတ်စင်ကြယ်ပြီး ထိုစိတ်သည် ပရမတ်ရုပ်နာမ်တို့ကို အာရုံယူနိုင်တော့မည် ဖြစ်သည်။

ဤကဲ့သို့ ကျင့်စဉ်၏ ရည်ရွယ်ချက် အကျိုးအကြောင်းတို့ကို နားလည်ပြီး ဗိုလ်ငါးပါး လက်ကိုင်ထား၍ ကျင့်စဉ်နည်းစနစ်အတိုင်း ကျင့်လျှင် ရုပ်နာမ်မြင်သော အဖြေထွက်လာပါလိမ့်မည်။ လက်တွေ့ကျင့်သောသူ လက်တွေ့ရုပ်နာမ်မြင်ပါလိမ့်မည်။

အထက်ပါကျင့်နည်းကို သဘောပေါ်အောင် အောက်ပါဥပမာပြလက်စွဲဖြင့် ထပ်ဆင့်သုံးသပ်ပါမည်။

"ဝေဒနာ သမာဓိ နှစ်ပါးမြတ် ချိန်ခွင်၊
ဣန္ဒြေ ငါး၏ အလေးကိုတင်။
ဝီရိယဆိုတဲ့ ဘောင်ကိုက်လျှင်
ဥပါဒ်ဆိုတာလဲ မှီဝဲမှုမထင်၊
ဘင်ဆိုတာလည်း မှီဝဲမှု မထင်။"*

ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု ထင်ရှားရာ ကာယိကဒုက္ခဝေဒနာကို ချိန်ခွင်ခွက်တစ်ဖက်ကဲ့သို့ သဘောထား၍ အာနာပါနနှာသီးဝဓိချက်သမာဓိကို ချိန်ခွင်ခွက်တစ်ဖက်ကဲ့သို့ သဘောထားပါ။ ထိုချိန်ခွင်ခွက်နှစ်ဖက်ကို ညီမျှအောင် ကြောင့်ကြစိုက် ဝီရိယထားနေခြင်းသည် ချိန်ခွင်လျှာကို ဘောင်ကိုက်အောင် ပြုလုပ်သကဲ့သို့ မှတ်ပါ။ ဣန္ဒြေငါးပါး (သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ) ကို ချိန်ခွင်ခွက်နှစ်ဖက်၌ ဘောင်ချိန်ကိုက်အောင် လိုတိုးပိုလျှော့ ညှိပေးရမည့် အလေးကဲ့သို့ သဘောထားပါ။ ဥပေက္ခာဧကဂ္ဂတာသမာဓိ တည်၍ ဘောင်ချိန်ကိုက်လျှင် ချိန်ခွင်လျှာနှင့်တူသည့် စိတ်သည် ဒုက္ခရုပ် ဟူသော ဥပါဒ်စွန်းကိုလည်းကောင်း၊ အာနာပါနနှာသီးဝဓိချက် (သုခရုပ်)သမာဓိဟူသော ဘင်စွန်းကိုလည်းကောင်း ကပ်ငြိမှုမရှိပဲ လွတ်မြောက်သွားမည် ဖြစ်သည်။

ထိုကဲ့သို့ မဟုတ်ပဲ အာနာပါနရှုရှိုက်မှုကို ဓာတ်ကြီးလေးပါးဖောက်ပြန်မှုနှင့် အပြိုင် ရှုနေပြီး ဓာတ်လေးပါးဖောက်ပြန်ရာကို အစအလယ်အဆုံး လိုက်ရှုနေခြင်းသည် ဘောင်ချိန်ကိုက်ညှိပေးနေခြင်း မဟုတ်ပါ။ ထိုကျင့်စဉ်သည် ဗောဓိပက္ခိယတရား(၃၇)ပါးနှင့် မကိုက်ညီပါ။ ပညတ်အာရုံလည်း မသိမ်းပါ။ ခံသာအောင် ရှုပေးနေသဖြင့် ဝေဒနာမှတဇ္ဈာလည်းမပြတ်ပါ။

ကျင့်စဉ်တက်ပုံ

ယောဂီအလျောက် ဆိုင်ရာသီလစင်ကြယ်အောင် ပြုလုပ်ပါ။ ပရိကံယူ၍ ဣရိယာပုထ်ကို ပြင်ဆင်ပါ။ အာနာပါနအခြေခံ ဣရိယာပုထ်တည်ဆောက်ပုံနှင့် ရှုရှိုက်မှုနည်းစနစ်များအတိုင်း အာနာပါနကမ္မဋ္ဌာန်းကို ရှုရှိုက်ရမည်။ တရားစထိုင်သည်မှစ၍ အာနာပါနရှုရှိုက်မှုစည်းမျဉ်းအတိုင်း ရှုရှိုက်နေ၍ ထိုချက်၌ သမာဓိ ထူထောင်နေပါ။

ဓာတ်လေးပါး ဖောက်ပြန်မှု ထင်ရှားလာသောအခါ စိတ်သည် နှာသီးဝဓိချက် သုခအာရုံမှခွာ၍ ဒုက္ခဝေဒနာထင်ရှားရာ အာရုံသို့ ပြောင်းညွှတ်သွားလိမ့်မည်။ ထိုအခါ သတိကို ဒုက္ခဝေဒနာထင်ရှားရာ အာရုံသို့ တဖက်သတ်တည်း တည်မထားရ။ လုံးဝလွတ်အောင်လည်း မခွာရ။ နှာသီးဝဓိချက် သုခအာရုံ၌လည်း တဖက်သတ်တည်း တည်မထားရ။ လုံးဝ

* မူလသဲအင်းဂူဆရာတော်ဘုရားကြီး၏ တရားတော်မှ ၎င်းလက်ံကို ထုတ်နှုတ်ဖော်ပြပါသည်။

http://www.dhammadownload.com

လွတ်အောင်လည်း မခွာရ။ နှာသီးဝထိချက် သုခထင်ရှားမှုနေရာနှင့် ဒုက္ခဝေဒနာထင်ရှားမှုနေရာ အာရုံနှစ်ခုကို တပြိုင်နက်တည်း သတိကိုမျှထားပါ။ အာနာပါနရှုရှိုက်မှုကိုလည်း မှန်မှန်လေး ပြုလုပ်နေပါ။

အကယ်၍ ဓာတ်လေးပါး ဖောက်ပြန်မှုအာရုံဘက်က သာ၍ထင်ရှားနေပြီး အာနာပါန ထိချက်သမာဓိအာရုံဘက်က ထင်ရှားမှု နည်းနေလျှင် စိတ်သည် ဓာတ်လေးပါးဖောက်ပြန်မှု ဒုက္ခအာရုံ တစ်ဖက်ထဲသို့ညွတ်မှု အားသာနေလိမ့်မည်။ ထိုအခါ နှာသီးဝထိချက် သမာဓိဘက်နှင့် ညီမျှမှုရှိအောင် အရှုအရှိုက်ကို လိုအပ်သလို တိုး၍ ရှုရှိုက်ပါ။ ထိုသို့ တိုး၍ ရှုရှိုက်နေသော်လည်း သုခစွန်း၊ ဒုက္ခစွန်းကို သတိမျှထားနေသော အလုပ်ကို မရပ်ပါနှင့်။ အထူးအားဖြင့် စိတ်ဖြင့် ခန္ဓာအိမ်ကို တင်းတောင့် ညှစ်ချုပ်ထားလျှင် ဘောင်ခိုန်ရာ၌ သမာဓိ ထူထောင်မည့် စိတ်ကို ဆွဲထားသကဲ့သို့ ဖြစ်နေခြင်းကြောင့် လုံးဝ ဘောင်ခိုန် ကိုက်လိမ့်မည် မဟုတ်ကြောင်း အထူးသတိပြုပါ။

အကယ်၍ ရုပ်ဖောက်ပြန်မှု(ဒုက္ခအာရုံ)ကအားနည်းလျှင် အာရုံချင်းညီအောင် အာနာပါန အရှုအရှိုက်(ထိချက်သုခအာရုံ)ကို လိုအပ်သလို လျှော့ချပါ။ မည်သို့ပင် အရှုအရှိုက်ကို လိုတိုး ပိုလျှော့ ပြုလုပ်နေစေကာမူ သတိထားဘောင်ခိုန်မှုကို မရပ်နားပဲ အာရုံနှစ်ခုကို ညီမျှအောင် ဝိရိယထား၍ တရစပ် ခိုန်ကိုက်ညှိနေရမည်။ သတိသည် အစွန်းနှစ်ဖက်ကို တပြိုင်တည်း ညီမျှစွာ ထားမှုရှိမရှိကို ဉာဏ်ဖြင့် ပိုင်းခြားသိပေးပါ။ ပညာဖြင့် သတိကို နှစ်ဖက် အာရုံမျှတစွာ ထားနိုင်အောင် လိုအပ်သလို အလျှော့အတင်း ပြုလုပ်၍ ကွပ်ကဲပေးပါ။ ထိုကဲ့သို့ ခိုန်ကိုက်လျက် ရှုနေရင်း အာနာပါနရှုရှိုက်မှု စည်းစနစ်ကျရန် သတိပြုပါ။

နှာသီးဝထိချက်နှင့် ဓာတ်လေးပါးထင်ရှားမှုနှစ်မျိုး၌ သတိကို မျှတစွာထားနိုင်ရန်သာ အဓိကဖြစ်သဖြင့် ဆန္ဒစောမှု၊ အမြန်ရလိုမှု မထားရပါ။[†] သမာဓိ မရသေးမီ ဓာတ်လေးပါး ဖောက်ပြန်မှု ပြင်းထန်လာပါက သဒ္ဓါ, ဝိရိယနည်းမှုကြောင့် စိတ်သည် ဓာတ်လေးပါး ဖောက်ပြန်မှု ဒုက္ခအာရုံဘက်သို့ ညွတ်မှုများနေလိမ့်မည်။ ထိုအခါ စိတ်ကို အကုသိုလ် စေတသိက်တို့က အုပ်ချုပ်ရန် လာကပ်ပြီး ဒုက္ခရုပ်ကို အာရုံပြု၍ လှုပ်ချင်, ပြင်ချင်, မ,ချင်သော စိတ်များ၊ မခံစားချင်သော စိတ်များ ဖြစ်လာတတ်သည်။ သို့မဟုတ် သုခအာရုံဖြစ်သော နှာသီးဝထိချက် တဖက်တည်းကိုသာ သတိကပ်နေလိုသော စိတ်များ ဖြစ်ပေါ်လာလိမ့်မည်။ ထိုစိတ်တို့အလိုကို မလိုက်လျောပဲ မူလညွှန်ကြားထားသည့်အတိုင်း အစွန်းနှစ်ဖက်ကို မျှတစွာ သတိကြပ်မတ်၍ ထားပါ။ စိတ်၌ သတိ, ဉာဏ်, ပညာတို့ဦးစီးမှု အားကောင်းလာသည့်အလျောက် ဆင်းရဲမှု ချုပ်ငြိမ်းလာကာ နိဝရဏ ကိလေသာတို့လည်း ခေါင်းပါးချုပ်ငြိမ်းလာလိမ့်မည်။

ဝိုလ်ငါးပါး လက်ကိုင်ထား၍ သဒ္ဓါ, ဆန္ဒပြည့်ဝစွာဖြင့် ညွှန်ကြားချက်အတိုင်း ဇွဲကောင်းကောင်းဖြင့် အားထုတ်ပါ။ မဖြစ်နိုင်ဘူး ဟူသော စိတ်များ မမွေးပါနှင့်။ ဘောင်ခိုန်ကိုက်အား ကောင်းလာသည်နှင့်အမျှ ဆင်းရဲမှု လျော့ပါးလာပြီး စိတ်ကြည်လင် ပေါ့ပါးလာလိမ့်မည်။ အကယ်၍ ဘောင်ခိုန်ကိုက်လုနီးပါး ဖြစ်လာလျှင် မိမိကျင့်စဉ်အပေါ်၌ နှစ်သက်မှုပိတိ ဖြစ်လာသည်(စျာန်ပိတိ)။ အချို့ယောဂီများ၌ ဖရဏာပိတိ ဆိုက်သွားသဖြင့် အသားစိုင်တို့တွင် ငွမ်းလိပ်တိမ်လိပ်များပမာ ပိတိလှိုင်းလုံးကြီးများ ဖြစ်ပေါ်လာကာ ဝမ်းမြောက်

[†] စိတ်သည် အာရုံနှစ်ခုကို တပြိုင်တည်း ထား၍ရနိုင်ပါ့မည်လားဟူ၍ မေးစရာရှိသည်။ ရနိုင်ပါသည်။ စိတ်သည် တခဏစကန္ဓာ့မှာ ကုဋေပေါင်းများစွာ ဖြစ်နေသည်။ ကားဒရိုင်ဘာသည် လမ်းကို ကြည့်လျက် စီယာတိုင် လှည့်ခြင်းကို တပြိုင်တည်းကဲ့သို့ လှည့်ပေးနိုင်သည်။ ထိုဥပမာသဘောဖြင့် နားလည်ယူပါ။

http://www.dhammadownload.com

လွန်းအားကြီးသဖြင့် စိတ်ကို မထိန်းသိမ်းနိုင်ပဲ စိုးရိမ် ကြောက်လန့်လာတတ်သည်။ ထိုအခါ ကမ္မဋ္ဌာန်းအလုပ်ကို ဖျက်ပစ်တတ်သည်။ ထိုသို့ ဖြစ်လာလျှင် ရှုမှတ်မှုကို မဖျက်ပဲ အစွန်းနှစ်ဖက်၌ ဘောင်ခြိန်ကိုက်အောင် ဆက်လက် သတိထားဆက်ရှုပါ။

ဘောင်ခြိန်ကိုက်သွားလျှင် စိတ်သည် အစွန်းနှစ်ပါး၌ ညီညွတ်မှုတသော သတိဖြင့် တည်သွားသည်။ ထိုအခါ အကုသိုလ်စေတသိက်တို့သည် စိတ်၌ တဖန်ပြန်ကပ်ရန် အခွင့်အလမ်း မရှိတော့ပဲ အပြီးတိုင်စွန့်လွှတ်လိုက်သောကြောင့် အကုသိုလ်နှင့်ယှဉ်သောဇောများချုပ်ငြိမ်းသွားပြီး ဘဝင်ကျသွားလိမ့်မည်။ သတိသည် စိတ်ကို နိုင်နင်းစွာ အစိုးတရ အုပ်ချုပ်ထားနိုင်ပြီ ဖြစ်သောကြောင့် လည်းကောင်း၊ သမာဓိကို နှောင့်ယှက်တတ်သော နီဝရဏတရားများ မရှိတော့ခြင်းကြောင့်လည်းကောင်း ထပ်ဆင့် ငြိမ်းကျသွားသည်။

ထိုအခါ စိတ်၌ နီဝရဏနှင့်တကွ ပညတ်အာရုံနှင့် ယှဉ်သော အကုသိုလ်များ သန့်ရှင်းသွားသဖြင့် အတိတ် အနာဂတ်အာရုံများ ချုပ်ငြိမ်းသွားပြီး စိတ်စင်ကြယ်မှု စိတ္တဝိသုဒ္ဓိသို့ တဒင်္ဂ ဝိက္ခမ္ဘနအားဖြင့် ရောက်ရှိသွားသည်။ ထိုအခါ စိတ်သည် သတိနှင့်ယှဉ်လျက် အသိသက်သက်မျှ သဘောသာ ရှိပြီး အကုသိုလ်ဇောတို့ ငြိမ်းလျက် ရင်ထဲ၌ ကြည်လင်ကာ အငြိမ်းဓာတ်ဖြင့် ဘဝင်၌ မလှုပ်မယှက် တည်ပြီး ရပ်နေသည်။ ယင်းအငြိမ်းဓာတ်ကို လျစ်လျူရှုလိုက်သောအခါ ဧကဂ္ဂတာသမာဓိစျာန်ဇောမှ ထပ်ဆင့် ခွာလိုက်ဘိသကဲ့သို့ ဖြစ်သွားပြီး စိတ်၌ ဥပေက္ခာဧကဂ္ဂတာသမာဓိ ခိုင်ခံ့စွာ ယှဉ်ပြီးသား ဖြစ်သွားသည်။ ထိုအခါ ရုပ်ပရမတ် ဖောက်ပြန်မှုသဘောသက်သက်ကိုလည်းကောင်း၊ နာမ်ပရမတ် ညွတ်တတ်သည့် သဘောကို လည်းကောင်း၊ နာမ်ပရမတ် ခံစားတတ်သည့်သဘောသက်သက်ကိုလည်းကောင်း အရှုဉာဏ်က တလှည့်စီ ပိုင်းခြားမြင်နေတော့သည်။ (နာမရူပ ပရိစ္ဆေဒဉာဏ်)

စျာန်အင်္ဂါငါးပါးဝင်ပုံ

နှာသီးဝတိုချက်အာရုံနှင့် ကာယိကဒုက္ခဝေဒနာအာရုံတို့ သတိကိုမျှတအောင် စိတ်ကို တင်ပေးခြင်းသည် ဝိတက်၊ ထိုအာရုံနှစ်ခု၌ သတိသည် မျှတညီညွတ်မှု ရှိ မရှိ သုံးသပ် နေခြင်းသည် ဝိစာရ၊ ဘောင်ခြိန်ကိုက်မှု၌ ဝိတက်, ဝိစာရ အားကောင်းလာသည်နှင့်အမျှ အာရုံတစ်ဖက်မှ တစ်ဖက်သို့ သတိကို မယုတ်မလွန်အောင် ဝီရိယစိုက် ချိန်ညှိပေးနေရခြင်းကြောင့် သမာဓိရသဖြင့် စိတ်၏ အေးချမ်းမှု၌ နှစ်သက်နေခြင်းသည် ပီတိ၊ ဝီရိယထားကာ ဘောင်ခြိန်ကိုက်ညှိနေခြင်းကြောင့် သတိ ဉာဏ် ပညာ ဦးစီးသဖြင့် စိတ်၌ နီဝရဏ ကိလေသာတို့ နှောင့်ယှက်ခွင့် မရပဲ ချမ်းသာနေမှုသည် သုခ အသီးသီး ဖြစ်ကြသည်။ ထိုပီတိသုခတို့၏ အစွမ်းကြောင့်လည်းကောင်း၊ သတိ ဉာဏ် ပညာတို့၏ ဘောင်ခြိန်ကိုက်မှုကြောင့် လည်းကောင်း၊ စိတ်သည် တစ်ဖက်ဖက်သော အာရုံစွန်းသို့ ကပ်ငြိမှုကို အလိုလိုပင် စွန့်လွှတ်သွားကာ အစွန်းနှစ်ပါးမှလွတ်ပြီး သမာဓိန္ဒြေအဖြစ် (၀၊) ဥပေက္ခာဧကဂ္ဂတာသမာဓိ အဖြစ် တည်သွားမည်။

ထိုကဲ့သို့ ကာယိကဒုက္ခဝေဒနာအစွန်းနှင့် အာနာပါနသုခအစွန်း နှစ်ဖက်မှ လွန်မြောက်သွားသဖြင့် ဘဝင်ကျကာ စိတ်သည် ဥပေက္ခာဧကဂ္ဂတာသမာဓိနှင့်ယှဉ်လျက် ဖောက်ပြန်မှု၊ ညွတ်မှု၊ ခံစားမှုဟူသော အခြေခံပရမတ်ရုပ်နာမ်တို့ကို အလိုလို တွေ့မြင်ပြီးသား ဖြစ်နေသည်။

http://www.dhammadownload.com

ပုံစံ (၅)

ဖောက်ပြန်မှုရုပ်, မနောသမ္ဖဿနှင့် ဝေဒနာတို့ကို ဝိပဿနာရှုမြင်နေပုံ



မှတ်ချက် (၁) အရှုဉာဏ်နှင့် ယှဉ်သောစိတ်ကို သဘောမြင်အောင် အပြင်သို့ ထုတ်ပြထားသည် ။
မှတ်ချက် (၂) အစက်ပြထားသော မျဉ်းသည် အရှုဉာဏ်၏ အာရုံပြုပုံကို ဖော်ပြထားပြီး တစ်နေရာလျှင် တစ်ကြိမ် သာ ရှုသည် ။

အထက်ပါပုံစံသည်ပူမှုတေဇောဓာတ်ထင်ရှားရာရုပ်တရား၊ ထိုရုပ်တရားကိုအကြောင်းခံ၍ ဖြစ်ပေါ်လာသော အာရုံကို ညွှတ်တတ်သည့် မနောသမ္ဖဿနှင့် အာရုံ၏သဘောကို ခံစားသော ဝေဒနာ၏လက္ခဏာကို အရှုဉာဏ်ဖြင့် ပိုင်းခြားအာရုံပြု၍ ရုပ်နာမ် ရှုမြင်နေပုံဖြစ်သည်။ တရားရှုသောယောဂီတို့ နာမရူပပရိစ္ဆေဒဉာဏ်ရောက်လျှင် အထက်ပါပုံစံအတိုင်း ပရမတ် ရုပ်နာမ်တို့ကို ပိုင်းခြားမြင်ရမည် ဖြစ်သည်။ ထိုကဲ့သို့ မမြင်သေးပါက တရားမမြင်သေးဟူ၍ မှတ်ပါ။ တရားကျင့်မှု ကြမ်းသည် နုသည်၊ နာရီနည်းသည် များသည် အကြောင်းပြုစရာမလိုပါ။ ပရမတ်ရုပ်နာမ် အမှန်မြင်မှုအပေါ်မှာသာ ဆုံးဖြတ်ပါ။

အရှုဉာဏ်ဖြင့် ဖဿကိုမြင်ပုံ

ပလပ် နှင့် ဓာတ်ကြိုးဥပမာ။ ။လည်ပတ်နေသော ဓာတ်ဆီအင်ဂျင်စက် တစ်လုံးရှိ ပလပ်ခေါင်းမှ ပလပ်ကြိုးကို ဖြုတ်၍ ထိုပလပ်ကြိုးစနှင့် ပလပ်ခေါင်းကို အနည်းငယ် ခွာထားလျှင် ပလပ်ကြိုးထိပ်မှ လျှပ်စီးတန်းသည် ပြေးထွက်လျက် ပလပ်ခေါင်းကို သွားတိုက်နေသည်ကို မြင်နိုင်သည်။ ကာယဒွါရမှ ဓာတ်လေးပါး ဖောက်ပြန်မှုသည် ပလပ်ခေါင်းနှင့်တူသည်။ ကာယသမ္ဖဿသည် လျှပ်စီးတန်းနှင့်တူသည်။ ဘဝင်အကြည်သည် ပလပ်ကြိုးထိပ်နှင့် တူသည်။ လျှပ်စီးတန်းကို ဘေးမှကြည့်သူ ပိုင်းခြားမြင်ရသကဲ့သို့ ကာယသမ္ဖဿကို အရှုဉာဏ်ဖြင့် ဤကဲ့သို့ ပိုင်းခြားမြင်ရသည်။ ဘဝင်ကို မှီ၍နေသော ဝေဒနာကွန္ဓာကိုလည်း ပုံစံပါအတိုင်း ရှုမြင်နိုင်ရမည်။

"**ဝေဒနာဝ-** အာရုံကို ခံစားခြင်းသဘောသည်သာလျှင်။ **အတ္တိ-** ရှိ၏။ **ဣတိ-** ဤသို့။ **အဿ-** ထိုရဟန်း၏။ **သတိ ဝါ ပန-** သတိသည်မူလည်း။ **'ပစ္စုပဋ္ဌိတာ'- ရှေးရှုထင်သည်။ ဟောတိ-** ဖြစ်၏။"

http://www.dhammadownload.com

အထက်ပါ မဟာသတိပဋ္ဌာနသုတ်၌ "**ပစ္စုပ္ပဋ္ဌိတာ** ရှေးရှုထင်သည်" ဆိုသည်မှာ ခံစားတတ်သည့် နာမ်တရားတည်းဟူသော ဝေဒနာကွန္ဓာ၏ ပရမတ်သဘောသက်သက်ကို အထက်ပါ ပလပ်ခေါင်းဥပမာအတိုင်း သတိဖြင့် တည့်တည့်မတ်မတ် ထိပ်တိုက်ရှုမြင်ရပုံကို ဆိုလိုခြင်းဖြစ်သည်။ ခံစားမှုဝေဒနာ၏ ပရမတ်သဘောကို မမြင်ပဲ အထင်ဖြင့် မှန်းဆရှုနေခြင်း မဟုတ်သည်ကို တရားကျင့်သော ယောဂီတို့ အထူးသတိပြုပါ။

> "**ဝေဒနာသု- ဝေဒနာတို့၌ သမုဒယမမွာနုပဿီ ဝါ-** အဝိဇ္ဇာ တဏှာ "သမ္မဿ" ဟူသော ဖြစ်ကြောင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍လည်း **ဝိဟရတိ-** နေ၏။"[၁၁]

အထက်ပါစာကြောင်း၌ ဝေဒနာဖြစ်ကြောင်း တရားတို့ကို ဖော်ပြရာတွင် **သမ္မဿ** ဟူသော အာရုံနှင့်မနကို ဆက်စပ်ပေးသော အကြောင်းကြောင့် အာရုံ၏အရသာကို ခံစားသော ဝေဒနာဖြစ်သည် ဟူသော အချက် ပါရှိသည်။ ထို့ကြောင့် ဝိပဿနာအရှုဉာဏ်သည် အထက်၌ ဥပမာနှင့် ပြခဲ့သော ဘဝင်မှ အာရုံဆီသို့ ညွှတ်တတ်သော **ဖဿ**ဓာတ်နှင့် ခံစားမှုသဘော ဆောင်သည့် နာမ်ပရမတ်ဓာတ်သဘောသတ္တိကို ပိုင်းပိုင်းခြားခြား တည့်တည့်မတ်မတ် မြင်မှသာလျှင် မိမိရှုသော အရှုဉာဏ်မှန်သည်ဟု ဆုံးဖြတ်ရမည်။

> "ခံစားမှု'ဝေဒနာ'ကို မသိသည်ဖြစ်၍ ဒုက္ခဝေဒနာကို ခံစားသော ထွက်မြောက်ရာ လမ်းကို မတွေ့မြင်သောသူအား အမျက်ထွက်မှု 'ပဋိဃာနုသယ' ဖြစ်၏။"[၁၂]

ဝိပဿနာအရှုဉာဏ် မစင်ကြယ်သေးသော ယောဂီသည် အထက်ပါအတိုင်း အာရုံ၏ အရသာကို ခံစားသည့်သဘောဆောင်သည့် ဝေဒနာကွန္ဓာ နာမ်ပရမတ်ဓာတ်သဘောသတ္တိကို ပိုင်းခြားမမြင်သောကြောင့် ယင်းအပေါ် ငါခံစားရတယ်ဟု ဒိဋ္ဌိကပ်သဖြင့် အမျက်ထွက်မှု 'ပဋိဃာနုသယ' ကိန်းကာ နှလုံးမသာယာမှု ဒေါမနဿ ဖြစ်ရသည်။ ထိုယောဂီသည် နှလုံးမသာယာမှု ရှိနေသေးသရွေ့ ဝိပဿနာဉာဏ် ဆိုက်ရောက်မည်မဟုတ်ပါ။ ထို့ဒုက္ခဝေဒနာမှ ဒေါမနဿကို ရှောင်လွှဲ၍ တရားရှုမည်ဆိုလျှင် မည်သည့်နည်းဖြင့် တရားရှုစေကာမူ မဂ်ဖိုလ်မှ အလှမ်းဝေးလျက်ပင် ရှိနေမည်။

ပရိညာသုံးပါးဝင်ပုံ

ဉာတပရိညာ။ ။ရုပ်၏ ဖောက်ပြန်မှုပရမတ်သဘောကို လည်းကောင်း၊ ဒွါရနှင့် ဘဝင် (နာမ်ပရမတ်)ကို ဆက်စပ်၍ ညွှတ်ပေးနေသည့် ဖဿ(နာမ်ပရမတ်)၏သဘောကိုလည်းကောင်း၊ ဘဝင်(နာမ်ပရမတ်)၌ အာရုံ၏အရသာကို ခံစားနေသည့် ဝေဒနာ(နာမ်ပရမတ်)၏ သဘောကို လည်းကောင်း၊ ယင်းတို့၏ ကိုယ်ပိုင်သဘာဝလက္ခဏာများကို သိမြင်နေခြင်းသည် ဉာတပရိညာမည်၏။

တီရဏပရိညာ။ ။ပုံစံနှင့်တကွဖော်ပြထားသော အရှုဉာဏ်၏အာရုံပြုရာ ဖော်ပြကာမျှသာရှိသော ဖောက်ပြန်မှုရုပ်ပရမတ်၊ ထိုရုပ်ကို ဘဝင်မှ ပြေးညွှတ်နေသော မနောသမ္မဿတည်းဟူသော (နာမ်ပရမတ်)၊ အာရုံ၏ အရသာကို ခံစားနေသောဝေဒနာ (နာမ်ပရမတ်)စသော ရုပ်နာမ်တို့ကို လက္ခဏာရေးသုံးပါး (သာမညလက္ခဏာ)ဖြင့် ရှုမြင်နိုင်ခြင်းသည် တီရဏပရိညာမည်၏။

---

[၁၁] မဟာသတိပဋ္ဌာနသုတ်နိဿယ၊ ဆရာတော်ဦးဗုဒ္ဓမိတ္တ၊ ဝေဒနာနုပဿနာ၊ နာ-၇၇

[၁၂] သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ ဝေဒနာသံယုတ်၊ သဂါထာဝဂ်၊ ပဟာနသုတ်-၂၅၁ နာ-၄၀၂

http://www.dhammadownload.com

ပဟာနပရိညာ။ ။အထက်ပါရုပ်နာမ်တို့အပေါ်တွင် အရှုဉာဏ်တဒင်္ဂအခိုက်၌ အဝိဇ္ဇာ, တဏှာ, ဒိဋ္ဌိ စသော ဆိုင်ရာကိလေသာတရားတို့အား ပယ်နိုင်၍ ထိုကိလေသာတို့၏ နှိပ်စက်မှုမှ တဒင်္ဂလွတ်မြောက်သွားခြင်းသည် ပဟာနပရိညာမည်၏။

ဝေဒနာကမ္မဋ္ဌာန်းတိုင်း၌ အထက်ပါပရိညာသုံးပါး၏သဘောကို နားလည်ယူပါ။

စူဠသောတာပန်

အထက်ပါ ရုပ်နာမ်တို့ကို ပိုင်းခြားမြင်ပြီး အကြောင်းအကျိုး သုံးသပ်ဆင်ခြင်နိုင်သော အခါ ရှုဆဲအခိုက်၌ စူဠသောတာပန်ဉာဏ်ဖြင့် တဒင်္ဂပြည့်စုံသွားပြီဖြစ်သည်။

သစ္စာလေးပါးဝင်ပုံ

သုခအာရုံ ဒုက္ခအာရုံ တစ်ဖက်ဖက်၌ ကပ်ငြိလိုသော တဏှာသည် သမုဒယသစ္စာ၊ ဖောက်ပြန်မှုရုပ်နှင့် ထိုအာရုံသို့ ညွတ်နေသည့် မနောသမ္ဖဿ၊ ဘဝင်၌ အာရုံကို ခံစားမှုသဘော ဝေဒနာ (နာမ်) တို့သည် ဒုက္ခသစ္စာ၊ သုခအာရုံ ဒုက္ခအာရုံတစ်ဖက်ဖက်၌ တဏှာသည် ကပ်ငြိခွင့် မရအောင် အာရုံနှစ်ခုကို အညီအမျှသိအောင် သတိ, ဉာဏ်, ပညာ စသော မဂ္ဂင်ရှစ်ပါးအား လျော်ညီစွာ ဝီရိယထား အားထုတ်နေခြင်း (ဘောဇ္ဈင်္ဂကိုက်နေခြင်း)သည် မဂ္ဂသစ္စာ။ သုခအာရုံ ဒုက္ခအာရုံတို့ အပေါ်၌ တဖက်သတ်ကပ်ငြိလိုသော တဏှာ ချုပ်ငြိမ်းမှုနှင့် အဆိုပါ အာရုံတို့၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာကိလေသာတို့ လောကီတဒင်္ဂမဂ်ကြောင့် အလိုလိုချုပ်ငြိမ်းနေခြင်းသည် နိရောဓသစ္စာတို့ အသီးသီး ဖြစ်ကြသည်။

သတိပဋ္ဌာန်တရားလေးပါးဝင်ပုံ

ရုပ်ပရမတ် ဖောက်ပြန်မှုသဘောကို ရှုခြင်းသည် ကာယာနုပဿနာသတိပဋ္ဌာန်၊ ခံစားမှု ဝေဒနာ ပရမတ်နာမ်ကို ရှုခြင်းသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ ညွတ်မှုသဘောကိုရှုခြင်းသည် စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ထိုသုံးမျိုးတို့အပေါ်၌လက္ခဏာသုံးပါးဖြင့်ရှုခြင်းသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်မည်၏။

ထိုကဲ့သို့ ဝိပဿနာ၏ အရှုခံရာ ပရမတ်ရုပ်နာမ်များကို ယခုကဲ့သို့ တိတိကျကျ ထင်ထင်ရှားရှားသိမြင်မှသာလျှင် မိမိကျင့်စဉ်နှင့် တရားတွေ့သည်မှာ မှန်သည်ဟူ၍လည်းကောင်း၊ မိမိအား ညွှန်ကြား ပြသနည်းပေးသော ဆရာသည်လည်း မှန်သည်ဟူ၍ လည်းကောင်း ဆုံးဖြတ်ရမည်။

ပဋိစ္စသမုပ္ပါဒ် ဖြတ်သုံးဖြတ် သဘောတရား

ဘောဇ္ဈင်္ဂကိုက်၍ ဘဝင်ကျပြီးသည့်နောက် ရရှိသော သတိ, ဉာဏ်, ပညာတို့နှင့် ယှဉ်သော သမာဓိသည် ဝိပဿနာသမာဓိအဖြစ် ပြောင်းလဲပြီး ဖောက်ပြန်မှုသဘောသက်သက် ရုပ်ပရမတ်ကို လည်းကောင်း၊ အာရုံသို့ ပြေးညွတ်သော မနောသမ္ဖဿကိုလည်းကောင်း၊ အာရုံ၏အရသာကို ခံစားတတ်သော ဝေဒနာ (နာမ်)တို့ကို လည်းကောင်း ရှုမြင်နိုင်စွမ်း ရှိသွားပြီဖြစ်သည်။

http://www.dhammadownload.com

(၁)ထိုကဲ့သို့ ပစ္စုပ္ပန် ခံစားမှုသဘော ဝေဒနာ(နာမ်ဓာတ်)ကို ဝေဒနာအတိုင်း စင်ကြယ်စွာ သိသဖြင့် ဝေဒနာတွင်ရပ်ကာ ဓာတ်လေးပါးဖောက်ပြန်မှုမှ သက်သာရာကို တောင့်တသော တဏှာ ကင်းပြတ်သည်။ (ဝေဒနာမှတဏှာ တစ်ဖြတ်)၊

(၂)အထက်ပါ ပရမတ်ရုပ်နာမ်တို့ကို ပိုင်းခြားမြင်သဖြင့် အဝိဇ္ဇာချုပ်သွားပြီး အတ္တဒိဋ္ဌိနှင့်တကွ ဖြစ်သော ခန္ဓာအိမ်ကို သက်သာအောင် ပြုလုပ်လိုမှု သခ်ါရ အမျိုးမျိုး ချုပ်သွားသည်။ ၎င်းသခ်ါရတို့ ချုပ်သဖြင့် အပါယ်ပဋိသန္ဓေ ချုပ်သည်။ (သခ်ါရနှင့် ဝိညာဏ်တစ်ဖြတ်)၊

(၃)ထိုဝိညာဏ် ချုပ်ခြင်းကြောင့် ဒုဂ္ဂတိဘဝရုပ်နာမ် ချုပ်သည်။ ဘဝချုပ်သဖြင့် အပါယ်ဒုဂ္ဂတိ ဇာတိချုပ်သည်။ (ဘဝနှင့် ဇာတိတစ်ဖြတ်)

ဖောက်ပြန်မှု ပရမတ်ရုပ်၏သဘောကို သဘောအတိုင်းသိမြင်သဖြင့် မြွေလေးကောင်၏ အဆိပ်နှင့်တူသော ဓာတ်ကြီးလေးပါးနှိပ်စက်မှု ဂဟကိုက်ခြင်းမှလည်းလွတ်သည်။ ဒေါမနဿစိတ် ချုပ်သည်။ ရုပ်ဖောက်ပြန်နှိပ်စက်မှုရှိနေလျက် ရှူဆဲမှာပင် ဖောက်ပြန်နေသည်ဟု ရုပ်ပရမတ် သဘောသက်သက်ကိုသာ သိ၍ ပူသည်ဟူ၍ သိသောစိတ်၊ တင်းသည်ဟူ၍ သိသောစိတ်၊ နာတယ်ဟူ၍ သိသောစိတ်တို့နှင့် သက်သာလိုသော လောဘစိတ်၊ မခံနိုင်ဘူးဟူသော ဒေါသစိတ်၊ ခြေ, လက်, ကိုယ်, ခေါင်း စသော ဒိဋ္ဌနှင့်ယှဉ်သောစိတ်တို့ ထိုအချိန်တွင် ဖြစ်မလာတော့ပါ။ ဖြစ်စရာ မရှိ၍ ပျက်စရာလည်း မရှိတော့သဖြင့် တဏှာ, မာန, ဒိဋ္ဌစိတ်တို့ ဖြစ်ပျက်ဆုံးနေတော့သည် (လောကီတဒင်္ဂမဂ်)။ သို့သော် ဥပါဒါန် မကိန်းသော ဥပါဒါနက္ခန္ဓာ ဖြစ်သည့် အရှုဉာဏ်စိတ်နှင့် အရှုခံ ပရမတ်ရုပ်နာမ်တို့သည်ကား ဖြစ်ပျက်အစဉ်တန်းနှင့် ရှိနေသေးသည်။ ထိုအချိန်၌ ပစ္စုပ္ပန် ဥပါဒါန်နှင့်တကွ ဖြစ်သော ဥပါဒါနက္ခန္ဓာ (တဏှာ, မာန, ဒိဋ္ဌစိတ်တို့) ဖြစ်ပျက်ဆုံးသွားသည်။

မူလကွရိယာပုထ်ကို ဖျက်၍ နောင်တဖန် ပြန်ကျင့်လျှင် တဏှာ, မာန, ဒိဋ္ဌတို့ကို ဘောင်ခိုန်ကျင့်စဉ်နှင့် တဖန်ပြန်၍ ပယ်ခွာရသည်။ အလေ့အကျင့်များ၍ ဝသီဘော် အားကောင်းလာပါက ထိုဘောင်ခိုန်သမာဓိကို အလွယ်တကူ ထူထောင်နိုင်စွမ်း ရှိလာပြီး ကွရိယာပုထ်လေးပါးလုံး၌ ပရမတ်ရုပ်နာမ်တို့ကို ရှုမြင်နိုင်သည်။

အာသီဝိသောပမသုတ္တန်နှင့်ဆက်စပ်ပုံ

အထက်ပါကျင့်စဉ်ကို အာသီဝိသောပမသုတ္တန်ဖြင့် ကိုက်ညီပြရသော် ဓာတ်ကြီးလေးပါး ဖောက်ပြန်ရာ အနိဋ္ဌာရုံ တစ်ဖက်တည်းသို့ စိတ်ကိုပေါင်းလျှင် မြွေကြီးလေးကောင် အကိုက်ခံရမည်။ ထိုအခါ ငါခန္ဓာကိုယ်ပဲ ပူတယ်, တင်းတယ်, လှုပ်မယ်, ပြင်မယ်, မ,မယ်, ရွေ့မယ် ဟူသော တဏှာ, မာန, ဒိဋ္ဌ ဖြစ်ပေါ်လာသည်။ မရှိပညတ်ကို အာရုံပြုသည့် ဒိဋ္ဌဖြင့် စွဲယူအပ်သော

- ဓာတ်လေးပါးဖောက်ပြန်မှု ပူ, တင်း, ထုံ, ကျင် စသောရုပ်တရားတို့သည် ရူပုပါဒါနက္ခန္ဓာ
- ပူတယ်, တင်းတယ်, တောင့်တယ် ဟု အမည်သညာပေးသော သညုပါဒါနက္ခန္ဓာ
- ဓာတ်လေးပါးဖောက်ပြန်မှုကို အာရုံပြုခံစားသော ဝေဒနုပါဒါနက္ခန္ဓာ
- ဓာတ်လေးပါးဖောက်ပြန်မှုကို လှုပ်မယ်, ပြင်မယ် စသည်ဖြင့် နှလုံးသွင်းကြံစည်ခြင်း၊ ပြုပြင်ပေးခြင်း စသည်တို့သည် သခ်ါရုပါဒါနက္ခန္ဓာ
- ထိုပညတ်အာရုံများကို သိနေသောစိတ်သည် ဝိညာဏုပါဒါနက္ခန္ဓာ

http://www.dhammadownload.com

ထိုဥပါဒါနက္ခန္ဓာ ဖြစ်နေခြင်းသည် လူသတ်သမားငါးယောက်၏ အသတ်ခံရခြင်းနှင့် တူသည်။ နှာသီးဝထိချက် ကျဌာရုံကို တစ်ဖက်တည်း ကပ်နေမည်ဆိုလျှင် နန္ဒီရာဂတည်းဟူသော အတွင်းလူယုံ လူသတ်သမား၏ အသတ်ခံရခြင်းနှင့် တူသည်။

ဘောင်ခြိန်နည်းဖြင့် သတိ, သမာဓိ ဟူသော ဥပစာရသမာဓိမှ အပွနာသမာဓိသို့ စိတ်ကို ရောက်အောင် ပို့နေခြင်းသည် အထက်ပါ မြွေလေးကောင်၊ လူသတ်သမားငါးယောက်၊ အတွင်းလူယုံ လူသတ်သမားတို့မှ လွတ်ရာသို့ "ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ပြေးနေဘိသကဲ့သို့" တပြိုင်တည်း ပြေးနေခြင်းဖြစ်သည်။

အကုသိုလ်ဇော အလျင်ပြတ်၍ ဘဝင်ကျသွားခြင်းသည် အထက်ပါ ရန်သူသုံးမျိုးတို့ မလိုက်နိုင်တော့ပဲ ထိုရန်သူသုံးမျိုးတို့က စိတ်ကို စွန့်လွှတ်လက်မြောက် အရှုံးပေးလိုက်ခြင်းနှင့် တူသည်။

အရှုဥာဏ်သည် ဆိုခဲ့ပြီး ပရမတ်ရုပ်နာမ်နှစ်စုံ အာရုံ၌ ဧကဂ္ဂတာသမာဓိဖြင့် တည်နေခြင်းသည် ရန်သူသုံးမျိုးမှ လွတ်မြောက်ရာ နယ်မြေ၌ တည်နေခြင်းနှင့် တူသည်။ ယခု ရှုမြင်ပြီးခဲ့သော ရုပ်ပရမတ် ဖောက်ပြန်မှု၊ နာမ်ပရမတ် ညွှတ်ခံစားမှုတို့သည် အကျိုးတရား အရှုခံရုပ်နာမ်များ ဖြစ်သည်။

ဤကျင့်စဉ်၏သဘောကို သုံးသပ်ကြည့်သော် နှာသီးဝထိချက် သုခအာရုံ၌ ကပ်ငြိလိုသော လောဘ (အဘိဇ္ဈာ)၊ ဒုက္ခဝေဒနာ၌ ကပ်ငြိကာ တန့်နှံ့ဆင်းရဲခြင်း ဒေါမနဿ စသော အကုသိုလ်တရားတို့သည် စိတ်ကို မလွတ်တမ်း ဖမ်းတွယ်နေကြောင်း တွေ့ရမည်။ ထိုသုခ ဒုက္ခ အာရုံတစ်ခုခု၌ တည်နေလျှင် အဘိဇ္ဈာနှင့် ဒေါမနဿ တစ်ခုခု ကပ်နေမည်ဖြစ်သည်။ သုခ ဒုက္ခ၌ စိတ်ကို တဖက်သတ်တည်း တည်မနေအောင် သုခ ဒုက္ခအာရုံကိုပင် ကမ္မဋ္ဌာန်း ပြန်ပြုခြင်း ဖြစ်သည်။ သုခ ဒုက္ခ အစွန်းနှစ်ဖက်၌ သတိမျှထားမှု မနားခြင်းနှင့် ဝီရိယထားမှု မအားခြင်းတို့ကြောင့် တဏှာနှင့်တကွ အကုသိုလ်စေတသိက်တို့ စိတ်ကို ကပ်ခွင့်မရမှု ဖြစ်စေသည်။ သို့သော် တဏှာကလည်း စိတ်ကို သုခ ဒုက္ခ အာရုံတစ်ခုခုသို့ လိုက်လံဖမ်းကပ်ရန် အားထုတ်နေဆဲဖြစ်သည်။ စိတ်ကို တဏှာနှင့် သဒ္ဓါ သတိ စသည့် ကုသိုလ်စေတသိက်တို့ တပြိုင်တည်း ပြိုင်လုသောအကျင့် ဖြစ်သည်။ အားသာရာနိုင်မည် ဖြစ်သည်။ မိမိဘက်က နိုင်လိုသော် တွယ်ကပ်ရန် ကြိုးစားနေသည့် တဏှာ၏လက်မှ စိတ်ကို အားငါးပါး အပြည့်အဝဖြင့် နိုင်အောင် လုယူရမည်ဖြစ်သည်။ တဏှာသည် စိတ်တွင်တွယ်ကပ်ရန် နေရာ မရတော့သောအခါ တဏှာဇောအလျင် ငြိမ်းသွားသောကြောင့် ဘဝင်ငြိမ်းကျသွားသည်။ စိတ်သည် သုခဒုက္ခမှ လွတ်၍ ဥပေက္ခာဝေဒနာနှင့်ယှဉ်သော ဧကဂ္ဂတာသမာဓိသို့ ဆိုက်ရောက်သွားခြင်း ဖြစ်သည်။

ဤဘောင်ခြိန်ကျင့်စဉ်သည် ဝိပဿနာယာနိကကျင့်စဉ် ဖြစ်သဖြင့် စိတ်ကိုအုပ်ချုပ်သော တဏှာကို စိတ်၌ မကပ်ငြိအောင် သဒ္ဓါ ပညာဖြင့် တိုက်ရိုက် ပယ်ခွာပြီး စိတ်သန့်ရှင်းအောင် ကျင့်သောကျင့်စဉ်ဖြစ်သည်။ **ဆက်လက်၍ စိတ္တဝိသုဒ္ဓိကျင့်စဉ် ဒုတိယဆင့်အတိုင်း ကျင့်စဉ် တက်နိုင်သည်။**

http://www.dhammadownload.com

၃၊၁၊၂။ (၃၂)ကောဋ္ဌာသအခြေခံ ဝိပဿနာကမ္မဋ္ဌာန်း

ယခုဖော်ပြမည့် (၃၂)ကောဋ္ဌာသအခြေခံ ဝိပဿနာကမ္မဋ္ဌာန်းသည် မည်သည့် ကမ္မဋ္ဌာန်းနည်းဖြင့်မျှ အခြေခံသမာဓိ ထူထောင်ထားမှု မရှိပဲ တိုက်ရိုက်အာရုံပြု၍ ရှုပွားနိုင်သော သီးခြားကမ္မဋ္ဌာန်းနည်း ဖြစ်သည်။ ဤကျင့်စဉ်သည် ကျရိယာပုထ်လေးပါး၌ မိမိနှစ်သက်သလို ပွားများနိုင်သည်။ ပွားများသည် ဆိုရာ၌လည်း ကမ္မဋ္ဌာန်းအာရုံပေါ်မှူသည် မိမိ၏ သန္ဓါ ဆန္ဒ ဝီရိယအား အနည်းအများပေါ်၌သာ မူတည်သည်။

ဤကျင့်စဉ်မကျင့်မီ ရှေ့အဖို့၌ အောက်ပါအတိုင်း ခံယူချက်များကို မွေးမြူထားရမည်။

စိတ်သည် အာရုံ၌ အမြဲလိုလို ယိုစီးနေသည်။ ယိုစီးသမျှ အာရုံပေါ်၌လည်း ဥပါဒါန်အားဖြင့် ပြန်စွဲသည်။ ထိုဥပါဒါန်အစွဲကြောင့် ဘဝဒုက္ခရရှိခြင်းဖြစ်သည်။ သားစွဲ၊ သမီးစွဲ၊ အဖေစွဲ၊ အမေစွဲ၊ ဘဝစွဲ၊ အိုးစွဲ၊ အိမ်စွဲတို့ကြောင့် မကောင်းသောဘဝသို့ ရောက်ရှိကြရသည်။ မစွဲချင်၍ အစွဲဖြတ်မည်ဆိုလျှင်လည်း လွယ်လွယ်နှင့် ဖြတ်၍မရ။ သာသနာနှင့်လည်းကြုံ၊ လူ့ဘဝနှင့်လည်းကြုံ၊ ညွှန်ကြားပြသမည့်ဆရာနှင့်လည်း ဆုံပါလျက် ရရှိသော အခွင့်အရေးကို မယူပဲ တသံသရာလုံးက စွဲလာသော ဝတ္ထုစွဲ ကာမစွဲတို့ကို ထပ်စွဲသည့်အလုပ် ဆက်လုပ်နေမည် ဆိုလျှင် ငါ့လောက် မိုက်သည့် ပုဂ္ဂိုလ်မရှိဘူး ဟူ၍ မိမိစိတ်ကိုမိမိ ဆုံးမပါ။ သေမှ နောင်တ မရမိအောင် မသေခင် ရသမျှအချိန်ကို အချည်းနှီး အဖြစ်မခံတော့ပဲ ကြိုးစားအားထုတ်မည် ဟူသော ခံယူချက် မွေးမြူပါ။

သုံးသပ်ဆင်ခြင်ပုံ

"အမှန်မမြင်တော့ တဏှာဝင်သည်။
မှားသိတော့ ဒိဋ္ဌိငြိသည်။
လူမဟုတ်တာကို လူလုပ်မိသောကြောင့်
အပူအရှပ်နှင့် သံသရာရှည်ခဲ့ပြီ။"

ရေထည့်သောအိုးကို ဆန်အိုးဟု ခေါ်၍ မသင့်တော်။ ရေရှိပါလျက် ဆန်အိုးဟု စွဲယူခြင်းသည် အဓမ္မ စွဲယူခြင်းသာဖြစ်သည်။ ခန္ဓာ၌လည်း ရေထည့်ထားပါလျက် လူဟူ၍ ယောကျ်ားမိန်းမဟူ၍ စွပ်စွဲခြင်းသည် မတရားအဓမ္မ စွဲယူခြင်းဖြစ်သည်။ ဆံပင်၊ အကြော၊ အမျှင်၊ လက်သည်းခြေသည်း စသည် စုပေါင်းထားသော အထုပ်ကို လူ ယောကျ်ား မိန်းမ ဟူ၍ အဓမ္မစွဲယူနေခြင်းသည် မသင့်တော်။ မရှိ မဟုတ်သည်ကို အရှိအဟုတ်ထင်ပြီး ကြိမ်ဖန်များစွာ သိခဲ့၍ စွဲခဲ့ရသည်။ ၎င်းအစွဲသည် မိစ္ဆာဒိဋ္ဌိစွဲဖြစ်သည်။

အမှန်ရှိသည်ကို အမှန်အတိုင်း မကြည့်ပဲ အမှန်မရှိသည်ကို အမှန်ရှိသည်ဟု စွဲယူမိသောကြောင့် တဏှာ ဒိဋ္ဌိနှင့်တကွ ကံ, ကိလေသာတို့ ဖြစ်ရသည်။ ထိုအကုသိုလ်တရားများ ချုပ်ငြိမ်းလိုလျှင် အမှန်ရှိသည်ကို အမှန်ကြည့်ရမည်။ အမှန်သိသွားလျှင် အဓမ္မတည်းဟူသော ယောကျ်ားစွဲ၊ မိန်းမစွဲ၊ အဖေစွဲ၊ အမေစွဲ၊ သားစွဲ၊ သမီးစွဲ ပြုတ်မည်။ ဖန်တီးပြီး ရှုရသည်လည်း မဟုတ်။ ဆံပင်၊ လက်သည်း၊ မွေးညင်း၊ သွားစသော ရုပ်အစုအဝေးများကို အရှိကိုအရှိအတိုင်း သိ၍သိ၍နေအောင် ကြိမ်ဖန်များစွာရှုနေလျှင် မရှိစွဲအမှားစွဲပြုတ်ပြီး အရှိစွဲ အမှန်စွဲ စွဲလာမည်။ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း စသည့် (၃၂)ကောဋ္ဌာသ အစုအဝေးတို့သည် ယောကျ်ားမိန်းမ မဟုတ်၊ အသက်လိပ်ပြာမဟုတ်သည့် အမှန်ရှိသော ရုပ်အစုအဝေး သက်သက်မျှပါလား ဟူ၍ ဉာဏ်ဖြင့် မြင်ပြီး ကြိမ်ဖန်များစွာ ပြန်စွဲရမည်။ ၎င်းသည် သမာဒိဋ္ဌိဖြစ်သည်။

http://www.dhammadownload.com

ကျင့်စဉ်တက်ပုံ

အခြေခံအာနာပါန ကမ္မဋ္ဌာန်းကျင့်စဉ်၌ အာနာပါနသတိသမာဓိဖြင့် လည်းကောင်း၊ အမှတ်စဉ်(၆) မဟာပလ္လင်ကျင့်စဉ် အရှုညာဏ်ဖြင့်လည်းကောင်း အရိုးစုသော (၃၂)မျိုးသော ကောဋ္ဌာသတို့တွင် တစ်မျိုးမျိုးကို (သို့) အကုန်လုံးကိုပင် ရှုမြင်နိုင်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

အကယ်၍ အထက်ပါကျင့်နည်းများကို အခြေခံမှု မရှိပဲ ကျင့်လိုပါက အရိုး, အသား, အကြော စသည်တို့တွင် မိမိနှစ်သက်ရာ ကောဋ္ဌာသတစ်ခု (သို့) အားလုံးကို ဉာဏ်ဖြင့် မြင်နေရဘိသကဲ့သို့ အာရုံပြုကာ "အရိုး အရိုး" ဟူ၍လည်းကောင်း၊ "အသား အသား" ဟူ၍ လည်းကောင်း စိတ်ဖြင့် ပွားနေပါ။ စိတ်ဖြင့်ပွားရခြင်းမှာ အခြေခံ သမာဓိထူထောင်ခဲ့မှု မရှိသဖြင့် ပုံ့လွင့်မှု မရှိအောင် သည်ပေး ပွားနေရခြင်း ဖြစ်သည်။ ပွားနေရင်း စိတ်ပုံ့လွင့်မှုရှိက အာရုံယိုစီးမှုကို အလိုမလိုက်ပဲ ချက်ချင်းစိတ်ကို ကမ္မဋ္ဌာန်းအာရုံသို့ သိမ်းဆည်း၍ ပြန်ပွားပါ။

အကယ်၍ ကောဋ္ဌာသအာရုံ ထင်ရှားမှု နည်းသေးလျှင် ခန္ဓာ၏ ထင်ရှားရာ အာရုံဖြစ်သော ဆံပင်တစ်မျိုးတည်းကိုလည်းကောင်း၊ လက်သည်းတစ်မျိုးတည်းကိုလည်းကောင်း၊ အသားတစ်မျိုးတည်းကို လည်းကောင်း တစ်မျိုးချင်းစူးစိုက်၍ စိတ်ထဲတွင် စွဲနေအောင် ပွားပါ။ တံစက်မြိတ်က ကျသောရေပေါက်သည် အချက်မှန်မှန် အခိုန်များစွာကျသဖြင့် ကျောက်သားပင် ချိုင့်စားခံရသည်။ အမှန် ထင်ရှားရှိသော ရုပ်အစုအဝေးကို မြင်နိုင်ရမည်ဟူသော အလွန် ထက်သန်သော စိတ်ဆန္ဒဖြင့် ပွားလျှင် ရှုမြင်လာနိုင်ပါလိမ့်မည်။ တစ်မျိုးမြင်လျှင် ကျန်(၃၂)ကောဋ္ဌာသကိုပါ ဖြန့်၍ရှုပွားပါ။ ထိုကဲ့သို့ ပွားပါများသော် ယောဂျား, မိန်းမ ဟူသော အမှတ်သညာသည်လည်းကောင်း၊ ခြေလက်, ကိုယ်, ခေါင်းဟူသော အမှတ်သညာတို့သည် လည်းကောင်း ချုပ်၍ အရိုး, အသား, အကြောစသော (၃၂)ကောဋ္ဌာသ ဘာဝနာသညာသည် ထင်ရှားဖြစ်ပေါ်လာလိမ့်မည်။

ထိုသို့ထင်ရှားလာလျှင် "အရိုး အရိုး"ဟူ၍လည်းကောင်း၊ "အသား အသား"ဟူ၍ လည်းကောင်း စိတ်ဖြင့်သညာပေးမှု မပြုရတော့ပါ။ ထို (၃၂)ကောဋ္ဌာသ နိမိတ်ကို ဉာဏ်ဖြင့် ရှုလျက် ထိုအရိုး, အသား, အကြော စသည်တို့သည် ငါဖန်တီးတာမဟုတ်၊ ငါမဟုတ်၊ ငါဥစ္စာမဟုတ်၊ ယောဂျားမိန်းမမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ အသက်လိပ်ပြာမဟုတ်၊ အဖေ အမေတို့က ဖန်တီးထားတာလဲ မဟုတ်၊ အတိတ် (အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, ကမ္မဘဝ) အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရား နဂိုသဘာဝ ရုပ်အစုအဝေးပါလား၊ (၃၂)ကောဋ္ဌာသ ရုပ်တရားသက်သက်မျှပါလားဟူ၍ ပညာဖြင့် ပိုင်းခြား၍ ကြိမ်ဖန်များစွာ ရှုမှတ်ပွားများ ဆင်ခြင်ရမည်။

ထို(၃၂)ကောဋ္ဌာသ ရုပ်အစုဝေး၏ဖြစ်ပုံကို သမာဓိဖြင့်ရှုလျက် ပညာဖြင့်ပွားပါများသော် ရုပ်တို့၏ ပေါင်းစုနေမှုသဘော (၀၊) တစ်စစီ ဖရိုဖရဲ ဖြစ်နေမှုသဘောကို ထပ်ဆင့် သိမြင်လာသည်။ ထိုအခါ ဗဟိဒ္ဓ အာရုံအမျိုးမျိုးကိုလည်း ဉာဏ်ဖြင့်ကြည့်သော် သက်ရှိသတ္တဝါ အာရုံတို့၌ တစ်စစီ ဖရိုဖရဲ ပြိုကွဲနေပုံကို လည်းကောင်း၊ သက်မဲ့အရာဝတ္ထုတို့ (ဥပမာ-သစ်ပင်တစ်ပင်)၌ အသီး, အပွင့်, အရွက်, အခက်, အလက်, အခေါက်, အပွေး, ပင်စည် စသည်တို့ တစ်စစီ ဖရိုဖရဲ ပြိုကွဲနေပုံ သဘောကိုလည်းကောင်း မြင်နေသည်။ ထိုကဲ့သို့ အတွင်းအပြင် အမြင်အားကောင်းလာသောအခါ ဖရိုဖရဲတစ်စစီဖြစ်နေသော အာရုံအသီးသီးတို့၏ အပျက်သဘောကို မြင်သဖြင့် မူလက ယောဂျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါဟု အရှိစွဲယူခဲ့ခြင်းသည် မဟုတ်တာကို အရူးကြီးပမာ အဟုတ်ထင်နေခဲ့ခြင်း ဖြစ်သည်ကို သိကာ နောင်တကြီးစွာ ရမိတော့သည်။

http://www.dhammadownload.com

ခန္ဓာကိုယ်အတွင်းရှိ အချဲ့သလိပ်များ၊ မစင်အိတ်ကြီးများ၊ ပိုး, လောက်, သန်များ၊ သွေးတရွဲရွဲနှင့် အသားများ မြင်တွေ့ရသောအခါ အလွန်မှ စက်ဆုပ်ရွံရှာလာပြီး လွှင့်ပစ်ချင်သော စိတ်များ ဖြစ်ပေါ်လာသည်။ လူမဟုတ်သည်ကို လူဟု ထင်ခဲ့မှုကြောင့် မသတီဖွယ်ရာ အသုဘအထုပ်ချင်း ဂုဏ်ချင်းပြိုင်၊ မာနချင်းပြိုင်၊ ပစ္စည်းချင်းပြိုင်၊ အလှချင်းပြိုင်နေကြခြင်းသည် အရူးထနေကြခြင်း ဖြစ်သည်ဟုသာ သိမြင်လာတော့သည်။ အရာရာကို မသာယာစရာ အသုဘအဖြစ်သာ မြင်နေတော့သည်။ ထိုသို့အသုဘ(သဝိညာဏက)ရုပ်ဟုသာ မြင်နေသဖြင့် ဗဟိဒ္ဓအာရုံတို့ကို မကြည့်ချင်၊ မကြားချင်၊ မနံချင်၊ မစားချင်၊ မထိချင်၊ မတွေးချင်တော့ပါ။ နာမ်မည္ဆတ်ချင်တော့ပါ။ ထို့ကြောင့် နာမ်သည် ဘဝင်၌ ငြိမ်းနေသည်။ ထိုသို့ ငြိမ်းနေပြီး အာရုံအသီးသီးတို့အပေါ်၌ အတိတ်က အယူများ၊ အမှတ်များ၊ အသိများများဖြင့် စွဲယူခဲ့သည်ကို အမှားဟူ၍ ပြန်လည်ဆင်ခြင်သုံးသပ်ပြီး ပစ္စုပ္ပန်အမှန်ရှိတာကိုအမှန်ရှုပါလားဟူ၍ ကြိမ်ဖန်များစွာ ဉာဏ်ဖြင့် ပွားနေလျက် အားရကျေနပ်နေမိတော့သည်။

ဗောဇ္ဈင်(၇)ပါးဝင်လာပုံ

(၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းအာရုံကို ရှေးရှုမှုသည် သတိသမ္ဗောဇ္ဈင်၊ ထိုရုပ်အစုအဝေးပေါ်၌ အသုဘသဘော၊ အသက်လိပ်ပြာမရှိသောသဘော၊ ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ မရှိသည့်သဘော၊ အနှစ်မရှိသည့်သဘော၊ မမြဲသည့်သဘော၊ နှိပ်စက်တတ်သည့်သဘောတို့ကို ဆင်ခြင်နေခြင်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ အမှန်ရှိတာကို အမှန်သိလိုက်ရသဖြင့် ရုပ်ပေါ်၌ ဒိဋ္ဌိစွဲကျွတ်ခြင်းကြောင့် ဒိဋ္ဌိလောင်မြိုက်မှုမှ လွတ်လာသည်ကို သဘောကျနှစ်သက်နေခြင်းသည် ပီတိသမ္ဗောဇ္ဈင်၊ မိမိရှုမှတ်သည့် ကမ္မဋ္ဌာန်းနှင့် မိမိရှုမှတ်နိုင်ခဲ့ပုံတို့ကြောင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာနေမှုသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ဆက်ကာဆက်ကာ ရှုမှတ်သုံးသပ်နေခြင်းသည် ဝီရိယသမ္ဗောဇ္ဈင်၊ ကမ္မဋ္ဌာန်းအာရုံပေါ်၌ ဖြောင့်မှန်အောင်ရှုမှတ်ပွားများနေခြင်းသည် သမာဓိသမ္ဗောဇ္ဈင်၊ သုခအာရုံအပေါ်၌ ကပ်ငြိလိုမှု (အဘိဇ္ဈာ)နှင့် မနှစ်သက်ဖွယ်ရာအာရုံအပေါ်၌ နှလုံးမသာယာမှု (ဒေါမနဿ)တို့ကို စွန့်လွှတ်နေခြင်းသည် ဥပေက္ခာသမ္ဗောဇ္ဈင် စသော ဗောဇ္ဈင်တရားများ ထင်ရှားပေါ်လာသည်။

စိတ်ကလည်း အာရုံနှင့်ကင်းလွတ်၍ မနေနိုင်။ ဗဟိဒ္ဓ (၃၂)ကောဋ္ဌာသ အစု (အသီး, အပွင့် စသည့်အစု)အာရုံတို့နှင့်လည်းကောင်း၊ မိမိခန္ဓာအတွင်း အစုအဝေးတို့နှင့်လည်းကောင်း၊ ရှုပါများလာသောအခါ တစ်စစီ ပြိုကွဲပျက်စီးနေသည့်သဘောကို မြင်လာရသည်။ ကမ္မဋ္ဌာန်းနိမိတ်များကို အမြင်အားကောင်းလာသောအခါ ပေါင်းစုနေသည်ဟုမမြင်တော့ပဲ ဘယ်အာရုံကြည့်ကြည့် ကြည့်ရင်းနှင့်ပင် ဖရိုဖရဲ ပျက်စီးနေသည့် သဘောကိုသာ မြင်နေရတော့သည်။ ပြေးနေသောကားကိုပင်ကြည့်က အပျက်ပုံကြီး ရွေ့သွားနေသည်ကိုသာ မြင်နေသည်။ တွေ့ပြန်တော့လည်း အပျက်ချည်း မြင်နေသဖြင့် ထိုအပျက်များကို ကြည့်ပြီး ကြောက်ရွံ့လာကာ ဘေးဆိုးနှင့် ကြုံတွေ့နေရသလို ဖြစ်နေသည်။ ထို့ကြောင့် စိတ်သည် ဆင်းရဲမှုနှင့်သာ ကြုံတွေ့နေရတော့သည်။ ဗဟိဒ္ဓအာရုံကို စွန့်၍ နေပြန်တော့လည်း မိမိ၏ ခန္ဓာအိမ်၌မူ စိတ်သည် စွန့်လည်းမစွန့်နိုင်။ ထို့ကြောင့် တစ်စစီ ဖရိုဖရဲ ပြိုကွဲနေမှု ရုပ်၏(၃၂)ကောဋ္ဌာသ အသုဘအာရုံနှင့် မပေါင်းသင်းချင်သော်လည်း ပေါင်းသင်းနေရသဖြင့် အမြဲတမ်း စိတ်၏ ဆင်းရဲခြင်းနှင့် တွေ့ကြုံနေရသည်။

ထိုကဲ့သို့ဖြစ်နေခြင်းသည် သက်ရှိရုပ်ပေါ်၌သဝိညာဏကအသုဘအဖြစ်ဖြင့်လည်းကောင်း၊ သြကာသလောကအပေါ်၌ အဝိညာဏက အသုဘအဖြစ်ဖြင့်လည်းကောင်း မြင်နေခြင်းဖြစ်သည်။

http://www.dhammadownload.com

ထိုအမြင်အမျိုးမျိုးကြောင့် ယောဂီ၏ဉာဏ်တွင် ငါခန္ဓာကိုယ်ဟူ၍ လည်းကောင်း၊ ငါပဲဟူ၍လည်းကောင်း၊ သာယာဖွယ်ဟူ၍လည်းကောင်း စွဲယူလိုမှုများကို စွန့်လွှတ်ချင်သောစိတ်များ တဖွားဖွား ပေါ်ပေါက်နေသည်။ နောင်ဤကဲ့သို့ ဘဝနှင့်ခန္ဓာ ရရှိဦးမည်ကို မလိုချင်မတောင့်တချင်တော့ပါ။ ကာမဂုဏ်အာရုံတို့အပေါ်၌ တွယ်တာသိမ်းပိုက်လိုမှုများကိုလည်းကောင်း၊ ငါမှငါဟူ၍ မာန ထောင်လွှားမှုများကိုလည်းကောင်း စွန့်လွှတ်လိုသော စိတ်ဆန္ဒများ တဖွားဖွား ဖြစ်ပေါ်လာသည်။

ထိုကဲ့သို့ ယောဂီ၏ စိတ်ဆင်းရဲနေရခြင်းသည် ရုပ်တို့၏ သဘာဝအမှန်ကို မသိပဲ ပျက်နေတယ်၊ အသုဘပဲ၊ ရွံစရာပဲ စသည်ဖြင့် သညာပေး ရှုသိနေခြင်းကြောင့်လည်းကောင်း၊ ထိုရုပ်ပျက်အာရုံတို့၏ ဓမ္မသက်သက်ကို မသိမြင်သေး၍လည်းကောင်း၊ မသိချင်လည်းသိ၊ သိချင်လည်းသိနေရသဖြင့် ဆင်းရဲနေခြင်း ဖြစ်သည်။

ထိုအခါ ယောဂီသည် ဆင်ခြင်၏။ ဒီရုပ် တစ်စစီဖြစ်နေမှုအာရုံကို ပြန်လည် သုံးသပ်ဖြေရှင်းမှသာလျှင် လွတ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ရုပ်တို့၏ တစ်စစီဖြစ်နေမှုကို အာရုံမယူတော့ပဲ ဒီရုပ်ပျက်တို့သည် ဘယ်လိုကြောင့်ဖြစ်လာတာလဲ၊ ဘယ်သဘောလဲဟု အကြောင်းကို ရှာဖွေ သုံးသပ်လိုသော ဆန္ဒများ ဖြစ်ပေါ်လာသည်။ ထိုမှ **ဆက်၍ ကျင့်စဉ်တက်နိုင်ရန် ရှေ့တွင် ရေးသားဖော်ပြမည့် ဓာတ်လေးပါးကျင့်စဉ်နှင့် ဘဝင်ပိုင်းကျင့်စဉ်တို့ကို ကျင့်ကြံ အားထုတ်ပါ။**

မှတ်ချက်။ ။(၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းအာရုံသည် သမထနိမိတ်ဟုဆိုပြီး ဝိပဿနာဉာဏ်၏ အာရုံမဟုတ်ဟုယူဆကြသည်။ ဝိပဿနာဉာဏ်ဟူသည် အရိပ်နိမိတ်မရှိသော သဘောသက်သက်မျှသာ ရှုရသည်။ (၃၂)ကောဋ္ဌာသအာရုံသည် သဏ္ဌာန်နိမိတ်ရှိသဖြင့် ဝိပဿနာမဟုတ်ဟုဆိုကာ ထိုကမ္မဋ္ဌာန်း နိမိတ်ကို ဖျက်ပစ်ကြသည်။ သဘောဆိုသည်မှာ ဉာဏ်၏အရာဖြစ်သည်။ ထိုဉာဏ်၏ အာရုံပြုရာသည် ရုပ်နှင့်နာမ် နှစ်မျိုးသာရှိသည်။ အခန်း(၁)၌ ရုပ်အဆင့်ဆင့်ကို ခွဲခြားခဲ့ပြီးပြီ။ အန္ဓပုထုဇဉ်တို့သည် ရုပ်အပေါ်၌ ခြေ, လက်, ကိုယ်, ခေါင်း၊ ယောကျ်ား, မိန်းမ၊ ခွေး, ဌက်, ကြက် စသည်ဖြင့် အဝိဇ္ဇာမာနပညတ် အရှိစွဲစွဲထားသည်။ ထိုပညတ်စွဲကို (၃၂)ကောဋ္ဌာသပညတ်ဖြင့် အစားထိုးပြောင်းသိကာ ပယ်ခွာလိုက်သည်။ အရိုးစုပညတ် အာရုံပြုနိုင်သဖြင့် ယောကျ်ား မိန်းမ ခြေ လက် ကိုယ် ခေါင်း ပညတ်ချုပ်ငြိမ်းသည်။ အရိုးစုဟု သိနေသေးလျှင် သမထအာရုံဖြစ်သည်။ ထိုအရိုးစု၏သဘောကို ဉာဏ်ဖြင့်သုံးသပ်သောအခါ ဝိပဿနာဖြစ်သည်။ ထိုသဘောကိုမြင်သဖြင့် ယောကျ်ား မိန်းမ စသော ဒိဋ္ဌိပြုတ်သည်။ ကာမ, ရာဂ, ဒေါသတို့ကို အရှုဉာဏ် တဒင်္ဂ်ပယ်သည်။ သဘောကိုမသုံးသပ်ပဲ အာရုံအရှိအတိုင်းသိနေပါက ရုပ်ကိုမြင်လည်းသမထ၊ နာမ်ကို မြင်လည်းသမထသာ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုရုပ်နာမ်တို့သည် အာရုံပြုသော စိတ်အား ကိလေသာမှ ငြိမ်းအေးစေသောကြောင့် ဖြစ်သည်။ ဉာဏ်အားဖြင့် သုံးသပ်လျှင်မူ ဝိပဿနာသဘောကို ဆောင်သည်။ ထိုသဘောကို တရားကျင့်သောယောဂီတို့ အထူးသတိပြုပါ။

http://www.dhammadownload.com

၃၊၁၊၃။ ဓာတ်လေးပါးအခြေခံ ဝိပဿနာကမ္မဋ္ဌာန်း

ယခုဖော်ပြမည့် ဓာတ်လေးပါးအခြေခံ ဝိပဿနာကမ္မဋ္ဌာန်းသည် မည်သည့် ကမ္မဋ္ဌာန်းနည်းဖြင့်မျှ အခြေခံသမာဓိ ထူထောင်ထားမှု မရှိပဲ တိုက်ရိုက်အာရုံပြု၍ ရှုပွားနိုင်သော သီးခြားကမ္မဋ္ဌာန်းနည်း ဖြစ်သည်။ ထို့ကြောင့် ဤဓာတ်လေးပါးကမ္မဋ္ဌာန်းကို ရှေ့၌ဖော်ပြခဲ့သောကမ္မဋ္ဌာန်းအားလုံးကို ကြိုတင်ကျင့်ကြံထားမှုမရှိပဲ ကျင့်နိုင်သည်။ ဓာတ်လေးပါးသက်သက် ရှုမှုသည် ကာယာနုပဿနာသတိပဋ္ဌာန် ဖြစ်၍ ဓာတ်လေးပါးဖောက်ပြန်မှု၏ ဣဋ္ဌ အနိဋ္ဌ ရသကို ခံစားသော နာမ်၏လက္ခဏာကို ရှုမှုသည် ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြစ်သည်။

ကျင့်စဉ်တက်ပုံ

ခန္ဓာ၏ (ဣရိယာပုထ်) ထူးခြားသော (ဝါ) ထင်ရှားသော အာရုံဖြစ်သည့် ပကတိ ရှုနေသော ဝင်လေ ထွက်လေကို အာရုံယူလိုက်ပါ။ မိမိအလိုဖြင့် ရှုရှိုက်မှု မပြုရ။ ထိုအခါ ပြင်ပဝါယောဓာတ်က အလိုလို ပြုပြင်သည့်သဘောဖြင့် ပြင်ပမှအတွင်းသို့ တွန်းဝင်လာလိုက်၊ သူ့အလိုလိုရပ်သွားပြီး တဖန် သူ့အလိုလို အတွင်းမှ ပြင်ပသို့ကန်ထွက်သွားလိုက် ဖြစ်နေသည်ကို သတိထားရှုကြည့်နေပါ။ ထိုသို့ တွန်းတလှည့် ကန်တလှည့် အပြန်အလှန် ဖြစ်နေသည့် သဘောကို သတိအစဉ်ထားရှုကြည့်နေပါ။

သေချာစွာ ဆန်းစစ်ကြည့်လိုက်ပါ။ ဤရုပ်ခန္ဓာကြီး၏ ပကတိသဘောသည် ပြင်ပဝါယောဓာတ်ကို သွင်းယူလိုက်၊ တဖန် အတွင်းမှ ကန်ထုတ်လိုက် သဘောဆောင်နေသည်ကို ဉာဏ်ဖြင့် ကြည့်ပါ။ ထိုသို့ တွန်းတလှည့် ကန်တလှည့် ဖြစ်အောင် ပြုပြင်သည့်သဘောသည် ငါ့ရုပ်လား၊ ငါ့သဘောလား၊ ငါ့အတွက် ငါပြုပြင်နေတာလား (သို့) ငါပြုပြင်ပေးနေတာမဟုတ်ပဲ သူ့သဘောသူဆောင်နေတာလားဟု စိစစ်ကြည့်ရမည်။ အကယ်၍ အိပ်သည့်အခါ၌လည်း ဤကဲ့သို့ ရှုရှိုက်နေသည်။ သူ့သဘောသူဆောင်ကာ ရှုရှိုက်နေသည်ကို မိမိအနေနှင့် ပြုလုပ်နေရသလား၊ သို့တည်းမဟုတ် မိမိအနေဖြင့် မပြုလုပ်ပဲ သူ့သဘာဝ သူ့သဘောသူဆောင်ပြီး ရှုရှိုက်နေတာလားဟု သုံးသပ်ကြည့်ပါ။ အိပ်ပျော်နေစဉ် ငါရှုရှိုက်နေတာ မဟုတ်သည့်သဘောကို သံသယမရှိ သိပါလိမ့်မည်။ ဤသို့ဆိုလျှင် ငါရှုရှိုက်နေတာ မဟုတ်။ အိပ်ပျော်နေခြင်းကြောင့် ဘာမှမသိ၊ "ငါ ရှုလည်းရှုရ၊ အိပ်လည်းအိပ်ရ၊ ရှိုက်လည်းရှိုက်ရ"ဟူ၍လည်း သုံးသပ်ခြင်းမရှိပေ။ ထိုသဘောတို့ကို ဆန်းစစ်ကြည့်မည်ဆိုလျှင် တွန်းတလှည့် ကန်တလှည့် ရှုရှိုက်နေမှုသည် ငါရှုတာမဟုတ်၊ ငါရှိုက်တာမဟုတ်၊ ငါမဟုတ်၊ တိုက်တွန်းသူမရှိ၊ နှိုးဆော်သူလည်းမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိပါလား ဟူ၍ သုံးသပ်နေပါ။ ဤခန္ဓာအိမ်ကြီးသည် ကံသတ္တိအဟုန်ကြောင့် သူ့အလိုလို ပြုပြင်နေသည့်သဘောပါလားဟု ဉာဏ်ဖြင့် စွဲမြဲအောင် ကြိမ်ဖန်များစွာ သုံးသပ်ပေးပါ။

ဤကဲ့သို့အားဖြင့် ထမင်းစားနေသည့်အခါတွင်လည်းကောင်း၊ ရေချိုးနေသည့်အခါတွင်လည်းကောင်း၊ လမ်းလျှောက်နေသည့်အခါတွင် လည်းကောင်း၊ စကားပြောနေသည့်အခါတွင်လည်းကောင်း၊ အချိန်မရွေး နေရာမရွေး ရှုရှိုက်နေခြင်းသည် ငါ့သဘော မဟုတ်ပါလား။ ငါ့သား ငါ့မယားနှင့် ငါ့ကိုယ်ဖြစ်အောင် ငါဖန်တီးထားသည် မှန်ခဲ့လျှင် မအိုအောင် မနာအောင် မသေအောင်လည်း ဖန်တီးနိုင်ရမည်။ ယခု ဤရုပ်ကြီး ငါဖန်တီးထားလို့ ငါအသက် ရှင်နေတာ မဟုတ်ပါလား။ သူ့သဘော သူဆောင်၊ သူ့အလုပ်သူလုပ်၊ နဂိုရုပ်ကြီးပါလား။ ငါ့ရုပ်မဟုတ်၊ ငါ့ခန္ဓာ မဟုတ်ပါလားဟု ဆင်ခြင် သုံးသပ်နေပါ။ တွန်းကန်ရှုရှိုက်နေသည့်သဘောကိုလည်း သတိမပြတ်ထားနေပါ (သတိသမ္ဗောဇ္ဈင်နှင့်ဓမ္မဝိစယသမ္ဗောဇ္ဈင်)။ ထိုဝါယောဓာတ်ဆောင်နေမှုကို မှန်မှန်ရှုပွားနေရင်း ဝါယော၏ထူးခြားမှုသတ္တိတစ်ခု ထပ်ဆင့်ပေါ်လာသည်။ ဝင်လေဝင်သည့်အခါ

http://www.dhammadownload.com

အေးသဘောဆောင်ပြီး ထွက်လေပြန်ထွက်သည့်အခါ နွေးသဘောဆောင်နေသည် (တေဇော လက္ခဏာ)ကို ထင်ရှား သိမြင်လာသည်။ အေးတလှည့် နွေးတလှည့် (တေဇော)၊ တွန်းတလှည့် ကန်တလှည့် (ဝါယော) ဖြစ်သည်ကို မှန်မှန် သတိထားနေပါ။

ခန္ဓာအိမ်ကြီးသည် ပြင်ပဝါယော၊ တေဇောတို့ကို ခန္ဓာအတွင်းသို့ အာဟာရအဖြစ် အလိုလို ထောက်ပံ့နေသည့် သဘောကို မြင်လာပါလိမ့်မည်။ လေလို၍ လေဖြည့်နေသည့် သဘောနှင့် အပူအအေး လို၍ အပူအအေး ဖြည့်နေသည့်သဘောကို ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်နေပါ။ တွန်းလေသည် မည်သည့်နေရာက စတင်မှန်း မသိပဲ ဝင်ရောက်လာပြီး ကန်လေသည်လည်း ဘယ်ကစတင်လာမှန်းမသိပဲ ပြန်ထွက်သွားသည်။ တည်ငြိမ်မှုမရှိ။ အမြဲတမ်း ပြောင်းလဲနေသည်။ တွန်းပြီးလျှင်ကန်၊ ကန်ပြီးလျှင်တွန်း၊ အေးပြီးလျှင်နွေး၊ နွေးပြီးလျှင်အေး၊ ပြောင်းလဲနေသည့်သဘောကိုလည်း ရှုနေပါ။ ပြုပြင်တတ်သည့် ရုပ်သဘောသည် အမှန်ရှိပြီး ပြုပြင်ပေးသူ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာမရှိကြောင်းကိုလည်း ဉာဏ်ဖြင့်မြင်အောင် ရှုနေပါ။ ထိုပြုပြင်တတ်သည့် ရုပ်တရား ဝါယောဓာတ် တွန်းကန်မှု မပြုနိုင်အောင် (ဝါ) ဝင်လေထွက်လေကို ရပ်သွားအောင် မိမိ(အတ္တ)အလိုဖြင့် တားဆီးရပ်ကြည့်ပါ။ တားဆီး၍မရပဲ တားဆီးသူမိမိ(အတ္တ)က အရှုံးပေးလိုက်ရပါလိမ့်မည်။ ရုပ်သဒ္ဒါရတရားတို့သည် ပြုပြင်သူမရှိပဲ အလိုလို ပြုပြင်မှုသဘောဆောင်သလို ဖျက်ဆီးသူ မရှိပဲ သူ့သဘောအတိုင်း အလိုလို ချုပ်ငြိမ်းသွားသည့် သဘောကိုလည်း ဉာဏ်ဖြင့်ရှုဆင်ခြင်နေပါ။

ငါရှုတာ ငါရိုက်တာလည်းမဟုတ်၊ အေးလေဖြစ်အောင် ငါဖန်တီးတာလည်းမဟုတ်၊ နွေးလေ ဖြစ်အောင် ငါဖန်တီးတာလည်းမဟုတ်။ အေးမှု, နွေးမှု, တွန်းမှု, ကန်မှု, အပြန်အလှန် ပြောင်းလဲဆောင်နေမှုနှင့် အလိုလိုဖြစ်ပေါ်လာမှု၊ အလိုလိုချုပ်မှု၊ အလိုလိုဆောင်မှု စသည့် ရုပ်သဒ္ဒါရ အနိစ္စချက် အနတ္တချက်ကိုပါ ဉာဏ်မှာပေါ်အောင် နှလုံးသွင်းဆင်ခြင်ရင်း ထွက်လေ, ဝင်လေကို အစဉ်သတိထားနေပါ။

ဆက်လက် ရှုနေလျှင် ခန္ဓာအိမ်သည် စက်ရုပ်ပမာ ဆောင်နေသည်ကို အရှုဉာဏ်ဖြင့် တွေ့ရပါလိမ့်မည်။ အရုပ်သဖွယ် ဖြစ်မှန်းသိလေ ကြည့်ရှုနေရသည်မှာ ဓမ္မသဘောပေါ်လေ ဖြစ်ကာ မိမိရှုနေရသည်ကို ပီတိဖြစ်လာသည် (ပီတိသမ္ဗောဇ္ဈင်)။ မိမိတရားရှုမြင်မှုအပေါ် ကျေနပ်လာသည် (ပဿဒ္ဓိသမ္ဗောဇ္ဈင်)။ ငါ့ရုပ်မဟုတ်၊ ငါ့သဘောမဟုတ်၊ သဘာဝဓမ္မရုပ်၊ လေရုပ်၊ မီးရုပ်ကြီးပါလား။ အလိုလို ပြုပြင်တတ်သည့် သဘောဆောင်သည့် ရုပ်ကြီးပါလားဟု ဉာဏ်မှာပို၍ ထင်ရှားလာသည်။

ဤကဲ့သို့ ရှုနေရင်း အမြင်အားကောင်းလာပြီး ပြင်ပလေ တိုးဝင်လာသည့်အခါ ရင်ဘတ် မြင့်တက်လာပြီး ဗိုက်ဖောင်းလာလိုက်၊ အတွင်းလေ ပြန်ထွက်လာသောအခါ ရင်ဘတ်နိမ့်ဆင်းပြီး ဗိုက်ပိန်သွားလိုက်၊ နိမ့်လိုက် မြင့်လိုက် ဖောင်းလိုက် ပိန်လိုက် (အမူအရာ) သူ့သဘောသူ ဆောင်နေသည့် ပထဝီဓာတ် ဝါယောဓာတ်တို့၏ သဒ္ဒါရ အနတ္တလက္ခဏာနှင့် အနိစ္စလက္ခဏာ သဘောကို ဆင်ခြင်နေပါ။ ကြာလေ အမြင်သန်လေဖြစ်ပြီး အမြင်ရှင်းလာပါလိမ့်မည်။ အရှုဉာဏ် တည်ငြိမ်လာသောအခါ ဗိုက်ဟူ၍ မသိတော့ပဲ ပြောင်းလဲနေမှု သဘောသက်သက်ကိုသာ သိလာပါလိမ့်မည်။ ထိုပထဝီဓာတ်(ဝမ်းဗိုက်)၏ သဘောသည်လည်း သဒ္ဒါရသဘောပေတည်း။ ငါ့ကိုယ်မဟုတ်၊ ငါမဟုတ်၊ သူ့သဘော၊ သူ့အလုပ် အသက်လိပ်ပြာ ပုဂ္ဂိုလ်သတ္တဝါ မရှိသည့် သဘောကို ဉာဏ်ဖြင့်သိ၍ဆင်ခြင်နေပါ။

ဝင်လေ ထွက်လေနှင့် ပူမှု, အေးမှု, ဖောင်းမှု, ပိန်မှု, နိမ့်မှု, မြင့်မှု သဘောတို့ကို လက္ခဏာအမြင်အား ကောင်းလာသည်နှင့်အမျှ ဝီရိယစိုက်ထုတ်ရှုမှု (ဝီရိယသမ္ဗောဇ္ဈင်)

http://www.dhammadownload.com

ထက်သန်လာပါသည်။ တဖြည်းဖြည်း ဝင်လေထွက်လေ နူးညံ့လာပါလိမ့်မည်။ နူးညံ့ရာမှ သိမ်မွေ့သည်အထိဖြစ်လာပါလိမ့်မည်။ ထိုအခါ အရှူနူးညံ့မှုမှ အသိတစ်မျိုး ထင်ရှားလာပါသည်။ ရင်ဘတ်အတွင်းမှ တဒိတ်ဒိတ်နှင့် စက်ကလေးတစ်လုံး မောင်းနေသည့်သဖွယ် နှလုံးအိမ်မှ သွေးများကို ညှစ်ထုတ်နေသည့် နှလုံးခုန်မှုကို သိလာပြီး နှလုံးတစ်ချက် ခုန်တိုင်း ခန္ဓာအိမ်တစ်ခါ လှုပ်သွားသည်။ နှလုံးခုန်မှုက မှန်မှန် ဆက်တိုက် မရပ်မနား ခုန်နေသဖြင့် ခန္ဓာအိမ်ကလည်း မရပ်မနား သိမ်မွေ့စွာ တုန်ခါနေသည်ကို တွေ့ရှိလာသည်။ ထိုသဘောပေါ်လာလျှင် ဝင်လေထွက်လေ အာရုံနှင့် ဖောင်းမှုပိန်မှုအာရုံ၌ နှလုံးသွင်းရှုနေမှုကို စွန့်၍ နှလုံးခုန်မှုနှင့် ခန္ဓာအိမ် တုန်ခါမှုတို့၏ သဘောကို အာရုံပြောင်းရှုပါ။ အသက်မရှိသကဲ့သို့ ဖြစ်နေသော ပကတိရုပ်တုံးရုပ်ခဲကြီးသည် ကမ္မဇဝါယောသတ္တိ၏ အစွမ်းကြောင့် ကံရထား မောင်းနေဘိသကဲ့သို့ သူ့အလုပ်သူ့သဘာဝ သူဆောင်နေသည်ကို တွေ့ရှိပြီး ဓာတ်လေးပါးတို့၏ အနတ္တသဘောသည် ပို၍ပို၍ ထင်ရှားလာသည်။ ငါမဟုတ်၊ ငါ့ခန္ဓာမဟုတ်၊ ငါပြုပြင်တာလည်းမဟုတ်၊ အသက်လိပ်ပြာ အရှိသဘောလည်း မဟုတ်ဟု ဉာဏ်မှာ ထင်ရှားလာသည်။

သူ့သဘောသက်သက်ကို သိကာမျှ ကြည့်ကာမျှရှုနေရင်း နားထဲမှ နှလုံးတစ်ချက်ခုန်တိုင်း သွေးကြောများထဲမှ "ဖျည်း" ကနဲအသံပေါ်လျက် သွေးများဖြစ်ညှစ်တိုးထွက်နေသည်ကို သိရှိလာပြီး စက်ရုပ်နှင့်တူသော ခန္ဓာကြီး၏ သဘောသဘာဝများကို ပို၍သိမြင်လာသည်။ ထိုသွေးကြောများ ညှစ်ပန်းထွက်နေမှုကို ရှုကြည့်သောအခါ ရေပိုက်မှရေများ ပန်းထွက်နေသည့်သဘော မြင်လာပြီး ရေထည့်ထားသော အထုပ်ကြီးပါလား။ ရေတွေပဲရှိ၊ လူမရှိပါလား။ အသက်လိပ်ပြာ ပုဂ္ဂိုလ်သတ္တဝါ ဟူ၍ မရှိပါလား။ ထိုသွေးရည်တွေကို ဝါယောဓာတ်က တွန်းထုတ်နေပါလား။ သွေးများ တစ်ချက် ပန်းထွက်တိုင်း ပူနွေးမှုဓာတ် ဖြစ်ပေါ်လာသည်ကိုလည်း သိမြင်နေရသည်။ တွန်းကန်တတ်သော သဘောဆောင်သည့် ဝါယောဓာတ်၊ ယိုစီးတတ်သော သဘောဆောင်သည့် အာပေါဓာတ်၊ ပူနွေးတတ်သော သဘောဆောင်သည့် တေဇောဓာတ်၊ ဓာတ်တို့စုပေါင်းဖွဲ့ထားသော ဓာတ်တုံး ဓာတ်ခဲကြီးပါလားဟု ဉာဏ်မှာ မြင်လာပါသည်။ ခန္ဓာကိုယ်တစ်ခုလုံး ခြုံကြည့်လိုက်သောအခါ တွန်းလိုက်, ကန်လိုက်, အေးလိုက်, နွေးလိုက်, မြင့်လိုက်, နိမ့်လိုက် ဖြစ်နေပုံနှင့် နှလုံးတုန်ခါမှု၊ သွေးများ ညှစ်ပန်းနေမှု စသည်တို့ကို ခြုံ၍ တွေ့မြင်လာသည်။ ခန္ဓာ၏ ဓမ္မသဘာဝ အနတ္တလက္ခဏာ၊ အနိစ္စလက္ခဏာ ထင်ရှားသည်ထက် ထင်ရှားလာပါသည်။ တရားကျင့်ခြိန် တစ်နာရီမျှ ကြာလာသော် အောက်ပိုင်းခန္ဓာအစုမှ ပူလိုက်, ထုံလိုက်, ကျင်လိုက်, ကိုက်လိုက်, ခဲလိုက်, အောင့်လိုက်, စူးလိုက် စသော ဖောက်ပြန်နေသည့် သဘောအမျိုးမျိုးကို ထင်ရှားစွာ တွေ့မြင်လာပါသည်။

ထိုသို့ ဖောက်ပြန်မှုကြောင့် ဆင်းရဲရသည့် သဘောကိုလည်း ခံစားရသည်။ ထိုသဘောတရားတို့သည် ရုပ်၏ ဒုက္ခလက္ခဏာသဘောများ ဖြစ်သည်။ ကောင်းကောင်း ကျွေးသမျှ၊ ကောင်းကောင်း မွေးသမျှ၊ ကောင်းကောင်း အိပ်သမျှ၊ ကောင်းကောင်း ရေချိုးပေးသမျှ အနှစ်ချုပ် ကြည့်လိုက်တော့ ကောင်းတဲ့ ချမ်းသာတဲ့ သဘောတွေ ဖြစ်မလာပဲ ရက်စက်ဖို့၊ အဆိပ်အားပေးဖို့ ပြုလုပ်ပေးနေရပါလားဟု ဉာဏ်မှာ သိမြင်လာသည်။ ခန္ဓာရခြင်းသည် ရက်စက်မည့် ဒုက္ခရခြင်းပါလား၊ ခန္ဓာ၏အလုပ်သည် ရက်စက်သည့် အလုပ်ပါလားဟု ခန္ဓာ၏ ဘေးဒုက္ခကို တွေ့မြင်လာပါသည်။ ဖောက်ပြန်နေသောသဘောတို့တွင် တင်း, တောင့်, ထုံ, ကျင်, ကိုက်ခဲနေမှု၊ မာမှု၊ လေးမှုသဘောကို ရှုကြည့်သောအခါ တင်းရာမှထုံ၊ ထုံရာမှကျင်၊ ကျင်ရာမှကိုက် ပြောင်းလဲဖောက်ပြန်နေသည့် ပြုပြင်စီရင်နေသည့် ပထဝီဓာတ်၏သဘောကိုလည်း

http://www.dhammadownload.com

အသက် လိပ်ပြာမရှိ၊ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ယောက်ျားမိန်းမ မရှိပုံကိုလည်း ဉာဏ်ဖြင့်သုံးသပ် စစ်ဆေးကြည့်ရှုနေပါ။

ထိုဘေးဒုက္ခကို ကြည့်ရင်း ခန္ဓာကိုယ်မှ စေးကပ်သည့်သဘော အာပေါဓာတ်(ချွေး)များ ကျလာသည်ကိုလည်း သိရှိလာပြီး ရေတွေ ထွက်လာပါလား၊ ရေထုပ်ကြီးပါလား၊ လေတွေ ထည့်ထားတဲ့ လေထုပ်၊ ရေပူ, ရေအေး၊ လေပူ, လေအေးတွေ စုပေါင်းဖွဲ့စည်းထားပါလား၊ ဓာတ်တုံးဓာတ်ခဲကြီးပါလား၊ လူတုံးလူခဲ မဟုတ်ပါလား ဟူ၍ သိမြင်လာပါသည်။ ကြာလေ ဤသဘောတရားများကို ကြည့်ရှုလေ ရုပ်ခန္ဓာ၏ သဘာဝနှင့် သဘောကို မြင်လာလေဖြစ်ကာ ရုပ်ခန္ဓာကြီး၏ ဒုက္ခကို မြင်၍ မုန်းလာသည်။ ရုပ်ခန္ဓာ၏ အနတ္တလက္ခဏာကို မြင်၍ ငါ့ကိုယ်ဟု စွဲရမည်ကိုပင် မုန်းလာသည်။ မည်သည့်နေရာကိုရှုရှု မြဲတဲ့သဘောကို ရှာမတွေ့မှန်း ပို၍ပို၍ သိမြင်လာသည်။

ထိုမှတဆင့် ဉာဏ်ဖြန့်၍ရှုကြည့်သောအခါ စားသမျှ အာဟာရတို့သည်လည်း ပူမှု၊ အေးမှု၊ တွန်းမှု၊ ကန်မှု၊ ယိုစီးမှု၊ ဖွဲ့စည်းမှု မကင်းသည့် ပထဝီ စသော ဓာတ်လေးပါးသဘောဟု ဉာဏ်၌ မြင်လာသည်။

တရားထိုင်ပြီးလျှင်လည်း စားသည့်အခါ စားရာထမင်းဟင်းတို့ကို အသက်လိပ်ပြာမရှိ၊ ငါမဟုတ်၊ ထိုမြင်တွေ့ရသော ထမင်း အသားနှင့်တကွ အရွက်တို့သည် ဓာတ်လေးပါးသာ ဖြစ်သည်ဟု အရှိသဘောကို ဉာဏ်ဖြင့် အမှန်သိအောင် ရှုကြည့်ပါ။ ဓာတ်လေးပါး ပေါင်းစည်းမှု အာဟာရကို မှီ၍ သည်ရုပ် ဆက်လက် တည်တံ့နေသည့်သဘော၊ ဆက်လက် တိုးပွားနေသည့် သဘောကို ဉာဏ်ဖြင့် ပွားများဆင်ခြင်ပါ။ မွေးတုန်းကလည်း နို့ရည်ဖြင့် ကြီးပြင်းရသည်။ အမိဝမ်းတွင်းမှာလည်း အမိထဲမှ ရရှိသည့် အာဟာရဖြင့် ကြီးထွားရသည်။ စားနိုင်တဲ့ အရွယ်ကျတော့လည်း တခြားအသားအမျိုးမျိုး၊ အရွက် အသီး အပွင့် ဥတို့နှင့် ဖြည့်ဆည်းခဲ့ရသည်။ လူသားဆိုပြီး လူ၏အသားတွေ စား၍ ကြီးထွားလာသည် မဟုတ်ပါ။ ထို့ကြောင့် လူမဟုတ်၊ ယောက်ျား မိန်းမ မဟုတ်၊ ရေ မြေ လေ မီး ဓာတ်ကြီးလေးပါးနှင့် ဖွဲ့စည်းထားတာပါလား။ ဓာတ်ကြီးလေးပါးသည်သာ အရှိသဘောပါလား။ မရှိတာက ငါမရှိ၊ ငါ့ခန္ဓာမရှိ၊ ငါ့အသက်လိပ်ပြာမရှိ၊ ယောက်ျားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ မရှိပါလား စသော မရှိသဘောကို မရှိသဘောအတိုင်း စွဲအောင်၊ ယုံကြည်သည်ထက်ယုံကြည်လာအောင်၊ အမြင်စင်ကြယ်သည်ထက်စင်ကြယ်လာအောင် ရှေးရှုလျက် မရပ်မနား တရစပ် ရှုမှတ်ပွားများနေရမည်။*

ရှိသဘောဖြစ်သော ဓာတ်လေးပါး၏ သဘောတို့ကို ရေသောက်တိုင်း ထမင်းစားတိုင်း တွန်းလေ ကန်လေ ပေါ်တိုင်း အေးတိုင်း နွေးတိုင်း ဓာတ်သတ္တိများကို ဉာဏ်မှာမြင်ပြီး ဓာတ်တုံးဓာတ်ခဲကြီး အမှန်ရှိနေပါလားဟူ၍ အရှိကိုအရှိအတိုင်း စွဲအောင်

---

* တရားရှုသည်ဆိုသည်မှာ လေ့လာရေးသက်သက်မဟုတ်၊ အပျော်ခရီးထွက်သူတို့ကဲ့သို့လည်းမဟုတ်၊ လောကစီးပွားရှာသကဲ့သို့ သင်တန်းတက်သည်လည်းမဟုတ်၊ ခံယူချက်, သုံးသပ်ချက်, ဆုံးဖြတ်ချက်များကို ဉာဏ်မြင်သလောက် ရွှမ်းရမည်။ ပွားရမည် ဆိုသည်မှာလည်း ဆရာခိုင်း၍ လုပ်ရသည်၊ ဆရာသင်၍ မှတ်ရသည့် သဘောမျိုးနှင့် တာဝန်ကျေလုပ်ရသည့် သဘောနှင့်လည်း မပွားရ။ နေ့စားသမားလို တနေကုန်လျှင်ပြီးရော သဘောမျိုးနှင့် ရွှမ်းရသည်မဟုတ်။ ခံယူချက်အပြည့်ဖြင့် သဘော သဘာဝတွေကို အရှိ အရှိအတိုင်း သိလာသည်နှင့်အမျှ အမြင်မှန်ရလာပြီးလျှင် ထိုအမြင်မှန်ကို မောဟအမိုက်မှောင် ပြန်မဖုံးမိအောင် ကြိုးစားပွားများရသည်။ တရားရှာ ခန္ဓာမှာဆိုသကဲ့သို့ ခန္ဓာမှာ ရှာ၍တွေ့သည့် တရားသဘောကို သိလျှင်ပြီးရောနှင့်လည်း တရားမရ၊ မဂ်မရ၊ စိတ်မပြောင်းပါ။ သံသရာဘေး၊ ခန္ဓာဘေးကို ကြောက်ပြီး ဒီသာသနာမှာ ဒီခန္ဓာနှင့်ရင်းပြီး ဘုရား နောက်လိုက်မည်။ နိဗ္ဗာန်ဝင်မည်ဟူသော အဓိဋ္ဌာန်မျိုးနှင့် စိတ်အားသန်သန်ဖြင့် အားထုတ်ပွားများရမည်။

http://www.dhammadownload.com

(အသိမြဲအောင်) ဉာဏ်မှာမြင်ပြီး ကြိမ်ဖန်များစွာ ပွားရမည်။ ဓားအတုံးကို မထက်မချင်း ကြိမ်ဖန်များစွာ ကျောက်နှင့်ပွတ်ကာ သွေးသကဲ့သို့ ဓာတ်လေးပါးသာ အမှန်ရှိနေပါလား ဟူ၍ ဉာဏ်၌ အမှန်အတိုင်း မစွဲမချင်း ပွားရမည်။

ဓာတ်လေးပါးမြင်၍ ဧကာင္ဂါသပညတ်စင်ပုံ

ဓာတ်လေးပါး၏သဘောကို ဉာဏ်ကရှုမြင်နေလျက် တွန်းသဘော ကန်သဘောရှိသော ဝါယောစသည့် ဓာတ်လေးပါး အထောက်အပံ့ကြောင့် ဤရုပ်ခန္ဓာကြီး (၃၂-ကောဋ္ဌာသအစု) ဖြစ်ခြင်း တိုးပွားခြင်း ပြောင်းလဲခြင်းတို့ ဖြစ်သည်။ ထိုဓာတ်လေးပါး၏သဘော၌ ဆံပင်, မွေးညင်း, အသား, အကြော, အရိုး, ခြေသည်း, လက်သည်း စသော သဏ္ဌာန်တို့မပါရှိပေ။ ဓာတ်လေးပါးတည်းဟူသော ရုပ်တရား၏ပြောင်းလဲခြင်း(ဖောက်ပြန်ခြင်း)လက္ခဏာသဘောသာ အမှန်ရှိသည်။ ဆံပင်, မွေးညင်း, အသား, အကြော စသည်တို့သည် ဓာတ်လေးပါးရုပ်တရား၏ ဖောက်ပြန်ပြောင်းလဲဖော်ပြမှုသဘောကို ဘာသာစကားအရ အမည်ပေး ပညတ်ထားခြင်းသာ ဖြစ်သည်။ ဓာတ်လေးပါးသည်သာ အမှန်ရှိသည်။ ဆံပင်, မွေးညင်း စသော (၃၂)ကောဋ္ဌာသတို့သည် အမှန်မရှိပါလားဟု ဉာဏ်ဖြင့် ပိုင်းခြား၍ ပွားရမည်။

သစ်ပင်, တောတောင်, ရေမြေ စသည်တို့၌လည်း ဓာတ်လေးပါးတို့၏ ဖွဲ့စည်းမှု, ပြောင်းလဲ ဖောက်ပြန်မှုတို့ကြောင့် ပင်စည်, ခက်မ, အရွက်, အသီးစသည်ဖြင့် ဘာသာ ပညတ်တပ်ထားသော သဏ္ဌာန် အမျိုးမျိုးတို့ ဖြစ်ပေါ်လာခြင်းမျှသာ ရှိသည်။ ဓာတ်လေးပါးတို့၏ ပြောင်းလဲဖောက်ပြန်မှုတို့သည်သာ အမှန် ရှိသည်။ ပင်စည်, ခက်မ, အရွက်အသီး စသည်ဖြင့် ဘာသာစကားဖြင့် ပညတ်တပ်ထားသော သဏ္ဌာန်အမျိုးမျိုးတို့သည် အမှန်မရှိပါလားဟု ဉာဏ်ဖြင့် သိအောင် ရှုမှတ်ပွားများရမည်။

ထိုကဲ့သို့ ရှုမှတ်ပွားများခြင်းကြောင့် မရှိသော (၃၂)ကောဋ္ဌာသဟူသော သဏ္ဌာန်ပညတ်၊ သမူဟပညတ်၊ နာမပညတ်များကို အရှိ အဟုတ် စွဲယူထားမှုများ ချုပ်ငြိမ်း၍ ရှိပရမတ် ဓာတ်လေးပါးကိုသာ အရှိ အရှိအတိုင်းပင် ဉာဏ်မှာ သိမြင်နေတော့သည်။ ဓာတ်လေးပါးသဘောကို ဉာဏ်၌ ထင်မြင်လာသောအခါ တစ်စစီဖရိုဖရဲ ဖြစ်နေသော (၃၂)ကောဋ္ဌာသ ပညတ်အာရုံကို အပျက်ဟုစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် ကြောက်ရွံ့မှု၊ စိုးရိမ်မှု၊ လွတ်လိုမှုများ ချုပ်ငြိမ်းသွားသည်။ တနည်းအားဖြင့် (၃၂)ကောဋ္ဌာသ အစုအပေါင်း၌ ဝိပဿနုပေက္ခာဉာဏ် ဖြစ်သွားခြင်းဖြစ်သည်။

ဆက်လက်၍ဓာတ်လေးပါး၏သဘောတို့ကို ဦးစီးရှုပါများလာလျှင် ရုပ်ခန္ဓာကိုယ်ကြီးသည် ရေမြုပ်တုံးကြီးသဖွယ် ဖြစ်နေသည်ကို တွေ့လာရသည်။ ရေပြင်ပေါ် မျောနေသော ရေမြုပ် ရေစိုင်ခဲသည် ရေနှင့်အတူ မသိမသာ မျောရင်းတပွက်ပွက်နှင့် ပျက်စီးနေတာကို ကြည့်နေစဉ် ထိုရေမြုပ်အစိုင်အခဲသည် မကြာမီ ဝဲကတော့နှင့် တွေ့၍ ကြေမွပျက်ဆီးသွားဘိသကဲ့သို့ ဓာတ်လေးပါး ခန္ဓာအိမ်ကြီးသည်လည်း တဖွားဖွားနှင့် ပျက်စီးနေသည့်သဘောကို တွေ့ရပါလိမ့်မည်။ ထိုဓာတ်လေးပါးအပျက်ကို ကြည့်ပြီး ကြောက်လန့်လာပါသည်။ ထိုအပျက်ခန္ဓာနှင့် နေရသည်ကို မသာယာတော့ပါ။ ဓာတ်လေးပါးခန္ဓာကြီးကို စက်ဆုပ်ငြီးငွေ့လာပါသည်။

ရုပ်မှုန်များ ပျက်စီးမှုသဘော ဉာဏ်၌ ပိုထင်ရှားလာသည်။ ပင်လယ်ပြင်၌ လှိုင်းတံပိုးထအောင် တိုက်ခတ်နေသော လေမုန်တိုင်း တိုက်ခတ်နေဘိသကဲ့သို့ ခန္ဓာကိုယ်တွင်း၌လည်း ဝါယောဓာတ်များ တွန်းကန်နေမှုကို လည်းကောင်း၊ လေမုန်တိုင်း တိုက်ခိုက်သည့်အခါ ပြင်းထန်စွာ ပေါက်ကွဲပြိုကျပျက်စီးနေသော လောကဓာတ်ကြီးကဲ့သို့လည်းကောင်း၊ ပြင်းထန်သော

http://www.dhammadownload.com

လေမှုတ်စက်မှသဲမှုန်များပန်းထွက်လာသကဲ့သို့ ကလာပ်မှုန်များ ပြိုပျက်ကျနေမှုကို လည်းကောင်း၊ ဦးထိပ်ဖျားမှ ခြေဖျားအထိ အစအဆုံး တမဟုတ်ချင်း ပူလိုက် အေးလိုက် တလှည့်စီ ပြောင်းလဲ ဖော်ပြနေမှုတို့သည် ယက်ကန်းခတ်နေဘိသကဲ့သို့လည်းကောင်း တရစပ် ပျက်စီးနေသောရုပ်တို့ကို ဉာဏ်ဖြင့် သိမြင်နေပြီး ကြောက်ရွံ့နေတော့သည်။ နေရင်းထိုင်ရင်း သဲပုံကြီး ပြိုကျဘိသကဲ့သို့ မြင်လာကာ လွတ်ရာထွက်ပြေးချင်စိတ်ပေါက်လာသည်။ ဤရုပ်ကြီးကိုပင် ကြောက်လည်းကြောက် လွတ်လည်း လွတ်ချင်လာသဖြင့် စိတ်သည် ကရဏရုပ်ခန္ဓာအိမ်တွင် ဆောက်တည်ရာမရပဲ လွတ်ရာကို ရှာကြည့်သည်။ သို့သော် စိတ်သည် ဤခန္ဓာကိုယ်မှ လုံးဝထွက်ပြေး၍ မရပါ။

ပင်လယ်ပြင်၌ လှိုင်းကြက်ခွပ်များ ထနေသလို ဓာတ်လေးပါးတို့၏ ဝုဏ်သတ္တိတွေက စုပေါင်းပျက်ပြနေသည်။ နားရွက်ဖျား၊ နှာသီးဖျားပါမကျန် တဖွားဖွားနှင့် ပြိုပျက်နေသည်။ စိတ်သည် ဆောက်တည်ရာ နေရာမရှိအောင် ရုပ်များ ပျက်စီးနေသည်။ "တရားရှာတာ ဒုက္ခရှာသလို ဖြစ်နေတယ်"ဟု ဆိုကာ အထင်မှားလာတတ်သည်။ ဣရိယာပုထ်လေးမျိုးစလုံးတွင် အပျက်ဘေးမှ မလွတ်တော့ပါ။ မရှုလည်းပျက်၊ ရှုလည်းပျက်၊ မသိချင်လည်း သိနေရသည်။ အပျက်ကိုမသိအောင် တခြားသူတပါးနှင့် စကားပြောကာ အာရုံပြောင်း၍ ရှောင်တိမ်းသော်လည်း ရှောင်၍မရ။ သူတပါးစကားပြောမှုကိုပင် လုံးဝမသိတော့ပဲ ကလာပ်မှုန်များ၏ ပျက်စီးမှုကိုသာ စိတ်က သိလျက်သား ဖြစ်ပြီးကြောက်ရွံ့နေသည်။

ဤကဲ့သို့ ရှောင်တိမ်း၍ မရတော့သဖြင့် အကျဉ်းအကြပ် မိနေသောကြားမှ အဖြေရှာလိုစိတ်၊ ပြဿနာဖြေရှင်းလိုစိတ်၊ ဒုက္ခနှင့်ပြန်ရင်ဆိုင်ရှင်းရမည့် စိတ်များမွေးမြူလိုက်ပြီး မလွတ်မည့်အတူတူ 'ပျက်နေတယ်၊ ကြောက်တယ်၊ မုန်းတယ်ဆိုတာ ဘာကြောင့်လဲ'ဟု အဖြေရှာလိုသောဆန္ဒများ ဖြစ်ပေါ်လာသည်။ ပျက်နေသော ရုပ်မှုန်ဓာတ်မှုန်တို့ကို ရင်ဆိုင်ကြည့်ပြီး သတိထားလိုက်သည်။ ရုပ်မှုန် ကလာပ်မှုန် ဓာတ်လေးပါး၏ သတ္တိဖော်ပြနေမှုများကို သေချာစွာ ကြည့်သည်။ မည်ကဲ့သို့ကြည့်ကြည့် တဖွားဖွားနှင့်ဖြစ်နေသည်။ ပူလိုက်, တင်းလိုက်, တောင့်လိုက်, ကိုက်လိုက်, ထုံလိုက်, သူ့နေရာနှင့်သူ တစ်ကိုယ်လုံး ဦးစီးရာ ဖော်ပြနေသည်ကို ကြည့်လိုက်သော အခါ ဆွေးမြည့်နေသော အိမ်ကြီးကြည့်ရသလို ခြစားထားသည့် အမှုန်တွေ မြေမှုန့်တွေနှင့် တူသည့် ရုပ်မှုန် ဓာတ်မှုန်ပျက်များကို ရှုသိရင်း ငါ့ခန္ဓာ ငါ့ခန္ဓာဟု စွဲလမ်းလာလိုက်တာ မှားပါရောလား၊ လူပဲ ယောကျ်ားပဲ မိန်းမပဲ ပုဂ္ဂိုလ်သတ္တဝါပဲလို့ အမြင်မှားနေခဲ့ပါရောလား၊ အမှုန်စင်စစ် ခြေမဟုတ် လက်မဟုတ် ကိုယ်မဟုတ် တကယ်ရှိနေတာက ဓာတ်မှုန် ဓာတ်စိုင် ဓာတ်ငွေ့တုံးကြီးပါလား၊ ဒုက္ခတုံးကြီးပါလား၊ အမြဲတမ်းပျက်စီးတဲ့ ခန္ဓာကြီးပါလား၊ အနှစ်ရယ်လို့ ခိုင်မာကြောင်းလည်း မရှိပါလား၊ ဓာတ်တွေနှင့် တည်ဆောက်ထားတဲ့ ဓာတ်တုံးဓာတ်ခဲကြီးပါလား၊ အမှုန်စင်စစ် သူ့သဘော သူဆောင်နေတာ ရုပ်တရားသက်သက်မျှပါလား၊ ငါ့ခန္ဓာလို့ ယူလို့၊ ငါ့ကိုယ်လို့ ယူလို့၊ ပျက်တယ်လို့ ယူလို့ အပျက်ကြီးဟု မြင်လို့ ဆင်းရဲနေရပါလား၊ သူ့သဘာဝ သူ့သဘော သူဆောင်နေသည့် သဘာဝမမှပါလားဟု ဆုံးဖြတ်ချက်ချနိုင်အောင် ဉာဏ်ဖြင့် သိလိုက်သည့်အခါ စိတ်မှာရှင်း၍ ငြိမ်းသွားသည်။ ထိုအခါ စိတ်သည် အမှုန်ကြားထဲ၌ မထိမငြိ တည်နေ၍ သညာပေးမှု မရှိတော့ပဲ ပညတ်အာရုံနှင့် ယှဉ်သောစိတ်များ ချုပ်သွားသည်။ စိတ်သည် ပြင်ပအာရုံနှင့်သော်လည်းကောင်း၊ မိမိ၏ရုပကာယနှင့်သော်လည်းကောင်း ညွှတ်ခြင်း၊ ဆက်စပ်ခြင်းမရှိတော့ပဲ နိဝရဏကင်းသွား၍ ပကတိ တိတ်ဆိတ်စွာ တည်ငြိမ်အေးချမ်းသွားသည်။ ပကတိ တည်ငြိမ်နေပြီး ထကြွလှုပ်ရှားမှုမရှိသော ထိုစိတ်တွင် ရှုလိုရာကို လိုက်ရှုလိုသောသဘော ချုပ်သွားသည်။

http://www.dhammadownload.com

စိတ်သည် ပကတိအတိုင်းတည်နေစဉ် ရုပ်တို့၏ ဖော်ပြမှုသဘောသက်သက်ကို ပူ တင်းထုံ ကျင် စသည့် ပညတ်မပါပဲ သိမြင်နိုင်ပြီ။ ပကတိတည်နေသောစိတ်မှ မာတ်လေးပါး(ရုပ်) ဖော်ပြရာသို့ ညွှတ်တတ်သည့်သဘော(မနောသမ္ဖဿ) ပေါ်လာသည်ကိုလည်း ပကတိကွန်ရှေ့ အတိုင်း ရှုမြင်နိုင်သည်။ ထိုမှဆက်၍ ခံစားမှုသဘော(ဝေဒနာ)ကိုပါ ပိုင်းခြားသိမြင်လာသည်။ နာမရူပပရိစ္ဆေဒဉာဏ်သို့ ရောက်ပြီ။

ယခုကျင့်စဉ်၌ မာတ်လေးပါးသဘောသက်သက်ကို ရှု၍ ဉာဏ်ဖြင့်မြင်ပြီးလျှင် ရုပ်ပေါ်၌ သက္ကာယဒိဋ္ဌိချုပ်မည်။ သို့သော် ရုပ်၏ဖောက်ပြန်မှုကြောင့် နာမ်ခံစားခြင်းကို မတွေ့သေးသော ယောဂီများတွင် ဒေါမနဿစိတ်များ ဖြစ်နေဦးမည်။ **ထိုဒေါမနဿစိတ်များ ချုပ်ရန် ဆက်လက် ဖော်ပြမည့် အမှတ်စဉ်(၄,၅) နာမ်ကမ္မဋ္ဌာန်းကျင့်စဉ်များအတိုင်း ကျင့်နိုင်သည်။**

၃၊၁၊၄။ ဘဝင်ပိုင်းကျင့်စဉ် (နာမ်ကမ္မဋ္ဌာန်း)

(ဒုက္ခဝေဒနာမှ တဏှာခွာသောကျင့်စဉ်)

ဤကျင့်စဉ်ကို နှစ်ပိုင်းခွဲထားသည်။

(က) လျောင်းလဲကွရိယာပုထ်ဖြင့်ကျင့်သောကျင့်စဉ်

(ခ) ထိုင်ခြင်းကွရိယာပုထ်ဖြင့်ကျင့်သောကျင့်စဉ်

ဟူ၍ ဖြစ်သည်။ ဤကျင့်စဉ်ကို တရားကျင့်သောယောဂီတိုင်း ကျင့်ရမည်ဖြစ်သည်။ ဤကျင့်စဉ် ပေါက်မြောက်အောင်မြင်ထားလျှင် သေသည့်အခါ လွယ်ကူစွာ ဒုက္ခဝေဒနာမှ ကျော်နိုင်ခြင်း၊ မကောင်းသော ဂတိနိမိတ်များကို တားဆီးပိတ်ဆို့နိုင်ခြင်းတို့ကြောင့် အပါယ်ဒုဂ္ဂတိကိုလည်း လွန်မြောက်နိုင်ခြင်း၊ မိမိခန္ဓာ ဖျားနာမှု၊ ကိုယ်ပင်ပန်းမှု ရှိလာလျှင်လည်း ခန္ဓာဒုက္ခအပေါ်၌ စိတ်သည် မဆင်းရဲပဲ လွတ်အောင်နေနိုင်ခြင်း စသော အကျိုးကျေးဇူးများ ရရှိနိုင်သည်။ **မူလအာနာပါနကမ္မဋ္ဌာန်းကျင့်စဉ်ဖြင့် နာသီးဝထိုချက်၌ သမာဓိကိုခိုင်ခံ့စွာ (သတိနှင့် အသိမြဲစွာ) ထားနိုင်သော ပုဂ္ဂိုလ်များ ဤကျင့်စဉ်ဖြင့် ဆက်လက် တက်ရမည်ဖြစ်သည်။**

သုံးသပ်ဆင်ခြင်ပုံ

နှာသီးဝထိုချက်အာရုံ၌ အသိနှင့် သတိမြဲနေခိုက်သာ စိတ်၌ ဆင်းရဲမှု ချုပ်ငြိမ်း၍ နှာသီးဝထိုချက်မှ သတိလွတ်သောအခါ မာတ်ကြီးလေးပါး ဖောက်ပြန်ရာသို့ စိတ်ရောက်ရှိသွားပြီး ကိလေသာစိတ်များ ပြန်ပေါ်ပြီး တဖန် ပြန်ဆင်းရဲရသည်။ အာနာပါနကမ္မဋ္ဌာန်းကျင့်စဉ်သည် မြဲသောချမ်းသာ မဟုတ်သေး၊ တဒင်္ဂချမ်းသာသာ ဖြစ်သည်။ ပရမတ်ရုပ်နာမ်များကိုလည်း မမြင်နိုင်သေးပေ။ ထို့ကြောင့် နှာသီးဝထိုချက်၌ သမာဓိတည်နေရုံမျှဖြင့် မပြီးသေးပဲ ရှေ့ဆက်၍ နည်းလမ်း ရှာရဦးမည်။

မာတ်ကြီးလေးပါးဖောက်ပြန်မှုရှိနေပါလျက် နှာသီးဝထိုချက်၌ သတိမြဲ၍ သမာဓိ မြဲသော အခါ၌ စိတ်သည် ဆင်းရဲမှုရှိနေရမည့်အစား ဆင်းရဲမှုချုပ်နေသည့်သဘောကို ဆန်းစစ်ကြည့်လျှင် မာတ်ကြီးလေးပါး ဖောက်ပြန်နေမှုသည် ဆင်းရဲချမ်းသာမဟုတ်၊ အနိဋ္ဌဂုဏ်သာ ရှိသည်ဟု သိနိုင်သည်။ ထို့အတူ နှာသီးဝထိုချက်သည်လည်း ဆင်းရဲချမ်းသာမဟုတ်၊ ကွဋ္ဌဂုဏ်သာရှိသည်။ ထိုကွဋ္ဌဂုဏ်, အနိဋ္ဌဂုဏ်တို့သည် မသိသဘောဆောင်သည့် ဖောက်ပြန်တတ်သည့် ရုပ်တရားတည်းဟူသော အာရုံသက်သက်မျှသာ ဖြစ်သည်။ ထိုကွဋ္ဌ, အနိဋ္ဌအာရုံရုပ်တို့ကို စိတ်က ပေါင်းသင်းဆက်ဆံမှသာလျှင် (အာရုံပြုမှသာလျှင်) ဝေဒနာသည် ကွဋ္ဌရသ, အနိဋ္ဌရသကို ခံစားသည်။ ကွဋ္ဌအာရုံဖြစ်လျှင် လောဘစိတ်ဖြင့် ကပ်ငြို၍ ချမ်းသာခြင်းဖြစ်၍ အနိဋ္ဌအာရုံဖြစ်လျှင်

http://www.dhammadownload.com

ဒေါသစိတ်ဖြင့် ကပ်ငြိ၍ ဆင်းရဲခြင်း ဖြစ်သည်။ ထို့ကြောင့် ချမ်းသာ, ဆင်းရဲဖြစ်ခြင်းသည် စိတ်၌သာဖြစ်သည်။

ထိုက္လဒ္ဓာရုံ, အနိဋ္ဌာရုံတည်းဟူသော ရုပ်တို့နှင့် ထိုအနိဋ္ဌရသ, က္လဒ္ဓရသတို့ကို ခံစားမှုနှင့် တကွ ငါပဲ ငါ့စွာပဲဟူ၍ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် စွဲယူသောရှေ့စိတ်သည် ဆင်းရဲစေသော ပစ္စုပ္ပန်အကြောင်းတရား၊ နောက်စိတ်၌ ချမ်းသာဆင်းရဲဖြစ်ခြင်းသည် ပစ္စုပ္ပန်ဒုက္ခအကျိုးဖြစ်သည်။

ထိုချမ်းသာဆင်းရဲဖြစ်နေသောစိတ်သည် ငါမဟုတ်(အနတ္တ)ဟုမသိကြပေ။ အန္ဓပုထုဇဉ်တို့သည် စိတ်ကို ငါပဲ ငါ့စိတ်ပဲဟု အတ္တအယူဖြင့်သာလျှင် စွဲယူထားမှုကို မစွန့်လွှတ်နိုင်ကြပေ။ အရင်းစစ်သော် စိတ်ကို မောဟစေတသိက် အမှောင် ဖုံးအုပ်ထားခြင်းကြောင့် ဖြစ်သည်။ အမောဟတည်းဟူသော ဉာဏ်အလင်းမာတ် ရရှိရန် သီလမဂ္ဂင်, သမာဓိမဂ္ဂင်တည်း ဟူသော ကုသိုလ်စေတသိက်တို့ဖြင့် ဖယ်ရှားရဦးမည်။ ၎င်းသီလမဂ္ဂင်, သမာဓိမဂ္ဂင် ထူထောင်နေမှုသည်ပင် တရားကျင့်ခြင်းဖြစ်သည်။

စိတ်သည်အနတ္တဖြစ်ကြောင်း အကျဉ်းချုပ်ရှင်းလင်းချက်

သင်ယောဂီ အကျိုးဝတ်ထားသည် ဆိုပါစို့။ ထိုအကျိုကို မိမိ၏ကာယဉာဏအားဖြင့် ဝယ်ယူထားသောကြောင့် "ငါပိုင်သည် ငါ့အကျို" ဟူ၍ သတ်မှတ်ခြင်းသည် လောကအမြင်ဖြင့် ကြည့်လျှင် မှန်သည်။ ငါပိုင်သော ထိုအကျိုအား ငါ၏အလိုသို့လိုက်အောင် ငါ့သဘောဖြင့် ဖြူနေသည်ကို မဲလိုက အမဲရောင် ဖြစ်အောင် ဆေးဆိုး ပြောင်းလဲနိုင်သည်။ ရှည်နေသည်ကို တိုလိုက တိုရန် ဖြတ်နိုင်သည်။ မီးရှို့လိုကလည်း မီးရှို့ဖျက်ဆီးနိုင်သည်။ အခြား သူတပါးအား ပေးမည်ဆိုကလည်း ငါ့သဘောအလျောက် ပေးနိုင်သည်။ ထိုအကျိုကို မိမိအလိုအတိုင်း ခေါက်၍ သိမ်းထားလိုကလည်း သိမ်းထားနိုင်သည်။ ဆိုလိုသည်မှာ ငါဖန်တီးထား၍ ငါပိုင်ပစ္စည်းဖြစ်က ငါ့သဘောအတိုင်း ငါဆန္ဒရှိသလို ပြုလုပ်ပါက မိမိအလိုသို့ လိုက်ပါရသည့် သဘောကို ညွှန်ပြခြင်း ဖြစ်သည်။

စိတ်ကိုလည်း ငါ့စိတ်ဟု ဆိုခဲ့လျှင် ငါ့သဘော ငါ့လိုရာအတိုင်း ဆောင်လိုက လိုက်ပါရမည်။ ဆန်းစစ်ကြည့်ကြစို့။

သင်ယောဂီ၏ လျှာပေါ်၌ သကြားတင်သောအခါ 'ချိုတယ်'ဟူသော ချိုသိစိတ် ပေါ်ဘိသကဲ့သို့ လျှာပေါ်၌ သကြားတည်းဟူသော ချိုရုပ်မတင်သေးပဲ ငါ့စိတ် ငါ့သဘောနှင့် 'ချိုတယ်'ဟူသောစိတ်ဖြစ်အောင် မွေးမြူကြည့်ပါ (နှလုံးသွင်းကြည့်ပါ။) 'ချိုတယ်'ဟူသောအသိစိတ် မွေးမြူ၍ မရကြောင်း သိလိမ့်မည်။ အကယ်၍ ငါ့စိတ် အမှန်ဆိုလျှင် 'ချိုတယ်' ဟူသောစိတ် ဖြစ်လာအောင် မွေးမြူနိုင်ရမည်။ စိတ်ရှိပါလျက် 'ချိုတယ်'ဟူသောစိတ် ဖြစ်ပေါ်လာအောင် မွေးမြူ၍ မရခြင်းသည် ငါ့စိတ်မဟုတ်၍ ငါ့အလိုသို့ မလိုက်ခြင်းကြောင့် ဖြစ်သည်။ ဆိုလိုရင်း သဘောကို ဉာဏ်ဖြင့်အာရုံပြုပါ။

အကယ်၍ လျှာပေါ်သို့ သကြားတင်လိုက်သောအခါ 'ချိုတယ်' ဟူသောစိတ် ဖြစ်ပေါ်လာသည်။ ထိုချိုစိတ် ဖြစ်ပေါ်လာရန် သင့်သဘောနှင့် ဖန်တီး၍ ဖြစ်ပေါ်လာသလားဟူ၍ သုံးသပ်ကြည့်ပါ။ အကယ်၍ ငါ့သဘောနှင့် ဖြစ်လာသည်ဟု ထင်ခဲ့သော် ထို'ချိုတယ်'ဟူသော စိတ်ကို မဖြစ်ပေါ်စေပဲ 'ချဉ်တယ်'၊ 'ခါးတယ်'ဟူသော စိတ်ဖြစ်အောင် ပြောင်းကြည့်ပါ။ ပြောင်း၍မရပဲ 'ချိုတယ်'ဟူသောစိတ်သာလျှင် ဖြစ်ပေါ် နေလိမ့်မည်။ 'ချိုတယ်'ဟူသောစိတ်သည် အတ္တသဘောဖြင့် မွေးမြူထားခြင်းမဟုတ်ပဲ အနတ္တသဘောဖြင့် ဖြစ်ပေါ်လာသော စိတ်ပါလား ဟူ၍ ဉာဏ်ဖြင့်သုံးသပ်ပါ။

http://www.dhammadownload.com

ချီရုပ်(သကြား၏ရသာဓာတ်)နှင့် လျှာအကြည် အကြောင်းခံ၍ 'ချိုတယ်'ဟူသောစိတ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ချိုရုပ်သည်လည်း အသက်မရှိ။ စိတ်မရှိ။ ရုပ်တရားသက်သက်မျှ ဖြစ်၏။ လျှာအကြည်သည်လည်း ရုပ်တရားသက်သက်မျှ ဖြစ်သည်။ ချိုစိတ် ဖြစ်ပေါ်မလာအောင် ပိတ်ဆို့ရပ်ထားကြည့်ပါ။ ဖျောက်ဖျက်ပိတ်ဆို့၍ မရပဲ 'ချိုတယ်'ဟူသောစိတ်သာ ဖြစ်ပေါ်နေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ငါမဟုတ်၊ ငါ့စိတ်မဟုတ်၍ ငါ့အလိုသို့ မလိုက်ခြင်းကြောင့် မဖျက်ဆီးနိုင်ခြင်း ဖြစ်သည်။ ထိုသဘောကို ဆန်းစစ်ကြည့်ပါ။ ထို'ချိုတယ်'ဟူသောစိတ်ကို အခြားသူတပါးကို ပေးစွန့်ကြည့်ပါ။ ပေးစွန့်၍မရပါ။ ထို'ချိုတယ်'ဟူသော စိတ်ကို ငါ့အလိုအတိုင်း တစ်နေရာရာ၌သိမ်းထားကြည့်ပါ။ မရသည်ကိုတွေ့ရမည်။ ထို'ချိုတယ်'ဟူသောစိတ်ကို အပိုင်းပိုင်း အတစ်တစ် ဖြစ်အောင် ပြုလုပ်သော်လည်း မရသည်ကိုတွေ့ရမည်။ လျှာပေါ်၌ ချိုရုပ်သတ္တိ ပျောက်သွားသောအခါ ထိုရုပ်နှင့်အတူ 'ချိုတယ်'ဟူသော စိတ်ပါ တစ်ခါတည်း ချုပ်ပျောက်သွားလိမ့်မည်။ ထို'ချိုတယ်'ဟူသောစိတ်ကို မပျောက်အောင် သိမ်းဆည်းထား၍လည်း မရပါ။ အဘယ့်ကြောင့်ဆိုသော် ငါ့စိတ်မဟုတ်၊ ငါမဟုတ်၍ ငါ့အလိုမလိုက်ပဲ သူ့သဘောသူဆောင်ကာ ချုပ်ပျောက်သွားခြင်းဖြစ်သည်။ ထိုသဘောကိုလည်း ဉာဏ်ဖြင့် သုံးသပ်ပါ။

ချိုရုပ်ချုပ်သဖြင့် 'ချိုတယ်'ဟူသောစိတ် ချုပ်ခြင်း၊ပျက်ခြင်း၊သေခြင်းသည် ငါသေသွားခြင်း မဟုတ်။ 'ရုပ်ပေါ်လို့ နာမ်ပေါ်တာ၊ ရုပ်ချုပ်တော့ နာမ်ချုပ်တာ သူ့သဘာဝသူဆောင်ခြင်းသာရှိသည်၊ သူ့သဘောဖြင့် သူချုပ်ခြင်းသာရှိသည်'ဟုသိပါ။ ဆိုလိုသည်မှာ ချိုတယ်ဟူသော သိစိတ်ဖြစ်ပေါ်လာခြင်းသည် သကြားတည်းဟူသော ရသာရုပ်နှင့်လျှာအကြည်ရုပ်တို့ ပေါင်းဆုံမိခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်အရ အကျိုးတရား ချိုသိစိတ် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

၎င်းပဋိစ္စသမုပ္ပါဒ်နည်းအရ ရုပ်တရားတို့၏ ပေါင်းဆုံညီညွတ်မှုသည် အကြောင်းတရားဖြစ်၍ ဖြစ်ပေါ်လာသော ချိုသိစိတ်သည် အကျိုးတရားဖြစ်သည်။ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဆန်းစစ်ကြည့်လျှင် ပစ္စုပ္ပန်အာရုံတစ်ခုခု၌ အကျိုးစိတ်နှင့်အကြောင်းစိတ်ဟူ၍ စိတ်နှစ်မျိုးရှိသည်ကို တွေ့မြင်ရမည်။ အရသာကိုသိသောစိတ်သည် ဇဝါဝိညာဏ်စိတ်(အကြောင်းစိတ်) ဖြစ်၍ 'ချိုတယ်'ဟူသော လောကီပညတ်ကို အာရုံပြု၍ သညာနှင့်တကွဖြစ်သော နောက်စိတ်သည် သဟိတ်မနောဝိညာဏ် (အကျိုးစိတ်)ဖြစ်သည်။ ယင်းအကျိုးစိတ်သည် ချိုမှု၌ သာယာသောစိတ် (သို့) ချိုမှုကို မခံစားလိုသောစိတ် ဖြစ်သည်။ ထိုအကျိုးစိတ်သည် စိတ္တာနုပဿနာသတိပဋ္ဌာန်အားဖြင့် ကျင့်စဉ်တက်ရာ၌ အရှုခံရမည့်စိတ်ဖြစ်သည်။ စိတ်ကိုအနတ္တဟုမြင်ရန် ရှုခိုင်းသောနည်းဖြစ်သည်။

ရုပ်ဖောက်ပြန်၍ ဝေဒနာ(နာမ်)ခံစားခြင်းကို အမှန်မသိပဲ ထိုရုပ်နာမ်တို့ကို ငါပဲ ငါ့ဥစ္စာပဲဟူ၍ နိဝရဏတို့နှင့်တကွဖြစ်သောရှေ့စိတ်သည် အရှုခံစိတ်ဖြစ်သည်။ ထိုပြုပြင်လိုမှုရှေ့စိတ်သည် အရှုခံ တဏှာပင် ဖြစ်သည်။ ဓာတ်ကြီးလေးပါး ဖောက်ပြန်လာသောအခါ ထိုသဘောကို မသိက ငါ့စိတ်ဆင်းရဲနေတယ်၊ စိတ်ချမ်းသာရာ ငါလိုချင်တယ်ဟု တဏှာ, မာန, ဒိဋ္ဌိတို့နှင့်ယှဉ်သော စိတ်တို့သည် နောက်တွင် ဆက်တိုက် အစဉ်တန်းလျက် ဖြစ်နေသည်။ ထိုကဲ့သို့ နိဝရဏကိလေသာတို့ ဖုံးလွှမ်းခံရသော နောက်ဆက်ဖြစ်မည့် တဏှာ, မာန, ဒိဋ္ဌိစိတ်ကို သတိ, ဉာဏ်, ပညာစသော လောကီမဂ်စေတသိက်တို့နှင့် နောက်ထပ် ရှုလိုက်သောအခါ ထိုစိတ်တို့အစားအရှုဉာဏ်စိတ်ဖြစ်သွားသည်။ အရှုဉာဏ်စိတ်ဖြစ်ရန် စိတ်၌မူလကိန်းနေသောနိဝရဏတရားများကို ကုသိုလ်စေတသိက်တို့က ဝိုလ်ငါးပါးဖြည့်ဆည်း၍ နိုင်နင်းအောင် ပယ်ခွာပြီး နေရာယူခြင်းသည် တရားကျင့်ခြင်းပင် ဖြစ်သည်။ ထိုသဘောကို ဉာဏ်၌မြင်အောင် သုံးသပ်ပါ။

အာသီဝိသောပမသုတ္တန်အရ ဓာတ်ကြီးလေးပါးဖောက်ပြန်မှုမှ လွတ်ကြောင်းကို ရှေးဦးစွာကျင့်ရမည်။ ဝိပဿနာယာနိကဌ် ဓာတ်ကြီးလေးပါး ဖောက်ပြန်ဆဲမှာပင် ဖြစ်ပေါ်လာမည့်

http://www.dhammadownload.com

ဒေါသဝိတိက္ကမ ကိလေသာနှင့် ပရိယုဋ္ဌာနကိလေသာတို့ ချုပ်ငြိမ်းအောင် လောကီပုဗ္ဗဘာဂမဂ်၏ သီလမဂ္ဂင်, သမာဓိမဂ္ဂင်, ပညာမဂ္ဂင်တို့ဖြင့် ကျင့်နေခြင်းသည် မြွေကြီးလေးကောင်လက်မှ လွတ်အောင်ပြေးနေခြင်း ဖြစ်သည်။ ထိုဓာတ်ကြီးလေးပါး ဖောက်ပြန်ဆဲမှာပင် (နုသည်ဖြစ်စေ၊ ကြမ်းသည်ဖြစ်စေ) စိတ်၌ ဒေါသ(ဝိတိက္ကမနှင့် ပရိယုဋ္ဌာန) ကိလေသာတို့ ချုပ်ငြိမ်းနေခြင်းသည် မြွေကြီးလေးကောင်လက်မှ လွတ်ခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ဤကျင့်စဉ်သည် ဓာတ်ကြီးလေးပါးဖောက်ပြန်မှုကို အရင်းခံ၍ ဖြစ်ပေါ်လာသော ဒေါသ ဝိတိက္ကမကိလေသာ ချုပ်ကြောင်းကျင့်စဉ် ဖြစ်သည်။ တနည်းအားဖြင့် ပစ္စုပ္ပန်ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု အကြောင်းခံကာ စိတ်၌ဆင်းရဲမှုဖြစ်အောင် ဖန်တီးသည့် တဏှာသမုဒယကို ပယ်သတ်သည့်ကျင့်စဉ် ဖြစ်သည်။

စိတ်၌ ကိလေသာမီးတောက်ကာ ဆင်းရဲနေမှုသည် အကျိုးတရား၊ အနိဋ္ဌာရုံ (ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုအာရုံ)ကို ငဲ့ဉာစွာဟု စွဲယူသော တဏှာသမုဒယသည် ဇနကအကြောင်းတရား (မူခ၊ (၀ါ) အဓိက အကြောင်းတရား)၊ ဓာတ်လေးပါးဖောက်ပြန်မှု အနိဋ္ဌာရုံသည် ဥပထမ္ဘကအကြောင်းတရား (အထောက်အပံ့အကြောင်းတရား) ဖြစ်သည်။ ထိုအကြောင်းတရားတို့တွင် ဥပထမ္ဘကအကြောင်းတရားကိုမပယ်အပ်။ မူခဇနကအကြောင်းကိုသာ ပယ်ရမည်။

စိတ်နှင့် ကမ္မဇဝါယော ဆက်စပ်ပုံ ရှင်းလင်းချက်

မူလအခြေခံ အာနာပါနကမ္မဋ္ဌာန်းကျင့်စဉ်၌ ဓာတ်ကြီးလေးပါးဖောက်ပြန်မှုသည် ဒုက္ခဝေဒနာကို ဖြစ်စေသည်။ ယင်းကို ဉာဏ်ဖြင့် ပိုင်းခြားမသိသောအခါ ရုပ်နာမ်အပေါ်၌ သက္ကာယဒိဋ္ဌိ စွဲသည်။ ထိုအခါ ပြုပြင်လိုသော တဏှာစိတ် (ပရိယုဋ္ဌာနကိလေသာ)ရှေ့စိတ်နှင့် ဣရိယာပုထ်ကို ပြုပြင်ဖြစ်အောင် ပြုပြင်မည့်နောက်စိတ်(ဝိတိက္ကမကိလေသာ)တို့ ဆက်တိုက်ဖြစ်သည်။ စိတ်အစဉ်၌ ရုပ်ခန္ဓာအိမ်ဣရိယာပုထ်ကိုလိုသလိုပြုပြင်လိုသော ကာယသခ်ါရစေတနာ (တဏှာ)များဖြစ်ပေါ်ကာမ,ရွှေ့ပြုပြင်နေသည်။ ဣရိယာပုထ်ကိုပြုပြင်လိုသော တဏှာစိတ်ဇောနှင့် ကမ္မဇဝါယောတို့ ဆက်စပ်မှုဖြစ်ကာ မ,ရွှေ့ပြုပြင်နေခြင်း ဖြစ်သည်။ အကယ်၍ သင်ထိုင်နေရာမှ မတ်တပ်ရပ်လိုလျှင် ရပ်လိုသည့်စိတ်သည် ခန္ဓာကိုယ်ကို ကြွလာအောင် လှုံ့ဆော်သည့် စိတ်ဇောနှင့် ရူပကာယရှိ ဝါယောဓာတ်တို့ကို ပေါင်းစပ်ကာ ပြုပြင်မှုတို့ကြောင့် ထိုင်နေရာမှ မတ်မတ်ရပ်သည့်တိုင်အောင် ခန္ဓာကိုယ် ကြွတက်လာသည်။ ထိုသဘောကို ယောဂီတို့ နားလည်အောင် သုံးသပ်ပါ။

လက်တစ်ဖက် လေဖြတ်နေသော ပုဂ္ဂိုလ်တစ်ယောက်သည် ထိုလက်ကို လှုပ်ရှားရန် လှုံ့လပြုသော်လည်း မရပါ။ အဘယ့်ကြောင့်ဆိုသော် လက်ရွှေ့လျားရန် လှုံ့လပြုသောဇောစိတ်နှင့် ကမ္မဇဝါယောတို့ ဆက်စပ်မှု မရသောကြောင့် ဖြစ်သည်။ အကယ်၍ အလွန်နှစ်ခြိုက်စွာ အိပ်မောကျပြီး ဘဝင်ကျနေသောလူတစ်ယောက်သည်အိပ်ပျော်နေစဉ် ထိတ်လန့်စရာ အကြောင်းတစ်ခုခုကြောင့် အော်လိုပြောလို၍ လှုံ့လပြုသော်လည်း ပါးစပ်မှ လှုပ်ရှားခြင်း၊ အသံထွက်ခြင်း မဖြစ်ပေ။ အော်လိုပြောလိုသောစိတ်နှင့် ကမ္မဇဝါယောရုပ်တို့ မဆက်စပ်မိသောကြောင့်ဖြစ်သည်။ ယခုဖော်ပြသော သဘောကိုလည်း နားလည်အောင် သုံးသပ်ပါ။

အကြောင်းအကျိုးကို သုံးသပ်ကြည့်သော် စိတ်ဇောနှင့် ကမ္မဇဝါယော ဆက်စပ်မှုရှိလျှင် စိတ်အလိုအတိုင်း ရုပ် လှုပ်ရှားနေမည်။ အကယ်၍ ရုပ်ကိုပြုပြင်လိုသော် လှုံ့လပြုသည့်စိတ်ကို

http://www.dhammadownload.com

ရုပ်သိမ်းနိုင်လျှင် (ဝါ) စွန့်လွှတ်နိုင်လျှင် ခန္ဓာကိုယ် လှုပ်ရှားတော့မည် မဟုတ်တော့ပေ။ ထိုသဘောကိုလည်း ယောဂီတို့ နားလည်ယူပါ။

ဓာတ်လေးပါးပြင်းထန်စွာ ဖောက်ပြန်လာသောအခါ အနိဋ္ဌရသကို သယ်ဆောင်လာသော ကာယသမ္ဖဿသည် မနတည်းဟူသောဘဝင်ကိုတိုက်ခိုက်၍ ထိုအနိဋ္ဌရသအား မနောဝိညာဏ်နှင့် ယှဉ်သော ဝေဒနာကွန်ရှာမှ ခံစားသည်။ ဒုက္ခဝေဒနာ ဖြစ်လာသောအခါ စိတ်ဆင်းရဲလာ၍ သက်သာအောင် ကျရိယာပုထ်ကို ပြုပြင်လိုသောစိတ် (တဏှာ) ဖြစ်လာသည်။ ထိုစိတ်သည် ကျရိယာပုထ်ကို ပြုပြင်ဖြစ်အောင် လှုံ့ဆော်သည့်စိတ် ဖြစ်လာပြီး ကမ္မဇဝါယောနှင့်ဆက်စပ်ရန် ဘဝင်ကိုလှုံ့ဆော်လိုက်သည်။ ထိုအခါ ကမ္မဇဝါယောနိုးကြားလာပြီး ကျရိယာပုထ်ရွေ့လျားလာခြင်း ဖြစ်သည်။

အကယ်၍ ဓာတ်ကြီးလေးပါး ဖောက်ပြန်နေသော်လည်း ထိုဖောက်ပြန်မှုကို အာရုံမပြုမူ၍ ကမ္မဇဝါယောနှင့် ဇောစိတ်တို့ ဆက်စပ်မှုမပြုပဲ ဆက်စပ်လိုသည့်စိတ်(တဏှာ)ကို အကြွင်းမဲ့ချုပ်ငြိမ်းသည့်တိုင်အောင် သည်းခံခြင်းဖြင့် ကြည်ဖြူစွာ စွန့်လွှတ်နိုင်လျှင် (**စာဂေါ ပဋိနိဿဂ္ဂေါ**[၃၇]) ဆင်းရဲမှုချုပ်ငြိမ်း၍ ကျရိယာပုထ်လည်း မလှုပ်ရှားတော့ပါ။ ဤသဘောကြောင့်လည်း ဝေဒနာမှ တဏှာပြတ်သည် (**ဝိသခ်ါရဂတံ စိတ္တံ၊ တဏှာနံ ခယမဗ္ဗဂါ**[၃၄]) (တဒင် ဝိက္ခမ္ဘန)။ တဏှာလွတ်သော စိတ်သည် ဒုက္ခငြိမ်းသွားသည် (**မုတ္တိ အနာလယော**[၃၅]) (တဒင် ဝိက္ခမ္ဘန)။ တနည်းအားဖြင့်ဆိုသော် ကာယသမ္ဖဿချုပ်၍ ဝေဒနာချုပ်သည်။ ဝေဒနာချုပ်၍ တဏှာနှင့် ဒုက္ခချုပ်ကာ ဆင်းရဲခြင်းမှ လွတ်သည်။ (**ဖဿ နိရောဓာ ဝေဒနာ,တဏှာ,----ဒုက္ခ နိရောဓော**)

ထိုယောဂီ၌ ကရဇခန္ဓာမှ ဝါယောဓာတ်နှင့် စိတ်တို့ မဆက်စပ်တော့သဖြင့် ခန္ဓာဒုက္ခမှ ငြိမ်းနေသည်။ လှုပ်ရှားလိုစိတ်များ လုံးဝဖြစ်မလာတော့ပါ။ စိတ်ကြည်ပြီး ငြိမ်းချမ်းနေသည်။ ထိုသမာဓိကို ဝိပဿနာယာနိက၏ ခဏိကသမာဓိဟု ခေါ်သည်။

ယခုဖော်ပြမည့် ကျင့်စဉ်ကို မကျင့်မီ အထက်ပါ ရှင်းလင်းတင်ပြချက်များကို နားလည်အောင် သုံးသပ်ပြီး သဘောပေါက်မှကျင့်ပါ။

(က) လျောင်းလဲကျရိယာပုထ်ဖြင့် ကျင့်စဉ်တက်ပုံ

စည်းကမ်းချက်များ

၁။ မိမိတို့ဆိုင်ရာ သီလတည်ဆောက်၍ ပရိကံယူပါ။
၂။ လျောင်းလဲမှုဌ သင့်သလို အခင်းခင်း၍ ခေါင်းအုံးမမြင့်စေရ။
၃။ ဝမ်းဗိုက်ပေါ် လက်မတင်ထားရ။
၄။ အာနာပါန ရှူရှိုက်မှု မပြုရ။ စိတ်သက်သက်ကိုသာ ရှုပါ။
၅။ ဓာတ်လေးပါး ဖောက်ပြန်လာလျှင် စိတ်အလိုသို့လိုက်လျောမှုကို အကြွင်းမဲ့ စွန့်လွှတ်ရမည်။
၆။ (၃)နာရီ အချိန်ပြည့်အောင် လျောင်းရမည်။

---

[၃၃] မဟာဝဂ္ဂသံယုတ်ပါဠိ၊ သစ္စသံယုတ္တံ၊ ဓမ္မစက္ကပ္ပဝတ္တနဝဂ္ဂ၊ ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ-၁၀၈၁
[၃၄] ဓမ္မပဒပါဠိ၊ ဇရာဝဂ္ဂ-၁၅၄
[၃၅] မဟာဝဂ္ဂသံယုတ်ပါဠိ၊ သစ္စသံယုတ္တံ၊ ဓမ္မစက္ကပ္ပဝတ္တနဝဂ္ဂ၊ ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ-၁၀၈၁

http://www.dhammadownload.com

ကျင့်စဉ်တက်ပုံ

ကွရိယာပုထိုကို ပြေပြစ်အောင် ပြင်ဆင်ပြီးလျှင် အထက်ပါ ရှင်းလင်းပေးထားသော သဘောများကို အာရုံပြု၍ စိတ်အစဉ်၏ အနတ္တသဘော ပေါ်နေမှုကို သတိဖြင့် စိတ်တစ်လုံးပေါ် တစ်လုံးသိဖြင့် ရှုနေပါ။ ဤကဲ့သို့ ရှုနေရင်း ကျော၊ ခါး၊ ခေါင်းတို့မှ ဓာတ်လေးပါး ဖောက်ပြန်လာသောအခါ စိတ်သည် ထိုနေရာများသို့ ရောက်ရှိသွားသည်။ ထိုအခါ တဏှာသည် ပြုပြင်လိုသော တောင့်တမှုများအနေဖြင့် ပေါ်လာလိမ့်မည်။ ပြုပြင်ဖြစ်အောင် လိုက်လျောလိုသော တဏှာလည်း ပေါ်လာလိမ့်မည်။ ထိုလိုက်လျောလိုသော တဏှာစိတ်ကို မဂ်ဉာဏ်ဖြင့် ပိုင်းခြားရှုလျက် လိုက်လျောလိုမှုများကို အကြွင်းမဲ့ စွန့်လွှတ်ပေးပါ။ မစွန့်လွှတ်နိုင်လျှင် အောက်ပါ ညွှတ်ကွင်းမိသောသမင်ကဲ့သို့ ဖြစ်သွားလိမ့်မည်။

ညွှတ်ကွင်းမိသမင် ဥပမာ

ညွှတ်ကွင်းမိသော သမင်သည် အကြောင်းအကျိုး မဆင်ခြင်ပဲ လွတ်လိုစိတ်နှင့်သာ ရုန်းတတ်သည်။ ရုန်းသောအခါ ညွှတ်ကွင်းပို၍တင်းလာပြီး သမင်၏ရုန်းအားသည် ညွှတ်ကွင်း တင်းအားကို ဖြစ်စေသည်။ ညွှတ်ကွင်းတင်းအားကြောင့် ရုန်းလေတင်းလေ ဖြစ်ပြီးအရေမှအသား၊ အသားမှ အကြောထိအောင် ပြတ်တော့သည်။ ထိုနည်းတူစွာ ဤကျင့်စဉ်ကျင့်ဆဲ၌ ဝေဒနာကို သည်းမခံနိုင်၍ စိတ်တင်းလေ ဘဝင်ဟဒယတင်းလေ ဝေဒနာပိုခံစားရလေဖြစ်သည်။ စိတ်အလိုလောဘနှင့် ဘဝင်ဟဒယကို ညှစ်ချုပ်၍တင်းကာ ရုန်းကန်ခြင်းမပြုပဲ ပြုပြင်လိုသည့်လောဘကို ပယ်ရမည်။ ဒုက္ခဝေဒနာကို သည်းခံခြင်း၊ လိုက်လျောပြုပြင်ပေးလိုမှုကို မပြုလုပ်တော့ပဲ ပြုလုပ်လိုမှုကို ခွင့်လွှတ်ခြင်း (သို့) စွန့်လွှတ်ခြင်း၊ အတင်းရုန်းကန်မည့် မာန်ကိုချခြင်းဖြင့် စိတ်တင်းထားမှု လုံးဝမရှိအောင် လျှော့ချရမည်။ ထိုအခါ ဘဝင်တင်းမှု လျော့ကျသွားသည်။ အစတွင် စိတ်အလို စွန့်လွှတ်ရမည်ကို မဝံ့မရဲ ဖြစ်နေလိမ့်မည်။ သို့ဖြစ်ပါက ကျင့်စဉ်ကို အောက်ပါ ချောင်းဖြတ်ဥပမာသဘောဖြင့် ထောက်ရှု၍ကျင့်ပါ။

ခချောင်းဖြတ် ဥပမာ

ခရီးသွားတစ်ယောက်သည် ရေလည်းမကူးတတ်။ ခရီးကလည်း ချောင်းဖြတ်၍ နေမဝင်မီ မဖြစ်မနေ အရောက်သွားရမည်။ နေဝင်ချိန်ကိုလည်း ကြည့်ရသည်။ ထိုခရီးသွားသည် ချောင်းငယ် တစ်ခုကို ဖြတ်ရာတွင် ချောင်း၏ အတိမ်အနက်ကို မသိခြင်း၊ ရေလည်းမကူးတတ်ခြင်းတို့ကြောင့် ချောင်းဖြတ်ကူးရာတွင် ပထမအကြိမ် ဒူးခေါင်းမျှရောက်ပြီး ကြောက်၍ ကမ်းပေါ်သို့ ပြန်တက်ပြန်သည်။ သို့သော် အချိန်ကလည်းလင့်၊ မဖြစ်မနေ ခရီးဆက်ရဦးမည် ဖြစ်၍ ဒုတိယအကြိမ် အရဲစွန့်ပြီး ရှေ့သို့တိုး၍ ချောင်းထဲသို့ ပြန်ဆင်းပြန်သည်။ ပေါင်လယ်မျှ ရောက်လျှင် စိုးရိမ်ကြီး၍ ကမ်းပေါ်သို့ ပြန်တက်ပြန်သည်။ အချိန်ကလည်းမရ၊ ခရီးကလည်း အရေးကြီးသဖြင့် တတိယအကြိမ်အရဲစွန့်ပြီးပြန်ဆင်းပြန်သည်။ ခါးလယ်လောက်ရောက်သောအခါ ရှေ့တွင် ဒီထက်နက်မည်ဟု ထင်၍ ကြောက်ပြီး ပြန်တက်လာပြန်သည်။ ချောင်းအလယ်နီးပါး မျှအထိ ရောက်ခဲ့သည်။ အချိန်လည်းမရှိ၊ ခရီးကအရေးကြီးသည်ဟု ပြန်စဉ်းစားပြီး စတုတ္ထအကြိမ် အရဲစွန့်၍ နဂိုရောက်ခဲ့သည်ထက် တိုး၍ဆင်းရန် စိတ်အားမွေးပြီး ချောင်းထဲဆင်းခဲ့သည်။ ချောင်းအလယ်ခေါင်မျှ ရောက်ချိန်တွင် ရေသည် ရင်စို့လောက် ရောက်နေချိန်၌ ကြောက်စိတ်ကို ဦးစားမပေးပဲ ချောင်း၏အတိမ်အနက်သည် ရင်စို့မှရင်ဝအောက်သို့သာ နက်သည်ကို မှန်းဆမိပြီး

http://www.dhammadownload.com

အရဲစွန့်၍ ဖြတ်ကူးလိုက်တော့သည်။ ထိုအခါ ချောင်းတစ်ဖက်ကမ်း၌ ရပ်ကြည့်ရာ ရင်ဝမျှရှိသဖြင့် ကြောက်စိတ်မရှိတော့ပဲ ကမ်းပေါ်သို့ တက်သွားနိုင်သည်။

ထိုဥပမာအတိုင်း ဤကျင့်စဉ်ကို ကျင့်ဆဲ၌ ဆရာပြောသည့်အတိုင်း ပြုပြင်လိုသည့်စိတ်ကို အရဲစွန့်၍ စွန့်လွှတ်ကြည့်လိုက်၊ ဘဝင်ဟဒယကို စိတ်ဖြင့်ပြန်တင်းချုပ်လိုက်၊ တဖန် ဘဝင်ဇော တင်းမှုကို ပြန်လျော့ချပေးလိုက် လုပ်နေသည်။ ဘဝင်ဇောတင်းမှုကို ပြန်လျော့ချပေးသောအခါ စိတ်သက်သာရာရမှုကို ရိပ်စားမိသဖြင့် ဆရာညွှန်ကြားသည့်အတိုင်း ဘဝင်စိတ်တင်းမှုကို နဂိုထက် ပိုလျော့ချလိုက်၊ စိုးရိမ်ပြီး ဘဝင်စိတ် ပြန်တင်းလိုက် လုပ်နေပြန်သည်။ ဤကဲ့သို့ တိုး၍စွန့်လိုက် စိတ်ပြန်တင်းလိုက် ပြုလုပ်ရာမှ စိတ်တင်းမှု ပို၍လျော့ချတိုင်း စိတ်ဆင်းရဲမှု ပိုသက်သာသည်ကိုလည်းကောင်း၊ စိတ်တင်းမှု ပိုလုပ်လာသည်နှင့်အမျှ ပို၍ဆင်းရဲလာသည်ကို လည်းကောင်း သဘောပေါက်လာကာ သည်းခံမှု, စွန့်လွှတ်မှုကို အစွမ်းကုန် စွန့်လွှတ်လိုက်သောအခါ ဘဝင်ကျ၍ စိတ်ချမ်းသာသွားသည်ကို ယောဂီကိုယ်တိုင် ခံစားရပါလိမ့်မည်။ ရုပ်နာနေသော်လည်း စိတ်မနာပဲ ဖြစ်နေလိမ့်မည်။ တဏှာသည် စိတ်၌ နေရာမရတော့သဖြင့် စွန့်လွှတ်လိုက်သောအခါ တဏှာဇောအလျင်ကြောင့် တင်းနေသောဘဝင် ငြိမ်းကျသွားလိမ့်မည်။ ထိုအခါ စိတ်သည် ရုပ်နှင့် တခြားစီကွာပြီး ဝေဒနာဒုက္ခ ခန္ဓာဒုက္ခမှ လွတ်ငြိမ်းသွားသည်။ စိတ်ကြည်လင်ချမ်းသာ ပေါ့ပါးနေလိမ့်မည်။ ဣရိယာပုထ် မပြင်ရပဲ အဘိဏှာနှင့် ဒေါမနဿ လွတ်မြောက်သွားပြီဖြစ်သည်။

မိမိကိုယ်ကို အာရုံပြုသောအခါ အခြားသူတပါး အိပ်နေသည်ကို မိမိက ဘေးက ထိုင်ကြည့်နေသလို မြင်နေပြီး စိတ်နှင့်ရုပ် ဆက်စပ်၍မရပဲ တခြားစီ ဖြစ်နေတတ်သည်။ ထိုသဘောသည် အချို့ အိပ်မောကျလွန်သောအခါ စိတ်နှင့်ရုပ် မဆက်စပ်သဖြင့်* လန့်သွားပြီး အော်သောအခါ အော်မရပဲ ဖြစ်နေသည့်သဘောနှင့်တူသည်။ ထိုသဘောကို ဘီလူးစီးခံရသည်ဟု ယူဆကြသည်။ ဘီလူးစီးခြင်း မဟုတ်ပါ။ ဘဝင်အကျလွန်ခြင်းကြောင့် ကမ္မဇဝါယော (ကိုယ်တွင်းရှိလေမောတ်)နှင့် စိတ်တို့ အဆက်အစပ် ခေတ္တပြတ်တောက်သွားခြင်း ဖြစ်သည်။ ဤသဘောအတိုင်း တွေ့ကြုံရလျှင် စိုးရိမ်ကြောက်လန့်မှု မထားရ။ အချို့ယောဂီတို့သည် စိတ်သည် ခန္ဓာအပြင်သို့ ရောက်သွားပြီး လျှောက်သွားနေတတ်သည်။ ထိုသို့ဖြစ်လျှင် သတိပြန်ထားပြီး ပြင်ပအာရုံများမှ စိတ်ကိုရုပ်သိမ်းပြီး အောက်ပါအတိုင်း ဆက်လက်ရှုပါ။

ဘဝင်ကျပြီးတိုင်း ယောဂီတို့သည် ခန္ဓာအတွင်းရှိ အရိုးစုများကိုလည်းကောင်း၊ အကြောအသား အူ အသည်း စသည့် (၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်းအာရုံကို တကယ်မြင်ရ၍ ကြည့်နေဘိသကဲ့သို့ ဉာဏ်ဖြင့် မှန်မှန် အာရုံပြုနေပါ။ အတင်းစူးစိုက်ပြီး မရှုရ။ မျက်စိဖြင့် အာရုံမပြုရ။ တဖြည်းဖြည်း အာရုံပြုသောအခါ အရိုးစုသည့် ကမ္မဋ္ဌာန်းအာရုံများ ပေါ်လာလိမ့်မည်။ ထိုသို့ မမြင်သောယောဂီတို့သည် ပူမှု တင်းမှု တောင့်မှု စသော ဓာတ်လေးပါးတို့ကို လက္ခဏာတင်၍ ရှုနိုင်သည်။ သို့တည်းမဟုတ် စိတ်၏ အနတ္တ အနိစ္စ သဘောများကို ဆက်လက်၍ ဝိပဿနာဉာဏ်ဆိုက်အောင် ရှု၍ ရပြီဖြစ်သည်။

အထူးသတိပြုဖွယ်ရာအချက်မှာ အဓိဋ္ဌာန်ပြည့်၍ ပြန်ထသောအခါ အထက်ပါအတိုင်း ဘဝင်ကျလွန်မှု ဖြစ်နေပြီး စိတ်နှင့်ရုပ် ဆက်စပ်မရပဲ အချို့ယောဂီတို့ ကြောက်လန့်ပြီး အတင်း ရှုန်းကန်တတ်ကြသည်။ ထိုသို့ ရုန်းကန်သော်လည်း ဆက်စပ်မှု မရသဖြင့် ပိုပြီးကြောက်လာတတ်သည်။ ရောဂါမဟုတ်သဖြင့် ကြောက်စရာမလိုပဲ ဗိုက်ပြည့်အောင် ဝင်လေထွက်လေကို

* မော်တော်ကားဂီယာဥပမာနှင့် နှိုင်းယှဉ်၍သိပါ။

http://www.dhammadownload.com

တဖြည်းဖြည်း လေ့ရှည်ရှည် ရှူထုတ်ရှူသွင်း လုပ်နေပါ။ အချိန်(၁၀)မိနစ်မျှ ရှူရှိုက်ပြီး မရပ်ပဲ ရှူရှိုက်ရင်း လက်ချောင်းများ ဆုပ်ပေးခြင်း၊ ဖြန့်ပေးခြင်း၊ တတောင်ဆစ်များ တဖြည်းဖြည်း ကွေးပေးခြင်း၊ ဆန့်ပေးခြင်း၊ ခြေဖျားများ နဲ့ပေး လှုပ်ပေးခြင်းများ ပြုလုပ်ပြီး စိတ်နှင့်ရုပ် ဆက်စပ်၍ရမှ တဖြည်းဖြည်းချင်း ဘယ်ဘက်ကိုစောင်းလျက် ထပါ။ ဤကျင့်စဉ်အတိုင်း မိမိတစ်ဦးတည်းကျင့်လျှင် အခြားသူများလာလှုပ်မနှိုးမဆွဲရန် အထူးသတိပြုပါ။ မိမိကိုယ်တိုင်ကလည်း ဘဝင်ကျလာလျှင် ကြောက်လန့်ပြီး အတင်းရုန်းကန်ထခြင်း မပြုရပါ။ ထိုသို့ပြုလုပ်လျှင် နှလုံးခုန်ရင်တုန်မှုပြင်းထန်ပြီး မသက်မသာဖြစ်တတ်သည်။ အထူးသတိပြုပါ။ ထိုလျောင်းလဲကျရိယာပုထ် အတိုင်းကျင့်ပါများလျှင် ဘဝင်ကူးမှု လွယ်ကူသွားပါလိမ့်မည်။ သေရမှာလည်း မကြောက်တော့ပါ။ သေနည်း တတ်သွားပြီဖြစ်သည်။

(ခ) ထိုင်ခြင်းဣရိယာပုထ် ကျင့်စဉ်တက်ပုံ

စည်ကမ်းချက်များ

၁။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ တင်ပလ္လင်ခွေထိုင်ပါ။
၂။ အပေါ်ပိုင်း ခန္ဓာအိမ်ကို အနေအထားကျနအောင် အကြမ်းဖျင်း ပြင်ဆင်ပါ။
၃။ အပေါ်ခန္ဓာအိမ်ကို ယိုင်ခြင်း၊ ရွဲ့ခြင်း၊ ရှေ့စိုက်ခြင်း၊ နောက်လန်ခြင်း မရှိစေရန် သတိပြုပါ။
၄။ ခါး, ကျော, ခေါင်းတို့ကို တဖြောင့်တည်း ဖြစ်စေရန် တုတ်ချောင်းထောင်ထားဘိသကဲ့သို့ မဖြစ်အောင် အကြော, အရိုး, ကြွက်သားတို့ကို စိတ်ဖြင့် တင်းထားခြင်း၊ တောင့်ထားခြင်း၊ ညှစ်ချုပ်ထားခြင်း မပြုရ။
၅။ တရားထိုင်ချိန် နှစ်နာရီ(သို့) ထိုထက်ပို၍ ထိုင်ရမည်။
၆။ မည်သည့်အကြောင်းပြချက်နှင့်မျှ ခန္ဓာအိမ်ကို မိမိစေတနာဖြင့် မပြုပြင်ရ။
၇။ အာနာပါနကမ္မဋ္ဌာန်းထူထောင်၍ နှာသီးဝထိချက်အာရုံ၌ အသိကပ်မထားရ။
၈။ မှိတ်ထားသော မျက်လုံးဖြင့် အာရုံပြု၍ စိတ်ကိုမရှုရ။
၉။ ခန္ဓာအိမ်တစ်ခုလုံးကို အသက်မရှိသော, အပြစ်ကင်းစင်သည့် ပန်းပုရုပ်ကဲ့သို့ထားပါ။ (စိတ်ဖြင့် မစောင့်ရှောက်ပဲ ပကတိကာယိန္ဒြေအတိုင်း ရှိစေလိုခြင်းဖြစ်သည်။)
၁၀။ စိတ်ကို သတိထားရှုရာတွင် ဦးနှောက်ကိုလည်းကောင်း၊ ဟဒယရှိရာ ရင်ချိုင့်ကိုလည်းကောင်း အာရုံပြုမရှုရ။
၁၁။ စိတ်သက်သက်ကိုသာ ဉာဏ်ဖြင့် သတိထားရှုရမည်။

ဘဝင်ပိုင်းကျင့်စဉ် ကျင့်ရာတွင် ဓာတ်လေးပါး ဖောက်ပြန်လာလျှင် ရိုးရိုးအာနာပါန ကမ္မဋ္ဌာန်းနှင့်ဘောဇ္ဈင်ရှိရှိုက်ကျင့်နည်း မကျင့်ရ။ ဣရိယာပုထ်ပြင်ဆင်ပြီးသွားလျှင် တစ်အာရုံပြီး တစ်အာရုံပြောင်း၍ နှလုံးသွင်းနေသော ရွေ့စိတ်ကို အရှုဉာဏ်ဖြင့် ပေါ်ဆဲ၌လည်းကောင်း၊ ပျက်ဆဲ၌လည်းကောင်း ပိုင်းခြား သတိထားရှုနေပါ။ ဤကျင့်စဉ်၌ ထိုသို့ရှုခြင်းသည် ပဓာနမဟုတ်၊ သမာဓိရရုံ ရှုနေခြင်းဖြစ်သည်။ ထိုသို့ရှုနေရင်း ဓာတ်လေးပါးဖောက်ပြန်လာသောအခါ စိတ်သည် မူလကမ္မဋ္ဌာန်းမှ ခွာ၍ ဓာတ်လေးပါးဖောက်ပြန်ရာသို့ ရောက်ရှိသွားမည်။ ဓာတ်လေးပါး ဖောက်ပြန်ကာစ၌ စိတ်ဆင်းရဲမှု မရှိသေးသော်လည်း စိုးရိမ်သောစိတ်များ ဖြစ်နေလိမ့်မည်။ စိုးရိမ်စိတ်များကို စွန့်လွှတ်၍ ဆရာညွှန်ကြားသည့် အတိုင်း လိုက်နာကျင့်သုံးနိုင်ရန် ရှေးရှုပါ။

ဓာတ်လေးပါးဖောက်ပြန်မှု ပို၍ ပြင်းထန်လာသောအခါ မခံသာသည့်သဘောကြောင့် ပုထုဇဉ် အလေ့အကျင့်များ စတင် ဖြစ်ပေါ်လာလိမ့်မည်။ ဘဝင်တည်ရာ ဟဒယ(နှလုံး)ကို

http://www.dhammadownload.com

စိတ်ဖြင့် ညှစ်ချုပ်လိုသော စိတ်များ နိုးကြားလာလိမ့်မည်။ ထိုစိတ်ကိုရှု၍ ရှေ့စိတ်အလိုအတိုင်း ဘဝင်ကို ညှစ်ချုပ်မည့် နောက်စိတ်ကို စိတ်ရှည်ရှည်ထားပြီး သည်းခံကာ စွန့်လွှတ်နေပါ။ ခန္ဓာအိမ်ကို ပြုပြင်ရန် ပို၍ တောင့်တလာသော တဏှာစိတ် ဖြစ်လာလျှင် မိမိဘက်က ထိုတဏှာစိတ်ကို စောင့်ရှုလျက် ပို၍စွန့်လွှတ်ပါ။ အစွမ်းကုန် စွန့်လွှတ်ပါ။ နောက်တဖန် **စွန့်လွှတ်စရာ မရှိအောင် စွန့်လွှတ်ပါ**။ စွန့်လွှတ်မှု၏ အဆုံးသည် နိဗ္ဗာန်ဖြစ်သည်။ ထိုသို့ စိတ်အလိုအတိုင်း ဘဝင်ကို ညှစ်ချုပ်လိုမှု၊ ခန္ဓာအိမ်ကို ထိန်းချုပ်လိုမှုများကို အစွမ်းကုန် စွန့်လွှတ်လိုက်သောအခါ အကုသိုလ်ဇောကြောင့် ကြမ်းတမ်းနေသောဘဝင်သည် ငြိမ်းကျသွားကာ စိတ်နှင့်ရုပ် တခြားစီကွဲနေသလိုဖြစ်ပြီး စိတ်ချမ်းသာနေပါသည်။ ကရဇခန္ဓာအိမ်ကို ပြုပြင် မ,ရွှေ့လိုသော စိတ္တသခ်ါရများ ကျင့်ဆဲအခိုက်၌ လုံးဝချုပ်သွားပါမည်။ မိမိကျန်းမာရေးကောင်းက နာရီမည်မျှကြာသည်ဖြစ်စေ ဆံချည်မျှင်စာမျှလောက်ပင် ကွဲရိယာပုထိ် မလှုပ်ရှားတော့ပါ။ ဝစီသခ်ါရ၊ ကာယသခ်ါရ နိရောဓသဘောဆောင်နေခြင်းဖြစ်သည် (ဝိညတ်ရုပ်နှစ်ပါးကို ဖြစ်စေတတ်သော စေတနာချုပ်နေမှုကို ဆိုလိုပါသည်)။ သက္ကာယဒိဋ္ဌနှင့်ယှဉ်သော ဝိတိက္ကမ ပရိယုဋ္ဌာန ကိလေသာ ဝိက္ခမ္ဘနပဟာန်အားဖြင့် ချုပ်ငြိမ်းခြင်းဖြစ်သည်။ ဤကျင့်စဉ်သည် ဖလသမာပတ်ဝင်စားမှု၏ အခြေခံရုပ်နာမ် သိမ်းဆည်းမှု ကျင့်စဉ်ဖြစ်သည်။ ဖလသမာပတ်ဝင်စားမှုဟူ၍ မဆိုလိုပါ။

> "ထိုအရိယာသာဝကအား **လိုက်လျောမှု ရာဂနှင့်ဆန့်ကျင်မှု ဒေါသတို့**သည် ခါတွက်အပ်ပြီး ချုပ်ငြိမ်းခြင်းသို့ ရောက်ကုန်ပြီး ဖြစ်ရကား (ထိုကိလေသာတို့) မရှိကြကုန်၊ ထိုသူသည် ကိလေသာမြူကင်းသော စိုးရိမ်ခြင်း မရှိသော နိဗ္ဗာန်ကိုသိသောကြောင့် ဘဝ၏တဖက်ကမ်းသို့ ရောက်သူဖြစ်၍ ကောင်းစွာသိ၏။"[၁၆]

အထက်ပါဘုရားရှင် ဟောထားသည့် ဒေသနာအရ လိုက်လျောမှုသည် ရာဂတဏှာ၊ ဆန့်ကျင်မှုသည် ဒေါသဖြစ်သဖြင့် ပုထုဇဉ်တို့၏အလေ့ဖြစ်သည်။ အပြင်အာရုံကို လိုက်လျောမှု ရာဂ၊ ဆန့်ကျင်မှုဒေါသဖြစ်ခြင်းထက် အနီးကပ်အတွင်းကျကျ ခန္ဓာဒုက္ခကြောင့် ဖြစ်ပေါ်လာသော တဏှာနှင့်ဆန့်ကျင်ဘက်ဒေါသတို့ကိုမပယ်နိုင်ခြင်းသည် သေခြင်း၌ပို၍ဆင်းရဲစေပြီး အပါယ်ဘေးဆင်းရဲသို့လည်း ပို၍သေချာစွာ ရောက်စေတော့မည်။

ဘဝင်ကျသွားပြီးသောအခါ စိတ်သည် ခန္ဓာနှင့်အဆက်အစပ် ပြတ်သွားပြီး ပေါ့ပါးကြည်လင်နေမည်။ လှုပ်ချင် ဖြုတ်ချင် ပြင်ချင်သောစိတ်များလည်း မရှိတော့ပါ။ ထိုအခါ (၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်းကိုသော်လည်းကောင်း၊ ဓာတ်လေးပါးကမ္မဋ္ဌာန်းကိုသော်လည်းကောင်း၊ နာမ်ကမ္မဋ္ဌာန်းကိုသော် လည်းကောင်း ဆက်လက်ရှုနိုင်သည်။

အရိုးစု အစရှိသော (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းနိမိတ် တစ်ခုခု ရရှိသောယောဂီသည် ကမ္မဋ္ဌာန်းမှ ထသောအခါ မျက်လုံးဖွင့်၍ လူ ခွေး စသည့် အာရုံတို့ကို အပြင်ပန်းကို အာရုံမယူပဲ ခန္ဓာတွင်းကို အာရုံပြုလျှင် ဖောက်ထွင်းမြင်နေပါလိမ့်မည်။ လက္ခဏာသုံးပါးဖြင့် ဆင်ခြင်၍ရှုပါ။ (၃၂)ကောဋ္ဌာသ မမြင်သောယောဂီတို့သည် ဓာတ်လေးပါးကို လက္ခဏာသုံးပါးဖြင့် ဆင်ခြင်၍ရှုပါ။

> ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'ကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်ခြင်း စွဲလမ်းမှု

[၁၆] သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ ဝေဒနာသံယုတ်၊ သဂါထာဝဂ်၊ သလ္လသုတ်–၂၅၄ နှာ–၄၀၄

http://www.dhammadownload.com

'ဥပါဒါန်' အကြွင်းအကျန် ရှိခဲ့သော် အနာဂါမ်ဖြစ်နိုင်ခြင်းဟူသော အကျိုးနှစ်ပါးတို့တွင် အကျိုးတပါးပါးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။[၁၇]

တရားကျင့်သောယောဂီသည် အထက်ပါ ဘုရားရှင် ဟောထားသည့်အတိုင်း အရိုးစု အစရှိသည့် (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းကိုပွား၍ ရုပ်တရားတို့၌ အနှစ်မရှိကြောင်း၊ သာယာဖွယ် မရှိကြောင်း၊ ငါသူတပါးမရှိကြောင်း၊ စွဲမက်စရာမရှိကြောင်း သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် စသော ဗောဇ္ဈင်(၇)ပါး အစဉ်အတိုင်း ပွားများအားထုတ်လျှင် လက္ခဏာစဉ် ဉာဏ်စဉ် အဆင့်ဆင့် တက်၍ မဂ်အဆင့်ဆင့် ကူးမြောက်နိုင်ပါသည်။ ယင်းသို့ အဆင့်ဆင့် ကူးမြောက်နိုင်ရန် ရှေးဦးစွာ ကမ္မဋ္ဌာန်းနိမိတ် တစ်ခုခု အပိုင်ရရန် လိုအပ်သည်။ ၎င်းအရိုးစုသည်ပင်လျှင် ကမ္မဋ္ဌာန်းနိမိတ် ဖြစ်သည်။ အရိုးစုသက်သက်ရှုပြီး ဝိပဿနာဉာဏ်မဝင်က သမထသက်သက်သာ ဖြစ်မည်။ အချို့ဆရာတို့သည် အရိုးစုကမ္မဋ္ဌာန်းကို သမထသက်သက်သာဖြစ်၍ ဝိပဿနာ မကူးနိုင်ဟူ၍ သုံးသပ်ကြသည်မှာ မြတ်စွာဘုရားကို ပြစ်မှားစွပ်စွဲရာ ရောက်နေသည်။ တရားကျင့်သော ယောဂီများ အထူး သတိပြုပါ။

ဤကျင့်စဉ် ကျင့်ဆဲ၌ သံသယဖြစ်မှုများ၊ စိတ်အလိုကိုစွန့်လွှတ်မှု၌ မဝံ့မရဲဖြစ်မှုများရှိကာ မိမိစိတ်ထင်သည့်အတိုင်း ဘဝင်ဟဒယကို ညှစ်ချုပ်လိုသည့် စိတ်အတိုင်း ပြုတတ်ကြသည်။ ထိုသို့ ပြုသောအခါ ဆင်းရဲမှုသာ တိုးလာလိမ့်မည်။ သို့သော်လည်း ဆင်းရဲသည့်ကြားက ဆင်းရဲကြောင်း အကျင့်ဖြစ်သော ငါ့ခန္ဓာကိုယ်ဟု စွဲယူသောစိတ်ဖြင့် အဆင်းရဲခံကာ ဘဝင်ဟဒယကိုသာ ဆက်၍ဆက်၍ ညှစ်ချုပ်နေတတ်ကြသည်။ ဥပမာပြရသော်---

သားဆိုး သမီးဆိုး ဥပမာ

မိဘတို့သည် သားသမီးတို့ကို ချစ်မြဲဓမ္မတာပင်တည်း။ အချို့သားသမီးတို့သည် အခွင့်အရေးယူပြီး မိဘကို သိက္ခာကျ၊ ဂုဏ်ပျက်၊ စီးပွားပျက်သည်အထိ ရက်စက်တတ်သည်။ မိဘတို့သည် ထိုသားဆိုးသမီးဆိုးများ၏ ရက်စက်မှုကို သည်းမခံနိုင်တော့ပဲ ချစ်ခင်မှုကို စွန့်လွှတ်၍ မုန်းလာပြီး သားသမီးအဖြစ်မှ လုံးဝ စွန့်လွှတ် ဥပေက္ခာပြုလိုက်တော့သည်။ ထိုဥပမာကဲ့သို့ တရားကျင့်နေစဉ် မိမိခန္ဓာကိုယ်အား ချစ်ခင်တွယ်တာမှုဖြင့် လိုက်လျောပြုပြင် ပေးမည့်အစား အပြစ်မြင်ကာ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သမျှ မနားတမ်း ရက်စက်နေပြီး ညှဉ်းဆဲနေတော့သည်။ မည်မျှပင် ပြုစုစောင့်ရှောက်ယုယသော်လည်း ညှာတာသောသဘော မရှိ။ ချမ်းသာမှုမပေး။ ရက်စက်၍သာနေတော့သည်။ ထို့ကြောင့် ထိုရုပ်ကိုမုန်း၍ အပြစ်မြင်ကာ ငါ့ကိုယ်ဟု တွယ်တာယုယမှုဖြင့် သက်သာအောင် ပြုပြင်နေမည့်အစား ထိုပြုပြင်မှုစိတ်ကို စွန့်လွှတ် ဥပေက္ခာပြုလိုက်ပါ။

မိမိကျန်းမာရေး မကောင်း၍ ဖျားနာလာသောအခါ ထိုင်ခြင်းကျရိယာပုထ်ကို စွန့်၍ လျောင်းလဲကျရိယာပုထ်ကျင့်စဉ်အတိုင်းကျင့်လျှင် အလွယ်တကူစိတ်ဆင်းရဲမှုမှ လွတ်မြောက်သွား ပါလိမ့်မည်။ ဤကျင့်စဉ်၌ သစ္စာလေးပါးမြင်ပုံ၊ ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ၊ ဗောဓိပက္ခိယ(၃၇)ပါး လျော်ညီမှုကို မိမိဉာဏ်ဖြင့် သုံးသပ်ယူပါ။

---

[၁၇] မဟာဝဂ္ဂသံယုတ်ပါဋိတော် မြန်မာပြန်၊ ဗောဇ္ဈင်သံယုတ်၊ အာနာပါနဝဂ်၊ အဋ္ဌိကမဟပ္ပလသုတ် အညတရဖလသုတ်-၁၃၈ နှာ-၁၁၇

http://www.dhammadownload.com

ရုပ်နာမ်တွဲစပ်ပုံ၊ တဏ္ဍာကူးပုံနှင့် တဏ္ဍာခွာပုံ

မော်တော်ကားဂီယာဥပမာ

ရုပ်နာမ်တွဲစပ်ပုံ၊ တဏ္ဍာကူးပုံနှင့် တဏ္ဍာခွာပုံကို တရားကျင့်သောယောဂီတို့ လွယ်ကူစွာ သဘောပေါက်စေရန် ကားမောင်းသူနှင့် ကားသဘောကို ဉာဏ်ဖြင့် အာရုံပြု၍ မိမိခန္ဓာနှင့် နှိုင်းယှဉ်ကြည့်ပါ။ ကားတစ်စီးတွင် အဓိက အစိတ်အပိုင်း သုံးမျိုးရှိသည်။ အင်ဂျင်ပိုင်း၊ ဂီယာပိုင်းနှင့် ဘော်ဒီပိုင်းတို့ ဖြစ်သည်။ ကားမောင်းသူသည် ကားကို မောင်းလိုပါက အင်ဂျင်နှင့် ဘော်ဒီကို ဆက်စပ်ပေးသည့် ဂီယာအုံအတွင်းရှိ ပင်နီယံ(ခွေးသွားစိပ်)များကို ချိတ်ဆက်မှုမရှိပဲ ခွာထားပြီး အင်ဂျင်စက်ကို နှိုးသည်။ ကားထွက်လိုသောအခါ ဂီယာအုံအတွင်းရှိ ဘော်ဒီဖက်ပိုင်းမှ ပင်နီယံနှင့် အင်ဂျင်ဖက်ပိုင်းမှ ပင်နီယံတို့ကို ချိတ်ဆက်လိုက်သည်။ ပထမနံပါတ်(၁)ဂီယာဖြင့် အရှိန် စတင်ယူပြီး စက်အရှိန်မြှင့်ရန် လီဗာကို ဆက်နင်း၍ ဂီယာ (၂-၃-၄-၅) စသည်ဖြင့် အရှိန်မြှင့်သွားသည်။ ကားမောင်းသူသည် လမ်းကြောင်းမှန်စွာ ထိန်းသိမ်းမောင်းသွားသည်။ ကားရပ်လိုလျှင် ပင်နီယံ ချိတ်ဆက်မှုများကို အရှိန်လျှော့၍ ဖြုတ်လိုက်သည်။ ကားဘော်ဒီနှင့် ကရဇခန္ဓာတူသည်။ အင်ဂျင်နှင့် စိတ်တူ၏။ ဂီယာအုံနှင့် ဟဒယဘဝင်တူ၏။ ဂီယာနံပါတ် (၂-၃-၄-၅) တို့သည် ဇော (စိတ်အလျင်) နှင့် တူ၏။ ဂီယာသွင်းခြင်းသည် တဏ္ဍာနှင့်တူသည်။ ဂီယာဖြုတ်ခြင်းသည် သတိ၊ ဉာဏ်ဖြင့် တဏ္ဍာဇောအလျင်များကို လျှော့ချစွန့်လွှတ်ခြင်းနှင့်တူ၏။

ဓာတ်လေးပါး ဖောက်ပြန်မှု ကာယိကဒုက္ခမှ ခက်ထန်သည့် အနိဋ္ဌရသများကို ကာယသမ္ဖဿက သယ်ဆောင်၍ ဘဝင်သို့ ပို့ပေးသည်။ ဘဝင်မှဖြစ်လာသော မနောဝိညာဏ်နှင့် ယှဉ်ဖက်ဝေဒနာက ခံစားသည်။ ဒုက္ခဝေဒနာ ပေါ်လာ၍ မခံစားလိုသော စိတ်ဇောများ ဖြစ်ပေါ်လာပြီးလျှင် တနုံ့နုံ့ဖြစ်သော စိတ်များ ဆက်ကာဆက်ကာ ထပ်၍ ဖြစ်ပေါ်လာသည်။ ထိုအခါ ခန္ဓာအိမ်ကို ပြုပြင်လိုသောစိတ်များ ဖြစ်ပေါ်လာသည်။ ဂီယာသွင်းလိုသော ဒရိုင်ဘာနှင့် တူသော တဏ္ဍာသည် စိတ်၌ ကပ်ရောက်လာပြီး ဂီယာအုံအတွင်းရှိ ပင်နီယံနှင့်တူသော ဇောစိတ်များနှင့် ရုပ်ပိုင်းအတွင်းရှိ ဝါယောတို့ကို ချိတ်ဆက်စေပြီး ခန္ဓာအိမ်ကို ပြုပြင်တော့သည်။

ယခုရေးသားဖော်ပြခဲ့သည့်ကျင့်စဉ်ကို ထိုင်သောက္ကရိယာပုထ်ဖြင့် ဒုက္ခဝေဒနာမှ တဏ္ဍာ ခွာနိုင်လျှင် ဘဝင်ကျသဖြင့် ခန္ဓာ၏ဒုက္ခမှ မဆင်းရဲတော့ပါ။ အကယ်၍ လူတစ်ဦးသည် ခန္ဓာ၏ ဖောက်ပြန်သော ဒုက္ခဝေဒနာမှ ဒေါသကို မခွာနိုင်၊ အရိုးစုကမ္မဋ္ဌာန်း တစ်ခုလောက်မျှ မြင်အောင် မပွားထားနိုင်လျှင် ယခုဘဝ၌ ပြည့်လျှံသော စည်းစိမ်ရတနာ၊ ကြီးမားသော ရာထူးအာဏာ၊ ထူးချွန်ထက်မြက်သော လောကီပညာ၊ များပြားသော အခြံအရံ၊ ကျယ်ပြန့်သော ဂုဏ်သတင်း ရှိသော်လည်း ထိုသူသည် တန်ဖိုးမဲ့သော အချည်းနှီးသော လူသားတစ်ယောက် ဖြစ်သည်။

အမှတ်စဉ်(၄) ဘဝင်ပိုင်းကျင့်စဉ်၌ ခန္ဓာအိမ်ကို ပြုပြင်ရန် တောင်းဆိုနေသည့် ဒုက္ခဝေဒနာကြောင့် ဖြစ်သော ရှေ့တဏ္ဍာစိတ်ကို မလိုက်လျောပဲ လိုက်လျောမည့် နောက်တဏ္ဍာစိတ်အား အကြွင်းမဲ့ စွန့်လွှတ်နိုင်သောအခါ ဘဝင်ကျကာ ဆင်းရဲမီးချုပ်လျက် စိတ်နှင့်ရုပ် မဆက်စပ်ပဲကွာနေသည်။ ယင်းသည် တဒင်္ဂ ဝိက္ခမ္ဘနအားဖြင့် တဏ္ဍာချုပ်နေခြင်း ဖြစ်သောကြောင့် ထိုကျင့်စဉ်၌ တဏ္ဍာ ကြွေးကျန်ရှိနေသေးသည်။ ဆိုလိုသည်မှာ နောက်တစ်ခါ တရားထိုင်လျှင် ဒုက္ခဝေဒနာ နောက်တစ်ခါ ပေါ်လာသောအခါ ခန္ဓာအိမ်ကို ပြုပြင်ရန် တောင်းဆိုနေသည့် တဏ္ဍာ နောက်တစ်ခါ ပေါ်လာသေးသည်။ ဆင်းရဲမှုချုပ်ရန် စိတ်ကို ထိုတဏ္ဍာကပ်ခွင့်မရအောင် ထပ်မံ၍ စွန့်လွှတ်မှု အကြောင်းပြုနေရသေးသည်။ အကယ်၍ အပါယ်ဒုဂ္ဂတိကို ဆက်စပ်သည့် ဝါနတဏ္ဍာကို အကြွင်းမဲ့(သမုစ္ဆေဒပဟာန်) ပယ်သတ်နိုင်ပါက

http://www.dhammadownload.com

နောင်တရားကျင့်တိုင်း ဒုက္ခဝေဒနာ အကြောင်းခံ၍ ဖြစ်ပေါ်လာမည့် တဏှာ ပေါ်လာတော့မည်မဟုတ်။ ထိုအခါ ရှေ့ဆက်ကျင့်ရမည့် ကျင့်စဉ်အတွက် တဏှာရန်သူ နောက်ကြောင်းအေးသွားမည် ဖြစ်သည်။ ထိုကျင့်စဉ်တို့ကို ရှေ့တွင် ရေးသားဖော်ပြပါမည်။

ထိုအမှတ်စဉ်(၄) (ဘဝင်ပိုင်းကျင့်စဉ်)ကို နိုင်နင်းက (တရားထိုင်တိုင်း ဘဝင်ကျအောင် ကျင့်နိုင်လျှင်) **စိတ္တဝိသုဒ္ဓိကျင့်စဉ် ဒုတိယဆင့်နှင့် တတိယဆင့်ကို အစဉ်အလိုက် ကျင့်စဉ်တက်နိုင်သည်။** အကယ်၍ ရှေ့ဆက်ရေးမည့် တစ်ဖက်ချိတ်ပလ္လင်ကျင့်စဉ်နှင့် မဟာပလ္လင်ကျင့်စဉ်များကို အစဉ်အလိုက် အောင်မြင်အောင် ကျင့်နိုင်ပါက **ပို၍ ထူးခြားမှုရှိပြီး ကျင့်စဉ်တက်ရာတွင် လွယ်ကူပြီး အထောက်အပံ့လည်း ဖြစ်စေသည်။** အသက်အရွယ်ကြီးသူ၊ ကျန်းမာရေးမကောင်းသူ၊ အချိန်မပေးနိုင်သူ၊ သဒ္ဓါဝိရိယအားနည်းသူတို့သည် အမှတ်စဉ်(၅) တစ်ဖက်ချိတ်ပလ္လင်ကျင့်စဉ်နှင့် အမှတ်စဉ်(၆) မဟာပလ္လင်ကျင့်စဉ်တို့ကို မတက်ပဲ အရိုးစုအစရှိသော အမှတ်စဉ်(၂) ၃၂-ကောဋ္ဌာသကမ္မဋ္ဌာန်းကို လက္ခဏာရေးသုံးပါးတင်၍ မြဲအောင်ပွားများနိုင်သည်။ ထို(၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်း ဝိပဿနာဘာဝနာ အားကောင်းလာလျှင် အမှတ်စဉ်(၃) ဓာတ်လေးပါးကမ္မဋ္ဌာန်းဖြင့် ပြောင်းပြီးရှုပါ။ ဓာတ်လေးပါးဘာဝနာ၌ လက္ခဏာရေးသုံးပါး တင်ရှုအားကောင်းလျှင် စိတ်သည် အာရုံတို့၌ မယိုစီးချင်တော့ပဲ ချုပ်နေလိမ့်မည်။ တနည်းအားဖြင့်ဆိုသော် စိတ်သည် ပြင်ပအာရုံတို့နှင့် မဆက်ဆံချင်တော့ပဲ ရပ်နေလိမ့်မည်။ ထိုပုဂ္ဂိုလ်တို့သည် ပထမဘဝင်ကျမှုကို ပိုင်နိုင်ထားပါက စိတ္တဝိသုဒ္ဓိဒုတိယဆင့်သို့ အလိုလို ဆိုက်ရောက်သွားမည်ဖြစ်သည်။ ၎င်းအဆင့်မှ စိတ္တဝိသုဒ္ဓိတတိယဆင့်သို့ အစဉ်အလိုက် ကျင့်သွားနိုင်ပြီ ဖြစ်သည်။

၃၊၁၊၅။ တစ်ဖက်ချိတ်ပလ္လင်ကျင့်စဉ် (နာမ်ကမ္မဋ္ဌာန်း)

(ဒုက္ခဝေဒနာမှ တဏှာကို မြင်စေအောင်ရှုသောကျင့်စဉ်)

စိတ်၌ ဆင်းရဲမီးစတောက်ပုံ

လူတစ်ယောက် မီးခြစ်ခြစ်၍ ဖယောင်းတိုင် မီးထွန်းပုံကို သုံးသပ်ကြည့်လျှင် အောက်ပါအချက်(၆)ချက် တွေ့ရမည်။

(၁) မီးစာ
(၂) ဖယောင်းသား
(၃) လေ
(၄) မီးခြစ်
(၅) လူ
(၆) မီးခြစ်မှမီးတောက် (ဓာတ်ငွေ့)

လူကမီးခြစ်ခြစ်၍ တောက်လာသောမီးနှင့် ဖယောင်းတိုင်မီးစာကို ဆက်စပ်လိုက်သော အခါ မီးစာ၌ မီးတောက်သွားသည်။ ထိုသဘောနှင့် တရားကျင့်သောယောဂီ၏စိတ်၌ ဆင်းရဲမီးတောက်ပုံကို နှိုင်းယှဉ်ကြည့်လျှင် စိတ်နှင့် ဝေဒနာ၊ သညာ၊ သင်္ခါရတို့သည် မီးစာနှင့်တူ၏။ ဖယောင်းသားသည် ရူပကာယနှင့် တူ၏။ လေသည် အတိတ်မှပြုခဲ့သော ဝဋ်နှင့်တူ၏။ မီးသည် ဒိဋ္ဌ, ဒေါသစသော စေတသိက်တို့နှင့်တူ၏။ လူသည် တဏှာနှင့်တူ၏။

တဏှာသည် ခန္ဓာငါးပါးကို ဆောက်ထားသော အိမ်ပိုင်ရှင်ဖြစ်၏။ အိမ်တည်းဟူသော ခန္ဓာငါးပါးကို စိုးမိုးခြယ်လှယ်သည်။ ရူပကာယမှ ဓာတ်လေးပါးဖောက်ပြန်မှု အနိဋ္ဌာရုံ

http://www.dhammadownload.com

ပေါ်လာသောအခါ စိတ်နှင့် ဝေဒနာ၊ သညာ၊ သင်္ခါရတို့ အတူတကွ ဖြစ်ပေါ်လာသည်။ တဏှာသည် ထိုစိတ်အစုအဝေးကို ဒိဋ္ဌိ, ဒေါသစသော စေတသိက်တို့နှင့် ဆက်စပ်ပေးသည်။ ထို့ကြောင့် စိတ်၌ ဒိဋ္ဌိ, ဒေါသစေတသိက်တို့ ကပ်လောင်မြိုက်သဖြင့် ထိုစိတ်အစုအဝေးတို့ ဆင်းရဲမီးတောက်ခြင်း ဖြစ်သည်။ ငါဆင်းရဲနေတယ်၊ ငါ့ရုပ်ကြီးနာနေတယ်ဟု အယူမှားအမှတ်မှား ဖြစ်တော့သည်။ နာမ်ခန္ဓာသည် ဒုက္ခက္ခန္ဓာအစုအဝေး ဖြစ်သွားသည်။ ထိုသဘောကို မြတ်စွာဘုရားရှင်သည် ဤကဲ့သို့ ဟောထားသည်။ **"ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။ အယံ ခေါ ဘိက္ခဝေ ဒုက္ခဿသမုဒယော"**[၁၅] - ဤကဲ့သို့ ဆင်းရဲသော ဒုက္ခက္ခန္ဓာ ရခြင်းသည် တဏှာဟူသော အကြောင်းကြောင့် ဖြစ်သည်။ ဤကဲ့သို့ အဝိဇ္ဇာနှင့်တဏှာ လှည့်စားခြင်းကို မသိသောသတ္တဝါတို့သည် ဓာတ်လေးပါးရုပ်တရား ကြမ်းတမ်းစွာဖောက်ပြန်လာတိုင်း ဆင်းရဲခြင်းမှ မလွတ်ကြပေ။ တရားကျင့်သော ယောဂီတိုင်း ဒုက္ခဝေဒနာနှင့် ကြုံတွေ့ရမည်သာ ဖြစ်သည်။

များစွာသော တရားပြဆရာတို့သည် စိတ်၌ အကြောင်းအကျိုးဆက်စပ်၍ ဒေါမနဿ မီးတောက်ပုံကို နားမလည်၊ မီးတောက်ခြင်း၏ အကြောင်းရင်းကိုလည်းမရှာကြ၊ ကိုယ်တိုင်လည်း လွတ်မြောက်အောင် မကျင့်ကြပါ။ ထိုဆရာတို့သည် တရားကျင့်သော ယောဂီတို့အား ဒုက္ခဝေဒနာကို ဆက်ရှုခိုင်းကြခြင်း၊ ဒုက္ခဝေဒနာကို အာရုံပြုလျက် အာနာပါနအရှုအရှိုက်ဖြင့် ပြိုင်ရှု၍ ရှုခိုင်းခြင်း၊ ဒုက္ခဝေဒနာကို အနိစ္စ၊ အနတ္တဟု ရှုခိုင်းခြင်း၊ ဖြစ်ပျက်ဟုရှုခိုင်းခြင်း စသော မှားသော ညွှန်ကြားမှုများ အမျိုးမျိုး ပေးနေကြသည်။ ဒုက္ခဝေဒနာကို ကျော်လွှားအောင် မပြုနိုင်ကြသဖြင့် တစ်နာရီမျှသာ ထိုင်ချိန်ပေးပြီး ဣရိယာပုထ်ကို အသိ (သို့) အမှတ်နှင့် ပြင်၍ ကျင့်ပါဟု မှားသောကျင့်နည်းဖြင့် ကျင့်စေခြင်းလည်း ရှိသည်။ များစွာသောယောဂီတို့သည်လည်း ဆင်းရဲခြင်းပဟေဋ္ဌိ၏ အဖြေကို မသိကြသဖြင့် ဣရိယာပုထ်ကို ပြုပြင်မ,ရွှေ့ပေးနေကြသည်။ အချို့ တရားမကျင့်ရသေးသောသူတို့သည်လည်း တရားထိုင်လျှင်လည်း နာမှာပဲ ဟူသော မှားယွင်းသော အသိကြောင့် တရားမကျင့်ပဲ နေကြသူများလည်း ရှိ၏။

ယခု ဆက်လက်၍ တဏှာတည်းဟူသော တရားခံကို ကာယိကဒုက္ခဝေဒနာကို အရင်းခံဖော်ထုတ်၍ ဆွဲနုတ်ပယ်သတ်သည့် ကျင့်စဉ်နည်းစနစ်များကို ဝိပဿနာယာနိကအားဖြင့် ရေးသားတင်ပြသွားမည် ဖြစ်သည်။

ကျင့်စဉ်တက်ပုံ

စည်းကမ်းချက်များ

၁။ ဆိုင်ရာသီလစင်ကြယ်စေ၍ ပရိက်ပြုပါ။
၂။ တစ်ဖက်တင်ချိတ်၍ ထိုင်ပါ။ (တစ်ဖက်တင်ချိတ်မရသော ပုဂ္ဂိုလ်များ ရိုးရိုးထိုင်ပါ။)
၃။ စိတ်သက်သက်ကိုသာရှုပါ။ ဓာတ်လေးပါးဖောက်ပြန်မှုကို မရှုရ။
၄။ ခန္ဓာအိမ်ကို စိတ်ဖြင့် ညှစ်ချုပ်မထားရ။
၅။ ခန္ဓာအိမ်ကို တုတ်ချောင်းထောင်ထားသကဲ့သို့ မထားရ။ (ပကတိအတိုင်း ထား၍ ယိုင်ရွဲ့ခြင်း မရှိစေရ)
၆။ အာနာပါနရှုရှိုက်မှု မပြုရ။

---

[၁၅] နိဒါနဝဂ္ဂသံယုတ္တပါဠိ၊ နိဒါနသံယုတ္တံ၊ ဂဟပတိဝဂ္ဂ၊ ဒုက္ခသုတ္တံ-၄၃ နှာ-၃၀၁

http://www.dhammadownload.com

တရားအားထုတ်မည့်ယောဂီတို့သည် ညွှန်ကြားခဲ့ပြီးသည့်အတိုင်း ထိုင်ခြင်းကျရိယာပုထ်ကို စေ့စေ့စပ်စပ် သေသေသပ်သပ် ပြင်ဆင်ညီညွတ်စေပြီးလျှင် အလိုလို ဖြစ်ပေါ်လာမည့် စိတ်အမျိုးမျိုးကို သိအောင် သတိထားပါ။ မိမိ၏အလိုဆန္ဒဖြင့် တွေးတောခြင်း၊ ကြံစည်ခြင်း၊ သညာပေးအမှတ်ပြုခြင်း (ပူတယ်၊ တင်းတယ်၊ တောင့်တယ်၊ မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရဘူး)၊ တစ်စုံတစ်ခုကို ပြုပြင်လိုသော စိတ်များ မွေးမြူခြင်း စသည်တို့ကို မပြုလုပ်ရ။ သို့သော်လည်း စိတ်သည်ငြိမ်မနေပဲ အတိတ်အနာဂတ် အာရုံအမျိုးမျိုးကိုလည်းကောင်း၊ ပစ္စုပ္ပန်အာရုံအမျိုးမျိုးကို လည်းကောင်း အလိုလို ကြံစည်တွေးတောနေလိမ့်မည်။ အတွင်း၌ စကားပြောသောစိတ်၊ ဆင်ခြင်သောစိတ်၊ ဝေဖန်သောစိတ်တို့သည်လည်း အလိုလိုပင် တစ်မျိုးပြီးတစ်မျိုး မရပ်မနား ဖြစ်ပေါ်နေလိမ့်မည်။

အကယ်၍ ထိုကဲ့သို့ အလိုလို ဖြစ်ပေါ်နေသော စိတ်အမျိုးမျိုးကို ငါ့စိတ်ဟူ၍ သံသယရှိခဲ့သော် ထိုစိတ်များ မပေါ်အောင် ငါ့သဘောဖြင့် ရပ်ထားကြည့်ပါ။ ရပ်၍မရပဲ ကြံစည်တွေးတောသောစိတ်များ တစ်မျိုးပြီးတစ်မျိုး ပေါ်နေသည်ကို တွေ့ရလိမ့်မည်။ ငါ့စိတ်မဟုတ်၊ အလိုလိုပင် တစ်မျိုးပြီးတစ်မျိုး ပေါ်နေသောစိတ်ဟု သံသယရှင်းသွားလိမ့်မည်။ ယောဂီ၏ဉာဏ်တွင် သံသယရှင်းသွားပြီဆိုပါက ထိုသူ့သဘောသူ ဆောင်နေ၍ တစ်မျိုးပြီးတစ်မျိုး ဖြစ်ပေါ်နေသောစိတ်များကို ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း နောက်မကျစေပဲ ဖြစ်ဆဲ၌ပင် သူ့သဘောသက်သက်ကိုသာ သိကာမျှသိအောင် သတိမလစ်တမ်း စောင့်ရှုနေပါ။ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲဟု မှန်းဆ၍ သညာပေးမရှုရ။ ဉာဏ်ဖြင့်သာ အလိုလိုဖြစ်လာသောစိတ်၊ အလိုလို ပျက်သွားသောစိတ် ဟူသည့် သဘောမျှကိုသာ အပြောပညတ်မပါ ကြည့်ရုံသက်သက် ရှုရုံသက်သက်မျှသာ ရှုရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထိုကဲ့သို့ သူ့သဘောသူဆောင်၍ စဉ်းစားကြံစည် ဝေဖန်တွေးတောနေသောစိတ်၊ သားစိတ်၊ သမီးစိတ်၊ အဖေစိတ်၊ အမေစိတ် စသော လောကီကာမပညတ်နှင့်ယှဉ်သောစိတ်များ ရည်ရွယ်ချက်မရှိ ဆွေးနွေးတိုင်ပင်မှု မရှိပဲ ဖြစ်ပေါ်နေလိမ့်မည်။ ထိုစိတ်တို့သည် မိမိနှင့် ဆက်ဆံတွေ့ကြုံခဲ့ဖူးသော အာရုံများကို ဒိဋ္ဌ, တဏှာ, ဥပါဒါန်အားဖြင့် စွဲထားသောစိတ်များ ဖြစ်သည်။ စိတ်သည် အာရုံနှင့်ကင်း၍ မနေ။ အာရုံတစ်မျိုးမျိုးကို ရှာကြံ၍ နဂိုသဘာဝအားဖြင့် တည်နေတတ်သည်။ ပစ္စုပ္ပန်အာရုံမရှိလျှင် အတိတ်, အနာဂတ်အာရုံကိုရှာကြံ၍ တည်နေသည့် သဘာဝရှိသည်။ ထိုသဘောကိုမသိ၍ ငါစဉ်းစားနေတယ်၊ ငါ့စိတ်ဟူ၍ အယူမှားနေခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုစိတ်အမျိုးမျိုးတို့ကို ငါ့စိတ်မဟုတ်ကြောင်း သူ့သဘောသူဆောင်ကြောင်း သိအောင် မလစ်တမ်း ရှုနေရမည်။ ထိုသို့ရှုသောအခါ လောကီကာမပညတ်နှင့် ယှဉ်သော ရှေ့စိတ်သည်အရှုခံတရား၊ သတိနှင့်ယှဉ်၍ ရှုသောနောက်စိတ်သည် အရှုဉာဏ်တရား၊ အရှုခံ ရှေ့စိတ်တို့ကို အရှုဉာဏ်စိတ်ဖြင့် ရှုသောအခါ အလိုလို ဖြစ်ပြီး အလိုလို ပျက်သွားသည်ကို မြင်လာသည်။ သတိလစ်လျှင် အရှုဉာဏ်စိတ်မှ အရှုခံစိတ်အဖြစ်သို့ ပြောင်းပေါ်လာသည်။

သတိတ်မနောဝိညာဏ်ကို ကုသိုလ်စေတသိက်အုပ်စုနှင့် အကုသိုလ်စေတသိက်အုပ်စုတို့ အနက်မှ ဦးစီးမိရာက အုပ်ချုပ်နေကြခြင်းဖြစ်သည်။ ဤသို့ရှုရာတွင် အရှုဉာဏ်၌ အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ သညာပေး မရှုရ။ ဤကဲ့သို့ ရှုနေရင်း ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု ကာယိကဒုက္ခဝေဒနာ ထင်ရှားလာသောအခါ အတိတ် အနာဂတ် အာရုံအမျိုးမျိုးတို့ကို ကြံစည် တွေးတောနေသော စိတ်တို့သည် အလိုလိုပင် ရပ်ဆိုင်း၍ ထင်ရှားရာဓာတ်လေးပါး ဖောက်ပြန်မှု အာရုံသို့ အလိုလို ပြောင်းသိလိမ့်မည်။ ထိုကဲ့သို့ ကာယိကဒုက္ခဝေဒနာကို ပြောင်းသိသည်နှင့် တပြိုင်တည်း ပူတယ်ဟူသောစိတ်၊ တောင့်တယ်ဟူသောစိတ်၊ တင်းတယ်ဟူသောစိတ်၊

http://www.dhammadownload.com

ခြေထောက်ကနာတယ် ဟူသောစိတ်၊ ပေါင်ကအောင့်တယ် ဟူသောစိတ်၊ ခါးကညောင်းတယ် ဟူသောစိတ် စသည့် လောကီကာမပညတ်နှင့်ယှဉ်သော အနှစ်ပုထုဇဉ်တို့၏ အမြင်ဖြင့် နာမည်ပေး တံဆိပ်ခတ်သောစိတ်များ အလိုလို ပေါ်လာလိမ့်မည်။ ထိုသို့ ဓာတ်လေးပါး ဖောက်ပြန်လာသော အခါ ကျရိယာပုထ်ကို မပြင်ပေးရ။ ပစ္စုပ္ပန် ထင်ရှားပေါ်လာသော အရှုခံအာရုံကို ဖျက်ဆီးရာ ရောက်သည်။

ထိုစိတ်အမျိုးမျိုးတို့ကိုလည်း မလစ်တမ်း သတိထား၍ စောင့်ရှုရမည်။ ထိုစိတ်အမျိုးမျိုးတို့ တစ်ခုနှင့်တစ်ခု မတူပုံကို ဉာဏ်က ပိုင်းခြား၍ သိအောင် ရှုရမည်။ စိတ်၏သဘာဝသည် အာရုံတစ်ခုထဲ၌ အမြဲ မနေကြောင်းကိုလည်း ဉာဏ်မှာသိ၍ ရှုနေရမည်။ ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု ပို၍ ထင်ရှားလာသောအခါ နာမည်ပေး တံဆိပ်ခတ်နေသည့်စိတ်မှ မခံနိုင်ဘူး ဟူသောစိတ်၊ မခံစားချင်သော စိတ်များအဖြစ်သို့ သူ့အလိုလို ပြောင်းပေါ်နေသည်ကိုလည်း စိတ်ရှည်ရှည်ဖြင့် သည်းခံ၍ ဉာဏ်ဖြင့် ပိုင်းခြားရှုနေရမည်။ ထိုသို့ဖြစ်သည့်စိတ်များ အလိုလို ဖြစ်သည်မှ အလိုလိုချုပ်သည်အထိ ပိုင်းခြား၍ သိအောင်ရှုပါ။ အလိုလို ဖြစ်သည့်စိတ်များ အလိုလိုပျက်သွားသည်အထိ ဉာဏ်ဖြင့်သိအောင်ရှုပါ။

ဓာတ်ကြီးလေးပါးဖောက်ပြန်မှု နဂိုထက် ပို၍ထင်ရှားလာသောအခါ နာတယ်၊ ကိုက်တယ်၊ ထုံတယ်၊ ပူတယ်၊ မခံနိုင်ဘူး၊ မသက်သာဘူး၊ ဒီလိုတော့မကျင့်ချင်ဘူး၊ မဖြစ်နိုင်ဘူး စသည်ဖြင့် နာမည်ပေး တံဆိပ်ခတ်နေသည့်စိတ်များ၊ သည်းမခံချင်သောစိတ်၊ မခံစားချင်သောစိတ်၊ ကမ္မဋ္ဌာန်းရပ်ပစ်ချင်သည့်စိတ်၊ မခံသာ၍ သက်သာရာကို ရှာကြံချင်သောစိတ်၊ အာနာပါန ကမ္မဋ္ဌာန်းကို ပြန်ရှုလိုသောစိတ်များ အလိုလို ပြောင်းလဲဖြစ်ပေါ်လာသည်။ ထိုစိတ်များ အစဉ်တန်း၍ တစ်မျိုးပြီးတစ်မျိုးဖြစ်ခြင်းသည် ဖန်တီးသူမရှိပဲနှင့် အလိုလိုပြောင်းလဲသွားခြင်း ဖြစ်ကြောင်းကို ပိုင်းခြားသိပြီး ရှုနေရမည်။ ခန္ဓာအိမ်ကိုလည်း ဘဝင်မှနေ၍ စိတ်ဖြင့် ညှစ်ချုပ်ထားလို့မှုများ စတင်ဖြစ်ပေါ်လာမည်။ ဓာတ်ကြီးလေးပါး ပို၍ဖောက်ပြန်လာသောအခါ ဝေဒနာပို၍ထင်ရှားလာသည်။ ယင်းကြောင့် စိတ်ကို အရှုဉာဏ်လက်မှ တဏှာက လာလုယူကာ ခန္ဓာအိမ်ကို လိုသလိုပြုပြင်ရန်အတွက် ဘဝင်ကို ဦးစွာ စတင် ညှစ်ချုပ်မည့်စိတ် ဖြစ်ပေါ်လာကာ ဘဝင်ကို လိုသလို ညှစ်ချုပ်လိမ့်မည်။ စိတ်ကို တဏှာနှင့်သဒ္ဓါ ဘတစ်ပြန် ကျားတစ်ပြန် အပြိုင်လုကြမည်။ မိမိဘက်က အရှုဉာဏ်စိတ် အားကောင်းရမည်။ အရှုဉာဏ်စိတ်သည် သဒ္ဓါဝိုလ်၊ သတိဝိုလ်၊ ဝီရိယဝိုလ်၊ သမာဓိဝိုလ်၊ ပညာဝိုလ်တို့နှင့် ယှဉ်ရမည်။

ထိုကဲ့သို့ ညှစ်ချုပ်လိုသောစိတ်များ၊ ခန္ဓာအိမ်ကို ပြုပြင်လိုသော စိတ်များသည် အကျိုးတရား တဏှာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုတဏှာစိတ်များသည် မိမိအလိုဖြင့် ဖန်တီးထား၍ ဖြစ်ပေါ်လာခြင်း မဟုတ်ပဲ အတိတ်အကြောင်း အဆက်ဆက်ကြောင့် ဖြစ်ပေါ်လာခြင်းကြောင့်တည်း။ ပရိယုဋ္ဌာနကိလေသာဖြစ်သော ထိုပြုပြင်လိုသောတဏှာသည် ခန္ဓာအိမ်ကို ပြုပြင်လိုသော ရှေ့စိတ်တဏှာဟု ခေါ်သည်။ ထိုပရိယုဋ္ဌာနကိလေသာသည် ဝီတိက္ကမကိလေသာ ဖြစ်စေရန် နှိုးဆော်ပေးသောတဏှာ ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် ခန္ဓာအိမ်ကို ကံမြောက်အောင်ပြုပြင်ရန် နှိုးဆော်ပေးသော တဏှာဖြစ်သည်။

ထိုရှေ့စိတ်တဏှာ၏ တိုက်တွန်းနှိုးဆော်မှုကြောင့် နောက်စိတ်တဏှာ (လောဘဝီတိက္ကမကိလေသာ)မှ ထိုရှေ့စိတ်တဏှာ၏ အလိုပြည့်အောင် (၀၀) ကံမြောက်အောင် ခန္ဓာကိုယ်ကို ပြုပြင်မ,ရွှေ့ခြင်းဖြစ်သည်။ အကယ်၍ ကျရိယာပုထ်ကို ပြုပြင်မ,ရွှေ့လိုက်လျှင် ပြုပြင်မ,ရွှေ့လိုသည်မှာ ရှေ့စိတ်တဏှာ၊ ကံမြောက်အောင် (၀၀) ပြုပြင်ဖြစ်အောင် လိုက်လျော၍

http://www.dhammadownload.com

ပြုပြင်မ,ရွှေ့ပေးလိုက်သည်မှာ နောက်စိတ်တဏှာ ဖြစ်သောကြောင့် တဏှာစိတ်ပြီး တဏှာစိတ် ဆက်ကာဆက်ကာ ဖြစ်နေသဖြင့် ပဋိစ္စသမုပ္ပါဒ်လည်သွားသည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ရုပ်ဖောက်ပြန်မှုနှင့် နာမ်ခံစားမှု အကြောင်းကိုစွဲ၍ အကျိုးတရား မနောဝိညာဏ် ဖြစ်ပေါ်လာသည်။ ထိုသုံးမျိုး၏ ဓမ္မသဘောကိုမသိလျှင် ထိုမသိမှု အကြောင်း(ပဋိစ္စ)ကြောင့် မခံစားချင်သောစိတ်၊ ခံသာအောင် ပြုပြင်လိုသောစိတ် အကျိုးတဏှာ (သမုပ္ပါဒ်) ဖြစ်ပေါ်လာသည်။ ထိုအကျိုးတရားကို မသိမှု အကြောင်းခံ၍ နောက်ထပ် ပြုပြင်ဖြစ်အောင် ပြုပြင်မှု ဝီတိက္ကမကိလေသာ တဏှာလောဘတို့ အကျိုးတရားအနေဖြင့် ဆက်တိုက်ဖြစ်ပေါ်လာသည်။ ထိုသို့ စိတ်အလိုလိုက်နေခြင်းသည် တသံသရာလုံးမှ ပါလာသော ပုထုဇဉ်အကျင့် ဖြစ်သည်။

တဏှာဖြစ်မှုကို ငါပဲဟူ၍ သိနေမှု အဝိဇ္ဇာနှင့်တကွ သက္ကာယဒိဋ္ဌိ အကြောင်းထပ်ဖြစ်လျှင် တဏှာသာ ထပ်၍ ဖြစ်ပေါ်တိုးပွားလာတော့သည်။ တဏှာထပ်၍ ဖြစ်ပေါ်တိုးပွားလာခြင်း၏ အကြောင်းရင်းကိုစစ်လျှင် ရုပ်နာမ်ဖြစ်ပေါ်မှုသည် အနတ္တ(ငါမဟုတ်ကြောင်း)နှင့် တဏှာသည် အနတ္တ (ငါမဟုတ်ကြောင်း)တို့ကို မသိမှုအဝိဇ္ဇာပင် ဖြစ်သည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် ပဋိလုံအရ တဏှာအကြွင်းမဲ့ ချုပ်လိုလျှင် အဝိဇ္ဇာအကြွင်းမဲ့ ချုပ်ရမည်။ တနည်းအားဖြင့်ဆိုသော် ဝေဒနာမှ တဏှာဖြတ်လိုလျှင် ရုပ်နာမ်တို့၏ ဓမ္မသဘောကိုလည်းကောင်း၊ တဏှာသည် အနတ္တ(ငါမဟုတ်)ဟုလည်းကောင်း အမှန်အတိုင်း သိသော ဝိဇ္ဇာဉာဏ်ရရှိရန်လိုသည်။

ဝိဇ္ဇာဉာဏ်ရရှိခြင်းသည် အကျိုးတရား၊ စိတ်၌နိဝရဏဖုံးလွှမ်းမှုကို ဖယ်ရှားမှုသည် အကြောင်းတရား ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် အရှုဉာဏ် သတိတ်မနောဝိညာဏ်၌ မူလဦးစီးနေရာယူထားသော မောဟဦးဆောင်သည့် အကုသိုလ်စေတသိက်များကို ဖယ်ရှားမှုသည် အကြောင်းတရားဖြစ်သည်။ စိတ်၏အကုသိုလ်စေတသိက်များမှလွတ်မြောက်မှုသည် အကျိုးတရားဖြစ်၍ သီလမဂ္ဂင်, သမာဓိမဂ္ဂင် ဟူသော ဗောဓိပက္ခိယတရား(၃၇)ပါး လက်ကိုင်ထား၍ ပြည့်စုံစွာ ကျင့်ကြံနိုင်မှုသည် အကြောင်းတရားဖြစ်သည်။

တရားကျင့်ရာတွင် မဂ္ဂသစ္စာ၏ ကိစ္စဉာဏ်နှင့် နိရောဓသစ္စာ၏ ကိစ္စဉာဏ်တို့ ပြည့်စုံစွာ ပါဝင်မှု အထူးလိုအပ်သည်။ ဓာတ်လေးပါးဖောက်ပြန်လာသောအခါ မခံနိုင်သော ဒေါသစိတ် ဖြစ်လာလျှင် ထိုဒေါသစိတ်၏ အနတ္တသဘော အနိစ္စသဘောတို့ကို မြင်အောင် နောက်အရှုဉာဏ် စိတ်ကပိုင်းခြားရှုလျက် ထိုဒေါသစိတ်ကို ကဲမြောက်အောင် လိုက်လျောမည့် နောက်ဒေါသစိတ်ကို အဒေါသစိတ်(သည်းခံခြင်း)ဖြင့် နိုင်အောင်အစားထိုးပါ (သည်းခံမှုပြည့်စုံခြင်းကို ဆိုလိုသည်)။ ခန္ဓာအိမ်ကို မဖြစ်မနေ ပြုပြင်လိုသော ရှေ့လောဘစိတ် ဖြစ်လာလျှင် ထိုရှေ့လောဘစိတ် (တဏှာ)ကို အနတ္တသဘော အနိစ္စသဘောအားဖြင့် နောက်အရှုဉာဏ်စိတ်က ပိုင်းခြားရှုလျက် ထိုလောဘစိတ်ကို ကဲမြောက်အောင် လိုက်လျောမည့် နောက်ဖြစ်မည့်လောဘစိတ်(တဏှာ)ကို စွန့်လွှတ်၍(စာဂေါ)၊ ဝေးအောင်စွန့်၍(ပဋိနိဿဂ္ဂေါ)၊ ထိုလောဘစိတ်နှင့်လွတ်အောင်နေ၍(မုတ္တိ) အလောဘစိတ်ဖြင့်နိုင်အောင် အစားထိုးပါ (နိရောဓသစ္စာ၏ ကိစ္စဉာဏ်)။ ရှေ့စိတ်သည် လောဘ, ဒေါသစိတ်၊ နောက်စိတ်သည် အလောဘ, အဒေါသစိတ် ဖြစ်သည်။ ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုကိုလည်း မရှုရ၊ နှလုံးမသွင်းရပါ။ လှုပ်လိုပြင်လိုသည့် ရှေ့စိတ်ကို အလိုလို ပေါ်လာပါလားဟူ၍ သိအောင် သတိထား၍ ဉာဏ်ဖြင့်ရှုပါ။

ဝီတိက္ကမ, ပရိယုဋ္ဌာန ကိလေသာ အကုသိုလ်စေတသိက်နှင့် ကုသိုလ်စေတသိက်တို့ လုံးထွေးလျက် စိတ်ကို အပြိုင်လုနေကြသောအခါ စိတ်မစင်ကြယ်သေးပါ။ သို့သော် မူလစည်းကမ်းချက်များ မကျူးလွန် မဖောက်ဖျက်မိအောင် ကြိုးစားအားထုတ်ရခြင်း၊ သည်းခံမှုကို

http://www.dhammadownload.com

ပို၍အားကောင်းအောင် မွေးမြူရခြင်း၊ တဏ္ဍာအလိုသို့ မလိုက်လျောမိအောင် စောင့်ရှောက်ရခြင်း စသည့် အင်္ဂါရပ်များ ပြည့်စုံအောင် အားထုတ်နိုင်လျှင် ဆင်းရဲနေမှု တဖြည်းဖြည်း လျော့ပါးလာ၍ သက်သာချမ်းသာမှုက တဖြည်းဖြည်း ပို၍ ထင်ရှားလာလိမ့်မည်။

ဆရာညွှန်ကြားချက်အတိုင်း ပြည့်စုံစွာ လိုက်နာကျင့်ကြံနိုင်ခဲ့လျှင် ရှေ့စိတ်တဏ္ဍာ၏ အနိစ္စ, ဒုက္ခ, အနတ္တ အချက်ကို ပိုင်းခြားမြင်လာပြီး လျှပ်စီးလက်သည့်ပမာ စိတ်များလျင်မြန်စွာ ဖြစ်ပျက်မှုသက်သက်ကို ဉာဏ်၌ မြင်လာသည်။ ထိုအခါ စိတ်ဆင်းရဲခြင်းလည်း လုံးဝ ချုပ်ငြိမ်း သွားသည်။ ဣရိယာပုထ်ကို ပြုပြင်ပေး၍ ရရှိသောချမ်းသာသည် ပုထုဇဉ်အကြိုက် တခဏ ချမ်းသာဖြစ်သည်။ ယခုရရှိသောချမ်းသာသည် ဣရိယာပုထ်ကို ပြုပြင်စရာမလိုပဲ သီလ, သမာဓိ, ပညာဖြင့်ရရှိသောသူတော်ကောင်းတို့ တန်ဖိုးထားသည့် ချမ်းသာဖြစ်သည်။ ပစ္စုပ္ပန်၌ ဆင်းရဲရမည့် အစား ဆင်းရဲမှုချုပ်၍ ရရှိသောချမ်းသာဖြစ်သည်။ ထက်သန်သော ဗိုလ်ငါးပါးလက်ကိုင်ထား၍ ရရှိသော ချမ်းသာဖြစ်သည်။

၎င်းကဲ့သို့ နာမ်၏သဘောကို မြင်ခြင်းသည် နာမ်၏သာမညလက္ခဏာကို တရုဏဝိပဿနာ အမြင်ဖြင့် မြင်ခြင်းဖြစ်သည်။ ရုပ်နာမ်၏ သာမညလက္ခဏာကို ထိုကဲ့သို့မြင်၍ တဏ္ဍာချုပ်ခြင်းသည် ဝိက္ခမ္ဘနပဟာန်အားဖြင့် ချုပ်ခြင်းဖြစ်သည် (တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ)။ ဓာတ်ကြီးလေးပါးဖောက်ပြန်မှုမှ လွတ်ခြင်းသည်လည်း အားထုတ်ဆဲ အခိုက်အတန့် ဝိက္ခမ္ဘနပဟာန်အားဖြင့်သာ လွတ်ခြင်း ဖြစ်သည်။ ယခုအဆင့်၌ အရှုဉာဏ်သည် ပရမတ်ရုပ်နာမ်စစ်စစ်ကို မြင်တွေ့ခြင်း မဟုတ်သေးသောကြောင့် မဟာဝိပဿနာဘာဝနာ အနေဖြင့် မပွားများသင့်သေးပေ။ ထို့ကြောင့် အရှုဉာဏ်၌ ကိလေသာအညစ်အကြေးများ လုံးဝစင်ကြယ်၍ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိဖြစ်အောင် ရှေ့တဆင့် ကျင့်စဉ်တက်ရန် လိုသည်။

အထက်ပါ ကျင့်စဉ်အတိုင်း ရိုးရိုးဣရိယာပုထ်ဖြင့် ရှုကွက်ပေါ်အောင် ဆက်လက် လေ့ကျင့်ပါ။ တရားသိလို မြင်လိုသော စိတ်ဆန္ဒပြင်းပြက မခဲယဉ်းပါ။ မခက်ခဲပါ။ မပင်ပန်းပါ။ ဆေးကောင်း မကောင်း သိလိုလျှင် ဆေးအကြောင်း ပြောနေမည့်အစား ဆေးကို ကိုယ်တိုင် သုံးခြင်းဖြင့် ရောဂါပျောက်မှုက အဖြေပေးပါလိမ့်မည်။ ထိုနည်းတူစွာ ဆရာညွှန်ကြားသည့်အတိုင်း တိတိကျကျ လက်တွေ့ကျကျ ကျင့်ကြံအားထုတ်ပါ။

ရှုကွက်ရှုနည်းသဘောပြ ထောင်ဥပမာ

၁။ သေမိန့်ကျထားသောလူတစ်စုအား သေမိန့်မချသေးမီ ထောင်ထဲထည့်၍ အကျဉ်းချထားသည် ဆိုပါစို့။

၂။ ထောင်သည် အုတ် အင်္ဂတေတို့ဖြင့် ပေ(၂၀)မြင့်၍ (၅)ပေခန့် ထုထည် ခိုင်မာစွာ ပြုလုပ်ထားသည်။

၃။ ထောင်နံရံများကို အဖုအထစ်မရှိ ချောမွတ်စွာ ပြုလုပ်ထားသည်။

၄။ ထောင်ကျသားတို့ကို စောင့်ကြပ်နေသော ထောင်မှူးကြီးသည် လက်နက်အပြည့်အစုံ ဆောင်ထားလျက် ထောင်နံရံအပေါ်ထိပ်ရှိ ကင်းတဲမှ သတိမလစ်တမ်း နိုးကြားစွာ စောင့်ကြပ်နေသည်။

၅။ ထောင်ကျသားတို့ကလည်း သေရမည့်အတူတူ လွတ်လိုလွတ်ငြား ထောင်နံရံကို ကုတ်ကပ် တွယ်ဖက်၍ တက်ရန် ကြိုးစားနေကြသည်။

၆။ ထောင်ကျသားတို့အား ထောင်နံရံကို တွယ်တက်ရန် ထောင်မှူးကြီးက တိုက်တွန်းခြင်းလည်း မရှိ။

http://www.dhammadownload.com

၇။ ထောင်နံရံကိုတွယ်ကပ်တက်နေစဉ်လည်း မတက်စေရန် ထောင်မှူးကြီးကတားမြစ်ခြင်းလည်း မရှိ၊ တွန်းချမူလည်း မပြုလုပ်။

၈။ ထောင်မှူးကြီး၏ စိတ်ထဲ၌ ထောင်နံရံကြီး ပြိုလဲသွားမည်ကို စိုးရိမ်၍ ထောင်နံရံအား တွန်းထား ထိန်းထားခြင်းလည်း မပြုလုပ်။

၉။ ထောင်ကျသားတို့ ထောင်နံရံကို တက်ရောက်နိုင်ရန် ထောင်မှူးကြီးက ကူညီမှုလည်း မရှိ။

၁၀။ ထောင်မှူးကြီးသည် သူ၏ကင်းတဲထဲမှ မထပဲ ထောင်ကျသားတို့၏ တွယ်တက်နေပုံ အမူအရာတို့ကို ကြည့်ရုံသာ ကြည့်နေသည်။

၁၁။ ထောင်ကျသားတို့ တွယ်တက်မှု ပြုလုပ်နေစဉ် ထောင်နံရံကြီးသည် လှုပ်ရှားယိမ်းယိုင်ခြင်း မရှိပဲ အသက်မရှိသည့်အတိုင်း အလိုလို ပကတိတည်ငြိမ်နေသည်။

၁၂။ ထောင်ကျသားတို့သည် ထောင်နံရံကို ကုတ်ကပ်တွယ်တက်၍ လုံးဝမရသောအခါ အလိုလို စိတ်အားလျော့လာပြီး လွတ်မြောက်ရန် ကြိုးစားတွယ်တက်မှုကို တိုက်တွန်းသူ မရှိပဲ စွန့်လွှတ်လိုက်သည်။

၁၃။ ထို ထောင်ကျသားတို့သည် မိမိတို့နေရာ အချုပ်ဆောင်ထဲသို့ မိမိတို့အလိုဆန္ဒဖြင့် ပြန်ဝင်သွားကြသည်။

၁၄။ ထောင်မှူးကြီးသည် ၎င်းဖြစ်ရပ်တို့ကို အစအဆုံးတိုင်အောင် ထောင်နံရံအထက်ရှိ သူ၏ ကင်းတဲထဲမှပင် ကြည့်ကာမျှ ကြည့်နေသည်။

၁၅။ ထို ထောင်မှူးကြီးသည် ထောင်ကျသားများကိုသနား၍ ထောင်ကျသားများလွတ်မြောက်စေရန် ကူညီလိုသောစေတနာ ရှိပါသော်လည်း ထိုစေတနာအတိုင်း မလိုက်လျောပဲ လိုက်လျော ကူညီလိုသည့် စိတ်(စေတနာ)ကို စွန့်လွှတ်ဖြေဖျောက်လိုက်ပြီး သူ၏ကင်းတဲထဲ၌ နေမြဲအတိုင်း နေနေသည်။

တရားကျင့်သောအခါ လိုက်နာရမည့် သဘောများကို အထက်ပါဥပမာဖြင့် နှိုင်းယှဉ်ခြင်း

၁။ ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုကို အန္တပုထုဇဉ်တို့၏ဓလေ့ဖြင့် ငါပဲ ငါ့ခန္ဓာကိုယ်ပဲဟု သက္ကာယဒိဋ္ဌနှင့် စွဲယူထားသောကြောင့် ဆင်းရဲနေသောစိတ်သည် အပြစ်ကျူးလွန်၍ သေမိန့်ကျခံထားရသော ထောင်ကျသားတို့နှင့်တူသည်။ အရှုခံ အကုသိုလ်စေတသိက်တို့နှင့် ယှဉ်သောစိတ်ကို ဆိုလိုသည်။

၂။ တရားကျင့်သောယောဂီ၏ ခန္ဓာအိမ်ကြီးရှိယာပုထ်သည် စိတ်ဖြင့် တည်ငြိမ်အောင်မပြုလုပ်ပဲ ပကတိတည်ငြိမ်နေပုံသဘောနှင့် ထုထည်ခိုင်မာသော ထောင်နံရံကြီး၏ တည်နေပုံသဘောတို့ တူညီသည်။ ဆိုလိုသည်မှာ ဓာတ်လေးပါး ဖောက်ပြန်နေစဉ်၌လည်း ယောဂီ၏ ခန္ဓာအိမ်သည် စိတ်ဖြင့် ထိန်းသိမ်းစောင့်ရှောက် ကြပ်မတ်ထားမှုမရှိပဲ ထောင်နံရံကဲ့သို့ ပကတိတည်ငြိမ်နေရမည်။

၃။ တရားကျင့်သောယောဂီ၏ ခန္ဓာအိမ်ကြီးရှိယာပုထ် တည်ဆောက်မှု သန့်ရှင်းနေသည့်သဘော (ယိုင်ခြင်း, ရွဲ့ခြင်း, လန်ခြင်း, စောင်းခြင်းမရှိခြင်း)သည် အဖုအထစ်မရှိ ချောမွတ်နေသော ထောင်နံရံ၏သဘောနှင့်တူသည်။ တရားကျင့်သောအခါ သက္ကာယဒိဋ္ဌနှင့်ယှဉ်သော တဏှာ စိတ်သည် ခန္ဓာအိမ်အား ပြုပြင်လို၍ ဘဝင်ကို ဦးစွာဝင်ကပ်တွယ်ကာ ကျန်ခြေလက်တို့အား ပြုပြင်လိမ့်မည်။ တွယ်ကုတ်တက်၍ မရသော ချောမွတ်သော ထောင်နံရံသဖွယ် ခန္ဓာအိမ်၏ ပကတိသန့်ရှင်းနေသည့် သဘောကြောင့် တဏှာသည် လိုသလို မပြုပြင်နိုင်တော့ပါ။ ထိုအခါ တဏှာသည် တွယ်ကပ်၍ မရသဖြင့် သူ့အလိုလိုစွန့်သွားခြင်း ဖြစ်သည်။

http://www.dhammadownload.com

၄။ တရားကျင့်သော ယောဂီ၏ အရှုညွှန်သည် ထောင်မှူးကြီးနှင့်တူပြီး ဖြစ်ပေါ်လာသော လောကီကာမ ပညတ်နှင့်ယှဉ်သည့် အကုသိုလ်စိတ် အမျိုးမျိုးကိုလည်းကောင်း၊ ဓာတ်လေးပါး ဖောက်ပြန်ရာမှ ဖြစ်ပေါ်လာသည့် လောဘ, ဒေါသနှင့်ယှဉ်သော စိတ္တသခ်ါရအားလုံးကို လည်းကောင်း၊ ပေါ်တိုင်း သတိမလစ်တမ်း စောင့်ရှုနေမှုသဘောသည် ထောင်နံရံရှိ လက်နက်အပြည့်အစုံဆောင်ထားသော ထောင်မှူးကြီးက ထောင်ကျသားများအား သတိမလစ်တမ်း စောင့်ကြပ်နေပုံသဘောနှင့် တူသည်။

၅။ ဓာတ်ကြီးလေးပါး ဖောက်ပြန်လာသောအခါ သက္ကာယဒိဋ္ဌိနှင့်ယှဉ်သော တဏှာစိတ်သည် ခန္ဓာအိမ်ကို ပြုပြင်ရန် (ဘဝင်ကိုတင်းရန်) ကြိုးစားနေပုံသဘောနှင့် ထောင်ကျသားတို့သည် လွတ်လိုလွတ်ငြား ထောင်နံရံကို ကုတ်ကပ်တွယ်တက်ရန် ကြိုးစားနေကြပုံတို့ တူသည်။ ဓာတ်ကြီးလေးပါး ဖောက်ပြန်သောအခါ မခံချင်သောစိတ်၊ မခံသာသောစိတ်၊ ခံသာအောင် ပြုပြင်လိုသောစိတ်၊ နာတယ် ကိုက်တယ်ဟူသော ပညတ်နှင့်ယှဉ်သော အကုသိုလ်စိတ္တသခ်ါရ တရားတို့နှင့် ခန္ဓာအိမ်ကို ပြုပြင်လိုသည့်စိတ်တို့ ဖြစ်ပေါ်လာပုံကိုဆိုလိုသည်။

၆။ ဓာတ်ကြီးလေးပါး ဖောက်ပြန်လာသောအခါ ခန္ဓာအိမ်ကို ပြုပြင်လိုသည့် တဏှာစိတ်များသည် မိမိအလိုနှင့် ဖန်တီးမွေးမြူခြင်းမရှိပဲ သူ့အလိုလိုဖြစ်ပေါ်နေသည့်သဘောနှင့် ထောင်မှူးကြီးက မတိုက်တွန်းပဲ ထောင်ကျသားတို့ အလိုလို တက်ကြပုံသဘောတို့ တူသည်။ (တဏှာအနတ္တ ဖြစ်ကြောင်း သိစေလိုခြင်း ဖြစ်သည်။)

၇။ ဓာတ်ကြီးလေးပါး ဖောက်ပြန်လာသောအခါ ဖြစ်ပေါ်လာသော မခံသာသည့် ဒေါသ၊ ပြုပြင်လိုသည့် လောဘစိတ်တို့ကို မဖြစ်ပေါ်အောင် ပိတ်ဆို့မထားရသည့်သဘောနှင့် ထောင်ကျသားများသည် ထောင်နံရံကို တွယ်ကပ်တက်နေစဉ်၌ ထောင်မှူးကြီးက တားမြစ်မှု မရှိ၊ တွန်းချမှုလည်း မပြုလုပ်သည့် သဘောတို့ တူသည်။

၈။ ဓာတ်ကြီးလေးပါး ဖောက်ပြန်လာသောအခါ ခန္ဓာအိမ်ကို မိမိအလိုဖြင့် ပြုပြင်ထိန်းသိမ်းကြပ်မတ်ထားမှု မရှိသည့်သဘောနှင့် ထောင်မှူးကြီးသည် ထောင်နံရံကို ပြိုလဲမသွားအောင် တွန်းထားခြင်း မရှိသည့်သဘောတို့ တူသည်။

၉။ ဓာတ်ကြီးလေးပါး ဖောက်ပြန်သောအခါ ခန္ဓာအိမ်ကို ပြုပြင်လိုသည့် တဏှာ၏အလိုအတိုင်း အောင်မြင်အောင် မိမိအလိုဖြင့် အားပေးကူညီမှု မရှိသည့်သဘောနှင့် ထောင်ကျသားတို့သည် ထောင်နံရံကို တွယ်တက်နိုင်ရန် ထောင်မှူးကြီးက အားပေးကူညီမှု မပြုသည့်သဘောတို့ တူသည်။

၁၀။ အရှုညွှန်သည် အရှုခံဖြစ်သော ဒေါမနဿစိတ်များနှင့် ခန္ဓာအိမ်ကို ပြုပြင်မည့် တဏှာလောဘ သခ်ါရစိတ်တို့အား အကြည့်သက်သက်ဖြင့် စောင့်ရှုနေပုံသဘောနှင့် ထောင်ကျသားတို့ ထောင်နံရံကို တွယ်တက်နေခြင်းကို ထောင်မှူးကြီးသည် ကင်းတဲထဲမှ ကြည့်နေပုံသဘောတို့ တူသည်။

၁၁။ ဓာတ်ကြီးလေးပါး ဖောက်ပြန်နေစဉ် ပြုပြင်မည့် တဏှာနှင့်ယှဉ်သော စိတ္တသခ်ါရတို့ ရှိနေသော်လည်း ယောဂီ၏ခန္ဓာအိမ်သည် ပြုပြင်ခံထားရခြင်းမရှိပဲ ပကတိကွန်ဒေါ်အတိုင်းသာ ရှိနေပုံသဘောနှင့် ထောင်ကျသားတို့ ထောင်နံရံကို တွယ်တက်နေစဉ် ထောင်နံရံကြီး လှုပ်ရှားယိမ်းယိုင်မှု မရှိပဲ အသက်မရှိသည့်အတိုင်း ပကတိတည်နေပုံသဘောတို့ တူသည်။

၁၂။ ခန္ဓာအိမ်ကို ပြုပြင်လိုသည့် ရှေ့စိတ်တဏှာသည် လိုက်လျောပြုပြင်ပေးမည့် နောက်စိတ် တဏှာ မရှိသဖြင့် အဆက်ပြတ်ကာ (ပဋိစ္စသမုပ္ပါဒ်ပြတ်ကာ) တဏှာသည် အနိစ္စလက္ခဏာ

http://www.dhammadownload.com

ဆောင်(ချုပ်)သွားသည့် သဘောနှင့် ထောင်ကျသားတို့ ထောင်နံရံကို မတွယ်တက်တော့ပဲ တွယ်တက်လိုသည့် အလိုဆန္ဒများကို စွန့်လွှတ်လိုက်ပုံသဘောတို့ တူသည်။

၁၃။ ဓာတ်ကြီးလေးပါး ဖောက်ပြန်ဆဲ၌ လိုက်လျောမည့် နောက်တဏှာစိတ် မရှိသောအခါ ခန္ဓာအိမ်ကို ပြုပြင်လိုသည့် ရှေ့တဏှာစိတ်သည် မာန်ချကာ အလိုလို ချုပ်ပျောက်သွားသည့် သဘောနှင့် ထောင်နံရံကို တွယ်တက်၍မရမှန်းသိကာ ထောင်ကျသားတို့သည် လက်လျှော့၍ အချုပ်ထောင်ထဲသို့ သူတို့အလိုလို ပြန်ဝင်သွားကြသည့်သဘောတို့ တူသည်။

၁၄။ ယောဂီ၏ အရှုဉာဏ်သည် တရားစထိုင်သည်မှ (တစ်ဖက်ချိတ်ကျင့်စဉ်တွင်) အဓိဋ္ဌာန်ပြည့်သည်အထိ၊ (မဟာပလ္လင်ကျင့်စဉ်တွင်) အကုသိုလ်စိတ်များ အပြီးချုပ်ငြိမ်းသွားသည်အထိ ဆုံးအောင်ရှုနေပုံနှင့် ထောင်မှူးကြီးသည် ထောင်ကျသားတို့ ထောင်နံရံကို တွယ်တက်ပုံ သဘောနှင့် စွန့်လွှတ်သွားပုံကို အစမှအဆုံးအထိ ကြည့်ကာမျှ ကြည့်နေသည်သဘောတို့ တူသည်။

၁၅။ ယောဂီသည် ဓာတ်ကြီးလေးပါးဖောက်ပြန်သောအခါ မခံစားချင်၍ ခံသာအောင်ပြုပြင်လိုသော တဏှာအလိုအတိုင်း လိုက်လျောမည့်စေတနာ ရှိပါသော်လည်း ထိုစေတနာသည် ခန္ဓာဒုက္ခ တိုးပွားကြောင်း မကောင်းသော စေတနာ ဖြစ်သည့်အတွက်ကြောင့် ယင်းကို စွန့်လွှတ်သည်းခံလိုက်ကာ ရှုနေရမည့်သဘောနှင့် ထောင်မှူးကြီးသည် ထောင်ကျသားများကို သနား၍ ကူညီလိုသော်လည်း ထိုစေတနာကို စွန့်လွှတ်လိုက်ပုံသဘောတို့ တူသည်။

ဤဥပမာဥပမေယျအတိုင်း အမှတ်စဉ်(၅,၆) ကျင့်စဉ်တလျှောက်၌ မိမိ၏ ကျင့်ကြံပွားများရှုမှတ်ပုံတို့ကို လျော်ညီအောင် လိုက်နာရမည်ကို အထူးသတိပြုပါ။

အကယ်၍ တရားကျင့်သောယောဂီသည် တရားစထိုင်သည်နှင့် မိမိ၏ ခါး, ကျော, လည်ပင်း, ခေါင်းတို့ကို တုတ်ချောင်း ထောင်ထားဘိသကဲ့သို့ တင်းတင်းတောင့်တောင့်ကြီး ဖြစ်အောင် စိတ်ဖြင့် ပြုပြင်ဖန်တီးထားမည်ဆိုလျှင် အသက်မရှိ ပကတိဝဏ်သတ္တိအတိုင်း တည်ရှိသော ထောင်နံရံတံတိုင်းကြီးနှင့် မတူတော့ပေ။ ရုပ်ကို စိတ်ဖြင့် ညှစ်ထားခြင်းကြောင့် မြွေလေးကောင်ကို ကိုင်ထားသကဲ့သို့ ဖြစ်နေပြီး ဓာတ်ကြီးလေးပါးဖောက်ပြန်မှု ကာယိကဒုက္ခ ထင်ရှားလာသောအခါ မြွေကိုက်ခံရသလို ဖြစ်နေမည်။ ထို့ကြောင့် ထိုင်ခြင်းကျွမ်းကျင်ယာပုထ်တွင် မိမိ၏ ခါး, ကျော, လည်ပင်း, ဦးခေါင်းစသည့် ခန္ဓာကိုယ် အစိတ်အပိုင်းတို့ကို တုတ်ချောင်း ထောင်ထားဘိသကဲ့သို့ စိတ်ဖြင့်ညှစ်ချုပ်တောင့်တင်းထား၍ တရားမထိုင်ရ။ သို့မှသာ ပကတိ တည်ငြိမ်သော ထောင်နံရံကြီးကဲ့သို့ မိမိ၏ ခန္ဓာအိမ်ကြီးသည်လည်း ပကတိအတိုင်း တည်ရှိကာ စိတ်သည် လွတ်လပ်နေရကား မိမိရှုရာ ကမ္မဋ္ဌာန်းအာရုံ၌ ကြောင့်ကြမဲ့စွာ ကျင့်စဉ်ရှေ့ဆက် တက်နိုင်မည် ဖြစ်သည်။

ရှက်သဘောတရားပြ တောကြက်ဖမ်းဥပမာ

၁။ မုဆိုးတစ်ယောက်ရှိသည်ဆိုပါစို့။
၂။ ထိုမုဆိုးသည် တောကြက်ဖမ်းနိုင်ရန်အတွက် အိမ်၌ တည်ကြက်တစ်ကောင်မွေးထားသည်။
၃။ တောထဲ၌ တည်ကြက်တည်ထားသည်။ ထိုတည်ကြက် မကြာခဏ တွန်နေသည်။
၄။ ထိုမုဆိုးသည် ခြံကွယ်တွင် ပုန်းအောင်းနေ၍ အဆင်သင့်စောင့်နေသည်။
၅။ ထိုအခါ တောကြက်များသည် တည်ကြက်တွန်ရာသို့ ရောက်ရှိလာပြီး တည်ကြက်ကို ခွပ်သည်။
၆။ တောကြက်ညွတ်ကွင်းမိသောအခါ တောကြက်ကို မုဆိုးက ဖမ်းကာသတ်သည်။

http://www.dhammadownload.com

ထိုဥပမာကို သုံးသပ်ကြည့်ပါ။ တောထဲ၌ တောကြက်များ အမှန်ရှိသည်။ မုဆိုးသည် တောထဲ၌ရှိသော တောကြက်များလာအောင် မခေါ်နိုင်ပါ။ တည်ကြက်တွန်စေခြင်းသည် မုဆိုးသည် တည်ကြက်တွန်သံ နားထောင်လို၍ မဟုတ်ပါ။ တောကြက်များလာအောင် သွေးဆောင်ခြင်း ဖြစ်သည်။ တည်ကြက်များ ရောက်လာသောအခါ တောကြက်နှင့် တည်ကြက်တို့ ခွပ်ကြရာတွင် တောကြက် ညွှတ်ကွင်းမိသောအခါ မုဆိုးက တောကြက်ကို ဖမ်းသည်။ ညွှတ်ကွင်းဖန်တီးထားခြင်းသည် တည်ကြက်အတွက် မဟုတ်ပဲ တောကြက်ကို ဖမ်းမိရန်ဖြစ်သည်။ တည်ကြက်သည် မိမိအား တောကြက်လာစေရန် အကျိုးဆောင်ပေးသည့် မိတ်ဆွေဖြစ်သည်။ ထိုဥပမာအတိုင်း---

၁။ သတိ, ဉာဏ်, ပညာနှင့်ယှဉ်သော အရှုဉာဏ်စိတ်ကို မုဆိုးနှင့် နှိုင်းယှဉ်၍ ပညာယူပါ။

၂။ ဓာတ်ကြီးလေးပါး ရုပ်အစုအဝေးအရှိသဘော (ဝါ) တရားကျင့်သောယောဂီ၏ ခန္ဓာအိမ်သည် တည်ကြက်နှင့် တူသည်ကို ဉာဏ်ဖြင့် နှိုင်းယှဉ်သိပါ။

၃။ ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုကို တည်ကြက်တွန်ခြင်းသဘောနှင့် နှိုင်းယှဉ်သိပါ။

၄။ သတိ, ဉာဏ်, ပညာနှင့်ယှဉ်သော အရှုဉာဏ်စိတ်က အကဲခတ် စောင့်ရှုနေပုံကို ခြုံကွယ်၌ မုဆိုး တည်ငြိမ်စွာနေ၍ တည်ကြက်ကိုမကြည့်ပဲ တောကြက်များအလာကို စောင့်ကြည့်နေပုံနှင့် နှိုင်းယှဉ်၍ ပညာယူပါ။

၅။ ဓာတ်ကြီးလေးပါး ဖောက်ပြန်လာသောအခါ ကျရိယာပုထ်ကို လှုပ်ချင်ပြင်ချင်သော အကုသိုလ် စိတ္တသခ်ါရများဖြစ်ပေါ်လာပုံကို တည်ကြက်ရှိရာသို့ တောထဲမှတောကြက်များရောက်ရှိလာပုံနှင့် နှိုင်းယှဉ်သိပါ။

၆။ အရှုဉာဏ်သည် ဓာတ်ကြီးလေးပါးဖောက်ပြန်မှုကို မရှုပဲ တဏှာတည်းဟူသော စိတ္တသခ်ါရ တရားများကိုသာ ရှုရသည့်သဘောကို မုဆိုးသည် တည်ကြက်ကိုမဖမ်းပဲ တောကြက်ကိုသာ ဖမ်းယူသည့် သဘောနှင့် နှိုင်းယှဉ်နားလည်ယူပါ။

ထိုတောကြက်နှင့်တူသည့် တဏှာစိတ်များ ဖော်ထုတ်လို၍ ဓာတ်ကြီးလေးပါးဖောက်ပြန်မှု ထင်ရှားစေရန် အနည်းဆုံး နှစ်နာရီကြာ တစ်ဖက်တင်ခြိတ်၍ (သို့) မဟာပလ္လင်ခြိတ်၍ အကုသိုလ်စိတ္တသခ်ါရတရားများ အပြီးချုပ်သည်အထိ မလှုပ်မပြင်ပဲထိုင်ခြင်းဖြစ်သည်။ ရုပ်ကို အကြောင်းမဲ့ ညှဉ်းဆဲခြင်း မဟုတ်။ တဏှာဖော်ထုတ်ခြင်း ဖြစ်သည်။ ပုထုဇဉ်တို့၏ သဘာဝသည် ဘယ်အရာမဆို အချောင်လိုချင်ကြသည်။ အခမဲ့ရှာသော မိုးရေကိုသော်မှ လိုချင်လျှင် ခံယူမှ ရသည်။ တစ်ဘဝစာ ချမ်းသာမှုအတွက် စီးပွားရေး ပညာရေးများကိုပင် နှစ်ရှည်လများ အပင်ပန်းခံ၊ အဆင်းရဲခံ၊ မျက်နှာအောက်ကျခံ၍ ရင်းနှီးယူရသည်။ အချို့ဆိုလျှင် အသက်နှင့်ပါ ရင်းယူရသေးသည်။ ဆင်းရဲစွာသေခြင်းမှ လွတ်မြောက်သည့်ချမ်းသာ၊ သေပြီး နောက်ဘဝ ချမ်းသာ၊ ထိုလောကီချမ်းသာတို့ထက် အဆပေါင်းများစွာ နှိုင်းယှဉ်၍မရသည့် နိဗ္ဗာန်ချမ်းသာကို ပို၍ အပင်ပန်းခံ ဒုက္ခခံ၍ ရင်းနှီးယူနိုင်ကြရမည် ဖြစ်သည်။ ထင်ရှားသော တဏှာသဘောကို သတိ, ဉာဏ်, ပညာ စသည်တို့ဖြင့် ရှုမြင်နေခြင်းကြောင့် **"အတ္တကိလမထာနုယောဂ"** မဟုတ်သည်ကို သတိပြုပါ။

တည်ကြက်နှင့်တူသော ဓာတ်ကြီးလေးပါးကို မရှုရပါ။ တောကြက်နှင့်တူသည့် တဏှာစိတ်ကိုသာ ရှုရမည်။ တနည်းအားဖြင့်ဆိုသော် ဝိဟိသဝိတက်နှင့် ဗျာပါဒဝိတက်ကို ဖော်ထုတ်ပြီး မဂ်ဖြင့် တိုက်ခိုက်သတ်ဖြတ်ခြင်းဖြစ်သည်။ ထိုတဏှာစိတ်တို့သည် အရှုဉာဏ်စိတ်ကို တိုက်ခိုက်ဖျက်ဆီးသည်။ ထိုသဘော သည်ပင် မြွေကြီးလေးကောင်တို့က လိုက်သတ်ခြင်းနှင့်

http://www.dhammadownload.com

တူသည်။ အရှုဉာဏ်စိတ်တွင် ဗိုလ်ငါးပါး လက်ကိုင်ထား၍ ရှုနိုင်သောအခါ တဏှာ ဖြစ်ပျက်ဆုံးသွားပါလိမ့်မည်။

ပုထုဇဉ်၏ဓလေ့အတိုင်း သက္ကာယဒိဋ္ဌအမြင်ဖြင့် ကြည့်လျှင် မဖြစ်နိုင်ဘူးဟု မြင်ခြင်းသည် အမြင်မှားသာလျှင် ဖြစ်သည်။ အကျိုးတရား ဒုက္ခသစ္စာကို ငါခန္ဓာကိုယ်ဟု စွဲယူထားသော အကြောင်းကြောင့် ငါဘာသာငါ ဆင်းရဲခြင်းဖြစ်သည်။ အမှန်မသိ၍သာ ဆင်းရဲခြင်းဖြစ်ပါသည်။ တစ်ဖက်ချိတ်ကွရိယာပုထ်ဖြင့် ညွှန်ကြားထားသည့်နည်းလမ်းအတိုင်း သဒ္ဓါပြည့်ဝစွာဖြင့် ကျင့်လျှင် ပစ္စုပ္ပန်ဆင်းရဲရမည့်အစား မဆင်းရဲပဲ ချမ်းသာသည့်သဘောကို ရရှိလာပါလိမ့်မည်။ မိမိထင်သလို ဆင်းရဲမှုမရှိပဲ သမာဓိအားကောင်းလျှင် ဒုက္ခ,သုခချုပ်၍ ပစ္စုပ္ပန်တည့်တည့်၌ ပရမတ်နာမ်ဓာတ်၏ သာမညလက္ခဏာကို တွေ့မြင်နိုင်ပါလိမ့်မည်။ ၎င်းကျင့်စဉ်၏ သမာဓိကို နိုင်နင်းစွာ အလွယ်တကူ ထူထောင်နိုင်အောင် ဆက်လက်ကြိုးစား ကျင့်ကြံပွားများပါ။

မှတ်ချက်။ ။အထက်ပါ ထောင်ကျသားဥပမာနှင့်တောကြက်ဖမ်းဥပမာတို့ကို အမှတ်စဉ်(၅,၆) ကျင့်စဉ် (နာမ်ကမ္မဋ္ဌာန်း) နှစ်မျိုးလုံး၌ နှိုင်းယှဉ်၍ ကျင့်ကြံအားထုတ်ကြပါ။

သုံးသပ်ခြင်း

ယခုကဲ့သို့ ဓာတ်ကြီးလေးပါး သာမန်မျဖောက်ပြန်မှု ကာယိကဒုက္ခဝေဒနာမှ သည်းမခံနိုင်သော ဒေါသ၊ တားဆီး၍ မရနိုင်လောက်အောင် ခန္ဓာအိမ်ကို ပြုပြင်လိုမှု လောဘမီး တောက်လောင်နေသေးလျှင် သေခြင်းလျှင် အဆုံးရှိသော ဓာတ်ကြီးလေးပါး ကာယိကဒုက္ခဝေဒနာ ဖြစ်ပေါ်လာလျှင် (၀၊) သေသည့်အခါ တောက်သည့်ဆင်းရဲမီးလောင်မြိုက်လျှင် ချမ်းသာမှုကို အဘယ်မှာ ရနိုင်ပါအံ့နည်း။

ထို့ကြောင့် မီးဘေးရှောင် မလောင်ခင်တား၊ စစ်မရောက်ခင် မြားပြင် ဟူသကဲ့သို့ လည်းကောင်း၊ မသေမီ (၀၊) သေအောင်ဖောက်ပြန်ရက်စက်သည့် ကာယိကဒုက္ခဝေဒနာမဖြစ်မီ ကြိုတင်ပြင်ဆင်သည့် သဘောဖြင့် ထိုဓာတ်ကြီးလေးပါး ပြင်းထန်မှုကို အကြောင်းခံ၍ စွဲယူမည့် သက္ကာယဒိဋ္ဌနှင့်တကွဖြစ်သော တဏှာကို အကြွင်းမဲ့ပယ်သတ်ထားရမည်။

တစ်ဖက်ချိတ်ကျင့်စဉ်သည် သမာဓိအခိုက်၌သာ ဆင်းရဲမှုချုပ်ငြိမ်းခြင်း၊ တဏှာ, မာန, ဒိဋ္ဌတို့ ကင်းခြင်း ဖြစ်သည်။ သမာဓိပျက်လျှင် စိတ်ကို တဏှာ, မာန, ဒိဋ္ဌတို့ အလွယ်တကူ ဝင်စီးပြီး နေရာယူ အုပ်ချုပ်သည်။ ထိုအခါ ဓာတ်ကြီးလေးပါးဖောက်ပြန်မှု ကာယိကဒုက္ခအာရုံကို အကြောင်းခံ၍ ငါစိတ်၊ ငါနာတယ်၊ ငါမခံနိုင်ဘူး၊ ငါဆင်းရဲတယ်၊ ငါရုပ်ကြီး ဝေဒနာတက်နေတယ် ဟူ၍ သက္ကာယဒိဋ္ဌဖြင့် စွဲယူကာ စိတ်သည် ဆင်းရဲရပြန်သည်။ တစ်ဖက်တင်ချိတ်ထိုင်သော ကွရိယာပုထ်ဖြင့် တရားကျင့်ရာတွင် ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုကြောင့် ဖော်ပြလာသော ဒုက္ခဝေဒနာသည် ပဋိဃာနုသယ အခြေခံသည့် သက္ကာယဒိဋ္ဌနှင့်တကွဖြစ်သော ဒေါသကို အစွမ်းကုန် မဖော်ထုတ်နိုင်သေးပါ။ ထို့ကြောင့် တဏှာဗိုလ်ကို ဖိတ်ခေါ်သောအားဖြင့် (၀၊) ဒုက္ခဝေဒနာကို စွဲယူသော သက္ကာယဒိဋ္ဌကို အမြစ်ပါမကျန် ပယ်နှုတ်လိုသောအားဖြင့် ကာယိကဒုက္ခဝေဒနာကို တိုးမြှင့်ဖော်ထုတ်၍ ကျင့်ရမည်။ ကာယိကဒုက္ခဝေဒနာ တိုးမြှင့်နိုင်ရန် အမှတ်စဉ်(၆) မဟာပလ္လင်ကျင့်စဉ်ကို ဆက်လက်၍အားထုတ်ပါ။

http://www.dhammadownload.com

၃၊၁၊၆။ မဟာပလ္လင်ကျင့်စဉ် (နာမ်ကမ္မဋ္ဌာန်း)

(ဒုက္ခဝေဒနာမှ တဏှာကို သမုစ္ဆေဒပဟာန် ပယ်သတ်သည့်ကျင့်စဉ်)

သုံးသပ်ချက်

အမှတ်စဉ်(၄,၅)ကျင့်စဉ်များကို အဆင့်ဆင့် နိုင်နင်းအောင် ကျင့်ပြီးမှသာလျှင် ယခုကျင့်စဉ်ကို ကျင့်ရသည်။ ထိုကျင့်စဉ်တို့တွင် ဒုက္ခခန္ဓာကိုဖြစ်စေသည့် အကြောင်းတဏှာ သမုစ္ဆေဒပဟာန်အားဖြင့် မချုပ်ငြိမ်းခဲ့ပါ။ ယခု မဟာပလ္လင်ကျင့်စဉ်သည် မဟာပလ္လင်ကြောင့် ဖြစ်သော ဝေဒနာကို အရင်းတည်ကာ ပုထုဇဉ် ဗီဇဆိုး စရိုက်ဆိုး အကျင့်ဆိုးများနှင့်တကွ အပါယ်လေးဘုံခန္ဓာကို ဖန်တီးတတ်သော ဝါနတဏှာကို ဖော်ထုတ်၍ အမြစ်ဆွဲနှုတ်သတ်သည့် ကျင့်စဉ်ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် ဤကျင့်စဉ်သည် ဝိပဿနာယာနိကအားဖြင့် ဒုက္ခဝေဒနာ အကြောင်းခံ၍ အဘိဇ္ဈာနှင့် ဒေါမနဿကို အကြွင်းမဲ့ ပယ်သတ်ခြင်းဖြစ်သည်။ သောတာပတ္တိမဂ်၏ ပုထုဇဉ်အနွယ်ဖြတ်ရာတွင် အကြမ်းစားပုထုဇဉ်အနွယ်ကို ဖြတ်ခြင်းဖြစ်သည်။ ထိုအကြမ်းစား အလတ်စား စသည့် ပုထုဇဉ်အနွယ်များ မဖြတ်ခဲ့ပဲနှင့် အနုသယကို ဖြတ်နိုင်စရာ အကြောင်းမရှိ။

ဤကျင့်စဉ်သည် မဟာပလ္လင် (ဝါ) နှစ်ဖက်ချိတ်ထိုင်နည်းဖြင့် ကာယိကဒုက္ခဝေဒနာမှ သက္ကာယဒိဋ္ဌိနှင့်ယှဉ်သော ဝီတိက္ကမကိလေသာ အပြီးတိုင် ချုပ်ငြိမ်းအောင် ကျင့်သောကျင့်စဉ် ဖြစ်သည်။ မဟာပလ္လင်ချိတ်၍ မရသောပုဂ္ဂိုလ်များ ကျင့်စရာမလိုပါ။ မဟာပလ္လင်ချိတ်၍ ကျင့်ခြင်းသည် အာသီဝိသောပမသုတ္တန်အရ မြွေကြီးလေးကောင်လက်မှ အပြီးတိုင်လွတ်ငြိမ်းရာ နေရာသို့ အရောက်ပြေးခြင်း ဖြစ်သည်။ ဝမ္မိကသုတ္တန်အရ ဖားတည်းဟူသောဒေါသကို အပြီးတိုင် ဖယ်ရှားပစ်ခြင်းဖြစ်သည်။

ငါ့ခန္ဓာ ငါ့စိတ်ဟူ၍ စွဲယူထားသော ပုထုဇဉ်တို့၏ ဝါဒစွဲသည် သေကာနီးအခါ ချုပ်တည်း၍မရ ဆောက်တည်ရာမရဖြစ်အောင် မွှေနှောက်သောစိတ် ဖြစ်သည်။ မသေမီ ထိုစိတ်ကို ဖော်ထုတ်၍ အမြစ်ပါ မကျန်အောင် ဤကျင့်စဉ်ဖြင့် သုတ်သင်ရှင်းလင်းမည်။ ပုထုဇဉ်တို့၏ သာမန်အကြည့်နှင့် ကြည့်မည်ဆိုလျှင်ကား ထိတ်လန့်စရာ ဖြစ်တတ်သည်။ ဆရာညွှန်ကြားထားသည့် ကျင့်စဉ်နည်းစနစ်ကို ထောင်ကျသားဥပမာဖြင့် အံဝင်ခွင်ကျ နားလည်အောင် ကြိုးစား၍ အားငါးပါးနှင့်ကျင့်လျှင် မခဲယဉ်းပါ။ ညွှန်ကြားချက်အတိုင်း တိကျစွာ လိုက်နာရန် အထူးလိုအပ်သည်။

ဝိပဿနာယာနိကကျင့်စဉ်၌ ကာယိကဒုက္ခဝေဒနာမှ သက္ကာယဒိဋ္ဌိနှင့်ယှဉ်သော ပဋိယာနုသယမှ ပေါက်ဖွားလာသည့် ဝီတိက္ကမနှင့် ပရိယုဋ္ဌာန ဒေါသ လောဘ ကိလေသာတို့ကို အကြွင်းမဲ့ပယ်သတ်နိုင်ရန် ထိုကိလေသာတို့ကို တိုက်ရိုက်ရှုမြင်ပယ်သတ်ရုံမှတပါး အခြားနည်း အဘယ်မှာရှိပါဦးမည်နည်း။ ယခုဖော်ပြသော ကျင့်စဉ်မှတပါး တခြားမရှိတော့ပါဟု စာရေးသူ ရှုမြင်ပါသည်။ အကယ်၍ ပစ္စုပ္ပန်ဖော်ပြဆဲ ကာယိကဒုက္ခဝေဒနာမှ ဖြစ်ပေါ်လာသည့် မခံစားချင်သောစိတ်၊ ခံသာအောင် ပြုပြင်လိုသောစိတ် စသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်သည့် အချိန်တိုတိုနှင့်နူးညံ့စွာ ကျင့်၍ရသော အခြား ဝိပဿနာယာနိကကျင့်စဉ် ရှိပါသေးလျှင် စာရေးသူတပည့်ခံ၍ နည်းယူပါမည်။

တရားထိုင်နေစဉ် ဓာတ်လေးပါးဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသော ကာယိက ဒုက္ခဝေဒနာမှ နာတယ်, ကိုက်တယ်, မခံနိုင်ဘူး, ဟူသော ဒေါသစိတ်များ၊ လှုပ်မယ်, ပြင်မယ်,

http://www.dhammadownload.com

မပြင်လို့မဖြစ်ဘူးဟူသောစိတ်များ၊ ခန္ဓာအိမ်ကို ပြုပြင်ဖြစ်အောင် ပြုပြင်သော သက္ကာယဒိဋ္ဌိနှင့် တကွဖြစ်သော လောဘစိတ်များ စသည့် အကုသိုလ်တရားများ ဖြစ်ပေါ်လာသောအခါ မူလကျင့်စဉ်နှင့် သီလသမာဓိများ ပျက်စီးသွားသည်။ တရားကျင့်နေရင်း အကုသိုလ် တက်ခြင်း ဖြစ်သည်။ မဂ်ဖိုလ်ကို တားဆီးပိတ်ပင်သော သဘောလည်းဖြစ်၏။ ကုသိုလ်တရားတည်းဟူသော ကမ္မဋ္ဌာန်းတရား အားထုတ်နေဆဲမှာပင် ကုသိုလ်တရားကို ပျက်စီးစေသောကြောင့်ဖြစ်သည်။ အထက်ပါ အကုသိုလ်တရားများကို ပယ်သတ်နိုင်ခြင်းသည်ပင်လျှင် ကုသိုလ်တရား တိုးပွားရန် အကျင့် ဖြစ်သည်။ ဝမ္မိကသုတ္တန်အရ အထက်ဖော်ပြခဲ့သော အကုသိုလ်တရားများကို ပယ်သတ်ထားနိုင်သော ယောဂီသည် လမ်းနှစ်သွယ်(သမထယာနိကနှင့် ဝိပဿနာယာနိက)ကို နှစ်သက်သလို ရွေးချယ်လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

သာမညသဒ္ဓါ ဆန္ဒတို့ဖြင့် မာတ်ကြီးလေးပါးဖောက်ပြန်မှု ကာယိကဒုက္ခဝေဒနာပေါ်မှ သက္ကာယဒိဋ္ဌိနှင့်ယှဉ်သော ကိလေသာဒုက္ခ ချုပ်ငြိမ်းရန် မဖြစ်နိုင်ပေ။ သမ္မပ္ပဓာန်လုံ့လ, စတုရဒ်အာတာပီဝီရိယတို့ အခြေခံသော သဒ္ဓါ ဆန္ဒတို့ဖြင့် ပြည့်စုံသော ယောဂီတို့မှသာလျှင် ကျင့်ကြံနိုင်သည့်အရာ ဖြစ်သည်။ လူသာမည၊ နတ်သာမညတို့၏ အရာမဟုတ်ပေ။ နည်းမှန်၍ သဒ္ဓါသန်လျှင် သေချာပေါက် အောင်မြင်ပါသည်။ မဖြစ်နိုင်ဘူး ဟူသည်မှာ ဖြစ်နိုင်အောင် အားထုတ်သော သဒ္ဓါဝီရိယ စသည့် ဗိုလ်ငါးပါး မရှိခြင်းကြောင့် ဖြစ်ပါသည်။

ယခုကျင့်စဉ်သည် သေခြင်းဆင်းရဲမှ အကြွင်းမဲ့ချုပ်ငြိမ်းကြောင်း ကျင့်စဉ်နည်းကောင်း တစ်ခု ဖြစ်ပါသည်။ အသေတတ်၍ ဘဝချမ်းသာကောင်း လိုချင်သောသူများ၊ အပါယ်လေးပါး လွတ်လိုသောသူများ၊ လူ့ဘဝ တခဏ ရရှိသော ကာမချမ်းသာတည်းဟူသော မြေခွက်နှင့် နိဗ္ဗာန်တည်းဟူသော ရွှေခွက် လဲလိုသူများ ဤကျင့်စဉ်ကို ကျင့်ခြင်းဖြင့် သေချာပေါက် ရယူနိုင်ပါသည်။

သည်းခံမှုဖြင့် တရားကျင့်ရမည်

ရဟန်းတို့ အဘယ်သို့သော မင်း၏ ဆင်သည် သည်းခံတတ်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ရောက်သည်ရှိသော် လုံ့ဖြင့်ထိုးခြင်း သံလျက်ဖြင့် ခုတ်ခြင်း မြားဖြင့်ပြစ်ခြင်း၊ ပုဆိန်ဖြင့်ပေါက်ခြင်းတို့ကို သည်းခံနိုင်၏၊ စည်ကြီးသံ ထက်စည်သံ ခရသင်းသံ စည်ပုတ်သံ ပဲ့တင်သံတို့ကို သည်းခံနိုင်၏။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် သည်းခံတတ်၏။. . . . .

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သည်းခံတတ်သနည်း။

ရဟန်းတို့ ဤလောက၌ ရဟန်းသည် အချမ်းအပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက်ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့တို့ကိုလည်း၊ မကောင်းသဖြင့် ဆိုအပ်ကုန် မကောင်းသဖြင့် ရောက်လာကုန်သော စကားတို့ကိုလည်း သည်းခံနိုင်၏၊ **ကိုယ်၌ဖြစ်သော ပြင်းထန် ကြမ်းကြုတ် စပ်ရှား ကျင်နာ မသာယာဖွယ်၊ မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကို သည်းခံခြင်း** သဘောရှိ၏။

ရဟန်းတို့- ဤသို့လျှင် ရဟန်းသည် သည်းခံတတ်သည်။[၁၉]

အထက်ပါ မြတ်စွာဘုရားဟောဒေသနာတော်တွင် တရားကျင့်နေစဉ်အတွင်း ကိုယ်၌ဖြစ်သော သေလောက်အောင် ဖောက်ပြန်လာသည့် ကာယိကဒုက္ခဝေဒနာကို သက်သာအောင် ပြုပြင်ပေးရမည်ဟူ၍ မပါရှိပါ။ ရုပ်ဒုက္ခကြောင့်ဖြစ်လာသော ပြင်းထန်သည့် စိတ်ဒုက္ခဒေါသကို

---

[၁၉] အင်္ဂုတ္တိရ်ပါဠိတော်မြန်မာပြန် ဒုတိယတွဲ၊ ရာဇဝဂ်၊ သောတသုတ်-၁၄၀ နှာ-၁၇၉

http://www.dhammadownload.com

အဒေါသဖြင့် အစားထိုးနိုင်အောင် ကျင့်ရမည်ဖြစ်သည်။ ထိုသို့ အစားထိုးခြင်းကို သည်းခံခြင်းဟု ခေါ်သည်။ ၎င်းအစားထိုးသည်းခံမှု ပြုခြင်းသည်ပင်လျှင် တရားကျင့်ခြင်းဖြစ်သည်။ သည်းခံမှု၏ အဆုံးသည် နိဗ္ဗာန်ဖြစ်သည်။ ဆင်းရဲခြင်းနှင့် ဆက်စပ်နေသော ဒေါသသည် အကုသိုလ်တရားများ ဖြစ်သည်။ ထိုအကုသိုလ်ကို မပယ်နိုင်ပါက မိမိ၏စိတ်သည် ဆင်းရဲမှုချုပ်ရာ နိဗ္ဗာန်ကို မည်ကဲ့သို့ အာရုံပြုမည်နည်း။

မဟာပလ္လင်ဝေဒနာသည် သေလောက်သော ဆင်းရဲဝေဒနာ မဟုတ်ပါ။ ယခုအခါ အချို့ဆရာတို့သည် "ကျရိယာပုထ်လေးပါး ပေးထားသည်။ ဓာတ်လေးပါးဖောက်ပြန်၍ ဝေဒနာ တက်လာလျှင် ပြုပြင်ပေးရမည်။ စိတ်ဆင်းရဲလျှင် သမာဓိမရနိုင်" ဟု ညွှန်ကြားကြသည်။ သို့သော်လည်း သည်းခံမှုကိုကား မဟောပါ။ "တရားအားထုတ်မှုသည် ကိုယ်အနာခံ၍ ကျင့်စရာမလို။ အနာခံကျင့်ခြင်းသည် **"အတ္တကိလမထာနုယောဂ"** ဖြစ်၍သမာဓိမရနိုင်" စသဖြင့် မြတ်စွာဘုရားရှင် မဟောကြားသည်ကို ဟောကြားသလို လုပ်ကြံ၍ ပြောဆိုညွှန်ကြားကြသည်။ ယင်းသို့ ပြောဆိုခြင်းသည် တရားကျင့်သော ယောဂီတို့အား သဒ္ဓါ စသော အားငါးပါး ယုတ်လျော့စေပြီး သည်းခံမှုများ ယုတ်လျော့သွားစေသည်။ ဒိဋ္ဌိနှင့်တဏှာအလိုသို့လိုက်ခြင်းဖြစ်၍ မဂ်တားဖိုလ်တားဖြစ်ရတော့သည်။ **"အတ္တကိလမထာနုယောဂ"** ဆိုသည်မှာ သာသနာပတိတို့၏ မဂ္ဂင်ရှစ်ပါးနှင့် ဆန့်ကျင်သော ဆူးနင်း မီးလှုံ စသော အကျင့်များကိုသာ ဆိုလိုသည်။

ဤမဟာပလ္လင်ကျင့်စဉ်သည် သည်းခံမှုကို ဘုရားအလိုတော်အတိုင်း ကျင့်ခြင်းလည်း ဖြစ်သည်။ အားငါးပါးလည်း တိုးပွားစေသည်။ ဒုက္ခဝေဒနာမှ အပါယ်လေးပါးကို ရောက်စေသည့် ဒိဋ္ဌိနှင့် တဏှာ ဦးစီးသော စိတ္တသခ်ါရတို့ကို အကြွင်းမဲ့ဖယ်ထုတ်၍ လောကီမဂ်ဖြင့် အပြီးအပိုင် သတ်သောကျင့်စဉ်ဖြစ်သည်။ ဤမဟာပလ္လင်ကျင့်စဉ်၌ပဓာနအချက်သည် အကြိမ်ကြိမ်မဟာပလ္လင် ကျရိယာပုထ်ဖြင့် ထိုင်ခြင်းမဟုတ်ပဲ ဝီတိက္ကမကိလေသာ အပြီးတိုင် ချုပ်ငြိမ်းခြင်း ဖြစ်သဖြင့် ယင်းကိလေသာ အပြီးတိုင် ချုပ်ငြိမ်းသွားပါက ဤကျင့်စဉ် ထပ်မံ ကျင့်စရာ မလိုတော့ပါ။ ကိလေသာအကြောင်းငြိမ်းသွားစေရန် အကြောင်းခံခြင်းသာဖြစ်သည်။ ဒုက္ခဝေဒနာမှ အဘိဇ္ဈာနှင့် ဒေါမနဿမီးချုပ်သွားသဖြင့် မြွေကြီးလေးကောင်၏ အဆိပ်လေးမျိုးနှင့် ဖားတည်းဟူသောဒေါသမှ အပြီးအပိုင် လွတ်ကာ အရှုဉာဏ်စိတ်သည် ပရမတ်ရုပ်နာမ်တို့ကို အာရုံပြုနိုင်သော သမာဓိသို့ ဆိုက်ရောက်ရန် နောက်ကြောင်းအေးစွာ ရှေ့ဆက်ကျင့်နိုင်မည် ဖြစ်သည်။

စွန်းလွန်းဆရာတော်ဘုရားကြီး၏ ဩဝါဒ(၁)

"ဝေဒနာ ဖွေရှာမတတ် သေကာမမြတ် ဖြစ်လိမ့်မည်။
ဝေဒနာ ဖွေရှာတတ်မှ သေကာမြတ် ဖြစ်လိမ့်မည်"

ရဟန္တာဟု ထင်ရှားကျော်ကြားသော စွန်းလွန်းဆရာတော်ဘုရားကြီးမှ အထက်ပါအတိုင်း အနှစ်ချုပ် အဖြေထုတ်ကာ ဩဝါဒ မိန့်ခဲ့ဖူးပါသည်။ အကယ်၍ အရိယာသူတော်ကောင်းတို့သည် ပြင်းထန်သော ဝေဒနာကို အရင်းခံ၍ တရားကျင့်ရာ၌ ကောင်းကျိုးချမ်းသာမရှိဘူးဟု ဆိုခဲ့လျှင်၊ ဤကဲ့သို့ ပြင်းထန်သည့် ဒုက္ခဝေဒနာကြောင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ကာ သီလ သမာဓိ မထူထောင်နိုင်ဘူးဆိုလျှင်၊ တရားကျင့်ရာ၌ အနှောင့်အယှက် ပေးသကဲ့သို့ ဖြစ်နေလျှင် အထက်ပါ ဩဝါဒကို စွန်းလွန်းဆရာတော်ဘုရားကြီးက မိန့်ဟမည် မဟုတ်ပေ။

http://www.dhammadownload.com

ဘုရားရှင်ကလည်း ဗောဓိရာဇကုမာရမင်းသားကို **"န ခေါ သုခေန သုခံ အဓိဂန္တဗ္ဗံ၊ ဒုက္ခေန ခေါ သုခံ အဓိဂန္တဗ္ဗံ"**[၂၀]ဟု ဆိုဆုံးမခဲ့ပါသည်။ ထိုဒေသနာ၏ဆိုလိုရင်းမှာ တရားထိုင်ကျင့်နေစဉ် ဓာတ်လေးပါး ဖောက်ပြန်လာသောအခါ စိတ်ချမ်းသာမှုဖြစ်အောင် ကျရိယာပုထ်ကို လွယ်လွယ်ကူကူဖြင့် စိတ်အလိုလိုက်၍ ပြုပြင်ပေးသော အကျင့်ဖြင့် တရားကျင့်နေပါလျှင် အမြင့်ဆုံး နိဗ္ဗာန်ချမ်းသာကို မရရှိနိုင်။ ဆင်းရဲ ပင်ပန်းသည့်ကြားမှ သည်းခံ၍ စိတ်အလိုကို စွန့်လွှတ်ခြင်းအကျင့်ဖြင့်သာ ချမ်းသာသောနိဗ္ဗာန်ကို ရရှိနိုင်မည်ဟု ဆိုလိုပါသည်။

> ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည်ကား **ကိုယ်၌ ကျရောက်လျက်ရှိသော ဒုက္ခဝေဒနာဖြင့်** တွေ့ထိခံစားရသော် **မစိုးရိမ်ရ၊ မပင်ပန်းရ၊ မငိုကြွေးရ၊ ရင်ထုလျက် မမြည်တမ်းရ၊ မိန်းမောခြင်းသို့ မရောက်ရ။** ရဟန်းတို့ အကြားအမြင်ရှိသော ဤအရိယာတပည့်ကို ဝဲသြဃ၌ တည်တံ့နိုင်သူ ထောက်တည်ရာကို ရနိုင်သူဟု ဆိုရ၏ဟု (မိန့်တော်မူ၏)။
>
> **ဉာဏ်အားနည်းသော စွမ်းအား*နည်းသော** အကြင်သူသည် ကိုယ်၌ ကျရောက်လျက်ရှိသော အသက်ကိုပင် ဆောင်ယူသွားနိုင်လောက်သော ပေါ်ပေါက်လာသော **ထိုဒုက္ခဝေဒနာတို့ကို သည်းမခံနိုင်၊** ဝေဒနာတို့ဖြင့် တွေ့ထိခံရသော် တုန်လှုပ်၏၊ မြည်တမ်းငိုကြွေးရ၏၊ ထိုသူသည် **ဝဲသြဃ၌ မတည်တံ့နိုင်**သည်သာမက ထောက်တည်ရာမျှကိုလည်း မရနိုင်။[၂၁]

အရိယာသာဝကဟူ၍ထိုက်သူ၊ ဒိဋ္ဌိပြုတ်ပြီဟူ၍ ဆုံးဖြတ်နိုင်သူ၊ ဉာဏ်စဉ်ရပြီဟူ၍ ဝန်ခံနိုင်သူ၊ မိမိကိုယ်ကို တရားမြင်ပြီ တရားတွေ့ပြီဟူ၍ ဆုံးဖြတ်နိုင်သူ၊ ပဋိစ္စသမုပ္ပါဒ် ပြတ်သည်ဟု ဆုံးဖြတ်နိုင်ပြီဟုဆိုလျှင် မဟာပလ္လင်ကျရိယာပုထ်ဖြင့် (၂)နာရီမျှ ချိတ်ထိုင်ကြည့်၍ အထက်ပါ ဘုရားရှင် ဟောထားသည့်အတိုင်း မှတ်ကျောက်တင်ကြည့်ပါ။ မိမိစိတ်၌ ဒေါသ၊ ဒေါမနဿဖြစ်နေသေးလျှင်၊ ကြောင့်ကြစိုးရိမ်မှုရှိလာသေးလျှင်၊ ပင်ပန်းသည်ဟုစိတ်ရှိနေသေးလျှင်၊ ငိုကြွေးချင်သောစိတ်၊ "မခံနိုင်ဘူး မဖြစ်နိုင်ဘူး နာလိုက်တာ"ဟူ၍ မြည်တမ်းမှု ပြုနေသေးလျှင်၊ တွေဝေမိန်းမောခြင်း ဖြစ်နေသေးလျှင် အရိယာသာဝကမဟုတ်၊ ဒိဋ္ဌိပြုတ်သူမဟုတ်၊ ဉာဏ်စဉ်ရရှိမှု မဟုတ်သေးသောသူ၊ ပဋိစ္စသမုပ္ပါဒ် မပြတ်သေးသောသူဟူ၍ ဆုံးဖြတ်ချက်ချလိုက်ပါ။

မှန်ပါသည်။ ကာယိကဒုက္ခဝေဒနာပေါ်တွင် တဏှာမချုပ်ပဲနှင့် ယထာဘူတဉာဏ် မရနိုင်ကြောင်းကို **"အပိ နု သော ပုရိသော အမုံ အလ္လံ ---ပ--- အဘဗ္ဗာဝ တေ ဉာဏာယ ဒဿနာယ အနုတ္တရာယ သမ္ဗောဓာယ"**[၂၂] ဟူ၍ ဟောတော်မူထားပါသည်။ ထိုဒေသနာတော်၌ မြတ်စွာဘုရားသည် ဤကဲ့သို့ ဥပမာ ပေးထားသည်။ စိုစွတ်နေသောသစ်တုံးအား မီးရှို့နေလျှင် မီးတောက်စရာ အကြောင်းမရှိပေ။ ထိုစိုစွတ်နေသော သစ်တုံးအား မီးတောက်အောင်ပြုသော ပုဂ္ဂိုလ်သည် ပင်ပန်းကြောင်း အချည်းနှီးသောအလုပ်ကို လုပ်သကဲ့သို့ ဖြစ်၏။ ထိုနည်းတူစွာ ကာယိကဒုက္ခဝေဒနာမှ ပဋိဃာနုသယ အရင်းခံ၍ ဖြစ်ပေါ်လာသော သက္ကာယဒိဋ္ဌိနှင့်ယှဉ်သည့် ဝီတိက္ကမ, ပရိယုဋ္ဌာန (ဒေါသ) နှင့် စိတ်သက်သာရာကို လိုချင်မှု (လောဘ) စသော ကိလေသာတို့သည် စိုစွတ်သောရေနှင့်တူ၏။ ထိုကိလေသာတို့ စိတ်၌ ချုပ်ငြိမ်းမှုမရသေးပဲနှင့်

---

[၂၀] မဇ္ဈိမပဏ္ဏာသပါဋိ၊ ရာဇဝဂ္ဂ၊ ဗောဓိရာဇကုမာရသုတ္တံ-၃၂၇ နှာ-၂၇၇

* အားငါးပါး ကျန္ဒြေငါးပါး

[၂၁] သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဋိတော် မြန်မာပြန်၊ ဝေဒနာသံယုတ်၊ သဂါထာဝဂ်၊ ပါတာလသုတ်-၂၅၂ နှာ-၄၀၃

[၂၂] မဇ္ဈိမပဏ္ဏာသပါဋိ၊ ရာဇဝဂ္ဂ၊ ဗောဓိရာဇကုမာရသုတ္တံ-၃၃၀ နှာ-၂၇၇

http://www.dhammadownload.com

ဝိပဿနာရှုနေခြင်းသည် အချည်းနှီးသော ပင်ပန်းကြောင်းအကျင့်ကို ကျင့်နေခြင်းမျှသာဖြစ်၍ ယထာဘူတဝိပဿနာဉာဏ်စစ်စစ်သို့ မဆိုက်ရောက်နိုင်။

မှန်ပါသည်။ ဝေဒနာကိုကြောက်၍ ရှောင်လွှဲပြီး တရားကျင့်ကြသော်လည်း ကျင့်တိုင်း ထိုဝေဒနာနှင့် မလွတ်ပဲ ကာယိန္ဒြေ၊ မနိန္ဒြေ အဖျက်ခံရ၍ ရုပ်ကို ပြင်ပေးနေရသည်။ သေသောအခါမှာလည်း မရှောင်လွှဲနိုင်တော့ပါ။ ဘယ်လိုနေနေသေရမည်မှာ မလွဲကောန်ဖြစ်သည်။ သေခြင်းဒုက္ခသည် အဆင်းရဲဆုံး ဖြစ်သည်။ ဓာတ်ကြီးလေးပါး အပြင်းထန်ဆုံး ဖောက်ပြန်ခြင်း ဖြစ်သည်။ တစ်သက်လုံး ချောင်ချောင်နေခဲ့သမျှ သေမှအကျဉ်းအကြပ်ခံရခြင်းသည် အဆုံးရှုံးဆုံး ဖြစ်သည်။ မျှခံမည့်သူ၊ ကူညီမည့်သူ မရှိတော့ပါ။ ထို့ကြောင့် စစ်မရောက်ခင် မြားပြင်ဆင် ဘိသကဲ့သို့ လည်းကောင်း၊ မီးဘေးရှောင် မလောင်ခင်တား ဆိုဘိသကဲ့သို့လည်းကောင်း သေမင်းနှင့်ယှဉ်ပြိုင် အနိုင်ရရန် (၀၊) သေမင်းသတ်ကွင်းမှ လွတ်ရန် ကြိုးတင်ပြင်ဆင်ရမည်။ ထို့ကြောင့် ကာယိကဒုက္ခကို အကြောင်းခံ၍ ဝေဒနာပေါ်မှ သက္ကာယဒိဋ္ဌိနှင့် ယှဉ်သော လောဘ, ဒေါသတို့ကိုဖော်ထုတ်ကာ အပြီးတိုင်သတ်ဖြတ်ခြင်းဖြစ်သည်။ မိုးကုတ်ဆရာတော် ဘုရားကြီး၏ သြဝါဒနှင့် ရင်ဝလုံစူး ထိပ်ဦးမီးလောင် ဒေသနာတော်ကိုလည်း ပြန်ဆင်ခြင်ပါ။ မဟာပလ္လင်ချိတ်၍ တက်သောဝေဒနာသည် ရင်ဝလုံစူး ထိပ်ဦးမီးလောင်သလောက် မရှိပါ။ ငရဲ၌ခံရသော ဝေဒနာနှင့် နှိုင်းယှဉ်လျှင် မြူမျှလောက်သာ ရှိပါသည်။

စွန်းလွန်းဆရာတော်ဘုရားကြီး၏ သြဝါဒ(၂)

"မခံသာ မှန်ပါဘိ သည်တရား၊ ခံသာလျှင် သံသရာကြော မျှောလိမ့်အမျှား"[၃၃]

များစွာသော တရားရှာသူတို့သည် တရားအမှန်ကို တွေ့လိုကြ၍ ဆရာကောင်း၊ နည်းကောင်းများဖြင့် အချိန်အကုန်ခံ၊ ငွေအကုန်ခံ၍ တရားရှာကြသော်လည်း ခန္ဓာကိုယ် အနာမခံချင်ကြပေ။ အနာခံမှ ရမည့်တရားကို နာလာလျှင် တဏှာအလိုလိုက် အကြိုက်ပေးကာ ခန္ဓာကိုယ်သက်သာအောင် ပြုပြင်ပေး နေကြလျှင် အဘယ်မှာတရားအမှန် ရပါတော့မည်နည်း။ မခံသာဖြစ်လာသောအခါ ခံသာအောင် ပြုပြင်ပေးလိုက်ကြသည်။ တသံသရာလုံး တဏှာအလို လိုက်ခဲ့သော အကျင့်ဖြင့် တရားရှာနေသရွေ့ တရားမရပဲ ပါရမီကုသိုလ်လောက်သာ ရတော့မည်။ ဝိပဿနာဟူသည် ပေါ်ဆဲရုပ်နာမ် ပစ္စုပ္ပန်မှာ ရှုရမည့်အစား မရှုပဲ ဖျက်ဆီးလိုက်သဖြင့် မိမိကိုယ်ကို မာရ်နတ်ဖြစ်ကာ မင်္ဂလာရီးကို ပိတ်ဆို့လိုက်ခြင်း ဖြစ်သည်။ မခံသာသည့်အဆုံးတွင် နိဗ္ဗာန်ရှိပါသည် (**ဒုက္ခနိရောဓော နိဗ္ဗာနံ**)။ ကျရိယာပုထ်ကို ပြင်ပေးခြင်းသည် သည်းမခံနိုင်၍ ဖြစ်သည်။ သည်းမခံနိုင်ခြင်းသည် ဒေါသစိတ်ဖြစ်သည်။ ကျရိယာပုထ်ကို ပြုပြင်ပေးလိုက်ခြင်းသည် လောဘစိတ်ဖြစ်သည်။ ထို့ကြောင့် အကျင့်မှားဖြစ်သွားသည်။

အကယ်၍သမထအခြေခံဝိပဿနာယာနိကကျင့်စဉ်ဆိုလျှင် သမာဓိအားမကောင်းသေး၍ ခေတ္တအားဖြင့် ပြုပြင်ပေးရသည်။ ပထမစျာန်သမာဓိ ခိုင်ခံ့သွားလျှင် ဝေဒနာကျော်၍ ပြင်စရာ မလိုတော့ပါ။ အကယ်၍ နာမရူပပရိစ္ဆေဒဉာဏ်သို့ရောက်လျှင် ကျရိယာပုထ်ကိုပြုပြင်မှုမရှိတော့ပါ။ အဘယ့်ကြောင့်ဆိုသော် ပစ္စုပ္ပန်ရုပ်နာမ်၏သဘောသာရှိ၊ ငါမရှိ၍ ဆင်းရဲခြင်း မရှိတော့ပါ။ ငါမရှိသဖြင့် ဆင်းရဲသူမရှိ တော့ပါ။ တရားလိုလားသော ယောဂီတို့ အထူးသတိပြုပါ။

---

[၃၃] "စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး၏ထေရုပတ္တိအကျယ် တရားတော်များ"၊ နာ–၁၅၂

http://www.dhammadownload.com

ဧကူပေါသထသာမဏေရီမလေး၏ အတုယူဖွယ်တရားကျင့်ပုံ

(၇)နှစ်အရွယ်ရှိ ဧကူပေါသထသာမဏေရီမလေးသည် ဆရာဖြစ်သူ ပဋ္ဌာစာရီထေရီမထံ တရားနည်းခံ၍ သူ၏ကျောင်းသခ်မ်းသို့ ပြန်ပြီး ဗောဓိပက္ခိယတရား(၃၇)ပါး လက်ကိုင်ထားကာ ထိုင်သောဂ္ဂရိယာပုထ်ဖြင့် မပြင်တမ်း (၇)ရက်လုံးလုံး ဆီးမသွား၊ ဝမ်းမသွား၊ ရေမသောက်၊ ဆွမ်းမစား၊ မအိပ်ပဲ တရားကျင့်သောအခါ (၈)ရက်မြောက်သောနေ့တွင် အရဟတ္တဖိုလ် ဆိုက်ရောက်သွားပါသည်။[၂၄] မဂ်ဖိုလ်လိုချင်လျှင် မဂ်ဖိုလ်နှင့်တန်သည့် သီလ, သမာဓိ, သဒ္ဓါ, ဝီရိယတို့ စိုက်ထုတ်ကျင့်ကြံရမည်ဖြစ်သည်။ မဂ်နှင့်အသက်လဲနိုင်သော စိတ်ဆန္ဒပြည့်စုံရမည်။ ခန္ဓာအိမ်ကို မပြုပြင်ပေးပဲနှင့် မဂ္ဂင်ရှစ်ပါး လျော်ညီစွာကျင့်လျှင် တရားရပါသည်။ နာရီရှည်မက ရက်ရှည်ပါ တရားကျင့်ခြင်းကြောင့် တရားရပါသည်။ များများလိုချင်သောသူ များများ အရင်းစိုက်ရမည်။ မြန်မြန်ရောက်လိုသောသူ ပြင်းပြင်းလျှောက်ရမည်။ ပျင်း၍ ဖျင်းနေသောသူ တရားမရပါ။

ပေ(၁၀၀)အနက်၌ ရေကြောရှိသောနေရာတွင် ရေတွင်းတူးမည်ဆိုလျှင် ရေရမည်ဆိုပါစို့။ အကယ်၍ မြေမျက်နှာပြင်ပေါ်၌ တစ်ပေအနက်ရှိသော တွင်းပေါင်း(၁၀၀)ကိုလည်းကောင်း၊ (၁၀)ပေအနက်ရှိသော တွင်းပေါင်း(၁၀)တွင်းကိုလည်းကောင်း အကြိမ်(၁၀၀)ပြောင်း၍ ရေတွင်းတူးလျှင် ရေမရရှိနိုင်ပါ။ အကယ်၍ တစ်နေရာတည်း၌ ပေ(၁၀၀)နက်အောင် ရေတွင်း တူးဖော်နိုင်လျှင် တစ်ကြိမ်တည်းနှင့် ရေရရှိ အောင်မြင်လိမ့်မည်။ ထို့အတူ တစ်ခုတည်းသော ဂ္ဂရိယာပုထ်၌ (၈-၉)နာရီကြာပြုပြင်မ,ရွှေ့ခြင်းမပြုပဲ တရားနှင့်လျော်ညီစွာ ထိုင်မှ တရားရရှိမည်။ ဂ္ဂရိယာပုထ်တစ်မျိုးလျှင် တရားထိုင်ချိန် တစ်နာရီသတ်မှတ်၍ ညောင်းတိုင်းပြောင်း ကမ္မဋ္ဌာန်းဖြင့် အားထုတ်ပါက အကြိမ်ပေါင်းများစွာ နာရီပေါင်းများစွာ ထိုင်စေကာမူ တရားမရရှိနိုင်ပါ။ ပါရမီကုသိုလ်လောက်သာ ရရှိနိုင်သည်။

ထို့ကြောင့် တရားအားထုတ်ရာတွင် "ဝီရိယအားနည်းသောသူသည် ယုတ်ညံ့သော အကုသိုလ်တရားတို့ဖြင့် ရောပွမ်းသည်ဖြစ်၍ ဆင်းရဲရ၏။ အလိုရှိအပ်သော အကျိုးလည်း မပြီးစီး။ ထက်သန်သော လုံ့လရှိသူကား ယုတ်ညံ့သော အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ ချမ်းသာရ၏။ အလိုရှိအပ်သော အကျိုးလည်း ပြီးစီး၏"[၂၅] ဟု မြတ်စွာဘုရားရှင် ဟောကြားတော်မူထားပါသည်။

"သာသနာတော်အတွင်း မဂ္ဂင်ရှစ်ဖြာ သံသရာထွက်မြောက်ရေးအလုပ်ကို သေကောင်ပေါင်းလဲ အရိုးပေါ် အရေတင်အောင် လုပ်သော်လည်း အတ္တကိလမထဟု မဆိုရ။ သမ္မာဝါယမ မဂ္ဂင်အကျင့်"[၂၆] ဟူ၍သာ ဆိုရမည်ဖြစ်ကြောင်း ဖွင့်ဆိုထားပါသည်။

ကြာကြာထိုင်သည်မှာ တရားမဟုတ်၊ တရားမရ၊ ကျင့်စဉ်မမှန်ဟူ၍ နှလုံးသွင်းသော ပုဂ္ဂိုလ်တို့သည် အောက်ပါ ဒေသနာကို သတိပြုသင့်သည်။

> **"ဂ္ဂမ, သာရိပုတ္တ, ဘိက္ခု ပစ္စာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ "နဲ တာဝါဟံ ဂ္ဂမံ ပလ္လင်္ကံ ဘိန္ဒိဿာမိ ယာဝ မေ နာနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိဿတိ"[၂၇]**

---

[၂၄] ထေရီဂါထာအဋ္ဌကထာ၊ တိကနိပါတ်၊ ဥတ္တမာထေရီဂါထာဝဏ္ဏနာ-၄၄ နှာ-၅၁

[၂၅] နိဒါနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ ဒသဗလဝဂ်၊ ဒုတိယဒသဗလသုတ်-၂၂ နှာ ၂၆၇

[၂၆] မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ဒေဝဒဟသုတ်အဖွင့်၊ နှာ-၇

[၂၇] မူလပဏ္ဏာသပါဠိ၊ မဟာယမကဝဂ္ဂ၊ မဟာဂေါသိင်္ဂသုတ္တံ-၃၄၅ နှာ-၂၇၂

http://www.dhammadownload.com

ဆွမ်းစားပြီးသော ရဟန်းတစ်ပါးသည် ကမ္မဋ္ဌာန်းအားထုတ်ရာအရပ်သို့ကပ်၍ မိမိ၏ကမ္မဋ္ဌာန်းကို ရှေးရှုအားထုတ်ရာတွင် တင်ပလ္လင်ခွေလျက်ရှိသော မိမိ၏ခန္ဓာအိမ်ကို အရဟတ္တဖိုလ်မရမချင်း မလှုပ်, မပြင်, မဖြုတ်, မထစတမ်း ကျင့်သောရဟန်းသည်သာလျှင် နတ်ပန်းရနံ့ကဲ့သို့ ကြိုင်လှိုင်လျက် ပင်လုံးကျွတ်ပွင့်သည့် အင်ကြင်းမြိုင်ကို တင့်တယ်စေရာ၏ဟု မြတ်စွာဘုရားရှင် မိန့်ဟတော်မူခဲ့ပါသည်။ တနည်းအားဖြင့်ဆိုသော် ထိုကဲ့သို့သော ရဟန်းသည်သာလျှင် နတ်ပန်းရနံ့ကဲ့သို့ ကြိုင်လှိုင်လျက် ပင်လုံးကျွတ်ပွင့်သည့် အင်ကြင်းမြိုင်နှင့် အလားတူသည့် အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံသော သာသနာတော်ကြီးကို တင့်တယ်စေမည် ဖြစ်သည်။*

မြတ်စွာဘုရား၏ ဆန္ဒတော်ကို သုံးသပ်ကြည့်လျှင် တရားကျင့်သောယောဂီတို့သည် ဝိပဿနာဉာဏ်မရသေးသရွေ့ အချိန်ကန့်သတ်မှုလည်း မထား၍ ဣရိယာပုထ်(ထိုင်ခြင်း)ကိုလည်း ပြုပြင်လှုပ်ရှားမှု မပြုပဲ တရားကျင့်ရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ တစ်နာရီ၊ နှစ်နာရီမျှ ကန့်သတ်၍ တရားကျင့်ခြင်းသည် မဂ်တရား ဖိုလ်တရားကို တားဆီးရာ ကျသည်။ (၁၅)မိနစ် မိနစ်(၃၀)မျှဆိုလျှင် အဘယ်သို့ ဆိုဖွယ်ရာ ရှိတော့မည်နည်း။ အချိန်နာရီနှင့် မဟာပလ္လင်ခွိတ်ခြင်းသည် ပဓာနမဟုတ်။ မဂ်ဖိုလ်တရားထူးရရန်သာ ပဓာနဖြစ်သည်။ တရားကျင့်သောယောဂီတို့ သတိပြုပါ။

သဲအင်းဂူဆရာတော်ဘုရားကြီး၏ ဓံယူချက်

"လူသေလျှင် သေ၊ မသေလျှင် တရားရ။"

မှန်ပါသည်။ တရားမကျင့်လျှင်လည်း လူသေမှာ အမှန်ဖြစ်သည်။ တရားမရပဲ သေသွားသည့်သူ အလွန် များပြားကြပါသည်။ သေရမည်ချင်း အတူတူ လူမသေခင်က တဏှာသေအောင်၊ ငါတည်းဟူသော ဒိဋ္ဌစွဲပြုတ်အောင် ကျင့်ထားရမည်။ ထိုဝါဒသည် မြတ်စွာဘုရား၏ အဆုံးအမကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း တန်ဖိုးထားသော သူတော်ကောင်းတို့၏ဝါဒ ဖြစ်သည်။

သောဏမထေရ်သည် ခြေဖဝါးပြင်၌ အမွေးနုများပေါက်သည့်ထိအောင် နူးညံ့သည်။ ထိုမထေရ်သည် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတောင်း၍ စင်္ကြံလျှောက်တရားကျင့်ရာတွင် ခြေဖဝါးများပေါက်ကာ သွေးစိမ်းရှင်ရှင် ထွက်လာသည်အထိ မလျှော့သောလုံ့လဖြင့် တရားကျင့်သွားပါသည်။ ထိုမထေရ်သည် ခြေဖဝါးပြင် ဒဏ်ရာကြောင့် ပြင်းထန်သောဝေဒနာဖြစ်လာသောအခါ "မြတ်စွာဘုရားရှင်သည် ငါနှင့်သင့်တော်၍ ပေးသောကမ္မဋ္ဌာန်း ငါကျင့်ရမည်" ဤကဲ့သို့ သူတော်ကောင်းတို့သည် ဂုဏ်မာနမထား ခန္ဓာကိုယ် ငဲ့ကွက်မှုမရှိပဲ နိဗ္ဗာန်မဂ်ဖိုလ်ကို ရအောင်ယူသွားသည်။[၂၅]

မေတ္တာသုတ်၌သကြောပုဒ်အဖွင့်တွင် နိဗ္ဗာန်ကိုမျက်မှောက်ပြုလိုသောသူသည် အသက်နှင့် ခန္ဓာကိုယ်ကို မငဲ့ကွက်ပဲ ကျင့်ရဲရမည်ဟု မြတ်စွာဘုရား ညွှန်ကြားထားသည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်၌လည်း ရှင်ဂေါဓိကမထေရ် တရားကျင့်ရာတွင် မဂ်ဖိုလ်ရနိုင်ရန်အတွက် အထောက်အပံ့ ဖြစ်စေခြင်းငှာ လည်ပင်းကို သင်တုန်းဓားဖြင့် လှီးဖြတ်ကာ မဂ်နှင့်အသက် လဲသွားသည်။ ထိုအကြောင်းကို မြတ်စွာဘုရားရှင် သိပါလျက်နှင့် မာရ်နတ်တားသည့်ကြားမှ ရှင်ဂေါဓိကမထေရ်အား တားမြစ်တော်မမူသည့်အပြင် ဤကဲ့သို့ မိန့်ဟသွားသည်။

---

* စာရေးသူ၏အလို

[၂၅] အင်္ဂုတ္တရနိကာယပါဠိတော်၊ ဆက္ကနိပါတ၊ နာ-၃၂၉၊ အဋ္ဌကထာ နာ-၁၂၃

http://www.dhammadownload.com

"အမြစ်ရင်းနှင့်တကွသော တပ်မက်မှု'တဏှာ' ကို နုတ်ပယ်၍ ဂေါဓိကသည် ပရိနိဗ္ဗာန်ပြု၏။ **ပညာရှိတို့သည် ဤသို့လျှင်ပြုကုန်၏၊ မိမိအသက်ကိုအလိုမရှိကြကုန်**"[၂၉]

ပညာရှိသူတော်ကောင်း ဟူသည် မိမိကိုယ်ကိုမိမိ တရားရရန်ကို သာလျှင် အာရုံပြုကြသည်။ တရားရရန်အတွက် အချိန်ဖြုန်းမခံလိုကြ၊ သာသနာမှာ အဖြစ်ရှုံးမခံလိုကြပါ။ တရားကျင့်ရမည်ကို ကြောက်ရွံ့ခြင်း၊ ညည်းညူခြင်း၊ အချိန်ဆွဲခြင်း မပြုလုပ်ကြပဲ မဂ်တရား၊ ဖိုလ်တရား ရမည်ဆိုလျှင် အသက်ကိုပင် ညှာတာငဲ့ကွက်မှု မရှိကြပေ။ ယခုခေတ်အခါကား ဤကဲ့သို့ မဟုတ်တော့ပေ။ တရားပြဆရာများကလည်း အနည်းငယ်မျှသော ပင်ပန်းမှုကိုပင် ကြီးမားသောအပြစ်ဟူ၍ တပည့်တို့အား ပြောဆိုညွှန်ပြနေကြသည်။ မဂ်ဖိုလ်နှင့်တန်သည့် ညွှန်ကြားမှုမျိုး မဟုတ်တော့ပေ။ အချောင်သမားကျင့်စဉ်များ ဖြစ်နေလေသည်။ မဂ်ဖိုလ်အမှန် လိုလားသော ယောဂီတို့သည် ဒီဃန္ဓာနှင့် ဒီဃသနာမှာ မဂ်နှင့်အသက် လဲချင်လဲရပါစေဟူသော သဒ္ဓါ ဆန္ဒမျိုးဖြင့် တရားကျင့်ရမည် ဖြစ်သည်။ ဆရာက နည်းပေးမှန်၍ နည်းခံသူက သဒ္ဓါအားသန်စွာကျင့်လျှင် လျင်မြန်စွာ မဂ်ဖိုလ်သို့ အကျိုးပေးပါလိမ့်မည်။

မဟာပလ္လင်ကျင့်စဉ်သည် သွေးမထွက်သေးပါ။ အမှန်တကယ် ချမ်းသာသော မဂ်တရား ဖိုလ်တရားကို လိုချင်ပါလျှင် ညွှန်ကြားသည့်အတိုင်း စွေးမဆစ်တမ်းကျင့်ပါ။ ပေါက်မြောက်အောင်မြင်သွားလျှင် တန်ဖိုးမဖြတ်နိုင်သည့် အမြတ်ချမ်းသာရပါလိမ့်မည်။

မဟာပလ္လင်ကျင့်စဉ်တက်ပုံ

ယောဂီအလိုက် သီလဆောက်တည်ပါ။ ပရိကံယူ၍ ရှေ့၌ ညွှန်ကြားခဲ့သည့်အတိုင်း ကျင့်စဉ်စည်းကမ်းများကို လိုက်နာပါ။ မဟာပလ္လင်ချိတ်ပြီး ဣရိယာပုထ်ကို ပြေပြစ်သန့်ရှင်းအောင် စစ်ဆေးပါ။ စိတ်ကျေနပ်အောင် ဣရိယာပုထ်ကို ပြင်ဆင်ပြီးလျှင် ကိုယ်ခန္ဓာအိမ်တစ်ခုလုံးကို မူလကာယန္ဒြေ မပျက်စေပဲ ပကတိခိုင်ခံ့စွာ တည်နေသော ထောင်နံရံကဲ့သို့ စိတ်ဖြင့် မကြေပ်မတ်ပဲ တည်ထားပါ။ ပိုင်ရှင်မရှိသောခန္ဓာအိမ်ကြီးကဲ့သို့ ပစ်ပစ်ခတ်ခတ်စွန့်ထားလိုက်ပါ။ ဣရိယာပုထ်ကို ပြင်ဆင်ပြီးသောအခါ မူလတည်ထားသော ခန္ဓာအိမ်ကို အာရုံမပြုပဲ လောကီ ကာမပညတ်နှင့် ယှဉ်သောစိတ်များ ပေါ်လာသည်ကို သတိထားရှုပါ။ ကြံစည်ခြင်း၊ တွေးတောခြင်း၊ အာရုံပြု အမှတ်ပြုခြင်း၊ ဣရိယာပုထ်ကို ပြုပြင်လိုသောစိတ်များ မွေးမြူခြင်းများ မိမိအလိုဖြင့် မပြုလုပ်ရပါ။ အလိုလိုပေါ်လာမည့် စိတ်များကိုသာ ပိုင်းခြား၍ သိအောင် သတိထားရမည်။

အလိုလို ပေါ်လာသော စိတ်များ ဖြစ်သည့် ပူတယ်ဟု သိသောစိတ် ဖြစ်ပေါ်လာလျှင် ထိုပူသိစိတ်အတိုင်း မွေးမြူ၍ ဆက်လက်အမည်ပေးနေမှုမပြုရ။ ထိုနည်းအတူ နာလျှင် နာတယ်ဟူသော စိတ်အတိုင်း ဆက်လက်အမည်ပေးနေမှုမပြုရ(သဿတဒိဋ္ဌိ)။ အလိုလိုဖြစ်ပေါ်လာသည့် စိတ်အားလုံးကို ပေါ်မလာအောင် မိမိ၏အလိုဖြင့် ပိတ်ဆို့မထားရ (ဥစ္ဆေဒဒိဋ္ဌိ)။ ဖြစ်တယ် ပျက်တယ်ဟူ၍လည်း မမှတ်ရ။ ပညာဘာဝနာပိုင်း မဟုတ်သေး၍ အမည်သညာ ပေးမရှုရ။ ထိုအမည်သညာသည်ပင်လျှင် အရှုခံဖြစ်သည် (လောကီပညတ်)။ ထိုပူတယ်ဟူသော စိတ်ကို သူ့အလိုလိုပေါ်လာသည့် သဘောမှန်း သိအောင် ပိုင်းခြားသတိထားလိုက်ပါ။ အခြားစိတ်များ ဖြစ်ပေါ်လာလျှင်လည်း ထိုနည်းတူစွာရှုပါ။ ထိုသို့ရှုနေစဉ် စိတ်အမျိုးမျိုး၏ ဖြစ်လိုက်ပျက်လိုက် သဘောကို ရိပ်စားမိလာပါလိမ့်မည်။

---

[၂၉] သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မြန်မာပြန်၊ မာရသံယုတ်၊ တတိယဝဂ်၊ ဂေါဓိကသုတ် နာ-၁၂၄

http://www.dhammadownload.com

မှတ်ချက်။ ။ထိုကဲ့သို့ စိတ်အမျိုးမျိုးတို့အား သတိထားရှုမြင်နေခြင်းကို စိတ္တာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်စစ်စစ်တို့ ဟူ၍ မမှတ်ယူရသေးပါ။ ဥဒ္ဓစ္စ, ကုက္ကုစ္စ စသော အာသဝနှင့် ယိုစီးနေသော စိတ်တို့အား သိမ်းဆည်းနေခြင်းမျှသာ ရှိသေးသဖြင့် နာမ်ကမ္မဋ္ဌာန်း သက်သက်မျှသာ ရှိသေးသည်။ ဝိပဿနာယာနိက သီလမဂ္ဂင် သမာဓိမဂ္ဂင် ပဓာနကျင့်စဉ်ဖြစ်၍ **တရုဏဝိပဿနာ** ဟူ၍ ခေါ်လိုက်ခေါ်နိုင်သော်လည်း **မဟာဝိပဿနာ စစ်စစ်ကား** မဟုတ်သေးပါ။

ဓာတ်ကြီးလေးပါးဖောက်ပြန်မှု ထင်ရှားလာလျှင် အလိုလို စိတ်အမျိုးမျိုး ပေါ်လာမှုကို တစ်စိတ်ချင်းသိအောင် ပိုင်းခြားမရှုတော့ပဲ အထက်ပါအစွန်းနှစ်ပါးမှ လွတ်အောင် သတိဉာဏ်ဖြင့် စောင့်ကြည့်ရုံ စောင့်ကြည့်နေပါ။ ဓာတ်ကြီးလေးပါးဖောက်ပြန်မှု ထင်ရှားလာသောအခါ ဝေဒနာထင်ရှားလာပြီး ဗဟိဒ္ဓ အာရုံကို ကျက်စားနေသော စိတ်မှ နာတယ်၊ ကိုက်တယ်၊ ထုံတယ်၊ ကျင်တယ်ဟူသော အမည်ပေးသော စိတ်များအဖြစ်သို့ အလိုလိုပြောင်း ဖြစ်ပေါ်လာလိမ့်မည်။ သတိဉာဏ်ကြီးစွာဖြင့် ဆရာညွှန်ကြားချက်အတိုင်း မမှားအောင် ရှုရမည်။ ဝေဒနာပိုထင်ရှားလာသောအခါ အမည်ပေးသော စိတ်များမှ မခံနိုင်ဘူး၊ ဖြစ်မှဖြစ်ပါ့မည်လား၊ ဒီနည်းဟုတ်မှဟုတ်ပါ့မည်လား၊ ဒီအကျင့်ဖြစ်နိုင်ပါ့မည်လား၊ ဒီလိုပြင်းထန်သော ဝေဒနာကြားမှ တရားရှု၍ ရနိုင်ပါမည်လား စသော စိတ်အဖြစ်သို့ ပြောင်းသွားလိမ့်မည်။ ထိုစိတ်များကို ငါ့အနေဖြင့် ဧည့်ခံ ဆက်ဆံမှုမလုပ်ပဲ သဒ္ဓါအား သတိအား ကောင်းကောင်းဖြင့် အနတ္တသဘောမိအောင် စိတ်ရှည်ရှည်ထား၍ သည်းခံမှု ပြည့်ဝစွာဖြင့် ဆက်ရှုပါ။ ထိုစိတ်များမှ မခံစားချင်သောစိတ်၊ ဆင်းရဲသောစိတ်၊ ခံသာအောင်ပြုပြင်လိုသော တောင့်တသည့်စိတ်များအဖြစ်သို့ ပြောင်းလဲသွားလိမ့်မည်။

ခန္ဓာအိမ်ကို မူလ တည်ထားသည့်အတိုင်း စိတ်ဖြင့် ညှစ်ချုပ်တင်းတောင့်ခြင်းမှ ကင်းနေသည့်အတိုင်း အနေအထား မပျက်ပါစေနှင့်။ သတိမေ့၍ တောင့်တမှုတဏှာ၏ အလိုအတိုင်း လိုက်လျောမိပြီး ခန္ဓာအိမ်ကို စိတ်ဖြင့် ညှစ်ချုပ်ထားမိလျှင် ထိုကဲ့သို့ မလိုက်လျောမိအောင်လည်း သတိ ဉာဏ် ပညာရှိနေရမည်။ တောင့်တလိုမှု ရှေ့စိတ်တဏှာ (ပရိယုဋ္ဌာနကိလေသာ)ကို ကြိုးစား၍ ပိုင်းခြားရှုပါ။ ခန္ဓာအိမ်ကို လိုက်လျောပြုပြင်ပေးမည့် နောက်စိတ်(ဝီတိက္ကမကိလေသာ)ကို အစွမ်းကုန်သည်းခံ၍ စွန့်လွှတ်သောစိတ် ခွင့်လွှတ်သော စိတ်တို့ဖြင့် အစားထိုးလိုက်ပါ။ အထက်၌ ဖော်ပြခဲ့သော ထောင်မှူးဥပမာအတိုင်း ကျင့်ပါ။

သတိသည် ထောင်နံရံနှင့်တူသော ခန္ဓာအိမ်ကို အာရုံပြု ရှုးရှုရမည်။ ဉာဏ်ဖြင့် ခန္ဓာအိမ်ကို ထောင်နံရံကဲ့သို့ တည်ငြိမ်နေမှု ရှိ မရှိ သုံးသပ်ရမည်။ ပညာကမူ ခန္ဓာအိမ်ကို ထောင်နံရံနှင့် တသဘောတည်း တူရန် အကယ်၍ ချို့ယွင်းမှုရှိက ပြင်ဆင်ရန်ကို ပြုလုပ်ရမည်။

တရားဆက်လက်ထိုင်နေရင်း ထောင်ကျသားတို့နှင့်တူသော ခန္ဓာအိမ်ကို ပြုပြင်လိုသည့် စိတ်၊ နာတယ် ကိုက်တယ် ဟူ၍ သညာနှင့်တကွ ဖြစ်သောစိတ်၊ မခံစားချင်သော ဒေါသစိတ်၊ ငါ့သဘောနှင့် ငါ့အလိုအတိုင်း ပြုချင်သလို ပြုမည့်စိတ်များ အလိုလိုပေါ်လာမည်။ ထိုစိတ်များကို အရှုဉာဏ်ဖြင့် ထောင်မှူးကြီးကဲ့သို့ ကြည့်ကာမျှ သိကာမျှဖြင့် ရှုနေရမည်။ ဓာတ်ကြီးလေးပါးဖောက်ပြန်မှု ပို၍ထင်ရှားလာသောအခါ ထောင်ကျသားများနှင့်တူသည့် ကိလေသာစိတ်များသည် ထောင်နံရံတံတိုင်းနှင့်တူသည့် ခန္ဓာအိမ်ကို ကုတ်တွယ်တင်းတောင့်ညှစ်ချုပ်ရန် ပေါ်လာလိမ့်မည်။ ထိုသို့ ပေါ်သော်လည်း သတိ ဉာဏ် ပညာနှင့်ယှဉ်သော ထောင်မှူးကြီးသည် ထောင်ကျသားတို့ကို ကူညီမှုလည်းမရှိ၊ ပိတ်ဆို့တားဆီးမှုလည်းမရှိသကဲ့သို့ ထောင်နံရံကြီးနှင့်တူသော ခန္ဓာအိမ်ကိုလည်း မိမိအလိုဖြင့် တင်းကြပ် ညှစ်ချုပ်ထားခြင်းလည်း မရှိပဲ အစွမ်းကုန်သည်းခံ၍ လိုက်လျောမည့်

http://www.dhammadownload.com

နောက်စိတ်များကို အကြွင်းမဲ့ စွန့်လွှတ်ကာ ရှုနေရမည်။ ခန္ဓာကိုယ်ကို ထောင်နံရံကဲ့သို့ ရည်ညွှန်းထားသည့်အတိုင်း ပကတိအနေအထားမှ ပုံမပျက်အောင် ကြိုးစား၍ထားရမည်။ ကာယိကဒုက္ခဝေဒနာ ပို၍ ထင်ရှားလာသည်နှင့်အမျှ အထက်ပါ ကိလေသာစိတ်များ ပြင်းထန်များပြားစွာ ပေါ်လာလိမ့်မည်။ ဆက်လက် ကြိုးစားအားထုတ်ပါ။

(၁)နာရီနှင့်မိနစ်(၂၀)ခန့်တွင် ကာယိကဒုက္ခဝေဒနာ အပြင်းထန်ဆုံး ဖော်ပြလိမ့်မည်။ အလျှော့ပေး၍ တဏှာအလို မလိုက်ပါနှင့်။ သည်းခံလျှင် နိဗ္ဗာန်တိုင်အောင် ရောက်ပါသည်။ နိဗ္ဗာန်မဂ်ဖိုလ် လိုချင်လျှင် သည်းခံရမည်။ ဝေဒနာအစွမ်းကုန် ဖော်ပြလာလိမ့်မည်။ မိမိကလည်း သဒ္ဓါဗိုလ် ပညာဗိုလ်ဖြင့် အစွမ်းကုန် သည်းခံ၍ ညွှန်ကြားချက်အတိုင်း အပြည့်အဝ လိုက်နာကျင့်ကြံပါ။ ဘဝင်တလှပ်လှပ် ဖြစ်ပေါ်လာလိမ့်မည်။ နှလုံးရောဂါ မဟုတ်ပါ။ မစိုးရိမ်ပါနှင့်။ အသစ်တဖတ် နိဗ္ဗာန်တိုင်အောင် ရောက်စေနိုင်သည်အထိ ဆက်၍ဆက်၍ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတို့ကို တိုးပွားအောင် မွေးမြူပါ။

(၁)နာရီနှင့်မိနစ်(၃၅-၄၀)ခန့်ရောက်လျှင် ဓာတ်ကြီးလေးပါး တိုး၍မဖောက်ပြန်တော့ပါ။ ဒုက္ခဝေဒနာ ပို၍ မပြင်းထန်တော့ပါ။ ထိုအခါ အတ္တဒိဋ္ဌိနှင့် ယှဉ်သောစိတ်(၎င်, ၎င်စိတ်)သည် အကျဉ်းအကြပ်ဖြစ်ကာ ခန္ဓာ၌တည်ရာရရန် (အတ္တတည်းဟူသော ငါမြဲရန်) အလိုအမျိုးမျိုးဖြင့် အစွမ်းကုန်တောင်းခံနေလိမ့်မည်။ ထိုစိတ်တို့ကို ဧည့်ခံဆက်ဆံခြင်း မပြုပဲ သဒ္ဓါ ပညာတို့ဖြင့် အစွမ်းကုန် လိုက်လျောမှုမပေးပဲ ခွင့်လွှတ်သည်းခံ၍ ထားသောအခါ အတ္တဒိဋ္ဌိနှင့်ယှဉ်သော ကိလေသာစိတ်တို့သည် အကျဉ်းအကြပ် ပို၍ ဖြစ်လာလိမ့်မည်။ ငါအကျဉ်းအကြပ်နှင့် တဏှာအကျဉ်းအကြပ်ဖြစ်ခြင်း ဖြစ်သည်။ သေမှ အကျဉ်းအကြပ် မခံပါနှင့်။ မသေမီကတည်းက ရှင်းထားလိုက်ပါ။

တဏှာနှင့်ယှဉ်သောရှေ့စိတ်သည် ခန္ဓာအိမ်ကိုပြုပြင်ရန် အစွမ်းကုန်တောင်းခံသော်လည်း သဒ္ဓါ, ပညာနှင့်ယှဉ်သော နောက်စိတ်သည် လိုက်လျောလိုသော စိတ္တသခ်ါရအားလုံးကို ဝိပဿနုပေက္ခာဉာဏ်ဖြင့် အစွမ်းကုန် ခွင့်လွှတ်သည်းခံထားသောအခါ အကုသိုလ်စေတသိက်နှင့် တဏှာတို့သည် စိတ်၌ လုံးဝ ကပ်ရောက်ခွင့် မရှိတော့ပဲ မာန်ချကာ လုံးဝစွန့်လွှတ်လိုက်သည်။ တနည်းအားဖြင့်ဆိုသော် စိတ်ကို သတိ, ဉာဏ်, ပညာ စသော မဂ်ကုသိုလ် စေတသိက်တို့က ခိုင်ခံ့စွာနေရာယူ အုပ်ချုပ်ထားနိုင်ခြင်း ဖြစ်သည်။ ထိုအခါ အကုသိုလ်ဇောစိတ်များ အားပြတ်၍ နေရာယူမရတော့သဖြင့် နောက်တဖန် ပြန်မဖြစ်လာသည့် အဆုံး၌ ဘဝင်အဆင့်ဆင့်ကျကာ သောတာပတ္တိမဂ်၏ ပထမအဆင့် စိတ္တဝိသုဒ္ဓိဖြစ်လျက် အပါယ်လေးပါးသို့ ကျစေသည့် အကြမ်းစားဒိဋ္ဌိ ဒေါသ လောဘများ အပြီးတိုင် ချုပ်သွားသည်။

> ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ဤသို့ ဆင်ခြင်၏ "ချမ်းသာသလို နေသော ငါ့အား အကုသိုလ်တရားတို့သည် တိုးပွားကုန်၏။ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ **အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားထုတ်သော ငါ့အား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွားကုန်၏။ ငါသည် အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားထုတ်ရမူ ကောင်းလေစွ"ဟု (ဆင်ခြင်၏)။ ထိုရဟန်းသည် အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားထုတ်၏၊** အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားထုတ်သော ရဟန်းအား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွားကုန်၏။ ထိုရဟန်းသည် နောင်အခါ၌ အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားမထုတ်တော့ချေ။ အဘယ့်ကြောင့်နည်းဟူမူ-- ရဟန်းတို့ ထိုရဟန်းသည် အကြင်အကုသိုလ်ဆုတ်ယုတ်ခြင်း ကုသိုလ်တိုးပွားခြင်းအကျိုးငှါအတ္တဘောကို

http://www.dhammadownload.com

ဆင်းရဲအောင် အားထုတ်၏၊ ထိုရဟန်းအား ထိုအကျိုးသည် ပြီးစီးပြီ။ ထို့ကြောင့် အတ္တဘောကို ဆင်းရဲစေခြင်းငှါ အားမထုတ်တော့ချေ။

ရဟန်းတို့ ဥပမာအားဖြင့် လေးသမားသည် မြားကို မီးစနှစ်ခုတို့၌ အပြန်အလှန်ကင်၏၊ ထက်ဝန်းကျင် ကင်၏၊ ဖြောင့်အောင် ပြု၏၊ ပစ်ခတ်မှု၌ လျော်အောင် ပြု၏။ ရဟန်းတို့ အကြင်ကြောင့် လေးသမားသည် မြားကို မီးစနှစ်ခုတို့၌ အပြန်အလှန် ကင်ပြီးနောက် ထက်ဝန်းကျင်ကင်ပြီးနောက် ဖြောင့်အောင် ပြုပြီးနောက် ပစ်ခတ်မှု၌ လျော်အောင် ပြုပြီးနောက် ထိုလေးသမားသည် ထိုမြားကို မီးစနှစ်ခုတို့၌ အပြန်အလှန် မကင်၊ ထက်ဝန်းကျင်မကင်၊ ဖြောင့်အောင်မပြု ပစ်ခတ်မှု၌ လျော်အောင် မပြုတော့ပေ။ အဘယ့်ကြောင့်နည်းဟူမူ--- ရဟန်းတို့ ထိုလေးသမားသည် အကြင်အကျိုးငှါ မြားကို မီးစနှစ်ခုတို့၌ အပြန်အလှန်ကင်၏၊ ထက်ဝန်းကျင် ကင်၏၊ ဖြောင့်အောင် ပြု၏၊ ပစ်ခတ်မှု၌ လျော်အောင် ပြု၏၊ ထိုလေးသမားအား ထိုအကျိုးသည် ပြီးစီးပြီ။ ထို့ကြောင့် နောင်အခါ၌ လေးသမားသည် မြားကို ဖြောင့်လို့ရအောင် မီးစနှစ်ခုတို့၌ အပြန်အလှန် မကင်၊ ထက်ဝန်းကျင်မကင်၊ ဖြောင့်အောင်မပြု ပစ်ခတ်မှု၌ လျော်အောင် မပြုတော့ပေ။[၃၀]

တရားစကျင့်သော ယောဂီတို့၏စိတ်သည် အကုသိုလ်တရားများ အုပ်ချုပ်ထားနှင့်ပြီး ဖြစ်သည်။ ယခုအခါ တရားကျင့်သောယောဂီတို့သည် ပါရမီနည်းကြသောကြောင့် ထိုအကုသိုလ် တရားများကို လွယ်လွယ်နှင့် စိတ်မှ ပယ်ခွာ၍ မရနိုင်ပေ။ အထက်ပါ ဘုရားရှင်ဟောထားသော ဒေသနာတော်အရ ထိုအကုသိုလ်များ ချုပ်ငြိမ်းရန် လိုအပ်လာပါက မိမိ၏ ခန္ဓာကိုယ် အတ္တဘောကို ဆင်းရဲစေခြင်းငှာ အားထုတ်အပ်၏။ ခန္ဓာကိုယ်အတ္တဘော ဆင်းရဲစေခြင်းသည် စိတ်၌ အကုသိုလ်တရားများ ဖော်ထုတ်၍ ပယ်သတ်နိုင်ရန် ဖြစ်သည်။ ဒုက္ခဝေဒနာကို အကြောင်းခံ၍ တဏှာကို ဖော်ထုတ်ကာ ပယ်သတ်ခြင်းလည်း ဖြစ်သည်။ တဏှာချုပ်သွားလျှင် နောင်အခါ ရုပ်နာသော်လည်း စိတ်မဆင်းရဲတော့သဖြင့် နောက်တဖန် ခန္ဓာကိုယ်တည်းဟူသော အတ္တဘောကို ပင်ပန်းစေရန်ပြုခြင်းငှာ အကြောင်းမရှိတော့ပေ။

ထိုဒုက္ခ၏အကြောင်း၌ ထိုပုဂ္ဂိုလ်သည် လွန်ကဲသောဝီရိယကို အားထုတ်၏။ လွန်ကဲသော ဝီရိယကို အားထုတ်သော ထိုပုဂ္ဂိုလ်အား လွန်ကဲသော ဝီရိယကို အားထုတ်ခြင်းကြောင့် ထိုဒုက္ခ၏ အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏။ ဤသို့လည်း ထိုပုဂ္ဂိုလ်အား ဆင်းရဲဒုက္ခသည် ကျေပျက်၏။ ထိုဒုက္ခ၏အကြောင်း၌ ထိုပုဂ္ဂိုလ်သည် **လျစ်လျူရှုမှုကို ပွား၏။ လျစ်လျူရှုမှုကို ပွား**သော ထိုပုဂ္ဂိုလ်အား **လျစ်လျူရှုမှုကို ပွား**ခြင်းကြောင့် ထိုဒုက္ခ၏ အကြောင်း တဏှာကင်းခြင်းသည် ဖြစ်၏။ ဤသို့လည်း ထိုပုဂ္ဂိုလ်အား ဆင်းရဲဒုက္ခသည် ကျေပျက်၏။[၃၁]

အထက်ပါဒေသနာတော်အရ ဒုက္ခ၏အကြောင်းသည် တဏှာဖြစ်သည်။ ဆင်းရဲသည် ဆိုသည်မှာ စိတ်မှာဖြစ်သည်။ စိတ်၌ မီးနှင့်တူသည့် ဒိဋ္ဌိနှင့် ဒေါသ ကပ်ရောက်လောင်မြိုက်စေရန် တဏှာက ဆက်စပ်သည်။ ထိုတဏှာကို မြင်နိုင်ရန်နှင့် အကြွင်းမဲ့ပယ်နိုင်ရန် မဟာပလ္လင်ခွံတ်၍ လွန်ကဲသောဝီရိယကို အားထုတ်ရ၏။ ထိုလွန်ကဲသော ဝီရိယမျိုးမှသာလျှင် စိတ်၌ နက်နဲစွာ စူးဝင်ကိန်းအောင်းနေသော တဏှာ ပေါ်လာမည်။ ထိုတဏှာကို ပိုင်းခြားမြင်နိုင်ရုံး **စိတ်၌မကပ်ငြိအောင် လျစ်လျူရှုမှုကို ပွား**ရ၏။ ကြိုးစားရ၏။ ထိုအခါ တဏှာသည် စိတ်၌ တည်ခွင့်မရတော့ပဲ တဏှာနှင့်တကွ ဒုက္ခပါ ချုပ်ငြိမ်းသွားသည်။

---

[၃၀] ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်၊ ဒေဝဒဟဝဂ်၊ ဒေဝဒဟသုတ်-၁၂ နှာ-၁၁

[၃၁] ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်၊ ဒေဝဒဟဝဂ်၊ ဒေဝဒဟသုတ်-၁၂ နှာ-၁၁

http://www.dhammadownload.com

ဆရာသည် လူနာ၏ ရောဂါကြီးငယ်အလျောက် ဆေးပေးရ၏။ အမြစ်ကိန်းနေသော အနာဖြစ်ခဲ့လျှင် စားဆေးတင်ရ၏။ စားဆေးသည် အသားကိုစားလိမ့်မည်။ ထိုစားဆေးဒဏ်လည်း ခံရမည်။ ဤသို့ ဒုက္ခခံခြင်းသည် မိမိအားနိုပ်စက်သော အနာရောဂါပျောက်ခြင်းငှာ ဖြစ်သဖြင့် အကျိုးရှိသောဒုက္ခဖြစ်သည်။ မဟာပလ္လင်ကျင့်စဉ်ကိုလည်း ဤသဘောအတိုင်း သိပါလေ။

ဒေါသဇောများချုပ်ငြိမ်း၍ ဘဝင်ကျသွားသည်နှင့်တပြိုင်နက် ဟဒယဌ္ဌ လွန်စွာ အေးငြိမ်းချမ်းသာနေမှုသည် မခြားပဲပေါ်လာသည်။ အချို့ပုဂ္ဂိုလ်တို့မှာ ရင်ထဲ၌ ရှင်းပြီး ဟာနေသည့် သဘောဆောင်နေသည်။ အချို့ယောဂီတို့သည် ဘဝင်ကျ၍ အေးငြိမ်းမှုနှင့်တထပ်တည်း အရိုးစုသက်သက်ကမ္မဋ္ဌာန်းကိုသော်လည်းကောင်း၊ အသားများ ပဲ့ပဲ့ကျသွားသည်ကိုလည်းကောင်း ရှုမြင်ရသည်။ အချို့ယောဂီတို့သည် ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုပါ တပါတည်း ချုပ်ပြတ်သွားသည်။ စိတ်ရှိပါလျက် ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု ရှိနေပါလျက် နာတယ်၊ ကိုက်တယ်၊ မခံနိုင်ဘူး၊ ဆင်းရဲတယ်၊ လှုပ်မယ်၊ ပြင်မယ်၊ ဖြုတ်မယ် စသော မူလအကုသိုလ်စိတ္တသခါရများ ပြန်မပေါ်တော့ပဲ မယုံနိုင်ဖွယ်ရာ ဖြစ်ပျက်ဆုံးသွားပါသည်။

> "ရဟန်းတို့ ဥပမာသော်ကား နွားကျင်ငယ်ပုပ်ကို ဆေးအမျိုးမျိုးတို့ဖြင့် ရောထား၏၊ ထိုအခါ ဖျော့တော့အားနည်းသော ရောဂါရှိသော ယောကျ်ားသည် လာရာ၏၊ ထိုယောကျ်ားကို "အချင်းယောကျ်ား ထိုနွားကျင်ငယ်ပုပ်ကို ဆေးအမျိုးမျိုးတို့ဖြင့် ရောထား၏၊ အကယ်၍ အလိုရှိမူ သောက်လော့၊ ထိုသင်သည် သောက်စဉ်မှာပင် အဆင်းအားဖြင့်ဂင်း အနံ့အားဖြင့်ဂင်း အရသာအားဖြင့်ဂင်း နှစ်သက်လိမ့်မည်မဟုတ်၊ သောက်ပြီးသော်ကား ချမ်းသာခြင်းရှိသူ ဖြစ်လိမ့်မည်" ဟု ဆိုကုန်ရာ၏။ ထိုယောကျ်ားသည် နွားကျင် ငယ်ပုပ်ကို ဆင်ခြင်၍ သောက်ရာ၏၊ မစွန့်လွှတ်ရာ၊ ထိုယောကျ်ားသည် နွားကျင်ငယ်ပုပ်ကို သောက်စဉ်မှာပင် အဆင်းအားဖြင့်ဂင်း အနံ့အားဖြင့်ဂင်း အရသာအားဖြင့်ဂင်း မနှစ်သက်ရာ၊ သောက်ပြီးသော်ကား ချမ်းသာခြင်းရှိသူ ဖြစ်ရာ၏။ ရဟန်းတို့ **ပစ္စုပ္ပန်၌ ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာကျိုး ရှိသော ဤတရား ဆောက်တည်ခြင်းကို** ထိုနွားကျင်ငယ်ပုပ်ရည် သောက်ခြင်းနှင့်တူ၏ ဟု ငါဆို၏။"[၃၂]

မဂ်ဖိုလ်ချမ်းသာလိုလားယောဂီတို့သည် မဂ်ဖိုလ်ကို တားဆီးတတ်သော နီဝရဏနှင့်ဒေါသစသော ကိလေသာတရားများ ပယ်နှုတ်နိုင်ရန်အတွက် လိုအပ်လာပါက ခေတ္တအားလျော်စွာ မိမိ၏ခန္ဓာဒုက္ခနှင့်နှလုံးမသာယာမှုကို အကြောင်းခံ၍ပယ်နှုတ်ရမည်။ ဤမဟာပလ္လင်ကျင့်စဉ်သည် ပုထုဇဉ်အလေ့အားဖြင့် မနှစ်သက်ဖွယ် ဖြစ်သော်လည်း အထက်ပါ ဘုရားရှင်ဟောထားသော နွားကျင်ငယ်ပုပ်ရည်ပမာ သဘောထား၍ ကျင့်ကြံနိုင်ရမည်ဖြစ်သည်။ ခေတ္တနှလုံးမသာယာမှုကို အကြောင်းခံ၍ မဂ်ဖိုလ် အကျိုးစီးပွားကို ရယူရမည်ဖြစ်သည်။

> "နတ်တို့၏အရှင် သိကြားမင်း **"နှလုံးမသာခြင်း 'ဒေါမနဿ'ကိုလည်း မှီဝဲအပ်သော နှလုံးမသာခြင်း** မမှီဝဲအပ်သော နှလုံးမသာခြင်း ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟောတော်၏။"---ပ---
>
> ထို (နှစ်ပါးသော နှလုံးမသာခြင်း ဒေါမနဿ) တို့တွင် **"ဤနှလုံးမသာခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏"**ဟု အကြင် နှလုံးမသာခြင်းကို သိငြားအံ့၊ ဤသို့ သဘောရှိသော နှလုံးမသာခြင်းကို မှီဝဲအပ်၏။[၃၃]

---

[၃၂] မူလပဏ္ဏာသပါဠိတော် မြန်မာပြန်၊ စူဠဒုယမကဝဂ်၊ မဟာဓမ္မသမာဒါနသုတ်-၄၈၄ နာ-၄၀၃

[၃၃] သုတ်မဟာဝါပါဠိတော် မြန်မာပြန်၊ သက္ကပဉ္ဉသုတ် ဝေဒနာကမ္မဋ္ဌာန်း-၃၆၁ နာ-၂၄၈

http://www.dhammadownload.com

မဂ်ဖိုလ်ချမ်းသာ လိုလားသော ယောဂီတို့သည် တရားစတင်ကျင့်သည်နှင့် ကိလေသာတဏှာနှင့် ထိပ်တိုက်တွေ့ကြုံရမည်ဖြစ်သည်။ ပုထုဇဉ်တို့သည် အာရုံတို့၌ အာသဝဖြင့် အမြဲယိုစီးနေချင်သည်။ မယိုစီးရလျှင် နှလုံးမသာယာ ဖြစ်သည်။ ဒုက္ခအာရုံနှင့် မတွေ့ကြုံချင်ပဲ သုခအာရုံကိုသာ ကပ်ငြိနေတတ်သော သဘာဝ ရှိသည်။ ထို့ကြောင့် ကြာကြာထိုင်မှုဌ် နှလုံးမသာယာမှု၊ စိတ်ကို ကြာကြာသိမ်းဆည်းပြီး မနေချင်မှု၊ ဓာတ်လေးပါးဒုက္ခအာရုံနှင့် မဆက်ဆံလိုမှုများ ဖြစ်ပေါ်လာသည်။ ထိုနှလုံးမသာယာမှုကို သိမ်းဆည်းနိုင်ရန်အတွက် ကာယိကဒုက္ခ (ကြာကြာထိုင်ခြင်း၊ ဓာတ်လေးပါးဖောက်ပြန်ခြင်း) အကြောင်းခံ၍ စိတ်ကို သိမ်းဆည်းရသည်။ ကာယိကဒုက္ခဝေဒနာမှ နှလုံးမသာယာမှု ရှိသော်လည်း အကုသိုလ်တရားတို့ ဆုတ်ယုတ်စေ၍ ကုသိုလ်တရားတို့တိုးပွားရန် အကျိုးရှိသည်ဖြစ်သဖြင့် ဤသို့ပြုရသည်သာတည်း။ ထို့ကြောင့် ထိုနှလုံးမသာယာမှုကို မှီဝဲအပ်သော နှလုံးမသာယာမှုဟုခေါ်သည်။

ယခု မဟာပလ္လင်ကျင့်စဉ်သည်လည်း စိတ်နှင့် ဒိဋ္ဌ ဒေါသတို့ကို ဆက်စပ်တတ်သော တဏှာကိုဖော်ထုတ်သတ်နိုင်ရန်အတွက် ခေတ္တခဏ ခန္ဓာဒုက္ခမှနှလုံးမသာယာမှုကို အကြောင်းခံ၍ ကျင့်ရသည်။ ထိုတဏှာကို ပယ်သတ်ပြီးပါက ထိုနှလုံးမသာယာမှုလည်း မရှိတော့ပါ။

> "ရဟန်းတို့ ထိုအကြံအစည်တို့၏ ကြံစည်ကြောင်း၏ တည်ရာကို နှလုံးသွင်းသော ရဟန်းအားလည်း ရာဂ **ဒေါသ** မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ် အကြံအစည်တို့သည် ပင်လျှင် ဖြစ်ကုန်ငြားအံ့၊ **ထို ရဟန်းသည် သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်ရမည်၊ ဖျစ်ညှစ်ရမည်၊ ပင်ပန်းစေရမည်။ သွားတို့ဖြင့် သွားကိုကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို နှိပ်သော ဖျစ်ညှစ်သော ပင်ပန်းစေသော** ရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအကြံအစည်တို့ကို ပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာ တည်၏။ ကောင်းစွာ ငြိမ်ဝပ်၏၊ တခုတည်းသော အာရုံရှိ၏၊ တည်တံ့လေ၏။---ပ---
>
> ရဟန်းတို့ ဥပမာသော်ကား လိမ္မာသော လက်သမားသည်ငင်း လက်သမား၏ တပည့်သည်ငင်း **သေးငယ်သော သပ်စို့ဖြင့် ကြီးသောသပ်စို့ကို ရိုက်ရာ၏** ထုတ်ဆောင်ရာ၏၊ လှူပ်ချွတ်ရာ၏---ပ---
>
> ရဟန်းတို့ ဥပမာသော်ကား **အားရှိသောယောက်ျားသည် အားနည်းသော ယောက်ျားကို ဦးခေါင်း၌ဖြစ်စေ လည်မျိုး၌ဖြစ်စေ ပခုံး၌ဖြစ်စေ ကိုင်၍ ဖိနှိပ်ရာ၏၊** ဖျစ်ညှစ်ရာ၏၊ ပင်ပန်းစေရာ၏။"[၃၄]

အထက်ပါ မြတ်စွာဘုရားရှင် ဟောထားသော ဒေသနာတော်ကို သုံးသပ်ကြည့်လျှင် တရားကျင့်ရာ၌ မဂ်ဖိုလ်ကို တားဆီးတတ်သော ရာဂ ဒေါသ အစရှိသော ကိလေသာများ တာဆီးပိတ်ဆို့မှုဖြင့် ကြုံတွေ့လာလျှင် ထိုရာဂ ဒေါသ ယှဉ်သောစိတ်ကို ပယ်ဖျောက်နိုင်ရန် အတွက် လိုအပ်ပါက မိမိခန္ဓာကိုယ်နှင့် စိတ်ကို စိတ်ဖြင့် ဖိနှိပ်ရမည်ဖြစ်ကြောင်း တွေ့ရမည်။ စိတ်ဖြင့် စိတ်ကို ဖျစ်ညှစ်ရမည်။ ရုပ်ကိုလည်း ပင်ပန်းစေရမည်။ ထိုကဲ့သို့ ပြုခြင်းသည် အပြစ်မရှိကြောင်း မြတ်စွာဘုရားရှင် ဟောထားသည်။ ရာဂ၊ ဒေါသ၊ မောဟ တို့ကြောင့် ရရှိမည့် အို နာ သေ ဒုက္ခကို တားဆီးပိတ်ပင်နိုင်ရန်အတွက် ရာဂ၊ ဒေါသ၊ မောဟနှင့် ယှဉ်သောစိတ် ပျောက်ပြယ်ရန် ဓာတ်လေးပါးဖောက်ပြန်သော ဒုက္ခဝေဒနာဖြင့် ပထမအဆင့် အစားထိုးပြီး

---

[၃၄] မူလပဏ္ဏာသသုတ်ပါဠိတော် မြန်မာပြန်၊ သီဟနာဒဝဂ်၊ ဝိတက္ကသဏ္ဌာနသုတ်-၂၂၀၊ ၂၁၆ နာ-၁၇၁

http://www.dhammadownload.com

သည်းခံစေလျက် စိတ်ကိုသိမ်းဆည်းရခြင်းဖြစ်သည်။ ရှင်ဂေါဓိကမထေရ်နှင့်ရှင်သောဏမထေရ်တို့ကဲ့သို့ ကျင့်ရသည်သာတည်း။

ယခု မဟာပလ္လင်ကျင့်စဉ်သည်လည်း အကြောင်းမဲ့ ပင်ပန်းအောင်၊ ဆင်းရဲအောင် လုပ်ခြင်းမဟုတ်။ တဏှာဖော်ထုတ်ရန် အကြောင်းခံဖြစ်သဖြင့် ဘုရား၏ဆန္ဒတော်နှင့် လျော်ညီမှုရှိသည်။ ဤသဘောကို နားမလည်သောယောဂီတို့သည် မဟာပလ္လင်ကျင့်စဉ်ကို အပြစ်မြင်တတ်လာပြီး ဘုရားသာသနာကို ပြစ်မှားမှန်းမသိ ပြစ်မှားနေသလို ဖြစ်နေကြသည်။ အချို့သော တရားပြဆရာနှင့် တရားစာပေရေးသားသော ဆရာတို့သည် ဘုရားဟောဒေသနာကို မနှံ့စပ်၊ အကြောင်းအကျိုးကိုလည်း မသိပဲ "ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းအောင်ကျင့်လျှင် အပြစ်ရှိသည်"ဟု ပုထုဇဉ်အမြင်ဖြင့် အပြစ်တင် ဟောပြောရေးသားနေကြသည်။ ထိုရေးသားဟောပြောမှုတို့ကို ပရိယတ္တိ မကြွယ်ဝသောယောဂီများ နာကြားဖတ်မိပြီး ပညာရှင်များရေးသားမှုသည် မှန်ကန်သည်ဟု ယူဆကာ ပြင်းထန်သော လုံ့လ ဝီရိယစသော အားငါးပါးယုတ်လျော့လာကြသည်။ မဂ်တားဖိုလ်တားလည်း ဖြစ်ရလေတော့သည်။ လောကဌ် နိုင်ငံ၏ကောင်းကျိုးကို လိုလားသော စစ်သားတို့သည် လက်နက်အပြည့်အစုံရှိသော ရုန်သူတို့နှင့် ရင်ဆိုင်၍ အသက်ကိုစွန့်ကာ တိုက်ခိုက်ကြသည်။ စိတ်ဆင်းရဲမှုကို မခံစားနိုင်တော့သည့် ပုဂ္ဂိုလ်တို့သည် အဆိပ်သောက်ခြင်း၊ ဂွဲကြိုးချခြင်းဖြင့် မိမိအသက်ကို သေသည့်တိုင်အောင် ပြုကျင့်ကြ၏။ စိတ်ဆင်းရဲမှုကို လွန်မြောက်လိုသော စိတ်ဆန္ဒ ကြီးမှူးခြင်း ဖြစ်သည်။

ရှင်ဂေါဓိကမထေရ်[၃၅]သည် ခန္ဓာကိုယ်ကို ပြင်းထန်စွာ နာစေသော ဒုက္ခဝေဒနာပေါ်ရန်လည်ပင်းကိုပင် ဓားဖြင့်ဖြတ်၍ မဂ်နှင့်အသက် လဲသွားနိုင်သေးသည်။ ထိုရှင်ဂေါဓိကမထေရ်၏ ပြုမူခြင်းသည် ပင်ပန်းဆင်းရဲမှုကို အကြောင်းခံ၍ အနှိုင်းမဲ့ မဂ်ဖိုလ်ချမ်းသာကို အရယူသွားခြင်းဖြစ်သည်။ မဂ်ဖိုလ်ချမ်းသာ အမှန်လိုလားသော ယောဂီတို့သည် တရားကျင့်ရာတွင် ပင်ပန်းသည်၊ ဆင်းရဲသည်ကို အပြစ်မမြင်ပဲ ရှင်ဂေါဓိကမထေရ်ကဲ့သို့ စိတ်ထားမွေးမြူရမည်။ ယခုရေးသားဖော်ပြသော ဤမဟာပလ္လင် ကျင့်စဉ်ကြောင့် ဖြစ်လာသော ဒုက္ခဝေဒနာသည် မပြောပလောက်သေးပါ။ အသက်လည်းမထွက်၊ သွေးလည်းမထွက်ပါ။ တဏှာသာလျှင် သေသွားသည်။ သေခြင်းဒုက္ခ၊ အပါယ်ဘေးဒုက္ခနှင့်စာလျှင် မနှိုင်းစာလောက်ပါ။ မြင့်မြတ်သော ယောဂီတို့အတွက် သေဘေး၊ သံသရာဘေး၊ အပါယ်ဘေးကို လွတ်မြောက်လိုသော စိတ်ဆန္ဒကြီးမားခဲ့လျှင် မဟာပလ္လင်ကျင့်စဉ်ကို ကျင့်နိုင်ရဲရမည်ဖြစ်သည်။ အထက်ပါ ဘုရားရှင်ဟောထားသည့်အတိုင်း စိတ်ကိုလည်းကောင်း၊ ခန္ဓာကိုယ်ကိုလည်းကောင်း၊ ပင်ပန်းစေသည့် သဘောကို အရင်းခံ၍ တဏှာကို ပယ်သတ်နိုင်မှု အမြတ်ထုတ်ခြင်း ဖြစ်သည်။

> "ရဟန်းတို့ အကြားအမြင်မရှိသော **ပုထုဇဉ်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် စိုးရိမ်ရ၏။** ပင်ပန်းရ၏၊ ငိုကြွေးရ၏၊ ရင်ထုလျက် မြည်တမ်းရ၏၊ မိန်းမောခြင်းသို့ ရောက်၏၊ **ကိုယ်၌လည်းဖြစ်သော စိတ်၌လည်းဖြစ်သော နှစ်မျိုးသော ဝေဒနာတို့ကို ခံစားရ၏။** ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားကို ငြောင့်ဆူးမိရာ၏၊ ထိုသူကို ဒုတိယငြောင့်သည် ပဋမငြောင့်စူးရာအနီး၌ စူးပြန်ရာ၏၊ ရဟန်းတို့ ဤသို့လျှင် ထိုယောကျ်ားသည် **ငြောင့်နှစ်ချောင်းဖြင့် ဝေဒနာခံစားရ၏**---ပ---
> **ထိုသူသည် ဒုက္ခဝေဒနာဖြင့် တွေ့ထိအပ်သော် အမျက်ထွက်၏၊ ဒုက္ခဝေဒနာဖြင့် အမျက်ထွက်သူအား ဒုက္ခဝေဒနာကြောင့် ဖြစ်သော ပဋိဃာနုသယ*သည် ကိန်း၏၊**

---

[၃၅] သဂါထာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ မာရသံယုတ်၊ တတိယဝဂ်၊ ဂေါဓိကသုတ်-၂၁၆ နှာ-၁၂၄

* ဒေါသအစဉ်ကိန်းခြင်း

http://www.dhammadownload.com

ထိုသူသည် ဒုက္ခဝေဒနာဖြင့် တွေ့ထိရသော် **ကာမချမ်းသာကို နှစ်သက်၏**၊ ထိုသို့ နှစ်သက်ခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟန်းတို့ ထိုအကြားအမြင်မရှိသော ပုထုဇဉ်သည် **ကာမချမ်းသာ[†]မှတစ်ပါး ဒုက္ခဝေဒနာမှ ထွက်မြောက်ရာကို မသိသောကြောင့်တည်း။** ---ပ---ရဟန်းတို့ အကြားအမြင် မရှိသော ဤပုထုဇဉ်ကို ပဋိသန္ဓေနေမှု သေမှု စိုးရိမ်မှု ဝိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပူပန်မှုတို့နှင့် ယှဉ်စပ်နေသူဟု ဆိုရ၏။ ဆင်းရဲဒုက္ခနှင့် ယှဉ်စပ်နေသည်ဟု ငါဆို၏။

ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည်အား **ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် မစိုးရိမ် မပင်ပန်း မငိုကြွေး ရင်ထုလျက်မမြည်တမ်း မိန်းမောခြင်းသို့ မရောက်**။ ထိုသူသည် **ကိုယ်၌ ဖြစ်သော ဝေဒနာ တမျိုးကိုသာ ခံစားရ၏၊ စိတ်၌ ဖြစ်သော ဝေဒနာကို မခံစားရ။**"[၃၆]

အထက်ပါ ဘုရားရှင်ဟောထားသော ဒေသနာကို သုံးသပ်ကြည့်သော် တရားတွေ့သောသူနှင့် တရားမတွေ့သေးသောသူတို့၏ ကွာခြားပုံကို ထင်ရှားစွာ မြင်နိုင်သည်။ တရားမတွေ့သေးသောသူ၊ ဒိဋ္ဌိမပြုတ်သေးသောသူ၊ ရုပ်နာမ်မကွဲသေးသောသူ၊ ပဋိစ္စသမုပ္ပါဒ် မပြုတ်သေးသောသူတို့သည် ဓာတ်လေးပါး ဖောက်ပြန်မှုဒုက္ခနှင့် တွေ့ကြုံရသည့်အခါ စိတ်မှာလည်းဆင်းရဲ၊ ရုပ်မှာလည်း ဆင်းရဲနေ၏။ ထိုယောဂီသည် စိတ်ဆင်းရဲမှု သက်သာအောင် ကျင့်ရိယာပုထ်ကို ပြင်ပေးခြင်းဖြင့် ပြုကျင့်၏။ ထိုချမ်းသာမှုသည် ခဏပန်းချမ်းသာသာဖြစ်သည်။ ကျင့်ရိယာပုထ်ကို ပြင်ပေးမှ ချမ်းသာသည်ဟုမြင်သော ယောဂီသည် ကာမချမ်းသာဖြင့်သာ ကုစားတတ်သော ပုထုဇဉ်အမြင်အသိမျိုးသာ ရှိသေးသည်။ နောက်တဖန် ဒုက္ခနှင့်ပြန်တွေ့သော် နောက်တဖန် ဆင်းရဲမှု ပြန်ပေါ်လာသည်။ ထိုယောဂီသည် စိတ်နှင့်ရုပ်မှာ တပြိုင်တည်း ညှောင့်နှစ်ချောင်း အစူးခံရသည်နှင့်တူ၏။ ထိုသို့ ဖြစ်ရခြင်းသည် "**ကာမချမ်းသာမှတပါး ဒုက္ခဝေဒနာမှ ထွက်မြောက်ရာကို မသိသောကြောင့်တည်း**"ဟု ဘုရားရှင် ဟောကြားထားသည်။

ယခုအခါ အချို့သော တရားပြကမ္မဋ္ဌာနာစရိယတို့သည် ပုထုဇဉ်အလေ့အတိုင်း ယောဂီတို့ ဓာတ်လေးပါးဖောက်ပြန်မှုဒုက္ခမှ သက်သာရာရရန် စိတ်၌ဖြစ်သော အကြောင်းတရာကို မကုစားပဲ ကျင့်ရိယာပုထ်ကို အသိနှင့်ပြင်ပါဟူ၍သာ ညွှန်ကြားကာ လွတ်လမ်းအမှန်ကို မညွှန်ပြနိုင်ပဲ အထင်ဖြင့်မှန်းဆရေးသားဟောပြောခြင်းဖြင့် တရားပြနေကြသည်။ ထိုဆရာတို့သည် မိမိကိုယ်တိုင် ဒေါမနဿမီးမှမလွန်မြောက်ထားသဖြင့် မိမိတပည့်များကိုလည်းလွတ်မြောက်အောင် မညွှန်ကြားနိုင်ကြခြင်းဖြစ်သည်။

ယခု မဟာပလ္လင်ကျင့်စဉ်သည် တသံသရာလုံးက ကိန်းလာသော ညှောင့်နှင့်တူသည့် အပါယ်လေးပါးခန္ဓာနှင့် ဆက်စပ်တတ်သော ဝါနတဏှာနှင့် ဒိဋ္ဌိကို ပယ်နှုတ်သောကျင့်စဉ်ဖြစ်သည်။ မဟာပလ္လင်ကျင့်စဉ်၌ သည်းခံခြင်း၊ တဏှာအလိုသို့ လိုက်လျောမှုကို စွန့်လွှတ်ခြင်း၊ တဏှာကို မဂ်ဉာဏ်က ပိုင်းခြားရှုခြင်းတို့ကြောင့် စိတ်၌ တဏှာမကိန်းနိုင်တော့ပဲ တဏှာချုပ်သွားသဖြင့် စိတ်၌ ဒိဋ္ဌိနှင့် ဒေါမနဿတို့ပါ တပြိုင်တည်း ချုပ်သွားသည်။ ပြင်းစွာဆင်းရဲနေသောစေတသိကဒုက္ခချုပ်ငြိမ်းသွားသည့်အပြင် ဟဒယ၌ အလွန်အေးချမ်းနေသောဓာတ် ကိန်းသွားသည်။ ထိုအအေးဓာတ်သည် ပျောက်ပျက်ရိုး မရှိတော့ပါ။ နဂိုစိတ်အနေအသွင်အပြင်များလည်း ပြောင်းလဲသွားပြီး ပကတိတည်ငြိမ်နေသောသဘော ဆောင်သွားသည်။

[†] ကာမချမ်းသာဟူသည်မှာ ကာမဝတ္ထုရုပ်တရားအား ဖောက်ပြန်နိုပ်စက်မှု ဖြစ်လာလျှင် ချမ်းသာရာရအောင် ဆေးဖြင့်ကုစားခြင်း၊ နိပ်နယ်ပေးခြင်း၊ ခန္ဓာအိမ်ကို ပြုပြင်ပေးခြင်းတို့ကို ဆိုလိုသည်။

[၃၆] သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ ဝေဒနာသံယုတ်၊ သဂါထာဝဂ်၊ သလ္လသုတ်–၂၅၄ နာ–၄၀၄

http://www.dhammadownload.com

ပုထုဇဉ်စရိုက်ကြမ်းများ ချုပ်ငြိမ်းခြင်းလက္ခဏာဖြစ်သည်။ ထိုယောဂီသည် သေခြင်း ဆင်းရဲမှ လွတ်မြောက်သွားပြီ ဖြစ်သည်။ လျှပ်တပြက်အတွင်း လွန်ကဲသော ထိတ်လန့်ဖွယ်ရာ (သို့) ဝမ်းမြောက်ဖွယ်ရာနှင့် ကြုံတွေ့သော်လည်း အဟုန်ကြီးသော ဝမ်းနည်းစိတ် (သို့) ဝမ်းမြောက်ဝမ်းသာစိတ် ဇောအလျှင်ကြမ်းများ အလိုလို ဖြစ်ပေါ်မလာတော့ပါ။ ထိုစိတ်များ မဖြစ်အောင် မိမိအနေဖြင့် ပိတ်ဆို့တားဆီးထားခြင်းလည်း မဟုတ်ပါ။ အကုသိုလ်ဇောအလျှင်များ အလိုလို ဖြစ်မလာတော့သဖြင့် ပျက်စရာလည်း မရှိတော့ပါ။ စိတ်သည် ဗဟိဒ္ဓအာရုံများသို့ ယိုစီးမှုမရှိပဲ ပကတိ ရပ်နေသည်။

> ပြည့်စုံ၍ စင်ကြယ်သောသီလသည် အဘယ်နည်း။
> ကုသိုလ်တရား၌ အားထုတ်သော သေက္ခတို့ ပိုင်းခြားသောကျင့်ဝတ်၌ ဖြည့်ကျင့်၍ **ကိုယ်အသက်၌ မငဲ့ကွက် အသက်စွန့်၍ (ကျင့်)ကုန်သော** ကလျာဏပုထုဇဉ်တို့၏ သီလတည်း။
> ဤသီလသည် ပြည့်စုံ၍ စင်ကြယ်သော "ပရိပုဏ္ဏပါရိသုဒ္ဓိ" သီလတည်း။[၇၇]

အထက်ပါ မြတ်စွာဘုရားရှင် ဟောထားသောဒေသနာကို သုံးသပ်ကြည့်လျှင် ကလျာဏပုထုဇဉ် အဆင့်သာ ရှိသေးသော ယောဂီ၏ စောင့်ထိန်းသော သီလသည်ပင်လျှင် အလွန်မှ ပင်ပန်းဆင်းရဲခံကာ စောင့်ထိန်းရသည်။ ယခု မဟာပလ္လင်ကျင့်စဉ်၌ ကာယိကဒုက္ခနှင့် မည်မျှပင် တွေ့ကြုံရသော်လည်း ဗရမ်းဗတာ ပျံ့ကြဲနေသော အကုသိုလ်စိတ်များ စိတ်၌ မကပ်ငြိရအောင် အသက်သေလျှင် သေပါစေတော့ ဟူ၍ ကိုယ်အသက်၌ မငဲ့ကွက်ရပဲ အားငါးပါးဖြင့် စောင့်ထိန်းရသည်။ ဤကဲ့သို့ စောင့်ထိန်းနိုင်စွမ်းကြောင့် တဏှာနှင့်ဒေါသများ ချုပ်သွားပြီး စိတ်သည် အပူငြိမ်းပြီး ချမ်းသာစွာ တည်နေသည်။ ၎င်းသီလသည် ပြည့်စုံ၍ စင်ကြယ်သောသီလ ဖြစ်သည်။ တရားကျင့်သောယောဂီတို့သည် ဤကဲ့သို့ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ စောင့်ထိန်းရသောသီလမျိုးကိုဆောက်တည်နိုင်စွမ်းရှိရမည်။ ဓာတ်လေးပါးအနည်းငယ် ဖောက်ပြန်ရုံမျှနှင့်ပင် မခံသာက (သမာဓိပျက်သဖြင့်) ဣရိယာပုထ်ကို ပြင်ပေးရမည်ဟု ဘုရားဟောဒေသနာကို ပုံပြောင်းညွှန်ကြားနေသော ဆရာသည်လည်းကောင်း၊ ထိုကဲ့သို့ ဣရိယာပုထ်ကိုပြင်ပေးနေသော ယောဂီသည်လည်းကောင်း၊ ကာယိန္ဒြေ စသော ဣန္ဒြေခြောက်ပါး ပျက်ယွင်းသဖြင့် ဣန္ဒြိယသံဝရသီလ ပျက်သည်။ သို့ဖြစ်၍ သမာဓိမရနိုင်တော့ပါ။ စိတ်ကို တဏှာနှင့်ငါလက်ထဲ ထည့်ပေးလိုက်သည်နှင့်တူနေသည်။

အကုသိုလ်ဇောအလျှင်ချုပ်ပုံသုံးမျိုး

အကုသိုလ်စိတ်ဇောအလျှင်များ ချုပ်မှုသည် အကြမ်းစားချုပ်၊ အလတ်စားချုပ်၊ အကြွင်းမဲ့ချုပ် ဟူ၍ ကွာခြားသည်။ ဤကဲ့သို့ ကွာခြားရခြင်းမှာ ဝေဒနာမှ တဏှာနှင့်ယှဉ်သော စိတ္တသခ်ါရများကို စွန့်လွှတ်ရာတွင် သန့်ရှင်းမှု ကွာခြားခြင်းကြောင့် ဖြစ်သည်။ စွန့်လွှတ်မှု မသန့်ရှင်းလျှင် ဝေဒနာပေါ်မှာ ပြန်ငြိတတ်သည်။ သို့သော် ပြင်းထန်မှုမရှိတော့ပါ။ သန့်ရှင်းသည့် တိုင်အောင် စနစ်တကျ ပြန်ကျင့်ရမည်။ အကြွင်းမဲ့ ချုပ်ငြိမ်းသွားလျှင် အကုသိုလ်စိတ်များ လုံးဝပြန်မဖြစ်တော့ပါ။ စိတ်သည်အေးချမ်းနေပါလိမ့်မည်။ ကာယိကဒုက္ခဝေဒနာမှကြမ်းတမ်းသည့် တဏှာနှင့်ဒေါသ အကြွင်းမဲ့ချုပ်ခြင်း ဖြစ်သည်။

---

[၇၇] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်၊ မဟာဝဂ်၊ ဉာဏကထာ၊ သီလမယဉာဏ်အကျယ်ပြခြင်း-၃၇ နှာ-၅၆

http://www.dhammadownload.com

တရားကျင့်ရာတွင် တရားကျင့်သောယောဂီ၌ အားကြီးသော အကုသိုလ်ဝိပါက်များ ပါလာလျှင်လည်းကောင်း၊ စုန်းပညာ အင်းပညာစသော အင်းဆေးအစောင့်များ ပါလာလျှင်လည်းကောင်း၊ ကြီးမားသော ရောဂါအခံ ပါလာလျှင်လည်းကောင်း အခြေခံကျင့်စဉ်ပိုင်း၌ ထိုလက္ခဏာများ ပေါ်တတ်သည်။ အကုသိုလ် အကြိမ်ကြိမ် ပြုမူကြောင့် ဖြစ်သောအစွဲများ၊ နီးစပ်သော ဘဝစွဲများလည်း ပြန်ပေါ်တတ်သည်။ အဂ္ဂိလိမာလမထေရ်နှင့် မိလက္ခမထေရ်တို့၏ အတွေ့အကြုံများကို ထောက်ရှုကြည့်နိုင်သည်။ တရားကျင့်စဉ်ကြောင့် မဟုတ်ပါ။

> အသျှင်အင်္ဂုလိမာလသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါဝင်တော်မူ၏။ ထိုအခါ တပါးသောအရပ်သို့ ပစ်သောခဲသည် အသျှင်အင်္ဂုလိမာလ၏ကိုယ်ပေါ်၌ ကျ၏၊ တပါးသောအရပ်သို့ ပစ်သော တုတ်လုံးတံသည် အသျှင်အင်္ဂုလိမာလ၏ကိုယ်ပေါ်၌ ကျ၏၊ တပါးသောအရပ်သို့ ပစ်သော ကျောက်စရစ်သည် အသျှင်အင်္ဂုလိမာလ၏ကိုယ်ပေါ်၌ ကျ၏။ ထိုအခါ အသျှင်အင်္ဂုလိမာလသည် ကွဲသောဦးခေါင်း ယိုစီးသောသွေး ကွဲသောသပိတ် စုတ်ပြတ်သော ဒုကုဋ်ဖြင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။ မြတ်စွာဘုရားသည် အဝေးမှလာသော အသျှင်အင်္ဂုလိမာလကို မြင်တော်မူ၍ "မကောင်းမှုကို အပပြုပြီးသော ရဟန်း သင် သည်းခံလော့၊ မကောင်းမှုကို အပပြုပြီးသော ရဟန်း သင် သည်းခံလော့၊ မကောင်းမှုကို အပပြုပြီးသော ရဟန်း သင်သည် ယင်းအကုသိုလ်ကံ၏ အကျိုးအပြစ်ဖြင့် နှစ်ပေါင်းများစွာ နှစ်ရာပေါင်းများစွာ နှစ်ထောင်ပေါင်းများစွာပတ်လုံး ငရဲ၌ ကျက်လေရာ၏။ မကောင်းမှုကို အပပြုပြီးသော ရဟန်း သင်သည် ထိုအကုသိုလ်အကျိုးကို ယခုဘဝ၌ပင် ခံစားရဘိ၏"ဟု မိန့်တော်မူ၏။[၃၈]

> မိလက္ခမထေရ်သည် "ကမ္မဋ္ဌာန်းတရား အားထုတ်သောအခါ မုဆိုးဘဝက သားသမင်, ဝက်များသတ်ခဲ့ပုံ အာရုံနိမိတ်များ ထင်လာသည်။ တကိုယ်လုံး လူးလိမ့် ပူလောင်လျက်ရှိ၏။"[၃၉]

တရားဟူသည် နူးညံ့သိမ်မွေ့သဖြင့် နူးညံ့သိမ်မွေ့စွာ တရားကျင့်ရမည်ဟု ဆိုကြသည်။ တရားစကျင့်သောသူသည် စိတ်ကြမ်း၊ စရိုက်ကြမ်း၊ ဓာတ်ကြမ်း၊ ရုပ်ကြမ်းများ ရှိနေသောကြောင့် နူးညံ့မှုမရှိ။ ကြောင်းကျိုးဆင်ခြင်မှု မရှိပဲ ငါလုပ်ချင်ရာ အတားအဆီး မရှိပဲ လုပ်လေ့ရှိသည်။ ဓာတ်လေးပါးဖောက်ပြန်လာသောအခါ ထိုစိတ်များ ဦးဆောင်လာသဖြင့် ခက်ထန်ကြမ်းတမ်းမှုများ ပေါ်လာသည်။ ထိုစိတ်ကြမ်း၊ စရိုက်ကြမ်း၊ ဓာတ်ကြမ်း၊ ရုပ်ကြမ်းများ ရှိနေလျှင် အဘယ်မှာ နူးညံ့စွာ ကျင့်၍ရမည်နည်း။ အရသာကောင်းသော ဒူးရင်းသီးစားချင်သောသူသည် ခက်ထန်ကြမ်းတမ်းသော အခွံခွာပြီးမှသာလျှင် စား၍ရမည် ဖြစ်သည်။ ဤဥပမာအတိုင်း စိတ်ကြမ်း၊ စရိုက်ကြမ်း၊ ဓာတ်ကြမ်းများ ခွာပြီးမှသာလျှင် နူးညံ့စွာ တရားကျင့်နိုင်ပါမည်။

ယခု မဟာပလ္လင်ကျင့်စဉ်သည် ပုထုဇဉ်မူရင်းအနွယ်ဖြစ်သည့် ခက်ထန်ကြမ်းတမ်းသည့် ဇီဇကိုဖော်ထုတ်၍ပယ်နှုတ်နိုင်သဖြင့် စိတ်သည် နူးညံ့သိမ်မွေ့သွားသည်။ နောင်ဘယ်သောအခါမျှ ထိုစိတ်အကြမ်းများ ဖြစ်ပေါ်မလာ၊ မွေးမြူ၍လည်း မရတော့ပါ။

---

[၃၈] မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်၊ ရာဇဝဂ်၊ အင်္ဂုလိမာလသုတ်–၃၅၂ နှာ–၃၀၇

[၃၉] ဓမ္မာစရိယဦးဌေးလှိုင်၊ "သီဟိုဠ်ခေတ် စံတော်ဝင် အရိယာများ"၊ နှာ–၃၆၆

http://www.dhammadownload.com

သည်းခံခြင်းသဘောအမှန်

ဤဌာသည်းခံခြင်းဟူသည် ရန်သူအပေါ်၌ မစွမ်းနိုင်မှန်းသိ၍ မိမိ၏ လောဘ, ဒေါသတို့ကို ချုပ်တည်းမျိုသိပ်၍ သည်းခံခြင်း၊ ကြိတ်မှိတ်၍ သည်းခံခြင်းမျိုး မဟုတ်ပဲ ကပ်ငြိပေါ်လာသော သံသရာအစဉ်မှ ကိန်းနေသည့် လောဘကြမ်း၊ ဒေါသကြမ်းများကို အားမပေး၊ မလိုက်လျောပဲ သဒ္ဓါစိတ်ဖြင့် ကြည်ဖြူစွာ စွန့်လွှတ်ခြင်း၊ မေတ္တာစိတ်(အဒေါသစိတ်)ဖြင့် ခွင့်လွှတ်ခြင်းမျိုးကို ခေါ်သည်။

ဆိုလိုသည်မှာ မာတ်ကြီးလေးပါး ပြင်းထန်စွာ ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသော ခန္ဓာကိုယ်ကို မ,ရွှေ့ပြုပြင်လိုသော ရှေ့စိတ်တဏှာနှင့် မခံစားလိုသော ဒေါသတို့သည် သံသရာရှည်ကြောင်း မကောင်းသော စိတ်များ ဖြစ်သည်ဟု ဉာဏ်ဖြင့်သိ၍ ထိုစိတ်များချုပ်ငြိမ်းမှ အသေချမ်းသာပြီး အနေချမ်းသာသည့်ဘဝမှ နိဗ္ဗာန်တိုင်အောင် ရောက်မည် ဟူသော ယုံကြည်သောသဒ္ဓါစိတ်ဖြင့် ရှေ့စိတ်တဏှာ၏ အလိုသို့ မလိုက်လျောပဲ လိုက်လျောလိုသော နောက်စိတ်တဏှာ မဖြစ်မိအောင် ကြည်ဖြူစွာ ခွင့်လွှတ်နေခြင်းကို သည်းခံခြင်းဟုခေါ်သည်။ ဤကဲ့သို့ သည်းခံခြင်းမျိုးဖြင့် တရားကျင့်ရမည်။ ၎င်းကို နိရောသေစွာ၏ ကိစ္စဉာဏ်ဟုလည်း ခေါ်သည်။ (တဏှာကိုစွန့်ရမည်။ ဝေးအောင်စွန့်ရမည်။ လွတ်အောင်နေရမည်။)

ဘဝင်ကျခြင်းသဘော

ဘဝင်ဟူသည် ကုသိုလ်အကုသိုလ်မဖက် ပကတိအဖြူထည် အကျိုးသက်သက် ဝိပါက်စိတ်ပင်ဖြစ်သည်။ သဟိတ်မနောဝိညာဏ်စိတ်သည် ဘဝင်သို့ကျလာသော အာရုံအမျိုးမျိုးတို့ကို ကုသိုလ်ဇောဖြင့်လည်းကောင်း၊ အကုသိုလ်ဇောဖြင့်လည်းကောင်း အလျဉ်းသင့်သလို လက်ခံသောစိတ် ဖြစ်သည်။ ဇောဟူသည် စိတ်၏အလျင်ကို ခေါ်သည်။ ဘဝင်ကိုမှီသော မနောဝိညာဏ်သည် ကုသိုလ်စေတသိက်၊ အကုသိုလ်စေတသိက်တို့နှင့်ယှဉ်က အဟုန်ကြီးစွာဖြင့် လည်းကောင်း (အာကြီးသောဇော)၊ အဟုန်နည်းစွာဖြင့်လည်းကောင်း (အားနည်းသောဇော) ဖြစ်ပေါ်လာသည်။ ထိုဇောအဟုန်တို့သည် ဒေသနာတော်အရ တစ်ဝီထိလျှင် အများဆုံး ခုနှစ်ကြိမ်သာဖြစ်၍ ဇောအဆုံး တဒါရုံနှစ်ကြိမ်ပြီးလျှင် ဘဝင်စိတ်သက်သက် ပြန်ဖြစ်သည်။ ကုသိုလ် အကုသိုလ်ဇော အကြမ်းအနုဇောစောပြီး ဘဝင်စိတ် ပြန်ကျခြင်းကို ဘဝင်ကျသည်ဟု ခေါ်သည်။ ယခုကျင့်စဉ်၌ သုံးနှုန်းသောဘဝင်ကျခြင်းမှာ ပရိယတ္တိမတတ်သောသူများ နားလည် သုံးနှုန်းသော ဘဝင်ကို ဆိုလိုခြင်းဖြစ်သည်။ ဟဒယတုန်လှုပ်ခြင်းမှ ငြိမ်းသွားသည့်သဘောကို ဆိုလိုပါသည်။

ဘဝင်ကျသည့်သဘောသည် အိပ်ချင်သောသူ မအိပ်ရ၍ ထိုင်နေရင်း အိပ်ငိုက်ပုံနှင့် သဘောချင်း တူနေသည်။ သို့သော် ဘဝင်ကျခြင်း အကြောင်းမတူပါ။ ကျင့်စဉ်၌ ဘဝင်ကျမှု သဘောသည် ရုပ်၏လေးလံ ထိုင်းမှိုင်းမှုနှင့် စိတ်စေတသိက်တို့၏ လေးလံထိုင်းမှိုင်းမှု မပါရှိပေ။ သတိ ဉာဏ် ပညာတို့ဖြင့် အာရုံကို သိမ်းဆည်းခြင်းကြောင့် အဆင့်ဆင့်သော အကုသိုလ်စိတ်ဇော အလျင်တို့ ချုပ်ငြိမ်းခြင်းကြောင့် "ဟဒယ၌ လှုပ်ခနဲ, ငြိမ့်ခနဲ, ဟာခနဲ" ဖြစ်မှုလက္ခဏာကို ဆိုလိုခြင်းဖြစ်သည်။ အိပ်ငိုက်သောသူသည်လည်း ပညတ်အာရုံများကို နှလုံးမသွင်းတော့သဖြင့် ပညတ်နှင့်ယှဉ်သည့် စိတ်ဇောအလျင်များ ချုပ်ငြိမ်းသည်နှင့် တပြိုင်တည်း ဘဝင်ကျသွားသည်။ မောဟဖြင့် ကျခြင်း ဖြစ်သည်။

မာတ်ကြီးလေးပါးဖောက်ပြန်စဉ် ဒေါသဇော၊ လောဘဇော၊ မောဟဇောနှင့် ယှဉ်သော စိတ်ကြမ်းများ အလျင်အမြန် ဆက်တိုက်ဆိုသလို ဖြစ်နေခြင်းကြောင့် ရင်တုန်နေခြင်း (သို့)

http://www.dhammadownload.com

ဘဝင်တုန်ခါနေခြင်း (သို့) နှလုံးတုန်ခါနေခြင်း ဖြစ်ပေါ်နေပြီး အကုသိုလ်စိတ်များ ချုပ်ဆုံးသွားသောအခါ ထိုအကုသိုလ်စိတ်ဇောအလျင်ပါ ပြတ်တောက်သွားသဖြင့် (၀၂) ချုပ်ငြိမ်းသွားသဖြင့် မူလဒေါသဇော၊ လောဘဇော၊ မောဟဇောနှင့်ယှဉ်သော ဘဝင်တုန်ခါနေမှုပါ ငြိမ်းကျသွားခြင်းကို ယခုကျမ်းစာအုပ်၌ ဘဝင်ကျသည်ဟု ပညတ်သုံးနှုန်းထားပါသည်။ ရေးခဲ့ပြီးသော ကျင့်စဉ်ပိုင်းများတွင် ဘဝင်ကျသည် (၀၂) ဘဝင်ငြိမ်းသည်ဟု သုံးနှုန်း ရေးသားထားခဲ့ခြင်းကို ယခုရှင်းပြသော သဘောဖြင့် နားလည်ယူပါ။

ထိုသို့ဘဝင်ကျပြီးနောက် နောင်တဖန် မဟာပလ္လင်ကျင့်စဉ်ဖြင့် ပြန်ကျင့်သော်လည်း အကုသိုလ် စိတ်ဇောများ ဖြစ်ပေါ်မလာတော့သဖြင့် စိတ်အလျင် ကြမ်းစရာ မရှိသောကြောင့် (၀၂) ဇောကြမ်းများ မရှိခြင်းကြောင့် ဘဝင်စိတ်သည် ငြိမ်းမြဲငြိမ်းနေသည်။

ဤကျင့်စဉ်သည် အချိန်တိုတိုနှင့် မဂ်ခရီးဖိုလ်ခရီးကို အမြန်ဆုံး ပေါက်ရောက်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု ရှိနေသော်လည်း စိတ်၌ တုန်လှုပ်မှု မရှိခြင်းကြောင့် ဒေါသ၊ ဒေါမနဿဇော အနှောင့်အယှက် မရှိသဖြင့် မည်သည့် ကမ္မဋ္ဌာန်းဖြင့်မဆို ကျင့်စဉ်ဖြောင့်ဖြောင့် တက်သွားနိုင်ခြင်းကြောင့်ဖြစ်သည်။ ဝမ္မိကသုတ္တန်အရ ဖားနှင့်တူသော ဒေါသကို ဖယ်ပစ်ပြီးနောက် လမ်းနှစ်သွယ်မှ တစ်လမ်းလမ်းကို ရွေးချယ်ရမည့်အခန်းသို့ ရောက်သွားမည်ဖြစ်သည်။

ယခုကျင့်စဉ်၌ စိတ်ကို သတိ ဉာဏ် ပညာတို့က နေရာယူပြီးသောအခါ (ဝိပဿနာ ကုသိုလ်ဇောဖြင့် အစားထိုးပြီးသောအခါ) ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု ကာယိကဒုက္ခဝေဒနာ ကြောင့် ကြမ်းတမ်းသော အကုသိုလ်စေတသိက်တို့သည် စိတ်၌ တဖန် ပြန်ကပ်မှုမရှိတော့ပဲ 'နေလာလျှင် ဆီးနှင်းပျောက်'သကဲ့သို့ အပြီးအပိုင် သူ့အလိုလိုမာန်ကျ၍ စွန့်လွှတ်လိုက်သဖြင့် အကုသိုလ်စိတ် ဇောအလျင်များ အပြီးချုပ်ငြိမ်းသွားသည်။ ဤ၌ ဝိတိက္ကမကိလေသာ, ပရိယုဋ္ဌာန ကိလေသာနှင့် ယှဉ်သော စိတ္တသခ်ါရတို့ အပြီးတိုင် ချုပ်ငြိမ်းသွားခြင်းသည် မိမိခန္ဓာအိမ်တွင် ဓာတ်ကြီးလေးပါး ပြင်းထန်စွာ ဖောက်ပြန်နေမှု ကာယိကဒုက္ခဝေဒနာအာရုံပေါ်၌ ချုပ်ငြိမ်းခြင်းကို ရည်ရွယ်ပါသည်။ ပစ္စုပ္ပန် ဓာတ်ကြီးလေးပါး ဖောက်ပြန်ဆဲ၌ ဒိဋ္ဌတဏှာနှင့်ယှဉ်သော အကုသိုလ် စိတ်များ အလိုလိုဖြစ်မလာတော့သဖြင့် ပျက်စရာလည်းမရှိတော့ပါ။ ဖြစ်ပျက်ဆုံးသွားပါသည်။

မဟာပလ္လင်ကျင့်စဉ်၏ အကျိုးကျေးဇူးသည် ခက်ထန်ကြမ်းတမ်းသော ပုထုဇဉ် စိတ်ကြမ်း စရိုက်ကြမ်းများ အပြီးအပိုင် ချုပ်သွားသည်။ ဟဒယ၌ အအေးဓာတ် အမြဲတမ်း ရှိနေမည်။ အချို့ယောဂီတို့သည် ရင်ထဲ၌ အမြဲတမ်း ဟာနေလိမ့်မည်။ မိမိ၏ နဂိုပုထုဇဉ်စိတ်အနေ မရှိတော့ပဲ ပကတိ တည်ငြိမ်သော ဣန္ဒြေဆောင်နေမည်။ တရားနှလုံးသွင်းခြင်း၊ တရားနာခြင်းဖြင့်သာ နေချင်တော့သည်။ အခြားသူတပါးအားလည်း မိမိရရှိသော အကျိုးတရားကို ရစေလိုသည့်စိတ်များ တဖွားဖွား ပေါ်နေလိမ့်မည်။ ထိုသူသည် သေခြင်းဆင်းရဲကြောင့် မတုန်လှုပ်တော့ပါ။

အာနာပါနကမ္မဋ္ဌာန်း၌ ကျသောဘဝင်သည် ကာယိကဒုက္ခမှ ဒေါမနဿ တဒင်္ဂချုပ်ခြင်း ဖြစ်သည်။ အမှတ်စဉ်(၄) (ဘဝင်ပိုင်းကျင့်စဉ်)သည် ဒေါမနဿ ဝိက္ခမ္ဘနချုပ်ခြင်း ဖြစ်သည်။ မဟာပလ္လင်ကျင့်စဉ်၏ ဘဝင်ကျခြင်းသည် ဒေါမနဿကိလေသာအား သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သတ်၍ကျခြင်း ဖြစ်သည်။ ဝမ္မိကသုတ္တန်အရ ဖားနှင့်တူသော ကာယိကဒုက္ခမှဒေါသကို အပြီးဖယ်ထုတ်ခြင်း ဖြစ်သည်။

http://www.dhammadownload.com

အာသီဝိဓသာပမသုတ္တန်နှင့် ညှိနှိုင်းပြခြင်း

မဟာပလ္လင် မကျင့်မီက ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု မြွေကြီးလေးကောင် အဆိပ်လေးမျိုးမှ မလွတ်ပဲ ငြိနေသော ထောင်ကျသားနှင့်တူသည့်စိတ်သည် ဓာတ်ကြီးလေးပါး ဖောက်ပြန်တိုင်း သည်းမခံနိုင်ပဲ ဆင်းရဲနေရသည်။ စိတ်၌ ထိုရုပ်တရားတို့ကို ငါပဲ ငါ့ဥစ္စာပဲဟူ၍ အသိမှားဖြစ်ကာ ထိုနှိပ်စက်နေသော ရုပ်ကိုပင် ဖောက်ပြန်နှိပ်စက်နေသည့်ကြားမှ စိတ်ဖြင့် ပြန်လည်ကိုက်ခဲစွဲထား၏။ ထိုကိုက်ခဲစွဲမှုကို လွှတ်ရမှန်းလည်းမသိ၊ လွှတ်နည်းလည်း မသိဖြစ်ကာ ဆင်းရဲနေရ၏။ ယခုဖော်ပြပြီးခဲ့သော ကျင့်စဉ်များအတိုင်း စနစ်ကျစွာ လိုက်နာကျင့်ကြံလိုက်သော အခါ မြွေကြီးလေးကောင်၊ အဆိပ်လေးမျိုးမှ လွတ်သွားသည်။ ငြိမ်းအေးနေသော ဘဝင်စိတ်သည် မြွေကြီးလေးကောင် မလိုက်နိုင်သော နယ်မြေ ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် မြွေကြီးလေးကောင်မှ လွတ်ရာနယ်မြေဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်လည်ပုံ။ ။တရားထိုင်နေစဉ် မဟာပလ္လင် ချိတ်ထားသည့် ရုပ်အချင်းချင်း ထိခိုက်မှုကြောင့် ကာယပသာဒ၌ အတွေ့ဓာတ် ရုပ်တရားနှင့် ကာယဝိညာဏဓာတ်တို့ ဖြစ်ပေါ်လာသည်။ ထိုသုံးမျိုး တွေ့ဆုံခြင်းကြောင့် ကာယသမ္ဖဿသည် ဖောဋ္ဌဗ္ဗာရုံ၏ အနိဋ္ဌရသကို ဘဝင်သို့ ပို့ဆောင်၍ မနောဝိညာဏ်နှင့် ဆက်စပ်ပေးသည်။ ဘဝင်သို့ ရောက်လာသော ဓမ္မဖောဋ္ဌဗ္ဗာရုံ၊ ဘဝင်နှင့် မနောဝိညာဏ်တို့ တွေ့ဆုံခြင်းကြောင့် မနောသမ္ဖဿ ဖြစ်ပေါ်လာ၏။ ကာယသမ္ဖဿနှင့် မနောသမ္ဖဿတို့ အာရုံယူပြီးတိုင်း ဝေဒနာဖြစ်ပေါ်လာသည်။ ထိုဝေဒနာအထိ ဖြစ်စဉ်ရုပ်နာမ်တို့ကို နောက်ထပ်ဆက်ကာ ဆက်ကာဖြစ်သော သဟိတ် မနောဝိညာဏ်က မောဟစေတသိက်နှင့် ယှဉ်နေခြင်းကြောင့် ရုပ်နာမ်ဖြစ်စဉ်ကို အမှန်မသိသဖြင့် လှုပ်ချင်တယ်, ပြင်ချင်တယ်, မ,ချင်တယ်, ရွှေ့ချင်တယ် ဟူသော တဏှာ(လောဘ)ဖြင့် ယှဉ်ရသောကြောင့် ဝေဒနာမှ တဏှာကူးသွားသည်။ ထိုသဘောသည် ဒုက္ခဝေဒနာ အကြောင်းခံ၍ တဏှာကူးခြင်း (၀ါ) ပဋိစ္စသမုပ္ပါဒ်လည်ခြင်း ဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ။ ။ဓာတ်ကြီးလေးပါး ဖောက်ပြန်သောအခါ ဒုက္ခဝေဒနာနှင့်ယှဉ်ဖက် သဟဇာတ ရုပ်နာမ်တို့ ဖြစ်ပေါ်လာကြသည်။ ထိုအခါ ဒိဋ္ဌနှင့်တကွ ခန္ဓာအိမ်ကို ပြုပြင်လိုသည့် တဏှာစိတ်တို့ ဖြစ်ပေါ်လာသည်။ တဏှာစိတ်သည် အတိတ်ဘဝကတည်းက ခန္ဓာအစဉ်၌ ကိန်းလာသောအကျိုးတရား တဏှာဖြစ်သည်။ ပစ္စုပ္ပန်၌ ထိုတဏှာသည် ခန္ဓာအိမ်ကျရိယာပုထ်ကို ပြုပြင်မ,ရွှေ့ရန် နှိုးဆော်နေသောတဏှာဖြစ်သွားသည်။ ပစ္စုပ္ပန်ဘဝ၌ ထိုတဏှာကိုအကျိုးတရားဟု ခေါ်သည်။ ထိုတဏှာ အလိုအတိုင်း အောင်မြင်အောင် ခန္ဓာအိမ် လိုက်လျောပြုပြင်မည့် နောက်တဏှာစိတ်သည် ပစ္စုပ္ပန်အကြောင်းတရား ဖြစ်၍ အနာဂတ်ဘဝ အကျိုးတရား ရရှိစေသည်။ ရွှေ့တဏှာစိတ်မှ နောက်တဏှာစိတ်သို့ စိတ်အစဉ်၌ တဏှာကူးသွားသည်။ ပဋိစ္စသမုပ္ပါဒ် ကွင်းဆက်သောသဘောဖြစ်သည်။ ထိုတဏှာကွင်းမဆက်မိအောင် ဖြတ်ရမည် ဖြစ်သည်။ အကျိုးကို သတ်၍မရ၊ အကြောင်းသတ်မှရပ်မည်။ အကြောင်းသေလျှင် အကျိုးပါ ချုပ်ငြိမ်းသွားလိမ့်မည်။ လက်ခုပ် နှစ်ဖက်တီးလျှင် အသံထွက်မည်။ အသံမထွက်လိုလျှင် လက်တစ်ဖက် ရုပ်သိမ်းထားက ကျန်တစ်ဖက်လည်း ရုပ်သိမ်းသွားလိမ့်မည်။ တောင်းခံနေသော ရွှေ့တဏှာစိတ်သည် အကျိုးတရား တဏှာအနတ္တဟု နောက်အရှုဉာဏ်မဂ်က ပိုင်းခြားရှုလျက် ခန္ဓာအိမ်ကို ပြုပြင်မည့် နောက်တဏှာစိတ်ကို ကြည်ဖြူစွာ စွန့်လွှတ်၍ သည်းခံရမည်။ ပစ္စုပ္ပန် အကြောင်းတဏှာစိတ်အစား မဂ်စိတ်ဖြစ်သွားသဖြင့် ပဋိစ္စသမုပ္ပါဒ် ပြတ်သွားခြင်းဖြစ်သည်။ ထိုသဘောကို ဥပမာများကျင့်သုံးတို့ သတိပြုပါ။

http://www.dhammadownload.com

သစ္စာလေးပါးဖေါ်ပုံ

ဒုက္ခသစ္စာ

ထိုကဲ့သို့ ဓာတ်လေးပါးရုပ်တရားနှင့် ယှဉ်ဖက်နာမ်တရားတို့သည် အမျိုးမျိုး ဖောက်ပြန်နေသည့်သဘောကို သိသောဉာဏ်သည် **ဒုက္ခသစ္စာ၏သစ္စာဉာဏ်**၊ ဓာတ်လေးပါးရုပ်တရားနှင့် ယှဉ်ဖက် နာမ်တရားတို့သည် အမျိုးမျိုး ဖောက်ပြန်နေသည့်သဘောကို ပိုင်းခြားသိအပ်သည်ဟု သိသောဉာဏ်သည် **ဒုက္ခသစ္စာ၏ ကိစ္စဉာဏ်**၊ ထိုရုပ်နာမ်ဒုက္ခတို့၏ သဘောသဘာဝကို ပိုင်းခြားသိပြီးပြီဟု သိသောဉာဏ်သည် **ဒုက္ခသစ္စာ၏ ကတဉာဏ်**။

သမုဒယသစ္စာ

ခန္ဓာအိမ်ကို လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို ပြုလုပ်ခြင်းနှင့် ဒိဋ္ဌနှင့် ဒေါသတို့ကို စိတ်၌ ဆက်စပ်ခြင်း တဏှာသည် ဒုက္ခ၏ဖြစ်ကြောင်းဟု သိသောဉာဏ်သည် **သမုဒယသစ္စာ၏ သစ္စဉာဏ်**၊ ထိုတဏှာကို ပယ်အပ်၏ဟု သိသောဉာဏ်သည် **သမုဒယသစ္စာ၏ကိစ္စဉာဏ်**၊ ထိုတဏှာအား ပယ်ပြီးပြီဟု သိသောဉာဏ်သည် **သမုဒယသစ္စာ၏ကတဉာဏ်**။

နိရောဓသစ္စာ

စိတ်၌ တဏှာနှင့် ဒေါသ ဒေါမနဿ စသော ကိလေသာ ချုပ်ငြိမ်းသွားခြင်းကို သိသောဉာဏ်သည် **နိရောဓသစ္စာ၏သစ္စဉာဏ်**၊ ထိုချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် **နိရောဓသစ္စာ၏ကိစ္စဉာဏ်**၊ ထိုချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးပြီဟု သိသောဉာဏ်သည် **နိရောဓသစ္စာ၏ကတဉာဏ်**။

မဂ္ဂသစ္စာ

မဂ္ဂင်ရှစ်ပါးသည် တဏှာကိုပိုင်းခြားမြင်၍ ပယ်သတ်နိုင်သော အကြောင်းဖြစ်သည်ဟု သိသော ဉာဏ်သည် **မဂ္ဂသစ္စာ၏ သစ္စဉာဏ်**၊ တဏှာနှင့် ကိလေသာကို ချုပ်ငြိမ်းရန် ထိုမဂ္ဂင်ရှစ်ပါးအား ကြိမ်ဖန်များစွာ ပွားအပ်သည်ဟု သိသောဉာဏ်သည် **မဂ္ဂသစ္စာ၏ကိစ္စဉာဏ်**၊ တဏှာနှင့်ကိလေသာ အကြွင်းမဲ့ ချုပ်ငြိမ်းပြီးကြောင်း ပွားပြီးပြီဟု သိသောဉာဏ်သည် **မဂ္ဂသစ္စာ၏ကတဉာဏ်**။

ကျင့်စဉ်ဒေသာင်မြင်ခြင်း

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။[၄၀]

အရိယာသူတော်ကောင်းတို့၏ စိတ်သည် အတွင်းအပြင် လောကဓံရှစ်ပါးနှင့် ကြုံတွေ့ရသည်ရှိသော် (၁) တုန်လှုပ်ခြင်း၊ (၂) စိုးရိမ်ခြင်း၊ (၃) ကြောင့်ကြခြင်း၊ (၄) ပူပန်ခြင်း တို့ မရှိကြောင်းကို မြတ်စွာဘုရားရှင် ဟောထားတော်မူ၏။

ယခုကျင့်စဉ်၌ ဓာတ်လေးပါးဖောက်ပြန်မှု ဒုက္ခဝေဒနာကြောင့် ဖြစ်ပေါ်လာသော ဝီတိက္ကမ, ပရိယုဋ္ဌာန လောဘ ဒေါသ ကိလေသာ ဇောအလျင်များ ချုပ်ငြိမ်းသွားပြီး

---

[၄၀] ခုဒ္ဒကပါဌပါဠိ၊ မင်္ဂလသုတ္တံ-၁၂ နှာ-၃

http://www.dhammadownload.com

ဘဝင်ကျလျက် ငြိမ်းအေးသွားသည်။ ဆက်လက်၍ ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု ရှိနေပါသော်လည်း--

၁။ ထိုကာယိကဒုက္ခကြောင့် ဖြစ်ပေါ်လာသော အထက်ဖော်ပြပါ ကိလေသာတို့ နှောင့်ယှက်ခြင်း မရှိသဖြင့် စိတ်သည် တုန်လှုပ်မှု အလျဉ်း မရှိတော့ပါ။

၂။ ထိုကဲ့သို့သော အကုသိုလ်ကိလေသာစိတ်များ ချုပ်နေခြင်းကြောင့် စိုးရိမ်မှုလည်း မရှိတော့ပါ။

၃။ 'ဘယ်လိုလုပ်လျှင် သက်သာပါမလဲ၊ ဒီဒုက္ခဝေဒနာမှ ကျော်လွန်နိုင်ပါ့မလား၊ မဖြစ်နိုင်ပါဘူး' စသော ကြောင့်ကြမှုလည်း မရှိတော့ပါ။

၄။ ကာယိကဒုက္ခ အကြောင်းခံ၍ ဖြစ်ပေါ်လာမည့် အထက်ဖော်ပြပါ ကိလေသာမီး တောက်လောင်ခြင်းဘေးမှ စိတ်သည်လွတ်မြောက်သွားသဖြင့် ပင်ပန်းဆင်းရဲခြင်း မရှိတော့ပါ။

တပေါစ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။[၄၁]

အလိုအမျိုးမျိုးတို့ကို ခြိုးခြံ၍ ကျင့်ခြင်းသည်လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ကို ကျင့်ခြင်းသည်လည်းကောင်း၊ အရိယသစ္စာတို့ကို သိခြင်းသည်လည်းကောင်း၊ တဏှာချုပ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည်လည်းကောင်း မြတ်သော မင်္ဂလာမည်၏ဟု မြတ်စွာဘုရားရှင် ဟောတော်မူ ထား၏။

ဤကျင့်စဉ်၌ ကာယိကဒုက္ခဝေဒနာကြောင့် ဒေါမနဿဝေဒနာဖြစ်ကာ ခန္ဓာအိမ်အား ပြုပြင်လိုမှု(တဏှာ)အမျိုးမျိုးကို မလိုက်လျောမူ၍ ခြိုးခြံစွာ ကျင့်ရခြင်း (ဝါ) သည်းခံခွင့်လွှတ်လျက် ကာယသခ်ါရ မမြောက်စေမူ၍ တဏှာ၏ အနတ္တသဘောကို သိကာမျှ ရှုနေရခြင်း တပအကျင့်၊ ကာယိကဒုက္ခဝေဒနာ အကြောင်းခံလျက် စိတ်၌ဖြစ်ပေါ်နေသော ဒေါမနဿကိလေသာ စသော စိတ်များကို သတိ ဉာဏ် ပညာ အစားထိုးလျက် မဂ္ဂသစ္စာ၏ ကိစ္စဉာဏ်၊ နှစ်ရပ်ပေါင်းကာ ဖြူစင်မြင့်မြတ်သည့် ဗြဟ္မစရိယအကျင့်ကို ကျင့်ရခြင်း၊ အထက်ပါ တပ၊ ဗြဟ္မစရိယ အကျင့်နှစ်ပါး ပြည့်စုံစွာ ကျင့်ပြီး၍ ကာယိကဒုက္ခဝေဒနာမှ တဏှာနှင့်တကွ အကုသိုလ်စိတ္တသခ်ါရတို့ ချုပ်ငြိမ်းသဖြင့် ဘဝင်ကျပြီးသည့်နောက် သစ္စာလေးချက် တပြိုင်နက် သိမြင်ရခြင်း၊ ကာယိကဒုက္ခဝေဒနာမှ တဏှာနှင့်တကွ အကုသိုလ်စိတ္တသခ်ါရများ ပကတိအလိုလို စိတ်၌ ချုပ်ငြိမ်းနေသည့်သဘော(အရပ်ပြောအရ ဝေဒနာ ချုပ်ငြိမ်းနေသည့်သဘော)ကို သတိ ဉာဏ် ပညာတို့ဖြင့် မျက်မှောက်ပြုနိုင်ခြင်း စသည်တို့သည် မင်္ဂလာမည်၏။ မင်္ဂလာ၏ အဓိပ္ပာယ်မှာ မကောင်းမှု အကုသိုလ်တို့ကို သတိ ဉာဏ် ပညာတို့နှင့် ရှုသိကင်းဆိတ်စေခြင်း ဟူ၍မှတ်ပါ။ **"မင်္ဂ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ"**။

မှတ်ချက်။ ။အရပ်ပြောအရ ဝေဒနာချုပ်ခြင်း ဆိုသည်မှာ ဓာတ်ကြီးလေးပါး ဖောက်ပြန်မှု ချုပ်ငြိမ်းသွားခြင်း မဟုတ်ပါ။ ထိုဓာတ်ကြီးလေးပါး ဖောက်ပြန်မှု ရှိနေလျက် နာတယ်၊ ကိုက်တယ်၊ မခံနိုင်ဘူး၊ ဆင်းရဲတယ်၊ လှုပ်မယ်၊ ပြင်မယ်၊ ဖြုတ်မယ် စသော အကုသိုလ်စိတ္တသခ်ါရများနှင့် ယှဉ်သည့် ဒိဋ္ဌိ, ဒေါသနှင့် အပါယ်လေးပါးကို ပို့ဆောင်သည့် ဝါနတဏှာ ချုပ်ဆုံးခြင်းကို ဆိုလိုသည်။

---

[၄၁] ခုဒ္ဒကပါဋ္ဌပါဠိ၊ မင်္ဂလသုတ္တံ-၁၁ နာ-၃

http://www.dhammadownload.com

နိဗ္ဗာန်မြင်ပုံ

ဓာတ်ကြီးလေးပါးဖောက်ပြန်မှု ရှိနေပါသော်လည်း ခန္ဓာအိမ်ကို ပြုလို ပြင်လို မ,လို ရွှေ့လိုသော လောဘတဏှာသည် ချုပ်ငြိမ်းသွားသဖြင့် စိတ်သည် ဘဝင်သို့ သက်ရောက်သွားပြီး ငြိမ်းအေးနေသည်။ ထိုစိတ်သည် အပါယ်ကို ကျရောက်စေသော ဝါနတဏှာမှ လွတ်မြောက်နေသဖြင့် တဏှာ လွတ်သောစိတ် (ဝါ) မီးငြိမ်းနေသောစိတ် ဖြစ်သည်။ ကာယိကဒုက္ခဝေဒနာမှ ဒေါမနဿမီးချုပ်ရာ နိရောဓသစ္စာကို အာရုံပြုနေခြင်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဖြစ်သည်။

အနေကဇာတိသံသာရံ ---ပ--- ခယမဗ္ဗဂါ။[၄၂]

ထိုပါဠိတော်တွင် **ဝိသခါရ** ဟူသည် ပြုပြင်စီရင်မှု အကြွင်းမဲ့ချုပ်ခြင်းသဘော ဖြစ်သည်။ **ဝိသခါရသည် အသခ်တ** ဖြစ်သည်။ **"ဝိသခါရဂတံ စိတ္တံ"** ဟူသောအပိုဒ်သည် နိဗ္ဗာန်သို့ ရောက်ရှိသောစိတ် (ဝါ) နိဗ္ဗာန်ကို အာရုံပြုသောစိတ်ဟု ဆိုလိုရင်းဖြစ်သည်။ ယခုကျင့်စဉ်၌လည်း ကာယိကဒုက္ခဝေဒနာကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော ပြုပြင်မှုအမျိုးမျိုးဖြစ်သည့် အဘိသခါရတရားများကို စွန့်လွှတ်၍ မဂ်ဉာဏ်ဖြင့် စောင့်ရှု သည်းခံ ခွင့်လွှတ် စွန့်လွှတ် လိုက်နိုင်သဖြင့် ယင်းအဘိသခါရကိလေသာများ (ဝိတိက္ကမ ပရိယုဋ္ဌာန) ချုပ်ငြိမ်းသွားသည်။ **"တဏှာနံ ခယမဗ္ဗဂါ"** အရ တဏှာချုပ်ဆုံးခြင်း (ဝါ) နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဖြစ်ပါသည်။ ပစ္စုပ္ပန်ဓာတ်ကြီးလေးပါးဖောက်ပြန်နေသော်လည်း စိတ်၌ပြုပြင်လိုသော စိတ္တသခါရတရားများ ချုပ်၍ ချမ်းသာနေသည်။

သုညတနိဗ္ဗာန်။ ။ဘဝင်ကျပြီးနောက် ကာယိကဒုက္ခဝေဒနာ ပြင်းထန်စွာ ဖောက်ပြန်နေဆဲ၌ ဝိတိက္ကမ, ပရိယုဋ္ဌာနကိလေသာနှင့်ယှဉ်သောစိတ္တသခါရများ နောက်တဖန် ပြန်မဖြစ်ပဲ အလိုလို ကင်းဆိတ်နေခြင်းသည် သုညတနိဗ္ဗာန်မည်၏။

အနိမိတ္တနိဗ္ဗာန်။။ဘဝင်ကျ၍ ချမ်းသာနေသော စိတ်၌ အကုသိုလ်သခါရ အရိပ်နိမိတ်များနှင့် အာရုံနိမိတ်အမျိုးမျိုးတို့ ချုပ်ငြိမ်းနေသည်။ ကာယိကဒုက္ခဝေဒနာအကြောင်းခံ၍ ဒီဋ္ဌကိလေသာမီး, ဝိစိကိစ္ဆာ ကိလေသာမီးများ အရိပ်နိမိတ်မျှပင် မရှိပဲ ချုပ်ငြိမ်းနေခြင်းကြောင့် အနိမိတ္တနိဗ္ဗာန် မည်၏။

အပ္ပဏိဟိတနိဗ္ဗာန်။ ။ဘဝင်ကျပြီး ကာယိကဒုက္ခဝေဒနာ အကြောင်းခံ၍ ခန္ဓာအိမ်ကို သက်သာလိုခြင်း၊ ပြုပြင်လိုခြင်း၊ ချမ်းသာလိုခြင်း စသော တောင့်တမှု အမျိုးမျိုး တဖန် ပြန်ပေါ်မလာတော့သဖြင့် ချုပ်ငြိမ်းနေသည်။ ထိုတောင့်တမှု မရှိပဲ ချုပ်ငြိမ်းနေခြင်းသည် အပ္ပဏိဟိတနိဗ္ဗာန် မည်၏။

အသခ်တနိဗ္ဗာန်။ ။ဘဝင်ကျပြီး နောက်၌ ကာယိကဒုက္ခဝေဒနာ အကြောင်းခံ၍ ဓာတ်လေးပါး ဖောက်ပြန်ဆဲ ရှိနေပါသော်လည်း ခန္ဓာအိမ်ကို ခဏခဏ ပြုပြင်လိုမှု (စိတ္တသခါရ)၊ ပြုပြင်မ,ရွှေ့မှု (ကာယသခါရ) စသော ဝိတိက္ကမ, ပရိယုဋ္ဌာနကိလေသာတို့နှင့် ယှဉ်သောစိတ်များ ဖြစ်ပေါ်မလာတော့ပဲ ပကတိ အလိုလိုပင် ချုပ်ငြိမ်းနေခြင်းသဘောသည် အသခ်တနိဗ္ဗာန်မည်၏။

---

[၄၂] ဓမ္မပဒပါဠိ၊ ဇရာဝဂ္ဂေါ–၁၅၃၊၁၅၄

http://www.dhammadownload.com

သန္တိသုခနိဗ္ဗာန်။။ဘဝင်ကျပြီးသည့်နောက် ဓာတ်ကြီးလေးပါးဖောက်ပြန်မှု ပစ္စုပ္ပန်အာရုံပေါ်တွင် အထက်ပါ ဖော်ပြခဲ့ပြီးသော ကိလေသာမီးတို့ စိတ်၌ ချုပ်ငြိမ်းနေခြင်း၊ စိတ်၌ ထိုကိလေသာအပူ မရှိခြင်းတို့ကြောင့် စိတ်၌ ငြိမ်းအေးချမ်းသာနေသောသဘောသည် သန္တိသုခနိဗ္ဗာန်မည်၏။

နိရောဓသစ္စာဟူသည် တဏှာ အကြွင်းမဲ့ချုပ်ရာ ဖြစ်သည်။ နိရောဓသစ္စာကို မျက်မှောက်ပြုသောစိတ်သည် တဏှာကို စွန့်ပြီးရမည်။ တဏှာကို ဝေးသည်ထက်ဝေးစွာ စွန့်ပြီးဖြစ်ရမည်။ တဏှာမှ လွတ်ရမည်။ တဏှာမှ ကပ်ငြိမှု ကင်းရမည်ဖြစ်သည်။ ယခု မဟာပလ္လင်ကျင့်စဉ်တွင် လောကီမဂ်သည် စိတ်ကို ဒိဋ္ဌိ ဒေါသမီးတို့နှင့် ဆက်စပ်သည့် တဏှာ*ကို ပိုင်းခြားမြင်လျက်၊ တဏှာကိုစွန့်လျက်၊ တဏှာကို ဝေးစွာစွန့်လျက်၊ တဏှာမှလွတ်လျက်၊ တဏှာကပ်ငြိမှုမှချုပ်လျက် တည်သွားပြီဖြစ်သည်။

ဒိဋ္ဌိနှင့်တဏှာအကြမ်းစားကို လောကီမဂ်ဖြင့် ပယ်သတ်ထားပြီးသော ပုဂ္ဂိုလ်သည် တရားမရှုပဲ သာမန်အတိုင်းနေစဉ် မမျှော်လင့်ပဲ စိတ်ကိုခက်ထန်ကြမ်းတမ်းစေသည့် အာရုံတစ်ခု ကျရောက်သည်ရှိသော် လျင်မြန်စွာ ဖြစ်ပေါ်လာသည့် စိတ်ကြမ်းကို မဂ်စိတ်က ပယ်သတ်ပြီးသား ဖြစ်နေသည်။ မိမိအလိုဖြင့် ကြောင့်ကြစိုက်၍ ပယ်သတ်ခြင်း မဟုတ်ပါ။ စိတ်လည်း ငြိမ်းအေးနေသည်။ ပူပင်သောက အလိုလို ခေါင်းပါးလာသည်။ ပထမဘဝင်ကျပြီးသော ယောဂီသည် ထိုအကျိုးထူးတရားများ ခံစားရပါသည်။

ဒုဂ္ဂတိဘုံလွတ်ပုံ

ဒုဂ္ဂတိဘုံဇာတိသည် အကျိုးတရား၊ ပစ္စုပ္ပန်ဘဝ ဝါနတဏှာသည် အကြောင်းတရား၊ ဓာတ်ကြီးလေးပါး ဖောက်ပြန်ခြင်း (အိုခြင်း၊ နာခြင်း၊ သေခြင်း)ကြောင့် မခံစားချင်သော ဒေါသစေတနာ သခ်ါရ၊ ခံသာအောင် ပြုပြင်လိုသော လောဘစေတနာသခ်ါရ၊ ရုပ်နာမ်ကို မသိသော မောဟစေတနာသခ်ါရ၊ ငါတည်းဟူသော မာန်မာနသဘောဖြင့် ကွရိယာပုထုဇဉ်ကို ပြုပြင်ခြင်း မာနစေတနာသခ်ါရ၊ ထိုအကြောင်းတရားလေးပါးကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်းဟူသော ဒုဂ္ဂတိဘဝ ရခြင်းဖြစ်သည်။ ဝါနတဏှာသည် ပစ္စုပ္ပန်ဘဝခန္ဓာနှင့် အနာဂတ် အပါယ်လေးဘုံ ဒုဂ္ဂတိခန္ဓာကို အလျင်မပြတ်အောင် ဆက်စပ်ပေးသည်။ ယခုသော် **မဟာပလ္လင်ကျင့်စဉ်ဟူသော** မဂ္ဂင်မပဋိပဒါအကျင့်ဖြင့် ပစ္စုပ္ပန်ခန္ဓာ၌ အကုသိုလ်သခ်ါရလေးမျိုး အလိုလို ဖြစ်မလာတော့သည့်တိုင်အောင် ချုပ်ငြိမ်းသွားသဖြင့် ဒုဂ္ဂတိခန္ဓာနှင့် အဆက်ပြတ်သွားပြီ ဖြစ်သည်။ ထို့ကြောင့် ဒုဂ္ဂတိဘုံမှ လွတ်မြောက်သွားပြီဖြစ်သည်။

> **'ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ'။**[၇၇]
>
> ငါဘုရားထိုးထွင်း၍ သိမြင်ခဲ့သော အစွန်းနှစ်ပါးမှ လွတ်ရာဖြစ်သော မဇ္ဈိမပဋိပဒါဟု ခေါ်အပ်သော အကျင့်သည် သစ္စာလေးပါးကို ထိုးထွင်း၍ သိမြင်ခြင်း အကျိုးငှာလည်းကောင်း၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်ကို ရရှိရန်အဖို့ငှာလည်းကောင်း၊ ငြိမ်းအေးခြင်းအလို့ငှာလည်းကောင်း၊ ထူးသောဉာဏ်အလို့ငှာ လည်းကောင်း၊ မဂ်ဉာဏ်ကို ထိုးထွင်းသိခြင်းအလို့ငှာလည်းကောင်း၊ အနုပါဒိသေသနိဗ္ဗာန်အကျိုးငှာလည်းကောင်း ဖြစ်၏။

---

* အပါယ်လေးပါးကို ကျစေတတ်သည့် ဒိဋ္ဌိကြမ်း တဏှာကြမ်းကို ဆိုလိုသည်။

[၇၇] မဟာဝဂ္ဂသံယုတ္တပါဠိ၊ သစ္စသံယုတ္တံ၊ ဓမ္မစက္ကပ္ပဝတ္တနဝဂ္ဂ၊ ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ–၁၀၈၁

http://www.dhammadownload.com

မဟာပလ္လင်ကျင့်စဉ်မှ ပရမတ်ရုပ်နာမ်ရှုပုံ

ယောဂီအလိုက် သီလကိုစင်ကြယ်စေ၍ ပရိုက်ပြုပါ။ မိမိနှစ်သက်သော ကြွရိယာပုထ်ဖြင့် ထိုင်ပါ။ ထိုင်ခြင်း ကြွရိယာပုထ်ကို ရှေ့၌ညွှန်ကြားထားသည့်အတိုင်း သန့်ရှင်းအောင်တည်ပါ။ ကြွရိယာပုထ် တည်ပြီးလျှင် ဘဝင်၌ အေးကြည်နေမှုကို သာယာသောစိတ်ဖြင့် မခံစားပဲ သတိထားပါ။ မိမိတရားရှုနေစဉ် မိမိအနေဖြင့် လောကီကာမသညာ အမျိုးမျိုး မပြုရ။ အလိုလို ဖော်ပြလာမည့် သဘောတို့၏ သူ့သဘာဝ အရှိအတိုင်း သိကာမျှ ကြည့်ကာမျှ ရှုပါ။ ဇာတ်ခုံပေါ်မှ သရုပ်ဆောင်မှု အမျိုးမျိုးကို ကြည့်လိုသော ပုဂ္ဂိုလ်သည် ပွဲခင်းထဲတွင်နေ၍ မိမိအလုပ်ဖြစ်သောအကြည့်သက်သက်သာကြည့်ရမည်။ ဇာတ်ခုံပေါ်တက်၍ သရုပ်ဆောင်သူတို့နှင့် ဝင်ရောကာ သရုပ်ဆောင်စရာမလို။ ပွဲခင်းထဲမှာနေ၍လည်း သရုပ်ဆောင်စရာမလို။ ဤသဘော အတိုင်း တရားရှုရမည်။

အမှတ်စဉ်(၅)ကျင့်စဉ်အတိုင်း အလိုလိုပေါ်နေသော စိတ်များကို ရှုနေပါ။ ရှုလိုက်လျှင် ချုပ်သွားမည်။ ချုပ်ရာမှ ပြန်ပေါ်လာလိမ့်မည်။ ထိုစိတ်ကိုလည်း ကြည့်ကာမျှ သတိထားပါ။ ဤကဲ့သို့ ရှုနေပါ။ ဓာတ်ကြီးလေးပါး ဖောက်ပြန်လာသောအခါ စိတ်သည် ဦးစီးရာရုပ်ကို ပြောင်းညွှတ်သွားလိမ့်မည်။ မိမိရည်ရွယ်ချက် မရှိပဲ (၀၀) အကြောင်းကြားသူမရှိ ကြိုတင် သတ်မှတ်ထားမှုမရှိပဲ ဦးစီးရာရုပ်သို့ စိတ်ရောက်ရှိသွားခြင်းသည် အကြောင်းခံ တစ်ခုကြောင့် ဖြစ်သည်။ ထိုအကြောင်းကို အကဲခတ် စောင့်ရှုပါ။ အကယ်၍ ပူရုပ်ပေါ်လာလျှင် ပူနေသည်ဟု သိပါက အမြင်မှားဖြစ်နေသည်။ ပူသည်ဟူသည်မှာ သညာနှင့်ယှဉ်သောစိတ်ပင် ဖြစ်သည်။ ရုပ်မဟုတ်ပါ။ လောကီကာမပညတ်နှင့် ယှဉ်သောစိတ် ဖြစ်သည်။ ရုပ်သည်မပူပါ။ ဖော်ပြကာမျှ ဖောက်ပြန်ကာမျှ ဆောင်ကာမျှသာ ရှိမှုကို ရုပ်သဘောဖက်က, ရုပ်အရှိဖက်က ရှုပါ။ ဖော်ပြသော သဘောသက်သက်ကိုသတိထားရှုသောအခါ ဉာဏ်သည်သဘောကိုမြင်သဖြင့် (ကာယာနုပဿနာသတိပဋ္ဌာန်)သဘော၌မဖော်ပြသော ပူသည်ဟူသောအပြောချုပ်သွားလိမ့်မည်။ သဘောရှုမှုကို စွန့်က နောက်ဖြစ်ပေါ်လာသည့်စိတ်သည် ပူသည်ဟူသော သညာနှင့်တကွ ဖြစ်ပေါ်လာလိမ့်မည်။ ရုပ်သည် တစ်မျိုးပြီးတစ်မျိုး၊ တစ်နေရာပြီး တစ်နေရာ ဦးစီးရာဖော်ပြလိမ့်မည်။ ပညတ်ကို သိမ်းဆည်းပြီး ဆက်လက်ရှုပါ။ မိမိရှုလိုရာကို လိုက်ရှုသည့် အလုပ်မလုပ်ပါနှင့်။ ရုပ်တစ်ရုပ်မှ တစ်ရုပ်သို့ ပြောင်းညွှတ်သည့် နာမ်၏ လက္ခဏာကိုပါ အကဲခတ်ရှုပါ။ ဓာတ်လေးပါး ဖောက်ပြန်နေသော်လည်း ဆင်းရဲမှုမရှိပါ။ နာရီကန့်သတ်မှု မထားပါနှင့်။ ကြာကြာရှုလာသောအခါ ရုပ်တစ်ရုပ်မှ တစ်ရုပ်သို့ တစ်နေရာမှတစ်နေရာသို့ စိတ်ကို ဦးဆောင် ခေါ်သွားတတ်သည့် ညွှတ်တတ်သည့် သဘောကို ရှုမြင်နိုင်လာပါသည် (စိတ္တာနုပဿနာသတိပဋ္ဌာန်)။ ရုပ်ဖောက်ပြန်ရာကို နာမ်ပြောင်းညွှတ်သော သခ်ါရက္ခန္ဓာတည်းဟူသော မနောသမ္ဖဿဖြစ်သည်။ ဆက်လက်၍ ညွှတ်ပြီးတိုင်း ဘယ်သဘော ဆက်ဆောင်သလဲဟူ၍ ဉာဏ်ဖြင့်အကဲခတ်ရှုပါ။ ထိုအခါ ဘဝင်၌ အာရုံ၏သဘောကို ခံစားနေသည့် နာမ်(ဝေဒနာ)၏ လက္ခဏာသဘောကို ပိုင်းခြားမြင်ရသည် (ဝေဒနာနုပဿနာသတိပဋ္ဌာန်)။ ထိုသဘောကို စိတ်တိုင်းကျ ရှုနိုင်လာလျှင် ထိုခံစားမှုသဘောကို အရှုသက်သက်စွန့်၍ ငါတည်းဟူသောသဘောဖြင့် ဆက်ဆံလိုက်သောအခါ နောက်ဖြစ်ပေါ်လာသော စိတ်တို့သည် ဒုက္ခဝေဒနာဖြစ်က ဒေါမနဿစိတ်များ ဖြစ်ပေါ်လာ၍ သုခဝေဒနာ ဖြစ်ခဲ့သော် သောမနဿစိတ်များ ဖြစ်ပေါ်လာသည် (စိတ္တာနုပဿနာသတိပဋ္ဌာန်)။ ဝေဒနာ၏ သဘောသက်သက်ကို ရှုလိုက်သောအခါ မူလဲသောမနဿ, ဒေါမနဿစိတ်များ ချုပ်သွားပြီး ဥပေက္ခာဝေဒနာအဖြစ် တည်နေသည်။ ဆက်လက်၍ ရုပ်နာမ်တို့၏သဘောကို

http://www.dhammadownload.com

အလွယ်တကူ ရှုနိုင်အောင် ဆက်လက် ပွားများအားထုတ်ပါ။ (အရှုဉာဏ်ကဖြစ်၍ ဆက်လက် ဖော်ပြထားပါသည်။) ဒုတိယအဆင့် ဒိဋ္ဌဝိသုဒ္ဓိကျင့်စဉ်ကို ဆက်လက်ကျင့်ကြံနိုင်ပြီဖြစ်သည်။ အကယ်၍ ကာယာနုပဿနာ ပွားလိုပါက အောက်ပါကျင့်စဉ်ကို ဆက်ကျင့်နိုင်ပြီဖြစ်သည်။

အကယ်၍ ဖောက်ပြန်မှု ညှတ်မှု ခံစားမှု စသော ရုပ်နာမ်တို့ကို မရှုတတ်ပါက မမြင်နိုင်ပါက စိတ္တဝိသုဒ္ဓိကျင့်စဉ် ဒုတိယဆင့်မှာ သေချာပေါက် ရှုမြင်နိုင်ပါသည်။

မဟာပလ္လင်ကျင့်စဉ်မှ ကာယာနုပဿနာသတိပဋ္ဌာန်ပြောင်းရွှဲပုံ

တရားကျင့်သောယောဂီသည် (၄,၅)ကြိမ်မျှ ဆက်၍ မဟာပလ္လင် ထိုင်ပါသော်လည်း ပြုပြင်လိုသော စိတ်များ လုံးဝ ဖြစ်ပေါ်မလာတော့ပဲ ချမ်းသာမြဲ ချမ်းသာနေပြီး ဆင်းရဲသော စိတ်များ လုံးဝ ဖြစ်မလာတော့လျှင် ရိုးရိုးအထိုင်နှင့်ဖြစ်စေ၊ တစ်ဖက်တင်ချိတ်၍ဖြစ်စေ ပြောင်းထိုင်ပါ။ ဟဒယ၌ အေးနေသောသဘော, ကြည်နေသောသဘောကို စိတ်ချမ်းသာမှု အလို့ငှာ သုခသဘောဖြင့် မခံစားပဲ အရှုခံသဘောဖြင့် အာရုံယူကာ (၁၅-၂၀)မိနစ်ခန့် မျှတသောသတိဖြင့် ရှုနေပါ။ ထိုအခါ ထိုအကြည်ဓာတ်, အအေးဓာတ်, အဟာဓာတ်သည် ပို၍ ထင်ရှားလာလိမ့်မည်။ ထိုသို့ ထင်ရှားလာလျှင် ထိုအာရုံကို စွန့်၍ (၀၀) နှလုံးသွင်း ရှုကြည့်မနေတော့ပဲ ပကတိခန္ဓာအိမ် ထိုင်နေသော ကလိရိယာပုထ်အတိုင်း ရှိနေမည့် အရိုးများရှိရာ (သို့) ဦးခေါင်းခွံရိုးတစ်နေရာသော်လည်းကောင်း၊ နံရိုးတစ်နေရာသော် လည်းကောင်း ဉာဏ်ဖြင့် အာရုံယူ၍ ကြည့်ပါ။ အတင်းစူးစိုက် မရှုရ။ "အရိုးစု အရိုးစု"ဟူ၍လည်း သညာပေးပြီး မပွားရ။ ထိုအရိုးများကို အကယ်ပင် လက်ထဲကိုင်ကြည့်ဘိသကဲ့သို့ အာရုံသွင်းကာ ရှုလိုက်လျှင် အရိုးစုများ ပေါ်လာမည်။ မဟာပလ္လင်ကျင့်စဉ်မှ ကြမ်းတမ်းသည့် ကိလေသာများ ချုပ်ငြိမ်းသွားသဖြင့် စိတ်စင်ကြယ်မှု ရသောကြောင့် ဖြစ်သည်။ အချို့ ယောဂီတို့မှာ အရိုးစုဒဿလုံးကိုပါ မြင်ရသည်။

မျက်စိဖြင့် အာရုံယူကြည့်နည်းမျိုးမဟုတ်ပါ။ ဉာဏ်ဖြင့် အာရုံယူခြင်းဖြစ်သည်။ အရိုးစုကို ရှုမြင်အား ကောင်းလျှင် အသား, အကြော, အူ, အသည်း စသည်တို့ကိုပါ ဉာဏ်ဖြင့်ဖြန့်၍ အာရုံယူကြည့်ပါ။ ထင်ရှားစွာ ရှုမြင်နိုင်လိမ့်မည်။ အရိုးစုအာရုံကို သော်လည်းကောင်း၊ ကျန်(၃၂)ကောဋ္ဌာသတို့တွင် တစ်မျိုးမျိုးကိုသော်လည်းကောင်း ဉာဏ်ဖြင့် အာရုံယူမှု သဘောပေါက်လျှင် ထိုဉာဏ်နှင့် အာရုံယူနည်း သဘောအတိုင်း မျက်လုံးကို ဖွင့်၍ ပြင်ပရှိ လူ, ခွေး, နွား, ကြောင် တို့ကို ကြည့်လိုက်လျှင် ပကတိ အကျီ အဝတ်အစား ဆင်ယင်ပုံပျောက်၍ အရိုးစုဦးစီးရှုသူက အရိုးစုကိုသာ မြင်သည်။ အူ, အသည်း, အကြော စသည်တို့တွင် တစ်မျိုးမျိုး ဦးစီးရှုသူကလည်း ထိုတစ်မျိုးမျိုးကိုပင် ရှုမြင်ရသည်။ ခွေး, နွား စသည်တို့ကို ကြည့်သောအခါ အတွင်းအရိုးစု စသည်တို့ကိုသာ ဖောက်ထွင်းမြင်နေရသည်။

ပစ္စုပ္ပန်အာရုံပေါ်တွင် လူမြင်၍ လူဟုမသိတော့ပါ။ ခွေးမြင်၍ ခွေးဟု မသိတော့ပါ။ လူဟု မမြင်၍ ယောကျ်ား မိန်းမဟူ၍လည်း မရှိတော့ပါ။ ယောကျ်ားမိန်းမ မရှိ၍ အဖေ, အမေ, အစ်ကို, သား, သမီးလည်း မရှိတော့ပါ။ မိမိကိုယ်ကိုလည်း လူဟူ၍လည်းကောင်း၊ ယောကျ်ား, မိန်းမဟူ၍လည်းကောင်း စွဲယူ၍ပင် မရတော့ပါ။ ရုပ်ပေါ်၌ ဒိဋ္ဌအကြမ်းစားပြုတ်၍ တဏှာခေါင်းပါးလာခြင်း ဖြစ်သည်။

မဂ္ဂင်ရှစ်ပါးဖြင့် လျော်ညီသော မည်သည့် နည်းဖြင့်မဆို တရားကျင့်နိုင်ပါသည်။ တရားကျင့်သော မည်သည့်ယောဂီမဆို ယခုရေးသား ဖော်ပြခဲ့သည့်အတိုင်း ဝေဒနာကမ္မဋ္ဌာန်းမှ ဘဝင်ကျမှုကို မရောက်ရှိ မရရှိက၊ ဖောက်ပြန်မှု ပရမတ်ရုပ်၊ ညှတ်တတ်သည့် နာမ်နှင့် ခံစားတတ်သည့် ဝေဒနာနာမ်၏ လက္ခဏာတို့ကို ပိုင်းခြားမမြင်က ဝိပဿနာနယ်ပယ်သို့

http://www.dhammadownload.com

မရောက်ရှိသေးပါဟု တထစ်ချမှတ်ပါ။ ဤအချက်သည် ကာယိကဒုက္ခဝေဒနာမှ ပုထုဇဉ်အနွယ် ဖြတ်ခြင်းကိုဆိုလိုသည်။ ဒိဋ္ဌာနုသယကို လောကုတ္တရာမဂ်ဖြင့် ပယ်ရမည်ဖြစ်သည်။ အုန်းအခွံပွန့်တူသော ဝီတိက္ကမဒေါသ၊ လောဘ၊ ဒိဋ္ဌိနှင့်ယှဉ်သော စိတ်ကြမ်း တဖန် ပြန်မပေါ်အောင် ချုပ်ငြိမ်းသွားပြီဖြစ်သည်။ တရားမကျင့်မီ ယောဂီ၏ နဂိုမူလ ခက်ထန်ကြမ်းတမ်းသည့်စိတ်များ ချုပ်ငြိမ်းသွားပြီ ဖြစ်သည်။

စိတ္တဝိသုဒ္ဓိကျင့်စဉ်ပထမဆင့်တွင် အရှုညွှန်အလိုက် ပယ်နိုင်မှုများ

(၁) ခြေ, လက်, ကိုယ်, ခေါင်း, ပူတယ်, တင်းတယ်, တောင့်တယ် စသော နာမပညတ် အမျိုးမျိုး၊
(၂) လူ, ယောကျ်ား, မိန်းမစသော သဏ္ဌာန်ပညတ်
(၃) ညွတ်တတ်သည့် (မနောသမ္ဖဿ)၌ အာရုံကို ငါရှာတယ်ဟူသော ဒိဋ္ဌိ
(၄) ခံစားတတ်သည့် (ဝေဒနာ)၌ အာရုံကို ငါခံစားတယ်ဟူသော ဒိဋ္ဌိ
(၅) ဓာတ်လေးပါးဖောက်ပြန်မှုမှ မခံစားချင်သော ဒေါသ၊
(၆) ခန္ဓာအိမ်ကို ပြုပြင်လိုသည့်လောဘ

ကျင့်စဉ်ပထမဆင့်တွင် ရှုမြင်နိုင်သည့် အရှုခံအာရုံများ

(၁) (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းနှင့် ဓာတ်လေးပါးကို ရှုမြင်နိုင်သည်။
(၂) ဖောက်ပြန်မှု ရုပ်ပရမတ်နှင့် ၎င်းရုပ်ကို ဘဝင်မှည့်တတ်သော မနောသမ္ဖဿနာမ် (နာမရူပပရိစ္ဆေဒဉာဏ်)
(၃) ဖောက်ပြန်မှု ရုပ်ပရမတ်နှင့် ၎င်းရုပ်ကို ခံစားကာမျှ ခံစားတတ်သော ဝေဒနာ (နာမရူပပရိစ္ဆေဒဉာဏ်)
(၄) ထိုင်ခြင်းက္ကရိယာပုထ်သည် ပကတိခိုင်ခံ့သွားသည်။ အချိန်ကြာကြာ (၁၀-နာရီခန့်မျှထိ) ထိုင်သော်လည်း ဓာတ်ကြီးလေးပါးဖောက်ပြန်မှုကြောင့် က္ကရိယာပုထ်ကို ပြုပြင်လိုသော စေတနာများ အလိုလိုပင် ဖြစ်မလာတော့သဖြင့် တရားဆက်ကျင့်ရာ၌ ဝီတိက္ကမဒေါသ ဟူသော ကိလေသာရန်သူ နောက်ကြောင်းရှင်းနေခြင်း စသောအကျိုးတို့ကို ရရှိပါသည်။

ကျင့်စဉ်ပထမဆင့် အရှုညွှန်၌ မပယ်နိုင်သေးသော ကြွေးကျန်များ

(၁) အကယ်၍ ဖောက်ပြန်မှုသဘောသက်သက်ကို မရှုပဲ ဘဝင်ကျသော စိတ်အတိုင်းထား၍ ခန္ဓာအိမ်ကို အာရုံပြုကြည့်လျှင် (၃၂)ကောဋ္ဌာသ ခြေ, လက်, ကိုယ်, ခေါင်း စသော ပညတ်သဏ္ဌာန်နိမိတ်နှင့် ပူ, တင်း, ထုံ, ကျင် စသော ပညတ်နိမိတ်တို့ကို သညာပေးမှု ရှိနေသည်။
(၂) ပထမဘဝင်သမာဓိနှင့် လျော်ညီသော ကမ္မဋ္ဌာန်းအာရုံတို့ကို ရှုမြင်နိုင်ပါသော်လည်း ရံခါငြီးငွေ့သောစိတ်၊ ပျံ့လွင့်သောစိတ်၊ ကြာကြာထိုင်၍ မနေချင်သောစိတ်၊ စိတ်ရှည်ရှည် မထားချင်သောစိတ် စသည်တို့ ရှိနေသေးသည်။
(၃) ကလာပ်ရုပ်များကိုလည်း မမြင်သေးပေ။
(၄) အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်လုံး၊ ဖဿခြောက်မျိုး စသော ပရမတ် ရုပ်နာမ်များ မမြင်ရသေးပေ။

http://www.dhammadownload.com

မှတ်ချက်။ ။(၁) ကျင့်စဉ်ပထမဆင့်၌ ကျသောဘဝင်ကို **ပထမဘဝင်** ဟူ၍ ပညတ်ပါမည်။
(၂) ကျင့်စဉ်ပထမဆင့်၏ စိတ်စင်ကြယ်မှုကို **ပထမအဆင့်စိတ္တဝိသုဒ္ဓိ**ဟု ပညတ်ပါမည်။ ဤပညတ်မှုသဘောသည် စာရေးသူအနေဖြင့် သင့်လျော်သလို ပညတ်ခြင်းဖြစ်ပါသည်။

၃၊၂။ စိတ္တဝိသုဒ္ဓိကျင့်စဉ် (ဒုတိယဆင့်)

(အဘိဇ္ဈာ ဒေါမနဿမှ စိတ်ကို နှစ်နာရီကြာမျှ သိမ်းဆည်းနိုင်သည့်ကျင့်စဉ်)

သုံးသပ်ချက်

ကျင့်စဉ်ပထမဆင့်နှင့်ပြည့်စုံပြီးသော ယောဂီ၏အရှုညာဏ်သည် ဖောက်ပြန်မှု(ပရမတ်ရုပ်)နှင့် ပြောင်းညွှတ်ခံစားသော (ညွှတ်တတ်သည့် မနောသမ္ဖဿနှင့် ခံစားမှုဝေဒနာ) နာမ်တို့ကို ရှုမြင်နိုင်သော်လည်း ထိုအရှုခံပရမတ် ရုပ်နာမ်အာရုံတို့တွင် အဆုံးလက္ခဏာခံစားတတ်သော ဝေဒနာနာမ်၏ ဖြစ်ပျက်ကို ဆက်ရှုသောအခါ အတွင်းအာရုံရုပ်တို့ကလည်း ဖောက်ပြန်မှုဖြစ်ပျက်မဆုံး၊ အပြင်အာရုံများကလည်း ဒွါရအသီးသီးသို့ ကျရောက်မှု မဆုံး၊ ထိုအာရုံအမျိုးမျိုးကို မနောသမ္ဖဿက ညွှတ်မှုလည်း ဖြစ်ပျက်မဆုံး။ ထို့ကြောင့် ခံစားမှုနာမ်ကလည်း ဖြစ်ပျက်မဆုံးပဲ ရှိနေသည်ကို ဉာဏ်ဖြင့်မြင်လာသည်။

အမြင်မစင်ကြယ်သေး၍ မပယ်ရသေးသည့် ကျန်နေသေးသော ကိလေသာတို့ကလည်း နှိုးဆွနေသဖြင့် အာသဝ ယိုစီးချင်သေးသောစိတ်များ၊ ဝိပဿနာ ဆက်လက် မရှုချင်သောစိတ်၊ ပျင်းရိ ငြီးငွေ့သောစိတ်၊ ဟိုနားဒီနား သွားချင်သောစိတ်၊ ဟိုလုပ်ဒီလုပ် လုပ်ချင်သောစိတ်၊ တရားထိုင်စဉ်လည်း မြင်နိုင်သော ပရမတ်ရုပ်နာမ်တို့ကို မရှုပဲ ပညတ်အာရုံတစ်ခုခုနှင့် ပေါင်းနေချင်သောစိတ်တို့ တခါတရံ ပေါ်နေသေးသည်။ ဓာတ်လေးပါး ဖောက်ပြန်မှုအာရုံကို သည်းမခံနိုင်မှုကြောင့် မဟုတ်ပဲ ကြာကြာလည်း မထိုင်ချင်သောစိတ် စသော စိတ်ကို နှိုးဆွနေသည့် ပရိယုဋ္ဌာနကိလေသာကြောင့် အရှုညာဏ်စိတ်သည် တည်ငြိမ်မှုမရှိပဲ ဖြစ်နေသည် (ဆုတ်နစ်သောဒေါသ (၀၀) ဒေါမနဿ)။

အထက်ပါစိတ်တို့သည် အာရုံအသီးသီးတို့အပေါ်၌ ဥပါဒါနက္ခန္ဓာ ပြန်ဖွဲ့နေခြင်းဖြစ်သည်။ ထိုစိတ်တို့သည် နိဝရဏတရားများနှင့် ယှဉ်နေသည်။ ထို့ကြောင့် ထိုစိတ်များကို အန္တရာယ်ဟု ပြန်မြင်လာသောအခါ ထိုဥပါဒါန်ဖွဲ့နေသောစိတ်ကို ပြန်ရှုရခြင်းဖြစ်သည်။ ထိုစိတ်တို့ ပေါ်တိုင်း ချုပ်သွားတိုင်းပြန်ရှုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စိတ်၌ လောကီကာမပညတ်အာရုံနှင့် ယှဉ်သော သညာမလွတ်သေးရွေ့ လောကီကာမပညတ်နယ်မှ မလွန်မြောက်နိုင်သေးပါ။ ထို့ကြောင့် ရှုမြင်လိုသည့် လောကီပရမတ်ဆဆက္ကရုပ်နာမ်များကို အာရုံမပြုနိုင်သေးခြင်းဖြစ်သည်။ ထိုပရမတ်တရားများကို မမြင်နိုင်ခြင်းမှာ စိတ်မစင်ကြယ်သေးသောကြောင့် (၀၀) အပေါ်ဓာတ် သဟိတ်မနောဝိညာဏ်၌ မောဟစေတသိက် စသော အကုသိုလ်စေတသိက်များ မစင်ကြယ်သေးသောကြောင့်ဖြစ်သည်။ ထိုမစင်ကြယ်သောစိတ်သည် လောကီကာမပညတ်ကိုသာ အာရုံပြုနေရသည်။ ထိုကာမပညတ်နှင့်အတူ တဏှာအလိုက္ခ ယိုစီးနေချင်သေးသော အနုသယ ကိလေသာမှ ပရိယုဋ္ဌာနကိလေသာအဖြစ်သို့ တိုးတက်လာကာ စိတ္တသခါရများ ပြန်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ပညတ်နှင့်ယှဉ်ရာ သညာကိုရုပ်သိမ်းနိုင်ရမည်။ တနည်းအားဖြင့်ဆိုသော် ပရမတ်ကို အာရုံပြုမည့်စိတ်၌ ပညတ်ဆိတ်သုဉ်းနေရမည်။ ရုပ်မှန်သမျှကို မရှုရတော့ပါ (အဆင်း, အလင်း, အသံ စသော အာရုံငါးပါး၊ အခိုး, အငွေ့, သဏ္ဌာန်, ဒြပ်, နိမိတ်စသော အာရုံမျိုးစုံ)။

http://www.dhammadownload.com

ပုထုဇဉ်တို့သည် ရုပ်ကိုအာရုံပြုလျှင် လောကီကာမပညတ် ပါလာသည်။ ထို့ကြောင့် ယခု ကျင့်စဉ်သည် ပညတ်မှလွတ်အောင် ရုန်းထွက်သွားသော အကျင့်ဖြစ်သည်။

ယခုအခါ၌ ဝမ္မိကသုတ္တန်အရ ဖားတည်းဟူသောဒေါသကို အပြီးအပိုင် ပယ်ခဲ့ပြီးကာ ဝိပဿနာယာနိကလမ်းကို ရွေးချယ်ခဲ့ပြီးပြီ။ ရေစစ်နှင့်တူသည့် နိဝရဏတရားများ ဝိက္ခမ္ဘနပဟာန် (၁၀-နာရီမျှ) စိတ်၌ လုံးဝကင်းစင်ရန် ဆက်လက်ကျင့်ရမည့်အဆင့်သို့ ရောက်ပြီ။ နိဝရဏတရားများနှင့် အဘိဇ္ဈာမောဟတို့ကို ဝိပဿနာယာနိကအားဖြင့် ပယ်ခွာရမည့်အဆင့်သို့ရောက်ပြီ။

အနိမိတ္တစေတောသမာဓိကျင့်စဉ်နည်းဖြင့် ဆက်လက်ကျင့်ရမည်။*

စျာန်အခြေခံမပါပဲ အနိမိတ္တစေတောသမာဓိ (နိမိတ်မရှိပဲ တည်နေသော သမာဓိ)ဖြင့် ကျင့်၍ ရပါမည်လားဟု မေးစရာရှိသည်။

သမထနိမိတ် အခြေမခံသော ဤဝိပဿနာယာနကကျင့်စဉ်၌ သမာဓိကို ကြမ်းတမ်းစွာ နှောင့်ယှက်တတ်သော ကာယိကဒုက္ခဝေဒနာ (ဒုက္ခိန္ဒြေ) မှ ပြင်းပြစွာ ဆင်းရဲမှု (ဒေါမနဿ) အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်နေသည်။ ခန္ဓာ၏ဒုက္ခကြောင့် တရားမည်မျှကြာကြာထိုင်ထိုင်၊ စိတ်ဆင်းရဲမှု မရှိတော့ပါ။

ကျန်နေသေးသည့် ကိလေသာများမှာ -

(၁)	ပျင်းရိခြင်း (တာဝန်မှချခြင်း၊ တရားမကျင့်လိုခြင်း)	(ကောသဇ္ဇ)
(၂)	အာရုံအမျိုးမျိုးကိုရှာခြင်း (ဟိုတွေးဒီတွေး တွေးနေခြင်း)	(ဝိတက်)
(၃)	အာရုံအမျိုးမျိုးကို သုံးသပ်ခြင်း (တွေးရာအာရုံ၌ ဆင်ခြင်ခြင်း)	(ဝိစာရ)
(၄)	သုခအာရုံကို နှစ်သက်ခြင်း	(ပီတိ)
(၅)	သုခအာရုံ၌ ချမ်းသာမှုဖြင့် ကပ်ငြိခြင်း	(သုခ)
(၆)	ပျံ့လွင့်ခြင်း (တစ်အာရုံတည်း၌ တည်တံ့မှုမရှိခြင်း)	(ဥဒ္ဓစ္စ)
(၇)	စိတ်စေတသိက်တို့၏ လေးလံခြင်း၊ ငိုက်မြည်းခြင်း	(ထိနမိဒ္ဓ)
(၈)	နောင်တတဖန်ပူပန်ခြင်း	(ကုက္ကုစ္စ)
(၉)	ကြောင့်ကြခြင်း	(ဗျာပါဒ)
(၁၀)	မဆုံးဖြတ်နိုင်ခြင်း	(ဝိစိကိစ္ဆာ)

အထက်ပါကိလေသာအာရုံနှင့် ယှဉ်သောစိတ်များ ပေါ်လာရခြင်းမှာ သတိလွတ်၍ ဖြစ်သည်။ ထိုကိလေသာများသည် စိတ်မှာသာလျှင် ဖြစ်နေသော အညစ်အကြေးများဖြစ်သည်။ ထို့ကြောင့် စိတ်,စိတ်ချင်း ပြန်ရှုရမည် ဖြစ်သည်။

ပျင်းရိသောရှေ့စိတ် ပေါ်လာလျှင် နောက်သတိထားသောစိတ်ဖြင့် ပြန်ရှုလျှင် ရှေ့စိတ်ချုပ်သည်။

အာရုံအမျိုးမျိုးကို ရှာသောရှေ့စိတ် ပေါ်လာလျှင် နောက်သတိထားသောစိတ်ဖြင့် ပြန်ရှုလျှင် ရှေ့စိတ်ချုပ်သည်။

အာရုံအမျိုးမျိုးကို သုံးသပ်သောရှေ့စိတ် ပေါ်လာလျှင် နောက်သတိထားသောစိတ်ဖြင့် ပြန်ရှုလျှင် ရှေ့စိတ်ချုပ်သည်။

သုခအာရုံကို နှစ်သက်သောရှေ့စိတ် ပေါ်လာလျှင် နောက်သတိထားသောစိတ်ဖြင့် ပြန်ရှုလျှင် ရှေ့စိတ်ချုပ်သည်။

---

* အနိမိတ္တစေတောသမာဓိကျင့်စဉ်နည်းကို ဥပရိပဏ္ဏာသပါဠိ၊ သုညတဝဂ်၊ စူဠသုညတသုတ်-၁၈၂၌ ရှုပါ။

http://www.dhammadownload.com

သုခအာရုံ၌ ချမ်းသာမှုဖြင့် ကပ်ငြိသောရှေ့စိတ် ပေါ်လာလျှင် နောက်သတိထားသော စိတ်ဖြင့် ပြန်ရှုလျှင် ရှေ့စိတ်ချုပ်သည်။

ပုံ့လွင့်သောရှေ့စိတ် ပေါ်လာလျှင် နောက်သတိထားသောစိတ်ဖြင့် ပြန်ရှုလျှင် ရှေ့စိတ် ချုပ်သည်။

လေးလံသော ရှေ့စိတ်စေတသိက်တို့နှင့် ယှဉ်သောစိတ် ပေါ်လာလျှင် နောက် သတိထားသော စိတ်ဖြင့် ပြန်ရှုလျှင် ရှေ့စိတ်ချုပ်သည်။

နောင်တတဖန်ပူပန်သောရှေ့စိတ်ပေါ်လာလျှင် နောက်သတိထားသောစိတ်ဖြင့် ပြန်ရှုလျှင် ရှေ့စိတ်ချုပ်သည်။

ကြောင့်ကြသောရှေ့စိတ် ပေါ်လာလျှင် နောက်သတိထားသောစိတ်ဖြင့် ပြန်ရှုလျှင် ရှေ့စိတ်ချုပ်သည်။

မဆုံးဖြတ်နိုင်သော ရှေ့စိတ်ပေါ်လာလျှင် နောက်သတိထားသောစိတ်ဖြင့် ပြန်ရှုလျှင် ရှေ့စိတ်ချုပ်သည်။

သတိထားအားကောင်းလျှင် စိတ်၌ သတိယှဉ်သဖြင့် ရှေ့အရှုခံစိတ် အားလုံး ချုပ်သွားသည်ကို မြင်လာသည်။ သတိ မြဲလာသည်နှင့်အမျှ ရှေ့စိတ် အပေါ်ကျဲလာမည်။ သတိလစ်လျှင် ပြန်ပေါ်မည်။ ဓာတ်လေးပါး ဖောက်ပြန်မှုကြောင့် ဆင်းရဲသည့် ဒေါမနဿစိတ်များ ဖြစ်မလာတော့သဖြင့် သတိသည် ရှေ့စိတ်မျိုးစုံပေါ်တိုင်း တသမတ်တည်း ရှုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အရှုဉာဏ်သည် ချုပ်မှုသဘောကို မြင်လာသည်။ အရှုခံစိတ်တို့ကို မရှုပဲ ယင်းတို့၏ချုပ်မှုကိုသာ ဆက်ရှုရမည်ဖြစ်သည်။

ထိုသဘောကိုကြည့်လျှင် ဝိတက် ဝိစာရ စသော စျာန်အင်္ဂါလေးပါးနှင့်ယှဉ်သည့် စိတ်ချုပ်၏။ နီဝရဏတရားငါးပါးနှင့် ယှဉ်သောစိတ်ချုပ်၏။ ရုပ်အားလုံးကို အာရုံပြုသည့်စိတ် မရှိသဖြင့် ကာမစိတ်ချုပ်၏။ ထိုအာရုံပေါ်၌ သညာပေးမှု မရှိသဖြင့် ပညတ်နှင့်ယှဉ်သောစိတ် ချုပ်၏။ အာရုံကိုမှီသောစိတ်မရှိသဖြင့် ထိုထိုအာရုံကိုပြုသောစိတ်ချုပ်၏။ အာရုံမျိုးစုံမရှိသဖြင့် ဘဟိရာယတနချုပ်၏။ မိမိ၏ ရုပကာယကို အာရုံပြုမှုမရှိသည့်အတွက် ပူ, တင်း, ထုံ, ကျင်, ခြေ, လက်, ကိုယ်, ခေါင်း, တရွရွ တမွမွ အာရုံတို့၌ သညာပေးမှုချုပ်၏။ ထို့အတွက်ကြောင့် ချုပ်မှုတစ်ခုတည်းကိုသာ အာရုံပြုသဖြင့် လောကီကာမပညတ်နှင့် ယှဉ်သော စိတ္တသခ်ါရများ အားလုံးချုပ်၏။ ပညတ်နိမိတ်ကို အာရုံမပြုသဖြင့် ပညတ်နိမိတ်နှင့်တကွ တဒင်္ဂ်, ဝိက္ခမ္ဘနပဟာန် သညာချုပ်၏ (အနိမိတ္တစေတောသမာဓိ)။

> ငါ့သျှင် (အာရုံ) နိမိတ်မရှိသော လွတ်မြောက်သောစိတ် (သမာပတ်)ဟူသည် အဘယ်နည်း။ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် အလုံးစုံသော (အာရုံ) နိမိတ်တို့ကို နှလုံးမသွင်းခြင်းကြောင့် (အာရုံ) နိမိတ်မရှိသော တည်တံ့သောစိတ်ကို ပြည့်စုံစေ၍ နေ၏။ ငါ့သျှင် ဤနေခြင်းကို (အာရုံ) နိမိတ်မရှိသော လွတ်မြောက်သော (သမာပတ်စိတ်)ဟု ဆိုရ၏။[၄၄]

အထက်ပါဒေသနာ၌ "အလုံးစုံသော (အာရုံ)နိမိတ်" ဆိုသည်မှာ လောကီပညတ် အာရုံခြောက်ပါးနှင့်ယှဉ်သော နိမိတ်များကို ဆိုလိုသည်။ လောကီပရမတ်နိမိတ် (၀ါ) သခ်ါရနိမိတ် မြင်ရန်အတွက် ထိုအရှုဉာဏ်စိတ်သည် လောကီပညတ်နိမိတ်မှ လွန်မြောက်ရမည် ဖြစ်သည်။

---

[၄၄] မူလပဏ္ဏာသပါဠိတော် မြန်မာပြန်၊ စူဠယမကဝဂ်၊ မဟာဝေဒလ္လသုတ်–၄၅၉ နှာ–၃၈၅

http://www.dhammadownload.com

အဘယ့်ကြောင့်ဆိုသော် ပရမတ်၌ ပညတ်မရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ပရမတ်နိမိတ်ကို အာရုံပြုလိုသောစိတ်သည်လည်း ပညတ်နိမိတ်မှ လွတ်မြောက်ရမည်ဖြစ်သည်။

သမထယာနိကကျင့်စဉ်၏သဘောသည် နိမိတ်ကိုအာရုံပြုလျက် စျာန်အင်္ဂါတို့ဖြင့် ကျင့်စဉ်တက်သည်။ ဝိပဿနာယာနိကသည် နိမိတ်မရှိသောချုပ်မှုကို အာရုံပြုလျက် သမာဓိထူထောင်ပြီး ကျင့်စဉ်တက်သည်။ ထို့ကြောင့် သမထယာနိကကျင့်စဉ်သည်လည်း တစ်မျိုးတည်း ရှိသလို ဝိပဿနာယာနိကကျင့်စဉ်မှာလည်း တစ်မျိုးတည်းရှိသည်။ ၎င်းဝိပဿနာယာနိက၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အာယတနပရမတ်အာရုံများကိုပြုနိုင်သည့်သမာဓိထူထောင်မှုကိုဆိုလိုခြင်းဖြစ်သည်။

အထက်ပါ ဒေသနာတော်အရ အလုံးစုံသော လောကီပညတ်နိမိတ် ဟူသည့် အာရုံခြောက်ပါး ရုပ်တရားတို့အပေါ်၌ နှလုံးသွင်းမှု မရှိသည့်အခါ ထိုနိမိတ်ဘို့နှင့်ယှဉ်သော စိတ်ချုပ်၏။ တနည်းအားဖြင့်ဆိုသော် ထိုအာရုံခြောက်ပါးကို နှလုံးသွင်းသော စိတ်ကို သတိပြန်ထားရှုသောကြောင့် အာရုံနှင့်ယှဉ်သော စိတ်ချုပ်၏။ ထိုပညတ်နိမိတ်နှင့်ယှဉ်သော သညာချုပ်၏။ အာရုံခြောက်ပါးမှလွတ်သဖြင့် သတိနှင့်ယှဉ်သော စိတ်သည် ပညတ်နိမိတ်မရှိသော ချုပ်မှု၌ တည်နေသည်။ ထိုချုပ်မှုဂုဏ်ကို ပြန်သတိထား၍ ချုပ်မှု၌ သတိမြဲရန် သမာဓိထူထောင်နေခြင်း (၀၀) နိဝရဏတရားများမှ လွတ်အောင် မွေးမြူနေခြင်းဖြစ်သည်။ ယခုရေးသားဖော်ပြမည့် စိတ္တဝိသုဒ္ဓိကျင့်စဉ် ဒုတိယဆင့်နှင့် တတိယဆင့်တွင် ပညတ်နိမိတ်မရှိသော ချုပ်မှု၌ သမာဓိထူထောင်သော ကျင့်စဉ်နည်းဖြင့် ရေးသားတင်ပြသွားမည်ဖြစ်သည်။

ရှေ့စိတ်မျိုးစုံကို အလျင်မပြတ်အောင် ရှုမှုကြောင့် ကာယက် ဝစီက် မနောက်နှင့်ယှဉ်သော လောကီကာမ အကုသိုလ် ကုသိုလ်နှင့်ယှဉ်သော စိတ်များ ချုပ်၍ ချုပ်မှု၌ တည်နေသည်။ ထိုစိတ်သည် ချုပ်မှုအာရုံ၌ ဧကဂ္ဂတာသမာဓိ ဖြစ်နေမည်။ ထိုအခါ သတိအားကောင်းလာပြီး သတိန္ဒြေ ဖြစ်လာမည်။ ထိုသမာဓိကို သမာဓိန္ဒြေနှင့် ပြည့်စုံသည့်တိုင်အောင် ကျင့်ရမည်ဖြစ်သည်။ သမာဓိန္ဒြေနှင့် ပြည့်စုံသော စိတ်သည် စိတ္တဝိသုဒ္ဓိဖြင့် ပြည့်စုံပြီဖြစ်သည်။ ရူပစတုတ္ထစျာန်သမာဓိနှင့် ဂုဏ်ထူးချင်း တူညီသွားပြီ ဖြစ်သည်။

မည်သည့်နည်းဖြင့် ကျင့်ကျင့် အရိယာမဂ်တိုင်အောင် ကျင့်လိုသောသူသည် အထက်ပါ သမာဓိန္ဒြေ ရောက်ရှိဖို့ရန်သာ တစ်ခုတည်းသော ပန်းတိုင်ဖြစ်သည်။ ထိုပန်းတိုင်သို့ ရောက်ရှိရန်--

(က) လောကီကာမပညတ်နှင့်ယှဉ်သောစိတ်ကို တိုက်ရိုက်ရှုကာ ပညတ်အာရုံ သိမ်းဆည်း၍ လည်းကောင်း၊

(ခ) ခံစားမှုဝေဒနာ၏ ဖြစ်မှု ချုပ်မှုကိုရှု၍လည်းကောင်း

စိတ္တဝိသုဒ္ဓိ ဒုတိယဆင့်သို့ ကျင့်စဉ်တက်နိုင်သည်။

http://www.dhammadownload.com

၃၊၂၁။ ပညတ်အာရုံ သိမ်းဆည်း၍ စိတ္တဝိသုဒ္ဓိ ဒုတိယဆင့် ကျင့်စဉ်တက်ပုံ (ကျင့်စဉ်ပထမနည်း)

ယောဂီအလိုက် ဆိုင်ရာသီလကို ဆောက်တည်ပါ။ ပရိကံယူ၍ မိမိနှစ်သက်သော ကမ္မဋ္ဌာန်းတစ်ခုကို ရွေးချယ်၍ ထိုင်ပါ။ ကမ္မဋ္ဌာန်းကို ရှေ့၌ ဖော်ပြခဲ့ပြီးသည့် စည်းမျဉ်းများအတိုင်း လိုက်နာရမည်။ ဤကျင့်စဉ်ကျင့်ရာတွင် အခြေခံ၌ စကြိုကမ္မဋ္ဌာန်းဖြင့် တွဲကျင့်ပါ။ ပထမအဆင့်အနေဖြင့် (၃)နာရီထိုင်၍ (၂)နာရီစကြိုလျှောက်ပါ။ စကြိုကမ္မဋ္ဌာန်းသည် ထိုင်သောကျင့်စဉ်အတွက် ပံ့ပိုးရုံ ဖြစ်သည်။ ထိုင်သောကျင့်စဉ်၌ သတိအားကောင်း၍ သတိစင်ကြယ်မှုခိုင်မြဲလာလျှင် စကြိုကမ္မဋ္ဌာန်းကို စွန့်လိုက်ပါ။ တရားထိုင်ချိန် အနည်းဆုံး ငါးနာရီသတ်မှတ်ပါ။ အချိန်နည်းလျှင် သမာဓိနွေးမြစ်ပါ။

ကျင့်စဉ်ပထမဆင့် အောင်မြင်ပြီးသော ယောဂီတို့သည် ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသော ကိလေသာများ ချုပ်ဆုံးသွားသဖြင့် ဘဝင်ကျကာ ငြိမ်းအေးသွားကြောင်း ရှေ့၌ ရေးသားခဲ့ပြီး ဖြစ်သည်။ ထို့နောက် တရားကြာကြာ မထိုင်ချင်သောစိတ်၊ အာရုံအမျိုးမျိုး၌ ပုံ့လွှင့်နေချင်သောစိတ်၊ အလုပ်တစ်ခုခု လုပ်နေချင်သောစိတ်၊ အာရုံတစ်မျိုးမျိုးကို ကြံစည်ချင်နေသောစိတ် စသည့် လောကီကာမပညတ်နှင့် ယှဉ်သောစိတ်များ ပေါ်လာလိမ့်မည်။ ထိုစိတ်များ ပေါ်လာသည်ကို ပြန်သတိထားပါ။ စိတ်စိတ်ချင်း ပြန်ရှုခြင်းဖြစ်သည်။ ရှေ့စိတ်သည် အာသဝ ယိုစီးသောစိတ်ဖြစ်၍ နောက်စိတ်သည် အရှုဉာဏ်စိတ် ဖြစ်သည်။ ရှေ့စိတ် ပေါ်တိုင်း ပေါ်တိုင်း အရှုဉာဏ်စိတ်က မလစ်တမ်းရှုရမည်။ အရှုဉာဏ်စိတ်သည် ရှုရုံသက်သက်မျှသာ ရှိရမည်။ ဖြစ်တယ် ပျက်တယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသော သညာဖြင့် အမှတ်ပြုမရှုရ။ မျော်၍လည်း မရှုရ။ ဖြစ်ပေါ်လာသည့် အာသဝယိုစီးသောစိတ်နှင့်လည်း ပေါင်းပြီးမျောမနေရ။ ရှေ့အရှုခံစိတ်ကို သေစေချင်၊ ချုပ်စေချင်လိုသော သဘောနှင့်လည်း မရှုရ။ ရှေ့စိတ်ကို ရှုရာတွင် သူ့သဘော သူဆောင်ကာ ပေါ်လာသည့် သဘောကို (၀၊) ငါစိတ် မဟုတ်ဘူး ဟူ၍ သိစေလိုသော ဆန္ဒဖြင့်သာ ရှုရမည်။ ရှုလိုက်သောအခါ ရှေ့စိတ်ပျက်သွားလိမ့်မည် (၀၊) ပျောက်သွားလိမ့်မည်။ **အရှုခံရှေ့စိတ် ဖြစ်မှုနှင့်ပျက်မှုကို အရှုဉာဏ်က သိမြင်လာခြင်းသည် နာမ်ဖြစ်ပျက်မြင်သည်၊ တရားတွေ့သည် ဟူ၍ မယူပါနှင့်။** တဏှာ, မာန, ဒိဋ္ဌိစိတ်များ ဖြစ်သဖြင့် ဝိပဿနာရှုရာအာရုံ မဟုတ်သေးပါ။ စိတ်ကို ဖုံးအုပ်နေသော ကိလေသာမှော် အညစ်အကြေးများနှင့်တူသည့် ပညတ်အာရုံများကို ဖယ်ရှားနေခြင်း ဖြစ်သည်။

ယခုကျင့်စဉ်၌ သတိထားမှု၏သဘောကို ဇာတ်ပွဲကြည့်ဥပမာဖြင့် နားလည်ယူပါ။ ဇာတ်ပွဲကြည့်လိုသောသူသည် ဇာတ်ရုံရှိရာသို့ သွားရောက်ရပြီး မိမိထိုင်ရမည့် နေရာ၌သာ နေရသည်။ ထိုသူသည် အိပ်ဝိုက်မှု မရှိရ၊ ဇာတ်ဝင်ခန်း သရုပ်ဆောင်ရာတွင် ထိုဇာတ်ဆောင်တို့အား မိမိအနေဖြင့် ဒီလို သရုပ်ဆောင်ပါ၊ ဒီဇာတ်လမ်း မကောင်း၍ နောက်ဇာတ်လမ်းပြောင်းပါ၊ ဒီသရုပ်ဆောင် မကောင်း၍ နောက်သရုပ်ဆောင် ပြောင်းပါ၊ ဒီသရုပ်ဆောင်မှုကို နောက်တဖန် ပြန်၍ သရုပ်ဆောင်ပါ ဟူ၍ စေခိုင်းမှု မပြုရပါ။ မိမိကိုယ်တိုင်လည်း ဇာတ်ခုံပေါ်တက်၍ သရုပ်မဆောင်ရ၊ ဇာတ်ခုံပေါ်မှ သရုပ်ဆောင်သူတို့အား နှောင့်ယှက်ဖျက်ဆီးမှု မပြုရ၊ ပွဲခင်းထဲ၌လည်း ဇာတ်ဆောင်တို့ကဲ့သို့ သရုပ်ဆောင်မှု မပြုရပါ။ ပစ္စုပ္ပန်သရုပ်ဆောင်နေမှုကို အရှိအတိုင်း ကြည့်ကာရှုကာမျှဖြင့် ကြည့်ရင်း သရုပ်ဆောင်မှု သဘော သဘာဝကို သုံးသပ်ရသည်။

http://www.dhammadownload.com

မူလကမ္မဋ္ဌာန်းဖြစ်သည့် အာရုံအမျိုးမျိုးကို ရှာလိုသောစိတ်၊ အမည်ပေးလိုသောစိတ်၊ စဉ်းစားသည့်စိတ်၊ ကြံစည်သောစိတ်၊ အတိတ် အနာဂတ် အာရုံပြုသောစိတ် စသော စိတ်အမျိုးမျိုးတို့ကို ရှုရာတွင် တစ်စိတ်နှင့်တစ်စိတ် တစ်အာရုံနှင့် တစ်အာရုံ မတူညီသော စိတ်များကို ပိုင်းခြားစွာ သိပြီးရှုပါ။ ရှုလိုက်သည်နှင့် တပြိုင်နက် ပျက်သွားမည်။ သတိလစ်လျှင် စိတ်ပြန်ပေါ်လာသည်။ သတိပြန်ထားသောအခါ ရှေ့စိတ်ပြန်ချုပ်သွားသည်။ စိတ်ကို ရှုရာတွင် ရင်ချိုင့်ကိုမှန်း၍ အာရုံပြုမရှုရ။ ဉာဏ်သက်သက်ဖြင့်သာ ရှုရမည်။ မှိတ်ထားသောမျက်စိကို အားပြု၍ မရှုရ။

ဤကဲ့သို့ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း သတိပိုထားမိနိုင်အောင် ကြိုးစားရှုပါ။ (၅)နာရီကြာအောင် ကျင့်ခိုင်းရသည့်အကြောင်းမှာ မစင်ကြယ်သောစိတ်သည် တစ်အာရုံ၌ ကြာကြာ မနေချင်ပဲ အာရုံအသစ်ကို ရှာပြီး လွတ်လွတ်လပ်လပ် ပုံ့လွှင့်နေချင်သော သဘာဝရှိသည်။ တစ်အာရုံတည်း၌ တည်ငြိမ်စွာ မနေချင်ပါ။ ထို့ကြောင့် အချိန်ကြာလာသောအခါ ပျင်းရိသောစိတ်၊ ငြီးငွေ့သောစိတ်၊ တရားမရှုချင်သော စိတ်များ ပိုများလာသည်။ တရားကျင့်နေရင်း စိတ်သည် မရိုးမရွ ကလိခံနေရသကဲ့သို့ဖြစ်ကာ ထင်သလို ပြုလိုသောစိတ်များ ဖြစ်ပေါ်လာသည်။ ထိုစိတ်တို့၏ အလိုအတိုင်း မလိုက်ပဲ ထိုစိတ်များကို အရှုခံအဖြစ် သိအောင် သတိကို ပို၍မလွတ်တမ်းထားပါ။ ထိုကိလေသာစိတ်များ ရှိနေသရွေ့ ပစ္စုပ္ပန်တည့်တည့်၌ ရှုမြင်ရမည့် နူးညံ့သိမ်မွေ့သည့် ပရမတ်ရုပ်နာမ်တို့ကို မြင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် နာရီကြာရှည် ကျင့်ခိုင်းခြင်းသည် အကြောင်းမဲ့မဟုတ်ပါ။ ပရိယုဋ္ဌာနကိလေသာများကို ဖော်ထုတ်ခြင်း ဖြစ်သည်။ တည်ငြိမ်စွာ မနေချင်မှု၊ ပုံ့လွှင့်လှုပ်ရှားနေလိုမှု စသည့် နီဝရဏတရားများကို ချုပ်ငြိမ်းအောင် ကျင့်ရမည်ဖြစ်သည်။ ကျန်နေသေးသော ဆဆက္ကပရမတ်ရုပ်နာမ်တို့ကို မမြင်ခြင်းသည် ကျန်နေသေးသော အနုစား၊ အလတ်စား မောဟ အစ ရှိသည့် ကိလေသာ အညစ်အကြေးများကြောင့် ဖြစ်သည်။ ထိုအကုသိုလ်စေတသိက်များ စိတ်၌ မကပ်ငြိအောင် စောင့်ထိန်းခြင်းသီလ၊ ကမ္မဋ္ဌာန်းအလုပ် တဖြောင့်တည်း ကျင့်သုံးမှု သမာဓိ စသော မဂ္ဂင်တရားတို့ဖြင့် ဆေးကြော နေရဦးမည် ဖြစ်သည်။

စိတ်သည် လောကီပညတ်နယ်ထဲမှာပင် ကျင်လည်နေသေးသရွေ့ လောကီပညတ်နယ်မှ လွတ်သော လောကီပရမတ်ရုပ်နာမ်တို့ကို အာရုံပြုရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်သည်ကို နားလည်ရမည်။ ထိုလောကီပညတ်နှင့် လောကီပရမတ်အာရုံတို့မှ လွတ်ရာ လောကုတ္တရာပရမတ်နိဗ္ဗာန်ကို အာရုံပြုနိုင်ရန် ပို၍ပင် ဝေးလိမ့်မည်။ စိတ်ကို အာရုံတစ်ခုတည်း၌ တစ်နာရီကြာမျှ တည်ငြိမ်အောင် ထိန်းသိမ်းနိုင်သည့်သီလ၊ သမာဓိမျှပင် မဆောက်တည်နိုင်သေးလျှင် အဘယ်ဖိုလ်မျိုးကို ခံစားနိုင်ပါမည်နည်း။ စိတ်ကို ငါးနာရီလောက်မှ ငြိမ်အောင် မဆုံးမနိုင်သေးလျှင် ကျန်လောကဓံကြမ်းများ တွေ့ကြုံလာခဲ့သော် မည်သည့်နည်းဖြင့် စိတ်ကို ဆုံးမနိုင်ပါမည်နည်း။* နာရီရှည် ကျင့်ခိုင်းခြင်းသည် အကြောင်းရှိ၍သာ ဖြစ်သည်။ ဤကျင့်စဉ်အတိုင်း သတိအား ကောင်းလာလျှင် အနည်းဆုံး တရားထိုင်ချိန် (၈-၉)နာရီအထိ အချိန်တိုး၍ကျင့်ပါ။

---

* မင်းတုန်းမင်း ကျောင်းသားဘဝက သာသနာပိုင်ဆရာတော် ထိန်းသိမ်းနိုင်းသော ငါးခြောက်ပြားကို မထိန်းသိမ်းနိုင်သဖြင့် သေရာပါဒဏ်ရာရအောင် အရိုက်ခံရသည်။ သာသနာပိုင်ဆရာတော်က "ဒီငါးခြောက်ပြားလောက်မှ လုံခြုံအောင် မထိန်းသိမ်းနိုင်လျှင် နိုင်ငံတော်ကို ဘယ်လိုလုပ်ပြီး လုံခြုံအောင် ထိန်းသိမ်းနိုင်ပါ့မလဲ" ဟူ၍ ပြောပြီးရိုက်သည်။ ယခုလည်း ဤကဲ့သို့ နားလည်ယူပါ။

http://www.dhammadownload.com

" နယိဒံ သိထိလ မာရပ္ပ၊
နယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာနံ အဓိဂန္တုံ၊
သဗ္ဗဒုက္ခပ္ပမောစနံ-"[၄၅]

"ဒုက္ခအားလုံးမှ လွတ်မြောက်တဲ့ နိဗ္ဗာန်ဆိုတာကို ပျော့ပျော့နဲ့နဲ့ လျော့လျော့ရဲ့ရဲ့ လုံလဝီရိယမျိုးဖြင့် ဘယ်ရနိုင်လိမ့်မလဲ။

မပြောပလောက်တဲ့ အနည်းငယ် စွမ်းအား သာမန် ဝီရိယကလေးများဖြင့်လည်း ဘယ်ရနိုင်လိမ့်မလဲ၊ မရနိုင်"[၄၆]

တရားကျင့်သောယောဂီဟူသည် ပြင်းထန်သောလုံ့လဝီရိယဖြင့် အားထုတ်ရမည်ဖြစ်သည်။ အဘိဇ္ဈာ ဒေါမနဿနှင့် မောဟကို စိတ်၌ မကပ်ငြိအောင် တဒင်္ဂ, ဝိက္ခမ္ဘန (၁၀-နာရီမျှ) သမာဓိအခိုက် ပယ်ခွာထားနိုင်ရမည်။ ဤကဲ့သို့ ပြင်းထန်စွာ အားထုတ်ရမည်ဟု ဘုရားရှင် ဟောထားပါလျက် ယခုအခါ တရားဟော တရားပြဆရာတို့သည် ပြင်းထန်စွာ အားထုတ်မှုကိုပင် အပြစ်တင်ကာ တားမြစ်ထားကြသည်။ အချို့ဆရာတို့သည် သောတာပတ္တိမဂ်ကိစ္စအတွက် ကျင့်စရာမလိုဘူးဟူ၍ပင် ပြောဆိုညွှန်ကြားကြသည်။ ယခုဒုတိယအဆင့် စိတ္တဝိသုဒ္ဓိကျင့်စဉ်ပိုင်းသည် သိမ်မွေ့သောမောဟကို စိတ်၌ လုံးဝမကပ်အောင် စိတ်ရှည်ရှည် ဇွဲကောင်းကောင်းနှင့် ကျင့်ရသောကျင့်နည်း ဖြစ်သည်။

မှတ်ချက်။ ။နာရီရှည်ကျင့် သော်ငြားလည်း ကျင့်နည်းမမှန်က မဂ်ဖိုလ်အချည်းနှီးဖြစ်မည်။ ပါရမီကုသိုလ်မျှလောက်သာရလိမ့်မည်။

> "သာရိပုတြာ အဘယ်သို့လျှင် (အာသဝတို့မှ) လွတ်မြောက်သော စိတ်ရှိသနည်း၊ သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် **ပြင်းစွာအားထုတ်သော လုံ့လ**ရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္မဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောကဌ် အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ ---ပ--- လွတ်မြောက်သော စိတ်ရှိသောကြောင့်သာ "ယောကျ်ားမြတ်"ဟု ငါဆို၏။"[၄၇]

အထက်ပါ ဒေသနာတော်အရ နိဗ္ဗာန်လိုလားသော ယောကျ်ားမြတ်တို့သည် တရားအားထုတ်ရာ၌ ပေါ့ပေါ့လျော့လျော့ မရှိပဲ အသက်နှင့် ခန္ဓာကိုယ်ကို မငဲ့ကွက်သောစိတ်မျိုးဖြင့် အားထုတ်ကျင့်ကြံကြသည်။ အာရုံ၌ တပ်မက်မှု အဘိဇ္ဈာ (တဏှာ)၊ အာရုံ၌ မခံစားလိုမှု ဒေါမနဿတို့ကို ပယ်ဖျောက်နိုင်ရပြီး စင်ကြယ်သောသတိဖြင့် အရှုခံသတိပဋ္ဌာန်တို့အား အကြိမ်ကြိမ် ပွားများအားထုတ်နေရမည်ဖြစ်သည်။ ထို့ကြောင့် ဤနာမ်ကမ္မဋ္ဌာန်းကျင့်စဉ်ကျင့်နည်းသည် ယောကျ်ားမြတ်တို့ ကျင့်သုံးအပ်သော ကျင့်စဉ် ဖြစ်သည်။ ကြမ်းသည်၊ ပင်ပန်းသည်ဟု မဆိုအပ်ပေ။

ရှေ့အရှုခံစိတ်ပေါ်တိုင်း သတိမလစ်တမ်း မှန်မှန်ရှုနေပါ။ အရှုခံစိတ်အမျိုးမျိုး ပေါ်တိုင်း ဖျက်ဆီးခြင်း၊ ပိတ်ဆို့ခြင်း၊ ထိုအရှုခံစိတ်တို့နှင့် မေ့မြောနေခြင်း မဖြစ်စေပဲ မှန်မှန်ရှုပါများသော် အရှုခံစိတ် အဖြစ်ကျပြီး အရှုဉာဏ်၌ အရှုခံမရှိပဲ ဟာနေလိမ့်မည်။ ထိုသို့ဖြစ်လျှင်

---

[၄၅] နိဒါနဝဂ္ဂပါဠိ၊ ဘိက္ခုသံယုတ္တံ၊ နဝသုတ္တံ၊ ပထမတွဲ နှာ-၄၆၅

[၄၆] "မိုးကုတ်ဆရာတော် ဘုရားကြီး၏ တစ်ဘဝသာသနာ"၊ နှာ-၁၄၁

[၄၇] မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ သတိပဋ္ဌာနသံယုတ်၊ နာလန္ဒဝဂ်၊ မဟာပုရိသသုတ်-၃၇၇ နှာ-၁၄၂

http://www.dhammadownload.com

နောက်ပေါ်မည့်စိတ်ကို မမျှော်တော့ပဲ ပစ္စုပ္ပန်စိတ်မရှိပဲ ဟာနေသည့် ချုပ်နေသည့်သဘောကိုသာ အာရုံပြုထားပါ။ လောကီပညတ် အာရုံနှင့်ယှဉ်သော သညာပေးနေသည့် စိတ်မှန်သမျှ ချုပ်နေသည်ကို အာရုံပြုသတိထားခိုင်းခြင်း ဖြစ်သည်။ အရပ်သုံးဖြင့် ပြောရလျှင် စိတ်မရှိပဲ စိတ်ချုပ်နေသည်ဟူ၍ ပညတ်သုံးထားခြင်း ဖြစ်သည်။ ပရိယတ္တိမတတ်သည့် ယောဂီများ နားလည်နိုင်သည့် ပညတ်သုံးထားခြင်းဖြစ်သည်။ ရှုစိတ်သက်သက်သာ ရှိသည်ကို ဆိုလိုသည်။ ထိုစိတ်မရှိပဲ ချုပ်နေမှုသဘောကို ဉာဏ်ဖြင့်ပိုင်းခြား အာရုံပြု သတိထားရမည်။ ကြည်နေမှု၊ အေးနေမှုသဘော ပေါ်လာတတ်သည်။ အကယ်၍ ပေါ်လာလျှင် ကြည်နေမှု၊ အေးနေမှုကို အာရုံမယူပဲ စိတ်မရှိပဲ ချုပ်နေသည့် သဘောကိုသာ သတိထားရှုနေပါ။ စိတ်မဖြစ်ပေါ်မှု ချုပ်သဘောကို အာရုံပြုခြင်းကို ဥပမာပေးအံ့။

စျေးဝယ်ဥပမာ

သင်ယောဂီ၏ အိတ်ထဲ၌ အရေအတွက်မသိပဲ ပိုက်ဆံထည့်၍ စျေးဝယ်နေသည်ဆိုပါစို့။ စျေးဝယ်ရင်းနှင့် အိတ်ထဲ၌ ငွေကုန်သွားသည်ကို မသိခဲ့ပါ။ ရှိမည်ထင်ပြီး စျေးဆက်ဝယ်ရာတွင် တစ်နေရာ၌ ငွေယူရန် အိတ်ထဲသို့ လက်နှိုက်၍ ငွေထုတ်ရာ ငွေမရှိတော့သည်ကို သိလိုက်သည်။ ထိုသဘောကို သုံးသပ်ကြည့်လျှင် သင်ယောဂီသည် အိတ်ထဲသို့ လက်ဖြင့် နှိုက်နေသော်လည်း မိမိလက်ကိုလည်း အာရုံမပြု၊ အိတ်ကိုလည်း အာရုံမပြု၊ ငွေမရှိခြင်းကိုသာ အာရုံပြုလိုက်ခြင်း ဖြစ်သည်။

ဤဥပမာအတိုင်း ယခုရှုကွက်၌ အရှုဉာဏ်က ချုပ်မှုသဘောကို ချုပ်မှုသဘောမှန်း ဉာဏ်ဖြင့် အမည်ပေးမှုမပါပဲ ပိုင်းခြားသိလျက် အာရုံပြုသတိထားပါ။ ကျင့်အားကောင်းလာလျှင် ပညတ်နှင့်ယှဉ်သော ရှေ့အရှုခံစိတ်နှင့်အာရုံ ချုပ်၍ ချုပ်၍ နေသည်ကို သိလာပါသည်။ ၎င်းသဘောကို ဘင်ဉာဏ်ဟူ၍ ဉာဏ်စဉ် မသတ်မှတ်ရသေးပါ။ စိတ်၌ ပညတ်အာရုံများ ချုပ်နေသည့် သဘောသာ ရှိသေးသည်။ သခ်ါရတရားတို့ ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်လည်း မဟုတ်သေးပါ။ ချုပ်မှု (၀၊) စိတ်မရှိမှုသဘောသည် လောကီကာမ ပညတ်များနှင့်ယှဉ်သော စိတ်များ၏ချုပ်မှုသာ ဖြစ်နေသေးသည်။ ယင်းစိတ်တို့ ချုပ်နေသော်လည်း ပရမတ် ရုပ်နာမ်တို့ကို အာရုံမပြုနိုင်သေးပါ။

ယခုအခါ အကုသိုလ်စေတသိက်များ စိတ်၌ယှဉ်ရန် အလွန်အားနည်းသွားပြီ ဖြစ်သည်။ စိတ်၌ အကုသိုလ်စေတသိက်များ ယှဉ်ခွင့်မရအောင် သတိ စသော ကုသိုလ်စေတသိက်တို့က ကာကွယ်၍ စိတ်ကို စောင့်ရှောက်နေခြင်းသည် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိအဆင့်တို့ကို တပြိုင်တည်း ကျင့်နေခြင်း ဖြစ်သည်။ ချုပ်ဆဲကို အာရုံပြုနေသော သတိတစ်ချက်လွတ်လျှင် မောဟနှင့်ယှဉ်သော လောကီကာမပညတ်စိတ် တစ်ချက် ပေါ်သည်။ သတိပြန်ထားလျှင် ထိုအရှုခံစိတ်များ ချုပ်သွားသည်။ သတိသည် တဆက်တည်း ချုပ်မှုသဘောကို အာရုံဆက်ပြုကာ ချုပ်ဆဲ၌ သတိတည်နေလိုက်ပါ။

လောကီကာမပညတ်စိတ် ပြန်ပေါ်လာလျှင် ထိုအရှုခံစိတ်ကို အာရုံမပြုတော့ပဲ ချုပ်ဆဲကိုသာ အာရုံပြုလိုက်ပါ။ အဘယ့်ကြောင့်ဆိုသော် သတိပြန်ထားလိုက်သည်နှင့်တပြိုင်နက် အလိုလို အရှုခံစိတ် ချုပ်ပြီးသားနှင့် ချုပ်မှုသဘော ရှိပြီးသား တထပ်တည်း ဖြစ်နေသောကြောင့် ချုပ်မှုကို တိုက်ရိုက် အာရုံပြုသတိထားခိုင်းခြင်း ဖြစ်သည်။ ဆက်လက်၍ ချုပ်မှုသဘောကိုသာ အစဉ်အာရုံပြု သတိထားနေပါ။

http://www.dhammadownload.com

သတိထားမှုသည် ဆန္ဒစောလျှင်လည်း ဇောကြမ်းပြီး သမာဓိမဖြစ်ပါ။ ထိုသဘောကို ဥပမာပြရသော် ရေတိမ်၌ လှေလှော်ရာတွင် အမြန်ရောက်စေလိုသဖြင့် လှေကို အရှိန်ဖြင့် လှော်ခတ်လိုက်ရာ လှေ၏အရှိန်ကြောင့် ဖြစ်လာသော ရေဂယက်သည် လှေကို ပြန်ဆွဲထားပြီး သကဲ့သို့ပင် ဖြစ်သည်။ သတိထားမှု စူးစိုက်လွန်လျှင်လည်း ဝီရိယလွန်ပြီး စိတ်ဇောအလျင် ကြမ်းလာသဖြင့် သမာဓိပျက်သည်။ ထိုသဘောကို ဥပမာပြရသော် ကလေးငယ်တစ်ဦးသည် စျေးမှ မီးခြစ်တစ်လုံးအား ဝယ်ပြီး အိမ်ပြန်ရာတွင် ကျပျောက်မည်စိုးရိမ်သဖြင့် လက်ထဲ၌ အတင်းဖျစ်ညှစ်ဆုပ်ကာ အိမ်သို့ ယူလာသည်ဆိုပါစို့။ ထိုကလေးသည် လိုအပ်သည်ထက်ပို၍ လက်ကိုဖျစ်ညှစ်ဆုပ်ရသည့်အတွက် စိတ်အလွန် ပင်ပန်းရသကဲ့သို့ ဖြစ်သည်။ သတိထားမှု မစင်ကြယ်လျှင်လည်း မောဟဖြစ်ပြီး အရှုခံကာမပညတ်စိတ်များ ပြန်ပေါ်လာ တတ်သည်။ သဒ္ဓါ ဝီရိယ လွန်၍မရတော့ပါ။ ဤကဲ့သို့ "ချုပ်ဆဲသိ" "ချုပ်ဆဲသိ" သတိအစဉ်ထားရှုပါ။ ချုပ်ဆဲသိဟု စိတ်နှင့် မရွတ်ဆိုရ။ ပညတ်အာရုံနှင့် ထိုပညတ်အာရုံကို မှီသောစိတ် မဖြစ်ပဲ ချုပ်နေသည့် သဘောကို သတိ ဉာဏ် ပညာဖြင့် ပိုင်းခြား အာရုံပြုမှုသက်သက်ကို ဆိုလိုခြင်းဖြစ်သည်။ ရှုရင်းနှင့် မိမိအရှုဉာဏ်၏ အားနည်းချက်ကို နည်းသည်ထက်နည်းအောင် သုံးသပ်ဆင်ခြင်၍ အရှုခံအာရုံဖြစ်သော ချုပ်မှုသဘောကို ညီညွတ်မှုတ၍ စင်ကြယ်သော သတိဖြင့် ချုပ်မှုသဘောကို ဆက်ရှုနေပါ။

အရှုဉာဏ်စိတ် သန့်ရှင်းကာ အားကောင်းလာပြီး ချုပ်မှုသဘောကို သတိတည်ငြိမ်စွာ ထားနိုင်သည် အထိ ဆက်လက်ကျင့်ပါ။ သတိထားအားကောင်းလာလျှင် နာရီကန့်သတ်မှု မထားရတော့ပါ။ ဤကဲ့သို့ ကျင့်ရခြင်းအကြောင်းမှာ အချိန်ကြာလာသည်နှင့်အမျှ ပျင်းရိငြီးငွေ့သောစိတ်၊ ကျင့်စဉ်နည်းအတိုင်း ဖြောင့်ဖြောင့် မကျင့်လိုသောစိတ်၊ တစ်အာရုံတည်း၌ တည်တည်တံ့တံ့ မနေလိုသောစိတ်၊ ထိနမိဒ္ဓနှင့် ဆက်ဆံလိုသောစိတ် (၀၀) ငိုက်မြည်းလိုသောစိတ်၊ "တရားမရလျှင် နေပါစေတော့"ဟူ၍ အလျှော့ပေးလို သောစိတ် စသော အညစ်အကြေးများကို ဖော်ထုတ်လိုခြင်းနှင့် သတိကို ကျွန်ုပ်ထိုက်အောင်ဖြည့်ဆည်းရန် လိုအပ်ခြင်းတို့ကြောင့် ဖြစ်သည်။

ယခု ကျင့်စဉ်ပိုင်း၌ ပြင်းပြင်းထန်ထန် အချိန်ကြာကြာ (၈-၉)နာရီမျှ လွန်ကဲသော လုံ့လတို့ဖြင့် ကျင့်ရခြင်းသည် သတိနှေ့, သမာဓိနှေ့ ပြည့်စုံရန်အတွက် ကျင့်ရခြင်းဖြစ်သည်။ လွန်ကဲသောလုံ့လပြုခြင်းသည်မှန်ကန်ပါကြောင်း မြတ်စွာဘုရားရှင် ဤကဲ့သို့ဟောကြားထားသည်။

> "ရဟန်းတို့ ရဟန်းဖြစ်စေ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို ဤတရားငါးမျိုးတို့ကို ပွားများ၏၊ ဤတရား ငါးမျိုးတို့ကို ကြိမ်ဖန်များစွာပြု၏၊ ထိုသူအား ယခုဘဝ၌ပင် အရဟတ္တဖိုလ်ကိုငင်း ကိလေသာ ကြွင်းကျန်သေးလျှင် အနာဂါမ်အဖြစ်ကိုငင်း ဤအကျိုးနှစ်မျိုးတို့တွင် တပါးပါးသောအကျိုးကို (မချွတ် ရလိမ့်မည်ဟု) မြော်လင့်အပ်၏။
>
> အဘယ်ငါးမျိုးတို့နည်း ဟူမူ -
>
> ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် -
>
> အလို 'ဆန္ဒ'လျှင် အကြီးအမှူးရှိသော တည်ကြည်မှု 'သမာဓိ' ပြုပြင်တတ်သော အားထုတ်မှု 'ပဓာနသင်္ခါရ'နှင့် ပြည့်စုံသော ကျွဒ္ဓိပါဒ်ကို ပွါးများ၏။
>
> အားထုတ်မှု 'ဝီရိယ'လျှင် အကြီးအမှူးရှိသော တည်ကြည်မှု 'သမာဓိ'။ ပ။
>
> စိတ်လျှင် အကြီးအမှူးရှိသော တည်ကြည်မှု 'သမာဓိ'။ ပ။
>
> ပညာ 'ဝီမံသ'လျှင် အကြီးအမှူးရှိသော တည်ကြည်မှုသမာဓိ ပြုပြင်တတ်သော **အားထုတ်မှု 'ပဓာနသင်္ခါရ'** နှင့် ပြည့်စုံသော ကျွဒ္ဓိပါဒ်ကို ပွါးများ၏။
>
> ငါးခုမြောက်သော **လွန်ကဲသော လုံ့လ**ကိုသာလျှင် (ပွါးများ၏)။"[၄၇]

---

[၄၇] အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန် ဒုတိယတွဲ၊ သညာဝဂ်၊ ပဌမကျွဒ္ဓိပါဒသုတ်-၆၇ နှာ-၈၈

http://www.dhammadownload.com

ခန္ဓာကိုယ်၏ ပင်ပန်းခြင်း၌ ကပ်ငြိမှု၊ အချိန်ကြာမှု၌ ကပ်ငြိခြင်း စသော သမာဓိ အနှောင့်အယှက်များ ကင်းမှသာလျှင် စိတ္တဝိသုဒ္ဓိ ဖြစ်ပါသည်။ ချုပ်မှုသဘောကို သတိသည် သန့်ရှင်းစွာဖြင့် တည်ကာမျှ ထားရမည်။ ခွက်တစ်ခု၏ အဖုံးဖြင့် ယင်းခွက်ကို အံကျစွာ ဖုံးအုပ်လိုက်ပြီးသောအခါ လက်လွတ်လိုက်လျှင် အဖုံးသည် ခွက်ပေါ်၌ မရွေ့မလျားတည်နေသည်။ အဖုံး၏တည်နေခြင်းသည် ပကတိအတိုင်း တည်ငြိမ်နေခြင်းဖြစ်သည်။ အဖုံးကို အခြားသူတပါး (သို့) တစ်စုံတစ်ခုဖြင့် ထိန်းထားခြင်း မရှိသကဲ့သို့ သတိသည် ချုပ်ဆဲ၌ တည်ငြိမ်နေသည်။ ထိုသို့သန့်ရှင်းတည်ငြိမ်သော သမာဓိသို့ ရောက်လျှင် ရင်ထဲမှ **"လှပ်ခနဲ, ငြိမ့်ခနဲ, ဟာခနဲ"** သဘောတစ်မျိုး ဖြစ်ပေါ်လာလိမ့်မည်။ ထိုသို့ဖြစ်လျှင် အနည်းငယ် လန့်သွားတတ်သည်။ ထိုသို့ လန့်မှု မဖြစ်စေနှင့်။ ဒုတိယအကြိမ် ဘဝင်ကျခြင်း ဖြစ်သည်။* သတိသည် ငြိမ့်ခနဲကျမှု သဘောအတိုင်း အလိုက်သင့် ရှိစေ၍ ချုပ်ဆဲ၌ သတိထားမှု မြဲနေသည့် အတိုင်းသာ ရှိနေပါစေ။ ဤသို့သို့ ဒုတိယဘဝင်ကျသည်အထိ ကျင့်ပါ။ သို့သော် ဘဝင်ကျလိုမှုဖြင့် မျော်မှန်းကာ မကျင့်ပါနှင့်။ လောဘဖြစ်သွားပြီး သမာဓိပျက်သွားတတ်သည်။ တရားကျင့်သော စိတ်တွင် မကောင်းသော စိတ်များ ပူးဝင်ကပ်ပါလာပါက မည်သည့်နည်းနှင့်မျှ တရားမတွေ့နိုင်ပါ။ ဖြူစင်သန့်ရှင်း၍ အဖြစ်မြန် အပျက်မြန်သော ပရမတ်ကို အာရုံပြုမည့်စိတ်၌ မည်းညစ်သော ကိလေသာများ အနည်းငယ် တစိုးတစိမျှ ပါဝင်၍ မရပါ။ ယောဂီတို့ အထူးသတိပြုပါ။

"မလှုပ်မပြင်ပဲ ကြာရှည်စွာထိုင်ခြင်း၏ဂုဏ်"

"ငါသျှင်ဂေါတမ ငါတို့သည် သုခဖြင့် သုခကိုမရနိုင်၊ ဒုက္ခဖြင့် သုခကိုရနိုင်၏၊ ငါသျှင်ဂေါတမ သုခဖြင့် သုခကို ရနိုင်ငြားအံ့၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းသည် သုခကိုရရာ၏၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းသည် အသျှင်ဂေါတမထက် သာလွန်၍ ချမ်းချမ်းသာသာ နေရရာ၏"ဟု တဘက်သတ်အားဖြင့် အဆောတလျင် မဆင်ခြင်ပဲ စကားကို ပြောဆိုမိကြ၏။ စင်စစ်မူ ဤစကားသည် တည်ရှိစေဦး။ ယခုပင် "ငါတို့သည် မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းနှင့် အသျှင်ဂေါတမတို့တွင် အဘယ်သူသည် သာလွန်၍ ချမ်းချမ်းသာသာ နေရသနည်း" ဟု အသျှင်ဂေါတမအား မေးမြန်းကြပါကုန်၏ဟု (ဆိုကြကုန်၏)။

"ငါသျှင်နိဂဏ္ဌာတို့ သို့ဖြစ်လျှင် ထိုအရာ၌ သင်တို့ကိုသာလျှင် ပြန်မေးအံ့၊ သင်တို့ သဘောကျသည့်အတိုင်း ဖြေကြားကြကုန်လော့။ ငါ့ရှင်နိဂဏ္ဌာတို့ - အဘယ်သို့ ထင်မှတ်ကြကုန်သနည်း၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းသည် **ကိုယ်ကိုမလှုပ်ရှားပဲ စကားမပြောဆိုပဲ ခုနှစ်ရက်တို့ပတ်လုံး ချမ်းသာသက်သက်ချည်း ခံစားလျက် နေရန်စွမ်းနိုင်အံ့လော---ပ---ကိုယ်ကိုမလှုပ်ရှားပဲ စကားမပြောဆိုပဲ ခြောက်ရက်တို့ပတ်လုံး။ပ။ ငါးရက်တို့ပတ်လုံး။ လေးရက်တို့လုံး။ သုံးရက်တို့ပတ်လုံး။ နှစ်ရက်တို့ပတ်လုံး။ တရက်ပတ်လုံး ချမ်းသာသက်သက်ချည်း ခံစားလျက် နေရန် စွမ်းနိုင်အံ့လော**"ဟု (မေးတော်မူ၏)။ ငါသျှင်မစွမ်းနိုင်ပါဟု (ဆိုကြကုန်၏)။

---

* ရှေ့၌ ရေးခဲ့ပြီးသော တဒင်္ဂ ဝိက္ခမ္ဘန သမုစ္ဆေဒကျသော ဘဝင်တို့ကို ပထမအကြိမ် ကျသောကြောင့် ပထမဘဝင်ဟု ခေါ်သည်။ နိုင်မြဲမှု ရှိ မရှိသာ ကွာခြားခြင်းဖြစ်သည်။ မဟာပလ္လင်ကျင့်စဉ်၌ ကျသောဘဝင်သည် နိုင်မြဲသည်။ ထိုပထမဘဝင်ကျပြီး တည်နေရာမှ ထပ်ဆင့်၍ ကျခြင်းကို ဒုတိယအကြိမ် ဘဝင်ကျခြင်းဟု ခေါ်ဆိုရေးသားခြင်း ဖြစ်သည်။ ပထမဘဝင် ကျပြီးမှ ဘဝင်ပြန်၍ တက်သွားပြီး နောက်တစ်ခါ ပထမဘဝင် ပြန်ကျခြင်းကို မဆိုလိုပါ။

http://www.dhammadownload.com

ငါသျှင် နိဂဏ္ဌတို့ ငါသည် ကိုယ်ကိုမလှူပ်ရှားပဲ စကားမပြောဆိုပဲ တရက်ပတ်လုံး ---ပ--- ခုနှစ်ရက်တို့ပတ်လုံး ချမ်းသာချည်းသက်သက်ဖြင့် ခံစားလျက်နေရန် စွမ်းနိုင်၏။[၄၉]

ဤကဲ့သို့ မြတ်စွာဘုရားရှင် မိန့်ကြားတော်မူထားသောအချက်သည် အချိန်ကြာမြင့်စွာ တရား ထိုင်ခြင်းကို အပြစ်တင်လိုသောသူများ ဆင်ခြင်သတိထားဖွယ် ဖြစ်သည်။ တရားကျင့်သော ယောဂီသည် တရားထိုင်နေစဉ်အတွင်း နှစ်နာရီလောက်မျှ စကားမပြောဆိုပဲ ကိုယ်ကိုမလှုပ်ရှားပဲ မနေနိုင်သေးလျှင် သီလချမ်းသာ၊ သမာဓိချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသ ာမရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် စိတ်ကိုမစောင့်စည်းနိုင်သောကြောင့်ဖြစ်သည်။ ယခုကဲ့သို့ (၈-၉)နာရီမျှ ကြာရှည်စွာ တရားထိုင်ခြင်းသည် အမြဲတမ်း ထိုင်ခြင်းမဟုတ်ပဲ စိတ္တဝိသုဒ္ဓိကျင့်စဉ်၏အဆုံး သမ္မာသမာဓိသို့ ရောက်ရန် အထောက်အပံ့သာ ဖြစ်သည်။ သမ္မာသမာဓိသို့ရောက်လျှင် ဣရိယာပုထ်လေးပါးကို ပုံသေမထားပဲ မိမိအဆင်ပြေသလို ကျင့်နိုင်ပြီဖြစ်သည်။ **လှုပ်ပြင်နေလျှင် ကာယိန္ဒြေပျက်၍ စိတ်လှုပ်ရှားလျှင် မနိန္ဒြေပျက်၏။** ဣန္ဒြေပျက်နေလျှင် စျာန်အရာလည်း မဆိုက်၊ ဝိပဿနာကျင့်စဉ်နှင့်လည်း မကိုက်ညီပါ။ ပရမတ်အာရုံဟူသည် ပစ္စုပ္ပန်ဆတ်ဆတ်တွင် ဖြစ်ပြီးပျက်သည်။ စက္ကန့်ပိုင်းမျှအတွင်း ဖြစ်ပေါ်လာမည့် ပရမတ်ရုပ်နာမ်တို့၏ ဖြစ်မှုကို လည်းကောင်း၊ ပျက်မှုကိုလည်းကောင်း ရှုမြင်နိုင်ရမည်။ ရှုမည့်စိတ်သည် တည်ငြိမ်မှု၊ စင်ကြယ်မှု မရှိပဲ ကြမ်းတမ်းနေပါက ပရမတ်ရုပ်နာမ်တို့ကို အဘယ်မှာ မြင်နိုင်ပါမည်နည်း။ ယောဂီတို့ အထူးသတိပြုပါ။

စိတ္တဝိသုဒ္ဓိ ဒုတိယဆင့်သို့ ရောက်ရှိသော ယောဂီသည် လောကီကာမပညတ်များနှင့် ယှဉ်သော စိတ်များ၏ ချုပ်မှုသဘော၌ သမာဓိကို အလွယ်တကူ ထူထောင်နိုင်ရမည်။ တနည်းအားဖြင့်ဆိုသော် ဒုတိယဘဝင်ကျမှု မြဲရမည်ဖြစ်သည်။ ဒုတိယဘဝင် တစ်ကြိမ်ကျပြီးလျှင် တရားထိုင်ဖြတ်ပြီးနောက် နောက်တဖန် တရားပြန်ထိုင်သောအခါ ကာယိန္ဒြေ ပြန်တည်ဆောက်မှုပြီးသည်နှင့်တပြိုင်တည်း ဘဝင်နှစ်ကြိမ် ဆက်ကာဆက်ကာ ကျလိမ့်မည်။

ထိုသဘောသို့ ဆိုက်ရောက်သော ယောဂီ၏ အရှုဉာဏ်စိတ်တွင် ပကတိခန္ဓာကိုယ်ကို သဏ္ဌာန်နိမိတ် အရိပ်အားဖြင့် အာရုံယူနှလုံးသွင်း၍မရပါ။ ထို့ကြောင့် ခြေ, လက်, ကိုယ်, ခေါင်း, ပူ, တင်း, ထုံ, ကျင် စသော သညာနှင့်ယှဉ်သော စိတ်များ ဖြစ်ပေါ်မလာတော့ပေ။ ထို့အတူ အဆင်း, အလင်း, အခိုးအငွေ့, အမှောင်, အရောင်တို့ကိုလည်း အာရုံယူ၍ မရတော့ပါ။ ဒုတိယဘဝင်သမာဓိအခိုက်၌ အာရုံအသီးသီးအပေါ်၌ တဏှာ, မာန, ဒိဋ္ဌိဖြင့် စွဲယူမည့် ဥပါဒါန်နှင့်တကွဖြစ်သော ဥပါဒါန်စိတ်တို့ ဖြစ်ခွင့်မရှိတော့ပါ။ ဘဝင်ကျသည့်အတိုင်း ချုပ်ဆဲ၌ ရှုကာမျှ သိကာမျှ သတိထားကာမျှ တည်နေပါ။ ထိုအချိန်၌ ကာမပညတ်နှင့် ယှဉ်သောစိတ်များ ပြန်ဖြစ်မလာပါ။ စဉ်းစားဝေဖန် ကြံစည်သုံးသပ် အမည်ပေးတတ်သော စိတ်များ ချုပ်နေသည်။ ဘဝင်ကျမှု ပိုင်နိုင်၍ တစ်နာရီမျှ ချုပ်ဆဲ၌ မြဲနေလျှင် ထိုချုပ်မှုသဘောကိုခွာ၍ မိမိခန္ဓာကိုယ်အား ဉာဏ်ဖြင့် သတိထား ခံစားကြည့်မှသာ အလွန်နူးညံ့စွာ ဖောက်ပြန်ပျက်စီးနေသော ကလာပ်မှုန်အနုတို့ကိုသာ တွေ့မြင်ရသည်။ မရှုလိုက ထိုကလာပ်မှုန်များ အာရုံပြုမှုကို စွန့်လိုက်ပြီး အမှုန်ဟုသိနေသော စိတ်ကိုပင် ပြန်ရှုလိုက်ပါ။ အမှုန်ဟုသိသောစိတ် ချုပ်သွားသည်။

ဤသို့ (၈-၉)နာရီကြာမျှချုပ်ဆဲ၌ သတိဖြင့် မျက်မှောက်ပြုနေစဉ်အချိန်အတွင်း တခါတရံ နှစ်နာရီခွဲ သုံးနာရီ အကြာလောက်တွင် ကာမပညတ်အာရုံနှင့် ယှဉ်သောစိတ် တစ်ခါတစ်ခါ

---

[၄၉] မူလပဏ္ဏာသပါဠိတော် မြန်မာပြန်၊ သီဟနာဒဝဂ်၊ စူဠဒုက္ခက္ခန္ဓသုတ်–၁၈၀ နှာ–၁၃၃

http://www.dhammadownload.com

ပေါ်တတ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်မျှလောက်အထိ သတိထားရာမှ အချိန်ကြာလာသောအခါ သတိထားမှု အားနည်းလာပြီး မောဟဦးစီးသည့် ကာမပညတ်အာရုံပြုစိတ်များ အဆင်သင့် စောင့်နေဘိသကဲ့သို့ ပြန်ကပ်သည်။ သို့သော်လည်း သတိသည် လျင်မြန်စွာ ပြန်ထားသောအခါ ပြန်ချုပ်သွားသည်။ ဤကဲ့သို့ သတိသည် ချုပ်မှုသဘောကို ထင်ရှားစေလျက် မှန်မှန်သတိထား ဆက်ရှုပါ။

ထိုကျင့်စဉ်ဒုတိယဆင့်၏သဘောကို အာသီဝိသောပမသုတ္တန်နှင့် နိုင်းယှဉ် သုံးသပ်ကြည့်သောအခါ မြွေကြီးလေးကောင်ဘေးမှ လွတ်မြောက်ပြီး နောက်ထပ်သတ်ရန် လိုက်လာသော လူသတ်သမားငါးယောက်ဘေးမှ ဆက်ပြေးရပုံနှင့် တူညီနေသည်။ အရှုဉာဏ်စိတ်ကို နှောင့်ယှက်သော ဥပါဒါန်စိတ်များသည် လူသတ်သမားငါးယောက်နှင့်တူသည်။ ဒုတိယဘဝင် ကျပြီး ချုပ်ဆဲ၌ တည်နေသော သမာဓိသည် လူသတ်သမားငါးယောက်ဘေးမှ လွတ်သည့် နယ်မြေနှင့်တူသည်။ ထိုဥပါဒါနက္ခန္ဓာ(၅)ပါးနှင့် ယှဉ်သောစိတ် (၀၊) အာရုံပြုသောစိတ်များ ဖြစ်မလာတော့ပဲ ပျက်စရာလည်း မရှိတော့သဖြင့် ဖြစ်ပျက်ဆုံးသည်။ ပညတ်နှင့်ယှဉ်သော စိတ်အစား ပညတ်နှင့်မယှဉ်သောအရှုဉာဏ်စိတ်အဖြစ် ပြောင်းသွားခြင်းဖြစ်သည်။ **ထိုဥပါဒါန်နှင့် ယှဉ်သောစိတ်များ ချုပ်ငြိမ်းနေခြင်းသည် သီလချုပ် သမာဓိချုပ်မျှပင် ဖြစ်သေးသည်။** ဥပါဒါန်၏ အာရုံရုပ်များ ချုပ်သည်။ အာရုံရုပ်များ ချုပ်ခြင်းကြောင့် ထိုအာရုံနှင့်ယှဉ်၍ဖွဲ့မည့် နာမ်ခန္ဓာလေးပါး ချုပ်သည်။

ကျင့်စဉ်တက်ဆဲအခိုက်(ဘဝင်မကျမီ)၌ ဥပါဒါန်နှင့်ယှဉ်သော အကုသိုလ်စိတ်တို့၏ ဖြစ်မှုသဘော, ချုပ်မှုသဘောကို ဉာဏ်ဖြင့် ရှုသိခြင်းဖြစ်သည်။ ဘဝင်ကျပြီးသည့်နောက် ရရှိလာသော သမာဓိအခိုက်အတန့်၌ ဥပါဒါနက္ခန္ဓာ(၅)ပါးတို့ ချုပ်သည်။ ထိုအခါ စိတ်ကို မတည်မငြိမ် ဖြစ်စေသော ကိလေသာတို့ ချုပ်ခြင်းကြောင့် စိတ်သည် စင်ကြယ်နေသည်။ ရုပ်ဟူသမျှတို့ကို အာရုံမယူတော့သဖြင့် ထိုရုပ်တို့အပေါ်၌ အမည်ပေး သတ်မှတ်မည့် ပညတ်ကို အာရုံပြုသည့် သညာနှင့်ယှဉ်သောစိတ်များ ချုပ်သည်။ လောကီကာမပညတ်ကို အာရုံပြုသော စိတ်ဇောအလျင်များ ချုပ်သဖြင့် ဒုတိယအကြိမ် ဘဝင်ကျသည်။ အရှုဉာဏ်စိတ်သည် နူးညံ့သိမ်မွေ့လာသည်။ အကုသိုလ်စေတသိက်များ ခေါင်းပါးလာသည်နှင့်အမျှ စိတ်ဖြူစင်သန့်ရှင်းလာသည်။ ကြမ်းတမ်းမှုများမရှိတော့ပါ။ ပျံ့လွင့်မှုများလည်း ခေါင်းပါးလာသဖြင့် ပစ္စုပ္ပန်၌ တည်နိုင်သည့်စိတ် ဖြစ်လာသည်။ အတိတ်အာရုံ၊ အနာဂတ်အာရုံပြုမှု ချုပ်ငြိမ်းသွားသည်။ သို့သော် ခိုင်မြဲမှု အပြည့်အဝ မရှိသေးပါ။

မဟာပလ္လင်ကျင့်စဉ်၌ ဘဝင်ကျပြီး ဖောက်ပြန်မှု ညွှတ်မှု ခံစားမှုကို မမြင်ခဲ့သော ယောဂီသည် ယခုကျင့်စဉ်၏ ဒုတိယဘဝင်သမာဓိ၌ မူလကမ္မဋ္ဌာန်းဖြစ်သည့် ချုပ်မှုသဘော သက်သက်မျှကို တစ်နာရီမျှ သတိပြုရှုနေပါ။ ချုပ်ဆဲ၌ သတိမြဲလာပြီးလျှင် သတိထားမှု တည်ငြိမ်လာသည်။ ထိုသို့ သတိတည်ငြိမ်လာသောအခါ ချုပ်မှုမြဲအောင် အနည်းငယ် လုံ့လစိုက် သတိပြုနေမှုကို လျှော့ချ၍ ချုပ်မှုကို အကြည့်သက်သက် ထားကာမျှဖြင့် သတိထားနေပါ။ ဆိုလိုသည်မှာ ချုပ်မှုသည် သူ့အတိုင်း ချုပ်ချင် ချုပ်နေမည်။ ဗဟိဒ္ဓအာရုံတိုက်ပါက နာမ်တရားများ ပေါ်ချင်လည်း ပေါ်ပါစေတော့ဟူသည့် သဘောနှင့် ချုပ်မှုကို လွတ်လွတ်ထား၍ ရှုနေခြင်းဖြစ်သည်။ ထိုသဘောကို သမာဓုပေက္ခာ(သမာဓိကို ဥပေက္ခာပြုခြင်း) ဟု ခေါ်သည်။ ဓာတ်လေးပါးဖောက်ပြန်မှု ပေါ်လာသည့်အခါ ထိုချုပ်မှုမှ ဦးစီးရာရုပ်သို့ ပြောင်းညွှတ်သည့်နာမ် ပေါ်လာလိမ့်မည်။ အရှုဉာဏ်စိတ်သည်လျှစ်လျူရှုကာ ကြည့်မြဲရှုမြဲအတိုင်းသာနေပါ။ ထိုညွှတ်မှုကို ရှုရင်းမှ ဆက်စပ်လျက်ရှိသော ဖောက်ပြန်မှုနှင့် ခံစားမှုတို့ကို သေချာပေါက် မြင်နိုင်ပါပြီ။

http://www.dhammadownload.com

မဂ်ချမ်းသာ ဖိုလ်ချမ်းသာ ဟူသည် လွယ်လွယ်ကူကူ ပေါ့ပေါ့တန်တန်နှင့် အချောင်အမြတ်ထုတ်၍ မရနိုင်ပါ။ မဂ်တရားဖိုလ်တရားကို ပေါက်မြောက်အောင်မြင်အောင် ကျင့်လိုသော သူသည် မဂ်ချမ်းသာဖိုလ်ချမ်းသာနှင့် ထိုက်တန်သောရင်းနှီးစိုက်ထုတ်မှုနှင့်ကျင့်ကြံမှ၊ ပြည့်စုံသော အချက်အလက်များ ရှိမှရသည်ကို မြတ်စွာဘုရားရှင်သည် ဤကဲ့သို့ ဟောကြားထားသည်။

> "အကြင်မဂ္ဂင်ရထားအား သဒ္ဓါနှင့် ပညာတရားနှစ်ပါးတို့ကို အခါခပ်သိမ်း (ဥပေက္ခာဟူသော) ထမ်းပိုးခြင်း ကအပ်ကုန်၏၊ ရှက်မှု 'ဟိရီ'သည် ရထားသံမည်၏၊ ဝိပဿနာစိတ်(မဂ်စိတ်)သည် ဇက်ကြိုးမည်၏၊ အောက်မေ့မှု 'သတိ'သည် စောင့်ရှောက်သော ရထားထိန်းမည်၏။
>
> (မဂ္ဂင်)ရထားသည် သီလတည်းဟူသော တန်းဆာရှိ၏၊ စျာန်တည်းဟူသော ဝင်ရိုးရှိ၏၊ ဝီရိယတည်းဟူသော ဘီးရှိ၏၊ ဥပေက္ခာသည် ရထားဦးကို တည်ငြိမ်စေ၏၊ အလောဘသည် အကာအရံ ဖြစ်ပေ၏။
>
> မပျက်စီးစေလိုမှု 'အဗျာပါဒ'၊ မညှဉ်းဆဲလိုမှု 'အဝိဟိသ' ဆိတ်ငြိမ်မှု 'ဝိဝေက'သည် အကြင်မဂ္ဂင်ရထား၌ တည်သူ၏ လက်နက်မည်၏၊ သည်းခံခြင်းသည် ချပ်ဝတ်တန်ဆာ မည်၏၊ ထိုမဂ္ဂင်ရထား၌ တည်သူသည် ယောဂ၏ကုန်ရာ (နိဗ္ဗာန်)သို့ ရွေးရွသွား၏။
>
> ပညာရှိတို့သည် မိမိသန္တာန်၌ဖြစ်ပေါ်လာသော အတုမရှိသော ထိုဗြဟ္မယာဉ်တည်းဟူသော မဂ္ဂင်ရထားကို (တက်စီးကြပြီးလျှင်) အောင်ပွဲမှန်သမျှကို စင်စစ်အောင်မြင်ကြ၍ လောကမှ ထွက်မြောက်ကုန်၏။"ဟု (မိန့်တော်မူ၏)။[၁၀]

တရားကျင့်သောယောဂီသည် မြတ်စွာဘုရားရှင် ညွှန်ကြားထားသည့်အတိုင်း မိမိ၏ ကျင့်စဉ်၌ အထက်ပါဗြဟ္မယာဉ်၌ ပါဝင်ဖြည့်ဆည်းရမည့်အချက်များ ပြည့်စုံအောင် ကျင့်ကြံအားထုတ်ရမည် ဖြစ်သည်။

၃၊၂၊၂။ ခံစားမှုဝေဒနာ၏ ဖြစ်မှု ချုပ်မှုကိုရှု၍ ကျင့်စဉ်တက်ပုံ (ကျင့်စဉ်ဒုတိယနည်း)

သုခစွန်း၊ ဒုက္ခစွန်း ဘောင်ချိန်ကျင့်စဉ်နှင့် မဟာပလ္လင်ကျင့်စဉ်တို့မှ ဖောက်ပြန်မှု၊ ညှတ်မှု၊ ခံစားမှုတို့ကို ရှုမြင်နိုင်ခဲ့သော ယောဂီတို့သည် **စိတ္တဝိသုဒ္ဓိဒုတိယဆင့်သို့** ဤကျင့်စဉ် တက်နည်းအတိုင်း ကျင့်ရမည်ဖြစ်သည်။

ဖောက်ပြန်မှု၊ ညှတ်မှု၊ ခံစားမှုတို့ကို ရှုမြင်နိုင်ခဲ့သော ယောဂီတို့သည် ရုပ်ဖောက်ပြန်တိုင်း ခံစားနေသည့်နာမ်၏ လက္ခဏာသက်သက်ကိုသာ ရှုမြင်သည်။ ရုပ်နာမ်တို့၏ သဘောအတိုင်း ထား၍ ရှုနေလျှင် ရုပ်သည်လည်း ပေါ်၍မဆုံး၊ နာမ်ညှတ်မှုလည်း ပေါ်၍မဆုံး၊ ခံစားမှု သဘောလည်းမဆုံး ဖြစ်နေသည်ကို မြင်လာသည်။ ရုပ်တို့သည် တစ်မျိုးပြီးတစ်မျိုး တစ်နေရာပြီး တစ်နေရာ အစဉ်ပြောင်းလဲ ဖြစ်ပေါ်နေ၏။ နာမ်ကလည်း အစဉ်ပြောင်းလဲ ခံစားနေ၏။ ခံစားပြီးလျှင် ရှေ့ဆက်အကြောင်းအကျိုးဆက်မှု ဆုံးနေသည်။ အသစ်အသစ် အာရုံကိုသာ ဆက်ကာခံစား၍ ခံစားမှုတွင်ရပ်ပြီး ဆုံးနေသည်ကို ဉာဏ်ဖြင့် သိလာသည်။ အဆုံးလက္ခဏာ ဖြစ်သော ခံစားမှုဝေဒနာကိုသာ ဆက်ရှုနေသည်။ ခံစားမှုသဘော ဆောင်နေသည့်နာမ်ကို ပိုင်းခြားရှုလျက် သမာဓိတည်လိုက်ခြင်းဖြစ်သည်။ ထိုနာမ်ကိုအာရုံပြု၍ သမာဓိ ထားလိုက်သည်။ ခံစားလိုက် ပျက်လိုက်၊ ခံစားလိုက် ပျက်လိုက်ဖြစ်နေသော သဘောတစ်ခုတည်းကိုသာရှုနေသည်။

ခံစားမှုသဘော "ဖြစ်ဆဲသိ" (သို့) "ပေါ်ဆဲသိ" သတိအစဉ်မပြတ်အောင် ရှုနေသောအခါ ဝေဒနာတည်းဟူသော နာမ်ဓာတ်သည် ဖြစ်မှုမှပျက်၍ ချုပ်မှုသဘောကိုပါ သိလာသည်။

---

[၁၀] မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ မဂ္ဂသံယုတ်၊ အဝိဇ္ဇာဝဂ်၊ ဇာဏုဿောဏိဗြဟ္မဇာသုတ်–၄ နာ–၄

http://www.dhammadownload.com

ထိုဝေဒနာကွန္ဒာ၏ ချုပ်မှုကို မျက်မှောက်ပြုတတ်လာသည်။ ချုပ်ရာကိုလည်း သိလာသည်။ ထိုဝေဒနာကွန္ဒာ၏ ချုပ်မှုသဘောကို တည်ငြိမ်မှုတစ်စွာ သတိထားသောအခါ ဒုတိယအကြိမ် ဘင်ထပ်ကျသည်။ ဆိုလိုသည်မှာ မနောသမ္ဖဿသည် အပြင်အာရုံသို့ ညွှတ်မှုချုပ်ဆုံးမှုကြောင့် ဖောက်ပြန်မှုရုပ်အာရုံကိုယူသည့် စိတ်ဇောအလျင် ချုပ်ခြင်းဖြစ်ကာ ဘင်ကျခြင်းဖြစ်သည်။ အရှုညာဏ်စိတ်သည် ချုပ်မှုသဘောကို ပိုင်းခြားသိလျက် မျက်မှောက်ပြုနေဆဲဖြင့် တည်နေသည်။ ကျင့်စဉ်ပထမနည်း၏ ချုပ်မှုသဘောနှင့် တထပ်တည်းပင် တူညီသည်။

ကျင့်စဉ်ဒုတိယဆင့်တွင် ရှုမြင်နိုင်သည့် အရှုခံအာရုံများ

ဒုတိယဆင့်သမာဓိ (၀၊) ဒုတိယဆင့် စိတ္တဝိသုဒ္ဓိ (ဒုတိယအကြိမ် ဘင်ကျပြီးစိတ်)၏ ရှုမြင်နိုင်သော ရုပ်နာမ်များနှင့် ရရှိသောအကျိုးတရားများမှာ--

၁။ ခန္ဓာကိုယ်ကို အာရုံယူရှုကြည့်ပါက အမှုန်စုအဖြစ် ရှုမြင်နိုင်သည်။
၂။ စိတ်၌ နီဝရဏတရားများနှင့် ထိုထိုပညတ်အာရုံများ နှစ်နာရီခန့်မျှ ချုပ်ငြိမ်းနေသည်။
၃။ မိမိ သူတပါး၏ (၃၂)ကောဋ္ဌာသ ပညတ်နိမိတ်ကို အာရုံပြု၍မရပါ။
၄။ ပူ, တင်း, ထုံ, ကျင် စသော သညာပေးမှုမရှိတော့ပါ။
၅။ ရုပ်ပရမတ် ဖောက်ပြန်မှုကို ဖောက်ပြန်သည်ဟူသော သညာမပေးတော့ပါ။

ကျင့်စဉ်ဒုတိယဆင့် အရှုညာဏ်၌ မပယ်နိုင်ဓသးဓသာ ကြွေးကျန်များ

၁။ စိတ်၌နီဝရဏတရားတို့နှင့် ပညတ်ကိုအာရုံပြုသောစိတ်များ နှစ်နာရီကျော်လျှင် တခါတရံ ပေါ်နေသေးသည်။
၂။ သတိကို အချိန်ကြာစွာ သန့်ရှင်းတည်ငြိမ်အောင် မတည်ထားနိုင်သေးပါ။

မှတ်ချက်။ ။(၁) ကျင့်စဉ်ဒုတိယဆင့်၌ ကျသောဘင်ကို **ဒုတိယဘင်**ဟူ၍ ပညတ်ပါမည်။
(၂) ကျင့်စဉ်ဒုတိယဆင့်၏ စိတ်စင်ကြယ်မှုကို **ဒုတိယအဆင့် စိတ္တဝိသုဒ္ဓိ**ဟု ပညတ်ပါမည်။

၃၂၃။ စိတ္တဝိသုဒ္ဓိကျင့်စဉ် (တတိယဆင့်)

(အဘိဇ္ဈာ ဒေါမနဿမှ စိတ်ကို မိမိဆန္ဒရှိသလောက် သိမ်းဆည်းနိုင်သည့်ကျင့်စဉ်)

ဒုတိယဘင်ကျမှုအတိုင်း နေ၍ မူလကမ္မဋ္ဌာန်းဖြစ်သော စိတ်တို့၏ချုပ်မှုကို သတိဆက်ထားနေသည်။ ချုပ်မှု၌ (၃)နာရီမျှ ကြာလာသောအခါ သတိထားအား မှေးမှိန်လာပြီး မသိမသာ မောဟ ပြန်ကပ်လာသည်။ ငြီးငွေ့သောစိတ်များ၊ ဝီရိယ အားနည်းလာမှုများ ပြန်ပေါ်လာတတ်သည်။ ဥပါဒါန်အာရုံနှင့် ပြန်ပေါင်းလျှင်လည်း ရန်သူနှင့်တိုးမည်။ ပရမတ် ရုပ်နာမ်တို့ကိုလည်း မတွေ့မြင်သေးဟု ဉာဏ်မှာ သိလာသည်။ ထို့ကြောင့် ချုပ်မှုကို အာရုံပြုရာတွင် အချိန်ကြာလာသောအခါ မိမိထားနေသောသတိသည် အားနည်းသွားပြီး ကိလေသာတို့က အချိန်မရွေးစောင့်၍ စိတ်ကို ဝင်ကပ်သည်။ ထို့ကြောင့် မိမိထားသောသတိသည် ရန်သူနယ်မှ မလွတ်မြောက်သေးသည်ကို ပြန်သုံးသပ်မိလာသည်။ ကြာလာသောအခါ သတိအားနည်းလာသည့် အပြစ်ကိုမြင်ပြီးလျှင် နဂိုဒုတိယဘင်ချုပ်မှုကို အာရုံပြုထားသော သတိကိုလုံးဝမလွတ်အောင် ဆက်လက်ကျင့်ရမည်။ ပညတ်ကိုအာရုံပြုသောစိတ်များ ချုပ်နေသည့် သဘောကို ဉာဏ်ဖြင့်အာရုံပြု သတိထားရမည်။ သတိထားလိုမှု အနည်းငယ် လွန်ကဲလျှင်လည်း

http://www.dhammadownload.com

ဇောတက်သည်။ ချုပ်မှုသဘောကို ပိုင်းခြားမမြင်ပဲ အာရုံပြုနေလျှင်လည်း မောဟဖြစ်သည်။ အလိုမပြည့်မှုသဘော ပေါ်လာလျှင်လည်း ဒေါသအနုစား ဖြစ်သည်။ ဤနေရာ၌ အလွန်ဉင်ကြယ်သော သတိဖြစ်ရန် အရေးကြီးသည်။ သန့်ရှင်းသော သတိ၌ မစင်ကြယ်မှုမြူမျှပင် မရှိရတော့ပါ။ အပ်ဖျားပေါ် မုန်ညင်းစေ့ တင်ထားဘိသကဲ့သို့ အမှားမခံတော့ပါ။ တခါတရံ စိတ်ကြည်နေသည့်သဘော၌ သာယာတတ်သည်။ ကြည်နေသည့် အလင်းဓာတ်လည်း ပေါ်တတ်သည်။ ထိုအာရုံတို့၌ တပ်မက်မှုကို စွန့်လွှတ်လျက် စိတ်မရှိပဲ ချုပ်မှုကိုသာ ဉာဏ်ဖြင့် အာရုံပြု သတိထားရမည်။

နံနက်(၅)နာရီမှ (၆)နာရီအတွင်း ဆီးဝမ်းပြုပြင်၍ အာဟာရဖြည့်ပြီး သတိဖြင့် စကြီလျှောက်ပါ။ လိုအပ်လျှင် နံနက်(၆)နာရီမှ (၁၁)နာရီအထိ တရားဆက်ထိုင်ပါ။ နေ့(၁၂)နာရီမှ ည(၁၀)နာရီအထိ တောက်လျှောက်ဆက်ကျင့်ပါ။ (၁၀)နာရီမှ(၁၁)နာရီအထိ ဆီးဝမ်းပြုပြင်ပါ။ (၁၁)နာရီမှနံနက် (၅)နာရီအထိ ဆက်ကျင့်ပါ။ ယခုကျင့်စဉ်သည် ရန်သူကို အပြီးအပိုင် ချေမှုန်းရမည့် နောက်ဆုံးအဆင့်သို့ ရောက်နေပြီ ဖြစ်သောကြောင့် မထတမ်း ကျင့်ရတော့မည် ဖြစ်သည်။ ဤကဲ့သို့ နာရီရှည်ရခြင်းမှာ အချိန်(၃-၄)နာရီကြာမှ လောကီကာမစိတ် တစ်ကြိမ်မျှ ပေါ်သည်။ ဤကဲ့သို့ ပေါ်ရခြင်းမှာလည်း သတိထားမှု မခိုင်ခံ့ မစင်ကြယ်ခြင်းကြောင့်ဖြစ်သည်။ ဤကျင့်စဉ်အတိုင်း ချုပ်မှုသဘောကို တည်ငြိမ်၍စင်ကြယ်သောသတိဖြင့် သိကာမျှဖြင့် တည်မှု မရှိမချင်း အပြင်းအထန် ကျင့်ရမည်ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ မပျော်ပျက်အောင် သတိ ပို၍ထားရမည်။

သတိထားရာတွင် ကြောင့်ကြစိုက်မထားရ။ ကြောင့်ကြမှုသည် လောကီဓလေ့ဖြစ်သည်။ အကုသိုလ် စေတသိက်ဖြစ်သည်။ ဝီရိယစိုက်လွန်လျှင် ပျံ့လွင့်သွားကာ စိတ်ဇောသန်လာ၍ ဘဝင်တုန်မှုဖြစ်လာပြီး သမာဓိပျက်သည်။ သတိအားနည်းလာလျှင် မောဟဖြစ်၍ ပညတ်နှင့် ယှဉ်သောစိတ်များ ပြန်ပေါ်လာသည်။ ချုပ်လိုမှု ဆန္ဒမပြည့်လျှင် ဒေါသဖြစ်လာတတ်သည်။ ရလိုမှုနှင့် မဲ့ရွှေ့နေလျှင် လောဘ ဖြစ်လာသည်။ ထိုလောဘ၊ ဒေါသ၊ မောဟတို့ သတိ၌ မကပ်ငြိမိအောင် ပညာဖြင့်စစ်ဆေးရင်း လောကီကာမစိတ်တို့၏ ချုပ်မှုသဘော သက်သက်မျှကို ပိုင်းခြားအာရုံပြု၍ သတိထားပါ။

တရားကျင့်ကြရာတွင် ရုပ်အုပ်စု နာမ်အုပ်စု ဟူ၍ နှစ်မျိုးရှိရာ နာမ်အုပ်စု၌ သဟိတ်မနောဝိညာဏ် ဦးစီးသည်။ ထိုစိတ်၌ ကိလေသာနှင့် နိဝရဏ, ပညတ်တို့ ကိန်းပြီး ထိုစိတ်၌ပင် သတိ ပညာ ကိန်းနေသည်။* ထို့ကြောင့် သဟိတ်မနောဝိညာဏ်ကိုပင် သဟိတ်မနောဝိညာဏ်နှင့် ပြန်ရှုစရာ ရှိတော့သည် (ရှေ့စိတ်ကို နောက်စိတ်ဖြင့်ရှုခြင်း)။

(၁)နိဝရဏကိန်းသော ရှေ့သဟိတ်မနောဝိညာဏ် ဖြစ်မှုပျက်မှုကို သတိနှင့်ယှဉ်သော နောက်သဟိတ်မနောဝိညာဏ်စိတ်နှင့် ဖြစ်ပျက်ဟု ရှုသောအခါ ရှေ့သဟိတ်မနောဝိညာဏ် ချုပ်သွားသည်။ နောက်အရှုဉာဏ် သဟိတ်မနောဝိညာဏ် အလျင်မပြတ် ထားနိုင်သောအခါ နိဝရဏနှင့်ယှဉ်သော သဟိတ်မနောဝိညာဏ်များ တဒင်္ဂ ဝိက္ခမ္ဘန (တစ်နာရီ) ချုပ်နေသည်။ ထိုချုပ်မှုသည် နှစ်နာရီမျှပင် မနေနိုင်ပဲ ဓာတ်လေးပါးဖောက်ပြန်မှုကြောင့် ဒေါသ၊ ဒေါမနဿ ပေါ်လာပြီး ပျက်စီးရသည်။

(၂)နောက်တစ်နည်းကား ပညတ်နှင့်ယှဉ်သော (ကြားမှု၊ မြင်မှု၊ လှမ်းမှု၊ ကြွမှု စသည့်) ရှေ့သဟိတ်မနောဝိညာဏ်ကို သတိနှင့်ယှဉ်သော ပညတ်ပါသည့် (ကြားတယ်၊ မြင်တယ်၊

* အခန်း(၁)၌ ရှင်းပြပြီး

http://www.dhammadownload.com

လှမ်းတယ်၊ ကြွတယ် စသည့်) နောက်သဟိတ်မနောဝိညာဏ်ဖြင့် မှတ်သည်။ သတိနှင့်ယှဉ်သော ပညတ်ပါသည့် နောက်သဟိတ်မနောဝိညာဏ် အလျင်မပြတ် မှတ်အားကောင်းသောအခါ ပညတ်နှင့်ယှဉ်သော ရှေ့သဟိတ်မနောဝိညာဏ်တို့† ချုပ်သွားသည်။ ထိုချုပ်မှုသည် နှစ်နာရီမျှပင် မနေနိုင်ပဲ ဓာတ်လေးပါး ဖောက်ပြန်မှုကြောင့် ဒေါသ ဒေါမနဿများ ပေါ်လာကာ ပျက်စီးသွားသည်။

(၃)ပညတ်နှင့်ယှဉ်သော ရှေ့သဟိတ်မနောဝိညာဏ်မျိုးစုံတို့ ပေါ်လာလျှင် ပညတ်ပါသည့် နောက်သဟိတ်မနောဝိညာဏ်မှ ဘာမှမရှိဟု ရှုမှတ်ခြင်းကြောင့် ပညတ်နှင့်ယှဉ်သော ရှေ့သဟိတ်မနောဝိညာဏ်မျိုးစုံတို့ ချုပ်သွားသည်။ ထိုချုပ်မှုသည် နှစ်နာရီမျှပင် မနေနိုင်ပဲ ဓာတ်လေးပါး ဖောက်ပြန်မှုကြောင့် ဒေါသဖြစ်ကာ ပျက်စီးသည်။

(၄)ပညတ်နှင့်ယှဉ်သော ရှေ့သဟိတ်မနောဝိညာဏ်မျိုးစုံတို့ ပေါ်လာလျှင် သတိနှင့်ယှဉ်သော ပညတ်မပါသည့် နောက်သဟိတ်မနောဝိညာဏ်ဖြင့် ရှုသောအခါ ပညတ်နှင့်ယှဉ်သော ရှေ့သဟိတ်မနောဝိညာဏ်စိတ်မျိုးစုံ ချုပ်သွားသည်။ သတိသည် ချုပ်မှု၌ အနည်းဆုံး (၈-၉)နာရီမျှ မရွှေ့ရှားပဲ တည်နေနိုင်သည်။ ထိုအချိန်ထက်လည်း နေနိုင်သည်။

အထက်ပါ ကျင့်နည်း(၄)မျိုးတို့သည် ရှုမှုသဘောသည် အတူတူ ဖြစ်သည်။ ချုပ်မှုသဘောလည်း တူသည်။ သို့သော် (၁)၊ (၂)၊ (၃) ကျင့်စဉ်တို့သည် တဒင်္ဂ သီလချုပ် သမာဓိချုပ်မျှပင် ရှိသည်။ အချိန်အနည်းငယ်အတွင်း ပျက်စီးရခြင်းမှာ ထို(၃)နည်းတို့သည် ဒုက္ခန္ဓေကို မပယ်သတ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

အမှတ်(၄)ကျင့်စဉ်သည် ယခုကျမ်းစာ၌ ရေးသားထားသော ကျင့်စဉ်ဖြစ်သည်။ ဒုက္ခဝေဒနာမှ တဏှာကို ပယ်နုတ်ထားသောကြောင့် ဆင်းရဲမှု မရှိတော့သဖြင့် ခန္ဓာဒုက္ခမှ လွတ်မြောက်သွားသောကြောင့် သမာဓိမပျက်ခြင်းဖြစ်သည်။

သတိထားမှု၏သဘော

သတိနွေ့ဖြစ်ရန် စောင့်ထိန်းရပုံ

ရဟန်းတို့ ဥပမာသော်ကား "ကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ် ကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ်"ဟု (ပြောကြကာ) များစွာသော လူအပေါင်းသည် စုဝေးရာ၏၊ ထိုကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ်သည် ကသည်ရှိသော် ကောင်းမြတ်သော ကိုယ်ဟန် အမူအရာရှိရာ၏၊ သီဆိုသည်ရှိသော် ကောင်းမြတ်သော သံနေသံထား အမူအရာရှိရာ၏၊ ရဟန်းတို့ "ကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ်သည် က၏ သီဆို၏"ဟု များစွာသော လူအပေါင်းသည် အတိုင်းထက်အလွန် စုဝေးရာ၏။ ထိုအခါ အသက်ရှင်လိုသော မသေလိုသော ချမ်းသာလိုသော ဆင်းရဲခြင်းကို စက်ဆုပ်သော ယောကျ်ားသည် လာရာ၏ ထိုသူအား "အမောင်ယောကျ်ား ဤအနားနှင့်အညီ ပြည့်နေသောဆီခွက်ကို ပွဲသဘင်ကြီးနှင့် ကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ်၏ အကြားသို့ ဆောင်ယူသွားအပ်၏၊ ထိုဆီကို အနည်းငယ်မျှ ကျသောအရပ်၌ပင် သင်၏ဦးခေါင်းကို ဖြတ်အံ့"ဟု (ပြောကာ) သန်လျှက်မိုးနေသော ယောကျ်ားသည်လည်း သင်၏နောက်မှ အစဉ်လိုက်လတ္တံ့ဟု ဤသို့ ပြောဆိုရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ စင်စစ်အားဖြင့် ထိုယောကျ်ားသည် ထိုဆီခွက်ကို နှလုံးမသွင်းမူ၍ ပြင်ပအာရုံကြောင့် မေ့လျော့ကာ ဆောင်ယူရာသလော၊ အသျှင်ဘုရား ဤသို့ မဖြစ်နိုင်ပါ။

---

† ကြားမှုပေါ်လာလျှင် ကြားသည်ဟုမှတ်ခြင်း၊ ဝမ်းသာမှုဖြစ်လာလျှင် ဝမ်းသာတယ်ဟု မှတ်ခြင်း စသည်

http://www.dhammadownload.com

ရဟန်းတို့ အနက်ကိုသိစေခြင်းငှါ ဤဥပမာကို ငါပြု၏၊ ဤဆိုလတ္တံ့သည်ကား ဤအရာ၌ အနက်ပေတည်း၊ ရဟန်းတို့ "အနားနှင့်အညီ ပြည့်နေသော ဆီခွက်"ဟူသော အမည်သည် ကာယဂတာသတိ၏ အမည်တည်း။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ကျင့်ရမည် "ငါတို့သည် ကာယဂတာသတိကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ် ယာဉ်ကဲ့သို့ ပြုအပ် တည်ရာသကဲ့သို့ ပြုအပ် အဖန်ဖန်တည်စေအပ် အဖန်ဖန်လေ့ကျက်အပ် ကောင်းစွာ အားထုတ်အပ်သည် ဖြစ်လတ္တံ့"၊ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။[၁၁]

အထက်ပါ ဒေသနာတော်တွင် အာရုံပြုလွယ်သည့် ကာယဂတာသတိကိုပင် တည်ငြိမ်အောင် ထားနိုင်ရန် အလွန်မှ သိမ်မွေ့နက်နဲခက်ခဲကြောင်း၊ ကမ္မဋ္ဌာန်းအာရုံ၌ စက္ကန့်ပိုင်းမျှပင် သတိမလစ်ရန် လိုအပ်ကြောင်း၊ ထိုသတိကိုလည်း သိမ်မွေ့နူးညံ့စွာ ထားရမည် ဖြစ်ကြောင်းစသည့် သတိ၏ဂုဏ်ပုဒ်များကို ပေါ်လွင်အောင် မြတ်စွာဘုရား ဟောကြားထားသည်။

ယခု စိတ္တဝိသုဒ္ဓိတတိယဆင့်ကျင့်စဉ်၌ ထားရမည့် သတိသည် အထက်ပါ ကာယဂတာသတိထက် အဆပေါင်းများစွာ စင်ကြယ်၍ တည်ငြိမ်ရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပညတ်နိမိတ်ကင်းသည့် ချုပ်မှု၌ သတိထားရသောကြောင့်ဖြစ်သည်။ ထိုသတိသည် အထူးစင်ကြယ်သော သတိဖြစ်သည်။

ယခုတတိယဆင့် စိတ္တဝိသုဒ္ဓိကျင့်စဉ်ပိုင်းသို့ ရောက်ရှိနေသော အရှုဉာဏ်စိတ်သည် သတိထားမှုပင် ဇောကပ်၍ မရတော့ပါ။ တွေဝေမှုဟူ၍ မြူမှုမရှိရတော့ပါ။ လောကီသညာ အားလုံး မရှိရတော့ပါ။ လောကီကာမဓလေ့ အပြုအမူများ မြူမှုမရှိရတော့ပါ။ အတိတ် အနာဂတ် ပညတ်အာရုံမှ လွတ်မြောက်ရမည်။ ထို့ကြောင့် သတိနှင့်အသိသည် ခိုင်ခံ့စွာ ယှဉ်တွဲသွားရမည် ဖြစ်သည်။ အကုသိုလ်စေတသိက်(၁၄)လုံး သမာဓိအခိုက်၌ တဖန် ပြန်ကပ်နိုင်ခြင်း မရှိအောင် သတိနှင့်အသိ တွဲနေခြင်း ဖြစ်သည်။ ထိုအသိစိတ်ကို စင်ကြယ်သောစိတ်ဟု ခေါ်သည်။ တရားကျင့်သော ယောဂီတို့သည် မိမိ၏အရှုဉာဏ်စိတ်၌ ဤကဲ့သို့ အရည်အချင်းများနှင့် မပြည့်စုံသေးပဲ လက္ခဏာဉာဏ် မဝင်ရပါ။ ထိုသဘောတရားများကို အထူးသတိပြုရမည်။

သန့်ရှင်းတည်ငြိမ် ခိုင်ခံ့သွားသောသတိသည် ချုပ်သဘော၌ ခိုင်ခံ့၍ တည်သွားသောအခါ ရင်ထဲမှ တတိယအကြိမ်မြောက် နူးညံ့သည့် လုပ်ခနဲ, ငြိမ့်ခနဲသဘော ဖြစ်သွားသည်။ တတိယအကြိမ်မြောက် ဘဝင်ကျခြင်းဖြစ်သည်။ ထိုသို့ဖြစ်သွားသည်နှင့်တပြိုင်နက် သတိသည် ဘဝင်အကြည်ကို မျက်မှောက် ပြုလျက်သား တည်နေသည်။ ဘဝင်အကြည်သည် ပရမတ် နာမ်ဓာတ်ဖြစ်သည်။ စိတ်တို့၏ မွေးဖွားရာဌာန ဖြစ်သည်။ ကျင့်စဉ်တတိယဆင့်၌ တည်နေသော သတိသည် တဖန် မှေးမှိန် ပျောက်ကွယ်မှု မရှိတော့သဖြင့် အကုသိုလ်စေတသိက်အုပ်စု သမာဓိအခိုက်အတန့်၌ လုံးဝချုပ်ငြိမ်းသွားသည်။ သတိ ဉာဏ် ပညာသက်သက်မျှ ရှိတော့သည်။

ဤနေရာတွင် အချို့ယောဂီတို့သည် အသိသက်သက်သာ ရှိတော့၏ဟု ပြောဆို၏။ ရှုစိတ်သည် သမာဓိန္ဒြေသို့ ရောက်ရှိသွားသောအခါ စိတ်သည် အလွန် နူးညံ့သိမ်မွေ့သွားသည်။ အဘယ်ကြောင့်ဆိုသော် လောကီကာမပညတ်အာရုံအမျိုးမျိုး၊ လောကီကာမစိတ်အမျိုးမျိုးနှင့် လောကီကာမအပြုအမူအလေ့များ သမာဓိအခိုက်၌ လုံးဝ ချုပ်ငြိမ်းသွားသည်။ ထို့ကြောင့် စိတ်၌ ကပ်ငြိသော အညစ်အကြေးများ တဖန် ပြန်ပေါ်စရာ အကြောင်းမရှိတော့သဖြင့် စိတ်ကို

---

[၁၁] မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ သတိပဋ္ဌာနသံယုတ်၊ နာလန္ဒဝဂ်၊ ဇနပဒကလျာဏီသုတ်-၃၈၆ နှာ-၁၅၃

http://www.dhammadownload.com

ဆူပွက် လှုပ်ရှား ပျံ့လွင့်စေတတ်သည့် အကုသိုလ် စေတသိက်(၁၄)လုံး သမာဓိအခိုက်၌ ချုပ်သွားသည် (သမာဓိချုပ်)။ ထိုစိတ်များ ချုပ်ငြိမ်းသွားခြင်းသည် နိဗ္ဗာန်မဟုတ်ပါ။ စိတ်ကို စင်ကြယ်အောင် ပြုစုရာအကြောင်းလည်း မရှိတော့ပါ။ စင်ကြယ်သောစိတ်သည် မတုန်မလှုပ် ဘဝင်အကြည်ကို မျက်မှောက်ပြုထားနိုင်ပြီဖြစ်သည်။

ဘဝင်အကြည်သက်သက်ကို မျက်မှောက်ပြုနေသော သမာဓိရရှိသော ယောဂီသည် ပစ္စုပ္ပန် အာရုံငါးပါးမှ လွတ်၏။ အတိတ် အနာဂတ် ဓမ္မာရုံမှ လွတ်၏။ ထိုအာရုံတို့နှင့်ယှဉ်သော လောဘ ဒေါသ မောဟ ဒိဋ္ဌိ စသော ကိလေသာတို့မှ ဝိက္ခမ္ဘနပဟာန်အားဖြင့်လွတ်၏။ ထို့ကြောင့် သမ္မာသမာဓိဖြင့်ပြည့်စုံသော သဟိတ်မနောဝိညာဏ်သည် ဘဝင်ကိုသာအာရုံပြုစရာရှိတော့သည်။ **ဆဆက္ကသုတ္တန်အရ မနကိုလည်း မြင်ရမည်ဟု ပါရှိသည်။ ယခုရရှိသော သမာဓိသည် မနဟူသော ဘဝင်အကြည်ကိုမြင်သည့်သမာဓိ ဖြစ်သည်။** ဤဥပေက္ခာဧကဂ္ဂတာသမာဓိအစွမ်းကြောင့်ဘဝင်အကြည်သက်သက်ကိုအာရုံယူ၍ မိမိတည်နေလိုသလောက်တည်နေနိုင်သည်။ ဘဝင်အကြည်သည် ပညတ်ကင်းသောနိမိတ် ဖြစ်သည်။ လောကီကာမပညတ်နှင့်ယှဉ်သော သညာတို့မှလွတ်နေ၏။ သမာဓိန္ဒြေနှင့်ပြည့်စုံပြီဖြစ်၍ သမာဓိကိုနှောင့်ယှက်မည့် ကိလေသာတို့နှင့် ယှဉ်သော သညာမှလွတ်၏။ ဘဝင်အကြည်သည် ကိလေသာနိမိတ်တို့ ချုပ်၏။ ထို့ကြောင့် ထိုသမာဓိသည် နိမိတ်အားဖြင့်ဖြစ်သော သညာမှလွတ်၏။ ထိုသမာဓိသည် အာရုံပေါ်၌ တောင့်တမှုသညာမှလွတ်၏။ ကာမအာရုံနှင့်တကွ ကိလေသာတို့မှ ချုပ်သဖြင့် မှားသော နှလုံးသွင်းခြင်း အားဖြင့်ဖြစ်သော သညာမှလွတ်၏။

ထိုသဘောကို ဒေသနာတော်၌ ဤကဲ့သို့ ဖွင့်ဆိုထားသည်။

> ချုပ်ခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် ဖြစ်ကြောင်းအားဖြင့်ဖြစ်သော သညာမှလွတ်သော ကြောင့် **သညာဝိမောက္ခ**မည်၏၊ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် စွဲယူခြင်းအားဖြင့်ဖြစ်သော သညာမှလွတ်သောကြောင့် **သညာဝိမောက္ခ**မည်၏၊ အနိမိတ္တကို အဖန်ဖန်ရှုသောဉာဏ်သည် နိမိတ္တအားဖြင့်ဖြစ်သော သညာမှ လွတ်သောကြောင့် **သညာဝိမောက္ခ** မည်၏၊ တောင့်တမှုကင်းခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် တောင့်တခြင်းဖြင့်ဖြစ်သော သညာမှ လွတ်သောကြောင့် **သညာဝိမောက္ခ** မည်၏၊ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် မှားသောနှလုံးသွင်းခြင်းအားဖြင့်ဖြစ်သော သညာမှ လွတ်သောကြောင့် **သညာဝိမောက္ခ** မည်၏။[၁၂]

ကိလေသာများကို စောင့်ထိန်းစရာ မလိုတော့သည့်အတွက်ကြောင့် သီလဝိသုဒ္ဓိမည်၏။ ညစ်ညူးစေသော ထိုကိလေသာများ ချုပ်ငြိမ်းသွားသော စိတ်၏သန့်ရှင်းစင်ကြယ်ခြင်းသည် စိတ္တဝိသုဒ္ဓိ မည်၏။ စိတ်ကို တုန်လှုပ်စေသော အကြောင်းသိမ်းသွားသဖြင့် သမာဓိန္ဒြေမည်၏။

ဘဝင်အကြည်သက်သက် တစ်ခုတည်းကိုသာ မျက်မှောက်ပြုထားသဖြင့် မိုးရွာထဲ၌ အဖုံးမဖွင့်မိပဲ မိုးရေခံဘိသကဲ့သို့ ပစ္စုပ္ပန်တိုက်ဆိုင်ဆဲ အာရုံတို့ကြောင့်ဖြစ်ပေါ်လာမည့် သဘာဝ ရုပ်နာမ်အစဉ်တို့သည် ဘဝင်အကြည်တွင် ပေါ်ရမည်ကို အရှုဉာဏ်စိတ်က ကာကွယ်ထားသလို ဖြစ်နေ၍ ဘဝင်အကြည် သက်သက်၌ မမွှာရုံ ရုပ်နာမ်တရားများ ဖြစ်ခွင့်မရပဲ ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် သမာဓိန္ဒြေဖြင့် ပြည့်စုံနေသော သဟိတ်မနောဝိညာဏ်စိတ်သည် ဘဝင်အကြည်ကိုသာ အလျင်မပြတ် ပြန်ညွှတ်ပြီး အာရုံ ယူထားသောကြောင့် ဖြစ်သည်။ ဘဝင်အကြည်သက်သက်ကိုသာ နာရီပေါင်းများစွာ အာရုံယူထားခြင်း ဖြစ်သည်။

---

[၁၂] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်၊ မဟာဝဂ်၊ ဝိမောက္ခကထာ၊ အကျယ်ပြခြင်း နာ-၂၉၃

http://www.dhammadownload.com

ထိုသမာဓိဖြင့် တည်နေသော အရှုညာဏ်စိတ်သည် ဘဝင်အကြည်မ့လွှဲ၍ မည်သည့် လောကီပညတ် အာရုံကိုမျှ အာရုံမပြု။ ထို့ကြောင့် လောကီပညတ်အာရုံနှင့်ယှဉ်သော စိတ္တသခ်ါရအားလုံး၊ ပရမတ်အာရုံကို သညာပေးသော စိတ္တသခ်ါရအားလုံး သမာဓိအခိုက်၌ မရှိတော့ပေ။ ထို့ကြောင့် ထိုသဘောကို သညာမရှိဘူးဟူ၍လည်း ဆိုနိုင်သည်။ တကယ်လုံးဝ မရှိဘူးလားဟု ဆိုလျှင်လည်း မရှိဘူးဟူ၍လည်း မဆိုသာပါ။ အဘယ့်ကြောင့်ဆိုသော် စိတ်ရှိနေသရွေ့ သညာ ရှိနေမည်ဖြစ်သည်။

ဆက်၍ ကျင့်စဉ်တက်ရန် ဘဝင်အကြည်သက်သက်ကို လုံးဝမျက်မှောက်ပြုနေမှုအား ခွာ၍ ဘဝင်အကြည်နှင့် ပရမတ်အာရုံတို့၏ သဘောကို ပြန်ရှုရမည် ဖြစ်သည်။ ဘဝင်အကြည်သက်သက်ကို မျက်မှောက်ပြုနေခြင်းကို ခွာလိုက်ခြင်းသည် ဒွါရခြောက်ပေါက်လုံးကို စွန့်လွှတ်လိုက်ခြင်း(ဆဋ္ဌဂုံပေက္ခာ) ဖြစ်သည်။ တရားကျင့်သောယောဂီသည် ဒွါရခြောက်ပေါက်တို့၏ ရုပ်နာမ်သဘောကို ရှုနိုင်ရန်အတွက် ဤကဲ့သို့ **ဒွါရခြောက်ပေါက်လုံးကို စွန့်နိုင်သော အရှုညာဏ်အင်္ဂါရပ်နှင့် ပြည့်စုံရမည်။**

> ရဟန်းတို့ ဤ(ဘဝင်)စိတ်သည် ပြိုးပြိုးပျက် တောက်ပ၏၊ ထိုစိတ်သည်ပင် (အကုသိုလ်ဇောခဏ၌) ဧည့်သည်သဖွယ် ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့ကြောင့် ညစ်ညူးရ၏၊ ထို(အခြင်းအရာ)ကို အကြားအမြင် မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ဟုတ်တိုင်းမှန်စွာမသိ၊ ထို့ကြောင့် "အကြားအမြင် မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အား စိတ်ကို ပွားများခြင်းမရှိ"ဟု ငါဆို၏။
>
> ရဟန်းတို့ ဤ(ဘဝင်)စိတ်သည် ပြိုးပြိုးပျက် တောက်ပ၏၊ ထိုစိတ်သည်ပင် (ကုသိုလ်ဇောခဏ၌) ဧည့်သည်သဖွယ် ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့မှ ကင်းလွတ်၏၊ ထို(အခြင်းအရာ)ကို အကြားအမြင်ရှိသော အရိယာသာဝကသည် ဟုတ်တိုင်းမှန်စွာသိ၏၊ ထို့ကြောင့် "အကြားအမြင်ရှိသော အရိယာသာဝကအား စိတ်ကို ပွားများခြင်းရှိ၏"ဟု ငါဆို၏။[၁၃]

အထက်ပါ ဘုရားရှင်ဟောကြားသော ဒေသနာတော်၌ ပြိုးပြိုးပျက်ပျက် တောက်ပသော ဘဝင်စိတ်သည် အကုသိုလ်ဇောခဏ၌ ညစ်ညူး၍ ကုသိုလ်ဇောခဏ၌ "ညစ်ညူးကြောင်း ကိလေသာတို့မှ ကင်းလွတ်၏" ဟု ပါရှိသည်ကို သတိပြုရမည်။ စိတ္တဝိသုဒ္ဓိ တတိယဆင့်၌တည်သော သမာဓိသည် ကိလေသာတို့မှ လွတ်မြောက်သွားသဖြင့် ဘဝင်အကြည်သက်သက်ကို မျက်မှောက်ပြုထားနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဤကျမ်း၌ ရေးသားထားသော ကျင့်စဉ်တို့သည် ဘုရားရှင်အလိုတော်ကျ ဖြစ်သည်မှာ ထင်ရှားနေသည်။

ဘဝင်အကြည်မှ ခွာပုံဥပမာ

မိမိခြံဝန်းအတွင်း၌ အမှိုက်များ စုပုံမီးရှို့ရာတွင် မီးကြွင်းမီးကျန်မရှိရအောင် ရေပုံးနှင့် သဲများဖြင့် ပက်ဖျန်းငြိမ်းသတ်၏။ ရေကိုလည်း အိုင်ထွန်းနေအောင် လောင်းထားသည်။ ထိုမီးသတ်သောသူသည် မီးကြွင်း မီးကျန်မရှိတော့ဘူးဟု ယူဆလိုက်ပြီးလျှင် မီးသတ်ရန် အကြောင်းငြိမ်းပြီဖြစ်၍ ဆက်သတ်ရန် မလိုတော့သဖြင့် ပြာပုံကို အာရုံပြုစောင့်ရှုမှုကို စွန့်လွှတ်လိုက်သည်။ ထိုနည်းတူစွာ လောကီပညတ် အာရုံအမျိုးမျိုးကို သညာပေးမည့်စိတ် နောက်တဖန် ပြန်ဖြစ်စရာအကြောင်းမရှိတော့သည်ကို သိလိုက်သည်နှင့်တပြိုင်တည်း ချုပ်ဆဲကို စောင့်ရှုမှုအလုပ်ကို စွန့်လွှတ်လိုက်သည်။ ထိုအခါ ဘဝင်အကြည်ကို အာရုံပြုမှု ခွာလိုက်ပြီ

---

[၁၃] အင်္ဂုတ္တိရ်ပါဠိတော် မြန်မာပြန်၊ စကကနိပါတ်၊ အစ္ဆရာသဃ်ာတဝဂ်၊ ပဌမသုတ်၊ ဒုတိယသုတ် နှာ–၁၂

http://www.dhammadownload.com

ဖြစ်သည်။ ဘဝင်အကြည်ကို ရှုမြင်နိုင်ပြီဖြစ်သဖြင့် ကျန်ဒွါရငါးပေါက်မှ အကြည်ငါးစုံကိုလည်း အာရုံနှင့်တိုက်ဆိုင်ဆဲ၌ ရှုမြင်နိုင်ပြီဖြစ်သည်။ **ဆဆက္ကသုတ္တန်အရ အကြည်ခြောက်စုံကို ရှုမြင်နိုင်ပြီဖြစ်သည်။**

> ငါ့သျှင်သာရိပုတြာ "သက်သာရာသို့ရောက်သူ သက်သာရာသို့ ရောက်သူ"ဟု ဆိုအပ်၏။ ငါ့သျှင်၊ အဘယ်မျှဖြင့် သက်သာရာကို ရောက်သူ ဖြစ်ပါသနည်းဟု မေး၏။ ငါ့သျှင်၊ ရဟန်းသည် တွေ့ထိမှု၏ တည်ရာ 'ဖဿယတန'တို့၏ ဖြစ်ကြောင်းကိုဋင်း ချုပ်ခြင်းကိုဋင်း သာယာဖွယ်ကိုဋင်း အပြစ်ကိုဋင်း ထွက်မြောက်ရာကိုဋင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ငါ့သျှင် ဤမျှဖြင့် သက်သာရာသို့ ရောက်သူဖြစ်၏ဟု မိန့်ဆို၏။[၁၄]

ထို့ကြောင့် ပရမတ်ရုပ်ဖြစ်သော ဘဝင်အကြည်ကို ရှုမြင်နိုင်သဖြင့် ထိုဘဝင်အကြည်တွင် ကျရောက်ဆဲ ဓမ္မာရုံနှင့်တကွ ယှဉ်ဖက်ရုပ်နာမ်တို့ကို ရှုမြင်နိုင်ပြီ ဖြစ်သည်။

ငယ်ထိပ်မှာပဲထား၍လည်းကောင်း၊ ဖောင်းတယ် ပိန်တယ်ဟူ၍ မှတ်ခြင်းဖြင့် လည်းကောင်း၊ ရှေ့စိတ်ကို နောက်စိတ်ဖြင့် ရှုခြင်းဖြင့်လည်းကောင်း၊ အာနာပါန ပြင်းပြင်းဖြစ်စေ၊ ပျော့ပျော့ဖြစ်စေ ရှူရှိုက်ခြင်းဖြင့်လည်းကောင်း၊ ခဏိကသမာဓိဖြင့် တရားကျင့်၍လည်းကောင်း၊ သုဒ္ဓဝိပဿနာနည်းဖြင့် ကျင့်၍လည်းကောင်း၊ အမျိုးမျိုးသော နည်းတို့ဖြင့် တရားပြ တရားအားထုတ်နေကြသည်။ အကြည်ခြောက်စုံ၊ ဝိညာဏ်ခြောက်လုံး မမြင်သေးက တရားစစ် တရားမှန် မမြင်သေးဟူ၍ မှတ်ယူပါ။

ဈေးဗန်းဥပမာ

ဤ၌ ဘဝင်အကြည်ကို ခွာ၍ (ဆဋ္ဌဂုံပေကွာ) (ဝါ) ဘဝင်သက်သက်အတိုင်း လွတ်လွတ်ထားပြီး ရှုကြည့်ခြင်းသဘောကို ဥပမာဖြင့်ပြရသော် ဈေးသည်သည် ဈေးဝယ်သူတို့ ဈေးဝယ်နိုင်ရန် မိမိ၏ ပစ္စည်းများကို မိမိ၏ရှေ့၌ ဖြန့်ခင်းလိုက်ပြီး မည်သည့်ဈေးဝယ်သူက မိမိဈေးဗန်းထဲမှ ပစ္စည်းတစ်မျိုးမျိုး လာဝယ်မည်ကို စောင့်ကြည့်နေခြင်းနှင့်တူသည်။ ထိုဥပမာအတိုင်း ဘဝင်အကြည်ကို ခွာပြီးပါက ဘဝင်အကြည်သို့ ကျရောက်လာမည့် ဓမ္မဓာတ်များကို ရှုနေနိုင်သည်။

စိတ်ချုပ်တိုင်းနိဗ္ဗာန်မဟုတ်

ယခုရေးသားခဲ့ပြီးသော စိတ္တဝိသုဒ္ဓိတတိယဆင့်ကျင့်စဉ် တတိယဘဝင်သမာဓိတွင် အတိတ် အနာဂတ် ပစ္စုပ္ပန်အာရုံ အမျိုးမျိုးနှင့်တကွ ယှဉ်ဖက် သညာ စသော စိတ္တသခ်ါရ အားလုံးတို့သည်(၈-၉)နာရီမျှကြာသည့်တိုင်အောင် တစ်ကြိမ်မျှပြန်ပေါ်လာခြင်းမရှိပဲချုပ်နေသည်။ ထိုသို့ စိတ္တသခ်ါရများနှင့်အတူ လောဘ၊ ဒေါသ၊ မောဟစသော (၁၅၀၀)ကိလေသာတို့ပါ ချုပ်ငြိမ်းနေသည်။ ၎င်းချုပ်ငြိမ်းခြင်းသည် တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် သီလချုပ် သမာဓိချုပ်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဝိပဿနာ၏အရှုခံဖြစ်သော (၃၆)မျိုးသော ပရမတ်ရုပ်နာမ်တို့ လုံးဝ မမြင်ရသေးသောကြောင့် ဖြစ်သည်။ ဆင်တူရိုးမှား ဖြစ်တတ်သည်။

ပညတ်အာရုံနှင့် အတိတ်အနာဂတ် နှလုံးသွင်းသောစိတ်သည် ဖြစ်တတ်ပျက်တတ်သော သဘောရှိသည်။ ထိုဖြစ်ပျက်နေသောစိတ်အားလုံးပေါ်လာလျှင် နောက်စိတ်ဖြင့် ဘာမှမရှိဘူးဟူ၍ အလျင်မပြတ် ဆက်တိုက်ရှုသောအခါ ဘာစိတ်မှ ဖြစ်မလာတော့ပဲ စိတ္တသခ်ါရများ တဒင်္ဂအားဖြင့်

---

[၁၄] သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ ဇမ္ဗုဝါဒကသံယုတ်၊ အဿာသပွတ္တသုတ်–၃၁၈ နှာ–၄၄၅

http://www.dhammadownload.com

ချုပ်သွားသည်။ ထိုချုပ်မှုကို နိဗ္ဗာန်ဟု အဖြေထုတ်၍ တရားပြတရားကျင့်နေကြသည်။ သမထယာနိကအားဖြင့် ပဌမစျာန်၊ ဒုတိယစျာန် စသည့် စျာန်အဆင့်ဆင့် တက်ပုံလည်းမပါ၊ ဝိပဿနာယာနိကအားဖြင့် (၃၆)မျိုးသော ရုပ်နာမ်နှင့်တကွ လက္ခဏာရေးသုံးပါးလည်းမပါ၊ သောတာပတ္တိမဂ် သကဒါဂါမိမဂ် စသည့် မဂ်တစ်စဉ် လည်းမပါသဖြင့် ဘာမှမရှိဟူ၍ ရှုမှုကြောင့် ချုပ်မှုသည် နိဗ္ဗာန်အစစ်မဟုတ်ပါ။ သစ္စာလေးပါးလည်း ပြစရာမရှိ ဖြစ်နေသည်။ ဤသဘောကိုသိရန် မြတ်စွာဘုရားရှင်သည် ဤသို့ဟောထားသည်။

> ငါ့သျှင် ဘာမျှမရှိ ဟူသော လွတ်မြောက်သောစိတ် (သမာပတ်)ဟူသည် အဘယ်နည်း။ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် အချင်းအရာ အားလုံးအားဖြင့် ဝိညာဏ်ဆွယ်တန စျာန်(အာရုံ)ကို လွန်မြောက်၍ "ဘာမျှမရှိ"ဟု အာကိဉ္စညာယတန သမာပတ်ကို ပြည့်စုံစေ၍ နေ၏။ ငါ့သျှင် ဤနေခြင်းကို ဘာမျှမရှိ ဟူသော လွတ်မြောက်သောစိတ် (သမာပတ်)ဟု ဆိုရ၏။[၁၅]

ချုပ်ခြင်းသည်နိဗ္ဗာန် မည် မမည်ပြဿနာ

မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ချုပ်ခြင်းသည် နိဗ္ဗာန်မည်သလော"ဟု မေးလျှောက်၏။ မင်းမြတ် ချုပ်ခြင်းသည် နိဗ္ဗာန်မည်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အဘယ်သို့လျှင် ချုပ်ခြင်းသည် နိဗ္ဗာန်ပါမည်သည်နည်းဟု (မေးလျှောက်၏)။ မင်းမြတ် ပုထုဇဉ်မိုက်အားလုံးတို့သည် အတွင်းအပဖြစ်သော အာယတနတို့ကို အလွန်နှစ်သက်ကုန်၏၊ အလွန်စွဲလမ်းပြောဆိုကုန်၏၊ အဆုံးတိုင် သက်ဝင်၍ တည်ကုန်၏၊ ထိုပုထုဇဉ်မိုက်တို့သည် ထိုတဏှာရေအယဉ်ဖြင့် မျောပါကုန်၏၊ ပဋိသန္ဓေနေရခြင်း အိုရခြင်း နာရခြင်း သေရခြင်း ပူဆွေးရခြင်း ငိုကြွေးရခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်း ဘေးတို့မှမလွတ်ကုန်၊ ဆင်းရဲအပေါင်းမှ မလွတ်ကုန်ဟု (ဘုရားစကားနှင့်အညီ) ငါဆို၏။ မင်းမြတ် ထိုမှပြန်သောနည်းအားဖြင့် အကြားအမြင်ရှိသော အရိယာတပည့်သည်ကား အတွင်းအပဖြစ်သော အာယတနတို့ကို အလွန်နှစ်သက်မှုမရှိ၊ အလွန်စွဲလမ်းပြောဆိုမှုမရှိ၊ အဆုံးတိုင် သက်ဝင်၍မတည်၊ ထို(အတွင်းအပ၌ဖြစ်သော) အာယတနတို့ကို မနှစ်သက်သော အလွန်စွဲလမ်း ပြောဆိုမှုမရှိသော ထိုအရိယာတပည့်အား တပ်မက်မှု'တဏှာ'သည် ချုပ်၏၊ တပ်မက်မှု 'တဏှာ'ချုပ်ခြင်းကြောင့် ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'ချုပ်၏၊ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ'ချုပ်၏၊ ပဋိသန္ဓေနေခြင်း'ဇာတိ'ချုပ်ခြင်းကြောင့် အိုခြင်း သေခြင်းသည်၎င်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည်၎င်း ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ထိုဆင်းရဲအစုချုပ်၏၊ မင်းမြတ်- ဤသို့လျှင် ချုပ်ခြင်းသည် နိဗ္ဗာန်မည်၏ဟု (မိန့်တော်မူ၏)။[၁၆]

အထက်ပါ နိရောဓနိဗ္ဗာနပဉှာ၌

(က)"အတွင်းအပဖြစ်သော အာယတနတို့ကို အလွန်နှစ်သက်မှုမရှိ။ အဆုံးတိုင် သက်ဝင်၍မတည်။"

(ခ)"ထို(အတွင်းအပ၌ဖြစ်သော) အာယတနတို့ကို မနှစ်သက်သော အလွန်စွဲလမ်း ပြောဆိုမှုမရှိသော ထိုအရိယာတပည့်အား တပ်မက်မှု'တဏှာ'သည် ချုပ်၏--ပ--'ဇာတိ'ချုပ်၏" ဟူ၍ ပါရှိသည်။

အထက်ပါ(က)၌ **"အတွင်းအပ ဖြစ်သော အာယတန"** ဟု ဆိုထားခြင်းနှင့် အာသီဝိသောပမသုတ္တန် အရ ရွာကြီးခြောက်ရွာ၊ အိမ်ကြီးခြောက်လုံး၌ စားစရာ ဘာမျှမရှိဟူသော သဘောနှင့် တူညီနေသည်။ ထို့ကြောင့် "အလွန်နှစ်သက်မှုမရှိ၊ အလွန်စွဲလမ်းပြောဆိုမှုမရှိ" ဟု

---

[၁၅] မူလပဏ္ဏာသပါဠိတော် မြန်မာပြန်၊ စူဠယမကဝဂ်၊ မဟာဝေဒလ္လသုတ်-၄၅၉ နှာ-၃၈၅

[၁၆] မိလိန္ဒပဉှာပါဠိတော် မြန်မာပြန်၊ နိဗ္ဗာနဝဂ်၊ နိရောဓနိဗ္ဗာနပဉှာ-၈ နှာ-၇၇

http://www.dhammadownload.com

ဆိုရာ၌လည်း နှစ်သက်စရာ၊ စွဲလမ်းစရာ မရှိသော ဆဆက္ကပရမတ်ရုပ်နာမ်များကို ပိုင်းခြားသိနှင့်နေပြီးဖြစ်သည်ကို သတိပြုရမည်။

ထိုကဲ့သို့ ပိုင်းခြားမြင်သော အရှုဉာဏ် မနောဝိညာဏ်သည် အတွင်းအပြင် အာရုံတို့အပေါ်၌ တပ်မက်မှုတဏှာချုပ်၏။ ထိုတပ်မက်မှုတဏှာချုပ်ခြင်းကြောင့် ပြင်းစွာစွဲလမ်းမှု ဥပါဒါန်ချုပ်၏။ ထိုဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်၏။

အထက်ပါ ရှင်းပြခဲ့သည့်အတိုင်း တရားကျင့်သောယောဂီသည် အတွင်းအပြင်ဖြစ်သော အာယတနတို့ကို ပိုင်းခြား မရှုမြင်ရသေးပဲနှင့် တဏှာ, မာန, ဒိဋ္ဌိဖြင့် ကိန်းနေသော စိတ္တသခ်ါရများကို အရှုဉာဏ်ဖြင့် ရှုအားသန်စွာ ရှုသောအခါ ချုပ်သွားသည်မှာ တဒင်္ဂ်, ဝိက္ခမ္ဘနချုပ်ပင်ဖြစ်ပြီး မဂ်ချုပ် မဟုတ်သဖြင့် ထိုချုပ်မှုကို သီလချုပ် သမာဓိချုပ်သာ မှတ်ယူရမည်။ ထိုသီလချုပ် သမာဓိချုပ်ကိုပင် (၈-၉)နာရီမျှ မဖောက်မပြန် လုံခြုံစွာ ကွန္ဒြေမပျက်ပဲ မြဲမှုရှိမရှိကိုပင် မှတ်တမ်းတင်ကြည့်ပါ။

ယခု ရေးသားဖော်ပြခဲ့သော တတိယဘဝင်ကျပြီး ဘဝင်အကြည်သက်သက်ကို တည်နေဆဲစိတ် (၀၀) ရောက်ရှိသွားသောစိတ်သည်

၁။ တစ်ခုတည်းသော ဘဝင်အကြည်ကိုသာ အာရုံပြုနေခြင်း
၂။ ကောင်းစွာ (ကိလေသာ ဝိက္ခမ္ဘနပဟာန်အားဖြင့် ချုပ်ခြင်း) တည်နေခြင်း
၃။ ဘဝင်သက်သက်မျှကိုသာ သက်ဝင်၍ တည်နေခြင်း
၄။ ဘဝင်တည်းဟူသောအာရုံမှ မရွေ့လျားပဲ တည်နေခြင်း
၅။ ဘဝင်မှ မပျံ့လွင့်ပဲ တည်နေခြင်း
၆။ ဘဝင်ကိုအာရုံပြုသော စိတ်၏ မရွေ့လျားခြင်း
၇။ သမာဓိန္ဒြေနှင့်ယှဉ်သောစိတ်သည် ဘဝင်တည်းဟူသော ထိုသမထအာရုံ၌ တည်နေခြင်း
၈။ စိတ်၌ မောဟ၊ အဘိဇ္ဈာ၊ ဒေါမနဿတို့ ချုပ်ငြိမ်းနေသဖြင့် သမ္မာသမာဓိနှင့် ပြည့်စုံနေခြင်း
၉။ သတိနှင့် ဧကဂ္ဂတာစေတသိက်တို့ စိတ်ကို ခိုင်မြဲစွာ အုပ်ချုပ်ထားသဖြင့် သမာဓိန္ဒြေဖြင့် ပြည့်စုံခြင်း
၁၀။ စိတ်၌အားကြီးသော ဧကဂ္ဂတာစေတသိက် အုပ်ချုပ်ထားသဖြင့် သမာဓိဗိုလ်နှင့် ပြည့်စုံခြင်း

စသော အင်္ဂါရုပ်များနှင့် ပြည့်စုံသွားသည်။ ထိုသဘောသည် အောက်ပါဒေသနာဖြင့် ကိုက်ညီသွားသည်။

စိတ္တသေကဂ္ဂတာ၏သဘော

ထိုအခါ၌ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တသေကဂ္ဂတာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၏တည်မှု 'စိတ္တသဏ္ဌိတိ'၊ ကောင်းစွာတည်မှု 'သဏ္ဌိတိ'၊ သက်ဝင်၍တည်မှု 'အဝဋ္ဌိတိ'၊ မရွေ့ရှားမှု 'အဓိသာဟရ'၊ မပျံ့လွင့်မှု 'အဓိကွေ့ပ'၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု) 'အဓိသာဟဋမာနသတာ'၊ ငြိမ်သက်မှု 'သမထ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' သည်(ရှိ၏)။ ထိုအခါ၌ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တသေကဂ္ဂတာ' ဟူသည် ဤသဘောဖြစ်၏။

ကိလေသာရန်သူတို့ အကြွင်းမဲ့ ချုပ်ငြိမ်းမှသာလျှင် ခန္ဓာအစဉ်ဒုက္ခမှ ငြိမ်းအေးမည်ဟု ယုံကြည်မှုသဒ္ဓါဖြင့် ယင်းတို့ကို စက္ကန့်မခြား တော်လှန်ကာအနိုင်တိုက်၍ ကိလေသာချုပ်ငြိမ်းသော

http://www.dhammadownload.com

ဘဝင်အကြည်ကို ခိုင်ခံ့စွာ အုပ်ချုပ်ထားနိုင်ပြီဖြစ်သည်။ ထိုသဘောကို မြတ်စွာဘုရားရှင်သည် အောက်ပါဒေသနာအတိုင်း ဟောကြားထားသည်။

သဒ္ဓိန္ဒြေ၏သဘော

ထိုအခါ၌အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ယုံကြည်မှု 'သဒ္ဓါ'၊ ယုံကြည်ပုံအခြင်းအရာ 'သဒ္ဒဟနာ'၊ သက်ဝင်ပုံအခြင်းအရာ 'သြကပ္ပနာ'၊ အလွန်ကြည်လင်မှု 'အဘိပ္ပသာဒ'၊ ယုံကြည်မှု 'သဒ္ဓါ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်'သည်(ရှိ၏)။ ထိုအခါ၌ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

ဝိပဿနာယာနိကအားဖြင့် ကျင့်စဉ်တက်သည်ဖြစ်စေ၊ သမထယာနိကအားဖြင့် ကျင့်စဉ်တက်သည် ဖြစ်စေ စိတ္တဝိသုဒ္ဓိ (ခေါ်) သမ္မာသမာဓိသည် ပေါ့ပေါ့တန်တန် လွယ်လွယ်ကူကူနှင့် ရောက်အပ်သည့် တရားမျိုးမဟုတ်ပေ။ တဏှာကိလေသာတို့သည် သံသရာအစမထင်ကတည်းက ဘဝအစဉ် စွဲမြဲစွာ စိတ်အစဉ်ကို အုပ်ချုပ်လာခဲ့သည်။ ထိုတဏှာကို စိတ်၌ မကပ်ငြိအောင် ပြင်းထန်သော ဝီရိယဇွဲလုံ့လတို့ဖြင့် စက္ကန့်အချိန်မျှပင် မအားတမ်း မနားတမ်း မပျင်းမရိ ဖယ်ထုတ်ရသည်။ ကိလေသာ မငြိမ်းမချင်း မိမိ၏ ကိလေသာမှ လွတ်လိုသောဆန္ဒ၊ ခန္ဓာဒုက္ခ၏ ဆင်းရဲကို သည်းခံမှု၊ ရဲဝံ့မှု၊ အနှုံးမပေးလိုမှု၊ မြဲမြံစွာအားထုတ်မှု၊ လုံ့လပြုမှုကို မလွှတ်မှု၊ အောင်မြင်သည့်တိုင်အောင် အားထုတ်မှုတို့ဖြင့် ကျင့်ကြံလာခဲ့ရသည်။ တရား အားထုတ်သည် ဆိုသည်မှာ လွယ်လွယ်ပြော၍ရသော်လည်း လက်တွေ့ကျင့်ရာတွင် ပြောပြရန် ခက်သလောက် နက်နဲသည်။ တစ်ချိန်ကျင့်လျှင် (၉-၁၀)နာရီဖြင့် (၂၄)နာရီပတ်လည်လှည့်ကာ အားထုတ်နိုင်ပြီး ကျင့်စဉ်မှန်မှလည်း အောင်မြင်နိုင်သည်။ ထိုဝီရိယတည်းဟူသော အားစိုက်လုံ့လပြုမှုကို မြတ်စွာဘုရားရှင်သည် အောက်ပါဒေသနာတော်အတိုင်း ဟောကြားထားသည်။

ဝီရိယိန္ဒြေ၏သဘော

ထိုအခါ၌ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ' ဟူသည်အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင်လုံ့လအားထုတ်မှု 'ဝီရိယာရမ္ဘ'၊ ပျင်းရိခြင်းမှထွက်မြောက်မှု 'နိက္ကမ'၊ **အဆင့်ဆင့်တိုးတက်အားထုတ်မှု 'ပရက္ကမ'၊ အထက်သို့တက်၍ ကြိုးပမ်းမှု (မြင့်သည်ထက်မြင့်အောင်- အထက်ရောက်အောင်ကြိုးပမ်းမှု) 'ဥယျာမ'၊** လုံ့လစိုက်မှု 'ဝါယာမ'၊ **ဆင်းရဲကိုသည်းခံမှု 'ဥဿာဟ'၊ အပြင်းအထန်ကြိုးစားမှု 'ဥဿောဠှိ'၊** ခိုင်မြဲမှု 'ထာမ'၊ ဆောင်ထားမှု 'ဓိတိ'၊ **မလျော့သောအားထုတ်မှု ရှိသူ၏အဖြစ် 'အသိထိလ ပရက္ကမတာ'၊ မချအပ်သော အလိုဆန္ဒရှိသူ၏အဖြစ် 'အနိက္ခိတ္တဆန္ဒတာ'၊ မချအပ်သော တာဝန်ရှိသူ၏အဖြစ် 'အနိက္ခိတ္တဓုရတာ'၊** တာဝန်ကိုကောင်းစွာထမ်းဆောင်မှု 'ဓုရသမ္ပဂ္ဂါဟ'၊ **ရဲဝံ့သူ(ရဲရင့်သူ)တို့၏ အလုပ်ဟူသော ရဲရင့်မှု 'ဝီရိယ'၊** အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ **မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊** ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ' သည်(ရှိ၏)။ ထိုအခါ၌ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ' ဟူသော ဤသဘောဖြစ်၏။

အထက်ပါဒေသနာ၌ "ပျင်းရိခြင်းမှထွက်မြောက်မှု"ဟု ပါရှိသည်။ ကျရိယာပုထ်ကို မပြင်ပဲ အချိန်ကြာမြင့်စွာ တရားမကျင့်ချင်ဘူးဆိုသည်မှာ ပျင်းရိနေခြင်း (၀ါ) ဝီရိယအား မစိုက်ထုတ်ခြင်း ဖြစ်သည်။ အဆင့်ဆင့် တိုးတက်အောင် အားမထုတ်ချင်ခြင်း ဖြစ်သည်။ ပျင်းရိဖွယ်ဟု စွဲယူထားသောအလုပ်ကို လုပ်ရခြင်းသည် ဆင်းရဲသည်။ ဆင်းရဲကို သည်းမခံနိုင်မှု၊ အပြင်းအထန် အားမထုတ်လိုမှု၊ တာဝန်ကို စွန့်လွှတ်မှု၊ အနှုံးပေးမှုတို့သည် ဝီရိယအားနည်းခြင်းဖြစ်သည်။

http://www.dhammadownload.com

ဝိရိယအား မရှိသဖြင့် တရားကျင့်ချိန် တစ်နာရီ သတ်မှတ်၍ ကွရိယာပုထိ တပါးပြောင်း တပါးပြောင်း ကျင့်ရမည်ဟု ညွှန်ကြားဟောပြော နေကြခြင်း ဖြစ်သည်။

မှတ်ချက်။ ။ယခုအခါ တရားအားထုတ်ကြသော ယောဂီတို့နှင့် အချို့တရားပြဆရာတို့သည် နှစ်နာရီမျှလောက်သော အချိန်ကိုပင် အားမစိုက်နိုင်သည့်အပြင် ကြာကြာထိုင်တာ တရားမဟုတ်ဘူးဟူ၍ လည်းကောင်း၊ ခန္ဓာကို အနာခံကျင့်ဖို့ မလိုဘူးဟူ၍လည်းကောင်း၊ ထိုင်မှ တရားမဟုတ်ဘူးဟူ၍လည်းကောင်း၊ **အတ္တကိလမထာနုယောဂအကျင့်**ဟူ၍လည်းကောင်း ဆုံးဖြတ်ပြောဆိုနေကြသည်မှာ အလွန်မှ မှားယွင်းနေကြသည်။ အထက်ပါဘုရားဟော ဒေသနာတော်နှင့် အလွန်မှ ဆန့်ကျင်နေကြသည်။

သမ္မာသမာဓိဖြင့် ပြည့်စုံမှသာလျှင် ဆဆက္ကရုပ်နာမ်တို့ကို ရှုမြင်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် စိတ်၌ ကိလေသာတို့ စက္ကန့်ပိုင်းမျှသောအချိန်ပင် ကပ်ခွင့်မရအောင် သတိအလျင်မပြတ် ထားနေရ၏။ ဆုတ်နစ်မှု၊ အားလျော့မှုများ မထားပဲ အပ်ဖျားပေါ် မုန့်ညင်းစေ့တင်နေရဘိသကဲ့သို့ အလွန်လည်း နူးညံ့သည်။ အနည်းငယ်မျှပင် ဆန္ဒစောခြင်း၊ မှေးမြောခြင်း မရှိအောင်ကိုလည်း သတိထားနေရသည်။ ထိုသတိထားမှု၏ ဂုဏ်သတ္တိသည် အောက်ပါ ဒေသနာတော်အတိုင်း ပြည့်စုံနေ၏။

သတိန္ဒြေ၏သဘော

> ထိုအခါ၌ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အစဉ်အောက်မေ့မှု 'အနုဿတိ'၊ တဖန်အောက်မေ့မှု 'ပဋိဿတိ'၊ သတိဟူသော အောက်မေ့ပုံ အခြင်းအရာ 'သရဏတာ'၊ ဆောင်ပုံ အခြင်းအရာ 'ဓာရဏတာ'၊ မပေါ်သော အခြင်းအရာ (အာရုံ၌ စူးစိုက်မှု) 'အပိလာပနတာ'၊ မမေ့လျော့မှု 'အသမ္မုသနတာ'၊ သတိဟူသော အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်'၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ' သည်(ရှိ၏)။ ထိုအခါ၌ အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

အထက်ပါ သတိ ဝိရိယတို့၏ ပြီးပြည့်စုံခြင်း အထောက်အပံ့ကြောင့် မိမိအလိုဖြင့် မစွန့်လွှတ်သရွေ့ စိတ်သည် ဘဝင်အကြည် အာရုံပေါ်၌ ရွေ့လျားခြင်း မရှိတော့ပေ။ အလိုလို ဖောက်ပြန်ပျက်စီးခြင်း မရှိတော့ပေ။ ထိုသမာဓိကို သမ္မာသမာဓိဟု ခေါ်သည်။ ထိုသမာဓိသည် အောက်ပါဘုရားရှင် ဟောထားသော ဒေသနာတော်နှင့် ကိုက်ညီနေပြီဖြစ်သည်။

သမာဓိန္ဒြေ၏သဘော

> ထိုအခါ၌ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၏အကြင်တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။[၁၇]

---

[၁၇] ဓမ္မသင်္ဂဏီပါဠိတော်၊ စိတ္တုပ္ပါဒကဏ္ဍ စိတ်, စေတသိက်ပိုင်း ကာမာဝစရကုသိုလ်-၁၀-၁၅ နှာ-၃၁

http://www.dhammadownload.com

အာသီဝိဇသောပမသုတ္တန်ဖြင့် နှိုင်းယှဉ်ခြင်း

ဤတတိယပိုင်းကျင့်စဉ်၏ သဘောကို အာသီဝိသောပမသုတ္တန်နှင့် နှိုင်းယှဉ်သုံးသပ်ကြည့်သော် ဒုတိယအကြိမ် ဘဝင်ကျပြီးနောက် တတိယအကြိမ် ဘဝင်ကျသည်အထိ ကျင့်စဉ်ပိုင်းမှာ လူသတ်သမားငါးယောက်လက်မှလွတ်၍ နန္ဒီရာဂ (ခေါ်) လူယုံလူသတ်သမား ရန်မှ အပြီးတိုင် လွတ်မြောက်အောင် ဆက်ပြေးနေသောအပိုင်းနှင့် တူသည်။ ထိုသို့ ပြေးရာတွင် တသဲသရာလုံးက ကပ်ငြိလာခဲ့သည့် နန္ဒီရာဂ (ခေါ်) တဏှာအနုသယသည် စိတ်၌ ကပ်ပါလာခဲ့သည်။ ထိုတဏှာသည် စိတ်ဖြစ်တိုင်း ကပ်ငြိပြီးသား ဖြစ်နေသည်။ ထို့ကြောင့် ထိုနန္ဒီရာဂတဏှာမှ လွတ်အောင် သတိသည် အနည်းငယ်မျှလောက်ပင် လစ်ခွင့်မရအောင် နားခွင့်မရှိအောင် ထားနေရသည်။ တတိယအကြိမ်မြောက် ဘဝင်ကျသွားသောအခါ ထိုနန္ဒီရာဂစိတ်နှင့်ယှဉ်သော ဇောနုချုပ်သွားသည်။ ဘဝင်အကြည်ကို မျက်မှောက်ပြုမူ စွန့်ခွာလိုက်နိုင်ခြင်းသည် နန္ဒီရာဂ (ခေါ်) လူယုံလူသတ်သမားရန်မှ အပြီးတိုင် လွတ်မြောက်သော နယ်မြေသို့ ရောက်ရှိသွားခြင်း ဖြစ်သည်။ တရားရှာသည့်အလုပ် ပြီးဆုံးသွားပြီဖြစ်သည် (လောကီမဂ်)။ လောကီကာမပညတ်အာရုံ အဝိဇ္ဇာမာနပညတ်နှင့် လောကီပရမတ် အာရုံ ဝိဇ္ဇာမာနပညတ် (အနိစ္စ, ဒုက္ခ, အနတ္တ, ရုပ်နာမ် စသော သညာပေးမှု) အားလုံးနှင့်ယှဉ်သည့် သညာပေးသောစိတ် သမာဓိအခိုက်၌ လုံးဝချုပ်ငြိမ်းသွားသည်။ အရပ်သဘောဖြင့် ပြောရလျှင် စိတ်အားလုံး ချုပ်သွားသည်ဟု ပညတ်ရမည်။ စိတ်ဖြစ်ပေါ်မလာ၍ ပျက်စရာလည်းမရှိပါ။ စိတ်ဖြစ်ပျက်ဆုံးသွားသည်။ ၎င်းစိတ်များ ချုပ်ဆုံးခြင်းသည် သမာဓိချုပ်ဟုခေါ်သည်။ မဂ်ချုပ်မဟုတ်ပါ။ ကြည်နေသော ဘဝင်စိတ်သည်လည်း နိဗ္ဗာန်ကို အာရုံပြုခြင်းမဟုတ်ပါ။ အထက်ပါ ပညတ်အာရုံများ ချုပ်ငြိမ်း၍နေသော ဘဝင်စိတ်သက်သက်ကို အာရုံပြုနေသော စိတ်သည် ဖိုလ်စိတ်မဟုတ်ပါ။ ဘဝင်အကြည်ကို သိကာမျှ ရှုကာမျှသာရှိသော သမာဓိဖြင့် တည်နေခြင်း ဖြစ်သည်။

ပထမဘဝင်ကျမှုသည် တည်ငြိမ်စွာ ဖြစ်ပြီးနောက် ထိုဘဝင်ထက် ပို၍ နူးညံ့သော ဘဝင်သည် ထပ်ဆင့် ကျသွားခြင်းကို ဒုတိယအကြိမ် ဘဝင်ကျခြင်းဟု ခေါ်သည်။ ဒုတိယဘဝင်သည် တည်ငြိမ်ရာမှ အလွန်အလွန် နူးညံ့သောဘဝင်သည် ထပ်ဆင့်ကျပြန်သည်။ ၎င်းကိုတတိယအကြိမ် ဘဝင်ကျသည်ဟု ခေါ်သည်။ တဆင့်ပြီး တဆင့် အကုသိုလ်စိတ်ဇော အလျင်များ အကြမ်း, အလတ်, အနုအားဖြင့် ချုပ်ငြိမ်းမှု လက္ခဏာတို့ပင်ဖြစ်သည်။

http://www.dhammadownload.com

စိတ္တဝိသုဒ္ဓိကျင့်စဉ် တတိယဆင့်သမာဓိအခိုက်၌ ပယ်ခွာနိုင်မှုများ

(၁) လောကီကာမပညတ်အာရုံများ ချုပ်သည်။
(၂) လောကီပညတ်အာရုံပြုမည့်စိတ်များ ချုပ်သည်။
(၃) (၁၅၀၀) ကိလေသာများ ချုပ်သည်။

စိတ္တဝိသုဒ္ဓိကျင့်စဉ်တတိယဆင့် သမာဓိအခိုက်တွင် ရှုမြင်နိုင်သည့် အရှုခံအာရုံများ

ပုံစံ(၁) ဖြင့် ကိုက်ညီပါ။

၁။ ဘဝင်အကြည်သို့ ပစ္စုပ္ပန်ကျရောက်ဆဲ အာရုံခြောက်မျိုးမှ တစ်မျိုးမျိုး ကျရောက်လျှင် ကျရောက်သော ဆိုင်ရာဓမ္မာရုံနှင့် အဟိတ်မနောဝိညာဏ် (ရုပ်နာမ်တစ်စုံ)ကို ပိုင်းခြား၍ ရှုမြင်နိုင်သည်။ (ပုံစံ-၁၊ အပိုင်း-ယ အတွင်းအပေါ်ဓာတ်)

၂။ ဘဝင်အကြည်သက်သက်ကိုပင် သိသဘောဓာတ်နှင့် မသိသဘောဓာတ် နှစ်မျိုးကို ပိုင်းခြား၍ ရှုမြင်နိုင်ခြင်း (ပုံစံ-၁၊ အပိုင်း-ယ အတွင်းအခံဓာတ်)

၃။ ပဋ္ဌာန်းရတို့တွင် ပစ္စုပ္ပန်တိုက်ဆိုင်ဆဲ၌ ဖြစ်ပေါ်လာသည့် ရုပ်နာမ်တစ်စုံကို ရှုမြင်နိုင်သည်။ (ဥပမာ-စက္ခုပသာဒတွင် ရှုပါရုံ တိုက်ဆိုင်က စက္ခုပသာဒကိုမှီ၍ဖြစ်သော ထိရှုပါရုံနှင့် စက္ခုဝိညာဏ်) (ပုံစံ-၁၊ အပိုင်း-ခ အတွင်းအခံဓာတ်)

၄။ ၎င်းစက္ခုပသာဒစသည့် ဒွါရငါးခုမှ ဘဝင်အကြည်ကို လျှပ်စီးလက်ဘိသကဲ့သို့ ပြေးတိုက်သော ဖဿ(၅)မျိုးကို ရှုမြင်နိုင်သည်။ (ပုံစံ-၁၊ အပိုင်း-ဂ အတွင်းအတိုက်ဓာတ်)

၅။ ဘဝင်အကြည်ကို ထိဖဿ(၅)မျိုးတို့ တစ်မျိုးမျိုးတိုက်ပြီးတိုင်း ပဿဒ(၅)ခုတို့၌ ဖြစ်ပေါ်သော ရုပ်နာမ်အစုံနှင့် ထပ်တူညီစွာ ဘဝင်အကြည်၌ ရုပ်နာမ်တစ်စုံဖြစ်ပေါ်မှုကို ရှုမြင်နိုင်သည်။ (ပုံစံ-၁၊ အပိုင်း-ယ အတွင်းအပေါ်ဓာတ်)

၆။ ထိုဘဝင်အကြည်၌ ရုပ်နာမ်တစ်စုံ ပေါ်ပြီးတိုင်း ဆိုင်ရာပဿဒသို့ ပြန်ညွှတ်သော မနောသမ္မဿကို ရှုမြင်နိုင်သည်။ (ပုံစံ-၁၊ အပိုင်း-ဂ အတွင်းအတိုက်ဓာတ်)

၇။ ဖဿတစ်ခုဖြစ်ပြီးတိုင်း သဟိတ်မနောဝိညာဏ်၌ဖြစ်ပေါ်သော ဝေဒနာ(ခံစားမှုနာမ်) သဘောသက်သက်ကို ရှုမြင်နိုင်ခြင်း၊ (ပုံစံ-၁၊ အပိုင်း-ဂ အတွင်းအပေါ်ဓာတ်) ရှေ့သဟိတ်မနောဝိညာဏ်စိတ်ကို နောက်သဟိတ်မနောဝိညာဏ်ကရှုမြင်ခြင်း (စိတ် စိတ်ချင်း ပြန်ရှုခြင်း)

၈။ အထက်ပါ ရုပ်နာမ်ဖြစ်စဉ်တို့၏ သဘာဝကို သဘာဝအတိုင်း 'ရုပ်နာမ်ပဲ' 'ဖဿပဲ' 'ဝေဒနာပဲ' စသည်ဖြင့် သညာပေး၍ လည်းကောင်း၊ 'အနိစ္စပဲ' 'ဒုက္ခပဲ' 'အနတ္တပဲ' စသည်ဖြင့် သညာပေးလိုက ပေး၍ လည်းကောင်း (တတိယဘဝင်သမာဓိဖြင့်) ရှုမြင်နိုင်ခြင်း။

၉။ ဘဝင်၌ထင်သော (၀၊) ဖြစ်ပေါ်သော ဓမ္မာရုံရုပ်ကိုပင် (၃၂)ကောဋ္ဌာသအမှုန်စု နှလုံးသွင်း၍ ရှုမြင်နိုင်ခြင်း

၁၀။ထိုဘဝင်၌ထင်သော ရုပ်အာရုံကိုပင် ယောက်ျားပဲ မိန်းမပဲ သစ်ပင်ပဲ စသည်ဖြင့် သညာပေးလိုက ပေးနိုင်ခြင်း၊ သညာမပေးလိုက မပေးပဲ နေနိုင်ခြင်း။

၁၁။တရားအားထုတ်စဉ်အချိန် နာရီနှင့် ပတ်သက်၍ ကြောင့်ကြမှု၊ ငြီးငွေ့မှု၊ ပျံ့လွင့်မှု စသည်တို့ အလိုလိုပင် ဖြစ်ပေါ်မလာခြင်း။

၁၂။ထိုပြခဲ့ပြီး သခ်ိတရုပ်နာမ်(သခ်ိရ)တို့၏ အခြင်းအရာ(ဝိကာရ)၊ သဘောသဘာဝ(လက္ခဏာ)တို့နှင့် ပညတ်သဘောတရားတို့ကို ဣရိယာပုထ် ရွေးချယ်စရာမလိုပဲ မည်သည့် ဣရိယာပုထ်၌မဆို မည်သည့်နေရာမဆို မည်သည့်အချိန်မဆို (ကားစီးရင်း၊ ထမင်းစားရင်း၊

http://www.dhammadownload.com

တစ်ယောက်နှင့်တစ်ယောက် စကားပြောဆိုရင်း၊ ကိစ္စကြီးငယ်ပြုလုပ်ရင်း စသည်) မိမိ၏ သဘောအလျောက် (ဝါ) ဆန္ဒအလျောက် နှလုံးသွင်း၍ ရွမြင်နိုင်ခြင်း အကျိုးတရားတို့ကို ရရှိပါသည်။

တရားတည်းဟူသော အရွခံ ပရမတ်ရုပ်နာမ်တို့ကို တွေ့ချင်မြင်ချင်၍ အစမှစ၍ ရှာခဲ့ရ ကျင့်ခဲ့ရသည်။ ယခုတွေ့မြင်ပြီဖြစ်၍ တရားရှာသည့်ကိစ္စ မရှိတော့ပါ။ တွေ့သောတရားများကို လက္ခဏာရေးသုံးပါး တင်ရွ၍ တဏှာ, မာန, ဒိဋ္ဌစွဲများ အမြစ်ပါပြုတ်အောင် ပွားရန်သာ လိုတော့သည်။ အကယ်၍ ပရမတ်အာရုံကို နှလုံးမသွင်းပဲ လောကီကာမပညတ်အာရုံကို အာရုံပြုက မြင်, ကြား, နံ, စား, ထိ, သိ တို့အပေါ်၌ တရားအားမထုတ်သော သာမန်လူသားတို့ အတိုင်းပင် သိမြင်ပါသည်။

အထက်ပါ စိတ်စင်ကြယ်မှုသည် အာသီဝိသောပမသုတ္တန်အရ (၁)မြွေကြီးလေးကောင်၊ (၂)လူသတ်သမားငါးယောက်၊ (၃)နန္ဒိရာဂ ဟူသော ဘေးရန်သုံးမျိုးမှ လွတ်ပြီး ရွာကြီးခြောက်ရွာ၊ အိမ်ကြီးခြောက်လုံး၊ ဓားပြကြီးခြောက်ယောက်နှင့်တူသည့် အကြည်ခြောက်စုံ၊ ဝိညာဏ်ခြောက်လုံး၊ အာရုံခြောက်ပါးကို တွေ့မြင်ရောက်ရှိသွားပြီဖြစ်သည်။ ဆဆက္ကသုတ္တန်နှင့်လည်း ဆက်စပ်မိသွားပြီဖြစ်သည်။ ထိုသုတ္တန်မှ အကြည်ခြောက်စုံ၊ ဝိညာဏ်ခြောက်မျိုး၊ အာရုံခြောက်ပါး၊ ဖဿခြောက်မျိုး၊ ဝေဒနာခြောက်မျိုး၊ တဏှာခြောက်မျိုးတို့သည် ပုံစံ(၁) အပိုင်း(၈)မှ အပိုင်း(၉)အထိဖြစ်သည်။ မြစ်ပြင်ကျယ်၏ လေးပုံတစ်ပုံ ဖြစ်သော ဒိဋ္ဌာနုသယ ပယ်ခန်း ဖြစ်သည့် သောတာပတ္တိမဂ်ကူးမြောက်မည့် အပိုင်းတွင် ဒိဋ္ဌိဝိသုဒ္ဓိမှ ဉာဏဒဿနဝိသုဒ္ဓိအဆင့်အထိ ကျင့်စဉ်တက်ရန် စတင်ရွမှတ်ရတော့မည် ဖြစ်သည်။*

ဥပေက္ခာဇကဂ္ဂတာသမာဓိ (ဝါ) သမ္မာသမာဓိ (ဝါ) အနိမိတ္တစေတောဝိမုတ္တိသမာဓိနှင့် ပြည့်စုံသော စိတ်၏ စင်ကြယ်မှုသဘောကို အောက်ပါအတိုင်း ဘုရားရှင် ဟောကြားထားသည်။

> (ဝေဠုရိယကြောင်မျက်ရွဲရတနာ)ကို မျက်စိအမြင်ရသော ယောကျ်ားသည် လက်၌ တင်ထား၍ (ဤသို့) ဆင်ခြင်ရာ၏--
>
> "ဤ (ဝေဠုရိယကြောင်မျက်ရွဲရတနာ)သည် အလွန်တောက်ပ၏၊ အမျိုးမှန်၏၊ ရွစ်မြောင့်ရှိ၏၊ ကောင်းစွာပြုပြင်ပြီး ဖြစ်၏၊ အရည်ကောင်း၏၊ အထူးကြည်လင်၏၊ နောက်ကျွဲခြင်းကင်း၏၊ (သွေးခြင်း၊ ဖောက်ခြင်း စသော) အခြင်းအရာအားလုံးနှင့် ပြည့်စုံ၏၊ ထို (ဝေဠုရိယကြောင်မျက်ရွဲရတနာ)၌ ဤညိုသောချည်ကို တပ်ထား၏ ဟူ၍သော် လည်းကောင်း ဤဝါသောချည်ကို တပ်ထား၏ဟူ၍သော် လည်းကောင်း ဤနီသောချည်ကို တပ်ထား၏ ဟူ၍သော်လည်းကောင်း ဤဖြူသောချည်ကို တပ်ထား၏ ဟူ၍သော် လည်းကောင်း ဤဝါဖျော့သောချည်ကို တပ်ထား၏ဟူ၍သော် လည်းကောင်း" ဆင်ခြင်ရာ၏။

---

* ယခုဖော်ပြခဲ့သည်မှာ ဝိပဿနာယာနိကအားဖြင့် စိတ္တဝိသုဒ္ဓိသို့တက်ပုံ ကိုယ်တွေ့ကျင့်စဉ်ကို အဆင့်သုံးဆင့်ဖြင့် တင်ပြထားခြင်းဖြစ်သည်။ ထိုနည်းအတိုင်း မိမိ၏ တပည့်တရားယောဂီအပေါင်းတို့ကိုလည်း ညွှန်ကြားပြသရာ ပေါက်မြောက်အောင်မြင်မှု ရှိကြသည်။ ထို့ကြောင့်ပင် မိမိထံ၌ လက်တွေ့ကျကျ လာရောက်အားမထုတ်နိုင်သည့် ယောဂီတို့အား ကိုယ်တိုင်တွေ့ရှိချက် ကျင့်စဉ်အသေးစိတ်ကို စေတနာ ရှေ့ထား၍ တင်ပြထားခြင်း ဖြစ်ပါသည်။ မည်သို့ပင် အသေးစိတ် တင်ပြထားသည်ဟု ဆိုစေကာမူ လက်တွေ့ကျင့်သော ယောဂီတို့၏ သဒ္ဓါ, ဆန္ဒ, စရိုက်, ပါရမီတို့၏ အနုအရင့် ကွာခြားမှုကြောင့် အခက်အခဲ တွေ့မြင်ရမည်မှာ မလွဲပေ။ ထို့ကြောင့် တင်ပြထားရာတွင် ပြည့်စုံပြီဟူ၍ကား မဆိုသာ။ ဆရာနှင့်တပည့် အနီးကပ် လက်တွေ့ညွှန်ကြားခံယူကျင့်သုံးမှသာလျှင် ခက်ခဲမှုများကို နည်းသည်ထက်နည်းအောင် ကျင့်ကြံ ကျော်ဖြတ်နိုင်မည် ဖြစ်သည်။

http://www.dhammadownload.com

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှာ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် (ဝိပဿနာ) ဉာဏ်အမြင်အလို့ငှာ စိတ်ကိုရှေးရှုပို့ဆောင်၏၊ ရှေးရှုယွတ်စေ၏။[၁၈]

ကိလေသာနှင့်တကွ နီဝရဏစသော အကုသိုလ်များနှင့် ထိုအာရုံတို့ကို ပညတ်သော သညာများ ချုပ်ငြိမ်းနေသော စင်ကြယ်သည့်စိတ်သည် ရှုမြင်လိုသော ပရမတ်ရုပ်နာမ်တို့ကို မြင်နိုင်ပြီဖြစ်သည်။

၃၊၄။ စိတ္တဝိသုဒ္ဓိကျင့်စဉ်သုံးဆင့်အပေါ် ခြုံငုံသုံးသပ်ချက်

ဘဝင်သုံးဆင့်ကျမှုနှင့် မြင်ကွင်းသုံးမျိုး

ဥပမာ။ ။အိမ်တစ်အိမ်တွင် အိပ်ခန်းတံခါးတစ်ခု၊ အိမ်မကြီးတံခါးတစ်ခု၊ ခြံဝန်းတံခါးတစ်ခုဟူ၍ တံခါးသုံးခု ရှိသည်ဆိုပါစို့။ အိမ်ရှင်သည် အိပ်ခန်းထဲတွင် ရှိနေသောအခါ အိပ်ခန်းထဲတွင် ထားရှိသည့် အတွင်းပစ္စည်း များကို တွေ့မြင်နိုင်ပြီး ထိုအချိန်တွင် အိပ်ခန်းပြင်ပ အိမ်မကြီးထဲ၌ ရှိသော ပစ္စည်းများနှင့် အိမ်၏ပြင်ပ ခြံဝန်းအတွင်းရှိ အရာဝတ္ထုတို့ကိုလည်းကောင်း၊ ခြံဝန်းပြင်ပရှိ ဗဟိဒ္ဓအာရုံပေါင်းစုံတို့ကို လည်းကောင်း မမြင်နိုင်ပါ။

အိပ်ခန်းအတွင်းမှ အိမ်မကြီးထဲသို့ ထွက်လိုသော် အိပ်ခန်းတံခါးကို ဖွင့်၍ထွက်ကာ ထိုအိပ်ခန်း တံခါးကို ပြန်ပိတ်ခဲ့သည်။ ထိုအခါ အိမ်မကြီးအတွင်းရှိ ပစ္စည်းများကို မြင်ရပြီး အိပ်ခန်းထဲမှ အတွင်းပစ္စည်း များနှင့် အိမ်၏ပြင်ပခြံဝန်းထဲမှ အရာဝတ္ထုများကိုလည်းကောင်း၊ ခြံဝင်းပြင်ပမှ ဗဟိဒ္ဓအာရုံပေါင်းစုံတို့ကို လည်းကောင်း မမြင်နိုင်ပါ။

ခြံဝန်းထဲသို့ ဆင်းသောအခါ အိမ်မကြီးတံခါးကို ဖွင့်၍ထွက်ပြီးလျှင် ထိုတံခါးမကြီးကို ပြန်ပိတ်ခဲ့သည်။ ခြံဝန်းထဲရောက်နေသည့်အခါ အိမ်၏ပြင်ပခြံဝန်းထဲရှိ အရာဝတ္ထုတို့ကိုမြင်ရပြီး အိမ်မကြီးထဲရှိ ပစ္စည်းများနှင့် အိပ်ခန်းထဲရှိ အတွင်းပစ္စည်းများကိုလည်းကောင်း ဗဟိဒ္ဓအာရုံ ပေါင်းစုံတို့ကိုလည်းကောင်း မမြင်နိုင်ပါ။

မိမိခြံ၏ပြင်ပသို့ ထွက်သောအခါ ခြံဝန်းတံခါးကို ဖွင့်ထွက်ပြီး ထိုခြံဝန်းတံခါးကို ပြန်ပိတ်ရသည်။ ထိုအခါ ခြံ၏ပြင်ပရှိ အာရုံတို့ကို မြင်ရတွေ့ရပြီး မိမိခြံအတွင်း အိမ်အတွင်း အိပ်ခန်းအတွင်းရှိ ပစ္စည်းဝတ္ထုတို့ကို မမြင်ရတော့ပါ။

အကယ်၍ ထိုအိမ်ရှင်သည် မိမိနေအိမ်သို့ ပြန်လာသောအခါ ပထမခြံဝန်းတံခါးကို ဖွင့်၍ဝင်ပြီး ထိုခြံဝန်းတံခါးကို ပြန်ပိတ်လိုက်၏။ ခြံဝန်းအတွင်း ရောက်ရှိသောအခါ ခြံဝန်းအတွင်းရှိ အရာဝတ္ထုတို့ကို တွေ့မြင်ရပြီး ခြံဝန်းပြင်ပမှ အာရုံပေါင်းစုံတို့ကို မမြင်ရတော့ပါ။ အိမ်မကြီးအတွင်းရှိ ပစ္စည်းများနှင့် အိပ်ခန်းအတွင်းရှိ ပစ္စည်းများကိုလည်း မမြင်တွေ့နိုင်သေးပါ။

ခြံဝန်းအတွင်းမှတဖန် အိမ်မကြီးအတွင်းသို့ ဝင်လိုက်လျှင် အိမ်မကြီးတံခါးကိုဖွင့်၍ဝင်ပြီး ထိုတံခါးကို ပြန်ပိတ်ခဲ့သည်။ ထိုအခါ အိမ်မကြီးအတွင်း၌ရှိသော ပစ္စည်းများကို မြင်ရပြီး ခြံဝန်းအတွင်းရှိ ပစ္စည်းများကို လည်းကောင်း၊ အိပ်ခန်းတွင်းရှိ ပစ္စည်းများကိုလည်းကောင်း၊ ခြံ၏ပြင်ပရှိ အာရုံပေါင်းစုံတို့ကို လည်းကောင်း မမြင်တွေ့ရတော့ပါ။

---

[၁၈] သီလက္ခန္ဓဝဂ်ပါဠိတော် မြန်မာပြန်၊ သာမညဖလသုတ် ဝိပဿနာဉာဏ်-၂၃၅ နှာ-၈၅

http://www.dhammadownload.com

အိမ်မကြီးအတွင်းမှ အိပ်ခန်းအတွင်းသို့ ထပ်ဆင့်ဝင်ရောက်သောအခါ အိပ်ခန်းတံခါးကို ဖွင့်၍ဝင်ပြီး ထိုအိပ်ခန်းတံခါးကို ပြန်ပိတ်ခဲ့၏။ ထိုအခါ အိပ်ခန်းအတွင်းမှ ပစ္စည်းများကို မြင်တွေ့ရပြီး အိမ်မကြီးအတွင်း၊ အိမ်၏ခြံအတွင်း၊ ခြံဝန်း၏ပြင်ပတို့ရှိ အရာဝတ္ထု ပစ္စည်းအာရုံတို့ အားလုံးကို မမြင်ရတော့ပါ။

ထိုဥပမာ၏သဘောကို ယခုကျွင့်စဉ်နှင့် နှိုင်းယှဉ်ကြည့်သော်--

၁။ တတိယအကြိမ်ကျသောဘဝင်နှင့် အိပ်ခန်းတံခါးပိတ်ခြင်း တူ၏။ (တံခါးဟူသည် နယ်ခြားခြင်း သဘောနှင့် ဝင်ထွက်ရာ ဖြစ်သည်။) အိပ်ခန်းအတွင်းရှိ ပစ္စည်းများသည် ပရမတ်အရှုခံ ဆဆက္ကရုပ်နာမ်အာရုံတို့နှင့် တူ၏။

၂။ ဒုတိယအကြိမ်ကျသောဘဝင် (ကာမသညာနှင့်ယှဉ်သော စိတ်တို့ချုပ်မှု)၏ သဘောသည် အိမ်မကြီးတံခါး ပိတ်ခြင်းနှင့်တူ၏။ အိပ်ခန်း၏ပြင်ပ အိမ်မကြီး၏အတွင်းရှိ ပစ္စည်းများနှင့် ကလာပ်မှုန်အစုတို့ တူကုန်၏။

၃။ ပထမအကြိမ်ကျသော ဘဝင်၏သဘောသည် ခြံဝန်းတံခါးပိတ်ခြင်းနှင့်တူ၏။ ခြံဝန်းအတွင်းရှိ အရာဝတ္ထု ပစ္စည်းများနှင့်တူသည့် နှလုံးသွင်းမှုအလိုက် (၁)၃၂-ကောဋ္ဌာသ၊ (၂)ဓာတ်လေးပါး၊ (၃)ဖောက်ပြန်မှု, မနောသမ္ဖဿ, ဝေဒနာတို့ တူကုန်၏။ ခြံဝန်းအပြင်ဖက်ရှိ အာရုံအမျိုးမျိုးနှင့် လောကီကာမပညတ်အာရုံ အမျိုးမျိုးတို့ တူကုန်၏။

၄။ အိမ်ရှင်နှင့် ယောဂီ၏အရှုညာဏ် သဟိတ်မနောဝိညာဏ် တူ၏။

အထက်ပါ သဘောကို သုံးသပ်ကြည့်သောအခါ အရှုခံအာရုံဖြစ်သော ရုပ်နာမ်တို့ကို တွေ့ချင်တိုင်း တွေ့၍မရ၊ ရှုချင်တိုင်း ရှု၍မရပေ။ ဘဝင်ခြားမှုအလိုက် အရှုခံရုပ်နာမ်တို့လည်း တွေ့ရှိမှု ခြားနားနေသည်။ ပရမတ်ရုပ်နာမ်ကို ရှုမည့် အရှုညာဏ်သည် စင်ကြယ်မှုအလိုက် ကွာခြားနေသည်။ အကယ်၍ တတိယဘဝင်ကျပြီးသည့် ပုဂ္ဂိုလ်သည် ဘဝင်သုံးချက်လုံး မဝင်စားလျှင် (၀၊) စိတ္တဝိသုဒ္ဓိသမာဓိကို မဆောက်တည်ပဲ ပကတိအတိုင်းနေလျှင် ပရမတ်ရုပ်နာမ် အမျိုးမျိုး မမြင်ရပေ။ ခြံဝန်းအပြင်ရောက်သော သဘောနှင့် တူနေသည်။

မည်သည့်ပုဂ္ဂိုလ်မဆို မည်သည့်နည်းဖြင့် တရားရှာသည်ဖြစ်စေ၊ ဓမ္မတည်းဟူသော အကြည်ခြောက်စုံ ရှိသည်ချင်းလည်း တူကြ၏။ ထိုအကြည်ခြောက်စုံ၌ ကျရောက်သော အာရုံခြောက်ပါးချင်းလည်း တူကြ၏။ ဝိညာဏ်ခြောက်လုံးချင်းလည်း တူကြ၏။ ဖဿခြောက်မျိုးလည်း တူကြ၏။ ဝေဒနာခြောက်မျိုးလည်း တူကြ၏။ တဏှာခြောက်မျိုးလည်း တူကြ၏။ ထို့ကြောင့် ထိုရုပ်နာမ်တို့ကို ရှုမြင်လျှင်လည်း အတူတူပင် မြင်ကြရမည်။ ဟိုတစ်မျိုး၊ ဒီတစ်ဖုံ တွေ့မြင်သည် ဟူ၍ မရှိရပါ။ ပရမတ်ရုပ်နာမ်တို့သည် အလွန်စင်ကြယ်သော အာရုံဖြစ်သည်။ ထိုအာရုံကို မြင်သောသမာဓိကလည်း အလွန် စင်ကြယ်နေသည်။ ကိုယ်တိုင်ထိုးထွင်းသိသော ရုပ်နာမ်များ ဖြစ်သည်။ အေးနေတာ၊ ကြည်နေတာ၊ တရိပ်ရိပ် ဖြစ်နေတာ၊ လင်းနေတာ၊ လစ်နေတာ၊ မြောနေတာ၊ ဘာမှန်းမသိဘူးဆိုတာ၊ ဆရာတပ်ပေးမှ ဉာဏ်ရတယ်ဆိုတာ၊ ဝိပဿနာမှာမရှိပါ။ တရားကျင့်သောယောဂီတို့ အထူးသတိပြုပါ။

http://www.dhammadownload.com

ဘဝင်သုံးမျိုး၊ ရန်သူသုံးမျိုး၊ ပညတ်ပုံးမှသုံးမျိုး

ဘဝင်သုံးမျိုးနှင့် အမြင်သုံးမျိုး၏သဘောကို အိမ်ရှင်နှင့် အိမ်ဥပမာအတိုင်း ပြခဲ့ပြီ။ တဖန် ထိုဥပမာကိုပင် အကြောင်းခံ၍ ဘဝင်သုံးချက်ကူးရန် နီဝရဏတရားများ ပယ်ရှားခဲ့ပုံသဘောကို ဥပမာ ထပ်ဆောင်မည်။ အကယ်၍ ထိုအိမ်ရှင်၏ အိပ်ခန်းထဲ၌ ပြည်တန်သည့် ပတ္ထမြားရတနာ ရှိပြီး ထိုအိမ်၏ပြင်ပ၌ လည်းကောင်း၊ ခြံဝန်းအတွင်း၌လည်းကောင်း၊ အိမ်ထဲ၌လည်းကောင်း အစောင့်များ သုံးထပ်ချထားသည် ဆိုပါစို့။

ထိုပတ္ထမြားကို လိုချင်သော ဓားပြသည် ပထမအကြိမ် ခြံတံခါးအပြင်၌ရှိသော အစောင့်များကို တိုက်ခိုက်သတ်ဖြတ်၍ ခြံတံခါးကို ဖွင့်ရသည်။ ခြံအတွင်းသို့ ရောက်သောအခါ ခြံတံခါးကို ပြန်ပိတ်၍ ခြံအတွင်းရှိ အစောင့်များကို ဒုတိယအကြိမ် တိုက်ခိုက်သတ်ဖြတ်ပြီးလျှင် အိမ်မကြီးတံခါးကိုဖွင့်၍ အိမ်မကြီး အတွင်းသို့ဝင်ကာ ထိုအိမ်မကြီးတံခါးကို ပြန်ပိတ်လိုက်သည်။ အိမ်မကြီးအတွင်းသို့ ရောက်သောအခါ အိမ်မကြီးအတွင်း၌ စောင့်ကြပ်နေသော အစောင့်များကို တတိယအကြိမ် တိုက်ခိုက်သတ်ဖြတ်၍ အိပ်ခန်းတံခါးကို ဖွင့်ပြီးလျှင် အိပ်ခန်းအတွင်းသို့ ဝင်ကာ ၎င်းအိပ်ခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ အိပ်ခန်းအတွင်းရှိ အိမ်ရှင်ကို စတုတ္ထအကြိမ် သတ်ဖြတ်ပြီး ပတ္ထမြားကြီးကို ရယူနိုင်တော့သည်။

ဤဥပမာ၌ ခြံဝန်းပြင်ပရှိ အစောင့်များသည် လောကီကာမဥပဒါတ် အာရုံအမျိုးမျိုး, မြွေကြီးလေးကောင်၏ အဆိပ်တို့နှင့်တူ၏။ ခြံဝန်းအတွင်းရှိရန်သူတို့သည် နီဝရဏတရားငါးပါးနှင့်တူ၏။ အိမ်မကြီးအတွင်းရှိ ရန်သူတို့သည် နန္ဒီရာဂနှင့်တူ၏။ အိပ်ခန်းတွင်းရှိ အိမ်ရှင်သည် အဝိဇ္ဇာနုသယနှင့်တူ၏။ သူခိုးဓားပြသည် မဂ္ဂင်(၈)ပါးတည်းဟူသော အရှုဉာဏ်စိတ်နှင့်တူ၏။

ထိုဥပမာဥပမေယျတွင် ခြံဝန်းပြင်ပရှိ ရန်သူတို့ကို တိုက်ခိုက်သတ်ဖြတ်ခြင်းသည် ပထမဘဝင်မကျမီ အရှုဉာဏ်ကို နှောင့်ယှက်သော ကိလေသာတို့ကို တိုက်ခိုက်သတ်ဖြတ်ခြင်းနှင့်တူ၏။ ခြံဝန်းတံခါးဖွင့်၍ ခြံဝန်းထဲ ဝင်လိုက်ခြင်းသည် ပထမဘဝင်ကျမှုနှင့်တူ၏။

အိမ်ဝန်းအတွင်းရှိ ရန်သူတို့ကို တိုက်ခိုက်သတ်ဖြတ်ခြင်းသည် ဒုတိယဘဝင်မကျမီ အရှုဉာဏ်ကို နှောင့်ယှက်သော ကိလေသာတို့ကို တိုက်ခိုက်သတ်ဖြတ်ခြင်းနှင့်တူ၏။ အိမ်မကြီးတံခါးဖွင့်၍ အိမ်အတွင်း ဝင်ရောက်ခြင်းသည် ဒုတိယဘဝင်ကျမှုနှင့်တူ၏။

အိမ်မကြီးအတွင်း ရန်သူတို့ကို တိုက်ခိုက်သတ်ဖြတ်ခြင်းသည် တတိယဘဝင်မကျမီ အရှုဉာဏ်ကိုနှောင့်ယှက်သောကိလေသာတို့ကို တိုက်ခိုက်သတ်ဖြတ်ခြင်းနှင့်တူ၏။ အိပ်ခန်းတံခါးဖွင့်၍ အိပ်ခန်းအတွင်း ဝင်လိုက်ခြင်းသည် တတိယဘဝင်ကျမှုနှင့်တူ၏။ အိပ်ခန်းအတွင်းရှိ အိမ်ရှင်ကို တိုက်ခိုက်သတ်ဖြတ်လိုက်ခြင်းသည် ဘဝင်အကြည်ကို ခွာလိုက်ခြင်းနှင့်တူ၏။ ပတ္ထမြားရတနာကို ပိုင်ဆိုင်ရခြင်းသည် အရှုခံ(၃၆)မျိုးသော ရုပ်နာမ်တို့ကို ရှုမြင်နိုင်ခြင်းနှင့်တူ၏။

ဝိပဿနာဉာဏ်၏ အာရုံဖြစ်သော ပရမတ် ရုပ်နာမ်တို့သည် အလွန် နူးညံ့သိမ်မွေ့ပြီး အလွန်လည်း ဖြစ်မြန်ပျက်မြန်သည်။ ထိုသဘောတရားကို ရှုမြင်မည့် အရှုဉာဏ်စိတ်၌ မောဟဖုံးခြင်း၊ ပညတ်ကို အရှိထင်စွဲယူခြင်း၊ လောဘ ဒေါသတို့ကြောင့် စိတ်အလျင်သည် ကြမ်းတမ်းနေခြင်း၊ ပစ္စုပ္ပန်အာရုံအပေါ်၌ တည်ငြိမ်မှုမရှိပဲ အမှောင်ဖုံး ခံထားရခြင်း၊ ပျံ့လွင့်ခြင်း စသည် အကြောင်းခံတရားများရှိနေလျှင် ဘယ်လိုနည်းနှင့်မျှ အထက်ဖော်ပြပါအရှုခံ(၃၆)မျိုးသော ပရမတ်ရုပ်နာမ်တို့ကို မရှုနိုင် မမြင်တွေ့နိုင်ပါ။ ဤကဲ့သို့သောအားဖြင့် တရားရှုရာတွင် တရားတည်းဟူသော ရုပ်နာမ်ဟု ပြောပင်ပြောသော်လည်း အထင်ရုပ်နာမ်နှင့် အမြင်ရုပ်နာမ်

http://www.dhammadownload.com

ကွာခြားသည်ကို သတိပြုရမည်။ စက္ကန့်ပိုင်းအတွင်း ပစ္စုပ္ပန် အာရုံတိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသည့် ပရမတ်ရုပ်နာမ်တို့ကို ရှုမြင်နိုင်မှ အမှန်ဖြစ်သည်။

ကျင့်စဉ်တတိယပိုင်း၌ ကျသောဘဝင်ကို **တတိယဘဝင်**

ကျင့်စဉ်တတိယဆင့်၏ စိတ်စင်ကြယ်မှုကို **တတိယအဆင့် စိတ္တဝိသုဒ္ဓိ** ဟူ၍ ပညတ်ပါသည်။

ဤ၌ ဝိပဿနာယာနိကကျင့်စဉ်၏ သဘောသည် ဒုက္ခဝေဒနာမှ စိတ်၌ ဒိဋ္ဌိ, ဒေါသတို့ ကပ်ရောက်အောင် ဆက်စပ်တတ်သော တဏှာကို တိုက်ရိုက်ရှု၍ တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် သိမ်းဆည်းနိုင်သော သမာဓိန္ဒြေသို့ ရောက်သောအခါ စိတ်စင်ကြယ်သွားသည်။

စိတ္တဝိသုဒ္ဓိ(ခေါ်)သမ္မာသမာဓိသို့ ဆိုက်ရောက်အောင် အားထုတ်ရမည့် သမထယာနိက ကျင့်စဉ်လမ်းသည် တစ်ကြောင်းတည်းရှိသကဲ့သို့ ဝိပဿနာယာနိကကျင့်စဉ်အားဖြင့်လည်း တစ်ကြောင်းတည်းသာ ရှိသည်။ ဤကျမ်း၌ ရေးခဲ့သော အမှတ်စဉ်(၁) အခြေခံအာနာပါန ကမ္မဋ္ဌာန်းသည် တဒင်္ဂပဟာန်အားဖြင့် တဏှာကို ပယ်ခွာခြင်း၊ အာနာပါနဘောင်ချိန်ကျင့်စဉ်သည် တဏှာကို တိုက်ရိုက်မရှုပဲ စိတ်ကို တဏှာနှင့် အပြိုင်လုယူ၍ လောဘ၊ ဒေါသ၊ မောဟတို့ကို တဒင်္ဂ, ဝိက္ခမ္ဘန ပယ်ခွာသောကျင့်စဉ်၊ အမှတ်စဉ်(၄,၅,၆)ကျင့်စဉ်တို့သည် တဏှာကို တိုက်ရိုက်ရှု၍ စိတ်ကို ဒိဋ္ဌိနှင့်ဒေါသတို့ကိုဆက်စပ်တတ်သော တဏှာကို သမုစ္ဆေဒပဟာန်အားဖြင့် အပြီးသတ်ပယ်သတ်သော ကျင့်စဉ်ဟူ၍ စိတ္တဝိသုဒ္ဓိ ကျင့်စဉ်ပထမဆင့် ပြီးဆုံးပြီဖြစ်သည်။ ထိုတဏှာနှင့် ဒေါမနဿ စိတ်ဇောတို့ ငြိမ်းကျသွားသဖြင့် ပထမအကြိမ် ဘဝင်တင်းရာမှ ငြိမ်းကျသွားသည်။

စိတ္တဝိသုဒ္ဓိ ဒုတိယဆင့်သည် အတိတ် အနာဂတ် ပစ္စုပ္ပန် အာရုံပြုသောစိတ်၊ နီဝရဏတရားနှင့် ယှဉ်သောစိတ်၊ ပညတ်မျိုးစုံ အာရုံပြု သညာပေးသောစိတ်၊ အာရုံ၌ တပ်မက်သော လောဘစိတ်၊ တွေဝေမှု မောဟနှင့်ယှဉ်သော စိတ်တို့၏ ချုပ်မှု၌ သတိမြဲရန် အားထုတ်သော ကျင့်စဉ်ပိုင်းဖြစ်သည်။ ထိုအကုသိုလ် ဇောအလျင်များ၊ ဒုတိယအကြိမ်ချုပ်သဖြင့် ထိုဇောစိတ်တို့ကြောင့် ဘဝင်တင်းမှု ဒုတိယအကြိမ် ငြိမ်းကျသွားသည်။ ထို့ကြောင့် အထက်ပါ ကိလေသာများ စိတ်၌ တဒင်္ဂ, ဝိက္ခမ္ဘနချုပ်ငြိမ်းသဖြင့် စိတ်စင်ကြယ်သွားသည်။

စိတ္တဝိသုဒ္ဓိကျင့်စဉ် တတိယဆင့်သည် နူးညံ့သိမ်မွေ့သော အထက်ပါ ကိလေသာများ အနည်းငယ်မလုံခြုံသဖြင့် ထိုပြန်ပေါ်လာသော ကိလေသာအနုစားများကို လုံးဝမလွတ်တော့သည့် သတိဖြင့် ခိုင်ခိုင်မြဲမြဲ အုပ်ချုပ်ထားနိုင်သော ဣန္ဒြေသို့ရောက်အောင် ကျင့်သောအဆင့် ဖြစ်သည်။ သတိဣန္ဒြေ ထိုက်သွားသောအခါ အထက်ပါ ကိလေသာနှင့်ယှဉ်သော ဇောစိတ်အနုများ ချုပ်ငြိမ်းသွားသဖြင့် နူးညံ့သော ဘဝင်သည် ထပ်၍ ငြိမ်းသွားသည်။ စိတ်၌ နီဝရဏတရားနှင့် တကွ လောဘ၊ ဒေါသ၊ မောဟ ပညတ်ကို သညာပေးသောစိတ်အားလုံး လုံးဝစင်ကြယ်သွားကာ စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံသွားသည်။ ယင်းစိတ်သည် သမာဓိန္ဒြေထိုက်သောစိတ် တနည်းအားဖြင့် ဆိုသော် သမ္မာသမာဓိနှင့် ပြည့်စုံသောစိတ်ဟု ခေါ်သည်။ ထိုစိတ်ဖြင့် စင်ကြယ်သော ပရမတ်ရုပ်နာမ်တို့ကို ရှုမြင်နိုင်ပြီဖြစ်၍ ဝိပဿနာ ဆက်လက် ရှုပွားနိုင်ပြီဖြစ်သည်။ အခန်း(၄) အရှုညာဏ်ပိုင်းကို ဆက်လက်လေ့လာပါ။

http://www.dhammadownload.com



အခန်း(၄)

အရှုဉာဏ်တို့၏ သဘောသဘာဝ

၄၊၁။ ဒိဋ္ဌဝိသုဒ္ဓိ=အထူးစင်ကြယ်သောအမြင်

နာမရူပပရိစ္ဆေဒဉာဏ်=ပရမတ်ရုပ်နာမ်ကို ခွဲခြားသိသောဉာဏ်

ဤအခန်း၌ သမ္မာသမာဓိ(စိတ္တဝိသုဒ္ဓိ)သို့ ဆိုက်ရောက်ပြီး၍ စိတ်စင်ကြယ်ပြီးသော ပုဂ္ဂိုလ်တို့၏ အရှုခံပရမတ်ရုပ်နာမ်တို့ကို အထူးစင်ကြယ်သောအမြင် (ဒိဋ္ဌဝိသုဒ္ဓိ)ဖြင့် အမှန်ရှုမြင်ရသော အတွေ့အကြုံ ခံစားမှုများကို ရေးသားတင်ပြသွားမည် ဖြစ်သည်။ ဤနေရာ၌ ဒိဋ္ဌဝိသုဒ္ဓိကို နှစ်ပိုင်းခွဲ၍ တင်ပြရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တစ်ပိုင်းမှာ တရုဏဝိပဿနာ (အားနည်းသောဝိပဿနာ) နှင့် ကျန်တစ်ပိုင်းမှာ ဗလဝဝိပဿနာ (အားကြီးသောဝိပဿနာ) ဟူ၍ အတွေ့အကြုံ ရှုမြင်နိုင်မှု နှစ်မျိုး ရှိသောကြောင့် ဖြစ်သည်။ ဤကဲ့သို့ ကွာခြားရခြင်းမှာ သမာဓိ (သို့) စိတ်စင်ကြယ်မှု အနုအရင့် ကွာခြားခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ဗလဝဝိပဿနာကို ရှုမြင်နိုင်သော စိတ္တဝိသုဒ္ဓိဖြင့် ပြည့်စုံသည့် အရှုဉာဏ်၏ အမြင်ကို ရှေးဦးစွာတင်ပြမည်ဖြစ်သည်။

တစ်ဖက်စာမျက်နှာပါ ပုံစံ၏ ဖြစ်စဉ်အဆက်အစပ်နှင့် သဘာဝတို့ကို အခန်း(၁)၌ ရေးခဲ့ပြီးဖြစ်သည်။ ပုထုဇဉ်သည် မောဟဖုံးထားသဖြင့် အမှန်ရှိနေသော အတွင်းခန္ဓာသဘာဝတို့ကို မသိပဲ အထင်မှားပြီး မိမိ၏ခန္ဓာအပြင်ကို အာရုံပြုသည့်သဘောကို ပုံစံ(၂-က)ဖြင့် ရှင်းပြပြီးဖြစ်သည်။ ယခုပုံစံ(၂-ခ)သည် စိတ္တဝိသုဒ္ဓိ (၀၂) သမ္မာသမာဓိသို့ ရောက်ရှိပြီးသော ယောဂီ၏ ရှုမြင်ခံစားရပုံ ဖြစ်သည်။

http://www.dhammadownload.com

http://www.dhammadownload.com

သမ္မာသမာဓိ ဝင်စားပုံ

စိတ္တဝိသုဒ္ဓိကျင့်စဉ် အောင်မြင်ပြီးသော ဦးသူတော်သည် ကျရိယာပုထိုကို ပြင်ဆင်ပြီးသော အခါ မိမိရရှိသောသမာဓိသို့ရောက်ရှိရန် လောကီပညတ်နှင့်ယှဉ်နေသော စိတ်၏ ချုပ်မှုကို အာရုံပြုကာ သတိတည်လိုက်သည်။ ထိုအခါ အပြင်လောကကို အာရုံပြုနေသော စိတ်ဇောအလျင် တဒင်္ဂချုပ်ငြိမ်းသဖြင့် ထိုဇောကြောင့် တင်းနေသောဘဝင်ငြိမ်းကျသွားသည် (ပထမဘဝင်သမာဓိ)။ ထိုဘဝင်ငြိမ်းခြင်းကြောင့် ထိုင်နေသောကရဇခန္ဓာကိုယ်နှင့်စိတ် ဆက်စပ်မှုပြတ်တောက်သွားသည်။ ကရဇခန္ဓာကိုယ်အား တွယ်ဆက်ထိန်းသိမ်းစောင့်ရှောက် ထားသော စိတ်ဇောပါ တပြိုင်တည်း ချုပ်ငြိမ်းသွားသည်။ ထိုအခါ ဦးသူတော်သည် ဓာတ်လေးပါးဖောက်ပြန်မှု ရှိနေသော်လည်း စိတ်၌ဆင်းရဲခြင်း မရှိတော့ပါ။ တရားထိုင်နေသော ကရဇခန္ဓာကိုယ်လည်း ပကတိ လှုပ်ရှားခြင်း မရှိတော့ပါ။ (၁၀)နာရီမျှ ကြာသော်လည်း ခန္ဓာကိုယ်သည် ကျောက်ဆစ်ရုပ်ပမာ ပကတိ တည်ငြိမ်နေသည်။

ဆက်လက်၍ သတိသည် စိတ်အားလုံးတို့၏ ချုပ်ဆဲ၌ တည်မြဲဆက်တည်ထားလိုက်သည်။ ထိုအခါ ဒုတိယအကြိမ် ဘဝင်ငြိမ်းကျပြန်သည်။ ကြာကြာမထိုင်လိုသောစိတ်၊ ပျင်းရိသောစိတ်၊ ငြိမ်ငြိမ်မနေချင်ပဲ ဟိုတွေးဒီတွေး အာရုံနှင့် မျောနေချင်သောစိတ်၊ အကျဉ်းအကြပ် ခံရသည်ဟူ၍ နှလုံးသွင်းမှားပြီး လွတ်လွတ်လပ်လပ် လှုပ်ရှားနေချင်သောစိတ်၊ ငိုက်မြည်းချင်သောစိတ် စသော အကုသိုလ်စိတ်တို့၏ဇောအဟုန်ကြောင့် အနည်းငယ်တင်းနေသောဘဝင်သည် ငြိမ်းကျသွားသည်။ ဒုတိယအကြိမ် ဘဝင် ထပ်ဆင့်ကျပြီးနောက် စိတ်သည် သတိနှင့်ယှဉ်လျက် မလှုပ်မယှက် တည်နေသည်။ ထိုအခါ ဦးသူတော်သည် မိမိ၏ကရဇခန္ဓာကိုယ်အား ဉာဏ်ဖြင့် အာရုံပြု ကြည့်ရာ သဏ္ဌာန်အားဖြင့် မသိတော့ပါ။ အကြောင်းမှာ ထိုဒုတိယဘဝင်သမာဓိသည် ပညတ်ကို သိမ်းဆည်းထားသောကြောင့် ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် လောကီစိတ်တို့၏ မဖြစ်မှု (၀၊) ချုပ်မှုကို အာရုံပြုနေခြင်းကြောင့်ဖြစ်သည်။

ဆက်လက်၍ ချုပ်မှု၌ အာရုံပြုနေသောသတိကို စောင့်ရှောက်နေသည့်စိတ်ဇောအနုအား ထပ်ဆင့် စွန့်လွှတ်လိုက်သဖြင့် ထိုဇောကြောင့် အနည်းငယ် တင်းမာနေသော ဘဝင်သည် တတိယအကြိမ် ငြိမ်းကျသွားပြန်သည်။ ထိုစိတ်သည် ဘဝင်တည်းဟူသော စိတ်အကြည်ဓာတ် ပေါ်သို့ အလိုလို တည်သွားသည်။ သတိနှင့်ယှဉ်သောစိတ်သည် ရွေ့လျားမှု မရှိတော့ပါ။ အဘယ့်ကြောင့်ဆိုသော် အမှောင်ကျစေတတ်သည့် မောဟစေတသိက်သည် စိတ်၌ ယှဉ်တွဲမှု ပြတ်တောက်သွားခြင်းကြောင့် ဖြစ်သည်။ ထိုတတိယဘဝင်ကျပြီး ရောက်ရှိသော သမာဓိသည် အဘိဇ္ဈာ, ဒေါမနဿနှင့် မောဟမှ ခိုင်မြဲစွာ လွတ်မြောက်နေသောသမာဓိန္ဒြေနှင့် ပြည့်စုံသည့် သမ္မာသမာဓိ ဖြစ်သည်။ အာရုံခြောက်ပါးနှင့် ထိုအာရုံတို့ကို အမည်ပေးသော ပညတ်များ ချုပ်ငြိမ်းမှုလည်း ခိုင်မြဲနေသည်။ လောကီပညတ်မှ လွန်မြောက်ပြီးဖြစ်သဖြင့် လောကီပရမတ် ဖြစ်သော မနဓာတ်ကို ပိုင်းခြားမြင်ပြီဖြစ်သည်။ ထိုသမာဓိသို့ ရောက်သောအခါ ဇောအနုများ အားလုံး ချုပ်ငြိမ်းသွားသဖြင့် မှိတ်ထားသောမျက်လုံး အနည်းငယ် အလိုလို ပွင့်သွားသည်။ မျက်တောင်ခတ်ခြင်း မရှိတော့ပါ။

http://www.dhammadownload.com

ဆဆက္ကာရုပ်နာမ်တို့ကို လက်တွေ့ပိုင်းခြားရှုမြင်ရပုံ

ဦးသူတော်သည် တတိယဘဝင်သမာဓိတွင် စင်ကြယ်သော အရှုညာဏ်ဖြင့် တည်နေစဉ် သားဖြစ်သူ မောင်လှသည် ဦးသူတော်ရှေ့သို့ ရောက်လာသည် ဆိုပါစို့။ ဦးသူတော်သည် ပြင်ပမောင်လှကို အာရုံပြုသောအခါ မိမိ၏ခန္ဓာပြင်ပရှိ မောင်လှထံသို့ စိတ်ညွှတ်၍ မရတော့ပဲ မိမိ၏ စက္ခုအကြည်ကိုသာ အာရုံပြု၍သာ ရတော့သည်။ ယခင်က မြင်စရာအဆင်းနှင့်တွေ့တိုင်း ခန္ဓာပြင်ပရှိ အာရုံသို့ရောက်အောင် မိမိစိတ် ညွှတ်နေသည်ဟုသာ နားလည်စွဲယူခဲ့သည်။ ယခုအခါ ထိုသို့မဟုတ်ပဲ စိတ်သည် မိမိ၏ဒွါရအပြင်ဘက်ကို မထွက်နိုင်၊ မညွှတ်နိုင်ကြောင်း သံသယရှင်းစွာ သိမြင်လာရသဖြင့် ဦးသူတော် အံ့သြမိသည်။ မည်သည့်အခါကမှ မတွေ့မမြင်ဖူးခဲ့သော အတွေ့အမြင်ထူးကို ယခုအခါ သိမြင်ရလေပြီ။ လောကဋ္ဌ လူမျိုးအားဖြင့်လည်းကောင်း၊ ဘာသာစကားအားဖြင့်လည်းကောင်း၊ ယုံကြည်ကိုးကွယ်မှုအားဖြင့်လည်းကောင်း အမျိုးမျိုး ကွဲပြားနေကြသော်လည်း အမြင်မှားနှင့် အမြင်မှန် နှစ်မျိုးသာ ရှိသည်ကို သိလာရသည်။ "စိတ်သည် ပြင်ပအာရုံကို အာရုံပြုမြင်သည်"ဟု မှတ်ယူခဲ့ခြင်းသည် အမြင်မှားဖြစ်သည်။ ပြင်ပအာရုံကသာ စက္ခုအကြည်ကို လာတိုက်ပြီး ထိုစက္ခုအကြည်ဋ္ဌပေါ်သော ရူပါရုံကိုသာ စိတ်က အာရုံပြုသည်ကို သိမြင်ခြင်းသည် အမြင်မှန်ဖြစ်သည်။ အမှန်ရှုမြင်ရသည်မှာ စက္ခုအကြည်မာတ်သည် ငါလည်းမဟုတ်၊ သူလည်းမဟုတ်၊ အသက်လိပ်ပြာဟူ၍လည်းမရှိ၊ ဖန်တီးသူလည်းမရှိပဲ ကျရောက်လာသော အဆင်းအာရုံကို လက်ခံဖော်ပြမှုသဘောဆောင်ကာမျှပင် ဖြစ်သည်။ ထိုစက္ခုအကြည်အား ရူပါရုံကို လက်မခံရန် တားဆီး၍လည်းမရ၊ ရူပါရုံကို လက်ခံရန် တိုက်တွန်းစရာလည်း မလိုပဲ ပကတိအဆင်းကို လက်ခံတတ်သော သဘောသက်သက်မျှပင် ရှိသည်ကို ဦးသူတော် ဉာဏ်ဖြင့် သုံးသပ်မိလေသည်* **(အရှုခံ = စက္ခုအကြည်၊ အရှုညာဏ်=နောက်စိတ်မင်္ဂ) (ရူပပရိစ္ဆေဒဉာဏ်၊ ကာယာနုပဿနာသတိပဋ္ဌာန်)**။

ဤသို့ စက္ခုအကြည်ကို ပိုင်းခြားမြင်ခြင်းသည် သတ္တဝါတို့အနေဖြင့် အလွန်မှ သိမြင်နိုင်ခဲသော အရာပင် ဖြစ်သည်။ ဆက်လက်၍ ဦးသူတော်သည် စက္ခုပသာဒရှိ ရူပါရုံ၏ အရှိသဘောဆောင်မှုကို ရှုနေလိုက်၏။ ထိုရူပါရုံသည် ပြင်ပမောင်လှနှင့် တထပ်တည်း တူနေသော အဆင်းရုပ်တရားဖြစ်သည်။ မှန်ထဲ၌ ပေါ်နေသော မိမိပုံရိပ်ကို မိမိပြန်ရှုနိုင်ဘိသကဲ့သို့ မိမိစက္ခုအကြည်၌ ပေါ်နေသော ထိုရူပါရုံကို ပိုင်းခြားရှုမြင်နိုင်ခြင်း ဖြစ်သည်။ အရှုညာဏ်၏ ထက်မြက်မှုကြောင့် သန်းဦးခေါင်းပမာဏမျှရှိသော စက္ခုအကြည်နှင့်တကွ ၎င်း၌မှီနေသော ရူပါရုံကိုပါ မြင်နိုင်လေပြီ။ ထိုရူပါရုံသည် ငါမဟုတ်၊ ငါ၏အတ္တလည်းမဟုတ်၊ ဖန်တီးသူမရှိ၊ အသက်လိပ်ပြာလည်းမရှိသည့် သဘောကိုလည်း ပိုင်းခြား ရှုမြင်နိုင်ပြီဖြစ်သည်။ **(အရှုခံ-ရူပါရုံ၊ အရှုညာဏ်-နောက်စိတ်မင်္ဂ) (ရူပပရိစ္ဆေဒဉာဏ်၊ ကာယာနုပဿနာသတိပဋ္ဌာန်)**

မိမိအရင်က "ပြင်ပအာရုံကိုအာရုံပြုမြင်သည်"ဟု မှတ်ယူခဲ့သည်မှာ မဟုတ်မမှန်ပဲ "ပြင်ပအာရုံကသာ စက္ခုအကြည်ကို လာတိုက်ပြီး ထိုစက္ခုအကြည်ဋ္ဌပေါ်သော ရူပါရုံကိုသာ အရှုညာဏ်သဟိတ်စိတ်ကအာရုံပြုသည်" ဆိုသည့် အမှန်တရားကို သိလာရသည်။ အမြင်မှားနှင့် အမြင်မှန် ယခုမှ ခွဲခြားသိရပြီဖြစ်သည်။ အလွန်မှ သိနိုင်ခဲလေစ့။ မြတ်စွာဘုရားနှင့် သံဃာတော်တို့၏ ကျေးဇူးကြောင့်သာ ယခုလို အမှားအမှန် ခွဲခြားနိုင်ခြင်းဖြစ်သည်။ တသံသရာလုံး အမြင်မှားလာမှုကို ယခုမှ သိရတော့သည်။ တရားရှာပြန်သော်လည်း နာကြားသိရှုပ်နာမ်၊ ဖတ်သိမှတ်သိ

---

* စက္ခုအကြည်သက်သက်ကို သီးသန့်ရှု၍မရပါ။ ရူပါရုံကိုအကြောင်းခံ၍ စက္ခုအကြည်၏သဘောကို ရှုမြင်သုံးသပ်ခြင်း ဖြစ်သည်။

http://www.dhammadownload.com

ရုပ်နာမ်၊ မှန်းဆရုပ်နာမ်များကို ဟုတ်လေပြီ၊ မှန်လေပြီဟု ယူဆခဲ့ကာ တံလျှပ်ကိုရေထင်သည့် သဖွယ် ယုံကြည်ခဲ့သည်များကို ယခုမှ နောင်တရမိတော့သည်။

ဤကဲ့သို့ ရူပါရုံနှင့် စက္ခုအကြည်တို့၏ သဘာဝလက္ခဏာကို အကဲခတ် ရှုနေစဉ် နောက်ထပ် အံ့သြဖွယ် တွေ့မြင်ရမှုမှာ ရူပါရုံနှင့် တသားတည်း တထပ်တည်း တသဘောတည်း ကဲ့သို့ ကိန်းနေပြီး ရူပါရုံနှင့် မတူညီဘဲ မြင်မှုသဘောဆောင်နေသည့် စိတ်တစ်မျိုးကိုလည်း ရှုမြင်ရပြန်သည် (**အရှုခံ-ရှေ့စက္ခုဝိညာဏ်စိတ်၊ အရှုညာဏ်-နောက်သဟိတ်မနောဝိညာဏ်မဂ်စိတ်**) (**စိတ္တာနုပဿနာသတိပဋ္ဌာန်**)။ ထိုမြင်စိတ်(**စက္ခုဝိညာဏ်**)သည် ခန္ဓာ၏ပြင်ပရှိ မောင်လှကို အာရုံမပြုပဲ စက္ခုပသာဒ၌ ကိန်းနေသော ရူပါရုံကိုသာ အလိုလို အာရုံပြုနေသည့်သဘောကိုလည်း ဉာဏ်ဖြင့် ကွဲပြားစွာ ရှုမြင်နေရသည်။ ထိုမြင်စိတ်နှင့် ရူပါရုံသည် တသားတည်းကဲ့သို့ ဆောင်နေသော်လည်း ဂုဏ်သတ္တိချင်း မတူညီပဲ တစ်မျိုးသည် မသိသဘော ဆောင်၍ နောက်တစ်မျိုးသည် သိသဘောဆောင်မှု ရှိသည်ကို ဉာဏ်ဖြင့် ခွဲခြားရှုမြင်နိုင်နေသည်။ ထိုမြင်စိတ်၌ ငါဟူသော သဘောမရှိ၊ ငါမြင်သည်ဟူသော သဘောမရှိ၊ ငါ့သားပဲ မောင်လှပဲဟု အမည်ပေးခြင်းမရှိ၊ ကောင်းတယ် ဆိုးတယ်ဟု ဝေဖန်ခြင်းလည်းမရှိ၊ အသက်လိပ်ပြာ ရှိသည်ဟူ၍လည်း မတွေ့၊ ပုဂ္ဂိုလ်သတ္တဝါဟု စွဲစရာလည်း မမြင်ပဲ သိကာမျှသက်သက်သာ ရှိသည်ကို ဉာဏ်ဖြင့် ပိုင်းခြားမြင်ရလေပြီ။ မိမိယခင်က မြင်စိတ်ကို ငါ့စိတ်၊ ငါမြင်နေတာဟု ယူဆခဲ့သည်မှာ မဟုတ်ကြောင်း၊ မြင်စိတ်သည် မြင်စရာရှိတာကို မြင်သိနေသည်မှာ သူ့အလုပ် သူလုပ်နေခြင်း ဖြစ်ကြောင်း ယခုမှ သိရလေပြီ။ ထိုအခါ ဦးသူတော်သည် မြင်စိတ်အပေါ်၌ တဒင်္ဂရူဆဲအခိုက် သံသယကင်းစွာ ဒိဋ္ဌိအစွဲပြုတ်နေ၏ (**နာမပရိစ္ဆေဒဉာဏ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်**)။

ထို့ရုပ်ဓာတ်၊ နာမ်ဓာတ်နှစ်ပါး တည်ရှိနေသည့် သဘောကို ပိုင်းခြားရှုလျက် ငါမဟုတ်ကြောင်း အနတ္တဝိပဿနာဉာဏ် ရှုပွား၏ (**နာမရူပပရိစ္ဆေဒဉာဏ်**)။ ဥပမာဖြင့် ဆန်းစစ်ကြည့်မိသည်။ သန့်ရှင်းသောရေထဲ၌ အညစ်အကြေးကင်းသော ဆားပျော်ဝင်သည့်အခါ အမြင်အားဖြင့် ရေနှင့်ဆား ခွဲခြားမရနိုင်အောင် တည်ရှိနေသည်။ ထို့ဆားရေကို လျှာပေါ်တင်ကြည့်သောအခါ ဆား၏သဘောကို လည်းကောင်း၊ ရေ၏သဘောကိုလည်းကောင်း ကွဲကွဲပြားပြား ပိုင်းခြားသိမြင်ရတိုသကဲ့သို့ ရုပ်နှင့်နာမ်ကို ခွဲခြားရှုမြင်နိုင်နေသည်။

ဦးသူတော်သည် မိမိ၏ စက္ခုဒွါရရှိ ရူပါရုံရုပ်တရားနှင့် မြင်စိတ်နာမ်တရားတို့ကို ခွဲခြားရှုနေရာမှ နောက်ထပ်ထူးခြားမှု သဘောတစ်ခုကို ရှုမြင်ရပြန်သည်။ ထိုသဘောသည် စက္ခုဒွါရမှ စတင်ဖြစ်ပေါ်လာပြီး လျှပ်စီးလက်ဘိသကဲ့သို့ဆောင်သည့် ဓာတ်တစ်မျိုး(စက္ခုသမ္ဖဿ) ဖြစ်သည်။ ထိုဓာတ်သဘောကို သေချာစွာ ရှုမြင်နေသောအခါ ထိုသတ္တိထူးသည် မိမိ၏ ဘဝင်အကြည်သို့ ရွေးရှုလျက် ပြေးတိုက်နေသည်ကို ရှုမြင်ရပြန်သည်။ ထိုဓာတ်၌ ဖန်တီးသူ၊ စေခိုင်းသူမရှိသော်သဘောကိုလည်းကောင်း၊ ပုဂ္ဂိုလ်သတ္တဝါမရှိမှု သဘောကိုလည်းကောင်း၊ အသက်လိပ်ပြာဟူ၍ ဖော်ပြမှုမရှိမှုသဘောကိုလည်းကောင်း ဦးသူတော်၏ဉာဏ်၌ ထင်ရှားစွာ မြင်နေသည် (**အရှုခံ - ရှေ့စက္ခုသမ္ဖဿ၊ အရှုညာဏ် - နောက်သဟိတ်မနောဝိညာဏ်မဂ်စိတ်**) (**နာမပရိစ္ဆေဒဉာဏ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်**)။

ဆက်လက်၍ ရှုသောအခါ ထိုလျှပ်စီးဓာတ်ပမာ ဆောင်တတ်သည့်သဘောနှင့် ဘဝင်အကြည်တို့တိုက်မှုကြောင့် မိမိ၏ဘဝင်အကြည်၌ ပြင်ပမောင်လှ၏အဆင်းနှင့်လည်းကောင်း၊ စက္ခုဒွါရရှိရူပါရုံနှင့်လည်းကောင်း တထပ်တည်းတူသည့် ပုံရိပ်တစ်ခု ပေါ်နေသည်ကို အံ့သြဖွယ် ရှုမြင်ရပြန်သည်။ ထိုစိတ်အကြည်၌ထင်သော ပုံရိပ်သည် မောင်လှနှင့်တူသော ရူပမမှာရုံ ဖြစ်နေသည်။ ထိုဘဝင်အကြည်သက်သက်ကို ရှုမြင်နေခြင်းသည် စက်မဖွင့်ရသေးသော တီဗွီ

http://www.dhammadownload.com

ဖန်သားပြင်သက်သက်ကို ကြည့်နေရသည်နှင့် တူပြီး အဆင်း တိုက်သောအခါ ဘဝင်အကြည်၌ ဓမ္မာရုံရုပ်ပုံများ ပေါ်လာသည်ကို ကြည့်နေရသည်မှာ စက်ဖွင့်ပြီးသော တီဗွီဖန်သားပြင်တွင် တရားဟောဆရာတော်ပုံ ပေါ်လာသည်ကို ရှုမြင်နေရသည်နှင့် တူ၏။ ထိုဘဝင်အကြည်၌ ရူပဓမ္မာရုံပေါ်မှုကို ကြည့်ရသည်မှာလည်း မှန်ထဲ၌ပေါ်သော မိမိပုံရိပ်ကို မိမိ ပြန်မြင်နေရ ဘိသကဲ့သို့ ထင်ရှားစွာ ပိုင်းခြားမြင်နေရသည်။ ထိုအခါ ဉာဏ်ဖြင့် ဤကဲ့သို့ ဆက်၍ သုံးသပ်ဆင်ခြင်မိသည်။

မိမိစိတ်မစင်ကြယ်မီက (ဝါ) ဤကဲ့သို့ သမ္မာသမာဓိ မရရှိမီက အဆင်းနှင့် တွေ့ဆုံသည့်အခါ ထိုအဆင်း (ထိုလူ)ရှိရာ ပြင်ပကို အာရုံပြုခဲ့သည်မှာ မှားခဲ့ပြီ။ ယခုအခါ အမှန်တရားကို တွေ့ရှိရပြီ။ အဆင်းရှိရာသို့ စိတ်သည် မည္တတ်၊ မထွက်။ အဆင်းကသာ ခန္ဓာအတွင်းသို့ ဓမ္မသဘောဖြင့်ပြောင်းကာ ဓမ္မာရုံအဖြစ် ရောက်ရှိလာခြင်း ဖြစ်သည်ကို ယခုမှ သိလာရသည်။ ထိုအကြည်ဓာတ်သည် ငါဖန်တီးတာမဟုတ်သည့် သဘောကိုလည်းကောင်း၊ ထိုအကြည်ပေါ်၌ မှီ၍နေသော ဓမ္မာရုံသည်လည်း ငါဖန်တီးတာမဟုတ်သည့် သဘောကို လည်းကောင်း၊ မဖြစ်ပေါ်အောင် အမိန့်ပေးတားဆီးနိုင်သူလည်း မရှိ၊ အသက်လိပ်ပြာနှင့် ပုဂ္ဂိုလ်သတ္တဝါလည်း မရှိ၊ ဖန်ဆင်းသူလည်းမရှိ၊ ယောက်ျား မိန်းမလည်း မရှိပဲ ဓမ္မရုပ်ဓာတ် သဘောသက်သက်မျှသာ ရှိပါလားဟု ဉာဏ်၌ မြင်လာသည် (**အရှုခံ-ဓမ္မာရုံ အရှုဉာဏ်-နောက်သဟိတ်မနောဝိညာဏ်မဂ်စိတ်**) (**ရူပပရိစ္ဆေဒဉာဏ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်**)။ ဤခန္ဓာသည် ငါ၏ခန္ဓာဟု စွဲယူခဲ့သည်မှာ အလွန်မှ မှားလေပြီ။ အမှန်စင်စစ်မှာ ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်သဘောတို့ သူ့သဘာဝသူဆောင်နေခြင်းမျှသာပါလားဟု သိလာရသည်။ မြတ်စွာဘုရားရှင်ဟောကြားသော တဏှာဆောက်သည့်အိမ် ဆိုသည်မှာ ဒါကို ဆိုလိုတာပါလားဟု ယခုမှ သဲသဲကွဲကွဲ သိရတော့သည်။ အလွန်မှ သိနိုင်ခဲလေစွ။

တဖန် ထိုဓမ္မရုပ်၏သဘောသက်သက်ကို စူးစမ်းအကဲခတ်ရှုကြည့်ရာ ထိုဓမ္မရုပ်နှင့်အတူ တထပ်တည်း တသဘောတည်းကဲ့သို့ ရှိနေသော်လည်း သေချာစွာ စူးစမ်းသုံးသပ်သောအခါ ဉာဏ်ဖြင့်သာ ခွဲခြားရှုမြင်ရသည့် နာမ်ဓာတ်တစ်မျိုးကိုလည်း ရှုမြင်ရပြန်သည်။ ထိုနာမ်ဓာတ်သည် မသိသဘော ဓမ္မရုပ်ဓာတ်နှင့် တသားတည်း တထပ်တည်းကဲ့သို့ဆောင်နေသော သိသဘော **အဟိတ်မနောဝိညာဏ်** ဖြစ်သည်။ ထိုနာမ်ဓာတ်သည် ထိုဓမ္မာရုံအား အမည်ပညတ်ပေးခြင်းမရှိ၊ ဝမ်းမြောက်ခြင်း နှလုံးမသာယာခြင်းလည်းမရှိ၊ ဆုံးဖြတ်သုံးသပ်ခြင်းလည်း မရှိ၊ ကုသိုလ်ကံ အကုသိုလ်ကံလည်း မပြုလုပ်၊ ထိုဓမ္မာရုံကို ငါမြင်နေသည်ဟူ၍လည်းမရှိ၊ ငါဟုစွဲလမ်းမှုလည်းမရှိ၊ သိကာမျှသက်သက်သာ ရှိသည့်သဘောတို့ကို ယခုမှ ဉာဏ်၌ သံသယရှင်းစွာ သိမြင်ရသည်။ ထိုအဟိတ်မနောဝိညာဏ်သည် ရူပဓမ္မာရုံကို လက်ခံသိကာမျှ သဘောဆောင်နေသည်ကိုလည်း ဉာဏ်ဖြင့် ပိုင်းခြားမြင်နေရသည် (**အရှုခံ-ရှေ့အဟိတ်မနောဝိညာဏ်စိတ်၊ အရှုဉာဏ်-နောက်သဟိတ်မနောဝိညာဏ်မဂ်စိတ်**) (**နာမပရိစ္ဆေဒဉာဏ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်**)။

မှတ်သားသိ၊ နာကြားသိနှင့် ခန္ဓာအသိကွာခြားပုံကို ယခုမှ ခွဲခြားသိရလေပြီ။ ယခင်က စိတ်ဟူသည် တစ်မျိုးတည်းဟု ထင်ခဲ့သည်မှာ မှားခဲ့လေပြီ။ စက္ခုဒွါရ၌ရှိသော ရုပ်နာမ်၏ သဘောနှင့် မနောဒွါရမှာရှိသော ရုပ်နာမ်၏သဘောတို့ကို အပြန်အလှန် စစ်ဆေးကြည့်သောအခါ တသဘောတည်းကဲ့သို့ရှိနေသည်ကိုလည်း ဉာဏ်၌မြင်နေသည် (**အရှုခံ-ရှေ့အဟိတ်မနောဝိညာဏ်စိတ်နှင့်ဓမ္မာရုံ၊ အရှုဉာဏ်-နောက်သဟိတ်မနောဝိညာဏ်မဂ်စိတ်**) (**နာမရူပပရိစ္ဆေဒဉာဏ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်**)။ ထိုပုံရိပ်နှစ်မျိုးနှင့် ခန္ဓာပြင်ပရှိ မောင်လှ၏အဆင်းတို့သည် တထပ်တည်း တူညီနေသည့် သဘောကိုလည်း ဉာဏ်ဖြင့် သုံးသပ်ကြည့်နေ၏။ ပုထုဇဉ်တို့သည်

http://www.dhammadownload.com

အမှန်ရှိသည်ကို အမှန်အတိုင်း မသိမမြင်ကြပေ။ မိမိအနေဖြင့် ငါဟု စွဲထားသောစိတ်သည် အဆင်းနှင့် တိုက်ဆိုင်သည့်အခါ မိမိ၏ ဘဝင်ရှိ ရူပဓမ္မာရုံကိုသာ အမှန်အာရုံပြုနေပါလျက် အထင်မှားပြီး ခန္ဓာပြင်ပမှ အာရုံများကို မိမိစိတ်နှင့် ဆက်ဆံနေသည်ဟု ထင်မြင်စွဲလမ်းနေကြသည်။ ဤခန္ဓာသည် ရုပ်နာမ်ဓမ္မ သဘာဝသက်သက်မျှပါလား၊ လူ နတ် ဗြဟ္မာဆိုတာ အမှန်မရှိပါလား၊ ကံပြုသမျှ ပြန်လည် အကျိုးပေးနေသည့် ဝိပါက်သက်သက်မျှပါလားဟု ဉာဏ်မှာ သံသယရှင်းစွာ သုံးသပ်ဆုံးဖြတ်မှုများ ဖြစ်ပေါ်လာသည်။

ဘဝင်၌ရှိသော ရုပ်နာမ်တစ်စုံကို အကဲခတ်ရှုနေစဉ် ဘဝင်မှ စက္ခုဒွါရသို့ လျှပ်စီးလက်သည့်ပမာ ထွက်၍ညွှတ်သော သဘောဆောင်သည့် **ဓာတ်တစ်မျိုး** (မနောသမ္ဖဿ) ကိုလည်း ရှုမြင်ရပြန်သည်။ ထိုသို့ ရှုခြင်းသည် စက္ခုဒွါရနှင့် မနောဒွါရကို အာရုံမပြုပဲ ထိုဒွါရနှစ်ခုတို့၏ ဆက်စပ်မှုသဘောကို ရှုမြင်နေခြင်း ဖြစ်နေသည်။ ထိုလျှပ်စီးဓာတ်ပမာ ဆောင်သော ဓာတ်တစ်မျိုးသည် အလွန်မှ ဖြစ်မှုပျက်မှုမြန်နေသည်။ ထိုသဘောကို သေချာစွာ အကဲခတ်ရှုကြည့်သောအခါ လျှပ်စီးလက်သည့်ပမာ အပြန်အလှန် တလှည့်စီ ဖြစ်ပေါ်နေသည့် **ဓာတ်နှစ်မျိုး** ဖြစ်နေသည်ကိုလည်း ရှုမြင်ရပြန်သည်။ စက္ခုဒွါရမှ ဖြစ်ပေါ်သည့် ဓာတ်တစ်မျိုး (စက္ခုသမ္ဖဿ)နှင့် မနောဒွါရမှ ဖြစ်ပေါ်သည့် ဓာတ်တစ်မျိုး(မနောသမ္ဖဿ)တို့ တလှည့်စီ ဖြစ်နေကြသည်။* ထိုဓာတ်သဘောတို့ ဆောင်နေမှုသည် ငါလည်းမဟုတ်၊ ငါ၏အတ္တလည်းမဟုတ်၊ ငါခိုင်းစေနေခြင်းကြောင့် ဖြစ်ပေါ်နေခြင်းလည်းမဟုတ်၊ ဖန်ဆင်းသူလည်းမရှိ၊ တိုက်တွန်းသူလည်းမရှိ၊ အသက်လိပ်ပြာလည်းမရှိ စသည့် သဘောတို့ကိုလည်း ဉာဏ်ဖြင့်မြင်လျက် သုံးသပ်နေ၏ **(နာမပရိစ္ဆေဒဉာဏ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်)**။

ထိုလျှပ်စီးဓာတ်ပမာ ဆောင်နေသော ဓာတ်သဘောတို့ ဖြစ်ပေါ်ပြီးတိုင်း ဆက်စပ်ဖြစ်ပေါ်လာမည့် သဘောကို သေချာစွာ ဉာဏ်ဖြင့် အကဲခတ်ရှုနေ၏။ အလွန်မှ နူးညံ့သိမ်မွေ့စူးရှသည့် သမာဓိဖြင့် အကဲခတ် စုံစမ်းရှုရခြင်းဖြစ်သည်။ ထိုအခါ ထိုလျှပ်စီးဓာတ်တို့ (စက္ခုသမ္ဖဿနှင့် မနောသမ္ဖဿ) ဘဝင်သို့ ကျရောက် ပြီးတိုင်း အာရုံကို ခံစားသည့်သဘောမျှသာ ဆောင်နေသော ဓာတ်သတ္တိတစ်မျိုး(**ဝေဒနာက္ခန္ဓာ**)သည် ယင်းတို့ နှင့်ယှဉ်ဖက်အနေဖြင့် ပေါ်လာသည်ကို ပိုင်းခြားရှုမြင်ရပြန်သည်။ ထိုဝေဒနာက္ခန္ဓာ၏ သဘောဆောင်နေမှုသည် ငါလည်းမဟုတ်၊ ငါ၏အတ္တလည်းမဟုတ်၊ ငါခိုင်းစေနေခြင်းကြောင့် ဖြစ်ပေါ်နေခြင်းလည်းမဟုတ်၊ ဖန်ဆင်းသူလည်းမရှိ၊ တိုက်တွန်းသူလည်းမရှိ၊ အသက်လိပ်ပြာလည်းမရှိသည်ကိုလည်း ဉာဏ်ဖြင့်မြင်လျက် သုံးသပ်နေ၏ **(နာမပရိစ္ဆေဒဉာဏ်၊ အဟိတ်/သဟိတ်မနောဝိညာဏ်နှင့် ယှဉ်ဖက်ဝေဒနာနုပဿနာသတိပဋ္ဌာန်)**။

---

* ပဋ္ဌာရုံနှင့် မနောသမ္ဖဿတို့ ဆက်စပ်မှုသဘောကို ပဋ္ဌာန်းဒေသနာတော်၌ ဤကဲ့သို့ ဖွင့်ပြထားသည်။
"ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, နိပ္ပန္နရုပ် ဓမ္မာရုံတို့သည် မနောသမ္ဖဿအား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတဟူသော ပစ္စယသတ္တိလေးပါးတို့ဖြင့် ကျေးဇူးပြု၏။"
စက္ခုသမ္ဖဿသည် မနောဓာတ်ကိုပါ အကျိုးပြုပုံကို ပဋ္ဌာန်းဒေသနာတော်၌ ဤကဲ့သို့ ဖွင့်ပြထားသည်။
"စက္ခုသမ္ဖဿ စသော ဖဿငါးပါးသည် သမ္ပဋိစ္ဆိုင်း၌ယှဉ်သော ဝေဒနာအား အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတဟူ၍ ပစ္စယသတ္တိငါးပါးတို့ဖြင့် ကျေးဇူးပြု၏။ စက္ခုသမ္ဖဿ စသော ဖဿငါးပါးသည် သန္တီရဏ, တဒါရုံ၌ယှဉ်သောဝေဒနာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။"
(အဘိ၊ ၄၊ ၂။ ၁၆၈.၁၇၀။ မူလဋီ၊ ၂။ ၁၁၉.၁၂၀။ အနုဋီ၊ ၂။ ၁၃၁.၂)။

http://www.dhammadownload.com

အရှုညာဏ်ကို ဖြန့်လည်သုံးသပ်ခြင်း

ဘဝင်ရှိ ရုပ်နာမ်သဘောတို့ကို ထင်ရှားသလောက် အကဲခတ် ရှုကြည့်ပြီးသောအခါ ထိုအရှုခံ ရုပ်နာမ်တို့သည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ငါမဟုတ်ခဲ့လျှင် မိမိအရှုညာဏ်သည်လည်း ငါရှုနေသည်ဆိုသည်မှာ မှန်ပါ့မည်လားဟု လေ့လာလိုသောဆန္ဒ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ထိုရုပ်နာမ်တို့၏ သဘောကိုရှုသော မိမိအရှုညာဏ်ကိုလည်း စစ်ဆေးသုံးသပ်မိပြန်သည်။

စက္ခုဒ္ဒါရကို အာရုံပြုလိုက်၏။ ထိုသို့ အာရုံပြုလိုက်သည်နှင့်တပြိုင်တည်း စက္ခုဒ္ဒါရရှိ ရုပ်နာမ်တို့ကို ရုပ်နာမ်သဘောတွေ့ပါလားဟု ပိုင်းခြားရှုသော အရှုညာဏ်စိတ် ဖြစ်လာသည်။ ၎င်းရှေ့အရှုညာဏ်စိတ်ကိုလည်း နောက်အရှုညာဏ်စိတ်ဖြင့် ထပ်ရှုလိုက်သည်။ ထိုအခါ ရှေ့အရှုညာဏ်စိတ်ချုပ်သွားသည်။ ရှေ့အရှုညာဏ်စိတ်၏ ဖြစ်မှုနှင့်ချုပ်မှုသည် တပြိုင်တည်းကဲ့သို့ ဖြစ်နေသည်ကိုလည်း ဉာဏ်ဖြင့်ကွဲပြားစွာရှုမြင်နေရသည် (**အရှုခံ-ရှေ့သဟိတ်မနောဝိညာဏ်စိတ်၊ အရှုညာဏ်-နောက်သဟိတ်မနောဝိညာဏ်မဂ်စိတ်**)။ ထိုရုပ်နာမ်ဟုပိုင်းခြားရှုသော ဝိဇ္ဇာမာနပညတ်နှင့်ယှဉ်သော အရှုညာဏ်စိတ် ဖြစ်ပေါ်လာသည်မှာ ငါဖန်တီးခြင်း မဟုတ်ပဲ အလိုလို ဖြစ်ပေါ်လာခြင်းပါလား၊ ထိုအရှုညာဏ်စိတ်သည်လည်း ငါမဟုတ်၊ ငါ၏အတ္တလည်းမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်ပါလားဟူ၍ ဤသို့ ဆင်ခြင်မိ၏။

ထိုရှေ့အရှုညာဏ်စိတ်နှင့်အတူ ယှဉ်ဖက်ဝေဒနာသည် အာရုံကို ခံစားနေသည့်သဘောကိုလည်း နောက်အရှုညာဏ်စိတ်ဖြင့် ပိုင်းခြားရှုပြန်သည်။ ထိုဝေဒနာကွန္ဓာ၏ မမြဲမှုကိုလည်း ပိုင်းခြားရှုနေသည် (**နာမပရိစ္ဆေဒဉာဏ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်**)။ အာရုံပြောင်းလျှင် ယှဉ်ဖက်စိတ်တွေ ပြောင်းဖြစ်ပေါ်ပါလား။ ထိုပြောင်းဖြစ်လာသော အရှုညာဏ်စိတ်သည်လည်း ငါမွေးဖွားခြင်းမဟုတ်၊ ငါဖန်တီးခြင်းမဟုတ်၊ အခြားသူလည်းမဟုတ်၊ အသက်လိပ်ပြာလည်းမရှိ၊ မြဲမှုလည်းမရှိ၊ အနှစ်လည်းမရှိ၊ ဖန်ဆင်းသူလည်းမရှိ၊ သူ့သဘောသူဆောင် ဖြစ်လာပြီး သူ့သဘောသူဆောင်ပြီး ပျက်သွားပါလား၊ ထိုအရှုညာဏ်စိတ်ကို ယခင်က ငါတရားရှုနေတာပဲ၊ ငါ့စိတ်ကတရားရှုတာပဲဟု စွဲယူခဲ့သည်မှာ အမြင်မှားခဲ့ပါလားဟု ဉာဏ်ဖြင့် သုံးသပ်လျက် ရှုနေ၏။ (**ရှေ့စိတ်ဖြစ်ပျက်၊ နောက်စိတ်မဂ်**) (**နာမပရိစ္ဆေဒဉာဏ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်**)

ထို့နောက် စက္ခုဒ္ဒါရရှိ ရူပါရုံကို အာရုံပြုလျက် မောင်လှနှင့်တူသော ပုံရိပ်ပါလားဟူသော ဝိဇ္ဇာမာနပညတ်နှင့်ယှဉ်သော အရှုညာဏ်စိတ်ဖြင့် ရှုလိုက်သည်။ ထိုရှေ့အရှုညာဏ်စိတ်ကို နောက်အရှုညာဏ် စိတ်ဖြင့် ထပ်ရှုလိုက်သောအခါ ထိုဝိဇ္ဇာမာနပညတ်နှင့် ယှဉ်သော ရှေ့အရှုညာဏ်စိတ်၏ ဖြစ်မှုနှင့်ချုပ်မှုသည် တပြိုင်တည်းကဲ့သို့ ဖြစ်နေသည်ကိုလည်း ဉာဏ်ဖြင့် ကွဲပြားစွာ ရှုမြင်နေရသည် (**ရှေ့စိတ်ဖြစ်ပျက်၊ နောက်စိတ်မဂ်**)။ ထိုအရှုညာဏ်စိတ်ချုပ်မှုကိုလည်း နောက်အရှုညာဏ်စိတ်ဖြင့် ထပ်ဆင့် ရှုလိုက်ပြန်သောအခါ နောက်အရှုညာဏ်စိတ်သည် ဘဝင်အကြည်သက်သက်ကို မျက်မှောက်ပြုပြီး ဖြစ်သွားပြီး ဘဝင်အကြည်၌ ပညတ်ကင်းစွာ မြင်မြင်ကာရပ်လျက် တည်နေသည်(**ရှေ့စိတ်ဖြစ်ပျက်၊ နောက်စိတ်မဂ်**)။ ထိုအခါ ဦးသူတော်သည် မိမိ၏အရှုညာဏ်စိတ်ဟု စွဲယူထားသော သဟိတ်မနောဝိညာဏ်၏ အလိုလို ဖြစ်ပေါ်လာမှုနှင့် အလိုလို ပျက်တတ်သည့် သဘောဆောင်မှုကိုလည်း ဉာဏ်ဖြင့် သုံးသပ်ရှုမြင်နေ၏။ ထိုရှေ့အရှုညာဏ်စိတ်နှင့်အတူ ယှဉ်ဖက်ဝေဒနာကိုလည်း နောက်အရှုညာဏ်စိတ်ဖြင့် ပိုင်းခြားရှုပြန်သည်။ ထိုဝေဒနာကွန္ဓာ၏ မမြဲမှုကိုလည်း ပိုင်းခြားရှုနေသည်။ (**နာမပရိစ္ဆေဒဉာဏ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်**)

နောက်တဖန် ဘဝင်အကြည်ကို အာရုံပြုလျက် မြင်မြင်ကာ ရပ်ရှုနေသော ရှေ့အရှုညာဏ်စိတ်၏ သဘောကိုလည်း နောက်အရှုညာဏ်စိတ်ဖြင့် ထပ်ဆင့် ပိုင်းခြားရှုပြန်၏။

http://www.dhammadownload.com

ထိုရှေ့အရှုညာဏ်စိတ်နှင့်အတူ ယှဉ်ဖက်ဝေဒနာကိုလည်း နောက်အရှုညာဏ်စိတ်ဖြင့် ပိုင်းခြားရှုပြန်သည်။ ထိုဝေဒနာကွန်ရှာ၏ မမြဲမှုကိုလည်း ပိုင်းခြားရှုနေသည်။ **(နာမပရိစ္ဆေဒညာဏ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်)**

ထို့နောက် ဦးသူတော်သည် ဤကဲ့သို့ ဆင်ခြင်မိ၏။ ထိုရှေ့အရှုညာဏ်စိတ်သည် ဖန်တီးသူမရှိ၊ ငါမရှိ၊ ငါ၏စိတ်မဟုတ်၊ ငါ၏အတ္တမဟုတ် စသည့် ဝိပဿနာညာဏ် ဖြစ်ပေါ်လာသည်။ မိမိတရားကျင့်နေသော ခန္ဓာအစုအဝေးပေါ်၌ တရားကျင့်နေတာငါပဲ၊ ငါ့၏ဝိပဿနာညာဏ်ပဲဟု အထင်မှားခဲ့သမျှ နောင်တကြီးစွာ ရမိတော့သည်။ ယခုတော့ တရားရှုတာ မည်သူမှလည်းမဟုတ်၊ အကျိုးဝိပါက်ခန္ဓာထုပ်ကြီးပါလားဟု သုံးသပ်ဆုံးဖြတ်ချက်များ ဖြစ်ပေါ်လာသည်။ (ရှုဆဲတဒင်္ဂ်) **(နာမပရိစ္ဆေဒညာဏ်၊ သဟိတ်မနောဝိညာဏ်အချင်းချင်း ရှုသော စိတ္တာနုပဿနာသတိပဋ္ဌာန်)**

နောက်တဖန် စက္ခုဒွါရရှိ ရုပ်နာမ်တို့ကို **မြင်မြင်ကာရုပ်လျက်** (ဒိဋ္ဌေဒိဋ္ဌမတ္တံ) **သုံးသပ်မှုမပြုပဲ** ရှုကြည့်နေ၏။ ထိုသို့ မြင်မြင်ကာ**ရုပ်လျက်**သိနေသော ရှေ့အရှုညာဏ်စိတ်ကို နောက်အရှုညာဏ်စိတ်ဖြင့် ထပ်ဆင့်၍ ပိုင်းခြားရှုလိုက်၏။ ထိုမြင်မြင်ကာ**ရုပ်လျက်** သိနေသော ရှေ့အရှုညာဏ်စိတ်၏ အလိုလို ဖြစ်မှုသဘောကိုလည်းကောင်း၊ ပျက်မှုသဘောကိုလည်းကောင်း အနီးကပ် ပိုင်းခြားရှုမြင်နေ၏ **(ရှေ့သဟိတ် မနောဝိညာဏ်စိတ်ဖြစ်ပျက်၊ နောက်သဟိတ် မနောဝိညာဏ်မဂ်စိတ်)** **(နာမပရိစ္ဆေဒညာဏ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်)**။ ထိုရှေ့အရှုညာဏ်စိတ်နှင့်အတူ ယှဉ်ဖက်ဝေဒနာကိုလည်း နောက်အရှုညာဏ်စိတ်ဖြင့် ပိုင်းခြားရှုပြန်သည်။ ဝေဒနာနာမ်ဓာတ်သည် အာရုံ၏ရသသဘောကို ခံစားကာမျှ ဆောင်နေသည်။ ထိုဝေဒနာကွန်ရှာ၏ မမြဲမှုကိုလည်း ပိုင်းခြားရှုနေသည်။ **(နာမပရိစ္ဆေဒညာဏ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်)**

နောက်တဖန် ဘဝင်၌ တထပ်တည်း တည်နေသည့် မသိသိဘောဆောင်သော ဓမ္မာရုံရုပ်တရားနှင့် သိသဘောဆောင်နေသည့် အဟိတ်မနောဝိညာဏ်ကို အာရုံပြု ပိုင်းခြားရှုလျက် မြင်မြင်ကာ သိသိကာမျှ အရှုညာဏ်ဖြင့် ရပ်ကြည့်လိုက်၏။ ထိုရုပ်နာမ်တို့ကို မြင်မြင်ကာရှုနေသော အရှုညာဏ်စိတ်၏ ဖြစ်သဘောကို လည်းကောင်း၊ ပျက်သဘောကို လည်းကောင်း နောက်အရှုညာဏ်စိတ်ဖြင့် ပိုင်းခြားရှုမြင်၏ **(ရှေ့စိတ်ဖြစ်ပျက်၊ နောက်စိတ်မဂ်)**။ ရှေ့မြင်မြင်ကာရပ်ရှုနေသော အရှုညာဏ်စိတ်သည် အလိုလို ဖြစ်လာသလို ပျက်သဘောသို့လည်း အလိုလို ဆောင်သွားပါလားဟူ၍ ဆင်ခြင်သုံးသပ်မိ၏။ ထိုရှေ့အရှုညာဏ်စိတ်နှင့် အတူယှဉ်ဖက် ဝေဒနာကိုလည်း နောက်အရှုညာဏ်စိတ်ဖြင့် ပိုင်းခြားရှုပြန်သည်။ ထိုဝေဒနာကွန်ရှာ၏ မမြဲမှုကိုလည်း ပိုင်းခြားရှုနေသည်။ **(နာမပရိစ္ဆေဒညာဏ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်)**

နောက်တဖန် ရူပဓမ္မာရုံနှင့် မြင်သိ အဟိတ်မနောဝိညာဏ်တို့ကို အာရုံပြုလျက် ရုပ်နာမ်ပါလား ဟူသော ဝိဇ္ဇာမာနပညတ်နှင့်ယှဉ်သော အရှုညာဏ်စိတ်၊ မောင်လှနှင့်တူသော ဓမ္မာရုံရုပ်ပါလားဟူသော ဝိဇ္ဇာမာနပညတ်နှင့်ယှဉ်သောအရှုညာဏ်စိတ်၊ အနတ္တသဘောပါလား၊ အနိစ္စသဘောပါလား ဟူ၍ သညာပေးသော အရှုညာဏ်စိတ်တို့ကို နောက်အရှုညာဏ်စိတ်ဖြင့် ထပ်ဆင့် ထပ်ဆင့် ရှုလိုက်သည် **(ရှေ့အရှုခံ အဟိတ်ဝိညာဏ်စိတ်ဖြစ်ပျက်၊ နောက်အရှုညာဏ် သဟိတ်ဝိညာဏ်မဂ်စိတ်)**။ ထိုသညာပေးသော ရှေ့အရှုညာဏ် သဟိတ်မနောဝိညာဏ်တို့သည်လည်း ဖန်တီးသူမရှိ၊ ငါရုပ်နာမ်ကို ပိုင်းခြားရှုနေတာမဟုတ်၊ ငါ၏ဝိပဿနာညာဏ်မဟုတ် စသော အနတ္တဝိပဿနာညာဏ်များ ဖြစ်ပေါ်လာသည် (ရှုဆဲတဒင်္ဂ်)။ ထိုရှေ့အရှုညာဏ်စိတ်တို့နှင့်အတူ ယှဉ်ဖက်ဝေဒနာတို့ကိုလည်း နောက်အရှုညာဏ်စိတ်ဖြင့် ပိုင်းခြားရှုပြန်သည်။ ထိုဝေဒနာကွန်ရှာတို့၏ မမြဲမှုကိုလည်း ပိုင်းခြားရှုနေသည်။ **(နာမပရိစ္ဆေဒညာဏ်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်)**

http://www.dhammadownload.com

ဓလောကီကာမပညတ်နှလုံးသွင်းစိတ်ကို ရှုပုံ

အထက်ပါ ရုပ်နာမ်ဖြစ်စဉ်ကို အကြောင်းခံ၍ ဦးသူတော်သည် သူ၏ ဘဝင်အကြည်ဌာ ထင်နေသော ရုပ်နာမ်ကို အာရုံပြုလျက် အဝိဇ္ဇာမာနပညတ်(လောကီကာမပညတ်)အားဖြင့် နှလုံးသွင်းလိုက်သည်။ ထိုအခါ ဦးသူတော်တွင် "မောင်လှပဲ၊ ငါ့သားပဲ" စသည့် ပုဂ္ဂိုလ် သတ္တဝါကို အရှိုစွဲသော၊ ကိလေသာနှင့်ယှဉ်သော စိတ်အစုတို့ အလိုလို ပြောင်းလဲဖြစ်ပေါ်လာ၏။ ယင်းသည် လောကီကာမပညတ်ကို အာရုံပြု သညာပေးခြင်းကို အကြောင်းခံ၍ မယ်ရသေးသော တဏှာ, မာန, ဒိဋ္ဌိ စသော ကိလေသာသံယောဇဉ်တို့ဖြင့် ယှဉ်သော သဟိတ်မနောဝိညာဏ်အစု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ထိုဓမ္မာရုံကို ခံစားသောဝေဒနာသည်လည်း တထပ်တည်း ဖြစ်ပေါ်လာ၏။ ထိုဓမ္မာရုံနှင့် ယှဉ်ဖက် ဝေဒနာကို အကြောင်းခံ၍ ထိုစိတ်တွင် သားငယ်ဟုအမြင်မှားလျက် ချစ်ခင်သော တဏှာကိန်းလာသည် (**ဝေဒနာ ပစ္စယာ တဏှာ**)။ သားငယ်အပေါ်၌ သားဟု အမြင်စွဲ(ဒိဋ္ဌုပါဒါန်)၊ ငါ့သားဟူသောစိတ် (အတ္တဝါဒုပါဒါန်)၊ ချစ်ခင်သည့်စိတ်(ကာမုပါဒါန်)စသော ဥပါဒါန်တရားများ ကိန်းလာသည်(**တဏှာ ပစ္စယာ ဥပါဒါန်**)။ ထိုဥပါဒါန်တရားများသည် ပစ္စုပ္ပန်တွင် အမှန်မရှိပဲ အတိတ်အာရုံပေါ်၌ ဥပါဒါန်အားဖြင့် စွဲယူခြင်းကြောင့် မိမိ၏ဘဝင်၌ မောင်လှ၏ ဓမ္မာရုံပေါ်ခြင်း ဖြစ်သည်။ ထိုမောင်လှ၏ ဓမ္မာရုံနှင့်ယှဉ်ဖက် အဟိတ်မနောဝိညာဏ်နှင့် နာမ်အစုတို့သည် ဘဝဖြစ်၏ (**ဥပါဒါန ပစ္စယာ ကမ္မဘဝ**)။ ထိုဥပါဒါန်နှင့်တကွ ဖြစ်ပေါ်လာသော နောက်ဖြစ် သဟိတ်မနောဝိညာဏ်စိတ်သည် ဇာတိဖြစ်၏ (**ဘဝ ပစ္စယာ ဇာတိ**)။ ၎င်းဘဝဇာတိကိုလည်း နောက်အရှုဉာဏ် သဟိတ်မနောဝိညာဏ်စိတ်ဖြင့် ပိုင်းခြား၍ သိမြင်နေသည် (**ဓမ္မာရုံသည် ရုပ်တရား၊ ဓမ္မာရုံကိုသိသော ရှေ့အဟိတ်၊ သဟိတ်စိတ်တို့သည် နာမ်တရား**)။ ရှေ့အရှုခံစိတ်နှင့် အတူ ဓမ္မာရုံ၏သဘောကို ခံစားတတ်သည့် ဝေဒနာကွန္ဓာကိုလည်း ပိုင်းခြားရှုမြင်ပြန်သည် (**ဓမ္မာရုံသည် ရုပ်တရား၊ ဓမ္မာရုံကို ခံစားမှုဝေဒနာသည် နာမ်တရား**) (**နာမရူပပရိစ္ဆေဒဉာဏ်**)။ ဝေဒနာ၏ သဘောသက်သက်အတိုင်း ရှုလိုက်သောအခါ အထက်ပါကိလေသာနှင့် ယှဉ်သော စိတ်များ ချုပ်သွားသည်(**ဇရာ မရဏ**)။ ထိုစိတ်များ ချုပ်မှုကိုလည်း နောက်အရှုဉာဏ်ဖြင့် ပိုင်းခြား ရှုလိုက်သောအခါ ကိလေသာနှင့်ယှဉ်သော ရှေ့စိတ်များ ချုပ်မှုကိုလည်း ပိုင်းခြားသိရပြန်သည်။

ဤသို့အားဖြင့် ပစ္စုပ္ပန်ဘဝ၌ ဥပါဒါန် ဘဝ ဇာတိပေါင်း မြောက်မြားစွာ ဖြစ်လိုက် တည်လိုက် ပျက်လိုက် အစဉ်ရှိနေ၏။ နောက်ဆုံးစုတိချိန်၌ ဥပါဒါန် မပယ်နှုတ်နိုင်သေးလျှင် ဆက်ကာဆက်ကာ **ဥပါဒါန် ဘဝ ဇာတိ---ပ---မရဏ** အစဉ် ဖြစ်နေဦးမည်ဟု ဦးသူတော် သဘောပေါက် ဆင်ခြင်မိ၏။ ဤကဲ့သို့ ဘဝ ဇာတိ မရဏပေါင်း ရေတွက်၍မရအောင် ခန္ဓာအစဉ် ဖြစ်ခဲ့မှုအပေါ်လည်း ဦးသူတော် နောင်တရလာ၏။ "သိပြီ! မြတ်စွာဘုရား ထားတော်မူခဲ့သော မဂ္ဂင်ရှစ်ပါးမားအား မလွတ်တော့ပဲ ကိလေသာကို သတ်တော့မည်" ဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် ချလိုက်တော့သည်။ ထို့ကြောင့် ထိုမဂ္ဂင်ရှစ်ပါးနှင့်တူသော မားကို သဒ္ဓါ ဝီရိယ စသော အားငါးပါးနှင့် ဆုပ်ကိုင်ကာ ကိလေသာရန်သူတို့အား မလွတ်တမ်း ခုတ်တော့မည်။

ပုဂ္ဂိုလ် သတ္တဝါဟု အရှိုစွဲသောစိတ်၏ ဖြစ်မှုနှင့်ပျက်မှုသဘောကို နောက်အရှုဉာဏ် သဟိတ်မနောဝိညာဏ်က ပိုင်းခြား၍ ရှုသိသည် (**ရှေ့အရှုခံအဟိတ်/သဟိတ်စိတ်ဖြစ်ပျက်၊ နောက်အရှုဉာဏ်သဟိတ်မဂ်စိတ်**)။ ထိုအခါ ရှေ့အရှုဉာဏ်စိတ်၏ဖြစ်မှုနှင့်ချုပ်မှုသည်တပြိုင်တည်း ကဲ့သို့ ဖြစ်နေသည်ကိုလည်း ဉာဏ်ဖြင့် ကွဲပြားစွာ ရှုမြင်နေရသည်။ (**စိတ္တာနုပဿနာသတိပဋ္ဌာန်**)

http://www.dhammadownload.com

အရှုညာဏ်စိတ်သည် ပညာဖြင့် မယှဉ်နိုင်ပါက တသံသရာလုံးက ကိန်းလာသော သံယောဇဉ်တရားများသည် မိမိက မဖန်တီးပဲနှင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်ကိုလည်း ဉာဏ်ဖြင့် သုံးသပ်နေ၏။ ဤကဲ့သို့ တရားမမြင်မီ ယခင်က ပညတ်နှင့်ယှဉ်နေသောစိတ်များ ဖြစ်ပေါ်လာသောအခါ ငါပြောနေတာပဲ၊ ငါဆိုနေတာပဲဟု မှတ်ယူခဲ့ခြင်းသည် မိမိအမြင် မှားနေခဲ့ခြင်းပါလားဟု ဦးသူတော် ပြန်လည်သုံးသပ်မိ၏။ စိတ်ကို ပညာနှင့်မယှဉ်နိုင်ခဲ့သဖြင့် ထိုစိတ်၌ အမြင်မှား၊ အမှတ်မှား၊ အသိမှား၊ အယူမှားများဖြင့် ဖုံးအုပ်နေခဲ့ခြင်းဖြစ်သည်ဟု သိရှိလာသည်။

ဆက်လက်၍ တဏှာ, မာန, ဒိဋ္ဌိ စသော် ကိလေသာသံယောဇဉ်တို့ဖြင့် ယှဉ်သော သဟိတ်မနောဝိညာဏ်အစုကို ပိုင်းခြားရှုမြင်သော ရှေ့ပထမအရှုညာဏ်စိတ်ကို နောက်ဒုတိယ အရှုညာဏ်ဖြင့် ပိုင်းခြားရှုပြန်သည်။ **(ရှေ့စိတ်ဖြစ်ပျက်၊ နောက်စိတ်မင်္ဂ)**။ ဆက်လက်၍ ဒုတိယ အရှုညာဏ်စိတ်ကို တတိယအရှုညာဏ်ဖြင့် ပိုင်းခြားရှုသည်။ ထိုတတိယအရှုညာဏ်စိတ်ကိုလည်း စတုတ္ထအရှုညာဏ်စိတ်ဖြင့် ထပ်ဆင့် ရှုလိုက်ပြန်သည်**(ရှေ့စိတ်ဖြစ်ပျက်၊ နောက်စိတ်မင်္ဂ)**။ ထိုအခါ ရှေ့ဖြစ်ရှေ့ဖြစ် အရှုညာဏ်စိတ်တို့၏ ဖြစ်မှုနှင့်ချုပ်မှုကို နောက်ဖြစ် နောက်ဖြစ် အရှုညာဏ်ဖြင့် ကွဲပြားစွာ ရှုမြင်နေရသည်။ ဤကဲ့သို့ ရှေ့ဖြစ်ရှေ့ဖြစ် အရှုညာဏ်စိတ်တို့ကို နောက်ဖြစ် နောက်ဖြစ်အရှုညာဏ်စိတ်ဖြင့် မိမိဆန္ဒရှိသလောက် ဆက်ကာဆက်ကာ ထပ်ဆင့် ရှုပွားနိုင်သည်။

ထိုအခါ နောက်ဖြစ်လာသော အရှုညာဏ်စိတ်၌ ရုပ်နာမ်ဟု သညာပေးမှုနှင့်တကွ ခံစားနေသော နာမ်ဓာတ်တစ်မျိုး (**ဝေဒနာက္ခန္ဓာ**) ကိုလည်း ထပ်ဆင့် ရှုမြင်ရပြန်သည်။ ခံစားတတ်သော ထိုနာမ်တရားသည် ခံစားမှုမှတပါး အခြားမည်သည့်အရာကိုမျှ မပြုတတ်ပေ။ ထိုခံစားမှုသဘောသည် အာရုံ၏ ကျင်ရသ၊ အနိဋ္ဌသမျှားအား လက်ခံ၍ ခံစားနေသည့် သဘောသက်သက်မျှ ဆောင်နေပြီး ကောင်းလိုက်တာ၊ ဆိုးလိုက်တာ ဟူ၍လည်းကောင်း၊ ဝမ်းမြောက်ဝမ်းသာဟူ၍လည်းကောင်း မပါရှိပဲ ခံစားကာမျှ သဘောသက်သက် ဆောင်နေသည့် သဘောကို ဉာဏ်ဖြင့် ပိုင်းခြားရှုမြင်နေသည် (**နာမပရိစ္ဆေဒဉာဏ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်**)။

တဖန် ပထမအရှုညာဏ်စိတ်နှင့် ယှဉ်သော ဝေဒနာက္ခန္ဓာ၏သဘောကို ဒုတိယ အရှုညာဏ်စိတ်သည် ပိုင်းခြားရှုနေလိုက်သည်။ ဒုတိယအရှုညာဏ်စိတ်နှင့်ယှဉ်သောဝေဒနာက္ခန္ဓာ၏ သဘောကို တတိယအရှုညာဏ်စိတ်သည် ပိုင်းခြားရှုနေလိုက်သည်။ တတိယ အရှုညာဏ်စိတ်နှင့် ယှဉ်သော ဝေဒနာက္ခန္ဓာ၏ သဘောကို စတုတ္ထအရှုညာဏ်စိတ်သည် ပိုင်းခြား ရှုနေလိုက်သည်။ ထိုကဲ့သို့ အရှုညာဏ်စိတ်တို့နှင့်ယှဉ်သော ဝေဒနာက္ခန္ဓာတို့သည် အလိုလို ဖြစ်လျက် အလိုလို ပျက်ကြပါလားဟု ဉာဏ်ဖြင့် ထပ်ဆင့်ထပ်ဆင့် သုံးသပ်နေ၏**(ရှေ့စိတ်ဖြစ်ပျက်၊ နောက်စိတ်မင်္ဂ)***။

---

* ထိုရာဂ, ဒေါသ, မောဟနှင့်တကွ လောကီကာမပညတ် ပုဂ္ဂိုလ်သတ္တဝါနှင့် ယှဉ်နေသောစိတ်ကို ရှုရာ၌ နှစ်မျိုးရှိ၍ ဆင်တူယိုးမှား ဖြစ်တတ်သည်။ စိတ္တဝိသုဒ္ဓိဒုတိယဆင့်ကျင့်စဉ်တက်စဉ်၌ ထိုလောကီကာမပညတ် ပုဂ္ဂိုလ်သတ္တဝါနှင့် ယှဉ်သော စိတ်များ အာရုံယိုစီးမှု စိတ်များသည် သတိလွတ်၍ ပေါ်ချင်ရာပေါ်နေသော စိတ်များ ဖြစ်သည်။ ယခုဖြစ်ပေါ်လာသောစိတ်သည် တတိယဘဝင်သို့ ရောက်ရှိပြီးမှ (ဝါ) စိတ္တဝိသုဒ္ဓိဖြစ်ပြီးမှ ပစ္စုပ္ပန်အရှိ ပရမတ်အာရုံကို အကြောင်းခံ၍ မရှိပညတ်နှင့် ယှဉ်သော စိတ်များဖြစ်ပေါ်ပုံကို သိလို၍ ရှုခြင်းဖြစ်သည်။ ပရမတ်ရုပ်နာမ်တို့ကို ပိုင်းခြားရှုမှုကို စွန့်လိုက်သည်နှင့် တပြိုင်တည်း လောကီကာမပညတ်စိတ်များ ပေါ်လာသည်။ ထိုပေါ်လာသော စိတ်တို့သည် မိမိအနေဖြင့် ဖော်ခြင်းမဟုတ်ပါ။ စိတ်သည် အာရုံနှင့်ကင်း၍ မဖြစ်ပေ။ ပရမတ်အာရုံကင်းသဖြင့် ပညတ်အာရုံသို့ အနတ္တသဘောဖြင့် ပေါ်လာခြင်းဖြစ်သည်။ ထိုအနတ္တ သဘောဖြင့် ပေါ်လာသော ရှေ့စိတ်ကို နောက်အရှုညာဏ်က ပိုင်းခြားရှုခြင်း ဖြစ်သည်။

http://www.dhammadownload.com

ထို့နောက် ဝိညာဏ်၏သဘောကို ဤကဲ့သို့ ဆက်လက်၍ ပိုင်းခြားရှုသည်။ အရှုဉာဏ်သည် မနောဒွါရ၌ပေါ်နေသော ဓမ္မာရုံနှင့်အဟိတ်မနောဝိညာဏ်အား ဆင်ခြင်သုံးသပ်မှု မရှိပဲ မြင်,မြင်ကာမျှ သိ,သိကာမျှ ရပ်ရှုကြည့်သည်။ ထိုအခါ မူလ ဆင်ခြင်သုံးသပ်သော အရှုဉာဏ် ချုပ်သွားသည်ကိုလည်း နောက်အရှုဉာဏ်က ပိုင်းခြားသိရသည်။ ပထမသုံးသပ်သော အရှုဉာဏ် (ပညိန္ဒြေစေတသိက်)နှင့်ယှဉ်သည့် သဟိတ်မနောဝိညာဏ်စိတ်တို့သည်လည်း ဖြစ်တတ် ပျက်တတ်သည့် သဘောဆောင်ကာ ငါလည်းမဟုတ်၊ သူလည်းမဟုတ်၊ သေသူလည်းမရှိ၊ ရှင်သူလည်းမရှိ၊ ပုဂ္ဂိုလ်သတ္တဝါမရှိကြောင်း ဉာဏ်မှာမြင်လာသည်။

နောက်တဖန် ထိုဓမ္မာရုံနှင့် မြင်သိအဟိတ်မနောဝိညာဏ်တို့၏ သဘောကို အထက်ပါ အတိုင်း ထပ်မံ သုံးသပ်ဆင်ခြင်ကာ ပိုင်းခြားရှုကြည့်ပြန်သည်။ ထိုအခါ သုံးသပ်ဆင်ခြင်သော နောက်အသစ်ဖြစ် သဟိတ်မနောဝိညာဏ်နှင့်တကွ သညာ စေတနာ ဝေဒနာ စသော နာမ်အစု ဖြစ်ပေါ်လာသည်ကိုလည်း ထပ်ရှုသော နောက်အရှုဉာဏ် သဟိတ်မနောဝိညာဏ်ဖြင့် ပိုင်းခြား ရှုမြင်နိုင်ပြန်သည်။ ထိုရှုမှုသည် သဟိတ်မနောဝိညာဏ် အချင်းချင်း ရှုသော စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြစ်သည်။

စက္ခုဝိညာဏ်နှင့် အဟိတ်မနောဝိညာဏ်တို့ကို ရှုမြင်နိုင်ခြင်းသည် ဝီတရာဂစိတ် (ရာဂ ကင်းသောစိတ်)၊ ဝီတဒေါသစိတ်(ဒေါသကင်းသောစိတ်)၊ ဝီတမောဟစိတ်(မောဟကင်းသောစိတ်)ံ တို့ကို ရှုမြင်နိုင်ခြင်းဖြစ်၏။ ထိုအဟိတ်စိတ်တို့နှင့်ယှဉ်ဖက်တရားတို့အား မြင်,မြင်ကာ သိ,သိကာ ရပ်ရှုနေသော ရှေ့ဖြစ်သဟိတ်မနောဝိညာဏ်စိတ်ကို နောက်ဖြစ်အရှုဉာဏ် သဟိတ်မနောဝိညာဏ် ဖြင့် ရှုမြင်နိုင်ခြင်းသည်လည်း ဝီတဒေါသစိတ် (ဒေါသကင်းသောစိတ်)၊ ဝီတမောဟစိတ် (မောဟ ကင်းသောစိတ်)၊ ဝီတရာဂစိတ် (ရာဂကင်းသောစိတ်)တို့ကို ရှုမြင်နိုင်ခြင်းဖြစ်၏။ ရုပ်နာမ်တို့ အပေါ်၌ တဒင်္ဂမဂ်ဖြင့် ပိုင်းခြားရှုလျက် ကိလေသာမှ လွတ်မြောက်နေခြင်းသည် ဝိမုတ္တစိတ်ကို ရှုမြင်နိုင်ခြင်းဖြစ်၏။

ပညတ်ပေါ် နှလုံးသွင်းသောအခါ ဒိဋ္ဌိနှင့် သံယောဇဉ် အစရှိသော ကိလေသာတို့ သဟိတ်စိတ်၌ ယှဉ်တွဲလာ၏။ ထိုသဟိတ်စိတ်ကို ရှုမြင်နိုင်ခြင်းသည် သရာဂစိတ် (ရာဂ ကိန်းသောစိတ်)၊ သဒေါသစိတ် (ဒေါသကိန်းသောစိတ်)၊ သမောဟစိတ် (မောဟကိန်းသောစိတ်)၊ အဝိမုတ္တစိတ်(ကိလေသာမှမလွတ် သောစိတ်) တို့ကို ရှုမြင် နိုင်ခြင်းဖြစ်သည်။

စက္ခုအကြည်၌ ရှုပါရုံထင်သည် ရှိသော် ထိုရှုပါရုံ, စက္ခုဝိညာဏ်နှင့်ယှဉ်ဖက် နာမ်တရားအစု စသည့် ရုပ်နာမ်အစုံကို မြင်ခြင်းသည် အဟိတ်ခန္ဓာငါးပါးကို မြင်ခြင်းဖြစ်သည်။ ဇာတိကို မြင်ခြင်းဖြစ်သည်။ ထိုရုပ်နာမ်အစုံတို့ ပျက်ရာမှ ချုပ်သည်အထိ မြင်ခြင်းသည် ဇရာ မရဏကို မြင်ခြင်းဖြစ်သည်။ ဒုက္ခသစ္စာကို မြင်ခြင်းဖြစ်သည်။

ဘဝင်၌ ဓမ္မာရုံထင်သည်ရှိသော် ထိုဓမ္မာရုံနှင့် အဟိတ်မနောဝိညာဏ်ကို ပိုင်းခြား ရှုမြင်ခြင်းသည် အဟိတ်ခန္ဓာငါးပါးကို မြင်ခြင်း ဖြစ်သည်။ ဇာတိကို မြင်ခြင်း ဖြစ်သည်။ ထိုရုပ်နာမ်အစုံတို့ ပျက်ရာမှ ချုပ်သည်အထိ မြင်ခြင်းသည် ဇရာ မရဏကို မြင်ခြင်း ဖြစ်သည်။ ဒုက္ခသစ္စာကို မြင်ခြင်းဖြစ်သည်။

သစ္စာလေးပါးဖွဲ့သော်---

ရှုပါရုံနှင့်ယှဉ်ဖက် နာမ်ခန္ဓာလေးပါး၊ ဓမ္မာရုံနှင့်ယှဉ်ဖက် နာမ်ခန္ဓာလေးပါး၊ ဓမ္မာရုံကို မောင်လှပဲ၊ သားပဲဟု စွဲယူသော သဟိတ်မနောဝိညာဏ်စိတ်နှင့်ယှဉ်ဖက် နာမ်တရား စသော

http://www.dhammadownload.com

ရုပ်နာမ်ခန္ဓာငါးပါးတို့သည် **ဒုက္ခသစ္စာ**။ ထိုခန္ဓာငါးပါးတို့ရကြောင်း တဏှာသည် **သမုဒယသစ္စာ**။ ထိုခန္ဓာငါးပါးကို ပိုင်းခြားမြင်မှုကြောင့် စိတ်၌ တဏှာနှင့် ဒိဋ္ဌိ ကပ်ရောက်နိုပ်စက်မှုမှ တဒင်္ဂအခိုက်၌ ချုပ်ခြင်းသည် **နိရောဓသစ္စာ**။ ခန္ဓာငါးပါးအား ပိုင်းခြားမြင်သော သမ္မာဒိဋ္ဌိ (ပညာန္ဒြေစေတသိက်)နှင့်ယှဉ်ဖက် မဂ်စေတသိက်(၈)လုံးသည် **မဂ္ဂသစ္စာ**။

စက္ခုအကြည်၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ ဓမ္မာရုံ၊ မနောဝိညာဏ်၊ ဝေဒနာ၊ စက္ခုသမ္ဖဿနှင့် မနောသမ္ဖဿ၊ ပညတ်အာရုံနှင့်ယှဉ်သည့် သဟိတ်မနောဝိညာဏ်တို့ကို ရှုမြင်နိုင်ခြင်းသည် ဆဆက္ကသုတ္တန်အရ (၃၆)မျိုးသော ရုပ်နာမ်များကို မြင်ခြင်း ဖြစ်သည်။ အာသီဝိသောပမသုတ္တန်အရ ရွာကြီးခြောက်ရွာ၊ အိမ်ကြီးခြောက်လုံး၊ ဓားပြကြီးခြောက်ယောက် စသည်တို့ကို မြင်ခြင်းနှင့်တူ၏။ ဝမ္မိကသုတ္တန်အရ လိပ်ကိုမြင်ခြင်းဖြစ်သည်။

အရိုးစုဓမ္မာရုံချုပ် ပြောင်းရွှုံ့

အထက်ပါ ပုံစံအတိုင်း ရုပ်နာမ်ဖြစ်စဉ်ကို အကြောင်းခံ၍ ဦးသူတော်သည် သူ၏ဘဝင်အကြည်၌ ပေါ်နေသော ပြင်ပမောင်လှ၏ သဏ္ဌာန်နှင့် တထပ်တည်းတူသော ဓမ္မာရုံပုံရိပ်ကို အရိုးစုမျှသာရှိသော ခန္ဓာကိုယ်ဟူ၍ အာရုံပြောင်း နှလုံးသွင်းလိုက်သည်။ ထိုအရှုညာဏ်ကြောင့် ဘဝင်အကြည်ရှိ မူလဓမ္မာရုံ ပုံရိပ်ချုပ်၍ အရိုးစုဓမ္မာရုံအသစ် ပြောင်းလဲ၍ ပေါ်လာသည်။ စိတ်သည် အာရုံကို ပြောင်းလဲနှလုံးသွင်း စွဲယူလျှင် ဓမ္မာရုံသည်လည်း ပြောင်းလဲပေါ်လာသည်။ ထိုသဘောကိုလည်း ဉာဏ်ဖြင့် သိနေသည် (**ရူပပရိစ္ဆေဒဉာဏ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်**)။ ထိုအရိုးစုဓမ္မာရုံပုံရိပ်ကို အာရုံပြုလိုက်သောအခါ အရိုးစုဟူ၍ သညာနှင့်တကွဖြစ်သော စိတ်အစုတို့ အလိုလို ဖြစ်ပေါ်လာပြီး ပျက်သွားသည်အထိ နောက်အရှုညာဏ်စိတ်ဖြင့် ထပ်ရှုလိုက်သည် (**ရှေ့စိတ်ဖြစ်ပျက်၊ နောက်စိတ်မဂ်**) (**နာမပရိစ္ဆေဒဉာဏ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်**)။ အရိုးစုဟု သညာနှင့်တကွဖြစ်သော စိတ်အစုသည် ငါဖန်တီးတာမဟုတ်၊ ငါလည်းမဟုတ်၊ ငါ၏အတ္တလည်းမဟုတ်၊ သူ့အလိုလိုဆောင်လာပြီး သူ့အလိုလို ပျက်သွားပါလား ၏ဟူ၍ ဉာဏ်ဖြင့် သုံးသပ်နေ၏။ ရှေ့အရှုခံစိတ်နှင့်အတူ ထိုအရိုးစု ဓမ္မာရုံကို ခံစားနေသည့် ဝေဒနာကွန္ဓာကိုလည်း ထပ်ဆင့် ပိုင်းခြားရှုလိုက်သည်။ ခံစားတတ်သော သဘောသည် ဓမ္မာရုံ၏ ကွဋ္ဌရသ၊ အနိဋ္ဌရသကို ကောင်းတယ်၊ ဆိုးတယ်ဟု မပါပဲ ခံစားကာမျှသက်သက်သဘောမျှသာ ဆောင်နေသည်ကိုလည်း အရှုဉာဏ်ဖြင့် ခွဲခြားရှုနေပြန်သည် (**နာမပရိစ္ဆေဒဉာဏ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်**)။

ဘဝင်အကြည်၌ရှိသော မောင်လှနှင့်တူသည့် ရူပဓမ္မာရုံကို အာရုံပြုလျက် ဤသို့ ဆင်ခြင်မိ၏။ စိတ်သည် ပြင်ပအာရုံနှင့် ဘယ်တော့မှ တိုက်ရိုက်ဆက်ဆံလို့ မရနိုင်ပါလား။ စိတ်သည် ဒွါရငါးပေါက်ပါသော မာတ်လေးပါးထောင်အတွင်းရှိ ဘဝင်တည်းဟူသော အချုပ်ခန်းထဲ၌ အကျဉ်းချခံထားရသည်။ ပဥ္စဒွါရတည်းဟူသော ထောင်ဝင်စာပေါက်မှ အာရုံငါးပါးတည်းဟူသော ထောင်ဝင်စာ လာပို့သောအခါ ထောင်မှူးနှင့်တူသော ပဥ္စဝိညာဏ်ငါးလုံးက လက်ခံ၍ ဖဿတည်းဟူသောစေတမန်က သယ်ဆောင်လာသောအာရုံတို့ကို စိတ်သည် ဆက်ဆံနေရသည့်သဘောကို ဉာဏ်မှာ မြင်လာသည်။ ဤသို့ မသိခဲ့စဉ်က စိတ်သည် အပြင်သို့ ရောက်အောင် ညွှတ်လျက် အာရုံနှင့် တိုက်ရိုက်ဆက်ဆံနေသည်ဟု စိတ်ဖြင့်စွဲယူလျက် ယုံကြည်ကျေနပ်နေခဲ့သည်မှာ မှားနေပါလားဟု ဉာဏ်ဖြင့် ဆင်ခြင်နေသည်။ အရိုးစုဟူ၍ ရှုသိသော စိတ်ကို အကြောင်းခံ၍ သားဟူသောစိတ်၊ မောင်လှဟူသောစိတ်၊ တွယ်တာသောစိတ်၊ ပုဂ္ဂိုလ်သတ္တဝါ စသော တဏှာ, မာန, ဒိဋ္ဌိနှင့်ယှဉ်သော မူလစိတ်များ အလိုလို ချုပ်ပျောက်နေသည်ကို

http://www.dhammadownload.com

နောက်အရှုညာဏ် သဟိတ်မနောဝိညာဏ်က ပိုင်းခြား၍ ရှုသိနေသည်။ (**နာမပရိစ္ဆေဒညာဏ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်**) (**ဝိတရာဂ, ဝိတဒေါသ, ဝိတမောဟစိတ္တန္တိ ပဇာနာတိ**)

အရိုးစုအာရုံမှ အမှုန်စုအာရုံ ပြောင်းရွှဲပုံ

ဦးသူတော်သည် သူ၏ဘဝင်အကြည်၌ နှလုံးသွင်း အာရုံယူထားသော အရိုးစုဓမ္မာရုံပုံရိပ်ကို အာရုံပြု၍ အရိုးဟူသည့်သဘောသည် အစိုင်အခဲဆိုတာမရှိ၊ အမှုန်များသာ ရှိ၏ဟု အမှုန်ရှိပုံကို စွဲယူ(ဥပါဒါန်)၍ အာရုံပြောင်း နှလုံးသွင်းလိုက်သည်။ ထိုအခါ ဘဝင်အကြည်ရှိ မူလအရိုးစုပုံရိပ်သည် အမှုန်စုအဖြစ်သို့ ပြောင်းလဲ၍ ပေါ်လာသည်(ဘဝ) (**ရူပပရိစ္ဆေဒညာဏ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်**)။ ထိုအမှုန်စု ဓမ္မာရုံပုံရိပ်ကို အာရုံပြု၍ ဦးသူတော်၏ သဟိတ်မနောဝိညာဏ်သည် အမှုန်စုပဲဟု သိသောစိတ်အစု အလိုလို ဖြစ်ပေါ်လာသည်(ဇာတိ)။ ထိုရှေ့စိတ်ဖြစ်ပေါ်ပုံကိုလည်း နောက်အရှုညာဏ် သဟိတ်မနောဝိညာဏ်က ပိုင်းခြား၍ ရှုသိပြန်သည် (**စိတ္တာနုပဿနာသတိပဋ္ဌာန်**)။ ထိုသို့ ရှုလိုက်သောအခါ အမှုန်စုပဲဟု သိသောစိတ် ချုပ်သွားသည်(မရဏ)ကိုလည်း ပိုင်းခြားရှုမြင်ရပြန်သည်။ အမှုန်စုဟုသိသော ရှေ့အရှုခံစိတ်နှင့် အတူ ထိုအမှုန်စုဓမ္မာရုံကို ခံစားတတ်သည့်သဘော ဝေဒနာကွန်ကို ပိုင်းခြားရှုမြင်ပြန်၏။

အကယ်၍ ဘဝင်အကြည်၌ ထင်နေသော ဓမ္မာရုံပုံရိပ်ကို အရိုးဟူ၍ လည်းကောင်း၊ အမှုန်စု ဟူ၍လည်းကောင်း၊ မူလမောင်လှ၏ရုပါရုံကိုလည်းကောင်း နှလုံးသွင်းအာရုံပြုမှုကို စွန့်လွှတ်လိုက်လျှင် မူလဓမ္မာရုံ ပုံရိပ်များနှင့် ထိုအာရုံတို့ကို မှီ၍ဖြစ်သော စိတ်အမျိုးမျိုးတို့ ချုပ်သွားပြီး နောက်ဖြစ်သော သဟိတ်မနောဝိညာဏ်သည် ဘဝင်အကြည်၌ မြင် မြင်ကာမျှ ရပ်နေသည်။ ထိုသဘောကို နောက်အရှုညာဏ် သဟိတ်မနောဝိညာဏ်ဖြင့် ပိုင်းခြား၍ သိမြင်သည် (**ရှေ့ဓမ္မာရုံနှင့် ယှဉ်ဖက်နာမ်တရားတို့ဖြစ်ပျက်၊ နောက်စိတ်မင်္ဂ**) (**နာမရူပပရိစ္ဆေဒညာဏ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်**)။ အကယ်၍ ထိုသမာဓိ၌ တည်နေစဉ် ပြင်ပမောင်လှ မရှိခဲ့သော် ဘဝင်၌ ထင်နေသော ရူပဓမ္မာရုံ ချုပ်သွားပြီး ဘဝင်အကြည်သက်သက်သာ ရှိတော့သဖြင့် အရှုညာဏ်သည် ဘဝင်အကြည်သက်သက်ကို တဆက်တည်း မျက်မှောက်ပြုပြီး ဖြစ်နေသည်။ အပြင်အာရုံ ရှိနေသော်လည်း ထိုအာရုံကို နှလုံးမသွင်းလျှင် ဘဝင်အကြည်သက်သက်ဖြင့် တည်နေနိုင်သည်။

အထက်ပါသဘောကို အခန်း(၁) ဗွီဒီယိုရိုက်စက်ဥပမာနှင့် နှိုင်းယှဉ်သိပါ။ တရားနာသော ပုဂ္ဂိုလ်တို့သည် ဓမ္မာရုံထဲသို့ ရောက်စဉ် တရားမဟောမီ၌ တီဗွီဖန်သားပြင်သက်သက်ကိုသာ မြင်နေပြီး တရားဟောသောအခါ ပုံရိပ်ကို မြင်သည်။ တရားဟောပြီးသောအခါ၌ တီဗွီဖန်သားပြင် သက်သက်ကို ပြန်မြင်ပြန်သည်။

အတိတ်ဓမ္မာရုံကို နှလုံးသွင်းရှုပုံ

ဦးသူတော်၏ စက္ခုပသာဒ၌ မောင်လှပုံရိပ် ထင်သည်မှစ၍ ရုပ်နာမ်ဖြစ်စဉ် အကြောင်းခံရှုခဲ့ပြီးနောက် ဦးသူတော်သည် သူ၏ဘဝင်၌ ထင်နေသော ဓမ္မာရုံပုံရိပ်ကို အကြောင်းခံ၍ သူသိမြင်ခဲ့ဖူးသော အတိတ်ကာလ ကလေးဘဝ မောင်လှ၏ အာရုံကို နှလုံးသွင်းလိုက်သောအခါ ဘဝင်အကြည်၌ မူလဓမ္မာရုံပုံရိပ်ပျောက်၍ အတိတ်ကာလမှ မောင်လှ ကလေးဘဝ၏ ဓမ္မာရုံပုံရိပ် ပြောင်းလဲပေါ်လာသည်(**ဓမ္မာနုပဿနာသတိပဋ္ဌာန်**)။ ထိုဓမ္မာရုံကို ပြောင်းသိသည့်စိတ်သည်လည်း တထပ်တည်း အလိုလိုပေါ်လာ၏။ ထိုအာရုံကိုခံစားသောဝေဒနာသည်လည်း တထပ်တည်း ဖြစ်ပေါ်လာ၏။ ထိုဓမ္မာရုံနှင့်ယှဉ်ဖက် ဝေဒနာ အကြောင်းခံ၍ ထိုစိတ်တွင် သားငယ်အပေါ်၌

http://www.dhammadownload.com

သားဟု အမြင်စွဲ(ဒိဋ္ဌုပါဒါန်)၊ ငါ့သားဟူသောစိတ်(အတ္တဝါဒုပါဒါန်)၊ ချစ်ခင်သည့်စိတ်(ကာမုပါဒါန်) စသော ဥပါဒါန်တရားများ ကိန်းလာသည် (**ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ**)။ ပစ္စုပ္ပန်တွင် အမှန်မရှိပဲ အတိတ်အာရုံပေါ်၌ ဥပါဒါန်အားဖြင့် စွဲယူခြင်းကြောင့် မိမိ၏ ဘဝင်အကြည်၌ ဓမ္မာရုံပေါ်ခြင်းဖြစ်သည် (**ဥပါဒါန ပစ္စယာ ကမ္မဘဝ**)။ ထိုဥပါဒါန်နှင့်တကွ ဖြစ်ပေါ်လာသောစိတ် (**ဘဝ ပစ္စယာ ဇာတိ**)ကိုလည်း နောက်အရှုညွှာ သဟိတ်မနော ဝိညာဏ်စိတ်ဖြင့် ပိုင်းခြား၍ သိမြင်နေသည် (**ဓမ္မာရုံသည် ရူပ်တရား၊ ဓမ္မာရုံကိုသိသော ရှေ့အဟိတ်၊ သဟိတ်စိတ်တို့သည် နာမ်တရား**)။ ရှေ့အရှုခံစိတ်နှင့်အတူ အာရုံကိုခံစားတတ်သည့် ဝေဒနာကွန္ဓာကိုလည်း ပိုင်းခြားရှုမြင်ပြန်သည် (**ဓမ္မာရုံသည်ရူပ်တရား၊ ဓမ္မာရုံကို ခံစားမှု ဝေဒနာသည် နာမ်တရား**) (**နာမရူပပရိစ္ဆေဒညာဏ်**)။ ဝေဒနာ၏သဘောသက်သွက်အတိုင်း ရှုလိုက်သောအခါ အထက်ပါ ကိလေသာနှင့်ယှဉ်သော စိတ်များ ချုပ်သွားသည်(**ဇရာ မရဏ**)။ ထိုစိတ်များ ချုပ်မှုကိုလည်း နောက်အရှုညွှာဖြင့် ပိုင်းခြားရှုလိုက်သောအခါ ကိလေသာနှင့် ယှဉ်သောစိတ်များ ချုပ်မှုကိုလည်း ပိုင်းခြားသိရပြန်သည်။

အထက်ပါ ဘဝင်၌ ပြောင်းလဲပေါ်နေသော အတိတ် မောင်လှ ကလေးဘဝ ဓမ္မာရုံပုံရိပ်ကိုပင် အရိုးစုဟူ၍ ရှုလိုက်သောအခါ မူလဓမ္မာရုံချုပ်၍ အရိုးစုဓမ္မာရုံ ပေါ်လာပြီး ထိုအရိုးစုဓမ္မာရုံကိုသိသော အရိုးစုဟု သညာနှင့်တကွ ဖြစ်သောစိတ် ဖြစ်ပေါ်လာသည်။ ထိုသညာနှင့်တကွ ဖြစ်သောစိတ်ကိုလည်း နောက်အရှုညွှာစိတ်ဖြင့် ပိုင်းခြားရှုမြင်သည် (**စိတ္တာနုပဿနာသတိပဋ္ဌာန်**)။ ထိုအရိုးစုဓမ္မာရုံကိုသိသော စိတ်နှင့်ယှဉ်ဖက် ထိုအရိုးစုဓမ္မာရုံကို ခံစားသော ဝေဒနာကွန္ဓာကိုလည်း နောက်အရှုညွှာစိတ်ဖြင့် ပိုင်းခြား ရှုမြင်ပြန်သည်။ နောက်တဖန် အရိုးဆိုသည့် အစိုင်အခဲဆိုသည်မှာ မရှိ၊ အမှုန်စုများ ပေါင်းစုခြင်းမျှသာ ရှိသည်ဟူ၍ ထိုအရိုးစုဓမ္မာရုံအား နှလုံးသွင်းပြောင်း၍ ရှုလိုက်သောအခါ အမှုန်စုဓမ္မာရုံ ပြောင်းပေါ်လာသည်။ ထိုအမှုန်စုဓမ္မာရုံကိုသိသော အမှုန်ဟု သညာနှင့်တကွဖြစ်သော စိတ်သည်လည်း တပြိုင်တည်း ဖြစ်ပေါ်လာ၏။ ထိုစိတ်ကိုလည်း နောက်အရှုညွှာဖြင့် ပိုင်းခြား ရှုလိုက်သည်။ ထိုစိတ်နှင့်တကွယှဉ်ဖက် ဝေဒနာကိုလည်း ဆက်ရှုပြန်သည်။

အနာဂတ်ဓမ္မာရုံကို နှလုံးသွင်းမှုဥစ္ဆရှုပုံ

ဦးသူတော်သည် မရောက်သေးသော အနာဂတ်ကာလကို မျှော်မှန်း၍ ရဟန်းပြုလိုသော ဆန္ဒ ဖြစ်ပေါ်လာသည် ဆိုပါစို့။ ထိုအခါ ဦးသူတော်သည် ဘဝင်အကြည်ကို အာရုံပြုလျက် မိမိကိုယ်ကိုမိမိ ရဟန်းသဏ္ဌာန်ဖြင့် မှန်းဆလျက် အာရုံပြုလိုက်သည်။ ထိုအခါ ဘဝင်အကြည်၌ မိမိအထင်ဖြင့်မှန်းသော မိမိ၏ရဟန်းဘဝပုံပေါ်လာသည် (**ဥပါဒါန ပစ္စယာ ဘဝေါ**)။ ထိုဓမ္မာရုံကို သိသောစိတ်သည်လည်း တပြိုင်တည်း ပေါ်လာသည် (**ဘဝ ပစ္စယာ ဇာတိ**)။ ထိုအခါ ဦးသူတော်သည် ဝမ်းမြောက်သောစိတ် ထပ်ဆင့် ဖြစ်ပေါ်လာသည် (ဝေဒနာမှ တဏှာကူးသည်)။ ထိုစိတ်ကို လည်းကောင်း၊ ယှဉ်ဖက်ဝေဒနာကို လည်းကောင်း ပိုင်းခြား ရှုမြင်ပြန်သည်။ ဝမ်းမြောက်သောစိတ်များ ချုပ်သွားသည်။ ထိုစိတ်ချုပ်မှုကိုလည်း နောက်အရှုညွှာစိတ်ဖြင့် ပိုင်းခြားရှုမြင်ပြန်သည် (ဝေဒနာမှ တဏှာရပ်ခြင်းဖြစ်သည်)။

ဆက်လက်၍ အနာဂတ် အရိုးစုဓမ္မာရုံနှင့် အမှုန်စုဓမ္မာရုံကိုလည်း ရှင်းပြခဲ့သော နည်းအတိုင်း ဆက်လက် ရှုပွား၏။

ဦးသူတော်သည် ဤကဲ့သို့ ရူပ်နာမ်ဓမ္မတို့၏ သဘာဝလက္ခဏာတို့ကို အပြန်အလှန် အာရုံပြောင်းမှု အဆင့်ဆင့်ကို ကြိမ်ဖန်များစွာ ပြောင်းလဲ ရှုပြီးသောအခါ (**ဓမ္မာနုပဿနာ**

http://www.dhammadownload.com

သတိပဋ္ဌာန်) ဤကဲ့သို့ အသိဉာဏ်များ ဖြစ်လာသည်။ မိမိတရားမကျင့်မီက အတိတ်အနာဂတ် အာရုံများကို စိတ်ကူးမျှော်မှန်း၍ စဉ်းစားကြံစည်မှုများ ရှိခဲ့သည်မှာ အမှန်အရှိ၊ အဟုတ်အရှိဟု စွဲယူခဲ့သည်။ ယခုမှ မှားမှန်းသိသည်။ အမှန်မှာ မိမိ၏ စိတ်စွဲလမ်းမှုကြောင့်ဖြစ်သော စွဲလမ်းရာ အာရုံတို့သည် မိမိ၏ ဘဝင်အကြည်မှာသာလျှင် ဖြစ်သည့် ပုံရိပ်အတုများသာ ဖြစ်ကြောင်း၊ စွဲလမ်းခိုက်၌သာ ရှိပြီး စွဲလမ်းမှုချုပ်လျှင် ပျောက်ကွယ်သွားသည်။ ခိုင်မြဲမှုမရှိ၊ အနှစ်မရှိ၊ အမှန်မရှိ၊ စိတ်ကူးယဉ်ပန်းချီမျှသာ ရှိပါလားဟူ၍ ဉာဏ်မှာမြင်လာသည်။ ထိုစွဲလမ်းမှုသည် စွဲလမ်းသောစိတ်အား ပြန်လည် နှိပ်စက်တတ်ကြောင်းကိုလည်း သိလာသည်။ ကိုယ့်မီးကိုယ်မွှေး၍ ကိုယ်မွှေးသောမီး၌ ကိုယ်ပြန်လောင်နေခြင်းမျှပါလားဟူ၍ သဘောပေါက်လာပြီး ကောင်းကျိုးမရှိ၊ ဆိုးကျိုးသာ ဖြစ်စေတတ်သည့် စွဲလမ်းမှုတရားများကို ကြောက်လန့် ရွံ့မုန်းလာသည်။

အတိတ်အနာဂတ် အသံ, အနံ့, အရသာ, အတွေ့တို့ကို နှလုံးသွင်းရာ၌ရှုပုံ

ဦးသူတော်သည် အထက်ပါ အတိတ် အနာဂတ် ရူပါရုံနှင့် ပတ်သက်သော ရုပ်နာမ်ဖြစ်စဉ်တို့ကို ရှုပြီးသောအခါ အတိတ် အနာဂတ် အသံ, အနံ့, အရသာ, အတွေ့တို့၏ ခန္ဓာဖြစ်စဉ်ကို သိလိုသောဆန္ဒ ဖြစ်လာသည်။ ထိုအခါ ဦးသူတော်သည် သားဖြစ်သူမောင်လှ အတိတ်ငယ်ရွယ်စဉ်အခိုန်က မွေတစ်ကောင် တွေ့မြင်ရာတွင် ကြောက်ရွံ့စွာ "အမလေးဗျ" ဟု ငယ်သံပါအောင် အော်လိုက်ဖူးသည်ကို ကြားခဲ့ဖူးသည်ကို အမှတ်ရ၍ ထိုအကြောင်းနှင့် ပတ်သက်၍ သိလိုသဖြင့် သူရရှိပြီးဖြစ်သော စိတ္တဝိသုဒ္ဓိ တတိယဆင့်သမာဓိကို ဝင်စားလိုက်၏။ ထိုအခါ ဘဝင်အကြည်သက်သက်ကို မျက်မှောက်ပြုပြီး ဖြစ်သွားသည်။ နောက်တဖန် ဦးသူတော်သည် ဘဝင်အကြည်သက်သက်ရှုမှုကို စွန့်၍ အတိတ်မှ မောင်လှ၏ "အမလေးဗျ" ဟု အော်သော အသံကို ပြန်လည် အောက်မေ့စွဲယူနှလုံးသွင်းလိုက်သည်။

ဤကဲ့သို့ နှလုံးသွင်းယူလိုက်သည်နှင့်တပြိုင်တည်း ဘဝင်အကြည်၌ "အမလေးဗျ"ဟူသော ဓမ္မာရုံအသံနှင့် "အမလေးဗျ"ဟူသော အဟိတ်မနောဝိညာဏ်တို့ တထပ်တည်း ပေါ်လာသည်။ ထိုရုပ်နာမ်တစ်စုံ ဖြစ်ပေါ်လာပုံကို အရှုဉာဏ်ဖြင့် ပိုင်းခြားရှုမြင်နေ၏ (**နာမရူပပရိစ္ဆေဒဉာဏ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်**)။ ဦးသူတော်သည် အထက်ပါ ရုပ်နာမ်တို့ကို ရှုလျက် စိတ်၏ ဆန်းကြယ်ပုံကို သဘောပေါက်လာသည်။ ထိုအသံဓမ္မာရုံကို ခံစားသော ဝေဒနာကိုလည်း နောက်ဖြစ် သဟိတ်မနောဝိညာဏ်ဖြင့် ထပ်ဆင့် ရှုပြန်သည်။ စိတ်သည် စွဲလမ်းရာအာရုံတို့ကို ဘဝင်မှာ ဥပါဒါန်အားဖြင့် ဘဝ ဇာတိ ဖွဲ့လျက် တည်ပုံကို မိမိနှင့်တကွ လူသားများ မသိခဲ့ကြပေ။ ယခုတော့ ဦးသူတော်သည် အပြင်ဒွါရငါးပေါက်နှင့် အတွင်းမနောဒွါရတို့တွင် တည်သော ခန္ဓာအသစ် ပေါ်မှု၊ ဆက်စပ်မှု၊ ချုပ်မှုတို့ကို အခြင်းအရာအားဖြင့် သိမြင်လာသည်။ အနတ္တဓမ္မအမြင် ပို၍ ပီပြင်ထင်ရှားလာသဖြင့် အတ္တအစွဲများ ခေါင်းပါးလာသည်။

အသံဓမ္မာရုံ ပရမတ်ရုပ်နာမ်အစဉ်တို့ကို အခြေခံ၍ ဘဝင်အကြည်၌ ထိခိုက်ထင်ရှားနေသော မောင်လှ၏ ဓမ္မာရုံပုံရိပ်ကို သဟိတ်မနောဝိညာဏ်က ပညတ် နှလုံးသွင်းလိုက်သဖြင့် မောင်လှပဲ၊ မောင်လှ ငယ်ရွယ်စဉ်အခိုန်က မွေတစ်ကောင် တွေ့မြင်မှုကြောင့် ကြောက်ရွံ့ထိတ်လန့်စွာ ငယ်သံပါအောင် အော်လိုက်သည့် "အမလေးဗျ" ဟူသော အော်သံသည်လည်း ပညတ်နှလုံးသွင်း ရှေ့သဟိတ်မနောဝိညာဏ်နှင့်တကွ ဖြစ်ပေါ်လာသည် (ကြားယောင်လာ၏)။ ထိုစိတ်တို့ ဖြစ်ပေါ်လာပုံကိုလည်း နောက်အရှုဉာဏ် စိတ်ဖြင့် ပိုင်းခြားသိရ၏ (**စိတ္တာနုပဿနာသတိပဋ္ဌာန်**)။ ရှေ့အရှုခံစိတ်နှင့်အတူ အာရုံကို ခံစားတတ်သည့် သဘော ဝေဒနာကို ပိုင်းခြားရှုမြင်သည်။ အနတ္တဝိပဿနာအမြင် အားကောင်းလာသဖြင့် အာရုံ၏သဘောကို ခံစားသော

http://www.dhammadownload.com

နာမ်တရား(ဝေဒနာ)တွင် ပဋိစ္စသမုပ္ပါဒ်ရပ်လျက် တဏှာအဆက်ဖြတ်နိုင်သည့် လမ်းကြောင်းကို သိမြင်လာသည်။ ထိုအသံဓမ္မာရုံကိုလည်း နောက်သတိတ်မနောဝိညာဏ် အရှုညွှန်ကပိုင်းခြား၍ သိမြင်နေသည်(**စိတ္တာနုပဿနာသတိပဋ္ဌာန်**)။ အသံဓမ္မာရုံသည် (**ရူပပရိစ္ဆေဒညာဏ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်**)၊ ရှေ့အရှုခံစိတ်နှင့်အတူ အာရုံကို ခံစားတတ်သည့် သဘောဝေဒနာကို ပိုင်းခြားရှုမြင်ခြင်းသည် (**ဝေဒနာနုပဿနာသတိပဋ္ဌာန်**)။

အတိတ်အနုံ့အာရုံ

အတိတ်က ပုပ်ပွနေသော အသုဘရုပ်အလောင်းမှ မခံမရပ်နိုင်လောက်အောင် ဆိုးရွားစူးရှသော အပုပ်နံ့ကို ဦးသူတော် တွေ့ကြုံခံစားခဲ့ရဖူးလေသည်။ ထိုအသုဘရုပ် အလောင်းကို ဦးသူတော် သတိရမိသည်။ ထိုအခါ ဦးသူတော်သည် ထိုအပုပ်နံ့ကို တရားရှုလိုသောဆန္ဒ ဖြစ်ပေါ်လာသည်။ ထိုအခါ ဦးသူတော်သည် တတိယအဆင့် စိတ္တဝိသုဒ္ဓိသမာဓိဖြင့် ဝင်စားကာ အသုဘရုပ်အလောင်းအား စွဲယူအာရုံပြု၏။ ထိုအခါ ဘဝင်အကြည်၌ အတိတ်အသုဘဓမ္မာရုံ ရုပ်အလောင်း ပေါ်လာသည် (**ရူပပရိစ္ဆေဒညာဏ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်**)။ ထိုဓမ္မာရုံအား ပညတ်အလိုဖြင့် ရှုသောအခါ မိမိ၏အရှုညွှန်၌ မသာယာသောစိတ်အစု ဖြစ်လာသည်။ ထိုအခါ ဦးသူတော်သည် မသာယာသော မိမိ၏စိတ် ဖြစ်ပေါ်လာသည်ကိုလည်း ပြန်သတိထားရှု၏ (**သဒေါသစိတ္တန္တိ ပဇာနာတိ**)။ ထိုမသာယာသော စိတ်နှင့်ယှဉ်ဖက် ခံစားမှုဝေဒနာကိုလည်း ထပ်ဆင့် ရှုလိုက်ပြန်သည်။ ထိုအခါ နောက်ဖြစ်လာသော စိတ်သည် ဝေဒနာ၏ သဘော သက်သက်ကို ရှုနိုင်သဖြင့် ထိုမသာယာသော စိတ်များ ချုပ်သွားပြီး မသာယာမှု မပါသည့် နောက်အသစ် ဖြစ်လာသော စိတ်ကိုလည်း ပိုင်းခြားရှုပြန်သည် (**ဝီတဒေါသစိတ္တန္တိ ပဇာနာတိ**) (**စိတ္တာနုပဿနာ သတိပဋ္ဌာန်**)။

ထိုအသုဘဓမ္မာရုံကို နှလုံးသွင်းမှုအား စွန့်လွှတ်လိုက်ပြီး အပုပ်နံ့ကို စွဲယူ အာရုံပြုလိုက်သည်။ ထိုအခါ ဘဝင်အကြည်၌ အပုပ်နံ့ဓမ္မာရုံ (မသိသဘောအပုပ်နံ့) ပေါ်လာသည်။ ၎င်းနှင့်ယှဉ်ဖက် အပုပ်နံ့ကိုသိသော (သိသဘောအပုပ်နံ့) အဟိတ်မနောဝိညာဏ် ပေါ်လာသည်ကိုလည်း အရှုညွှန်ဖြင့် ပိုင်းခြားရှုမြင်နေသည် (**နာမရူပပရိစ္ဆေဒညာဏ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်**)။ ၎င်းရုပ်နာမ်တို့ကို မြင်မြင်ကာအတိုင်း ရပ်ရှုကြည့်သည်။ နောက်အရှုညွှန်၌ မသာယာမှုနှင့် မခံစားလိုမှုများ ဖြစ်ပေါ်မလာသည်ကိုလည်း အရှုညွှန်ဖြင့် ထပ်ဆင့်ရှုပြန်သည် (**ဝီတဒေါသစိတ္တန္တိ ပဇာနာတိ**)။ နောက်တဖန် ထိုဓမ္မာရုံ၏သဘောကို မြင်မြင်ကာအတိုင်း ရပ်မရှုပဲ ပညတ်အာရုံပြု ခံစားကြည့်သောအခါ နောက်ဖြစ်စိတ်တို့သည် မသာယာသော မခံစားလိုသော စိတ်များ ဖြစ်လာသည်။ ထိုစိတ်များ ဖြစ်ပေါ်လာပုံကိုလည်း နောက်အရှုညွှန်ဖြင့် ထပ်ရှုပြန်သည် (**သဒေါသစိတ္တန္တိ ပဇာနာတိ**) (**မသာယာမှုနှင့်တကွ ဖြစ်သောအရှုခံရှေ့စိတ်၊ နောက်ဖြစ်အရှုညွှန် မဂ်စိတ်**)။ ထိုအခါ နောက်ဖြစ်စိတ်သည် ဝေဒနာကွန်ရာကို ပိုင်းခြားရှုနိုင်သဖြင့် ဝေဒနာမှ တဏှာ မကူးတော့ပဲ နှလုံးမသာယာသည့်စိတ် ချုပ်နေသည်။ ထိုစိတ်ဖြစ်လာမှုကိုလည်း နောက်ထပ် ရှုသော အရှုညွှန်ဖြင့် ထပ်ဆင့်ရှုလိုက်သည်။

ဦးသူတော်သည် ပစ္စုပ္ပန်အာရုံ၌သော်လည်းကောင်း၊ အတိတ်အာရုံ၌သော်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ် လည်ပုံ ဖြတ်ပုံ ပြတ်ပုံတို့ကို သိသော ဝိပဿနာညာဏ် ရရှိလာသည်။

ဤကဲ့သို့အားဖြင့် ပစ္စုပ္ပန်ပရမတ်အာရုံတစ်မျိုးမျိုးကို အကြောင်းခံ၍ အတိတ် အနာဂတ် ဓမ္မာရုံ (အဆင်း, အသံ, အနံ့, အရသာ, အတွေ့)တို့၏ မသာယာဖွယ်ရာကိုလည်းကောင်း၊ သာယာဖွယ်ရာကိုလည်းကောင်း၊ နှလုံးသွင်း အာရုံပြုခြင်းကြောင့် ပြောင်းလဲသော သဘိတ်

http://www.dhammadownload.com

မနောဝိညာဏ်ကို လည်းကောင်း၊ ပစ္စုပ္ပန်အာရုံ မရှိပဲ အတိတ် အနာဂတ် ဓမ္မာရုံ (အဆင်း, အသံ, အနံ့, အရသာ, အတွေ့)တို့ကို နှလုံးသွင်းခြင်းကြောင့် ပြောင်းလဲလာသော ယှဉ်ဖက်ဝေဒနာကို လည်းကောင်း အရှုဉာဏ်ဖြင့် ရှုမြင်နိုင်သည်။

ဤနေရာတွင် ရိုးရိုးသာမန် ပုဂ္ဂိုလ်တို့သည်လည်း မိမိစဉ်းစားနေသည်ကိုလည်းကောင်း၊ အာရုံသည် စိတ်ထဲ၌ ရှိနေသည်ကို လည်းကောင်း သိ၏။ သို့သော် တတိယအဆင့် စိတ္တဝိသုဒ္ဓိသမာဓိ (ဝိပဿနာခဏိကသမာဓိ) မရှိသောကြောင့် အာရုံ၏ ထင်ရှားရာ ဘဝင်အကြည်ကို လည်းကောင်း၊ ဘဝင်အကြည်၌ ထင်နေသော အာရုံပုံရိပ်ကို လည်းကောင်း၊ သဟိတ်မနောဝိညာဏ်၏ သဘောသဘာဝနှင့် ပြောင်းလဲသွားပုံ အခြင်းအရာကိုလည်းကောင်း၊ ယထာဘူတကျကျ မသိနိုင် မမြင်နိုင် မရှုနိုင်ခြင်းကြောင့် ငါစဉ်းစားသည်၊ ငါမြင်သည်၊ ငါမြင်ယောင်သည် စသည်ဖြင့် မှားယွင်းစွာသိ၏။ ပေါ်ရာအာရုံသည် ဘဝင်အကြည်၌ဟု မမြင်ပဲ ဟိုးအတိတ် ဟိုနေရာဟု စသည်ဖြင့် မှားယွင်းစွာ ထင်၏။*

---

* ပစ္စုပ္ပန် တိုက်ဆိုင်ဆဲအာရုံအကြောင်းခံ၍ အကြောင်းအကျိုးအားဖြင့် ဖြစ်ပေါ်နေသော ပရမတ္ထ ရုပ်နာမ်ဖြစ်စဉ် အစုံစုံကို မသိမမြင်ကြပေ။ ထို့ကြောင့် ခန္ဓာတွင် တကယ်အမှန်ဖြစ်နေသော ရုပ်နာမ်ဖြစ်စဉ်ကို အာရုံမပြုနိုင်ပဲ ဗဟိဒ္ဓ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ စသည့် အာရုံတို့ကိုသာ အရှိထင်စွဲ၍ အာရုံပြုကာ အရိပ်ကို အကောင်ထင်ဖမ်းဘိသကဲ့သို့ သတ္တဝါများ အာသဝရေယဉ်ကြော်၌နစ်မျောနေကြ၍ ဆင်းရဲဒုက္ခရောက်နေကြရခြင်း ဖြစ်သည်။

ဝိပဿနာကျင့်သောယောဂီ၏ အရှုဉာဏ်သည် ဤကဲ့သို့ ပရမတ်အာရုံများကို ရှုမြင်နိုင်စွမ်း ရှိရမည်။ မှန်းဆ၍ မြင်ခြင်းမဟုတ်၊ အထင်ဖြင့်မြင်ခြင်းမဟုတ်၊ ပိုင်းခြား၍မြင်ခြင်းဖြစ်သည်။ ဤကဲ့သို့ ပိုင်းခြား၍ မြင်နိုင်မှသာလျှင် မိမိစိတ်၌ ကိန်းနေသော ဝိပလ္လာသတရားများ ဖုံးအုပ်မှုမှ ချုပ်ငြိမ်းမည်ဖြစ်သည်။ အရှုဉာဏ်သည် အရှုခံရုပ်နာမ်တို့ကို သေချာစွာ တွေ့မြင်မှသာလျှင် ပရိစ္ဆေဒအားဖြင့် ပိုင်းခြားနိုင်မည် ဖြစ်သည်။ ဤကဲ့သို့ ရာဂ, ဒေါသ, မောဟကင်းနေသည့် အရှုခံ ရုပ်နာမ်တို့၏ အရှိကိုအရှိအတိုင်း သဘာဝကို သဘာဝအတိုင်း ဖြစ်မှသဘောနှင့်ပျက်မှုသဘောကို မြင်နိုင်ရမည်။ ပစ္စုပ္ပန်တည့်တည့်၌ ထိုပရမတ်ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကိုမြင်ခြင်းသည် အနတ္တဝိပဿနာဉာဏ်နှင့် အနိစ္စဝိပဿနာဉာဏ်အမှန်ဖြစ်သည်။ ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်းလည်း ဖြစ်သည်။ သို့သော် ထိုဥပါဒါနက္ခန္ဓာဖြစ်သော ပရမတ်ရုပ်နာမ်တို့သည် ထိုဥပါဒါနက္ခန္ဓာ မချုပ်ငြိမ်းသရွေ့ (သို့) စုတိစိတ် မရောက်မချင်း တိုက်ဆိုင်တိုင်း ဖြစ်ပျက်နေဦးမည် ဖြစ်သည်။ ပစ္စုပ္ပန်တွင် ဖြစ်ပျက်ဆုံးရမည်မှာ ဥပါဒါန်နှင့်တကွဖြစ်သော (ဥပါဒါနက္ခန္ဓာ) သဟိတ်မနောဝိညာဏ်အစု ဖြစ်သည်။ ဤကဲ့သို့ အရှုဉာဏ်သည် အရှုခံပရမတ်အာရုံတို့အပေါ်၌ မြင်နိုင်စွမ်းရှိခြင်း၏ ပဓာနအကြောင်းသည် သမ္မာသမာဓိဟူသော စင်ကြယ်သည့်စိတ် (စိတ္တဝိသုဒ္ဓိ) ဖြစ်သည်။ ထိုစင်ကြယ်သည့်စိတ်သို့ မရောက်ရှိသေးပဲနှင့် အထင်ဖြင့်လည်းကောင်း၊မှန်းဆ၍လည်းကောင်း ရှုနေသည့်သဘောကို ဝိပဿနာတရားဟူ၍သတ်မှတ်နေကြမည် ဆိုလျှင် ခက်ခဲနက်နဲစွာ ကျင့်ရသော ဝိပဿနာကျင့်စဉ်သည် ပေါ့ပေါ့တန်တန် လွယ်လွယ်ကူကူ အချိန်တိုတိုနှင့် ကျင့်၍ရနိုင်သော တရားမျိုးအဖြစ်သို့ ရောက်ရှိသွားသည်။ ပဋိပတ္တိသာသနာ ပျက်စီး လာတော့မည့် နိမိတ်ဟု စာရေးသူ မှန်းဆမိသည်။

"ဝိ" ဟူသော ဝေါဟာရပညတ်သည် အလွန်နက်နဲသော အဓိပ္ပာယ်ရှိသည်။ **'ဝ'** မရှိပဲ **'ဝိ'** မလုပ်နဲ့ ဟူသည့် ပေါရာဏစကားသည် အကြောင်းမဲ့ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ ထူးသောသီလ၊ ထူးသော စိတ်စင်ကြယ်မှု မရှိသေးပဲနှင့် ထူးသောတရားတို့ကို မမြင်နိုင်၊ ထူးသောဝိပဿနာ တရားမကျင့်နိုင်ပါဟု ဆိုလိုခြင်းဖြစ်သည်။ သာမန်နဂိုစိတ်အနေအတိုင်းဖြင့် တရားကျင့်မည်၊တရားတွေ့သည်ဆိုလျှင် သာမန်တရားသာလျှင်ဖြစ်ပေလိမ့်မည်။ ဝိပဿနာတရား မဖြစ်နိုင်ပါ။

http://www.dhammadownload.com

အထက်ပါ အရှုခံနှင့် အရှုညွှာဏ်တရားတို့၏သဘောကို အနှစ်ချုပ် အဖြေထုတ်သော် ဝိပဿနာ၏ အရှုခံတို့သည် မနောဝိညာဏ်၏ အာရုံပြုနှလုံးသွင်းနိုင်သော အမှန်ရှိပရမတ် တရားများ ဖြစ်သည့် အကြည်ခြောက်စုံ၊ ဝိညာဏ်ခြောက်လုံး စသော ဆဆက္ကရုပ်နာမ်တို့နှင့် ပစ္စုပ္ပန် အမှန်မရှိသော်လည်း အမှန်ရှိဘိသကဲ့သို့ အတိတ် အနာဂတ်အာရုံခြောက်ပါး ဓမ္မာရုံတရားများ ဖြစ်ကြသည်။ ဝိပဿနာရှုသော ယောဂီသည် အတိတ် အနာဂတ် ဓမ္မများဟု ခေါ်သော ယင်းတို့ကို ပိုင်းခြားရှုမြင်နိုင်ရမည်။

လောကသုံးပါးတည်ပုံ

ဦးသူတော်သည် အတိတ် အနာဂတ် အာရုံငါးပါးနှင့် ဆက်စပ်သော ဓမ္မာရုံတရားတို့ကို ရှုပြီးသောအခါ ဤကဲ့သို့ ညွှာဏ်မှာထင်လာ၏။ မနောဝိညာဏ်စိတ်သည် မနောဒွါရမှတပါး မထွက်နိုင်သော်လည်း (သို့) မနောဒွါရကိုကြဉ်၍ ကျန်ဒွါရတို့ကို မည်တော်နိုင်သော်လည်း လိုချင်ရာ အာရုံ၊ စွဲလမ်းရာအာရုံတို့ကို အလိုရှိပါက အလိုရှိသလို နှလုံးသွင်းယူနိုင်သည့် စိတ်၏စွမ်းအားနှင့် သဘာဝကို သိရလေသည်။ စိတ်၏ဆန်းကြယ်ပုံနှင့်တကွ စိတ်၏လက္ခဏာ သဘောတို့ကိုလည်း လက်တွေ့စစ်ဆေး စမ်းသပ်ကြည့်နိုင်သဖြင့် အနတ္တဝိပဿနာညွှာဏ် ပို၍ ထင်ရှားအားကောင်းလာသည်ကိုလည်း မိမိကိုယ်ကိုမိမိ ဆုံးဖြတ်နိုင်ခဲ့ပြီ။ ထိုအခါ စိတ်မရှိလျှင် လောကမရှိတော့သည့်သဘောနှင့် လောကဟူ၍ ရှိသည်ဆိုသော် စိတ်၌သာ ဆုံးဖြတ်ခြင်း ဖြစ်သည်ကို သဘောပေါက်လာသည်။

မှတ်ချက်။ ။သဉ္ဇပါဒိသေသနိဗ္ဗာန်ကို အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်တို့သည် စိတ်ရှိပါလျက် လောကဟု မစွဲယူတော့ပါ။ မြင်မြင်ကာရပ်၊ ကြားကြားကာရပ်၊ သိသိကာရပ်သဖြင့် လောကဟူသော ပညတ်မှ လွတ်မြောက်သွားသည်။

ထိုကဲ့သို့ သဘောပေါက်ပြီးသောအခါ ဦးသူတော်သည် ကောင်းကင်မှ နေကိုကြည့်၍ တတိယဘဝင်သမာဓိကို ဝင်စားလိုက်သည်။ ထိုအခါ ဘဝင်အကြည်၌ ကောင်းကင်နှင့်တကွ နေလုံး (ဓမ္မာရုံပုံရိပ်) ပေါ်လာသည်။ ထိုဓမ္မာရုံကို အာရုံပြုသော အဟိတ်မနောဝိညာဏ် ဖြစ်ပေါ်လာသည်။ မိမိဤကဲ့သို့ မသိမြင်မီက ကောင်းကင်နှင့်နေလုံးတည်းဟူသော လောကသည် အပြင်မှာ ရှိသည်ဟု ထင်ခဲ့သည်မှာ မှားနေသည်။ ထိုဘဝင်အကြည်၌ဖြစ်သော ဓမ္မာရုံ ကောင်းကင်နှင့် နေတို့သည် ရုပ်တရားများဖြစ်၍ ရုပ်တည်းဟူသော သြကာသလောကဖြစ်သည်။ ထိုဓမ္မာရုံကိုရှုလျက် ကောင်းကင်ပဲ၊ နေပဲဟု စွဲယူသောစိတ် လောကသည် မိမိ၏ဘဝင်၌သာ တည်နေပါလား။ မိမိစိတ်မရှိလျှင် ဤဓမ္မာရုံဖြစ်သော ကောင်းကင်နှင့်နေလုံး ပေါ်မည်မဟုတ်။ ယခုတော့ လူသားတို့ စွဲယူနေသည့် လောကသည် အပြင်မှာဟု ထင်သော်လည်း အမှန်တည်သည်မှာ မိမိ၏ ဘဝင်၌သာတည်ပါလားဟူ၍ လောကတည်ပုံကို သုံးသပ်မိလာသည်။ ဤသို့ သိမြင်ခြင်းသည် သြကာသလောကနှင့် အဟိတ်မနောဝိညာဏ်တည်းဟူသော သတ္တလောကတည်ပုံကို သိမြင်ခြင်းဖြစ်သည်။

ထိုလောကကို အာရုံပြုသော ကောင်းကင်ဟူသော သညာနှင့်တကွဖြစ်သော သိစိတ်၊ နေလုံးပဲဟူ၍ သညာနှင့်တကွဖြစ်သော သိစိတ်တို့သည် နောက်ဖြစ်လာသည့် လောကဖြစ်သည်။ ထိုနောက်ဖြစ်လာသော သတ္တလောကကိုလည်း နောက်ဖြစ်အရှုညွှာဏ်ဖြင့် ထပ်ဆင့်ရှုလိုက်သည်။ ဘဝင်၌တည်သော သြကာသလောကနှင့် သတ္တလောကတို့ အလိုလို ဖြစ်လာသည်ကို အာရုံပြုလျက် ထိုလောကတို့သည် ပြုပြင်တတ်သည့်သဘော ဆောင်နေသဖြင့် ထိုပြုပြင်တတ်မှု သဘောသည်လည်း လောကတစ်ခုပါလားဟု ညွှာဏ်ဖြင့် သုံးသပ်မိလာသည်။ စက္ခုဒွါရကို

http://www.dhammadownload.com

အာရုံယူကြည့်သောအခါ စက္ခုဒ္ဒါရဋ္ဌလည်း ကောင်းကင်နှင့်တကွ နေလုံး(ရှုပါရုံပုံရိပ်)တို့ ပေါ်နေသည်ကိုလည်း ဉာဏ်ဖြင့် ပိုင်းခြားမြင်ရပြန်သည်။ ယင်းသည် ဩကာသလောကဖြစ်သည်။ ၎င်းအာရုံကို လက်ခံသိသော စက္ခုဝိညာဏ်သည် သတ္တလောက ဖြစ်သည်။ ထိုလောကနှစ်ခု တို့သည် အကြောင်းအကြောင်း တိုက်ဆိုင်မှု ပြုပြင်တတ်သည့် သခါရသဘောတရားများကြောင့် ဖြစ်တည်ပျက်အဖြစ် ရှိနေခြင်းသည် သခါရလောက ဖြစ်သည်။ ထိုလောကသုံးပါးကို ရှုသော ဉာဏ်သည် လောကကိုသိသောဉာဏ်ဖြစ်သည်။

ဖော်ပြခဲ့သော လောကသုံးပါးသည် အတိတ်ဘဝ ဥပါဒါန်အကြောင်းကြောင့်ဖြစ်သော ပစ္စုပ္ပန် အကျိုးတရား လောကသုံးပါး ဖြစ်သည်။ ထိုလောကသုံးပါးတည်ပုံကို အကြောင်းခံ၍ ထိုအာရုံအပေါ်၌ ကောင်းကင်ဟူ၍လည်းကောင်း၊ နေဟူ၍လည်းကောင်း စွဲယူမှုနှင့်တကွ နှလုံးသွင်းသော သဟိတ်မနောဝိညာဏ်အစုသည် ပစ္စုပ္ပန် အကြောင်းလောကသုံးပါး ဖြစ်သည်။ ထိုသို့ ရုပ်နာမ်ဓမ္မသခါရတရားများဟု မသိမှုကြောင့် ပညတ်နှင့်တကွ အရှိစွဲယူတတ်သော အကြောင်းလောကသုံးပါး ချုပ်မှ အနာဂတ်အကျိုးလောကသုံးပါး၊ ဘုံသုံးပါးမှ လွတ်မည်။ စွဲယူတတ်သော ရှေ့သဟိတ်မနောဝိညာဏ် (ဥပါဒါန်ကိန်းသော ဥပါဒါနက္ခန္ဓာ)သည် ပစ္စုပ္ပန် လောကတည်မှု၏ ပစ္စုပ္ပန်အကြောင်း ဖြစ်သည်။ ဖြစ်ပေါ်လာသော နောက်သဟိတ်မနော ဝိညာဏ်သည် ပစ္စုပ္ပန်အကျိုးလောကတည်ပုံ ဖြစ်၏။*

ဦးသူတော်သည် ဤကဲ့သို့ စက္ခုဒ္ဒါရသည် လောကတည်ရာဌာန ဟူ၍လည်းကောင်း၊ မနောဒ္ဒါရသည်လည်း လောကတည်ရာဌာန ဟူ၍လည်းကောင်း သိလာပြီးသောအခါ ထိုဒ္ဒါရနှစ်ပါးသည် လောကသာရှိ၊ ငါမရှိ၊ ငါလည်းမဟုတ်၊ အခြားသူတပါးလည်းမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါလည်းမဟုတ်၊ ယောကျ်ား မိန်းမလည်း မဟုတ်၊ ချစ်ခြင်း မုန်းခြင်း တည်ရာလည်းမဟုတ်၊ သံယောဇဉ်တွယ်ရာလည်း မဟုတ်ကြောင်း ကောင်းကောင်းကြီး သိလာသည်။ သက္ကာယဒိဋ္ဌိပြုတ်မှု ပို၍ စင်ကြယ်လာသည်။ သံယောဇဉ်တွယ်ရာ မဟုတ်သည်ကို သံယောဇဉ် တွယ်မိခဲ့ခြင်းကို နောင်တလည်း ရမိသည်။

"လ"ကို အာရုံပြုနှလုံးသွင်းလိုက်လျှင် ဘဝင်အကြည်၌ မူလထင်နေသော နေလုံးပုံရိပ် သဏ္ဌာန်ပျောက်၍ "လဝန်း"သဏ္ဌာန်(ဓမ္မာရုံပုံရိပ်-ဩကာသလောက)နှင့်ယှဉ်ဖက် အဟိတ်မနော ဝိညာဏ် (သတ္တလောက)တို့ ပြောင်းလဲဖြစ်ပေါ်လာသည်။ မိမိတွေ့ခဲ့ဖူးသော တောတောင်ကို အာရုံပြုလိုက်လျှင် ဘဝင်အကြည်၌ ထင်နေသော လဝန်းပုံရိပ် သဏ္ဌာန်ပျောက်၍ "တောတောင်" ပုံသဏ္ဌာန်(ဓမ္မာရုံပုံရိပ်-ဩကာသလောက)နှင့်ယှဉ်ဖက် အဟိတ်မနောဝိညာဏ် (သတ္တလောက)တို့ ပြောင်းလဲဖြစ်ပေါ်လာသည်။

---

* ဆိုလိုသည်မှာ သိလျှင် သိသည့်အတိုင်း၊ မြင်လျှင်မြင်သည့်အတိုင်း မနေပဲ၊ သိရာ မြင်ရာကို သညာဖုံး၍ စွဲယူမှုသည် ပဓာနအကြောင်းတရားဖြစ်သည်။ ထိုအကြောင်းငြိမ်းမှ အကျိုးလောကသုံးပါးချုပ်မည်။ ဗဟိဒ္ဓ ကောင်းကင်နှင့်နေသည် အတိုက်ဓာတ်အဗျာကတလောက၊စက္ခုပသာဒနှင့် ၎င်း၌ထင်သောရှုပါရုံ (ကောင်းကင်နှင့်နေ) စက္ခုဝိညာဏ်တို့သည် ဥပါဒါနက္ခန္ဓာလောက၊ ဘဝင်အကြည်၌ထင်သော ဓမ္မာရုံ(ကောင်းကင်နှင့်နေ)နှင့် ထိုအာရုံကိုလက်ခံသည့် အဟိတ်မနော ဝိညာဏ်သည် ဥပါဒါနက္ခန္ဓာလောက၊ ထိုလောကသုံးပါးကို စွဲယူသော သဟိတ်မနောဝိညာဏ်အစုသည် ဥပါဒါန်နှင့်တကွ ဖြစ်သော ဥပါဒါနက္ခန္ဓာလောက။ ထို့ကြောင့် လောကတည်ပုံ၊ လောကတည်ကြောင်း၊ လောကချုပ်ပုံ၊ လောကချုပ်ကြောင်း (သစ္စာလေးပါး)ကို သိသော ဝိပဿနာဉာဏ် ရောက်ရှိပြီဖြစ်သည်။

http://www.dhammadownload.com

မိမိတွေ့ခဲ့ဖူးသော ရေ မြေ သမုဒ္ဒရာ စသည့် အာရုံတစ်မျိုးမျိုးကို အာရုံပြုလိုက်သောအခါ ဘဝင်အကြည်၌ မူလထင်နေသော အာရုံပုံရိပ်သည် ပျောက်ကွယ်၍ မိမိအာရုံပြုနှလုံးသွင်းရာ "ရေ မြေ သမုဒ္ဒရာ" စသည့် အာရုံတစ်မျိုးမျိုးသည် ပြောင်းလဲဖြစ်ပေါ်လာသည် (ဩကာသလောက၊ သခ်ါရလောက)။ ၎င်းနှင့်ယှဉ်ဖက် အဟိတ်မနောဝိညာဏ် (သတ္တလောက)သည်လည်း ပြောင်းလဲဖြစ်ပေါ်လာသည်။

မိမိ၏ "အိုးအိမ်, တိုက်တာ, ရွှေ, ငွေ, ဆင်, မြင်း, ကျွဲ, နွား, လယ်ယာ, ခြံဝန်း, ဥယျာဉ် စသည် နှလုံးသွင်းလိုရာ အာရုံတို့ကို နှလုံးသွင်းအာရုံပြုလိုက်သောအခါ မိမိနှလုံးသွင်းသည့် အထက်ပါအာရုံ အမျိုးမျိုးတို့သည် တစ်ခုချင်းတစ်ခုချင်း ဘဝင်အကြည်၌ ပြောင်းလဲဖြစ်ပေါ်လာသည်(သတ္တလောက၊ သခ်ါရလောက၊ ဩကာသလောက)။ မိမိ၏ခန္ဓာ၌သာ လောကတည်ခြင်းဖြစ်၏။ မိမိစိတ်၌သာ လောကတည်ခြင်းဖြစ်၏။ စိတ်မရှိတော့ပါက လောကတည်စရာ မရှိတော့ပါ။ ပြင်ပ၌လည်း လောကသုံးပါး ရှိသည်ဟု ပြောဆိုခဲ့လျှင် ထိုပြောဆိုမှုသည် စိတ်ပင်ဖြစ်သည်။ စိတ်မရှိလျှင် မပြောဆို၊ မစွဲယူ၊ မဆုံးဖြတ်နိုင်။

နောက်တဖန် ဦးသူတော်သည် မိမိ၏ ဇနီးဖြစ်သူအား စွဲယူ၍ နှလုံးသွင်းလိုက်ရာ ဘဝင်အကြည်၌ မိမိဇနီးဓမ္မာရုံပုံ ပေါ်လာသည်။ ဘဝင်၌ပေါ်သော မိမိ၏ဇနီးဓမ္မာရုံသည် အပြင်မှာရှိသော ဇနီးသည်အား မြင်ရတိုသကဲ့သို့ တထပ်တည်း တူနေသည်။ ၎င်းဓမ္မာရုံနှင့်အတူ ယှဉ်ဖက် ထိုဓမ္မာရုံကိုသိသော အဟိတ်မနောဝိညာဏ်ပါ တထပ်တည်း ပေါ်လာသည်ကို ပိုင်းခြားရှုမြင်နေရ၏။ ထိုဓမ္မာရုံကို မြင်မြင်ချင်း မိမိ၏စိတ်၌ ငါ့ဇနီးပဲဟူသော ဒိဋ္ဌနှင့်တဏှာယှဉ်သော သံယောဇဉ်စိတ် ဖြစ်လာသည်။ ထိုစိတ်နှင့်အတူ အာရုံကို ခံစားသော ဝေဒနာ ဖြစ်ပေါ်လာ၏။ ဦးသူတော်သည် ထိုသံယောဇဉ်စိတ်နှင့်အတူ ယှဉ်ဖက်ဝေဒနာကိုလည်း ပိုင်းခြားရှုလိုက်၏။ ဤသို့ ရှုခြင်းကြောင့် နောက်ဖြစ်သောစိတ်တွင် သံယောဇဉ်စိတ်များ ချုပ်သွားသည်ကိုလည်း ပိုင်းခြားသိမြင်ပြန်၏။ ထိုရုပ်နာမ်တို့ကိုမြင်မှ အကြောင်းခံ၍ ဦးသူတော် နောင်တကြီးစွာ ရလေပြီ။ "ငါ့ဇနီး၊ ငါ့ဇနီး" ဟု မိမိစိတ်ဖြင့် ချစ်ခင်တွယ်တာ သံယောဇဉ် နှောင်ဖွဲ့ထားသော ဇနီးသည် မိမိထင်သလို အပြင်မှ ခန္ဓာအစုအဝေး မဟုတ်ပဲ မိမိခန္ဓာတွင်းရှိ ဓမ္မာရုံကြီး ဖြစ်နေပါလား။ စိတ်ဖြင့် အပြင်ကိုမှန်း၍ ထင်ခဲ့သမျှ အိပ်မက်သဖွယ် ဖြစ်နေမှန်း ယခုမှ သိရတော့သည်။ ကိုယ့်စိတ်နှင့် ကိုယ့်အထင် ကိုယ့်ခန္ဓာ(ဓမ္မာရုံ)ကိုသာ ကိုယ်ပြန်တွယ်နေရပါလား။ မောဟစိတ်၊ လောဘစိတ်၊ ဒိဋ္ဌစိတ်တို့၏ လှည့်ဖြားတတ်သည့် သဘောကို ယခုတော့ တရားခံအမှူပေါ်သလို မိမိဖော်နိုင်ခဲ့လေပြီ။ ထိုအခါ ဦးသူတော်၏စိတ်၌ ဒိဋ္ဌသံယောဇဉ်များ ရှုတိုင်း ရှုတိုင်း ခေါင်းပါးလာလေပြီ။ ဦးသူတော်သည် ထိုလောကဓမ္မာရုံကို အကြောင်းခံ၍ အမိအဖ သားသမီးတို့နှင့် မိမိသံယောဇဉ်တွယ်ခဲ့သောသူများကိုပါ တစ်ဦးပြီးတစ်ဦး စွဲယူနှလုံးသွင်းလျက် သတ္တလောကတည်ပုံအကြောင်း ရှုနေတော့၏။ ထိုသို့ ရှုပြီးတိုင်း ရုပ်နာမ်ဓမ္မသခ်ါရတရားများ၏ သဘာဝလက္ခဏာများကိုရှုလျက် ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ကာ ကြိမ်ဖန်များစွာ သုံးသပ်နေတော့၏။

အတွင်းလောကနှင့် အပြင်လောက ဆက်စပ်ပုံ

ပြဆိုခဲ့ပြီးသော ပုံစံ(၂-ခ)ပါ ရုပ်နာမ်အစုံတို့သည် ဩကာသလောက၊ သတ္တလောကနှင့် သခ်ါရလောကတို့သာလျှင် ရှိသည်ကို သဘောပေါက်သွားပြီ။

နေရောင်တည်းဟူသော အဆင်းသည် ရုပ်တရားတည်းဟူသော ဩကာသလောကဖြစ်ပြီး အမှောင်ကိုခွင်းစေတတ်သည့် ပြုပြင်တတ်သော သဘောဆောင်မှုကြောင့် သခ်ါရလောကလည်း မည်၏။ ထိုလောကသည် စက္ခုပသာဒတည်းဟူသော ဩကာသလောကနှင့် ပေါင်းဆုံမှုပြုခြင်း

http://www.dhammadownload.com

ကြောင့် စက္ခုဝိညာဏ်တည်းဟူသော သတ္တလောက ဖြစ်ပေါ်လာသည်။ ထိုစက္ခုဝိညာဏ်တည်းဟူသော သတ္တလောကသည်လည်း ရူပါရုံတည်းဟူသော သြကာသလောကကို အာရုံပြုတတ်သည့် သခ်ါရတရား ဆောင်ပြန်သည်။ ထို့ကြောင့် စက္ခုဝိညာဏ်သည် သခ်ါရလောကလည်း မည်၏။ ထိုလောကသုံးမျိုးတို့သည် တွေ့ဆုံခြင်း ပြုပြင်တတ်မှုသဘော ဆောင်ကြသဖြင့် အကျိုးပြုပြင်တတ်သည့် ဖဿတည်းဟူသော သတ္တလောကနှင့် သခ်ါရလောက အကျိုးပေါ်ပြန်သည်။ ထိုဖဿတည်းဟူသော လောကသည် စက္ခုပသာဒလောကရှိ ရူပါရုံတည်းဟူသော လောကကို ဓမ္မာရုံလောကအဖြစ်သို့ ပြောင်း၍ ဘူတအာရုံကြောတည်းဟူသော လောကကို အကြောင်းခံပြီး ဘဝင်တည်းဟူသော လောကသို့ ပို့ဆောင် ပြုပြင်ပြန်သည်။ ထိုအခါ နေလုံးဓမ္မာရုံလောကနှင့် ဘဝင်တည်းဟူသော သတ္တလောကတို့ တွေ့ဆုံမှု ပြုပြင်ကြသဖြင့် အဟိတ်မနောဝိညာဏ်တည်းဟူသော သတ္တလောက ပေါ်လာပြန်သည်။ ထိုလောကသုံးပါးတို့သည်လည်း သခ်ါရတရားများ ဖြစ်၍ ထပ်ဆင့် တွေ့ဆုံပြုပြင်မှု ပြုကြပြန်သည်။ ထိုအကြောင်းကြောင့် ဖဿတည်းဟူသော သတ္တလောက ဖြစ်ပေါ်လာပြီး ထိုလောကသည် စက္ခုဒွါရရှိ ရူပါရုံ(နေလုံးလောက)အား ဓမ္မာရုံလောကအဖြစ် ပြုပြင်၍ (၀၊) ဓမ္မစွမ်းအားဖြင့် အသွင်ပြောင်း၍* ဘဝင်တည်းဟူသော လောကသို့ ပို့ဆောင်ပြုပြင်စေပြန်သည်။ ထိုရူပဓမ္မာရုံလောက၏ ကုန္ဓရသ၊ အနိဋ္ဌရသတို့ကို ယှဉ်ဖက်ဝေဒနာကွန္ဓာ သတ္တလောကနှင့် ဆက်စပ်ပေးပြန်သည်။ ထိုဝေဒနာကွန္ဓာ သတ္တလောကနှင့် ဓမ္မာရုံသြကာသလောကတို့ကို အကြောင်းခံ၍ နောက်ဖြစ် သတ္တလောက သဟိတ်မနောဝိညာဏ်သည် ဝမ်းမြောက်စရာနှင့် ကြုံခဲ့သော် တပ်မက်မှုဖြင့်လည်းကောင်း၊ ဆုတ်နစ်စရာနှင့်တွေ့ခဲ့သော် ဆင်းရဲမှုဖြင့်လည်းကောင်း၊ စိတ်အစဉ်(၀၊)လောကအစဉ် ဖြစ်လျက်တည်နေသည်။†

---

* ဗွီဒီယိုရိုက်စက် ဥပမာကို ပြန်သုံးသပ်ပါ။

† စိတ်ဟူသည် ဟဒယဝတ္ထုကိုမှီသော ဘဝင်မှလွဲ၍ မည်သည့်နေရာကိုမှ ထွက်သွားခြင်းမရှိပါ။ ထို့ကြောင့် ပြင်ပအာရုံငါးမျိုးသည် ခန္ဓာ၏ဒွါရငါးပေါက်သို့ တဆင့်ကျရောက်၍ ဘဝင်သို့သက်ရောက်သည်။ ထိုအာရုံတို့၏ အနိဋ္ဌရသ၊ ကုန္ဓရသတို့သည်လည်း ဘဝင်သို့ သက်ရောက်သည်။ အတိတ် အနာဂတ်အာရုံတို့သည်လည်း ဘဝင်ကိုမှီ၍ဖြစ်သည်။ ဘဝင်နှင့်အာရုံတို့တိုက်ခိုက်မိခြင်းကြောင့်မနောဝိညာဏ်ဖြစ်သည်။ ထိုမနောဝိညာဏ်သည် အကုသိုလ်စေတသိက်တို့ဖြင့် ယှဉ်ခဲ့သော် တဏှာ၊ မာန၊ ဒိဋ္ဌိဖြစ်သည်။ ကုသိုလ်စေတသိက်တို့ဖြင့် ပေါင်းခဲ့သော် သီလ၊ သမာဓိ၊ ပညာစိတ်ဖြစ်သည်။ ထို့ကြောင့် အလုံးစုံသောအာရုံတို့သည် ဘဝင်ကို သက်ရောက်ပြီးမှ မနောဝိညာဏ်သည် သဘောအားလုံးအပေါ်၌ သုံးသပ်နိုင်သည်။ ဝိပဿနာရှုရာတွင် မိမိအရှုဉာဏ်သည် ပြင်ပအာရုံကို နှလုံးသွင်း၍ ရှုနေသေးလျှင်လည်းကောင်း၊ မိမိခန္ဓာကိုယ်၏ ရူပကာယသဏ္ဌာန်ပညတ်ကို အာရုံပြုနှလုံးသွင်း ရှုနေသေးလျှင် လည်းကောင်း၊ မှန်ကန်သော အရှုဉာဏ် မဟုတ်သေးပါ။ အဘယ့်ကြောင့်ဆိုသော် အထက်၌ရှင်းပြခဲ့သည့်အတိုင်းအာရုံအားလုံးတို့သည် ဘဝင်၌သာထင်၍ သဟိတ်မနောဝိညာဏ်သည် ဘဝင်၌ပင် အရှုခံအာရုံတို့ကို လက္ခဏာတင်၍ ရှုနေခြင်းဖြစ်သည်။ ထို့ကြောင့် ဘဝင်အကြည်ကို မမြင်သေးသရွေ့ နာမ်တရားတို့ကို မမြင်သေးပါ။ အမှန်တရားကိုလည်း မမြင်သေးပါ။ **"နှစ်သိန်းနှစ်မြင် ဒိဋ္ဌိစင် ဘဝင်မြင်မှ လမ်းမှန်ရ"** ဟု ပညာရှိများ ဆိုရိုးစကားရှိပါသည်။ လောကီကာမပညတ် အာရုံတို့သည်လည်းကောင်း၊ လောကီပရမတ်အာရုံ တို့သည်လည်းကောင်း ဘဝင်၌သာထင်သည်။ ဘဝင်၌ ထင်သောအာရုံတို့ကို ရှုခြင်းဖြစ်သည်။ ထိုသို့ အသိနှစ်သိ၊ အမြင်နှစ်မြင်သို့ ဆိုက်ရောက်၍ ဒိဋ္ဌိစင်ခြင်းဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီး ရေးသားသော ဥတ္တမပုရိသကျမ်း၌ **"ဘဝင်မြင်လျှင် အာဂယောကျံးဘဲဟူ၍ မုတ်လိုက်"** ဟု ရေးသားထားသည်။ တရားအားလုံးသည် ဘဝင်၌ပင် ထင်သည်။ တရားရှုခြင်းသည်လည်း ဘဝင်မှာပင် ရှုပါသည်။

http://www.dhammadownload.com

ဦးသူတော်သည် မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကြောင့် လောကတည်ပုံ၊ လောကချုပ်ပုံတို့ကိုသိရပြီး လောကချုပ်ရာမဂ္ဂင်လမ်းကို ဖြောင့်ဖြောင့်မတ်မတ်နောက်မဆုတ်တမ်း လျှောက်တော့မည်ဟူသော ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင် ချလိုက်လေပြီ။

အတွင်းဓလောကတည်ပုံမှတ်ပုံ

ဘဝင်အကြည်၌ အနီးအတိတ်ကာလ ဓမ္မာရုံပုံရိပ်ထင်ပုံကို လည်းကောင်း၊ မနသိကာရ ခေါ် နှလုံးသွင်းမှုကြောင့် ဖြစ်သော အဝေးအတိတ်ကာလ, အနာဂတ်ကာလရှိ ဓမ္မာရုံပုံရိပ်တို့ ထင်ပုံကိုလည်းကောင်း၊ ပစ္စုပ္ပန်အာရုံပေါ်၌လည်းကောင်း၊ လောကတည်ပုံကို ဦးသူတော် နားလည်ခဲ့ပြီ။ ထိုသဘောကို ဤဥပမာဖြင့် ဦးသူတော်၏ဉာဏ်၌ ထင်မြင်သုံးသပ်မိ၏။

ဘဝင်အကြည်တည်းဟူသော ဝိတ်ဖြူကားချပ်ပေါ်တွင် နှလုံးသွင်းမှု မနသိကာရ တည်းဟူသော စုတ်တံကို ဥပါဒါန်တည်းဟူသော ဆေးရည်၌ တို့ပြီး ဝိတက်ဖြင့် လိုရာ အာရုံကိုယူကာပုံဖော်၍ စေတနာတည်းဟူသော လက်ဖြင့် ရေးဆွဲလိုက်သောအခါ ခန္ဓာငါးပါး တည်းဟူသော ဓမ္မာရုံပုံရိပ်(၀ါ) လောကပေါ်လာသည်။

ဆိုလိုသည်မှာ အတိတ်ကမြင်ဖူးခဲ့သော ရူပါရုံကို ယူ၍ နှလုံးသွင်းလျှင် ဘဝင်အကြည်၌ အဆင်းဓမ္မာရုံလောက ပေါ်လာသည်။ ကြားဖူးခဲ့သော အသံကို ယူ၍ နှလုံးသွင်းလိုက်လျှင် ဘဝင်အကြည်၌ အသံဓမ္မာရုံလောက ဖြစ်ပေါ်လာသည်။ နံခဲ့ဖူးသော အနံ့ကို စွဲယူနှလုံးသွင်းလျှင် ဘဝင်အကြည်၌ အနံ့ဓမ္မာရုံလောက ဖြစ်ပေါ်လာသည်။ စားခဲ့ဖူးသော အရသာကို စွဲယူ၍ နှလုံးသွင်းလိုက်လျှင် ဘဝင်အကြည်၌ အရသာဓမ္မာရုံလောက ဖြစ်ပေါ်လာသည်။ တွေ့ထိခဲ့ဖူးသော အာရုံအမျိုးမျိုးကို စွဲယူနှလုံးသွင်းလိုက်လျှင် ဘဝင်အကြည်၌ အတွေ့ဓမ္မာရုံ လောက ဖြစ်ပေါ်လာသည်။ ပစ္စုပ္ပန်ဒွါရငါးပေါက်၌ ကျရောက်ဆဲအာရုံငါးပါးသည် ဘဝင်သို့ကျရောက်သည် ရှိသော် ထိုအာရုံကို နှလုံးသွင်းလက်ခံခဲ့လျှင် ထိုအာရုံငါးပါးသည် ဘဝင်၌ လောကတည်ပြန်သည်။

ဘုရားအဆူဆူနှင့်တကွ ရဟန္တာပုဂ္ဂိုလ်အပေါင်းတို့ မရေမတွက်နိုင်အောင် လောကသုံးပါးမှ ထွက်မြောက်သွားကြသည် ဆိုသည်မှာ စိတ်ဖြင့် စွဲယူထားသော အကြောင်းတရား အတွင်းလောကသုံးပါးမှ ထွက်သွားခြင်းဖြစ်သည်။ ဗဟိဒ္ဓလောကသုံးပါးသည် ပြောင်းလဲခြင်း အစဉ်ဖြင့် အမြဲတမ်းရှိနေမည်ဟု လောကသုံးပါးမှ ထွက်မြောက်ပုံကို ဦးသူတော် သဘောပေါက် နားလည်ခဲ့လေပြီ။

အထက်ပါ သိရန် သိမ်မွေ့နက်နဲ မြင်နိုင်ခဲလှသည့် ပရမတ်အစစ် ဓာတ်အနှစ် တရားများဖြစ်သည့် အတွင်းအာယတနတရားများကို မှန်းဆသိ၊ နာကြားသိ၊ ဖတ်သိတို့နှင့် အာရုံမပြုနိုင်ပါ။ စာရေးသူကလည်း စိတ်ကူးယဉ်၍လည်းကောင်း၊ စာဖတ်၍လည်းကောင်း၊ နာကြား၍လည်းကောင်း ရေးသားထားခြင်း မဟုတ်ပါ။ မိမိကိုယ်တိုင် လက်ထဲ ပြည်တန်သည့် ပတ္တမြား တင်ကြည့်သကဲ့သို့ ပိုင်းပိုင်းခြားခြား မြင်ထားမှုကို ဦးသူတော်အား ကိုယ်စားပြု၍ ရေးသားထားခြင်းဖြစ်သည်။ အလွန်မှ သိနိုင်ခဲ၊ မြင်နိုင်ခဲသည်။ အသက်နှင့်ခန္ဓာ မငဲ့ကွက်ပဲ ရင်းနှီးခဲ့ရသည်။ မိမိရေးသားတင်ပြရသော်လည်း ဤကဲ့သို့မြင်ရန် စွမ်းအားထုတ်ကျင့်နိုင်မည့်သူ ရှားလိမ့်မည်ကိုလည်း ရိပ်စားမိသည်။ သာမန် သဒ္ဓါ ဝီရိယတို့ဖြင့် မမြင်နိုင်ပေ။ ထိုသဘောကို မြတ်စွာဘုရားရှင် ဤကဲ့သို့ ဟောကြားထားသည်။

လောကသုံးပါးသည်လည်း ဘဝင်၌သာ တည်ပါသည်။ လောကမှထွက်ခြင်းသည်လည်း ဘဝင်မှ ထွက်ခြင်း ဖြစ်သည်။ ဘဝင်ကိုမှီ၍ ဖြစ်သောစိတ်၌ ဥပါဒါန်အစွဲချုပ်ခြင်းဖြင့် ထွက်ခြင်းဖြစ်သည်။

http://www.dhammadownload.com

"ငါသည် ခဲယဉ်းစွာကျင့်သဖြင့် သိအပ်ပြီးသောတရားကို ယခုအခါ ဟောခြင်းငှာ မသင့်လျော်ချေ၊ ရာဂဒေါသ နှိပ်စက်ခံနေရသော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည် မဟုတ်ချေ။

အမှောင်ထု ဖုံးလွှမ်းလျက် ရာဂတပ်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော (သံသရာ) အဆန်တရားကို မြင်နိုင်ကြမည် မဟုတ်ချေ"။[၂]

တရားကျင့်သောယောဂီတို့ "ရုပ်နာမ်မြင်သည်"ဟု ဆိုရာ၌ ထင်ယောင်ထင်မှား ရုပ်နာမ် မဖြစ်မိစေရန် မဟာစည်ဆရာတော်ဘုရားကြီးမှ ဤကဲ့သို့ ဟောကြားထားသည်။

"**တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့ပြီး** မမြဆင်းရဲ အနတ္တလို့ သိတိုင်းသိတိုင်း အဲဒီ သိရတဲ့အတိုင်း စသော ရုပ်နာမ်တွေမှာ မြဲတဲ့အနေ ချမ်းသာတဲ့အနေ အတ္တကောင် အနေဖြင့် အထင်မှား အသိမှားတဲ့ မောဟ အဝိဇ္ဇာ ဖြစ်ခွင့်မရှိပဲ ကင်းငြိမ်းသွားတယ်။"[၃]

ဆရာတော်ဘုရားကြီး ဟောကြားထားသော **"တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ"** ဆိုသည်မှာ မြင်ဆဲ၌ မိမိ၏ မျက်လုံးအိမ်အတွင်းရှိ မျက်နက်ဝန်းအလယ် စက္ခုပသာဒ၌ရှိသော ရူပါရုံ၊ စက္ခုဝိညာဏ်၊ စက္ခုအကြည် စသော ပရမတ်ရုပ်နာမ်များကို မြင်ရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ မြင်တတ်သော သဘောကလည်း စင်ကြယ်သော အရှုဉာဏ် သဟိတ်မနောဝိညာဏ် ဖြစ်သည်။

ယခုအခါ ရုပ်နာမ်မြင်ခြင်း ရုပ်နာမ်ကွဲခြင်းနှင့် ပတ်သက်၍ "မသိတာရုပ်၊ သိတာနာမ်" "မြင်တာရုပ်၊ သိတာနာမ်" "ကြားတာရုပ်၊ သိတာနာမ်" စသဖြင့် သတ်မှတ် ပြောဆို သုံးနှုန်း နေကြခြင်းများ တွင်ကျယ်လျက် ရှိသည်။ ထိုသို့သော သိခြင်းမျိုးသည် တရားအားမထုတ်သော သာမန်လူပြိုန်းများပင် သိနိုင်သော အသိများဖြစ်သည်။ ပရမတ်ရုပ်နာမ်များကို ထူးသောဉာဏ်ဖြင့် ပိုင်းခြားသိအပ်သော အရိယာတို့၏ သိခြင်းမျိုး မဟုတ်ပါ။ အထက်၌ ဖော်ပြခဲ့သော ဆဆက္ကအရှုခံရုပ်နာမ်များကို ထူးသောဉာဏ် (အရှုဉာဏ်မနောဝိညာဏ်)ဖြင့် ပိုင်းခြားသိမှသာလျှင် စစ်မှန်သော ရုပ်နာမ်မြင်ခြင်း ရုပ်နာမ်ကွဲခြင်းဖြစ်သည်။

မိမိရူပကာယရှိ သဏ္ဌာန်နိမိတ်မရှိသော အခံမာတ် ကာယပသာဒနှင့် သဏ္ဌာန်နိမိတ် မရှိသော အပြင်အတိုက်မာတ် အတွေ့ရုပ်(ဖောဋ္ဌဗ္ဗရုပ်)တို့ ဟူသော သဘောနှစ်ခု တွေ့ဆုံမှု ကြောင့် ထိုကာယပသာဒတွင် သဏ္ဌာန်နိမိတ်မရှိသောအတွေ့ရုပ်နှင့် တထပ်တည်း ကိန်းနေသော သိကာမျှဖြစ်သော ကာယဝိညာဏ်စိတ်ဖြစ်ပေါ်သည်။ ထိုကာယဝိညာဏ်စိတ်သည် သိသဘော ဆောင်သည့် 'ထိ'မာတ်ဖြစ်သည်။ အတွေ့ရုပ်သည် မသိသဘောဆောင်သည့် 'ထိ'မာတ်ဖြစ်သည်။ ထို့ကြောင့် မသိသဘော'ထိ'ရုပ်မာတ်နှင့် သိသဘော'ထိ'နာမ်မာတ် အရှုခံရုပ်နာမ်တစ်စုံဖြစ်သည်။ ထိုနာမ်မာတ်သည် 'ထိ'ရုပ်အား ကောင်းတယ်၊ ဆိုးတယ်၊ ပျော့တယ်၊ မာတယ်၊ သာယာတယ်၊ မသာယာတယ် နှလုံးသွင်းကြံစည် ဆုံးဖြတ်သုံးသပ်ခြင်း မရှိသော၊ ငါသိတယ်ဟူ၍လည်းကောင်း၊ သိတာကငါဟူ၍လည်းကောင်း မရှိသော စိတ်ပင်ဖြစ်သည်။ ဤအတိုင်း ရုပ်နာမ်ကိုပိုင်းခြား မြင်မှသာလျှင် "မသိတာရုပ်၊ သိတာနာမ်"ဟု ဆိုခြင်းသည် အမှန်ဖြစ်နိုင်မည်။

ထိုရုပ်နာမ်တို့သည် အရှုခံသက်သက်မျှသာ ဖြစ်သည်။ ကာယဝိညာဏ်သည် အရှုခံသာ ဖြစ်သည်။ တရားမရှုတတ်။ ငါဟု မစွဲယူတတ်။ မနောဝိညာဏ်သည် ငါဟု စွဲယူတတ်သည်။ ထိုအရှုခံရုပ်နာမ်တို့ကို အရှုဉာဏ် မနောဝိညာဏ်ဖြင့်သာ ပိုင်းခြားမြင်နိုင်သည်။ စတုတ္ထစျာန်

---

[၂] မချိမပဏ္ဏာသပါဠိတော် မြန်မာပြန်၊ ရာဇဝဂ်၊ ဗောဓိရာဇကုမာရသုတ်–၃၃၇ နှာ–၂၈၆

[၃] မဟာစည်ဆရာတော်၊ "ဗုဒ္ဓသာသနအန္တရာယ်ကာကွယ်ရေးတရားတော်"၊ နှာ–၈၂

http://www.dhammadownload.com

သမာဓိနှင့် ပြည့်စုံအောင် ကျင့်ကြံလိုက်သောအခါ မနောဝိညာဏ်သည် စင်ကြယ်သောစိတ် (စိတ္တဝိသုဒ္ဓိ) ဖြစ်သွားပြီး အရှုခံရုပ်နာမ်တို့ကို ပိုင်းခြားမြင်သည်။

ထို့ကြောင့် မသိသဘော'ထိ'၊ သိသဘော'ထိ' အရှုခံရုပ်နာမ်၊ ယင်းတို့ကို ပိုင်းခြားသိအရှုညာဏ် မနောဝိညာဏ်ဟု ခွဲခြား၍ နားလည်ရမည်။ ဤကဲ့သို့သော ရုပ်နာမ် မဟုတ်ပဲ ပညတ်သဏ္ဌာန်နိမိတ်အာရုံ ပါနေပြီး လုံးထွေးနေသော အထင်ရုပ်နာမ်တို့ကို ရုပ်နာမ်အစစ်ဟု လွယ်လွယ်နှင့် သတ်မှတ်ကြမည်ဆိုလျှင် ဝိပဿနာတရားသည် ပေါ့ပေါ့တန်တန် ဖြစ်လာ၍ စစ်မှန်သည့် သာသနာသည် တဖြည်းဖြည်း လုံးပါးပါးပြီး ကွယ်ပျောက်သွားတော့မည်။ မစစ်မမှန် ပညတ်ရုပ်နာမ်နှင့် အစစ်အမှန် ပရမတ်ရုပ်နာမ်တို့ အလွန်မှ ကွာခြားပါသည်။

အာယတနတဆယ့်နှစ်ပါး၌ တတ်သိလိမ္မာသောသူ ဖြစ်ကြောင်းတရား
'အာယတနကုသလတာ'

ထို(အာယတနကုသလတာ, ပဋိစ္စသမုပ္ပါဒကုသလတာ) တို့တွင် စိတ်ဖြစ်ရာ စိတ်ဖြစ်ကြောင်း 'အာယတန'၌ ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ် (အာယတန တဆယ့်နှစ်ပါး၌ တတ်သိကျွမ်းကျင်သောသူ ဖြစ်အောင်ပြုတတ်သောတရား) 'အာယတနကုသလတာ'ဟူသည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'၊ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း'ရူပါယတန'၊ ကြားသိစိတ်(သောတဝိညာဏ်)ဖြစ်ရာ နားအကြည် 'သောတာယတန'၊ ကြားသိစိတ် (သောတဝိညာဏ်)ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'၊ နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်)ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်(ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ သိမှုစိတ်ဖြစ်ရာ 'မနာယတန'၊ သိမှုစိတ်ဖြစ်ကြောင်း သဘာဝ 'ဓမ္မာယတန'ဟူသော အာယတန တဆယ့်နှစ်ပါးတို့သည် (ရှိကုန်၏)။ **ထို(အာယတန)တို့ကို အကြင် အာယတန၌ ကျွမ်းကျင်လိမ္မာသူ၏အဖြစ်၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု၊ (ခွဲခွဲခြားခြား)အပြားအားဖြင့် သိခြင်း။ပ။ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု)၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်း၊ ကောင်းစွာသိမြင်မှု (အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို စိတ်ဖြစ်ရာ စိတ်ဖြစ်ကြောင်း 'အာယတန'၌ ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ် (အာယတန တဆယ့်နှစ်ပါး၌ တတ်သိကျွမ်းကျင်လိမ္မာသောသူ** ဖြစ်အောင်ပြုတတ်သော တရား) 'အာယတန ကုသလတာ' ဟု ဆိုအပ်၏ (မဟာကုသိုလ်ဉာဏသမ္ပယုတ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ်, အဘိညာဉ်စိတ်, မဂ်စိတ်တို့၌ ရှိသောပညာ)။[၄]

ပဋိစ္စသမုပ္ပါဒ်ဖြတ်ပုံနှင့် ပြတ်ပုံ

(၁) အကယ်၍ တတိယအဆင့်စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံသော သဟိတ်မနောဝိညာဏ်သည် ဆိုင်ရာဒွါရတို့တွင် ပစ္စုပ္ပန် ကျရောက်ဆဲအာရုံတို့ အပေါ်၌လည်းကောင်း၊ ပစ္စုပ္ပန်တိုက်ဆိုင်ဆဲ မဟုတ်သည့် အတိတ် အနာဂတ်အာရုံတို့အပေါ်၌လည်းကောင်း ပညတ်ကို အာရုံပြုမှုနှင့်တကွ ပုဂ္ဂိုလ်သတ္တဝါ စသည်တို့ အပေါ်၌ ဥပါဒါန်အားဖြင့် နှလုံးသွင်းမှုကို စွန့်လွှတ်လိုက်သောအခါ ထိုအရှုညာဏ် (သဟိတ်မနောဝိညာဏ်)သည် ဘဝင်အကြည်သက်သက်ကို မျက်မှောက်ပြုပြီးသား ဖြစ်လျက် သိကာမျှ သိသည့်သဘောဖြင့် တည်နေသည်။ ဥပါဒါန်နှင့်ယှဉ်သောမူလစိတ်တို့သည် အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောမျှဟု နောက်အရှုညာဏ်က ပိုင်းခြားရှုမြင်နိုင်၏

[၄] ဓမ္မသင်္ဂဏိပါဠိတော် မြန်မာပြန်၊ နိက္ခေပကဏ္ဍ သုတ္တန္တိကဒုကနိက္ခေပ၊ အာယတနကုသလတာဒုက် နာ-၄၉၀

http://www.dhammadownload.com

(**စိတ္တာနုပဿနာသတိပဋ္ဌာန်**)။ ထိုအခါ ဆိုခဲ့ပြီး ပညတ်အာရုံတို့ အလိုလိုပင် ချုပ်ပျောက်ကာ ဒိဋ္ဌ, တဏှာ, ဥပါဒါန်, ကိလေသာနှင့်ယှဉ်သော စိတ်များ အလိုလိုပင် ဖြစ်မလာတော့ပေ (**ရှုဆဲတဒင်္ဂ်**)။

(၂) အကယ်၍ အထက်ပါ ပညတ်အာရုံနှလုံးသွင်းမှုကို စွန့်လွှတ်လျက် ပစ္စုပ္ပန်တိုက်ဆိုင်ဆဲ ပရမတ်ရုပ်နာမ် အစဉ်အဆက် သဘောမျှတို့ကို (ပုံစံ ၂-ခ ပါအတိုင်း) ရှုမြင်ကာမျှ ရှုနေလျှင်လည်း ပညတ်အာရုံနှင့်တကွ ဒိဋ္ဌ, တဏှာ, ဥပါဒါန်, ကိလေသာတို့နှင့်ယှဉ်သော စိတ်များ အလိုလိုပင် ဖြစ်ပေါ်မလာတော့ပါ (ရှုဆဲတဒင်္ဂ်)။ ထိုအချိန်၌ ပရမတ်ရုပ်နာမ်ကို မြင်,မြင်ကာ သိ,သိကာမျှဖြင့် သဟိတ်မနောဝိညာဏ်စိတ်သည် တည်နေသည်။

(၃) အကယ်၍ ပညတ်နှလုံးသွင်း ရှေ့စိတ်သဟိတ်မနောဝိညာဏ်၏သဘောနှင့် ထိုစိတ်ကြောင့် ဖြစ်ပေါ်လာသော ဘဝင်အကြည်၌ထင်လာသော ဓမ္မာရုံပုံရိပ်ကို နောက်အရှုဉာဏ် (သဟိတ်မနောဝိညာဏ်)က ပိုင်းခြား၍ ရှုနေလျှင် ဥပါဒါန်နှင့် ကိလေသာတို့သည် နောက်ထပ် နောက်ထပ်ဖြစ်သော သဟိတ်မနောဝိညာဏ်၌ အလိုလိုချုပ်ကာ ပဋိစ္စသမုပ္ပါဒ်ပြတ်ပြီး နောက်ထပ် နောက်ထပ်ဖြစ်သော သဟိတ်မနောဝိညာဏ်စိတ်သည် သတိ ဉာဏ် ပညာ တို့ဖြင့်သာ ရပ်နေသည်။

တဏှာအနုတ္တဖြစ်ပုံ

(ပုံစံ ၂-ခ ပါအတိုင်း) ဦးသူတော်သည် သားဖြစ်သူ မောင်လှအား တတိယအဆင့် စိတ္တဝိသုဒ္ဓိ သမာဓိဖြင့် ရှုမြင်နေစဉ် ဘဝင်အကြည်၌ ပေါ်နေသော ဓမ္မာရုံပုံရိပ်ကို အကြောင်းခံ၍ ရှေ့သဟိတ်မနောဝိညာဏ်စိတ်က ပုဂ္ဂိုလ်သတ္တဝါ ပညတ်အားဖြင့် စွဲယူကာ သားဟူသော သဘောဖြင့် နှလုံးသွင်းလိုက်သည်နှင့် တပြိုင်နက် နောက်သဟိတ်မနောဝိညာဏ်သည် တွယ်တာမှု စသည့် တဏှာ သမုဒယဖြင့် အလိုလို ဖြစ်ပေါ်လာသည်။ ၎င်းတဏှာနှင့်ယှဉ်သော သဟိတ်မနောဝိညာဏ်သည် အကျိုးတရား တဏှာအနုတ္တဖြစ်သည်။ ၎င်းအကြောင်း ရှေ့သဟိတ်မနောဝိညာဏ်နှင့် နောက်သဟိတ် မနောဝိညာဏ် (**တဏှာအနုတ္တ**) အကျိုးစိတ်တို့ကို အရှုဉာဏ် နောက်နောက်သဟိတ်မနောဝိညာဏ်က ပိုင်းခြား၍ ရှုမြင်ပြန်သည်။ (**စိတ္တာနုပဿနာသတိပဋ္ဌာန်၊ နာမပရိစ္ဆေဒဉာဏ်**)

ဝိညာဏ်တို့၏ ကိုယ်ပိုင်လက္ခဏာကို ခွဲပြချက်

၁။ စက္ခုဓာတ် + ရူပဓာတ် = စက္ခုဝိညာဏဓာတ်
၂။ သောတဓာတ် + သဒ္ဒဓာတ် = သောတဝိညာဏဓာတ်
၃။ ဃာနဓာတ် + ဂန္ဓဓာတ် = ဃာနဝိညာဏဓာတ်
၄။ ဇိဝှါဓာတ် + ရသဓာတ် = ဇိဝှါဝိညာဏဓာတ်
၅။ ကာယဓာတ် + ဖောဋ္ဌဗ္ဗဓာတ် = ကာယဝိညာဏဓာတ်
၆။ မနဓာတ် + ဓမ္မဓာတ် = မနောဝိညာဏဓာတ် (အဟိတ်မနောဝိညာဏ်)
၇။ မနဓာတ် + သဗ္ဗာရမ္မဏဓာတ် = မနောဝိညာဏဓာတ် (သဟိတ်မနောဝိညာဏ်)

http://www.dhammadownload.com

၁။ ရူပါရုံနှင့် စက္ခုဝိညာဏ်

ပရမတ်ရုပ်နာမ်တို့ကို မမြင်နိုင်သေးသော စာဖတ်သူတို့ နားလည်နိုင်ရန်နှင့် တရားကျင့်သည့်အခါ ရုပ်နာမ်မြင်ပုံ မမှားအောင် အတတ်နိုင်ဆုံးနီးစပ်အောင် ရေးသားတင်ပြသွားမည် ဖြစ်သည်။ ပညတ်ကို အာရုံမပြုပဲ ဆိုလိုရင်းသဘောကို အာရုံပြုပါ။ ပညတ်မရှိသော ပရမတ်ကို ပညတ်ဖြင့် ရေးသားတင်ပြရခြင်းသည် အလွန်မှ ခက်ပါသည်။

စက္ခုဒွါရ၌ (မျက်နှက်ဝန်းအလယ်၌) ရူပါရုံပေါ်မူအား ပိုင်းခြားမြင်ရပုံကို ဥပမာ ဆောင်ပြမည်။ စက္ခုပသာဒ၌ ရူပါရုံပေါ်မူသဘောကို သိလိုပါက သင်ကိုယ်တိုင်မှန်ကြည့်လိုက်ပါ။ မှန်ထဲမှာရှိသော သင့်ပုံရိပ်၏ မျက်နှက်ဝန်းတွင် သင်၏ပုံရိပ် ပေါ်နေသည်ကို သင်ကိုယ်တိုင် ပြန်မြင်နိုင်သကဲ့သို့ တရားရှုသော ယောဂီသည် မျက်စိနှင့်အဆင်း တိုက်ဆိုင်သည့်အခါ မိမိမျက်စိ၏ မျက်နှက်ဝန်း၌ ရူပါရုံပေါ်နေသည်ကို မြင်ရသည်။ စိတ္တဝိသုဒ္ဓိ တတိယဆင့်ဖြင့် ပြည့်စုံသော အရှုညွှန်သဟိတ် မနောဝိညာဏ်ဖြင့် ရှုမြင်နိုင်သည်။ ဤကဲ့သို့ မြင်မှ ပရမတ်ရုပ်ကို မြင်သည်။ အရိယာမဂ်သို့ အထောက်အပံ့ပေးမည့် ဗလဝဝိပဿနာ ထိုက်သော ကာယာနုပဿနာ သတိပဋ္ဌာန်သို့ ရောက်ပြီ၊ ဘုရားအလိုတော်ကျဖြစ်ပြီဟု ဆုံးဖြတ်နိုင်သည်။ စက္ခုဝိညာဏ်ကို မြင်ပုံကိုလည်း ရူပါရုံကိုမြင်ပုံကဲ့သို့ ပိုင်းခြားမြင်ရသည်။ တထပ်တည်း တသားတည်း တည်ပြီး တသဘောတည်းကဲ့သို့ ဆောင်နေသော်လည်း မသိသဘောနှင့် သိသဘောမျှသာ ကွာခြားသည်။

စက္ခုဝိညာဏဓာတ်သည် စက္ခုပသာဒနှင့် ရူပါရုံပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးတရား ဖြစ်သည်။ ထို့ကြောင့် စက္ခုဝိညာဏဓာတ်တွင် ရူပါရုံ၏ ဂုဏ်ဟိတ်ကိန်းနေသည်။ ထိုရူပါရုံ၏ ဂုဏ်ဟိတ် ကိန်းနေသောဝိညာဏ်သည် စက္ခုပသာဒကိုမှီ၍ ဖြစ်ရခြင်းကြောင့် စက္ခုဝိညာဏဓာတ်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ အဆင်းအာရုံ၏ ပြောင်းလဲမှုဂုဏ်သတ္တိအလိုက် စက္ခုဝိညာဏ်သည်လည်း ပြောင်းလဲ၍ ဖော်ပြမှုသဘော ဆောင်သည်။

ဥပမာ-ပကတိရေသက်သက်၌ အနီရောင်ဆေး ရောစပ်လိုက်လျှင် ရေ၏ပကတိ ကြည်လင်သောအရောင်မှ အနီရောင် ဖြစ်သွားသည်။ အကယ်၍ အစိမ်းရောင်ဆေး ရောစပ်လိုက်လျှင် အစိမ်းရောင် ဖြစ်သွားသည်။ ထို့အတူ စက္ခုဝိညာဏ်၏ ပကတိသဘော သက်သက်သည် မြင်သိခြင်းမျှ ဖြစ်သော်လည်း ရူပါရုံကို လက်ခံသည့်အခါ ရူပါရုံ ပြောင်းလဲမှုအလိုက် ပြောင်းလဲမှုရှိပါသည်။ ထိုဥပမာ ဥပမေယျတွင် ပကတိရေသက်သက်သည် စက္ခုဝိညာဏ်နှင့်တူ၏။ အနီရောင်၊ အစိမ်းရောင်တို့သည် စက္ခုပသာဒ၌ ထင်သော ရူပါရုံ အမျိုးမျိုးနှင့် တူ၏။ ထို့ကြောင့် စက္ခုဝိညာဏ်၏ လက္ခဏာနှင့် ရူပါရုံ၏ လက္ခဏာ နှစ်မျိုး ကွဲပြားမှုကို ဖော်ပြရလျှင် -

မသိသဘောအဆင်းဓာတ် (**ရူပါရုံဓာတ်**)၊ အဆင်း၏ ဂုဏ်ကိန်းနေသော သိသဘောဓာတ် (**စက္ခုဝိညာဏဓာတ်**) ဟူ၍ ရုပ်နာမ်နှစ်ပါး၏ လက္ခဏာတို့ ကွဲပြားနေသည်။

အထက်၌ ရှင်းပြခဲ့သည့်အတိုင်း စက္ခုဒွါရ၌ ရူပါရုံနှင့် စက္ခုဝိညာဏ် တည်သကဲ့သို့ ဘဝင်တည်းဟူသော စိတ်အကြည်၌လည်း ဤကဲ့သို့ ရူပဓမ္မာရုံနှင့် (**စက္ခုဝိညာဏ်နှင့်တူသည့်**) အဟိတ်မနောဝိညာဏ် (**ရူပဓမ္မာရုံကို မြင်စိတ်**) တည်နေသည်ကို အရှုညွှန် သဟိတ်မနောဝိညာဏ်ဖြင့် ပိုင်းပိုင်းခြားခြား ရှုမြင်ရသည်။ တဖန် ရူပဓမ္မာရုံကို မြင်မြင်ကာ သိသိကာ သဟိတ်မနောဝိညာဏ်ဖြင့် ရှုသောအခါ ထိုသဟိတ်မနောဝိညာဏ်သည်လည်း စက္ခုဝိညာဏ်ကဲ့သို့ မြင်စိတ်သက်သက်မျှ ဖြစ်နေသည်။ ထိုသဘောကို နောက်ဖြစ်အရှုညွှန်ဖြင့် ပိုင်းခြားရှုမြင်သည်။ တဖန် ထပ်ဆင့်၍ ဓမ္မာရုံကို ခံစားသော ဝေဒနာကွန္ဓာကိုလည်း ပိုင်းခြားရှုနိုင်သည်။

http://www.dhammadownload.com

အဆင်းသဘောသိဓာတ် စက္ခုဝိညာဏ် မြင်သိစိတ်
အဆင်းသဘောသိဓာတ် အဟိတ်မနောဝိညာဏ် မြင်သိစိတ်
အဆင်းသဘောသိဓာတ် သဟိတ်မနောဝိညာဏ် မြင်သိစိတ်

ရုပ်နာမ်ကွဲသည်ဟူသည်မှာ ပစ္စုပ္ပန်တိုက်ဆိုင်ဆဲ အာရုံကို အကြောင်းခံ၍ စိတ်သုံးမျိုး ကွဲပြားနေသည်ကို ပိုင်းခြားမြင်နိုင်ခြင်းဖြစ်သည်။

၂။ သဒ္ဒါရုံနှင့် ဧသောတဝိညာဏ်

သောတပသာဒ၌ အသံဓာတ် ကျရောက်ပုံကို ပိုင်းခြားမြင်မှုသဘောအား အသံမြည်သော စပီကာဘောက်တစ်ခုနှင့် နှိုင်းယှဉ်ပြပါမည်။ သီချင်းဖွင့်နေသော စပီကာဘောက်နားတွင် သင်အနီးကပ် နားထောင်ကြည့်ပါ။ သီချင်းဆိုသံ၊ ဆိုင်းသံ၊ ဗုံသံ စသော အသံများသည် စပီကာမှ ဖြစ်ပေါ်နေသည်ကို နားဖြင့် နားထောင်၍ သဲသဲကွဲကွဲ ပိုင်းခြားသိနိုင်သကဲ့သို့ ဝိပဿနာရှူသော ယောဂီ၏ အရှုဉာဏ်သည် မိမိနားအကြည်သို့ အသံကျရောက်သည့်အခါ နားအကြည်၌ အသံပေါ်နေမှုကို သဲသဲကွဲကွဲ ပိုင်းခြားသိနိုင်သည်။ ထို့နည်းအတူ သောတဝိညာဏဓာတ်ကိုလည်း သဲသဲကွဲကွဲ ပိုင်းခြားသိနိုင်သည်။ သောတဒွါရ၌ ရုပ်နာမ်တစ်စုံကို ပိုင်းခြားမြင်ရတိုသကဲ့သို့ မနောဒွါရမှာလည်း ရုပ်နာမ်တစ်စုံကို ပိုင်းခြားသိရသည်။

အသံပေါ်၌ အမြင်မှားပုံကို ပုံစံ(၃-က)၌ နာမ်ရုပ်ဖြစ်စဉ်ဖြင့် ပြခဲ့ပြီးဖြစ်သည်။ ယခု ဖော်ပြသော ပုံစံ(၃-ခ)သည် အသံ၏ ရုပ်နာမ်ဖြစ်စဉ်မှ အပိုင်း(ငါ) အရှုဉာဏ် သဟိတ်မနောဝိညာဏ်သည် ယှဉ်ဖက်ဝေဒနာကိုလည်းကောင်း၊ မနောဒွါရရှိ ရုပ်နာမ်တစ်စုံကို လည်းကောင်း၊ ဖဿနှစ်မျိုးကိုလည်းကောင်း၊ သောတဒွါရရှိ ရုပ်နာမ်တစ်စုံကိုလည်းကောင်း ပိုင်းခြားရှုမြင်ပုံကို ရေးဆွဲထားသည်။

ပုံစံအတိုင်း သားဖြစ်သူမောင်လှသည် တတိယဆင့် စိတ္တဝိသုဒ္ဓိ၌ တည်၍ တရား ကျင့်နေသော ဦးသူတော်အား အဖေဟု လှမ်းခေါ်လိုက်သည်။ ထိုခေါ်သံကို အကြောင်းခံ၍ ရုပ်နာမ်ဖြစ်စဉ်၏သဘောကို ဝိပဿနာရှုနေပုံဖြစ်သည်။ သောတဒွါရ၌ ထင်သောရုပ်တရားသည် 'အဖေ'ဖြစ်၍ သောတဒွါရ၌ ထင်သောနာမ်တရားသည် 'အဖေ'ဖြစ်သည်။ ဘဝင်အကြည်၌လည်း သောတဒွါရ၌ ထင်သောရုပ်တရား 'အဖေ'ကဲ့သို့တူသည့် ဓမ္မာရုံ'အဖေ'ပေါ်မှုနှင့် သောတဒွါရ၌ ထင်သောနာမ်တရားသည် 'အဖေ'ကဲ့သို့တူသည့် အဟိတ်မနောဝိညာဏဓာတ် ရုပ်နာမ်တစ်စုံကို ပိုင်းခြားမြင်ရသည်။ ဓမ္မာရုံ'အဖေ'ကို အရှုဉာဏ် သဟိတ်မနောဝိညာဏ်က မြင်မြင်ကာ သိသိကာအတိုင်းရှုလျှင် ထိုသဟိတ်မနောဝိညာဏ်သည်လည်း 'အဖေ'ဖြစ်သည်။ ထိုဝိညာဏ်နှင့် ယှဉ်ဖက် ဝေဒနာကွန္ဓာကိုလည်း ခံစားပုံသဘောအခြင်းအရာဖြင့် ပိုင်းခြားရှုမြင်နိုင်သည်။

'အဖေ' သောတဝိညာဏ် ကြားသိစိတ်
'အဖေ' အဟိတ်မနောဝိညာဏ် ကြားသိစိတ်
'အဖေ' သဟိတ်မနောဝိညာဏ် ကြားသိစိတ်

ကျန်သော ဒွါရများမှ ရုပ်နာမ်သဘောတရားများကို 'အဖေ' မသိသဘောရုပ် နှင့် 'အဖေ'သိသဘောနာမ် ကဲ့သို့ အာရုံပြုယူပါ။

ထိုသဘောကို အောက်ပါဥပမာဖြင့် ဖော်ပြရလျှင်---

ကျီးကန်းတစ်ကောင် "အာ"ဟု အော်လိုက်သောအသံသည် သောတပသာဒ၌ "အာ" ဟူသော မသိသဘောဆောင်သည့် ရုပ်ဓာတ်သဘောထင်သည်။ ဝိညာဏ်ကလည်း သိသဘော ဆောင်သည့် "အာ" ဟူသည့် ဓာတ်သဘောပင် ဖြစ်သည်။ (သောတဓာတ် + သဒ္ဒဓာတ်

http://www.dhammadownload.com

ပုံ (၃) ဒုံးကျည်ဆီးတိုက်ခိုက်ရေးစနစ် ဗဟုတပ်ဆင်ပုံ

http://www.dhammadownload.com

= **သောတဝိညာဏဓာတ်**) ထို့ကြောင့် သောတပသာဒ၌ မသိသဘော 'အာ'ဓာတ် (**သဒ္ဒရုပ်**)နှင့် အသံဓာတ်၏ ဂုဏ်ကိန်းနေသော သိသဘော 'အာ'ဓာတ် (**သောတဝိညာဏဓာတ်**) ဟူ၍ ရုပ်နာမ်နှစ်ပါး၏ လက္ခဏာတို့ ကွဲပြားစွာ တည်ရှိနေပါသည်။ ဆိုလိုသည်မှာ 'အာ'သည်ပင်လျှင် မသိဓာတ်-ရုပ်၊ 'အာ'သည်ပင်လျှင် သိဓာတ်-နာမ်ဖြစ်သည်။ ထိုမသိဓာတ်'အာ'နှင့် သိဓာတ်'အာ' (**ရုပ်နာမ်**)တို့သည် တထပ်တည်း တသားတည်း ကိန်း၍ တသဘောတည်းကဲ့သို့ဆောင်နေပါသည်။

ထို့ကြောင့် သောတဝိညာဏဓာတ်တွင် သဒ္ဒါရုံ၏ ဂုဏ်ဟိတ်ကိန်းနေသည်။ ထိုသဒ္ဒါရုံ၏ ဂုဏ်ဟိတ်ကိန်းနေသော ဝိညာဏ်သည် သောတပသာဒ၌မှီ၍ ဖြစ်ရခြင်းကြောင့် သောတဝိညာဏဓာတ်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ အသံအာရုံ၏ ပြောင်းလဲမှုဂုဏ်သတ္တိအလိုက် သောတဝိညာဏ်၏ ဖော်ပြမှုသဘော သည်လည်း ပြောင်းလဲ၍ဆောင်သည်။

သောတဝိညာဏ်၏သဘောကို စာရှုသူတို့ နားလည်အောင် စာဖြင့်ရေးပြသောအခါ 'အ' ရေးချ **'အာ'**ဟု ရေးပြရပါသည်။ **'အ'** အက္ခရာစာတစ်လုံးကို **ရေးချ(-ာ)**သရဖြင့် ကပ်ပြထားသော မင်ဆေးရူပါရုံအဆင်းအဖြစ်သို့ ရောက်ရှိသွားသည်။ **"အတ္ထော အက္ခရသညာတော"**[1] **အတ္ထော၊** သဘောအနက်ကို။ **အက္ခရေဟိ၊** အက္ခရာတို့ဖြင့် (ဝါ) သင်္ကေတဖြင့်။ **သညာတော၊** အမှတ်ပြုအပ်၏။ ထိုသဘောကိုထောက်၍ အတ္ထောတည်းဟူသော ပရမတ်၏သဘောကို အက္ခရာသညာမရောပဲ ဉာဏ်ဖြင့်သိပါလေ။ အသံဖြင့်ပြောလျှင် အသံအာရုံ ဖြစ်သွားသည်။ စာရွက်ပေါ်၌ အနီရောင်မင်ဖြင့် ရေးပြလျှင် အနီရောင်ရှိသော **'အာ'** အက္ခရာ ဖြစ်သွားသည်။ အင်္ဂလိပ်လို ရေးပြလျှင် Ar အက္ခရာပြောင်းဖြစ်သွားသည်။

သောတဒွါရမှာ မသိသဘော'အာ'ရုပ်ဓာတ်နှင့် သိသဘော'အာ'နာမ်ဓာတ် ပေါ်သည့် အတိုင်း ဘဝင်၌လည်း မသိသဘော'အာ'ရုပ်ဓာတ် (**ဓမ္မာရုံ**)နှင့် သိသဘော'အာ'နာမ်ဓာတ် (**အဟိတ်မနောဝိညာဏ်**)ရုပ်နာမ်ပေါ်နေသည်ကို အရှုဉာဏ်ဖြင့် သဲသဲကွဲကွဲ ပိုင်းခြားမြင်နိုင်သည်။

၃။ ဃာနဝိညာဏဓာတ်

ဃာနဒွါရမှာ မသိသဘော'အနံ့'ရုပ်ဓာတ်နှင့် သိသဘော'အနံ့'နာမ်ဓာတ် ရုပ်နာမ်တစ်စုံ ပေါ်၍ ဘဝင်၌လည်း မသိသဘော'အနံ့'ရုပ်ဓာတ် (**ဓမ္မာရုံ**)နှင့် သိသဘော'အနံ့'နာမ်ဓာတ် (**အဟိတ်မနောဝိညာဏ်**)ရုပ်နာမ်ပေါ်နေသည်ကို အရှုဉာဏ်ဖြင့် သဲသဲကွဲကွဲ ပိုင်းခြားမြင်နိုင်သည်။ ထိုဓမ္မာရုံ'အနံ့'ကို အရှုဉာဏ် သဟိတ်မနောဝိညာဏ် မြင်မြင်ကာ သိသိကာအတိုင်းရှုလျှင် ထိုသဟိတ်မနောဝိညာဏ်သည်လည်း 'အနံ့'(**သိမ္မနာမ်ဓာတ်**) ဖြစ်သည်။ ထိုဝိညာဏ်နှင့်ယှဉ်ဖက် ဝေဒနာကွန္ဓာကိုလည်း ခံစားပုံသဘော အခြင်းအရာဖြင့် ပိုင်းခြားရှုမြင်နိုင်သည်။

အနံ့သဘောသိဓာတ် ဃာနဝိညာဏ် နံသိစိတ်
အနံ့သဘောသိဓာတ် အဟိတ်မနောဝိညာဏ် နံသိစိတ်
အနံ့သဘောသိဓာတ် သဟိတ်မနောဝိညာဏ် နံသိစိတ်

၄။ ဇိဝှါဝိညာဏဓာတ်

ဇိဝှါဒွါရမှာ မသိသဘော'အရသာ'ရုပ်ဓာတ်နှင့် သိသဘော'အရသာ'နာမ်ဓာတ် ရုပ်နာမ်တစ်စုံ ပေါ်၍ ဘဝင်၌လည်း မသိသဘော'အရသာ'ရုပ်ဓာတ် (**ဓမ္မာရုံ**)နှင့် သိသဘော'အရသာ'နာမ်ဓာတ် (**အဟိတ်မနောဝိညာဏ်**) ရုပ်နာမ်ပေါ်နေသည်ကို အရှုဉာဏ်ဖြင့် သဲသဲကွဲကွဲ ပိုင်းခြားမြင်နိုင်သည်။ ထိုဓမ္မာရုံ'အရသာ'ကို အရှုဉာဏ် သဟိတ်မနောဝိညာဏ် မြင်မြင်ကာ သိသိကာ

[1] ကစ္စယနဗျာကရဏ (ကစ္စည်းသဒ္ဒါကြီး)

http://www.dhammadownload.com

အတိုင်း ရှုလျှင် ထိုသဟိတ်မနောဝိညာဏ်သည်လည်း 'အရသာ' (သိမှုနာမ်ဓာတ်) ဖြစ်သည်။ ထိုဝိညာဏ်နှင့်ယှဉ်ဖက် ဝေဒနာကွန္ဓာကိုလည်း ခံစားပုံသဘော အခြင်းအရာဖြင့် ပိုင်းခြားရှုမြင်နိုင်သည်။

အရသာသဘောသိဓာတ် ယာနဝိညာဏ် ရသာသိစိတ်
အရသာသဘောသိဓာတ် အဟိတ်မနောဝိညာဏ် ရသာသိစိတ်
အရသာသဘောသိဓာတ် သဟိတ်မနောဝိညာဏ် ရသာသိစိတ်

၅။ ကာယဝိညာဏဓာတ်

ကာယဒွါရမှာ မသိသဘော'ထိ'ရုပ်ဓာတ်နှင့် သိသဘော'ထိ'နာမ်ဓာတ် ရုပ်နာမ်တစ်စုံပေါ်၍ ဘဝင်၌လည်း မသိသဘော'ထိ'ရုပ်ဓာတ် (**ဓမ္မာရုံ**)နှင့် သိသဘော'ထိ'နာမ်ဓာတ် (**အဟိတ်မနောဝိညာဏ်**) ရုပ်နာမ်ပေါ်နေသည်ကို အရှုညွှန်းဖြင့် သဲသဲကွဲကွဲ ပိုင်းခြားမြင်နိုင်သည်။ ထိုဓမ္မာရုံ'ထိ'ကို အရှုညွှန်း သဟိတ်မနောဝိညာဏ် မြင်မြင်ကာ သိသိကာအတိုင်းရှုလျှင် ထိုသဟိတ်မနောဝိညာဏ်သည်လည်း 'ထိ'(**သိမှုနာမ်ဓာတ်**) ဖြစ်သည်။ ထိုဝိညာဏ်နှင့်ယှဉ်ဖက် ဝေဒနာကွန္ဓာကိုလည်း ခံစားပုံသဘော အခြင်းအရာဖြင့် ပိုင်းခြားရှုမြင်နိုင်သည်။

'ထိ' ကာယဝိညာဏ် ထိသိစိတ်
'ထိ' အဟိတ်မနောဝိညာဏ် ထိသိစိတ်
'ထိ' သဟိတ်မနောဝိညာဏ် ထိသိစိတ်

မှတ်ချက်။ ။ကာယဒွါရမှ ပရမတ်ရုပ်ကို တင်ပြပါဟု ဆိုခဲ့လျှင် ထိသဘော(သို့) အတွေ့၏ ဖော်ပြမှု သဘောသာ ရှိသည်။ တရွရွတမွမွ၊ တလှုပ်လှုပ် တရှိတ်ရှိတ်၊ ၃၂-ကောဋ္ဌာသ သဏ္ဌာန်နိမိတ်၊ ပူမှု တင်းမှု တောင့်မှု ထုံမှု ကျင်မှု တို့ကို မြင်နေခြင်းသည် အရိယာမဂ်ကို အထောက်အပံပေးမည့် ပရမတ်ရုပ်မဟုတ်သေးပါ။ တနည်းအားဖြင့်ဆိုသော် မဟာဝိပဿနာ၏ ရှုရာရုပ်တရားများ မဟုတ်သေးပါ။ ဖော်ပြမှုသဘောသက်သက် (သို့) ဖောက်ပြန်မှုသဘော မျှသာရှိသည့် ပစ္စုပ္ပန်တိုက်ဆဲမှသာ ရှိပြီး ရှု၍ရသော အဆင်းရုပ်၊ အသံရုပ်၊ အနံ့ရုပ်၊ ရသာရုပ်၊ ထိ (၀ါ) ဖောက်ပြန်မှုသဘောရုပ် စသည့် ပရမတ်ရုပ်တရားများနှင့် ဘဝင်ကိုမှီ၍ဖြစ်သော ဓမ္မာရုံရုပ်တရားများသည်သာ မဟာဝိပဿနာ၏ အာရုံဖြစ်သော ပရမတ်ရုပ်တရားများ ဖြစ်သည်။

၆။ အဟိတ်မနောဝိညာဏဓာတ်

အဟိတ်မနောဝိညာဏ်သည် ပဉ္စဝိညာဏ်တို့၏ သိပုံအခြင်းအရာကဲ့သို့ အာရုံအလိုက် လက်ခံ၍ သိကာမျှသိသည့် သဘောကိုဆောင်သည်။ ထိုအဟိတ်မနောဝိညာဏ်သည် ဘဝင်အကြည်နှင့် ပဉ္စာရုံမှ ဆက်စပ်ဖြစ်ပွားလာသော ဓမ္မာရုံ တိုက်ဆိုင်မှုကြောင့်လည်းကောင်း (**မိဿကမနောဒွါရဟူလို**)၊ ဘဝင်အကြည်နှင့် အတိတ် အနာဂတ်ဓမ္မာရုံ (**ပညတ်နှင့်နိဗ္ဗာန်ကြဉ်**) တိုက်ဆိုင်မှုကြောင့် လည်းကောင်း (**သုဒ္ဓမနောဒွါရဟူလို**) ဖြစ်ပေါ်လာသော အကျိုးတရားပင် ဖြစ်သည်။ ဤ၌ ဘဝင်အကြည်သည် အာရုံ ခြောက်ပါးကို လက်ခံတတ်၏။ ထိုဘဝင်အကြည်၌ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ ထင်သည် ရှိသော် ရူပါရုံ၏ဂုဏ်ဟိတ်အတိုင်း အဟိတ်မနောဝိညာဏ်သည် ပြောင်းလဲ၍ ဖော်ပြမှုသဘောဆောင်သည်။

ထို့ကြောင့် အဟိတ်မနောဝိညာဏ်သည်

အဆင်းဓာတ်ကျရောက်သော် ဘဝင်အကြည်၌ မသိသဘော အဆင်း၏ဓမ္မဓာတ် (**ရူပဓမ္မာရုံ**)၊ အဆင်း၏ ဂုဏ်ကိန်းနေသော သိသဘောဓာတ် (**အဟိတ်မနောဝိညာဏဓာတ်**)။

http://www.dhammadownload.com

အသံဓာတ်ကျရောက်သော် ဘဝင်အကြည်၌ မသိသဘော အသံ၏ဓမ္မဓာတ်(သဒ္ဒဓမ္မာရုံ)၊ အသံ၏ဂုဏ်ကိန်းနေသော သိသဘောဓာတ် (**အဟိတ်မနောဝိညာဏဓာတ်**)။

အနံ့ဓာတ် ကျရောက်သော် ဘဝင်အကြည်၌ မသိသဘော အနံ့၏ဓမ္မဓာတ် (**ဂန္ဓဓမ္မာရုံ**)၊ အနံ့၏ ဂုဏ်ကိန်းနေသော သိသဘောဓာတ် (**အဟိတ်မနောဝိညာဏဓာတ်**)။

ရသာဓာတ်ကျရောက်သော် ဘဝင်အကြည်၌ မသိသဘော ရသာ၏ဓမ္မဓာတ်(**ရသဓမ္မာရုံ**)၊ ရသာဓာတ်၏ ဂုဏ်ကိန်းနေသော သိသဘောဓာတ် (**အဟိတ်မနောဝိညာဏဓာတ်**)။

အတွေ့ဓာတ်ကျရောက်သော် ဘဝင်အကြည်၌ မသိသဘော အတွေ့၏ဓမ္မဓာတ် (**အတွေ့ဓမ္မာရုံ**)၊ အတွေ့ဓာတ်၏ ဂုဏ်ကိန်းနေသော သိသဘောဓာတ် (**အဟိတ်မနောဝိညာဏဓာတ်**) ဟူ၍ ဓမ္မာရုံအလိုက် ပြောင်းလဲ၍ ဖော်ပြမှုသဘောဆောင်သည်။

၇။ သဟိတ်မနောဝိညာဏဓာတ်

ဘဝင်အကြည်၌ သဟိတ်မနောဝိညာဏ်စိတ်သည် အဟိတ်မနောဝိညာဏ်စိတ်ကဲ့သို့ အာရုံကို သိကာမျှသိသည့် အလုပ်တစ်ခုကိုသာမဟုတ်ပဲ ကုသိုလ်, အကုသိုလ်, ကြိယာဟု ကွဲပြားသော အလုပ်သုံးမျိုးဖြင့် အာရုံကို သိပါသည်။

ကုသိုလ်အကုသိုလ် ပြုလုပ်တတ်သောစိတ် ဆိုသည်မှာ ၎င်းသဟိတ်မနောဝိညာဏ်ပင် ဖြစ်သည်။ ဝိပဿနာရှုသည်မှာလည်း ထိုစိတ်ပင်ဖြစ်သည်။ ဈာန်မဂ်ဖိုလ်စသည်ဖြင့် ပြောင်းလဲသွားသည်မှာလည်း ထိုသဟိတ်မနောဝိညာဏ် အမျိုးအစားပင်ဖြစ်သည်။

ဤကျမ်း၌ တင်ပြထားသော စိတ်ကို ကိလေသာတို့မှ စင်ကြယ်အောင် အဆင့်သုံးဆင့် ခွဲ၍ ကျင့်ကြံအားထုတ်ခြင်းသည်လည်း ဤသဟိတ်မနောဝိညာဏ်ကို စင်ကြယ်အောင်လုပ်ခြင်း ဖြစ်သည်။ ထိုကဲ့သို့ (၁၅၀၀)ကိလေသာတို့ကို သီလ, သမာဓိအားဖြင့် အဆင့်သုံးဆင့် ဆက်ကာ ပယ်ခွာထားနိုင်သဖြင့် ဒွါရ(၅)ခု၌ ပစ္စုပ္ပန်တိုက်ဆိုင်ဆဲ ရုပ်နာမ်ပရမတ်တို့ကို လည်းကောင်း၊ မနောဒွါရ၌ ပစ္စုပ္ပန်, အတိတ်, အနာဂတ် တိုက်ဆဲအာရုံ အမျိုးမျိုးကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော ရုပ်နာမ်ပရမတ်တို့ကိုလည်းကောင်း ပိုင်းခြား၍ ရှုမြင်နိုင်ပါသည်။ (ပဉ္စဝိညာဏ်၊ အဟိတ်မနောဝိညာဏ်၊ သဟိတ်မနောဝိညာဏ်တို့၏ ထူးခြားပုံကို ရေသုံးမျိုး ဥပမာဖြင့် အခန်း(၁)၌ ရေးခဲ့ပြီ။)

အန္ဓပုထုဇဉ်တို့၏ ပညတ်မြင်ပုံ

ပုံစံ(၂-ခ)ပါအတိုင်း ပြင်ပရှုပါရုံသည် စက္ခုပသာဒ၌ ထိခိုက်သည်မှစ၍ ရုပ်နာမ်တို့သည် ဓမ္မနိယာမအရ အစဉ်အတိုင်း ဖြစ်ကြရသည်။ ထိုဓမ္မနိယာမ ရုပ်နာမ်ဖြစ်စဉ်တို့သည် ခန္ဓာ(၅)ပါး ရှိသည့် မည်သည့်ပုဂ္ဂိုလ်သတ္တဝါမဆို အတူတူပင်ဖြစ်သည်။

အန္ဓပုထုဇဉ်တို့တွင် စက္ခုပသာဒရှိ ရုပ်နာမ်ကိုလည်းကောင်း၊ စက္ခုသမ္ဖဿကို လည်းကောင်း၊ ဘဝင်အကြည်နှင့် ၎င်း၌မှီ၍ဖြစ်သော ရုပ်နာမ်ကိုလည်းကောင်း၊ မနောသမ္ဖဿကို လည်းကောင်း၊ ဝေဒနာ စသည်နှင့်တကွ ဖြစ်သော အပေါ်ဓာတ် သဟိတ်မနောဝိညာဏ် အမျိုးအစားကိုလည်းကောင်း နောက်နောက် သဟိတ်မနောဝိညာဏ်သည် မသိမမြင်ခြင်းကြောင့် အထက်ပါ ရုပ်နာမ်တို့ကို အကြောင်းခံ၍ ဆက်တိုက်ပင် သဟိတ်မနောဝိညာဏ်သည် ကိလေသာမီး တောက်လောင်ခံနေရတော့သည်။*

---

* ဤ၌ အန္ဓပုထုဇဉ်ဟူသည် ယင်းသဟိတ်မနောဝိညာဏ်ကိုပင် ဆိုလိုသည်။

http://www.dhammadownload.com

ထိုကဲ့သို့ ဖြစ်ရခြင်းသည် သဟိတ်မနောဝိညာဏ်ကို ဝိပလ္လာသတရားသုံးပါး ခြယ်လှယ်ခံရခြင်းကြောင့် ဖြစ်သည်။ ထိုသဟိတ်မနောဝိညာဏ်သည် ဘဝင်အကြည်၌ ထင်သော အာရုံကိုလည်းကောင်း၊ ထိုအာရုံ၏ ကွဋ္ဌ, အနိဋ္ဌကိုသာ အာရုံပြုခံစားနေမှု ဝေဒနာကွန်ရှာကို လည်းကောင်း၊ ဆက်ဆံနေရသည်ကို မသိပဲ ပြင်ပအာရုံကို အာရုံပြု၏ဟုလည်းကောင်း၊ မိမိအာရုံပြုရာတို့သည် ပြင်ပ၌သာ ရှိ၏ဟုလည်းကောင်း အမှတ်မှားခြင်း၊ အသိမှားခြင်း၊ အယူမှားခြင်းတို့ ဖြစ်နေကြ၏။ ထိုအာရုံတို့၏ ကွဋ္ဌဝုဏ်, အနိဋ္ဌဝုဏ်တို့ကိုလည်း ငါခံစားနေသည်ဟူ၍လည်းကောင်း၊ သညာ စသော စိတ်အစုတို့သည်လည်း ငါဟူ၍လည်းကောင်း မှား၍ သိမြင်ခြင်း စိတ္တဝိပလ္လာသကြောင့် တံလျှပ်ကို ရေထင်သည့်ပမာ နောက်နောက်ဖြစ်သော သဟိတ်မနောဝိညာဏ်စိတ်သည် ဝိပလ္လာသတရားတို့ဖြင့် လိမ်းကျံကာ တဏှာ, မာန, ဒိဋ္ဌတို့ ဆက်ကိန်း၍ သံယောဇဉ်နှင့်တကွ ကိလေသာတို့ ဖြစ်ရ၏။ အကယ်၍ အဆင်းကို မြင်ရာ၌လည်း စက္ခုဝိညာဏ်နှင့် အဟိတ်မနောဝိညာဏ်တို့က မြင်ပြီးမှ နောက်ဖြစ်သော မနောဝိညာဏ်က အနုတ္တအားဖြင့် မြင်စိတ်ဆက်ပေါ်သည်ကိုလည်း မသိသဖြင့် စက္ခုဝိညာဏ်ကို လည်းကောင်း၊ အဟိတ်မနောဝိညာဏ်ကို လည်းကောင်း၊ နောက်ဖြစ်သော သဟိတ်မနောဝိညာဏ်ကို လည်းကောင်း ထပ်ဆင့်၍ နောက်နောက်ဖြစ်သော သဟိတ်မနောဝိညာဏ်တွင် ငါတည်းဟူသော ဒိဋ္ဌကပ်လျက် ငါမြင်သည်ဟု ထင်ပြန်၏။ အယူမှားပြန်၏။

ရှေ့သဟိတ်မနောဝိညာဏ်က ထိုကဲ့သို့ ဝိပလ္လာသဖြင့် မြင်၏။ နောက်နောက် သဟိတ်မနောဝိညာဏ်စိတ်တို့ကလည်း ထိုနည်းတူပင် ဝိပလ္လာသဖြင့်မြင်၏။

ထိုအခါ ဖြစ်ဆဲ သဟိတ်မနောဝိညာဏ်သည် ရှေ့ဖြစ်ရှေ့ဖြစ် သဟိတ်မနောဝိညာဏ်ကိုပင် နောက်ထပ် နောက်ထပ် ဖြစ်သော သဟိတ်မနောဝိညာဏ်တို့နှင့် တစ်ခုတည်းဟု အထင်မှားပြန်၏။ အမှတ်မှားပြန်၏။ အသိမှားပြန်၏။

သဟိတ်မနောဝိညာဏ်၏ နှလုံးသွင်းအလျောက် အတိတ် အနာဂတ် အာရုံမျိုးစုံ ဓမ္မာရုံတို့သည် ဘဝင်အကြည်၌ ထင်သောအခါ၌လည်း ကာလအားဖြင့်လည်းကောင်း၊ ဒေသအားဖြင့် လည်းကောင်း၊ အယူလွဲမှားလျက် ပုဂ္ဂိုလ်သတ္တဝါ ရေမြေတောတောင် အရှိထင်ကာ ထိုကာလ၌ ထိုဒေသ၌ ထိုပုဂ္ဂိုလ်သတ္တဝါ ရေမြေတောတောင်တို့ကိုပင် ငါစဉ်းစားသည်၊ ငါကြံစည်သည် စသည်ဖြင့် ဝိပလ္လာသတရား ဖုံးအုပ်လျက် တဏှာ, မာန, ဒိဋ္ဌမီးတို့ တောက်လောင်ခံရသည်။†

ထိုနည်းတူစွာပင် သဟိတ်မနောဝိညာဏ်သည် နားနှင့်အသံ ထိခိုက်ရာ၌ ပြင်ပအသံပေါ်ရာ၌သာ အာရုံပြု၍ ကြားသည်ဟု အယူမှား၊ အမှတ်မှား၊ အသိမှားခြင်း။

နှာခေါင်း နှင့်အနံ့ ထိခိုက်ရာ၌ ထိုအနံ့သည် ဘဝင်သို့ ကျရောက်ပြီး ဘဝင်သို့ ကျရောက်သည့် အနံ့ဓမ္မာရုံကို ဝေဒနာနှင့်တကွ သဟိတ်မနောဝိညာဏ်က အမှန်အာရုံပြုပါလျက် ထိုအာရုံပြုမှုကို မသိပဲ နှာခေါင်းကိုသာ အာရုံပြု၍ နံသည်ဟု အယူမှား၊ အမှတ်မှား၊ အသိမှားခြင်း။

လျှာနှင့်အရသာ ထိခိုက်ရာ၌လည်း ထိုအရသာသည် ဘဝင်သို့ ကျရောက်ပြီး ထိုဘဝင်သို့ ကျရောက်သည့် ရသာဓမ္မာရုံကို ဝေဒနာနှင့်တကွ သဟိတ်မနောဝိညာဏ်သည် အမှန်အာရုံပြုခံစားပါလျက် ထိုအာရုံပြုမှုကို မသိပဲ လျှာပေါ်ကိုသာ အာရုံပြု၍ စပ်သည် ခါးသည်ဟု အယူမှား၊ အမှတ်မှား၊ အသိမှားခြင်း။

---

† ဤကား အနုပုထုဇ္ဇဉ်တို့ ပညတ်အရှိထင်အာရုံပြု၍ တဏှာ မာန ဒိဋ္ဌ သံသရာလည်ခြင်း ဖြစ်သည်။

http://www.dhammadownload.com

ကိုယ်နှင့်အတွေ့တို့ ထိခိုက်ရာ၌လည်း ထိုအတွေ့သည် ဘဝင်သို့ ကျရောက်ပြီး ဘဝင်သို့ ကျရောက်သည့် ဖောဋ္ဌဗ္ဗမမ္မာရုံကို ဝေဒနာနှင့်တကွ သဟိတ်မနောဝိညာဏ်က အမှန်အာရုံပြု ပါလျက် ထိုအာရုံပြုမှုကို မသိပဲ ခန္ဓာကိုယ်ကိုသာ အာရုံပြု၍ (ထိသည်, ပူသည်, အောင့်သည်)ဟု အယူမှား၊ အမှတ်မှား၊ အသိမှားခြင်း။

ထိုကဲ့သို့ ဝိပလ္လာသသုံးပါး ဖုံးအုပ်ခြင်းကိုခံရသော သဟိတ်မနောဝိညာဏ်သည် တဏှာ, မာန, ဒိဋ္ဌိမီးတို့ တောက်လောင်ခံရခြင်း ဖြစ်သည်။

အနှစ်ချုပ် အဖြေထုတ်ရလျှင် ဗဟိဒ္ဓအာရုံတို့၏ အရှိပရမတ်ရုပ်တရားသက်သက်ကို လည်းကောင်း၊ အတွင်းအဖျစ္ဆာရုပ်နာမ်ဖြစ်စဉ်တို့၏ ဓမ္မသက်သက်ကိုလည်းကောင်း၊ သဟိတ် မနောဝိညာဏ်၏သဘောကိုလည်းကောင်း၊ အမှန်မသိခြင်း(အဝိဇ္ဇာ)ကြောင့် တဏှာ, မာန, ဒိဋ္ဌိနှင့် တကွ အကုသိုလ်စေတသိက်(၁၄)လုံးတို့သည် အန္ဓပုထုဇဉ်တို့၏ စိတ်၌ အစဉ်မပြတ် ယှဉ်တွဲ ကပ်ငြိ၍ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်ပတ်ရပြီး ဘဝဆက်ကာဆက်ကာ ဒုက္ခခန္ဓာရ၍ (၁၁)ပါးမီး တောက်ကြရသည်။

ဝိပဿက ကလျာဏပုထုဇဉ်တို့၏ ပညတ်သိ ပရမတ်သိ

တတိယဘဝင်, (တတိယအဆင့် စိတ္တဝိသုဒ္ဓိ)နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်--

ပစ္စုပ္ပန်အာရုံတစ်မျိုးမျိုးသည် (ပုံစံ ၂-ခ ပါအတိုင်း) ဘဝင်အကြည်၌ ကျရောက်ထင်သည် ရှိသော် သဟိတ်မနောဝိညာဏ်သည် ထိုဘဝင်အကြည်၌ ထင်ဆဲအာရုံကို အရှိသဘောသက်သက် အတိုင်း အာရုံပြု၍ ထိုအာရုံအပေါ်၌ ရူပါရုံသက်သက်မှတပါး ပညတ်ဖော်ပြခြင်း မရှိပဲ မမ္မသက်သက်၊ အရှိသဘော ဆောင်ကာမျှကို ဉာဏ်ဖြင့် ရှုကြည့်သိမြင်နိုင်သည်။

ထိုဘဝင်အကြည်၌ ထင်နေသော ရူပါရုံသည် ပရမတ်ရုပ်တရား၊ ၎င်းရူပါရုံကို ရူပါရုံအတိုင်း သိကာမျှ ကြည့်ကာမျှ ရှုနေသော သဟိတ်မနောဝိညာဏ်သည်လည်း ပရမတ်နာမ်တရား၊ ထိုပရမတ်နှစ်ခုကို သိနေခြင်းသည် ဉာဏ်တရား (**နောက်ဖြစ်နောက်ဖြစ် သဟိတ်မနောဝိညာဏ်**)ဖြစ်သည်။ ထိုဘဝင်အကြည်၌ ထင်နေသော ရူပါရုံ၏ သဘောသက်သက် မျှကို နှလုံးမသွင်းပဲ ထိုရူပါရုံကိုပင် မောင်လှပဲဟု အမှန်မရှိသော ပညတ်ကို နှလုံး သွင်းလိုက်သောအခါ မောင်လှဟူသောပညတ်နှင့် ယှဉ်သောသညာ၊ ဝေဒနာ၊ စေတနာ၊ သဟိတ်မနောဝိညာဏ် စသည့် ခန္ဓာငါးပါး ဖြစ်ပေါ်လာသည်။

ထိုအချိန် သဟိတ်မနောဝိညာဏ်အစုအဝေးသည် မောင်လှဟု ပညတ်ခြင်းကြောင့် ၎င်းသဟိတ်မနောဝိညာဏ်စိတ်အစုအဝေးသည် ပညတ်နှင့်ယှဉ်သောစိတ်အစုတရားတို့ ဖြစ်သည်။ ပန်းကန်ထဲ ဆွမ်းထည့်၍ ကပ်သည်ကို 'ဆွမ်းကပ်သည်' ဟု ခေါ်သကဲ့သို့ မောင်လှ ဟူသော ပညတ္တိမမ္မနှင့်ယှဉ်သော သဟိတ်မနောဝိညာဏ်အစုကို 'ပညတ်'တရားဟု ခေါ်ဆိုသည်။‡

ထိုပရမတ်ပညတ် သဘောနှစ်ခုကို ပိုင်းခြား၍ သိသော နောက်နောက်အရှုဉာဏ် သဟိတ်မနောဝိညာဏ်စိတ်အစုသည် ဉာဏ်တရား ဖြစ်သည်။ ထို့ကြောင့် ပညတ်ဟူသည် သဟိတ်မနောဝိညာဏ် စိတ်အစုအဝေးပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပညတ်တတ်သည့် ထိုသဟိတ်မနောဝိညာဏ် မရှိသော် ပညတ်သည်လည်း အလိုလို ဆိတ်သုဉ်းရသောကြောင့်ပင် ဖြစ်သည်။ ထိုအရှုဉာဏ် သဟိတ်မနောဝိညာဏ်သည် ဝိပဿနာအာရုံတို့၏ သဘောလက္ခဏာ

---

‡ ထိုမောင်လှဟူသောပညတ္တိမမ္မ သဟိတ်မနောဝိညာဏ်အစုအဝေးသည် ဥပါဒါန်နှင့်တကွဖြစ်သော ခန္ဓာငါးပါး ဖြစ်သည်။

http://www.dhammadownload.com

ပရမတ်ကိုပင် ရုပ်ပဲ, နာမ်ပဲ, အနိစ္စပဲ, ဒုက္ခပဲ, အနတ္တပဲ စသည်ဖြင့် ပညတ်တတ်၊ ခေါ်ဝေါ်တတ်၊ ရှုမှတ်တတ်သည်။

ထို့အတူပင် ဘဝင်အကြည် ဖော်ပြသော

အဆင်းဓာတ်ပရမတ်ကို အကြောင်းခံ၍ လူ, ခွေး, သစ်ပင်, တောတောင် စသည်ကို လည်းကောင်း၊

အသံဓာတ်ပရမတ်ကို အကြောင်းခံ၍ လူ, ခွေး, သစ်ပင်, တောတောင် စသည်ကို လည်းကောင်း၊

အနံ့ဓာတ်ပရမတ်ကို အကြောင်းခံ၍ လူ, ခွေး, သစ်ပင်, ဟင်း စသည်ကိုလည်းကောင်း၊

အရသာဓာတ်ကိုပင် အကြောင်းခံ၍ ချို, ချဉ်, စပ်, ငန်, ဖန်, ခါး, ငြုတ်သီး, ဝက်သား စသည်ဖြင့်လည်းကောင်း၊

အတွေ့ဓာတ်ကိုပင် အကြောင်းခံ၍ ယောကျ်ား, မိန်းမ, သစ်သား, ဖျာ, မွေ့ယာ စသည်ဖြင့် လည်းကောင်း၊

သဟိတ်မနောဝိညာဏ်သည် ပညတ်နှလုံးသွင်းလျက် ပညတ်ဖြစ်ရပုံတို့ကို အကျယ်ချဲ့၍ သိပါလေ။

ဤကား တတိယအဆင့် စိတ္တဝိသုဒ္ဓိ ရရှိပြီးသော ကလျာဏပုထုဇဉ်တို့၏ ပညတ်သိ၊ ပရမတ်သိပင် ဖြစ်သည်။[§]

ပထမဘဝင်နှင့် ဒုတိယဘဝင်တို့၌ ရှုမြင်ပုံ

တတိယဘဝင်သမာဓိ (တတိယအဆင့်စိတ္တဝိသုဒ္ဓိ)၌ အရှုခံများဖြစ်သည့် ရုပ်နာမ်တို့၏ သဘောတို့ အား ရှုမြင်ပြီးနောက် ယခုအခါ ၎င်းတတိယအဆင့်စိတ္တဝိသုဒ္ဓိသမာဓိကို စွန့်၍ ဒုတိယဘဝင်သမာဓိ (ဒုတိယအဆင့်စိတ္တဝိသုဒ္ဓိ)သို့ ဆင်းလိုက်သည် (၀၊) ပြောင်းလဲဝင်စားသည်။

ဒုတိယဘဝင်သမာဓိ၌ ဘဝင်အကြည်အာရုံချုပ်သွားမှုကို သိသည်။ လောကီကာမပညတ် အာရုံလည်း မရှိ၊ ပရမတ်အာရုံလည်း မရှိပဲ ချုပ်နေမှု မရှိသဘောသက်သက် (ချုပ်ဆဲ)ကို ပိုင်းခြားသိနေသော သမာဓိဖြင့် တည်နေသည်။ ရှေ့သမာဓိစိတ်နှင့် တည်နေသော သဟိတ် မနောဝိညာဏ်ကို နောက်အရှုညွှာတ် သဟိတ်မနောဝိညာဏ်စိတ်က ပိုင်းခြားသိနေသည်။ ထိုအချိန်၌ တတိယဘဝင်သမာဓိ၌ တွေ့ရှိခဲ့သော (၃၆)မျိုးသော ပရမတ်ရုပ်နာမ်တို့ကို အာရုံပြုသော်လည်း မပေါ်လာတော့ပါ (၀၊) မမြင်တော့ပါ။

ထိုအချိန်တွင် နှလုံးသွင်းသည့် ဇောစိတ်အမျိုးမျိုး ဖြစ်ရန် အကြိမ်ကြိမ် လုံ့လပြု နှိုးဆော်သော်လည်း နှလုံးသွင်းစိတ်သည် ဖြစ်မလာပဲ တစ်ကြိမ်ခန့်မျှ ဖြစ်၍ ချုပ်မှုသဘော သည်သာ တည်နေသည်။ အိပ်ခန်းအတွင်းမှ အိမ်မကြီးအတွင်းသို့ ထွက်လာသော အိမ်ရှင်သည် အိပ်ခန်းတံခါးကို ဖွင့်ကာထွက်၍ ၎င်းအိပ်ခန်းတံခါးကို ပြန်ပိတ်လိုက်သောအခါ အိပ်ခန်း အတွင်းရှိ ပစ္စည်းများကို မမြင်ရတော့ပဲ အိမ်မကြီးအတွင်းရှိ ပစ္စည်းများကိုသာ တွေ့မြင်ရတော့ သကဲ့သို့ ဖြစ်၏။ ခြံဝန်းအတွင်းမှ ပစ္စည်းများကိုလည်းကောင်း၊ ခြံဝန်းအပြင်ဖက်ရှိ ပစ္စည်းဝတ္ထု၊

---

§ အရှုခံ ပရမတ်ရုပ်နာမ်တို့နှင့် သဘာဝများသည် အိပ်ခန်းအတွင်း၌ ရှိသော ရတနာပစ္စည်းများနှင့်တူသည်။ တတိယအဆင့် စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံသော အရှုညွှာတ်သည် အိမ်ရှင်နှင့် တူသည်။ အရှုခံရုပ်နာမ်များကို မြင်ချင်တိုင်း မြင်၍မရပါ။ သူ့နေရာနှင့် သူ့သမာဓိ ကွာခြားသည်ကို သတိပြုကြရမည်။

http://www.dhammadownload.com

ပုဂ္ဂိုလ် သတ္တဝါကိုလည်းကောင်း မမြင်ရပါ။ ချုပ်မှုသဘောအာရုံသည် အိမ်မကြီး အတွင်းရှိသော ပစ္စည်းများနှင့် တူသည်။

အကယ်၍ ချုပ်နေမှုသဘောအာရုံကိုခွာ၍ မိမိ၏ ကရဇကာယခန္ဓာအိမ်ကို အာရုံပြုသောအခါ အလွန် သိပ်သည်းစွာ ဖောက်ပြန်နေသော ကလာပ်မှုန်အနုများကိုသာ သိမြင်ရသည်။ ကလာပ်မှုန်နုအာရုံသည်လည်း အိမ်မကြီးအတွင်း၌ ရှိသော ပစ္စည်းများနှင့်တူသည်။

တတိယဘဝင်သမာဓိဖြင့် ရှုမြင်ရသော ကလာပ်အမှုန်သည် ဘဝင်အကြည်၌ ထင်သော ဓမ္မာရုံ ကလာပ်အမှုန်များဖြစ်သည်။ ဤဒုတိယဘဝင်သမာဓိဖြင့် ရှုမြင်ရသော ကလာပ်အမှုန်သည် ဘဝင်အကြည်၌ ထင်သော ဓမ္မာရုံကလာပ်မှုန် မဟုတ်ပဲ မိမိ၏ ကရဇကာယ၏ ပရမတ် ရုပ်ကလာပ်အမှုန် ဖြစ်သည်။ ထိုတဖွားဖွား ဖောက်ပြန်နေသော ကလာပ်မှုန်အစုကို အာရုံပြု၍ ရုပ်ဟူသည် ကလာပ်မှုန်အစုသက်သက်မျှသာရှိပြီး သဏ္ဌာန်နိမိတ်ဟူ၍ မရှိပါလား။ ငါ့သဘောနှင့် ဖောက်ပြန်ခိုင်း၍ ဖောက်ပြန်နေတာလည်းမဟုတ်၊ ထိုဖောက်ပြန်မှု၌လည်း ငါမရှိ၊ ထိုဖောက်ပြန်မှု ရုပ်တို့ကို ငါဖန်တီးထားတာလည်းမဟုတ်၊ ထိုဖောက်ပြန်မှု ကလာပ်မှုန်တို့၌ အသက်လိပ်ပြာလည်း မရှိ၊ ခိုင်မာသည့် သဘောမရှိပဲ ပျက်စီးနေခြင်းသဘောမျှသာ ရှိပါလား၊ အလိုလို ပြုပြင် နေတတ်သည့် ရုပ်၏သဘာဝ သက်သက်မျှ ပါလားဟူ၍ သုံးသပ်ပွားများနေသည်။

တဖန် ပထမဘဝင်သို့ ပြောင်း၍ဝင်စားသည်။ ထိုအခါ ပထမအဆင့် စိတ္တဝိသုဒ္ဓိ အရှုဉာဏ်သည် ပူမှုသဘောထင်ရှားရာသို့ မနောဒွါရမှ ပြောင်းညွှတ်သောနာမ် (မနောသမ္ဗဿ)ကို ပုံစံ(၄)တွင် ပြထားသည့်အတိုင်း ပိုင်းခြားမြင်သည်။ ထိုညွှတ်မှု(မနောသမ္ဗဿ)သည် ပူမှု အထင်ရှားဆုံးနေရာသို့ ရောက်သည်နှင့်တပြိုင်တည်း ပညတ်ကိုအာရုံပြုလျက် နောက်ဖြစ်လာမည့် စိတ်ကို ရှုသောအခါ ပူတယ်ဟူသောစိတ် အလိုလိုဖြစ်လာသည်ကို ရှုမြင်ရသည်။ ရုပ်ဖောက်ပြန်မှု ထင်ရှားရာကို အာရုံပြုသော ထိုစိတ်သည် ပူတယ်ဟူသော ပညတ်နှင့်ယှဉ်သောစိတ် ဖြစ်နေသည်။ ပူတယ်ဟု သိသောစိတ်ကို အေးတယ်စသည်ဖြင့် မည်သို့မျှ ပြုပြင်ပြောင်းလဲ၍ မရ။ ပူစိတ် ဖြစ်သည်နှင့် နောက်အရှုဉာဏ်က ထိုပူစိတ်၏ အနတ္တသဘောကို ပိုင်းခြားရှုသည်။ ပူတယ်ဟု သညာပေးသောစိတ်သည် ငါမွေးမြူတာလည်း မဟုတ်၊ ငါဖန်တီးတာလည်း မဟုတ်၊ ငါလည်း မဟုတ်ဟု ဝိပဿနာတင်ရှုနေသည်။ တဖန် ရုပ်သဘောသက်သက်မျှ သတိထားရှုလိုက်သည်နှင့် မူလပူတယ်ဟူသော ပညတ်ကို အာရုံပြုသည့် စိတ်အစု အလိုလိုချုပ်၍ ဖောက်ပြန်နေသည့် သဘောဟု သိသော ပညာနှင့်ယှဉ်သော စိတ်အစု ပြောင်းလဲ ဖြစ်ပေါ်လာသည်ကိုလည်း လက္ခဏာရေးသုံးပါး တင်ရှုပြန်သည်။

တဖန် ဘဝင်မှရုပ်ဖောက်ပြန်မှု ဦးစီးရာသို့ ညွှတ်နေသော မနောသမ္ဗဿကို ဆက်ရှု ပြန်သည်။ ထိုညွှတ်မှုသဘောသည် အသက်လိပ်ပြာဟူ၍မရှိ၊ ငါဟူ၍မရှိ၊ ငါဖန်တီးတာလည်း မရှိ၊ တိုက်တွန်းသူလည်း မရှိ၊ ရုပ်ဖောက်ပြန်မှု ဦးစီးပေါ်ရာသို့ သူ့အလိုလို ပြောင်းညွှတ်ပြီး ရုပ်နှင့် ဘဝင်ကို ဆက်စပ်ပေးနေသည့် သဘောဆောင်နေသည်မှာ နာမ်၏ သဘာဝလက္ခဏာပါလားဟူ၍ ဝိပဿနာဉာဏ်ဖြင့် ရှုနေသည်။

တဖန် ထိုညွှတ်မှုကြောင့်ဖြစ်သော နောက်ဆက်တွဲ အကျိုးဆက်ကို ဉာဏ်ဖြင့် ရှုကြည့်သောအခါ မနောဒွါရ၌ ရုပ်၏အနိဋ္ဌသဘောသက်သက်ကို ခံစားနေသော ဝေဒနာ(နာမ်)၏ သဘောကို ဉာဏ်ဖြင့် ရှုမြင်ပြီး အာရုံကို ခံစားနေသည်မှာ ထိုဝေဒနာ၏ သဘောပါလား။ ငါခံစားတာလည်းမဟုတ်၊ ခံစားတတ်သည့် သဘောထဲမှာလည်း ငါမရှိ၊ ထိုခံစားတတ်သည့် သဘောသည် အသက်လိပ်ပြာဟူ၍မရှိ၊ ဖန်တီးသူလည်းမရှိ စသဖြင့် ဝေဒနာ၏သဘောကို ဝိပဿနာဉာဏ်ဖြင့် ရှုနေသည်။ ထိုဝေဒနာ၏ သဘောသက်သက်ကို ရှုသောအခါ မိမိစိတ်၌

http://www.dhammadownload.com

သုခဒုက္ခဟူ၍မရှိပေ။ အကယ်၍ ထိုဝေဒနာ၏သဘောကို သဘောအတိုင်းမရှုပဲ ငါတည်းဟူသော သဘော(ဒိဋ္ဌိ)ဖြင့် နောက်စိတ်သည် ဆက်ဆံကြည့်သောအခါ အနိဋ္ဌရသကို ခံစားသော ဝေဒနာဖြစ်လျှင် ပညတ်နှင့်တကွ (ပူတယ်, တင်းတယ်, တောင့်တယ်) ဆိုင်ရာအာရုံကို မခံစားချင်သော နောက်စိတ်များ ဖြစ်ပေါ်လာသည်။ ထိုနောက်စိတ်များ အလိုလို ဖြစ်ပေါ်လာပုံကိုလည်း နောက်ထပ်ဖြစ်သော အရှုညွှန်စိတ်က လက္ခဏာရေးသုံးပါး တင်၍ရှုပြန်သည်။ တဖန် ဝေဒနာ၏ သဘောသက်သက်ကို ပြောင်းရှုလိုက်သည်နှင့်တပြိုင်နက် မူလက ပူတယ်ဆိုသော သညာပေးမှု၊ ဆင်းရဲသည် ဟူသော စိတ်ဖြစ်ပေါ်မှု၊ မခံစားချင်သော ဒေါသစိတ်အစုတို့ အလိုလို ချုပ်ပျောက်သွားသည်ကိုလည်း အရှုညွှန်စိတ်ဖြင့် ပိုင်းခြားရှုနိုင်သည်။

မိမိအလိုဆန္ဒဖြင့် ပယ်သတ်ခြင်းမျိုး မဟုတ်။ ကြွရိယာပုထ်ကို ပြုပြင်ပေး၍ ချုပ်ငြိမ်းခြင်းမျိုးလည်း မဟုတ်။ ၎င်းဖော်ပြဆဲအာရုံကို ရှောင်တိမ်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းမျိုးလည်းမဟုတ်ပါ။ သက္ကာယပရမတ်တည်းဟူသော ခံစားသည့်နာမ်(ဝေဒနာကွန္ဓာ)၏လက္ခဏာကို အမှန်မြင်၍ ဒေါသနှင့်တကွ ဖြစ်သော ဒေါမနဿချုပ်ခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် သစ္စာကို သိမြင်သော ဝိဇ္ဇာဉာဏ်ကြောင့် ဝေဒနာမှ တဏှာချုပ်ခြင်း ဖြစ်သည်။ အမြင်မှန် သမ္မာဒိဋ္ဌိရကာ ခံစားတတ်သည့် နာမ်၏သဘော သာရှိသည်။ ငါမရှိ၊ ငါ့သဘောမရှိ၊ ဖောက်ပြန်တတ်သော ရုပ်၏သဘောနှင့် ခံစားတတ်သောနာမ်သဘော (ရုပ်နာမ်တစ်စုံ)သာရှိပါလား ဟူ၍ အနတ္တဝိပဿနာဉာဏ် ဖြစ်ပေါ်လာသည်။ ထိုခန္ဓာငါးပါးတို့ကို မြင်ခြင်းသည် ဒုက္ခသစ္စာကို မြင်ခြင်း ဖြစ်သည်။

အထက်ပါအတိုင်း ခံစားမှု သဘောသက်သက်ကို မရှုပဲ ထိုခံစားမှုကို ငါပဲ ငါခံစားတယ်ပဲဟု ဒိဋ္ဌိ, တဏှာတို့ဖြင့် ပေါင်းသင်းဆက်ဆံလိုက်သောအခါ မူလက ပူတယ်ဟူသော သညာနှင့် မခံစားချင်သော ဒေါမနဿစိတ်များ အလိုလို ပြန်ဖြစ်လာသည်။ အာရုံကို နှလုံးသွင်းပြောင်းရှုလျှင် စိတ်ပြောင်းသည်။ အမှန်မရှိသောပညတ်ကို အရှိထင်ကာ အာရုံပြုလျှင် ဒိဋ္ဌိနှင့်တကွ တဏှာစိတ်များ ဖြစ်ပေါ်လာ၍ အမှန်ရှိသောပရမတ်ကို ပိုင်းခြားရှုလျှင် ဒိဋ္ဌိနှင့်တကွ တဏှာစိတ်များ ချုပ်သွားသည်။

နောက်တဖန် ထိုညွတ်နေသည့် မနောသမ္ဖဿကို ရုပ်ပေါ်မှာ၌ မနောဒွါရသို့ သိမ်းဆည်းထားလိုက်ပြီး မူလညွတ်ရာ ရုပ်ဓာတ်ပေါ်သို့ ဉာဏ်ဖြင့် ရှုကြည့်ရာ ပူတယ်ဟု ပညတ်အာရုံ သညာပေး၍မရပါ။ ရုပ်၏ပရမတ်သတ္တိသက်သက် ဖောက်ပြန်ကာမျှပင် ရှိပါလားဟူသော သညာသာပေး၍ရသည်။ ဖောက်ပြန်မှုရုပ်ပရမတ်နှင့် ညွတ်တတ်သည့် သခ်ါရက္ခန္ဓာနာမ် (ရုပ်နာမ်တစ်စုံ) ရုပ်နှင့်နာမ်သာ အမှန်ရှိပါလား၊ ပုဂ္ဂိုလ်သတ္တဝါမရှိပါလားဟူ၍ အနတ္တဝိပဿနာဉာဏ်အမှန် ဖြစ်ပေါ်လာသည်။

ထိုညွတ်တတ်သောနာမ်ကို မူလပူမှုတဏှာဓာတ် ထင်ရှားရာအာရုံမှ ဘဝင်သို့ သိမ်းဆည်း၍ တခြားအာရုံတစ်ခုသို့ မိမိအလိုဖြင့် အာရုံပြောင်းပြုလိုက်သည်။ မိမိအာရုံပြုရာသို့ မနောဒွါရမှ မနောသမ္ဖဿ ပြောင်းညွတ်နေခြင်းကို ပိုင်းခြားမြင်ရသည်။ မိမိပြုရာအာရုံ၌ ပြောင်း၍ညွတ်ရန် နှလုံးသွင်းမှုနှင့်တကွ စိတ်ဆောင်၍ ပြုထားရသည်။ ထိုအခါ မိမိပြုရာအာရုံသို့ ဘဝင်မှ ထွက်ညွတ်သော မနောသမ္ဖဿကို ဉာဏ်ဖြင့် မြင်ရသည်။ မိမိအလိုဖြင့် နှလုံးသွင်းမှုပြုလိုက်သော အာရုံ၌ အာရုံပြုမှု စိတ်ကို လျှော့လိုက်သောအခါ ညွတ်မှုမနောသမ္ဖဿသည် အလိုလို ချုပ်သွားပြီး မူလ ပူမှုတဏှာဓာတ် ထင်ရှားရာရုပ်သို့ အလိုလို ပြောင်းညွတ်သည့် မနောသမ္ဖဿအသစ် ဖြစ်ပေါ်လာသည်ကို ဉာဏ်ဖြင့် ပိုင်းခြားမြင်နေသည်။ ထိုညွတ်တတ်သော သဘော(နာမ်) အလိုလိုဖြစ်ပေါ်ခြင်းကိုလည်းကောင်း၊ ထိုညွတ်မှုကို သိမ်းဆည်း ချုပ်ထိန်းခြင်းကို

http://www.dhammadownload.com

လည်းကောင်း၊ လိုရာသို့ ပြောင်းညွှတ်စေခြင်းကို လည်းကောင်း ကြောင်ကကြွက်ရ၍ ဆောနေဘိသကဲ့သို့ ပြုလုပ်နိုင်သည်။*

ကျန်အတိုက်ဓာတ်တို့အပေါ်၌ မနောသမ္ဗဿနှင့် ဝေဒနာဂျပုံ

ဤကဲ့သို့ ထိုင်ခြင်းကွရိယာပုထ်တွင် ကာယဒွါရ၌ ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံတိုက်ဆိုင်ဆဲအခါ မနမှ ညွှတ်နေသော မနောသမ္ဗဿနှင့် ခံစားတတ်သည့် ဝေဒနာကွန္ဓာ၏ သဘောတို့ကို အခြေခံဝိပဿနာ ဉာဏ်ဖြင့် အမြင်ရှင်းစွာ သိရသောအခါ ကာယဒွါရမှ ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုသဘော အပေါ်၌ ဝိပဿနာဉာဏ်အမြင်ရပြီး ကျန်ဒွါရတို့အပေါ်၌ ဆက်လက်၍ ဖြန့်ရှုဆင်ခြင်သည်။

လျှာနှင့်အရသာ တွေ့ဆုံသည့်အခါ တိုက်ဆိုင်မှုတို့၏ သဘောပရမတ်ရုပ်နာမ်ဖြစ်စဉ်ကို အာရုံမပြုပဲ ပညတ်သဘောအတိုင်း (သို့) လောကအမြင်အတိုင်း ထားလိုက်လျှင် ချဉ်တယ်, ချိုတယ်, ငန်တယ်, စပ်တယ်စသဖြင့် ရသာရုပ်ကိုသိသော အမည်ပေးမှုနှင့် သာယာမှု, မသာယာမှု စိတ်အစဉ်တန်း ဖြစ်နေသည်။ အကယ်၍ ရသာရုပ်၏ ဖော်ပြမှု သဘောသက်သက်ကို အရှိအတိုင်း သတိထား ရှုလိုက်လျှင် ချိုတယ် ချဉ်တယ် စသော သညာနှင့်ယှဉ်သည့် သာယာမှု မသာယာမှုစိတ်တို့ အလိုလို ချုပ်သွားသည်။ ပရမတ်ရုပ်သဘောသက်သက် ရှုမှုကို စွန့်လိုက်လျှင် ချိုတယ် ချဉ်တယ် ဟူသော သညာ နှင့် သာယာမှု မသာယာမှု စေတနာများ အလိုလို ပြန်ပေါ်လာသည်ကိုလည်း အရှုဉာဏ်ဖြင့် ပိုင်းခြားရှုမြင်နိုင်သည်။

နောက်တဖန် ညွှတ်တတ်သောနာမ် (မနောသမ္ဗဿ)ကို အာရုံယူ ရှုလိုက်သောအခါ ရုပ်ဖောက်ပြန်မှုနှင့် နာမ်ညွှတ်မှုကို ပိုင်းခြားမြင်ရသည် (ရုပ်နာမ်)။ မူလက ချိုတယ်၊ ချဉ်တယ် စသော ပညတ်အမည်ပေးမှုနှင့်ယှဉ်သော သုခစိတ် ဒုက္ခစိတ်များ အလိုလို ချုပ်သွားပြီး ဖောက်ပြန်သောသဘော နှင့် ညွှတ်တတ်သောသဘော ရုပ်နာမ် အမှန်ရှိပါလားဟူသော အနတ္တသညာ, အနတ္တဝိပဿနာဉာဏ်နှင့် ယှဉ်သောစိတ်များ အလိုလို ဖြစ်ပေါ်လာသည်။

ထို့နောက် ညွှတ်သောနာမ်(ဖဿ)ရှုမှုကိုအာရုံစွန့်၍ မနောဒွါရ၌အာရုံ၏ ကောင်းသဘော ဆိုးသဘောကို ခံစားနေသည့် ဝေဒနာကွန္ဓာဟူသော နာမ်၏လက္ခဏာကို ပြောင်းရှုသည်။ ထိုအခါ မူလစိတ်အစဉ် အလိုလို ချုပ်ငြိမ်း၍ ဖောက်ပြန်သည့်သဘောနှင့် ခံစားသည့်သဘော ရုပ်နာမ်သာ အမှန်ရှိပါလား၊ သူ့သဘော သူဆောင်နေကြပါလား။ ရုပ်ဖြစ်လျှင် နာမ်ဖြစ်တယ်။ ရုပ်ချုပ်လျှင် နာမ်တထပ်တည်း ချုပ်တယ်။ ရုပ်ပြောင်းလျှင် နာမ်ပြောင်းတယ်။ ရုပ်နာမ်တွေ အကြောင်းအကျိုးဖြစ်နေခြင်းမှတပါး ပုဂ္ဂိုလ်သတ္တဝါ မရှိပါလားဟူသော အနတ္တဝိပဿနာဉာဏ် ဖြစ်ပေါ်လာသည်။ ဤ ရှုနည်းကဲ့သို့ ကျန်အာရုံများ တိုက်ဆိုင်မှုအပေါ်၌ ဆက်လက်ဖြန့်ကျက်ရှုပွားရမည်။

---

* တရားတွေ့သည်ဆိုသည်မှာ၊ ဒုက္ခသစ္စာကို မြင်သည်ဆိုသည်မှာ လက်ဝါးပေါ် ပြည်တန်သည့်ပတ္တမြားတင်ကြည့်ရဘိသကဲ့သို့ အရှုခံ ရုပ်ပရမတ်၊ နာမ်ပရမတ်များ၏ သဘောသတ္တိများကို ယခုကဲ့သို့ ပိုင်းခြား မြင်မှ တရားတွေ့သည်ဟု ဆိုရမည်။ အထင်ဖြင့် မှန်း၍ ဝေဒနာဟာ ခံစားတာပဲဟု သာမန်အမြင်ဖြင့် ရှုနေလျှင် အထင်ဝိပဿနာသာဖြစ်လိမ့်မည်။ တန်ဖိုးကြီးလှသည့် ဝိပဿနာတရားတော်သည် ပေါ့ပေါ့တန်တန် တရားမျိုးဖြစ်ပြီး ပေါ့ပေါ့တန်တန်နှင့် ကျင့်၍ရသောတရားမျိုး အဖြစ်သို့ တန်ဖိုးကျသွားလိမ့်မည်။ တန်ဖိုးကျရာမှ တန်ဖိုးမရှိသည်အထိ ရောက်ရှိသွားနိုင်သည်။

http://www.dhammadownload.com

ရွှေ့လျားဣရိယာပုထ်ပေါ်၌ ညွတ်မှုနှင့် ခံစားမှုကို ရှုခြင်း

ထိုင်ခြင်း, ထခြင်း, ကြွခြင်း, လှမ်းခြင်း, ချခြင်း, ပေးခြင်း, ယူခြင်း စသည့် ရွှေ့လျားပြုမူမှု (ဝါ) ဣရိယာပုထ် ပြောင်းလဲလှုပ်ရှားမှုတို့၌ ပညတ်အားဖြင့်လည်းကောင်း၊ ပရမတ်အားဖြင့် လည်းကောင်း အာရုံပြု၍ ဖြစ်ပေါ်လာမည့် ရုပ်နာမ်အစဉ်ကို ဉာဏ်ဖြင့် ဤကဲ့သို့ ရှုရမည်။ အကယ်၍ လှမ်းမှု၌ မူလလှမ်းချင်သောစိတ် ဖြစ်ပေါ်လာမှုကို သိကာမျှ သတိထားပါ။ လှမ်းချင်သောစိတ် ဖြစ်လာပြီဟူ၍ နောက်စိတ်က သညာပေးမှု ထပ်မလုပ်ရ၊ မပြုရ။ အလိုလို ဖြစ်ပေါ်လာသော ရုပ်လေးမှုကို မှီ၍ ဦးစီးရာ ထိုရုပ်လေးမှုကို မနောသမ္ဖဿသည် အလိုလို ပြောင်းညွတ်သွားလိမ့်မည်။

ညွတ်ပြီးသည်နှင့် တပြိုင်နက် ညွတ်ရာရုပ်၏ ကောင်းသဘော ဆိုးသဘောကို ခံစားတတ်သည့် ဝေဒနာနာမ်၏သဘောကို ဉာဏ်ဖြင့် အာရုံပြုထားလိုက်ပါ။ လေးတယ်ဟူသော သညာမပါပဲ ရုပ်ပေါ်ရာ နာမ်ပြောင်းညွတ်၍ ခံစားနေပါလား ဟူသော စိတ်အစုအဝေး အလိုလို ဖြစ်ပေါ်လာလိမ့်မည်။ အကယ်၍ ပညတ်ကို အာရုံပြုခဲ့သော် အထက်ပါ ပရမတ်သက်သက် သိသည့်စိတ်များ အလိုလို ချုပ်သွားပြီး လေးတယ် ဟူသော အမည်ပေးမှုနှင့် မခံစားချင်သော စိတ်များ အလိုလို ဖြစ်ပေါ်လာသည်။ ခြေချလိုက်သောအခါ ဦးစီးသောရုပ်မှ အလိုလို ဖော်ပြ လာပြီး ထိုရုပ်နှင့် ယှဉ်ဖက်စိတ်များ အလိုလို ဖြစ်ပေါ်လာသည်ကို သတိနှင့် စောင့်ကြည့်နေပါ။

ထိရုပ် (သို့) မာရုပ်, ပျော့ရုပ်, အေးရုပ်, နွေးရုပ်, ကြမ်းသဘောရုပ်, နုသဘောရုပ် စသည့် သညာနှင့် ယှဉ်သောစိတ်များ အလိုလို ဖြစ်ပေါ်လာသည်ကို ရှုလိုက်ပါ။ အရှုဉာဏ်သည် ပရမတ်ရုပ်နာမ်ကို အာရုံပြုခဲ့သော် မူလပညတ်စိတ်များ အလိုလိုချုပ်ငြိမ်းသွားပြီး ဖောက်ပြန်တယ် ဆိုသည့် သညာပေးမှုနှင့် ညွတ်သဘော၊ ခံစားမှုသဘော ရုပ်နာမ်တို့ကိုသာ ပိုင်းခြားမြင်နေသည်။

ရုပ်ချုပ်လျှင် ယှဉ်ဖက် နာမ်အစဉ်တန်း ချုပ်ပြီး ရုပ်ပြောင်းလျှင် နာမ်အစဉ်တန်း ပြောင်းပေါ်သည်။ ရုပ်နှင့်နာမ် ဖြစ်ခြင်းချုပ်ခြင်းသာ ရှိ၍ ပုဂ္ဂိုလ်သတ္တဝါ မရှိ။ ပညတ်ကို အာရုံပြုလျှင် ပညတ်နှင့်ယှဉ်ဖက်စိတ်များ အလိုလို ဖြစ်လာပြီး ပရမတ်ကို အာရုံပြောင်းရှုလျှင် ပရမတ်နှင့်ယှဉ်သောစိတ်များ အလိုလိုဖြစ်လာသည်။

ရုပ်၏ပရမတ်သဘောကို သိခြင်းသည် ကာယနုပဿနာသတိပဋ္ဌာန်။ ရုပ်သဘောကို ခံစားမှုဝေဒနာကိုရှုမြင်ခြင်းသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်။ ရုပ်ဝေဒနာတို့နှင့် ယှဉ်ဖက်စိတ် များကို ရှုခြင်းသည် စိတ္တနုပဿနာသတိပဋ္ဌာန်။ ထိုရုပ်နာမ်တို့ အကြောင်းအကျိုး လျော်ညီစွာ ဖြစ်လိုက် ပျက်လိုက် ဆောင်နေသည့်သဘောကို ရှုခြင်းသည် ဓမ္မာနုပဿနာသတိပဋ္ဌာန် ဖြစ်သည်။ ဤကဲ့သို့ အဝိဇ္ဇာဖြစ်ကြောင်း အဝိဇ္ဇာ ချုပ်ကြောင်း၊ ဒုက္ခဖြစ်ကြောင်း ဒုက္ခချုပ်ကြောင်း၊ တဏှာ, မာန, ဒိဋ္ဌိဖြစ်ကြောင်း တဏှာ, မာန, ဒိဋ္ဌိချုပ်ကြောင်းတို့ကို ဉာဏ်အမြင်ရှင်းအောင် ရှုပြန်သည်။ ရိပ်ခနဲ ရိပ်ခနဲ ညွတ်နေသော မနောသမ္ဖဿကို လည်းကောင်း၊ ညွတ်ပြီးတိုင်း အာရုံ၏ အကောင်းအဆိုးအရသာကို ခံစားနေသည့် သဟိတ်မနောဝိညာဏ်နှင့်ယှဉ်ဖက် ခံစားမှုနာမ် (ဝေဒနာ)၏ သဘောကိုလည်းကောင်း နောက်အရှုဉာဏ် သဟိတ်မနောဝိညာဏ်က ပိုင်းခြား၍ မြင်နေသည်။

ဤနေရာ၌ ဣဋ္ဌာရုံကြောင့်ဖြစ်စေ၊ အနိဋ္ဌာရုံကြောင့်ဖြစ်စေ ဖြစ်ပေါ်လာသော ခံစားမှု (ဝေဒနာ) သက်သက်ကို ပိုင်းခြားရှုနေလျှင် ဆင်းရဲချမ်းသာသော သဘောမရှိပဲ ခံစားကာမျှ သဘောပါလားဟု ထပ်ဆင့် သိပြန်သည်။ ထိုသိသော ရှေ့သဟိတ်မနောဝိညာဏ်ကို နောက်အရှုဉာဏ် သဟိတ်မနောဝိညာဏ်က ပိုင်းခြား ရှုမြင်နိုင်သည်။

http://www.dhammadownload.com

အကယ်၍ ထိုဝေဒနာ၏ သဘောသက်သက်မျှကို မရှုပဲ ထိုဝေဒနာကို ငါပဲ ငါဥစ္စာပဲ ဟူသော ဒိဋ္ဌိတဏှာသဘောဖြင့် ကပ်ငြိကာ ဣဋ္ဌာရုံအကြောင်းခံသော ဝေဒနာဖြစ်ခဲ့လျှင် ယှဉ်ဖက် သဟိတ်မနောဝိညာဏ်စိတ်သည် သာယာသောသဘောဖြင့် အလိုလို ဖြစ်ပေါ်လာသည်။ ထိုသဟိတ်မနောဝိညာဏ်ကို နောက်နောက်အရှုဉာဏ် သဟိတ်မနောဝိညာဏ်က ပိုင်းခြား၍ ရှုမြင်ရသည်။ အနိဋ္ဌာရုံ အကြောင်းခံသော ဝေဒနာဖြစ်ခဲ့လျှင် ယှဉ်ဖက် သဟိတ်မနောဝိညာဏ်စိတ်သည် မသာယာသောသဘောဖြင့် အလိုလိုဖြစ်ပေါ်လာသည်။ ထိုသဘောဖြင့် ဖြစ်ပေါ်သော သဟိတ်မနောဝိညာဏ်စိတ်ကိုလည်း နောက်နောက်အရှုဉာဏ်သဟိတ်မနောဝိညာဏ်ကပိုင်းခြား၍ ဝိပဿနာဉာဏ်ဖြင့် လက္ခဏာရေးသုံးပါး တင်ရှုရသည်။

ထိုပထမဘဝင် ပထမအဆင့် စိတ္တဝိသုဒ္ဓိဖြင့် ဝင်စားရှုပွားနေသော အရှုဉာဏ် သဟိတ်မနောဝိညာဏ်သည် တတိယဘဝင် တတိယအဆင့်စိတ္တဝိသုဒ္ဓိ၌ ရှုမြင်ရသော ရုပ်နာမ်တို့ကိုလည်းကောင်း၊ ဒုတိယဘဝင် ဒုတိယအဆင့်စိတ္တဝိသုဒ္ဓိ၌ ရှုမြင်ရသော ရုပ်နာမ်တို့ကိုလည်းကောင်း အာရုံမပြုနိုင်၊ မရှုမြင်နိုင်ပါ။ ထို့အတူ လောကီကာမပညတ်အာရုံများ ဖြစ်သည့် ယောကျ်ား, မိန်းမ, ငါ့သား ငါ့သမီး, လူ, ခွေး, သစ်ပင် စသည့် ပညတ်အာရုံတို့ကိုလည်း ထိုအချိန်၌ အာရုံပြု၍ မရပါ။ ထိုကာမပညတ်အာရုံများသည် ခြံဝန်းအပြင်ဖက်ရှိ အာရုံပေါင်းစုံတို့နှင့် တူသည်။

ပထမဘဝင်၌ အထက်ပါအတိုင်းရုပ်နာမ်တို့အပေါ် ဝိပဿနာဉာဏ်ဖြင့် ကြေညက်အောင်, သံသယရှင်းအောင် ရှုပြီးသောအခါ ပထမဘဝင်ကိုစွန့်၍ ဒုတိယဘဝင်သို့ ပြောင်းလဲဝင်စားသည်။ ထိုအခါ ပထမဘဝင် ပထမအဆင့်စိတ္တဝိသုဒ္ဓိ သမာဓိဖြင့် ရှုမြင်နိုင်သော ဓာတ်ကြီးလေးပါး၊ (၃၂)ကောဋ္ဌာသ အာရုံနှင့် လောကီကာမပညတ် အာရုံအမျိုးမျိုးတို့ကို လည်းကောင်း မမြင်မတွေ့ အာရုံယူ၍ မရတော့ပါ။ ထိုအာရုံများ ချုပ်နေသည်။ ထိုနည်းအတူ တတိယဘဝင် တတိယအဆင့် စိတ္တဝိသုဒ္ဓိ၌ မြင်တွေ့ရသော အရှုခံရုပ်နာမ် (၃၆)မျိုးကိုလည်း မမြင်ရတော့ပါ။

ဒုတိယဘဝင်သို့ ရောက်သောအခါ လောကီပညတ်အာရုံနှင့် လောကီပရမတ်အာရုံ၊ ထိုအာရုံ အသီးသီးတို့ကို အမှတ်ပြုသော သညာနှင့် ယှဉ်သောစိတ်များ ချုပ်မှုကို အာရုံပြုနေသည်။ ထိုချုပ်မှုကို စွန့်၍ ကရဇကာယကို အာရုံပြုသောအခါ ကလာပ်မှုန်နုမျှား တဖွားဖွား ပြိုပျက်နေသည်ကိုသာ မြင်တော့သည်။ ထိုအချိန်တွင် ခြံဝန်းအပြင်ရှိ ဗဟိဒ္ဓအာရုံပေါင်းစုံနှင့် တူသည့် ကာမပညတ်အာရုံများ၊ ခြံဝန်းထဲရှိ အာရုံများနှင့်တူသည့် ဓာတ်ကြီးလေးပါး၊ (၃၂)ကောဋ္ဌာသ ရုပ်တရားတို့ကို မရှုမြင်နိုင်တော့ပါ။ အိပ်ခန်းအတွင်းရှိ ရတနာများနှင့် တူသည့် အရှုခံ (၃၆)မျိုးသော ရုပ်နာမ်များကိုလည်း မမြင်ရတော့ပါ။ ပထမဘဝင်မှ ဒုတိယဘဝင်သို့ ကူးခြင်းသည် ခြံဝန်းထဲမှ အိမ်မကြီးတံခါးကိုဖွင့်၍ ဝင်လိုက်သည်နှင့် တူသည်။*

---

* ဤ၌ ဘဝင်သုံးဆင့်သဘောတရားသည် တံခါးသုံးချပ်နှင့် တူ၏။ အရှုဉာဏ်သဟိတ်မနောဝိညာဏ်သည် အိမ်ရှင်နှင့် တူ၏။ ပထမဘဝင် ပထမအဆင့် စိတ္တဝိသုဒ္ဓိအရှုဉာဏ်၏ အရှုခံရုပ်နာမ်တို့သည် ခြံဝန်းအတွင်းရှိ ပစ္စည်းဝတ္ထုတို့နှင့် တူ၏။ ဒုတိယဘဝင် ဒုတိယအဆင့် စိတ္တဝိသုဒ္ဓိ အရှုဉာဏ်၏ အရှုခံ ရုပ်နာမ်တို့သည် အိမ်မကြီးအတွင်းရှိ ပစ္စည်းတို့နှင့်တူ၏။ တတိယဘဝင် တတိယအဆင့် စိတ္တဝိသုဒ္ဓိအရှုဉာဏ်၏ အရှုခံရုပ်နာမ်တို့သည် အိပ်ခန်းအတွင်းရှိ ပစ္စည်းတို့နှင့် တူ၏။ လူ, နတ်, ဆင်, မြင်း, ခွေး, နွား စသည့် ပညတ်အာရုံတို့သည် ခြံဝန်းပြင်ပရှိ ပစ္စည်းဝတ္ထုတို့နှင့် တူ၏။ ထို့ကြောင့် တရားရှုမြင်သည်ဆိုရာတွင် အရှုဉာဏ်စိတ်က သမာဓိတစ်မျိုးတည်းဖြင့် အရှုခံရုပ်နာမ်အားလုံးတို့ကို မမြင်နိုင်ကြောင်းကို တရားရှုသူတို့ အထူးသတိပြုရမည်။

http://www.dhammadownload.com

ပထမဘဝင်ကို မဝင်စားတော့ပဲ သာမန်စိတ်ဖြင့်နေလျှင် တတိယဘဝင်၊ ဒုတိယဘဝင်၊ ပထမဘဝင် အသီးသီးရှိ ရုပ်နာမ်တို့ကို မသိတော့ပေ။ အိမ်ရှင်သည် မိမိအိပ်ခန်းတွင်းရှိ ပစ္စည်းတို့ကို မမြင်ရတော့ပဲ ခြံဝန်းအပြင်ရှိ ပစ္စည်းဝတ္ထု ရေ, မြေ, တော, တောင် စသည်တို့ကိုသာ သိတော့သကဲ့သို့ပင် လူပဲ, ယောကျ်ားပဲ, ငါပူတယ်, ငါမခံနိုင်ဘူး စသည့် မရှိပညတ်တို့ကို သဟိတ်မနောဝိညာဏ် စိတ်သည် တဏှာ, မာန, ဒိဋ္ဌတို့ဖြင့် သိမြင်တော့သည်။ ထိုနည်းတူ တရားကျင့်သောယောဂီ၏စိတ်သည် ဘဝင်သုံးချက်လုံးကို စွန့်လွှတ်လိုက်လျှင် ဆိုင်ရာအရှုခံ ရုပ်နာမ်အာရုံအမျိုးမျိုးတို့ကို အာရုံမပြုနိုင်တော့ပဲ တရားမကျင့်သော ပုဂ္ဂိုလ်တို့၏ အသိအမြင် အတိုင်း သိသည့်စိတ် ဖြစ်သွားသည်။ ထိုအချိန်၌ ဉာဏ်ဖြင့် မှန်းဆ၍သာ ဘဝင်သုံးချက်လုံး၌ အရှုခံအာရုံ အမျိုးမျိုးနှင့် ယှဉ်ဖက်စိတ်များ၊ အရှုညာဏ်စိတ်၏ သဘောများကို အာရုံပြုနိုင်သည်။

ဤကား ပရမတ်ရုပ်နာမ်တို့ကို နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် အမြင်စင်ကြယ်စွာ ပိုင်းခြားသိမြင်ရပုံ (**ဒိဋ္ဌိဝိသုဒ္ဓိ**) ကို ရေးသားဖော်ပြထားခြင်းဖြစ်သည်။

မှတ်ချက်။ ။ဖောက်ပြန်မှုရုပ်၊ ညွှတ်တတ်သည့်နာမ်၊ ခံစားတတ်သည့် ဝေဒနာ စသော ရုပ်နာမ်အစုံသည် ပထမဘဝင်၌လည်း ရှုမြင်နိုင်သလို ဒုတိယဘဝင်မှာလည်း ရှုမြင်နိုင်သည်။

ဥပါဒါနက္ခန္ဓာနှင့် ဥပါဒါန်နှင့် တကွဖြစ်သော ဥပါဒါနက္ခန္ဓာ

ဥပါဒါနက္ခန္ဓာ = (ဥပါဒါန= စွဲယူတတ်သော လောဘ, ဒိဋ္ဌိတရား)
(ခန္ဓာ = အပေါင်းအစုဖြစ်သော ခန္ဓာငါးပါး)

လောဘ ဒိဋ္ဌိတရားတို့သည် ဥပါဒါန် မည်၏။ ထိုလောဘနှင့်ဒိဋ္ဌိ ကိန်းနေသော သဟိတ်မနောဝိညာဏ်စိတ်နှင့် ယှဉ်ဖက်တရားအစုကို ဥပါဒါန်နှင့်တကွဖြစ်သော ဥပါဒါနက္ခန္ဓာဟု ခေါ်သည်။ ပုံစံ(၁)၊ အပိုင်း(ခ၊ ဂ၊ ဃ နှင့် င-မှ ဝေဒနာ) စသော ရုပ်နာမ်အစုတို့သည် ဥပါဒါန်၏အာရုံလည်း မည်၏။ အတိတ်ဥပါဒါန်အကြောင်းကြောင့် ရရှိသော အကျိုးတရား ဥပါဒါနက္ခန္ဓာလည်းမည်၏။

http://www.dhammadownload.com

၄၊၂။ကစ်ဓိတရဏဝိသုဒ္ဓိ (ပစ္စယပရိဂ္ဂဟဉာဏ်)

ပထမဘဝင်, ဒုတိယဘဝင်, တတိယဘဝင် သုံးဆင့်ဖြင့် သူ့အဆင့်အလိုက် ရှုမြင်နိုင်သော အရှုခံရုပ်နာမ်တို့ကို "ဒိဋ္ဌဝိသုဒ္ဓိ, နာမရူပပရိစ္ဆေဒဉာဏ်" အပိုင်းဖြင့် ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုအခါ ထိုရုပ်နာမ်တို့ ဖြစ်ရခြင်းကိုလည်းကောင်း၊ ထိုရုပ်နာမ်တို့ ဖြစ်ရခြင်းအကြောင်းကို လည်းကောင်း၊ ယထာဘူတ ဉာဏ်ဖြင့် အကြောင်းအကျိုး လျော်ညီစွာ ပိုင်းခြား၍ သိခြင်းဟူသော "ပစ္စယပရိဂ္ဂဟဉာဏ်" ဖြစ်ပေါ်လာပုံ တို့ကိုလည်း အဆင့်သုံးဆင့်အလိုက် ရေးသားဖော်ပြပါမည်။

ဦးသူတော်သည် သူ၏ ပစ္စုပ္ပန်ရုပ်နာမ်တို့၏သဘာဝတို့ကို ရှုမြင်ပြီး ထိုရုပ်နာမ်တို့၌ ငါ၏ ခန္ဓာကိုယ်မဟုတ်၊ ငါတည်ဆောက်ထားခြင်းလည်းမရှိ၊ ငါလည်းမရှိသည့် သဘောတို့ကို ဉာဏ်ဖြင့် ပိုင်းခြားသိရသော်လည်း ဒီခန္ဓာအစု ငါမတည်ဆောက်ခဲ့လျှင် မည်သည့် အကြောင်းကြောင့် ဖြစ်ရတာလဲဟု သိလိုသောဆန္ဒ ဖြစ်ပေါ်လာပြီး ဤကဲ့သို့ သုံးသပ် အဖြေရှာသည်။

ဤသို့ ဆန်းစစ်ပုံနှင့် အဖြေရှာသုံးသပ်ပုံကို မြတ်စွာဘုရားဟောသော ဒေသနာနှင့် မိမိ၏ အမြင်ဉာဏ်တို့ ပေါင်းစပ်ကာ သုံးသပ်သွားခြင်းဖြစ်သည်။

ကာယဿ ပဒီစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။[6]

ဓာတ်လေးပါး အပေါင်းအစုကိုမှီသော ကာယပသာဒနှင့် အတိုက်ဓာတ်ဖောဋ္ဌဗ္ဗာရုံတို့ ထိခိုက်ခြင်း အကြောင်းကြောင့် ကာယဝိညာဏ်အကျိုးတရား ဖြစ်ပေါ်လာသည်။ တဖန် ကာယဝိညာဏ်နှင့် ကာယပသာဒ၊ ဖောဋ္ဌဗ္ဗာရုံ ထိဓာတ်သုံးမျိုးတို့ တွေ့ဆုံခြင်းအကြောင်းသစ် ထပ်ဖြစ်ခြင်းကြောင့် အကျိုးတရား ပြုပြင်တတ်သည့်ဓာတ်အသစ် ကာယသမ္မဿဖြစ်ပေါ်လာ၏။ အသစ် ဖြစ်ပေါ်လာသော ကာယသမ္မဿသည် အာရုံကို ဓမ္မဓာတ်အဖြစ် ပြောင်းလဲစေ၍ ဘဝင်နှင့်ဆက်စပ်သည့် အကြောင်းသစ် ထပ်ဖြစ်စေသည်။ ထိုအကြောင်းတရားကြောင့် ဘဝင်၌ ဖောဋ္ဌဗ္ဗမဏ္ဍာရုံ၊ (အဟိတ်နှင့်သဟိတ်)မနောဝိညာဏ်တို့ အကျိုးတရား ဖြစ်ပေါ်လာသည်။ ထိုမဏ္ဍာရုံ၊ အဟိတ်မနောဝိညာဏ်နှင့် ဘဝင် ထိုသုံးမျိုး တွေ့ဆုံခြင်းကြောင့် မနောသမ္မဿ အကျိုးတရား ဖြစ်ပေါ်လာပြန်သည်။ ထိုမနောသမ္မဿတည်းဟူသော အကြောင်းတရားသည် အာရုံ၏ အနိဋ္ဌ၊ ဂ္ဂဋ္ဌကို ခံစားသည့် ဝေဒနာကွန္ဓာတည်းဟူသော အကျိုးတရားကို ထပ်မံ ဖြစ်စေသည်။ ထိုဝေဒနာနှင့်ယှဉ်ဖက် အသစ်ဖြစ်ပေါ်လာသော သဟိတ်မနောဝိညာဏ်တွင် မောဟကပ်ငြိခဲ့သော် လောဘ၊ ဒေါသ၊ ဒိဋ္ဌိ စသော အကုသိုလ်တရားများ အကျိုးတရားအဖြစ် ဖြစ်ပေါ်လာပုံ အကြောင်းအကျိုးသဘောကိုလည်းကောင်း၊ အကယ်၍ ထိုသဟိတ်မနောဝိညာဏ်၌ မဂ်စေတသိက်တို့ ယှဉ်တွဲခဲ့သော် ဆိုင်ရာကိလေသာကို ပယ်သတ်နိုင်သဖြင့် လောဘ ဒေါသ စသော ကိလေသာတို့ ချုပ်ငြိမ်းမှု ရရှိသည့် အကြောင်းအကျိုးသဘောတို့ကို လည်းကောင်း ဉာဏ်ဖြင့် သုံးသပ်မိလာ၏။

ဤနည်းအတိုင်း ကျန်သောဒွါရတို့၏ ရုပ်နာမ် အကြောင်းအကျိုး အဆက်အစပ်တို့ကို သဲ့သဲ့ယရှင်းအောင် သုံးသပ်ပါသည်။

---

[6] ဥပရိပဏ္ဏာသပါဠိ၊ သင်္ဂါယတနဝဂ္ဂ၊ ဆဆက္ကသုတ္တံ-၄၂၁ နှာ-၃၂၇

http://www.dhammadownload.com

ခန္ဓာဖြစ်ကြောင်းပစ္စုပ္ပန်အထောက်အပံ့

ဤကဲ့သို့ သုံးသပ်ပြီးသောအခါ ထိုအကြောင်းအကျိုး အစဉ်အဆက် ဖြစ်နေသော ရုပ်နာမ်တို့သည် ငါမဟုတ်၊ ငါဖန်တီးထားတာလည်းမဟုတ်၊ ငါပြုပြင်နေတာလည်းမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါလည်းမဟုတ်၊ ဖန်တီးသူလည်းမရှိပါပဲနှင့် ဖန်တီးထားဘိသကဲ့သို့ ရှိနေရခြင်းမှာ အခြားမည်သည့်အထောက်အပံ့ ကြောင့်နည်းဟု အဖြေရှာလိုစိတ်များ ဖြစ်ပေါ်လာ၏။

စိတ်တစ်လုံးသည် ပျက်ပြီးလျှင် ထပ်မံ ဖြစ်လာသည့် အကြောင်းအထောက်အပံ့သည် ဘယ်လိုလဲ၊ ဘယ်အကြောင်းလဲဟု အခြေခံမှ စတင် သုံးသပ်၏။ နေ့စဉ်နှင့်အမျှ ဤရုပ်ကြီးသည် သူ့အလိုလို ပြင်ပဝါယောဓာတ်များကို ရှူသွင်းလိုက်၊ ပြန်ထုတ်လိုက်နှင့် ပြုလုပ်နေသည်။ ဘာလုပ်တာလဲ၊ ဘယ်အကြောင်းလဲဟု ဆန်းစစ်သည်။ အကယ်၍ လေမရှိခဲ့လျှင် (ဝါ) လေအထောက်အပံ့ မရခဲ့လျှင် စိတ်ဖြစ်မလာတော့ပါ။ ထို့ကြောင့် ဝါယောတည်းဟူသော လေဓာတ်ကြောင့် စိတ်ဖြစ်နေခြင်းဖြစ်သည်ကို သံယသရှင်းစွာ သိသွားပြီဖြစ်သည်။ ထို့ကြောင့် စိတ်အလျှင်မပြတ်ရန် လိုအပ်သော ဝါယောအထောက်အပံ့ ကြီတင်သိုလှောင်ထားရသည်။ ထိုသိုလှောင်ထားသောအစုသည် ဝါယောဓာတ်တည်းဟူသော ရူပကွန္ဓာဖြစ်၏။

ခန္ဓာ၌ ရေတည်းဟူသော အာပေါဓာတ် မရှိလျှင် စိတ်ဖြစ်မလာတော့ပေ။ ထို့ကြောင့် အသစ်အသစ်သော စိတ်များ ဖြစ်ရန်အတွက် ရေဓာတ် ကြိုတင်သိုလှောင်ထားရသည်။ ထိုသဘောကြောင့် စိတ်သည် အာပေါတည်းဟူသော ရေကြောင့်ဖြစ်သည်ဟု အကြောင်းအကျိုးကို သဘောပေါက်သွားပြန်သည်။ ထိုသိုလှောင်ထားသော အာပေါဓာတ်သည်ပင်လျှင် ရူပကွန္ဓာဖြစ်သည်။

အပူအအေးတည်းဟူသော တေဇောဓာတ် မရှိခဲ့လျှင် စိတ်ဖြစ်မလာတော့ပါ။ ထို့ကြောင့် အသစ်အသစ်သော စိတ်များ ဖြစ်ရန်အတွက် တေဇောဓာတ် ကြိုတင်သိုလှောင်ထားရသည်။ ထိုသဘောကြောင့် စိတ်သည် တေဇောတည်းဟူသော အပူအအေးကြောင့် ဖြစ်သည်ဟု အကြောင်းအကျိုး သဘောပေါက်သွားသည်။ ထိုသိုလှောင်ထားသော တေဇောဓာတ်သည်ပင်လျှင် ရူပကွန္ဓာဖြစ်သည်။

မာခြင်းပျော့ခြင်းတည်းဟူသော ပထဝီဓာတ် မရှိခဲ့လျှင် (ဝါ) ထမင်းမစားတော့လျှင် စိတ်ဖြစ်မလာတော့ပါ။ နေ့စဉ် ထမင်း စသော အာဟာရများ စားသုံးနေရ၏။ ထို့ကြောင့် အသစ်အသစ်သော စိတ်များ ဖြစ်ရန်အတွက် ပထဝီဓာတ် ကြိုတင်သိုလှောင်ထားရသည်။ ထိုသဘောကြောင့် စိတ်သည် ပထဝီတည်းဟူသော မာခြင်းပျော့ခြင်းဓာတ်ကြောင့်ဖြစ်သည်ဟု အကြောင်းအကျိုး သဘောပေါက်သွားပြန်သည်။ ထိုသိုလှောင်ထားသောပထဝီဓာတ်သည်ပင်လျှင် ရူပကွန္ဓာဖြစ်သည်။

သက်ရှူးစားသောအခါ ပစ္စုပ္ပန်၌ ဖြစ်သော ထိုသက်ရှူးတည်းဟူသော အာရုံကို အကြောင်းခံ၍ ချိုသည် ဟူသောစိတ် ဖြစ်ပေါ်လာသည်။ လျှာအကြည်သည် ဓာတ်လေးပါး အစုအဝေးကိုမှီ၍ ဖြစ်သောရုပ် ဖြစ်သည်။ သက်ရှူးမှ ရသာရုံသည်လည်း ရုပ်တရား ဖြစ်သည်။ ထို့ကြောင့် စိတ်သည် အာရုံခြောက်ပါးအကြောင်းကြောင့်လည်း ဖြစ်ရခြင်း ဖြစ်သည်ကို သံသယရှင်းစွာ သိရပြန်သည်။

အာရုံနှင့် တိုက်ဆိုင်ပြန်သော်လည်း ထိုအာရုံကို နှလုံးသွင်းမှု(မနသိကာရ) မပြုက အာရုံကို သိသောစိတ် မဖြစ်လာပေ။ ထို့ကြောင့် စိတ်ဖြစ်ခြင်း၏ ပစ္စုပ္ပန်အကြောင်းများသည် ဓာတ်ကြီးလေးပါး၊ အာရုံခြောက်ပါးတို့နှင့် နှလုံးသွင်းမှု(မနသိကာရ)တို့ ဖြစ်သည်ကို သံသယရှင်းစွာ နားလည်သဘောပေါက်လာသည်။ ထို့ကြောင့် ရေ၊ မြေ၊ လေ၊ မီး တည်းဟူသော

http://www.dhammadownload.com

ဓာတ်လေးပါးဌ ငါမရှိ၊ အသက်လိပ်ပြာမရှိ၊ ထိုငါနှင့် အသက်လိပ်ပြာ မရှိသော ရုပ်တရားကြောင့် ဖြစ်ပေါ်လာသော စိတ်သည်လည်း ငါမရှိ၊ အသက်လိပ်ပြာ မရှိသည်သာတည်း။ ထို့ကြောင့် စိတ်သည် ဓာတ်လေးပါးအကြောင်းကြောင့် အလျင်မပြတ် ဖြစ်ပေါ်နေခြင်း ဖြစ်သည်ကို သံသယရှင်းစွာ သိလိုက်သည်။ ထို့ကြောင့် အသက်လိပ်ပြာ ငါ မရှိသော ရုပ်တရားများမှ အကြောင်းခံ၍ ဖြစ်လာသည့် စိတ်သည်လည်း အသက်လိပ်ပြာ မရှိကြောင်း၊ ငါမဟုတ်ကြောင်း သံသယရှင်းစွာ သိမြင်လာသည်။

စိတ်အစဉ်ဖြစ်ခြင်းနှင့် စိတ်အစဉ်ကုန်ဆုံးခြင်း

အထက်ပါ ပစ္စုပ္ပန်အကြောင်းတရားများ ပြည့်စုံတိုင်း စိတ်ဖြစ်ပုံမလားဟူ၍ ဆက်လက်သုံးသပ် ကြည့်မိပြန်သည်။

၁. ဤခန္ဓာအစဉ်သည် ဘာ့ကြောင့်ဖြစ်လာသနည်း။
၂. ပစ္စုပ္ပန်ဘဝ၌ စိတ်အသစ်အသစ်တို့ ဖြစ်ပေါ်(ရှင်ခြင်း)ပြီး စိတ်ချုပ်သွားခြင်း(သေခြင်း)သည် မည်သည့် အကြောင်းကြောင့်နည်း။
၃. ပစ္စုပ္ပန် လူသားတိုင်း ရုပ်အာဟာရ မည်မျှပင် ထောက်ပံ့စေကာမူ အိုခြင်း၊ နာခြင်း သေခြင်းကို တားဆီး၍မရနိုင်ခြင်းသည် မည်သည့်အကြောင်းကြောင့်နည်း။
၄. ဤခန္ဓာချုပ်ဆုံးပြီးလျှင် နောက်အသစ်ခန္ဓာ ထပ်၍ဖြစ်သေးသလော၊ မဖြစ်တော့ပြီလော။
၅. ထပ်ဖြစ်သေးလျှင် မည်သည့်အကြောင်းကြောင့်နည်း။ မဖြစ်တော့လျှင်လည်း မည်သည့် အကြောင်းကြောင့်နည်း။

ဟု မိမိကိုယ်ကိုမိမိမရှင်းလင်းသေးသည့်သံသယဖြစ်ဖွယ်မေးခွန်းများအတွက် အဖြေရှာရပြန်သည်။

ယခုမိမိဘဝကိုဆန်းစစ်ကြည့်သော် မိမိသည် တရားမတွေ့မီ (ရုပ်နာမ်အပေါ်၌ အမြင်မစင်ကြယ်မီ)က ခန္ဓာငါးပါးအရှိသဘောကိုမသိ၊ ခန္ဓာ၏ဒုက္ခသဘောတရားကို မသိမှုများ(အဝိဇ္ဇာ)ရှိခဲ့သည်။

အာရုံတစ်မျိုးမျိုးနှင့် တိုက်ဆိုင်လာလျှင် သာယာဖွယ်နှင့်တွေ့လျှင် တပ်မက်မှု (တဏှာ)ရှိပြီး ထိုအာရုံ၏ သာယာဖွယ်၌ စွဲလမ်းမှု(ကာမုပါဒါန်)ရှိခဲ့သည်။ စိတ်ကိုလည်း ငါ့စိတ်ပဲဟု စွဲလမ်းခဲ့သည် (အတ္တဝါဒုပါဒါန်)။ ရုပ်နာမ်ဖြစ်စဉ်ကိုလည်း ငါပဲဟု စွဲလမ်းခဲ့သည် (ဒိဋ္ဌုပါဒါန်)။ ကာမအာရုံကို တပ်နှစ်သက်သဖြင့် ကောင်းမှု မကောင်းမှု ပြုလုပ်၍ရယူသည် (ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ)၊ အချို့သူတို့သည် ဗြဟ္မာချမ်းသာကို တပ်နှစ်သက်သဖြင့် ဈာန်တရားအားထုတ်၍ ရယူနိုင်ရန် အကြောင်းပြုကြသည် (အာနေဉ္ဇာဘိသင်္ခါရ)။ ထိုသင်္ခါရတရားများကို ကာယ၊ ဝစီ၊ မနောတို့ဖြင့်ပြုလုပ်၍ ကောင်းမှု မကောင်းမှု(ကံ)တို့ကို စုဆောင်းမိကြသည်။

ပစ္စုပ္ပန်မိမိ၏ဘဝတွင် ရှိနှင့်ပြီးသား ထိုသဘောတရားများသည် အကြောင်းတရားများဖြစ်သည်။ ထိုပစ္စုပ္ပန်အရှိတရားများ၏သဘောကို ဆန်းစစ်သော် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ စသော ရုပ်နာမ်တို့သည် ပေါ်ပြီးပျက်ရုံမှတပါး အကြောင်းပြုတတ်ခြင်း မရှိကြောင်း တွေ့ရသည်။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ တို့သည် အကြောင်းသစ် ဖြစ်စေတတ်သည့် သဘောဆောင်သည်။ ဤသို့ဆိုလျှင် ထိုအကြောင်းသစ်ဆောင်တတ်သော တရားငါးပါးသည် ယမှဘဝ၌ပင် အကြောင်းသစ် ဆက်ကာဆက်ကာ ဆောင်တတ်သဖြင့် အနာဂတ်ကိုလည်း ဆက်ဆောင်ဦးမည်ဖြစ်သည်။

ပစ္စုပ္ပန်ခန္ဓာအရှိကို ပေါင်းစုကြည့်သော် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ စသော အနာဂတ်ဘဝကို တည်ဆောက်မည့် အကြောင်းတရားများနှင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊

http://www.dhammadownload.com

ဖဿ၊ ဝေဒနာ(အကြည်ခြောက်စုံ၊ ဝိညာဏ်ခြောက်လုံး၊ ဖဿခြောက်မျိုး၊ ဝေဒနာခြောက်မျိုး၊ ရုပ်ခြောက်မျိုး) ဟူသော ပစ္စုပ္ပန်အကျိုးတရားတို့သာ ရှိသည်ကို သုံးသပ်မိသည်။

ပစ္စုပ္ပန်ဘဝတွင်ရှိသော အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံကို အကျဉ်းချုပ်သော် ကံသာလျှင် အနှစ်ချုပ်အဖြေထုတ်ရမည်။ အဘယ့်ကြောင့်ဆိုသော် မသိမှုကြောင့်လည်း ပြုလုပ်၏။ တပ်မက်မှုကြောင့်လည်း ပြုလုပ်၏။ စွဲလမ်းမှုကြောင့်လည်း ပြုလုပ်၏။ ကောင်းမှုမကောင်းမှုနှင့်လည်း ပြုလုပ်၏။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံကို တပေါင်းတည်း အနှစ်ချုပ်လိုက်လျှင် ကံသာလျှင်ရှိသည်ဟု ပညတ်ရမည်။

ယခုဘဝကို အဖြေထုတ်သော် ကံနှင့် ကံ၏အကျိုးဝိပါက်သာလျှင် ရှိသည်ဟုဆိုရမည်။ ထိုကံ၏အကျိုးဝိပါက်သည် အတိတ်ကံ၏ ပြုပြင်မှုကြောင့်သာ ဖြစ်ရသည်။ အခြားမည်သည့် အကြောင်းမျှ မရှိပါ။ မည်သည့် ဖန်ဆင်းရှင်၊ တန်ခိုးရှင်မှလည်း မပြုလုပ်နိုင်ပါ။ ကံသည် ယခုဘဝခန္ဓာငါးပါးကို တည်ဆောက်လျှင် အတိတ်ကာလ၌လည်း တည်ဆောက်ခဲ့လိမ့်မည်။ အနာဂတ်ဘဝကိုလည်း တည်ဆောက်လိမ့်ဦးမည်။ ဒိဋ္ဌဝိသုဒ္ဓိအရှုညာဏ်အရ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့သည် ပုဂ္ဂိုလ် သတ္တဝါ မရှိကြောင်း၊ မပြုလုပ်တတ်ကြောင်း သံသယရှင်းစွာ သိခဲ့ပြီ။ ထို့ကြောင့် ကံကို ပြုလုပ်သူမရှိ၊ ကံ၏ဝိပါက်ကိုလည်း ခံစားသူမရှိ။ သို့သော်လည်း ကံတည်းဟူသော အကြောင်းတရားကိုပင် ပြုလုပ်တတ်သူဟုလည်းကောင်း၊ ဝိပါက်(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) တည်းဟူသော အကျိုးတရားကိုပင် ခံစားတတ်သူဟုလည်းကောင်း၊ လောကပညတ်အားဖြင့် ခေါ်ဝေါ်ပြောဆိုကြသည်။

ကံသည် ပြုလုပ်တတ်သည်။ ထို့ကြောင့် ဤခန္ဓာအိမ်ကို တည်ဆောက်သည့်အကြောင်းသည် ကံသာလျှင် ဖြစ်ရမည်။ ထိုသဘောကို ဦးသူတော် ဆက်လက်၍ ဆင်ခြင်သုံးသပ်၏။ ထိုအခါ ဦးသူတော်သည် တဏှာသည် ခန္ဓာတည်ဆောက်ပုံကို ဤသို့သောဥပမာဖြင့် ဉာဏ်၌ သဘောပေါက် ထင်မြင်လာ၏။

တဏှာနှင့်ခန္ဓာ

> တပ်မက်မှု'တဏှာ'သည် လောကကို ဆောင်အပ်၏၊ တဏှာသည် (လောကကို) ဆွဲငင်အပ်၏၊ အလုံးစုံသော တရားတို့သည်သာလျှင် တဏှာဟုဆိုအပ်သော တစ်ခုသော တရား၏ အလိုသို့ အစဉ်လိုက်ရကုန်၏။[7]

လူတစ်ယောက်သည် သက်ကယ်မိုး၊ ထရံကာ၊ ဝါးလုံးတိုင်ထူထားသော တဲအိမ်တစ်လုံးကို လက်သမားဆရာတစ်ဦးအား တည်ဆောက်စေလျက် နေ၏။ ထိုသူသည် ထိုအိမ်၌ မိုးတင်းနေထိုင်လျက် အလုပ်လုပ်စီးပွားရှာ၏။ စားဖွယ်ရာ၊ ကြည့်ဖွယ်ရာ စသော အာရုံငါးပါးကိုလည်း ထိုအိမ်၌နေလျက် ခံစား၏။ ငွေပိုငွေလျှံများကိုလည်း စုဆောင်းထား၏။ အိမ်အနည်းငယ် ပျက်စီးလျှင်လည်း လက်သမားဆရာကို ပြန်လည် ပြုပြင်စေ၏။ ဤသို့ဖြင့် နှစ်အတန်ကြာသောအခါ အိမ်သည် အိုမင်းဟောင်းနွမ်းလာကာ ယိုယွင်းပျက်စီးရ၏။ ဝါး၊ သက်ကယ် စသော ပစ္စည်းများ ဆွေးမြည့်လျှင် မဆွေးမြည့်အောင် ထိုသူ ပြုလုပ်၍မရပါ။ ထိုသူသည် စုဆောင်းရရှိထားသော ငွေကြေးတို့ဖြင့် လက်သမားဆရာကို အိမ်သစ်ပြန်ဆောက်စေ၍ ပြန်နေလျက် စီးပွားဆက်ရှာ၏။ ထိုသူသည် အိမ်အသစ် ထပ်မံဆောက်ရာတွင် ရရှိသော ငွေအနည်းအများအပေါ် မူတည်၍ တိုက်အိမ်ဆောက်မည်ဆိုလျှင် အိမ်၏သက်တမ်းသည်

---

[7] သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် မြန်မာပြန်၊ ဒေဝတာသံယုတ်၊ တဏှာသုတ်-၆၃ နှာ-၃၉

http://www.dhammadownload.com

တိုက်အိမ်သက်တမ်းမျှ ကြာလိမ့်မည်။ သစ်သားအိမ်ဆောက်လျှင် အိမ်၏သက်တမ်းသည် သစ်သားအိမ်သက်တမ်းထိ ခံလိမ့်မည်။ တဲအိမ်ဆောက်လျှင် အိမ်၏သက်တမ်းသည် တဲအိမ်သက်တမ်းသာ ကြာလိမ့်မည်။ ဆိုလိုသည်မှာ ဘဝသစ်ခန္ဓာ၏ သက်တမ်း အရှည်အတိုနှင့် အနိမ့်အမြင့်သည် ပြုခဲ့သော သီလကုသိုလ်၊ ဒါနကုသိုလ်က အနည်းအများပေါ် မူတည်သည်။

အိမ်ပိုင်ရှင်နှင့် တဏှာတူ၏။ ဝင်ငွေရရန် စီးပွားရှာ အလုပ်လုပ်ခြင်းသည်သည် သခ်ါရတို့ကို ပြုခြင်းနှင့်တူ၏။ လုပ်အားခငွေယူ၍ အိမ်ဆောက်သော လက်သမားဆရာသည် ကမ္မဘဝနှင့်တူ၏။ အိမ်သည် ဝိညာဏက္ခန္ဓာ(စိတ်. သိခြင်း)၊ သညာက္ခန္ဓာ(မှတ်သားခြင်း)၊ ဝေဒနာက္ခန္ဓာ(ခံစားခြင်း)၊ သခ်ါရက္ခန္ဓာ(ပြုပြင်စီရင်ခြင်း)တို့နှင့် တူ၏။

ပစ္စုပ္ပန်ခန္ဓာငါးပါး ဘဝအိမ်၌လည်း အိမ်ပိုင်ရှင်တဏှာသာနေထိုင်သည်။ ထိုအိမ်ကိုလည်း တဏှာက တည်ဆောက်သည်။ ထိုအိမ်ကို အမှီပြုလျက် ဘဝသစ်ခန္ဓာ တည်ဆောက်နိုင်သည့် ငွေနှင့်တူသည့် ကမ္မဝင်္ဂများကို စုဆောင်းသည်။ ပစ္စုပ္ပန်ခန္ဓာအိမ်ပျက်လျှင်လည်း တဏှာကပင် ပြန်လည်ပြုပြင်သည်။ ပစ္စုပ္ပန်ခန္ဓာအိမ် သက်တမ်းကုန်၍ ပျက်စီးသောအခါ တဏှာသည်ပင် နောက်ထပ်ခန္ဓာအိမ်အသစ် တည်ဆောက်သည်။ တည်ဆောက်မှု အကြောင်းအထောက်အပံ့မှာ အတိတ်ဘဝ ကမ္မဝင်္ဂပင်ဖြစ်သည်။

အတိတ်က၏အစွမ်းကြောင့် အကျိုးဝိပါကဝဋ်ဖြစ် လူ့အိမ်၊ နတ်အိမ်၊ အပါယ်ဘုံအိမ် စသည်တို့ရရှိပြီး ဝိပါကဝဋ်အစွမ်း မကုန်သေးသရွေ့ ပျက်သွားသော ရုပ်နာမ်တို့နေရာတွင် အသစ်ရုပ်နာမ်ဖြင့် ပြန်လည် ပြင်ဆင်အစားထိုးသည်။ ဝိပါကဝဋ်ကုန်သွားလျှင် ခန္ဓာအိမ်ပျက်စီးပြီ ဖြစ်သည်။ ထို့ကြောင့် ပစ္စုပ္ပန်ခန္ဓာဝိပါကဝဋ်၏ သက်တမ်းသည် အတိတ်ဘဝမှ ပြုခဲ့ပြီးသော ကမ္မဝင်္ဂ(ကမ္မဘဝ)၏အစွမ်းသာလျှင် ဖြစ်သည်။ ပစ္စုပ္ပန်ဘဝ၌လည်း ကံထပ်မံ ပြုနေသေးလျှင် အနာဂတ်ခန္ဓာအတွက် ဝိပါကဝဋ်များ ရှိနေဦးမည်။

အထက်ပါမေးခွန်း(၅)ခုအတွက် အဖြေမှန်ကို ဦးသူတော် ရှာဖွေတွေ့ရှိသွားလေပြီ။

၁။ ဤခန္ဓာအစဉ်သည် အတိတ်ဘဝအစဉ်မှ ကံကြောင့်ဖြစ်သည်။

၂။ ပစ္စုပ္ပန်ဘဝ၌စိတ်အသစ်အသစ်ဖြစ်ပေါ်ခြင်း(အသက်ရှင်ခြင်း)သည် ကံ၏အစွမ်း၊ ဓာတ်လေးပါး နှင့် ပစ္စုပ္ပန်အာရုံတို့ကြောင့်ဖြစ်သည်။ စိတ်အသစ် ပြန်မဖြစ်ပေါ်တော့ခြင်း (သေခြင်း)သည် ဝိပါကဝဋ်အစွမ်း (ကံဆောက်သောအိမ်၏ သက်တမ်း) ကုန်ဆုံးခြင်းကြောင့်ဖြစ်သည်။

၃။ ပစ္စုပ္ပန်ဘဝ၌ ရုပ်အာဟာရ မည်မျှပင် ထောက်ပံ့စေကာမူ အိုခြင်း၊ နာခြင်း၊ သေခြင်းတရား တို့အား လူသားတိုင်း တားဆီး၍ မရနိုင်ခြင်းသည် (ဆောက်ထားသော ကဲအိမ် တဖြည်းဖြည်း ယိုယွင်းပျက်စီးလာ သကဲ့သို့) ဝိပါကဝဋ်အစွမ်းကုန်ခြင်းကြောင့် ဖြစ်သည်။

၄။ ဤခန္ဓာ ချုပ်ဆုံးပြီးသော်လည်း ကံရှိနေသေးလျှင် နောက်ဘဝသစ်ခန္ဓာ ထပ်ဖြစ်ဦးမည်။ ကံရှိနေခြင်း ကြောင့် ဘဝသစ်ခန္ဓာအိမ်ကို ဆက်လက်တည်ဆောက်ဦးမည်ဖြစ်သည်။

၅။ ကံကြောင့်သာလျှင် ဘဝသစ်ခန္ဓာအိမ် ရရှိခြင်းဖြစ်သည်။

ဦးသူတော်သည် ဤကဲ့သို့ ဆင်ခြင်သုံးသပ်ပြီးသောအခါ မိမိ၏ကရဇခန္ဓာ တည်ရခြင်း၏ အကြောင်းကို ရှာပြန်သည်။ မိမိ၏ကရဇခန္ဓာသည် ကမ္မဝင်္ဂကြောင့်လည်း တည်သည်။ အခြား ရှိလေသေးသလားဟု သုံးသပ်ကြည့်သောအခါ အခြားအထောက်အပံ့တို့ကိုလည်း တွေ့ရှိရသည်။ ထမင်းအစ ရှိသော အာဟာရသည်လည်း အထောက်အပံ့တစ်ခု ဖြစ်သည်။ အပူအအေးတည်း ဟူသော ဥတုမျှတမှုသည်လည်း အထောက်အပံ့တစ်ခု ဖြစ်သည်။ ကျန်းမာရေး မကောင်းလျှင် ဆေးကုခြင်း၊ ရေချိုးပေးခြင်း စသော စိတ်၏ ပြုစုစောင့်ရှောက်မှုသည်လည်း အထောက်အပံ့

http://www.dhammadownload.com

တစ်ခု ဖြစ်သည်ကို သုံးသပ်ဆင်ခြင်မိသည်။ ထိုသို့ သုံးသပ်ရင်း ထိုအထောက်အပံ့တို့တွင် ငါမရှိ၊ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ဖန်တီးသူမရှိကြောင်းလည်း သံသယရှင်းလာသည်။

အဝိဇ္ဇာ၊ သခ်ါရ၊ တဏှာ၊ ဥပါဒါန်၊ ကံသည် အကြောင်းတရား **သမုဒယသစ္စာ**ဖြစ်၏။ ဝိပါက်ခန္ဓာ (ဝိညာဏ်၊ နာမ်ရုပ်၊ သဋ္ဌာယတန၊ ဖဿ၊ ဝေဒနာ)သည် အကျိုးတရား **ဒုက္ခသစ္စာ** ဖြစ်၏။ မဂ္ဂင်ရှစ်ပါးသည် **မဂ္ဂသစ္စာ**ဖြစ်၏။ ဘဝချုပ်ခြင်းသည် **နိရောဓသစ္စာ**ဖြစ်၏။

ဤကဲ့သို့ သုံးသပ် ဆင်ခြင်မိသောအခါ ယုံမှားခြင်းများ အောက်ပါအတိုင်း ပျောက်ကွယ်သွားသည်။

၁။ မိမိသည် မဂ္ဂင်အကျင့်တရားဖြင့် ရုပ်နာမ်သဘာဝတို့အပေါ်၌ ပိုင်းခြားရှုမြင်နိုင်ပြီး ငါဟူသော ဒိဋ္ဌိစွဲ သံသယရှင်းစွာ ပြုတ်သွားသည်။ ထိုအခါ မဂ္ဂင်အကျင့်တရားကို ဖော်ထုတ်ညွှန်ပြတော်မူသော ဘုရားရှင်သည် ဘုရားစင်စစ် အမှန်ဖြစ်ပေသည် ဟူ၍ ဘုရားအပေါ်၌ သံသယကင်းစွာယုံကြည်သွားသည်။

၂။ မြတ်စွာဘုရားရှင် ဟောကြားထားသော ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တရားတော်သည်လည်း မှန်ကန်သော တရားတော်များ ဖြစ်ကြောင်း သံသယကင်းစွာ ယုံကြည်သွားသည်။

၃။ မဂ္ဂင်အကျင့်တရားတော်နှင့် လျော်ညီစွာ ကျင့်ကြံတော်မူကြသော သမုတိသံဃာ, ပရမတ္ထသံဃာတို့သည် မြတ်စွာဘုရား အဆုံးအမကို ဖြောင့်မှန်စွာ ကျင့်ကြံကြသဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြလိမ့်မည်ဟူ၍ သံသယကင်းစွာ ယုံကြည်သွားသည်။

၄။ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင် တည်းဟူသော မဂ္ဂင်အကျင့်တရားသည် နိဗ္ဗာန်ရောက်ကြောင်း တစ်ခုတည်းသော လမ်းအမှန် ဖြစ်သည်ကိုလည်း သံသယကင်းစွာ ယုံကြည်သွားသည်။

၅။ အတိတ်ဘဝ၌ ဝိညာဏ်၊ နာမ်ရုပ် စသော ခန္ဓာငါးပါးသာရှိပြီး ပုဂ္ဂိုလ် သတ္တဝါ မရှိပဲ အဝိဇ္ဇာ, သခ်ါရ, တဏှာ, ဥပါဒါန်, ကံတို့သာ ရှိခဲ့သည်။ သံသရာ၏ ရှေ့အစွန်းနှင့်ပတ်သက်၍ ငါ သူတပါး ပုဂ္ဂိုလ် သတ္တဝါ မရှိဟု သံသယကင်းစွာ ယုံကြည်သွားသည်။

၆။ ယခုဘဝ၌လည်း ဤကဲ့သို့ ခန္ဓာငါးပါးနှင့် အဝိဇ္ဇာ, သခ်ါရ, တဏှာ, ဥပါဒါန်, ကံ တို့သာ ရှိပြီး ယခုဘဝခန္ဓာငါးပါးသည် အတိတ်ဘဝမှ အဝိဇ္ဇာ အစရှိသော ကံကြောင့်ဖြစ်သော အကျိုးတရား ခန္ဓာငါးပါးသာ ဖြစ်ပြီး ငါ သူတပါး ပုဂ္ဂိုလ် သတ္တဝါ မရှိသည်ကိုလည်းကောင်း၊ ပစ္စုပ္ပန်ကံ မချုပ်ငြိမ်းသေးလျှင် အနာဂတ်တွင်လည်း ဝိညာဏ်၊ နာမ်ရုပ်၊ သဋ္ဌာယတန၊ ဖဿ၊ ဝေဒနာဟူသော အကျိုးတရား ခန္ဓာငါးပါးကို ဆက်ကာဆက်ကာ တည်ဆောက်လိမ့်ဦးမည်၊ အနာဂတ်တွင်လည်း ငါ သူတပါး ပုဂ္ဂိုလ် သတ္တဝါ မရှိဟု လည်းကောင်း သံသရာ၏ နောက်အစွန်းနှင့်ပတ်သက်၍ သံသယကင်းစွာ ယုံကြည်သွားသည်။

၇။ အတိတ်ကာလဟူသော သံသရာရှေ့အစွန်း၊ ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်သံသရာ၊ အနာဂတ်ကာလ သံသရာနောက်အစွန်းတို့၏ အကြောင်းအကျိုးလျော်ညီစွာ ဆက်စပ်ပုံကိုလည်း သံသယကင်းစွာ ယုံကြည်သွားသည်။

၈။ အတိတ်ကံအကြောင်း ပစ္စုပ္ပန်ဝိပါကအကျိုး၊ ပစ္စုပ္ပန်ကံအကြောင်း အနာဂတ်ဝိပါကအကျိုး စသော အကြောင်းအကျိုးအဆက်အစပ်တရားများ၏ ဓမ္မနိယာမဖြစ်စဉ်(ပဋိစ္စသမုပ္ပါဒ်)ကိုလည်း သံသယကင်းစွာ ယုံကြည်သွားသည်။

http://www.dhammadownload.com

ထိုသို့ ယုံမှားခြင်းတို့ကို လွန်မြောက်၍ ရုပ်နာမ်ခန္ဓာအစဉ်၏ အကြောင်းအကျိုး အဆက်အစပ်တရားများကိုသိသောဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်မည်၏။ ထိုပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာခြင်းကြောင့် အတိတ်ခန္ဓာ၌လည်းကောင်း၊ ပစ္စုပ္ပန်ခန္ဓာ၌ လည်းကောင်း၊ အနာဂတ်ခန္ဓာ၌ လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်၌ လည်းကောင်း ယုံမှားမှုကင်း၏။ သံသယဝိစိကိစ္ဆာ ကင်းရှင်းပျောက်မှုကို ရရှိတော့သည်။ ရှုမြင်တိုင်း တဒင်္ဂ- တဒင်္ဂ ကင်းပုံကို ရည်ရွယ်သည်ဟုမှတ်ပါ။

ယခု ရေးသားဖော်ပြခဲ့ပြီးသော နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်အထိ ပိုင်းခြားမြင်သော သူသည် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ကျင့်စဉ်အထိ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ယင်းသို့ ယုံမှားကို လွန်မြောက်၍ အမြင်စင်ကြယ်ခြင်းကို ပုဂ္ဂိုလ်အားဖြင့် ခွဲခြားဝေဖန်သော်

"ကွမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ပုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ"[၅]

ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ၏ မိန့်ဆိုချက်နှင့်အညီ သာသနာတော်နှင့် တွေ့ကြုံရကျိုးနပ်ခြင်း၊ သာသနာတော်၌ သက်သာရာရခြင်း၊ သာသနာတော်၌ ထောက်ရာတည်ရာတစ်ခု ပိုင်ပိုင်နိုင်နိုင် ရရှိခြင်း၊ အရိယာ၏တပည့်အဖြစ် ရရှိခြင်း၊ ဒုတိယဘဝ၌ အပါယ်လေးပါး မလားရောက်ရခြင်းစသော အကျိုးတရားတို့နှင့်ပြည့်စုံသော "စူဠသောတာပန်"ပုဂ္ဂိုလ်(အငယ်စားသောတာပန်ပုဂ္ဂိုလ်)ဟု ခေါ်ဆိုနိုင်သည်။

စူဠသောတာပန် ဖြစ်ကြောင်း အင်္ဂါ(၄)ပါး

၁။ သပ္ပုရိသသံသေဝ - ဆရာကောင်းနှင့် နည်းမှီရခြင်း
၂။ ဓမ္မာနုဓမ္မပဋိပတ္တိ - လောကုတ္တရာတရား(၉)ပါးအား လျော်စွာ တရားအားထုတ်ရခြင်း
၃။ သဒ္ဓမ္မသဝန - သူတော်ကောင်းတို့၏ တရားစစ်တရားမှန်ကို နာကြားရခြင်း
၄။ ယောနိသောမနသိကာရ - သင့်တင့်လျောက်ပတ်စွာ တရားနှလုံးသွင်းခြင်း

---

[၅] ဝိသုဒ္ဓိမဂ္ဂ (ဒုတိယော ဘာဂေါ)၊ ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ-၆၉၁ နှာ-၂၃၃

http://www.dhammadownload.com

၄၊၃။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ (သမ္မသနဉာဏ်)

မဇ္ဈိမသောတာပန်ကဏ္ဍ (မိဂပဒဝဋ္ဋနုနည်း)

ပထမဘဝင်, ပထမအဆင့် စိတ္တဝိသုဒ္ဓိ အရှုဉာဏ်ဖြင့် တွေ့မြင်ရသော (၃၂)ကောဋ္ဌာသ အာရုံကို နှလုံးသွင်း၍ ထိုအစုအဝေးတို့သည် ငါဟူသော သဘောမရှိပုံကိုလည်းကောင်း၊ အသက်လိပ်ပြာဟူ၍ မရှိပုံကိုလည်းကောင်း၊ အနှစ်သာရမရှိပုံကိုလည်းကောင်း၊ ခိုင်မြဲမှုမရှိသည့် သဘောကိုလည်းကောင်း၊ ဓာတ်လေးပါးဖောက်ပြန်တိုင်း ပျက်စီးယိုယွင်းခြင်းကြောင့် ပြုပြင်ပေးနေရသည့် ဒုက္ခသဘောအမျိုးမျိုးကို လည်းကောင်း၊ မဖြစ်မနေ ပြုပြင်နေရခြင်း ဒုက္ခသဘော အမျိုးမျိုးကိုလည်းကောင်း၊ ပြုပြင်တိုင်းလည်း မခိုင်မြဲသော သဘောအမျိုးမျိုးကိုလည်းကောင်း၊ ကိုယ့်အလိုအတိုင်း မရသဖြင့် စိတ်ဆင်းရဲရခြင်း အမျိုးမျိုးကိုလည်းကောင်း၊ သာယာဖွယ် အနှစ်ဟူ၍ ဘာတစ်ခုမျှ မရှိသည်ကိုလည်းကောင်း (၃၂)ကောဋ္ဌာသ ရုပ်အစုအဝေးပေါ်၌ အနိစ္စ, ဒုက္ခ, အနတ္တ သဘောဆောင်နေမှု အမျိုးမျိုးကို ကြိမ်ဖန်များစွာ သုံးသပ်ဆင်ခြင်နေတော့၏။

တဖန် ဓာတ်လေးပါး ဖောက်ပြန်မှုသဘောကို အာရုံပြုနှလုံးသွင်း၍ ထိုဓာတ်လေးပါး တို့သည် မြွေလေးကောင်၏ အဆိပ်လေးမျိုးပမာ ပြင်းထန်စွာ မရပ်မနား တရစပ် အဆိပ်တက် နှိပ်စက်နေသည့်သဘောအမျိုးမျိုးကိုလည်းကောင်း၊ ပြင်းထန်စွာ ဖောက်လွဲဖောက်ပြန်ဖြစ်နေသည့် သဘောအမျိုးမျိုးကိုလည်းကောင်း၊ ထိုဓာတ်လေးပါး၌ အသက်လိပ်ပြာ ပုဂ္ဂိုလ်သတ္တဝါ ဟူ၍ မရှိပုံကိုလည်းကောင်း၊ မဖောက်ပြန်အောင် တားဆီးထိန်းချုပ်၍ မရနိုင်သည့် သဘောကို လည်းကောင်း၊ ပူရုပ်အစဉ်မှ အေးရုပ်အစဉ်၊ အေးရုပ်အစဉ်မှ အောင့်ရုပ်အစဉ် စသည်ဖြင့် မရပ်မနား ပြောင်းလဲဖောက်ပြန်နေပုံကိုလည်းကောင်း၊ အနိစ္စ, ဒုက္ခ, အနတ္တ သဘောဆောင်နေမှု အမျိုးမျိုးတို့ကို ကြိမ်ဖန်များစွာ သုံးသပ်ဆင်ခြင်ပြန်သည်။

တဖန် အထက်ပါပညတ်ဖြင့် အာရုံပြု နှလုံးသွင်းဆင်ခြင်မှုကို စွန့်၍ ပထမဘဝင်, ပထမအဆင့် စိတ္တဝိသုဒ္ဓိ အရှုဉာဏ်ဖြင့်တွေ့မြင်ရသော ပစ္စုပ္ပန် ဖောက်ပြန်မှု သဘောသက်သက် ရုပ်တရား (ပူ, တင်း, ထုံ, ကျင်, ကိုက်, ခဲ, စူး, အောင့် စသော သညာမပါဟူလို) ၏ တရစပ်မရပ်မနား ဖြစ်ပျက်နေမှုသဘောကို ရှုလျက် ထိုဖောက်ပြန်နေသော ရုပ်တရားတို့သည် ခိုင်မာသော အနှစ်အသား မရှိခြင်းသဘောကို လည်းကောင်း၊ အသက်လိပ်ပြာပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိပုံကိုလည်းကောင်း၊ ထိုဖောက်ပြန်မှုသဘောရှိသော ရုပ်အစုအဝေးတို့သည် ပျက်ခြင်းဘေးဒုက္ခဖြင့် တရစပ်နှိပ်စက်နေမှုကိုလည်းကောင်း၊ မရပ်မနား ပျက်စီးခြင်းသဘောဆောင်နေမှုကို လည်းကောင်း ကြိမ်ဖန်များစွာ သုံးသပ် ဆင်ခြင်ပြန်သည်။

ထိုကဲ့သို့ ဖောက်ပြန်မှု တစ်ခုဖြစ်တိုင်း ထိုဖောက်ပြန်ရာသို့ ဘဝင်မှ လျှပ်စီးလက်ဘိ သကဲ့သို့ ပြေးညွှတ်သည့်သဘောဆောင်သည့် မနောသမ္ဖဿသည် ရုပ်မရပ်မနား ဖောက်ပြန်တိုင်း မရပ်မနား တရစပ် ညွှတ်နေမှုကိုရှု၍ ထိုမနောသမ္ဖဿ၌ ခိုင်မြဲသည့် အနှစ်သဘော ဟူ၍ မရှိသည်ကို လည်းကောင်း၊ အသက်လိပ်ပြာ ပုဂ္ဂိုလ်သတ္တဝါ မရှိသည့် သဘောကို လည်းကောင်း၊ ထိုမနောသမ္ဖဿသည် မိမိအလိုအတိုင်းမဖြစ်၊ သူ့သဘောသူဆောင်ကာ ဖြစ်နေသည်ကို လည်းကောင်း၊ မရပ်မနား ဖြစ်ပျက်နေခြင်းကို လည်းကောင်း၊ ထိုသို့ ဖြစ်ပျက်ခြင်းဘေး၏ အမြဲမပြတ် နှိပ်စက်နေမှုကိုလည်းကောင်း ကြိမ်ဖန်များစွာ ဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်ပြန်သည်။

ထိုမနောသမ္ဖဿဖြစ်တိုင်း သဟိတ်မနောဝိညာဏ်၌ ခံစားမှုသဘော (ဝေဒနာ)ကို ရှု၍ ထိုခံစားမှု သဘောသည်လည်း အနှစ်မရှိ မခိုင်မြဲခြင်းသဘောကိုလည်းကောင်း၊ အသက်လိပ်ပြာ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိပုံကိုလည်းကောင်း၊ ဖြစ်ပြီးတိုင်း ပျက်၍ ပျက်၍နေသည့် သဘောကို

http://www.dhammadownload.com

လည်းကောင်း၊ ထိုဖြစ်ခြင်းပျက်ခြင်းဘေး၏ အမြဲမပြတ်နှိပ်စက်နေသည့် သဘောကိုလည်းကောင်း ကြိမ်ဖန်များစွာ ဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်ပြန်သည်။*

ဒုတိယဘဝင်, ဒုတိယအဆင့် စိတ္တဝိသုဒ္ဓိ အရှုဉာဏ်ဖြင့် တွေ့မြင်ရသော ကလာပ်အမှုန်ရုပ်အစုကိုရှုလျက် တဖွားဖွား တရိပ်ရိပ် တသဲသဲ မရပ်မနား ဖြစ်ပျက်နေပုံကိုလည်းကောင်း၊ အနှစ်အသား ဘာတစ်ခုမျှ မရှိသည်ကို လည်းကောင်း၊ အသက်လိပ်ပြာ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိပုံကိုလည်းကောင်း၊ မရပ်မနား ဖြစ်ခြင်းပျက်ခြင်းဘေး၏ တရစပ် နှိပ်စက်နေမှုကို လည်းကောင်း၊ ကြိမ်ဖန်များစွာ ဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်ပြန်သည်။

တတိယဘဝင်, တတိယအဆင့် စိတ္တဝိသုဒ္ဓိ အရှုဉာဏ်ဖြင့် (**တီရဏပရိဉာ**) ပစ္စုပ္ပန်၌ တိုက်ဆိုင်ဆဲ ရုပ်နာမ်တို့ကို ရှုမြင်အခြေခံ၍ သမ္မသနဉာဏ်ပေါ်လာပုံကို ရေးသားဖော်ပြပါမည်။

- ပြင်ပဗဟိဒ္ဓ (**ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတည်းဟူသော အာရုံငါးပါး**) လောကသည် ထိုနေရာမှာပင်ဖြစ်၍ ထိုနေရာမှာပင်ချုပ်သည့်သဘောကိုလည်းကောင်း၊
- ထိုပြင်ပအာရုံငါးပါးတို့ကို အကြောင်းခံ၍ ဆိုင်ရာပသာဒ (**စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ**) တို့၌ ထင်၏။ ထိုပသာဒတို့နှင့် ထင်ရာအာရုံတို့သည်လည်း ထိုနေရာမှာပင်ဖြစ်၍ ထိုနေရာမှာပင် ချုပ်သည့်သဘောကို လည်းကောင်း၊
- ထိုပသာဒငါးမျိုးနှင့် ၎င်းတို့၌မှီသော အာရုံငါးပါးတို့ကို အကြောင်းခံ၍ ဆိုင်ရာအာရုံ၏ ဂုဏ်ဟိတ် ကိန်းနေသော ဆိုင်ရာဝိညာဏ် (**စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်**)တို့သည်လည်း မိမိတို့ဆိုင်ရာ ပသာဒ၌ပင် ဖြစ်၍ ထိုနေရာ၌ပင် ချုပ်သည့် သဘောကိုလည်းကောင်း၊
- ထိုဝိညာဏ်ငါးမျိုးကို အကြောင်းခံ၍ ဆိုင်ရာအာရုံ ဂ္ဂဒ္ဒ၊ အနိဋ္ဌဂုဏ်ကို ဘဝင်အကြည်သို့ ပို့ဆောင်တတ်သော ဖဿငါးမျိုး (**စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ**) တို့သည် (**ပသာဒမှစ၍ ဘဝင်အကြည်၌ ဆုံးခြင်းဟူသော**) ထိုနေရာ၌ပင်ဖြစ်၍ ထိုနေရာ၌ပင်ချုပ်သည့် သဘောကိုလည်းကောင်း၊
- ထိုဖဿငါးမျိုးကို အကြောင်းခံ၍ အာရုံ၏ ဂ္ဂဒ္ဒ၊ အနိဋ္ဌသဘောကို ခံစားတတ်သော ဝေဒနာနှင့်တကွသော သဟိတ်မနောဝိညာဏ်အစုငါးမျိုးတို့သည် ထိုဘဝင်အကြည်၌ပင် ဖြစ်၍ ထိုနေရာမှာပင် ချုပ်သည့်သဘောကိုလည်းကောင်း၊†
- ထိုဆိုခဲ့ပြီး (၂၅)မျိုးသော (အာရုံ-၅၊ ပသာဒ-၅၊ ဝိညာဏ်-၅၊ ဖဿ-၅၊ ဝေဒနာ-၅) ရုပ်နာမ်ဓမ္မ အကြောင်းအကျိုး အဆက်အစပ်ကို အကြောင်းခံ၍ ဆိုင်ရာအာရုံတစ်ခုခုသည် ဘဝင်အကြည်၌ ဓမ္မာရုံအဖြစ် ရောက်သောအခါ ထိုဓမ္မာရုံငါးမျိုးမှ ဆိုင်ရာတစ်မျိုးမျိုးသည် မိမိတို့ဆိုင်ရာ ပြင်ပပသာဒ၌ ထင်သောအာရုံနှင့် တူညီစွာ ထင်နေသည်ကိုလည်းကောင်း၊ ပဋ္ဌပသာဒရှိ ဆိုင်ရာအာရုံနှင့် အလားတူသော ထိုဓမ္မာရုံငါးမျိုးတို့သည် ထိုဘဝင်အကြည်၌ပင် ဖြစ်၍ ဘဝင်အကြည်၌ပင် ချုပ်သည့် သဘောကိုလည်းကောင်း၊

---

* (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းနှင့် ဓာတ်လေးပါးကမ္မဋ္ဌာန်းတို့၏ အခြေခံဝိပဿနာရှုပုံကို ကျွင့်စဉ်ပထမပိုင်း၌ ရေးသားဖော်ပြခဲ့ပြီးပြီ ဖြစ်၍ ယခုအပိုင်း၌ အသေးစိတ်မဖော်ပြတော့ပါ။

† ဖဿပို့ဆောင်ဆဲအခိုက်၌ ဘဝင်အကြည်ဖြစ်၍ အာရုံ၏ အရသာကို (၀၊) ဂ္ဂဒ္ဒ၊ အနိဋ္ဌသဘောကို ခံစားဆဲအခိုက်၌ သဟိတ်မနောဝိညာဏ် ဖြစ်သည်ကို ဉာဏ်ဖြင့် ခွဲခြား၍ ယူပါရန်။

http://www.dhammadownload.com

- ပဥ္စပသာဒရှိ ဆိုင်ရာအာရုံနှင့် အလားတူသော ဘဝင်အကြည်၌ ထင်နေသော ဓမ္မာရုံကို အကြောင်းခံ၍ ပဥ္စဝိညာဏ်နှင့် အလားတူ၍ ဘဝင်အကြည်၌ ထင်သော ဓမ္မာရုံကို သိကာမျှ သိသော အဟိတ်မနောဝိညာဏ် ငါးမျိုးတို့သည် ထိုဘဝင်အကြည်၌ပင် ဖြစ်၍ ထိုနေရာမှာပင် ချုပ်သည်ကိုလည်းကောင်း၊
- ထိုထိုအဟိတ်မနောဝိညာဏ်ငါးမျိုးအနက် တစ်မျိုးမျိုးကို အကြောင်းခံ၍ ဘဝင်မှ မူလအာရုံစ၍ ဖြစ်ရာ ပဥ္စပသာဒတို့တွင် ဆိုင်ရာတစ်မျိုးမျိုးသို့ ညွှတ်လျက် (**အာရုံ၏ ကျင်္ဂ၊ အနိဋ္ဌ ဂုဏ်ကို ဘဝင်အကြည်သို့ ပို့သော**) မနောသမ္ပဋ္ဆ ငါးမျိုးသည် (ဘဝင်အကြည်၌ စ၍ ပသာဒ၌ ဆုံးခြင်းဟူသော) ထိုနေရာမှာပင်ဖြစ်၍ ထိုနေရာမှာပင် ချုပ်သည့် သဘောကို လည်းကောင်း၊
- ထိုမနောသမ္ပဋ္ဆသငါးမျိုးတွင် တစ်မျိုးမျိုးကို အကြောင်းခံ၍ ဆိုင်ရာအာရုံ၏ ကျင်္ဂ၊ အနိဋ္ဌ သဘောကို ခံစားတတ်သော ဝေဒနာနှင့်တကွ သဟိတ်မနောဝိညာဏ်အစုငါးမျိုးတို့သည် ထိုဘဝင်အကြည် ဖြစ်ရာ၌ပင် ဖြစ်၍ ထိုနေရာမှာပင် ချုပ်သည့်သဘောကိုလည်းကောင်း

ကြိမ်ဖန်များစွာ ဉာဏ်ဖြင့် ရှုမြင်၍ သုံးသပ်ဆင်ခြင်ပြန်သည်။

ထိုကဲ့သို့ လျောင်း၊ ထိုင်၊ ရပ်၊ သွား ကျရိယာပုထ်လေးပါးစလုံး၌ ဒွါရခြောက်ပါးမှ အခြေခံရုပ်နာမ်တို့ကို ရှုမြင်လျက် သုံးသပ်ဆင်ခြင်နိုင်သည့်ဉာဏ်သည် ဥဒယဗ္ဗယဉာဏ် အနုစားဖြစ်သည်။ သုံးသပ်ဆင်ခြင်မှုဉာဏ် အားကောင်းလာသောအခါ ယောဂီ၏ အရှုဉာဏ်စိတ်၌ သတိအား၊ သုံးသပ် ဆင်ခြင်နိုင်သည့် ဉာဏ်အားတို့ ပို၍ ပို၍ အားကောင်းလာသည်။ ထိုအရှုဉာဏ်အား ပိုကောင်းလာသဖြင့် အရှုခံ ရုပ်နာမ်တို့အပေါ်၌လည်း ပို၍ အသေးစိတ်သည်ထက် စိတ်ကာ ပိုင်းခြားမြင်နိုင်လာသည်။ ဘဝင်သုံးဆင့်လုံး အပြန်ပြန် အလှန်လှန် အဆင်းအတက် ဝင်စားမှု လျင်မြန်စွာပြု၍ ထိုထိုအဆင့်တို့ရှိ အရှုခံတို့ကိုလည်း ပို၍အသေးစိတ်သိမြင်နိုင်လာသည်။ အဘယ်မျှ အမြင်အား ကောင်းလာသနည်းဆိုမူ ရုပ်တို့နှင့် ပတ်သက်၍ ကလာပ်စည်းချင်း ထိခိုက်မှုသဘောကိုပင် မြင်လာသည်။ ပဥ္စပသာဒမှ အစပြုသော ဖဿဓာတ်၏ ညွှတ်မှုသဘောကိုလည်း လျှပ်စီးလက်သကဲ့သို့ဆောင်သည့် လျှပ်စစ်မှုန်များ တဖွားဖွားကျနေသည့် သဘောများကိုလည်း သိမြင်လာသည်။ ထိုသို့ ရှုမြင်မှု ဉာဏ်အားကောင်းလာသည်နှင့်အမျှ သတိထားမှုလည်း အထူး ကြောင့်ကြစိုက်ဖွယ်မလိုပဲ ရှုပြီးသားသိပြီးသားကဲ့သို့ အလွန်အလွန် အားကောင်းလာသည်။

ထိုကဲ့သို့ သမာဓိအား၊ သတိအား၊ ဉာဏ်အား ကောင်းလာသည်နှင့်အမျှ ဝိပဿနာဉာဏ်အား (သုံးသပ်ဆင်ခြင်မှုဉာဏ်)တို့လည်း တိုးတက်အားကောင်းလာသည်။ တရားရှုမှတ်ရသည့်အပေါ်၌ လည်းကောင်း၊ တရားတွေ့ရှိမှုအပေါ်၌လည်းကောင်း၊ ရှုတိုင်းရှုတိုင်း ဝိပဿနာဉာဏ် အားကောင်းလာခြင်းကိုလည်းကောင်း အားရကျေနပ်မှု ဖြစ်လာသည်။ ရုပ်နာမ်တို့အား ရှုနေစဉ် ပီတိအားကောင်းလာမှုကြောင့် ရုပ်နာမ်သို့ အာရုံမရောက်တော့ပဲ စိတ်၏ အကြည်ဓာတ် အလင်းဓာတ်များလည်း ဖြစ်ပေါ်လာသည်။ ထိုအကြည်ဓာတ် အအေးဓာတ်ကို အာရုံပြုသောအခါ ပညတ်နိမိတ်မရှိသဖြင့်လည်းကောင်း၊ ဝိတက် ဝိစာရ ချုပ်ငြိမ်းခြင်းကြောင့်လည်းကောင်း ခေတ္တစိတ်ရပ်သလို ဖြစ်ဖြစ်သွားသည်။ ထိုအခါ တရားကျင့်သော ယောဂီသည် ထိုကဲ့သို့ တွေ့မြင်မှု အားကောင်းလာသောကြောင့် ထိုဝိပဿနာဉာဏ်၌ယှဉ်သော ပီတိသည် ထိန်းမရ သိမ်းမရနိုင်လောက်အောင် အရှိန်အဟုန်များ တက်ကာ ဖြစ်ပေါ်လာသည်။ ထိုအချိန်တွင် အရှုဉာဏ်သဟိတ်မနောဝိညာဏ်သည် ကိလေသာအပူတို့မှလည်း ကင်းဆိတ်လျက်

http://www.dhammadownload.com

ငြိမ်းအေးနေသည့် သဘောကို ဆောင်နေသည်။ ထိုအခါ တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံ၊ မခံစားဖူးသော သုခနှင့် ထိုသုခကိုပင် ဝမ်းမြောက်မှုသဘောဖြင့် ခံစားမှုမပြုပဲ လျစ်လျူရှုလျက် အညီအမျှ သဘောထားနိုင်မှု ဥပေက္ခာစိတ်တို့ ဖြစ်ပေါ်လာသည်။

ထိုကဲ့သို့ အရှုဉာဏ် သဟိတ်မနောဝိညာဏ်အစုနှင့်တကွသော နာမကာယ၌ အလွန်အလွန် အေးငြိမ်းချမ်းသာမှု အကြောင်းကြောင့် ရူပကာယတို့လည်း ငြိမ်းအေးလျက် အချို့သောယောဂီတို့သည် အရောင်အလင်းများပင် ထွက်တတ်သည်။ အချို့ယောဂီတို့မှာမူ ရုပ်ကွန်ဒြေများ သိသိသာသာ ပြောင်းလဲသွားတတ်သည်။ ကွန်ဒြေများ ပို၍ ကြည်လင်သန့်ရှင်း နူးညံ့မှုများ ဖြစ်လာတတ်သည်။ ထိုအခါ ယောဂီသည် ထိုအပေါ်တို့၌ မသိမသာ တွယ်တာမှု (နိကန္တိ)ဖြစ်ကာ "ငါမင်္ဂလာ ဖိုလ်ရပြီ"ဟု ထင်တတ်ကြသည်။ မိမိရှုဆဲ ပရမတ်ရုပ်နာမ်အာရုံတို့ကိုလည်း စွန့်လွှတ်တတ်လေသည်။ ယောဂီတို့သည် အထက်ပါ သဘောမျိုး မိမိ၏စိတ်၌ ဖြစ်လာကိန်းလာလျှင် လောကုတ္တရာမဂ် မဟုတ်သေးဟု သိရမည်။ ဖြစ်ပျက်နှင့် ယှဉ်နေသော လောကီအာရုံကို သာယာမှုနှင့် ဆက်ဆံနေခြင်းဖြစ်ပြီး သခ်ါရတရားနှင့် မကင်းသေး ဟူ၍လည်း သိရမည်။ ထိုသဘောသည် လောကုတ္တရာမဂ်သို့ သွားရာလမ်းကို ပိတ်ဆို့နှောင့်ယှက်ဖျက်ဆီးတတ်သည့် လောကီမဂ်၏ အရှိန်အဟုန်မျှသာဟု ဆုံးဖြတ်ချက်ချလျက် ထိုသဘောကို စွန့်၍ မူလရုပ်နာမ်ပရမတ် အာရုံတို့၏ ဖြစ်တိုင်းဖြစ်တိုင်း၊ ပေါ်တိုင်းပေါ်တိုင်း သတိ ဉာဏ် ပညာတို့ကို မလွတ်ပဲ ဆက်လက် ရှုရမည်။ ထိုအခါ အထက်ပါသဘောများ ဆိတ်သုဉ်း၍ သန့်ရှင်းသော ဝိပဿနာဉာဏ်သည် ဆက်လက် ဖြစ်ပေါ်လာသည်။

ထိုသဘောကို သိမြင်မှုဉာဏ် ရရှိသွားသောအခါ မှန်ကန်သော ကျင့်စဉ်လမ်းကြောင်း မဟုတ်သည်ကို (အမဂ္ဂ) မဟုတ်ဟူ၍ လည်းကောင်း၊ မှန်ကန်သော ကျင့်စဉ်လမ်းကြောင်းကို (ဝိပဿနာမဂ်လမ်းအမှန် ပြန်ပေါ်လာခြင်းကို) မှန်ကန်သော ကျင့်စဉ်လမ်းကြောင်းဟုတ်၏ ဟူ၍လည်းကောင်း ခွဲခြားလျက်သိသော ဉာဏ်သည် အလိုအလျောက်ပင် ဖြစ်ပေါ်လာပါမည်။ ၎င်းကဲ့သို့ဖြစ်ပေါ်လာသောဉာဏ်၏စင်ကြယ်ခြင်းကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်ဆိုပါသည်။

အထက်ပါ ဝိပဿနာအညစ်အကြေးများသည် များသောအားဖြင့် ပရိယတ္တိဗဟုသုတနည်းသော ပုဂ္ဂိုလ်တို့၌ ပို၍ ဖြစ်တတ်သည်။

http://www.dhammadownload.com

၄၊၄။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ဥဒယဗ္ဗယဉာဏ်(အရင့်ပိုင်း)

ထိုဆိုခဲ့ပြီး ရုပ်နာမ်(၃၆)မျိုး၏သဘောကို ဆက်လက်၍ ရှုနေရင်း ပေါ်ဆဲရုပ်၏ ဖြစ်မှုကို လည်းကောင်း၊ ပျက်မှုကိုလည်းကောင်း၊ ပေါ်ဆဲနာမ်၏ ဖြစ်မှုကိုလည်းကောင်း၊ ပျက်မှုကို လည်းကောင်း၊ ပိုင်းခြား၍ပင် ရှုမြင်လာနိုင်သည်။ အရှုညာဏ်သည် အရှုခံအာရုံတို့အပေါ်၌ မလွတ်တမ်း ရှုမြင်နိုင်လာသည်နှင့်အမျှ ပစ္စုပ္ပန် တိုက်ဆိုင်ဆဲ လျှပ်တပြက်မျှ ဖြစ်ပေါ်သော ရုပ်နာမ်တို့ကိုရှုနိုင်လာသည်။ ထိုကဲ့သို့ ဝိပဿနာအညစ်အကြေးများ ကင်းစင်၍ လမ်းကြောင်းမှန် ရောက်လာသော ဝိပဿနာအမြင်ဉာဏ်ကို ဥဒယဗ္ဗယဉာဏ်(အရင့်ပိုင်း)ဟု ခေါ်သည်။

ဘင်္ဂဉာဏ်၊ ဘယဉာဏ် ဖြစ်ပေါ်လာပုံ

ထိုကဲ့သို့ ပစ္စုပ္ပန်တိုက်ဆိုင်ဆဲ ရုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှုသဘောကို မှီအောင်ရှုရင်း ဖြစ်ဆဲရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုသည် ပို၍ အသေးစိတ်ကာ ပို၍မြန်လာသည်။ အရှုညာဏ်သည် ဖြစ်ပျက်နေသော ရုပ်နာမ်တို့၏ အဖြစ်သဘောကို မပိုင်းခြားနိုင်တော့ပဲ အပျက်သဘောကိုသာ ရှုမြင်နိုင်တော့သည်။ လျင်မြန်လွန်းလှသော အဆိုပါရုပ်နာမ်တို့၏ အပျက်ကို လျင်မြန်စွာပင် ရှုမြင်နေသော အရှုညာဏ်သည် ပို၍ အားကောင်းခိုင်မြဲလာကာ ထိုရုပ်ပျက် နာမ်ပျက် အာရုံကို စွန့်၍မရ။ မရှုချင် မသိချင်၍လည်းမရ။ အပျက်ရုပ်နာမ်အာရုံကို ရှုရပါများလာသောအခါ ရှုတိုင်းရှုတိုင်း၊ သိတိုင်းသိတိုင်း၊ မြင်တိုင်းမြင်တိုင်းပင် အပျက်အစဉ်တန်း၊ အပျက်အပုံ၊ အပျက်အစုဝေးမျှသာ ရှိနေပါလားဟူ၍ တသိထဲသိ၊ တမြင်ထဲ မြင်နေရကား ထိုအာရုံကို အကြောင်းခံ၍ ဤခန္ဓာကြီးနှင့် နေရသည်ကိုပင် ကြောက်လန့်သည့်စိတ် ဖြစ်ပေါ်လာသည်။ ဤခန္ဓာ၏ ပျက်စီးမှုနှင့်တကွ ခန္ဓာ၏ ဘေးအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုး၊ အနှစ်မရှိ၊ မခိုင်မာမှု အမျိုးမျိုးကို ပို၍ သိမြင်လာသည်။ ထိုအခါ ခန္ဓာအပေါ်၌ ငြီးငွေ့မှု ပို၍ ပို၍ ဖြစ်လာကာ ဤရုပ်နာမ် အပျက်ပုံကြီးကို တတ်နိုင်လျှင် မီးရှို့ပြီး ပြာချပစ်လိုက်ချင်သော စိတ်များပင် ဖြစ်လာသည်။ ထိုကဲ့သို့ စွန့်ပစ်ချင်သော်လည်း မစွန့်နိုင်၊ မကြည့်ချင် မရှုချင်သော်လည်း မရပဲ တသိတည်းသိသို၍ နေရသည်။ သိတိုင်းလည်း ရုပ်နာမ်အစဉ်တန်းသည် တဖွားဖွား တရိပ်ရိပ်ပင် ပြိုပျက်နေသည်ကို သိမြင်ရသဖြင့် သတိ ဉာဏ်တို့သည် အပျက်ပုံပေါ်၌ တည်နေရသကဲ့သို့ ရှိနေတော့သည်။ မျက်စိ, နား စသော ဒွါရငါးပေါက်တို့တွင်လည်း ဆိုင်ရာအာရုံတို့က မအားတမ်း မနားတမ်း တိုက်ခိုက်နေသည်။ အတိုက်ဓာတ်တို့ ကျရောက်တိုင်း ရုပ်နာမ် ဖြစ်ပျက်မှုများကလည်း ဖြစ်မဆဲ၊ ပျက်မဆဲဖြစ်နေသည်။ ဘူတရုပ်မှ ကလာပ်မှန်များ တဖွားဖွားနှင့် ပြိုပျက်နေမှုသည် လည်းကောင်း၊ ပူမှု တင်းမှု တောင့်မှု စသော ဓာတ်လေးပါး၏ ဖောက်ပြန်မှုများသည် လည်းကောင်း ရေပြင်ကိုလေတိုက်၍ လှိုင်းကြက်ခွပ်များ တဖျပ်ဖျပ်နှင့်ရိုက်ခတ်သလို ဖြစ်မဆုံး ပျက်မဆုံး ဖောက်ပြန်နေကြသည်။ ထိုအခါ မိမိရှုနေသော အရှုခံခန္ဓာထုပ်သည် ဖောက်ပြန် ပြိုပျက်နေသည့် ရုပ်နာမ်အထုပ်ကြီးဟု မြင်လာကာ ကြောက်လန့်လာသည်။ ချမ်းသာချင်၍ တရားရှာသည်။ 'တရားရှာ ခန္ဓာမှာတွေ့' ဟူ၍ ရှာခဲ့ရာ ခန္ဓာ၌ ချမ်းသာတစ်ခုမျှ မတွေ့ရပဲ ဆင်းရဲမှုများသာ တွေ့ရသည်။ တရစပ် ပျက်နေသော ရုပ်နာမ်အထုပ်နှင့် မနေလိုတော့ပါ။ ခန္ဓာရရှိခြင်းသည် ဘေးဆိုးရရှိခြင်းသာ ဖြစ်နေပြီး ထိတ်လန့်ကြောက်ရွံ့စရာ ကောင်းလာသည်။ စွန့်ပစ်၍လည်း မရပါ။

http://www.dhammadownload.com

အာဒီနဝဉာဏ်နှင့် နိဗ္ဗိန္ဒဉာဏ်

ဝိပဿနာအရှုဉာဏ်သည် အရှုခံရုပ်နာမ်တို့အပေါ်မှရှောင်လွှဲနေ၍မရပါ။ စားတော့လည်း အပျက်သဘော၊ နေတော့လည်း အပျက်သဘော၊ သွားတော့လည်း အပျက်သဘော၊ ထိုင်တော့လည်း အပျက်သဘော၊ ကြည့်တော့လည်း အပျက်သဘော၊ ဣရိယာပုထ်လေးပါးလုံး၌ အပျက်သဘောကို မလွတ်တမ်း သိနေသည်။ သိသမျှ ဆင်းရဲပြီး အပျက်ရုပ်နာမ်တို့နှင့် နေရသည်ကို မသာယာတော့ပါ။ ပညတ်အာရုံပြုလိုစိတ်များ ခန်းခြောက်လာသည်။ အရှုဉာဏ်စိတ်ကို ရုပ်နာမ်တို့၏ လက္ခဏာသုံးချက်က မလွတ်တမ်း နှိပ်စက်နေဘိသကဲ့သို့ သက်သာခွင့်မရပဲ အကျဉ်းအကြပ် ခံနေရသည်။ ခန္ဓာရခြင်း၊ ဘဝရခြင်းကို ကြောက်ရွံ့ ငြီးငွေ့လာသည်။ စက္ကန့်ပိုင်းမျှပင် သက်သာခွင့်မရဖြစ်ကာ ငြီးငွေ့လာသည်။

မုဉ္စိတုကမျတာဉာဏ်

ထိုကဲ့သို့ အရှုခံ ရုပ်နာမ်အပျက်ကို တရစပ် ရှုမြင်နေရခြင်းကြောင့် ထိုအပျက်ရုပ်နာမ်အာရုံမှ လွတ်ရာအာရုံကို ရှာလိုသော စိတ်ဖြစ်လာသော်လည်း စက္ခုဒွါရရှိ ရုပ်နာမ်အပျက်မှ လွတ်ရာကို ပြေးထွက်၍မရပါ။ သောတဒွါရရှိ ရုပ်နာမ်အပျက်မှလည်း လွတ်ရာသို့ ပြေးထွက်ကြည့်သည်။ ပြေးထွက်၍မရပါ။ ထို့အတူ ဃ္နာန်ဒွါရပေါက် အသီးသီးမှ ပြေးထွက်ကြည့်သော်လည်း ပြေးထွက်၍မရပေ။ အပျက်အာရုံနှင့်လွတ်ရာ ဒွါရခြောက်ပေါက်မှ ပြေးထွက်ကြည့်ရာ၌လည်း အပျက်အာရုံနှင့်သာ ရင်ဆိုင်နေရသည်။ ဗဟိဒ္ဓအာရုံ (သစ်ပင်၊ တောတောင်၊ လူ၊ ခွေး)တို့ကို ကြည့်ရာ၌လည်း ထိုဗဟိဒ္ဓအာရုံတို့သည်လည်း အပျက်အာရုံပင် ဖြစ်နေသည်။ ထိုအာရုံရုပ်အပျက်ကို မြို၍ သိလျက် သိလျက်နေသော နာမ်အစဉ်ကလည်း တပျက်ထဲ ပျက်နေသည်။ စိတ်သည် အာရုံနှင့်ကင်း၍ မနေနိုင်သည်ကိုလည်း သိနေသည်။ မြိုရာအာရုံတို့ကလည်း အပျက်သာ ဖြစ်နေသည်။ ထိုသို့ သိလေ လွတ်မြောက်လိုမှုစိတ်သည် ပို၍ ပို၍ အားကြီးလေ ဖြစ်နေသည်။ ထို့ကြောင့် ဆင်းရဲငြီးငွေ့ရခြင်းမှ လွတ်မြောက်လိုသောစိတ်များ နီးကြားလာသည်။

ပဋိသင်္ခါဉာဏ်

အပျက်ရုပ်နာမ်အာရုံမှ လွတ်လိုထွက်ပြေးလိုသော်လည်း မလွတ်နိုင်၊ ပြေး၍မရနိုင်မှန်း သိလာသည်။ ထိုအခါ လွတ်အောင် ထွက်ပြေးရမည့်အစား မိမိ၏ ဆင်းရဲရသည့်အကြောင်းရင်းကို ဆန်းစစ်သည့်ဉာဏ် ဖြစ်ပေါ်လာသည်။

ရုပ်နာမ်တို့ကို မြင်မှ မဂ်ဖိုလ်နိဗ္ဗာန်ရမည် (ဝါ) အနည်းဆုံး အပါယ်တံခါးပိတ်မည်ဟု မိမိနားလည်ထားခဲ့သည်။ ထို့ကြောင့် ရုပ်နာမ်ကို မြင်အောင်အားထုတ်ခဲ့ရသည်။ ရုပ်နာမ်မြင်လျှင် ချမ်းသာမည်ဟူသောစိတ်ဖြင့် ကြိုးစားကျင့်ကြံခဲ့ရသည်။ ထိုရုပ်နာမ်တို့ကို မလစ်တမ်းသတိအားကောင်းစွာဖြင့် ရှုခဲ့ရသည်။ ယခုအခါ ရုပ်နာမ်ပေါ်၌ ငါ့ခန္ဓာထုပ် ပျက်နေတယ်ဟူ၍ မှားယွင်းစွာ နှလုံးသွင်းမှုကြောင့် ဆင်းရဲနေရပါလား၊ ငါ့အလိုမကျ၍ ဆင်းရဲနေရပါလားဟု မိမိဆင်းရဲရခြင်း၏ အကြောင်းကို ဉာဏ်မှာမြင်ပြီး သဘောကိုသဘောအတိုင်း ရှုမှသာလျှင် အမြင်စင်ကြယ်မည်ဟု သဘောပေါက်လာကာ အာနာပါန ကမ္မဋ္ဌာန်း တစ်ခုတည်းမှ ရုပ်နာမ်ဖြစ်စဉ်ကို လက္ခဏာရေးသုံးပါးဖြင့် တဖန်ရှုပြန်သည်။

ရုပ်နာမ်တို့၏ ဓမ္မသက်သက်ကို ရှုလျက် သခ်ါရတရားတို့သည် အကြောင်းညီညွတ်စွာ ဖြစ်ကြ၍ ချုပ်ကြသည်၊ အကြောင်းတရားများ တွေ့ဆုံတိုင်း အကျိုးတရားများ သူ့အလိုလို ဖြစ်ပေါ်ကြသည်၊ ဖြစ်ပေါ်ပြီး အကျိုးဆက် သခ်ါရတရားများလည်း ဖြစ်ပြီးလျှင် ပျက်သွားသည်၊

http://www.dhammadownload.com

ငါဟူ၍လည်းကောင်း၊ ငါ့ကိုယ်ဟူ၍လည်းကောင်း၊ ငါဖန်တီးသည်ဟူ၍လည်းကောင်း မြူမျှပင်မရှိ၊ ဤကဲ့သို့ အတိတ်အကြောင်းကြောင့်ဖြစ်သော ပစ္စုပ္ပန်အကျိုးကိုလည်းကောင်း၊ ပစ္စုပ္ပန်အကြောင်းကြောင့်ဖြစ်သော ပစ္စုပ္ပန်အကျိုးကို လည်းကောင်း၊ အကြောင်းအကျိုး အဆက်ဆက်တို့၏ သဘောကို ရှုနေပြန်သည်။ တိုက်ဆိုင်ရာမှာဖြစ်ပြီး တိုက်ဆိုင်ရာမှာပင် ချုပ်နေသည့် ရုပ်နာမ်တို့၏ သဘောကိုလည်း မှန်မှန်ဆက်၍ရှုပွားပြန်သည်။

ဝိပဿနာရှုသော ယောဂီ၏ မုဦတုကမျတာဉာဏ်အထိသဘော

ဆင်ရိုင်းဖမ်းဥပမာ

ဆင်ဖမ်းသမားတို့သည် တောတွင်း၌ ခိုင်ခံ့သော ဆင်ဖမ်းကျုံးကို ပြုလုပ်၏။ မိမိတို့ ယဉ်ကျေးအောင် လေ့ကျင့်ပေးထားသော ဆင်မယဉ်သာဖြင့် တောဆင်ရိုင်းအထီးကို ဖြားယောင်းစေလျက် ကျုံးဖက်သို့ ခေါ်လာစေသည်။ ဆင်မသည် ကျုံးအတွင်းသို့ ဖြတ်သန်းဝင်ရောက်လာသည်နှင့်အမျှ ဆင်ထီးက နောက်မှ ထက်ကြပ်မကွာ လိုက်လာသည်။ အချက်ကျကျ စောင့်နေသော ဆင်ဖမ်းသမားတို့က ကျုံးအတွင်းသို့ တောဆင်ရိုင်းရောက်လာသောအခါ ဆင်မကို ကျုံးအပြင်ဖက်သို့ ထွက်စေပြီး ကျုံးတံခါးကို ပိတ်လိုက်သည်။

ထိုအခါ တောဆင်ရိုင်းသည် မိမိအား ထောင်ဖမ်းသည်ကို သိလိုက်သည်နှင့်တပြိုင်တည်း ကျုံးကို မိမိ၏ နှာမောင်း, အစွယ်, ကိုယ်လုံးတို့ဖြင့် အနာခံကာဖျက်ဆီးတော့သည်။ ဆင်ဖမ်းသူတို့ကို ဆင်ရိုင်းက စိစိညက်ညက်ဖြစ်အောင် သတ်ဖြတ်ချင်သောစိတ်များ ဖြစ်နေသည်။ ထိုဆင်ဖမ်းသမားတို့သည် ဆင်ရိုင်းအား အစာမကျွေး ရေမတိုက်ပဲ ပစ်၍ထား၏။ ကျုံးထဲဝင်ကာစ နှစ်ရက် သုံးရက်အတွင်း၌ ကျုံးဖျက်ရန်သာ ဆန္ဒရှိနေသဖြင့် မိမိနှာမောင်း, အစွယ်, ခန္ဓာကိုယ်တို့ နာကျင်မှန်း သတိမထားမိချေ။ တစ်ပတ်ကျော် ကြာလာသောအခါ ရေ, အစာအာဟာရတို့ ပြတ်ခြင်းကြောင့်ဖြစ်သည့် ဆင်းရဲခြင်းဒုက္ခကိုလည်းကောင်း၊ ခန္ဓာကိုယ် တစ်ခုလုံး နာကျင်နေသည့် ဒုက္ခကိုလည်းကောင်း ခံစားနေရပြီး မာန်ကျကာ မြေသို့ ခေါင်းစိုက်ကျ၍ နေရတော့သည်။ ကျုံးထဲမှလည်း ထွက်၍မရပေ။

ထိုဥပမာကဲ့သို့ပင် ဆင်မနှင့်တူသော ရုပ်နာမ်ကို မြင်ချင်တာလည်းဤစိတ်၊ ထိုဆင်မ၏ ကာမဂုဏ်ကို ခံစားချင်တာလည်း ဤစိတ်၊ ဆင်မတည်းဟူသော ရုပ်နာမ်ကိုမြင်အောင် လိုက်ရှုတာလည်း ဤစိတ်၊ ဆင်မတည်း ဟူသော ရုပ်နာမ်သည် လှည့်စားတတ်သည်ကိုလည်း မသိ၊ ဆင်မတွင် အမှန်တကယ် ရိုးသားသောမေတ္တာ မရှိသကဲ့သို့ ရုပ်နာမ်၌လည်း ချမ်းသာအစစ် မရှိသည်ကို မသိပေ။

ထို့ကြောင့် ရုပ်နာမ်ကိုမြင်လျှင် ချမ်းသာမည်၊ တရားရမည် ဆိုသဖြင့် ရှုပွားအားထုတ်ခဲ့သည်။ အမှန်တကယ် ရှုအားသန်၍ ရုပ်နာမ်ကို မြင်လာသောအခါ စိတ်သည် ပညတ်နယ်သို့ ရုန်းထွက်၍ မရတော့ပဲ သမ္မာဒိဋ္ဌိတည်းဟူသော ကျုံးတံခါး ပိတ်လိုက်သလို ဖြစ်သွားသည်။ ဆင်မနှင့် မပျော်ပါးရဘိသကဲ့သို့ ရှုစိတ်သည် ရုပ်နာမ်အပေါ်၌ ချမ်းသာမှု(နိဗ္ဗာန်)နှင့်လည်း မပေါင်းသင်းရပေ။ ဆင်ရိုင်းကြီး နောက်ကြောင်း ပြန်လှည့်ခွင့် မရသလို စိတ်သည်လည်း ရုပ်နာမ်အပေါ်၌ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်ခွင့်မရှိတော့ပါ။ အရှုဉာဏ် ဆင်ရိုင်းကြီးသည် အရှုခံရုပ်နာမ် ခန္ဓာအိမ်တည်းဟူသော ကျုံးမှထွက်ခွင့်မရှိ။ ရုပ်ပျက်နာမ်ပျက်တို့ အပေါ်မှ ရှောင်လွှဲ၍မရတော့ပေ။

အနိစ္စဝိပဿနာဉာဏ်က နိစ္စအယူကိုလည်းကောင်း၊ ဒုက္ခဝိပဿနာဉာဏ်က သုခအယူကို လည်းကောင်း၊ အနတ္တဝိပဿနာဉာဏ်က အတ္တအယူကို လည်းကောင်း၊ တရစပ် တိုက်ခိုက်

http://www.dhammadownload.com

ဖြိုဖျက်နေတော့သည်။ အရှုစိတ်ကလည်း အရှုခံအပျက်ရုပ်နာမ်အပေါ်၌ အလွန်ငြီးငွေ့လာသည်။ နောင်တဖန် ဤကဲ့သို့ ခန္ဓာဘဝမျိုး ထပ်မယူချင်၊ မဖြစ်ချင်သောစိတ်များ တဖွားဖွား ပေါ်ထွက်လာသည်။ ပေါင်၌ မြားမှန်ထားသော သမင်သည် မသေသရွေ့ မြက်စားကာ နေရသော်လည်း မြက်၏အရာသာကိုမသိပဲ မြားဒဏ်ချက်အနာကိုသာ သတိမလစ်တမ်း သိနေရသကဲ့သို့ အလကားနေသည်ဆိုသော်လည်း စိတ်သည် ရုပ်နာမ်ခန္ဓာအပျက်၏ ဒုက္ခဒဏ်ရာ ဒဏ်ချက်ကိုသာသိပြီး အမြဲဆင်းရဲနေသည်။ ထို့အတူ အရှုခံအာရုံ အပျက်ပုံကြီးကို ကြည့်ပြီး ရုပ်ပျက်နာမ်ပျက်တို့အပေါ်၌ ငြီးငွေ့ကြောက်ရွံ့၍သာ နေတော့သည်။ အာရုံတစ်ခုနှင့် တိုက်ဆိုင်တိုင်း ရှုပျက်, သိပျက်, ခံစားပျက်တို့ဖြင့် စိတ်တည်နေရသည်။ ဆင်ကြီးသည် ကျဲးအတွင်းမှ လွတ်ချင်သကဲ့သို့ အရှုဉာဏ်စိတ်သည်လည်း ခန္ဓာအပျက်မှ လွတ်ချင်လာသည်။

လောကီသစ္စာနှစ်ပါး

၁။ အတိတ်ဘဝ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ = အကြောင်းတရားသမုဒယသစ္စာ
၂။ ပစ္စုပ္ပန်ခန္ဓာငါးပါးဖြစ်ပျက် = အကျိုးတရားဒုက္ခသစ္စာ
၃။ ပစ္စုပ္ပန်ခန္ဓာအပျက်မှ လွတ်လိုခြင်း = အကြောင်းသမုဒယသစ္စာ
၄။ လွတ်ရာမရ၍ ဆင်းရဲခြင်း = အကျိုးတရားဒုက္ခသစ္စာ

သင်္ခါရုပေက္ခာဉာဏ်မှ မဂ္ဂဝီထိသို့ ဆက်စပ်ကူးခြင်း၏အကြောင်း

ခန္ဓာရှိသောမည်သည့်သတ္တဝါမဆို အာရုံနှင့်ဒွါရတိုက်ဆိုင်တိုင်း ဝိပဿနာဉာဏ်ဖြင့် ရှုမြင်နိုင်သည်ဖြစ်စေ မရှုမြင်နိုင်သည်ဖြစ်စေ ဖြစ်ပျက်ရုပ်နာမ်အစဉ်ရှိနေသည်။ ထိုသင်္ခါရသဘောများ၏ ဖြစ်ခြင်း ပျက်ခြင်းသည် ချုပ်ဆုံးမည်မဟုတ်ချေ။ မူလအရင်းတည်ခဲ့သော ရုပ်နာမ်တို့ကို မြင်အောင်ရှုနိုင်လျှင် နိဗ္ဗာန်ရောက်မည်ဟူသော ယုံကြည်မှုသဒ္ဓါ၊ ထိုရုပ်နာမ်တို့ကို မြင်အောင် အားထုတ်မှု ဝီရိယ၊ ထိုရုပ်နာမ်တို့ကို မလစ်တမ်းစောင့်ရှုမှု သတိ၊ ထိုရုပ်နာမ်တို့ဖြစ်တိုင်း တဖြောင့်တည်း စောင့်ရှုနေသည့် သမာဓိ၊ ရုပ်နာမ်တို့၏ သဘောကို ပိုင်းခြားရှုနေသော ပညာစသည်တို့သည် လောကီအာရုံများသာ ဖြစ်နေပြီး ထိုငါးပါးအပေါ်၌ နောက်ကွယ်တွင် မသိနိုင်သော အနုသယဓာတ်က အလိုမကျ ဖြစ်နေသည်။ ထိုအလိုမကျမှုသည် ဖြစ်ပျက်နေသော ရုပ်နာမ်မှ လွတ်လိုသောဆန္ဒ ဖြစ်သည်။ ရုပ်နာမ်တို့၏ဖြစ်ပျက်မြင်လျှင် ရုပ်နာမ်ချုပ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရမည်ဟူသော မာန်ခံနေ၏။ လိုချင်တာက မဖြစ်မပျက်နိဗ္ဗာန်၊ ရနေတာက ဖြစ်ပျက်ရုပ်နာမ်။ သို့သော် ရှုနေသော ရုပ်နာမ်အာရုံမှ လွတ်ရာ၌လည်း စိတ်ကို မတည်နိုင်။

ထိုသို့ဖြစ်ရခြင်းသည် အရှုဉာဏ်စိတ်၌ ခန္ဓာဖြစ်ပျက်တို့၏ ချုပ်ငြိမ်းရာကို တောင့်တသော အာသာဆန္ဒ ကပ်ငြိနေခြင်းကြောင့် ဖြစ်ပါသည်။ အဆိုပါအဆင့်သည် သင်္ခါရုပေက္ခာဉာဏ် အနုပိုင်း ဖြစ်ပါသည်။ ထိုမှတဖန် ရှုအားသန်လာသောအခါ တဖြည်းဖြည်း အရှုဉာဏ်သည် တောင့်တမှု အာသာဆန္ဒ ကင်းစင်စွာဖြင့် အာရုံနှင့် ဒွါရတိုက်ဆိုင်တိုင်း ဖြစ်ဆဲရုပ်နာမ်တို့၏ သဘောသက်သက်ကို ကြည့်ကာမျှ ရှုကာမျှ မြင်ကာမျှအတိုင်းသာ ရှုလာနိုင်ပါတော့သည်။ အဆိုပါအဆင့်သည် သင်္ခါရုပေက္ခာဉာဏ် အရင့်ပိုင်းဖြစ်ပါသည်။

http://www.dhammadownload.com

ပညိန္ဒြေ၏သဘော

ထိုအခါ၌ အစိုးတရအပြားအားဖြင့်သိမှု 'ပညိန္ဒြေ' ဟူသည် အာဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်အပြားအားဖြင့်သိမှု 'ပညာ'၊ အပြားအားဖြင့် သိခြင်းသဘော 'ပဇာနနာ'၊ (အနိစ္စစသည်ကို) စိစစ်ခြင်းသဘော 'ဝီစယ'၊ အပြားအားဖြင့် စိစစ်ခြင်းသဘော 'ပဝိစယ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ (အနိစ္စစသည်ကို) ကောင်းစွာမှတ်ခြင်းသဘော 'သလ္လက္ခဏာ'၊ ကပ်၍မှတ်ခြင်းသဘော 'ဥပလက္ခဏာ'၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော 'ပစ္စုပလက္ခဏာ'၊ အသိဉာဏ်ရှိသူ၏အဖြစ် 'ပဏ္ဍိစ္စ'၊ ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ် 'ကောသလ္လ'၊ သိမ်မွေ့သူ၏အဖြစ် 'နေပုည'၊ (အနိစ္စစသည်ကို) ဝေဖန်တတ်သူ (ထင်ရှားပြတတ်သူ)၏အဖြစ် 'ဝေဘဗျာ'၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော 'စိန္တာ'၊ နှိုင်းချိန်ခြင်းသဘော 'ဥပပရိက္ခာ'၊ မြေကြီးနှင့်တူသောသဘော တနည်း ဟုတ်မှန်သောအနက်၌ မွေ့လျော်တတ်သောသဘော 'ဘူရီ'၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သောသဘော 'မေဓာ'၊ ထိုးထွင်း၍သိမှု၌ ညွှတ်စေတတ်သောသဘော 'ပရိဏာယိကာ'၊ အထူးထူး ရှုမြင်တတ်သောသဘော 'ဝိပဿနာ'၊ ကောင်းစွာအပြားအားဖြင့် သိတတ်သောသဘော 'သမ္မဇည'၊ (လမ်းမှားသို့ ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ (တုတ်တပြာ)နှင့်တူသောသဘော 'ပတောဒ'၊ ပညာဟူသော အစိုးတရ အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) အပြားအားဖြင့်သိမှုလက်နက် 'ပညာသတ္ထ'၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) အပြားအားဖြင့်သိမှု ပြာသာဒ 'ပညာပါသာဒ'၊ အပြားအားဖြင့် သိမှုအလင်း 'ပညာအာလောက'၊ အပြားအားဖြင့် သိမှုအရောင် 'ပညာဩဘာသ'၊ အပြားအားဖြင့် သိမှုတန်ဆောင် 'ပညာပဇ္ဇောတ'၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) အပြားအားဖြင့် သိမှုရတနာ 'ပညာရတနာ'၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'၊သည်(ရှိ၏)။ ထိုအခါ၌ အစိုးတရ အပြားအားဖြင့်သိမှု 'ပညိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။[၉]

ပရမတ်ရုပ်နာမ်များကို ရှုမြင်နိုင်ရန် ဣန္ဒြိယသံဝရသီလကို ပြည့်ဝစင်ကြယ်စွာ စောင့်ထိန်းခဲ့ရသည်။ ထိုသို့ စောင့်ထိန်းနိုင်သဖြင့် ကိလေသာအညစ်အကြေးများ ကင်းစင်သောစိတ် (စိတ္တဝိသုဒ္ဓိ) ဖြစ်ခဲ့သည်။ ထိုစိတ်ကို သတိစေတသိက်နှင့် ဧကဂ္ဂတာစေတသိက်တို့က အစိုးတရ အုပ်ချုပ်နိုင်ပြန်သည်။ ၎င်းကို သတိန္ဒြေ၊ သမာဓိန္ဒြေဟု ခေါ်သည်။ ထိုဣန္ဒြေတို့ဖြင့် ပြည့်စုံပြီးသောစိတ်ကို ပညာစေတသိက်သည် ထပ်ဆင့်၍ အစိုးတရအုပ်ချုပ်နိုင်သောအခါ ပညိန္ဒြေသို့ ဆိုက်ရောက်ပြီဖြစ်သည်။ ပညိန္ဒြေသို့ ရောက်ရှိခြင်းကြောင့်သာလျှင် သိရန် ခက်ခဲလှစွာသော ပရမတ်ရုပ်နာမ်များကို ပိုင်းခြားရှုမြင်လျက် ဝိပဿနာဘာဝနာ ပွားနိုင်ခြင်း ဖြစ်သည်။ တရားကျင့်သောယောဂီတို့အနေဖြင့် မိမိ၏အရှုညာဏ်သည် ဤကဲ့သို့ ပညိန္ဒြေဖြင့် ပြည့်စုံမှု ရှိမရှိကို အထက်ပါ ဘုရားဟောဒေသနာဖြင့် ကိုက်ညီစစ်ဆေးကြည့်ပါ။



[၉] ဓမ္မသင်္ဂဏိပါဠိတော်၊ စိတ္တုပ္ပါဒကဏ္ဍ (စိတ်, စေတသိက်ပိုင်း) ကာမာဝစရကုသိုလ်-၁၆ နှာ-၃၁

http://www.dhammadownload.com



http://www.dhammadownload.com



အခန်း(၅)

အရိယာမဂ်၏သဘောသဘာဝ

နိဗ္ဗာန်ဟူသည် ပုထုဇဉ်ဓလေ့ဖြင့် လိုရာကို လိုသလို ဖန်တီးအပ်၊ ပြုပြင်အပ်သောအရာ မဟုတ်ပါ။ ထို့ကြောင့် ပုထုဇဉ်လောကီနယ်မှ အရိယာလောကုတ္တရာနယ်သို့ ကူးပြောင်းရာတွင် ပုထုဇဉ်ဓလေ့ ပုထုဇဉ်အကျင့်ဖြင့် ကူးပြောင်း၍ မရနိုင်ပါ။ တရားကျင့်နေသောယောဂီသည် လောကီပုထုဇဉ်နယ်မှ မလွတ်သေးသရွေ့ ပုထုဇဉ်ဓလေ့များ၊ စရိုက်များ၊ ဒိဇများ ကင်းမည်မဟုတ်သေးပေ။ နိဗ္ဗာန်ကိုလည်း တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံရသေးပေ။ သခါရုပေက္ခာ ဉာဏ်အရင့်ပိုင်းသို့ ရောက်နေသော ယောဂီသည် ပုထုဇဉ်အနွယ် ဓလေ့စရိုက် ဒိဇအကျင့်တို့ကို အရှုဉာဏ်၌ စွန့်ပယ်နိုင်ခြင်းသည်ပင်လျှင် လောကုတ္တရာနယ်(မဂ္ဂဝီထိအစဉ်)သို့ အလိုလို ကူးမြောက်ပြီးသားဖြစ်သွားပါသည်။ လောကီမဂ်မှလောကုတ္တရာမဂ်သို့ဆိုက်ရောက်ပုံလည်း လျော်ညီရမည်ဖြစ်သည်။

အနုလောမဉာဏ်

အနုလောမဉာဏ်သည် သခါရုပေက္ခာဉာဏ်မှ ရှုနေသော လောကီရုပ်နာမ်သခါရအာရုံကို လက္ခဏာရေးသုံးပါးဖြင့် မျှတညီညွတ်စွာ ရှုနေဆဲပင် ရှိသေးသည်။ ထိုသို့ ရှုနေသော်လည်း ရုပ်နာမ်တို့၏ ဖြစ်ပျက်သည် ဆုံးသည်ဟူ၍မရှိ။ ထိုရုပ်နာမ်တို့သည် ဓမ္မသဘောအတိုင်း သူ့အလိုလို ဆောင်နေခြင်းဖြစ်သည်။ ဖြစ်ပျက်မှု မဆုံးပေ။ အရှုဉာဏ်သည် ရုပ်နာမ်သခါရတို့၏ ဖြစ်ပျက်အစဉ်ပေါ်၌ ရပ်နေဘိသကဲ့သို့ တည်ငြိမ်နေသည်။ ထိုသို့ ရှုနေရာမှ ဆင်ခြင်သောဉာဏ်ကဲ့သို့ ဖြစ်ပေါ်လာ၏။ ရုပ်နာမ်ဓမ္မ သခါရတရားတို့သည် ခန္ဓာ ရရှိပြီးကတည်းက ဖြစ်တည်ပျက် ဓမ္မသဘောအစဉ် ဖြစ်နေသည်။ ထိုဓမ္မကို မစွန့်သရွေ့ လွတ်မည်မထင်။ သို့သော်လည်း ထိုလောကီဓမ္မသခါရအာရုံမှလည်း ပြောင်းညွတ်စရာ မရှိ။ မိမိရှုခဲ့ရသည်မှာလည်း ရှုအားပန်းလာသည်။ ပင်ပန်းလာသလောက် မိမိအလိုရှိရာ နိဗ္ဗာန်ဆိုသည်ကိုလည်း မသိရ၊ မမြင်ရသေးခေ့။ လောကီနယ်မှလည်း မလွတ်သေးပါ။ လွတ်ချင်၍ ရှုပြန်တော့လည်း လောကီနယ်ထဲပဲ ပြန်ရောက်နေသည်ဟု ဆင်ခြင်မိသည်။

အထက်ပါအတိုင်း ဆင်ခြင်ရာမှ 'သိချင်သေးတယ်၊ ရှုချင်သေးတယ်'ဆိုသော စေတနာပေါ်တိုင်း ရှုပြန်သော်လည်း လောကီနယ်မှမလွတ်ပဲ ဖြစ်နေသည်။ ဤကဲ့သို့ အကြိမ်ကြိမ်အဖန်ဖန် ဆင်ခြင်၍ ရှုနေရာမှ ဆုံးဖြတ်ချက်တစ်ခု ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။ ငါတော့ နိဗ္ဗာန်ရောက်မှာ

http://www.dhammadownload.com

မဟုတ်တော့ပါဘူးဟု အားငယ်စွာ မာန်ချကာ အလိုဆန္ဒအားလုံးနှင့် လိုရာကို ပြုချင်သည့် စေတနာအားလုံးကို အပြီးအပိုင် စွန့်လွှတ်လိုက်တော့သည်။ ထိုအခါ ရှူချင်တယ် ဆိုသောစိတ်၊ သိချင်တယ် ဆိုသောစိတ်၊ လွတ်ချင်တယ် ဆိုသောစိတ်၊ လွတ်ကြောင်း ရှာချင်သောစိတ်၊ မလွတ်ပါလား ဆိုသောစိတ်၊ ဘယ်လိုရှာရမလဲ ဆိုသောစိတ် စသော အလိုနှင့်ယှဉ်သော စိတ္တသခ်ါရအားလုံး ချုပ်ဆုံးသွားကာ ဘဝင်အဆင့်ဆင့်ကျသွားသည်။ ထိုအခါ လောကီစိတ္တသခ်ါရ အားလုံး ချုပ်ငြိမ်းပြီးနေသောစိတ်သည် လောကီအာရုံများဖြစ်သည့် သဏ္ဌာန်ဒြပ် အရိပ်နိမိတ်တို့ကင်းဆိတ်ရာ နိဗ္ဗာန်ကို အာရုံပြုပြီးသားဖြစ်ကာ စိတ်သည် ပကတိ (ပိုင်ရှင်မရှိဘိသကဲ့သို့) ထီးထီးတည်နေသည်။ လောကီသခ်ါရတို့ ချုပ်ခြင်းကိုအာရုံပြုမှု (၀၊) နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်ကို အာရုံပြုမှုပင်တည်း။

လောကီပရမတ်ကိုအာရုံပြုလိုသောဆန္ဒ နှင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုလိုသောဆန္ဒဟူသော အလိုနှစ်ခုစလုံးကို စွန့်လွှတ်နိုင်သဖြင့် ထိုစိတ်သည် အထူးစင်ကြယ်ပြီး နိဗ္ဗာန်ကို အာရုံပြုနိုင်ခြင်း ဖြစ်သည်။ **(စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော)**[၁]

ထိုသို့ စွန့်လွှတ်လိုက်ရာတွင် ရုပ်နာမ်တို့ကို ရှုချင်သည်လည်းမဟုတ်၊ မရှုချင်သည်လည်းမဟုတ်၊ မသိချင်သည်လည်းမဟုတ်၊ သိချင်သည်လည်းမဟုတ်၊ လွတ်လို၍ လွှတ်ခြင်းလည်းမဟုတ်၊ လွတ်ကြောင်း တွေ့၍ လွတ်ရာသို့ ပြေးဝင်ခြင်းလည်းမဟုတ်၊ ရုပ်နာမ်တို့ကို ရှုလိုခြင်းကိုလည်းကောင်း၊ မရှုလိုခြင်းကို လည်းကောင်း စွန့်လွှတ်လိုက်ခြင်း ဖြစ်သည်။ အရှုဉာဏ်၌ အလိုဆန္ဒအားလုံး ချုပ်ငြိမ်းသွားခြင်းဖြစ်သည်။ အရှုဉာဏ်စိတ်သည် တဏှာ၏ နှောင်ဖွဲ့မှုမှ လွတ်မြောက်သွားခြင်း ဖြစ်သည်။

ဤခန္ဓာရုပ်နာမ်အစုံကို တဏှာတည်ဆောက်ထားပြီး နေရာတကာတွင် တဏှာဗိုလ်ကျနေသည်။ စိတ်သည် တဏှာကြီးစိုးမှုမှ လွတ်ခွင့် မရခဲ့ပေ။ ယခုအခါ၌ကား စိတ်ကို သီလသမာဓိတို့ဖြင့် လည်းကောင်း၊ ဝိပဿနာဉာဏ်အမြင်ဖြင့်လည်းကောင်း ခိုင်မြဲစွာ စိုးမိုးထားသည်။ သို့သော်လည်း အနုသယကိလေသာအစု ရှိနေသေးသည့်အတွက် မပယ်နိုင်သေးသည့် တဏှာသည် အရှုဉာဏ်နောက်ကွယ်မှ ကပ်လိုက်နေသည်။ ပျက်တယ်ဟု အနိစ္စသညာပေးမှုကြောင့် ဒုက္ခသညာ ပြန်ကပ်ရသည်။ ပျက်တယ်ဆိုသောအခါ မသာယာပါ။ ယခင်က အတ္တဒိဋ္ဌိဖြင့် စိတ်ကို စိုးမိုးထားခဲ့သမျှ ယခုအခါ အနတ္တလက္ခဏာ ဉာဏ်အမြင်က အတ္တဒိဋ္ဌိအမြင်ကို အမြစ်က ဆွဲနှုတ်သလို နှုတ်ပယ်နေတော့သည်။

အနတ္တဉာဏ်အမြင်အရ ရုပ်နာမ်တွင် အနှစ်မရှိ၊ မခိုင်မြဲ၊ ချမ်းသာမှု မရှိသဖြင့် ဆင်းရဲရပြန်သည်။ ထို့ကြောင့် အနိစ္စသညာသည် ဒုက္ခသညာကိုသာ ဖြစ်စေပြီး အနတ္တသညာကလည်း တဏှာကို အားနည်းချည့်နဲ့စေသည်။ နိဗ္ဗာန်အာရုံသည် အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာတို့မှ ဆိတ်သုဉ်းခြင်းဖြစ်သည်။ ရုပ်နာမ်သည် ဖြစ်ပျက် ဒုက္ခသစ္စာသက်သက်သာ ဖြစ်သည်။ ထိုရုပ်နာမ်နှင့် သညာသုံးမျိုးသည် နိဗ္ဗာန်၏ အာရုံမဟုတ်၊ သခ်ဓာဖြစ်ပျက် ပရမတ်နယ်ဖြစ်နေသည်။ နိဗ္ဗာန်သည် မဖြစ်မပျက် အသခ်ဓာတနယ်ဖြစ်သည်။

ရုပ်နာမ်ကို လက္ခဏာသုံးချက် စွဲထားသမျှ သခ်ဓာတနယ် ပညတ်သမုတိနယ်မှလည်း မလွတ်ပဲ ဒုက္ခနယ်၌ ဒုက္ခသာခံစားနေရမည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသော ဆန္ဒဖြင့် ရုပ်နာမ်တည်းဟူသော သခ်ဓာပရမတ်ကို ရှုလိုမှု အာလယကို မစွန့်လွှတ်သမျှ အသခ်ဓာ နိဗ္ဗာန်ကို အာရုံမပြုနိုင်ပေ။

---

[၁] မဟာဝဂ္ဂသံယုတ်ပါဠိ၊ သစ္စသံယုတ္တံ၊ ဓမ္မစက္ကပ္ပဝတ္တနဝဂ္ဂ၊ ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ–၁၀၈၁၊ နှာ–၃၈၉

http://www.dhammadownload.com

ထို့ကြောင့် အရှုညာဏ်စိတ်သည် ရုပ်နာမ်သစ်တ ဖြစ်ပျက်တို့ကို နှလုံးသွင်း ဆင်ခြင်သုံးသပ်မှု အမျိုးမျိုး စသည့် သဒ္ဓါရတရား အားလုံးကို စွန့်လွှတ်လိုက်ခြင်းဖြင့် အသစ်တဓာတ်ကို အာရုံပြုရန် အဆင်သင့် ဖြစ်နေပြီးဖြစ်သည်။ လောကီနယ်မှာ တဏှာစက်ကွင်း မလွတ်ခဲ့သမျှ ယခုအခါ လောကီမဂ်စိတ်က တဏှာကို နေရာမပေးပဲ တရစပ် နှိမ်နင်းတိုက်ခိုက်နေ၏။ ထိုအခါ တဏှာမာန်ကျ၍ ရုပ်နာမ်သစ်ါရဖြစ်ပျက်အစဉ်၌စိုးမိုးအုပ်ချုပ်နေမှုကို စွန့်လွှတ်လိုက်ခြင်းဖြစ်သည်။

ဆင်ဖမ်းဥပမာဖြင့်နှိုင်းယှဉ်ခြင်း

၁။ ဆင်ကြီး, ဆင်မနှင့်ကာမဂုဏ်ခံစားချင်တာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၂။ ဆင်ကြီး, ဆင်မ နောက်လိုက်ချင်တာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၃။ ဆင်ကြီး, ဆင်မ နောက်လိုက်နေတာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၄။ ဆင်ကြီး ကျုံးမှန်းမသိတာလည်း စိတ် = အဝိဇ္ဇာ၊ မောဟ
၅။ ဆင်ကြီး ကျုံးထဲဝင်ချင်တာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၆။ ဆင်ကြီး ကျုံးပိတ်ခံရ၍ ဆင်းရဲတာလည်း စိတ် = ဒေါသ၊ ပဋိဃာနုသယ
၇။ ဆင်ကြီးကဆင်မဖျားယောင်းပြီဟုသိလိုက်တာလည်းစိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၈။ ဆင်ကြီး ကျုံးကို ဘေးဆိုးကြီးဟု မြင်တာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၉။ ဆင်ကြီး ကျုံးကို ကြောက်တာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၁၀။ ဆင်ကြီး ကျုံးကို ဖျက်ဆီးတာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၁၁။ ဆင်ကြီးအစွယ်, နှာမောင်း, ကိုယ်ခန္ဓာ
အနာခံဖျက်ဆီးတာလည်းစိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၁၂။ ဆင်ကြီး ခန္ဓာ၊အစွယ်၊နှာမောင်း နာခြင်းကို မကြည့်၊
ကျုံးဖျက်ရန်၊ ကျုံးသွင်းသူတို့ကိုသာ သတ်ဖြတ်ရန်
ဒေါသ၊ လောဘ ဖြစ်နေတာလည်း စိတ် = ဒေါသ၊ ပဋိဃာနုသယ
၁၃။ ဆင်ကြီးအားအင်ရရှိသမျှ
အစွမ်းကုန်ကြိုးစားဖျက်တာလည်းစိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၁၄။ ဆင်ကြီးအစာငတ်၊ ရေပြတ်၊ ခန္ဓာအားအင်ကုန်ခမ်းပြီး
ကျုံးဖျက်၍မရတော့ပါလားဟူ၍
ကျုံးဖျက်ရန် စွန့်လွှတ်လိုက်တာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ

တရားကျင့်သော ယောဂီ၏စိတ်သည် တောဆင်ရိုင်းကြီးနှင့်တူ၏။ ဆင်ရိုင်းတည်းဟူသော စိတ်ကို အမှန်မသိမှုမောဟဖုံးထားသည်။ ချမ်းသာမှုကာမဂုဏ်ကို လိုချင်ခြင်း၊ ကောင်းသည်ထက် ကောင်းသည့် ကာမချမ်းသာကို တွေ့လျှင် ရအောင်ယူလိုခြင်း၊ ယူလိုသည့် ကာမဂုဏ်ရရန်အတွက် အစွမ်းကုန် စွမ်းဆောင်ခြင်း၊ အမှားအမှန် အကြောင်းအကျိုးကို မသိခြင်း၊ လိုရာမရလျှင်လည်း အမျက်ထွက်ခြင်း၊ သည်းမခံနိုင်ခြင်း စသည်တို့သည် ဝတ္ထုကာမ၊ ကိလေသာကာမကို လိုချင်သောကြောင့် ဖြစ်သည်။ ရအောင်ဖန်တီးရာမှ အနစ်နာခံစရာရှိလျှင် အနစ်နာခံသည်။ ဖျက်ဆီးမှရမည်ဆိုလျှင် ဖျက်ဆီးသည်။ တနည်းအားဖြင့်ဆိုလျှင် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတို့ပင်ဖြစ်သည်။

တရားကိုယ်ကောက်သော် ပုထုဇဉ်တို့တွင် လိုလျှင်လိုသလို၊ မလိုလျှင်မလိုသလို လုပ်တတ်သော စိတ်သာရှိသည်။ ထိုစိတ်သည် ချမ်းသာချင်သောစိတ်ပင် ဖြစ်သည်။ ပို၍ ချမ်းသာမှုရှိလျှင် ပို၍လိုချင်သည်။ လိုချင်မှုအရှိဆုံးကား အချမ်းသာဆုံးအရာပင်ဖြစ်သည်။

http://www.dhammadownload.com

ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာပြီး ဘုရားသာသနာနှင့် ကြုံရသောအခါ ပုဒ္ဓဘာသာဝင် မိဘများက ဆင်းသက်လာသော ယောဂီသည် "လောကချမ်းသာသည် မမြဲဘူး၊ အစိုးမရဘူး၊ မခိုင်မာဘူး၊ အနှစ်မရှိဘူး" စသော အသိအမြင်တွေ ကြားရသိရသည်။ ထိုအခါ လောကချမ်းသာ အမျိုးမျိုးကိုခံစား၍ သံသရာလည်ပတ်ခဲ့သည့် တရားကျင့်သောယောဂီ၏ စိတ်သည် သုံးသပ် ဆန်းစစ်ကြည့်သည်။

မှန်သည်။ မမြဲဘူး၊ ရန်သူမျိုးငါးပါး မကင်းဘူး၊ ဒီဒန္ဓာကလည်း မမြဲဘူး၊ မခိုင်မာဘူး၊ အနှစ်မရှိဘူး၊ အိုရ၊ နာရ၊ သေရခြင်း ဆင်းရဲတွေသာ ရှိသည်၊ ခံစားရမည့်ခန္ဓာမှာ မချမ်းသာ၊ မမြဲ၊ အစိုးမရ၊ ဒုက္ခဖြစ်ပြီး ခံစားစရာ ဝတ္ထုကာမတို့လည်း ထိုနည်းတူစွာသာလျှင် ဖြစ်သည်ဟု ကြားရ၊ နာရ၊ သိရသည်။ ထို့နောက် မြဲတဲ့ချမ်းသာ၊ ခိုင်မာတဲ့ချမ်းသာ၊ အနှစ်ရှိတဲ့ချမ်းသာသည် နိဗ္ဗာန်ဆိုပြီး ချမ်းသာအစစ်ကို သူတော်ကောင်းတို့ ဟောကြားသည်ကို နာကြားရသောအခါ ထိုမြဲတဲ့ချမ်းသာကို လိုချင်သော ဆန္ဒ ဖြစ်ပေါ်လာသည်။ ထိုဆန္ဒနှင့်ပင် အရင်းခံ၍ တရားအားထုတ်ခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ထိုဆန္ဒသည်ပင်လျှင် နိဗ္ဗာန်ကို မမြင်အောင် ကာဆီးထားသလို ဖြစ်နေသည်။ ဆန္ဒကြီးနေခြင်းသည် မာန် ဖြစ်နေသည်။ ထို့ကြောင့် ဆန္ဒကို စွန့်လွှတ်လိုက်သဖြင့် မာန်ပါကျသွားကာ လောကီသဒ္ဓါရ စိတ်ဇောအလျှင် ပြတ်သွားသဖြင့် ဘဝင်အဆင့်ဆင့်ကျကာ ငြိမ်းသွားသည်။ လောကီစိတ်များ အားလုံး ချုပ်ငြိမ်းသွားသည်။ ထို့ကြောင့် စိတ်သည် လောကီသဒ္ဓါရတရားများမှ လွတ်မြောက်သွားပြီး သဒ္ဓါရချုပ်ရာ နိဗ္ဗာန်ကို အလိုလို အာရုံပြုပြီးသားဖြစ်နေသည်။

လောကီအရှုဉာဏ်စိတ်သည် ဖြစ်ပျက်နေသော လောကီအာရုံကို စွန့်၍ ဖြစ်ပျက်ချုပ်ရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်းသဘောကို ပဋိသမ္ဘိဒါမဂ်၌ အောက်ပါအတိုင်းဟောကြားထားသည်။

> "ဖြစ်ပေါ်ခြင်းမှထ၍ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏၊
> ဖြစ်ပွားခြင်းမှထ၍ မဖြစ်ပွားခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏၊
> သဒ္ဓါရနိမိတ်မှထ၍ သဒ္ဓါရနိမိတ်မဟုတ်သည်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏၊
> အားထုတ်ခြင်းမှထ၍ အားမထုတ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏။"[၂]

ထိုအချိန်၌ ခန္ဓာအိမ်(ကရဇခန္ဓာ)သည် ပိုင်ရှင်မရှိသောအိမ်အခွံကြီးနှင့်တူသည်။ ပိုင်ရှင်ဆိုသည်မှာတဏှာဖြစ်သည်။ အဝိဇ္ဇာတဏှာသည် ထိုသမာဓိအခိုက်၌ အကြွင်းမဲ့ချုပ်ငြိမ်းနေသည်။ စိတ်၌ အရိယာမဂ္ဂင်ထိုက်သော စေတသိက်များသာ ယှဉ်နေသည်။ သတိသည် တည်သူမရှိ၊ တည်နေသည့်သဘောသာရှိသည်။ အာရုံပြုလိုသည်မရှိ၊ အာရုံပြုတတ်သည့် သဘောသာ ရှိသည်။ ထိုစိတ်၏အာရုံပြုရာသည် နိဗ္ဗာန်ပင်ဖြစ်သည်။

ဤနေရာ၌ ဆိုလိုသော စိတ်များချုပ်ဆုံးခြင်းနှင့် စိတ္တဝိသုဒ္ဓိကျင့်စဉ်၌ စိတ္တသဒ္ဓါရများ ချုပ်ဆုံးခြင်းတို့ ဆင်တူယိုးမှား ဖြစ်တတ်သည်။ စိတ္တဝိသုဒ္ဓိကျင့်စဉ် ဒုတိယဆင့်နှင့် တတိယဆင့်၌ ရှေ့စိတ်ဖြစ်သော နီဝရဏတရားများနှင့် လောကီကာမပညတ်အာရုံများသည် အရှုဉာဏ်စိတ်အား ပရမတ္ထရုပ်နာမ်တို့ကို မမြင်အောင် ဖုံးထားသော အညစ်အကြေးများ ဖြစ်သဖြင့် ကြိုးစား၍ အားငါးပါးဖြင့် ဘတစ်ပြန်ကျားတစ်ပြန် နိုင်အောင် ဖယ်ရှင်းနိုင်ခြင်းကြောင့် သတိတည်ငြိမ်သွားသဖြင့် လောကီကာမပညတ်နှင့်ယှဉ်သော စိတ္တသဒ္ဓါရများချုပ်ခြင်း ဖြစ်သည်။ ထိုချုပ်မှုမှ ဘဝင်အကြည်ကို မျက်မှောက်ပြုထားခိုက် တဒင်္ဂ်, ဝိက္ခမ္ဘနအားဖြင့်သာ ချုပ်ငြိမ်းခဲ့ခြင်း ဖြစ်သည်။

---

[၂] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်၊ မဟာဝဂ်၊ ဉာဏကထာ၊ ဂေါတြဘူဉာဏ် အကျယ်ပြခြင်း-၅၉ နှာ-၈၅

http://www.dhammadownload.com

တနည်းအားဖြင့်ဆိုသော် ထိုလောကီစိတ္တသခ်ါရများမှ လွတ်အောင် မိမိဆန္ဒဖြင့် အားထုတ်ခဲ့ခြင်း ဖြစ်သည်။

အထက်ပါ သဘောတရားများကို မြတ်စွာဘုရားရှင် ဟောထားသော အောက်ပါ ဒေသနာတော်ဖြင့် ညှိနှိုင်းသုံးသပ်ကြည့်ပါ။

> လွတ်မြောက်လိုခြင်းကိုဆင်ခြင်လျက် လျစ်လျူရှုသော ပညာသည် အဘယ်သို့လျှင် သခ်ါရုပေက္ခာဉာဏ်မည်သနည်း။
>
> **ဖြစ်ပေါ်ခြင်းကို လွတ်လိုသည်၏အဖြစ်ဖြင့်** ဆင်ခြင်၍ **လျစ်လျူရှုသောပညာ** သည် သခ်ါရုပေက္ခာဉာဏ်မည်၏။
>
> **ဖြစ်ပွားခြင်းကို လွတ်လိုသည်၏အဖြစ်ဖြင့်** ဆင်ခြင်၍ **လျစ်လျူရှုသောပညာ** သည် သခ်ါရုပေက္ခာဉာဏ်မည်၏။
>
> **ဖြစ်ပေါ်ခြင်းသည် ဒုက္ခမည်၏**ဟု **လွတ်လိုသည်၏အဖြစ်ဖြင့်** ဆင်ခြင်၍ **လျစ်လျူရှုသော ပညာသည်** သခ်ါရုပေက္ခာဉာဏ်မည်၏။
>
> **ဖြစ်ပွားခြင်းသည် ဒုက္ခမည်၏**ဟု **လွတ်လိုသည်၏အဖြစ်ဖြင့်** ဆင်ခြင်၍ **လျစ်လျူရှုသော ပညာသည်** သခ်ါရုပေက္ခာဉာဏ်မည်၏။ ပ။
>
> **ပြင်းစွာပင်ပန်းခြင်းသည် ဒုက္ခမည်၏**ဟု **လွတ်လိုသည်၏အဖြစ်ဖြင့်** ဆင်ခြင်၍ **လျစ်လျူရှုသော ပညာသည်** သခ်ါရုပေက္ခာဉာဏ်မည်၏။
>
> **ဖြစ်ပေါ်ခြင်းကို ဘေးမည်၏**ဟု **လွတ်လိုသည်၏အဖြစ်ဖြင့်** ဆင်ခြင်၍ **လျစ်လျူရှုသော ပညာသည်** သခ်ါရုပေက္ခာဉာဏ်မည်၏။
>
> **ဖြစ်ပွားခြင်းသည် ဘေးမည်၏**ဟု **လွတ်လိုသည်၏အဖြစ်ဖြင့်** ဆင်ခြင်၍ **လျစ်လျူရှုသော ပညာသည်** သခ်ါရုပေက္ခာဉာဏ်မည်၏။ ပ။
>
> **ပြင်းစွာပင်ပန်းခြင်းသည် ဘေးမည်၏**ဟု **လွတ်လိုသည်၏အဖြစ်ဖြင့်** ဆင်ခြင်၍ **လျစ်လျူရှုသော ပညာသည်** သခ်ါရုပေက္ခာဉာဏ်မည်၏။[၃]

ယခု ဆိုလိုသော စိတ္တသခ်ါရတို့၏ချုပ်ခြင်းသည် ပရမတ်ရုပ်နာမ်တို့အပေါ်၌ အတ္တဟု စွဲယူမှုကို အနတ္တဉာဏ်အမြင်ဖြင့် လည်းကောင်း၊ သုခဟု စွဲယူမှုကို ဒုက္ခဉာဏ်အမြင်ဖြင့် လည်းကောင်း၊ နိစ္စဟုစွဲယူမှုကို အနိစ္စဉာဏ်အမြင်ဖြင့်လည်းကောင်း၊ ကြိမ်ဖန်များစွာ ရှုပွားလာသောအခါ ထိုရုပ်နာမ်ခန္ဓာတို့အပေါ်၌ မသာယာ၊ မတပ်မက်တော့ပဲ သာယာတပ်မက်မှုများကို အကြွင်းမဲ့ စွန့်လွှတ်လိုက်သောကြောင့် လောကီစိတ္တသခ်ါရများ ချုပ်ငြိမ်းသွားခြင်း ဖြစ်သည်။

> ငါ့သျှင်သာရိပုတြာ **စက္ခုပသာဒ၊ စက္ခုဝိညာဏ်၊ စက္ခုဝိညာဏ်ဖြင့် သိအပ်သော တရားတို့၌ ချုပ်ပျက်မှုကို မြင်၍ ချုပ်ပျက်မှုကို သိ၍ စက္ခုပသာဒ၊ စက္ခုဝိညာဏ်၊ စက္ခုဝိညာဏ်ဖြင့် သိအပ်သော တရားတို့ကို "ဤဟာ ငါ့ဟာမဟုတ်၊ ဤဟာ ငါမဟုတ်၊ ဤဟာ ငါ၏ကိုယ်ဝိုင်မဟုတ်" ဟု ရှုပါ။** ငါ့သျှင်သာရိပုတြာ သောတပသာဒ သောတဝိညာဏ်။ ငါ့သျှင်သာရိပုတြာ ဃာနပသာဒ ဃာနဝိညာဏ်။ ငါ့သျှင်သာရိပုတြာ ဇိဝှါပသာဒ ဇိဝှါဝိညာဏ်။ ငါ့သျှင်သာရိပုတြာ ကာယပသာဒ ကာယဝိညာဏ်။ ငါ့သျှင်သာရိပုတြာ **မနောဒွါရ၊ မနောဝိညာဏ်၊ မနောဝိညာဏ်ဖြင့် သိအပ်သော တရားတို့၌ ချုပ်ပျက်မှုမြင်၍ ချုပ်ပျက်မှုကိုသိ၍ မနောဒွါရ၊ မနောဝိညာဏ်၊**

---

[၃] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်၊ မဟာဝဂ်၊ ဉာဏကထာ၊ သခ်ါရုပေက္ခာဉာဏ် အကျယ်ပြခြင်း–၅၄ နှာ–၇၇

http://www.dhammadownload.com

မနောဝိညာဏ်ဖြင့် သိအပ်သော တရားတို့ကို "ဤဟာ ငါ့ဟာမဟုတ်၊ ဤဟာ ငါမဟုတ်၊ ဤဟာ ငါ၏ကိုယ်ပိုင်မဟုတ်" ဟု ရှုပါ၏ ဟု (ပြောဆို၏)။[၄]

အထက်ပါ စုန္ဒမထေရ် ဖြေဆိုချက်၌ **"စက္ခုပသာဒ၊ စက္ခုဝိညာဏ်ဖြင့် သိအပ်သော တရားတို့၌ ချုပ်ပျက်မှုကိုမြင်၍ ချုပ်ပျက်မှုကိုသိ၍၊ စက္ခုပသာဒ၊ စက္ခုဝိညာဏ်ဖြင့် သိအပ်သော တရားတို့ကို ဤဟာ ငါ့ဟာမဟုတ်၊ ဤဟာ ငါမဟုတ်၊ ဤဟာ ငါ၏ ကိုယ်ပိုင်မဟုတ်ဟု ရှုပါ၏"**ဟု ပါရှိသည်ကို သတိပြုရမည်။

ထိုအရှုခံ (၃၆)မျိုးသော ရုပ်နာမ်တို့ကို ပိုင်းခြားမြင်ပြီး နိစ္စ၊ သုခ၊ အတ္တ မရှိကြောင်း ရှုထားပြီး ဖြစ်နေသည်။ ရှေ့စိတ်ဖြစ်ပျက်ဆိုသည်မှာ စိတ်တစ်မျိုးတည်း မဟုတ်ပဲနှင့် စက္ခုပသာဒ၊ စက္ခုဝိညာဏ်၊ ရှုပါရုံစသော ဆဆက္ကရုပ်နာမ်အစုံပါရမည်ကို ယောဂီတို့ သတိပြုပါ။ အရှုခံ ရုပ်နာမ်တို့ကိုမမြင်ရသေးပဲ လောကီကာမပညတ်နှင့်ယှဉ်သောရှေ့စိတ်သခ်ါရတို့ကိုနောက်စိတ်ဖြင့် ရှုအားသန်၍ ရှေ့စိတ်သခ်ါရများ ချုပ်သွားခြင်းကို (၀၊) ရှေ့အတိတ် အနာဂတ် ပစ္စုပ္ပန် ကိလေသာနှင့် လိမ်းကျံနေသော စိတ္တသခ်ါရတို့ကို နောက်စိတ်ဖြင့်ရှု၍ ရှေ့စိတ်သခ်ါရများ ဖြစ်ပျက်ဆုံးသွားခြင်းကို နိဗ္ဗာန်ဟုဆိုလျှင် လောကုတ္တရာနိဗ္ဗာန်နှင့် တခြားစီဖြစ်နေသည်။

နိဗ္ဗာနသစ္ဆိကရဏပဉှာ

မင်းမြတ် ဥပမာသော်ကား ယောကျ်ားသည် တောက်လောင်သော မီးတောက်ရှိသော ကြီးစွာသော မီးပုံတွင်းသို့ ဝင်ငြားအံ့၊ ထိုယောကျ်ားသည် ထိုမီးပုံတွင်း၌ ပုန်းခိုရာမရ အားထားရာမရ ကိုးစားရာမရှိသကဲ့သို့ဖြစ်၍ မီး၌ ငြိုးငွေ့ရာ၏၊ မင်းမြတ် ဤအတူသာလျှင် ယူလောက်ရာကို မမြင်သော ထိုသူ၏ စိတ်၌ မမွေ့လျော်ခြင်းသည် ကောင်းစွာတည်း၏၊ ကိုယ်၌ ပူလောင်လာ၏၊ ထိုသူသည် ပုန်းခိုရာမရ အားထားရာမရ ကိုးစားရာမရှိသကဲ့သို့ ဖြစ်၍ ဘုံသုံးပါးတို့၌ ငြိုးငွေ့၏။

သခ်ါရ၏ဖြစ်စဉ်၌ ဘေးကိုရှုမြင်သော ထိုသူအား ဤသို့သောစိတ်သည် ဖြစ်၏ **"ဤသခ်ါရတို့၏ ဖြစ်စဉ်**သည် **ပူလောင်**လှသည်သာတည်း၊ **ရဲရဲတောက်**သည်သာတည်း၊ အလျှံပြောင်ပြောင် တောက်လောင်သည်သာတည်း၊ **ဒုက္ခများလှသည်သာတည်း၊ ပူပန်ခြင်းများလှသည်သာတည်း**၊ တစုံတယောက်သော သူသည် သခ်ါရတို့၏ မဖြစ်ရာကို ရလေရာ၏၊ သခ်ါရအားလုံးတို့၏ ငြိမ်းရာ **အလုံးစုံသော ခန္ဓာငါးပါးတို့ကို*** လွတ်လွတ် စွန့်ပစ်ရာ တဏှာကုန်ခန်းရာ ရာဂကင်းရာ သခ်ါရတို့၏ ချုပ်ရာ တဏှာမှထွက်မြောက်ရာ နိဗ္ဗာန်သည် ငြိမ်သက်၏ မွန်မြတ်၏"ဟု စိတ်ဖြစ်၏။ ဤသို့လျှင် ထိုသူ၏ ဤစိတ်သည် သခ်ါရအစဉ်မဖြစ်ရာ နိဗ္ဗာန်၌ ပြေးဝင်၏၊ ကြည်လင်၏ ရွှင်ပျ၏ "ငါ့အား သခ်ါရတို့မှ ထွက်မြောက်ကြောင်းကို ရအပ်ပေပြီ" ဟု နှစ်သက်၏။

မင်းမြတ် ဥပမာသော်ကား ပျက်စီးသော ခရီးမှားအရပ်သို့ ပြေးဝင်မိသော ယောကျ်ားသည် ထွက်မြောက်ကြောင်း ခရီးလမ်းကိုမြင်၍ ထိုခရီးလမ်း၌ ပြေးဝင်၏၊ ကြည်လင်၏၊ ရွှင်ပျ၏၊ "ငါသည် ထွက်မြောက်ကြောင်း ခရီးလမ်းကို ရပြီ" ဟု နှစ်သက်၏၊ မင်းမြတ် ဤအတူသာလျှင် သခ်ါရတရားတို့၏ ဖြစ်စဉ်၌ ဘေးဟုရှုသောသူအား သခ်ါရတို့၏ အစဉ်မဖြစ်ရာ နိဗ္ဗာန်၌ စိတ်သည် ပြေးဝင်၏၊ ကြည်လင်၏ ရွှင်ပျ၏၊ "ငါသည် ထွက်မြောက်ရာကို ရအပ်ပြီ" ဟုနှစ်သက်၏။

---

[၄] ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်၊ သဠာယတနဝဂ်၊ ဆန္နောဝါဒသုတ်-၃၉၂ နှာ-၃၁၁

* စိတ်တစ်မျိုးတည်းမဟုတ်ပဲ ဆဆက္ကရုပ်နာမ်အစုံကို ဆိုလိုသည်။

http://www.dhammadownload.com

ထိုသူသည် သခ်ါရတရားတို့၏ မဖြစ်ရာ နိဗ္ဗာန်အကျိုးငှါရောက်ကြောင်းမဂ်ကို **အားထုတ်၏၊ ရှာမှီး၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ ပြု၏၊** ထိုထွက်မြောက်ရာ နိဗ္ဗာန်အကျိုးငှါ ထိုသူအား အောင့်မေ့မှု "သတိ"သည် ကောင်းစွာတည်၏၊ ထိုထွက်မြောက်ရာ နိဗ္ဗာန်အကျိုးငှါ အားထုတ်ခြင်း "ဝီရိယ"သည် ကောင်းစွာ တည်၏၊ ထိုထွက်မြောက်ရာ နိဗ္ဗာန်အကျိုးငှါ နှစ်သက်မှု "ပီတိ" သည် ကောင်းစွာတည်၏၊ **အဆင့်ဆင့်အထပ်ထပ် နှလုံးသွင်းသော ထိုသူ၏ ထိုစိတ်သည် သခ်ါရတို့၏ ဖြစ်စဉ်ကို လွန်မြောက်၍ သခ်ါရအစဉ်မဖြစ်ရာ နိဗ္ဗာန်သို့ သက်ဝင်၏၊** မင်းမြတ် သခ်ါရအစဉ်မဖြစ်ရာ နိဗ္ဗာန်သို့ အစဉ်ရောက်သော ကောင်းစွာ ကျင့်သောသူကို နိဗ္ဗာန်ကို မျက်မှောက်ပြုသူဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။[၁]

မိလိန္ဒပဉှာ နိဗ္ဗာနသစ္ဆိကရဏပဉှာ၌ အသျှင်နာဂသေနမထေရ်၏ အထက်ပါ ရှင်းပြချက်တွင်---**လောကီအရှုခံ ရုပ်နာမ်(၃၆)မျိုးတို့သည် သခ်ါရတို့ မည်ကုန်၏။ အရှုခံ ခန္ဓာငါးပါးလည်း မည်၏။**[†] **"ပျက်စီးသောခရီးမှား"**နှင့်လည်းတူ၏။ **"သခ်ါရတို့၏ဖြစ်စဉ်"** ဟူသည်မှာ ဆဆက္ကရုပ်နာမ်တို့၏ ဖြစ်စဉ်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ အဆင်းသခ်ါရတရားနှင့် စက္ခုအကြည်သခ်ါရတရားတို့ ပေါင်းဆုံမှုကြောင့် စက္ခုဝိညာဏ်သခ်ါရပေါ်ခြင်းသည် **"သခ်ါရတို့၏ ဖြစ်စဉ်"** ဖြစ်သည်။ ထိုသခ်ါရသုံးမျိုးတို့ တွေ့ဆုံမှုကြောင့် စက္ခုသမ္ဖဿသခ်ါရဖြစ်ခြင်း၊ စက္ခုသမ္ဖဿသည် ရူပါရုံ၏ ဣဋ္ဌ အနိဋ္ဌကို ဘဝင်သို့ ပို့ဆောင်ခြင်း၊ ရူပါရုံ၏ ဣဋ္ဌ အနိဋ္ဌကို ခံစားသော ဝေဒနာသခ်ါရဖြစ်ခြင်း၊ ထိုဝေဒနာသခ်ါရကြောင့် မနောဝိညာဏ်စိတ်အစုဟူသော တဏှာသခ်ါရ ဖြစ်ခြင်း တို့သည်လည်း **"သခ်ါရတို့၏ဖြစ်စဉ်"** ဖြစ်သည်။

အရှုဉာဏ်သည် ထိုရုပ်နာမ်သခ်ါရတို့၏ ဖြစ်စဉ်ကို ဘေးဟုမြင်နေသည်။ အဘယ်ကြောင့် ဆိုသော် ထိုသခ်ါရတို့သည် အပျက်သဘောဆောင်၏။ ပျက်စီးသောခရီးနှင့်တူသည့် ထိုအပျက်သခ်ါရလောက သာလျှင် ရှိသောကြောင့် ထိုအပျက်သခ်ါရဖြစ်စဉ်အစုတို့ အပေါ်၌ မတပ်မက်မစွဲလမ်းပဲ ဘေးဟု မြင်၏။ ထိုသို့ ဘေးဟုမြင်ခြင်း၊ အနှစ်မရှိဟုမြင်ခြင်း၊ သာယာဖွယ်မရှိဟုမြင်ခြင်းကြောင့် ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောင့် ထိုသခ်ါရတို့ပေါ်၌ နာမ်မညွှတ်၊ မကပ်ငြိပဲ ကပ်ငြိလိုသော စိတ်များ ခန်းခြောက်၏။ ထို့ကြောင့် အထက်ပါ စိတ္တရသခ်ါရတရားတို့၏ မဖြစ်မပျက်ရာ အသခ်တဓာတ် နိဗ္ဗာန်တည်းဟူသော လမ်းမှန်သို့ ပြေးဝင်ခြင်း ဖြစ်သည်။

"သခ်ါရတရားတို့၏မဖြစ်ရာ နိဗ္ဗာန်အကျိုးငှာ ရောက်ကြောင်းမဂ်ကို အားထုတ်၏"ဟု ပါ၏။ သီလဝိသုဒ္ဓိ၊ သီလမဂ္ဂင်၊ စိတ္တဝိသုဒ္ဓိ (ဥပေက္ခာဧကဂ္ဂတာသမာဓိ (၀၊) သမ္မာသမာဓိမဂ္ဂင်) ဟူသော နိဗ္ဗာန်ရောက်ကြောင်း တရားတို့နှင့် ပြည့်စုံပြီးဖြစ်ရမည်ဟု ဆိုလိုသည်။ **"ပွားများ၏၊ ကြိမ်ဖန်များစွာ ပြု၏"**ဟု ဆိုသည်မှာ အရှုခံ (၃၆)မျိုးသော သခ်ါရတို့ကို ထူးသောဉာဏ်ဖြင့် တွေ့မြင်ပြီး၊ အနိစ္စ, ဒုက္ခ, အနတ္တ အသုဘ လက္ခဏာတို့နှင့်တကွ ဖြစ်ကြောင်းကိုလည်းကောင်း၊ ဖြစ်ပုံကို လည်းကောင်း၊ ချုပ်ကြောင်းကိုလည်းကောင်း၊ ထွက်မြောက်ကြောင်းကိုလည်းကောင်း၊ ချုပ်ရာ နည်းလမ်းကြောင်းကို လည်းကောင်း ကြိမ်ဖန်များစွာ မရပ်မနား မဂ်ဉာဏ်အဆင့်ဆင့် ပွားပြီးမှုဖြင့် ပြည့်စုံရမည်ဟု ဆိုလိုသည်။

---

[၁] မိလိန္ဒပဉှာပါဠိတော် မြန်မာပြန်၊ အနုမာနပဉှာ၊ ဝေဿန္တရဝဂ်၊ နိဗ္ဗာနသစ္ဆိကရဏပဉှာ (နိဗ္ဗာန်သို့ မျက်မှောက်ပြုပုံ ပြဿနာ)–၁၁ နှာ–၃၃၀

[†] ခန္ဓာငါးပါးဟုဆိုတိုင်း ရောရောထွေးထွေး ပြော၍မရပါ။ အရှုခံခန္ဓာငါးပါးနှင့် အရှုဉာဏ်ခန္ဓာငါးပါး ခွဲခြားရမည်။

http://www.dhammadownload.com

လောကီခန္ဓာငါးပါးတို့သည် ပူလောင်သောမီးပုံနှင့်တူ၏။ အရှုညာဏ် သဟိတ်မနော ဝိညာဏ်စိတ်သည် မီးပုံတွင်း ဝင်သော ယောက်ျားနှင့် တူ၏။ ထိုပူလောင်သော၊ အားထားရာမရ ကိုးစားရာမရသော လောကီခန္ဓာသခ်ါရတရားတို့အပေါ်၌ မမွေ့လျော်ခြင်းကြောင့် အရှုညာဏ် သဟိတ်မနောဝိညာဏ်စိတ်သည် အာရုံမပြုလိုတော့ပါ။ ထိုလောကီခန္ဓာသခ်ါရတို့ကို အာရုံမပြုလို သောကြောင့် **စွန့်လွှတ်၏**။ စွန့်လွှတ် သောကြောင့် လောကီသခ်ါရတို့၏ ဖြစ်ပျက်မှုလွှတ်၏။ ထိုလောကီသခ်ါရတို့၏ ဖြစ်ပျက်မှုအဆုံးသို့ ရောက်၏။ လောကီသခ်ါရတို့၏ ဖြစ်ပျက်မှု အဆုံးသည် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း (၀ါ) သခ်ါရအားလုံးတို့၏ ငြိမ်းအေးရာ အလုံးစုံသော ခန္ဓာငါးပါးတို့ကို လွတ်လွတ် စွန့်ပစ်ရာ၊ လောကီခန္ဓာဖြစ်သော ဆဆက္ကရုပ်နာမ်အစုံသခ်ါရတို့၏ ချုပ်ရာ နိဗ္ဗာန်သို့ပြေးဝင်ခြင်းဖြစ်သည်။

ဤနေရာ၌လည်း လောကီခန္ဓာဖြစ်သော ဆဆက္ကရုပ်နာမ်အစုံသခ်ါရ ဖြစ်ပျက်အစဉ် အပေါ်၌ **ငြီးငွေ့မှုဖြစ်ပြီး** လောကီအာရုံကိုစွန့်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရာတွင် သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်အားဖြင့် ပုဂ္ဂိုလ်လေးမျိုး ကွာခြားနေသည်ကိုလည်း သတိပြုရမည်။

ဆဆက္ကသုတ္တန်အရ-

> စက္ခုဒွါရကို "ဤစက္ခုဒွါရသည် ငါ့ဟာမဟုတ်၊ ဤစက္ခုဒွါရသည် ငါမဟုတ်၊ ဤစက္ခုဒွါရသည် ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှု၏။ ရူပါရုံတို့ကို "ဤရူပါရုံသည် ငါ့ဟာမဟုတ်၊ ဤရူပါရုံသည် ငါမဟုတ်၊ ဤရူပါရုံသည် ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှု၏။ စက္ခုဝိညာဏ်တို့ကို "ဤစက္ခုဝိညာဏ်သည် ငါ့ဟာမဟုတ်၊ ဤစက္ခုဝိညာဏ်သည် ငါမဟုတ်၊ ဤစက္ခုဝိညာဏ်သည် ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှု၏။ စက္ခုသမ္ဖဿကို "ဤစက္ခုသမ္ဖဿသည် ငါ့ဟာမဟုတ်၊ ဤစက္ခုသမ္ဖဿသည် ငါမဟုတ်၊ ဤစက္ခုသမ္ဖဿသည် ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှု၏။ ဝေဒနာကို "ဤဝေဒနာသည် ငါ့ဟာမဟုတ်၊ ဤဝေဒနာသည် ငါမဟုတ်၊ ဤဝေဒနာသည် ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှု၏။ တဏှာ[‡]ကို "ဤတဏှာသည် ငါ့ဟာမဟုတ်၊ ဤတဏှာသည် ငါမဟုတ်၊ ဤတဏှာသည် ငါ၏ကိုယ်ပိုင်မဟုတ်"ဟု ရှု၏။

ထိုသုတ္တန်၌ သောတာပန်ပုဂ္ဂိုလ်တို့၏လောကီပုဗ္ဗဘာဂမဂ်သည် ထိုသက္ကာယရုပ်နာမ်တို့ကို ပိုင်းခြားရှုမြင်နိုင်သောကြောင့် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဟူသော သံယောဇဉ် သုံးပါး ချုပ်ခြင်းကြောင့် နိဗ္ဗာန်ဝင်၏။ သောတာပတ္တိမဂ် ကူးပြီးသောယောဂီတိုင်း အထက်ပါ ရုပ်နာမ်များကို ပိုင်းခြားမြင်ရပြီး ဖြစ်ရမည်။ ထိုကိလေသာသုံးမျိုး ချုပ်သဖြင့် ထိုကိလေသာတို့ ချုပ်ရာနိဗ္ဗာန်ကို အာရုံပြုသည်။ လောကီခန္ဓာ ဖြစ်ပျက်မဆုံးပါ။ ဒိဋ္ဌိစေတသိက်သာ ဖြစ်ပျက်ဆုံးသွားပါသည်။

> ရဟန်းတို့ စက္ခုဒွါရနှင့် ရူပါရုံကိုစွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် သုခသော်၎င်း ဒုက္ခသော်၎င်း ဥပေက္ခာသော်၎င်း ဖြစ်သောဝေဒနာသည် ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် သုခဝေဒနာဖြင့် တွေ့ထိသည်ရှိသော် မနှစ်သက် မတမ်းတ မမက်မောမူ၍ တည်၏၊ ထိုပုဂ္ဂိုလ်အား ရာဂနုသယသည် မကိန်း။ ဒုက္ခဝေဒနာဖြင့် တွေ့ထိသည်ရှိသော် မပူဆွေးမပင်ပန်း မငိုကြွေး၊ ရင်ဘတ်စည်တီး မငို၊ တွေဝေခြင်းသို့ မရောက်၊ ထိုပုဂ္ဂိုလ်အား ပဋိဃာနုသယသည် မကိန်း။ ဥပေက္ခာဝေဒနာဖြင့် တွေ့ထိသည်ရှိသော် ထိုဝေဒနာ၏

[‡] ဤနေရာ၌ တဏှာဆိုသည်မှာ လောဘစေတသိက်နှင့်တကွဖြစ်သော သဟိတ်မနောဝိညာဏ်စိတ်အစုကို ဆိုလိုသည်။

http://www.dhammadownload.com

ဖြစ်ပုံကိုလည်း ချုပ်ပုံကိုလည်း သာယာဖွယ်ကိုလည်း အပြစ်ကိုလည်း ထွက်မြောက်ကြောင်းကိုလည်း ဟုတ်မှန်စွာသိ၏၊ ထိုပုဂ္ဂိုလ်အား အဝိဇ္ဇာနုသယသည် မကိန်း။ ရဟန်းတို့ စင်စစ် ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ၌ ရာဂါနုသယကို ပယ်၍ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို ဖျောက်၍ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို နုတ်၍ အဝိဇ္ဇာကို ပယ်လျက် ဝိဇ္ဇာကို ဖြစ်စေလျက် မျက်မှောက်ဘဝ၌ ဆင်းရဲ၏အဆုံးကို ပြုနိုင်လတ္တံ့ဟူသော အကြောင်းသည် ရှိ၏။[6]

အထက်ပါ ဒေသနာတော်တွင် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်ပုဂ္ဂိုလ်နှစ်မျိုးတို့၏ အရှုခံအရှုညာဏ်တို့ကို ဖော်ပြလျက် နိဗ္ဗာန်ဝင်ပုံကို ဖော်ပြထားသည်။ တဏှာသည် ဝေဒနာကြောင့် ဖြစ်သဖြင့် (**ဝေဒနာ ပစ္စယာ တဏှာ**) တဏှာနှင့်ဒေါသ အကြမ်း အနုနှင့်ယှဉ်သော စိတ်တို့ ဖြစ်ပျက်ဆုံးရန် ဝေဒနာကွန္ဓာကို ပိုင်းခြားရှုမြင်နိုင်ရမည် ဖြစ်သည်။ ထိုမဂ်၏ အရှုခံဖြစ်သော ဝေဒနာသုံးမျိုးတို့၏ ချုပ်ပုံကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်ကြောင်းကို လည်းကောင်း ဟုတ်မှန်စွာသိ၏ဟု ပါရှိသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင် ကာမရာဂါနုသယ၊ ပဋိဃာနုသယစသော ကိလေသာတို့ ချုပ်ငြိမ်းခြင်းကြောင့် ကိလေသာချုပ်ရာနိဗ္ဗာန်ကို အာရုံပြုသည်။ နိဗ္ဗာန်ကို အာရုံပြုသောစိတ်တို့ ဖြစ်ပျက်အစဉ်ဖြင့် ရှိနေမည်။

နိဗ္ဗာန်ကို အာရုံပြုသည့်စိတ်သည် မူလက တဏှာ, မာနဖြင့် လောကီကာမနယ်၌ ကျက်စားနေခဲ့၏။ ၎င်းကာမပညတ်နှင့်တကွ တဏှာ, မာနတို့နှင့် ယှဉ်နေသောစိတ်၏ ဖြစ်ချုပ်၌ သီလ သမာဓိအားဖြင့် တဒင်္ဂ, ဝိက္ခမ္ဘန လွတ်မြောက်ခဲ့ပြီး ပရမတ်ရုပ်နာမ်တို့ကို ရှုမြင်နိုင်ခဲ့၏။ ထိုပရမတ် ရုပ်နာမ်သဒ္ဒါရုတို့၏ ဖြစ်ချုပ်ကို မြင်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

ရဟန်းတို့ ဤသို့ ရှုမြင်သော အကြားအမြင်ရှိသော အရိယာသာဝကသည် စက္ခုဒွါရ၌ ငြီးငွေ့၏၊ ရူပါရုံတို့၌ ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌ ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌ ငြီးငွေ့၏၊ ဝေဒနာ၌ ငြီးငွေ့၏၊ တဏှာ၌ ငြီးငွေ့၏၊ သောတဒွါရ၌ ငြီးငွေ့၏၊ သဒ္ဒါရုံတို့၌ ငြီးငွေ့၏။ပ။ ဃာနဒွါရ၌ ငြီးငွေ့၏၊ ဂန္ဓာရုံတို့၌ ငြီးငွေ့၏၊ ဇိဝှါဒွါရ၌ ငြီးငွေ့၏၊ ရသာရုံတို့၌ ငြီးငွေ့၏၊ ကာယဒွါရ၌ ငြီးငွေ့၏၊ ဖောဋ္ဌဗ္ဗာရုံတို့၌ ငြီးငွေ့၏၊ မနောဒွါရ၌ ငြီးငွေ့၏၊ ဓမ္မာရုံတို့၌ ငြီးငွေ့၏၊ မနောဝိညာဏ်၌ ငြီးငွေ့၏၊ မနောသမ္ဖဿ၌ ငြီးငွေ့၏၊ ဝေဒနာ၌ ငြီးငွေ့၏၊ တဏှာ၌ ငြီးငွေ့၏၊ ငြီးငွေ့သည်ရှိသော် တပ်နှစ်သက်ခြင်းကင်း၏၊ တပ်နှစ်သက်ခြင်း ကင်းခြင်းကြောင့် ကိလေသာမှ လွတ်၏၊ ကိလေသာမှ လွတ်သော် "ကိလေသာမှ လွတ်ပြီ"ဟု အသိဉာဏ်ဖြစ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအတွက် နောက်ထပ်ပြုဖွယ် မရှိတော့ပြီ"ဟု သိ၏ဟု (မိန့်တော်မူ၏)။[7]

အထက်ပါဟောကြားသော ဒေသနာတော်သည် အရဟတ္တမဂ်၏ အရှုခံဖြစ်သည်။ ထိုဒေသနာတော်တွင် ဆဆက္ကရုပ်နာမ်တည်းဟူသော အရှုခံ သဒ္ဒါရုတရားတို့၌ "**ငြီးငွေ့၏၊ တပ်နှစ်သက်ခြင်း ကင်း၏၊ တပ်နှစ်သက်ခြင်းကင်းခြင်းကြောင့် ကိလေသာမှ လွတ်၏**"ဟု ပါရှိသည်ကို သတိပြုပါ။ အကုသိုလ်စေတသိက်(၁၄)လုံး ဖြစ်ပျက်ဆုံးသွားပြီဖြစ်သည်။ "**အရိယာသာဝကသည် စက္ခုဒွါရ၌ ငြီးငွေ့၏၊ ရူပါရုံတို့၌ ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌ ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌ ငြီးငွေ့၏၊ ဝေဒနာ၌ ငြီးငွေ့၏၊ တဏှာ၌ ငြီးငွေ့၏**" စသော ဆဆက္ကပရမတ်ရုပ်နာမ်တို့ကို ငြီးငွေ့သဖြင့် ထိုရုပ်နာမ်တို့အပေါ်၌ တပ်နှစ်သက်သောစိတ် အလိုလို မဖြစ်ပေါ်တော့ပါ။ ရှေ့စိတ်ကို

[6] ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်၊ သဠာယတနဝဂ်၊ ဆဆက္ကသုတ်-၄၂၄၊၄၂၆ နှာ-၃၃၂

[7] ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်၊ သဠာယတနဝဂ်၊ ဆဆက္ကသုတ်-၄၂၅ နှာ-၃၃၂

http://www.dhammadownload.com

နောက်စိတ်ဖြင့် လိုက်ရှု၍ ချုပ်ခြင်းမျိုး မဟုတ်သည်ကို သတိပြုပါ။ စိတ်သည် ဖြစ်ပျက်အစဉ်ဖြင့် ရှိနေပါလျက် ထိုစိတ်၌ ကိလေသာပါမလာခြင်းသာဖြစ်သည်။

> **ဤသို့ပြောဆိုသော် အသျှင်မဟာစုန္ဒသည် အသျှင်ဆန္ဒအား "ငါ့သျှင်ဆန္ဒ ထို့ကြောင့် 'မှီတွယ်သူမှာ လူပ်ရှား၏။ မမှီတွယ်သူမှာ လူပ်ရှားမှု မရှိ၊ လူပ်ရှားမှု မရှိလတ်သော် ငြိမ်းအေး၏၊** ငြိမ်းအေးလတ်သော် တိမ်းညွတ်မှုမရှိ၊ တိမ်းညွတ်မှု မရှိလတ်သော်၊ အလားအလာ မရှိ၊ အလားအလာ မရှိသော် ရွှေ့လျောကပ်ရောက်မှုမရှိ၊ ရွှေ့လျောကပ်ရောက်မှု မရှိသော် ဤဘဝမှာလည်း မဖြစ်၊ တမလွန်ဘဝမှာလည်း မဖြစ်၊ နှစ်ပါးစုံမှာလည်း မဖြစ်၊ **ဤသည်ပင်လျှင် ဆင်းရဲဒုက္ခ၏ အဆုံးမည်၏**" ဟူသော ဤမြတ်စွာဘုရား၏ အဆုံးအမတော်ကိုလည်း အမြဲနှလုံးသွင်းသင့်၏" ဟု (ပြောဆို၏)။ ထို့နောက် အသျှင်သာရိပုတြာနှင့် အသျှင်မဟာစုန္ဒတို့သည် အသျှင်ဆန္ဒကို ဤအဆုံးအမဖြင့် ဆုံးမ၍ နေရာမှထကာ ဖဲသွားကုန်၏။[၈]

အထက်ပါ ဒေသနာတော်၌ သျှင်စုန္ဒသည် **"မှီတွယ်သူမှာ လူပ်ရှား၏။ မမှီတွယ်သူမှာ လူပ်ရှားမှု မရှိ။ လူပ်ရှားမှု မရှိလတ်သော် ငြိမ်းအေး၏။ ငြိမ်းအေးလတ်သော် တိမ်းညွတ်မှုမရှိ၊ တိမ်းညွတ်မှုမရှိလတ်သော် အလားအလာမရှိ၊ အလားအလာမရှိလတ်သော် ရွှေ့လျောကပ်ရောက်မှုမရှိ"** ဟု ဆိုရာဝယ် မှီသူဆိုသည်မှာ အရှုဉာဏ် သဟိတ်မနောဝိညာဏ်ကို ဆိုလိုသည်။ အမှီခံမှာ (၃၆)မျိုးသော ဆဆက္ကရုပ်နာမ်တို့ ဖြစ်သည်။ အရှုဉာဏ်စိတ်သည် (၃၆)မျိုးသော ဆဆက္ကရုပ်နာမ်တို့ အပေါ်၌ လက္ခဏာသုံးပါးမြင်သဖြင့် မမှီတော့ပါ။ ထို့ကြောင့် အနုသယလည်း မကိန်းတော့ပါ။ စိတ်သည် ထိုနှစ်မျိုးတို့အပေါ်၌မတိမ်းညွတ်၊ အလားအလာမရှိ၊ ရွှေ့လျောကပ်ရောက်မှု မရှိသဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြစ်သည့်သဘောကို သိပါလေ။

"ဖြစ်ပျက်ဆုံးချုပ်ဆုံးနိဗ္ဗာန်"ဆိုသည်ကို နားလည်သဘောပေါက်ရန် အထက်ပါဘုရားရှင် ဟောထားသော ဆဆက္ကဒေသနာတော်၌ ပါရှိသော ကိလေသာတို့ အဆင့်ဆင့်ချုပ်၍ နိဗ္ဗာန်ဝင်ပုံနှင့် ရှင်သာရိပုတ္တရာ၊ ရှင်စုန္ဒမထေရ်တို့ ဟောကြားသော နိဗ္ဗာန်ဝင်ပုံတို့ကို နှိုင်းယှဉ်၍ သုံးသပ်ပါ။

ဘုရားပြီး ငြမ်းပျက်

စေတီတစ်ဆူတည်သောသူတစ်ယောက်သည် စေတီတည်မှု ပြီးမြောက်ရန်အတွက် ဝါးဖြင့် ငြမ်းထိုး၍ တည်ရသည်။ ထီးတော်နှင့်စိန်ဖူးတော် တင်ပြီးသော်လည်း ရွှေချရန်အတွက် ငြမ်းကိုပင် ဆက်လက် အသုံးပြုရသည်။ ရွှေချရန်အတွက် လေတိုက်မှုကာကွယ်ရန် ဖျာများဖြင့် ငြမ်းကို ဖုံးအုပ်ရသည်။ ရွှေချမှု လုပ်ငန်း ပြီးလျှင်ပြီးချင်း ငြမ်းမှဆင်း၍ ရင်ပြင်ပေါ်မှနေကာ ရွှေချပြီးသော စေတီကိုဖူးမြော်ရာတွင် ငြမ်းများကာနေသဖြင့် မဖူးမြင်ရပါ။ စေတီတည်မှုကိစ္စ ပြီးမြောက်သည်မှာလည်း အမှန်ပင် ဖြစ်သည်။ သို့သော်လည်း စေတီပြီးမြောက်သည်အထိ အထောက်အပံ့ပေးသည့် ငြမ်းကပင်လျှင် စေတီကို ပြန်ကာကွယ်ဖုံးအုပ်ထားသလို ဖြစ်နေသည်။ ထို့ကြောင့် ထိုငြမ်းကို ပြန်ဖျက်ပြီးမှ စေတီတည်ခြင်းကိစ္စ ပြီးမြောက်မည်ဖြစ်သည်။ ငြမ်းဝါးဖျက်ခြင်းသည် စေတီတည်ခြင်း ကိစ္စမဟုတ်။

ထိုဥပမာအတိုင်း နိဗ္ဗာန်တည်းဟူသော စေတီတစ်ဆူ တည်ရာတွင် ဗောဓိပက္ခိယတရား(၃၇)ပါးတည်းဟူသော ငြမ်းဝါးထိုး၍ ကျင့်ကြံအားထုတ်လိုမှု ဆန္ဒနှင့် ကျင့်ခဲ့ရသည်။ ရုပ်နာမ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာကို အမှန်မြင်အောင် ထိုဗောဓိပက္ခိယတရား(၃၇)ပါးဖြင့်ပင် အားထုတ်ခဲ့ရသည်။ သို့သော်လည်း ဗောဓိပက္ခိယတရား(၃၇)ပါးတို့သည်

---

[၈] ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်၊ သဋ္ဌာယတနဝဂ်၊ ဆန္နောဝါဒသုတ်–၃၉၃ နှာ–၃၁၁

http://www.dhammadownload.com

လောကီသခ်ါရတရားမ်ား ျဖစ္ေပၚသျဖင့္ ထိုသခ်ါရတရားေၾကာင့္ နိဗၺာန္အာရံုကို ဖုံးကြယ္ထားဘိ သကဲ့သို့ ျဖစ္ေနသည္။ နိဗၺာန္ကို မျက္ေမွာက္ျပဳလိုေသာ ဆန္ဒနွင့္ယွဥ္ေသာစိတ္တို့သည္လည္း လောကီစိတ္မ်ားျဖစ္သည္။ ထို့ေၾကာင့္ ထိုသခ်ါရတရားကိုစွန္လြတ္လိုက္မွ စိတ္သည္ သခ်ါရတရားတို့မွ လြတ္ရာနိဗၺာန္ကို အာရံုျပုနိုင္ေတာ့သည္။ နိဗၺာန္ကို မျက္ေမွာက္ျပဳလိုေသာ ဆန္ဒနွင့္တကြ လောကီမဂ္ဝင္(၅)ပါး စေသာ သခ်ါရတရားသည္ ငြမ်ိးနွင့္တူသည္။ ငြမ်ိးဖျက္ခ်လိုက္ျခင္းသည္ လောကီသခ်ါရအားလုံးကို စြန္လြတ္လိုက္ျခင္းျဖစ္သည္။ အရွုညာဏ္သည္ ဘုရားတည္သူနွင့္တူ၏။ ဘုရားသည္ နိဗၺာန္နွင့္တူသည္။

၅၁၀။ မဂ်သမာဓိတည်ပုံ

ထိုကဲ့သို့ ရုပ်နာမ်တို့အပေါ်၌ မည်သည့် အာရုံကိုမျှ သိလိုသောစိတ်၊ ကြည့်လိုသောစိတ်၊ လျစ်လျူရှုထားလိုသောစိတ်၊ ချုပ်လိုသောစိတ်၊ ငြိမ်းချမ်းသောစိတ်၊ အေးလိုသောစိတ်၊ ဖန်တီးလိုသောစိတ်၊ နားလိုသောစိတ်၊ အားလိုသောစိတ်၊ နည်းလမ်းရှာလိုသောစိတ်၊ ရှုလိုသောစိတ်၊ မရှုလိုသောစိတ် စသော စိတ္တသခ်ါရအားလုံး ချုပ်ငြိမ်းသွားသဖြင့် ပကတိထီးထီး ရပ်နေသော်လည်း ရပ်ထားသူလည်းမရှိ။ ရူပကာယသည်လည်း ပိုင်ရှင်မဲ့ သစ်သားအိမ်အခွံကြီးပမာ ျဖစ်ေနသည်။ ထိုစိတ်ကို လောကုတ္တရာမဂ် သမာဓိစိတ်ဟု ေခၚသည်။

မဂ်သမာဓိဇ္ကန္ဓေကို အိမ်နှင့်မီးသီးဥပမာဖြင့် နှိုင်းယှဉ်ပြခြင်း

အိမ်တစ်လုံး၌ အိမ်ပိုင်ရှင်များ ခရီးရှည် ထွက်သွားကြသည်။ ထိုအိမ်၌ လျှပ်စစ်မီး ဆက်သွယ်ထားသည်။ အိမ်ရှင်များ ခရီးထွက်သွားသောအခါ အိမ်ထဲတွင် လျှပ်စစ်မီးလုံးတစ်လုံး လင်းနေသည်ကို မပိတ်ခဲ့မိပေ။ အိမ်ရှင်များ မရှိသော်လည်း ထိုမီးလုံးသည် နေ့ရောညပါ လင်းနေသည်။ မီးလုံးသည် အသက်လိပ်ပြာမရှိ။ အသက်လိပ်ပြာ အရှိသဘောဖြင့် ပြုပြင်ခြင်း၊ ဖန်တီးခြင်း၊ စောင့်ရှောက်ခြင်း စသော စိတ်ဆန္ဒများမရှိ။ ထိုမီးလုံးလင်းခြင်းသည် အိမ်ရှင်အတွက် လင်းပေးနေခြင်းလည်းမဟုတ်။ အိမ်အတွက်လင်းပေးနေခြင်းလည်းမဟုတ်။ထိုမီးလုံးလင်းခြင်းသည် အဗျာကတ ဓမ္မသဘောသက်သက် ဆောင်နေခြင်းမျှသာ ျဖစ်သည်။ ဓမ္မသဘောဟူသော လင်းနေသည့်သဘော သက်သက်မျှသာရှိသည်။

ထိုဥပမာနှင့် မဂ်သမာဓိတည်ပုံကို နှိုင်းယှဉ်ကြည့်သော် **လောကုတ္တရာမဂ်သမာဓိသည် အထက်ပါ လင်းနေသော မီးလုံးနှင့်တူသည်**။ တရားကျင့်သောယောဂီ၏ လောကီအရွဲခံ ကရဏ ခန္ဓာအိမ်သည် အိမ်ရှင်များမရှိသောအိမ်ကြီးနှင့်တူသည်။ **အိမ်ရှင်များသည်လောကီစိတ်များနှင့်တူသည်**။ မီးလုံးလင်းခြင်းသည် လောဘ, ဒေါသ, မောဟတို့ ကင်းပြီး (၁၅၀၀) ကိလေသာ သန့်ရှင်းနေသော စိတ်၏ အကြည်ဓာတ်နှင့်တူ၏။ မီးလင်းခြင်းသည် အိမ်ရှင်များအတွက် မဟုတ်သလို လောကုတ္တရာ မဂ်သမာဓိသည် ရည်ရွယ်ချက်နှင့် ဆန္ဒမရှိပဲ တည်နေခြင်း ျဖစ်သည်။ မီးလုံးနှင့် မီးလင်းမှုသဘောကို အိမ်ရှင်က ဖန်တီးထားခြင်း မဟုတ်သလို လောကုတ္တရာ သမာဓိသည်လည်း ဆောက်တည်ထားသူ ပုဂ္ဂိုလ်သတ္တဝါ အနေဖြင့် မရှိပဲ တည်နေသည်။ အိမ်ထဲ၌ အိမ်ရှင်များမရှိပဲ အိမ်ကြီးအလိုလို တည်နေသကဲ့သို့ မဂ်သမာဓိ တည်ဆောက်ထားသော ခန္ဓာအိမ်ကြီးကလည်း (၁၅၀၀)ကိလေသာ (၀၀) အတ္တငါ (၀၀) တဏှာမရှိပဲ ပိုင်ရှင်မဲ့သဘောမျိုးဖြင့် တည်နေသည်။ ထို့ေၾကာင့် **ထိုလောကုတ္တရာမဂ်သမာဓိသည် နိဗၺာန်ကို အာရုံပြုခြင်းဖြစ်သည် (လောကုတ္တရာသမ္မာဒိဋ္ဌိ)**။ ၎င်းမဂ်သမာဓိသည် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သံယောဇဉ်တို့ကို အကြွင်းမဲ့ ပယ်သတ်မည့် သောတာပတ္တိမဂ်သမာဓိ (၀၀) အရိယာမဂ်သမာဓိ ျဖစ်သည်။

http://www.dhammadownload.com

ထိုသမာဓိသည် လို-မလို မှန်သမျှတို့မှ (ဝါ) တဏှာမှ လုံးဝလွတ်မြောက်နေခြင်း ဖြစ်သည်။ ၎င်းကို မဂ်သမာဓိဟု ခေါ်သည်။ ထိုမဂ်သမာဓိဖြစ်ဆဲ၌ (၁၅၀၀)ကိလေသာ တဏှာအားလုံး အစွန်းအစမကျန် ချုပ်ငြိမ်းနေသည် (**မဂ်သမာဓိသည် နိဗ္ဗာန်ကို အာရုံပြုနေသည်**)။ ထိုအချိန် တခဏသည် မဂ်ကိစ္စ ဆောင်ရွက်ရန် အဆင်သင့် ဖြစ်နေပြီဖြစ်သည်။

၅၂။ မဂ်ကူးပုံ (ဝါ) မဂ်ကိစ္စဆောင်ရွက်ပုံ

ထိုသမာဓိသည် ပကတိထီးထီး အလိုလိုတည်နေစဉ် အာရုံတစ်ခုခုက ဒွါရတစ်ပါးပါးကို လာရောက်တိုက်ခိုက်သည်ရှိသော် အကျိုးတရား ရုပ်နာမ် အဘျာကတစိတ်စေတသိက်ရုပ် တည်းဟူသော သက္ကာယ (လောကီခန္ဓာ)တို့ ဓမ္မနိယာမအတိုင်း ပေါ်လာလိမ့်မည်။ ထိုရုပ်နာမ်တို့ ဖြစ်ပေါ်စဉ် ၎င်းရုပ်နာမ်တို့နှင့် ငါပဲ ငါ့ပစ္စည်းပဲဟု စွဲမည့် ဒိဋ္ဌိကို ဆက်စပ်မည့် တဏှာသည် လျင်မြန်စွာ ပေါ်လာသည်။ **ထိုတဏှာက သမာဓိစိတ်အား လာရောက်ဝင်ပူးဆွဲခြင်းကို မဂ်သမ္မာဒိဋ္ဌိက လှည့်မြင်လိုက်သဖြင့်** တဏှာသည် စိတ်ကို ကိုက်ခဲစွဲခွင့် ပူးခွင့်ကပ်ခွင့်မရပဲ ချုပ်သွားသည် (သောတာပတ္တိမဂ်ခဏ၌ နိဗ္ဗာန်ကို အာရုံပြုသည်)။ **၎င်းကို မဂ် ပယ်သတ်သည်၊ မဂ်ကိစ္စ ဆောင်ရွက်သည်၊ မဂ်ကူးသည်ဟု ခေါ်သည်။** တဏှာသည် စိတ်ကို ဝင်စီးပူးပြီးမှ ခန္ဓာကိုယ်ကို ငါပဲ, ငါ့ဥစ္စာပဲ, ငါ့ခန္ဓာပဲဟူ၍ ကောင်းမကောင်း အာရုံအမျိုးမျိုး ခံစားသည်။ တဏှာ စင်ကြယ်နေသောစိတ် တသံသရာလုံး မရရှိခဲ့သမျှ (ဝါ) စိတ်ဖြစ်တိုင်း တဏှာ မကင်းခဲ့သမျှ ယခုတော့ **မဂ်ဉာဏ်က တဏှာကို ဒိဋ္ဌမြင်လိုက်ရသည်**။ ထိုအခါ ဘဝင်အဆင့်ဆင့် ပြန်ကျသွားသည်။ စိတ်သည် ဘဝင်၌ငြိမ်းနေသည်။

"ဒုဒ္ဒသံ အနတံနာမ နဟိသစ္စံ သုဒဿနံ၊
ပဋိဝိဒ္ဓါ တဏှာ ဇာနတော ပဿတော နတ္ထိ ကိဉ္စနံ။"[၉]

ယံ အနတံနာမ အကြင်ညွတ်ခြင်းကင်းရာနိဗ္ဗာန်ဟူသည်ကား၊ **ဒုဒ္ဒသံ** အလွန်မြင်နိုင်ခဲ၏၊ **ဟိသစ္စံ** ဤသို့ ဆိုခြင်းသည်မှန်၏။ **တံ ပဒံ** ထိုနိဗ္ဗာန်သည်၊ **သုဒဿနံ** လွယ်ကူစွာ မြင်နိုင်သည်၊ နမဟုတ်။ **တဏှာ** တဏှာကို၊ **ပဋိဝိဒ္ဓါ** ထိုးထွင်း၍၊ **ဇာနတော** သိသောသူသည်၊ **နတ္ထိ ကိဉ္စနံ** ပူပန်ခြင်းကင်းသော နိဗ္ဗာန်ကို၊ **ပဿတော** မြင်သောသူတည်း။

ထိုအချိန်၌ တည်သောစိတ်သည် လောကီပညတ်နှင့်ယှဉ်သော သညာမှ လွတ်မြောက်ပြီဖြစ်သည်။ ထိုသဘောကို မြတ်စွာဘုရားရှင်သည် အောက်ပါဒေသနာအတိုင်း ဟောကြားထားသည်။

> ရာဂကင်းရာနိဗ္ဗာန်ကိုအဖန်ဖန်ရှုသောဉာဏ်သည် **တပ်မက်ဖွယ်အားဖြင့်ဖြစ်သော** သညာမှ လွတ်သောကြောင့် သညာဝိမောက္ခ မည်၏။[၁၀]

အထက်ပါ မဂ်ကိစ္စဆောင်ရွက်ပုံ၏ အခြင်းအရာသဘောတို့ကို ပဋိသမ္ဘိဒါမဂ်၌ အောက်ပါအတိုင်း ဟောကြားထားသည်။

> **သောတာပတ္တိမဂ်ခဏ၌ မြင်တတ်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှထ၏၊ ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်၍ဖြစ်တတ်သော ကိလေသာတရားတို့မှလည်းကင်း ခန္ဓာတို့မှလည်းထ၏၊ အပဖြစ်သော အားလုံးသော သခ်ါရနိမိတ်တို့မှလည်းထ၏၊**

---

[၉] ဥဒါနပါဠိ၊ ပါဋလိဂါမိယဝဂ္ဂ၊ ဒုတိယနိဗ္ဗာနပဋိသံယုတ္တသုတ္တံ-၇၂ နာ-၁၇၇

[၁၀] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်၊ မဟာဝဂ်၊ ဝိမောက္ခကထာ၊ အကျယ်ပြခြင်း-၂၁၄ နာ-၂၉၃

http://www.dhammadownload.com

ထို့ကြောင့် နှစ်ပါးသောအဖို့မှ ထမြောက်လွတ်ကင်းခြင်း၌ဖြစ်သော ပညာကို မဂ်ဉာဏ်ဟု ဆိုအပ်၏။[၁၁]

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ
ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ န ကာဟသိ
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟ ကူဋံ ဝိသင်္ခတံ
ဝိသင်္ခါရဂတံ စိတ္တံ၊တဏှာနံ ခယမဇ္ဈဂါ။[၁၂]

ထိုပါဠိတော်မှ "ဂဟကာရက ဒိဋ္ဌောသိ" ဟူသည် ခန္ဓာအိမ်ကို ဆောက်လုပ်သော တဏှာကို မြင်ပြီဟု ဆိုလိုခြင်းဖြစ်သည်။ ထိုပါဠိတော်အရ အနုသယအားဖြင့် ကိန်းနေသော တဏှာကို အရိယာမဂ်ဉာဏ်ဖြင့်သာ မြင်နိုင်သည်။ လူ့ဘုံတည်းဟူသော သုဂတိဘုံနှင့် အပါယ်လေးဘုံ ခန္ဓာကို ဆက်စပ်ပေးမည့် ဝါနတဏှာကို အကြွင်းမဲ့ ပယ်သတ်လိုက်ခြင်း ဖြစ်သည် (သောတာပတ္တိမဂ်)။

သမ္မာဒိဋ္ဌိ(ပညာစေတသိက်)သည် ခန္ဓာ၌ တစ်မျိုးတည်းသာ ရှိသည်။ ထိုသမ္မာဒိဋ္ဌိသည် ကျင့်ဆဲ၌ လောကီခန္ဓာကို အာရုံပြုသည်။ လောကုတ္တရာမဂ်ကူးခိုက်တွင် တဏှာကိုမြင်သည်။ မဂ်ကူးပြီးသောအခါ နိဗ္ဗာန်ကိုမြင်သည်။ **လောကီကို မြင်သောအခါတွင် လောကီမဂ်ဟု ခေါ်၍ နိဗ္ဗာန်ကို မြင်သောအခါ လောကုတ္တရာမဂ်ဟု ခေါ်သည်။**

သန္ဓာဓလေးပါးမြင်ပုံ

မဂ်ကူးပြီးသည်နှင့် တပြိုင်တည်း မဂ်ကူးပြီဟု သိလိုက်သည်။ လောကီဖြစ်ပျက်ခန္ဓာ (ဒုက္ခသစ္စာ)ကိုလည်း မြင်၏။ စိတ်ကိုလာ၍ နှောင်ဖွဲ့သော တဏှာ(သမုဒယသစ္စာ)ကိုလည်း မြင်၏။ တဏှာကို ပယ်လိုက်မှုကိုလည်း သိ၏။ တဏှာချုပ်သွားသည်ကိုလည်း သိလိုက်၏။ တဏှာချုပ်မှု (နိရောဓသစ္စာ)ကိုလည်း မျက်မှောက်ပြုသိလိုက်၏။ တဏှာချုပ်ကြောင်း (မဂ္ဂသစ္စာ) ကိုလည်း သိလိုက်၏။

လောကီခန္ဓာငါးပါးသည် **ဒုက္ခသစ္စာ**
ခန္ဓာအိမ်ကို နှောင်ဖွဲ့လာသော တဏှာသည် **သမုဒယသစ္စာ**
တဏှာနှင့်တကွ လောကီခန္ဓာငါးပါး ချုပ်ရာသည် **နိရောဓသစ္စာ**
မဂ်သမာဓိနှင့်တကွ တဏှာကိုမြင်သောဉာဏ်သည် **မဂ္ဂသစ္စာ**
ဤကဲ့သို့ သစ္စာလေးပါး တပြိုင်တည်းမြင်သောဉာဏ် ပေါ်လာသည်။

ပုဗ္ဗဘာဂမဂ်နှင့် အရိယာမဂ်၏သဘော

မဂ်ဟူသည် အမှန်အရှိသဘောကို မြင်မှုဖြစ်သည်။ တရားစကျင့်ရာမှ ဂေါတြဘူ မတိုင်မီ အထိကို လောကီပုဗ္ဗဘာဂမဂ်ဟုခေါ်၍ ဂေါတြဘူမှနိဗ္ဗာန်ကိုအာရုံပြုသည်အထိကို အရိယာမဂ်ဟုခေါ်သည်။ ဝိပဿနာယာနိကကျင့်စဉ်၌အမှန်မြင်တတ်သောပညာစေတသိက် (သမ္မာဒိဋ္ဌိ)သည် တဏှာကိုပယ်လျက် စင်ကြယ်သော လောကီခန္ဓာငါးပါးကို မြင်သည်။ သမထယာနိကတွင် အမှန်မြင်တတ်သောပညာစေတသိက်(သမ္မာဒိဋ္ဌိ)ကို ဖုံးကွယ်ထားသည့်

---

[၁၁] ပဋိသန္ဓိဒါမဂ်ပါဠိတော် မြန်မာပြန်၊ မဟာဝဂ်၊ ဉာဏကထာ၊ မဂ်ဉာဏ်အကျယ်ပြခြင်း-၆၂ နှာ-၈၈

[၁၂] ဓမ္မပဒပါဠိ၊ ဇရာဝဂ္ဂေါ-၁၅၃၊၁၅၄

http://www.dhammadownload.com

မောဟနှင့် တဏှာကို ဈာန်ဖြင့် ပယ်ခွာ၍ လောကီခန္ဓာငါးပါးကို ပညာစေတသိက် (သမ္မာဒိဋ္ဌိ)က မြင်သည်။

အရိယာမဂ်သမ္မာဒိဋ္ဌိသည် တဏှာကို မြင်ပြီး တဏှာ (အပါယ်ဒုဂ္ဂတိခန္ဓာနှင့် ဆက်စပ်တတ်သော ဝါနတဏှာ)ကို ပယ်သတ်လျက် နိဗ္ဗာန်ကိုမြင်သည်။

၅၊၃။ ဖိုလ်စောရောက်ပုံ

တဖန်ဘဝင် နှစ်ချက် သုံးချက် ပြန်ကျသွားပြီး ဟဒယ၌ စိတ်သည် ငြိမ်ကျသွားပြီး အေးငြိမ်းစွာ တည်နေတော့သည်။ ဘဝင်နုများ တလှပ်လှပ် ဖြစ်နေသည်။ ပြန်၍ ဆင်ခြင်ပြန်သည်။

အရှိပရမတ် ရုပ်နာမ်တို့အပေါ်တွင် သဟိတ်မနောဝိညာဏ်သည် အရှိကိုအရှိအတိုင်း၊ ဓမ္မကို ဓမ္မအတိုင်း မသိမြင်ခဲ့သည့်အတွက်ကြောင့် ငါပဲ ငါ့ခန္ဓာကိုယ်ပဲဟု မှားယွင်းစွာ စွဲလမ်းခဲ့မိခြင်းကြောင့် ပြင်ပအာရုံ၌သော်လည်းကောင်း၊ အတွင်းခန္ဓာအာရုံတို့အပေါ်၌ လည်းကောင်း၊ လိုလျှင်လောဘ မလိုလျှင် ဒေါသစသော အကုသိုလ်တရားများ ပေါက်ဖွားခဲ့ရသည်။ ထိုတဏှာ အကြောင်းတရားကြောင့် ပြုလုပ်မှုသခ်ါရ အကြောင်းတရားများဖြစ်ခဲ့ရသည်။ ထိုတဏှာသခ်ါရတို့ကြောင့် ဒုက္ခအကျိုးတရားများသာ ရခဲ့သည်။ စိတ်၌ ကိလေသာ မီးတောက်ရသည်။ ထိုမီးတောက်ရာ အကြောင်းရင်းဖြစ်သော ရုပ်နာမ်တို့၏ အရှိအမှန်သဘောကို မြင်သိအောင် ရှုပွားနိုင်ခဲ့ခြင်းကြောင့် ရုပ်နာမ်တို့အပေါ် အမှန်မြင်ခဲ့ပြီး တဏှာနှောင်ဖွဲ့မှုကင်းကာ တဏှာ၏ ရက်စက်မှုမှ ငြိမ်းခဲ့ရသည်။ တဏှာသည် ရုပ်နာမ်ပေါ်တိုင်း လွတ်ခွင့်မပေးပဲ အုပ်ချုပ်ခဲ့လေသမျှ ယခုတော့ ထိုတဏှာအကြောင်း သိခဲ့ရသည်။ တဏှာကို တော်လှန်နိုင်ခဲ့ပြီ (ဖိုလ်စိတ်၌တည်လျက်)။

ဤကဲ့သို့အားဖြင့် ဒုက္ခရကြောင်း(သမုဒယသစ္စာ)၊ ဒုက္ခရရှိမှု(ဒုက္ခသစ္စာ)၊ ဒုက္ခချုပ်ပုံ (နိရောဓသစ္စာ)၊ ဒုက္ခချုပ်ကြောင်း(မဂ္ဂသစ္စာ) စသည့် သစ္စာလေးချက် မျက်မှောက်ပြုနိုင်မှုကို အပြန်အလှန် ဆင်ခြင်သည်။

ဤသောတာပတ္တိမဂ်အပိုင်းအခြားထိ ရောက်ရှိသော စင်ကြယ်မှုသည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

ဆန္ဒချုပ်ပုံကို ပေပင်ဥပမာဖြင့် နှိုင်းယှဉ်ပြခြင်း

ပေပင်သည် သက်တမ်းကုန်ဆုံးသောအခါ အပွင့်အသီးများ သီးလာပြီး ကြွေကျပြီးသည့်နောက် အရွက်အလက်များ ထပ်ထွက်မလာတော့ပဲ တဖြည်းဖြည်း သူ့အလိုလို ပင်စည်ခြောက်၍ အပင်သေသွားသည်။ ထိုပေပင်သေရန်အတွက် အခြား မည်သည့် အကြောင်းကမှ ဖန်တီးစရာမလို၊ အသီးသီးပြီးသည်နှင့် သေခြင်းသဘော အလိုလိုဆောင်သည်။ အပွင့်အသီးများသည် ပေပင်မှဖြစ်၍ အပွင့်အသီး သီးပြီးသောအခါ ပေပင်သည် ရေဓာတ်မြေဓာတ်စသော အာဟာရများကို မစုပ်ယူတော့သဖြင့် သူ့အလိုလိုပင်အားပြတ်ပြီး သေခြင်းဖြစ်သည်။

တဏှာသည် ခန္ဓာတည်ဆောက်ရာတွင် ဆန္ဒနှင့်လောကီမဂ္ဂင်ထိုက်သော စေတသိက်တို့တည်းဟူသောဓာတ်များ ကိန်းလာခဲ့သည်။ ခန္ဓာဆုံးကြောင်း ကျင့်ချင်တာလည်း တဏှာ မွေးသော ဆန္ဒဖြစ်၍ ခန္ဓာဆုံးကြောင်း ကျင့်သောလောကီမဂ္ဂင်တို့မှာလည်း တဏှာမွေးခဲ့သော စေတသိက်များ သာဖြစ်သည်။ ခန္ဓာ၏ဒုက္ခအမျိုးမျိုးနှင့် မမြဲမှု၊ အနှစ်မရှိမှုကိုမြင်၍၊ ထိုခန္ဓာကိုလည်း ငါမဟုတ်၊ ငါ့ခန္ဓာကိုယ်မဟုတ်မှန်းသိ၍ စွန့်ချင်ခြင်းသည်လည်း တဏှာကမွေးသော ဆန္ဒသာလျှင် ဖြစ်သည်။ ခန္ဓာချုပ်ကြောင်း (ဝါ) ဒုက္ခချုပ်ကြောင်း သခ်ါရ (လောကုတ္တရာမဂ်) ဖြစ်ပေါ်အောင် ဖန်တီး

http://www.dhammadownload.com

ဘိသကဲ့သို့ဆောင်တာလည်း တဏှာကမွေးသော လောကုတ္တရာမဂ္ဂင်ထိုက်သောစေတသိက်များပင် ဖြစ်သည်။ တဏှာသည် ပေါင်နှင့် တူသည်။ ဆန္ဒသည် ပေဖူးနှင့်တူသည်။ လောကီမဂ္ဂင် ထိုက်သောစေတသိက်တို့နှင့် လောကုတ္တရာမဂ္ဂင်ထိုက်သောစေတသိက်တို့သည်ပေသီးနှင့်တူသည်။

ဖန်တီးဘိသကဲ့သို့ ရောက်ရှိသွားသော လောကုတ္တရာမဂ်သည် ပေါင်မှ ပေဖူး အပွင့် အသီး ဖန်တီးသည်နှင့်တူသည်။ သို့အတွက်ကြောင့် ပေဖူးပေသီးနှင့်တူသည့် လောကုတ္တရာမဂ်စိတ်က တဏှာကို ခန္ဓာမှကပ်ခွင့်မပေးတော့သဖြင့် လောကုတ္တရာမဂ်စိတ်သည် တဏှာကို သတ်သော လက်နက် ပြန်ဖြစ်သွားသည်။ လောကုတ္တရာမဂ်စိတ်သည် တဏှာ, မာန, ဒိဋ္ဌိ ကင်းသည်။ ထိုမဂ်ပယ်မှုသည် သံသရာ ဖြတ်ကြောင်းမဂ် (၀၊) ပုထုဇဉ်အနွယ်ကို ဖြတ်သောမဂ် ဖြစ်သည်။

၅၄။ ဖိုလ်မှခွာပုံ

ဖိုလ်စိတ်၌ အားရသလောက် အပန်းဖြေ၍ ငြိမ်းနေပြီး ထိုဖိုလ်မှခွာ၍ မူလကွရိယာပုထ်မှ စွန့်ကာ ထမည်ဟူ၍ မတ်တပ်ရပ်လိုက်သည်။ ထိုမတ်တပ်ရပ်မှုတွင် ငါမရှိ၊ ငါမထ၊ ငါပြုလုပ်တာ မဟုတ်ပဲ စက်ရုပ်ကြီးသဖွယ် သူ့အလိုလို တွန်းမ,လာသော သဘောဆောင်လာသည်ကို လွတ်လွတ်ကြီး မြင်နေရသည် (စိတ္တသခ်ါရ စိတ္တဇ၀ါယောနှင့် ကာယသခ်ါရ ကမ္မဇ၀ါယော၏ အမူအရာ)။ ဆက်လက်၍ လှမ်းခြင်း၊ ကြွခြင်း ဆောင်နေသော်လည်း အဟျာကတသက်သက် ဖြစ်နေမှုကို သိနေပြီး ငါလှမ်းတယ်၊ ငါကြွတယ်ဟူ၍လည်း မရှိ။ လှမ်းမှု၊ ကြွမှု သဘောသာ ရှိနေသည်။ ဝင်လေထွက်လေဆောင်မှုသဘောကိုလည်း အိပ်ပျော်နေသော လူတစ်ယောက် အသက်ရှူနေသည်ကို မိမိဘေးမှ ထိုင်ကြည့်နေရတိသကဲ့သို့ မိမိခန္ဓာကိုယ်အား ပြန်မြင်နေသည်။ ထိုဝင်လေထွက်လေ ရှူရှိုက်နေမှုအပေါ်၌ ငါဟူ၍ စွဲကပ်ယူ၍မရပဲ သူ့အလိုလို လွတ်လွတ် ရှူနေသည့် သဘောကိုသာ မြင်နေသည်။

မျက်တောင်ခတ်မှုကို ကြည့်ရာ၌လည်း မိမိနှင့် မဆိုင်ပဲ သူတပါး မျက်တောင်ခတ် နေသည်ကို ကြည့်နေရတိသကဲ့သို့ ဖြစ်နေသည်။ ထမင်းစားရာ၌လည်း ထမင်းနယ်မှု၊ ဟင်းခတ်မှု၊ ပါးစပ်ထဲသို့ထည့်မှု၊ ဝါးမှု၊ မျိုချမှု စသည့် ကာယသခ်ါရတို့၌ ငါမရှိ၊ ငါလုပ်တာ မဟုတ်ပဲ စိတ်စေတနာ နှိုးဆော်ရာ ရုပ်ကြီး လုပ်နေသည့် သဘောပင် ဖြစ်သည်။ နွားပိုင်ရှင်က နဖားကြိုးဆွဲရာ နွားလိုက်နေရတိသကဲ့သို့ ဖြစ်နေသည်။

ဤကဲ့သို့အားဖြင့် သောတာပတ္တိမဂ် ကူးပြီးသော ပုဂ္ဂိုလ်တို့သည် မဂ်ကူးပြီးသည်နှင့် တပြိုင်နက် ကာယသခ်ါရ ကာယသင်္ခေတနာ၊ ဝစီသခ်ါရ ဝစီသင်္ခေတနာတို့၏ ပစ္စုပ္ပန် သဘောဆောင်မှုတို့အပေါ်၌ ကာလဝိမုတ္တိအကျိုးရရှိသည်။ ဘယ်သောအခါမှ ပြောင်းလဲခြင်းမရှိ၊ ပျက်စီးခြင်း မရှိပါ။ စိတ်စေတနာတို့ အပေါ်၌ ပစ္စုပ္ပန် ကာလဝိမုတ္တိဖြစ်ရန်၊ ကျန်သုံးမဂ်တို့ဖြင့် တဏှာကို အကြွင်းမဲ့ပယ်ရန် ဆက်လက် ကျင့်ရမည်။ အကြောင်းချုပ်တိုင်း အကျိုးချုပ်သည်။ သူ့မဂ်နှင့်သူ ဆိုင်ရာအကြောင်းတရားများ ချုပ်တိုင်း ဆိုင်ရာအကျိုးတရားများချုပ်သည်။ ဆိုင်ရာအကျိုးတရားချုပ်မှုကြောင့် ချမ်းသာမှု၊ လွတ်လပ်မှု ရသည်။ သောတာပတ္တိမဂ်သည် ကာယသခ်ါရနှင့် ဝစီသခ်ါရတို့၏ သဘောဆောင်မှု၌ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိကို ပယ်သည်။ ထိုဒိဋ္ဌိအကြောင်း ငြိမ်းသဖြင့် ထိုဒိဋ္ဌိကြောင့် ဆင်းရဲရမှုချုပ်သည်။ ဆင်းရဲမှုချုပ်ခြင်းသည်ပင်လျှင် အကျိုးတရား ချမ်းသာမှုဖြစ်သည်။

http://www.dhammadownload.com

လောကုတ္တရာမဂ် (၀၊) အရိယာမဂ်သမာဓိ၏ဂုဏ်

ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိ၊
သမာဓိ မာနန္တရိကညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ကွဒမ္မိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။[၃၄]

ဗုဒ္ဓသေဋ္ဌော၊ ဘုရားမြတ်သည်။ **သုစိ**၊ ကိလေသာကင်း အလွန်သန့်ရှင်းစင်ကြယ်သော။ **ယံ သမာဓိ**၊ အကြင်အရိယာမဂ်သမာဓိကို။ **ပရိဝဏ္ဏယီ**၊ အနည်းနည်း ထုတ်ဖော်ချီးကျူးတော်မူခဲ့ပြီ။ **သမာဓိ**၊ အကြင်အရိယာမဂ်သမာဓိကိုပင်။ **အာနန္တရိကံ**၊ မိမိ၏အခြားမဲ့၌ အကျိုးပေးတတ်သည့် အာနန္တရိကသမာဓိ ဟူ၍လည်း။ **အာဟု**၊ ဘုရားအဆူဆူ မိန့်တော်မူကုန်ပြီ။ **တေန သမာဓိနာ**၊ ထိုအရိယာမဂ်သမာဓိနှင့်။ **သမော**၊ တူညီသောသမာဓိမျိုးကား။ **န ဝိဇ္ဇတိ**၊ မရှိတော့ပေ။ **ဓမ္မေ**၊ အရိယမဂ်တရားတော်၌။ **ကွဒမ္မိ ရတနံ**၊ ဤရတနာ၏အဖြစ်နှစ်သက်ဖွယ်ကောင်း ဂုဏ်တော်အပေါင်းသည်လည်း။ **ပဏီတံ**၊ ထူးမြတ်လှပါပေ၏။ **ဧတေန သစ္စေန**၊ ဤသစ္စာစကားကြောင့်။ **သုဝတ္ထိ ဟောတု**၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။[၃၅]

အကြင်သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်မကူးမီ ရှေးအဖို့၌ရရှိသောသမာဓိသည် အရဟတ္တမဂ်နှင့်တူသည်[၃၆]ဟု ဖွင့်ဆိုထားသည်။

မဂ်ကူးပုံ နှင့် ကိလေသာကြွေးကျန်

မှတ်ချက်။ ။ပစ္စဝေက္ခဏာ ဆင်ခြင်ရာတွင် သဘောကို ဉာဏ်အားဖြင့်သာ သိရသည်။ ထို့ကြောင့် ထိုဉာဏ်၏သဘောကို ဥပမာအားဖြင့်သာ တင်ပြနိုင်မည်။ တဆက်တည်းလို ဖြစ်နေ၍ မဂ်ကူးပုံနှင့်တကွ ပစ္စဝေက္ခဏာဆင်ခြင်ပုံပါ တပေါင်းတည်း ရေးသားတင်ပြပါမည်။

သူခိုးပမ်းဥပမာ

လူပျိုကြီးတစ်ယောက်သည် ရပ်ကွက်တစ်ခုအတွင်းမှအိမ်ငှား၍ မြို့တွင်း၌ အလုပ်ဆင်းနေသည် ဆိုပါစို့။ အိမ်တံခါးပိတ်၍ နေ့စဉ်အလုပ်ဆင်းနေသည်မှာ ကြာလာခဲ့ပြီ။ တစ်နေ့၌ အလုပ်မှ အိမ်ပြန်လာသောအခါ ပစ္စည်းအချို့ ပျောက်နေသည်ကို စစ်ဆေးမိသည်။ ထိုအခါ သူခိုးပေါ်၌ မကျေမနပ်ဖြစ်ကာ သူခိုးဖမ်းချင်စိတ်ဖြစ်လာသည်။ သူခိုး မည်သူမည်ဝါ ဆိုသည်ကိုလည်း အလွန်သိချင်သည်။ အကြံတစ်ခု ရလိုက်သည်။ အိမ်ရှင်မရှိခိုက် သူခိုးဝင်သည်ဖြစ်၍ အိမ်ရှင်မရှိချင်ယောင်ဆောင်ပြီး အိမ်တွင်း၌တိတ်တဆိတ်နေကာ သူခိုးဖမ်းရန်ဆုံးဖြတ်လိုက်သည်။

သူခိုးကလည်း အိမ်ရှင်ရှိမရှိ အကဲမခတ်ပဲ အိမ်ရှင်မရှိဘူး အထင်ဖြင့် ဝင်နေကျနေရာမှ အိမ်တွင်းသို့ တိုးဝင်လိုက်သည်။ အိမ်ရှင်ကလည်း သူခိုးဖမ်းချင်ဇော အားကြီးကာ သူခိုး ပစ္စည်းမယူမီ သူခိုး အိမ်တွင်းသို့ဝင်ဝင်ချင်းပြေးဖမ်းလိုက်သည်။ သူခိုးကလည်း အိမ်ရှင်ထွက်လာသည်နှင့် တပြိုင်တည်း လျင်မြန်စွာ ထွက်ပြေးသွားသည်။ ထိုသူခိုးသည် ရပ်ကွက်အတွင်းမှ မောင်နီဖြစ်ကြောင်း အိမ်ရှင်သေချာစွာ သိလိုက်သည်။ သူခိုးကလည်း အိမ်ရှင် သိသွားပြီမှန်းသိသည်။

---

[၃၄] ခုဒ္ဒကပါဋပါဠိ၊ ရတနသုတ္တံ

[၃၅] သပြေကန်ဆရာတော်၊ "ပရိတ်ကြီးနိဿယသစ်"၊ စာ-၁၅၄။

[၃၆] ဟံသာဝတီမူ ပရိတ်ကြီးဆယ်စောင်တွဲ

http://www.dhammadownload.com

အိမ်ရှင်၏ ဆန္ဒစောမှုကြောင့် အိမ်ထဲ၌ ခိုးရာပါ ပစ္စည်းနှင့်အတူ ထိုသူခိုးအား လက်ရဖမ်းဆီးနိုင်ခြင်း မရှိ၍ ရုံးတင်အမှုဖွင့်နိုင်ခြင်း မရှိခဲ့ပေ။ သူခိုးကလည်း အိမ်ရှင်ကို အကဲခတ်စုံစမ်းနေပြီး လူလစ်လျှင် ခိုးနေဦးမည်။ အိမ်ရှင်ကလည်း သူခိုးကို အလစ်မပေး၊ သူခိုးအား လက်ပူးလက်ကြပ် ဖမ်းမိရန် ကြွေးကျန်နေသည်။

လောကီသဒ္ဓါရကို စွန့်လွှတ်ပြီးသောစိတ်(မဂ်သမာဓိ)သည် အိမ်ရှင်နှင့်တူ၏။ သူခိုးသည် တဏှာနှင့်တူ၏။ သူခိုးကို အိမ်ရှင်မြင်ပုံသည် မဂ်ကူးပုံနှင့်တူ၏။ သူခိုးကို လက်ရဖမ်းမိရန် အားထုတ်မှုပြုရန် ကျန်နေသေးခြင်းသည် တဏှာကို အကြွင်းမဲ့ပယ်သတ်ရန် ကြွေးကျန်နေခြင်းနှင့်တူ၏။

ရုပ်နာမ်တို့ကို ဝိပဿနာရှုစဉ်က ခန္ဓာဖြစ်ကြောင်း၊ ဒုက္ခဖြစ်ကြောင်း၊ (၁၁)ပါးမီးတောက်ကြောင်း ဖန်တီးရှင်ဖြစ်သော အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ, တဏှာတို့ကို မမြင်ခဲ့ပါ။ ရုပ်နာမ်ကိုသာ မြင်ခဲ့ပြီး ထိုရုပ်နာမ်တို့၌ အတ္တငါမရှိကြောင်းသာ သိမြင်ခဲ့ရသည်။ မောဟ, တဏှာတို့သည် သတိဉာဏ်လွတ်လျှင် စိတ်ကို ပေါင်းသည်။ သတိဉာဏ် ရှိသောအခါ ချုပ်ပျောက်သွားသည်။ လောဘ, ဒေါသ, မောဟ စေတသိက် စသည့် တဏှာတို့သည် စိတ်၌ ဘယ်အချိန်ခိုဝင်၍ ပေါင်းသည်ကို မသိခဲ့။ ရုပ်နာမ်တို့အပေါ်မှာ ရှာကြည့်တော့လည်း မတွေ့။

ထို့ကြောင့် ရုပ်နာမ်တို့အပေါ်၌ ရှု၍ရှာနေသမျှ နိဗ္ဗာန်ချမ်းသာမတွေ့ခဲ့ပေ။ ထိုလောကီသဒ္ဓါရတို့ကို လျစ်လျူရှုလိုက်တော့မှ သဒ္ဓါရဒုက္ခ ချုပ်သွားသည်။ သို့သော်လည်း မူလက ခန္ဓာတည်ဆောက်သည့် ဖန်တီးရှင်တဏှာကိုကား မတွေ့ပါ။ လောကီသဒ္ဓါရတရားအားလုံးကို လျစ်လျူရှုလိုက်သဖြင့် အကြောင်းအကျိုး ချုပ်သွားသည်။ တဏှာကလည်း ခန္ဓာပေါ်၌ သတိဉာဏ်ကင်းလျှင် တိုက်ဆိုင်သည့် ရုပ်နာမ်ပေါ်သည့်အခါ ခိုးနေကျသူခိုး အလစ်ဝင်ခိုးဘိသကဲ့သို့ ရုပ်နာမ်ကို ဝင်ဆွဲသည်။

ထိုသို့ဆွဲရာတွင် အိမ်ရှင်နှင့်တူသော လောကီသဒ္ဓါရမှ လွတ်မြောက်သည့်(မဂ်သမာဓိ)စိတ်သည် ရုပ်နာမ်ကို တဏှာဝင်ဆွဲသည့်တိုင်အောင် စောင့်မကြည့်ပဲ ပယ်သတ်လိုက်သဖြင့် တဏှာပေါ်ပြီးပြန်ချုပ်သွားသည်ကိုသာ တွေ့မြင်လိုက်ရသည်။ ထို့ကြောင့် ဆက်လက်အားထုတ်ကာ ပယ်ရမည့် တဏှာကြွေး ကျန်နေခဲ့ခြင်း ဖြစ်သည်။

မဂ်တဇ္ဈာ၏ မြင်ကွင်း

လျှပ်စီးလက်ညဉ့်ပမာ

ညအမှောင်တွင်း၌ ရွာစဉ်တလျှောက် ခရီးသွားသူတစ်ယောက်သည် သစ်ပင်နှင့်အိမ်စသော အဆောက်အဦးများကို မမြင်ရပါ။ ထိုအချိန်သည် မိုးတွင်းကာလဖြစ်၍ မိုးမှောင်ကျပြီး တခါတရံ လျှပ်စီးများလည်း လက်နေသည်။ လမ်းပျောက်နေသောသူသည် လမ်းနှင့်အရပ်ကို မှန်းမျှော်ကာ လျှပ်စီးလက်ခြင်းကို စောင့်နေသည်။ ထိုသို့ စောင့်နေစဉ် လျှပ်စီးလက်လိုက်သောအခါ အလင်းရောင်သည် တခဏအတွင်း အမှောင်ထုကို ဖြိုခွင်းလိုက်သည်။ အလင်းရောင်အောက်၌ ပျောက်ကွယ်နေသော လမ်း, အိမ်, သစ်ပင်, စေတီ, ပုထိုး စသည်တို့အားလုံး တပြိုင်တည်း ပေါ်လာသော်လည်း ထိုခရီးသွားပုဂ္ဂိုလ်သည် လမ်းကိုသာ အဓိကထားကြည့်မိလိုက်သည်။ ကျန်သောအရာ အားလုံးကို ဂရုထားမကြည့်လိုက်ပါ။

ထိုဥပမာအတိုင်း မဂ်တဇ္ဈာ၌ လျှပ်စီးလက်ဘိသကဲ့သို့ ရုပ်နာမ်ဖြစ်စဉ် အားလုံးနှင့် ထိုရုပ်နာမ် ခန္ဓာစုကို ကပ်ငြိမည့်တဏှာကို မဂ်သမာဓိကမြင်ပါလျက် အားလုံးကိုခြုံ၍ရပ်မကြည့်ပဲ လမ်းနှင့်တူသော တဏှာကိုသာ ကြည့်လိုက်သဖြင့် တဏှာတစ်ခုတည်းကိုသာ မြင်လိုက်သည်။

http://www.dhammadownload.com

ထို့ကြောင့် လမ်းကိုတော့ သိပြီး ရွာအခြေအနေကို မသိလိုက်သဖြင့် ဘယ်ရွာရောက်နေသည်ကို မှန်းဆ၍ မရဘီသက့ဲသို့ ရှေ့ဆက်ရမည့် ခရီးအတွက် လမ်းအမှန် ရွာအမှန်ကို လေ့လာပွားများ အားထုတ်ရဦးမည်။

ဆိုလိုသည်မှာ ထိုမင်္ဂသမာဓိတခဏ၌ ရုပ်နာမ်အားလုံး (ကြိယာ) အဗျာကတသက်သက် ရှိနေပါလျက် အရှိအတိုင်းကို မင်္ဂသမာဓိက မြင်မြင်ကာမျှ ရုပ်ကြည့်မနေခြင်းကြောင့် အဝိဇ္ဇာနှင့် တဏှာ အားလုံး အကြွင်းမဲ့မချုပ်ခြင်းဖြစ်သည်။ အကယ်၍ နဂိုက္ကန္ဓေအတိုင်း ရုပ်ကြည့်မည် ဆိုလျှင် လေးမင်္ဂ, လေးဖိုလ်သို့ ကူးနိုင်ကြောင်းကို ရည်ညွှန်းဆိုလိုခြင်းဖြစ်သည်။ တနည်းအားဖြင့် ဆိုသော် အရိယာမင်္ဂ သမာဓိသည် တစ်ခုတည်း တသဘောတည်း တစ်မျိုးတည်းသာ ဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

လမ်းရှာသောသူနှင့် မင်္ဂသမာဓိတူသည်။ လျှပ်စီးလင်္ကာ၍ အမှောင်ထုပျောက်ခြင်းသည် မင်္ဂသမာဓိ အခိုက်၌ မောဟအမှောင်ချုပ်သွားခြင်းနှင့် တူသည်။ အိမ်, သစ်ပင်, စေတီ, ပုထိုး စသောအာရုံများပေါ်လာခြင်းသည် လောကီခန္ဓာအစုပေါ်လာခြင်းနှင့် တူသည်။ လမ်းကိုမြင်ခြင်းသည် ဓာဏ်ကို မြင်ခြင်းနှင့် တူသည်။ ရပ်ကွက်နေရာကို မသိလိုက်ခြင်းသည် တဏှာအကြွင်းမဲ့ မချုပ်ပဲ ကျန်နေသေးသည်နှင့် တူသည်။

၅၅။ မင်္ဂပုဂ္ဂိုလ်လေးမျိုး၏ သဘော

သရက်ပင်ဥပမာ

အရွက်၊ အပွင့်၊ အသီးများ စိုပြေနေသော သရက်ပင်တစ်ပင်ကို သင်းသတ်လိုက်သည် ဆိုပါစို့။ သင်းသတ်မှုပြီးလျှင်ပြီးချင်း ထိုသစ်ပင်အား ပြန်ကြည့်သောအခါ အပင်မှ မူလ အရွက်၊ အပွင့်၊ အသီးတို့သည် သင်းမသတ်မီကအတိုင်း စိမ်းလန်းစိုပြေလျက်ပင် ရှိနေသေးသည်။ သင်းသတ်မှုနှင့် သောတာပတ္တိမင်္ဂကူးပုံ တူ၏။ သင်းသတ်ရာတွင် ဖယ်ခွာလိုက်သော ပင်စည်၏ အခေါက်များသည် ဒိဋ္ဌနှင့်ဝိစိကိစ္ဆာကိလေသာနှင့်တူ၏။ အရွက်၊ အပွင့်၊ အသီးတို့ စိမ်းလန်း စိုပြေနေပုံသဘောနှင့် ကာမရာဂစသော ကိလေသာတို့ ကျန်ရှိနေပုံနှင့်တူ၏။

သကဒါဂါမိမင်္ဂပုဂ္ဂိုလ်၏ သဘော

ရက်ပိုင်းအနည်းငယ် ကြာလာသောအခါ ထိုသင်းသတ်ပြီးသော သရက်ပင်၏ အရွက် အသီးတို့သည် အလိုလိုညှိုးနွမ်းလာသည်။ သရက်ပင်မှ အရွက်အသီးတို့ အလိုလိုညှိုးနွမ်းနေပုံနှင့် သကဒါဂါမ်ပုဂ္ဂိုလ်၏ ကြမ်းတမ်းသော ကာမကိလေသာ ညှိုးနွမ်းကုန်ခန်းသွားပုံနှင့် တူ၏။ အသီးအရွက်များ ညှိုးနွမ်းအောင် မူလ သင်းသတ်သော ပုဂ္ဂိုလ်အနေနှင့် ပြုလုပ်ခြင်းမရှိသက့ဲသို့ သကဒါဂါမ်ပုဂ္ဂိုလ်၏ သဘောသည် ကြမ်းတမ်းသော ကာမကိလေသာ ညှိုးနွမ်းအောင် ပုဂ္ဂိုလ် အနေဖြင့် (ဝါ) ငါတည်းဟူသော အတ္တသဘောဖြင့် ပယ်သတ်ခြင်းမဟုတ်သည်ကို နှိုင်းယှဉ်ပြခြင်း ဖြစ်သည်။

ထိုအဂီလက္ခဏာတို့သည် သကဒါဂါမ်ပုဂ္ဂိုလ်တို့၏ စိတ်နှင့်တူသည်။ အရွက်၊ အပွင့်၊ အသီးတို့နှင့် တူသည့် ကာမဂုဏ်စိတ်နှင့် ဒေါသစိတ်တို့သည် လန်းဆန်းမှု မရှိတော့ပဲ ညှိုးနွမ်းခန်းခြောက်လျက် ရှိသည်။

http://www.dhammadownload.com

အနာဂါမိမဂ်ပုဂ္ဂိုလ်၏သဘော

အထက်ပါ သစ်ပင်၏ ညှိုးနွမ်းမှုမှ ခြောက်သွေ့သွားပြီး အရွက်၊ အပွင့်၊ အသီးများ အလိုလို ကြွေကျကုန်သည်။ ထိုသဘောနှင့် အနာဂါမ်ပုဂ္ဂိုလ်၏ ကာမရာဂနှင့် ဒေါသ ကိလေသာတို့ အကြွင်းမဲ့ ချုပ်ငြိမ်းသွားခြင်းနှင့် တူသည်။

အရဟတ္တမဂ်ပုဂ္ဂိုလ်၏သဘော

နောင်တဖန် အပင်မျိုးစေ့ ဆိတ်သုဉ်းသွားပြီ ဖြစ်သည်။ မည်းခြောက်ပြီး ခက်မာသော သစ်ကိုင်းများနှင့် ပင်စည်ထီးထီးကြီးသာ ကျန်နေတော့သည်။ ထိုသဘောနှင့် အရဟတ္တမဂ် ပုဂ္ဂိုလ်၏သဘော တူသည်။ အထက်ပါ ခြောက်သွေ့နေသော သစ်ပင်ကြီးသည် ဆွေးမြည့်ကာ ပြိုလဲသွားခြင်းသည် အနုပါဒိသေသနိဗ္ဗာန်သို့ ကူးမြောက်သွားပုံနှင့် တူသည်။

ဂင်းသစ်ပင်ဥပမာကို ကြည့်ခြင်းအားဖြင့် သောတာပတ္တိမဂ်ရရန် အရေးကြီးကြောင်း ထင်ရှားသည်။ သောတာပတ္တိမဂ်မကူးမီက လောကီမဂ္ဂင်ထိုက်သော စေတသိက်တို့သည် (၁၅၀၀) ကိလေသာတို့နှင့် အပြင်းအထန် ရင်ဆိုင်တိုက်ခိုက်၍ သဟိတ်မနောဝိညာဏ်ကို အပြိုင်လုယူခဲ့ရသည်(သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ)။ တသံသရာလုံး တစ်ခါမျှ မလျှောက်ခဲ့ရဖူးသော လမ်းလည်း ဖြစ်သည်။ ထို့ကြောင့် သောတာပတ္တိမဂ် ကျင့်ရသည်မှာ အလွန်ခက်ခဲသည်။ အရှုခံအရှုဉာဏ် မှန်ရုန်လည်း အလွန်အရေးကြီးသည်။ တရားကျင့်မည့်စိတ်၌ လောကီအကျင့်များ ပါနေပါက လောကုတ္တရာတရားသို့ မည်သည့်နည်းနှင့်မျှ မရောက်ရှိနိုင်ပါ။ ဆိုလိုသည်မှာ လောကီစီးပွားပညာ ရှာသကဲ့သို့ လောကုတ္တရာစီးပွားပညာ ရှာ၍မရပါ။ ပုထုဇဉ်ဓလေ့ဖြင့် အရိယာနယ်ကို မရောက်နိုင်ပါ။ ပုထုဇဉ်ဝါဒ နှင့် အရိယာဝါဒ တခြားစီ ဖြစ်ပါသည်။ ပုထုဇဉ်ဝါဒသည် လိုလျှင်လိုသလိုလုပ်သည်။ မလိုလျှင် မလိုသလိုစွန့်သည်။ လုပ်ချင်သလို လုပ်သည့်ဝါဒ ဖြစ်သည်။ ဝိပဿနာတရားဟူသည် လို မလိုကို စွန့်လွှတ်၍ အကြောင်းအကျိုး လျော်ညီစွာ အရှိကို အရှိအတိုင်း ရှုသောအကျင့် ဖြစ်သည်။ တရားကျင့်သောယောဂီများ အထူးသတိပြုပါ။ မိမိတို့ တရားကျင့်ရင်း မတရားသော အလေ့အကျင့်များ မသိမသာ ကပ်ပါလာတတ်သည်။ ထိုမသိမသာ သဘောကို သိရန် အလွန်ခက်ခဲသည်။

သောတာပတ္တိမဂ်ကျင့်စဉ်နှင့် ကျန်သုံးမဂ်ကျင့်စဉ်ကွာခြားပုံ

နွားမြက်စားပုံဥပမာ

မြက်စားသည့်နွားသည် မြက်ခင်းပြင်၌ မြက်ကို ဝိုက်အပြည့်ရှာစားပြီး ကြေညက်အောင် မဝါးခဲ့ပဲ အနည်းငယ်မျှသာ ဝါးပြီး မျိုချခဲ့သည်။ ချည်တိုင်သို့ ရောက်သောအခါမှ ဝိုက်အတွင်းမှ အစာများကို ထုတ်ပြီး စားမြုံ့ပြန်ကာ ကြေညက်အောင် ဝါးရင်း မြက်၏အရသာကို ခံစားကာ ကြေညက်ပြီးသော မြက်ကို မျိုချလိုက်သည်။

ထိုဥပမာအတိုင်း လောကီမဂ္ဂင်ငါးပါးဖြင့် ကျင့်နေသည့်သဘောသည် မြက်ခင်းပြင်၌ မြက်စားသော နွား၏သဘောနှင့်တူသည်။ မြက်သည် ရုပ်နာမ်နှင့်တူသည်။ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကိလေသာ ချုပ်ငြိမ်းမှုသည် မြက်အနည်းငယ် ကြေညက်သည့်သဘောနှင့်တူသည်။ မြက်ကို အနည်းငယ်ကြေအောင် ဝါးခြင်းသည် သောတာပတ္တိမဂ်နှင့်တူသည်။ မြက်အရသာ အနည်းငယ် ခံစားရခြင်းသည် သောတာပတ္တိဖိုလ်နှင့်တူသည်။ အရှုခံရုပ်နာမ်တို့ကို စုံအောင် ရှုနိုင်ခဲ့ပြီး လက္ခဏာရေးသုံးပါးဖြင့် သာမန်လောက်သာ ပွားခဲ့သည်။ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် ချည်တိုင်၌ စားမြုံ့ခပ်နေသော နွားကဲ့သို့ ရုပ်နာမ်တို့၏အပေါ်တွင် ကြေညက်သည်ထက်

http://www.dhammadownload.com

ကြေညက်အောင် ပွားများရင်း နိဗ္ဗာန်၏အရသာကို ခံစားခဲ့သည်။ အရှုခံအားလုံးတို့သည် မြက်နှင့် တူသောခန္ဓာငါးပါး တစ်မျိုးတည်းသာ ရှိသည်။ ထိုရုပ်နာမ်တို့အပေါ်၌ အမြင်စင်ကြယ်သည်ထက် စင်ကြယ်အောင် ရှု၍ အယူစွဲ အမှားစွဲများကို တစိမ့်စိမ့် ခွာချနေခြင်း ဖြစ်သည်။ တဏှာ မာန ကိလေသာများ၏ အကြမ်း အလတ် အနု ချုပ်ငြိမ်းမှုကို အကြောင်းခံ၍ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဟု မြတ်စွာဘုရား ပညတ်သုံးထားခြင်းဖြစ်သည်။

ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်သည် အကျင့်နယ်၊ အသိနယ်ပုဂ္ဂိုလ်ဖြစ်ပြီး သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့သည် ရုပ်နာမ်တို့အပေါ်၌ အသိစင်ကြယ်သည်ထက် စင်ကြယ်အောင် အဆင့်ဆင့် ပွားများကြသော ပုဂ္ဂိုလ်များ ဖြစ်သည်။ သောတာပန်သည် ပရမတ္ထပဉ္စက္ခန္ဓာတို့ကို တိတိကျကျ စေ့စေ့စပ်စပ် သိပြီး ရုပ်နာမ်မှတပါး ပုဂ္ဂိုလ်သတ္တဝါ မရှိကြောင်း ဆုံးဖြတ်နိုင်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ ၎င်းကို သောတာပန်အသိနယ်ဟု ခေါ်သည်။

ဖိုလ်စစ်မစစ်ရှင်းတမ်း

ဖိုလ် (ဖလ) = အကျိုး

သောတာပတ္တိမဂ်သည် အတ္တဒိဋ္ဌိ(သက္ကာယဒိဋ္ဌိ)ကို အကြွင်းမဲ့ပယ်သတ်သောမဂ်ဖြစ်သည်။ ထို့ကြောင့် ရုပ်နာမ်တရားတို့ကို ထိုဒိဋ္ဌိတို့ဖြင့် မစွဲယူတော့ပါ။ ဓာတ်လေးပါး ဖောက်ပြန်မှု ကာယိကဒုက္ခဝေဒနာ အကြောင်းခံ၍ ဒေါသနှင့်ဒေါမနဿတဏှာ အကြွင်းမဲ့ချုပ်ငြိမ်းခြင်းကြောင့် ချမ်းသာရာရခြင်း(ဖိုလ်)၊ အာရုံခြောက်ပါးတို့အပေါ်၌ လောကီကာမပညတ်များကို စိတ္တဝိသုဒ္ဓိ မှာပင် ခိုင်ခံ့သောသမာဓိ ရရှိခဲ့ပြီးသည့်အတွက်ကြောင့် ပညတ်အာရုံနှင့်ယှဉ်သည့် ပူလောင်မှုများ ချုပ်ငြိမ်းခြင်းအကျိုး (ဖိုလ်)၊ ပရမတ်ရုပ်နာမ်တို့အပေါ်၌ ဒိဋ္ဌိပြုတ်ခြင်းကြောင့် ထိုဒိဋ္ဌိ၏ နှိပ်စက်မှုမှ လွတ်ကင်း၍ ချမ်းသာခြင်း(ဖိုလ်)၊ လောကီပညတ်အာရုံနှင့် ပရမတ်အာရုံတို့ကို စွန့်နိုင်ပြီး လောကုတ္တရာအာရုံတည်းဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းကြောင့် ရရှိသော ချမ်းသာခြင်း ဖလသမာပတ်(ဖိုလ်)စသော အကျိုးတရားဂုဏ် သတ္တိများနှင့် ပြည့်စုံခဲ့လေပြီ။

ထို့ကြောင့် ဖလသမာပတ်ဝင်စားသောပုဂ္ဂိုလ်သည် မိမိ၏ဖလသမာပတ်သို့ ကြောင့်ကြမှု နှောင့်ယှက်မှု ကင်းစွာဖြင့် အချိန်မရွေး အလျဉ်းသင့်သလို ဝင်စားနိုင်သည်။ မိမိ၏ ဖလသမာပတ်အား မြဲရန် ငါးမိနစ်၊ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ် တဆင့်ပြီးတဆင့် အချိန်တိုးကာ လေ့ကျင့်ယူရသော အကျင့်မျိုးမဟုတ်ပေ။

ဖလသမာပတ် ဝင်စားနိုင်သော ယောဂီသည် လောကီကာမပညတ်အာရုံများကို ကာလသုံးပါး၌ တစ်စက္ကန့် အချိန်အတွင်းမှာပင် ခိုင်ခံ့စွာ သိမ်းဆည်းနိုင်ရမည်။ (၁၀)နာရီမျှ အတွင်း စဉ်းစားခြင်း၊ ဝေဖန်ခြင်း၊ ကြံစည်ခြင်း စသော စိတ်များ လုံးဝ ဖြစ်ခွင့်မရှိ ချုပ်ငြိမ်းနေရမည်။ ဓာတ်လေးပါး ပြင်းထန်စွာ ဖောက်ပြန်သော်လည်း ဆင်းရဲမှု ချုပ်နေရမည်။ ရုပ်နာမ်တည်းဟူသော အာရုံကိုလည်း အလွယ်တကူ စွန့်နိုင်ရမည်။ ဤသည်ပင်လျှင် အခြေခံမှ စ၍ ဖိုလ်စိတ်တိုင်အောင် စစ်ဆေးပြခြင်း ဖြစ်သည်။

ဟော၍ ပြော၍ နာကြား၍ စာဖတ်၍ ဒိဋ္ဌိပြုတ်ပြီး သောတာပန် ဖြစ်ပြီဟုဆိုလျှင် ထိုသောတာပန်သည် ဖလသမာပတ်ကို မည်ကဲ့သို့ ဝင်စားခံစားမည်နည်း။ လောကီပညတ်အာရုံတို့ကို မည်ကဲ့သို့ သိမ်းဆည်းမည်နည်း။ ဓာတ်လေးပါး ပြင်းထန်စွာ ဖောက်ပြန်လာသည့်အခါ ထိုဆင်းရဲမှုမှ ချုပ်ငြိမ်းကြောင်း မည်သည့် အထောက်အထား ရှိသနည်း။ အပါယ်လေးပါး ဆင်းရဲမှုမှ ချုပ်ကြောင်း မည်သည့် ထောက်တည်ရာ ရှိမည်နည်းဟု မိမိကိုယ်ကိုမိမိ ပြန်လည် သုံးသပ်ပါ။ တရားနာရ၍ သောတာပန်ဖြစ်သည်ဆိုသည်မှာ မြတ်စွာဘုရားရှင် ပွင့်ဆဲကာလနှင့်

http://www.dhammadownload.com

ပဋိသန္ဓိဒါ ရဟန္တာများ လက်ထက်တွင် ရှိနိုင်ပါသည်။ ထိုအရိယာကြီးများနှင့် တွေ့ဆုံခွင့် ရခြင်းသည်ပင်လျှင် ကံထူးခြင်းတစ်မျိုး ဖြစ်သည်။ ယခုခေတ်ကာလသည် နေယျပုဂ္ဂိုလ်များသာ ရှိကြသဖြင့် တရားနာကြားရုံနှင့်မပြီးစီးနိုင်တော့ပေ။ မှန်ကန်သော ကျင့်စဉ်ဖြင့် ခန္ဓာနှင့်အသက်ကို မငဲ့ကွက်ပဲ ကျင့်ကြံအားထုတ်နိုင်ပါမှ စူဠသောတာပန် ဖြစ်ရန်မျှပင် မနည်းကြိုးစားရမည်။

မိမိကိုယ်ကို ဒိဋ္ဌိပြုတ်ပြီ၊ သောတာပန်ဖြစ်ပြီ၊ မဂ်ရပြီ၊ ဖိုလ်ရပြီ ဆိုခဲ့လျှင် ကိုယ့်စိတ်ကို ပြန်စစ်ကြည့်ပါ။ နဂိုပုထုဇဉ် ဓလေ့စရိုက် ဗီဇအကျင့် မရှိတော့လျှင် မိမိအသိမှန်ပြီဟူ၍ မှတ်ပါ။ ထိုပုထုဇဉ်အကျင့်များ ရှိနေသေးလျှင် သောတာပန်မဖြစ်ပါ။

ဖြစ်ပျက်ဖြင် ဖြစ်ပျက်ဆုံး

မြင်အောင်ရှုရမည်မှာ ပရမတ်ရုပ်နာမ်၊ ဖြစ်ပျက် ဆုံးရမည်မှာ ဒိဋ္ဌိ, တဏှာ, ဥပါဒါန်နှင့် ယှဉ်သောစိတ်အစု ဖြစ်သည်။ အရဟတ္တဖိုလ်ပုဂ္ဂိုလ်သည်ပင်လျှင် ဥပဓိဖြစ်ပျက်ခန္ဓာ ရှိနေသည်။ ခန္ဓာပရိနိဗ္ဗာန်ပြုမှ ဥပဓိဖြစ်ပျက်ခန္ဓာဆုံးသည်။ အတိတ်အကြောင်းကြောင့်ရရှိသော အကျိုးတရား ဥပါဒါနက္ခန္ဓာကို ဆုံးအောင်ရှုပွားရန် မဟုတ်ပါ။ ပိုင်းခြားမြင်အောင်သာ ရှုပွားရမည်ဖြစ်သည်။ အနာဂတ်အကျိုးကို ဖန်တီးသော ပစ္စုပ္ပန်ဒိဋ္ဌိ, တဏှာ, ဥပါဒါန်နှင့် ယှဉ်သောခန္ဓာကိုလည်း မိမိအလိုဖြင့် ဆုံးအောင်မပြုရ၊ မဂ်၏ကိစ္စသာဖြစ်သည်။ အကျိုးခန္ဓာနှင့် အကြောင်းခန္ဓာ ခွဲခြားတတ်ရန်လိုသည်။ အကျိုးခန္ဓာဖြစ်သော ရုပ်နာမ်တရားဖြစ်ပျက်သည် ဒုက္ခသစ္စာဖြစ်၍ ထိုဖြစ်ပျက်ဒုက္ခသစ္စာကို မိမိအလိုဖြင့် စွန့်၍ မဖြစ်မပျက်ရာ နိဗ္ဗာန်ကို မိမိအလိုဖြင့် ဝင်ရောက်ခြင်း၊ အာရုံပြုခြင်းသည် မဖြစ်နိုင်။ နိဗ္ဗာန်သည် အလိုအားဖြင့် ဝင်ရောက်ရာမဟုတ်။ ပစ္စုပ္ပန်ဒုက္ခသစ္စာဖြစ်သော ပရမတ်ရုပ်နာမ်တို့ကို မဂ်ဉာဏ်ဖြင့် အမှန်မြင်၍ အလိုသိမ်းသွားခြင်း ကြောင့် ထိုအလိုတည်းဟူသော သမုဒယချုပ်ငြိမ်းခြင်းနှင့်အတူ ဒုက္ခသစ္စာကို အာရုံပြုမှုပါ တပြိုင်တည်း ချုပ်ငြိမ်းခြင်းသည်ပင်လျှင် နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်ကို အလိုလို မျက်မှောက်ပြုပြီးသား ဖြစ်သည်။ တရားကျင့်သော ယောဂီတို့ အထူးသတိပြုပါ။

ပုထုဇဉ်နှင့် ရာဂ

ရာဂဟူသည် ခန္ဓာငါးပါးကို ငါ့ပစ္စည်းဟူ၍ မလွတ်တမ်း ကိုင်စွဲကိုက်ခဲခြင်းကို ခေါ်သည်။ ကိုင်စွဲလိုခြင်းသည် သမုဒယတဏှာ၊ မလွတ်တမ်း ကိုက်ခဲထားခြင်းသည် ရာဂတဏှာ၊ ရရှိခြင်းသည် ဒုက္ခသစ္စာ ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် မီးခဲကို ကိုင်ခြင်းဖြစ်သည်။ မီးသည် လောင်ကျွမ်းစေတတ်သောသဘောရှိသည်။ မီးမှာတော့ ဆင်းရဲခြင်းမရှိပါ။ ထိုမီးကို သွားကိုင်လျှင် ကိုင်သူမှာသာ လောင်ကျွမ်းမှု ဖြစ်သဖြင့် ဆင်းရဲရသည်။ ပုထုဇဉ်တို့သည် ထိုမီးနှင့်တူသည့် ဒုက္ခခန္ဓာကို ငါပဲ ငါ့ဥစ္စာပဲ ဟူ၍ ကိုက်ခဲစွဲကြ၏။ ဆင်းရဲပါလျက် မလွတ်နိုင်။ လွတ်ရကောင်း မှန်းလည်း မသိ၊ လွတ်နိုင်သည့်နည်းလည်း မသိ။

ထို့ကြောင့် ပထမဖိုလ်ချမ်းသာမှ ဆိုသည်မှာ အို, နာ, သေ အဆိပ်တုံးကြီးကို ကိုက်ခဲစွဲသော ရာဂလက်ကို ရိုက်ချိုးပယ်စွန့်နိုင်သဖြင့် ဆင်းရဲချုပ်ကြောင်း (ဖိုလ်) ရရှိခြင်းပင် ဖြစ်သည်။ ၎င်းသည်ပင်လျှင် ဖိုလ်စစ်မစစ် စံကိန်း ဖြစ်သည်။

http://www.dhammadownload.com

၅၊၆။ ဖိုလ်စစ်ဆေးပုံစံကိန်း

သောတာပတ္တိဖိုလ် စစ်မစစ်ကို သေခြင်းဆင်းရဲဖြင့် စံကိန်းထားသည်ဟု မှတ်ယူပါ။ တနည်းအားဖြင့်ဆိုသော် ဓာတ်ကြီးလေးပါး ပြင်းထန်စွာ ဖောက်ပြန်မှုအပေါ်၌ ဝေဒနာမှ တဏှာ ချုပ် မချုပ် (ဒီဋ္ဌိကို ဖြစ်စေတတ်သော တဏှာချုပ်မချုပ်) စံကိန်းထားခြင်းဖြစ်သည်။

ဖိုလ်စစ်ဆေးပုံ

သေခြင်းသဘောကို သိအောင် သေသည်အထိ စောင့်ရန်မလိုပါ။ အောက်ပါနည်းအတိုင်း စစ်ဆေးလိုက်ပါ။

၁။ မဟာပလ္လင်ကျရိယာပုထ်(မြတ်စွာဘုရားထိုင်နည်း)ဖြင့် ထိုင်လိုက်ပါ။ ဤကဲ့သို့ ထိုင်ခိုင်းခြင်းသည် သေခြင်းဒုက္ခ၏ အနည်းငယ်မျှသော နမူနာဖြစ်သည့် ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုအစွမ်း (၀၊) မြွေကြီးလေးကောင်၏အဆိပ်ကို ဖော်ထုတ်ခြင်းဖြစ်သည်။ ဤနည်းဖြင့် အနည်းဆုံး(၂)နာရီမျှ ကြာအောင် ထိုင်ပါ။ (၂)နာရီ မပြည့်မချင်း မည်သည့်နည်းနှင့်မျှ ဝေဒနာကို မခွာရ။ ဖိုလ်ကိုလည်း မခံစားရ။

၂။ အချိန်နှစ်နာရီကြာ၍ ဓာတ်ကြီးလေးပါး ဖော်ပြလာမှု ပြင်းထန်လာလျှင် မိမိရရှိသော ဖိုလ်ကို ဝင်စားပါ။ ဖိုလ်မှန်လျှင် ဆင်းရဲမီးသေ၍ ချမ်းသာနေလိမ့်မည်။ ချမ်းသာမှုသဘောကို သတိ ဉာဏ် ပညာတို့ဖြင့် မျက်မှောက်ပြုနေပါလိမ့်မည်။ အသိချုပ် သတိချုပ်နေမှု မရှိရပါ။ ဖိုလ်ဟူသည် စိတ်နှင့်သတိတို့ ချုပ်နေခြင်း မဟုတ်ပါ။ ဆင်းရဲမှု ချုပ်ကြောင်း နိရောဓသစ္စာကို မျက်မှောက်ပြုနေသော စိတ်ရှိနေရမည်။ အကယ်၍ ဆင်းရဲနေသေးလျှင် ဖိုလ်အစစ် မဟုတ်ပဲ တဏှာပူးနေသည့် ပြင်ချင် မ,ချင် ရွှေ့ချင်သည့်စိတ်များ ဖြစ်နေခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်များ တကယ့်သေပွဲကျလျှင် ဆောက်တည့်ရာမရ လူးလိမ့်ပြီး တစ်သက်လုံး ဟန်လုပ်၍ ဖုံးခဲ့သမျှ သေခါမှ ပေါ်တော့သည်။ **အထူးသတိပြုကြပါ။**

၅၊၇။ သောတာပတ္တိမဂ်ကူးပြီး ပုဂ္ဂိုလ်၏သဘော

သောတာပတ္တိမဂ် ကူးလိုက်သည်နှင့် တပြိုင်တည်း အနတ္တဉာဏ်အမြင် ဘွဲ့လက်မှတ် ပေးလိုက်သကဲ့သို့ ဖြစ်နေသည်။ မပယ်ရသေးသော ကြွေးကျန် ကိလေသာသူခိုးကလည်း အိမ်ရှင်တည်းဟူသော သတိဉာဏ်ကင်းနေသည့် စိတ်ကို အလစ်ဝင် ခိုးပေါင်းပြီး ဝတ္ထုကာမ, ကိလေသာကာမတို့ဖြင့်မျော်ပါးသည်။ အနတ္တဝိပဿနာဉာဏ်ကလည်း ရှေ့ကကာထားသလို ဖြစ်နေပြီး တဏှာသူခိုးသည် လွတ်လပ်စွာ ပျော်ပါးခွင့်မရ။ အဘယ့်ကြောင့်ဆိုသော် ရုပ်နာမ်အစဉ် အဆက်၏ အနတ္တလက္ခဏာကို မဂ်ဉာဏ်က အသိပေးလိုက်သဖြင့် တဏှာသည် အာရုံဝတ္ထုတို့ကို စွန့်လွှတ်လိုက်ရပြန်သည်။ မဂ်ဉာဏ်ကလည်း အမြဲမနေ၊ တဏှာကလည်း လစ်လျှင် စိတ်ကိုဝင်ပေါင်း၊ ဤကဲ့သို့ ဘတပြန် ကျားတပြန် စိတ်ကို ဝင်ပူးနေကြသည်။ သို့သော်လည်း မျက်မှန်စိမ်းတပ်ထားသော လူသည် ကြည့်သမျှ စိမ်းနေဘိသကဲ့သို့ သောတာပန်ပုဂ္ဂိုလ်သည် တိုက်ဆိုင်သမျှ အနတ္တဝိပဿနာဉာဏ်က အသာစီးရကာ စိတ်ကို အမြဲ အုပ်ချုပ်ထားသလို ဖြစ်နေသည်။ ထို့ကြောင့် မသာယာတော့ပေ။ အနတ္တချည်း မြင်နေသဖြင့် တဏှာစိတ်သည် လက်မြှောက် အရှုံးပေးလိုက်ရသည်က များနေသည်။

ပြင်ပအာရုံတို့အပေါ်၌ စိတ်သည် ညှိုးနွမ်းနေပြီး ငြီးငွေ့ခြောက်ကပ်လာတော့သည်။ ထိုသို့ ငြီးငွေ့ပါများလာလျှင် လောကီကာမပညတ်နှင့် လောကီပရမတ်တို့ကို အာရုံပြုသော

http://www.dhammadownload.com

စိတ္တသခ်ိဳရတို့ကို စွန့်၍ လောကုတ္တရာတည်းဟူသော နိရောဓသစ္စာကို အာရုံပြုကာ ဖိုလ်စိတ် (ဖလသမာပတ်)၌ ပြန်နားနေသည်။ လောကီအာရုံတို့သည် စိတ်ကို ပူပန်စေသည်။ ထိုဖလသမာပတ်ဖြင့် စိတ်အေးငြိမ်းသည်အထိ အနားယူ ခံစားပြီးလျှင် လောကီအာရုံသို့ တဖန် အာရုံပြုပြန်သည်။ မပယ်ရသေးသည့် တဏှာကြွေးကျန်က ထိုအေးငြိမ်းသောစိတ်ကို ကိလေသာ အာရုံဆီသို့ တွန်းထုတ်လိုက်ပြန်သည်။ ဖိုလ်စိတ်မှ ပြန်ထွက်လာသော အခါ လောကအာရုံထဲသို့ ပြန်ဝင်စားပြန်တော့လည်း မသာယာသည့် သဘောဖြင့် ငြီးငွေ့ခြောက်ကပ်လာပြန်သည်။ လောကီအာရုံတို့သည် အနှစ်မရှိခြင်း၊ မခိုင်မြဲခြင်း သဘောသာရှိသည်။ ထိုသဘောနှစ်မျိုးကြောင့် ပျက်စီးခြင်း၊ နှိပ်စက်ခြင်းသဘော ဆောင်လာသည်။ သောတာပန်ပုဂ္ဂိုလ်သည် ထိုသဘောအမြင်တို့ကိုသာ မြင်နေသည်။ အာရုံခြောက်ပါးတို့အပေါ်၌ စိတ်မှီ၍မနေချင်တော့ပေ။ တခါတရံ၌ မပယ်ရသေးသည့် ကိလေသာက အားနည်းစွာဖြင့် အာရုံကို ယိုစီးချင်သည်။ သို့သော် ဝိပဿနာဉာဏ်က လက္ခဏာသုံးချက်ဖြင့်သာ ပြန်မြင်နေသည်။

ထိုကဲ့သို့ ဖိုလ်၌ စိတ်အအေးခံ နားလိုက်၊ လောကထဲ စိတ်ပြန်ရောက်သောအခါ လောကီအာရုံများက မီးနှင့်မြှုက်သလို လောင်မြိုက်လိုက်၊ ဖိုလ်ကို ပြေးဝင်လိုက် ဤကဲ့သို့ အကြိမ်များလာသောအခါ မိမိရရှိသော ဖိုလ်ကို ပြန်စစ်သည်။ စိတ်၌ မပယ်သတ်နိုင်သေးသည့် ကိလေသာတို့ကို အပြစ်မြင်လာသည်။ ကိလေသာကြွေးကျန်၍ နှိပ်စက်လောင်မြိုက်သည့်ဒဏ်ကို မခံစားချင်တော့ပေ။

ဤကဲ့သို့အားဖြင့် သောတာပတ္တိဖိုလ်မှထ၍ ကိလေသာကြွေးကျန်တို့ကို ပယ်သတ်ရန် စိတ်ဆန္ဒများ အရှိန်အဟုန် မြင့်တက်လာသည်။ မိမိစိတ်၏ အာရုံအမျိုးမျိုးတို့၌ ကပ်ငြိမှုသဘော ကိလေသာ ကြွေးကျန်များကို စစ်ဆေးသည်။ ရုပ်နာမ်တို့ အပေါ်၌လည်းကောင်း၊ ပြင်ပအာရုံတို့ အပေါ်၌လည်းကောင်း၊ ကပ်ငြိမှု, အမြင်မစင်ကြယ်မှု, ပွားများခြင်းအားနည်းမှု စသည့် အပြစ်တို့ကို စစ်ဆေးသည်။ ထိုအပြစ်တို့ကို မြင်ပြီးလျှင် ကျင့်ကြံပွားများရမည့် အရှုခံတို့အား အာရုံပြု၍ ဆက်လက်အားထုတ် ရပြန်တော့သည်။ အားထုတ်သည်ဆိုသည်မှာ အထူးတလည် ရုပ်နာမ်တို့ကို ရှာစရာ မဟုတ်တော့ပါ။

သောတာပတ္တိမဂ်ကျင့်စဉ်မှ ရှာခဲ့ပြီးသော သက္ကာယပရမတ် ရုပ်နာမ်များကိုသာ အမြင်စင်ကြယ်သည်ထက် စင်ကြယ်အောင် ဉာဏ်ဖြင့် သုံးသပ်ပွားများနေခြင်း ဖြစ်သည်။ မရှိပညတ်ကို အာရုံမပြုတော့ပဲ ပရမတ်ကို အာရုံပြု၍ မူလစွဲလမ်းထားမှုများကို တစိမ့်စိမ့် အနှိုတ်နေခြင်းဖြစ်သည်။ အစွဲကျွတ်လျှင် စိတ်စင်ကြယ်သည်။ အစွဲအဆင့်ဆင့် ချုပ်မှုကြောင့် စိတ်စင်ကြယ်မှု အဆင့်ဆင့် ကွာခြားသွားသည်။

စိတ်စင်ကြယ်သည်နှင့်အမျှ ပို၍ အမြင်စင်ကြယ်သဖြင့် ပို၍ ပို၍ အမြင်အားကောင်းလာကာ တဏှာခန်းခြောက်အားပြတ်ပြီး စိတ်ကို ပူးခွင့် ကပ်ခွင့် နေရာမရတော့ပဲ တဖြည်းဖြည်း လုံးပါးပါးသွားသည်။ တဏှာကို လိုက်သတ်နေခြင်းမဟုတ်။ စိတ်ကိုချုပ်အောင် လိုက်သတ်ဘိသကဲ့သို့ ကျင့်ခြင်းမဟုတ်။ စိတ်သည် သန့်ရှင်းသည်ထက် သန့်ရှင်းလာခြင်းသာဖြစ်သည်။ သန့်ရှင်းသောစိတ်သည် ပရမတ်ရုပ်နာမ်တို့အပေါ်၌ သဏ္ဌာန်အမြင်၊ ဃနအမြင် မရှိတော့ပဲ ကလာပ်အမြင် (၀ါ) အမှုန်အထိ ရှုမြင်လာနိုင်သည်။ ထိုအခါ တဏှာသည် စိတ်နှင့်အာရုံတို့ အပေါ်၌ နှောင်ဖွဲ့နိုင်စွမ်း ခေါင်းပါးသွားသည်။ အဝိဇ္ဇာသည် စိတ်ကို သခ်ၤတပရမတ်နှင့် အသခ်ၤတပရမတ်ကို မမြင်အောင် ဖုံးဖိခြင်း ဖြစ်သည်။ တဏှာသည် စိတ်ကို သခ်ၤတပရမတ်တို့နှင့် ကွာမသွားအောင် နှောင်ဖွဲ့ထားသည်။ ထိုအဝိဇ္ဇာနှင့် တဏှာဦးခေါင်း ပြုတ်ခဲ့လျှင် အချမ်းသာဆုံး ဖြစ်ပါလေသတည်း။

http://www.dhammadownload.com

စမ္မစကြာသုတ်၌ပါရှိသည့် အရိယာတို့ မျက်စမှာက်ပြုအပ်သော အင်္ဂါ(၈)ပါးနှင့် ကိုက်ညီခြင်း

သောတာပန်ပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ ရှိနေခြင်းကို ချုပ်ငြိမ်းလို၍ ဆရာကောင်းနည်းကောင်းဖြင့် ကျင့်ရာတွင် ကျင့်နည်း မှန်သည်၊ မမှန်သည်၊ တရားတွေ့သည်၊ မတွေ့သည်၊ မဂ်ရသည်၊ မရသည်၊ စစ်မှန်သော နိရောဓသစ္စာ ဆိုက်သည် မဆိုက်သည်၊ ဆရာ မှန်သည်၊ မမှန်သည်၊ ဒိဋ္ဌိပြုတ်သည်၊ မပြုတ်သည်ကို သူတပါးကို မေးစရာမလို၊ ဟုတ်၏၊ မဟုတ်၏၊ မှန်၏၊ မမှန်၏ဟု မိမိကိုယ်တိုင် သိမြင်ဆုံးဖြတ်နိုင်သည်။ တကယ်သိလျှင် တစ်ယောက်နှင့်တစ်ယောက် မဂ်ရသည် မရသည်ကို ယုံကြည်အောင် သစ္စာဆိုတိုင်တည်၍ ပြောပြနေစရာမလို။ အဘယ့်ကြောင့် ဆိုသော် ရုပ်နာမ်ပရမတ်တို့၏ သဘောကို လည်းကောင်း၊ တဏှာကို မြင်နိုင်သည့် မဂ်သမာဓိကို လည်းကောင်း ဘုရားအလိုကျ ပြောပြနိုင်ရန် မဖြစ်နိုင်ခြင်းကြောင့် ဖြစ်သည်။

ရှေ့ပိုင်း၌ ဖော်ပြပေးခဲ့သော သက္ကာယရုပ်နာမ်တို့နှင့် မဂ်သမာဓိက တဏှာကို မြင်ရာတွင် အောက်ပါ ရှစ်ချက်နှင့် ကိုက်ညီနိုင်သည်။

၁။ ဒိဋ္ဌဓမ္မော - ကိုယ်တွေ့

သမာဓိအစွမ်းဖြင့် စိတ်၌ဖုံးအုပ်ထားသော မောဟအမှောင်တိုက်ကို ဖယ်ရှားလိုက်သော အခါ စိတ်စင်ကြယ်သွားသည်။ သက္ကာယပရမတ်တည်းဟူသော ရုပ်နာမ်အစဉ်ကို လောကီမဂ် သမာဓိဖြင့် ထင်ထင်ရှားရှား မြင်ရသည်။ ကိုယ်တိုင်ကိုယ်ကျ အရှုဉာဏ်ဖြင့် သက္ကာယတို့ကို ပိုင်းပိုင်းခြားခြား မြင်ရသည်။ အရိယာမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုလည်းကောင်း၊ တဏှာကို လည်းကောင်း မျက်နှာချင်းဆိုင် တွေ့ရတိုသကဲ့သို့ တွေ့မြင်ခြင်းသည် **ဒိဋ္ဌဓမ္မော** မည်၏။

၂။ ပတ္တဓမ္မော - အဝေးမှမြင်ခြင်းမဟုတ်၊ ကိုယ်တိုင်ကိုယ်ကျရောက်ရှိသော သဘောဖြင့် မြင်ခြင်း

ပ, ဒု, တ, စိတ္တဝိသုဒ္ဓိသမာဓိဖြင့် ပြည့်စုံနေသော သမာဓိသည် ဝိပဿနာရှုရာ အာရုံဖြစ်သော သက္ကာယပရမတ် ရုပ်နာမ်တို့ကို မြင်ရာတွင် မှန်းဆမြင်ရခြင်းမျိုး၊ အထင်ဖြင့် မြင်ရခြင်းမျိုး၊ မထင်မရှား မြင်ရခြင်းမျိုး မဟုတ်ပဲ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိသောသဘောဖြင့် အနီးကပ် စေ့စေ့စပ်စပ် မြင်ခြင်းကို လည်းကောင်း၊ အရိယာမဂ်ဉာဏ်သည် နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်ကိုလည်းကောင်း၊ ခန္ဓာကိုနှောင်ဖွဲ့မည့် တဏှာကိုလည်းကောင်း၊ အဝေးမှ မြင်ခြင်းမဟုတ်ပဲ ကိုယ်တိုင်ကိုယ်ကျ ရရှိရောက်ရှိသည့် သဘောဖြင့် မြင်ခြင်းသည် **ပတ္တဓမ္မော** မည်၏။

၃။ ဝိဒိတဓမ္မော - ခန္ဓာကိုယ်ဖြင့် ရောက်ခြင်းမဟုတ်ပဲ မဂ်ဉာဏ်ဖြင့် ရောက်ခြင်း

အရိယာမဂ်ဉာဏ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာကို အကြွင်းမဲ့ပယ်သတ်၍ သောတာပတ္တိဖိုလ်သို့ ရောက်ရှိခြင်းသည် **ဝိဒိတဓမ္မော** မည်၏။

၄။ ပရိယောဂါဠှဓမ္မော - အပေါ်ယံမဟုတ်ပဲ အောက်ခြေတိုင်အောင် ထက်ဝန်းကျင် အားလုံးကို မြင်ခြင်း

ပ, ဒု, တ စိတ္တဝိသုဒ္ဓိသမာဓိသည် ဝိပဿနာဉာဏ်၏ အရှုခံများဖြစ်သော ဆိုင်ရာဒွါရတို့ရှိ ရုပ်နာမ်အစဉ်တန်း အဆက်အစပ်တို့ကို တွေ့မြင်ရာတွင် သာမညသဘောမဟုတ်ပဲ အစ, အလယ်, အဆုံး တွေ့မြင်ခြင်းကိုလည်းကောင်း၊ အရိယာမဂ်ဉာဏ် (၀ါ) သောကာပတ္တိမဂ်ဉာဏ်က တဏှာကိုမြင်ခြင်းကို လည်းကောင်း၊ နိဗ္ဗာန်ကို မြင်ရာတွင်လည်းကောင်း၊ သာမညသဘောမြင်ခြင်း မဟုတ်ပဲ ထက်ဝန်းကျင်ကို စေ့စပ်စွာမြင်ခြင်း၊ သောတာပတ္တိဖိုလ်ဉာဏ်က နိဗ္ဗာန်ကိုလည်း

http://www.dhammadownload.com

အပေါ်ယံသဘောမျိုး မြင်ခြင်း မဟုတ်ပဲ အောက်ခြေတိုင်အောင် ထင်ဝန်းကျင် မြင်ခြင်းမျိုးဖြင့် တွေ့မြင်ခြင်းသည် **ပရိယောဂါဠှဓမ္မော** မည်၏။

၅။ တိဏ္ဏဝိစိကိစ္ဆော = သံသယဟူသမျှကို လွန်မြောက်ခြင်း

ပ, ဒု, တ စိတ္တဝိသုဒ္ဓိသမာဓိသည် စိတ်၌ နိဝရဏတရားများကို ပယ်ခွာထားနိုင်သဖြင့် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိဖြစ်ကာ အမှန်ကို မြင်သော သမ္မာဒိဋ္ဌိဉာဏ်မျက်စိရသဖြင့် စင်ကြယ်သော ပရမတ် သက္ကာယ အဗျာကတ အဟိတ်ရုပ်နာမ်တို့ ဖြစ်ပျက်အစဉ်ဖြင့် အကြောင်းအကျိုးဆက်မှုများကို ပိုင်းခြားသိမြင်ခြင်း၊ ထိုရုပ်နာမ် သခ်ါရဓမ္မခန္ဓာတို့အပေါ်၌ ငါဟူ၍မရှိ၊ အသက်လိပ်ပြာမရှိ၊ ငါ့ပစ္စည်း မဟုတ်ခြင်းကို သံသယကင်းရှင်းစွာ သိခဲ့ခြင်း၊ အရိယာမင်္ဂသည် သစ္စာလေးပါးကို သံသယကင်းစွာ သိမြင်ရခြင်းတို့သည် **တိဏ္ဏဝိစိကိစ္ဆော** မည်၏။

၆။ ဝိဂတကထံကထော = ဝိုးတိုးဝါးတား မထင်မရှား မဟုတ်ပဲ သိမြင်ခြင်း

တရားမရှုမီက ရုပ်နာမ်ဆိုတာ ဘယ်လိုဟာလဲ၊ ဘယ်လိုမြင်တာလဲ၊ ဘယ်လိုတွေ့ရမှာလဲ၊ ဘယ်လို တွေ့အောင်ကျင့်ရမှာလဲ၊ ဟိုလိုလား ဒီလိုလား ဟူသော ဝိုးတိုးဝါးတား တွေဝေမှုများ ရှိခဲ့သော်လည်း ပ, ဒု, တ စိတ္တဝိသုဒ္ဓိသမာဓိနှင့် ပြည့်စုံသောအခါ ထိုသက္ကာယပရမတ်တို့ကို တိကျစွာ တွေ့မြင်ရခြင်းကြောင့် လည်းကောင်း၊ အထက်ပါ ဝိုးတဝါးစကားများ ပပျောက်သွားပြီး ကျော်လွန်ခဲ့ခြင်းကြောင့်လည်းကောင်း၊ နိဗ္ဗာန်ကို အာရုံပြုသော အရိယာမင်္ဂသမာဓိက တဏှာကို သေချာစွာ မျက်နှာချင်းဆိုင် တွေ့၍ ပယ်သတ်နိုင်ခဲ့သဖြင့် မင်္ဂဉာဏ်၏ မင်္ဂကိစ္စဆောင်ရွက်မှု အပေါ်၌လည်းကောင်း၊ တဏှာချုပ်ရာ နိဗ္ဗာနသစ္စာကို ခံစား၍ မျက်မှောက် ပြုနိုင်ခြင်းကြောင့် လည်းကောင်း သစ္စာလေးပါးကို ထင်ထင်ရှားရှား သိမြင်ရသဖြင့် ဟိုလိုလား ဒီလိုလား ဟူသော ဝိုးတိုးဝါးတား မရှိခြင်းသည် **ဝိဂတကထံကထော** မည်၏။ ရုပ်နာမ်အမှန်မြင်တယ်၊ ဉာဏ်စဉ်မှန်တယ်၊ အမှန်မင်္ဂတယ်ဟု ဆရာက တပည့်ကို ဉာဏ်စဉ်တပ်အမည်ပေးခြင်း၊ ဉာဏ်စဉ်တက်ပေးခြင်းမျိုး မဟုတ်။ ဆရာ့ထံမှ တရားနာရ၍ ဉာဏ်ကြီးရခြင်းမျိုးမဟုတ်။ ကိုယ်ပိုင်ဉာဏ်ဖြင့် မိမိအလိုလို ထိုးထွင်းမျက်မှောက် ပြုရခြင်း၊ ပိုင်းခြား သိရခြင်းမျိုး ဖြစ်သည်။

၇။ ဝေသာရဇ္ဇပတ္တော = မိမိတွေ့ရှိမှုအတွက် ရဲဝံ့စွာဝန်ခံရဲခြင်း

မိမိကိုယ်တိုင် ပရမတ်ရုပ်နာမ်တွေကို သေချာပိုင်နိုင်ရှင်းလင်းစွာ တွေ့မြင်ရသဖြင့် မိမိကိုယ်ကို လည်းကောင်း၊ အခြားသူတပါးကို လည်းကောင်း၊ ရုပ်နာမ်သက္ကာယဆိုတာ ဒီလိုသိရမယ်၊ ဤကဲ့သို့ တွေ့မြင်ရမယ်၊ ဒီလိုမြင်မှ ဟုတ်တယ်၊ မှန်တယ်ဟု စိတ်ရှင်းလက်ရှင်း ရဲရဲတင်းတင်းကြီး ရှင်းပြရဲ ဝန်ခံရဲသည့်စိတ်များ ဖြစ်လာခြင်းသည်လည်းကောင်း၊ မိမိကဲ့သို့ အရှုခံသက္ကာယပရမတ် ရုပ်နာမ်များကို တွေ့မြင်အောင်ကျင့်သည့် ကျင့်စဉ်ကိုလည်းကောင်း၊ မင်္ဂ၏မှန်ကန်မှု ဖိုလ်၏မှန်ကန်မှုကိုလည်းကောင်း၊ စိုးရိမ်ကြောင့်ကျခြင်းမရှိ ရဲဝံ့စွာ ပြောဆို ညွှန်ကြားနိုင်ခြင်းသည် **ဝေသာရဇ္ဇပတ္တော** မည်၏။

၈။ အပရပ္ပစ္စယော = ပြင်ပအကူအညီ အထောက်အပံ့လွတ်ခြင်း

ထိုသို့ ရုပ်နာမ်ပရမတ် သက္ကာယကို သေချာပိုင်နိုင်စွာ မြင်ရသိရပြီ ဖြစ်၍ ထိုသို့မြင်သိရန် ဘယ်နည်း နှင့် ရှုရဦးမည်လဲဟူ၍ သူတပါးထံ၌သော်လည်းကောင်း၊ အခြားနည်းတစ်ခုခုကိုသော် လည်းကောင်း အားကိုးရန် မလိုတော့ပေ။ အရိယာမင်္ဂဖြင့် မိမိကိုယ်တိုင် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ကို

http://www.dhammadownload.com

ပယ်သတ်ပြီး ဖြစ်သဖြင့် မှန်ကန်သော အရိယာမဂ်အပေါ်၌ ပြင်ပအကူအညီ အထောက်အပံ့ မလိုတော့ခြင်းသည် **အပရပ္ပစ္စယော** မည်၏။

ဝိပဿနာယောဂီသည် ဤကဲ့သို့ အဂ်ီါရှစ်ချက်နှင့် ပြည့်စုံသော ဉာဏ်မရသေးလျှင် (၀၊) မိမိ၏ ကျင့်စဉ် ဉာဏ်စဉ်သည် ထိုအင်္ဂါရှစ်ချက်နှင့် မပြည့်စုံသေးလျှင် ကျင့်နည်းမမှန်သေးပါ။

ဓမ္မစက္ကာသုတ်တော်လာ အရိယာတို့ရရှိသည့် အကျိုးထူး (၅) ပါး

၁။ စက္ခုဥဒပါဒိ

ပ,ဒ့,တ စိတ်စင်ကြယ်မှုသည် သီလမဂ္ဂင် သမာဓိမဂ္ဂင် မည်၏။ မဂ်အင်္ဂါရှစ်ပါးထဲမှ (၆)ချက်ရသွားခြင်း ဖြစ်သည်။ အကုသိုလ်စေတသိက်(၁၄)လုံးကို တတိယအဆင့် စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံသောသမာဓိက စိတ်၌မကပ်ရအောင် အုပ်ချုပ်ထားသဖြင့် စိတ်သည် သန့်ရှင်းကြည်လင်သွားပြီး ဓမ္မရုပ် ဓမ္မနာမ်တို့၏ လက္ခဏာသုံးချက်နှင့် ဒုက္ခသစ္စာကိုမြင်သော သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိ ရသွားသည်။ ၎င်းကို ဓမ္မစက္ခု ဖြစ်ပေါ်လာခြင်းဟုခေါ်သည်။ အရိယာမဂ်ဉာဏ်ကလည်း တဏှာသမုဒယကို ပိုင်းခြားသိမြင်၍ တဏှာချုပ်ရာ နိဗ္ဗာန်ကို ပိုင်းခြားမြင်သော ဉာဏ်မျက်စိ ရရှိဖြစ်ပေါ်လာခြင်းသည် **စက္ခု ဥဒပါဒိ** မည်၏။

၂။ ဉာဏဥဒပါဒိ

အရှုဉာဏ်၌ မြင်နေသော ရုပ်နာမ်အဆက်အစပ်တို့သည် တိုက်ဆိုင်မှု ဖြစ်သည့်အခါ အလိုလို ဖြစ်ပေါ်လာလိုက်၊ အလိုလိုဖြစ်သောအခါ ထိုရုပ်နာမ်တို့အပေါ်၌ ငါဖန်တီးခြင်းလည်း မဟုတ်၊ ငါလည်းမရှိ၊ ပုဂ္ဂိုလ်သတ္တဝါလည်းမရှိ၊ အသက်လိပ်ပြာကဲ့သို့ ဖော်ပြခြင်းလည်းမရှိ၊ အသက်လိပ်ပြာရှိကြောင်း တရားလည်းမတွေ့၊ အနတ္တသဘောသာ တွေ့ရသည်။ တိုက်ဆိုင်မှု ချုပ်လျှင် တပြိုင်တည်း ချုပ်ကြသည်။ ချုပ်ပျောက် သွားလျှင်လည်း အကြွင်းအကျန်မရှိ၊ အနှစ်မရှိ၊ ခိုင်မြဲမှုလည်းမရှိ၊ ထိုရုပ်နာမ်တို့၏ ဖောက်ပြန်မှု သဘောတို့သည် သုခဟူ၍လည်း ရှာမတွေ့၊ ဤကဲ့သို့ လက္ခဏာရေးသုံးပါး မြင်နေသော ဉာဏ်ဖြစ်ပေါ်လာခြင်းကို လည်းကောင်း၊ အရိယာမဂ်ဉာဏ်က တဏှာ၏ချုပ်ရာ နိဗ္ဗာန်ကိုလည်းကောင်း ပိုင်းခြားမြင်သော ဉာဏ်ဖြစ်ပေါ်လာမှုသည် **ဉာဏ် ဥဒပါဒိ** မည်၏။

၃။ ပညာဥဒပါဒိ

အဆင်းက စက္ခုကိုတိုက်လျှင် စက္ခုပသာဒတွင် ထိပုံရိပ်နှင့် တထပ်တည်းတူသော ရူပါရုံပေါ်လာသည်။ အဆင်းရုပ်နှင့် စက္ခုအကြည် အကြောင်းပြုခြင်းကြောင့် အကျိုးဆက်ရုပ်သစ်ဓာတ်တစ်မျိုး ပေါ်လာခြင်းသဘောကို ပိုင်းခြားသိမြင်ခြင်း(ပညာ) အကြောင်းအကျိုးသဘော၊ စက္ခုအကြည်နှင့် ရူပါရုံကို အစွဲပြု၍ မြင်စိတ်ဝိညာဏဓာတ်တည်းဟူသော စက္ခုဝိညာဏ် ဖြစ်ပေါ်လာခြင်းကို ပိုင်းခြား၍ သိခြင်း(ပညာ)၊ ထိုဓာတ်သုံးမျိုးတို့ တစ်နေရာတည်း ပေါင်းစုံမှု အကြောင်းခံ၍ (၀၊) အလိုလို ပြုပြင်တတ်သည့် သဘောဆောင်ခြင်းကြောင့် အကျိုးဆက် စက္ခုသမ္ဖဿဓာတ် အသစ်တစ်ခု အလိုလို ဖြစ်ပေါ်လာမှုကို ပိုင်းခြားသိခြင်း(ပညာ)၊ ထိုသို့ ထွက်ပေါ်လာသော စက္ခုသမ္ဖဿသည် ရူပါရုံကိုသယ်ဆောင်၍ မနောဒွါရသို့ ပြောင်းပို့တတ်သော သဘောကို ပိုင်းခြား၍ သိခြင်း(ပညာ)၊ အပြင်အာရုံမှ အတွင်းအာရုံအဖြစ်သို့ အလိုလို ပြုပြင်ပြောင်းလဲတတ်သော သဘောကိုဆောင်မှု သဘာဝလက္ခဏာကို သိခြင်း(ပညာ)၊ ထိုအာရုံသည် မနောဒွါရပေါ်သို့ ကျရောက်သည်နှင့်တပြိုင်နက် အပြင်ရူပါရုံပုံရိပ်နှင့် တထပ်တည်းတူသည့်

http://www.dhammadownload.com

ရူပဓာတ် ပြောင်းလဲဖြစ်ပေါ်လာပုံ သဘောတရားကို ပိုင်းခြားသိမြင်ခြင်း (ပညာ)၊ ထိုစက္ခုသမ္ဖဿဓာတ်နှင့် ဘဝင်အကြည်တို့ ပေါင်းဆုံခြင်းကြောင့် ဘဝင်အကြည်၌ ဓမ္မာရုံပုံရိပ် ထင်ပုံ အကျိုးတရား ရူပါရုံကို လက်ခံသိသော မြင်ဓာတ်သဟိတ်မနောဝိညာဏ် ဖြစ်ပေါ်လာသော အကြောင်းအကျိုးဆက်ကို ပိုင်းခြား သိခြင်း(ပညာ)၊ ထိုရူပ်ပေါ်၌ ရူပ်၏ဂုဏ်သတ္တိကို ကောင်းမကောင်း ခံစားတတ်သော ဝေဒနာနာမ်ဓာတ်ကို ပိုင်းခြားသိခြင်း(ပညာ)၊ မနောဝိညာဏဓာတ်မှ ပေါက်ဖွားသော မနောသမ္ဖဿက စက္ခုဒွါရကို ညွှတ်၍ ရူပါရုံ၏ ကောင်းဂုဏ် ဆိုးဂုဏ် သယ်ဆောင်မှုကို ပိုင်းခြားသိခြင်း(ပညာ)၊ ထိုဖဿနှစ်ခုပေါ်ပြီးတိုင်း ထိုဖဿမှ သယ်ဆောင်လာသော ရူပါရုံ၏ ကောင်းဂုဏ် ဆိုးဂုဏ်ကို ခံစားတတ်သော ဝေဒနာစေတသိက်နှင့်တကွ နာမ်အစုတို့ကို ပိုင်းခြားသိခြင်း(ပညာ)၊ ဤကဲ့သို့သောအားဖြင့် အကြောင်းတိုက်ဆိုင်လိုက်၊ အကျိုးပေါ်လိုက်၊ ထိုအကျိုးမှအကြောင်းပြန်ဖြစ်ပြီး အကျိုးဆက်သစ်များဖြစ်လိုက်၊ ဤကဲ့သို့ ရူပ်နာမ်များ အကြောင်းအကျိုး ဆက်နေခြင်းကို ပိုင်းခြားသိခြင်း(ပညာ)၊ ရူပ်နာမ်တို့တွင် ချမ်းသာမှု မြူမှုမရှိကြောင်း ပိုင်းခြားသိခြင်း(ပညာ)၊ တဏှာကို ပိုင်းခြားမြင်ခြင်း(ပညာ)၊ တဏှာ၏ ချုပ်ရာနိရောဓသစ္စာကို ပိုင်းခြားသိခြင်း(ပညာ) စသည်တို့ ဖြစ်ပေါ်လာခြင်းသည် **ပညာ ဥဒပါဒိ** မည်၏။

၄။ ဝိဇ္ဇာဥဒပါဒိ

သဟိတ်မနောဝိညာဏ်သည် ပရမတ်ရူပ်နာမ်ကို အရှိအတိုင်း အမှန်မသိသည့်အခါ ထိုရူပ်နာမ်တို့၏ နှိပ်စက်မှု ဒုက္ခဖြစ်ပုံကိုလည်း မသိ (အဝိဇ္ဇာ)၊ ဤဒုက္ခကွန်ရာ ရရှိကြောင်း သမုဒယကိုလည်း မသိ (အဝိဇ္ဇာ)၊ ရူပ်နာမ်၏အရှိသဘော ဖွဲ့စည်းပုံကိုလည်း မသိ (အဝိဇ္ဇာ)၊ အာရုံအသီးသီးပေါ်၌ တောင့်တမှု၊ ကပ်ငြိမှု၊ တဏှာဖြစ်ကြောင်းလည်း မသိ (အဝိဇ္ဇာ)၊ ထိုတဏှာကြောင့် ဖြစ်ပေါ်လာသော ပြုလုပ်လိုမှု ကံနှင့် ရရှိမှုဝဋ်တို့ကိုလည်း မသိ (အဝိဇ္ဇာ)၊ ဒုက္ခချုပ်ကြောင်းကိုလည်း မသိ (အဝိဇ္ဇာ)၊ ဘဝဇာတိ ချုပ်ကြောင်းကိုလည်း မသိ (အဝိဇ္ဇာ)၊ ဘဝဇာတိချုပ်ရာ နည်းလမ်းကြောင်းကိုလည်း မသိ (အဝိဇ္ဇာ)ခဲ့ပေ။

ပ,ဒု,တ စိတ္တဝိသုဒ္ဓိသမာဓိဖြင့် ပြည့်စုံသွားသောအခါ ခန္ဓာဖွဲ့စည်းပုံကိုလည်းကောင်း၊ ခန္ဓာဒုက္ခကို လည်းကောင်း၊ ခန္ဓာဖြစ်ကြောင်းကိုလည်းကောင်း၊ ခန္ဓာချုပ်ကြောင်းကိုလည်းကောင်း၊ ခန္ဓာချုပ်ရာ နည်းလမ်း ကြောင်းကိုလည်းကောင်း အမှန်သိသောဉာဏ်သည် **ဝိဇ္ဇာဥဒပါဒိ**မည်၏။ အရိယာမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို တပြိုင်တည်း သိမြင်ခြင်းသည် **ဝိဇ္ဇာဥဒပါဒိ** မည်၏။

၅။ အာလောကောဥဒပါဒိ

တသံသရာလုံး မြင်လျက်နှင့် ကန်းနေဘိသကဲ့သို့ မောဟစေတသိက်သည် စိတ်ကို အမှန်မမြင်အောင် အမှောင်ချထားလိုက်သကဲ့သို့ တသံသရာလုံး အမှောင်ထုထဲ လမ်းလျှောက်ခဲ့ရသလို ဖြစ်ခဲ့ရသည်။ ပ,ဒု,တအဆင့် စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံသောသမာဓိသို့ ရောက်သောအခါ မောဟစေတသိက် ကပ်ခွင့်မရှိတော့သဖြင့် အမှောင်တိုက် ချုပ်၍ အလင်းဓာတ် ပေါ်ထွန်းဘိသကဲ့သို့ စိတ်၌ ရုပ်နာမ်တို့ကို မမြင်အောင် ဖုံးလွှမ်းထားသော မောဟတည်းဟူသော အမှောင်တိုက်ချုပ်၍ အမောဟတည်းဟူသော ဉာဏ်အလင်းဓာတ် ထင်ရှားဖြစ်ပေါ်လာခြင်းသည်လည်းကောင်း၊ အရိယာမဂ်သမာဓိအခိုက်၌ အဝိဇ္ဇာ မောဟ တဏှာဟူသမျှတို့ မြူမှုမရှိသည့် စင်ကြယ်သော စိတ်ကို ရရှိသဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်ခြင်းသည်လည်းကောင်း **အာလောကော ဥဒပါဒိ** မည်၏။

http://www.dhammadownload.com

ကျမ်းပြီးနိဂုံး

ယခုရေးသားဖော်ပြခဲ့ပြီးသော သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းတွင် အခန်း(၅)ခန်းလုံး၌ မိမိ၏ ကိုယ်တွေ့အမြင်များကို အဓိကထား၍ ရေးသားတင်ပြခဲ့ပြီ။ တရားကျင့်သောယောဂီတို့ သိနိုင်သော ညွှန်ကြားမှု၊ အဓိပ္ပာယ်ဖွင့်ဆိုမှုများကို ဉာဏ်စွမ်းရှိသလောက် အတတ်နိုင်ဆုံး ပြည့်စုံအောင် ရေးသားခဲ့ခြင်း ဖြစ်သည်။ ပြည့်စုံပြီဟုကား မဆိုပါ။ ပါရမီအမျိုးမျိုး၊ ဉာဏ်အမျိုးမျိုး၊ စရိုက်အမျိုးမျိုး ရှိကြသည်။ သို့အတွက်ကြောင့် ယောဂီတိုင်းနှင့် တိုက်ဆိုင်ပြီဟု မဆိုပါ။ သို့သော်လည်း တရားကျင့်သောယောဂီသည် သဒ္ဓါအစရှိသော ဗိုလ်ငါးပါး၊ ဆန္ဒအစရှိသော ဣဒ္ဓိပါဒ်လေးပါး ပြည့်စုံပြီး ဤကျမ်းစာအုပ်၌ ရေးသားတင်ပြထားသော မိမိနှစ်သက်ရာ ကျင့်စဉ်အတိုင်း ကျင့်နိုင်မည်ဆိုလျှင် ပေါက်မြောက်အောင်မြင်နိုင်ပါသည်။ မဂ်ဖိုလ်နိဗ္ဗာန် ဆိုသည်မှာ လူသာမည၏အရာ မဟုတ်သော်ငြားလည်း သီးခြိန်တန်သီး ပွင့်ခြိန်တန်ပွင့် ဆိုသကဲ့သို့ ယခုသာသနာ၌ သီးခြိန်, ပွင့်ခြိန်တန်သော ယောဂီများ ရှိပါသည်။ ထိုယောဂီတို့အတွက် ယခုကျမ်းစာအုပ်သည် အကူအညီ အထောက်အပံ့ ပေးနိုင်ပါလိမ့်မည်။

တရားကျင့်သော ယောဂီသည်

၁။ ကျန်းမာရေးကောင်းခြင်း
၂။ မဂ်နှင့်အသက်လဲနိုင်သောစိတ်ထားရှိခြင်း
၃။ နူးညံ့သောစိတ်နှင့်ခန္ဓာကိုယ်ရှိခြင်း
၄။ အလုပ်ကိုတစိုက်မတ်မတ် လုပ်တတ်သောအလေ့ရှိခြင်း
၅။ မှန်ကန်သောစကားကို ပြောဆိုတတ်ခြင်း

စသော အရည်အချင်းများနှင့် ပြည့်စုံခဲ့လျှင် အလွန်ဆုံးနှစ်လမျှဖြင့် ဆဆကသရုပ်နာမ်တို့ကို ပိုင်းခြားရှုမြင်နိုင်ပါသည်။

http://www.dhammadownload.com

ကျမ်းကိုးစာရင်း

ဆဋ္ဌမ ပါဠိတော်နှင့် မြန်မာပြန်ကျမ်းများ

ပါဠိတော်များ

ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိ
မူလပဏ္ဏာသပါဠိ
မဇ္ဈိမပဏ္ဏာသပါဠိ
ဥပရိပဏ္ဏာသပါဠိ
သဂါထာဝဂ္ဂပါဠိ
နိဒါနဝဂ္ဂသံယုတ္တပါဠိ
ခန္ဓဝဂ္ဂ သဋာယတနဝဂ္ဂသံယုတ္တပါဠိ
အင်္ဂုတ္တရနိကာယပါဠိတော်
ခုဒ္ဒကပါဌပါဠိ
ဓမ္မပဒပါဠိ
ဥဒါနပါဠိ
ဓမ္မသင်္ဂဏီပါဠိ
ပဋ္ဌာနပါဠိ
အဘိဓမ္မတ္ထသင်္ဂဟ
အဘိဓာနပ္ပဒီပိကာပါဌ
ကစ္စယနဗျာကရဏ

အဋ္ဌကထာ၊ ဋီကာ

မဟာဝဂ္ဂပါဠိတော်အဋ္ဌကထာ
မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယတွဲ
ထေရဂါထာအဋ္ဌကထာ
ဓမ္မသင်္ဂဏီအဋ္ဌကထာ
ဝိဘင်္ဂအဋ္ဌကထာ
ပဉ္စပကရဏအဋ္ဌကထာ
ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ
မဟာဝဂ္ဂဋီကာ ဒုတိယတွဲ
မူလပဏ္ဏာသဋီကာ ပထမတွဲ
ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ပထမတွဲ

မြန်မာပြန်ကျမ်းများ

သီလက္ခန္ဓဝဂ်ပါဠိတော် မြန်မာပြန်
သုတ်မဟာဝါပါဠိတော် မြန်မာပြန်
မူလပဏ္ဏာသပါဠိတော် မြန်မာပြန်
မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်
ဥပရိပဏ္ဏာသပါဠိတော်မြန်မာပြန်
သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မြန်မာပြန်
နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မြန်မာပြန်
ခန္ဓဝဂ္ဂနှင့် သဋာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်
မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်
အင်္ဂုတ္တိရ်ပါဠိတော် မြန်မာပြန် ပထမတွဲ
အင်္ဂုတ္တိရ်ပါဠိတော် မြန်မာပြန် ဒုတိယတွဲ
ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်
မိလိန္ဒပဉ္ဟာပါဠိတော် မြန်မာပြန်
ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန်
ပုဂ္ဂလပညတ်ပါဠိတော် မြန်မာပြန်

http://www.dhammadownload.com

အခြားစာအုပ်များ

အရှင်ယောသိတ၊ "မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ" ရန်ကုန်၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊ စတုတ္ထအကြိမ် ၂၀၀၁။
ဓမ္မာစရိယဦးဌေးလှိုင်၊ "သီဟိုဠ်ခေတ် စံတော်ဝင် အရိယာများ" ရန်ကုန်၊
ပညာဒီပမာန်ပုံနှိပ်တိုက်၊ ပထမအကြိမ် ၁၉၈၁။
ဆရာတော်ဦးဗုဓ်၊ "မဟာသတိပဋ္ဌာနသုတ်နိဿယ" ရန်ကုန်၊
ကျော်ပုံနှိပ်တိုက်၊ စတုတ္ထအကြိမ် ၁၉၉၆။
မဟာစည်ဆရာတော်၊ "ဗုဒ္ဓသာသနအန္တရာယ် ကာကွယ်ရေးတရားတော်" ရန်ကုန်၊
စာပေပေါင်းကူးပုံနှိပ်တိုက်၊ပထမအကြိမ် ၁၉၇၉။
"စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး၏ထေရုပတ္တိအကျယ် တရားတော်များ" ရန်ကုန်၊
ကျားရောင်စုံပုံနှိပ်တိုက်၊ ဒဿမအကြိမ် ၁၉၉၅။
သပြေကန်ဆရာတော်၊ "ပရိတ်ကြီးနိဿယသစ်" ရန်ကုန်၊
ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၄၃။
"ဟံသာဝတီမူ ပရိတ်ကြီး၁၀စောင်တွဲ"။

http://www.dhammadownload.com

ဝေါဟာရခက်ဆစ်

က

ကရဇကာယ	=အလျားတစ်လံ၊ အနံတစ်ထွာရှိသော မသန့်ရှင်းသော ရုပ်ခန္ဓာကိုယ်
ကလာပ	=ဓာတ်ရှစ်ပါး ပေါင်းစုမှုအဖွဲ့အစည်း (အဌကလာပ်ရုပ်)
ကလျာဏပုထုဇဉ်	=အမြတ်စားပုထုဇဉ်
ကာမ	=ကာမဂုဏ်=ကာမဂုဏ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့တို့သည် ပုထုဇဉ်တို့ နှစ်သက်စွဲလမ်းဖွယ် အာရုံတို့ဖြစ်၍ ကာမဂုဏ်ဟုခေါ်သည်။
ကာမတဏ္ဍာ	=ကာမဂုဏ်ငါးပါး၌ တပ်နှစ်သက်မှု
ကာမနယ်	=အာရုံခြောက်ပါးရုပ်တရားတို့နှင့် ဆက်ဆံသောနယ်
ကာမဘုံ	=ကာမ(၁၁)ဘုံဖြစ်သော အပါယ်လေးဘုံ၊ လူဘုံနှင့် နတ်ပြည်ခြောက်ဘုံ
ကာမသုခလ္လိကာနုယောဂ	=ကာမဂုဏ်ချမ်းသာ၌ ကပ်ငြိသော အစွန်းတရားအကျင့်
ကာမုပါဒါန်	=ကာမဂုဏ်၌ ပြင်းထန်စွာစွဲလမ်းခြင်း
ကာယသခ်ါရ	=ကိုယ်ကာယဖြင့် ပြုပြင်စီရင်ခြင်း၊ ရှုရှိုက်မှု ဆောင်နေသောလေ
ကာလဝိမုတ်	=အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးမှုလွတ်မှု
ကုသလာဓမ္မ	=ကုသိုလ်တရား
ကိလေသာ	=စိတ်ကို ညစ်ညူးစေသောတရားများ
ကိလေသာနိဗ္ဗာန်	=အရဟတ္တဖြင့် (၁၅၀၀)ကိလေသာကို ပယ်သတ်ပြီးခြင်း
ကိလေသာဝဋ်	=ကိလေသာ(၁၀)ပါး
ကိစ္စဉာဏ်	=ပြုလုပ်စရာကို သိသောဉာဏ်
ကမ္မဇပထဝီ	=ကံကြောင့်ဖြစ်သောပထဝီ
ကမ္မဇရုပ်	=ကံကြောင့်ဖြစ်သောရုပ်
ကမ္မဇဝါယော	=ကံကြောင့်ဖြစ်သောဝါယော
ကမ္မဝဋ်	=ကုသိုလ်ကံ၊ အကုသိုလ်ကံ
ကခ်ါဝိတရဏဝိသုဒ္ဓိ	=ယုံမှားခြင်းကို လွန်မြောက်လျက် စင်ကြယ်မှု

ခ

ခဏိကသမာဓိ	=အာရုံတစ်ခုအပေါ်၌ တခဏတည်သောသမာဓိ

ဂ

ဂဟ	=အိမ်
ဂါဟ	=တဏ္ဍာ၊မာန၊ဒိဋ္ဌိအားဖြင့် ကိုက်ခဲစွဲခြင်း
ဂေါတြဘူ	=ပုထုဇဉ်အနွယ်ကို ဖြတ်သောဉာဏ်

ဃ

ဃန	=အစိုင်အခဲ
ဃနပညတ်	=အစိုင်အခဲအနေဖြင့် သတ်မှတ်သောပညတ်

http://www.dhammadownload.com

စ

စတုရင်္ဂဝိရိယ ။အင်္ဂါလေးပါးဖြင့်ပြည့်သောဝီရိယ
စူဠသောတာပန် ။သောတာပန်အငယ်စား
စေတသိကဒုက္ခ ။စိတ်၌ဖြစ်သောဒုက္ခ
စက္ခုဒ္ဒါရိက ။စက္ခုဒ္ဒါရနှင့် ဆက်စပ်သော
စိတ္တဇပထဝီ ။စိတ်ကြောင့်ဖြစ်သောပထဝီ
စိတ္တဝိပလ္လာသ ။စိတ်မှားမှားယွင်းယွင်း ဖောက်ပြန်ခြင်း
စိတ္တဝိသုဒ္ဓိ ။သမာဓိ အထူးစင်ကြယ်ခြင်း
စိတ္တသေကဂ္ဂတာ ။တစ်ခုတည်းသောအာရုံအပေါ်၌ စိတ်၏တည်ကြည်ခြင်း
စိတ္တသခ်ီရ ။စိတ်ဖြင့် ပြုပြင်ဆောင်ရွက်မှု
စိန္တာမယပညာ ။ကြံစည်စဉ်းစားခြင်းအားဖြင့် ပြီးစီးသောပညာ

ဆ

ဆဋ္ဌဂုံပေက္ခာ ။ဒွါရခြောက်ပေါက်ကို လျစ်လျူရှုခြင်း

ဇ

ဇနကအကြောင်းတရား ။ဖြစ်စေသောအကြောင်းတရား

ဈ

ဈာနသမာဓိ ။တစ်ခုတည်းသော အာရုံပေါ်၌ စူးစိုက်စွာ စိတ်တည်လျက်
နီဝရဏတရားတို့ကို ရှိုမြိုက်လောင်ကျွမ်းခြင်း

ည

ညာတပရိညာ ။ပိုင်းခြားသိအပ်သော တရားတို့ကို ပိုင်းခြားသိခြင်း
ညာဏဒဿနဝိသုဒ္ဓိ ။ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း (အရိယာမဂ်ဉာဏ်ကို ဆိုလိုသည်။)

ဋ

ဋီကာလ ။တည်ဆဲကာလ
ဋ္ဌာနူပစာ ။နေရာဌာနကို ဥပမာတင်စားခြင်း

တ

တဒင်္ဂသမာဓိချုပ် ။သမာဓိအခိုက်၌ ဆိုင်ရာကိလေသာကွာခြင်း
တပ ။ခြိုးခြံသောအကျင့်
တရုဏဝိပဿနာ ။အနုစားဝိပဿနာ
တိဟိတ် ။အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါး
တီရဏပရိညာ ။ရုပ်နာမ်တို့အပေါ်၌ လက္ခဏာရေးသုံးပါးဖြင့် ပိုင်းခြားသိခြင်း

http://www.dhammadownload.com

ဒ

ဒေါသနီယအာရုံ =ဒေါသဖြစ်စေသောအာရုံ
ဒေါမနဿ =စိတ်ဆင်းရဲမှု
ဒုဂ္ဂတိဘုံ =အပါယ်လေးဘုံ

http://www.dhammadownload.com

ပဓာနိယင် = မင်္ဂိုလ်နိဗ္ဗာန်ရောက်ရန် ယောဂီတွင်လိုအပ်သည့်အချက်များ
ပပဉ္စ = တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော သံသရာချဲ့တတ်သောတရားများ
ပရိကံ = ကြိုတင်ပြင်ဆင်မှု
ပရိဒေဝ = ငိုကြွေးမြည်တမ်းခြင်း

http://www.dhammadownload.com

၅

ဒေါသနီယအာရုံ =ဒေါသဖြစ်စေသောအာရုံ
ဒေါမနဿ =စိတ်ဆင်းရဲမှု
ဒုဂ္ဂတိဘုံ =အပါယ်လေးဘုံ

http://www.dhammadownload.com

ပဓာနိယင် =မင်ဖိုလ်နိဗ္ဗာန်ရောက်ရန် ယောဂီတွင်လိုအပ်သည့်အချက်များ
ပပဉ္စ =တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော သံသရာချဲ့တတ်သောတရားများ
ပရိုက် =ကြိုတင်ပြင်ဆင်မှု
ပရိဒေဝ =ငိုကြေးမြည်တမ်းခြင်း

http://www.dhammadownload.com

၁

ဒေါသနီယအာရုံ =ဒေါသဖြစ်စေသောအာရုံ
ဒေါမနဿ =စိတ်ဆင်းရဲမှု
ဒုဂ္ဂတိဘုံ =အပါယ်လေးဘုံ
ဒိဋ္ဌိ =အယူမှားခြင်း
ဒိဋ္ဌိဝိသုဒ္ဓိ =အယူအထူးစင်ကြယ်ခြင်း
ဒိဋ္ဌုပါဒါန် =အယူမှား၌စွဲလန်းခြင်း
ဒိဋ္ဌိဝိပလ္လာသ =အယူမှားယွင်းဖောက်ပြန်ခြင်း
ဒဗ္ဗဘာဝ =ဖြပ်
ဒီဗ္ဗစက္ခု =နတ်မျက်စိ
ဒွိဟိတ် =အလောဘ၊ အဒေါသ ဟိတ်နှစ်ပါး
ဒွါရ =ဝင်ထွက်ရာ တံခါးပေါက်

၈

[illegible]

http://www.dhammadownload.com

ပဓာနိယင်္ဂ ။မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် ယောဂီတွင်လိုအပ်သည့်အချက်များ
ပပဉ္စ ။တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော သံသရာချဲ့တတ်သောတရားများ
ပရိကံ ။ကြိုတင်ပြင်ဆင်မှု
ပရိဒေဝ ။ငိုကြွေးမြည်တမ်းခြင်း
ပရိယုဋ္ဌာနကိလေသာ ။ကာယက်၊ ဝစီက် မမြောက်သေးပဲ မနောက်ဖြင့်
ထကြွသောင်းကျန်းသော ကိလေသာ
ပရိညာ ။ပိုင်းခြားမှု
ပဟာနပရိညာ ။ကိလေသာတို့ကို ပယ်လျက် သိသောဉာဏ်
ပါတိမောက္ခသံဝရသီလ ။အပါယ်သို့ ကျရောက်မှုမှ တားဆီးပေးသော သီလစောင့်ထိန်းမှု
ပုထုဇဉ် ။ကိလေသာထူပြောသောပုဂ္ဂိုလ်
ပီတိ ။နှစ်သက်ဝမ်းမြောက်ခြင်း
ပီတိသမ္ဗောဇ္ဈင် ။သစ္စာလေးပါးကိုသိသော ဗောဓိဉာဏ်၏
စတုတ္ထမြောက်အင်္ဂါဖြစ်သောပီတိ

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ဒ

ဒေါသနီယအာရုံ ။ဒေါသဖြစ်စေသောအာရုံ
ဒေါမနဿ ။စိတ်ဆင်းရဲမှု
ဒုဂ္ဂတိဘုံ ။အပါယ်လေးဘုံ
ဒိဋ္ဌိ ။အယူမှားခြင်း
ဒိဋ္ဌိဝိသုဒ္ဓိ ။အယူအထူးစင်ကြယ်ခြင်း
ဒိဋ္ဌုပါဒါန် ။အယူမှား၌စွဲလန်းခြင်း
ဒိဋ္ဌိဝိပလ္လာသ ။အယူမှားယွင်းဖောက်ပြန်ခြင်း
ဒဗ္ဗဘာဝ ။ဒြပ်
ဒိဗ္ဗစက္ခု ။နတ်မျက်စိ
ဒွိဟိတ် ။အလောဘ၊ အဒေါသ ဟိတ်နှစ်ပါး
ဒွါရ ။ဝင်ထွက်ရာ တံခါးပေါက်

ဓ

ဓမ္မဝိစယသမ္ဗောဇ္ဈင် ။သစ္စာလေးပါးကိုသိသော ဗောဓိဉာဏ်၏
ဒုတိယမြောက်အင်္ဂါဖြစ်သော ပညာ
ဓမ္မဝိနယ ။ (ဓမ္မ-သုတ္တန်နှင့် အဘိဓမ္မာ၊ ဝိနယ-ဝိနည်း) ဟူသော
ဘုရားအဆုံးအမသာသနာ
ဓမ္မာရုံ ။မနဟူသောဘဝင်၌ ထင်လာသောအာရုံ

န

နာမပညတ် ။အမည်ပညတ်
နာမရူပပရိစ္ဆေဒဉာဏ် ။ရုပ်နာမ်ကို ပိုင်းခြားသိသောဉာဏ်
နိကန္တိ ။သိမ်မွေ့သော တပ်နှစ်သက်မှု တဏှာ
နိရောဓသမာပတ် ။စိတ် စေတသိက်နှင့် စိတ္တဇရုပ်အားလုံးတို့ ချုပ်ဆုံးသောသမာပတ်
နိဝရဏ ။စျာန်မဂ်ဖိုလ်ကို ပိတ်ပင်တားဆီးတတ်သောတရား
နန္ဒီရာဂ ။ထိုထိုအာရုံ၌ တပ်နှစ်သက်တတ်သော တဏှာ
နိပ္ပန္နရူပ် ။သီးခြားရပ်တည်နိုင်သောရူပ်
နိဗ္ဗိန္ဒဉာဏ် ။ရုပ်နာမ်တို့အပေါ်၌ ငြီးငွေ့သောဉာဏ်

ပ

ပဋိဃာနုသယ ။အနုသယဒေါသ
ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ။အရိယာမဂ်သို့ ဆိုက်ရောက်စေမည့် ကျင့်စဉ်လမ်းကြောင်းပေါ်သို့
ရောက်ရှိသွားသော ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း
ပဋိပတ္တိသာသနာ ။အကျင့်သာသနာ
ပဋိဝေဓသာသနာ ။မဂ်ဖိုလ်နိဗ္ဗာန်ကို ထိုးထွင်းသိသောသာသနာ
ပဋိသခ်ိဉာဏ် ။ပိုင်းခြားသိပြီးသော ရုပ်နာမ်တို့ကို တဖန်ပြန်လည်
ရှုပွားသုံးသပ်သောဉာဏ်

http://www.dhammadownload.com

ပဓာနိယင်္ဂ = မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် ယောဂီတွင်လိုအပ်သည့်အချက်များ
ပပဉ္စ = တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော သံသရာချဲ့တတ်သောတရားများ
ပရိကံ = ကြိုတင်ပြင်ဆင်မှု
ပရိဒေဝ = ငိုကြွေးမြည်တမ်းခြင်း
ပရိယုဋ္ဌာနကိလေသာ = ကာယက်၊ ဝစီက် မမြောက်သေးပဲ မနောက်ဖြင့် ထကြွသောင်းကျန်းသော ကိလေသာ
ပရိညာ = ပိုင်းခြားမှု
ပဟာနပရိညာ = ကိလေသာတို့ကို ပယ်လျက် သိသောဉာဏ်
ပါတိမောက္ခသံဝရသီလ = အပါယ်သို့ ကျရောက်မှုမှ တားဆီးပေးသော သီလစောင့်ထိန်းမှု
ပုထုဇဉ် = ကိလေသာထူပြောသောပုဂ္ဂိုလ်
ပီတိ = နှစ်သက်ဝမ်းမြောက်ခြင်း
ပီတိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကိုသိသော ဗောဓိဉာဏ်၏ စတုတ္ထမြောက်အင်္ဂါဖြစ်သောပီတိ
ပဥ္စဒ္ဒါရ = အာရုံငါးပါးကို လက်ခံသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဟူသော တံခါးငါးပေါက်
ပဥ္စဝိညာဏ် = စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယတို့၌ရှိသောဝိညာဏ်
ပဥ္စာရုံ = အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိဟူသော အာရုံငါးပါး
ပညတ် = အမည်ပေးခြင်း
ပစ္စယပရိဂ္ဂဟဉာဏ် = ရုပ်နာမ်၏အကြောင်းအကျိုးကို သိမ်းဆည်းသောဉာဏ်
ပစ္စယသတ္တိ = အကြောင်းအထောက်အပံ့
ပစ္ဆိမဘဝိက = ယခုဘဝ၌ပင် အရဟတ္တမဂ်သို့ ဆိုက်၍ ပရိနိဗ္ဗာန် ပြုမည့်ပုဂ္ဂိုလ်
ပုညာဘိသင်္ခါရ = ကာမသုဂတိဘုံတို့၌ ကောင်းကျိုးကိုပေးစွမ်းနိုင်သော ကုသိုလ်တရားတို့ကို ပြုလုပ်ခြင်း
ပုဗ္ဗဘာဂမဂ် = အရိယာမဂ်မတိုင်မီ ရှေ့အဖို့၌ဖြစ်သော ဝိပဿနာမဂ်

ဖ

ဖရဏာပီတိ = တကိုယ်လုံး ပျံ့နှံ့၍တည်သော နှစ်သက်ဝမ်းမြောက်ခြင်း
ဖလသမာပတ် = ဖိုလ်ချမ်းသာကို ခံစားခြင်း
ဖဿ = ဒွါရနှင့်မနကို ဆက်စပ်စေသောနာမ်ဓာတ်

ဗ

ဗလဝဝိပဿနာ = အားကြီးသောဝိပဿနာ (မဟာဝိပဿနာ)
ဗာဟိရာယတန = အပြင်အာရုံတည်ရာ
ဗောဓိဉာဏ် = သစ္စာလေးပါးကို သိသောဉာဏ်
ဗြဟ္မစရိယအကျင့် = မြတ်သောအကျင့်

http://www.dhammadownload.com

ဘ

ဘဝတဏှာ =ဘဝကို တပ်နှစ်သက်ခြင်း
ဘယဉာဏ် =ရုပ်နာမ်တို့၏အပျက်ကို ကြောက်ရွံ့သောဉာဏ်
ဘင်္ဂဉာဏ် =ရုပ်နာမ်တို့၏အပျက်ကိုသိသောဉာဏ်

မ

မနိန္ဒြေ =စိတ်ကိုအစိုးရမူ သမာဓိ (သမာဓိ)
မနောဒွါရ =အာရုံအမျိုးမျိုးထင်သော စိတ်တည်းဟူသော တံခါး
မနောဒွါရာဝဇ္ဇန်း =မနောဒွါရကို ဆင်ခြင်သောစိတ်
မနောဒွါရိက =မနောဒွါရ
မဟာဝိပဿနာ =အားကြီးသောဝိပဿနာ
မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ =လမ်းမှန်နှင့်လမ်းမှားကို သိသောဉာဏ်အမြင်၏ အထူးစင်ကြယ်ခြင်း
မိစ္ဆာဒိဋ္ဌိ =မှားယွင်းသောအယူ
မဇ္ဈိမပဋိပဒါ =အစွန်းနှစ်ပါးလွတ်သော နိဗ္ဗာန်ရောက်ကြောင်း
အလယ်အလတ်ကျင့်စဉ်

ယ

ယထာဘူတဉာဏ် =အရှိကိုအရှိအတိုင်း ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်
ယုဂနဒ္ဓနည်း =သမထနှင့်ဝိပဿနာ ယှဉ်တွဲလျက် ကျင့်စဉ်တက်သောနည်း

ရ

ရူပကာယ =ရုပ်ခန္ဓာကိုယ်
ရူပပရိစ္ဆေဒဉာဏ် =ရုပ်ကိုပိုင်းခြားသိသောဉာဏ်
ရူပဘုံ =ရုပ်နာမ်နှစ်ပါးတည်သော ဗြဟ္မာ့ဘုံ
ရူပဝိစာရ =အဆင်းပေါ်၌သုံးသပ်ခြင်း
ရူပဝိတက် =အဆင်းပေါ်၌ကြံစည်ခြင်း
ရူပသင်္ခေတနာ =အဆင်းပေါ်၌ စေ့ဆော်နှလုံးသွင်းခြင်း
ရူပသညာ =အဆင်းပေါ်၌အမည်ပေးခြင်း
ရူပါဝစရကုသိုလ် =ရူပဗြဟ္မာဘုံသို့ ရောက်စေသောကုသိုလ်
ရူပုပါဒါနက္ခန္ဓာ =ဥပါဒါန်၏အာရုံဖြစ်သော ရုပ်အစုအဝေး
ရူပက္ခန္ဓာ =ရုပ်အစုအဝေး

လ

လောကီကာမပညတ် =ဘာသာစကားအလိုက် ကာမနယ်၌ ပြောဆိုသုံးနှုန်းသောပညတ်
လောကီပညတ်နယ် =လောက အမည်ပေးသောနယ်
လောကီပရမတ်နယ် =လောကပညတ်ကင်းသောနယ် (ရုပ်နာမ်)
လောကီတဒင်္ဂမဂ် =ရုပ်နာမ်တို့အပေါ်၌ တဒင်္ဂမြင်လျက် ဆိုင်ရာကိလေသာကို
တဒင်္ဂပယ်ခွာသောမဂ်

http://www.dhammadownload.com

လောကီမဂ်	=အရိယာမဂ်မတိုင်မီ ရှေ့အဖို့၌ ရုပ်နာမ်တို့ကိုရှုသော ကာရကမဂ္ဂင်ငါးပါး
လောကီပုဗ္ဗဘာဂမဂ်	=လောကီမဂ္ဂင်(၅)ပါး
လောဘနီယအာရုံ	=လောဘကိုဖြစ်စေသောအာရုံ
လက္ခဏူပနိဇ္ဈာန်	=ရုပ်နာမ်တည်းဟူသော အာရုံ၏ လက္ခဏာရေးသုံးပါးဖြင့် စူးစူးစိုက်စိုက်ရှုသောဈာန်

ဝ

ဝစီသခ်ါရ	=နှုတ်ဖြင့်ပြုပြင်စီရင်ခြင်း
ဝသီဘော်	=ခိုင်မြဲအောင် လေ့ကျင့်မှု
ဝါနတဏှာ	=အဝတ်စတစ်ခုနှင့်တစ်ခုကို ချုပ်ဆက်ပေးသော အပ်ချည်ကဲ့သို့ ဘဝတစ်ခုနှင့်တစ်ခုကို ဆက်စပ်ပေးသောတဏှာ
ဝိကလဘုံ	=ရုပ်သာရှိ၍ နာမ်မရှိသော ဗြဟ္မာ့ဘုံ
ဝိကာရ	=အခြင်းအရာ
ဝိပလ္လာသ	=မှားယွင်းဖောက်ပြန်ခြင်း
ဝိပဿနာဘူမိအမြင်	=ဝိပဿနာဉာဏ်ဖြင့် ရှုဆဲအခိုက်၌ မြင်သောအမြင်
ဝိပဿနုပေက္ခာဉာဏ်	=ဝိပဿနာဉာဏ်အားဖြင့် လျစ်လျူရှုခြင်း
ဝိပါကဝဋ်	=အတိတ်ကံကြောင့်ရသော အကျိုးဝိပါက်ခန္ဓာ
ဝိဘဝတဏှာ	=ဘဝပြတ်ခြင်းကို တပ်နှစ်သက်ခြင်း
ဝိမောက္ခရှစ်ပါး	=ဝိမောက္ခ+ရှစ်ပါး၊ ဝိမောက္ခ=လွတ်မြောက်သောတရား+ရှစ်ပါး။ ဆန့်ကျင်ဘက်နီဝရဏတရားတို့မှ လွတ်မြောက်တတ်သောတရား
ဝိရောဓိ	=ဆန့်ကျင်ဘက်
ဝိဟိံသဝိတက်	=သူတပါးကို ညှဉ်းဆဲလိုသော အကြံအစည်
ဝီတိက္ကမကိလေသာ	=ကာယကံ၊ ဝစီကံမြောက် ကျူးလွန်အောင် ထကြွသောင်းကျန်းသောကိလေသာ
ဝီရိယသမ္ဗောဇ္ဈင်	=သစ္စာလေးပါးကိုသိသော ဗောဓိဉာဏ် တတိယမြောက်အင်္ဂါဖြစ်သောဝီရိယ
ဝီရိယာဓိပတိ	=ဝီရိယကို ကြီးမှူးခြင်း
ဝီမံသာဓိပတိ	=ပညာကို အကြီးအမှူးပြုခြင်း
ဝေဒနာ	=အာရုံ၏ ကောင်းသောအရသာ ဆိုးသောအရသာကို ခံစားသောနာမ်
ဝိက္ခမ္ဘနပဟာန်	=ဈာန်သမာဓိစွမ်းအားဖြင့် ကာလရှည်ကြာစွာ ကိလေသာတို့ကိုပယ်ခြင်း
ဝိဇ္ဇာ	=အမှန်ကို ထိုးထွင်း၍သိခြင်း
ဝိဇ္ဇာမာနပညတ်	=ပရမတ်အားဖြင့် ထင်ရှားရှိသည့်အပေါ် တင်သောပညတ်
ဝိညာဏုပါဒါနက္ခန္ဓာ	=ဥပါဒါန်၏အာရုံဖြစ်သော စိတ်အစုအဝေး
ဝိညာဏက္ခန္ဓာ	=စိတ်အစုအဝေး
ဝိညာဏ်	=စိတ်
ဝိညာဏ်သိ	=သညာသိနှင့် ပညာသိမှ လွတ်သော ထူးသောအသိ
ဝတ္ထုကာမ	=အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော ကာမဂုဏ်ငါးပါး

http://www.dhammadownload.com

သ

သဉ္ဇပါဒိသေသနိဗ္ဗာန် = ခန္ဓာငါးပါးရှိလျက် ကိလေသာချုပ်ငြိမ်းနေသောနိဗ္ဗာန်
သတိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကိုသိသော ဗောဓိဉာဏ် ပထမမြောက်အင်္ဂါဖြစ်သောသတိ
သမထယာနိက = သမထတည်းဟူသော ယာဉ်ရှိသူ
သမာဓုပေက္ခာ = သမာဓိကို ဥပေက္ခာပြုခြင်း
သမာဓိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကိုသိသော ဗောဓိဉာဏ် ဆဋ္ဌမမြောက်အင်္ဂါဖြစ်သော သမာဓိ
သမာဓိန္ဒြေ = အစိုးတရဖြစ်သော သမာဓိ
သမနန္တရပစ္စည်း = ကောင်းစွာအခြားမဲ့အထောက်အပံ့
သမုစ္ဆေဒပဟာန် = ကိလေသာကို အမြစ်မှ အကြွင်းမဲ့နှုတ်ပယ်ခြင်း
သမူဟပညတ် = ပေါင်းရုံးစုတွဲ၍ ဝေါဟာရအမည်ပေးခြင်း
သဝိညာဏက = သက်ရှိ
သဟဇာတပစ္စည်း = အတူတကွ ထောက်ပံ့ခြင်း
သဟိတ်မနောဝိညာဏ် = ဟိတ်ခြောက်ပါးဖြင့်ယှဉ်သော ဝိညာဏ်
သုခုမရုပ် = သိမ်မွေ့သောရုပ်
သုတမယပညာ = နာကြားမှတ်သားခြင်းဖြင့် ပြီးစီးသောပညာ
သီလဝိသုဒ္ဓိ = သီလ၏အထူးစင်ကြယ်ခြင်း
သီလဗ္ဗတုပါဒါန် = မဂ္ဂင်ရှစ်ပါးနှင့် မလျော်ညီသည့် အကျင့်တို့၌ စွဲလန်းခြင်း
သောတာပတ္တိမဂ် = နိဗ္ဗာန်သို့တိုင်အောင် စီးဆင်းသွားသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေအယဉ်(သောတ)သို့ ဦးစွာရောက်ရှိသောမဂ်
သက္ကာယဒိဋ္ဌိ = [သက္ကာယ=ထင်ရှားရှိသောခန္ဓာငါးပါး+ဒိဋ္ဌိ=အယူမှားခြင်း] ထင်ရှားရှိသော ခန္ဓာငါးပါးကို ငါ, ငါ့စွာဟူ၍ မှားယွင်းစွာ စွဲယူခြင်း
သညာဝိပလ္လာသ = သညာမှားယွင်းဖောက်ပြန်ခြင်း
သဏ္ဌာနပညတ် = ပုံပန်းသဏ္ဌာန်အမည် (ဆံပင်၊ မွေးညင်း စသည်)
သန္တတိပညတ် = အစဉ်တန်းပညတ်
သန္တီသုခနိဗ္ဗာန် = ငြိမ်းအေးချမ်းသာသောနိဗ္ဗာန်
သဿတဒိဋ္ဌိ = သေပြီးလျှင် နောက်ဘဝအမြဲရှိသည်ဟု မှားယွင်းစွာစွဲယူခြင်း
သဗ္ဗစိတ္တသာမာရဏာ
စေတသိက် = အလုံးစုံသောစိတ်တို့နှင့်ယှဉ်သော စေတသိက်(၇)ပါး

ဟ

ဟဒယ = နှလုံး
ဟိတ် = အကြောင်းရင်း (ဟိတ်ခြောက်ပါး=လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ)

http://www.dhammadownload.com

ဘ

အကိရိယဒိဋ္ဌိ ။အကြောင်းနှင့်အကျိုး နှစ်မျိုးလုံးကိုပယ်သော အယူမှား
အတိုက်ဓာတ် ။အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့နှင့် ဓမ္မတည်းဟူသော အပြင်အာယတနခြောက်ပါး
အဓိပတိအနိဋ္ဌာရုံ ။အကြီးအမှူးပြုသော မကောင်းသောအာရုံ
အဓိပတိကန္တဋ္ဌာရုံ ။အကြီးအမှူးဖြစ်သော ကောင်းသောအာရုံ
အနိမိတ္တစေတောသမာဓိ ။နိမိတ်ကင်းသော စိတ်နှင့်ယှဉ်သောသမာဓိ
အနုပါဒိသေသနိဗ္ဗာန် ။အကြွင်းမရှိချုပ်ဆုံးသောနိဗ္ဗာန်
အနုသယ ။ခန္ဓာအစဉ်၌ ကိန်းနေသော အကုသိုလ်တရား
အနိဋ္ဌဂုဏ် ။မကောင်းသောဂုဏ်
အနောတ္တပ္ပစေတသိက် ။အကုသိုလ်တရားတို့၌ မကြောက်ခြင်းသဘော
အနန္တရပစ္စည်း ။မခြားသောအထောက်အပံ့
အပုညာဘိသင်္ခါရ ။ကာမ(၁၁)ဘုံ၌ မကောင်းကျိုးကို ပေးစွမ်းနိုင်သော အကုသိုလ်တရားတို့ကို ပြုလုပ်ခြင်း
အဗျာကတ ။ကုသိုလ်၊ အကုသိုလ်အားဖြင့် ဘုရားရှင်မဟောကြားသောတရားများ
အရိယသစ္စာ ။အရိယာပုဂ္ဂိုလ်များသာ ထိုးထွင်းသိနိုင်သော အမှန်တရား
အရူပဗြဟ္မာ ။ရုပ်မရှိပဲ နာမ်သာရှိသောဗြဟ္မာ
အရူပါဝစရကုသိုလ် ။ရုပ်မရှိသောဗြဟ္မာ့ဘုံသို့ ရောက်စေသောကုသိုလ်
အဝိဂတပစ္စည်း ။မကင်းသောအထောက်အပံ့
အဝိဇ္ဇာ ။သစ္စာလေးပါးကို မသိခြင်း
အဝိဇ္ဇာဃ ။သစ္စာလေးပါးမသိမှု အဝိဇ္ဇာသည် ကူးမြောက်နိုင်ခဲသောကြောင့် အဝိဇ္ဇောဃမည်၏။
အဝိညာဏက ။သက်မဲ့အရာ
အဝိနိဗ္ဘောဂရုပ် ။အဋ္ဌကလာပ်ရုပ်အစုအဝေးသည် ထပ်မံခွဲခြမ်း၍ မရတော့သဖြင့် အဝိနိဗ္ဘောဂရုပ်ဟုခေါ်သည်။
အဟိရိကစေတသိက် ။အကုသိုလ်တရားတို့၌ မရှက်ခြင်းသဘော
အဟေတုကဒိဋ္ဌိ ။အကြောင်းကိုပယ်သောအယူမှား
အဟိတ်မနောဝိညာဏ် ။ဟိတ်ခြောက်ပါး မယှဉ်သော မနောဝိညာဏ်
အာတာပီဝိရိယ ။ကိလေသာတို့ကို လောင်ကျွမ်းစေသောဝီရိယ
အာနဉ္စာဘိသင်္ခါရ ။ဗြဟ္မာဘုံနှစ်ဆယ်၌ ကောင်းကျိုးကိုပေးစွမ်းနိုင်သော ကုသိုလ်တရားတို့ကို ပြုလုပ်ခြင်း
အာရမ္မဏိက ။အာရုံပြုသည့်စိတ်
အာရမ္မဏူပနိဇ္ဈာန် ။ကသိုဏ်းပညတ်အာရုံ၌ စူးစူးစိုက်စိုက် ရှုသောဉာဏ်
အာသဝ ။စိတ်၌ဖြစ်သော ကိလေသာယိုစီးမှု
အဿတ္ထနာမ်ရုပ် ။အတွင်းဖြစ်သောနာမ်ရုပ်
အဿတ္ထိကာယတန ။အတွင်းအာရုံတည်ရာ
အညမညပစ္စည်း ။အချင်းချင်းအကျိုးပြုတတ်သောပစ္စည်း

http://www.dhammadownload.com

အဋ္ဌကလာပ်ရုပ်အစု =ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော မဟာဘုတ်လေးပါးနှင့် ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇဟူသော ဥပါဒါန်ရုပ်အစု
အတ္တဝါဒုပါဒါန် =ငါတည်းဟူသောအစွဲ
အတ္တဒိဋ္ဌိ =သက္ကာယဒိဋ္ဌိ
အတ္တကိလမထာနုယောဂ =ခန္ဓာကိုယ်ကို ပင်ပန်းဆင်းရဲအောင် ညှင်းဆဲ၍ကျင့်သောအကျင့်
အတ္ထိပစ္စည်း =မကင်းသောအထောက်အပံ့
အနိစ္စပုထုဇ္ဇဉ် =အရိယာဖြစ်ကြောင်း တရားတို့၌ မလေ့လာ၊ မကျွမ်းကျင်၊ မသိမြင်၊ မနှံ့စပ်သော ပုထုဇဉ်အကန်း
အပ္ပနာသမာဓိ =စျာန်သမာဓိ
အပ္ပမာဒ =မမေ့မလျော့သောသတိ

က္က

က္ကဋုဂုဏ် =ကောင်းသောဂုဏ်
က္ကန္တိယသံဝရသီလ =ဒွါရခြောက်ပါးမှ ကိလေသာမဝင်အောင် သတိဖြင့် စောင့်ထိန်းရသောသီလ

ဥ

ဥဒယဗ္ဗယဉာဏ် =ရုပ်နာမ်တို့၏ဖြစ်ခြင်းပျက်ခြင်းကို သိသောဉာဏ်
ဥပစာရသမာဓိ =အပ္ပနာသမာဓိသို့မရောက်မီ ကပ်လျက်တည်သောသမာဓိ
ဥပထမ္ဘကအကြောင်းတရား=အထောက်အပံ့ အကြောင်းတရား
ဥပနိဿယ =အာကြိုးသောအထောက်အပံ့
ဥပါဒါနက္ခန္ဓာ =ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာ
ဥပါဒါရုပ် =မာတ်ကြိုးလေးပါးကို မှီ၍ဖြစ်သောရုပ်
ဥပါဒါန် =ပြင်းထန်စွာစွဲလန်းခြင်း
ဥပါယာသ =ရင်ဘတ်စည်တီး ငိုကြွေးမြည်တမ်းခြင်း
ဥပါဒိဆဲ =ဖြစ်ဆဲ
ဥစ္ဆေဒဒိဋ္ဌိ =သေပြီးလျှင် ဘဝတဖန်မဖြစ်တော့ပဲ အားလုံးပြတ်သည်ဟူသော အယူမှား

ဧ

ဧကဂ္ဂတာ =တစ်ခုတည်းသောအာရုံ၌တည်ခြင်း
ဧကန်ရောဓ =တပြိုင်နက်ချုပ်ခြင်း
ဧကုပ္ပါဒ =တပြိုင်နက်ဖြစ်ခြင်း

ဩ

ဩဃတာရဏ =ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇာဃ(ကာမတဏှာ၊ ဘဝတဏှာ၊ ဒိဋ္ဌိနှင့် အဝိဇ္ဇာတို့သည် ကူးမြောက်နိုင်ခဲသဖြင့် ဝဲဩဃနှင့် ထပ်တူပြု၍ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇာဃဟု ဘုရားရှင် ဟောတော်မူသည်။)
ဩကာသလောက =တည်ရာလောက

http://www.dhammadownload.com

အက္ခရာစဉ်အညွှန်း

က

ကလေးငယ် ၂၂၀
ကမ္မဇဝါယော ၁၅၉၊ ၃၁၅
ကမ္မဝဋ် ၂၁၊ ၆၀၊ ၆၁၊ ၉၂
ကာမတဏှာ ၅၁၊ ၂၃၁၊ ၃၀၃
ကာမဝိတက် ၁၁၀၊ ၁၀၁၊ ၁၂၄
ကာမရာဂါနုသယ ၉၆၊ ၃၀၉
ကာယဗလလေ့ကျင့်သောသူ ၁၂၉
ကာယသခ္ခီရ ၉၉၊ ၁၂၉၊ ၁၆၆၊ ၁၇၁
ကာယသမ္မသ ၆၊ ၂၇၊ ၅၆၊ ၉၂၊ ၁၄၈၊ ၁၆၇၊
၁၇၃၊ ၂၀၄၊ ၂၈၄၊ ၂၉၂
ကိလေသမာန် ၁၂၅
ကိလေသာဝဋ် ၂၀၊ ၆၀၊ ၉၂
ကိစ္စဉာဏ် ၁၃၇၊ ၁၃၈၊ ၁၇၈၊ ၂၀၂၊ ၂၀၅၊ ၂၀၆
ကုမာရကဿပ ၉၃
ကခီဝိတရဏဝိသုဒ္ဓိ ၉၆၊ ၂၈၄၊ ၂၉၀
ကတ္တိပါထုပ်ဥပမာ ၆၁
ကုန်းမှာနေကိုးကွေ့ ၁၂၂
ကိုယ်အကြည် ၃၊ ၂၆၇
ကြေးခွက်တီးသံ ၁၃၁

ခ

ခဏိကသမာဓိ ၁၀၉၊ ၂၆၀
ခန္ဓာမာန် ၁၂၅
ခန္ဓာအိမ်ပိုင်ရှင်တဏှာ ၂၈၈
ချိန်ခွင်ခွက် ၁၄၅

ဂ

ဂါဟနှင့်ဂဟ ၁၂၆
ဂေါဓိကမထေရ် ၁၉၁၊ ၁၉၈
ဂေါတြဘူ ၃၀၄၊ ၃၁၃

ဃ

ဃနပညတ် ၂၀၊ ၂၃
ဃနရုပ် ၂၃၊ ၆၃

င

ငယ်ထိပ်၌ စိတ်တည်သော ကမ္မဋ္ဌာန်း ၁၁၁
ငှက်ပျောသီး ၅၆

စ

စတုတ္ထစျာန် ၈၀၊ ၁၀၃၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊
၁၀၈၊ ၁၄၁၊ ၂၁၅၊ ၂၆၆၊
စပိကာဘောက် ၅၀၊ ၂၇၀
စရဏ ၈၃၊
စူဠဥသောတာပန် ၁၅၀၊ ၂၉၀၊ ၃၂၁
စောဒနာ ၈၃၊ ၁၁၆
စိုစွတ်နေသောသစ်တုံး ၁၈၈
စက္ခုဒွါရိက ၅၄
စက္ခုသမ္မသ ၆၊ ၇၊ ၈၊ ၉၊ ၁၁၊ ၁၂၊ ၂၇၊ ၂၈၊ ၂၉၊
၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၉၂၊
၂၄၇၊ ၂၄၉၊ ၂၅၅၊ ၂၇၄၊ ၂၉၂၊ ၃၀၇၊ ၃၀၈၊ ၃၀၉
စိတ်ကူးယဉ်ပန်းချီ ၂၅၈
စိတ်အကြည် ၃၊ ၅၊ ၂၉၊ ၂၄၅၊ ၂၄၇၊ ၂၆၉
စိတ္တဝိပလ္လာသ ၂၀၊ ၄၄၊ ၅၆၊ ၅၈၊ ၆၁၊ ၂၇၅
စိတ္တသေကဂ္ဂတာ ၁၁၀၊ ၂၃၃
စိတ္တိဒ္ဓိပါဒ် ၆၇၊ ၁၃၃
စုတ်တံ ၂၆၅
စုန္ဒမထေရ် ၈၁၊ ၃၀၆
စွန်းလွန်းဆရာတော်ဘုရားကြီး ၁၈၇၊ ၁၈၉

ဆ

ဆဋ္ဌဂုံပေကွာ ၂၃၀၊ ၂၃၁
ဆီခွက် ၂၂၇
ဆင်ရိုင်းဖမ်းဥပမာ ၂၉၇
ဆန္ဒိဒ္ဓိပါဒ် ၆၇၊ ၁၃၃

ဇ

ဇာတ်ပွဲကြည့်ဥပမာ ၂၁၆

ဈ

ဈာနသမာဓိ ၇၀
ဈေးဗန်းဥပမာ ၂၃၁
ဈေးဝယ်ဥပမာ ၂၁၉

http://www.dhammadownload.com

စျာန်အင်္ဂါငါးပါး ၇၁၊ ၁၀၄၊ ၁၁၀၊ ၁၄၀၊ ၁၄၇

ည

ဉာဏဒဿနဝိသုဒ္ဓိ ၉၆၊ ၃၁၄
ဉာတပရိညာ ၁၄၉
ညစ်နွမ်းသည့်အကျင့် ၈၄
ညွှတ်ကွင်းမိသမင် ၁၆၈

တ

တတိယစျာန် ၁၀၅
တတိယဘဝင် ၂၃၁၊ ၂၃၇၊ ၂၄၀
တရုဏဝိပဿနာ ၄၊ ၁၁၀၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၃၉၊ ၁၉၃၊ ၂၄၃
တိဟိတ် ၇၅
တီဗွီစက်ဥပမာ ၄၂
တီရဏပရိညာ ၁၄၉
တေဇော၏လက္ခဏာ ၁၃၉
တောကြက်ဖမ်းဥပမာ ၁၈၂
တံစက်မြိတ်က ကျသောရေပေါက် ၁၅၄
တစ်ဖက်ခြိတ်ကျင့်စဉ် ၁၂၁၊ ၁၇၄
တဏှာရိမြူ ၁၇
တောင်ပို့ ၉၃
တိုင်းကြီးမယ် ၂၂၇

ထ

ထောင်ကျသား ၈၈
ထောင်ဝင်စာပေါက် ၂၅၅
ထောင်ဥပမာ ၁၇၉

ဒ

ဒုတိယစျာန် ၁၀၅
ဒုတိယဘဝင် ၂၂၂၊ ၂၂၃
ဒေဝပုတ္တမာန် ၁၂၅
ဒေါမနဿိန္ဒြေ ၁၀၄၊ ၁၀၅၊
ဒုက္ခိန္ဒြေ ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၇၊ ၁၁၉
ဒုဂ္ဂတိဘုံ ၁၃၂၊ ၂၀၈
ဒိဋ္ဌိဝိပလ္လာသ ၂၀၊ ၄၄၊ ၅၆၊ ၅၈၊ ၆၁
ဒိဋ္ဌိသုဒ္ဓိ ၉၆၊ ၂၃၈၊ ၂၄၃၊ ၂၈၃၊ ၂၈၇၊ ၂၉၀
ဒိဋ္ဌုပါဒါန် ၄၆၊ ၉၈၊ ၁၂၄၊ ၁၂၆၊ ၂၅၂၊ ၂၅၇၊ ၂၈၆
ဒဗ္ဗဘာဝ ၁၈
ဒွိဟိတ် ၇၅

ဓ

ဓာတ်လေးပါးကမ္မဋ္ဌာန်း ၁၁၁၊ ၁၁၅၊ ၁၃၈၊ ၁၄၁၊ ၁၅၇၊ ၁၇၁
ဓမ္မဝိစယသမ္ဗောဇ္ဈင် ၆၈၊ ၁၃၄၊ ၁၅၅၊ ၁၅၇၊ ၁၇၂
ဓမ္မဝိနယ ၈၂
ဓမ္မာရုံကလာပ်မှုန် ၂၇၈

န

နာမပညတ် ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၁၁
နာမရူပပရိစ္ဆေဒဉာဏ် ၅၀၊ ၁၄၈၊ ၁၆၃၊ ၁၈၉၊ ၂၁၁၊ ၂၄၃၊ ၂၄၇၊ ၂၄၈၊ ၂၅၆၊ ၂၅၇၊ ၂၅၈၊ ၂၅၈၊ ၂၅၈၊ ၂၅၈
နားအကြည် ၃၊ ၂၆၇၊ ၂၇၀
နိကန္တိ ၂၉၄
နိရောဓသမာပတ် ၃၄
နိဝရဏငါးပါး ၉၉
နေယျပုဂ္ဂိုလ် ၇၅၊ ၃၂၁
နတ်သမီးတစ်ယောက် ၉၇
နန္ဒိရာဂ ၉၁၊ ၉၄၊ ၉၅၊ ၁၀၅၊ ၁၂၇၊ ၁၅၂၊ ၂၃၆၊ ၂၃၈၊ ၂၄၁
နိပ္ပန္နရုပ် ၂၄၉
နိပ္ပိန္နဉာဏ် ၂၉၆
နာမ်ကမ္မဋ္ဌာန်း ၁၂၁၊ ၁၆၃၊ ၁၇၁၊ ၁၇၄၊ ၁၈၄၊ ၁၈၅၊ ၁၉၅၊ ၁၉၅၊ ၂၁၈
နာမ်ခန္ဓာလေးပါး ၂၂၃၊ ၂၅၄
နိဿရဏ်းဆရာ ၈၀၊ ၈၁
နွားကျင်ငယ်ပုပ် ၁၉၆
နွားမြက်စားပုံဥပမာ ၃၁၉
နှာအကြည် ၃

ပ

ပကိဏ်းစေတသိက် ၃၄၊ ၃၅၊ ၅၉
ပဋိယာနုသယ ၉၅၊ ၁၄၉၊ ၁၈၄၊ ၁၈၅၊ ၁၈၈၊ ၃၀၃၊ ၃၀၈၊ ၃၀၉
ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ၉၆၊ ၂၉၅
ပဋိသန္ဓိဉာဏ် ၂၉၆
ပဋိစ္စသမုပ္ပါဒ ၅၁
ပဋိစ္စသမုပ္ပန္န ၅၁
ပဋိစ္စသမုပ္ပါဒ် ၉၊ ၄၄၊ ၅၁၊ ၅၈
ပဌမစျာန် ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၉၊ ၁၁၆
ပထမဘဝင် ၁၇၄၊ ၂၀၈၊ ၂၁၁၊ ၂၁၂၊ ၂၃၆၊ ၂၄၁

http://www.dhammadownload.com

ပထဝီဇ၏လက္ခဏာ ၁၃၉
ပဒပရမပုဂ္ဂိုလ် ၇၅
ပဓာနိယင်္ဂတရား(၅)ပါး ၇၄
ပရမာအဏုမြူ ၁၇၊ ၁၈၊ ၁၉
ပရမတ္ထကလာပ် ၁၇၊ ၁၈၊ ၁၉
ပရိက် ၁၂၁
ပလပ်ခေါင်း ၁၄၈
ပဟာနပရိညာ ၁၅၀
ပါတိမောက္ခသံဝရသီလ ၆၉၊ ၉၆
ပီတိသမ္ဗောဇ္ဈင် ၆၈၊ ၁၃၄၊ ၁၅၅၊ ၁၅၈
ပေပင်ဥပမာ ၃၁၄
ပဏ္ဏာသာတိမင်း ၉၃
ပုဂ္ဂိုလ်လေးမျိုး ၇၅
ပင်နိယ် ၁၇၃
အင်ကြင်းမြိုင် ၁၂၈၊ ၁၉၁
အိမ်အခွံကြီး ၃၀၄၊ ၃၁၁
ပစ္စယပရိဂ္ဂဟဉာဏ် ၂၈၄၊ ၂၉၀
ပစ္စုပ္ပန်ဇရဲ ၁၃၂
ပဋ္ဌဒ္ဓါရိကစိတ် ၃၁
ပညာဗိုလ် ၁၃၃၊ ၁၇၇၊ ၁၉၄၊ ၂၉၉
ပညာဝိမုတ္တပုဂ္ဂိုလ် ၁၀၉
ပညတ်ငါးမျိုး ၂၀
ပဋိန္ဒြေ ၃၈၊ ၄၂၊ ၆၇၊ ၂၅၄၊ ၂၅၅၊ ၂၉၉
ပုညာဘိသင်္ခါရ ၅၁၊ ၉၈၊ ၂၈၆
ပုဏ္ဏား ၆၂၊ ၉၃၊ ၉၄
ပန်းပုရုပ် ၇၀၊ ၁၇၀
ပုဗ္ဗဘာဂမဂ် ၁၀၇၊ ၃၀၈၊ ၃၁၃
ပုဗ္ဗဘာဂမဂ္ဂင်(၅)ပါး ၁၃၅
ပဿဒ္ဓိသမ္ဗောဇ္ဈင် ၁၃၄၊ ၁၅၅၊ ၁၅၈
ပျက်စီးသောခရီးမှား ၃၀၇

ဖ

ဖလသမာပတ် ၁၇၁၊ ၃၂၀၊ ၃၂၃
ဖယောင်းတိုင်မီးအလင်းဥပမာ ၅၅
ဖယောင်းတိုင်မီးဥပမာ ၃၆
ဖား ၉၃၊ ၁၄၃၊ ၁၈၅၊ ၁၈၇၊ ၂၀၃
ဖောင် ၉၀၊ ၉၁
ဖိုလ်စစ်ဆေးပုံစံကိန်း ၃၂၂
ဖဿ၏တည်ရာခြောက်မျိုး ၈၂

ဗ

ဗလဝဝိပဿနာ ၁၀၉၊ ၂၄၃၊ ၂၆၉
ဗာဟိယဒါရုစီရိယ ၇၅၊ ၇၆
ဗာဟိရာယတန ၂၊ ၃၊ ၁၅
ဗောဓိပက္ခိယ(၃၇)ပါး
ဗောဓိရာဇကုမာရမင်းသား ၁၈၈
ဗောဇ္ဈင်(၇)ပါး ၁၃၃၊ ၁၇၂
ဗုဒ္ဓနိမိတ် ၁၃၈၊ ၁၄၁
ဗိမ္မိသာရမင်း ၂၂၁
ဗိုလ်(၅)ပါး ၆၇
ဗျာပါဒနီဝရဏ ၉၉၊ ၁၀၀၊ ၁၂၅
ဗျာပါဒဝိတက် ၁၀၀၊ ၁၀၆၊ ၁၂၄၊ ၁၈၃
ဗြဟ္မစရိယ ၂၀၆
ဗြဟ္မယာဉ် ၂၂၄
ဗွီဒီယိုရိုက်စက် ၄၂

ဘ

ဘယဉာဏ် ၂၉၅
ဘဝတဏှာ ၂၃၊ ၅၁၊ ၃၀၃
ဘဝင်ကျခြင်း ၂၀၂
ဘဝင်ပိုင်းကျင့်စဉ် ၁၂၁၊ ၁၆၃
ဘဝင်အကြည်မှန်ကွာပုံ ၂၃၀
ဘုရားပြီး ငြမ်းဖျက် ၃၁၀
ဘုရင်ဥပမာ ၃၃
ဘက်လိုက်အုပ်စု ၅၉
ဘင်္ဂဉာဏ် ၂၉၅

မ

မနိန္ဒြေ
မနောသမ္ဖဿ ၆၊ ၁၂၊ ၄၁၊ ၄၄၊ ၂၀၄၊ ၂၁၁၊ ၂၂၅၊ ၂၃၇၊ ၂၄၉၊ ၂၅၅၊ ၂၅၈၊ ၂၉၃
မသိသဘော'ထိ' ၂၆၆၊ ၂၆၈၊ ၂၇၃
မသိသဘော'အနုံ' ၂၇၂
မသိသဘော'အရသာ' ၂၇၂
မဟာစည်ဆရာတော်ဘုရားကြီး ၂၆၆
မဟာပလ္လင် ၁၂၁၊ ၁၈၅
မဟာမောဂ္ဂလာန်(အရှင်) ၁၂၇
မဟာဝိပဿနာ ၃၊ ၄၊ ၁၁၇၊ ၁၇၉၊ ၁၉၃၊ ၂၇၃
မာလကာသီး ၁၀၈
မိလက္ခမထေရ် ၂၀၁
မိလိန္ဒမင်း ၂၃၂

http://www.dhammadownload.com

မီးခြစ်ဥပမာ ၂၈
မေ့ဆေး ၁၄၂
မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ၉၆၊ ၂၉၁
မဂ္ဂင်ရထား ၂၂၄
မစ္ဆရိယာန် ၁၂၅
မိစ္ဆာတ္တတရား ၁၃၄
မဇ္ဈိမသောတာပန် ၂၉၁
မုဆိုတုကမျတာဉာဏ် ၂၉၆၊ ၂၉၇
မျက်စိအကြည် ၃၊ ၂၄၊ ၂၆၇
မျက်မမြင်ပုဏ္ဏားခြောက်ယောက် ၆၂
မြို့ကြီးသုံးမြို့ ၁၀၂
မွေ့ကြီးလေးကောင် ၈၈၊ ၉၀၊ ၉၁၊ ၉၂
မြား ၁၉၅

ယ

ယုဂနဒ္ဓနည်း ၁၀၂
ယောက်ျားမြတ် ၂၁၈
ယုတ်မာသောဆရာ ၈၃

ရ

ရထရေဏုမြို့ ၁၈
ရဟန်းငယ်သုံးပါး ၇၇
ရဟန်းဖြစ်ကျိုး ၈၂၊ ၈၃
ရူပုပါဒါနက္ခန္ဓာ ၁၅၁
ရေဆွဲပုံဥပမာ ၅၃
ရေနှင့်ဆား ၂၄၇
ရေသုံးမျိုးဥပမာ ၅၂
ရှေ့စိတ်ကိုနောက်စိတ်ဖြင့် စိတ်စိတ်ချင်း တည်သောကမ္မဋ္ဌာန်း ၁၁၃

လ

လူသတ်သမားငါးယောက် ၈၈၊ ၉၃၊ ၂၂၃၊ ၂၃၆၊ ၂၃၈
လေကြောင်းနိမိတ် ၁၃၈၊ ၁၄၀
လေးပါးသောကုရိယာပုထိုကမ္မဋ္ဌာန်း ၁၁၀၊ ၁၁၁၊ ၁၁၆
လေးသမား ၁၉၅
လောကသုံးပါး ၉၁
လောကသုံးပါးတည်ပုံ ၂၆၁
လောကီပုဗ္ဗဘာဂမဂ် ၁၀၇၊ ၁၆၆၊ ၃၀၈၊ ၃၁၃
လောကီမဂ္ဂင်(၅)ပါး ၃၁၁
လက်သမား ၂၈၇၊ ၂၈၈
လိက္ခာမြူ ၁၇
လိပ် ၉၃၊ ၉၅၊ ၂၅၅
လမ်းနှစ်ခွ ၉၃၊ ၉၄
လွန်ကဲသောဝီရိယ ၁၉၅
လျှာအကြည် ၅၆၊ ၁၆၅၊ ၂၆၇၊ ၂၈၅
လျှပ်စီးလက်ညဥပမာ ၃၁၇

ဝ

ဝစီသခ်ါရ ၁၇၁၊ ၃၁၅
ဝသီဘော်ငါးတန် ၁၀၅၊ ၁၄၁
ဝါယော၏လက္ခဏာ ၁၃၉
ဝိကလဘုံ ၅၉
ဝိကာရ ၂၃၇
ဝိစိကိစ္ဆာနီဝရဏ ၉၉၊ ၁၀၀
ဝိပါကဝဋ် ၂၀၊ ၉၂၊ ၂၈၈
ဝိပဋ္ဌိတည်ူပုဂ္ဂိုလ် ၇၅
ဝိပဿကကလျာဏပုထုဇဉ် ၂၇၆
ဝိပဿနုပေက္ခာဉာဏ် ၁၆၁၊ ၁၉၄
ဝိဘဝတဏှာ ၂၃၊ ၅၁၊ ၃၀၃
ဝိမောက္ခရှစ်ပါး ၁၀၉
ဝိမုတ္တစိတ် ၂၅၄
ဝိသုဒ္ဓိ(၇)ပါး ၉၆
ဝိဟိသဝိတက် ၁၀၀၊ ၁၂၄၊ ၁၈၃၊ ၂၂၄
ဝီတဒေါသစိတ် ၂၅၄၊ ၂၅၆၊ ၂၅၉
ဝီတမောဟစိတ် ၂၅၄၊ ၂၅၆၊ ၂၅၉
ဝီတရာဂစိတ် ၂၅၄၊ ၂၅၆၊ ၂၅၉
ဝီမံသိဒ္ဓိပွါဒ် ၆၇၊ ၁၃၃
ဝီရိယဗိုလ် ၆၇၊ ၁၃၂၊ ၁၇၇၊ ၂၃၄
ဝီရိယသမ္ဗောဇ္ဈင် ၆၈၊ ၁၃၄၊ ၁၅၈
ဝီရိယိန္ဒြေ ၆၇၊ ၂၃၄
ဝီရိယိဒ္ဓိပွါဒ် ၆၇၊ ၁၃၃
ဝေဒနုပါဒါနက္ခန္ဓာ ၉၉၊ ၁၅၁
ဝေဠုရိယကြောင်မျက်ရွဲရတနာ ၂၃၈
ဝိညာဏုပါဒါနက္ခန္ဓာ ၁၅၁
ဝိဇ္ဇာမာနပညတ် ၂၃၆၊ ၂၅၀၊ ၂၅၁
ဝမ္မိကသုတ္တန် ၉၃၊ ၉၅၊ ၁၀၂၊ ၁၈၅၊ ၁၈၆၊ ၂၀၃၊ ၂၁၃၊ ၂၅၅

http://www.dhammadownload.com

သ

သတိန္ဒြေ ၆၇၊ ၁၀၅၊ ၁၀၉၊ ၁၁၀၊ ၂၁၅၊ ၂၂၀၊ ၂၂၇၊ ၂၃၅၊ ၂၄၂၊ ၂၉၉
သတိပဋ္ဌာန်(၄)ပါး ၁၁၉
သတိဗိုလ် ၆၇၊ ၁၃၂၊ ၁၇၇၊ ၂၃၅
သတိသမ္ဗောဇ္ဈင် ၆၈၊ ၁၃၄၊ ၁၅၅၊ ၁၇၂
သဒေါသစိတ် ၂၅၄၊ ၂၅၉
သမထယာနိကကျင့်စဉ် ၈၈၊ ၉၂၊ ၁၀၂၊ ၁၀၃၊ ၁၁၉၊ ၂၁၅၊
သမာဓိဗိုလ် ၆၇၊ ၁၃၃၊ ၁၇၇၊ ၂၃၄၊ ၂၃၅
သမာဓိမဂ္ဂင် ၆၉၊ ၉၆၊ ၁၆၄၊ ၁၇၈၊ ၁၉၃
သမာဓိသမ္ဗောဇ္ဈင် ၆၈၊ ၁၅၅၊ ၁၃၄
သမာဓိန္ဒြေ ၆၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၇
သမ္ဘဟပညတ် ၂၀၊ ၂၁၊ ၂၃
သမောဟစိတ် ၂၅၄၊ ၂၅၉
သရာဂစိတ် ၂၅၄၊ ၂၅၉
သရက်ပင်ဥပမာ ၃၁၈
သဟဇာတပစ္စည်း ၁၆၊ ၅၄၊ ၂၀၄
သာရိပုတ္တရာ(အရှင်) ၁၂၈
သိသဘော'အနုံ' ၂၇၂
သိသဘော'အရသာ' ၂၇၂
သိသဘော'ထိ' ၂၆၆၊ ၂၆၇၊ ၂၇၃
သီလမဂ္ဂင် ၆၉၊ ၉၆၊ ၁၆၄၊ ၁၆၆၊ ၁၇၈၊ ၁၉၃
သီလဝိသုဒ္ဓိ ၁၅၊ ၃၀၊ ၅၃၊ ၆၂၊ ၂၉၀၊ ၃၀၇၊ ၃၁၉၊ ၃၂၅
သီလဗ္ဗတုပါဒါန် ၉၈၊ ၁၂၇
သူခိုးဖမ်းဥပမာ ၃၁၆
သူတစ်ပါးလယ် ၈၃
သူမိုက် ၈၂
သဲအင်းဂူဆရာတော်ဘုရားကြီး ၁၉၁
သောဏမထေရ် ၁၉၁၊ ၁၉၈
သောဘနစေတသိက် ၃၄၊ ၃၅၊ ၃၆၊ ၅၈၊ ၅၉၊ ၆၀
သံသရာ၏နောက်အစွန်း ၂၈၉
သံသရာ၏ရှေ့အစွန်း ၂၈၉
သက်သာရာသို့ရောက်သူ ၂၃၁
သေက္ခ ၉၄၊ ၂၀၀
သုက္ခဝိပဿကပုဂ္ဂိုလ် ၁၀၈၊ ၁၀၉
သခ်ါရုပါဒါနက္ခန္ဓာ ၁၅၁
သခ်ါရုပေက္ခာဉာဏ် ၂၉၈၊ ၃၀၁၊ ၃၀၅
သညာဝိပလ္လာသ ၂၀၊ ၄၄၊ ၅၆၊ ၅၈၊ ၆၁
သညာဝိမောက္ခ ၂၂၉၊ ၃၁၂
သညုပါဒါနက္ခန္ဓာ ၁၅၁
သုညတနိဗ္ဗာန် ၂၀၇
သဏ္ဌာနပညတ် ၂၀၊ ၂၁၊ ၂၃
သဒ္ဓါဗိုလ် ၆၇၊ ၇၄၊ ၁၃၂၊ ၁၇၇၊ ၁၉၄၊ ၂၃၄
သဒ္ဓိန္ဒြေ ၃၉၊ ၆၇၊ ၂၃၄
သုဒ္ဓဝိပဿနာ ၁၀၈၊ ၁၀၉၊ ၁၁၀
သုဒ္ဓါဝါသဗြဟ္မာ ၉၃
သန္တတိပညတ် ၂၀
သန္တီသုခနိဗ္ဗာန် ၂၀၈
သန်းဦးခေါင်း ၂၄
သဗ္ဗစိတ္တသာဓာရဏစေတသိက် ၃၄၊ ၅၉
သမ္မသနဉာဏ် ၂၉၁၊ ၂၉၂
သမ္မပ္ပဓာန်(၄)ပါး ၆၅၊ ၆၆၊ ၉၁
သဿတဒိဋ္ဌိ ၁၄၄၊ ၁၉၂

အ

အကုသိုလ်ဝိတက် (၃)ပါး ၁၀၀
အကြည်ငါးစုံ ၂၄
အဆိပ်ပင်တောကြီး ၈၆
အဆိပ်လေးမျိုး ၉၆
အတွင်းလူယုံလူသတ်သမား ၈၈၊ ၁၅၂၊ ၂၃၆
အထိန်း ၈၄
အဓိပတိ(၄)ပါး ၉၉
အဓိပတိပစ္စည်း ၉၉
အနိမိတ္တစေတောသမာဓိ ၈၀၊ ၁၀၃၊ ၁၀၇၊ ၁၀၈၊ ၁၁၉၊ ၂၁၃၊ ၂၁၄၊ ၂၃၈
အနိမိတ္တနိဗ္ဗာန် ၂၀၇
အနုပါဒိသေသနိဗ္ဗာန် ၂၀၈၊ ၃၁၉
အနုလောမဉာဏ် ၃၀၁
အနုသယကိလေသာ ၃၀၂
အပြင်အတိုက်ဓာတ် ၁၅၊ ၁၆၊ ၂၇၊ ၂၆၆
အပုညာဘိသင်္ခါရ ၅၁၊ ၉၈၊ ၂၈၆
ပုံရိပ်သုံးမျိုး ၅၂
အရဟတ္တဖိုလ် ၁၇၁၊ ၁၉၀၊ ၁၉၁၊ ၂၂၀၊ ၃၂၁
အရဟတ္တမဂ် ၇၆၊ ၉၁၊ ၉၃၊ ၉၅၊ ၃၀၈၊ ၃၀၉။
၃၁၆၊ ၃၁၆၊ ၃၂၀
အရိုးစုမမွှာရုံရုပ် ၂၅၅
အဝိမုတ္တစိတ် ၂၅၄
အဝိနိဘ္ဘောဂရုပ် ၁၉
အဝိဇ္ဇာမာနပညတ် ၂၅၂

http://www.dhammadownload.com

အသခ််တနိဗ္ဗာန် ၂၀၇
အသုဘကမ္မဋ္ဌာန်း ၈၆၊ ၁၁၁၊ ၁၁၅
အသုဘနိမိတ် ၁၃၈၊ ၁၃၉။ ၁၄၀
အဘိသခ်ါရမာန် ၁၂၅
အာကိဉ္စညာယတနသမာပတ် ၂၃၂
အာဒီနဝဉာဏ် ၂၉၆
အာနာပါနကမ္မဋ္ဌာန်း ၁၁၁၊ ၁၁၄၊ ၁၂၈၊ ၁၃၁၊
၁၃၄၊ ၁၃၈၊ ၁၄၁
အာပေါဓာတ်လက္ခဏာ ၁၃၉
အာရမ္မဏာပစ္စည်း ၉၉
အာသီဝိသောပမသုတ္တန် ၈၈
အားရှိသောယောဂျား ၁၉၇
အိုးခြမ်းကွဲ ၈၄
အင်ဂျင်စက် ၁၄၀
အဂ်ုလိမာလမထေရ် ၂၀၁
အဋ္ဌကလာဝရှပ် ၂၁၊ ၂၂၊ ၂၃
အဋ္ဌကသညာ ၁၇၁
အတ္ထဝါဒုပါဒါန် ၉၈၊ ၁၂၆၊ ၂၅၂၊ ၂၅၇၊ ၂၈၆
အုန်းနို့ ၁၂၀
အပ္ပဏိဟိတနိဗ္ဗာန် ၂၀၇
အပ်ဖျား ၂၂၆၊ ၂၃၅
အိမ်နှင့်မီးသီးဥပမာ ၃၁၁

က

ကဋ္ဌဝိပ္ပါဒ်(၄)ပါး ၆၅၊ ၆၇
ကဋ္ဌဿိယသံဝရသီလ ၆၉
ကဋ္ဌဿေ(၅)ပါး ၆၅၊ ၆၇

ခ

ခေါ်ပေါသထသာမဏေရီ ၁၈၉

ဥ

ဥပစာရပဌမစျာန် ၁၃၈၊ ၁၄၀
ဥဒယဗ္ဗယဉာဏ် ၂၉၃၊ ၂၉၅
ဥပါဒါရုပ် ၄၊ ၁၉
ဥပေက္ခာသမ္ဗောဇ္ဈင် ၆၈၊ ၁၃၄၊ ၁၅၅
ဥဿဒဒီဠ် ၁၄၄၊ ၁၉၂
ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ ၉၉

http://www.dhammadownload.com

ကျမ်းပြုသူ၏ ထေရုဒ္ဒတ္တိအကျဉ်း

ဤသောတာပတ္တိမဂ်ရွှဖွယ်ကျမ်းအား ရေးသားပြုစုသော အရှင်စန္ဒိမာ(အောင်လံ)ကို ပဲခူးတိုင်းသနပ်ပင်မြို့နယ် အနောက်တံခွန်တိုင်ကျေးရွာနေ ခမည်းတော် ဦးသိန်းအောင်၊ မယ်တော် ဒေါ်ခင်မြတို့မှ ကောဇာသက္ကရာဇ် (၁၃၁၄)ခုနှစ် ကဆုန်လပြည့်ကျော်(၅)ရက် နံနက်(၄)နာရီအချိန်တွင် မီးရှူးသန့်စင်ဖွားမြင်ခဲ့ပါသည်။ မွေးချင်း(၇)ယောက်ရှိသည့်အနက် တတိယမြောက် သားရတနာ ဖြစ်ပါသည်။

ငယ်စဉ်မှစ၍ လောကီအတန်းပညာများကို သင်ကြားခဲ့ပါသည်။ အသက်(၂၄)နှစ် အရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် မင်္ဂလာဒုံမြို့နယ်၊ ကျိုက္ကလဲ့ရွှေကျင်ကျောင်းကြီးတွင် ဘဒ္ဒန္တဇဝနကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ တက်ခဲ့သည်။ သဲအင်းဂူဆရာတော်ဘုရားကြီး၏ တပည့် ဆရာတော်ဦးသီရိမင်္ဂလထံတွင် (၉)ရက်တရားစခန်း အားထုတ်ပြီး ၎င်းနှင့်အတူ မှော်ဘီသဲအင်းဂူဌာနချုပ်၌ ပထမဝါ ကပ်၍ တရားကျင့်ကြံအားထုတ်ခဲ့ပါသည်။ ဆရာတော်ဦးသီရိမင်္ဂလထံ၌ (၅)နှစ်တာ တရားအားထုတ်ရင်း သာသနာပြုခဲ့ပါသည်။ ရဟန်း(၂)ဝါအရာတွင် ဖခင်ဖြစ်သူ သေဆုံးသဖြင့် (၆)ဝါအရာတွင် ကျန်ရစ်သူမိခင်ကြီးနှင့် ညီငယ်များကို လုပ်ကျွေးရန် လူဝတ်ကြောင် ဘဝသို့ ပြန်လည် သက်ဆင်းခဲ့ရသည်။

(၁၉၉၆)ခုနှစ်တွင် ပြည်မြို့ တိတွဒ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနမှ ဦးခင်ဝင်း-ဒေါ်သန်းသန်းမြင့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မှော်ဘီမြို့နယ်၊ သဲအင်းဂူဝိပဿနာဌာနချုပ်မှ ဘဒ္ဒန္တ ဝါယာမ (ဘီးလင်းဆရာတော်)ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ဒုတိယအကြိမ် တက်ခဲ့သည်။

(၂၀၀၀)ခုနှစ်တွင် အောင်လံမြို့၊ စက်ရုံရပ်ကွက်၌ တိုက်ခဲ့အမှတ်(၃၂)၊ သဲအင်းဂူ ဝိပဿနာ ဓမ္မရိပ်သာကို စတင်ထူထောင်၍ ယခုအချိန်ထိ သာသနာပြုလျက်ရှိပါသည်။

http://www.dhammadownload.com

ဖိတ်ခေါ်ပါသည်

မည်သူမဆို ---

- သေခြင်းဆင်းရဲမှ လွတ်မြောက်လိုလျှင်
- အရိုးစု အစရှိသဖြင့် သညာပေး၍ ပွားစရာ မလိုပဲ (၃၂)ကောဋ္ဌာသကမွတ္တာန်းနိမိတ် မြင်လိုလျှင်
- ပရိယတ် စာအရှိန့်ဉ် ပဋိပတ် ခန္ဓာအသိ ကိုက်ညီ၍ သိလိုလျှင်
- ပဋိစ္စသမုပ္ပါဒ် လက်တွေ့ ပြတ်လိုလျှင် (လူ့ဘုံနှင့် ဒုဂ္ဂတိဘုံ ဆက်စပ်မည့် ဝါနတဏှာ ဖြတ်လိုလျှင်)

သဒ္ဓါဆန္ဒပြည့်ဝစွာဖြင့် ခံယူကျင့်သုံးပါက စာရေးသူ၏(၉)ရက်တရားစခန်း တစ်ကြိမ်တည်းနှင့် အောင်မြင်နိုင်ပါသည်။ အရိုးစုကမွတ္တာန်း ၇၀% နှင့် ဒုက္ခဝေဒနာမှ ဒေါသချုပ်ကြောင်း (ဝေဒနာမှ တဏှာခွာခြင်း) ရာနှုန်းပြည့် အောင်မြင်ပါသည်။ လက်တွေ့ ကျင့်ကြံအားထုတ်လိုသောသူတို့သည် အောက်ဖော်ပြပါအတိုင်း ဆက်သွယ်နိုင်ပါသည်။

အသျှင်စန္ဒိမာ(ဓအောင်လံ)
တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ
စက်ရုံရပ်ကွက်၊ အောင်လံမြို့။
ဖုန်း [redacted]၊ ၀၉-၅၃-၃၀၃၁၀ 069-2008412
Email: theinngu32@gmail.com
Website: www.theinngu32.org

တရားစခန်းစုံစမ်းရန်---

ရန်ကုန်

၁။ ဗိုလ်မှူးကြီးထိန်ဝင်း(ငြိမ်း) ၀၁-၂၄၀၁၉၄
၂။ ဦးသန့်ဇင် ၀၁-၅၄၆၆၇၀၊ ၀၉-၉၉-၇၀၅၂၄
၃။ ဦးအေးကို ၀၁-၅၇၂၉၇၂၊ ၀၉-၅၁-၁၈၀၃၇
၄။ ဦးဝင်းတင် ၀၁-၆၃၅၁၆၂
၅။ ဦးဌေးအောင် ၀၉-၅၀-၁၈၆၅၇

ပြည်

၅။ ဦးကျော်မိုး ၀၅၃-၂၂၇၄၅

မန္တလေး

၆။ ဦးသန့်လွင် (ခ) ဦးလုံးလုံး ၀၉-၂၀-၁၁၅၂၁
၇။ ဦးစိုးမြင့်၊ ဒေါ်ကြင်ငွေ (ဆည်မြောင်း)
၈။ ဒေါ်စုစု (အောင်တံခွန်သင်္ကန်းတိုက်) ၀၂-၃၃၄၇၇၊ ၀၉-၂၀-၁၀၃၄၁

http://www.dhammadownload.com

ဤကျမ်းစာအုပ်ဖြစ်မြောက်ရေး အလှူရှင်များ	
အလှူရှင်များ	**အလှူငွေ**
ဦးဝင်းနိုင်+ဒေါ်ဝေမွန်အောင်၊ ရန်ကုန်။	၂၀၀၀၀၀၀
ဦးသိုက်ထွန်း(ခ)ဦးသန့်ဇင်+ဒေါ်သန်းသန်းမြင့်(ခ)အဲမီး၊ သား မောင်ဇော်နန္ဒာလင်း၊ မောင်ဖုန်းမြင့်ဝင်း၊ သမီး မမြတ်ရည်မွန်အောင်(ခ)ဖူးဖူး၊ ဇမ္ဗူလင်း စိန်ရွှေရတနာဆိုင်၊ အမှတ်(၄) (I2 J2) ပထမထပ်၊ ဝဂ်ဘာလမ်း၊ ဝိုလ်ခြို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။	၅၅၀၀၀၀
ဒေါ်မြင့်မြင့်ခိုင်နှင့် မောင်နှမတစုံ၊ ပြဟ္မစိုရ်လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်။	၅၀၀၀၀၀
ဦးအောင်သန်းဝင်း+ဒေါ်နီနီမာ၊ 4/D မေခလမ်း၊ မရမ်းကုန်း၊ ရန်ကုန်။	၃၀၀၀၀၀
ဦးစွေ့ကောက်+ဒေါ်တင်မာချို သားသမီး၊ မြေးတစ်စုမကောင်းမှု၊ မြင်းခြံ။ ဆရာတော်အရှင်စန္ဒိမာအား အမှူးထား၍ ဦးဝင်းတင်၊ ဦးမြင့်စိုး၊ ဦးချစ်ရီ၊	၃၀၀၀၀၀
ဦးကြည်တိုး၊ (၅၃)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်။	၂၀၀၀၀၀
ကိုနေဝင်း+မခင်စန်းဝင်း၊ ရန်ကုန်။	၁၀၀၀၀၀
ဦးမျိုးတင့်+ဒေါ်သန္တာဝင်း၊ သမီး အေးစုစုမြတ်၊ သား နေလွင်ထူးအောင်၊ မောင်လပြည့်၊ ဖန်တီးရှင်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးနှင့် ဝင်းဝင်းထွန်းရတနာရွှေဆိုင်၊ ကန်ကြီးရပ်၊ အောင်လံမြို့။	၁၀၀၀၀၀
ဦးခင်မောင်တင့်+ဒေါ်တင်ဌေး၊ သား ဇွဲလင်းထွန်း၊ ရှင်းသန့်၊ အောင်ကျော်ကျော်၊ တရော်ကုန်းရပ်၊ အောင်လံမြို့။	၁၀၀၀၀၀
(ဦးစိုးတင့်)+ဒေါ်လှလှဝင်း မိသားစု၊ အောင်မိုးသူ စိန်ရွှေငွေရတနာဆိုင်၊ ကန်ကြီးရပ်၊ အောင်လံမြို့။	၁၀၀၀၀၀
ဦးလှသိန်းထွန်း+ဒေါ်အေးအေးသန်း၊ သမီး ဇာဇာထွန်း၊ သား သက်ဇော်ထွန်း၊ မျိုးမင်းထွန်း၊ သမီး ဖြူဇင်ဦး၊ ဝါစက်နှင့်ဆီစက်လုပ်ငန်း၊ စက်ရုံရပ်၊ အောင်လံမြို့။	၁၀၀၀၀၀
ဦးမြင့်စိုး+ဒေါ်မာမာထွန်း၊ သား နေဦးလှိုင်၊ သမီး အေးငြိမ်းမွန်၊ ဆီစက်နှင့်ဝါစက်လုပ်ငန်း၊ စက်ရုံရပ်၊ အောင်လံမြို့။	၁၀၀၀၀၀
ကိုထွန်းထွန်းဝင်း+မစိမ့်စိမ့်သူ၊ သမီး ကြည်သန့်ဇင်၊ Rainbow ဖိနပ်ဆိုင်၊ မြင်းခြံ။	၁၀၀၀၀၀
ဦးဖိုးကြူ+ဒေါ်ခင်ရွှေ၊ သမီး မမြဌေး၊ အေးချမ်းအောင်ဆေးဆိုင်၊ ထန်းခြောက်ပင်ကွေ့၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။	၁၀၀၀၀၀
ဦးကျော်မြင့်(ခ)ဦးဟုတ်ပင်+ဒေါ်မူမူဆွေ၊ သား မောင်ရဲကျော်၊ မောင်သီဟ၊ (ကိုဟုတ်-ကားအလှပြုပြင်ရေး၊ အမှတ်(၁၅)၊ မာလာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။	၁၀၀၀၀၀
ဦးလှမိုးခိုင်+ဒေါ်နန်းအေးအေး၊ သား မောင်ပြည့်စုံဟိန်း၊ အမှတ်(၁၄)၊ ပထမထပ်၊ (၁၄၈)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။	၁၀၀၀၀၀
ဦးကျော်မြင့်+ဒေါ်ခိုင်၊ သား မောင်ကျော်နိုင်အောင်၊ သမီး မကျော်သူဇာနွယ်၊ (၃၇) ၃ လမ်း၊ အောင်ဆန်းပြည်သာယာရပ်ကွက်၊ ပြည်မြို့။	၁၀၀၀၀၀
ဦးသိန်းမြင့်+ဒေါ်ခင်ထွေး၊ သမီး မဌေးဌေး၊ မသင်းသင်း၊ ဒေါက်တာ ထားထား၊ (၄)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။	၁၀၀၀၀၀
သီတဂူ ဦးရွှေဝင်း+ဒေါ်စန်းရီ မိသားစု၊ အမှတ်(၈)၊ (၄)လွှာ၊ မြို့ပတ်လမ်း၊ တာမွေ၊ ရန်ကုန်။	၁၀၀၀၀၀
(ဦးကြည်ခင်+ဒေါ်လှကြည်)အား ရည်စူး၍ သမီး ဒေါက်တာဌေးဌေး (ခ) ဒေါ်ဒေဝိန္ဒာ၊ မြင်းခြံမြို့။	၁၀၀၀၀၀

http://www.dhammadownload.com

ကွယ်လွန်သူမိခင်ကြီးဒေါ်တင်တင်အား ရည်စူး၍ ဦးဘဏ်သိန်း+ဒေါ်စန်းစန်းတင့် သား လင်းထွဋ်သိန်း၊ သမီး နေခြည်ဦး၊ လွင်လွင်ဦး၊ မေသန့်ဇင်၊ အမှတ်(၂၅)၊ အင်္ဂပူလမ်း၊ စမ်းချောင်း၊ ရန်ကုန်။	၁၀၀၀၀၀
သမီး မေသင်းခိုင် မွေးနေ့အဖြစ် ရည်စူး၍ ကိုဝင်းနိုင်+မနီလာ မိသားစု၊ ရွှေဘုံသာလမ်း၊ ကျောက်တံတား၊ ရန်ကုန်။	၁၀၀၀၀၀
ဆရာပိုင်နှင့်သားများဝပ်ရှော့၊ ရွာထောင်း အောင်လံမြို့။	၅၀၀၀၀
အစ်မကြီးဒေါ်စိန်လှနှင့် ဦးသိန်းရွှေ+ဒေါ်ဝင်းကြည်၊ သား မောင်သီဟန်စိုး၊ သမီး ခိုင်စုဝေ၊ သား ရဲရင့်အောင်၊ ပွဲရုံလုပ်ငန်း၊ ကန်ကြီးရပ်၊ အောင်လံမြို့။	၅၀၀၀၀
စိမ့်စဟိုတယ်နှင့် မြကြွယ်ရွှေပန်းတိမ်အား အမှူးထား၍ ဦးအောင်နိုင်မိုး+ဒေါ်တင်ထားလှိုင်၊ သမီး ဖူးဖူး၊ မကွေးမြို့။	၅၀၀၀၀
ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း+ဒေါ်ခင်အေးမြင့် မိသားစု၊ ရွှေစံပယ်ရိပ်မွန်၊ ရန်ကုန်။	၅၀၀၀၀
ဦးကြည်စန်း+ဒေါ်စန်းစန်းယဉ်နှင့် သားသမီးတစ်စု၊ (၁၀)မိုင်၊ ရန်ကုန်။	၅၀၀၀၀
ဒေါ်အေးမြင့်နှင့် မောင်မြဇော်+မမြင့်မြင့်ကျော်၊ ရွှေမမရတနာရွှေဆိုင်၊ မင်္ဂလာဒုံ၊ ရန်ကုန်။	၅၀၀၀၀
ဦးဝင်းတင်+ဒေါ်အေးအေး၊ သမီး ဒေါ်ဒေဝီခင်၊ သား မောင်မဲအောင် မိသားစု၊ သိန်းသန်းအလှကုန်ဆိုင်၊ မင်္ဂလာဒုံ၊ ရန်ကုန်။	၅၀၀၀၀
ဦးခင်မောင်စိုး+ဒေါ်ခင်ခင်စု၊ သမက် ကိုငြိမ်းချမ်းစိုး+သမီး စုနန္ဒာမိုး၊ သား စိုးသူရ၊ မိုးသီဟ၊ လွင်ဟိန်းထက်ပွဲရုံ၊ အမှတ်(၁၂၃)၊ လမ်းရှည်လမ်း၊ ရွှေကူရပ်၊ ပြည်မြို့။	၅၀၀၀၀
ဒေါ်ခင်စန်းမြင့်နှင့်သားများ၊ ထင်လင်းဦးပွဲရုံ၊ ရွှေကူရပ်၊ ပြည်မြို့။	၅၀၀၀၀
ဦးကျော်မိုး+ဒေါ်ခင်ထွေးမာ၊ ရွှေနဂါးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ပြည်မြို့။	၅၀၀၀၀
ဦးသုနိုင်+ဒေါ်ရီရီလတ် (ဓာတ်ခွဲမှူး) မိသားစု၊ ကန်တော်ကြီးအိမ်ယာ၊ အခန်း(၂၂)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။	၅၀၀၀၀
ဦးမောင်မောင်တူး+ဒေါ်မြမြအေး၊ သား ကောင်းမြတ်၊ ဘုန်းမြင့်အောင်၊ သမ္မာလစေ့းတန်းရပ်၊ အောင်လံမြို့။	၅၀၀၀၀
ဦးဘရင်လေး+ဒေါ်ခင်မာရီ နှင့် သမီး စကြာရတနာ မောင်နှမတစုံ လမ်း ၈၀၊ ၁၇-၁၈ကြား၊ မန္တလေးမြို့။	၅၀၀၀၀
ဦးအောင်မြင့်+ဒေါ်ခင်ထွေး၊ သဲအင်းဂူလမ်း၊ စက်ရုံရပ်၊ အောင်လံမြို့။	၅၀၀၀၀
ဆရာကြီးဒေါ်ခေမာသီရိ၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ အောင်လံမြို့။	၅၀၀၀၀
ဦးအေးမောင်+ဒေါ်ခင်ငြိမ်း၊ သမီး ဒေါ်ဓာတုသိဒ္ဓိ မောင်နှမတစုံ၊ ၄/၁၂၂၊ ထောက်ကြန့်တိုးချဲ့၊ မင်္ဂလာဒုံ၊ ရန်ကုန်။	၅၀၀၀၀
ကိုဟန်ဝင်းအောင်၊ အောင်မြေကုန်းကျေးရွာ၊ အောင်လံမြို့နယ်။	၅၀၀၀၀
ကွယ်လွန်သူမိခင်ကြီးဒေါ်တင်တင်အား ရည်စူး၍ ဦးလှထွန်း+ဒေါ်မြင့်မြင့်ကြည်၊ သား မျိုးကျော်သူ၊ မိုးကျော်သူ၊ မြေး ဆောင်းဝင်္ကာ မိသားစု၊ အောင်တိုင်းကြဲ သင်္ကန်းတိုက်၊ အမှတ်(၃၉) ကြဲခင်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်။	၅၀၀၀၀
ဦးဖေချစ်ကြိုင်+ဒေါ်သီတာရွှေ၊ သမီး ခိုင်မာကြိုင်၊ ယုယချစ်ကြိုင်၊ သား သုတချစ်ကြိုင်၊ စတားစတိုး၊ ကြို့ကုန်းလမ်းဆုံ၊ အင်းစိန်၊ ရန်ကုန်။	၃၀၀၀၀
ဦးစိုးမြင့်+ဒေါ်ကျင်ငွေ (ဆည်မြောင်းအင်ဂျင်နီယာ)၊ ဆည်မြောင်းတိုက်တန်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။	၃၀၀၀၀
ဦးထွန်းလှ+ဒေါ်သွယ်သွယ်မိသားစု၊ ရှမ်းစုရပ်၊ မိုးကုတ်မြို့။	၃၀၀၀၀

http://www.dhammadownload.com

ဆရာလေးဒေါ်ဆန္ဒသိဂီ နှင့် ကိုမျိုးကြည်+မတင်တင်ဦး၊ Standard အထည်ဆိုင်၊ ရတနာပုံဈေး၊ မန္တလေးမြို့။	၃၀၀၀၀
ဦးမြဒင်+ဒေါ်အေး သားသမီးမြေးတစု၊ ပြည်လမ်း၊ စက်ရုံရပ်၊ အောင်လံမြို့။	၃၀၀၀၀
ဦးသိန်းလှိုင်+ဒေါ်မြင့်မြင့် မိသားစု၊ မြရတနာလမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။	၃၀၀၀၀
ဒေါ်တင် မိသားစု၊ မြေး-ရတနာဦး၊ အောင်လံမြို့။	၃၀၀၀၀
ဦးမြကြိုင်+ဒေါ်မြင့်မြင့်စန်း၊ သား ရဲမင်းပိုင်၊ စက်ရုံရပ်၊ အောင်လံမြို့။	၃၀၀၀၀
ဒေါ်နန်းရွှေအုံ၊ ဦးရဲထွန်း၊ ရန်ကုန်။	၃၀၀၀၀
ဒေါ်ဝေဥုဝတီ၊ ဥရုသမဂ္ဂေါဒယချောင်၊ သမ္ပုဏ္ဏာရာမတိုက်သစ်၊ စစ်ကိုင်းမြို့။	၃၀၀၀၀
ဦးကျော်ဟိန်း+ဒေါ်တင်မြင့်၊ သမီး မသန်းသန်းအေး၊ ၁၁ လမ်း၊ တရော်ကုန်းရပ်ကွက်၊ အောင်လံမြို့။	၂၀၀၀၀
ဦးသိန်းအောင်+ဒေါ်နှင်းရွှေ၊ သဲအင်းဂူလမ်း၊ စက်ရုံရပ်၊ အောင်လံမြို့။	၂၀၀၀၀
ဦးလှထွား+ဒေါ်ခင်သန်းဝင်း မိသားစု	၂၀၀၀၀
ကိုတင်မောင်စန်း+မဝါဝါခိုင်၊ ကျောက်မြောင်း၊ ရန်ကုန်။	၂၀၀၀၀
ဦးဝါသေဌ၊ မဟာဝံသကျောင်း၊ ရွှေနံ့သာရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ၊ ရန်ကုန်။	၂၀၀၀၀
ဦးကြည်မိုးဟိန်း၊ အောင်သပြေဆီစက်၊ ခ/၂၀၇၊ ၁၇လမ်း၊ ရွာသစ်၊ မကွေးမြို့။	၁၅၀၀၀
ဦးအေးသန်း+ဒေါ်လှလှကြိုင် မိသားစု၊ (၅၄၈) စပါယ်(၂)လမ်း၊ ၄ ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။	၁၅၀၀၀
ဒေါ်ခင်စန်းဝေ(ခရိုင်ဦးစီးအရာရှိ)၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ ဘုရင့်နောင်လမ်းမ၊ အင်းစိန်၊ ရန်ကုန်။	၁၀၀၀၀
ဦးဟန်မောင်+ဒေါ်ခင်ဖြူငြိမ်း၊ စိမ့်စံဟိုတယ်၊ မကွေးမြို့။	၁၀၀၀၀
ဆရာကြီးဒေါ်သုခဝတီ၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ အောင်လံမြို့။	၁၀၀၀၀
မောင်ဇော်ဝင်းလှိုင်+မဖြိုးဝေလတ်၊ အင်းစိန်၊ ရန်ကုန်။	၁၀၀၀၀
ဦးလှမောင်၊ သမီး ဒေါ်မြင့်ကြည်၊ တရော်ကုန်းရပ်ကွက်၊ အောင်လံမြို့။	၁၀၀၀၀
ဒေါ်ကြည်သိန်း မိသားစု	၁၀၀၀၀
ဦးအေးချို+ဒေါ်ကြူကြူလင်း၊ သမီး အိရွှေစင်မိုးမြင့်၊ လင်းရောင်ခြည်ဆေးကုခန်း၊ အမှတ် (၁၁၉)၊ လမ်းမတော်လမ်း၊ ပြည်မြို့။	၁၀၀၀၀
ဦးနန္ဒာလင်္ကာရအား အမှူးထား၍ ဦးရွှေဝင်း+ဒေါ်ခင်မာဦး၊ သမီး ပိုးပိုး၊ သား ဒိုးဒိုး၊ ရတနာဒီပလမ်း၊ ဆ/က ရပ်ကွက်၊ သယ်နံးကျွန်း၊ ရန်ကုန်။	၁၀၀၀၀
ဦးတိုနီသစ်လွင်+ဒေါ်အေးအေးသန့် (Tour Guide) မိသားစု၊ ၃၁၉၊ အခန်း(၈)၊ မြန်အောင် (၂)လမ်း၊ ရန်ကင်း၊ ရန်ကုန်။	၁၀၀၀၀
ဦးကြည်စိုး+ဒေါ်ကြည်ညွန့် မိသားစု (Trust ဆေးဆိုင်)၊ (၉-၄) ခေမာသီလမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။	၁၀၀၀၀
ဦးရဲထွန်းဦး+ဒေါ်သီတာထွန်း (JAL Airline) သမီး ဆုရှင်ပြည့်၊ ၂၅၊ ပထမထပ်၊ ကျွန်းတောကျောင်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်။	၁၀၀၀၀
ကွယ်လွန်သူ မစန္ဒာဝင်းအား ရည်စူး၍ ဦးကျော်မင်းအေး+ဒေါ်မာလာညွန့်၊ သား မောင်စွမ်းထက်လင်း၊ ပြည့်စုံဆေးဆိုင်၊ တိုက်-၈၉၊ အခန်း-၄၊ သုဝဏ္ဏ၊ ရန်ကုန်။	၁၀၀၀၀
ဦးရန်ပ+ဒေါ်အေးလေး မိသားစု၊ အောင်မြေကုန်းကျေးရွာ၊ အောင်လံမြို့နယ်။	၁၀၀၀၀
ဦးလှထွန်း+ဒေါ်စောမြင့် မိသားစု၊ မွေးမြူရေးကွက်သစ်၊ ပြည်မြို့။	၁၀၀၀၀
(ဦးတင်သွယ်)+ဒေါ်ကြင်စန်းအား အမှူးထား၍ သမီး ဒေါ်အသောကမာလာ၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ အောင်လံမြို့။	၁၀၀၀၀

http://www.dhammadownload.com

ဦးနန္ဒာလင်္ကာရအား အမှူးထား၍ မခင်မာဦး မိသားစု၊ သင်္ကန်းကျွန်း၊ ရန်ကုန်။	၁၀၀၀၀
ကိုတင်အောင်ဝင်း+မကြည်မြင့်၊ တိုက်(၄)၊ ဝဂံဘာလမ်း၊ ဗဟန်း၊ ရန်ကုန်။	၁၀၀၀၀
ဒေါ်ပုလဝတီ၊ အတုလမင်္ဂလာကျောင်း၊ နွယ်ခွေကျေးရွာ၊ မင်္ဂလာဒုံ၊ ရန်ကုန်။	၁၀၀၀၀
ဦးသောင်းမြင့်+ဒေါ်နီနီကြူ မိသားစု၊ အမှတ် (၇၇) ပတ္တမြားလမ်း၊ ထောက်ကြံ့တိုးချဲ့ရပ်ကွက်၊ မင်္ဂလာဒုံ၊ ရန်ကုန်။	၁၀၀၀၀
ဒေါ်ဝိသုဒ္ဓိ၊ မင်္ဂလာဒုံ၊ ရန်ကုန်။	၁၀၀၀၀
ဦးသောင်းမြင့်၊ မိုးကုတ်မြို့။	၁၀၀၀၀
ဒေါ်မြိုင် မိသားစု၊ စမ်းချောင်းကွက်သစ်၊ အောင်လံမြို့။	၁၀၀၀၀
ဦးနန္ဒာလင်္ကာရအား အမှူးထား၍ ဦးစိုးမြင့်၊ သင်္ကန်းကျွန်း၊ ရန်ကုန်။	၅၀၀၀
ဦးတင်သန်း+ဒေါ်တင်ကြည်၊ အမှတ်(၁၃၃)၊ မြသိန်းတန်ဘုရားလမ်း၊ ဝါးခယ်မမြို့။	၅၀၀၀
မစိကွေး၊ မိုးကုတ်မြို့။	၅၀၀၀
ဇော်သူဟိန်း+ဥမ္မာလွင် မိသားစု၊ မကွေးမြို့။	၅၀၀၀
ဦးသန်းတင်+ဒေါ်နော်မာ ထုံးတောင်၊ သရက်မြို့။	၅၀၀၀
ဒေါ်ငွေးရီ မိသားစု၊ အောင်လံမြို့။	၃၀၀၀

http://www.dhammadownload.com

ယောဂီ
အခြေခံသိမှတ်ဖွယ်



အရှင်စန္ဒိမာ(အောင်လံ)

အရှင်စန္ဒိမာ (အောင်လံ) ၏ ထွက်ရှိပြီး စာအုပ်များ

တန်ဖိုး ၅၀၀ ကျပ်



ဖြန့်ချိရေး

တိုက်ခွဲအမှတ်(၃၂)၊
သဲအင်းဂူဝိပဿနာ
ဓမ္မရိပ်သာ
စက်ရုံရပ်ကွက်၊
အောင်လံမြို့။
ဖုန်း - ၀၆၉ ၂၀၀၈၄၂

တန်ဖိုး ၁၀၀၀ ကျပ်